
www.burmeseclassic.com



www.burmeseclassic.com

အောင်စေပိုင် စီစဉ်ဖန်တီးသည်



# ရွှေအမြုတေ မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ
အတွဲ(၈)၊ အမှတ်(၂)

**ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး လက်ဆယ်ပြာထိပ်မှာမိုး၍ ရှိခိုးပူဇော်ကန်တော့ပါ၏။**

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### သက်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- အောင်ဇမ္ဗူတောရစမ္ဗူရိပ်သာဆရာတော်နှင့်. . . . . ... အယ်ဒီတာတစ်ဦး ၇
- ဝါးခယ်မမြို့၏ မြို့ဦးစေတီ မြသိန်းတန်သို့. . . . . ... မြမဥ္ဇူဝေ(ကျုံမငေး) ၁၂
- ကုသလမူလအတုလမုနိ. . . . . ... ဧရာမြေကျော်ဝေ ၅၈
- ဆုတောင်းပြည့် အဓိဋ္ဌာန်အောင်သိုက်နန်းစေတီတော် ... မင်းတိုင်ပင်(မြရောင်မြေ)၆၆
- မိုးကြိုးနဂါးမြေ ဘူတန်တောင်ခြေသို့. . . . . ... တိုရအားမြင့်(ရှေး/သု) ၉၈
- ကောင်းသောနိမိတ်ဆောင် လွယ်မယ်တောင်. . . . . ... ဗေဒသုတေသီဆရာမျိုး ၁၀၈


## ဘာသာရေးသုတ/ရသဆောင်းပါး


- ဆူးလေစေတီနှင့် ဆူးလေဘိုးဘိုးကြီးမှာ. . . . . ... ဝမ္ဘီရဆရာလှမျိုး ၁၆
- သစ္စာစကားနှုတ်မြွက်ကြား၍ ဆိုကြပါလေ. . . . . ... မရည်မွန်(ကျုံပျော်) ၂၆
- ကျေးဇူးအလက်ာ ... ဆုမွန်ဦး(ဟသ်ာတ) ၄၁
- တကယ့်ဗုဒ္ဓဘာသာနှင့်. . . . . ... မေတ္တာရှင်ရွှေပြည်သာ ၅၀
- သဒ္ဓါစိတ်နှင့်ဒါန ... မောင်မိုးဦး ၇၃
- လူ့ဘဝရဲ့အဆင့်အတန်း ... ထွန်းသန်းထွန်း ၇၉
- ဘဂ်လားအစ်ကိုကြီး ... သုခ ၈၃
- မနာလိုဝန်တိုမှုတရားတွေခြုံရုံပြီး. . . . . ... မင်းဖေမြင့်(မုဒုံ) ၉၁


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- အောင်တော်မူဂါထာ ... လှစွမ်းမြင့်(နတ်မောက်) ၂၉
- သေဘေးမှလွတ်ခဲ့ရအခါခါ ... မြတ်လင်းသူ(ပခုက္ကူ) ၇၆
- ဒေဝပီယဂါထာ ... ကျော်သန်းစံ ၁၂၀
- လှုတွင်ထင်ရှား ... အေးရွှေ(ဇီးကုန်း) ၁၃၀
- ရှင်သီဝလိဂါထာအစွမ်း. . . . . ... မေသူ ၁၃၄
- သုဝဏ္ဏဘူမိကာရှစ်ချက် ... တောကျောင်းဘုန်းကြီး(အဖျား)၁၄၂
- သရဏဂုံသည်သာ ကိုးကွယ်ရာ. . . . . ... ရေကျော်စိုးအောင် ၁၄၃
- သွေးတိတ်မန်းဂါထာ ... မျိုးမောင်မောင်(တ. ပ. စ)၁၄၈


## တိုင်းရင်းဆေး


- ဝက်ရူးဆန်ဆန်အတက်ရောဂါများပျောက်ဆေး ... ဝင်းဇော်(သုံးဆယ်) ၁၃၃
- ဒူလာမီးယပ်၊ ဆီးချုပ်ပျောက်ဆေး ... အောင်စည်တိုး(ဇေယျဝတီ)၁၈၃
- နာနတ်ပင်တိုင်းရင်းဆေးဖက်ဝင် ... ကျော်တင့်ဆွေ ၂၃၇
- ခွေးတောက်နွယ်အကြောင်း သိကောင်းစရာ ... သစ္စဝါဒီမြတ်စောလင်း ၂၄၁
- ဖြူချထုပ်၊ ပိစပ်ပွင့်ဝါနှင့်. . . . . ... ကိုဇော်(ရွှေပြည်သာ) ၂၈၉
- မြစ်ပွားနာဟူသမျှ ပျောက်သည့်ဆေး ... ဧရာမြေကျော်ဝေ ၃၀၈


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဗုဒ္ဓဝင်ရသ


မိသမေတ္တာ ... ဓမ္မာစရိယဦးဌေးလှိုင် ၂၀
အိုဒွယ်ဥဂ္ဂဟသူဌေး ... တက္ကသိုလ်သျှင်သီရိ ၃၅
ဘာန်မရာ မာန်အလွှာ ... ဖွဲ့လုလင် ၄၅
ဘုရား၏ ဥပမေ ဥပမေယျ ... ပဥ္စသီ ၁၀၇


## အတွေ့ထွေသုတ၊ ရသဆောင်းပါး


ဘောင်ပိုင်းရှမ်းပြည်ရဲ့ ထမ်းစမ်းဂူ ... လက်ရုံးညီ ၃၀
တောင်းတင်ဘုံမှအပြန်ခရီး ... မြယာငြေ ၉၃
နတ်သတ်ပင်နှင့် ကြုံတွေ့ဖြစ်ရပ်များ ... နေအောင်လင်း(စလေ) ၁၄၆
သူဆန်းထွေလာ၍ကမ္ဘာ ... မောင်လင်းအောင် ၁၄၉
သီကြားမင်းဟောကိန်း ... မုဒုံစောနောင်ဖေ ၁၈၈
မုတ်နှာပေါ်က မှဲ့များအကြောင်း ... သျှင်ထွေး(သန်လျင်) ၁၉၅
အစာရှောင်ခြင်း ... ဓမ္မဥဒေါင်း ၂၀၄
စာအုပ်စင် ... သုတအိ ၂၀၉
အာကာသသျှတ္တရမျိုးထဲမှ နဂါး ... တင်နိုင်တိုး ၂၁၁
နယ်သာလန်ထီးနန်းလွှဲပြောင်းမှု ... ဦးဇေယျာကို ၂၅၂


BURMESE CLASSIC .com

## ဂန္တီရဆန်းကြယ်ဝတ္ထုများ


မရဏဗုံသံ ... မင်းမြင့်နိုင်(ဘူးသီးတောင်) ၀၂၂
နတ်ကုတင် ... မဟော်ဂနီ(သမထ) ၁၃၈
ဦးသာဟန်နှင့်ရှက္ကစိုး ... ဆန်းဝင်း(အောင်ငြေ) ၁၅၄
သေမင်းထံမှ စာတစ်စောင် ... ဂါဦးနွန်းကို ၁၆၈
မောင်ညိုနှင့်ကြောင်နက် ... မြသိန်း ၁၈၄
နှစ်ရပ်ကွက်ကြားက မီးကလေး ... မောင်ထွဋ်ကောင်း ၂၀၀
ဘဝသံသရာ ... စိုးဝေ ၂၁၄
အမှတ်တရည ... အေးလွင်(ကသာ) ၂၂၀
ဝိညာဉ်ခေါ်တဲ့ပွဲ ... ဆောင်းလုလင် ၂၂၈
တောက်တဲ့ထွန်းစိန်နှင့် ညောင်ပင်တစ္ဆေ ... မင်းတိုင်ပင်(မြရောင်မြေ) ၂၄၃
ပြိတ္တာပြည်ကို အလည်တစ်ခေါက်ရောက်ခဲ့တယ် ... ရိုရှိဌေး ၂၅၈
ကျင်းထပ်ဖွတ် ... ဖိုးကျော့ ၂၇၃
အစာလုပွဲသွေးသံရဲရဲ ... မင်းရဲကျော် ၂၈၃
မမြင်ရသော အစောင့်အရှောက် ... တင်မောင်မောင်(ပေါက်ကုန်း) ၃၀၀
သန့်စင်ခန်းထဲက လေချွန်သံ ... တင့်ထူး(ဇေယျဝတီ) ၃၁၅








www.burmeseclassic.com

www.burmeseclassic.com

## ပဉ္စဂုဏ် အပေါ် ဝန္နာမိ


**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ကိုကိုလှ(ကမာမြေ)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စက္ကူ၊ ကျော်စိုးညိန်း၊ ဆုထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ<br>နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟသ်ာတ | တာလေးမောင် |


BURMESE CLASSIC .com











### အဆောင်၊ အစီအရင်၊ ယတြာ


- ဘယ်နေ့ ဘာအရောင် ဆောင်သင့်ရှောင်သင့် ... မောင်တင်ကြွယ်(ပြည်) ၁၆၄
- နာလန်ထူဖို့ ကံကူစို့ ... ဂန္ဓာရီဆြာအုံ ၂၁၉
- အန္တရာယ်ကင်း အရဟံ-ဏဘယ်အဆောင် ... ကိုသက်ရှည် ၂၂၆
- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၂၆၅
- ဆေးဖက်ဝင် ခါတ်ဆင်ပြု ... အောင်ကောင်းမြ(သာကေတ) ၂၇၀
- ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း ... ထက်လင်းထက် ၃၀၅
- ထူးခြားမြင့်မြတ်သော ယတြာများ ... ငွေးအောင်သင်း ၃၁၃
- လောကီရေးရာ သုတအဖြာဖြာ ... ဝင်းမောင်ကျော် ၃၂၀
- သောကကင်းကွာ ပန်းခင်းလမ်းယတြာ ... ဝသုန်ဟိန်းထက် ၃၂၁


### အသုံးချပညာရပ်များ


- ဘဝပုဏ္ဏာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၄၉
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၆၈
- ၂၀၁၃၊ ဩဂုတ်လ၊ ကြင်းရုပ်အဟောစာတမ်းများ ... မွှာစရိယဦးအောင်ကျော်မိုး ၂၇၉
- ၂၀၁၃၊ ဩဂုက်လ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၂၉၁
- ၂၀၁၃၊ ဩဂုတ်လအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၊ကူ၊ဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွန်းဇော် ၃၀၉
- ၂၀၁၃၊ ဩဂုတ်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၃၂၃


www.burmeseclassic.com

www.burmeseclassic.com



ထမ်းစမ်းဂူအတွင်းရှိ ရုပ်ပွားတော်
တိုပုံး၊ ရှမ်းပြည်နယ်တောင်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com




အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာအတွင်းရှိရုပ်ပွားတော်
မှော်ဘီမြို့

www.burmeseclassic.com

www.burmeseclassic.com







# ဒေါင်ရမ္မပြတောကရစမ္မရိပ်သာ
# ဆရာတော်နှင့်
# ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ

■ အယ်ဒီတာတစ်ဦး ■

BURMESE CLASSIC .com







www.burmeseclassic.com

www.burmeseclassic.com

ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် အကျိုးပေးသည်ကား သေချာ၏။ လုံးဝ မရည်ရွယ်ဘဲ လျှပ်တစ်ပြက် ဖူးမြော်ဖြစ်သည့် အကြိမ်ပေါင်းမှာလည်း မနည်းတော့ပေ။


အခု ၂၀၁၃ခုနှစ်အရောက်မှာလည်း မရည်ရွယ်ဘဲ တိုက်တိုက်ဆိုင်ဆိုင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်အဆူဆူကို ဖူးမြော်ခွင့်ရဖို့ ကုသိုလ်ကံစန်းထသည်ဟု ဆိုရပေမည်။


ဒီတစ်ပတ်တော့ အလုပ်သုံးရက်ဆက်တိုက် ပိတ်၍ အိမ်မှာပဲ အပြည့်အဝ အနားယူမည်ဟု ဆုံးဖြတ်ဖြစ်သည်။ တကယ်တမ်းမှာ ဖြစ်မလာ။ သောကြာနေ့ ကဆုန်လပြည့်နေ့မှာ အပြင်ထွက်ဖြစ်သည်။ ကဆုန်ညောင်ရေသွန်းပွဲမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပူဇော်ခွင့်ရသည်။ အပြန်တွင် ဂန္ထိရ ဆရာလှမျိုးနှင့် သာကေတမှာ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သည်။ ဆရာ လှမျိုးက မနက်ဖြန်မနက်သွားမည့် ခရီးစဉ်အကြောင်း လုံးဝ မပြောပေ။

◆◆◆


ဒီရက်ပိုင်းမှာ ကျန်းမာရေး ယိုင်ယဲ့ချင်သလို ဖြစ်လာ၏။ ညစဉ်ရက်ဆက် အိပ်မပျော်သောညများကို ဖြတ်သန်းကြုံတွေ့ရသည်။ ဒီစိတ်ကို မှီခိုနေရသော ဒီရုပ်၊ ဒီခန္ဓာမှာ ဖောက်ပြန်သည့် အရိပ်လက္ခဏာတွေ ပြနေတာ မဆန်းပေ။ "စိတ်ထောင်း၍ ကိုယ်ကျေ" ဆိုသလိုမျိုး မဖြစ်ရလေအောင် ဘုရား၊ တရားထံ အမြဲ အာရုံညွှတ်ထားနေရသည်။

စနေနေ့မနက် (၂၅-၅-၂၀၁၃)၊ ဖြန်နာရီလောက်မှာ ဖုန်းမြည်သံကြောင့် အိပ်ရာမှ နိုးခဲ့ရသည်။ အလုပ်ကိစ္စ မဖြစ်ပါစေနှင့်ဟု တွေးရင်း စကားလက်ခံပြောဖြစ်လိုက်သည်။












www.burmeseclassic.com

www.burmeseclassic.com





"မနေ့က,ကတည်းက ပြောလိုက်ဖို့ မေ့သွားတယ်ဗျာ"

"ပြောလေ··· ဆရာ၊ ဘာများတုန်း"

"သမ္မန္ဓပဒ္ဓတိ ဆရာ ဦးအောင်မြင့်ကို သိတယ်မဟုတ်လား။ သူ့ကို မော်ဘီက စမဘုန်းဘုန်းဆီ လိုက်ပို့ပေးမလို့ ကားတားပြီး သီးသန့်သွားကြမှာ။ စမဘုန်းဘုန်းဆီက အပြန် အောင်ဇမ္ဗူတောရကို ဝင်ပြီး ရှေးဟောင်း ရုပ်ပွားတော်တွေ ဝင်ဖူးကြမယ်လေ။ လိုက်ဖြစ်ရင် အိမ်ကို ခုနစ်နာရီခွဲ အရောက်လာခဲ့ပါလား"

ဒီနေ့တော့ အိမ်မှာပဲ အေးဆေးစွာ အနားယူတော့မည် ဆိုသော အတွေးများ ချက်ချင်း အငွေ့ပျံ ပျောက်သွားပြီလားမသိ။ ဘာမှ မစဉ်းစားဘဲ "လိုက်ခဲ့မယ်ဗျာ၊ အခု အိပ်ရာထ မျက်နှာသစ်ပြီး ထွက်လာခဲ့မယ်"ဟု ကတိပေးလိုက်ဖြစ်၏။

◆◆◆


ဂမ္ဘီရ ဆရာလှမျိုး၏ မိခင်ဖြစ်သူ ဈာပနမှာ ဆရာ ဦးအောင်မြင့်နှင့် တစ်ခါပဲ ဆုံဖူးသည်။ လူချင်း မသိခင်က နာမည်ကိုတော့ ရင်းနှီးနေ၏။ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် သမ္မန္ဓပဒ္ဓတိ ဦးအောင်မြင့်ကို တွဲပြီး သိခဲ့ခြင်းဖြစ်၏။

ဦးအောင်မြင့်မှာ သူ့အကြောင်းနှင့်သူ စမဘုန်းဘုန်းထံ သွားခြင်းဖြစ်သည်။ စမဘုန်းဘုန်းမှာလည်း ဆရာလှမျိုးနှင့် ရင်းနှီးကျွမ်းဝင်ပြီးသား။

စမဘုန်းဘုန်းမှာ သူ့ပရိသတ်နှင့် သူ မအားလပ်သည့် ကြားထဲမှပင် ကျွန်တော်တို့အပေါ် ညှိဝတ်ကျေခဲ့၏။

◆◆◆

စမဘုန်းဘုန်းကျောင်းဝင်းမှ အပြန် အောင်ဇမ္ဗူတောရကို ဝင်ဖြစ်ကြသည်။ ကျောင်းပရဝဏ်ထဲသို့ ဝင်လိုက်သည်









www.burmeseclassic.com

www.burmeseclassic.com









နှင့် ကျွန်တော့်စိတ်တို့ ကြည်လင်အေးမြသွား၏။ စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိနေခြင်းများက ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားတော့သည်။

ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ရသော ကုသိုလ်ပီတိအဟုန်ကြောင့် အချိန်တွေက ကုန်မှန်းမသိ ဖြစ်သွားခဲ့လား မပြောတတ်။ အတူလာသူများနှင့် လူချင်းကွဲသွားတာကိုတောင် ဂရုမထားဖြစ်ပေ။

ဆရာတော်အနေဖြင့် ရှေးဟောင်း ရုပ်ပွားတော်များကို ဓာတ်ပုံရိုက်ခွင့် မပြုပေ။ ထို့ကြောင့်ပင် ကိုယ်စိတ်နှလုံး သုံးပါးစလုံး အာရုံနှစ်ကာ ဖူးမြော်ကြည်ညိုဖြစ်သည်။

ကျွန်တော်လည်း သတိထားမိသလို ရုပ်ပွားတော်များ ရှေ့တွင်လည်း စာကမ္ပည်းထိုးထား၏။ နှစ်ပေါင်း ၂၆၀၀ကျော် သက်တမ်းရှိ ဘုရားရှင်လက်ထက်က ကိုယ်ပွားအစစ် မဟာမုနိပုံတော်၊ ရုပ်တော်မှု မြတ်စွာဘုရားပုံတော်၊ ဗောဓိပင်နှင့် ရွှေပလ္လင်မြတ်စွာဘုရား၊ ဆံဖြူတော်ခံ မြတ်စွာဘုရား၊ ငှလျောင်းတော်မူ မြတ်စွာဘုရားများကို မှတ်မိသရွေ့ ပြန်ရေးပြခြင်းဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုခြင်းဖြင့် ရရှိလာမည့် အကျိုးများကို ရေးသားထား၏။ ဥပမာ- ဘီလူးနဂါးမင်း၊ နဂါးရုံမြတ်စွာဘုရားပုံတော်ကို ပူဇော် ကြည်ညိုပါက ရေလုပ်ငန်းဆက်စပ်ပြီး စီးပွားဖြစ်ထွန်း အောင်မြင်ခြင်း၊ လာဘ်လာဘတိုးခြင်းများ ရရှိစေသည်ဟု ဆို၏။

(ဂမ္ဘီရဆန်းကြယ် ပရိသတ်များအတွက် ရောင်စုံပုံတော်များကို ပူဇော်နိုင်ရန် ဓမ္မဒါနအဖြစ် အခုလ အပါအဝင် လစဉ်ထည့်သွင်းဖော်ပြပေးပါမည်။)

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



[illegible]

မိမိလိုရာကို ဆုတောင်းလျှင် ဆုတောင်းပြည့်လွယ်ခြင်း၊

အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော်ထံသို့ ရှေးဟောင်းရုပ်ပွားတော်များ အပူဇော်ခံ ရောက်ရှိလာပုံမှာ ထူးဆန်းမှုတစ်ခုပင် ဖြစ်သည်။ အကျိုးအကြောင်းတိုက်ဆိုင်မှုသည် ကြိုတင် ကြံစည်ထားသည်ထက် အံ့သြစရာတွေ ဖြစ်တတ်၏။

ဂျပန်နိုင်ငံသား ကူမာနို ဆိုသူမှာ ယခင်က ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်ခဲ့၏။ ဂျပန်ကြီးသည် နှစ်ပေါင်းငါးခန့်က ပုဂံကို အလည်ရောက်ရင်း ရှေးဟောင်း ရုပ်ပွားတော် အမည်းရောင်တစ်ဆူကို ဖူးမြော်ဖြစ်ခဲ့၏။ ဂျပန်သို့ ပြန်ရောက်သွားပေမယ့် သူ ဖူးမြော်ဖြစ်ခဲ့သော ဘုရားဆင်းတုတော်ကို အမြဲအိပ်မက်မက်၏။ ထိုစိတ်နှင့်ပင် စားမဝင် အိပ်မပျော်ဖြစ်ကာ နောက်ဆုံး ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းတော့၏။

ထိုဂျပန်ကြီးသည် ပုဂံဘုရားများကို ငွေကြေးအကုန်အကျခံပြီး ပြုပြင်လှူဒါန်းပူဇော်သည်။ ဂျပန်ကြီးက ကုသိုလ်လုပ်တိုင်း ဆုအမြဲတောင်းတတ်သည်။ ငွေကြေးပြည့်စုံလျှင် ရှေးဟောင်း ရုပ်ပွားတော်အားလုံးကို ပူဇော်ချင်သည့် စိတ်ဆန္ဒတွေ များခဲ့၏။ ဆုတောင်းသည့်အတိုင်းပင် ငွေကြေးတွေ ပေါများလျှံပယ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ခေတ်ခုနှစ်ခေတ်မှ ရှေးအကျဆုံး၊ တန်ခိုးအကြီးဆုံး ရှေးဟောင်း ရုပ်ပွားတော်များကို ဝယ်ယူပူဇော် စဆောင်းခဲ့သည်။

ရင်းနှီးသော အသိမိတ်ဆွေများကိုတောင် ရှေးဟောင်း ရုပ်ပွားတော်များအား မပြခဲ့သော ဂျပန်ကြီးတစ်ယောက်၊ ဆရာတော်ကို ဖူးတွေ့လိုက်ရသည်နှင့် မနေနိုင်လောက်အောင် ရုပ်ပွားတော်များကို လှူချင်သည့်စိတ် ဖြစ်ပေါ်လာခဲ့၏။

ထို့ကြောင့်ပင် ရှေးဟောင်း ရုပ်ပွားတော် (၃၀၁)ဆူမှာ (၁၃-၁၀-၂၀၁၂)ရက်နေ့က စပြီး အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူခဲ့လေ၏။

◆◆◆

ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို တစ်ဝကြီး ဖူးမြော်ပြီး အပေါ်ထပ်မှ ပြန်ဆင်းလာတော့ ကျောင်းအောက်ထပ်တွင် လူတွေ ဝိုင်းအုံနေတာကို တွေ့ရသည်။

"ဆရာတော်က ပရိတ်ကြိုးပေးနေတာလေ"

ဆရာ လုမျိုး၏ စကားကြောင့်ပင် လူအုပ်ထဲကို ဝင်တိုးပြီး လက်မှာ ဝတ်ဆင်ရသည့် အဆောင်ကွင်းလေးကို ရအောင် ယူမိသည်။

တစ်လနီးပါးလောက် ကျွန်တော့်စိတ်တွေ ရှုပ်ထွေးနောက်ကျိုနေခဲ့သည်။ အကုသိုလ်စိတ်များကို တတ်နိုင်သမျှ အဝင်မခံဘဲ ကုသိုလ်စိတ်ဖြင့် ဂရုတစိုက်နေဖြစ်သော်လည်း အာရုံတွေက ရှင်းမသွားခဲ့ပေ။ ရှုပ်ထွေးသော အာရုံတွေကြောင့် စိတ်က နောက်ကျိုနေဆဲ။ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းဘုရားများကို ဖူးမြော်လိုက်ရသည်နှင့် ကျွန်တော့်စိတ်တွေ ရှင်းသွားသည်။

ကျွန်တော့်စိတ်တွေ ရှင်းသွားပြီဆိုမှတော့ ကျွန်တော့်ထံသို့ အချိန်မပြတ် ဝင်ရောက်ဖို့ အားယူနေကြသော အကုသိုလ်တရားတို့ ကင်းရှင်းသွားပြီဟုသာ မှတ်ယူရပေတော့မည်။

စာဖတ်သူအပေါင်းတို့အနေဖြင့် အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော်နှင့်အတူ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို သွားရောက်ဖူးမြော် ကုသိုလ်ပွားများကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

* * *

အယ်ဒီတာတစ်ဦး

(သွားရောက်ဖူးမြော်မည့်သူများအတွက် လမ်းညွှန်မြေပုံကို လည်း ဖော်ပြပေးထားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com


ဝါးခယ်မမြို့၏ မြို့ဦးစေတီဖြစ်သော


# မြသိန်းတန်စေတီသို့ ဘုရားဖူးတစ်ခေါက်

မြမဥ္ဇူ(ကျုံမငေး)

ဝါးခယ်မမြို့မှာ စာရေးသူ ကျွန်မ နှစ်ပေါင်း အတော်ကြာ နေထိုင်ခဲ့ဖူးပါတယ်။ ဌာနဆိုင်ရာ လုပ်ငန်းတာဝန် ထမ်းဆောင်ရင်း နေခဲ့သော ကျေးဇူးရှိဖူးသည့် မြို့လို့ ဆိုရမှာပါ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းက မြို့နယ်တစ်ခုပါ။ ရေလမ်း၊ ကုန်းလမ်းခရီးများ သာယာစွာ ဆက်သွယ်တည်ရှိနေလို့ စည်ပင်သာယာသော မြို့ဖြစ်ပါတယ်။

ရှေးဟောင်း စေတီ၊ ဘုရားများလည်း ကိန်းဝပ် စံပယ်ရာမြို့ဖြစ်လို့ သာသနာစည်ပင်ရာ မြို့လည်း ဖြစ်ပါတယ်။ အထူးသဖြင့် မြို့ဦးမြို့ထိပ်မှာ တည်ရှိ စံပယ်တော်မူနေသော ရှေးဘုရားကြီး မြသိန်းတန်စေတီတော်ကြီးကြောင့်လည်း မြို့အနေအထားက ဂုဏ်ကျက်သရေတင့်နေရပါတယ်။








www.burmeseclassic.com

www.burmeseclassic.com



ဝါးခယ်မမြို့မှ အလုပ်တာဝန် အနားယူခဲ့ပြီးတဲ့ ကျွန်မ မြို့ရောက်ဖြစ်တာလည်း ကြာခဲ့ပြီမို့ ယခုနှစ်တော့ မဖြစ်မနေသွားခဲ့ပါတယ်။ ဝါးခယ်မမြို့ကို ရောက်သည်နှင့် ဦးဦးဖျားဖျားပင် မြသိန်းတန်စေတီတော်မြတ် ကိန်းဝပ်ရာ မြသိန်းတန်ရပ်ကွက်သို့ သွားခဲ့ပါတယ်။ မေးစရာ မြန်းစရာကို မပြုဘဲ စေတီတော်ကြီးနှင့်အတူ ယှဉ်တွဲတွေ့ မြင်နေရသော သာသနိကအဆောက်အအုံများ၊ သိမ်များ၊ ကျောင်းများကို ဓာတ်ပုံရိုက်လိုက်ပါတယ်။

နံနက်ပိုင်း နေခြည်နုနုကလေးက အလင်းရောင်ကို ဖြန့်ကြမ်းနေသလို၊ ရွှေသားရွှေရောင် ဝင်းဝင်းပြောင်နေသော စေတီတော်ကြီးက ဟိုယခင် လာ၍ဖူးမြော်နေခဲ့ရပုံနှင့် မတူအောင်သယောင် တင့်တယ်သပ္ပာယ်နေပါတယ်။ စေတီတော်၏ အဝန်းအဝိုင်းနယ်မြေအတွင်းသို့ ကျွန်မ လှည့်လည်ဖူးမြော်သည်မှာ ကြည်နူးလှသလို၊ ဟိုယခင်အချိန်များကိုလည်း ပြန်လည်တမ်းတနေမိပါတော့တယ်ရှင်။

စေတီတော်ကြီး တည်ရှိရာအရပ်ကို ဟိုးယခင်အချိန်က မြသိန်းတန်ရပ်ကွက်ဟု အမည်မခေါ်ခင်က "စလေရင်" ဟု ခေါ်ပါတယ်။ နောင်သောအခါ စေတီတော်ကြီး တည်ရာဖြစ်၍ မြသိန်းတန်ဟု ခေါ်ခဲ့ကြောင်း၊ တစ်ဆင့်စကားဖြင့် သိထားမိပါတယ်။ ဝါးခယ်မမြို့သည် မြစ်ကမ်းနံဘေးမြို့ဖြစ်၍ ရွှေလောင်းမြစ်ဟု ခေါ်သော မကျဉ်းမကျယ် မြစ်ငယ်လေးက ဝါးခယ်မမြို့ဦးစေတီဖြစ်သော မြသိန်းတန်စေတီသည် မြို့၏ အရှေ့တောင်အရပ်တွင် တည်ရှိသည်ဟု မှတ်သားရပါတယ်။ သို့ပါ၍ ကျွန်မ လေ့လာမှတ်သားခဲ့သော မြသိန်းတန်စေတီတော်ကြီး၏ သမိုင်းအကျဉ်း ကို သိနိုင်သမျှဖြင့် စုံအောင် ရေးသား ပူဇော်လိုက်ပါတယ်။

◆◆◆

ဝါးခယ်မမြို့၏ မြို့ဦးအရပ်သည် ရှေးယခင်အခါက သင်္ဘောသားများ စုဝေးနေထိုင်ကြသောအရပ်ဖြစ်၍ "စလေရပ်"ဟု ခေါ်ခဲ့ကြပါတယ်။ ဝါးခယ်မမြို့တွင် ကြေးသွန်းရုပ်ပွားတော်ကြီးတစ်ဆူကို ကိုးကွယ်နိုင်ရန် မြန်မာသက္ကရာဇ် ၁၂၅၂ ခုနှစ်တွင် ကြေးသွန်းသမားများကို ခေါ်၍ ထုဆစ်သွန်းလုပ်ခဲ့ပါတယ်။ ရပ်မိရပ်ဖများကို ရှေ့နေကြီး ဦးဖိုးနက ဦးဆောင်ပြီး ပါဝင်ခဲ့ကြပါတယ်။

ဤသို့ သွန်းလုပ်နေစဉ် ရှေ့နေကြီး ဦးဖိုးနု အတွေးဝင်လာသည်က ဝါးခယ်မမြို့တွင် မြေစိုက်စေတီတည်ရန် ဖြစ်ပါသည်။ ထိုအကြံအစည်ကို ရပ်မိရပ်ဖ ဂေါပက လူကြီးများကို တင်ပြလိုက်တော့ သဘောတူညီမှု ရခဲ့တာကြောင့် စေတီတော်တည်ထားကြမည့် မြေနေရာကို ရွေးချယ်ကြဖို့ ပြင်ဆင်ရာ မြို့၏ ဦးဦးဖျားဖျားအရပ်လည်း ဖြစ်၊ မြစ်ကမ်းနဖူးအစလည်းဖြစ်သော ယခု မြသိန်းတန်စေတီတော်ကြီး တည်ရာအရပ်ကို ဦးစားပေး ရွေးချယ်လိုက်ကြပါတယ်။

ဘုရားကြီးကို တည်ထားလိုသူ ဦးဖိုးနု၏ စေတနာ၊ သဒ္ဓါအားဖြင့် ဝိုင်းဝန်းရွေးချယ်ခဲ့ပြီးသော မြေမြတ်မဟာသည် အလွန်ပင် တင့်တယ်လှပါသည်။ ရည်မှန်းချက်အတိုင်း စေတီကြီးများ တည်ထားမှု ပြီးစီးပါက · · ·


* မြို့ဦးမြို့ထိပ်တွင် ရှိနေခြင်း၊
* မြစ်ကမ်းခြေ မြစ်နဖူးဖြစ်၍ မည်သည့်နေရာဒေသမှမဆို လှမ်း၍ ဖူးနိုင်ခြင်း၊
* မြစ်ကမ်းခြေဖြစ်၍ မြစ်အတွင်း သွားလာနေစဉ် အလွယ်တကူ ဖူးနိုင်ခြင်း · · ·

ဟူသော အကြောင်းများနှင့် ပြည့်စုံနေသော နေရာကောင်း၊ နေရာမှန်ကို ရွေးချယ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် ဤနေရာသည် ပိုင်ရှင်ရှိပြီး နေရာဖြစ်သောကြောင့် ပိုင်ရှင်ဖြစ်သူ ဦးလန်းဆိုသူနှင့် ညှိနှိုင်းခဲ့ရပါတယ်။ ဦးလန်းကလည်း စေတနာအားကောင်းသူဖြစ်၍ ဝယ်ယူရန် မလိုပါဘူး၊ စေတီဘုရားတည်မှာ ဖြစ်၍ လှူဒါန်းပါသည်ဟု ဆိုလာသောကြောင့် မြေနေရာအတွက် အဆင်ပြေသွားပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၁၂၅၃ ခုနှစ်တွင် မြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များကို ပင့်ဖိတ်၍ စေတီတော်တည်ထားနိုင်ရန် မြေသန့်အခမ်းအနားကို ပြုလုပ်ခဲ့ကြပြီး ရတနာအုတ်မြစ်တော် စီလျက် ဥဏ်တော်အမြင့် (၁၀၉) ပေရှိသော စေတီကြီး တစ်ဆူဖြစ်ပါတယ်။

စေတီတော်တွင် ဘုရားရှင်၏ ဓာတ်တော် မွေတော် အစစ်များ၊ အလွန်တန်ဖိုးကြီးသော ကျောက်မျက်ရတနာများကို ဌာပနာသွင်း၍ တည်ထားခဲ့ခြင်းဖြစ်ပြီး၊ ထိုဌာပနာများထဲတွင် အဖိုးအနဂ္ဃ သိန်းပေါင်းများစွာတန်သော မြကျောက်ရတနာတစ်မျိုးကိုပါ အတူရော၍ ဌာပနာသွင်း ပူဇော်ခဲ့သည်ကို အကြောင်းပြုကာ စေတီတော်၏ ဘွဲ့မည်ကို "မြသိန်းတန်စေတီတော်"ဟု ကမ္ပည်းတင်းခဲ့ပါတယ်။ စေတီတော်တည်ရာ ရပ်ကွက်ကိုလည်း "မြသိန်းတန်ရပ်ကွက်"ဟူ၍ ခေါ်တွင်ခဲ့သောကြောင့် "စလေစုရပ်"သည် ပျောက်ကွယ်သွားခဲ့ရပါတယ်။

မြန်မာသက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် စေတီတော်အရှေ့ဘက် မျက်နှာစာ နတ်လမ်းကို အလှူရှင် အရေးပိုင်မင်း ဦးဖိုးဖေမိသားစုမှ လှူဒါန်းလျက် စေတီတော်အား ရွှေသင်္ကန်းတော် ကပ်လှူခဲ့ပါတယ်။


- နှစ်ကာလ ကြာညောင်းသည်နှင့်အမျှ စေတီတော်၏ မြောက်ဘက် စောင်းတန်းကို ဖြည့်စွက်လှူဒါန်းသူများ ပေါ်ပေါက်ခဲ့ပါတယ်။ တဖြည်းဖြည်း မြစ်ကမ်းခြေ ရေတိုက်စားမှုကြောင့် နတ်လမ်း စောင်းတန်းများ ရေထဲ ပါသွားခဲ့ရပါတယ်။ အဆက်ဆက်သော ဥပါသကာများမှ မြေပို့ကျခြင်းဘေးမှ ကာကွယ်ခဲ့သော်လည်း ရေအားက သန်နေသောကြောင့် ကမ်းဆယ်သော်လည်း ရေစီးအားကြောင့် မြေများ ပြိုနေခဲ့ရပါတယ်။

သက္ကရာဇ် ၁၂၇၃ ခုနှစ်တွင် နွေရာသီ ဘုရားပွဲများ ကျင်းပလေ့ရှိသော တပေါင်းလပြည့်နေ့တွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်ခဲ့သောကြောင့် စေတီကြီး၏ ထီးတော်မှာ မြေခခဲ့ရလေသည်။ ရပ်မိရပ်ဖ ဥပါသကာများ၏ စေတနာအားဖြင့် ထီးတော်ကြီး ပြန်လည်တင်ဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် တင်လှူခဲ့သော ထီးရိပ်ဖြင့် နှစ်ပေါင်း ၂၀ ကျော် တည်ရှိ စံနေတော်မူခဲ့သော်လည်း သက္ကရာဇ် ၁၃၀ ခု၊ ကဆုန်လတွင် တိုက်ခတ်သော လေပြင်းနှင့်အတူ မိုးကပါ သည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ထီးတော်ကြီးမှာ မြေသို့ ကြွေကျခဲ့ရပြန်ပါတယ်၊ သို့ပါ၍ တတိယအကြိမ် ထီးတော်ကို ပိုမို၍ ခိုင်ခန့်စေရန် အထူးကြပ်မတ် တင်လှူနိုင်ရန် ကြိုးစားကြရပြန်ပါတယ်။

စေတီတော်ကြီး၏ ကမ္ပည်းတင် ဘွဲ့တော် ဆက်ကပ်ခဲ့သော ဆရာတော် ဦးမေဓာအရှင်သူမြတ်ကို အမိဌာန်ထားကာ ကန်လှကျောင်းဆရာတော် ဦးသံဝရမှ ဦးဆောင်၍ တတိယမြောက် ထီးတော်ကို တင်လှူခဲ့ကြပြန်ပါတယ်။ ထိုအချိန်က ဥပါသကာ၊ ဂေါပက ဟူသော အဖွဲ့အစည်းများ စွဲမြဲစွာ မရှိသော်လည်း မြို့မိမြို့ဖ ရပ်ရွာလူကြီးများ စုကာပေါင်းကာ ဦးဆောင်မှုများဖြင့် နှစ်စဉ်မပျက် ဘုရားပွဲတော်ကို ကျင်းပခဲ့ကြောင်းလည်း လေ့လာမှတ်သားခဲ့ရပါတယ်။

ကျွန်မ နေထိုင်ခဲ့စဉ်အခါက အိမ်ချင်းကပ် နေခဲ့ဖူးသော အဘ ဦးသိန်းမောင်၏ သမီးကြီး သိန်းသိန်းကလည်း ကျွန်မ မေးသမျှ သူသိသမျှကို ပြောပြသည်က စေတီတော်ကြီး၏ တတိယ ထီးတော်တင်လှူစဉ်က သူတို့ ကလေးတစ်သိုက်က အသက် ၁၀နှစ်၊ ၁၁နှစ်အရွယ်တွေမို့ အလွန်ပျော်ခဲ့ရကြောင်း တမ်းတမ်းတတပြောပြပါတယ်။ ကျန်သော မှတ်သားစရာတွေကတော့ သူ့အနေနဲ့ မမှတ်မိတော့ပေမယ့် အဘိုး ဦးသိန်းမောင်(ကြီးသိန်းသိန်း၏ ဖခင်)၏ မြသိန်းတန်စေတီတော်ကြီးအတွက် သူပါဝင် လုပ်ကိုင်ခဲ့မှု မှတ်သားထားတာတော့ ရှိပါတယ်။ ဖတ်ကြည့်ပါ ဆိုပြီး ကျွန်မကို ပေးပါတယ်။

နှစ်ကာလကို ခန့်မှန်းရန် ခက်သော်လည်း စာအုပ်





www.burmeseclassic.com

www.burmeseclassic.com


ကလေးက အဝတ်ဟောင်းပြီး စာရွက်သားများ တချို့ ရိပ်ပဲ့ကာ မှာလန်ကြဲနေပါပြီ၊ ကြီးသိန်းသိန်းတောင် ၇၉နှစ်ဆိုတော့ ငြိုးစားသာ ကြည့်ပါတော့ရှင်။ အဘိုးစာအုပ်ထဲမှာ ရေးထားတဲ့ စာသားတွေကို ကျွန်မ ဖတ်၍ရသလောက် ဖတ်ပြီး မှတ်သားခဲ့ပါတယ်။


အချိန်ကာလ ကြာမြင့်လာသည်နှင့် စေတီတော်ကြီးမှာလည်း ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မည့် ဥပါသကာ၊ ဒါယကာအဖွဲ့ဝင်များ ပုံမှန်မရှိသောကြောင့် သဘာဝ ဘေးများ သာမက၊ ချုံနွယ်များ၊ မြက်ရိုင်းပင်များ ထူထပ်စွာ ပေါက်ကာ တောချုံပမာဖြစ်ခဲ့ရပါပြီ၊ ခေတ်ကာလအခြေအနေအရလည်း ဘုရားပွဲများ ကျင်းပနိုင်ခြင်းလည်း မရှိ ဖြစ်ခဲ့ရပါတယ်။

အနေအထားအရ စေတီတော်ကြီးမှာ ထုံးသင်္ကန်းဖြင့်သာ စံနေရ၏။ ထို့ကြောင့် ကံလှကျောင်းဆရာတော်မှ သက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် ဝတ္ထုငွေကြေးထည့်ဝင် ဦးဆောင်ပြီး ပုံသေဖြစ်နိုင်မည့် ဒါယကာ ဥပါသကာအဖွဲ့ကို ဖွဲ့စည်းကာ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို စတင် အကောင်အထည်ဖော်ကာ စေတီတော်ကြီးအား ကြေးပြားသင်္ကန်းကို ဆက်ကပ် လှူဒါန်းခဲ့ပါတယ်။ မြို့ခံ၊ ဒေသခံများမှလည်း မိမိတို့မြို့ဦး၏ ကျက်သရေဆောင် စေတီကြီးဖြစ်သော မြသိန်းတန်စေတီတော်ကြီးအား ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ခိုင်မာသော ထာဝစဉ် ကုသိုလ်ပြုနိုင်မည့်အဖွဲ့ကို မြန်မာသက္ကရာဇ် ၁၃၅၃ ခုတွင် ဦးရွှေသိန်း ဦးဆောင်၍ ဖွဲ့စည်းနိုင်ခဲ့သလို၊ မြသိန်းတန်စေတီတော်ကြီး၏ နှစ်တစ်ရာပြည့် ပွဲတော်ကိုပါ ကျင်းပနိုင်ခဲ့ပါတယ်။ ထိုအချိန်မှစ၍ ဘုရားကြီးအတွက် ကုသိုလ်ပွား လုပ်အားဒါနပြုနိုင်ကြသော လူငယ်၊ လူကြီးများ စုစည်းစွာ ဖွဲ့စည်း၍ နေ့ညမပြတ် အခါမလပ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပါတယ်။

အလှူရှင်များ၏ သဒ္ဓါပွား စေတနာထား ထည့်ဝင်





လှူဒါန်းမှုဖြင့် စေတီတော်ကြီးအား သက္ကရာဇ် ၁၃၆၄ ခုနှစ်တွင် လုံးတော်အပြည့် ရွှေသားသင်္ကန်းကပ်လှူနိုင်ခဲ့ပါတယ်ရှင်။

ကျွန်မ ဖူးမြင်ခဲ့ရသော အခြေအနေအရ မြသိန်းတန်စေတီတော်မြတ်ကြီးတွင် သာသနိက သိမ်၊ ကျောင်း၊ ဇရပ်များသည် အတင့်အတယ်နှင့် တည်ရှိနေပြီဖြစ်ပါတယ်။ ကမ်းနဖူးနှင့် အတော်နီးနေသော်လည်း မြေထိန်း ကန်ဆည်၍ ရေတိုက်စားမှုဘေးကို ကာကွယ်ထားပါတယ်။ ဒေသခံ လူငယ်လူကြီးများ၏ စေတနာထား ပြုပြင်မှု၊ ရပ်ဝေးရပ်နီး အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ဂုဏ်ကျက်သရေတင့်စွာ စံနေတော်မူသော မြသိန်းတန်စေတီတော်ဖြစ်ပါတယ်။ ဝါးခယ်မမြို့အတွက် သာသနာ့ဥသျှောင် အထွတ်အခေါင် စေတီတစ်ဆူအဖြစ် စံနေတော်မူပါသည်၊ ခရီးသွားရင်း အပန်းပြေ ဘုရားဖူးလာရောက်ကြမယ့် ဘုရားဖူးများအတွက်လည်း အေးချမ်းသာယာ ကြည်နူးစရာကောင်းပါကြောင်း သတင်းပေးအပ်ပါတယ်ရှင်။

လူစည်ကားသော ပွဲတော်ရက်ကိုမှ လာချင်ပါတယ်ဆိုလျှင်ဖြင့် ဝါးခယ်မမြို့မှ မြသိန်းတန်ဘုရားပွဲကို နှစ်စဉ်မပျက် တပေါင်းလဆန်း ၁၁ရက်နေ့မှ လပြည့်နေ့အထိ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပလျက်ရှိပါတယ်။ အထူးတရားပွဲများ၊ ပတ္တာန်းပွဲများနှင့်အတူ ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါကြောင်း ရေးသားပူဇော်တင်ပြရင်း ကျေးဇူးရှိခဲ့ဖူးသော ရွှေခယ်မြေအတွက် တုံ့ပြန်ကျေးဇူးဆပ်လိုက်ပါတယ်ရှင်။

* * *

မြမဥ္ဇူစေ(ကျုံ့မခေး)



www.burmeseclassic.com

www.burmeseclassic.com

# ဆူးလေစေတီ နှင့် ဆူးလေဘိုးဘိုးကြီးမှာ ဒါနပြုကြာ ဆုတောင်းပါ

■ ဂမ္ဘီရ ဆရာလှမျိုး (B.Sc) ■




ရန်ကုန်တိုင်းဒေသကြီးတွင် တန်ခိုးကြီးမား ထင်ရှားသော စေတီ၊ ပုထိုး၊ ဘုရားရုပ်ပွားတော်များစွာ တည်ရှိပါသည်။ ဘုရားစေတီများကို လေ့လာသောအခါ နှစ်ပေါင်းများစွာကတည်းက ဆံတော်၊ ဓာတ်တော်အစစ်ဖြင့် ဌာပနာခဲ့သော ရှေးဟောင်းစေတီတော်များ၊ ဥပမာ-ဆူးလေ၊ ဗိုလ်တထောင်၊ ရွှေတိဂုံ၊ ကျိုက်ခေါက်၊ ယခုနောက်ပိုင်း ဓာတ်တော်ပွား (သို့မဟုတ်) မြတ်စွာဘုရားဂုဏ်တော်များကို ရည်မှန်းတည်သော ဥဒ္ဒိသစေတီတို့ဖြစ်ပါသည်။ ဥပမာ- မဟာဝိဇယစေတီ၊ ကျောက်တော်ကြီး၊ စွယ်တော်မြတ်စေတီ၊ မည်သည့်စေတီရုပ်ပွားတော်မဆို ဘုရားဂုဏ်တော်ရည်မှန်းပူဇော်ပါက ကုသိုလ်ဖြစ်စေပါသည်။ သို့သော် မြတ်စွာဘုရားဓာတ်တော်၊ ဆံတော်အစစ်ကို ဌာပနာထား ကိုးကွယ်သောစေတီတို့မှာ ပို၍တန်ခိုးကြီးပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တန်ခိုးကြီးထင်ရှားသည့် စေတီများအနက် ရန်ကုန်မြို့ ကျက်သရေဆောင် ဆူးလေ စေတီတော်မှာ ထင်ရှား လူသိများသော စေတီတော်တစ်ဆူ ဖြစ်ပါသည်။ ယခု စာရေးသူအနေဖြင့် ဘုရားသမိုင်းရေးသား ခြင်းမဟုတ်ဘဲ လောကီရေးရာ ဒါနပြု ဆုတောင်းခြင်း အကြောင်းအရာ ရေးသားဖော်ပြမည်ဖြစ်ပါ၍ ဘုရားသမိုင်း အကျဉ်းမှ ရေးသားလိုက်ရပါသည်။

ဆူးလေစေတီတော်၏ မူလဘွဲ့အမည်မှာ "ကျိုက် အသုက်စေတီတော်"ဖြစ်ပါသည်။ မဇ္ဈိမဒေသ၌ တတိယသင်္ဂါ ယနာတင်ပြီးနောက် သာသနာတော်နှစ် ၂၃၈-၂၃၉ခန့်တွင် သီဟိုဠ်ကျွန်းမှ အရှင်ယသ၊ အရှင်သုစိ အမှူးရှိသည့် ရဟန္တာ အရှင်မြတ်ရှစ်ပါးတို့သည် ဆံတော် ၂၄ဆူနှင့် ဓာတ်တော် များ ပင့်ဆောင်ပြီး သထုံပြည်မှတစ်ဆင့် သန်လျင်ကျွန်းသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိတော်မူကြရသည်။ သန်လျင်ကျွန်းဘုရင် သီဟဒီပမင်း (ခေါ်) ဘောဂသေနမင်းသည် အရှင်ယသ အမှူးရှိသော ရဟန္တာရှစ်ပါးတို့နှင့် တိုင်ပင်ညှိနှိုင်း၍ ဒဂုံမြို့၌···

(၁) ကျိုက္ကစံစေတီ၊

(၂) ကျိုက်အသုက်စေတီ၊

(၃) ကျိုက်မဲသံကရောစေတီ၊

(၄) ကမာကမုစေတီ၊

(၅) ကျိုက်ကမာစိန်စေတီ၊

(၆) ကျိုက် ဒေးတဲ့စေတီ၊

(၇) ကျိုက်ဋ္ဌဲကမော့စေတီ၊

(၈) ကျိုက်ဒင်မဲ စေတီ၊

(၉) ကျိုက်ခပေါက်စနွတ်စေတီ၊

(၁၀) ကျိုက်ခမောက်ဆွတ်စေတီနှင့်

(၁၁) ကျိုက်ဒေးအပ်စေတီ (ဗိုလ်တထောင်စေတီ) အပါအဝင် စေတီတော်ပေါင်း တစ်ဆယ့်တစ်ဆူ၌ ဓာတ်တော်နှင့် ဆံတော်များ ဌာပနာ၍ တည်ထား ကိုးကွယ်တော်မူပါသည်။

(၁) ဘောဂသေနမင်းကြီးသည် စေတီတည်ရန် "အသုက်"အမည်ရှိသော အမတ်ကြီးအား တာဝန်လွှဲအပ်ပေးသည်။ ထိုစေတီကို တည်သော အမတ်ကြီး၏ အမည်ကို



အစွဲပြု၍ မွန်ဘာသာအားဖြင့် ကျိုက်ကား - ဘုရား။ အသုက်ကား - အမတ်ကြီး၏ အမည်၊ နှစ်ရပ်ပေါင်းသော် "ကျိုက်အသုက် - အမတ်ကြီးဘုရား"ဟု အမည်တွင်ခဲ့သည်။

(၂) အချို့ပညာရှိတို့က မွန်ဘာသာဖြင့် အသုက်မှာ ဆံပင်ခေါ်သဖြင့် ဆံတော်ကို ဌာပနာသောကြောင့် ကျိုက်-ဘုရား။ အသုက် - ဆံတော်၊ ထိုနှစ်ရပ်ပေါင်းသော် "ဆံတော်ရှင်ဘုရား"ဟု ဖွင့်ဆိုကြကုန်၏။

(၃) ရခိုင်+မြန်မာ+မွန် ရာဇဝင်ချုပ်ဆရာ၏ အလိုအရ ဥက္ကလာပမင်းကြီး အမှူးပြုသော လူ၊ နတ်၊ ပရိသတ်တို့သည် ဘုရားရှင်၏ ဆံတော်ဓာတ် ရှစ်ဆူကို ဌာပနာ၍ စေတီတည်ရန်အတွက် သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေရန် စုဝေးတိုင်ပင်ရာ ဌာနဖြစ်၍ ၎င်းနေရာ၌ ဥက္ကလာပမင်းကြီးက စေတီတည်ထားသောကြောင့် ယင်းကို စွဲပြီး "စုဝေးစေတီ"ဟု ခေါ်ကြသည်။ ဤအလိုအရ ဆူးလေထူပါရုံကို ဥက္ကလာပမင်းကြီး တည်ထားကိုးကွယ်ခဲ့ကြောင်း သဘောရပါသည်။

(၄) ပညာရှိအချို့ကမူ ဤကမ္ဘာ၌ ပွင့်တော်မူကြကုန်သော ဘုရားလေးဆူတို့ကို မီလိုက်သည့် လေးဆူနတ်ကြီးဟုခေါ်သော နတ်ကြီး၏ နေရာ၌ တည်သောကြောင့် လေးဆူနတ်ကြီးကို အစွဲပြု၍ "လေးဆူစေတီ"ခေါ်ကြရာမှ ကာလရွေ့လျောသဖြင့် ပဋိလောမပြန်၍ "ဆူးလေစေတီ"ဟု ဆို၏။

(၅) ပညာရှင်တစ်ဦးကမူ စေတီကုန်းပေါ်တွင် နှစ်ပေါင်းများစွာ ဆူးလေစေတီပင် ချုံပိတ်ပေါင်းတို့ဖြင့် ဖုံးအုပ်နေရာ "အနွတ္တ"အမည်အားဖြင့် ဆူးလေစေတီခေါ်ကြသည်ဟု ဆို၏။ ဤကား ကျိုက်အသုက်မှ ဆူးလေစေတီသို့ ဘွဲ့အမည်တော် ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ပညာရှိများ၏ အယူအဆအမျိုးမျိုးအား ဗဟုသုတအလို့ငှာ ဖော်ပြခြင်းဖြစ်ပေသည်။

မည်သို့ပင်ဆိုစေကာမူ ဆူးလေစေတီတော်မှာ နှစ်ပေါင်းထောင်ကျော်ကပင် တည်ထားသော ရှေးဟောင်းစေတီတော်မြတ်ကြီးဖြစ်ပြီး မြတ်စွာဘုရားဓာတ်တော်အစစ် ဌာပနာထားသည့် ဆံတော်ရှင်စေတီဖြစ်သည်ဟု ယုံကြည်ထိုက်ပေသည်။

ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် ရန်ကုန်မြို့လယ်ရှိ တိုက်တာအဆောက်အအုံများ ကြေမွပျက်စီးခဲ့သော်လည်း ဆူးလေစေတီတော်ကြီးမှာ ဗုံးဒဏ်၊ ကျည်ဒဏ်မခံတဲ့ အပျက်အစီးမရှိ ပကတိအတိုင်း ဖူးတွေ့နိုင်သည်မှာ ဘုရားတန်ခိုးဟု ဆိုရပေမည်။ အနောက်ဘက် တန်ဆောင်းကြီးတစ်ခုသာ ဗုံးဒဏ်ခံသဖြင့် လုံးဝပျက်စီးသွားဖူးသည်။



www.burmeseclassic.com


www.burmeseclassic.com

ယခုအခါ နိုင်ငံတော်အစိုးရနှင့် ဂေါပကလူကြီးများ၊ စေတနာရှင် ပြည်သူပြည်သားတို့မှ စုပေါင်းကုသိုလ်ပါဝင်ကာ ဘက်စုံ မွမ်းမံပြင်ဆင်မှုကြောင့် တင့်တယ်စွာ ဖူးတွေ့နေရပေသည်။ ဆူးလေစေတီကို ပတ်၍ နေ့စဉ်ကားများ၊ လူများသွားလာလှုပ်ရှားနေကြသည်။ အချို့က ကားပေါ်မှသာ ဖူးဖြစ်ပြီး ဘုရားစေတီပေါ်မရောက်၍ "ကပ်ကျော်ဘုရား"ဟု ခေါ်ဆိုကြ၏။ အမှန်မှာ "မသိသူ ကျော်သွား"ဟု ဆိုရပေမည်။

သိသူများကတော့ ဆူးလေစေတီကို တက်ရောက်ဖူးမြော်ကာ ကုသိုလ်ကောင်းမှုပြု၊ အဓိဋ္ဌာန်တည်ဆောက်၊ ဒါနပြု ဆုတောင်းမှု ပြုနေကြပါသည်။ ဆူးလေစေတီနှင့် ဆက်စပ်၍ ဆူးလေ ဘိုးဘိုးကြီးမှာလည်း အထူးထင်ရှားနေလျက် ရှိလေသည်။ ရန်ကုန်မြို့ပတ်ဝန်းကျင်မှ ယုံကြည်သူများ နေ့စဉ် ပွဲ၊ ပန်း၊ ပဝါ၊ အလှူငွေ လာလှူနေကြရသည်။ ဗိုလ်တထောင်စေတီအတွက် အစ်မတော်မြနန်းနွယ်မှ နေ့စဉ် အလှူငွေရှာပေးနေသလို ဆူးလေစေတီတွင်လည်း အလှူခံအများဆုံးရသော ဌာနတွင် ဆူးလေဘိုးဘိုးကြီး ပါဝင်နေပါသည်။

ဆူးလေ ဘိုးဘိုးကြီးရုပ်ထုကို ဆံတော်ရှင်ဆူးလေစေတီတော်ကြီး၏ အရှေ့မြောက်(တနင်္ဂနွေ)ထောင့် ဘိုးဘိုးကြီးဆောင်တွင် ပူဇော်ထားပါသည်။ ဘုရားဖူးများသည် အတုလမာန်အောင် ဆုတောင်းပြည့် မြတ်စွာဘုရားကို ဖူးမြော်ပြီးသော် ဆူးလေ ဘိုးဘိုးကြီးဆောင်သို့ ဝင်ရောက် ဦးတိုက်လေ့ရှိကြပါသည်။

လောကီချမ်းသာ၊ လူမှုရေးရာကိစ္စအဝဝအတွက် အခက်အခဲရှိကြသူတိုင်း ဆူးလေဘိုးဘိုးကြီးထံတွင် လာရောက် ဆုတောင်းကြသည်။ အဓိဋ္ဌာန်ပွဲ၊ အောင်ပွဲတို့ဖြင့်လည်း လှူဒါန်းကန်တော့ကြသည်။ ဆူးလေဘိုးဘိုးကြီးသည် သောတာပန်နတ်မင်းကြီး တစ်ပါးဖြစ်သည်။ ကကုသန္ဓဘုရားရှင်လက်ထက်၌ ဘီလူးဖြစ်ခဲ့ပြီး တစ်နေ့လျှင် ဆင်တစ်ကောင်ကုန်အောင် စား၏။ တစ်နေ့သော် ဆင်ကို ရှာဖွေရာ အလွယ်တကူ မရနိုင်ဖြစ်နေချိန်၌ ကကုသန္ဓမြတ်စွာဘုရား ဆွမ်းခံကြွချိန်နှင့် ကြုံကြိုက်လေ၏။ မြတ်စွာဘုရားကို ဘုရားဟူ၍ မသိသဖြင့် ဖမ်းဆီးစားသောက်ရန် လိုက်လေ၏။ မြတ်စွာဘုရားရှင်လည်း ဘီလူးလိုက်သည်ကို မြင်တော်မူသော်ငံ့လင့်၍နေ၏။ ထိုအခါ မြတ်စွာဘုရားရှင်လည်း ဘီလူးကို ခေါ်၍ မြတ်စွာဘုရားရှင်အား သိ,မသိ မေး၏။ ဘီလူးက မသိကြောင်း ပြောဆိုသောအခါ ဘီလူးအား အဏ်ထားသည့် အနေဖြင့် ပဥ္စသီလကို ၇ရက်မျှ စောင့်စေ၏။ ဘီလူးလည်း



ပဥ္စသီလကို ၇ရက်စောင့်ပါမည်ဟု ဝန်ခံလိုက်သည့်တစ်ခဏ၌၊ အစွယ်လေးချောင်းတို့ ကျွတ်ပြီး သောတာပန်နတ်ဖြစ်လေ၏။ မြတ်စွာဘုရားရှင်လည်း ကိုယ်စားတော်အဖြစ် ကိုးကွယ်စိမ့်သောငှာ ဓမ္မကရိဏ်းခေါ် ရေစစ်တော်ကို၊ သိင်္ဂုတ္တရတောင်ထိပ်ရှိ ကညင်ပင်အောက်၌ မြှုပ်ကာ ကိုးကွယ်ထားသည်။

ဆူးလေစေတီတော်ရင်ပြင်ပေါ်ရှိ ဆူးလေဘိုးဘိုးကြီးမှာ ဖော်ပြခဲ့ပြီးဖြစ်သော ဆူးလေနတ်ကြီး၏ ပုံဖြစ်သည်ဟု ယုံကြည်ကြသည်။ ဆူးလေ ဘိုးဘိုးကြီး၏ ညာဘက်လက်သည် ရွှေတိဂုံစေတီတော်ရှိရာ သိင်္ဂုတ္တရကုန်းတော်ဘက်ဆီသို့ ညွှန်ပြနေသည်။ ရှေးဟောင်းကျမ်းများတွင် နတ်ကြီးငါးပါး၊ နတ်မင်းကြီးလေးဦး စသည်ဖြင့် မှုကွဲသော်လည်း နှစ်မျိုးစလုံးတွင် ဆူးလေနတ်ကြီး ပါဝင်နေပါသည်။ ရွှေတိဂုံစေတီတော်သမိုင်းတွင် မြတ်စွာဘုရား(၃)ဆူတို့ကို မှီလိုက်သော...

(၁) ဆူးလေနတ်ကြီး
(၂) ရောဟဏီ မည်သော ဗိုလ်တထောင်နတ်ကြီး
(၃) ဒက္ခိဏ မည်သော သက်န်းကျွန်းနတ်ကြီး
(၄) မော်ဘီနတ်ကြီး
(၅) အမြိဿနတ်ကြီးတို့အား မြင်တွေ့သဖြင့် ထိုနတ်မင်းကြီးများအား ပင့်ဖိတ်၍ မေးမြန်းတော်မူ၏။

ထိုကျမ်းတွင် ကကုသန်မြတ်စွာဘုရားက တောင်ဝေးကို ချီးမြှင့်သည်ဟု ဆိုထားပါသည်။ "အမြိဿရ"အမည်ရှိသော မော်ဘီနတ်ကြီးကမူ ငါသည် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ကို စောင့်ရှောက်ရမည်သူဖြစ်၏ဟု ဆိုသည်။

ယခု စာရေးသူ ရရှိထားသော ဒါနပြု ဆုတောင်းနည်းကို ဖော်ပြပေးပါမည်။ နိုင်ငံရပ်ခြားခရီးသွား၊ အလုပ်ကိစ္စ သဘောသားကိစ္စ၊ ခရီးသွားခြင်းကိစ္စအဝဝ အခက်အခဲရှိသူများ၊ ကိစ္စရပ်တစ်ခု ကြန့်ကြာနေသူများ အောင်[illegible]အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

20 JUN 2013

ဆောင်ရွက်ပါ။

မည်သည့်နေ့တွင်မဆို ဆူးလေစေတီသို့ နံနက်စောစော ၇နာရီ ၃၅မိနစ် နောက်ဆုံးထား၍ ရောက်အောင်သွားပါ။ ကြိုတင်ယူဆောင် (သို့မဟုတ်) ဘုရားဈေးဆိုင်တွင် ဝယ်ယူရမည့် လှူဖွယ်ပစ္စည်းများမှာ ကြာဖူး (၅)ခိုင်၊ ဖယောင်းတိုင် (၁၀)တိုင်၊ သပြေညွှန့် (၁၀)ညွှန့်၊ ထီး၊ တံခွန်၊ ကုက္ကားတစ်စုံတို့ဖြစ်သည်။

ထိုသို့ ဝယ်ယူပြီးနောက် ဦးစွာပထမ မိမိမွေးနံထောင့်တွင် သပြေ (၁၀)ညွှန့်၊ ဖယောင်းတိုင် (၅)တိုင်၊ ထီး၊ တံခွန်၊ ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။ ဘုရားဆင်းတုတော်ကို ရေသပ္ပာယ်၊ ဂြိုလ်တိုင်ကို ရေလောင်း၊ ရေဆေးကြောပေးပါ။ ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ သမ္ဗုဒ္ဓေဂါထာ ၃၆ခေါက် အဓိဋ္ဌာန်ဖြင့် ရွတ်ဆိုပါ။ ပြီးလျှင် ဆူးလေဘိုးဘိုးကြီးထံသွား၍ ကြာဖူး (၅)ခိုင်အပေါ်မှ ပွင့်ဖတ်ကိုသုန်၍ ရိုသေစွာ ကပ်လှူပါ။ တတ်နိုင်သူများ အုန်း၊ ငှက်ပျောပွဲလှူပါ။ ဆီမီး ၅တိုင် လှူဒါန်းပါ။ ဖယောင်းတိုင် ထွန်းမရပါက ထွန်း၍ရသောနေရာတွင် "ကျွန်ုပ်မှ ဘိုးဘိုးကြီးအားလှူဒါန်းပါသည်။ ဤဆီမီး ၅တိုင်ကို ဘိုးဘိုးကြီးကိုယ်စားဘုရားကို အာရုံပြု လှူဒါန်းပေးပါသည်" စသည်ဖြင့် ပြောဆိုပါ။

"ဤသို့ ဆီမီး ၅တိုင်၊ ကြာဖူး ၅ခိုင် လှူရသော ကောင်းကျိုးကြောင့် ဘုရားတပည့်တော် ဆောင်ရွက်နေရသောအလုပ်ကိစ္စ၊ ခရီးသွားကိစ္စ၊ အကြံအစည်ကိစ္စ မကြာခင်အချိန်အတွင်းမှာ အောင်မြင်ရပါလို၏။ ခရီးသွားကိစ္စ၊ သင်္ဘောသားကိစ္စ အခက်အခဲမရှိ ချောမောစွာ ရောက်ရပါစေ၊ အောင်ပါစေ" စသည်ဖြင့် သုံးကြိမ်ပြော၍ လေးလေးနက်နက်ယုံကြည်စွာ ဆုတောင်းပါ။ (ဘုရားမှာလည်း ဆုတောင်း၊ ဘိုးဘိုးကြီးထံမှာလည်း ဆုတောင်းပါ။) အဓိကမှာ ဘိုးဘိုးကြီးထံ ကြာဖူး (၅)ဖူးစါအောင် လှူရပါမည်။ အချို့လည်း ကျန်းမာရေး၊ လူမှုရေးအတွက် ဆူးလေမှာ ဆန်လှူ၊ ဇီဇဝါပန်းလှူဆုတောင်းကြပါသည်။

ထိုသို့ ဘုရားနှင့် ဘိုးဘိုးကြီးအား လှူဒါန်းပြီးပါကအဂ်ါထောင့်တွင် စာကလေးတစ်ကောင်လွှတ်ပါ။ "နှုတ်မှလည်း လွှတ်ပြီ၊ ကျွတ်ပြီ၊ ငါ့ကိစ္စအောင်မြင်ပြီ"ဟု သုံးကြိမ်ကြွေးကြော်ပါ။

မိတ်ဆွေဆရာကြီးတစ်ဦးသည် သူ၏ သား နိုင်ငံခြားကိစ္စ အဆင်ပြေစေရန် ဆူးလေဘိုးဘိုးကြီးထံ ပွဲလှူဆုတောင်းပြီး (---------)နိုင်ငံရှိ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များထံလည်း အကြောင်းကြား ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံ ဆုတောင်းခဲ့ကြောင်း၊ မကြာခင်မှာ နိုင်ငံရပ်ခြားကိစ္စ အဆင်ပြေသွားပြီးအလုပ်လည်း ရရှိအဆင်ပြေကြောင်း ပြောပြပါသည်။ ယခု ၃နှစ်တိုင် လုပ်ငန်းအဆင်ပြေ၍ လစဉ် ငွေမှန်မှန် ပြန်ပို့ပေးနေသည်။ စာရေးသူထံ ရောက်ရှိလာသော အမျိုးသမီးတစ်ဦးစင်ကာပူကိစ္စအတွက် နဝင်း၊ ယတြာချေပေးပြီး ဆူးလေဘိုးဘိုးကြီး စေတီတော်ထံ အထက်ပါ ယတြာများ ပြုလုပ်ဒါနပြု ဆုတောင်းခိုင်းလိုက်ရာ တစ်လအတွင်း အောင်မြင်သွားပါသည်။

လူတစ်ဦးနှင့် တစ်ဦး ကံဇာတာ ကွာခြားမှုတော့ ရှိနိုင်ပါသည်။ အချို့ လွယ်လွယ်ကူကူဖြစ်ပြီး၊ အချို့သူများမှာ ကြန့်ကြာနေတတ်ပါသည်။ ဘယ်လိုလုပ်လုပ် အဆင်မပြေဖြစ်နေကြရ၏။ မိတ်ဆွေတစ်ဦး၏သား နိုင်ငံခြားသို့ ချောမောစွာ ရောက်သော်လည်း (၆)လတိုင်တိုင် အလုပ်အဆင်မပြေဖြစ်နေရ၏။ ယတြာချေ၊ ဒါနပြု ဆုတောင်းသော်လည်းအဆင်မပြေ၊ မထူးခြားဖြစ်နေပေသည်။ သူ၏ ကံဇာတာဂြိုလ်သက္ကတ် အလွန်ညံ့နေသောကြောင့် ဖြစ်ကြောင်းလေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ခရီးမသွားခင် ကြိုတင်မေးမြန်း၍ လိုအပ်သော နဝင်းပညာဓာတ်ယတြာများ ဆောင်ရွက်ပြီးမှ စေတီတော်နှင့် ဘိုးဘိုးကြီးထံ ဒါနပြု ဆုတောင်းသွားပါက စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လုပ်ငန်းကိစ္စအောင်မြင်မည်မှာ သေချာပါသည်။

ဆူးလေဘိုးဘိုးကြီးထံ အဓိဋ္ဌာန်ဖြင့် နိုင်ငံခြားခရီးသွားကိစ္စအပြင်၊ စာအုပ်ထုတ်ဝေရေး၊ ဖြန့်ချိရေး၊ ရုပ်ရှင်ဂီတအနုပညာလုပ်ငန်းကိစ္စများလည်း ဆုတောင်းမှု ပြုနေတာတွေ့ရှိရပါသည်။ ဘိုးဘိုးကြီးရှေ့ရှိ ပစ်တိုင်းထောင်ရုပ်ကြီးနစ်ခုမှာ ကျက်သရေမင်္ဂလာရှိစွာ ပြုံးပြနေပါသည်။ အချို့လူများ ဘိုးဘိုးကြီးထံ ငွေလှူသောအခါ ဘိုးဘိုးကြီးအဆောင်တာဝန်ကျသူမှ အလှူရှင်ကိုယ်စားပြောဆို ဆုတောင်းပေးနေတာလည်း တွေ့ရပါသည်။ သို့သော် အလှူရှင်၏ အနေအထားကို ကြည့်၍ ဆုတောင်းမှုအတိုအရှည် ကွာခြားတာလည်း တွေ့မြင်ဖူးပါသည်။

ထို့ကြောင့် များများလှူဒါန်းသည်ဖြစ်စေ၊ နည်းနည်းလှူ၍ဖြစ်စေ၊ မိမိကိုယ်ကို အားကိုးလေးနက် ယုံကြည်စွာဆုတောင်းမှုပြုပါက လက်တွေ့ ကောင်းကျိုး ခံစားရမည်မှာအမှန်ပင်ဖြစ်ပါတော့သည်။


* * *

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မှ နိယာမအရ စိတ်သည် ရောင်ပြန်ဟပ်လျက် ရှိလျှင် အပြန်ရှိ၏။ သူ့မေတ္တာရှိမှ ကိုယ့်မေတ္တာရှိ ယ်က မေတ္တာထားမှ တစ်ပါးသူ၏ မေတ္တာကို မိမိကိုယ်ကို ချမ်းသာစေလိုလျှင် တစ်ဖက်သား ည်း ချမ်းသာရအောင် ကြံစည် ပြောဆိုပြုမူနိုင်မှ

ရေသည် လူကောင်း၊ လူဆိုး မရွေးချယ်။ စင်ကြယ် အေးမြခြင်းကို ထပ်တူညီမျှ ပြုမူသကဲ့သို့ မိမိအပေါ် အကျိုး ပြုသူကို ဖြစ်စေ၊ အကျိုးမဲ့ကြောင်း ပြုသူကို ဖြစ်စေ၊ မေတ္တာ စိတ်ကို ထပ်တူညီမျှ ထားရှိနိုင်မှ ချမ်းသာရ၏။ (ဗုဒ္ဓံသ အဋ္ဌကထာ - ၁၃၇)။

*ယထာပိ ဥဒကံ နာမ၊ ကလျာဏေ ပါပကေ ဇနေ။*

www.burmeseclassic.com

www.burmeseclassic.com

*သမံ ဖရတိ သီတေန၊ ပဝါဟေတ ရဇော မလံ။*

*တထေဝ တွံ ဟိတာဟိတေ၊ သမံ မေတ္တာယ ဘာဝယ။*

အလောင်းတော် သုဝဏ္ဏသျှံဘဝက တောထဲတွင် သားရဲ သစ်ကျားတို့ကြား၌ နေထိုင်ခဲ့ရပုံအကြောင်း ပြောပြသော စကားများမှာလည်း မှတ်သားဖွယ်ကောင်းလှပေသည်။

*န မံ ကောစိ ဥတ္တာသတိ၊ န ပိ ဘာယာမိ ကဿစိ။*

*မေတ္တာဗလေနုပတ္ထဒ္ဓေါ ရမာမိ ပဝနေ တဒါ(ဗုဒ္ဓဝံသ)။*

"ငါသည် တောထဲ၌ နေစဥ်အခါက မေတ္တာအင်အားကို ပွားများထူထောင်ထားသည်ဖြစ်၍ ငါ့ကို (ငါတည်းဟူသော အကြောင်းကြောင့်) မည်သည့်သတ္တဝါ တစ်စုံတစ်ဦးကမျှ ကြောက်လန့် ပူပန်နေရသည် မရှိ။ ငါသည်လည်း မည်သည့်သတ္တဝါတစ်စုံတစ်ဦးကိုမျှ ကြောက်လန့် ပူပန်နေရခြင်း မရှိချေ။

ပဝနေ သီဟဗျဂ္ဃေ စ၊ မေတ္တာယ မုပနာမယိံ။ (စရိယာပိဋကဋ္ဌ၊ ၂၅၁။)

"ငါသည် တောကြီးမျက်မည်းအတွင်း၌ ခြင်္သေ့၊ သစ်ကျား သားရဲ တိရစ္ဆာန်များနှင့်တကွ သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်ကို ပွားပို့စေလွှတ် ညွှတ်စေအပ်ပြီ"

(ခြင်္သေ့ သစ်ကျား သားရဲတိရစ္ဆာန်တို့သည်လည်း ငါ၏ မေတ္တာအစွမ်းကြောင့် အခြားသတ္တဝါတို့အပေါ်၌ပင် ချစ်ခင်စိတ်ကို ရရှိကြကုန်၏။ အခြား သတ္တဝါတို့မှာမူကား ဆိုဖွယ်ရာ မရှိချေ။ အဋ္ဌကထာ။)

ဝေဿန္တရာမင်းကြီး၏ မေတ္တာမှာကား သိမ်းကျောင်းပတ်ဝန်းကျင် သုံးယူဇနာ(၂၄မိုင်ခန့်) အရှိန်အဝါပြန့်နေသဖြင့် ထို(မေတ္တာစက်ဝန်း)အတွင်းရှိ တိရစ္ဆာန်တို့ပင်လျှင် အချင်းချင်း ချစ်ခင်ညီညွတ်ကြကြောင်း(စရိယာပိဋက အဋ္ဌကထာ-၉၁၃၌) ဖွင့်ဆို ဖော်ပြထားလေသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်က နီးနီးစပ်စပ် ရန်မူတတ်သော မြွေသတ္တဝါများဘေးမှ ကင်းဝေးကြစေရန် မြွေသတ္တဝါများကို ညွှန်၍ မေတ္တာပွားပို့ဖို့ ဟောတော်မူရလေသည်။ (ခန္ဓသုတ်၊ ခန္ဓဇာတ်၊ အင်္ဂုတ္တိုရ်အပဏ်ရာဇသုတ်၊ ဝိနည်းမဟာဝဂ္ဂ။)

စကားမပြောတတ်သေးသော ကလေးငယ်များ ရန်မူနိုင်စက်တတ်သည့် ခွေး၊ မျောက်၊ ကျွဲ၊ နွားများနှင့် ရှံခါမတော်တဆ လူကြီးများအလစ်တွင် ရင်ဆိုင်မိတတ်ကြ၏။ မြင်ရသူ လူကြီးများ၌ ရင်ဖိုရသော်လည်း တိရစ္ဆာန်ရိုင်းများကမူ မည်သို့မျှ အန္တရာယ်မပြုသည်ကို ထူးဆန်းစွာ ကြုံရတတ်သည်။ "နှောင့်ယှက်ရန်မူမည့်သူမဟုတ်"ဟု တိရစ္ဆာန်များက သိနေကြ၏။ ကလေးငယ်၏ စိတ်မှာလည်း ဖြူစင်နေ၏။ "ငါ့ကို လုပ်ရင်တော့ ချလိုက်မှာပဲ"ဟူသော ညှဥ်းဆဲလိုစိတ်ရှိဖို့ ဝေးစွ၊ ကစားဖော်ဟုပင် ထင်တတ်ကာ ကြောက်စိတ်(ဒေါသ)ပင် မရှိချေ။ မေတ္တာ၏ သဘောကား ရှင်းလှပေ၏။

မေတ္တာစွမ်းအားသည် ရေးအခါကသာ စွမ်းသည်။ ယခု မစွမ်းဟု မမှတ်ရ။ တရားတို့မည်သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အချိန်အခါဟူ၍ မရှိစကောင်းချေ။ ထို့ကြောင့် ဘုန်းတော်ကြီး ဦးသီလ၊ သပိတ်အိုင် တောရဆရာတော် စသော မြန်မာနိုင်ငံ ခေတ်အဆက်ဆက် တောကြီးမျက်မည်းအတွင်း တစ်ကိုယ်တည်း နေထိုင်တော်မူခဲ့ကြသော သူတော်ကောင်းကြီးများသည်လည်း မေတ္တာစံပြအဖြစ် ညွှန်ပြတော်မူခဲ့ကြလေပြီ။

လူတို့နှင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်နေကြရရှာ၍ လူသားတို့အား စွမ်းအင်အလျောက် ကူညီထောက်ပံ့နေကြသော(ကူညီမှုရစေရန် အလွယ်တကူ ဆွဲဆောင်၍ရသော) တိရစ္ဆာန်တို့အပေါ်၌ ကိုယ်နှင့် ထပ်တူ မကျင့်သုံးနိုင်သေးပါသမျှ ပြည့်စုံသော ငြိမ်းချမ်းသာယာမှု (ကမ္ဘာ့ငြိမ်းချမ်းရေး)ကို ရရှိရန် မဖြစ်နိုင်ချေ။

ချမ်းသာလိုသူတိုင်း တိရစ္ဆာန်နှင့် လူ ထပ်တူ ရှုမြင်သော သူတော်ကောင်းကြီးများ၏ အတုကို ယူကြကုန်ရာ၏။

## တိရစ္ဆာန်မိဘတို့၏ မေတ္တာ

မေတ္တာဟူသော စကား၏ အဓိပ္ပာယ်မှာ လူတိုင်း မသိစရာမရှိအောင် ရှင်းလင်း၏။ လူတိုင်း မလုပ်တတ်စရာ မရှိအောင်လည်း လွယ်ကူ၏။ ပေါ့ပါး၏။

အကျိုးတရားကို ပြောပြပါဆိုလျှင်ကား "အတိုင်းမသိ"ဟူသော ဝေါဟာရဖြင့်သာ အဆုံးသတ်ရလေသည်။ အဘယ့်ကြောင့်ဆိုသော် မေတ္တာပွားပို့ရသည့် နယ်ပယ်သည် အကန့်အသတ်မရှိ ကျယ်ပြောသည်။ စကြဝဠာအနန္တ၊ သတ္တဝါအနန္တပင်တည်း။ ထို့ကြောင့် မေတ္တာအလုပ်ကို "အပ္ပမာဏာရမ္မဏ - အကန့်အသတ်မရှိ၊ အာရုံပြုရသော အလုပ်"ဟု ခေါ်၏။ ထို့ကြောင့်လည်း အကျိုးပေးသောအခါ မေတ္တာ၏ အကျိုးကို "ဤမျှ ဤမျှသာ"ဟု ကန့်သတ်၍ မရစကောင်း၊ အပ္ပမာဏပင်တည်း။

ဒါန စသော ကုသိုလ်အမှုများကား ကန့်သတ်ချက်ပါ၏။ ဥပမာ - တစ်ထောင်ကုန် လှူသည်၊ ကျောင်းတစ်ဆောင် ဆောက်သည်၊ ဘုန်းကြီးဆယ်ပါး ဆွမ်းကျွေးသည် စသည်ဖြင့်။ ထို့ကြောင့်လည်း ဒါန စသော ကုသိုလ်မှုများ အကျိုးပေးသောအခါ ကန့်သတ်ချက်ပါလာ၏။ ကျယ်ကျယ်ပြန့်ပြန့်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအဆမရှိ အကျိုးမပေးချေ။

သတ္တဝါတိုင်းသည် အသက်ရှည် ချမ်းသာစွာ နေလိုမှု ကြောင့် အားလုံးတူညီကြ၏။ သတ္တဝါတိုင်းအား သက်ရှည် ချမ်းသာစေရန် ဆောင်ရွက်နေသောအလုပ်ဖြစ်၍ မေတ္တာပွား များ သေလွန်လျှင် သက်ရှည် ချမ်းသာသော နတ်ပြည် (ဗြဟ္မာ့ပြည်သို့သော) ဖြစ်သဖြင့်) ဗြဟ္မာ့ပြည်သို့သာ ရောက်ကြရသည်။ ဥပစာရ ဘာဝနာ အဆင့်မျှ ရောက်လျှင်ပင် နတ်ပြည်ရောက်၍ အပ္ပနာ ဘာဝနာ အဆင့်သို့ ရောက်လျှင် ဗြဟ္မာ့ပြည်သို့ ရောက်ရ ကြောင်း . . .

"မေတ္တာယ ဟိ ဥပစာရံ ကာမာဝစရေ
ပဋိသန္ဓိံ ဒေတိ၊ အပ္ပနာ ဗြဟ္မလောကေ"

ဟု (ဇာ၊ ဋ္ဌ၊ ၂၊ ၃၆၁ - ဝိကနိပါတ် သေယျဇာတ်၌) ဆိုထားသည်။,,

ထို့ကြောင့်လည်း ကမ္မဋ္ဌာန်းလေးဆယ်ရှိသည်တွင် မေတ္တာကမ္မဋ္ဌာန်းက လွဲ၍ အခြားမည်သည့် ကမ္မဋ္ဌာန်းတွင်မျှ မေတ္တာအကျိုး ၁၁ပါးကဲ့သို့" သိဒ္ဓိတင် ဟောညွှန်ပြထားခြင်း မရှိပေ။

မေတ္တာကမ္မဋ္ဌာန်းဟု ဆိုသော်လည်း သူတစ်ဖက်သား အပေါ် ချမ်းသာ ကြီးပွားစေချင်သော စိတ်ကလေး ဦးလှည့်

ပေးရုံမျှဖြင့် မေတ္တာကမ္မဋ္ဌာန်းဖြစ်နိုင်၍ မည်သူမျှ ခက်ခဲစရာ မရှိ၊ အလွန်လွယ်ကူလှပေ၏။ ထို့ကြောင့်လည်း ဘုရား လက်ထက်တော်က "ခေနဋ္ဌာနီ"ပုဏ္ဏားကြီးသည် သေခါနီး နာရီဝက်လောက်အလိုတွင်မှ အရှင်သာရိပုတ္တရာ၏ ဟောပြ ချက်အရ မေတ္တာတရားကို နာကြားပွားများရ၍ ဗြဟ္မာ့ပြည် ရောက်ကြောင်း(မဇ္ဈိမပဏ္ဏာသ၊ ခေနဋ္ဌာနီသုတ်၌) အတိ အလင်း ဟောတော်မူထားလေသည်။

**ဖခင်၏ မေတ္တာ**

အသိဉာဏ်ရှိသော၊ သာသနာနှင့် ကြုံကြိုက်ရသော၊ မေတ္တာသဘောကို နားလည်သော လူကို မဆိုထားဘိ၊ အသိ ဉာဏ်ခေါင်းပါး၍ ဘုရားသာသနာ ဆိုသည်မှာလည်း ဖိတ်ဖိတ် သားမရှိ၊ မေတ္တာ၏ အဓိပ္ပာယ်ဆိုသည်ကိုမူ သာ၍ပင် မသိရ ရှာသော အဟိတ်တိရစ္ဆာန်တို့ပင်လျှင် မေတ္တာအကျိုးကို ရရှိကြ၏။

သီဟိုဠ်ရာဇဝင်(မဟာဝံသ)၌ သီဟဗာဟုမင်း ဟူ၍ ရှိခဲ့ဖူး၏။ ဝင်္ဂတိုင်းဖွား(ဗင်္ဂလား)မင်းသမီးတစ်ယောက်သည် ခြင်္သေ့နှင့် သင့်မြတ်ကာ လိုဏ်ဂူတစ်ခု၌ နေရသည်။ သား တစ်ယောက်၊ သမီးတစ်ယောက် ပေါက်ဖွား၏။ ခြင်္သေ့ကြီး သည် အစာရှာထွက်တိုင်း ဂူပေါက်ဝ၌ ကျောက်တုံးကြီး ပိတ်၍သွားလေ့ရှိရာ သားဖြစ်သူ သီဟဗာဟု ၁၆နှစ်အရွယ်သို့ ရောက်လျှင် အကြောင်းစုံ သိရသဖြင့် ခြင်္သေ့ကြီး အစာရှာ ထွက်သွားခိုက် ကျောက်တုံးကြီးကို တွန်းဖယ်ကာ မိခင်နှင့် နှမကို ခေါ်၍ထွက်ပြေးသွား၏။

ခြင်္သေ့ကြီးလည်း သားမယားများ ပျောက်သွားသဖြင့် တောတောင်အနှံ့ လိုက်လံရှာဖွေရာ မ,စိတ်မှန်ကာ တောစွန် အုံဖျားရွာများကိုပင် ဖျက်ဆီးလေ့ရှိ၏။

ထိုအခါ ဘုရင်က ခြင်္သေ့ကြီး နှိမ်နင်းနိုင်မည့်သူကို မောင်းကြေးနင်းခတ်၍ ကြေညာသောအခါ သီဟဗာဟုသည် ဆုတော်ငွေ သုံးထောင်ကို ယူ၍ ခြင်္သေ့ကို နှိမ်နင်းရန် တာဝန်ယူလိုက်၏။ ဘုရင့်ထံ ရောက်သောအခါ ခြင်္သေ့ကို နိုင်လျှင် နိုင်ငံကို အပ်မည်ဟု ဆိုပြန်သည်။

သီဟဗာဟုလည်း ခြင်္သေ့ရှိရာအရပ်သို့သွားရာ ခြင်္သေ့ ကြီးသည် သား သီဟဗာဟုကို မြင်လျှင် ပူပန်မှု သောကများ အတန်ငယ် ပြေပျောက်၍သွားကာ သားဟူသော ချစ်ခြင်း မေတ္တာများ ဖြစ်ပွားလျက်ရှိ၏။ သီဟဗာဟုသည် ဆိပ်လူးမြား ဖြင့် ဖခင် ခြင်္သေ့ကြီးအား ပစ်ခတ်ရာ ဖခင်၏ မေတ္တာကြောင့် မြားပစ်၍ မရပေ။ သုံးကြိမ်တိုင်တိုင် ပစ်သော်လည်း မရဘဲ


www.burmeseclassic.com

www.burmeseclassic.com

မိမိပစ်သော မြားများ ပြန်လည်လာကာ မိမိခြေရင်း၌သာ ကျကုန်၏။

"ငါ့သားကတောင် ငါ့ကို ရန်မူနေမှရော"

ဟု ခြင်္သေ့ကြီးလည်း ရတ်တရက် ဒေါသထွက်၍ ဟိန်းဟောက်လိုက်သောအခါ သီဟဗာဟု၏ မြားသည် ခြင်္သေ့ကြီး၏ ငယ်ထိပ်မှ စူးဝင်ကာ ထိုနေရာ၌ပင် ခြင်္သေ့ကြီး သေရရှာ၏။ သီဟဗာဟုလည်း မင်းပြုရလေတော့သည်။

မေတ္တာနှင့် ဒေါသ (ဝါ) အအေးဓာတ်နှင့် အပူဓာတ် နှစ်မျိုး လျှပ်တစ်ပြက် အပြောင်းအလဲဖြစ်ရာ အခိုက်အတန့် ကလေးသည် မကြာလှသော်လည်း၊ ထိုမကြာမညောင်း တို တောင်းလှသော အချိန်ကလေးအတွင်း အပူအအေးဓာတ် ဓာတ်နှစ်ခုတို့၏ ဆန့်ကျင်ဘက် စွမ်းအင်ကိုမူ မြင်သာလှပေ သည်။

**မိခင်၏ မေတ္တာ**

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဖြုပ္ပဝိဟာရအခန်းလာ ရှေးအခါ က သီဟိုဠ်ကျွန်း၌ ဖြစ်ပျက်ခဲ့သော တိရစ္ဆာန်နှင့် မေတ္တာ ဝတ္ထုတစ်ခုလည်း ရှိပေသေးသည်။

အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖော်ပြထားပေသည်။ (ဝိသုဒ္ဓိ - ၁၊ ၃၀၇။)

"ဤမေတ္တာ ဘာဝနာအရာ၌ ရှေးဆရာတို့သည် နွားမ ဝတ္ထုကိုလည်း ပြောဆိုကြကုန်၏။ တစ်ခါက နွားမကြီး တစ်ကောင်သည် မိမိနို့စို့သားငယ်အား ရပ်လျက် နို့တိုက် ကျွေးနေ၏။ မုဆိုးတစ်ဦးသည် ထိုနွားမကြီးကို ထိုးသတ်မည် ဟု လှံရိုးရှည်ကြီးကို လက်ဖြင့် အရှိန်ယူ လွှဲကိုင်၍ ထိုးပစ် ၏။ ထိုလှံသည် နွားမကြီး၏ ကိုယ်၌ ထိသောအခါ ထန်းရွက် ကဲ့သို့ လိမ်ခွေ၍ ကျသွား၏။

"ယင်းကား ဥပစာရအင်အားရှိသော မေတ္တာကြောင့် လည်း မဟုတ်၊ အပ္ပနာအင်အားရှိသော မေတ္တာကြောင့်လည်း မဟုတ်ချေ။ စင်စစ် မိမိ၏ သားငယ်အပေါ်၌ အလွန်အမင်း ချစ်ခင်ခြင်းရှိသော စိတ်ကြောင့်သာလျှင် ဖြစ်ပေ၏။ မေတ္တာ၏ အာနုဘော်ကား သို့စင် ကြီးမားလှပေ၏"

နို့တိုက်နေသော နွားမကြီးနှင့် စပ်၍ မိခင်၏ မေတ္တာ ကြောင့် သွေးစင်စစ်က အဖြူရောင်နို့ဟူ၍ ဖြစ်လာရကြောင်း (မူလ ပဏ္ဏာသအဋ္ဌကထာ၊ မဟာတဏှာသင်္ခယသုတ်အဖွင့် ၂၁၀)၌ ပြဆိုသည်များကိုလည်း မှတ်ယူသင့်ပေ၏။ မိခင် မေတ္တာကား ကြီးမားပေစွ။

**ဥခွံထဲက သတ္တဝါနှင့် မိခင်၏ မေတ္တာကြိုး**

တိရစ္ဆာန်နှင့် မေတ္တာအကြောင်းကို ပြဆိုရာ၌ ဖွတ်၊ လိပ် စသည်တို့ကိုလည်း ကိုးကားပြောဆိုလေ့ရှိကြ၏။

ဖွတ်၊ လိပ် စသော သတ္တဝါတို့သည်လည်း ဥများကို အုသောအခါ သဲများ၊ မြေများနှင့် လုံခြုံစွာ ဖုံးဖိပြီးမှ အစာ ရေစာအတွက် သွားလိုရာ ဒိသနသို့ သွားလေ့ရှိကြ၏။

ဖွတ်များ၊ လိပ်များသည်ပင်လျှင် မိခင်၏ မေတ္တာဓာတ် ကို တစ်နေရာ၌ ဖုံးဝှက်၍ထားခဲ့သော ဥများ၌ အမြဲတစေ ပို့လွှတ် ဆက်သွယ်နေကြောင်း တွေ့မြင်နိုင်သည်။ မိခင် သည် မည်မျှဝေးကွာသော အရပ်ဒေသ၌ သွားရောက်နေစေ ကာမူ ဥခွံအတွင်း၌ ရှိသော သားငယ်သည် မိခင်နှင့် အဆက် အသွယ်မပြတ်ချေ။ မိခင်၏ မေတ္တာသည် မိမိဥများ၏ ပို့ လွှတ်ထား၏။ အဘယ့်ကြောင့်ဆိုသော် မိခင် ဖွတ်၊ လိပ်များ သည် အကြောင်းတစ်စုံတစ်ရာကြောင့် အဝေးတစ်နေရာ၌ သေလွန်သွားလျှင် ထိုဥများလည်း မိခင်၏ မေတ္တာအဆက် အသွယ်ကို မရရှိကြသဖြင့် သတ္တဝါအကောင်အဖြစ်သို့ ရောက်မလာဘဲ သိုးပုပ်၍ သွားကြရသည် ဆို၏။

အခြား ကင်း၊ မြွေ စသော သတ္တဝါများသည်လည်း မိသားစုများ အကြောင်းအားလျော်စွာ နေရာဒေသခြားကွာ နေကြရသော်လည်း တစ်ဦးဦး၌ တစ်စုံတစ်ရာ ဘေးရန် အန္တရာယ်တွေ့ကြုံရလျှင် ချက်ချင်း ကသောကမျောရောက် လာ ကူညီတတ်ကြရာ ချစ်ခြင်းမေတ္တာနှင့် မကင်းနိုင်ပေ။

**လူသားမိခင်ကြီးများ သတိထား**

ပြဆိုခဲ့ပြီးသော တိရစ္ဆာန်တို့၏ မေတ္တာသည် သားချစ်၊ မယားချစ်၊ မိဘချစ်၊ မိသားစုချစ်ခြင်း(ဂေဟသိတပေမ)ဖြစ် ၍ "တကယ့်မေတ္တာစစ်မဟုတ်။ တဏှာ - လောဘမကင်း သော မေတ္တာ"ဟု ဆိုလျှင်လည်း ဆိုနိုင်သော အခြေအနေမျိုး ရှိနေပေသေးသည်။

အဟိတ် တိရစ္ဆာန်လည်း ဖြစ်၊ တကယ့်မေတ္တာလည်း မဟုတ်တတ်သေးဟု ဆိုလိုက ဆိုနိုင်သော အထက်ဖော်ပြပါ တိရစ္ဆာန်များ၏ မေတ္တာသည်ပင်လျှင် အဘယ်မျှ အကျိုး ကြီးမားကြောင်း ပို၍ နစ်လိုဖွယ်ကောင်းလှပေသည်။

ယခုအခါ သာသနာနှင့်လည်း ကြုံရ၊ တရားဓမ္မက လည်း အတော်အသင့် သိနားလည်ကြသော မနုဿဗ္ဗ ဒုလ္လဘာ မိခင်ကြီးများပင်လျှင် တစ်လောကလုံးတွင် အခ ဆုံးဖြစ်ရမည့် မိမိ၏ ရင်သွေးများအပေါ်၌ ရက်စက်နိုင်ကြ သည်မှာ ရှက်ဖွယ်ကောင်းလှပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုမိခင်မျိုးအတွက် ရန်သူအပေါ်၌ပင်၊ မိမိ၏ တစ်ဦးတည်းသော သားကဲ့သို့ ချစ်ခင်နိုင်ရမည်ဟူသော တကယ့်မေတ္တာ၊ ဘုရားရှင်၏ အဆုံးအမ သာသနာတော်ကြီးနှင့် အဘယ်သို့လျှင် တွေ့ကြုံရကျိုးနပ်ပါလေတော့မည်နည်း။

**ဆက်ဦးဆရာ ဗြဟ္မာမိဘ**

လောက၌ မိဘမေတ္တာ၊ မိခင်စိတ် စသည်ဖြင့် ပြောဆို သုံးနှုန်းလေ့ရှိကြ၏။ မြတ်စွာဘုရားရှင်ကလည်း မိဘ၏ ကျေးဇူးများနှင့် စပ်၍ (အင်္ဂုတ္တိုရ်တိကနိပါတ်-သဗြဟ္မကသုတ်၌) "မိဘဆိုတာ ဗြဟ္မာပဲ။ လက်ဦးဆရာလို့လည်း ခေါ်ဆိုအပ်တယ်"ဟု ဟောတော်မူ၏။

မိဘများကို ဗြဟ္မာခေါ်ရကြောင်းနှင့် စပ်၍ ယင်းအဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၂ ၉၉)နှင့် အဋ္ဌသာလိနီ အဋ္ဌကထာ(၂၄၀-၂၅)တို့၌ အကျယ်တဝင့် အောက်ပါအတိုင်း ဖွင့်ဆိုကြလေသည်။

"ဗြဟ္မာတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ တရားလေးပါးကို မစွန့်ကြကုန်။ ထို့အတူ မိဘတို့သည်လည်း သားသမီးတို့အပေါ်၌ ယင်းဗြဟ္မဝိဟာရတရားလေးပါးတို့ကို အစဉ်ပွားထုံကာ မစွန့်လွှတ်ကြ။

(၁) သားသမီးများ ကိုယ်ဝန်သန္ဓေတည်သောအခါ ငါ့သားကလေး ကျန်းကျန်းမာမာ ခြေလက်အင်္ဂါပြည့်ပြည့်စုံစုံနှင့် ဘယ်တော့အခါများမှ မြင်ရပါ့မလဲဟူ၍ [illegible] မေတ္တာစိတ်ဖြစ်ပွားနေနှင့်ကြရ၏။

(၂) မွေးဖွားပြီးနောက် မပြောတတ်၊ မဆိုတတ်သေးသလို ပက်လက်ကလေးနေရစဉ် မှက်၊ ခြင်၊ ယင်၊ ကြွက်မိုး စသည်ကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခု နာကျင်ခံစက်၍ ငိုဟစ်ခြင်းကြောင့်ဖြစ်စေ၊ ကျယ်လောင်ပြင်းပြစွာ ငိုကြွေးမြည်တမ်းသောအခါ သားသမီးငယ်၏ အသံကို ကြားရလျှင်ပင် မိဘတို့၌ ထိုဒုက္ခမှ လွတ်ကင်းစေလိုသော ကရုဏာစိတ်ဖြစ်ရပြန်၏။

(၃) ပြေးလွှားဆော့ကစားသော အရွယ်၊ တီတီတာတာ ပြောဆိုပူဆာတတ်သော အရွယ်ရောက်သောအခါ သားငယ်၊ သမီးငယ်များကို ကြည့်၍ မိဘတို့၌ ဆီထိုပွမ်းပမာ သီတာရေစင်သဖွယ် အစဉ်ဝမ်းမြောက်ဝမ်းသာ၍ မုဒိတာစိတ်ဖြစ်ကြရ၏။

(၄) သားသမီးများ လူလားမြောက်သဖြင့် အသီးသီး အိမ်ထောင်ပြု၍ ခွဲခွာကြရသောအခါတွင်လည်း "ငါ့သားသမီးများ ကံအားလျော်စွာ ကိုယ့်ဟာနှင့်ကိုယ် ရပ်တည်နိုင်ကြပေပြီ"ဟု (မခွဲနိုင် မခွာရက် နှစ်သက်စွဲလမ်းမှုလည်း မဖြစ်၊ စိတ်ဆိုး စိတ်ကွက်မှုလည်း မရှိ) သင့်တင့်မျှတစွာ နှလုံးသွင်းနိုင်သော ဥပေက္ခာ ဗြဟ္မဝိဟာရစိတ်ကို မွေးမြူခွင့်ရကြပြန်လေသည်။

ထို့ကြောင့် မိဘများ သားသမီးတို့နှင့် စပ်၍ ဗြဟ္မဝိဟာရတရားလေးပါး အရွယ်အားလျော်စွာ ရှိသဖြင့် မိဘများကို "ဗြဟ္မာ"ဟု ခေါ်ဆိုရလေသည်။

ထို့ကြောင့်လည်း မိဘမေတ္တာ "မိခင်စိတ်အပြည့်အဝရှိသော မိဘများ ကွယ်လွန်ကြသောအခါ နတ်၊ ဗြဟ္မာစသော မြင့်မြတ်အေးချမ်းသည့် ဘဝ၌ ဖြစ်ကြရသည်"ဟု ဆိုသင့်ပေသည်။

**မိသားစုချစ်ခြင်းနှင့် စကြဝဠာမင်းစည်းစိမ်**

"မိဘတို့က သားသမီးတို့အပေါ်၌ ထားရှိသော မေတ္တာဓာတ်၊ သားသမီးတို့က မိဘတို့အပေါ်၌ ထားရှိသော မေတ္တာဓာတ်သည် ဝဋ္ဋဂါမိ - လောကီကုသိုလ်မည်၏။ ထိုကုသိုလ်စိတ်၏ အထွတ်အထိပ်အကျိုးကား လူ့လောက၌ ဖြစ်ရသော် စကြဝဠာမင်း စည်းစိမ်ကို ရနိုင်သည်"ဟု (စက္ကဝတ္တိသုတ်အဋ္ဌကထာ)၌ ဖွင့်ဆိုထားလေသည်။

အနည်းဆုံး စစ်မှန်သော မိသားစုမေတ္တာမျိုးလောက်ကိုမူ အရအမိ မွေးမြူ ထူထောင်ကြရာ၏။

မေတ္တာ(အဒေါသ)စိတ်ကို တမင်ပွားများအောင် မထူထောင်နိုင်စေကာမူ ပင်ကိုယ်၌က တစ်ဖက်သားအပေါ် ညှဉ်းပန်းနှိပ်စက်လိုစိတ်(ဒေါသ)မရှိလျှင် (ဝါ) ဖြောင့်မတ်နေလျှင် ဖြစ်စေ၊ သို့မဟုတ် (သီလအဖြစ်) တမင်စည်းစောင့်ရှောင်ကြဉ်နေလျှင် ဖြစ်စေ၊ တစ်ကိုယ်ရည် ငြိမ်းချမ်းရေး၊ မိသားစု ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးသည် အနည်းဆုံး ရာခိုင်နှုန်း ၅၀ ရရှိနေပြီးဖြစ်ပေလိမ့်မည်။

တမင်ကြိုးစား ပွားများ ထူထောင်ပါမူကား ဆိုဖွယ်ရာမရှိပြီ။

* * *

မြောစရိယဦးဓွေးလှိုင်

ဆရာကြီး ဓမ္မာစရိယ ဦးဓွေးလှိုင်၏ "မေတ္တာဝါဒ" (ဗြဟ္မဝိဟာရအဖွင့်)စာအုပ်မှ ကူးယူဖော်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သစ္စာစကား နှုတ်မြွက်ကြား၍ ဆိုကြပါလေ

မရည်မွန် (ကျုံပျော်)



သီလပါရမီကျင့်စဉ်တရားကို ကြိုးစားဖြည့်ကျင့်ရာ၌ သစ္စာပါရမီသည် အဓိကဖြစ်၏။ သိက္ခာပုဒ်တိုင်း နှုတ်မြွက်ဆောက်တည်ခြင်း ဝစီသစ္စာ၊ ဒုစရိုက်ကို ဖြတ်၍ သုစရိုက်ကို ကပ်စေခြင်း ဝိရတိသစ္စာ၊ ခဏာချက်ချင်း အမိုက်ကင်း၍ အလင်းရစေသော တဒင်္ဂသစ္စာ၊ သိက္ခာပုဒ်အစားစားတည်နားအောင် ထားရှိနိုင်ခြင်း ပဋိညာဝသစ္စာ၊ မြေကြီးပမာတိုးတက်အောင် ကောင်းစွာ ကြိုးစားခြင်း ဘူမတ္တသစ္စာစသည့် ဤငါးပါးသော သစ္စာတို့ကို သတိထားပြီး မင်္ဂလာသီလ၊ မင်္ဂသီလ ရအောင် ဆောက်တည်သင့်ကြသည်။ သို့မှသာ ဒုက္ခပညာဆင်းရဲမှုအဖြာဖြာကို အကျယ်ကျယ်အပြားပြား သိမြင်သော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပေလိမ့်မည်။

ဤနေရာ၌ အချို့သော ပုဂ္ဂိုလ်တို့အနေဖြင့် သီလဆောက်တည်ခံယူဖို့ လိုသေးလို့လား။ မလွန်မကျူးဘဲ နေရင်



www.burmeseclassic.com

www.burmeseclassic.com

ရော မရဘူးလား စသည်ဖြင့် အထွန့်တက်၍ ပြောတတ်၊ မေးတတ်ကြပါသည်။ မြတ်စွာဘုရားရှင်သည် မှန်မြတ်သော ကာယကံ၊ မှန်မြတ်သော ဝစီကံ၊ မှန်မြတ်သော မနောကံ ဖြစ်ပေါ်လာအောင် ဒုစရိုက်ကို ဖယ်ကြဉ်၍ သုစရိုက်ကို ဆောက်တည်ရမည်ဟူ၍ အလိုတော်မြတ်အတိုင်း တိုက်တွန်းထားတော်မူခဲ့ပါ[redacted]ဂုံတွိုရ်ပါဠိတော်၌ တစ်နေ့လျှင် သုံးကြိမ်[redacted]ကျင့်သုံးရန် ဟောကြားတော်မူခဲ့သည်မှာ အထင်အရှားရှိပါသည်။

အထူးအားဖြင့် အသံထွက် နှုတ်မြွက်ဆောက်တည်သော သစ္စာပါရမီသည် နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်များအတွက် အရေးကြီးလှသည်။

"အညံအလ ဘန္တေန အတ္တနာပိ အဓိတ ဝစီ ဘေဒေါ ဓန ကာ တဗ္ဗော ယေဝ"

အညံ - မင်္ဂလာသီလ၊ မဂ္ဂင်သီလပေးမည့် တစ်ပါးသောသူကို၊ အလဘန္တေန - ရ၍ မရခဲ့သည်ရှိသော်၊ ဘတ္တနာမိ - မိမိကိုယ်တိုင်လည်း၊ အဓိဋ္ဌတဗ္ဗ - ဆောက်တည်ကျင့်သုံးအပ်၏။ ပန - အထူးသော်ကား၊ ဝစီဘေဒေါ - အသံပေါ်ထွက် ရွတ်ဆိုချက်ဖြင့် နှုတ်မြွက်ဆောက်တည်ခြင်းကို ကာတဗ္ဗောယေဝ - ပြုအပ် ပြုကောင်းသည်သာလျှင် အည်းဟူ၍ အဋ္ဌကထာများ၌ ထောက်ခံထားလျက်ရှိပေသည်။

အင်္ဂုလိမာလမထေရ်ကြီးသည် ဘုရားရှင်နှင့် တွေ့သည်မှ၍ ခီဏာသဝ အရိယာဘဝသို့ ကူးပြောင်းခဲ့သော်လည်း အကုသိုလ်ကြွေးဟောင်းများအတွက် အန္တရာယ်များ ပေါ်ပေါက်ခဲ့ရာ မြတ်စွာဘုရားရှင် နည်းပေးသည့်အတိုင်း "ယတောဟံ ဘဂိနိ ပ တေန၊ သစ္စေန သောတ္ထိတေဟောတိ၊ သောတ္ထိ ဂဗ္ဘဿ"ဟု သစ္စာဆိုမှ အလုံးစုံ ရန်ငြိမ်း၍ ကြည်သိုသူများ ပေါ်များလာပါသည်။ ရဟန္တာပင် ဖြစ်သော်လည်း လူသိသော်ကြား သစ္စာစကားကို ပြောကြားခဲ့သည်မှာ ဘုရားရှင်၏ အလိုတော်ကျအတိုင်း လိုက်နာဆောင်ရွက်ခြင်းပင် ဖြစ်သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ပင် ငုံးမင်းဘဝဖြစ်စဉ် အခါက တောမီးကြီးလောင်သဖြင့် မိဘနှစ်ပါးမှ စွန့်ပစ်ထား ခံ၍ မသွားနိုင်၊ မလာနိုင်၊ မပျံနိုင်ဘဲ အသိုက်အတွင်း၌ အိုင် ကျန်ရစ်ခဲ့ရရှာပါ၏။ ထိုသို့ အသက်ဘေးနှင့် ကြုံတွေ့နေလေမှ သတိတရဖြစ်ကာ "အလုံ့ပြောင်ဟီး အို··တောမီး ··ငါ့မှာ အမိအဖအစုံရှိသော်လည်း အသက်ဘေးကြောင့် အမိဘနှစ်ပါးမှာ ထွက်ပြေးကြရှာပြီ၊ အတောင်ပါသော်လည်း ပျံနိုင်သေးပါ။ ခြေထောက်အစုံရှိသော်လည်း ငယ်နသေး သဖြင့် လျှောက်ပြေး နင်းသွားခြင်းငှာ မစွမ်းနိုင်သေးပါ။ ငါ ပြောကြားသော ဤစကားသည် အမှန်ပြောကြားသော သစ္စာစကားဖြစ်ပါသည်။ ဤသစ္စာစကားကြောင့် ငါ့အား မီးကွင်းပါစေသား"ဟု ပြောကြားဆဲခဏ မီးကွင်းသွားခဲ့ကြောင်း ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါပေသည်။

ထို့ပြင် သမ္မုလဒေဝီ မည်သော မိဖုရားသည် သောတ္ထိသေနမင်းကြီးအတွက် သစ်သီးရှာထွက်ရာ၌ တောနက်ကြီးထဲသို့ ရောက်သွားလေသည်။ ထိုအခါတွင် တောနက်ကြီးထဲ၌ တာနောယက္ခဘီလူးနှင့် တွေ့ကြုံရာ ကိုယ်နှုတ်စိတ် ဒုစရိုက်ခပင်း အမိုက်ကင်းကြောင်း အသံပေါ်ထွက် နှုတ်က မြွက်ပြီး သစ္စာဆိုသောခဏ အန္တရာယ်ကင်း၍ တောတွင်းမှ ပြန်ခဲ့ရပါ၏။ သောတ္ထိသေနမင်းကြီးထံ ရောက်သောအခါတွင် မိဖုရား သီလပျက်သည်ဟု ထပ်မံ စွပ်စွဲခြင်းကို ခံရပြန်၏။

ထိုအခါ သမ္မုလဒေဝီ မင်းသမီးသည် မင်းကြီး၏ ရှေ့မှောက်၌ ရပ်လျက် "အို··မင်းကြီး၊ သစ္စာပါရမီမှတစ်ပါး အကျွန်ုပ်တွင် အခြားသော သက်သေပြစရာမရှိပြီ"ဟု ပြောဆိုလျက် ရေပြည့်အိုးတစ်လုံးကို မင်းကြီးရှေ့၌ တည်လျက် မိဖုရားနှုတ်က မြွက်ဆိုသည်မှာ "အို··သမ္မာဒေဝ နတ်များအပေါင်းတို့၊ အကျွန်ုပ်၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့၌ ဒုစရိုက်ကင်း၍ သန့်ရှင်းသောသီလ ပြည့်ကြွယ်ဝပါက ဤကြင်လင်သောရေသည် ဆေးဖြစ်ပါစေသတည်း။ ဆေးဖြစ်သော ဤရေဖြင့် မင်းကြီး၏ ခန္ဓာကိုယ်ပေါ် လောင်းရာတွင် မင်းကြီးခန္ဓာကိုယ်ပေါ်၌ စွဲကပ်နေသော ရောဂါမှန်သမျှတို့သည် ကွာကျ ပျောက်ကင်း နူနာရှင်း၍ ချမ်းသာခြင်း ဖြစ်ပါစေသတည်း"ဆိုပြီး ရေကို လောင်းမှ မင်းကြီး၌ စွဲကပ်နေသော နူနာရောဂါများ ပျောက်ကင်းချမ်းသာသွားလေသည်။ မင်းကြီးလည်း သမ္မုလ မင်းသမီး၏ သစ္စာကို ယုံကြည်သွားလေသည်။

သို့ဖြစ်ရာ ဒုစရိုက်များကို ရှောင်ကြဉ်၍ သုစရိုက်တရားတို့ကို မိုတွယ်အားထား သိမ်းရမည်မှာလည်း မှန်ပါ၏။ ထို့အတူ အတ္တသမာ ပဏီဓိဝ မင်္ဂလာဖြစ်အောင် အသံပေါ်ထွက် နှုတ်က မြွက်ပြီး နံနက်ည အဓိဋ္ဌာန်မှန်မှန်ဆောက်တည်သင့်သည်မှာလည်း လိုအပ်ပါ၏။ သို့မှသာ သီလပါရမီ ပြည့်ဝ စုံလင်၍ မဂ္ဂင်နှင့် ညီမျှသည့် အဓိသီလလည်း ဖြစ်ပေမည်။ နှုတ်မြွက်ပယ်ကြဉ် ဆောက်တည်မှု မရှိပါက ဓမ္မတာသီလ၊ သဓိရသီလသာဖြစ်၍ မဂ်ဖိုလ်ဉာဏ်ကို အမြန်ရနိုင်သော သီလမျိုး မဟုတ်ပေ။

သီလဆောက်တည်၊ အာရုတီစုံညီ၊ ပြည့်ကျင့်ပါရှိ



www.burmeseclassic.com

www.burmeseclassic.com

ပညာရှိများ သတိပေးထားသော စကားအရ ကာယကံ၊ ဝစီကံ၊ မနောကံတို့၌ ဖြစ်ပေါ် တည်ဆိုက်တတ်သည့် ဒုစရိုက်မှန်သမျှကို အလုံးစုံ ရှောင်ကြဉ်၍ ဖြူစင်သော သုစရိုက်များကို ကျင့်ဆောင်ပွားများမှသာ သီလဝန္တော ပုထုဇနော မိသောတ ပန္နေယေဝ သင်္ဂဟိတော ဟူသော ကျမ်းဂန်စကားနှင့် ညီညွတ်၍ အစမ်းခန့် သောတာပန်ဖြစ်နိုင်ပေမည်။ သူတော်ကောင်းများ ဆောက်တည် ပွားများအပ်သော တရားဖြစ်ပါသည်။

သစ္စာပါရမီနှင့် ပတ်သက်၍ ဆရာတော် အရှင်ဇနကာဘိဝံသ က "လိမ်၍ ပြောခြင်း၊ ပြောသည့်အတိုင်း မလုပ်ခြင်းကား လူများကို အထင်မှားအောင် လှည့်စားခြင်းမည်၏။ ထို့ကြောင့် လူတစ်ယောက်ကို ဖြစ်စေ၊ အများကို ဖြစ်စေ အထင်မမှားအောင် မုသားလည်း မပြော၊ ကြွားဝါ၍လည်း မပြောဘဲ ပြုလုပ်နိုင်သလောက် ပြော၍ ပြောသည့်အတိုင်း ပြုလုပ်ခြင်းသည် သစ္စာပါရမီတည်း"ဟူ၍ ဆိုပါ၏။

ထို့အပြင် သစ္စာပါရမီအရေးကြီးမှုနှင့် စပ်လျဉ်း၍လည်း ဘုရားအလောင်းတော်သည် ပါရမီ မရင့်သေးမီက ပါဏာတိပါတ စသော ဖြစ်မှုများကို ပြုတန်သလောက် ပြုမည်ဖြစ်သော်လည်း မုသားကိုကား သူတစ်ပါး အကျိုးပျက်အောင် သစ္စာဖျက်၍ မည်သည့်အခါမျှ မဆိုခဲ့ပေ"ဟူ၍လည်း ဆိုခဲ့ပါသည်။

သို့ဖြစ်ရာ သစ္စာပါရမီသည် ပြောသည့်အတိုင်းလုပ်၍ လုပ်သည့်အတိုင်း ပြောခြင်းကိုပင် သစ္စာပါရမီဖြည့်ခြင်းဟူ၍ ဆိုရ၏။ အပြောနှင့် အလုပ်တွင် အလုပ်က သတ်သတ်၊ အပြောက သတ်သတ်ဟူ၍ နှစ်ခုကွဲပြားနေခြင်းသည် သစ္စာပါရမီသဘောကို မဆောင်၊ အပြောနှင့် အလုပ် တစ်သားတည်းဖြစ်မှသာ သစ္စာပါရမီသဘောကို ဆောင်ပါ၏။

ဗုဒ္ဓစာပေများအရ စကားသည် တကယ်တမ်းသာ သစ္စာနှင့် ယှဉ်ပါက တကယ်ပင် စွမ်းအားရှိ၏။ ထိုသဘောကို သစ္စာဆိုခြင်းဖြင့် ပြယုဂ်ထုတ်ကြ၏။ ဗုဒ္ဓစာပေများကလည်း "အသံသည် စွမ်းအင်ရှိသည်"ဟူ၍ ယုံကြည်၏။ ဗြဟ္မဏစာပေများကလည်း "အသံသည် စွမ်းအင်ရှိသည်"ဟူ၍ ယုံကြည်၏။ သို့ရာတွင် ဗုဒ္ဓစာပေများက အသံကို စေတနာနှင့် တွဲ၍ စွမ်းအင်ရှိခြင်းကို ဆို၏။ ဗြဟ္မဏစာပေများကမူ အသံကို စေတနာနှင့် မတွဲဘဲ သူ့ချည်းသက်သက် စွမ်းအင်ရှိခြင်းဟူ၍ ဆို၏။

ထို့ကြောင့် ဗုဒ္ဓစာပေများအရဆိုလျှင် သစ္စာနှင့် ယှဉ်သော အသံသည် ကောင်းကျိုးကို ဖြစ်ပေါ်စေနိုင်၏။ မုသားနှင့် ယှဉ်သော အသံသည် ဆိုးကျိုးကို ဖြစ်ပေါ်စေနိုင်၏။ ဗြဟ္မဏစာပေများအရဆိုလျှင် မုသားဆိုခြင်းသည် အသံတည်းဟူသော ဗြဟ္မာကို စော်ကားခြင်းဖြစ်၍ မကောင်းသော အကျိုးကို ဖြစ်ပေါ်စေနိုင်၏။ သစ္စာဆိုခြင်းသည် အသံတည်းဟူသော ဗြဟ္မာကို ပူဇော်ခြင်းဖြစ်၍ ကောင်းသော အကျိုးကို ဖြစ်ပေါ်စေနိုင်၏။ အသံနှင့် ပတ်သက်၍ ကောင်းကျိုးဆိုးပြစ်ကို ဖော်ပြရာ၌ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းကလည်း မှန်သောစကားဆိုခြင်းကို မြတ်နိုးပြီး၊ မှားသော စကားဆိုခြင်းကို စက်ဆုပ်ခြင်းမှာ စကား၏ အာနုဘော်ကြောင့် ဖြစ်နိုင်ပါ၏။

သို့ဖြစ်ရာ မိမိပြောသည့်အတိုင်း လုပ်၍၊ လုပ်သည့်အတိုင်း ပြောရန်မှာ အရေးကြီးလှပေသည်။ ဤသို့ ပြောသည့်အတိုင်း လုပ်၍၊ လုပ်သည့်အတိုင်း ပြောသည်မှာ အလုပ်နှင့် အပြော တစ်ထပ်တည်းကျသောကြောင့် သစ္စာပါရမီမြောက်ပေ၏။ သစ္စာမြောက်ခြင်းကြောင့် လည်းကောင်း၊ မှန်သော စကားကို ဆိုခြင်းကြောင့် လည်းကောင်း၊ သစ္စာနှင့် ယှဉ်သော အသံ၏ ကောင်းကျိုးချမ်းသာပေးမှုကို ရရှိခံစားကြရသည်မှာကား အမှန်ပင် ဖြစ်ပေသည်။ ထို့ကြောင့် မှန်ကန်သောအလုပ်ကို လုပ်၍၊ မှန်ကန်သော သစ္စာစကားတို့ကို ဆိုခြင်းဖြင့် လောကချမ်းသာ စီးပွားတိုးတက်နိုင်ကြပါစေဟု တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။

* * *

မချည်မွှန်(ကျုံ့ဗျော်)

ကိုးကား

- ဦးရွှေအောင်၏ အနှိုင်းမဲ့ ကျေးဇူးရှင်။
- မင်္ဂလာကျင့်စဉ် - နံ့ယော (ဦးဗာဂရ ရေးသားသည်)။



www.burmeseclassic.com

www.burmeseclassic.com



လူစွမ်းမြင့် (နတ်မောက်)

# အောင်တော်မူ ဂါထာ

လူ့ဘဝတွင် အပြိုင်အဆိုင်ဆိုသည်မှာ အမြဲလိုလို ရှိနေသောအရာဖြစ်ပါသည်။ အပြိုင်အဆိုင်ရှိမှလည်း ဘဝသည် ကြိုးစားမှု၊ ရုန်းကန်မှု ၊ အတွေ့အကြုံများနှင့် တိုးတက်မှု ရရှိစေသည်မှာ အမှန်ပင်။

လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည်ဖြင့် အပြိုင်အဆိုင် ကြိုးစားနေရသည့်အချိန်အခါကာလလည်း ဖြစ်နေသည် မဟုတ်ပါလား။ မနုသတ္တ လူ့သဘာဝအရ အပြိုင်အဆိုင်တိုင်းတွင် "အနိုင်"ရလိုသော၊ "အောင်မြင်လိုသော"အတ္တသည် ပါစမြဲပင်ဖြစ်ပါသည်။ ယုတ်စွအဆုံး၊ ကြက်ဖချင်းခွပ်၊ ခွေးချင်းကိုက်သည်ကိုပင် မိမိ၏ ကြက်၊ မိမိ၏ ခွေး အနိုင်ရချင်သည်မှာ လူတိုင်း၏ စိတ်ပင်ဖြစ်ပါသည်။ ပုထုဇဉ် လူသားတိုင်း ဤစိတ်အတိုင်းပင် ဖြစ်ပါသည်။ (ကလျာဏ ပုထုဇဉ်နှင့် သူတော်စင်များ မပါပါ။)

ဤသို့ အပြိုင်အဆိုင်နှင့် နေ့စဉ် ယှဉ်နေကြရာတွင် မိမိအပေါ်သို့ သူယုတ်မာစိတ်၊ မသူတော်စိတ်၊ ကောက်ကျစ်ယုတ်ညံ့သောစိတ်ဖြင့် အောက်တန်းကျသော အောက်လမ်းနည်းများဖြင့် အတိုက်အခိုက်ဟူသည်လည်း ရံဖန်ရံခါတွင် ကြုံတွေ့ရတတ်ပါသည်။ တရားနည်းလမ်းကျသော၊ မှန်ကန်သော၊ လူသားဆန်သော၊ မိမိ၏ ကံ၊ ဉာဏ်၊ လုံ့လ၊ ဝီရိယ၊ ဖွဲ့ ပညာတို့နှင့် တရားသောပြိုင်ဆိုင်မှုမျိုး မဟုတ်မူဘဲ မတရားသောနည်း၊ မမှန်ကန်သောနည်း၊ သူများမျက်ရည်ပေါက်ကြီးငယ်ကျမှ ထမင်းဝသောနည်းများနှင့် တိုက်ခိုက်သူများကို အောက်ဖော်ပြပါ "အောင်တော်မူဂါထာ"နှင့် တုံ့ပြန်နိုင်ရန် တင်ပြအပ်ပါသည်။

ရေကို ကိုးခေါက်မန်းပြီး သောက်ပါ။

ခေါင်းလိမ်းဆီကို ကိုးခေါက်မန်းပြီး လိမ်းပါ။

မန်းရမည့် "အောင်တော်မူဂါထာ"မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"မာရံ အာဠာဝကံ ဟတ္ထိံ၊
အင်္ဂုလိမာလ စိဉ္စမာနဝိကံ၊
နန္ဒောပနန္ဒ သစ္စကံ၊
ဗကံ အဇိန္နိတေဇသာ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယ မင်္ဂလံ။"

ဘုရားစင်ရှေ့တွင် ငါးပါးသီလခံယူပြီး ရေ၊ ဆီတို့ကို မန်း၍ အသုံးပြုပါ။ ရောက်သော အမှုကိစ္စတိုင်း အေးချမ်းစွာ အောင်မြင်မှု လက်တွေ့ရရှိစေပါသည်။

* * *

လူစွမ်းမြင့်(နတ်မောက်)




www.burmeseclassic.com

www.burmeseclassic.com

# တောင်ပိုင်း ရှမ်းပြည်နယ်ရဲ့ သဘာဝ ထမ်းစမ်းဂူ


လက်ရုံးညီ





www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးမြို့ကို သုံးလေးခေါက်မက ရောက်ဖြစ်ပေသည့် အမြဲလိုလို တောင်ကြီးကပဲ လှည့်ပြန်ဖြစ်ခဲ့တာ များ၏။ ဒီတစ်ခေါက်တော့ တောင်ကြီးမြို့မှ ရှေ့ဆက်ပြီး လွိုင်လင်အထိ ခရီးဆန့်ဖို့ အကြောင်းဖန်လာသည်။


ဒါကလည်း အကြောင်းတိုက်ဆိုင်တာမျိုးတော့မဟုတ်။ ရန်ကုန်ကနေ ထွက်မလာခင်ကတည်းက ဖုန်းလှမ်းဆက်ထား၍ ဦးဇင်း ဥသျှောင်မှူး(လွိုင်လင်)မှ တောင်ကြီးအထိ ဆင်းပြီးကြို၏။

လမ်းခရီးအစ ဟိုပုံးမြို့အလွန်မှာပင် နာမည်ကြီးသော ထမ်းစမ်းဂူကို အရင်ဆုံး ဦးဇင်း ဥသျှောင်မှူး ပို့ပေး၏။

ထမ်းစမ်းဂူမှာ တောင်ကြီးနှင့် မိုင် ၂၀ကျော်လောက် အေးသောနေရာတွင် တည်ရှိသည်။

ပင်းဒယ လိုဏ်ဂူ၊ ဘုရင့်ညီဂူ၊ ပိတ်ချင်းမြောင်ဂူများကို ရောက်ခဲ့ဖူးသည်။ ထမ်းစမ်းဂူကိုတော့ အခုမှပင်ရောက်ဖူးတော့သည်။ ထမ်းစမ်းဂူကလည်း ၂၀၀၉ ခုနှစ်လောက်မှ လူသိထင်ရှားဖြစ်ဖို့ အကြောင်းဖန်လာတော့ အခြားဂူများထက် သက်တမ်းနုသည်ဟု ဆိုရမည်ထင်၏။

ဟိုပုံးနယ်ထဲမှာ တောတောင်စိမ့်စမ်းတွေ၊ လိုဏ်ဂူတွေက သဘာဝအတိုင်း အများကြီး ရှိနေတယ်၊ ထမ်းစမ်း



ဂူမှာတော့ ဟိုပုံးမြို့နယ် ထမ်းစမ်းရွာတွင် ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၇၀၀ ခန့်တွင် သဘာဝအတိုင်း တည်ရှိသော လိုဏ်ဂူတစ်ခုဖြစ်သည်။

ကျွန်တော်တို့ ဂူရှေ့သို့ ရောက်သွားချိန်မှာ ပအိုဝ်လိုင်းရှင်းသား ဘုရားဖူးများကို တွေ့ရသည်။ ဂူထဲသို့ မဝင်မီ ဂင်ပေါက်တံတိုင်းအပြင်အဆင်က ခမ်းနား အံ့သြစရာကောင်းနေ၏။

လိုဏ်ဂူထဲမှာတော့ ရေခိုးငွေ့တွေ ဝေနေသလို အေးစိမ့်နေ၏။ လျှပ်စစ်မီးအလင်းရောင်က ရေခိုးငွေ့တွေကို မထိုးဖောက်နိုင်သလို ဖြစ်နေ၏။

"ထမ်းစမ်းဆိုတာကတော့ ပအိုဝ်စကားပါပဲ။ စမ်းရေထွက်တဲ့ ကျောက်ဂူလို့ အဓိပ္ပာယ်ရတယ်လေ"

အဖော်အဖြစ် ဦးဇင်း ဥသျှောင်မှူး ထည့်ပေးလိုက်သူက ရှင်းပြသည်။ ဦးဇင်း ဥသျှောင်မှူးကတော့ ကားပေါ်မှာ ကျန်နေရစ်ခဲ့၏။


"ဒီပုံမှာ တွေ့ရတဲ့ ဟိုပုံး ကိုရင်လေး ဆိုတာက ဒီဂူကြီးကို ဦးစီး ဦးဆောင်လုပ်ခဲ့တာပေါ့၊ ဟုတ်လား"


"ဟုတ်တယ် ဆရာ၊ ၂၀၀၉ ခုနှစ်လောက်မှ ထမ်းစမ်းဂူဖြစ်လာတာ။ ၂၀၀၉ ခုနှစ် မတိုင်ခင်ကတည်းက ဟိုပုံး ကိုရင်လေး တရားအားထုတ်ခဲ့တဲ့ ဂူပဲလေ။ အဲဒီအချိန်မှာ ကိုရင်လေးရဲ့ သက်တော်က ၁၆နှစ်ပဲ ရှိဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com


www.burmeseclassic.com

ကျွန်တော်တို့လို ပြည်တွင်းခရီးသွားတွေအတွက်ကတော့ ဂူအတွင်းသို့ အခမဲ့ဝင်လို့ ရသည်။ နိုင်ငံခြားသား ဧည့်သည်များကတော့ ဂူအတွင်း ဝင်ရောက်လေ့လာဖို့ [illegible] ၂၀ပေးရသည်ဟု ဆို၏။

♦♦♦

ဟိုပုံး ကိုရင်လေး အရှင်ပေါရိသ ဦးဆောင်မှုကြောင့် ရုပ်ပွားတော်တွေ၊ ဆင်းတုတော်တွေက မရေမတွက်နိုင် [illegible] ဖူးမြော်လို့ မဆုံး။ ဂူနံရံ၏ မည်သည့်နေရာကို ကြည့်[illegible] ကြည့်လိုက် ကျောက်စက်ပန်းဆွဲတို့၏ သဘာဝ





အလှတရားကလည်း ရင်သပ်ရှုမောဖွယ်ရာပင်။ ကျောက်စက်[illegible]မျှော်များမှာလည်း သဘာဝက ထုဆစ် ပုံဖော်ပေးထား၍ ထူးခြားဆန်းသစ်လို့ နေ၏။

"ဒီဂူအတွင်းမှာ ပူဇော်ခံထားတဲ့ ရုပ်ပွားတော်ပုံတွေက ဘယ်သူတွေရဲ့ လက်ရာတွေလဲဗျ"

"ဒီဒေသခံ တိုင်းရင်းသားတွေရဲ့ လက်ရာတွေပါပဲ ဆရာ။ ဆရာ… ဒီလိုဂူတွေထဲ ဝင်ဖူးမှာပေါ့။ အတွင်းပိုင်း ရောက်နေပြီနော်၊ ဘာများ ထူးခြားတယ်လို့ ခံစားရလဲ"

"ဟုတ်တယ်ဗျ။ တခြား သဘာဝ လိုဏ်ဂူတွေထဲ [illegible]ရသလိုမျိုး မွန်းကျပ်ကျပ် ခံစားမှုမျိုး လုံးဝမရဘူး ထူးခြားတယ်"

နိုင်ငံခြားသား ခရီးသွားများကတော့ သဘာဝအတိုင်း ဖြစ်တည်နေသော ကျောက်စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်များကို အထူးတလည် စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ဓာတ်ပုံတွေ ရိုက်ကြသည်။

ကျွန်တော်ကိုယ်တိုင်ကလည်း ပါလာသော ကင်မရာလေးဖြင့် ရနိုင်သမျှ အချိန်လေးအတွင်းမှာ တော်တော်များများကို အမိအရ မှတ်တမ်းတင်ဖြစ်၏။

♦♦♦

"အခုဆိုရင် ဂူကြီးအတွင်းမှာ အခန်းကြီး၊ အခန်းငယ်တွေ ဖွဲ့သားတာ အခန်းပေါင်း ၅၀နီးပါးရှိနေပြီ ဆရာ"


ဦးငင်း ထည့်ပေးလိုက်သော အဖော်က အနားမှ မခွာ။ သူသိသမျှကို ပြောပြနေ၏။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက ဂူလုံခြုံရေးကို တာဝန်ယူထားပုံရသည်။ သူတို့၏ ဝတ်စုံနှင့် လက်မောင်းပေါ်မှ တံဆိပ်အမှတ်အသားမှာ မြင်ဖူး၊ တွေ့ဖူးနေကျပုံစံမျိုး မဟုတ်ပေ။

"ဟိုပုံး ကိုရင်လေး အရှင်ပေါရိသ မတွေ့ခင်တုန်းကဆိုရင် ဒီနေရာက တကယ့်ကို တောကြီးမြက်မည်ကြီးဖြစ်နေမှာပဲနော်"

"ဟုတ်တာပေါ့ ဆရာ။ ရေချောင်းကြီးတွေလည်း အများကြီးပဲ။ ကိုရင်လေး အရှင်ပေါရိသ ဦးဆောင်ပြီး ဒကာ၊ ဒကာမတွေက ဝိုင်းဝန်းကြတယ်လေ။ ၂၀၀၉ခုနှစ်မှာ ဒီဂူကြီးကို စဖွင့်နိုင်ခဲ့တာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


ထမ်းစမ်းဂူ
လိုဏ်ဂူတော် ဘုန်းဘုန်း
ဟိုပုံးကိုရင်လေး ရှင်ပေါ်ရိုသ

"ညှေ့သည်တွေက ဘယ်ရက်တွေမှာ အလာများလဲ"

"တန်ဆောင်မုန်းလပြည့်နဲ့ တပို့တွဲလပြည့်မှာ အလာများတယ်။ ပြီးတော့ ဟိုပုံး ကိုရင်လေးမွေးနေ့ဖြစ်တဲ့ ကဆုန်လဆုတ် ၁၁ရက်မှာ လူအရမ်းများတတ်တယ် ဆရာ။ မွေးနေ့မင်္ဂလာလည်း ကျင်းပတာကိုး"

"ဒီဂူအပြင် တခြားဂူတွေ ထပ်ရှိသေးလားဗျ"

"ရှိတာပေါ့။ ဂမ္ဘီရဂူနဲ့ ကျောက်စာဂူ ဆိုတာ ရှိသေးတယ်။ အခုဂူကိုတော့ "ဟတ္ထိပါလ ဓမ္မစက္က သာသနာရောင်ခြည်ဂူ"လို့ ခေါ်တယ်"

ထပ်တွေ့ထားသော ဂမ္ဘီရဂူနဲ့ ကျောက်စာဂူများကိုတော့ မလေ့လာဖြစ်ပေ။ ထိုဂူများက ပြင်ဆဲမို့ အဆင်သင့်မဖြစ်သေးပေ။ ကျောက်စာဂူအတွင်းကိုတော့ နိုင်ငံခြားသားခရီးသည်များနှင့် ပြည်တွင်းက အချို့ညှေ့သည်များကို ဝင်ရောက်ခွင့် ပြုထားကြောင်း သိခဲ့ရတာပဲ ရှိ၏။

◆◆◆

ဂူထဲတွင် အချိန်မည်မျှကြာသွားမှန်း သတိမထားဖြစ်လိုက်ပေ။ ဂူတွင်းမှ ပြန်ထွက်လာပြီး ကားနားသို့ ပြန်ရောက်တော့ ဦးဇင်း ဥသျှောင်မှူးရော ကားဆရာပါ အိပ်ငိုက်နေတာကို တွေ့လိုက်ရ၏။

ထမ်းစမ်းဂူမှ ပြန်ထွက်တော့ နေစောင်းချင်နေပြီ။

ထမ်းစမ်းဂူကို နှုတ်ဆက်ခဲ့ပေမယ့် မြင်ခဲ့ တွေ့ခဲ့ရသော ပုံလွှာတွေကတော့ ကပ်ငြိလို့ နေဆဲ။


မကြာခင်မှာ မိုင်းပွန်မြို့သို့ ရောက်ခဲ့တော့သည်။


မိုင်းပွန်မှ ထွက်တော့ အလင်းပျောက်သွားပြီ။ ထင်းရှူးပင်များသာ ပေါက်ရောက်နေသော တောင်တန်း တောင်စွယ်များတွင် တောမီးများ လောင်နေတာကို အတိုင်းသား မြင်တွေ့နေရ၏။

လွိုင်လင်မှ အပြန်ခရီးတွင်လည်း ထူးဆန်းဖွယ်ရာများဖြင့် ပြည့်နှက်နေသော ထမ်းစမ်းဂူကို ဒုတိယအကြိမ်ဝင်ရောက်ဦးမည်ဟု စိတ်မှာ တေးထားလိုက်မိပြန်၏။

* * *

လက်ရှုံးညီ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■

ဝေသာလီပြည်တွင် သူဌေးမျိုးတစ်ဦး၌ သားတစ်ယောက်ထွန်းပေါက် မွေးဖွားလာခဲ့သည်။

ထိုသားသည် အရွယ်ရောက်လာသော နောက်အဖို့၌ ထိုသူဌေးသား၏ ကိုယ်ခန္ဓာအလုံးအခဲစ်သည် ပြည့်ဖြိုးမြင့်မောက်လျက် တန်ဆာဆင်ထားအပ်သော တုရိုက်တိုင်ကဲ့သို့ လည်းကောင်း၊ မြောက်ခွဲထားအပ်သော ရွှေပုဆိုးကဲ့သို့ လည်းကောင်း အလွန်တင့်တယ်လှပသည်။

ထိုလှပမှုသည် ဝေသာလီပြည်သူအကြားဝယ် တစ်နေ့တခြား ထင်ရှားကျော်ကြားလာသည်။ လူအများ၏ အထူးအကြည့်ခံရ၊ အပြောခံရသော အလှပိုင်ရှင်သားတစ်ဦးဖြစ်လာသည်။

ထိုသူဌေးသား၏ ကိုယ်ခန္ဓာ လှပကြော့ရှင်းမှု ဂုဏ်များထင်ရှားကျော်ကြားလာ၍ လူသူလေးပါးတို့က "ဥဂ္ဂဟ သူဌေးသားလေး"ဟု ခေါ်စမှတ်ပြုကြလေသည်။

ဥဂ္ဂဟ သူဌေးသားသည် အရွယ်ရောက်လတ်သော် မိသားစုအခြံအရံနှင့် ဖြစ်လာသည်။ တစ်နေ့တွင် ဥဂ္ဂဟသူဌေးသည် ဘုရားအမှူးရှိသော ရဟန်းတော်များကို နံနက်စာ ယာဂုဆွမ်းကို ကပ်လှူကျွေးမွေးသည်။ ယာဂုဆွမ်း ဘုဉ်းပေးခြင်းကိစ္စ ပြီးလတ်သော် ဘုရားရှင်က ဆွမ်းအနုမောဒနာအဖြစ်···

"ဥဂ္ဂဟ ဒါယကာ·· မိမိ နှစ်ခြိုက်ဖွယ် အလှူဝတ္ထုတို့ကို ဖြူစွတ် စင်ကြယ်သော စေတနာ သဒ္ဓါပြဋ္ဌာန်းပြီး လှူဒါန်းသောသူသည် နှစ်ခြိုက်ဖွယ်အမျိုးမျိုး၊ အလှူ၏ အကျိုးကို မချပိုင်ပိုင် ရနိုင်ပေ၏။ အမှတ်မထင် အကြင်သူသည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးဖြောင့်မတ် ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့၌ ကုသိုလ်ဆန္ဒ ပြင်းပြသက်ဝင် လိုလိုချင်ချင်အားဖြင့် အဝတ်ကို လည်းကောင်း၊ အိပ်ရာ နေရာကို လည်းကောင်း၊ စားဖွယ်သောက်ဖွယ် အသွယ်သွယ်ကို လည်းကောင်း၊ ထိုမှတစ်ပါး အထူးထူးအပြားပြားကုန်သော ပစ္စည်းတို့ကို လည်းကောင်း သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပေ၏"

"အမှတ်မထင် အကြင်သူသည် လယ်မြေကောင်းနှင့် မစောင်းပုံယူ တူတော်မူကြကုန်သော ရဟန္တာအရှင် သခင်မြတ်တို့ကို ပညာသက်ဝင် ထင်းလင်းစွာ သိမြင်၍ စွန့်လည်း စွန့်အပ်ပေ၏။ လွှတ်လည်း လွှတ်၏။ ဝဲ့ကွက်ပိတ်ပင် တားဆီးသောစိတ် မရှိ၊ စွဲလည်း မစွဲလမ်း။ နှစ်ခြိုက်ဖွယ် အလှူဝတ္ထုတို့ကို ဖြူစွတ် စင်ကြယ်သော စေတနာ သဒ္ဓါ ပြဋ္ဌာန်းလေ့ရှိသော ထိုနှလုံးပျော့ပျောင်း သူတော်ကောင်းသည် သာမန်စိတ်ဖွဲ့ သဒ္ဓါမဲ့သူတို့ စွန့်ခဲနိုင်သော အလှူဝတ်ကို သဒ္ဓါမတွန့် စွန့်လွှတ်၍ လှူသောကြောင့် နှစ်ခြိုက်ဖွယ်အမျိုးမျိုး အလှူ၏ အကျိုးကို မချပိုင်ပိုင် ရယူနိုင်ပေ၏"

ဟု တရားတော်ကို ဟောကြားတော်မူပြီး ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။

◆◆◆

ဥဂ္ဂဟသူဌေးသည် ဘုရားရှင်ကို ဖူးတွေ့ရပြီး ထိုတရားတော်နာကြားစဉ်ပင် သောတာပတ္တိဖိုလ်၌ တည်သည်။

ဥဂ္ဂဟ သူဌေးသည် အသက်အရွယ် အနည်းငယ်ရလာသောအခါ ဆိတ်ငြိမ်သောအရပ်၌ တစ်ယောက်တည်းနေစဉ်-

"ငါသည် အကြင် အကြင်ဝတ္ထုကို နှစ်သက် မြတ်နိုးအပ်၏။ ထို နှစ်သက် မြတ်နိုးအပ်သော ဝတ္ထုကိုသာလျှင် မြတ်စွာဘုရားအား လှူပေအံ့။ ငါသည် တစ်ချိန်က မြတ်စွာဘုရားရှင်မျက်မှောက်၌ နှစ်သက် မြတ်နိုးအပ်သော ဝတ္ထုကို လှူဒါန်းသောသူသည် နှစ်သက် မြတ်နိုးအပ်သော အကျိုးကို ရ၏"ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်ကိုလည်း ငါ ကြားနာအပ်ဖူးလေပြီ"

ဟု ကြံစည် စဉ်းစား ဆင်ခြင်မိလေသည်။

ထို့နောက် ဥဂ္ဂဟသူဌေး၏ စိတ်ထဲဝယ်···

" မြတ်စွာဘုရားသည် ငါ၏ စိတ်အကြံကို သိတော်မူကာ အိမ်တံခါးဝသို့ ကြွတော်မူလေရာ၏"

ဟု ကြံစည် စဉ်းစားမိလေသည်။

ထိုခဏမှာပင် မြတ်စွာဘုရားရှင်သည် ဥဂ္ဂဟသူဌေး၏ စိတ်အကြံကို သိတော်မူ၍ ရဟန်းအပေါင်းခြံရံအပ်လျက် သူဌေး၏ နေအိမ်တံခါးဝ၌ အထင်အရှား အံ့သြဘနန်း ဆန်းကြယ်စွာ ရောက်ရှိလာလေသည်။

"မြတ်စွာဘုရား ကြွတော်မူလာလေပြီ"

ဟု မိသားစုအခြံအရံတို့ကြားဝယ် အသံကို ကြားသိ၍ အတိုင်းထက်အလွန် အားတက် ဝမ်းမြောက်ကာ မြတ်စွာဘုရားရှင်ထံသို့ လျင်မြန်စွာ သွား၍ တည်ခြင်းငါးပါးဖြင့် ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် ဘုရားရှင်၏ သပိတ်တော်ကို ဆီးကြိုယူလင့်၍ အိမ်အတွင်းသို့ ပင့်ဆောင်ခဲ့ကာ ခင်းထားအပ်ပြီး အသင့်ရှိနေသော ဘုရားရှင်၏ နေရာတော်၌ ဘုရားရှင်ကို လည်းကောင်း၊ ကြွင်းကျန်သော နေရာတို့၌ ရဟန်းတို့ကို လည်းကောင်း နေရာချထားပေးတော်မူသည်။

ထို့နောက် ဘုရားရှင် အမှူးရှိသော ရဟန်း၊ [illegible]ယာများ



www.burmeseclassic.com

www.burmeseclassic.com

အထူးထူးအပြားပြား များမြတ်သော အရသာရှိသော ...တို့ဖြင့် ပြုစုလုပ်ကျွေးလေသည်။

ယာဂုပ်ကပ်ပြီးသောအခါ အပြစ်လွတ်ရာအရပ်၌ ထိုင် ...

မြတ်စွာဘုရား…တပည့်တော်သည် နှစ်ခြိုက်ဖွယ် ...ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်အကျိုးကို ရပေ၏ဟူ ... ဤတရားစကားကို တပည့်တော် တစ်ချိန်က မြတ်စွာ ...မျက်မှောက်တော်၌ ကြားနာရဖူးခဲ့ပါသည်။ မြတ်စွာ ...…တပည့်တော်သည် အင်ကြင်းပွင့်အဆင်းရှိသော ...သည် နှစ်သက်ဖွယ်ရှိပါသည်။ မြတ်စွာဘုရားသည် ...သမှု အကြောင်းပြု၍ တပည့်တော်၏ ခဲဖွယ်တို့ကို ...တော်မူစေချင်ပါသည်။

တပည့်တော်၏ ဆီးသီးဖြင့် စီမံထားသော ဝက်သား ...သည် နှစ်ခြိုက်ဖွယ်ရှိပါ၏။ တပည့်တော်၏ ကန်စွန်းရွက် ...ကြော်သည် နှစ်ခြိုက်ဖွယ်ရှိပါသည်။ ဆန်မည်းကို ရွေး... ဖယ်ရှား၍ များသော အရည်သောက်ဟင်းနှင့် စားမဲ့ ...သုပါရှိသော တပည့်တော်၏ သလေးဆွမ်းသည် နှစ် ...ဖွယ် ရှိပါ၏။ တပည့်တော်၏ ကာသိတိုင်းဖြစ် အဝတ် ...သည် နှစ်ခြိုက်ဖွယ် ရှိပါကုန်၏။ တပည့်တော်၏ ပလ္လင်၊ ...ည် ကော်ဇောကြီး၊ ပန်းပြောက်ခြယ် သားမွေးအခင်း၊ ...ရအခင်း၊ နီသော မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ ... နေရာသည် နှစ်ခြိုက်ဖွယ်ရှိပါ၏။

မြတ်စွာဘုရား…တပည့်တော်သည် ဤအရာဝတ္ထုများ ...ည် စင်စစ်အားဖြင့် ဘုရားရှင်နှင့် မအပ်ဟု သိပါကုန်၏။ ...ည့်တော်၏ ဤစန္ဒကူးနှစ် ထိုင်ခုံသည် အဖိုးတစ်သိန်း ...ာ် တန်ပါ၏။ တပည့်တော်၏ ထိုအသုံးအဆောင်ဝတ္ထုတို့ ... အရှင်ဘုရားသည် တပည့်တော်အား သနားသမှု အစဉ်ပြု ... ခံယူတော်မူစေချင်ပါသည်”

ဟု လျှောက်ထား၍ ဆက်ကပ် လှူဒါန်းလေသည်။

မြတ်စွာဘုရားရှင်သည် ကရုဏာရှေ့ရှု၍ အလှူခံတော် ...သည်။ ဥဂ္ဂဟာသူဌေးသည် ယာဂု ဘုဉ်းပေးပြီးသော ...ရှင်အား ဆွမ်းမကပ်မီ ကြားကာလ၌ ထိုအလှူဝတ္ထုတို့ ... လှူဒါန်းလို၍ ဤသို့လျှောက်ထားခြင်းဖြစ်လေသည်။

ဥဂ္ဂဟာသူဌေးသည် ပလ္လင်၊ မွေ့ယာ၊ ကော်ဇော စသည် ...ကို ဘုရားရှင်နှင့် မအပ်မှန်း သိသော်လည်း လှူဒါန်းလို ... စိတ်စေတနာ သဒ္ဓါပြဌာန်းသဖြင့် လှူပြီးနောက် ...ဥပစ္စည်းများကို ယူဆောင်စေကာ အစုအပုံပြုလုပ်ပြီး ... မအပ်စပ်သည်များကို မိမိ၏အိမ်ရှေ့ရှိ ဈေးဆိုင်သို့ ပို့၍၊ အပ်စပ်သော (ကပ္ပိယ)အသုံးအဆောင် ဘဏ္ဍာပစ္စည်းတို့ ပြုလုပ်ကာ ဘုရားရှင်နှင့် သံဃာများကို လှူဒါန်းလေသည်။

အဖိုးတစ်သိန်းကျော် ထိုက်တန်သော အလျား နှစ်တောင့်ထွာ၊ အနံ တစ်တောင့်ထွာ ပမာဏရှိသော၊ ခိုင်မာ၍ လောက ပညတ်မြတ်သည်ဖြစ်သော စန္ဒကူးထိုင်ခုံကို အလှူခံယူပြီးလျှင် အပိုင်းပိုင်းဖြတ်စေ၍ ရဟန်းတို့အား မျက်စဉ်းကြိတ်စေရန် လှူဒါန်းပါသည်။

ဘုရားရှင်သည် အလှူကိစ္စပြီးလတ်သော် ထို နှစ်ဖွယ် ဝတ္ထုကို ပေးလှူသောသူသည် နှစ်သက်ဖွယ်အကျိုးကို ရပေ၏ဟူသော တရားတော်ကိုပင် ပြန်လည် ဟောပြတော်မူသည်။

ထိုတရားတော်အဆုံးဝယ် ဥဂ္ဂဟာသူဌေးသည် အောက်မဂ်သုံးပါး၊ အောက်ဖိုလ်သုံးပါးရသော အနာဂါမ်အရိယာဖြစ်လေတော့သည်။

ဥဂ္ဂဟာသူဌေးသည် ထိုအချိန်မှစ၍ မိမိပိုင် နှစ်ခြိုက်ဖွယ်ရာတို့ကို ဘုရားရှင် အမှူးရှိသော သံဃာတော်များကို မပြတ်ဆက်ကပ်လှူဒါန်းတော်မူလေသည်။

ထို နှစ်သက်ဖွယ်အလှူကို ပေးလှူသောအကြောင်းကြောင့်ပင် နောင်အဖို့ဝယ် ဘုရားရှင်က ဇေတဝန်ကျောင်း၌ နေစဉ် ဥဂ္ဂဟာသူဌေးကို…

“ရဟန်းတို့…နှစ်သက်ဖွယ်သော ဝတ္ထုများကို လှူလေ့ရှိကြသော ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် ဝေသာလီပြည်သား ဥဂ္ဂဟာသူဌေးသည် အသာဆုံး၊ အမြတ်ဆုံးဖြစ်ပေ၏”

ဟု ချီးကျူးမိန့်ကြားကာ နှစ်သက်ဖွယ်သော ဝတ္ထုကို လှူဒါန်းသောအရာ၌ ဧတဒဂ်(အသာဆုံး၊ အမြတ်ဆုံး) ပေးတော်မူလေသည်။

ဤ ဥဂ္ဂဟာသူဌေးသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်က ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားတစ်ဦးဖြစ်ခဲ့၍ ဘုရားရှင်၏ တရားကို နာနေစဉ် ဘုရားရှင်၏ ဥပါသကာတစ်ဦးကို နှစ်သက်ဖွယ်သော အလှူဝတ်ကို ပေးလှူသောအရာဝယ် အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ်ရာထူး ထားတော်မူသည်ကို တွေ့မြင်၍ အားကျကာ အဓိကာရ ကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးကို ဆုတောင်းမှု ပြုခဲ့သည်။ ဘုရားရှင်ကလည်း ဗျာဒိတ်ပေးခဲ့သည်။

◆◆◆

တစ်နေ့သောအခါ ဘုရားရှင်သည် ဝေသာလီပြည်၊


www.burmeseclassic.com

www.burmeseclassic.com

မဟာဝန်တော၊ ကူဋာဂါရသာလာကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့ကို . . .

"ရဟန်းတို့ . . . ဝေသာလီပြည်သား ဥဂ္ဂသူဌေးကို ဆန်းကြယ်သော အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံသောသူဟူ၍ မှတ်ယူကြကုန်လော့"

ဟု မိန့်ကြားကာ ဂန္ဓကုဋီကျောင်းအတွင်းသို့ ဝင်ကြွသွားတော်မူသည်။

ဥဂ္ဂသူဌေး၏ အံ့ဖွယ်ရှစ်ဖြာကို သိလိုသော ရဟန်းတစ်ပါးသည် နံနက်အခါ ဥဂ္ဂသူဌေး၏ နေအိမ်သို့ ကြွရောက်၍ အသင့်ခင်းထားသောနေရာ၌ ထိုင်နေသည်။

ဥဂ္ဂသူဌေးအိမ်၌ ရဟန်း ငါးရာထိုင်ရန် အမြဲခင်းထားလေ့ရှိပါသည်။

ဥဂ္ဂဟသူဌေးသည် ရဟန်းထံမှောက်သို့ ရောက်လာပြီး ရှိခိုးကာ အပြစ်လွတ်ရာ၌ ထိုင်နေစဉ် . . .

"သူဌေး . . . သင့်ကို ဘုရားရှင်က အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံသူဟူ၍ မိန့်ကြားတော်မူသည်။ ထို အံ့ဖွယ်ရှစ်ပါးတရားတို့ကား အဘယ်တရားတို့ပါနည်း"

ဟု မေးမြန်းလေသည်။

"အရှင်ဘုရား . . . အဘယ်မည်သော အံ့ဖွယ်ရှစ်မျိုးတို့နှင့် တပည့်တော် ပြည့်စုံ၏ဟု ဘုရားရှင်က မိန့်ကြားတော်မူသည်ကို တပည့်တော် မသိပါ။ သို့သော် တပည့်တော့်အဖို့မှာမူ အံ့ဖွယ်ရှစ်ပါး ရှိနေပါသည်။ သိလိုက လျှောက်ထားပြပါမည်။ ကောင်းစွာ နာယူမှတ်သားပါ အရှင်ဘုရား"

"သူဌေး . . . ကောင်းပါပြီ။ သင်၏ အံ့ဖွယ်ရှစ်မျိုးကို ပြောပြပါလော့"

* * *

"အရှင်ဘုရား . . . တပည့်တော်သည် ဘုရားရှင်ကို ရှေးဦးပထမ အဝေးမှပင် ဖူးမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် တပည့်တော်၏ စိတ်သည် ဘုရားဟုတ်လေသလော၊ မဟုတ်လေသလောဟု တွေးတောကြံစည်ခြင်း အလျဉ်းမဖြစ်ပါ။ ဤသူမြတ်သည် ဘုရားစင်စစ် ဧကန်ဖြစ်ပေ၏ဟု တပည့်၏ စိတ်သည် အလွန်ကြည်ညို၍သွားပါသည်။ နောက်ကျူးခြင်း အလျဉ်းမရှိပါ။ ဘုရားရှင်အပေါ်၌ တပည့်တော်၏ အကြွင်းမဲ့ ယုံကြည် ကြည်ညိုခြင်းသည် တပည့်တော်၏ ပထမအံ့ဖွယ်တရား ထင်ရှားရှိခြင်းဖြစ်ပါ၏။

အရှင်ဘုရား . . . တပည့်တော်သည် သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ်ရှိလျက် ဘုရားရှင်သို့ ဆည်းကပ်ပါသည်။ တပည့်တော်အား ဘုရားရှင်က ဒါနနှင့် စပ်သော တရားစကား၊ သီလနှင့် စပ်သော တရားစကား၊ နတ်ရွာ သုဂတိနှင့် စပ်သော တရား၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းကျင့်စဉ်နှင့် စပ်သော တရားတို့ကို အစဉ်အတိုင်း ဟောကြားပေးသည်။ ထိုသို့ ဟောကြားသဖြင့် တပည့်တော်အဖို့ နာခံသောစိတ်၊ နူးညံ့သောစိတ်၊ ပိတ်ပင်ခြင်း(နီဝရဏ)မှ ကင်းသောစိတ်၊ တက်ကြွ ဝမ်းမြောက်သောစိတ်၊ ကြည်လင်သောစိတ်များရှိသည်ကို သိတော်မူသော ဘုရားရှင်သည် တပည့်တော်အား ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဟူသော သစ္စာလေးပါး တရားကို ဟောကြားပေးပါသည်။ တပည့်တော်သည် အနာဂါမိဖိုလ်ရောက်၍ ဓမ္မစက္ခု အဘိဉာဉ်ပေါက်ခဲ့သည်။ အနာဂါမ်အရိယာဖြစ်ပြီးလျှင် လောကုတ္တရာ၊ သရဏဂုံကို ခံယူ၍ ဗြဟ္မစရိယ၊ ပဉ္စမကသီလကို ဆောက်တည်ကျင့်သုံးနေခဲ့ပါသည်။ တပည့်တော်၏ ဗြဟ္မစရိယ၊ ပဉ္စမကသီလကို ခံယူဆောက်တည် ကျင့်သုံးနေခြင်းသည် တပည့်တော်၏ ဒုတိယအံ့ဖွယ်တရား ထင်ရှားရှိခြင်းဖြစ်ပါသည်။

အရှင်ဘုရား . . . တပည့်တော်၌ နုနယ်ပျိုမျစ် ချစ်ဖွယ်သော မယားလေးယောက်ရှိခဲ့ပါသည်။ တပည့်တော်သည် အနာဂါမ်ဖြစ်သော အချိန်မှစ၍ အိမ်ပြန်လာသောအခါ မယားလေးယောက်ကို ခေါ်၍ . . .

"နှမတို့ . . . ငါသည် ဗြဟ္မစရိယ ပဉ္စမက,သီလကို ဆောက်တည် ကျင့်သုံးအပ်လေပြီ။ အလိုရှိသော နှမသည် ဤအိမ်၌ပင်လျှင် စည်းစိမ်တို့ကို သုံးဆောင် ခံစားပါလော့ ကောင်းမှုကိုလည်း ပြုလော့။ မိဘဆွေမျိုးအိမ်သို့ ပြန်လိုလျှင်လည်း စားသုံးလောက်သော ဥစ္စာပစ္စည်းကို ယူဆောင်၍ ဆွေမျိုးအိမ်သို့ ပြန်ကြလော့။ သို့မဟုတ် ယောကျ်ားတစ်ပါး အလိုရှိကြလျှင်လည်း အဘယ်ယောကျ်ားအား သင်တို့ကို ပေးရမည်ဆိုသည်ကို ပြောကြားကြကုန်လော့"

ဟု ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုစကား ပြောကြားခဲ့သည်။

အရှင်ဘုရား . . . ဤသို့ ပြောကြားသော် မယားကြီးသည် . . .

"အရှင် . . . ကျွန်မအား ဤမည်သော ယောကျ်ားအား ပေးပါလော့"

ဟု ဆို၍ တပည့်တော်သည် ထိုယောကျ်ားကို ခေါ်၍ လက်ဝဲလက်ဖြင့် မယားကြီးလက်ကို ကိုင်လျက်၊ လက်ျာလက်ဖြင့် ရေကရားကို ကိုင်ပြီးလျှင် ထိုယောကျ်ားအား ထိုမယားကြီးကို စွန့်လွှတ်ပေးစားလိုက်ပါ၏။

အရှင်ဘုရား . . . တပည့်တော်သည် နုနယ်ပျိုမျစ်သော


www.burmeseclassic.com

www.burmeseclassic.com

...ကြီးကို စွန့်လွှတ်ပေးလှူလိုက်သည့်ရှိသော် စိတ်တစ်မျိုး ...လဲသွားသည် မရှိပါ။ ဤသည်ကား တပည့်တော်၏ ...ယ အံ့ဖွယ်တရား ထင်ရှားရှိခြင်းဖြစ်ပါသည်။

အရှင်ဘုရား . . . တပည့်တော်၏ အိမ်၌ ရှိသမျှ ...စိမ်ဥစ္စာတို့ကို ဤရွေ့ ဤမျှကို ငါလှူအံ့ ဤရွေ့ ဤမျှကို ...လှူ၊ ဤဝတ္ထုကို ငါလှူမည်၊ ဤဝတ္ထုကို ငါ မလှူဟူ၍ ...ကို ဖြစ်စေသူသည် မိမိ၏ စည်းစိမ်ဥစ္စာတို့ကို သီလဝန္တ ...ိုလ်မြတ်တို့နှင့် ခွဲခြားသည် မည်ပါသည်။ တပည့်တော် ...မှာ ထိုကဲ့သို့ စိတ်မဖြစ်ပါ။ စင်စစ် တပည့်တော်၏ ...စိမ်ဥစ္စာ ရှိသမျှတို့သည် သံဃပစ္စည်းဥစ္စာကဲ့သို့ လည်း ...ကောင်း ဂိုဏ်းပစ္စည်းဥစ္စာကဲ့သို့ လည်းကောင်း၊ သီလဝန္တ ...ိုလ်တို့နှင့် ဆက်ဆံကုန်၏၊ သက်ဆိုင်ကုန်ပါ၏ဟု စိတ် ...ပါသည်။

ဤသို့ စိတ်ထားရှိခြင်းသည် တပည့်တော်၏ စတုတ္ထ ...ဖွယ်တရား ထင်ရှားရှိခြင်းဖြစ်ပါသည်။

အရှင်ဘုရား . . . တပည့်တော်သည် ရဟန်းတော်မြတ် ...ပါးကို ဆည်းကပ်ပြုစုလျှင် ရိုသေစွာပင် ဆည်းကပ်၊ ...ိုက်ကြပ်မတ် ပြုစုပါသည်။ ဤသို့ စိတ်ထားရှိခြင်းသည် ...ပည့်တော်၏ ပဉ္စမ အံ့ဖွယ်တရား ထင်ရှားရှိခြင်းဖြစ်ပါ ...သည်။

အရှင်ဘုရား . . . ထိုအရှင်က တပည့်တော်အား တရား ...ောပါလျှင် ရိုသေစွာ တရားနာပါ၏။ မရိုမသေ မနာပါ။ ...ကယ်၍ ထိုအရှင်က တပည့်တော်အား တရားမဟောလျှင် ...ပည့်တော်သည် ထိုအရှင်အား တရားဟောပါသည်။ ဤသည်မှာ တပည့်တော်၏ ခြောက်ခုမြောက် အံ့ဖွယ်တရား ...င်ရှားရှိခြင်းဖြစ်ပါသည်။

အရှင်ဘုရား . . . တပည့်တော်ကို နတ်တို့က ချဉ်းကပ် ...၍ . . .

“သူဌေး . . . မြတ်စွာဘုရားသည် တရားတော်ကို အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပါပေ၏”

ဟု ပြောလာပါသည်။ ဤသို့ ပြောကြားလာသော် တပည့်တော်သည် နတ်တို့ကို . . .

“အသင် နတ်တို့က ထိုသို့ ပြောပြော၊ မပြောပြော ...င်စစ် ဘုရားရှင်က တရားတော်ကို အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပေ၏”

ဟု ပြန်ပြောဆိုပါသည်။

ဤကဲ့သို့ နတ်တို့က ချဉ်းကပ်၍ ပြောကြားလာခြင်းသည် အံ့ဖွယ်မဟုတ်ပါ။ နတ်တို့က မိမိထံ ချဉ်းကပ်လာခြင်း၊ နတ်တို့နှင့် အတူတကွ စကားပြောခြင်းဟူသော အကြောင်းကြောင့် “ငါ့ထံ နတ်တို့ ချဉ်းကပ်ကုန်၏။ ငါသည် နတ်တို့နှင့် အတူတကွ စကားပြောရ၏”ဟူ၍ စိတ် မတက်ကြွဘူးပါ။ ဤသည်မှာ တပည့်တော်၏ ခုနစ်ခုမြောက် အံ့ဖွယ်တရား ထင်ရှားရှိခြင်းဖြစ်ပါသည်။

အရှင်ဘုရား... တပည့်တော်သည် ဘုရားရှင် ဟောကြားတော်မူသော အောက် ကာမဘုံသို့ ဆွဲဆောင်တတ်သော သံယောဇဉ် ငါးမျိုးတို့တွင် မိမိ၌ မပယ်အပ်သေးသည့် တစ်စုံတစ်ခုသော သံယောဇဉ်ကိုမျှ မတွေ့မြင်ပါ။

အရှင်ဘုရား... တပည့်တော်အား အနာဂါမ်အရိယာ ဖြစ်ခြင်းသည် ရှစ်ခုမြောက် အံ့ဖွယ်တရား ထင်ရှားရှိခြင်းဖြစ်ပါသည်။

အရှင်ဘုရား... တပည့်တော်အဖို့ရာ အံ့ဖွယ်တရား ရှစ်ပါးတို့ ထင်ရှားရှိပါသည်။ အဘယ်မည်သော အံ့ဖွယ်ရှစ်မျိုးတို့နှင့် တပည့်တော် ပြည့်စုံ၏ဟု ဘုရားရှင် မိန့်ကြားတော်မူသည်ကိုကား တပည့်တော် မသိပါ”

ဟု ဥဂ္ဂဟသူဌေးက လျှောက်ထားသည်။

◆◆◆

ထို့နောက် ရဟန်းတော်သည် ဥဂ္ဂဟသူဌေးအိမ်မှ ဆွမ်းခံခဲ့၍ နေရာမှ ဖယ်သွားကာ ဆွမ်းစားပြီးနောက် ဘုရားရှင်ထံမှောက်သို့ သွားရောက်ရှိခိုး၍ အပြစ်လွတ်သောနေရာ၌ ထိုင်ကာ မိမိနှင့် ဥဂ္ဂဟသူဌေးတို့ မေး-ဖြေ ပြောဆိုသမျှ စကားအားလုံးကို လျှောက်ထားပြလေသည်။

“ရဟန်း . . . ကောင်းလေစွ . . . ကောင်းလေစွ၊ ကောင်းစွာဖြေကြား ပြောဆိုလိုသူသည် ဥဂ္ဂဟသူဌေး ပြောကြားသည့်အတိုင်း ဖြေကြားပြောဆိုရာ၏။ ရဟန်း . . . ဥဂ္ဂဟသူဌေးကို သူဖြေကြားသော အံ့ဖွယ်ရှစ်ပါးတို့နှင့် ပြည့်စုံ၏ဟု ငါဘုရား မိန့်ကြားအပ်ပေ၏။ ဥဂ္ဂဟသူဌေးကို ဖြေကြားအပ်သော အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံသူဟူ၍ မှတ်ပါလေလော့”

ဟု ဘုရားရှင်က မိန့်ကြားသည်။

◆◆◆

အခါတစ်ပါး၌ ဝေသာလီပြည်၌ ဥဂ္ဂဟသူဌေး ကွယ်လွန်ပြီးသော် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံတစ်ဘုံ၌ ဖြစ်လေသည်။

ထိုအချိန်သည်ကား ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအခါ သန်းခေါင်ယံ၌ အလွန်နှစ်သက်ဖွယ်သော


www.burmeseclassic.com

www.burmeseclassic.com

အဆင်းရှိလျက်၊ ဇေတဝန်ကျောင်းတော်တစ်ခုလုံးကို ထိန်လင်း တောက်ပစေကာ ဥဂ္ဂဖြပ်မှာသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ရပ်တည်နေလျက် နေသည်။ ထိုအခါ ဘုရားရှင်က…

"ဥဂ္ဂ… အသို့နည်း။ သင့်အဖို့ရာ အလိုအတိုင်းပြည့်စုံ၏လော"

ဟု မေးသည်။

"မြတ်စွာဘုရား…တပည့်တော်အဖို့ရာ စင်စစ် အလိုအတိုင်း ပြည့်စုံပါ၏"

"ဥဂ္ဂဖြပ်မှာ… နှစ်မြို့က်စွာ ပေးလှူသူသည် နှစ်မြို့က်ဖွယ်ကို ရ၏။ မွန်မြတ်သည်ကို ပေးလှူသူသည် တစ်ဖန်မွန်မြတ်သည်ကို ရ၏။ တောင့်တအပ်သည်ကို ပေးလှူသူသည် တောင့်တအပ်သည်ကို ရ၏။ ချီးမွမ်းအပ်သည်ကို ပေးလှူသူသည် ချီးမွမ်းအပ်သည့် ဌာနသို့ ရောက်၏။

အကြင်သူသည် အထွတ်အမြတ် ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏။ တောင့်တအပ်သော ပစ္စည်းကို ပေးလှူလေ့ရှိ၏။ အကြင်သူသည် ချီးမွမ်းအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏။ ထိုသူသည် ဖြစ်လေရာရာ ဘုံဘဝ၌ အသက်အရှည်ဆုံး၊ အခြံအရံအများဆုံးသူ ဖြစ်ရာ၏"

ဟု ဘုရားရှင်က ဟောကြားပြတော်မူသည်။

ဤသို့လျှင် ဘုရားရှင်လက်ထက်၌ ဆန်းကြယ်အံ့ဖွယ်သော ဥဂ္ဂသူဌေး၏ ဘဝဖြစ်စဉ်ကလည်း တစ်မျိုးထူးဆန်းနေလေသည်သာ။

* * *

အင်္ဂုတ္တိုလ်ဘျင်အဋ္ဌကထာ (မြန်မာပြန်)၊ ဘိ–ဓေ

ကျမ်းကိုး

- အင်္ဂုတ္တိုရ်-သမေနသမဒါနသုတ်။
- ဓမ္မပဒ၊ ဥဂ္ဂသူဌေး ဝတ္ထု။


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်း



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမှ
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာ
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြ
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြ
နာရီမိနစ်၊စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီး
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာ
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟော
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသဘောသားများလိုင်းကောင်းကောင်းရ
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံ
စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရှုပ်ရည်ချော
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြု
ခြင်းအိမ်ခြံကားရောင်းထွက်စေ…ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစ်
ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်
မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာ
များ ဗီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဉာဏ်မှ
လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေ့ရပ်လိပ်စာဖော်ပြ၍မေးမြန်း
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလို
မည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့

ရန်ကုန်မြို့။(ပိတ်ရက်မရှိ)

☎ 01- 394727, 0949 312100 , 0949 320960, 01-73009994, 0951 5?521




www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးဆပ် အလင်္ကာ၊ ပဒေသရာဇ်လာနဲ့ သာသနာတော်အောင်ပွဲ

**ဆုမွန်ဦး (ဟသ်ာတ)**



ကျေးဇူးဟူသော စကားကို ကျွန်တော် ကြားခဲ့ဖူးသည် ကြာခဲ့ပြီ။ မိဘကျေးဇူး၊ ဆရာ့ကျေးဇူး၊ ဆွေမျိုးဉာတကာ ရဲ့ ကျေးဇူး၊ အပေါင်းအသင်း ရောင်းရင်းတို့ရဲ့ ကျေးဇူး၊ ထူးထူးသော ကျေးဇူးတရားတို့ များစွာရှိကြလေသည့် က် မိဘကျေးဇူးဟူသည်ကား အရာရာသော တရားတို့ က် ကြီးမားလေသော အရာသာဖြစ်လေသည်။ ကျေးဇူးရှိ သော်လည်း ကျေးဇူးဆပ်ခွင့် မကြုံ၊ ကျေးဇူးသိသော်လည်း ကျေးဇူးဆပ်ခွင့်မရကြသော လူသားတွေလည်း ရှိသည်။ လူနဲ့ ကျေးဇူးတရား၊ ကျေးဇူးတရားနဲ့ လူဆိုသော သတ္တဝါ[illegible] မွေး ကမ္ဘာဦးကတည်းက ရှိခဲ့ကြပေမယ့် ငြိမ့်ညောင်း ယာချောမွေ့ခဲ့ကြသည်က ခပ်ရှားရှား။

"ဩော် . . . ခုတော့ ကြုံတောင့်ကြုံခဲ ကြားရခဲတဲ့ အသံသဲ့သဲ့လေးတစ်ခုက မိဘကျေးဇူးပွဲတဲ့"

ဩော် . . . ဒီလို ကြားလိုက်ရတော့ သာဓုအဖြာဖြာ အခါခါခေါ်လိုက်မိတာက ကျွန်တော်ရယ်ပါ။ စာရေးသူရဲ့ ဦးလေးတော်သူလည်း ဖြစ်၊ ကျေးဇူးတရားလည်း ရှိတဲ့ ဦးဝင်းနိုင်(အတာ)+ဒေါ်မိုးမိုးသူတို့က သူတို့ရဲ့ အမေ၊ စာရေးသူရဲ့ အဘွား အသက် ၉၆နှစ်ရှိပြီဖြစ်တဲ့ အမေ ဒေါ်ငြိမ်းရင် ကို အသက်ရာပြည့် အကြိုကျေးဇူးဆပ်ပွဲနဲ့ သိက္ခာထပ်၊ ရဟန်းခံ ရှင်ပြုပွဲ ကျင်းပပြုလုပ်မယ့်အကြောင်း သတင်း စကားတစ်ရပ်ပါးလာတယ်။

ကျွန်တော်တို့ရဲ့ အဘွား ဒေါ်ငြိမ်းရင်ဆိုတာ အသက် ၉၇နှစ်ရှိပြီး မှတ်ဉာဏ်အားတွေ ကောင်းဆဲ၊ သတိတရား တွေ လတ်ဆတ်ဆဲ၊ တရားဘာဝနာမြဲမြံဆဲဖြစ်သော၊ [illegible]

www.burmeseclassic.com

ဉာဏ်နည်းနည်းလျော့သွားတာကလွဲလို့ ငယ်ရွယ်နုပျိုသော လူတစ်ယောက်နဲ့မခြား သန်တုန်းမြန်တုန်း၊ သွားနေတုန်း၊ လာနေတုန်း။ ကိုယ့်အရိုး ကိုယ်သယ်နိုင်တုန်းပင်။ ဩဇာ·သီလ သမာဓိတရားတွေ ကောင်းလေစွ။ အတိတ်ဘဝအတိတ်က ဒါနမျိုးစေ့တွေ ကောင်းလေစွဟု ဆင်ခြင်ခဲ့မိသည်။

အဘွားငြိမ်းတွင် သားသမီး ၁၀ယောက်တိတိရှိ၏။ တစ်ဦးတစ်ယောက်မှ မဖိတ်မစဉ်ကြသေး။ ထို ၁၀ဦးအနက် ကျွန်တော့်အမေမှာ အကြီးဆုံးဖြစ်၍ ကိုဝင်းနိုင်(ဓ)ကိုတာမှာ အငယ်ဆုံးဖြစ်သေည်။ ကျေးဇူးဆိုတာ ဆပ်ခွင့်လည်း ကြုံမှ၊ ဆပ်လည်း ဆပ်ချင်မှ၊ ဆပ်ရကောင်းမှန်းလည်း သိမှ၊ ဆပ်နိုင်တဲ့ အင်အားလည်း ရှိမှ။ ဒီတော့ ကျွန်တော် လွန်လွန်ကျူးကျူးအဆိုတစ်ရပ်ကို ဆိုက်လိုက်ချင်သည်။ အဲဒါက ဘာလဲဆိုတော့ မိဘကျေးဇူးတရား ဆပ်ခွင့်ကြုံရတဲ့သူဟာလည်း ဒုလ္လဘ တရားတစ်ခုကို ရရှိတဲ့သူပဲရယ်လို့ ဆိုချင်ပါသည်။

ရန်ကုန်ကို အလုပ်ကိစ္စနဲ့ သင်တန်းတက်ဖို့ လာတော့ ကိုဝင်းနိုင်ကို ကျွန်တော်သွားတွေ့တယ်။ သူ့ရဲ့ ကျေးဇူးဆပ် အလှူပွဲအစီအစဉ်လေးကို ပြောပြသွားတယ်။



## ဓမ္မပူဇာမင်္ဂလာအခါ

အလှူတစ်ခုပြုလုပ်တော့မယ်ဆိုတော့ သာသနာဆိုင်ရာ ကိစ္စတွေနဲ့ ပတ်သက်လို့ တတ်သိ ညွှန်ကြား အကြံပေးနိုင်တဲ့၊ မိဘသဖွယ် ဆရာတစ်ဆူလည်း ဖြစ်တဲ့ လှိုင်သာယာမြို့ အောင်ပရဟိတ ဆရာတော်ထံ အကြံတောင်း လျှောက်ထားပြီး ဆရာတော်ရဲ့ အကြံပေးချက်နဲ့အတူ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ရက်၊ ၁၃ရက်နေ့ညများမှာ အလှူဒါယိကာမကြီး ဒေါ်ငြိမ်းရင်ရဲ့ အလှူတော်မင်္ဂလာမဏ္ဍပ်မှာ နိဗ္ဗာန်မင်္ဂလည်း ဆင်မြန်းနိုင်ဖို့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များကို အောင်ပရဟိတ ဆရာတော် ဘဒ္ဒန္တသူရိယ (မဟာသဒ္ဓမ္မဇောတိကဓဇ)မှ နှစ်ညတိုင်တိုင် ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့တော်မူလေသည်။

အဘွားငြိမ်း၏ အိမ်ကလေးရှေ့ရှိ အလှူမင်္ဂလာမဏ္ဍပ်ထဲတွင်တော့ တရားနာကြတဲ့ တရားနာ ဒဿပရိသတ်တွေက မဏ္ဍပ်တစ်ခုလုံးပြည့်ရုံမက၊ လမ်းမပေါ်ကိုပင် ပြည့်လျှံရင်း လမ်းဓောင် ပိတ်၍သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

**ရက်မြတ်သိက္ခာအလှူတော်မင်္ဂလာ**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ရက်(၉-၄-၂၀၁၃)ရက်နေ့မှာတော့ အလှူ့ဒါယကာ ဦးဝင်းနိုင်(ဦးတာ)+ဒေါ်မိုးမိုးသူတို့က သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရာအမှန်မြတ်နိဗ္ဗာန်ကို ရည်သန်လို့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မွေးသမိခင်ကြီး ဒေါ်ငြိမ်းရင်၏ ရာပြည့်အကြို ပူဇော်ပွဲနဲ့ သာသနာတော် အောင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့လေသည်။

ထိုအလှူပွဲတွင်. . .

(၁) ဘဒ္ဒန္တသူရိယ(မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အောင်ပရဟိတ ဆရာတော်၊ လှိုင်သာယာ)။

(၂) ဘဒ္ဒန္တဓမ္မဗဓ (လှိုင်သာယာမြို့နယ်၊ သံဃနာယက ဥက္ကဋ္ဌ၊ ဓမ္မဝိဟာရကျောင်းဆရာတော်)။

(၃) ဘဒ္ဒန္တ သုစိတ္တ (ရွှေသာလျောင်းကျောင်းဆရာတော်)။

(၄) ဘဒ္ဒန္တသုဇာတာ(ဗောဓိကျောင်းဆရာတော်)

(၅) ဘဒ္ဒန္တသုမန(ရွှေသာလျောင်းကျောင်းဆရာတော်)။

(၆) ဘဒ္ဒန္တဇဝန (ရွှေသာလျောင်းကျောင်းဆရာတော်)။

ဆရာတော် ၆ပါးအား တရားဓမ္မသတ် သိက္ခာတော်ထပ်လို့ ဒုလဘ္ဘရဟန်းမြတ် ၁၆ပါး၊ ရှင်သာမဏေ ၁၄ပါး၊ စုပေါင်း ၃၆ပါးနှင့်အတူ ၁၃၇၄ ခု၊ တပေါင်းလပြည့်ကျော် ၁၅ရက်နေ့တွင် သိမ်င်းလောင်းလှူ ကုသိုလ်တော်ယူခဲ့ကြလေသည်။

**ဇာတိမြေကြီးအလှူတော်ခရီးအစ**

ဧပြီလ ၈-ရက်နေ့မှာတော့ ကျွန်တော်တို့မိသားစုနံနက် ၃နာရီမှာ ထလို့ တောင်ဥက္ကလာပ (၇)ရပ်ကွက်ရှိ အဒေါ်အိမ်လေးရှိရာသို့ တက္ကစီငှားပြီး ထွက်ခဲ့ကြသည်။

နံနက် ၄နာရီခန့်ရှိတော့ အဒေါ်အိမ်လေးဆီမှ ကားနှစ်စီးဖြင့် ထွက်ခဲ့ကြသည်။

နွေဟု ဆိုသော်လည်း နံနက်အစဦးကာလတွင် အအေးဓာတ်က တွေးပတ်ရင်း ဇာတိပြလာသည်။ တဟူးဟူးတိုးဝှေ့လာသောလေများကြောင့် ချမ်းအေးလာသည်။ အသင့်ပါလာသော တဘက်များဖြင့် မလုံ့တလုံ ခြုံကြရသည်။ မိမိတို့ ထွက်ခဲ့ကြသည်မှာ ကားနှစ်စီးဖြစ်၏။ ရန်ကုန်မှ ထွက်စတွင် မိုးက မလင်းသေး။ စီလီကွန်၊ နီယွန်၊ ရောင်စုံမီးလုလုလေးများက မြို့ပြပသာဒ အလှတစ်ခုကို ဖန်တီးထုဆစ်နေ၏။

ရန်ကုန်မှ လွန်လာတော့ အမှောင်ထဲမှာ ကားနှစ်စီးက တရိပ်ရိပ်ပြေးလွှားနေသည်။ ပတ်ဝန်းကျင်ကို မမြင်ရ။ မိမိတို့ကားနှစ်စီးကို အခြားကားတွေက ကျော်တက်သွားလိုက်၊ မိမိတို့ကားနှစ်စီးက အခြားကားတွေကို ကျော်သွားလိုက်နှင့် သူတစ်ပြန် ကိုယ်တစ်လှည့်။ သူက နောက်၊ ကိုယ်က ရှေ့ ကိုယ်က နောက်၊ သူက ရှေ့။ ထိုအချိန်တွင် ဆရာကြီး ဦးသုခရဲ့ ဘဝသံသရာသီချင်းကို ပြေးသတိရလိုက်မိသည်။ လောကသံသရာဟူသည် ထိုနှယ်သို့ပါလားဟု ဆင်ခြင်လိုက်မိ၏။

တဖြည်းဖြည်း မိုးလင်းလာတော့ ဝဲ-ယာ တစ်ဖက်တစ်ချက်ဆီမှ မည်းမည်းသဏ္ဍာန်အရာများက သစ်ပင်ဝါးပင်၊ လယ်ကွင်း လယ်ကွက်များအဖြစ် ထင်ထင်ရှားရှားမြင်တွေ့လာရသည်။ ကျေးလက်နှင့် တော်တော်ကြာကြာဝေးရင်း မွေးရပ်မြေဆီသို့ မပြန်နိုင်ခဲ့သော ကျွန်တော်၊ ကျေးလက်ရနံ့ လယ်ကွင်း လယ်ကွက်တွေရဲ့ လွမ်းမောဖွယ် အလှအပများ မြေသင်းနံ့နုနုထွေးထွေးများ ခံစားလာရ၏။

မိုးသည် တဖြည်းဖြည်း အုပ်မိုးထားသော ကန့်လန့်ကာကြီးကို သိမ်းရုပ်လိုက်၏။ မိုးစင်စင်လင်းသွား၏။ ရှုခင်းရှုကွက်များကို ပီပီပြင်ပြင်မြင်လာရ၏။ သို့သော် အလှအပများကို ခံစားနှစ်မြော မဆုံးလိုက်ရ။

"ဒုန်း. . .ဝုန်း. . .ဒုန်း. . .ဒုန်း"

ဆိုသော အသံကြီးကြားရင်း နောက်မှ တဖြည်းဖြည်းတက်လာသော ကုန်ကားကြီးတစ်စင်းက ဖြတ်ကျော်တက်သွားသည်။ ဖုန်လုံးကြီးတစ်လုံးက ကျွန်တော်တို့ကားကို ခြုံ[illegible]လိုက်၏။ ကျွန်တော်တို့မိသားစု တဘက်ကိုယ်စီ ဆွဲရန်း[illegible]လိုက်ရ၏။

ဇရာဝတီတိုင်းကို သွယ်ဆက်ထားသော ဗိုလ်မြတ်ထွန်းတံတား၊ ညောင်တုန်းတံတား၊ နှစ်ခုအနက် နောက်ဆုံးဆောက်လုပ်ခဲ့သည့် ညောင်တုန်းတံတားကို ဖြတ်တော့ မြစ်ဖြတ်လေ အေးမြမြသွေးက ရင်ထဲကို စိမ့်စိမ့်အေးအေးလေး ဝင်လာသည်။ ဘယ်ဆီကို လွမ်းသည် မသိ။ ရင်ထဲက နာနာကျင်ကျင်ဖြစ်လာသည်။ ဩော်. . .ဇာတိမြေကို လွမ်းတာပဲဖြစ်မည်။ ဇာတိမြေကို ရောက်တော့မည်။

ခရီးနှင်ဆိုရင် အမေတို့အိမ်၊ အဘွားတို့အိမ်ခြံဝန်းလေးထဲမှာ လူတွေ စုစုရုံးရုံးနဲ့ စည်ကားနေလောက်ပြီ။ ဆွေမျိုးအုပ်စုကောင်းသော အဘွားရဲ့ သားသမီး ၁၀ယောက်က မွေးဖွားလိုက်သော ဆွေမျိုးဉာတိတွေ နေစရာရော ရှိကြရဲ့လား။ အလှူမစမီ တစ်ရက်အလိုက ဖုန်းသတင်းတော[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ ကြိုရောက်နေတဲ့ အုပ်စုတွေက အိမ်တွေ၊ အိမ်တွေမှာ နေရာအပြည့်ယူထားကြပြီတဲ့။

ဩော်... ဘာပဲဖြစ်ဖြစ် နေစရာရှိရှိ၊ မရှိရှိ၊ တဲစရာရှိရှိ၊ မရှိရှိ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ပြည်ကိုယ့်မြေ၊ ကိုယ့်အမေ၊ ကိုယ့်အဘွား၊ ကိုယ့်ဉာတိသားတွေနဲ့ တွေ့ဖို့ လူတိုင်း သွားချင်ပြန်ချင်တာက သဘာဝလေ။ ဇာတိချစ်စိတ်၊ မွေးရပ်ချစ်စိတ်ဆိုတာ ဒါလားဆိုတဲ့ အတွေးဝင်ခဲ့မိတယ်။ ဆားမလောက်၊ ညောင်တုန်း၊ ဓနုဖြူ စတဲ့ မြို့တွေလွန်၍ ဇလွန်ရောက်တော့ ပြည်တော်ပြန်ဘုရားကို ဝင်ပြီး ဖူးကြသည်။

နံနက် ၁၁နာရီခန့်ရောက်တော့ အလှူပွဲကျင်းပရာ မြတ်ဌာနသို့ ရောက်တော့၏။ အလှူမဏ္ဍပ်တစ်ခုလုံး သွားလာ လှုပ်ရှားနေရင်း အလုပ်ရှုပ်နေကြသည်။ လမ်းဘေး ၁စ်လှျောက်မှာတော့ အလှူမဏ္ဍပ်နဲ့ ထမင်းရုံကြီးက ဘေးချင်းယှဉ်ပြီး ထိုးထားသည်။

"မဏ္ဍပ်ထိုးပြီးတဲ့ နေ့ကတည်းက ထမင်းကျွေးနေတာ ၂ဆိုရင် ခုနစ်ရက်လောက်ရှိနေပြီ၊ ကျွေးတဲ့ ထမင်းနဲ့ ဟင်း၊ ၄ ဘွကလည်း ရှယ်တွေဗျ"

ထိုစကားကြားတော့ ထမင်းရည်ချောင်းစီး မောင်းတီး လှူတဲ့ အလှူဟူသော စကားကို သတိရမိသည်။ (၉-၄-၂၀၁၃)နေ့နံနက်မှာတော့ မောင်ရှင်လောင်း၊ ပဥ္စင်းလောင်းတွေကို ကားပေါ် တင်ပြီး ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်၊ သက်န်းပရိက္ခရာတွေ ကိုင်တဲ့သူတွေက ဦးဆောင်ရှင်ရှင်လောင်းလှည့်ကြလေသည်။

ညနေ နေစောင်းတော့ အလှူဒါယိကာမကြီး အဘွား ငြိမ်းမဏ္ဍပ်မှာ ဆံချလို့ ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေပြုပေးပြီး ရေစက်ချ အမျှဝေ သာဓုအထွေထွေခေါ်ခဲ့ကြလေသည်။ ထိုနေ့ညဘက်မှာတော့ သာသနာတော်ပွဲကြီး ပြီးမြောက်ခြင်း အောင်ပွဲအဖြစ် ဆရာတော် ဦးသုရိယရဲ့ ဘက်စုံ စံပြ ပရိယတ္တိကျောင်းမှ ရှင်သွေးငယ်များရဲ့ အကအလှ သဘာဝ ပဒေသာကပွဲနဲ့ နှစ်ညတိတိ တင်ဆက်ဖျော်ဖြေခဲ့လေသည်။

တပေါင်းလပြည့်ကျော် ၁၅ရက်၊ လကွယ်နေ့ နံနက် ၈-နာရီမှာတော့ ဒုလဘ္ဘဆရာတော် ၃၆ပါးနဲ့ သံဃာတော် ၁၀၃ပါးတို့အား သိမ်ဆင်းလောင်းလှူ ပူဇော်ပြီး၊ ထိုနေ့ညနေစောင်းတော့ နီဗွာန်ရွှေပြည် အလှူမင်္ဂလာမဏ္ဍပ်ဆီမှ မဟာရန်ကုန်မြို့ ပြဆီသို့ ပြန်ခဲ့ကြသည်။ အပြန်ခရီး နီဗွာန်ရွာအတွက် လေပြေထဲမှာ ဝေ့ဝဲပါလာတဲ့...

"ဘယ်စာကို ဘယ်နှဝါ မောင်သင်မတုန်း ××× ဘယ်စာကို ဘယ်နှဝါ မောင်သင်မလို့တုန်း×××ပြောခဲ့ပါဦး××× ဆိုတဲ့ အဆိုတော် တွံတေး သိန်းတန်ရဲ့ အလှူမင်္ဂလာ ဗျောသီချင်းသံက ရင်ဝကို ထိမှန်၊ သာဓုခေါ်သံတွေက မိုးယံတစ်ခွင်တစ်ပြင်လုံးထိ မြည်ဟီးဆူညံ လွှင့်ပျံနေပါလေတော့သည်။

* * *

ဆုမွန်ဦး(ဗ[illegible])



www.burmeseclassic.com

www.burmeseclassic.com

# မတာန်မရာ မာန်အာဏ္ဍာ

ဠိလုလင် (မအူပင်)



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး စံတော်မူသော ကာလဖြစ်သည်။

ဂေါတမဗုဒ္ဓ၏ ယောက်ဖတော် ရှင်ဒေဝဒတ်သည် အမျိုးမျိုးသော နည်းနာတို့ဖြင့် ဘုရားရှင်အား ထော်လော်ကန့်လန့်တိုက်ကာ ဘက်ပြိုင် အန်တုနေချိန်ဖြစ်၏။ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွချီလာသော အရှင်အာနန္ဒာကိုယ်တော်နှင့် ရှင်ဒေဝဒတ်တို့ လမ်းခရီးတစ်နေရာဝယ် ဆုံတွေ့ခဲ့ကြတော့၏။

"ငါ့ရှင် အာနန္ဒာ···ငါသည် ယနေ့အဖို့မှစ၍ ဂေါတမအရိပ်အောက်၌ ငါ မနေလိုပြီ။ တသီးတခြား ဖယ်ခွာ၍ ဥပုသ်ပြုမည်ဖြစ်အံ့။ သံဃကံကို ရွက်ဆောင်ပေတော့အံ့"

ဟု ပုတ်ခတ် မိန့်ဆိုလျက် ဆက်လက်ကြွချီသွားလေသည်။

ရှင်အာနန္ဒာကိုယ်တော်လည်း သူ ကြုံတွေ့ကြားသိလိုက်ရသော အကြောင်းအချင်းအရာအား မြတ်ဗုဒ္ဓထံပါးသို့ ပန်ကြား လျှောက်တင်လိုက်လေ၏။

"ချစ်သား အာနန္ဒာ···သူသည် ငါဘုရားထံပါးတွင် တောင်းဆိုလာသော ဝတ္ထုငါးပါးအပေါ် ပယ်တော်မူလိုက်သည့် အချက်ကြောင့်သာတည်း။ ဤသို့ မပြုအပ်သော သံဃာသင်းကွဲခြင်းအမှုကို ပြုလေစွတကား။ သူသည် မဟာအဝီစိငရဲ၌ ကြီးစွာသော ဒုက္ခကို ခံစားရလေလတ္တံ့"

ဟု ကြီးစွာသော ဓမ္မသံဝေဂကို ဖြစ်တော်မူခဲ့လေသည်။

◆◆◆

ရှင်ဒေဝဒတ်သည် တစ်နေ့သော ဥပုသ်အခါ၌ သူ့ပရိသတ်နှင့်သူ တစ်နေရာတွင် နေပြီးသော် ငါးပါးသော ဝတ္ထုတို့ကို မြွက်ဟ၍ အကြင်သူတို့ နှစ်သက်သနည်း၊ နှစ်သက်သူတို့ စားရေတံယူကြစေဟု ဟောပြောကြွေးကြော်လေရာ ကြားနာရသူ ရဟန်းငယ် ငါးရာသည် လွတ်လပ်မှုရှိလေသည်ဟု မှတ်ယူ၍ စာရေးတံ ယူခဲ့ကြကုန်၏။ ထိုသို့ စာရေးတံကို နှစ်သက်စွာ ယူငင်ကြကုန်သော ဝဇ္ဇီ ရဟန်းငယ်ငါးရာကို ဦးဆောင် ခေါ်ငင်ကာ သံဃာထုအား သင်းခွဲပြီးလျှင် တစ်စင်ထောင်ရန် ဂယာသီသမြို့သို့ ထွက်ခွာသွားကြလေကုန်၏။ ယခင်ကတည်းက ရှင်ဒေဝဒတ်နှင့် တစ်ကျိုပ်တည်း တစ်ဉာဏ်တည်းဖြစ်သော ရှင်ကောကာလိကတို့ ရဟန်းကြီးအုပ်စုလည်း ပါရှိသွားခဲ့ကြလေသည်။

ဤသို့ ပြုမူသွားခဲ့သော ဖြစ်စဉ်ကို မြတ်ဗုဒ္ဓဘုရားရှင် သိတော်မူလေသောအခါ သူ၏ သာဝကကြီးနှစ်ပါးဖြစ်သော ရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်ကိုယ်တော်တို့အား ဂယာသီသမြို့သို့ စေလွှတ်တော်မူပြီးလျှင် ရဟန်းငယ် ငါးရာတို့အပေါ် ဆုံးမ ခေါ်ယူစေ၏။ သာဝကကြီးနှစ်ပါးလည်း ဂယာသီသမြို့သို့ ကြွရောက်လာပြီးလျှင် ရဟန်းငယ်တို့အား ဆုံးမဩဝါဒပေးနေစဉ် ရှင်ဒေဝဒတ်သည် သူကိုယ်သူ ကြီးမြတ်သော ဘုရားရှင်သဏ္ဍာန်ပြု၍ အလယ်ကောင်မှ ဝင်ရောက်ကာ တရားဟောကြားမည့်ဟန်ကို ကြံဆ ပြုလုပ်သေး၏။ မရနိုင်မှန်းသိသောအခါကျမှ သလွန်ညောင်စောင်းတွင် ဘုရားရှင် ကျိန်းစက်နေဟန်ပြု၍ အိပ်စက်နေလိုက်လေသည်။

မြတ်ဗုဒ္ဓဘုရားရှင်က စေ[illegible]တော်မူ၍ လိုက်လာသော သာဝကကြီးနှစ်ပါးလည်း ရဟန်းငယ်များသို့ ဆုံးမဩဝါဒပေးပြီးလျှင် ကောင်းကင်ခရီးဖြင့် ပြန်လည်ခေါ်ငင်သွားလေတော့၏။ ဤအချင်းအရာကို အစမှ အဆုံးတိုင် သိမြင်လိုက်သော ရှင်ဒေဝဒတ်၏ အပေါင်းအဖော်ဖြစ်သူ ရှင်ကောကာလိကသည် ဒေါသူပုန်ထကာ ကျိန်းစက်နေသော ရှင်ဒေဝဒတ်အား ကြည့်၍···

"ငါ့ရှင် ဒေဝဒတ်···ထလော့၊ သင့်ပရိသတ်ဖြစ်တဲ့ ရဟန်းငယ် ငါးရာကို မောဂ္ဂလာန်နှင့် သာရိပုတ္တရာတို့က ခေါ်ငင် ဆောင်ယူသွားခဲ့ကြလေပြီ။ သင်ပြောတော့ သူများလူကို ကိုယ့်လူဖြစ်အောင် သွေးဆောင်တတ်ပါတယ်ဆိုခတော့ ဘယ့်နယ့်ရှိစွ၊ သင် သိသိကြီးနဲ့ မသိချင်ယောင်ဆောင်နေတာမဟုတ်လား"

ဟု ဒေါသခက်ထန်စွာ ပြောဆိုရင်း ရှင်ဒေဝဒတ်၏ ရင်ဘတ်သို့ ဖနောင့်နှင့် ဆောင့်နင်းပေါက်ချလိုက်တော့၏။

ထိုသို့ ပြုမူချက်ကြောင့် ဒေဝဒတ်၏ နှုတ်ထက်မှ သွေးစိမ်းရှင်ရှင်တို့သည် အန်ပွက်လျက် စီးကျကုန်လေသည်။ ဤသို့ ဖြစ်ပျက်မှုနောက်ပိုင်းတွင် ရှင်ဒေဝဒတ်လည်း ရဟန်းအဖြစ်မှ ဆုတ်ယုတ်မေးမှိန်ကာ ပရိသတ်တို့၏ လှူဖွယ်လာဘ်လာဘ ပူဇော်မှုလည်း မရတော့ပေ။ စိတ်ဓာတ်တွေညှိုးချုံးယွင်းပျက်ကာ မသေမီ ကိုးလပတ်လုံး မကျန်းမမာဘဝဖြင့် ကြီးစွာသော ဒုက္ခဝေဒနာများ ခံစားနေရလေသည်။

နောက်ဆုံးကာလ၊ သူ မသေမီ ဘုရားရှင်အား ဝန်တောင်းပန်ကာ ဖူးမြင်လိုပါသည်။ ငါ့အား ဘုရားရှင်ရှိရာ အရပ်ဒေသသို့ ပို့ဆောင်ပေးကြပါဟု တပည့်နောက်လိုက်တို့

www.burmeseclassic.com

www.burmeseclassic.com

[..]အား အတန်တန်တောင်းပန်ခဲ့၍ သူ့ လဲလျောင်းရာ သလွန်ညောင်စောင်းအား လေးဘက်လေးတန် ထမ်းပိုးသယ်ယူခဲ့ကြလျှင် ဘုရားရှင်ထံပါးသို့ ထွက်လာခဲ့ကြတော့၏။

ထိုသတင်းစကားကို ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော ရှင်အာနန္ဒာကိုယ်တော်နှင့် ရဟန်း ပရိသတ်တို့က ဘုရားရှင်ထံသို့ လျှောက်ပန်ကြလေသည်။ ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တော်၌ မဟုတ်ဘဲ၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူခိုက်ဖြစ်ရာ ဤသတင်းစကားကို လျှောက်တင်လာကြကုန်သော တပည့်သာဝကနှင့် ရဟန်းတော်အပေါင်းတို့အား···

"ငါ၏ ချစ်သားတို့··ဒေဝဒတ်သည် ငါဘုရားရှင်အား ဖူးမြင်ခွင့်မရနိုင် ဖြစ်လတ္တံ့"

ဟု နှုတ်ခြွေ မိန့်ကြားတော်မူ၏။

ညီတော် အာနန္ဒာနှင့် ရဟန်းတော်တို့သည် ဒုတိယအကြိမ် သတင်းစကားအား လျှောက်ပန်ကြားကြပြန်၏။

"အရှင်မြတ်စွာဘုရား···ဒေဝဒတ်သည် ဤဇေတဝန်ကျောင်းတော်နှင့် တစ်ယူဇနာခန့် ဝေးကွာသော အရပ်သို့ ရောက်ရှိနေနှင့်ပါပြီ ဘုရား"

ဟု လျှောက်တင်မှုအပြီးတွင် မြတ်စွာဘုရားရှင်သည်···

"အို···ငါ၏ ချစ်သား ရဟန်းတို့···ဒေဝဒတ်သည် ထိုသည့်နေရာသို့ပင် ရောက်ရှိလာစေကာမူ ငါဘုရားရှင်အား ဤခန္ဓာကိုယ်ဖြင့် ကိုယ်ထိလက်ရောက် ဖူးမြင်ခွင့် မရနိုင်လတ္တံ့"

ဟု ဒုတိယအကြိမ်မြောက် ထပ်မံ မိန့်ကြားပြန်လေသည်။

ရှင်ဒေဝဒတ်အား ထမ်းပိုး သယ်ဆောင်ခဲ့ကြသော သူ၏ တပည့်များသည် ဇေတဝန်ကျောင်းတော်ကြီးအနီးရှိ ရေကန်ကြီးကို ရောက်ရှိတွေ့မြင်သည်နှင့် တစ်ပြိုင်နက်၊ သူတို့၏ မောပန်းနွမ်းနယ်မှုကို ပြေပျောက်စေရန်အလို့ငှာ ကန်ပေါင်တစ်နေရာတွင် သူတို့ဆရာ ရှင်ဒေဝဒတ်အား သလွန်ညောင်စောင်းနှင့်တကွ ချထားပြီးသော် ကန်ပေါင်အတွင်းသို့ သက်ဆင်းကာ ရေချိုးကြကုန်၏။ ရှင်ဒေဝဒတ်သည်း ရေသံကြားရသည်နှင့် သလွန်ပေါ်၌ လဲလျောင်းနေရာမှ မိမိကိုယ်ကို အားယူမတ်၍ သူ၏ ခြေအစုံကို ကန်ပေါင်မြေပေါ်သို့ ချလိုက်စဉ်ခဏတွင် မြေသို့ ထိခတ်သွားသော သူ၏ ခြေအစုံမှစ၍ မြေကြီးသည် ဟက်တက်ကွဲကာ တဖြည်းဖြည်းပင် ဝါးမျိုခြင်းကို ခံစားရလေတော့သည်။

ဤသို့ ဝါးမျိုလာရာ လည်ပင်းသို့ အရောက်တွင် သူ့ဘဝ၏ နောက်ဆုံး ဝန်ချတောင်းပန်ခြင်း အာသီသကို လှုံ့လပြုကာ ဂါထာတစ်ပုဒ်ဖြင့် နှုတ်ထွက် ရွတ်ဆိုပူဇော်မှုအပြီး၌ ရှင်ဒေဝဒတ်၏ ကာယကိုယ်ကြီးသည် အရှင်လတ်လတ် မြေမျိုကာ မဟာအဝီစိ ငရဲသို့တိုင် ကျရောက်သွားလေတော့သည်။

ရှင်အာနန္ဒာနှင့် ရဟန်းတော်တို့သည် ဤအချင်းအရာတို့ကို သိမြင်ခဲ့ရပြီးလျှင် ဇေတဝန်ကျောင်းတော်ကြီးရှိရာသို့ စုဝေးရောက်ရှိလာကြပြီး မြတ်ဗုဒ္ဓဘုရားရှင်အား ဦးခိုက် ရှိကျိုး ရှိခိုးကန်တော့ကြလျက် သိလိုသမျှ မေးမြန်းလျှောက်ထားကြကုန်၏။

"ငါ၏ ချစ်သားတို့·· ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရားရှင်ကို တုပ၍ ပျက်စီးခြင်းကို ကြုံရသည် မဟုတ်ချေ။ ရှေးယခင်ဘဝဟောင်းကလည်း ဤသို့ပင် ပျက်စီးခဲ့ဖူးပြီ"

ဟု မိန့်ကြား ပြေတော်မူကာ "ဝိနီလက" ဇာတ်တော်အား ဆောင်ယူတော်မူ၍ ဟောကြားပေးတော်မူလေသည်။

•••

ဝိဒေဟတိုင်း၊ မိတ္ထီလာပြည်တွင် ဘုရားအလောင်းတော်ဖြစ်သည့် ဝိဒေဟမင်းကြီး ထီးနန်းစိုးစံစဉ်ကာလဖြစ်၏။ ထိုအချိန်တွင် ဟင်္သာအပေါင်းတို့၏ ဦးစီး ဦးဆောင်ဖြစ်သော ရွှေဟင်္သာမင်းသည် အစာရှာသွားလာရင်းက လွန်စွာကြော့ရှင်းလှပသော ကျီးမဲမတစ်ကောင်နှင့် မေတ္တာသက်ဝင်ပြီး သံယောဇဉ်ဖြစ်ကာ ယှဉ်ပါးမိခဲ့ကြလေသည်။ များမကြာမီ ထိုကျီးမနှင့် ရွှေဟင်္သာမင်းတို့၏ ရင်သွေးငယ်တစ်ကောင် မွေးဖွားသန့်စင်လာတော့သည်။ သူတို့နှစ်ဦးမှ ဆင်းသက်လာသော ကျီးသားငယ်သည် ချစ်စဖွယ်ကောင်းသည်ဟု ဆိုရပေမည်။ ဖခင် ရွှေဟင်္သာကြီးနှင့်လည်း မတူ၊ မိခင် ကျီးမနှင့်လည်း မတူချေ။ ထိုသားငယ်သည် ရွှေရောင်သို့လည်း မဝင်းပ၊ အမိနှင့် တူရအောင်လည်း မမည်းမကြုတ်။ နှစ်ရောင်စပ် အသားအရေနှင့် သူ၏ အဆင်းသဏ္ဌာန်ကား မဝါသော၊ မညိုသော၊ မမည်းသော အဆင်းသာတည်း။ အကောင်ပေါက်စကပင် ချစ်စဖွယ်ဖြစ်နေ၏။

ဖခင်ဖြစ်သူ ရွှေဟင်္သာမင်းမှာလည်း ဤသားငယ် မမွေးဖွားမီကပင် ရွှေဟင်္သာမင်းနှင့် ထပ်တူညီမျှ လှပသော သားနှစ်ပါးသည်လည်း ဟင်္သာတို့ စုဝေးနေထိုင်ရာအရပ်တွင် ရှိနှင့်ခဲ့ပြီးဖြစ်လေသည်။ သို့သော်ငြားလည်း ရွှေဟင်္သာမင်းသည် သူ၏ သားထွေးလေးကို မညိုလွန်း၊ မရွှေလွန်း၊ မမည်းလွန်း


www.burmeseclassic.com

www.burmeseclassic.com

> ဒါဟော ... ဝိနီလက၊
> နှယ်နှယ်ရရမှတ်လို့ မိဏ္ဍီလာပြည့်ရှင်
> ဝိဒေဟမင်းမြတ်ကို
> အာဇာနည် သိန္ဓောမြင်းဖြူကြီး လေးကောင်က
> ဆောင်ပို့ သယ်ယူပေးရသလို၊
> ငါ့လို မြင့်မြတ်တဲ့
> ကျီးဟသာငယ်ကိုလည်း
> ယုတ်ညံ့တဲ့ ရွှေဟသာညီနောင်က
> ဆောင်ယူ သယ်ပို့ပေးကြရတယ်ဟေ့

သော ကိုယ်ရောင်ရှိနေသဖြင့် "ဝိနီလက"ဟု အမည်မှည့်ခေါ်ခဲ့လေ၏။ သားဟူသော ချစ်ခြင်းမြဲ သံယောဇဉ်ကြောင့် လူတို့နေထိုင်ရာအရပ်နှင့် နီးစပ်လှသော ထိုအရပ်ဒေသရှိရာသို့ မကြာခဏဆိုသလိုပင် "ဝိနီလက"လေးအား သွားရောက်ကာ စောင့်ရှောက်လေ့ရှိသည်။

ဤအကြောင်းအခြင်းအရာတို့ကို သိနေခဲ့ကြပြီးဖြစ်သည့် ရွှေဟသာမင်း၏ သား ရွှေဟသာနှစ်ကောင်မှာ သူတို့ဖခင်ကြီးအား မဆိုင်းမတွပင် မေးမြန်းလေတော့သည်။

"အို…ဖခင်ကြီး၊ ကျီးမ မိခင်နှင့် သံဝါသကိစ္စကြောင့် ပေါက်ဖွားလာခဲ့သော သားတို့ရဲ့ ညီထွေးလေးအကြောင်းကို သိရပါပြီ။ ဒီညီလေးကိုလည်း သားတို့ ချစ်မြတ်နိုးပါသည်၊ ဖခင်ကြီးအနေနဲ့ မကြာခဏဆိုသလို သွားရောက်ခြင်း မပြုပါနှင့်။ အန္တရာယ်ရှိနိုင်ပါသည်။ သားတို့ရဲ့ အရပ်ဒေသရှိရာသို့ ညီငယ်လေးကို သွားရောက်ခေါ်ဆောင်ခွင့်ကိုသာ ခွင့်ပြုပေးပါ ဖခင်ကြီး"

"အိမ်း…ဝမ်းမြောက်ဝမ်းသာဖြစ်ရပါဘိကွယ်။ မင်းတို့ရဲ့ညီထွေး ဝိနီလက ရှိရာအရပ်သည် မိဏ္ဍီလာမြို့နယ်အစပ်က ထန်းတောညိုရှိရာအရပ်ပဲ သားတို့။ ဖခင်ကြီးရဲ့ ရှေ့မှောက်သို့ အရောက်ပင် ဆောင်ယူခဲ့ကြပေတော့။ ခွင့်ပြုပါတယ် သားတို့"

ဟု ရွှေဟသာမင်းက ခွင့်ပေးလိုက်လေသည်။

◆◆◆

သို့နှင့် ရွှေဟသာညီနောင်တို့လည်း သူတို့၏ ဖခင်ကြီးကိုယ်စား သွေးသားတော်စပ်မှု ရှိနေသော ညီထွေးဖြစ်သူ ဝိနီလက ကျီးဟသာလေးအား သူ ပျော်မြူးနေထိုင်ရာ ထန်းပင်အများရှိ ကြီးမားသော ကျီးသိုက်တစ်ခုထဲတွင် ရှာဖွေတွေ့ရှိလိုက်လေသည်။

"ညီထွေးငယ် ဝိနီလက… ငါတို့၏ အဖ ရွှေဟသာမင်းကြီးက အခေါ်လွှတ်လိုက်ပါတယ်။ နောင်တော်တို့နှင့်အတူ မင်းလိုက်ခဲ့ပေတော့"

ဟု ပြောဆိုလိုက်လေသည်။

"ကောင်းလှပါပြီ၊ ညီထွေး လိုက်ပါ့မယ်။ ဒါပေမယ့် ဘယ်ပုံဘယ်လို ခေါ်ဆောင်မယ်ဆိုတာ သိပါရစေ။ ညီထွေးအနေနဲ့ ဝေးလံသော အရပ်တစ်ပါးကို မပျံသန်းဘူးသေးပါ။ အန္တရာယ်ကြောက်ရွံ့ပါတယ် နောင်တော်တို့"

ဟု ပြန်၍ မေးခွန်းထုတ်ပြန်သည်။

"ကောင်းပြီ ညီထွေး…ဘာမျှ မစိုးရိမ်နှင့်။ တုတ်တစ်ချောင်းကို ငါတို့ ဆောင်ယူလာခဲ့သည်ဖြစ်၍ ထိုတုတ်ချောင်း၏ အလယ်ဗဟိုတွင် ငါ့ညီထွေး နားနေပါ။ တုတ်၏ တစ်ဖက်တစ်ချက်စီမှ ငါတို့နှုတ်သီးဖြင့် ကိုက်ငုံကာ ပျံသန်းခေါ်ငင်ပါမည်"

ဟု ကတိပေး ပြောဆိုလိုက်လေသည်။

"ကောင်းလှပါပြီ။ အစ်ကိုကြီးနှင့် အစ်ကိုလတ်တို့၏ အစီအမံအတိုင်းပင် ညီထွေးလိုက်ပါမည်။ သွားကြပါစို့ အစ်ကိုကြီးတို့ရယ်"

သို့နှင့် ရွှေဟသာညီနောင်တို့လည်း သူတို့၏ ညီထွေးငယ်အား ခေါ်ဆောင်ပျံသန်းခဲ့ကြလေတော့သည်။ ထိုအချိန်အခါမှာပင် မိဏ္ဍီလာပြည့်ရှင် ဝိဒေဟမင်းကြီးသည်လည်း အာဇာနည် သိန္ဓောမြင်းဖြူကြီး လေးကောင် က,သော ယာဉ်ရထားကို စီးနင်းကာ တိုင်းခန်းလှည့်လည်ရင်း မြို့တော်အား လက်ယာရစ်ပတ်၍ လာတော်မူနေချိန်ဖြစ်၏။ ထိုဘုရင်မင်းမြတ်၏ နောက်လိုက် နောက်ပါ ရံရွေတော်များနှင့်အတူ တိုင်းခန်းလှည့်လည်လာမှု မြင်ကွင်းကို ကောင်းကင်ခရီးဖြင့် ပျံသန်းလာခဲ့ကြသော ရွှေဟသာညီနောင်နှင့် ကျီးဟသာငယ် ဝိနီလကတို့လည်း တွေ့မြင်ကြ၏။

ထိုမြင်ကွင်းကို ကြည့်ရင်းက ဝိနီလက ကျီးဟသာငယ်



www.burmeseclassic.com

www.burmeseclassic.com

သည် မိုက်မဲတွေဝေစွာနှင့် စိတ်ကြီးဝင်လေတော့သည်။ ထိုသို့ ဆောန်မတရာ မာန်အလွှာတက်ရုံမျှမက၊ နှုတ်ကပင် ဖွင့်ဟ ကြိမ်းဝါးပြန်လေသည်။

"ငါဟေ့…ဝိနီလက၊ နယ်နယ်ရရမှတ်လို့၊ မိတ္ထီလာ ပြည့်ရှင် ဝိဒေဟမင်းမြတ်ကို အာဇာနည် သိန္ဓောမြင်းဖြူကြီး ဆောင်းကောင်က ဆောင်ပိုး သယ်ယူပေးရသလို၊ ငါ့လို မြင့်မြတ်တဲ့ ကျီးဟသ်ာငယ်ကိုလည်း ယုတ်ညံ့တဲ့ ရွှေဟသ်ာ ညီနောင်က ဆောင်ယူ သယ်ပိုးပေးကြရတယ်ဟေ့"

ဟု ကြိမ်းဝါး ဟစ်အော်ရင်း အခန့်သား လိုက်ပါလာ လေတော့သည်။ ဤသို့သော ဝိနီလက၏ နှုတ်ထွက် စကား သံကို ကြားလိုက်ရသော ရွှေဟသ်ာညီနောင်တို့သည် စိတ် ထဲမှ ရှုတ်တရက် အမျက်ဒေါ ထခဲ့ကြလေသည်။

"တောက်…ရောက်တဲ့ နေရာကနေ ပစ်ချထားခဲ့ရင် တော့ သင်း ဒုက္ခလှလှကြီး ရောက်တော့မယ်။ တို့ကိုများ သူ့ရဲ့ စီးတော်မြင်းများ မှတ်နေရော့သလား၊ ရိုင်းလိုက်လေ"

ဟု တွေးရင်းက ပြန်လည်သည်းခံကာ စိတ်ထဲက အတိုင်း မပြုမူဘဲ ဖခင်ကြီးရှိရာသို့ အရောက် သယ်ယူ ဆောင်ပို့ပေးလိုက်လေသည်။

◆◆◆

ရွှေဟသ်ာအပေါင်းတို့၏ ပျော်စံရာအရပ်သို့ ပြန်လည် ရောက်ရှိပြီးလျှင် ဟသ်ာညီနောင်မှာ ဖခင်ကြီးကို ပေးအပ် ထားခဲ့သော ပညာရှိတို့၏ ကတိစကားအတိုင်းပင် ဝိနီလက အား ကောင်းမွန်စွာ အပ်နှံလိုက်ကြ၏။ ပြီးလျှင် ညီထွေးငယ် ဝိနီလက ကျီးဟသ်ာ၏ လမ်းခရီးတွင် ကြိမ်းဝါးဟစ်ကြွေးခဲ့ သည့် စကားများကို ဖွင့်ဟ တိုင်ကြားလိုက်လေသည်။

ထိုအကြောင်းစုံကို ကြားသိလိုက်ရသော ခဏတွင် ခင် ရွှေဟသ်ာမင်းသည် အလွန်တရာ စိတ်ဆိုးတော်မူလေ သည်။

"သယ်…ရာရာစစ၊ နင့်လို အကောင်ငယ်က မတန် မရာ ဟစ်ကြွေးရသလားဟင်။ ငါ့သားကြီးတွေထက်ပင် နင် က မြတ်လေသလော။ ကိုယ့်ကိုယ်ကိုပင် မင်းဘုရင်နှင့် နှိုင်းဆစရာလား။ ငါ့သားတော်တွေကို သိန္ဓောမြင်းနဲ့ နှိုင်းစရာ လား။ နင့်အစွမ်းအစနဲ့ ရောက်ရန် ခက်ခဲတဲ့ ဒီနေရာကို သင့်နောင်တော်နှစ်ဦးရဲ့ အစွမ်းနဲ့ သင်ရောက်လာတဲ့ ကျေးဇူး ကိုမှ မထောက်ဆ၊ မိုက်မဲလေစွ။ သင်ဟာ ငါတို့ နေထိုင်ရာ အရပ်နှင့် မထိုက်တန်ပေ။ သင့်အမေနေထိုင်ရာ၊ အကောင် ပုပ် စွန့်ပစ်ရာအရပ်မှာသာ ကျက်စားကြီးပြင်းပေတော့။ ကဲ- သားကြီးတို့ အခုချက်ချင်းပင် သူ့မူလနေရာ ထန်းတောကို ပြန်ပို့လိုက်ကြတော့"

ဟု ဆုံးဖြတ်ပြောဆို၍ ရွှေဟသ်ာမင်းသည် သားငယ် ကျီးဟသ်ာလေး ဝိနီလကကို မကြည့်တော့ဘဲ ကျောခိုင်း လိုက်လေတော့သည်။

ကျီးဟသ်ာငယ် ဝိနီလကလည်း သူ့အပြစ်နဲ့ သူ မတန် မရာ မာန်အလွှာကြောင့် မျက်စိမျက်နှာ ငိုကြောင်တောင် တောင်နှင့် ဘာကိုမှ ပြန်လည်ချေပနိုင်စွမ်းမရှိ ဖြစ်ခဲ့လေ တော့သည်။ ရွှေဟသ်ာညီနောင်တို့လည်း ဖခင်ကြီး၏ အမိန့် စကားအတိုင်းပင် ဝိနီလကအား ပြန်လည်သယ်ယူကာ မူလ နေထိုင်ရာ ထန်းတောသို့ ပို့ဆောင်ပေးလိုက်လေတော့သည်။

◆◆◆

ဉာဏ်ပညာအရည်အချင်းမရှိသူကို ချီးမြှောက်မိလျှင် ကာပြန်ကျေးဇူးမဲ့တတ်ကြောင်းကို နိမိတ်ပြ ဆောင်ယူ၍ ဟောပြ မိန့်မှာပြီးလျှင် မြတ်ဗုဒ္ဓဘုရားရှင်သည် ဇာတ်တော် ကို ချုပ်ကာ သံဝေဂ ရစေ၏။

ထိုစဉ်အခါက ရွှေဟသ်ာညီနောင်တို့ကား ယခု ငါ ဘုရားရှင်၏ အဂ္ဂသာဝက နှစ်ပါးတည်း။ ဝိနီလက,ကား ရှင်ဒေဝဒတ်၊ ရွှေဟသ်ာမင်းကား ညီတော် အာနန္ဒာဖြစ်၍ ဝိဒေဟမင်းကြီးကား ယခု ငါဘုရားပင်တည်းဟု ပရိသတ် အပေါင်းတို့အား ရှင်ဒေဝဒတ်နှင့် စပ်လျဉ်းကာ ဟောကြား ဆုံးမပေးတော်မူလိုက်လေသတည်း။

* * *

ခွဲလူလင်(မအူပင်)


ကျမ်းကိုး

- ဝိနီလကဇာတ်၊ ဒုကနိပါတ်၊ ဒဠှဝဂ်၊ ငါးရာ့ငါးဆယ်နိပါတ်တော်။



www.burmeseclassic.com

www.burmeseclassic.com



# တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါးတရားတော်

**ယခင်လမှ အဆက်...**

ဗုဒ္ဓလက်ထက်က သာဝတ္ထိမြို့အနီးတွင် တံငါသည်တစ်ယောက်ရှိ၏။ သူသည် နေ့စဉ် ငါးများကို ဖမ်းဆီးသတ်ဖြတ်ရောင်းစားကာ အသက်မွေးနေသူဖြစ်၏။ သီလ၊ သမာဓိ၊ ပညာ တစ်ခုမှမရှိ။ တစ်ရက်တွင် ငါးများကို ဖမ်းဆီးသတ်ဖြတ်နေသော တံငါသည်ကြီးရှိရာ မြစ်ကမ်းပါးသို့ ဘုရားရှင်ရောက်ရှိသွား၏။ ဘုရားရှင်ကို မြင်သည်နှင့် တံငါသည်လည်း ငါးဖမ်းသောအလုပ်ကို ခဏရပ်ထား၏။

ဗုဒ္ဓက သူ၏ နာမည်ကို မေးသောအခါ အရိယာဟုခေါ်ကြောင်း ဖြေ၏။ ဗုဒ္ဓက နာမည်နှင့် အလုပ်နှင့် မကိုက်ကြောင်း၊ မကိုဖိုလ်ရပြီး သီလဖြူစင်သူများကိုသာ အရိယာခေါ်နိုင်ကြောင်း ဟောပြပြီး သစ္စာတရားကို ပြတော်တရားနာနေဆဲအချိန်ထိ တံငါသည်တွင် သိက္ခာသုံးပါး တမှု မရှိကြောင်း သတိပြုခဲ့ပါ၏။

ငါးတွေကို သတ်ဖြတ်နေ၍ သီလသိက္ခာလည်း ဖောင်းတာ၊ ပိန်တာ၊ ဝင်တာ၊ ထွက်တာ တစ်ခု မရှုဘူး၍ သမာဓိသိက္ခာလည်း မရှိ။ ပညတ်၊ ပရမတ်၊ ရုပ်တစ်ခါမှ မကြားနာဘူး၍ ပညာသိက္ခာလည်း မရှိ။ ထိုပြ

www.burmeseclassic.com

...ည် သစ္စာလေးပါးတရားတော်ကို ဟောကြားပေး ...ဓမ္မပဒအဋ္ဌကထာ၌ အကျဉ်းသာ ပြ၏။ ဤ၌ကား ...အားလုံး နားလည်အောင် အကျယ်ချဲ့ပြမည်။

...ကြာ၌ ဒုက္ခသစ္စာကို ရှစ်မျိုးခွဲပြ၏။

* ...ဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။
* အိုရခြင်းသည် ဆင်းရဲ၏။
* နာရခြင်းသည် ဆင်းရဲ၏။
* သေရခြင်းသည် ဆင်းရဲ၏။
* မချစ်သောသူနှင့် ပေါင်းသင်းရခြင်းသည် ဆင်းရဲ၏။
* ချစ်သောသူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏။
* မိမိလိုချင်တာ မရခြင်းသည် ဆင်းရဲ၏။

အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါး(ဖြစ်ပျက်နေရခြင်း) သည် ဆင်းရဲ၏။

ဥပါဒါနက္ခန္ဓာငါးပါးဟူသည် စွဲလမ်းမှု(တဏှာအကြီးစား) ဥပါဒါနှင့် အတူဖြစ်သော ပရမတ်ခန္ဓာငါးပါးကို ဆိုလိုခြင်းဖြစ်




www.burmeseclassic.com

www.burmeseclassic.com

၏။ ပဋိသန္ဓေနေရခြင်း၏ ဆင်းရဲပုံကို မြင်သာအောင် ပြအံ့။ သန္ဓေသားသည် တစ်ထွာသာသာခန့်သော ကျယ်ဝန်းသော မိခင်၏ ဝမ်းဗိုက်အတွင်း၌ အစာဟောင်းအိမ်ကို ဖင်ခုထိုင်ကာ အစာသစ်အိမ်ကို ခေါင်းပေါ်ရွက်ပြီး ကျပ်တည်း ကျဉ်းမြောင်းစွာ ဆယ်လ နေရ၏။

ထိုဆင်းရဲကို သိသာရန် စာဖတ်သူသည် မိမိတစ်ထိုင်လွတ်ရုံ သေတ္တာကြီးထဲတွင် မလှုပ်မယှက် ၁၀နာရီခန့် နေကြည့်ပါ။ ထိုဆင်းရဲမျိုးဖြင့် မိခင်၏ တစ်ထွာခန့် ဝမ်းဗိုက်တွင်းတွင် ဆယ်လခန့် နေခဲ့ရသည်မှာ မည်မျှလောက်ထိ ဆင်းရဲမည်ဖြစ်ကြောင်း မှန်းဆ သိနိုင်၏။ သန္ဓေကို မစောင့်ရှောက်တတ်သော မိခင်လောင်းများက ရေနွေးပူပူကို သောက်ချလိုက်လျှင် သန္ဓေသားမှာ ငရဲမီးနှင့် အပက်ခံရသလို ပူလောင်ပြင်းပြမှုဒဏ်ကို ခံရ၏။ နှုတ်မှကား ဘာမျှမပြောနိုင်။

မိခင်က အလွန်အေးသော ရေခဲရေများကို သောက်ချလိုက်လျှင် သန္ဓေသားသည် လောကန္တရ ငရဲသို့ ကျရသလောက် ပင်ပန်းဆင်းရဲရှာ၏။ မိခင်က အကုန်းအကွမဆင်ခြင်လျှင် သန္ဓေသားသည် ဓါးကို လှန်ချီးခံရသလို နာကျင်ရပြန်၏။ လူစိတ်မရှိသော မိခင်များက သန္ဓေပျက်ဆေးများ စားလိုက်ပြန်လျှင် ဝမ်းထဲမှာပင် ကြေမွပျက်စီးပြီး သေရပြန်၏။ သေသောက်ကျူးတို့ လက်ထဲရောက်နေသော ဆိတ်သူငယ်သည် သေသောက်ကျူးများ နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်သမှုကို လည်စင်းပြီး ခံရသကဲ့သို့ သန္ဓေသားသည်လည်း မိခင်လောင်း နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်သမှု လည်စင်းခံရ၏။

သန္ဓေအပျက်မခံရ၍ ဖွားသောအခါတွင်လည်း ဒုက္ခရောက်ရပြန်၏။ ကြီးမား ထွားကြိုင်းသော ဆင်ပြောင်ကြီးကို ကျဉ်းကျပ်သောအပေါက်မှ သံကြိုး သံကောက်များဖြင့် အတင်းဆွဲထုတ်သောအခါ ဆင်ပြောင်ကြီးသည် အသားအရေများ စုတ်ပြဲသည့်ဒဏ်ကို အတော်ကြီး ခံရပြီးမှ အပြင်သို့ရောက်ရသလို၊ သန္ဓေသားသည်လည်း ကျဉ်းမြောင်းလှသော မိခင်၏ ယောနိပေါက်မှ အတင်းအဓမ္မ ဆွဲထုတ်ခံရပြီးမှ ထွက်ရသဖြင့် နာကျင်မှုဝေဒနာကို အလူးအလဲခံစားရ၏။

ထိုသို့ နာကျင်ရာလွန်းသဖြင့် မွေးခါစ ကလေးငယ်များသည် တက်မတတ်၊ ချက်မတတ် ငိုကြွေးကြခြင်းဖြစ်၏။ အဝိဇ္ဇာ၏ ဖုံးလွှမ်းမှုကြောင့် ပဋိသန္ဓေဒုက္ခကို အန္ဓပုထုဇဉ်များ မသိနိုင်တော့ပေ။ ဗုဒ္ဓဟောကြားခဲ့ခြင်းကြောင့်သာ ယခုလို သိရခြင်းဖြစ်၏။ မိခင်ဝမ်းမှ ကျွတ်သည်နှင့် ပဋိသန္ဓေဒုက္ခကို ခံစားရခြင်းဆင်းရဲမှ လွတ်မြောက်၏။ ပဋိသန္ဓေနေခြင်း ဇာတိမှ လွတ်သည်နှင့် ဇရာဒုက္ခကို စက္ကန့်မခြား ဆက်လက်ခံစားရ၏။ အသက် (၁၅-၂၀) အရွယ်များကို လောကအနေဖြင့် အပျိုအရွယ်ဟု ခေါ်ကြ၏။ ဓမ္မအနေဖြင့်ကား မွေးဖွားပြီးသည်မှ စ၍ တစ်ရက်ပြီးတစ်ရက် အိုလာသည်သာ ဖြစ်၏။

အသက် ၇၀၊ ၈၀ အရွယ်ရောက်မှ ဇရာ၏ ဒဏ်ကို ခံကြရသည်ဟု ထင်ကြ၏။ အမှန်ကား နေ့စဉ်နှင့်အမျှ ဇရာသည် တငွေ့ငွေ့နှင့် လောင်မြိုက် နှိပ်စက်နေသည်သာ ဖြစ်၏။ ဇရာ၏ နှိပ်စက်မှုလုပ်ငန်းသည် အိပ်ရာပေါ် လဲပြီး မထူနိုင်, မထနိုင်၊ ကျင်ကြီးကျင်ငယ် ထ,မစွန့်နိုင်လောက်အောင် နာသောအခါကျမှ ပြီးဆုံး၏။ ဇရာနှိပ်စက်ပြီးသည်နှင့် ဗျာဓိက မသေမချင်း ဆက်လက်နှိပ်စက်၏။

နောက်ဆုံးတွင် မရဏက သေသည်အထိ နှိပ်စက်လိုက်၏။ မရဏာတောဥတ္တရိဒုက္ခံ နာမ နတ္ထိ - သေရခြင်းထက် ပိုလွန်သော ဆင်းရဲသည် မရှိဟု ဗုဒ္ဓက ဟောထားသည်မှာ အလွန်မှန်၏။ ထိခိုက်ရှနာဖြစ်သောအခါ၊ ရောဂါဖြစ်သောအခါ ဆင်းရဲသော ဝေဒနာကို ခံစားရသည်သာ ဖြစ်၏။ သို့သော် ထိုဆင်းရဲဝေဒနာသည် သေသောအခါ ခံစားရသော ဒုက္ခကို မမီ။ အဘယ့်ကြောင့်နည်း။

သေခြင်းဆင်းရဲ ဝေဒနာမှတစ်ပါး ကျန် ဝေဒနာများသည် မည်မျှလောက်ထိ ဆင်းရဲသည်ဆိုစေ၊ အလွန်ခံစားလျှင် သတိမေ့လောက်ရုံသာ ဖြစ်၏။ သေရခြင်း ဆင်းရဲကား အိုလွန်းအားကြီး၍ နာ၊ နာလွန်းအားကြီး၍ သေရခြင်းဖြစ်သောကြောင့် သေရသည်အထိ ဆင်းရဲကို တခြားဆင်းရဲများ မည်သို့မျှ မမီနိုင်တော့ပေ။ ထို့ကြောင့် တချို့ သေခါနီးတွင် မခံမရပ်နိုင်လောက်အောင် နာကျင်လှသောကြောင့် မည်းနက်သော ငယ်ချေးများပင် ထွက်ကျပြီး သေကြရခြင်းဖြစ်၏။

ထိုနည်းတူ၊ မချစ်သောသူနှင့် ပေါင်းသင်းရခြင်း၊ ချစ်သောသူနှင့် ကွေကွင်းရခြင်းများ၊ မိမိအလိုရှိတာကို မရခြင်းများသည် ဆင်းရဲဒုက္ခများပင် ဖြစ်၏။ ပြခဲ့သော ဆင်းရဲ ၇မျိုးသည် သံဝေဂဉာဏ်အတွက်သာ ဖြစ်၏။ ယခုနောက်ဆုံး ရှစ်ခုမြောက် ဆင်းရဲသည်သာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ရဖို့အတွက် ဖြစ်၏။ သို့သော် သံဝေဂဉာဏ်ရှိမှ ဝိပဿနာဉာဏ်ဖြစ်ပေါ်နိုင်ပြီး ဝိပဿနာဉာဏ်ရှိမှ မဂ်ဉာဏ်ဖြစ်ပေါ်နိုင်ကြောင်းကိုလည်း သတိပြုအပ်၏။

ရှစ်ခုမြောက် ဆင်းရဲအမှန်(ဒုက္ခသစ္စာ)ကား အာ[illegible] ခြောက်ပါးနှင့် တိုက်ဆိုင်တိုင်း ဖြစ်ပျက်သွားသော ဥပါဒါနက္ခန္ဓာငါးပါးပင်တည်း။ ပန်းတစ်ပွင့်ကို မြင်လိုက်သည်[illegible] ဥပါဒါနက္ခန္ဓာငါးပါးသည် တား၍မရ၊ ဆီး၍မရအောင် ဖြစ်[illegible] သွားလေပြီ။ ပန်းပွင့်တည်းဟူသော အဆင်းရုပ်[illegible] မျက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

အကြည့်ရုပ်တို့ ထိခိုက်မိကြသည်နှင့် မြင်သိစိတ် စေတသိက် ရှိသော နာမ်တရားများ ဖြစ်ပေါ်လာကြ၏။

မျက်စိအကြည့်ရုပ်နှင့် အဆင်းရုပ်သည် ရုပ်တရားဖြစ်၏။ မြင်သိစိတ်နှင့် ယှဉ်ဘက် စေတသိက်များသည် နာမ်တရားများဖြစ်၏။ ရုပ်တရားသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေ (၅၀၀၀)ကျော် ဖြစ်ပျက်သွား၏။ နာမ်တရားသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်းဖြစ်ပျက်သွား၏။ နာမ်တရားကို ခန္ဓာဖွဲ့လျှင် လေးပါးဖြစ်လာပြီး ရုပ်တရားက ရူပက္ခန္ဓာဖြစ်လာသောကြောင့် ခန္ဓာအနေဖြင့် ခွဲလျှင် ငါးပါးဖြစ်၏။

* မျက်စိအကြည့်ရုပ်နှင့် အဆင်းရုပ်သည် ဖောက်ပြန်တတ်သော ရူပက္ခန္ဓာ။
* မြင်သိစိတ်သည် ပန်းပွင့်ပဲဟု သိတတ်သော ဝိညာဏက္ခန္ဓာ။
* သညာစေတသိက်သည် မြင်လိုက်သော ပန်းပွင့်ကို နှင်းဆီပန်းပဲဟု မှတ်သားတတ်သော သညက္ခန္ဓာ။
* ဝေဒနာစေတသိက်သည် အာရုံအရသာကို ဆက်ခံစားရန် တိုက်တွန်းတတ်သော သင်္ခါရက္ခန္ဓာ။

ဤ ဥပါဒါနက္ခန္ဓာငါးပါးသည် အတုံး၊ အလုံး၊ အခဲ၊ အစည်၊ အဖတ်၊ အမှုန်၊ အမွှားတစ်ခုမျှ မရှိ။ ဖြစ်ပြီးလျှင် ဒိဋ္ဌိဟာဟူ၍ စွဲယူစရာ ဘာမျှမကျန်အောင် ပျက်သွားသော သဘောတရားမျှသာ ဖြစ်၏။ အဆင်းကို မြင်လိုက်သည်နှင့် ပျက်သွားသော သဘောတရား ဥပါဒါနက္ခန္ဓာငါးပါးကို ဉာဏ်နှင့် သိ၍ ခန္ဓာငါးပါးအနိစ္စဟု စိတ်ထဲမှ ရှုပွားရ၏။

မိုးကုတ်ဆရာတော်ကြီးက ဖြစ်ပျက်ရှုဟု ခိုင်းသည်မှာလည်း ဤခန္ဓာငါးပါးပင် ဖြစ်၏။ မဟာစည်ဆရာတော်ကြီးက မြင်လျှင် မြင်တယ် မှတ်ဟု ရှုပွားခိုင်းသည်မှာလည်း ဤခန္ဓာငါးပါး၏ အပျက်ကို ရှုပွားခိုင်းခြင်းပင်ဖြစ်၏။ သံယုတ်ပါဠိတော် ခန္ဓဝဂ္ဂသံယုတ်တွင် ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ တစ်ခုခုရှုပွား၍ ရဟန္တာဖြစ်သွားသူပေါင်း များစွာတို့၏ အကြောင်းကို ဟောကြားထားသော သုတ်ပေါင်းများစွာရှိ၏။

သံယုတ်ပါဠိတော် ကိသုကောပမ,သုတ်တွင် ပုထုဇဉ် ရဟန်းတစ်ပါးက ရဟန္တာမထေရ်ကြီးတစ်ပါးထံ ဝိပဿနာ ရှုပွားနည်းတစ်ခုကို တောင်းရာ သူကိုယ်တိုင် အာရုံ ၆ပါး တိုက်ဆိုင်လာတိုင်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွား၍ ရဟန္တာဖြစ်ခဲ့ကြောင်း ဖြေကြားခဲ့၏။

ယင်း ပါဠိတော် သီလဝန္တသုတ်တွင် အရှင်မဟာကောဋ္ဌိက,က အရှင်သာရိပုတ္တရာကို သီလပြည့်စုံနေသော ပုထုဇဉ် ရဟန်းတစ်ပါး သောတာပတ္တိမဂ်ကို ရအောင် မည်ကဲ့သို့ ရှုပွားရမည်နည်းဟု မေးမြန်းခဲ့၏။ အရှင်သာရိပုတ္တရာက အာရုံ ၆ပါးကို တိုက်ဆိုင်လာတိုင်း ဖြစ်ပျက်သွားသော ပရမတ်ခန္ဓာငါးပါးကို ဉာဏ်ဖြင့် သိ၍ ခန္ဓာငါးပါး အနိစ္စဟု ရှုပွားရမည်ဖြစ်ကြောင်း ဖြေဆိုတော်မူ၏။

တစ်ဖန် အရှင်မဟာကောဋ္ဌိက,က ဆက်၍ သောတာပန်က သကဒါဂါမ်ဖြစ်အောင်၊ သကဒါဂါမ်က အနာဂါမ်ဖြစ်အောင်၊ အနာဂါမ်က ရဟန္တာဖြစ်အောင် မည်ကဲ့သို့ ရှုပွားရမည်နည်းဟု မေးရာ ခန္ဓာငါးပါးအနိစ္စဟုသာ ရှုပွားနေရမည်။ ပြောင်းလဲ၍ ရှုရန် မလိုဟု ဖြေဆိုတော်မူခဲ့၏။

ရဟန္တာဖြစ်ပြီးသူသည် မည်သည့်အကျိုးအတွက် ခန္ဓာငါးပါးအနိစ္စဟု ရှုပွားရကြောင်း မေးမြန်းရာ ချမ်းသာစွာ နေရခြင်းအကျိုးငှာ လည်းကောင်း၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံစေခြင်းအကျိုးငှာ လည်းကောင်း၊ ရဟန္တာဖြစ်ပြီးသွားသော်လည်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွား၍ နေရကြောင်း ဖြေဆိုတော်မူ၏။ ဤဖြေဆိုချက်ကို ထောက်၍ ရဟန္တာဖြစ်ပြီးသွားသော်လည်း ပေါ့ပေါ့မနေ၊ ဝိပဿနာကို အမြဲရှုပွားလျက်သာ နေကြောင်း ထူးခြားစွာ မှတ်သားရာ၏။

ဘကြီးတော် မင်းတရားခေါ် ဖလ်နန်းရှင် မင်းတရား လက်ထက်က ပေါ်ထွန်းတော်မူခဲ့သည့် စတုဂီရိ - တောင်လေးလုံး ဆရာတော်ဘုရားကြီးသည်လည်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွားနည်းဖြင့်ပင် ရဟန္တာဖြစ်တော်မူခဲ့၏။ ဆရာတော်ကြီးသည် ရှုဖွယ် ကျမ်းပေါင်း ၄၀နီးပါး ရေးသားတော်မူခဲ့၏။ နောက်ပိုင်းတွင် ပေါင်းချုပ် ရိုက်နှိပ်ထားသော ရှုဖွယ် ကျမ်းပေါင်း လေးတွဲရှိ၏။

ထိုလေးတွဲတွင် ပထမတွဲ၌ အာရုံတိုက်ဆိုင်လာတိုင်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွားရပုံအကျယ်ကို ရေးသားတော်မူထား၏။ အဝေးတစ်နေရာ နယ်ခြားတစ်ခုတွင် နေသော ညီရဟန်းတော် ဦးဓမ္မပီယအတွက်လည်း "ဓမ္မပီယရှုဖွယ်ကျမ်း" ဟူ၍ ဝိပဿနာရှုနည်းကျမ်းတစ်ကျမ်းကို ရေးသားတော်မူခဲ့၏။ ညီအစ်ကိုအရင်းဖြစ်သော်လည်း နယ်ဝေးလွန်းအားကြီးပြီး လမ်းပန်းအဆက်အသွယ် မကောင်းသောကြောင့် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၏။ လူချင်းမတွေ့ရသော်လည်း နှစ်ပါးလုံး ခန္ဓာငါးပါးအနိစ္စဟူ၍ အတူတူရှုပွားနေကြသောကြောင့် တရားချင်းကား အမြဲတမ်းတွေ့သည်ဟု ဆိုနိုင်၏။

ထိုအဆိုသည် ပျံလွန်တော်မူချိန်တွင် ပိုထင်ရှား၏။



www.burmeseclassic.com

www.burmeseclassic.com

တောင်လေးလုံး ဆရာတော်ကြီး သက်တော် ၇၀ကျော်လာပြီး တစ်နေ့တွင် ဒကာများအား အခေါင်းနှစ်လုံး ဆက်ခိုင်း၏။ ဒကာများလည်း အလွန်အံ့ဩကုန်၏။ ဆရာတော်တစ်ပါးတည်းဟာ ဘာကြောင့် ခေါင်းနှစ်လုံးဆက်ခိုင်းသည်ကို နားမလည်နိုင် ဖြစ်နေကြ၏။ ခေါင်းဆက်ပြီး၍ လာပြသောအခါ ဆရာတော်ကြီးက ငါနဲ့ တော်ရဲ့လား၊ ဝင်ကြည့်ဦးမယ် ကွာဟု ပြောပြီး ဝင်ကြည့်လိုက်ရာ ခေါင်းထဲ ရောက်သည်နှင့် ခန္ဓာဝန်ချပြီးဖြစ်နေ၏။

ထိုအချိန်မှာပင် တောင်လေးလုံး ဆရာတော်ကြီးနှင့် အသက်မတိမ်းမယိမ်းရှိသော ဆရာတော်ကြီးတစ်ပါးကြွလာသဖြင့် နေရာပေးပြီး မေးမြန်းလျှောက်ထားကြရာ ဆရာတော်ကြီး၏ ညီ ဦးဓမ္မပီယဖြစ်နေ၏။ ဦးဓမ္မပီယသည် ခေါင်းလွတ်တစ်လုံးကို တွေ့သည်နှင့် နောင်တော်က သူ့အတွက် ကြိုလုပ်ထားခြင်းဖြစ်ကြောင်း သိသဖြင့် အေးဆေးတည်ငြိမ်စွာပင် ခေါင်းထဲ ဝင်ပြီး လှဲချလိုက်ရာ ရုပ်နာမ် တစ်ခါတည်း ချုပ်ဆုံးတော်မူ၏။

ညီအစ်ကိုနှစ်ပါးသည် လူချင်းမတွေ့ရသော်လည်း ကျင့်ကြံပွားများသော တရားချင်းကား အမြဲတွေ့နေကြကြောင်း ဤဖြစ်ရပ်က သက်သေခံလျက်ရှိ၏။ ကျေးဇူးရှင်ညောင်လွန် တောရ ဆရာတော်ကြီးသည်ကား ခန္ဓာတစ်ပါးချင်း၏ အနိစ္စကို ရှု၍ ရဟန်းကိစ္စ ပြီးတော်မူ၏။ ခန္ဓာတစ်ပါးချင်း၏ အနိစ္စကို ရှုပွားခြင်းအား ဘုံကျဉ်း ဝိပဿနာဟု ခေါ်၏။

**ဝေဒနာကုန်အောင် ရှုနိုင်းခြင်းသည် အမှား**

သစ္စာလေးပါး၏ အရကောက်နှင့် ကိစ္စ... ...ပြီးပါက ဝိပဿနာတရားစခန်းလောကမှ အမှားတ... ...အံ့၊ ယောဂီများ ကြာကြာထိုင်ရ၍ ရုပ်များ ဖောက်ပြ... ...ကျင်ကိုက်ခဲသော ဝေဒနာများ ပေါ်ပေါက်လာသောအခါ ဂာပေမတတ်သော၊ ပဋိပတ် မပြည့်ဝသော ဆရာအချို့က မပြောင်းနဲ့၊ မပြင်နဲ့၊ ဝေဒနာကုန်အောင် လိုက်ဟု ဆိုကာ အတင်းဆက်ထိုင်ခိုင်း၏။ ဆရာကို ကြောက်၍ ပေထိုင်ကြရာ ခံနိုင်ရည်ရှိသူများကား ဝေဒနာကို အတင်းသည်းခံပြီး ဆက်ထိုင်နိုင်သွား၏။ ခံနိုင်ရည်မရှိသူများအား ရယ်သလိုလို၊ ငိုသလိုလို၊ မိစ္ဆာပူးကပ်သလိုလိုဖြစ်ကာ ခေတ္တ စိတ်ဖောက်ပြန်သလိုဖြစ်ပြီး အထိုင်ကို ပြင်ကြရ၏။

အမှန်ကား၊ ဝေဒနာသည် ဒုက္ခသစ္စာထဲ ပါသောကြောင့် မမြဲပါလားဟု သိရုံ သိရမည့်တရားဖြစ်၏။ ပယ်သတ်ရမည့် တရားမဟုတ်။ ပယ်သတ်ရမည့် တရားကား သမုဒယသစ္စာခေါ် တဏှာသာဖြစ်၏။ ဝေဒနာသည် ကုန်ကောင်းသောတရားလည်း မဟုတ်။ ဘုရားရဟန္တာကအစ ဝေဒနာရှိကြ၏။ သူတို့အယူအဆအရ ဝေဒနာကုန်သွားပြီး နာရီပေါင်းများစွာ ထိုင်နေပြီဆိုသော လူတစ်ယောက်ကို ခေါ်လာပြီး ခေါင်းကို တုတ်နှင့် ရိုက်ပါက နာကျင်မှုဝေဒနာပေါ်လာဦးမည်သာဖြစ်၏။

ထိုဝေဒနာသည် ကုန်ကောင်းသော တရားမဟုတ်၊ မခံသာလျှင် အမှတ်ဖြင့် ပြင်ထိုင်ပြီး သုခဝေဒနာ၊ ဒုက္ခဝေဒနာ နှစ်မျိုးစလုံး၏ မမြဲမှုကိုသာ သိရမည့် တရားဖြစ်ကြောင်း ယောဂီတိုင်း သိထားသင့်၏။

**သမုဒယသစ္စာ - တဏှာ၏ ဆိုးကျိုးများ**

သမုဒယသစ္စာ အရကောက်ရသော တဏှာဟူသည် လောဘစေတသိက်ပင် ဖြစ်၏။ ထိုလောဘကို ပယ်သတ်ရမည့် တရားဟု ဗုဒ္ဓက ညွှန်ပြ၏။ ထိုလောဘကို မပယ်သတ်ဘဲ ဆောင်ထားခဲ့လျှင်၊ ထိုလောဘက ဆောင်ထားသောလူနှင့် ပတ်ဝန်းကျင်လောကကြီးကို ဆိုးကျိုး သုံးမျိုးပေးမည်ဖြစ်၏။ သက်ရှိကို ဖြစ်စေ၊ သက်မဲ့ကို ဖြစ်စေ၊ စွဲလမ်းသော လောဘနှင့် သေလျှင် ပြိတ္တာဘုံသို့ ကျရ၏။

ထိုလောဘဓာတ်များ သတ္တဝါတို့သန္တာန်တွင် အဖြစ်များလာမည်ဆိုလျှင် ဒုဗ္ဘိက္ခန္တရ ခေါ် အငတ်ဘေးကြီး ဆိုက်လာမည်ဖြစ်၏၊ ထို့ထက် များလာမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် မီးလောင်၍ ပျက်စီးရမည်ဖြစ်၏။ မန္တလေးမြို့ စိန်ပန်းရပ်ကွက်မှ အမျိုးသမီးတစ်ဦးသည် မိုးကုတ်တွင် ကျောက်တူးနေသော လင်သားဖြစ်သူထံမှ သိန်းပေါင်းများစွာတန်သော ကျောက်တစ်လုံးရသည်ဆိုသော ဖုန်းသတင်းကို နားထောင်ပြီးသည်နှင့် ချက်ချင်း လဲကျသေဆုံးခဲ့ရ၏။

ဆေးပညာအဆိုအရ နှလုံးရပ်၍ သေဆုံးခြင်းတည်း။ ဓမ္မအလိုအရ လောဘမီးလောင်၍ သေဆုံးခြင်းတည်း။ တဏှာသည် စွဲလမ်းဖို့တစ်ခုသာ သိ၏။ ဤကဲ့သို့ စွဲလမ်းလျှင် ဤကဲ့သို့ အပါယ်ကျပြီး ဒုက္ခရောက်နိုင်သည်, စသည်ဖြင့် ဝေဖန် ဆန်းစစ်နိုင်စွမ်းမရှိ၊ အဘယ့်ကြောင့်နည်း။ တဏှာက အမှန်ကို ဖုံးကွယ်ပေးတတ်သော အဝိဇ္ဇာ၏ အကူအညီကို ယူထားသောကြောင့်ပင်တည်း။

အင်္ဂကထာတစ်ခု၌ ဖွင့်ပြသော သီဟိုဠ်ကျွန်းမှ အမျိုးသားတစ်ယောက်သည်ကား မယားကို တဏှာဖြင့် စွဲလမ်းနေရာ လေးဘဝတိုင်တိုင် အသတ်ခံခဲ့ရသည်။ ထိုသူ၏ မယားသည် သူ၏ ညီဖြစ်သူကို တပ်မက်သဖြင့် ထိုသူ၏ သေကြောင်းကြံ၏။ ထိုယောကျ်ား အလုပ်မှအပြန်တွင် ခေါ်... လျှော် ရေချိုးပါဟု ဆိုပြီး လွှတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုမြစ်ကမ်းရှိ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် လင်ငယ် ...သူကို ရဲဒင်းတစ်ချောင်းနှင့် စောင့်ခိုင်းထား၏။ ထို ...ာက်များ ခေါင်းငုံ့လျှော်နေချိန်မှာပင် လင်ငယ်သည် ...ောက်သို့ ဆင်းလာပြီး ရဲဒင်းဖြင့် ခေါင်းဖြတ်သတ်ကာ ... မျှောပစ်လိုက်၏။ လင်ကြီးကို သတ်ပြီး မိန်းမယုတ် ...ည် လင်ငယ်ဖြစ်သူနှင့် ပျော်ရွှင်စွာ ပေါင်းသင်း နေထိုင်၏။ ...ယောက်ျားသည် သူ့အသက်ကို သတ်ခိုင်းသော မယားကို ... တဏှာဖြင့် စွဲလမ်းနေသဖြင့် သူတို့အိမ်ထဲရှိ သစ်ပင် ...စ်ပင်ပေါ်တွင် ထန်းမြွေတစ်ကောင်သွားဖြစ်၏။

မိန်းမအပေါ် စွဲလမ်းစိတ်ကြောင့် အိမ်ခေါင်မိုးပေါ်မှ ... မိန်းမဖြစ်သူကို မကြာမကြာ သွားကြည့်၏။ တစ်ခါတွင် ...ကြည့်ရင်း အောက်သို့ ပြုတ်ကျသွား၏။ အဆိပ်မရှိသော ...ဖြစ်သောကြောင့် မယားနှင့် လင်ငယ်ဖြစ်သူတို့က မသတ် ... အဝေးတစ်နေရာသို့ သွားလွှတ်၏။ သူကား ပြန်လာပြီး ...ယားကိုသာ လာကြည့်၏။ သုံးလေးကြိမ်ခန့်ထိ သူနား ...ကျလာသောအခါ မယားဖြစ်သူသည် လင်ကြီးဖြစ်မည်ကို ...သွားပြီး လင်ငယ်အား အသေသတ်ခိုင်းလိုက်၏။

မြွေဘဝမှ သေပြီး ထိုအိမ်မှာပင် ခွေးတစ်ကောင်ဖြစ် ...၏။

ထိုနည်းအတိုင်း မိန်းမနောက်မှ တကောက်ကောက် ...ိုက်နေသဖြင့် အသတ်ခံရပြန်၏။ တဏှာကား စွဲလမ်းဖို့ ... တတ်၏။ ဝေဖန် ဆင်ခြင်ဖို့ မတတ်။ ထို့ကြောင့် ခွေး ...ဝမှ သေသောအခါ ထိုအိမ်၌ပင် နွားတစ်ကောင်သွားဖြစ် ...။ မိန်းမနောက်မှ အမြဲလိုက်နေသဖြင့် အသတ်ခံရပြန်၏။ ...ဘဝမှ သေသောအခါ ထိုမိန်းမ၏ ဝမ်း၌ သားအဖြစ် ...နေတည်ပြန်၏။

ထိုကဲ့သို့ လူ့ဘဝပြန်ရောက်မှပင် ဇာတိဿရဉာဏ်ရ ... သူ့ကို လေးဘဝတိတိ သတ်ခဲ့သော မိန်းမမှန်း သိသွား ... မိခင်နို့ကို စို့ရန်ဝေး၍ သူ့အား အထိပင် မခံတော့ပေ။ ...ကြောင့် သူ၏ အဘိုးဖြစ်သူက မေးမြန်းရ၏။ ထိုကလေး ...ွယ်ရောက်၍ အဘိုးဖြစ်သူက မိခင်၏ အကိုင်အတွယ် ...ခြင်းအကြောင်းကို မေးမြန်းသဖြင့် အကြောင်းစုံ ပြောပြပြီး ...အဖိုး ဖက်၍ ငိုကြ၏။ ထို့နောက် နှစ်ဦးစလုံး အိမ်မှ ...ွက်ပြေးပြီး ရဟန်းပြု အားထုတ်ကြရာ နှစ်ဦးစလုံး ရဟန္တာ ...ကြ၏။

တဏှာကုန်သည်နှင့် ဆင်းရဲကုန်လေပြီ။ ဆင်းရဲကုန် ...ည်နှင့် နိဗ္ဗာန်ရခဲ့ပြီဖြစ်၏။ ဓမ္မစကြာ၌ "တဿေဝ တဏှာ ... အသေသဝိရာ ဂါနိရောဓော"။ ထိုတဏှာကုန်သော နေရာသည်ပင် နိဗ္ဗာန်ဟု ဟောကြားတော်မူထား၏။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို ခံစားချင်လျှင် စွဲလမ်းမှု တဏှာကို နည်းနည်းချင်း လျှော့ချသွားကြရမည်ဖြစ်၏။

**နိဗ္ဗာန်သုံးမျိုး**

လယ်တီ ဆရာတော် ပြုစုသော အနတ္တဒီပနီကျမ်း သစ်၌ သောတာပန်၊ သကဒါဂါမ်ရသော နိဗ္ဗာန်၊ အနာဂါမ်ရသော နိဗ္ဗာန်၊ ရဟန္တာရသော နိဗ္ဗာန်ဟု သုံးမျိုးခွဲပြ၏။ သံသရာမှ လွတ်ခြင်းကို နိဗ္ဗာန်ဟု ဖွင့်ပြမည်ဖြစ်ရာ သံသရာသုံးမျိုးကို ဦးစွာ သိသင့်၏။ အပါယ်လေးဘုံကို အောက်သံသရာဟု ခေါ်၏။ လူ့ဘုံ၊ နတ်ဘုံကို အလယ်သံသရာဟု ခေါ်၏။ ဗြဟ္မာဘုံကို အထက်သံသရာဟု ခေါ်၏။

ပထမ နိဗ္ဗာန်ကို သိရန်အတွက် အောက်သံသရာသို့ ရောက်စေသော ဝဋ်သုံးပါးကို သိရ၏။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟု သုံးပါးရှိ၏။ ထိုတွင် ကိလေသဝဋ်အရ ခန္ဓာငါးပါးကို ငါဟု အယူမှားသော ဒိဋ္ဌိကိလေသာကို ယူရ၏။ ထိုခန္ဓာငါးပါးကို ငါဟု အယူမှားသောကြောင့် မတရားသော လုပ်ငန်းများဖြင့် ဤခန္ဓာကိုယ်အပြင်၊ ဤခန္ဓာကိုယ်နှင့် ဆက်စပ်သမျှ တခြားခန္ဓာများကို လုပ်ကိုင်ကျွေးမွေးရခြင်းဖြစ်၏။

ထိုသို့ ဒုစရိုက်များကို ပြုခြင်းသည် ကမ္မဝဋ်ဖြစ်၏။ ထိုအကုသိုလ် ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဟု ဆိုအပ်သော အောက်သံသရာ အပါယ်ဘုံသို့ ကျရောက်ရခြင်းဖြစ်၏။ သောတာပတ္တိမဂ်က ဒိဋ္ဌိကိလေသာကို အမြစ်ပြတ် ပယ်သတ်လိုက်သည်နှင့် ငါစွဲ ပြုတ်သွား၏။ ငါ မရှိဘူးဆိုသည်ကို သိသွားသည်နှင့် ဒုစရိုက်လုပ်ငန်းများဖြင့် ဤခန္ဓာကိုယ်ကို လုပ်မ...တော့ပေ။ ထိုအခါ ကမ္မဝဋ်ပါ ချုပ်သွား၏။ ကမ္မဝဋ် ချုပ်သော...ခါ ဝိပါကဝဋ်ဟု ဆိုရသော အပါယ်ခန္ဓာမရတော့ပေ။

ထိုကဲ့သို့ ဒိဋ္ဌိကိလေသာကြီး ချုပ်ငြိမ်း အေးချမ်းသွားခြင်း၊ ဒုစရိုက် အကုသိုလ်များ ချုပ်ငြိမ်းအေးချမ်းသွားခြင်း၊ အပါယ်ခန္ဓာများ ချုပ်ငြိမ်းအေးချမ်းသွားခြင်းသည် ပုထုဇဉ်များ စတင် ခံစားရမည့် ပထမနိဗ္ဗာန်ပင် ဖြစ်၏။

အနာဂါမ်၏ ဒုတိယနိဗ္ဗာန်၌ ကိလေသာဝဋ်အရ ကာမတဏှာကို ယူရ၏။ လူနတ် ကာမဂုဏ်ကို ခံစားချင်သော ကာမတဏှာကြောင့် လူချမ်းသာ၊ နတ်ချမ်းသာရကြောင်း၊ ဒါန၊ သီလ၊ လောကီကုသိုလ်များကို ပြု၏။ ဤကား ကမ္မဝဋ်တည်။ ထိုကုသိုလ်ကမ္မဝဋ်ကြောင့် လူ့ခန္ဓာ၊ နတ်ခန္ဓာဟူသော ဝိပါကဝဋ်ဖြစ်၏။

အနာဂါမိမဂ်က ကာမတဏှာကို ...

www.burmeseclassic.com

www.burmeseclassic.com

အခါ ကိလေသဝဋ် သေသွား၏။ ထိုအခါ လူနတ်ချမ်းသာကို တောင့်တသော ဒါန၊ သီလကုသိုလ်များကို မပြုတော့ဘဲ ကမ္မဝဋ်ချုပ်ငြိမ်း၏။ အကြောင်းကမ္မဝဋ် ချုပ်ငြိမ်းသောအခါ လူ့ဘဝ၊ နတ်ဘဝဖြစ်ရခြင်းဟူသော အလယ်သံသရာ ဝိပါက ဝဋ်ကြီးလည်း ချုပ်ငြိမ်းတော့၏။ ကာမတဏှာချုပ်ငြိမ်းခြင်း၊ ဝနိသိတကုသိုလ်များ ချုပ်ငြိမ်းခြင်း၊ လူခန္ဓာဒုက္ခ၊ နတ်ခန္ဓာဒုက္ခများ ချုပ်ငြိမ်းသွားခြင်းသည် အနာဂါမ်များ ရသော ဒုတိယနိဗ္ဗာန်ပင် ဖြစ်၏။

ရဟန္တာ၏ တတိယနိဗ္ဗာန်၌ ကိလေသဝဋ်အရ ဖြုဟ္မာဘဝကို လိုချင်သော ဘဝတဏှာကို ယူရ၏။ ထို ဘဝတဏှာကြောင့် ဖြဟ္မာဖြစ်ရာဖြစ်ကြောင်း ရူပဈာန်ကုသိုလ်၊ အရူပဈာန်ကုသိုလ်များကို ရအောင် လုပ်ခြင်းသည် ကမ္မဝဋ်ဖြစ်၏။ ထိုကမ္မဝဋ်ကြောင့် ဝိပါကဝဋ်တည်းဟူသော ဖြဟ္မာဘဝ၊ ဖြဟ္မာခန္ဓာကို ရ၏။ အရဟတ္တမဂ်က ဘဝတဏှာကို သတ်လိုက်သောအခါ ကိလေသဝဋ် ချုပ်ငြိမ်းသွား၏။

ကိလေသဝဋ် မရှိတော့သောအခါ ဖြဟ္မာဘဝ ရရာရကြောင်း ဈာန်ကုသိုလ်များကို မပြုတော့၊ ထိုအခါ ကမ္မဝဋ်ချုပ်ငြိမ်း၏။ အကြောင်းကိလေသဝဋ်နှင့် ကမ္မဝဋ်ချုပ်ငြိမ်းသောအခါ အကျိုးဖြစ်သည့် ဝိပါကဝဋ်ဟူသော ဖြဟ္မာခန္ဓာကို ရခြင်းလည်း ချုပ်ငြိမ်းတော့၏။ ဘဝတဏှာချုပ်ငြိမ်းခြင်း၊ ဈာန်ကုသိုလ်များ ချုပ်ငြိမ်းခြင်း၊ ဖြဟ္မာခန္ဓာများ ချုပ်ငြိမ်းသွားခြင်းသည် ရဟန္တာများ ရသော တတိယနိဗ္ဗာန်ပင်ဖြစ်၏။

**ဝိဇ္ဇာမဂ္ဂင်နှင့် စရဏမဂ္ဂင်**

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်၊ မည်သည့်ကုသိုလ်ကို လုပ်သည်ဖြစ်စေ၊ ကိလေသာကုန်ရေးသို့ ဦးတည်လျှင် မဂ္ဂင်ထိုက်သည်သာ ဖြစ်၏။ မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပသည် ဝိဇ္ဇာမဂ္ဂင်မည်၏။ ပညာဖြင့် ထိုးထွင်းသိမှုသည် အဓိကဟု ဆိုလို၏။ ဝိပဿနာအရာ၌ ထိုဝိဇ္ဇာမဂ္ဂင်က ဦးဆောင်၏။ ကျန် မဂ္ဂင်ခြောက်ပါးသည် စရဏမဂ္ဂင်မည်၏။ ဝီရိယဖြင့် ကျင့်မှုသည် အဓိကဟု ဆိုလို၏။

ဒါန၊ သီလ၊ သမထအရာ၌ ထို စရဏမဂ္ဂင်က ဦးဆောင်၏။ ဥပမာအားဖြင့် ဒါနတစ်ခု အောင်မြင်ရန်အတွက် ဝိပဿနာ၌ကဲ့သို့ ပြတ်သားစွာ ပညာဖြင့် သိရုံနှင့် မပြီး။ ဥစ္စာကို ဝီရိယဖြင့် ရှာဖွေမှသာ ဒါနပြုနိုင်မည်ဖြစ်၏။ ထိုသို့ သမ္မာအာဇီဝကျကျ ပစ္စည်းဥစ္စာကို ရှာဖွေခြင်းသည်ပင် စရဏမဂ္ဂင်အရ ကျင့်ဆောင်နေခြင်းပင် ဖြစ်၏။ ဝိပဿနာအရာ၌ကား ကျွဲကူးရေပါ ဟူသော စကားအတိုင်း ပညာမဂ္ဂင်ကို သိအောင် နာကြား အားထုတ်လိုက်သည်နှင့် စရဏမဂ္ဂင်သည် တစ်ခါတည်း ပါသွား၏။

ယခု တံငါသည်ကြီးသည် ဗုဒ္ဓဟောကြားသော သစ္စာတရားကို နာကြားရင်း နားလည်အောင် ကြိုးစားမှတ်သားနေခြင်းသည် ပညာမဂ္ဂင်များ ပါဝင်လာပြီး သောတာပန်တည်သွားခဲ့၏။ ပညာမဂ္ဂင်လုပ်ရင်းဖြင့် စရဏမဂ္ဂင်ပါသွားပုံကို အကျယ်ပြဒ်။ တံငါသည်သည် သစ္စာတရားကို နာကြားရင်းဖြင့် ဗုဒ္ဓ၏ အသံရုပ်နှင့် သူ၏ နားအကြည်ရုပ်တို့ ထိခိုက်မှုကြောင့် ကြားသိစေတသိက်နှင့်တကွ ခန္ဓာငါးပါးပျက်သွားပုံကို ဉာဏ်နှင့် သိပြီး ခန္ဓာငါးပါးဟာ မမြဲပါလား(ခန္ဓာငါးပါး အနိစ္စ)ဟု ရှုပွားလိုက်၏။

ထိုသို့ ရှုပွားသည့်အခါ ခန္ဓာငါးပါးဖြစ်ပြီး ပျက်ပုံကို တံငါသည်သည် ယခုကဲ့သို့ အကျယ်သိနေ၏။ နားအကြည်ရုပ်နှင့် အသံရုပ်သည် ရူပခန္ဓာ။ ကိုင်၍ရသော နားရွက်ကြီးသည် ပညတ်။ အသံ၏ အရိပ်ထင်လာရာ သဘောတရား နားအကြည်ရုပ်လေးသည် ပရမတ်။ ထိုသဘောတရား အကြည်ရုပ်လေးကား မြင်၍ မရပေ။ ထိုအကြည်ရုပ်နှင့် အသံရုပ် ရူပက္ခန္ဓာသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေ (၅ဂဂဝ)ကျော် ပျက်နေ၏။

ဤသို့ ရူပက္ခန္ဓာ၏ မမြဲမှုကို ပွားများခြင်းသည် ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်၏။ ထိုရုပ်နှစ်ပါး ထိခိုက်မှုကြောင့် ပေါ်လာသော ကြားသိစိတ်သည် ဝိညာဏက္ခန္ဓာဖြစ်၏။ ထို ကြားသိစိတ်နှင့် အတူဖြစ်ပေါ်လာသော စေတသိက် ခုနစ်လုံးတို့အနက် ဝေဒနာစေတသိက်သည် အသံ၏ အရသာကို ခံစားသော ဝေဒနက္ခန္ဓာဖြစ်လာ၏။ သညာစေတသိက်သည် ဒါ သစ္စာတရားပဲဟု မှတ်သားသော သညာက္ခန္ဓာဖြစ်လာ၏။

စေတနာ ဦးဆောင်သော ကြွင်းစေတသိက်ငါးလုံးသည် သင်္ခါရက္ခန္ဓာဖြစ်လာ၏။ ဤ နာမ်ခန္ဓာလေးပါးသည် နားအကြည်ရုပ်နှင့်အတူ တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေ တစ်သိန်းဖြစ်ပျက်သွား၏။ ဤသို့ ခန္ဓာငါးပါး၏ အဖြစ်အပျက်ကို ထိုးထွင်းသိမြင်သော ပညာသည် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၏။ အသိမှန်သွားသဖြင့် ဖြစ်ပျက်ချနေသော ခန္ဓာငါးပါးသာ ရှိသည်၊ ငါဆိုတာ - မရှိပါလားဟု အတွေးမှန်သွားသော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

ဤသို့ ဝိဇ္ဇာမဂ္ဂင်နှစ်ပါးက ဦးဆောင်လိုက်သဖြင့် စရဏမဂ္ဂင်ခြောက်ပါး တစ်ခါတည်းပါလာပုံကို ဆက်ပြဒ်။ ထိုကဲ့သို့ ခန္ဓာငါးပါး အနိစ္စဟု ရှုဆဲအချိန်တွင် ဝစီ ဒုစရိုက်လေးပါး ရှောင်ကြဉ်ပြီးဖြစ်နေခြင်းသည် သမ္မာဝါစာမဂ္ဂင်မည်၏။ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ပြီးဖြစ်နေခြင်းသည် သမ္မာကမ္မန္တမဂ္ဂင်မည်၏။ ထိုသို့ ရှုပွားချိန်တွင် အသက်မွေးဝမ်းကျောင်း စင်ကြယ်နေခြင်းသည် သမ္မာအာဇီဝ မဂ္ဂင်မည်၏။ ဤကား သီလမဂ္ဂင်အလိုလိုပါသွားပုံတည်း။



www.burmeseclassic.com

www.burmeseclassic.com

ဝီရိယစိုက်ထုတ်ပြီး ခန္ဓာငါးပါး အနိစ္စဟု ရှုပွားခြင်း သမ္မဝါယမ မဂ္ဂင်မည်၏။ ရှုပွားဖို့ သတိထားခြင်းသည် သတိမဂ္ဂင်မည်၏။ ဤကား သီလမဂ္ဂင်အလိုလိုပါသွား ပုံတည်း။

ဝီရိယစိုက်ထုတ်ပြီး ခန္ဓာငါးပါး အနိစ္စဟု ရှုပွားခြင်း သမ္မဝါယမ မဂ္ဂင်မည်၏။ ရှုပွားဖို့ သတိထားခြင်းသည် သတိမဂ္ဂင်မည်၏။ ရှုပွားချိန်တွင် ခန္ဓာငါးပါးအဖြစ်အပျက် တည်ငြိမ်နေခြင်းသည် သမ္မာသမာဓိမဂ္ဂင်မည်၏။ သမာဓိ သုံးပါး အလိုလိုပါသွားပုံတည်း။ မိမိ ဝိပဿနာရှုပွားနည်း မှန်ကို ဘုရားမျက်နှာကြည့်ပြီး ဆုံးဖြတ်လိုက ဤမဂ္ဂင် နှင့် တိုက်ကြည့်ရာ၏။ မဂ္ဂင်ရှစ်ပါးနှင့် ကိုက်လျှင် နည်းမှန်ပြီဟု ကိုက်လျှင် ရှုပွားနည်းမှန်ပြီဟု ဆုံးဖြတ်နိုင်

ဝိပဿနာဉာဏ်သက်သက် ရှုပွားချိန်တွင်ကား ပညာ နှင့် သမာဓိမဂ္ဂင် စုစုပေါင်း ငါးပါးပါဝင်၏။ မဂ်ကျသည် သီလမဂ္ဂင်ပါ ပါလာပြီး ရှစ်ပါးဖြစ်၏။ ယခု တံငါသည်သည် တာပတ္တိမဂ်ကျတော့မည်ဖြစ်၍ မဂ္ဂင်ရှစ်ပါး တစ်ခါတည်း သွားခြင်းဖြစ်၏။ ဝိပဿနာရှုနည်းမှန်ဖို့အတွက် မဂ္ဂင် ဖို့ လိုသလို၊ မဂ်ကျဖို့အတွက် သစ္စာလေးပါးကိုက်ရန် ၏။ ယခု သစ္စာလေးပါးကိုက်ပုံကို ပြအံ့။

ခန္ဓာငါးပါး အနိစ္စဟု သိခြင်းသည် ဒုက္ခသစ္စာကို သိခြင်း ၏။ ထိုသို့ သိအောင် ပွားများခြင်းသည် မဂ္ဂသစ္စာပင် ၏။ ခန္ဓာငါးပါးကို မမြဲသော တရား၊ ဆင်းရဲသော တရား၊ နှစ်သာရ မရှိသော တရားဟု သေချာသိလိုက်သည်နှင့် ဆက်ထပ် မလိုချင်တော့။ ဤသို့ မလိုချင်တော့ခြင်းသည် ဒယသစ္စာတဏှာကို ပယ်သတ်ခြင်းဖြစ်၏။

ထိုအချိန်၌ အပါယ်ချနိုင်သော တဏှာနှင့် ဒိဋ္ဌိကိလေ ဝိစိကိစ္ဆာကိလေသာများ ငြိမ်းပြီး ခန္ဓာအသစ်များ သိမ်း ခြင်းသည် နိရောဓသစ္စာခေါ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ၏။

မဂ်ကျလျှင် သစ္စာလေးချက်သည် တစ်ပြိုင်နက်ဖြစ် ၏။ ဥပမာအားဖြင့် မှောက်မိုက်နေသော အခန်းတစ်ခန်း ဆီမီးညှိထွန်းလိုက်လျှင် အလင်းရောက်ခြင်း၊ အမှောက် ကြခြင်း၊ မီးစာ တဖြည်းဖြည်းကုန်ခြင်း၊ ဆီ တဖြည်းဖြည်း ခြင်းတို့သည် တစ်ပြိုင်နက်ဖြစ်သကဲ့သို့ပင်တည်း။ တံငါ သည်သည် သောတာပန်တည်သွားသည်နှင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အကြွင်းမဲ့ ပယ်သတ်သွား၏။

ရတနာသုံးပါးကို အသက်နှင့် လဲပြီး ယုံကြည်ကိုးကွယ် သွား၏။ ငါးပါးသီလကို အသက်နှင့် လဲပြီး လုံခြုံသွား၏။ ဝိပလ္လာသ ရှစ်ပါးကို အရင်းပယ်သတ်သွား၏။ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ်တို့ကို ပယ်သတ် လိုက်၏။ မိမိမှာ ရှိသောအပြစ်ကို မရှိဟန်ဆောင်သော မာယာ နှင့် မိမိ၌ မရှိသည့်ဂုဏ်ကို ရှိဟန်ဆောင်သည့် သာဌေယျ တို့ကိုလည်း ပယ်သတ်၏။

**သောတာပန် ပယ်သတ်သည့် ဝိပလ္လာသ ရှစ်ပါး**

ခန္ဓာငါးပါးကို မြဲသည်ဟု အယူမှားမှု ဒိဋ္ဌိဝိပလ္လာသ၊ ခန္ဓာငါးပါးကို မြဲသည်ဟု အမှတ်မှားမှု သညာဝိပလ္လာသ၊ ခန္ဓာငါးပါးကို မြဲသည်ဟု အသိမှားမှု စိတ္တဝိပလ္လာသ၊ ခန္ဓာငါးပါးကို အစိုးရသည်ဟု အယူမှားမှု ဒိဋ္ဌိဝိပလ္လာသ၊ ခန္ဓာငါးပါးကို အစိုးရသည်ဟု အသိမှားမှု စိတ္တဝိပလ္လာသ၊ ခန္ဓာငါးပါးကို ချမ်းသာသည်ဟု အယူမှားမှု ဒိဋ္ဌိဝိပလ္လာသ၊ ခန္ဓာငါးပါးကို တင့်တယ်သည်ဟု အယူမှားမှု ဒိဋ္ဌိဝိပလ္လာသ။

**သောတာပန် မပယ်သော ဝိပလ္လာသ လေးပါး**

ခန္ဓာငါးပါးကို ချမ်းသာသည်ဟု အသိမှားခြင်း စိတ္တဝိပလ္လာသ၊ ခန္ဓာငါးပါးကို ချမ်းသာသည်ဟု အမှတ်မှားခြင်း သညာဝိပလ္လာသ၊ ခန္ဓာငါးပါးကို တင့်တယ်သည်ဟု အသိမှားခြင်း စိတ္တဝိပလ္လာသ၊ ခန္ဓာငါးပါးကို တင့်တယ်သည်ဟု အမှတ်မှားခြင်း သညာဝိပလ္လာသ။

ဤ ဖောက်ပြန် မှားယွင်းသော အသိမှား၊ အမှတ်မှား၊ ဝိပလ္လာသလေးချက် ကျန်နေသောကြောင့် သောတာပန်၊ သကဒါဂါမ်များသည် အိမ်ထောင်သားမွေးပြုလုပ်ကြခြင်းဖြစ်၏။

ပထဗျာကေရဇ္ဇေန၊
သဂ္ဂဿဂမနေနဝါ၊
သဗ္ဗလောကာဓိပစ္စေန၊
သောတာပတ္တိဖလံဝရံ။

(ဓမ္မပဒ)

စကြဝတေးမင်းဖြစ်ရခြင်းထက် နတ်တို့သနင်း သိကြားမင်းဖြစ်ရခြင်း၊ ဗြဟ္မာမင်းကြီးဖြစ်ရခြင်းထက် သောတာပတ္တိဖိုလ်ကို ရခြင်းက ပို၍မြတ်၏။ (အဘယ်ကြောင့်နည်း။ စကြာမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့သည် သေလျှင် အပါယ်လေးပါးသို့ ကျနိုင်သေးသော်လည်း သောတာပန်သည် ဘယ်သောအခါမျှ အပါယ်သို့ မကျနိုင်သောကြောင့်တည်း။)

ယောဂီများအားလုံး သောတာပန်တည်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။ (သစ်ညီနောင် ဓမ္မရိပ်သာ ဆရာတော်)

(ပြီးပါပြီ)

* * *

●မဇ္ဈာရှင်(ရွှေမြည်သာ)




www.burmeseclassic.com

www.burmeseclassic.com

# ကုသလမူလ အတုလမုနိ သတ္တဋ္ဌာန ရတနာပုံ မဟာစေတီတော်မြတ်ကြီး

■ ဧရာမြေ ကျော်ဝေ




ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၏ ကျွန်းသိုလ် လမ်းဘေး ရတနာပုံကျောင်းဝင်းအတွင်းတွင် တည်ထား ကိုးကွယ်လျက်ရှိသော "ကုသလမူလ အတုလမုနိ သတ္တဋ္ဌာန ရတနာပုံ မဟာစေတီတော်မြတ်ကြီး" ဆီသို့ ၄-၅-၂၀၁၃ နေ့ တွင် စာရေးသူ ရောက်ရှိသွားပါသည်။ စာရေးသူ ရောက်ရှိ သွားချိန်မှာ နံနက် ၉နာရီတိတိပင် ဖြစ်သဖြင့် ကျောင်းထိုင် ဆရာတော်ကြီး ဘဒ္ဒန္တကုသလနှင့် အေးဆေးစွာ တွေ့ဆုံပြီး ဘုရားကြီး၏ သမိုင်းအကြောင်းကို ဆရာတော်ကြီး ဘဒ္ဒန္တ ကုသလမှ စိတ်ရှည်စွာဖြင့် စာရေးသူ မေးသမျှကို ပြောပြပါ သည်။


"ဘုန်းကြီး ဒီရတနာပုံရပ်ကွက်ကို ရောက်တော့ ဘုန်းကြီးအသက် ၃၅နှစ်ပဲ ရှိပါသေးတယ်။ ထည်ထည်ဝါဝါ ကျောင်းရယ်လို့ မရှိသေးပါဘူး။ ယခု ဒကာတို့ မြင်တွေ့ရ ကျောင်းနဲ့ ဘုရားတွေကတော့ ဘုန်းကြီးလက်ထက်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com





ဖြစ်လာတာပါ။ ဒါတွေကို ဘုန်းကြီး ကြွားဝါးပြီး ပြောနေတာ ဟုတ်ပါဘူး။ အစက ဘုန်းကြီး ဘုရားတည်ဖို့ ရည်ရွယ်ချက် ရှိပါဘူး။ ရတနာပုံ ဆိုတဲ့ ဆိုင်းဘုတ်နဲ့ ကျောင်းအမည်တပ် ပြီး မရှင်းသေးတဲ့ မြေကွက်လပ်တွေကို ဒကာကြီး ပေါက်စီ တို့အဖွဲ့ ၁၅ဦးက ချုံနွယ်ပိတ်ပေါင်းတွေ ရှင်းပြီး ညတိုင်း ပုတီးစိပ်ကြပါတယ်။ ၁၃၅၄ ခုနှစ်ရဲ့ တစ်နေ့သော ညချမ်း အချိန်အခါမှာ ပုတီးစိပ်သူ ၁၅ဦးရဲ့ ဦးခေါင်းတည့်တည့် ဆီက ဟင်္သာငှက်တစ်အုပ်ဟာ အရှေ့ဘက်က ပြန်လာပြီး ခေါက်ပတ်ပြီး "အောင်း…အောင်း…"ဟု အော်မြည်ပြီး အနောက်ဘက်ကို အုပ်စုလိုက် ပြန်သွားကြပါတယ်။ ထိုပေါက်စီတို့ လူငယ် ၁၅ဦးကလည်း နံနက်မိုးသောက် အလင်းရောက်ရင် ဆရာတော်ကြီးဆီ လျှောက်ပြီး ဘုရား ပြည်ရင် မ,တည်ငွေ ငါးထောင်ကျပ်ထည့်မည်ဟု ပြောသဖြင့် ဒေါ်သန်းမြင့်၏ မတည်မှုနှင့် ဆရာတော်ကြီး၏ မတည်မှုဖြင့် ရတနာပုံစေတီတော်ကြီးကို ၁၃၅၇မှာ စတည်ဖြစ်ပါတယ်။ နှစ်ရက်သားသမီးတို့၏ အလှူငွေများလည်း ပါပါတယ်"

ဟု ဆရာတော်ကြီးမှ ပြောပြပါသည်။


အလယ်ပစ္စယံ ဇောင်းပင်နှင့် ရွှေပလ္လင်တွင် ပထမဗွာန အဖြစ် (၁၈)တောင့်ရှိ စေတီတော်ကို တည်ခဲ့ပြီး အရှေ့ အနောက် (၈၁)ပေ သတ္တဗွာနကို ရည်မှန်း၍ တည်ခဲ့ပါ သည်။ လိုဏ်ဂူ ပထမအဆင့် ပန်းတင်ခုံ အရန်စေတီတော် ၁၆ဆူ၊ (၁၈)ပေအထက် ပထမ ပစ္စယံ၊ ၁၂ပေက ဒုတိယ ပစ္စယံ၊ ၁၀ပေက တတိယ ပစ္စယံ၊ ၁၀ပေအထက် ပစ္စယံ သုံးခုမှာ ၁၃ပေ၊ စုစုပေါင်း ၆၃ပေ၊ အပေါ်ကွမ်းတောင် အောက်ခြေပလ္လင် ၃ပေ၊ ကွမ်းတော်ပလ္လင်အပါ ၂၇ပေ၊ စေတီဉာဏ်တော် (၁၈)ပေ၊ မြေကြီးမှ ငှက်ပျောဖူးထိ (၁၀၇)ပေ၊ အတောင် ၇၂ တောင်၊ ထီးတော်မှာ စိန်ဖူးထိ ၁၃ပေခွဲ၊ အတောင် ၉တောင်၊ စုစုပေါင်း (၈၁)တောင် စေတီတော်မှာ ဆရာတော်ကြီး၏ စိတ်ကူးဒီဇိုင်းအတိုင်း တည်ထားခြင်းဖြစ်ပြီး အင်ဂျင်နီယာပုဂ္ဂိုလ်တစ်ဦးတစ်ယောက် မှ မပါရှိပါ။

ထိုစေတီတော်ကြီးကို စတင်တည်ဆောက်စဉ် ငြမ်း ဆင်သောအခါ ထိုငြမ်းများပေါ်သို့ ဆရာတော်ကြီးသည် တက် ရောက်ကြည့်ရှုပြီး မူလစိတ်အသွင်မှ တင်းမာသော စိတ် အသွင်သို့ ပြောင်း၍ ဘိုးတော်တို့၏ ဓာတ်စီးပြီး အောက် ဘက်သို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး "ဒီမှာ သိုက်ချုပ် ဘိုးတော်ကြီး… ခင်ဗျားမှာ တာဝန်ရှိတယ်။ ဒီဘုရားမပြီးမချင်း အနှောင့်အယှက်မရှိစေရဘူး။ ခင်ဗျားထိန်းပါ"ဟု မျက် ထောက်နီကြီးဖြင့် ပြောသဖြင့် ထူးခြားသော ဘိုးဘိုးအောင်

www.burmeseclassic.com

www.burmeseclassic.com







(သို့မဟုတ်) ဘိုးမင်းခေါင်၊ ဘိုးတော်တစ်ဦးဦး ဝင်ရောက်၍ ပြောဆိုခြင်းပင် ဖြစ်လိမ့်မည်ဟု အကျိုးတော်ဆောင် ကိုပေါက်စီ၏ ပြောပြချက်ဖြင့် သိခဲ့ရပါသည်။

ဆရာတော်ကြီးက ဘုရား၏ ထူးခြားချက်များကို ရှည်ရှည်ဝေးဝေး မပြောလိုပါ။ သိချင်ရင် ကိုပေါက်စီကို မေးဟု ပြောပါသည်။ ဓာတ်ဆက်၊ နတ်ဆက်၊ သိုက်ဆက်များ အကြောင်းကို ကိုပေါက်စီမှ ရှင်းလင်းပြောပြပါသည်။ ဆရာတော်ကြီး၏ ရည်ရွယ်ချက်မှာ အနှောင့်အယှက်မရှိဘဲ ဘုရားပြီးဖို့က အဓိကဟု ဆိုပါသည်။

အလယ်ပစ္စယံဘုရားတည်ပြီး နောက်ဘက်ရှိ ကုက္ကိုပင်ပေါ်မှ ရှိုးသိမ်းငှက်တစ်ကောင်သည် နားပြီး "ဟေ်···ဟေ်···ဟေ်"ဟု သုံးကြိမ်အော်မြည်ပြီး ဘုရားကို ပတ်၍ ပျံဝဲသွားပါသည်။ ဒီထူးခြားချက်ကိုလည်း အကျိုးတော်ဆောင် ကိုပေါက်စီမှ ပြောပြခြင်းဖြစ်ပါသည်။ ဒီ ကုသလမူလ အတုလမှိ သတ္တဌာန ရတနာပုံ မဟာစေတီတော်မြတ်ကြီး၏ ထူးခြားချက်များမှာ စေတီတော်ကြီးကို ကဏန်းကောင်ခေါ် ပုစွန်လုံးနှင့် မြွေဟောက်တို့သည် အတူလာပြီး မိနစ် ၃၀ကြာသည်အထိ ဘုရားကြီးကို ဖူးမြော်ကြသည်။ နဂါးသဏ္ဌာန် အဆိပ်ပြင်းသော ပါးပျဉ်းထောင် မြွေများသည် စေတီတော်၏ အထက်ပစ္စယံပေါ်တွင် မကြာခဏ ဘုရား[...] ခြင်းကို တွေ့ရသည်။ ဘုရားကြီး စ,တည်ချိန် စည်းဝိုင်းအပြ[...] ဘက်တွင် ငန်းတော်ကျားမြွေတစ်ကောင်သည် အတွင်း[...] မဝင်ဘဲ စည်းအပြင်ဘက်တွင် သုံးပတ်ပတ်၍ ဘုရားကြီး[...] ဦးတိုက်ပြီးမှ ပျောက်သွားပါသည်၊ သိုက်ဆက်ပင်လော၊ န[...] ဆက်ပင်လောဟု အမျိုးမျိုးတွေးတော ကြံဆရပါသည်[...] ဦးပေါက်စီက ပြောပါသည်။

ဘုရားကြီး၏ ပရဝဏ်အဝန်းအဝိုင်းတွင် ရက်ကန်း[...] တောင် ဆရာတော်ရုပ်တုနှင့် ဘိုးမင်းခေါင်၊ ဘိုးဘိုးအော[...] ရုပ်တုများကို ဓာတ်နန်းထဲတွင် တွေ့ခဲ့ရသလို၊ သိုက်နန်း[...] မြနန်းနွယ်ရုပ်တုနှင့် ဓာတ်ပုံပန်းချီကားချပ်နှစ်ချပ်ကိုလည်[...] တစ်ခန်းစီ တွေ့ခဲ့ရပြီး တစ်ဖက်တွင် သိုက်ချုပ်ဘိုးတော်[...] ကြီး ဘိုးမေတ္တာရုပ်တုပုံကြီးကိုလည်း တွေ့ခဲ့ရပါသည်။ န[...] ဘုရား၊ ရှင်ဥပဂုတ္တနှင့် ရှင်သီဝလိ ရဟန္တာမထေရ်ကြီးမ[...] ၏ ရုပ်တုတော်များသည်လည်း လက်ရာမြောက်လှပါသည်[...] ဓာတ်၊ နတ်၊ သိုက် စုံလင်လှသော ရတနာပုံ မဟာစေ[...] တော်ကြီးသည် ယခု ထုလုပ်ပူဇော်ထားသော ထိုင်တော်[...] ဘုရားများနှင့် မတ်ရပ် ဆင်းတုတော်များမှာ ၄၅ဆူမျှ[...] ပေပြီ။ အလှူရှင်များလည်း တဖွဲဖွဲပင်။ (၁၀၀)ဆူပြည့်အော[...]



www.burmeseclassic.com

www.burmeseclassic.com



ည်မည်ဟု ဆရာတော်ကြီးက မှတ်တွာန်ထားပါသည်။ မြေကြီး
စိန်ဖူးတော်ထိ (၁၀၈)တောင်မြင့်သော ဘုရားကြီးသည်
ငင်းကြေဘုရားကြီးတစ်ဆူဖြစ်ပါသည်။

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ခေါ် တန်ခူးလဆန်း
ရက်နေ့တွင် ဆရာတော်၏ သက်တော်မှာ ၇၀ပြည့်၊ ဝါ
တော်မှာ ၅၀ ဖြစ်သဖြင့် ရွှေရတုမင်္ဂလာပြု၍ ထီးတော်ကြီး
ကို တင်လှူပါသည်။ စေတီတော်ဘုရားကြီးကို ဆရာတော်
ကြီးမှ ဦးဆောင်ပြီး ခုနစ်နေ့သားသမီးများ၏ ကုန်ကျငွေများ
နှင့် ရဟန်းအမကြီး ကွမ်းဒိုင်၊ ဒေါ်သန်းမြင့်(ဟသ်ာတ၊ ပတ္တ
မြားလမ်း)က အများဆုံး မတည်ထည့်ဝင် လှူဒါန်းသလို
ဆရာတော်ကြီးကလည်း သိန်းပေါင်း တစ်ထောင်ကျော်
ကုန်ကျခံ၍ ဘုရားကြီးကို တည်ခဲ့ရာတွင် (၁၈)နှစ်တင်းတင်း
ပြည့်ခဲ့ပါသော်လည်း ယခု ဘုရားကြီးက မပြီးမြောက်သေးပါ။
စေတီတော်ကြီး၏ လိုဏ်ဂူအမည်ကို နန္ဒမူလိုဏ်ဂူဟု ဆရာ
တော်ကြီးမှ အမည်ပေးထားပါသည်။ လိုဏ်ဂူထဲသို့ ဝင်ပေါက်
()ပေါက်ရှိပြီး မုဒြာဘုရား တင်ပလ္လင်ခွေပုံတော်တစ်မျိုးစီ
()မျိုး၊ (၈)ဆူ တည်ထားပါသည်။

လိုဏ်ဂူကြီးအတွင်း၌ ပလ္လင် (၈)ဌာနကို ရည်ရွယ်၍
စေတီငယ်တစ်ဆူလျှင် ထိုင်တော်မူ ရုပ်ဆူတည်ထားပါသည်။
ဗောဓိပင်နှင့် ရွှေပလ္လင်ဟု သတ်မှတ်ပြီး ပထမဌာနဟု ရည်
ရွယ်ပါသည်။ ထိုပလ္လင် (၈)ဌာန၏ ဝဲယာတွင် အရပ်မျက်နှာ
အလိုက် ဖြဌာနဟု တည်ထားပါသည်။ အရှေ့မြောက်အရပ်
မှာ နိမိသဌာန၊ ဗောဓိပလ္လင်၏ မြောက် စင်္ကြံမအရပ်တွင်
ရတနာရုပ်တော်မူနှင့် စေတီတော်တည်ထားပါသည်။
အနောက်မြောက်အရပ်တွင် ရတနာဃရ ရွှေအိမ်တော်တွင်
ထိုင်တော်မူ ရုပ်ပွားတော်တစ်ဆူတည်ထားပါသည်။ အရှေ့
အရပ်တည့်တည့်တွင် အဇပါလဌာန၏ ထိုင်တော်မူ ရုပ်ပွား
တော်တစ်ဆူတည်ထားပါသည်။ အရှေ့တောင်အရပ်တွင်
ရာဇာရတန မုစလိန္ဒာအိုင်တွင် ထိုင်တော်မူတစ်ဆူ၊ တောင်
ဘက်အရပ်တွင် ရာဇာရတနဌာနတွင် ထိုင်တော်မူတစ်ဆူ







www.burmeseclassic.com

www.burmeseclassic.com

တည်ထားလျက် ရှိပါသည်။ ဗောဓိပင်နှင့် ရွှေပလ္လင်၏ အနောက်တောင်အရပ်တွင် ဒုက္ကရစရိယာကျင့်တော်မူပုံ ရုပ်ပွားတော်တစ်ဆူတည်ထားပါသည်။ အနောက်အရပ်တွင် ဘုရားအလောင်းတော်၏ ခြေတွဲလွဲချုံတော်၊ မြက်ထမ်းသမား သွတ္တိယက မြက်ရှစ်ဆုပ်ကို လှူသဖြင့် အနောက်အရပ်သို့ လှည့်ပြီး ရုပ်ပွားတော်တစ်ဆူကို တည်ထားပါသည်။ နန္ဒမူ လိုဏ်ဂူ၏ အဝင်ဝ ရှစ်ပေါက်တွင် ဉာဏ်တော် ၁၂ပေခွဲ အမြင့်ရှိသော ရုပ်တော်မှု ရုပ်ပွားတော်များကို တည်ထားပါ သည်။ သတ္တဌာန ဘုရားရှိခိုးနှင့် အနက်အဓိပ္ပာယ်ကိုလည်း ဆရာတော်ကြီးမှ စိတ်ရှည်စွာဖြင့် ဆက်လက်ပြီး ပြောပြပေး ပါသည်။

**သတ္တဌာနဘုရားရှိခိုး**

ပထမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယဥ္စအနိမိသံ၊

တတိယံ စင်္ကမဋ္ဌေဝ၊ စတုတ္ထံ ရတနဃရံ၊

ပဥ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဥ္စ ဆဋ္ဌမံ၊

သတ္တမံ ရာဇရတနံ၊ သတ္တဌာနံ အဟံနမေ။

ပထမံ - ရှေးဦးစွာသော၊ ဗောဓိပလ္လင်္ကံ - အတောင် တစ်ရာကြီးစွာမြင့်ခေါင် ဗောဓိညောင်မှ လေးတောင်ကွာနန်း ပြဟ္မာခန်းဝယ်၊ ခြူးပန်းခြူးနွယ် အံ့ဖွယ်ရတနာဆန်းကြယ်စွာ







သော သစ္စာလေးဆင့် ပွင့်တော်မူရာ ပလ္လင်သာကို လည်း ကောင်း။

ဒုတိယံ - နှစ်ကြိမ်မြောက်သော၊ အနိမိသဥ္စ - ဗောဓိညောင်မှ ချမ်းမြေပြီးအေး ဝာစ်ဝေယ့်လေးလံသော မြောက်တာင်းလောက်ဝယ် မျှော်ထောက်ဆင်ခြင် ပလ္လ ရတနာ မာရ်အောင်ရာဟု သက်ဂုဓိပတိ တွင့်ဘုန်းရှိလျ မျက်စိမမှိတ် စိတ်စွဲရှည်ရော် ရပ်တန့်မျှော်နေတော်မူရာ အ မိသ - ရပ်ခန်းဝါကို လည်းကောင်း။

တတိယံ - သုံးကြိမ်မြောက်သော၊ စင်္ကမဥ္စ - ဗော ပင်နှင့် အနိမိသာဌာန နှစ်ပါးအလယ်ကြားတွင် အလျ ရှေ့နောက် အခေါက်ခေါက်လျှင် ခြောက်ဆယ့်တောင်လျ စင်္ကြံသွား၍ ရွှေဖဝါးကြာစက်ချရာ ရတနာအထိ ဖန်ဆင်း သာ သီရိလျှံဝါ စင်္ကြံသာကို လည်းကောင်း။


စတုတ္ထံ - လေးကြိမ်မြောက်သော၊ ရတနဃရဥ္စ ဗောဓိပင်မှ သမီပဟု သာလှမြေပြင် နောက်မြောက်ခွင်ဝ ခဲယဉ်းလှစွာ ဘိဓမ္မာကို စိတ်ဖြာခွဲခြမ်း ဉာဏ်တော်လျှမ်း စုံစမ်းဆင်ခြင် စံပျော်ရွှင်ရာ၊ ရတနာဃရ - ကျောက်ေ ပြာသာဒ် ဒေဝဖန်ဆင်း ရွှေအိမ်နန်းကို လည်းကောင်း။

ပဥ္စမံ - ငါးကြိမ်မြောက်သော၊ အဇပါလဥ္စ - ဗော မှ ပုဗ္ဗဒိသာရှေ့မျက်နှာဥ္စ ဝေးကွာအမှန် အလံသုံးဆယ် ဌ



www.burmeseclassic.com

www.burmeseclassic.com






[illegible]ယ်နှစ်ခု၊ ညွှန့်နုမြရောင် ဆိတ်ကျောင်းဆောင်မှ ပြောက်
[illegible]ချင်ထွန်းပ သုံးလူဘာသည်၊ အေးမြမွေ့လျော် ခနောက်ဂူ[illegible]
[illegible]တ် အရုပ်မြတ်ကို လည်းကောင်း။

ဆဋ္ဌမံ - ခြောက်ကြိမ်မြောက်သော၊ [illegible] - [illegible] ရှိသော ပတ္တမြား ငါးပါးအရောင် [illegible] [illegible] ရွှေညောင်တော်ရှေ့ တောင်စပ်ထွတ်ဝှင် ချမ်းမြေ့ နိုးပြီး [illegible]ည့်ခြင်းကို ရေမင်းနဂါး ပါးပျဉ်းထား၍ ချမ်းသာစိုပြေ [illegible]ကိုက်တော်သည်၊ မုစလိန္ဒာ ရေကြာနံ့လှိုင် ပန်းစုံအိုင်ကို [illegible]ည်းကောင်း။

သတ္တမံ - ခုနစ်ကြိမ်မြောက်သော၊ ရာဇာယတနဋ္ဌ - [illegible]နာသီရိ ဇောမိဖင်စန်း တောင်ရပ်ဖွန်းတွင် လင်းလွန်း မြည်ဖြိုး ပင်ရိပ်မှို၍ ဗိုလ်သမာမတ် ဝင်စားလတ်၍ မြတ်တရား ထုံး သုံးဘုံတိုက်ပင်း တရားမင်း၏ ပျော်ခင်းစံရာ၊ ရာဇ-ယတနာရပ်ဝေယျာကို လည်းကောင်း။ ဣတိသတ္တာနံ - ဤသို့ မြတ်စွာ တင့်အပ်ရာ သားရတနာထူးသည် ရုပ်ခုနစ်မည်ကို၊ အဟံ - အကျွန်ုပ်သည်၊ နမေနမာမိ - ကုမုဒြာ ရွှေကြာပင် ငုံ ဆယ်ချောင်းစုံလျက်၊ ကြည်ရုံမြတ်နိုး ဦးထိပ်မိုး၍ ရှိခိုး ပါ၏ အရှင်ဘုရား။ အဟံ - ခန္ဓာငါးခု ရုပ်နာမ်စုကို ကုသလ ဟု နာမသမုတ် အကျွန်ုပ်သည်၊ ဝန္ဒာမိ - အရှင့်ဂုဏ်တော် မှန်းဆမျှော်လျက် အကြိမ်ကြိမ်ဝပ်လျှိုး ဦးညွှတ်ကျိုးစွာ ရှိခိုး ခြင်းဖြင့် "ကုသလမူလ အတုလမုနိ သတ္တဌာန ရတနာပုံ မဟာစေတီတော်ကြီး"ကို ပြီးဆုံးသည့်တိုင် ခုနစ်နေ့သားသမီး







www.burmeseclassic.com

www.burmeseclassic.com





ဦးခိုက်မဝ ဖူးထိုက်ကြရအောင် အသက်ဇီဝိန် အာဏာရှိန်က တည်တံ့မေတ္တာရှိစေသား။

"ဒီဘုရားကြီးတည်ပြီးမှ ဘုန်းကြီးလည်း ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပါတယ်။ ဓာတ်ကိစ္စ၊ နတ်ကိစ္စ၊ သိုက်ကိစ္စတွေကတော့ ကိုပေါက်စီကို တာဝန်ပေးထားလို့ အနှောင့်အယှက် အဟန့်အတား မရှိပါဘူး။ ဘုန်းကြီးအသိနဲ့ ထူးခြားတာလေးတစ်ခုကတော့ ဘုရားကြီး ထီးတော်မတင်ခင် တစ်ပတ်လောက်အလို ရက်ကလေးမှာ ဒကာကြီး ဗိုလ်ကြီး အောင်မြင့်ဦးတို့ရဲ့ အဖွဲ့၊ ကရုဏာလုလင်အဖွဲ့ပေါ့၊ သူတို့က မှန်ဦးလမ်းကြီး ကွန်ကရစ်လမ်းဖြစ်ဖို့အတွက် အလှူခံပေးရာမှာ နေ့ရော ညရော ဆိုပါတော့။ ကန့်သတ်ထားတဲ့ အလှူငွေကို မှန်းလိုက်တာနဲ့ မှန်းတဲ့အတိုင်း ဖြစ်နေတာကတော့ ဘုရားကြီးရဲ့ တန်ခိုးတော်ကြောင့်ပါပဲ။ အချို့လူပုဂ္ဂိုလ်တွေကတော့ ပြောကြတာပါပဲ။ ဒီဘုရားကြီးကို သိုက်ဆက်မကင်းတဲ့ မြနန်းနွယ်သိုက်က အလှူငွေရအောင် ဖန်တီးပေးတယ်လို့လည်း တီးတိုးစကား၊ ဘေးစကားလေးတွေကလည်း ဘုန်းကြီးနားကို ပြန်ကြားရတာပါပဲ။ ဘာပဲဖြစ်ဖြစ် ဘုရားကြီးအတွက် လှူတန်းတဲ့သူတွေ ပေါတာကိုပဲ ဘုန်းကြီး ဝမ်းသာလှပါပြီ။ သိုက်တို့၊ နတ်တို့၊ ဓာတ်တို့ဆိုတာ သူတို့အလုပ် သူတို့လုပ်ကြမှာပဲ။ ဘုန်းကြီးကလည်း ဘုန်းကြီးအလုပ် ဘုန်းကြီးလုပ်နေတာပါပဲ။ အဓိက,ကတော့ ဝိပဿနာဆိုတဲ့ တရားထူး၊ တရားမြတ်ကြီးက ဘုန်းကြီးအတွက် ဘဝခရီးဖော်မွန်ပါပဲ"

ဟု ဆရာတော်ကြီးက ထပ်မံပြီး ရှင်းလင်းပြောပြပါသည်။

စာရေးသူသည် လေးစားကြည်ညိုစွာဖြင့် မှတ်တမ်းတင် ဓာတ်ပုံများကို ရိုက်ယူပြီး ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဦးပေါက်စီတို့ကို နှုတ်ဆက်ပြီး ပြန်ခဲ့ပါတော့သည်။

၁၃၅၇ မှ ၁၃၇၅အထိ (၁၈)နှစ်ကြာမှ ထီးတော်တင်လှူရသော "ကုသလမူလ အတုလမုနိ သတ္တဌာန ရတနာပုံ မဟာစေတီတော်မြတ်ကြီး"ကို ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်း၏ စာဖတ်ပရိသတ်အပေါင်းတို့အတွက် ကြည်ညိုသဒ္ဓါပွားစေရန် ရည်ညွှန်း၍ ရေးသားပေးပို့လိုက်ရပါတော့သည်။

ရှင်လန်းချမ်းမြေ့ကြပါစေ

* * *

ရောဓမြဲကျော်စေ



www.burmeseclassic.com


www.burmeseclassic.com



အစိဗ္ဗာန်အောင် ဆုတောင်းပြည့် ပေါ်တော်မူသိုက်ဘုရား
မင်္ဂလာသိပ္ပံကျောင်းတိုက်၊ ပဲခူးမြို့၊

www.burmeseclassic.com

www.burmeseclassic.com



# ဆူးတောင်းပြည့် အဓိဋ္ဌာန်အောင် သိုက်နန်းစေတီတော်မြတ်ကြီး၏ အကျိုးထူး ဝိသေသများ

မင်းဝိုင်ထင်
(မြရောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံဘူတာမှ ဆင်းပြီး အနောက်ဘက်ရှိ ရပ်ကွက် ...ည် ၃/ခ ရပ်ကွက်ပင်ဖြစ်၏။ ပျံကျဈေးလေးလွန်လျှင် ... မင်္ဂလာသိပ္ပံ ပရိယတ္တိစာသင်တိုက်ဟူသော မှန်ဦးနီနီကြီး ...တွင်၌ ကျွန်ုပ်တို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာများအတွက် ...ဖြတ်ထားရာ၊ ကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓတစ်ဆူ ...ခွန်းလာတော့ ရင်ထဲမှာ ပီတိတွေ တဖွားဖွားနှင့် ...ည်သြိုမိ၏။ ထိုစေတီနှင့် ခံ့ညားထည်ဝါလှသော ...သနိက ခေတ်မီအဆောက်အအုံတွေက နတ်ရေကန်ထဲ ...ရလိုက်သလို မြန်ဆန်လွန်းလှပါ၏။ ဤကျောင်း၊ ဤ ...တို့ ဖြစ်ပေါ်လာခြင်းသည် ပါရမီရှင်တို့၏ ဒါနစွမ်းအား၊ ...ရာတော်၏ ဦးဆောင်မှု စွမ်းပကားကြောင့်ဟု ယုံကြည် ...တော့သည်။ စာရေးသူသည် ထိုစေတီကို ဖူးမြော်ပြီး ...ကျိုးတော်ဆောင်အဖွဲ့နှင့် တွေ့ဆုံ၍ ပဓာနနာယက ...ရာတော်အား ဖူးမြော်လိုကြောင်းပြောသည်။

"ဆရာ··· ဒီကျောင်းတိုက်က အကျိုးတော်ဆောင် ...နှင့် တွေ့လိုပါတယ်။ နောက် ဆရာတော်ကိုပါ ဖူးမြော် ...ပါတယ်။ ကျွန်တော်က ဘုရားသမိုင်းနဲ့ ကျောင်းတိုက် ...ကြောင်း ဓမ္မဒါနပြု ပူဇော်ချင်ပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော်က ဒီကျောင်းရဲ့ အကျိုးတော် ...ဆောင် ဥက္ကဋ္ဌ ဦးကျော်ဝင်းပါ။ ဒီမှာက နာယကကြီး ဦးညွန့် ...ပါခင်ဗျာ။ ဆရာတော်က နယ်လှည့် ဓမ္မကထိက ဆိုတော့ ...သမြိုင်ကျွန်းကို တရားပွဲ ကြွသွားပါတယ်။ ကျွန်တော် ...သမျှတော့ ပြောပြပါ့မယ်။ ကျွန်တော့်မှာ မှတ်တမ်းများ ...ည်း ရှိပါတယ်။ ခဏစောင့်ပါ"

"ကောင်းပါပြီ ဥက္ကဋ္ဌကြီး။ ကျွန်တော် ဓာတ်ပုံတွေ



ရိုက်ပြီး မှတ်တမ်းတင်ပါရစေ"

"ဟုတ်ကဲ့၊ လိုအပ်တာရှိရင် ပြောပါခင်ဗျာ"

ဥက္ကဋ္ဌကြီးနှင့် နာယကကြီး၏ ခွင့်ပြုချက်အရ စာရေးသူ ဓာတ်ပုံမှတ်တမ်းတင်ခဲ့၏။ နာယကကြီး ဦးညွန့်ဝေကတော့ အဆောက်အအုံသစ်တွေ ဆောက်နေသည်ကို ကြီးကြပ် ဆောင်ရွက်နေ၏။ မကြာခင် ဥက္ကဋ္ဌကြီး ရောက်လာကာ မှတ်တမ်းများကို ပေးပြီး သာသနိကအဆောက်အအုံကြီးများအကြောင်းကို ရှင်းပြပေး၏။

"ယခု ဆရာမြင်နေရတဲ့ ဟိုနေရာက ယခင်က သစ်သားကျောင်းတစ်လုံးသာ ရှိခဲ့ပါတယ်။ ဒါလည်း သမိုင်းကြောင်းအရ ပြန်ပြောပြတာပါ။ ယခင်က ရေတွေ ပြည့်နေတဲ့ ကွင်းကြီးပါ။ ကောဇာသက္ကရာဇ် ၁၃၃၀ ပြည့်နှစ်မှာ ပထမ ဆရာတော်ကြီး ဦးပညာသီရိ ကြွလာပြီး တိုက်တော်ကြီးကို တည်ဆောက်တယ်။ ဆရာတော်ကြီးရဲ့ ဇာတိက မန္တလေးတိုင်း၊ မိတ္ထီလာဇာတိ။ ကြွလာတာက ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ပင်ကလောင်ရွာကနေ ကြွလာခဲ့တာပါ။ ပထမဆုံး ဝါးကျောင်းလေးတစ်လုံး စ,ဆောက်ပြီး သာသနာပြုခဲ့ပါတယ်။ မိုးမလုံ၊ လေမလုံပေါ့ဗျာ"

"ဆရာတော်ကြီးလက်ထက်မှာ အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com



အဗိဓာန်အောင်ဆုတော်ပြည့်ပေါ်တော်မူသိုက်ဘုရား
ပဲခူးမင်္ဂလာသိပ္ပံကျောင်းတိုက်

ဘယ်လောက်များပါသလဲခင်ဗျာ"

"အင်း…သစ်သားကျောင်းတစ်လုံး၊ ဆွမ်းစား ဓမ္မာရုံ တစ်လုံးနဲ့ သီရိမင်္ဂလာ သာသနာသုခ ကာရီသိမ်တော်ကြီး တစ်လုံးတည်ဆောက်ပြီး ပဲခူး မင်္ဂလာသိပ္ပံ ပရိယတ္တိ စာသင်တိုက်ကို စတင်တည်ထောင်ပြီး သာသနာပြုခဲ့တာ။ သက်တော် ၆၆နှစ်၊ ဂါတော် ၄၆ဝါမှာ ဘဝနတ်ထံ ပျံတော်မူခဲ့ပါတယ်"

"ဆရာတော်ကြီး ပျံတော်မူပြီးမှ ယခု ကျောင်းထိုင်ဆရာတော်က သာသနာပြုတာပါလား"

"ဟုတ်ပါတယ်။ ပရိယတ္တိစာသင်တိုက်ကြီး တည်တံ့ခိုင်မြဲစေဖို့ ဆရာတော်ကြီးရဲ့ တပည့်ရင်း ဆရာတော် ဦးဝဏ္ဏိတအား မန္တလေးမြို့ ဓမ္မိကာရာမတိုက်၊ ရတနာပုံ စလင်းကျောင်းကနေ ပဲခူး မင်္ဂလာသိပ္ပံ စာသင်တိုက်ကို ကြွရောက်ပြီး တာဝန်ထမ်းဆောင်ပါတယ်"

"ဒီတော့ ယခု ဆရာတော်က ဘယ်နှခုနှစ်က စတင်ခဲ့ပါသလဲ"

"၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်နေ့မှ စလို့ ယခုဆို ရှစ်နှစ်ခန့်ကာလမှာ ဆရာတော်ရဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက်က ကြီးမားတော့ ဓမ္မပါလကျောင်းဆောင်၊ သီရိမင်္ဂလာကျောင်းဆောင်၊ သာသနာ့ဂုဏ်ရည်ကျောင်း အစရှိ တိုက်သစ်ကြီးတွေ သုံးထပ်၊ နှစ်ထပ်ဆောက်ပါတယ်။ ကျောင်းဝန်းအတွင်းလည်း ကွင်းပြည့် ကွန်ကရစ်ခင်းနိုင်ခဲ့ပါတယ်"

"မဟာရံ တံတိုင်းတွေ၊ မုခ်ဦးတွေက တစ်ဦးတည်း အလှူရှင်များ ရှိပါသလားခင်ဗျာ"

"မုခ်ဦးတော်ကြီး အလှူရှင်ကတော့ ဆရာတော်အား အမှူးထားပြီး ဖခင်ကြီး ဦးအေးမောင်၊ မိခင်ကြီး(ဒေါ်ကောင်းလုံ)ကို အမှူးထား၍ သမီး မပြုံးချို (ခ) မကြီးနှင့် မောင်နှမတစ်စု၊ ရှမ်းပြည်တောင်ပိုင်း ဟဲဟိုးမြို့က လှူဒါန်းထားတာပါ။ ကျန်တဲ့ အလှူရှင်တွေကတော့ မဟာရံ တံတိုင်းမှာ တစ်ဦးချင်းနဲ့ အများ လှူဒါန်းကြပါတယ်"

"စေတီတော်မြတ် တည်ထားခဲ့ပုံများ သိပါရစေ"

"ဒီလို ရှိပါတယ် ဆရာ။ ကျွန်ုပ်တော်တို့ထက် ပိုသိမယ့် ဆရာတော် ဦးဝဏ္ဏိတနဲ့ ကိုယ်တိုင်တွေ့ပြီး လိုအပ်သမျှ မေးမြန်းလျှောက်ထားရင် ပိုပြည့်စုံမယ် ထင်ပါတယ်"

"ဟုတ်ကဲ့၊ ဒီလိုဆို ဦးကျော်ဝင်း ကျွန်တော့်ဆီကို ဖုန်းဆက်ပေးပါခင်ဗျာ"

"ဟုတ်ကဲ့ပါ။ ဆရာတော် ပြန်ကြွလာရင် ဖုန်းဆက်ပေးပါ့မယ်"

◆◆◆

နောက်နေ့တွင် ဦးကျော်ဝင်းထံမှ ဆရာတော် ပြန်ရောက်နေကြောင်း ဖုန်းဆက် သတင်းပေးသည်။

စာရေးသူလည်း ဆရာတော်အား ဖူးမြော်ရန် မိတ်ဆွေတစ်ယောက်နှင့်အတူ ရောက်ရှိသွားခဲ့သည်။

"ဒကာကြီး…ကျုပ် မနေ့က ပြန်ရောက်ပါတယ်။ ဒကာကြီးတို့ လိုတာရှိရင် မေးပါ"

"မှန်ပါ့ ဘုရား။ ဥက္ကဋ္ဌကြီးပြောပြလို့ မှတ်တမ်းမှတ်ရာအချို့နဲ့ အခြားအကြောင်းအရာတွေတော့ သိပြီးပါပြီ ဘုရား။





www.burmeseclassic.com

www.burmeseclassic.com



…ခု အရှင်ဘုရား တည်ထားတဲ့ စေတီသမိုင်းကြောင်း သိချင်ပါတယ် ဘုရား"

"ဆရာတော် ဒီကို ကြွလာပြီး သာသနာပြုတော့ …ထဲလေထဲမှာပါ။ ဟိုးယခင် ဆရာတော်ကြီးရဲ့ သာသနာ…ာစ်ကို ဆက်ထက်ထမ်းပိုး ထမ်းဆောင်ရပါတယ်။ စာသင်…ားက ၅၀ကျော်။ ဝေယျာဝစ္စကိစ္စများ ဆောင်ရွက်ရင်း …သာသနာပြုခဲ့တာ ယခု ဒကာကြီး ဦးကျော်ဝင်းတို့နဲ့ ဆရာ…တာ လက်တွဲပြီး သာသနိကအဆောက်အအုံတွေကို …ဆောက်ခဲ့တာ ယခုနှစ်ဆို ရှစ်နှစ်ပဲ ရှိပါသေးတယ်"

"မှန်ပါ့ ဘုရား။ တပည့်တော်တို့ ဖြတ်သွားဖြတ်လာရင်း …လွန်အံ့ဩမိပါတယ်။ ဒါကြောင့်လည်း သိပ်ပြီး သိလိုပါ…တယ် ဘုရား။ နောက်ပြီး စေတီတော်ကြီးက ကြည်ညို…သပ္ပာယ်စရာဖြစ်တဲ့အပြင် မြန်မာမှုလက်ရာကလည်း အလွန်…ပါတယ်။ ကျောင်းနဲ့ စေတီ၊ ရွာနဲ့ အဆောက်အအုံ…ာ်တင့်စေပါတယ်"

"ဒီလိုပါ ဒကာကြီး။ ကျုပ် ဘုရားတည်မယ်ဆိုတဲ့ …ည်ရွယ်ချက် အဓိဋ္ဌာန်က ကျောင်းရောက်ကတည်းက ရှိ…ာ။ ဒါပေမယ့် ဘုရားတည်မယ်လုပ်ရင် အကြောင်းအမျိုး…မျိုးကြောင့် အဟန့်အတားတွေနဲ့ တွေ့ရတယ်။ အဆောက်အအုံပဲ ဆောက်လို့ရတယ်"

"ဒါဆို အရှင်ဘုရား… ဘုရားတည်ဖို့ ဘယ်အချိန်…မှ အဓိဋ္ဌာန်ရပါသလဲ"

"ဒီစေတီက သမိုင်းနဲ့ကွဲ။ ဒကာကြီး… ဂန္ဓာကုဋိ…တိုက်ထဲက ဘုရားရုပ်ပွားတော်ကို ဖူးပြီးရောပေါ့"

"တင်ပါ့ ဘုရား။ ဖူးခဲ့ပါပြီ။ ဥက္ကဋ္ဌကြီးကလည်း ကိုယ်တိုင် လိုက်ပို့ပါတယ်"

"စေတီတော်အကြောင်း မပြောခင် ရုပ်ပွားတော်သမိုင်း အရင်ရှင်းမှ ဖြစ်မယ်ဗျ။ ဒီရုပ်ပွားတော်လေးက ဉာဏ်တော် ၂ပေခန့်လောက် ရှိမှာပါ။ စကျင်ရုပ်ပွားတော်လေး ဖြစ်ပါတယ်။ ဉာဏ်တော်ငယ်ပေမယ့် တန်ခိုးကြွယ်ပါတယ်ဗျာ။ ယခု ကျုပ်ပြောမယ့် သမိုင်းက အလွန်ထူးပါတယ်။ ဂမ္ဘီရ ဆန်ဆန်လည်း ပါတယ်"

"အမိန့်ရှိပါဦး ဘုရား"

"ကျုပ် ဒီမှာ ကျောင်းသာသနာပြုတော့ ၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပါ။ ဒီရုပ်ပွားတော်က ၁၃၆၅-၆၆ ခုနှစ်က ပဲခူးမြို့ ဆန်တော်တွင်းမှာ အမည်မဖော်လိုသူ ဘုရားဒါယကာ ဖြစ်မယ့် ပုဂ္ဂိုလ်ကြီးကို ဘုမ္မိရများက အိပ်မက်ပေးပါတယ်။ အိပ်မက်ထဲမှာ ထိုပုဂ္ဂိုလ်က မေးခွန်းနှစ်ခုမေးပါတယ်။ ပထမ မေးခွန်းက သင် ရုပ်ပွားတော် ကိုးကွယ်မှာလား။ ဒုတိယ မေးခွန်းက သေတ္တာကြီး ယူမှာလားလို့ မေးတော့ ရုပ်ပွားတော်ယူပါ့မယ်လို့ ကတိပေးခဲ့ပါတယ်။ ဒီတော့ ဒါဆို ဟောဒီ နေရာတူးဆိုပြီး အတူးခိုင်းတယ်။ အဲဒီ အဘိုးကြီးက တူး ကြည့်တော့ ပထမ ဒီစကျင်ရုပ်ပွားတော်ကို တွေ့ပါတယ်။ နောက် ဖယ်ပြီး ထပ်တူးတော့ သေတ္တာကြီးကို တွေ့ပါတယ်။ ဒီသေတ္တာကြီးက ကြေးသေတ္တာကြီး။ သေတ္တာကြီးကို ယူမယ်လုပ်တော့ အနားက မြွေတွေ အရောင်မျိုးစုံနဲ့ ထွက်လာပြီး မှုတ်လိုက်တာ မျက်စိနှစ်ကွင်း လုံးဝ အလင်းမရတော့ဘဲ ကွယ်သွားခဲ့ပါတယ်"

"အရှင်ဘုရား ဒါဆို သေတ္တာကြီးကိုရော ရသေးလား"






www.burmeseclassic.com

www.burmeseclassic.com

"သူ့ကတိအတိုင်း ရုပ်ပွားတော်သာ ရပြီး သေဋ္ဌာကြီး ပျောက်ကွယ်သွားပါတယ်။ ဒါနဲ့ ထိုအဘိုးကြီးက အိမ်မှာ ကိုးကွယ်ရင်း မမာမကျန်းဖြစ်တော့ သူ့ဇနီးနဲ့ တိုင်ပင်ပြီး ပဲခူးမြို့က "တင်ဝင်း"စတိုးဆိုင်ပိုင်ရှင် ဦးတင်ဝင်း + ဒေါ်ကြည်ကြည်မြင့်(ရွှေမောဓောတောင်ဘက်မုခ်)ကို ယခု စကျင်ဘုရားပူဇော်ဖို့ လှူခဲ့ပါတယ်။ နောက်နှစ်မှာ သူ ကွယ်လွန်သွားခဲ့ပါတယ်"



"မှန်ပါတယ် ဘုရား။ မင်းမှာ သစ္စာ၊ လူမှာ ကတိဆိုတာ။ ကတိပျက်တော့ ဘုမ္မိရတွေနှင့် သမာဒေဝ နတ်တွေက ဒဏ်များခတ်တယ် ထင်ပါတယ်"

"ဟုတ်မယ်ဗျ။ နောက်တော့ ဦးတင်ဝင်းတို့က ဆရာတော်ကို လှူပါတယ်။ အဲဒီကတစ်ဆင့် ဆရာတော်က ယခု သီရိမင်္ဂလာ သာသနာသုခ ကာရီသိမ်တော်ကြီးမှာ ကိုးကွယ်ထားပါတယ်။ ပထမတော့ မန္တလေး ဓမ္မိကာရာမ တိုက်ကို ပင်ပြီး ပူဇော်ဖို့ပါ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ပျက်ခဲ့ပါတယ်"

"တော်တော်လည်း ထူးဆန်းပါတယ် ဘုရား။ ခုနက ဦးကျော်ဝင်းပြောတဲ့အတိုင်းဆို မြေကြီးထဲက အိပ်မက်အရ ပေါ်တော်မူဘုရား၊ နောက် ဘုမ္မိရအဆက်ဆိုတော့ သိက်နန်းထဲက ဘုရားဖြစ်မှာပါ"

"မှန်တယ် ဒကာကြီး။ ဒီကျောင်းကနေပြီး ဘယ်ကိုမှ



မကြွတဲ့အတွက် ရုပ်ပွားတော်လေးဟာ ပေါ်တော်မူဖြစ်တဲ့ အပြင် စကျင်ရုပ်ပွားဖြစ်ပါတယ်။ ဒါကြောင့် "ဆုတောင်းပြည့် အဓိဋ္ဌာန်အောင် သိုက်နန်းဘုရား"လို့ ဘွဲ့တော်တွင်ခဲ့ပါတယ်။ ဒီတော့ ကျုပ်ရဲ့ အဓိဋ္ဌာန်ပါရမီကြောင့် သာသနာတော်ကြီး ထွန်းလင်းတည်တံ့ ခိုင်မြဲစေရန်အတွက် ခုနစ်ရက်သားသမီး များနှင့် ကမ္ဘာသူ ကမ္ဘာသားများ ပူဇော်ကြည်ညို သဒ္ဓါပွား ကိုးကွယ်နိုင်ရန်အတွက် ဆုတောင်းပြည့် အဓိဋ္ဌာန်အောင် သိုက်နန်းစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်း ဖြစ်ပါ တယ်"

ထို့နောက် ဥက္ကဋ္ဌ ဦးကျော်ဝင်းမှ...


"ဟုတ်ပါတယ်။ သာသနာနှစ် ၂၅၅၆ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၄ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ဗုဒ္ဓဟူးနေ့ နံနက် ၅နာရီ ၄၅မိနစ် မင်္ဂလာအချိန်ယူ၍ ဆရာတော် ဦးဝဏ္ဏိတ အမှူးပြု၍ ကျွန်တော်နှင့် ဦးဖိုးနီမှ အဘ အောင်မင်းခေါင်၏ မနောဓာတ်များ ခံယူ၍ စေတီတော်တည် မည့် အလယ်ဗဟိုတည့်တည့်တွင် ပျဉ်းကတိုးသား ဇလက် ဖြင့် ဓာတ်ပန္နက်ကို စတင်ရိုက်ပါတယ်။


၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက် ဗုဒ္ဓဟူးနေ့နံနက် ၆နာရီ ၄၅မိနစ်တိတိ မင်္ဂလာအချိန်တွင် ဆရာတော် ဦးဝဏ္ဏိတ အမှူးပြု၍ ဆရာတော် ဦးသုဒဿ ဆရာတော် ဦးဝိသဝနှင့် ကျွန်တော်ကပဲ သပြေသား ပန္နက် ရိုက်ပေးပြီး စေတီတော် စတင်ဆောက်လုပ်ခဲ့ပါတယ်။

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက် ကြာသပတေးနေ့ နံနက် ၁၀နာရီ ၃၅မိနစ် မင်္ဂလာအချိန်တွင် ဆရာတော်ကြီးများ၊ အကျိုးတော်ဆောင်များနှင့် ဘုရား ဒါယကာ၊ ဒါယိကာမများမှ ကမ္ပည်းကျောက်စာနှင့် ဌာပနာ များ ထည့်သွင်းပူဇော်၍ ၁၀နာရီ ၄၅မိနစ်တွင် တနင်္ဂနွေ အစပြု၍ ရာဟုနေ့အဆုံး နေ့နံအလိုက် ရွှေအုတ်မြစ်တော် မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်း ပူဇော်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com






ဒါဆို စေတီတော်က တစ်နှစ်အတွင်း အပြီးတည်ထား[illegible]ပါလားခင်ဗျာ"

"အဲဒီလို ပြောနိုင်ပါတယ်။ ထီးတော်တင်လှူ ပူဇော်[illegible] စေတီတော်မြတ်ကြီးနှင့် အရန်စေတီထီးတော် ရှစ်ဆူ[illegible] ဧဆူတို့ကို ၁၃၇၄ခုနှစ်၊ ပြာသိုလပြည့်၊ စနေနေ့တွင် [illegible]ကန်ပြီး ကြည့်မြင်တိုင်မှ အခမ်းအနားနှင့် စည်ကားစွာ [illegible]ဆောင် ပူဇော်ပါတယ်။ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့် [illegible] ၁ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီ ၄၅မိနစ် အင်္ဂလာ[illegible]တွင် ဗုဒ္ဓရုပ်ပွားတော်များ ရွှေငွေရတနာ ပစ္စည်းမျိုးစုံ[illegible] ထည့်သွင်းပူဇော်ကြပါတယ်"

"ဘယ်နေ့မှာ ထီးတော်တင်လှူပါသလဲ ဘုရား"

"ဒီလိုပါ ဒကာကြီးရယ်။ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း [illegible]ရက်၊ တနင်္ဂနွေနေ့ နံနက် ၇နာရီ ၄၅မိနစ်အချိန် ရွှေထီး[illegible]ကြီးကို နိုင်ငံကျော် အဆိုတော် ဒေါ်ရီရီသန့်နှင့် ရန်ကုန်[illegible]တော် စည်ပင်သာယာ စည်တော်အဖွဲ့ တပ်မတော်(လေ)[illegible]သယာဉ် ထီးတော်တင်အဖွဲ့နှင့် တင်လှူ ပူဇော်ပါတယ်။ [illegible]အခမ်းအနားမှာ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ [illegible]ကျော်စွာနှင့် နိုင်ငံတော်မှ ပုဂ္ဂိုလ်ကြီးများ၊ ဌာနဆိုင်ရာ [illegible]ရှင်များက တင်လှူ ပူဇော်ပြီးတော့ ကြွရောက်လာသော [illegible]တော်ကြီးများမှ "ဇယမင်္ဂလာ ဗောဓိယျမူလေ" အစချီ



အောင်ဂါထာတော်နှင့် ဗုဒ္ဓဘိသေက အနေကဇာတင်လှူကြပါတယ်။ နောက် ရေစက်ချ သာဓု အနုမောဒနာခေါ်ဆိုခဲ့ပါတယ်"

"ဒီလို မြန်မြန်ဆန်ဆန် အောင်မြင်ခဲ့တာဟာ ပင်မ အလှူရှင်များ ရှိပါသလား ဘုရား"

"အလှူရှင်ထဲမှာ အများဆုံး လှူတဲ့ အလှူရှင်တွေက ဒေါ်စိန်စိန် (၃/ခ)ရပ်ကွက်၊ ဇလမ်း၊ ဦးသန်းနိုင်အေး+ဒေါ်ရင်ရင်ရွှေ ခရေပင်ရိပ်မွန် ၂လမ်း၊ ဦးဇော်လွင်+ဒေါ်လဲ့လဲ့ဝင်း (၂/ခ)ရပ်ကွက်၊ ဦးထွန်းညွန့်ဝင်း ဒေါ်ထွေးထွေးဝင်းမိသားစု (၃/ခ)ရပ်ကွက်၊ ၆ လမ်းတို့ ဖြစ်ပါတယ်"

"စေတီတော်ရဲ့ ဉာဏ်တော်အမြင့်က ဘယ်လောက်မြင့်ပါသလဲ ဘုရား"

"ဉာဏ်တော်အမြင့် ၃၆ပေ ဇလက်မ၊ ငှက်ပျောဖူးအထိ ၉ပေ၊ မြေဝင် ၅ပေ၊ စုစုပေါင်း ၄၅ပေ ဇလက်မဖြစ်ပါတယ်။ လိုဏ်ဂူတော်စေတီဖြစ်ပါတယ်။ အလယ်မှာ ဂန္ဓကုဋီတိုက်တော်ကြီးအတွင်း ပလ္လင်ထက်မှာ ယခု ဆုတောင်းပြည့် အောင်သိုက်နန်း အဓိဋ္ဌာန်အောင် ရုပ်ပွားတော် ကိန်းဝပ် စံပယ်ပါတယ်။ လေ့ကားသုံးဘက် စောင်းတန်းသဘောမျိုးနဲ့ တည်ဆောက်ထားပါတယ်"


"အရှင်ဘုရား. . . ယခု ဆုတောင်းပြည့် အဓိဋ္ဌာန်အောင် သိုက်နန်းစေတီတော်မြတ်ရဲ့ ထူးခြားအံ့ဖွယ်ရာများတွေ့ရပါသလား ဘုရား"

"ရှိပါတယ်။ ဝိသေသ လက္ခဏာလို့ ဆိုရပါမယ်။ ဒီရုပ်ပွားတော်လေးက နားတောင်းနှစ်ဖက်က ကျောက်များအရောင်တွေ ထွက်ပေါ်လာပါတယ်။ ဒီ့ပြင် ဖယောင်းတိုင်မီးနဲ့ ပူဇော်လျှင် မျက်နှာတော်က ပန်းရောင်၊ ရင်ဘတ်တော်က ကျောက်စိမ်းပွင့်ပါတယ်။ နောက် လက်မောင်းတော်မှာ အံရစ်သုံးရစ်ပါပါတယ်။ တံခါးအလုံပိတ်ထားလျှင် မရပါဘူး။ တစ်ခါတုန်းက ကျုပ် ဓမ္မပါလကျောင်းဆောက်လုပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com





အိပ်မက်ထဲမှာ အမျိုးသမီးတစ်ဦးက ကျုပ်ကို မျက်နှာလှန်ကြည့်သလို ခံစားရပြီး သီရိမင်္ဂလာကျောင်းကို ပင့်ဖို့ သတိပေးပါတယ်။ သူတို့က ဘုမ္မိရတွေ ဖြစ်ပါတယ် ဒကာကြီး"

"မှန်လှပါ ဘုရား။ ဘယ်ခေတ်ကလို့ ခန့်မှန်းပါသလဲ ဘုရား"

"ပုဂ္ဂိုလ်ပိုင်းဆိုင်ရာကတော့ မွန်ဘုရင်များလက်ထက်က စီမံကိုးကွယ်တဲ့ ဘုရားလို့ အမိန့်ရှိပါတယ်။ ဘုရားသမိုင်းကတော့ ကျုပ်သိသမျှ ပောဒီ အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးကျော်ဝင်းပါ ရှင်းပြပြီးပါပြီ။ ဂေါပကအဖွဲ့များ၏ ညီညွတ်မှုကြောင့် အောင်မြင်ခဲ့တာပါ"

"မှန်ပါတယ် ဘုရား။ ဒီတော့ အရှင်ဘုရား သာသနာပြုရာမှ ထေရုပ္ပတ္တိကို မိန့်ပါဦး ဘုရား"

"ကျုပ်က ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ပင်ကလောင်းကျေးရွာက ခမည်းတော် ဦးအောင်ကြည်၊ မယ်တော် ဒေါ်ကျင်သိန်းတို့မှ ၁၃၅၂ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ ဆယ်နှစ်သားမှာ ပင်ကလောင်ကျောင်းဆရာတော် ဦးနန္ဒိယ ဥပဇ္ဈာယ်ပြုလို့ ရှင်သာမဏေအဖြစ် ရောက်ခဲ့ပါတယ်။ ၁၃၄၅ ခုနှစ်၊ တပေါင်းလဆန်း ၇ရက်နေ့မှာ ပဲခူးတိုင်း၊ ကမ်းနီကျေးရွာ၊ ရွှေဘုံသီဟကျောင်းဆရာတော် ဦးတေဇောဘာသအား ဥပဇ္ဈာယ်ပြုရဟန်းအဖြစ် ရောက်ခဲ့ပါတယ်။ စာပေသင်ကြားခဲ့တာက ရန်ကုန်-ပုဇွန်တောင် ဆုတောင်းပြည့် ပါဠိတက္ကသိုလ်၊ က... အေး မစိုးရိမ်တိုက်သစ်၊ မ/ဥက္ကလာပ ရတနာသိဒ္ဓိ မန္တ... စာသင်တိုက်၊ မန္တလေးမြို့ တောင်ပြင်ထီးလင်းတို... ဇောတိကာရုံတိုက်ကျောင်း၊ မန္တလေးမြို့ ဓမ္မိကာရာမတို... ရတနာပုံ စလင်ကျောင်းဆရာတော်များထံမှာ ဓမ္မာစရိ... တန်း အောင်မြင်သည်အထိ သင်ယူခဲ့ပါတယ်။ ယခု မင်္ဂ... ဒုံ ၃/ခ ရပ်ကွက်၊ ပဲခူးမင်္ဂလာသိပ္ပံ ပရိယတ္တိစာသင်တို... နာယကဆရာတော်အဖြစ် သာသနာ့တာဝန်များ ထမ်းဆော... ပြီး နယ်လှည့်ဓမ္မကထိအဖြစ် ဆောင်ရွက်တော်မူနေပါတယ်..."

"မှန်လှပါ ဘုရား။ အရှင်ဘုရား သက်တော်ရာကျေ... ရှည်ပြီး သာသနာတော်အကျိုး ဆထက်ထမ်းပိုး ထမ်းဆော... နိုင်ပြီး မြတ်ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာတည်သရွေ့ နေ... လလို ထွန်းလင်းတောက်ပပါစေလို့ ဘုရားတပည့်တော်... ဆုတောင်းပတ္ထနာပြုလိုက်ပါရစေ ဘုရား"◘

ဗုဒ္ဓသာသနံ စိရံတိဋ္ဌ...

* * *

မင်းတိုင်မင်း(မြ...)ရာင်...



www.burmeseclassic.com

www.burmeseclassic.com

# သဒ္ဒါစိတ်နှင့်ဒါန

မောင်မျိုးဦး

"သဒ္ဒါတရားက ဘုရားတရား အာရုံထဲ စိတ်ကို နစ်ဝင်သွားတယ်လို့ ဆိုရအောင်ကို အင်အားပြည့်လာတဲ့ အခါမှာတော့ ကျန်တဲ့ စွမ်းအားတွေလည်း အားလုံးပြည့်သွားပါတော့တယ်"

မဟ္မဘောရီအရှင်ဝီရိယ(တောင်စွန်း)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မြန်မာလူမျိုးများက အလှူဒါန ပြုလုပ်သည့် အလုပ်ကို ဗုဒ္ဓဘာသာဝင်ပီပီ မွေ့လျော်ကြသည်။ ပြည့်စုံသည့်လူက ခမ်းနားထည်ဝါစွာ အလှူဒါနပြုလုပ်သလို မပြည့်စုံသည့်လူကလည်း မိမိတတ်နိုင်သလောက် တစ်နိုင်တစ်ပိုင် ဒါနပြုကြသည်။ နေ့စဉ်ဆွမ်းကပ်ခြင်း၊ ရဟန်းသံဃာကို ဆွမ်းလောင်းခြင်း စသည့် ဒါနလေးများပြုလုပ်ခြင်းဖြင့် မရှိလို့မလှူ၊ မလှူလို့မရှိ ဆိုသောစကားကိုလည်း ကျွန်တော်တို့ မေ့ထားနိုင်ခဲ့ကြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံဖြစ်သော ဒါန၊ သီလ၊ ဘာဝနာတွင် လူကို အလွယ်တကူပြုလုပ်နိုင်သော ကုသိုလ်ကောင်းမှုမှာ ဒါနကုသိုလ်ပင် ဖြစ်သည်။ တစ်စုံတစ်ယောက်သည် သီလ မစောင့်နိုင်သော်လည်း မိမိရှာဖွေထားသော ငွေကြေးအနည်းငယ်လောက်နှင့် တစ်စုံတစ်ဦးကို ပေးကမ်းခြင်းဖြင့် ဒါနပြုနိုင်သည်။ ဥပမာ- တံငါသည် (သို့) မုဆိုးတစ်ယောက်သည် ငါးပါးသီလ မလုံခြုံသော်လည်း သူရှာရလာသည့် သားငါးတို့ကို ချက်ပြုတ်ကြော်လှော်ပြီး ဆွမ်းလောင်းနိုင်သည်။ မိတ်ဆွေသူငယ်ချင်းများကို ကျွေးမွေးနိုင်သည်။ ထို့ကြောင့် ဒါနသည် အလွယ်တကူပြုနိုင်သော ကုသိုလ်ကောင်းမှုပင် ဖြစ်သည်။

ကျွန်တော်တို့ မြန်မာစကားတွင် ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် ကုသိုလ်ရသည် ဆိုသောစကားရှိသည်။ ဆိုလိုသည်မှာ လှူဖွယ်ပစ္စည်း တန်ဖိုးနည်းသော်လည်း စိတ်ရှင်းရှင်းသန့်သန့်လေးဖြင့် လှူလျှင် များစွာသော အကျိုးကို ရနိုင်သည့်သဘောပင်ဖြစ်သည်။ အဓိကမှာ အလှူခံပုဂ္ဂိုလ်ရှိခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းရှိခြင်းနှင့် စိတ်စေတနာ ထက်သန်ခြင်းတို့ ပြည့်စုံဖို့ပင်ဖြစ်သည်။

ထိုခံယူချက်အတိုင်း လှူဖွယ်ပစ္စည်းနည်းသော်လည်း စေတနာထက်သန်စွာဖြင့် လစဉ် ဒါနလေးတစ်ခုကို ပြုလုပ်ခဲ့သည်မှာ (၇)နှစ်တိုင်ခဲ့ပြီဖြစ်၏။ မှတ်မှတ်ရရ ၂၀၀၄ ခုနှစ်က ကျွန်တော့်အမေ ကွယ်လွန်သည်။ ထိုကာလက ကျွန်တော့်မှာ အစစအရာရာ အဆင်မပြေသော အချိန်ဖြစ်သဖြင့် အမေ၏ နာရေးကိစ္စကို နာရေးကူညီမှုအသင်း၏ အကူအညီနှင့် အဆုံးသတ်လိုက်ရသည်။ ထို့ကြောင့် ထိုအသင်းကြီးကို လေးစားသလို "အနိမ့်ကျဆုံးသော ကုသိုလ်အလုပ်မျိုးသည် မြင့်မြတ်သော စိတ်ဓာတ်ရှိသူတို့၏ အလုပ်ဖြစ်သည်"ဆိုသော အသင်းကြီး၏ ခံယူချက်ကိုလည်း တန်ဖိုးထားသည်။ သို့သော် အသင်းကြီးကို ကျွန်တော့်ဘက်က တစ်စုံတစ်ရာဘာမှအကူအညီ မပေးနိုင်ခဲ့ပေ။

သည်လိုနှင့် ကာလတစ်ခုတွင် ကျွန်တော်မှာ စိတ်ကူး တစ်ခုရလာခဲ့သည်။ ထိုစိတ်ကူးက ရိုးရိုးလေးပင်။ လကုန် သည်နှင့် အသင်းသို့ သွားကာ ငွေတစ်ထောင်သွားလှူသည့် အစီအစဉ်ပင်ဖြစ်သည်။ ကျွန်တော်သွားလှူသည့် ရက်တစ်ချို့ တွင် တစ်သောင်း၊ တစ်သိန်းလာလှူသည့် အလှူရှင်တို့နှင့် လည်း ဆုံသည်။ ကျွန်တော့်စိတ်ထဲမှာ သူတို့ အလှူအတွက် သာဓုခေါ်မိသလို၊ တစ်ထောင်သာ လှူနိုင်သည့်အတွက် လည်း ကျွန်တော့်စိတ်ထဲ မည်သို့မျှ အနှောင့်အယှက်မဖြစ်ခဲ့ ပေ။ ဒါန၏ အင်္ဂါသုံးရပ်ဖြစ်သော အလှူခံ ပုဂ္ဂိုလ်ရှိခြင်း လှူဖွယ်ပစ္စည်းရှိခြင်းနှင့် စိတ်အားထက်သန်ခြင်းတို့ကြောင့် ဖြစ်သည်။

တစ်ရက်မှာ ကျွန်တော့်မိတ်ဆွေတစ်ယောက်နှင့် နာရေးကူညီမှုအသင်းမှ ငွေလှူပြီးအပြန် လက်ဖက်ရည် ဆိုင်မှာ ဆုံဖြစ်ကြသည်။ ကျွန်တော်ကလည်း အသင်း၏ လုပ်ရပ်ကို သဘောကျ ဦးညွှတ်သဖြင့် တတ်နိုင်သလောက် လတိုင်း သွားလှူသည့်အကြောင်း ပြောဖြစ်ကြသည်။

"အဲဒီလို သွားလှူနေတာ ကြာပြီလား"

"ကြာပြီ၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လလောက်ကတည်းက ဒီနေ့အထိ တစ်လမှ မပျက်သေးဘူး"

"တစ်လမှ တစ်ထောင်တည်းဆိုတော့၊ နောက်ပြီး သိန်းနဲ့ သောင်းနဲ့ လှူတဲ့ လူတွေနဲ့ ဆုံရင်ရော အနေမခက် ဘူးလား။ ကုသိုလ်ရော ထင်သလောက် ရပါ့မလား"

ကျွန်တော့်မိတ်ဆွေက ဘာသာရေးအသိပညာနည်း သလို ဘာသာရေးစာပေဖတ်သူလည်း မဟုတ်ပေ။ သူ့စိတ်ထဲ မှာ များများလှူနိုင်မှ အကျိုးများမည်၊ နည်းနည်းလှူလျှင် သိမ်ငယ်သည်ဟုလည်း ထင်နေပုံရသည်။ ထို့ကြောင့် အလှူ ဒါနနှင့် ပတ်သက်ပြီး ကျွန်တော်ဖတ်ထားတာ တချို့ကို အချိန်ရတုန်း ပြောပြလိုက်သည်။

♦♦♦

ဂေါတမဘုရားရှင်လက်ထက်က "စူဠကေသာငှက်" ခေါ် ပုလ္လားကြီး ဇနီးမောင်နှံတို့ ရှိခဲ့ကြ၏။ ထိုဇနီးမောင်နှံ နှစ်ဦးစလုံးတွင် ခါးဝတ်လုံချည် တစ်ထည်စီ ရှိကြသော်လည်း အပေါ်ရုံမှာ တစ်ထည်တည်းသာ ရှိသောကြောင့် "ကေသာ ငှက်"ဟု အမည်တွင်ခြင်းဖြစ်သည်။ အိမ်ပြင်သို့ ထွက်သော အခါ အပေါ်ရုံပါမှ ထွက်နိုင်ကြသဖြင့် ဇနီးမောင်နှံနှစ်ယောက် မှာ တစ်ယောက် တစ်လှည့်စီ အပြင်ထွက်ကြရလေသည်။ နှစ်ယောက်အတူ ထွက်ခွင့်မရပေ။ ထို့ကြောင့် ပုဏ္ဏား ကြီးက နေ့အခါတွင် မြတ်စွာဘုရား၏ တရားတော်ကို သွား



www.burmeseclassic.com

www.burmeseclassic.com

ရောက် နာကြားရပြီး၊ ပုဏ္ဏားကြီးက ညအခါမှသာ သွားရောက် နာကြားခွင့်ရလေသည်။

တစ်ညတွင် ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားနေစဉ် ကြက်သီး တဖြန်းဖြန်းထကာ ခန္ဓာကိုယ်တစ်ခုလုံး ပီတိဓာတ်များ ဖုံးလွှမ်းလျက်ရှိနေ၏။ ထိုအချိန်တည်းမှာပင် ဘုရားရှင်အား အပေါ်ရုံ လှူဒါန်းလိုသော သဒ္ဓါစိတ်များ တဖွားဖွားဖြစ်ပေါ်လာလေသည်။ သို့သော် ထိုအပေါ်ရုံကို လှူဒါန်းလိုက်လျှင် သူတို့လင်မယားနှစ်ယောက် အပြင်ထွက်လို့ မရတော့မှာကိုလည်း သတိရကာ မလှူလိုသော မစ္ဆရိယစိတ်က ဖြစ်ပေါ်လာပြန်သည်။ ထို့အတူ ကြာခင်မှာပင် လှူဒါန်းလိုသော သဒ္ဓါစိတ်က ဖြစ်ပေါ်လာပြန်လေသည်။

ထိုသို့ ချီတုံချတုံဖြစ်ကာ လှူချင်သောစိတ်နှင့် မလှူချင်သောစိတ်တို့ အပြိုင်လွန်ဆွဲလျက် ရှိနေကြ၏။ ပုဏ္ဏားကြီးမှာ ညဉ့်ဦးယံနှင့် သန်းခေါင်ယံ၊ နှစ်ယံလုံးလုံး မလှူလိုသော မစ္ဆရိယရန်သူကို တွန်းလှန်တိုက်ခိုက်နေရသည်။ မိုးသောက်ယံရောက်မှ လှူဒါန်းလိုသော သဒ္ဓါစိတ်က မစ္ဆရိယစိတ်ကို အနိုင်ယူနိုင်ခဲ့လေသည်။ ထို့ကြောင့် အပေါ်ရုံကို အလျှင်အမြန်ယူပြီး ဘုရားရှင်၏ ခြေတော်ရင်း၌ ထားကာ "ငါအောင်ပြီ···ငါအောင်ပြီ···ငါအောင်ပြီ"ဟု သုံးကြိမ်ကျယ်လောင်စွာ အော်ဟစ်လေသည်။

ထိုအော်သံကို တရားနာနေသော "ပသေနဒီ ကောသလမင်းကြီး"ကြားသိသွားခဲ့ရာ မင်းချင်းတို့၏ စုံစမ်းလျှောက်ထားတင်ပြချက်အရ ပုဏ္ဏားကြီး၏ မစ္ဆရိယအောင်ပွဲအကြောင်းကို သိသွားလေသည်။ ထိုအခါ မင်းကြီးက ပုဏ္ဏားကြီးအား ပြုနိုင်ခဲ့သောအမှုကို ပြုဘိ၏ဟု ဆိုကာ ပုဏ္ဏားအား အပေါ်ရုံ ပုဆိုးတစ်စုံကို ဆုချလိုက်၏။ ပုဏ္ဏားသည် ထိုဆုချသော ပုဆိုးကိုလည်း ဘုရားအား လှူလိုက်ပြန်၏။ မင်းကြီးကလည်း နှစ်ဆတိုး၍ ပုဆိုးနှစ်စုံကို ဆုချပြန်သည်။ ပုဏ္ဏားကလည်း ထိုပုဆိုးနှစ်စုံကိုပင် ဘုရားရှင်အား လှူဒါန်းပြန်လေသည်။ ထိုသို့ဖြင့် နှစ်ဆတက်၍ လှူဒါန်းသွားရာ ပုဆိုး ၃၂စုံ ဆုချသည့်အခါတွင်လည်း ပုဏ္ဏားကြီးသည် သူ မယူဘဲ ၃၂စုံထဲမှ ဇနီးမောင်နှံအတွက် နှစ်စုံသာယူပြီး အစုံ ၃၀ကို ရှေးနည်းအတိုင်း ဘုရားရှင်အား လှူဒါန်းလိုက်လေသည်။

ထို့နောက် မင်းကြီးသည် ပုဏ္ဏားအား ဆုချရသည်ကို အားမရနိုင်သဖြင့် နန်းတော်မှ တန်ဖိုးတစ်သိန်းထိုက်တန်သည့် ကမ္ဗလာနှစ်ထည်ကို ယူစေပြီး ဆုချပြန်သည်။ ထိုအခါ ပုဏ္ဏားကြီးသည် ကမ္ဗလာတစ်ထည်ကို ဂန္ဓကုဋီတိုက်အတွင်း ဘုရားရှင် ကျိန်းစက်တော်မူရာ အိပ်ရာ၏ အထက်ဘက်တွင် မျက်နှာကြက်လုပ်၍ လှူဒါန်းလိုက်၏။ ကျန်တစ်ထည်ကို မိမိအိမ်၌ ဆွမ်းအမြဲတမ်း ဘုဉ်းပေးသော ရဟန်း၏ နေရာအထက်တွင် မျက်နှာကြက်အဖြစ် လှူဒါန်းလိုက်၏။ ထိုအကြောင်းကို မင်းကြီး သိတော်မူသောအခါ ပုဏ္ဏားကြီးသည် ငါကြည်ညိုရာ၌သာ ကြည်ညိုဘိ၏ဟုဆိုကာ ဆင်လေးစီး၊ မြင်းလေးစီး၊ အသပြာလေးထောင်၊ မိန်းမလေးယောက်၊ ကျွန်မိန်းမလေးယောက်၊ မင်းချင်းယောက်ျားလေးယောက်၊ ရွာကြီးလေးရွာတို့ကို "သဗ္ဗစတုက္က" ဆုတော်အဖြစ် ပုဏ္ဏားကြီးအား ပေးလှူလိုက်လေသည်။

◆◆◆

အထက်ပါ အကြောင်းအရာလေးကို ပြောပြလိုက်သောအခါ ကျွန်တော့်မိတ်ဆွေက သဘောပေါက်သွားပုံရသည်။ ထို့နောက် တစ်ခုခုကို တွေးနေပုံလည်း ရသည်။

"စောစောက ကျွန်တော်ပြောပြတဲ့ အကြောင်းအရာထဲမှာ ပုဏ္ဏားကြီးက ချမ်းသာတာ မဟုတ်ဘူးနော်။ နှစ်ယောက်ပေါင်းမှ အပေါ်ရုံ ပုဆိုးလေးတစ်ထည်ပဲ ရှိတာ။ နောက်ပြီး နွမ်းပါးတဲ့သူဆိုတော့ အဲဒီ အပေါ်ရုံကလည်း အသစ်မဟုတ်ဘူး"

"ဟုတ်တယ်နော်။ မရှိတဲ့အထဲက တော်တော်စွန့်စွန့်စားစားလှူလိုက်တာ"

"ဒါပေါ့။ အဓိက,ကတော့ ဒါနပြုချင်တဲ့ စိတ်အားထက်သန်မှုပဲ။ ဒါတောင် လှူဖို့၊ မလှူဖို့ မစ္ဆရိယစိတ်နဲ့ သဒ္ဓါစိတ်က အားပြိုင်နေသေးတာပဲ"

"ဟုတ်ပြီ၊ ကျွန်တော် သဘောပေါက်ပြီ"

ထို့နောက် ကျွန်တော်တို့နှစ်ယောက် လူချင်းခွဲလိုက်ကြ၏။ ထိုနေ့က အိမ်အပြန်လမ်းသည် ကျွန်တော့်အတွက် စိတ်ကြည်ကြည်လင်လင်နှင့် လန်းဆန်းနေမိသည်။ ပထမအချက်က မိမိတတ်နိုင်တာလေးကို စိတ်အားထက်သန်စွာနှင့် သွားရောက် လှူဒါန်းခဲ့ရသောကြောင့် ဖြစ်ပြီး၊ ဒုတိယအချက်က တစ်စုံတစ်ယောက်ကို ဘာသာရေးအသိလေး ပေးလိုက်ရသော "ဓမ္မဒါန"ပြုခွင့်ရသောကြောင့် ဖြစ်သည်။

ထိုအသိတရားလေးဖြင့် "မရှိလို့ မလှူ၊ မလှူလို့ မရှိ" မဖြစ်ရလေအောင် မိမိတတ်နိုင်တာလေးနှင့် စိတ်ကို ဖြူစင်အောင် ထားပြီး ဒါန၊ သီလ၊ ဘာဝနာတို့ကို ပြုကျင့်အားထုတ်ဖို့သာ လိုအပ်လှပေသည်။


* * *

မောင်နိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ ဘဝတွင် သေမင်းက သေခွင့်မပြုသေး၍ [illegible]ည့်ဘေးမှ လွတ်မြောက်ခဲ့သည့်အကြိမ်ပေါင်း သုံးကြိမ် [illegible]ကြုံခဲ့ရပါသည်။

အဘယ့်ကြောင့် မသေခဲ့သည်ကိုလည်း စာဖတ်သူများအား ရှင်းလင်းတင်ပြပါမည်။ ဆက်လက် ဖတ်ရှုစေလိုပါသည်။

စာရေးသူမှာ သိတတ်စ၊ အရွယ်ငယ်စဉ်ကပင် ဗုဒ္ဓ၏ [illegible]ထက်မြက်သည့် အခြား ဂါထာတော်များအား မရရှိသော်လည်း မိခင်ဖြစ်သူမှ နှုတ်တိုက် သင်ပေးခဲ့သဖြင့် “သမ္ဗုဒ္ဓေ”ဂါထာနှင့် “ဘုရားဂုဏ်တော်ကိုးပါး”ကို အလွတ်ရခဲ့ပါသည်။

ထိုဂါထာနှစ်မျိုးအား ငယ်စဉ်ကပင် အမြဲတမ်းစေ ရွတ်[illegible]ခဲ့ပါသည်။ ဂုဏ်တော်ကိုးပါးအား ရွတ်ဖတ်ခဲ့သည့် အကျိုးကြောင့် ထင်ပါသည်၊ သေလောက်အောင် ပြင်းထန်သည့် ရောဂါဝေဒနာများဖြင့် ဆေးရုံသို့ သုံးကြိမ်သုံးခါတက်ရောက်ရပါသော်လည်း သေဘေးမှ လွတ်မြောက်ခဲ့ရပါသည်။

ပထမအကြိမ်မှာ ၁၉၇၂ခုနှစ်၊ အောက်တိုဘာလက ဖြစ်ပါသည်။ စာရေးသူသည် ဝန်ထမ်းဘဝဖြစ်ပါသည်။ ထိုအချိန် မန္တလေးမှ ကြာနီကန်ကျေးရွာသို့ အလုပ်တာဝန်ဖြင့် [illegible]သွားကြပါသည်။ ထိုစဉ်က ယခုလို ဂျပန်ကားများ ပေါ[illegible]ရှာမရှိသေးပါ။ ဂျစ်ကားများကိုသာ အားကိုးပြီး သွားလာကြရပါသည်။

ကားအား စာရေးသူကိုယ်တိုင် မောင်းနှင်ခြင်းဖြစ်ပြီး၊ စာရေးသူနှင့်အတူ အခြား ဝန်ထမ်းနှစ်ဦးလည်း ပါဝင်ပါသည်။ ကားမောင်းလာစဉ် ကြာနီကန်ကျေးရွာသို့ မရောက်မီ၊ ပုသိမ်[illegible]ကျေးရွာအနီး၌ ဂျစ်ကားမှာ မီးပျောက်ပြီး လမ်းဘေးသို့ [illegible]ကျကာ ဘေးတစောင်းမှောက်ပါသည်။

စာရေးသူ သတိရသောအခါ မန္တလေး ပြည်သူ့ဆေးရုံကြီးပေါ်သို့ ရောက်ရှိနေပါသည်။ ဘယ်ဘက် လက်မောင်းမှာ ကားပေါ်မှ ပြုတ်ကျစဉ် အဆစ်လွဲသွားသဖြင့် မေ့ဆေးပေး[illegible]ဘာ ပြန်ထည့်ခဲ့ရသည်။ ဦးခေါင်းနှင့် ခန္ဓာကိုယ်ရှိ သေစေ[illegible]ဆောက်သည့် နေရာများမှာ ဒဏ်ရာရရှိခဲ့ခြင်း မရှိပါ။

စာရေးသူနှင့် အတူ ကားပေါ်တွင် ပါသည့် ကျန်ဝန်ထမ်းနှစ်ဦးမှာ ပွန်းပဲ့ဒဏ်ရာများသာ ရရှိသဖြင့် ဆေးရုံ[illegible]တက်ရပါ။ စာရေးသူသည် ဆေးရုံတွင် ဆယ်ရက်ကျော်ကာသရပြီး ပထမအကြိမ် သေဘေးမှ လွတ်မြောက်ခဲ့ရပါသည်။

ဒုတိယအကြိမ်မှာ ၁၉၉၇ခုနှစ် နိုဝင်ဘာလက ဖြစ်ပါသည်။ စာရေးသူမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဝေးလံပြီး ဆက်သွယ်ရေးခက်ခဲသော နယ်ခြား မြို့ကလေးတစ်မြို့ဖြစ်သည့် လောက်ကိုင်ခရိုင်၊ “ချင်းရွှေဟော်”မြို့တွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။

ထိုနေ့က နေအလွန်ပူပြင်းပြီး ညပိုင်း၌ အလွန်ချမ်းအေးပါသည်။ စာရေးသူမှာ မြို့နယ် သာသနာရေးဦးစီးမှူး၏ နေအိမ်၌ ညစဉ် မြန်မာ့ရုပ်မြင်သံကြားကို သွားရောက်ကြည့်ရှုလေ့ရှိပါသည်။

ထိုနေ့ညက တီဗွီအစီအစဉ်ပြီးဆုံး၍ သာသနာရေးမှူး မိသားစုအား နှုတ်ဆက်ပြီး ပြန်လာရာ မိမိ၏ နေထိုင်ရာ ဌာန၏ တောင်ကုန်းကလေးပေါ်မှ အဆောင်သို့ ရောက်သည်နှင့် အပြင်းဖျားပါတော့သည်။ ထိုစဉ်က မြို့နယ် အုပ်ချုပ်ရေးမှူးမှာ ဦးခင်ရီဖြစ်ပါသည်။ ၎င်းတို့ မိသားစုမှာ များစွာ သဘောကောင်းကြပါသည်။

ထိုညက စာရေးသူမှာ ဖျားသော်လည်း သတိကောင်းစွာ ရရှိသဖြင့် ဂုဏ်တော်ကိုးပါးကိုသာ အိပ်ရာထဲ၌ အထပ်ထပ်အခါခါ ရွတ်ဖတ်နေပါတော့သည်။

ထိုစဉ်က စာရေးသူတို့ ဝန်ထမ်းအားလုံးနီးပါးမှာ ခရီးဝေးလံခြင်း၊ ဆက်သွယ်ရေးခက်ခဲခြင်း၊ စားဝတ်နေရေး အဆင်မပြေခြင်းတို့ကြောင့် မိသားစုများအား ခေါ်မလာနိုင်ကြပါ။ ဝန်ထမ်းအချင်းချင်းသာ မိသားစုသဖွယ် ပြုစုကြရပါသည်။

နောက်တစ်နေ့နံနက်တွင် အဖျားမကျသဖြင့် တပည့်တစ်ယောက်ကို ခေါ်ကာ ဆေးရုံသို့ ခြေလျင်လျှောက်ကာ သွားခဲ့ကြပါသည်။ ထိုစဉ်က အရပ်ဘက်ရှိ မည်သည့်ဌာနဆိုင်ရာမျှ ကားမရှိကြပါ။ အလုပ်ကိစ္စရှိပါက အငှားကား (VAN) များနှင့်သာ သွားလာကြရပါသည်။ ယာဉ်မောင်းများမှာ မြန်မာစကား မတတ်ကြပါ။ စာရေးသူတို့ကလည်း အမူအရာနှင့် ပြောပြီးကားငှားကြရသည်။

ဆေးရုံသို့ ရောက်သောအခါ အလုပ်သင်ဆရာဝန်လေးတစ်ဦးနှင့် သူနာပြုဆရာမ သုံးဦးခန့်သာရှိကြောင်းသိရပါသည်။ ဓါတ်ခွဲခန်းလည်းမရှိ၊ ပစ္စည်းပစ္စယနှင့် ဆေးဝါးများလည်း မပြည့်စုံပါ၊ မရှိသည်ကသာ များပါသည်။

စာရေးသူအား ငှက်ဖျားရောဂါ ဟုတ်၊မဟုတ် သွေးဖောက်စစ်ဆေးရန်လည်း မဖြစ်သဖြင့် အဖြေရှာရန် ခက်ခဲနေပါသည်။ ဆရာဝန်လေးက “ငှက်ဖျားထင်တယ် ဆရာမ”



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကာ ငှက်ဖျားဆေး "အာစီမီသာ"များပေးကာ ကုသပါတော့သည်။ (စာရေးသူမှာ အဖျားကြီးသော်လည်း ချမ်းတုန်ဖျားခြင်း မရှိပါ)။

ထိုနေ့က ဆေးရုံက အပြန်တွင် လုံးဝ လမ်းမလျှောက်နိုင်တော့သဖြင့် ကားတစ်စီးငှားကာ ပြန်ခဲ့ရပါသည်။ (တစ်မိုင်မရှိသည့် ခရီးအား ယွမ်တစ်ဆယ်ပေးရပါသည်။ ထိုစဉ်က မြန်မာငွေတစ်ထောင်ကျပ်နှင့် ညီပါသည်။)

နောက်တစ်နေ့တွင် စာရေးသူမှာ လုံးဝ သတိမရသဖြင့် မိမိဝန်ထမ်းများက ကွမ်းလုံဆေးရုံကြီးသို့ ပို့ဆောင်ပေးကြပါသည်။ ကွမ်းလုံဆေးရုံကြီးမှ ဆရာဝန်ကြီးမှာ မြင်းခြံဇာတိဖြစ်ပြီး မန္တလေး၊ လားရှိုးမြို့များသို့ မကြာခဏသွားလာတတ်ကြောင်း သိရပါသည်။ မိမိက "သေကံမရောက်၊ သက်မပျောက်"ဟု ခေါ်ရမည်လား မသိပါ။ မြို့နယ် ဆရာဝန်ကြီးနှင့် တန်းတိုးပါလေတော့သည်။

ဆရာဝန်ကြီးမှာ သဘောကောင်း၍ စေတနာထားသူတစ်ဦးဖြစ်ကြောင်း သိရသည်။ ဆရာဝန်ကြီးထံ ရောက်ချိန်တွင် စာရေးသူ၏ ဆီးများမှာ နီညိုရောင်အဆင့်သို့ ပြောင်းလဲနေပြီဖြစ်ပါသည်။ ငှက်ဖျားဆေးများမှာ ပြင်းသဖြင့် အသည်းကို ထိခိုက်သွားကြောင်း သိရပါသည်။ စာရေးသူမှာ အိပ်ယာထဲတွင် လဲကာ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေပါသည်။

နောက်တစ်ရက်ခန့် နောက်ကျပါက အသက်ဆုံးရှုံးနိုင်ကြောင်း ဆရာဝန်ကြီး ပြောပြသည်ကို နောက်မှ သိရပါသည်။ သတိကောင်းစွာ မရသည့်ကြားမှာပင် စာရေးသူသည် ဘုရားဂုဏ်တော်ကိုးပါးအား အာရုံပြုကာ နေမိပါတော့သည်။

စာရေးသူအား ပြုစုမည့်သူ မရှိတော့ပါ။ တပည့်များမှာ တာဝန်များ ရှိသဖြင့် ဆေးရုံတင်ပြီး ပြန်သွားကြပါသည်။ ထိုဖြစ်စဉ်ကို သိလျှင်သိချင်း စာရေးသူ၏ မိတ်ဆွေ ကွမ်းလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစိုးညွန့်နှင့် စခန်းမှူး ဦးဇော်ဝင်းတို့ လာရောက်ကြည့်ရှုကြပါသည်။ လူနာအစောင့်တစ်ယောက်ကိုလည်း စီစဉ်ပေးပါသည်။ (ဦးစိုးညွန့်မှာ ယခု ဒုတိယရဲမှူးကြီးဖြစ်ပြီး ၊ ဦးဇော်ဝင်းမှာ ဒုတိယ ရဲမှူးဖြစ်နေပါသည်။ စကားချပ်။)

မြို့နယ်မှူးမှ မန္တလေးရှိ မိသားစုထံ ဖုန်းဆက်အကြောင်းကြားပေးခဲ့ပါသည်။ မန္တလေးမှ စာရေးသူ၏ ယောက်ဖနှင့် ဇနီး၊ သားဖြစ်သူတို့ ကားဖြင့် လိုက်လာကြပါသည်။ ဆရာဝန်ကြီးထံ ခွင့်ပန်ပြီး စာရေးသူအား မန္တလေးသို့ ခေါ်ဆောင်ကာ ဆေးကုသကြပါသည်။ ရက်ပေါင်း ၂၀ခန့်တွင် ပျောက်ကင်း သက်သာခဲ့ပါသည်။ ဤကား ဒုတိယအကြိမ် သေမင်းက သေခွင့်မပြုသေးခြင်း ဖြစ်ပါသည်။

ထိုသို့ ဖြစ်ရသည်မှာ သတိကောင်းစဉ်က "ဂုဏ်တော်ကိုးပါး"အား ရွတ်ဖတ်သရဇ္ဈာယ်ခြင်း အကျိုးကြောင့်သာ ဖြစ်သည်ဟု စာရေးသူ ယုံကြည်ခဲ့ပါသည်။

တတိယအကြိမ် သေဘေးမှ လွတ်မြောက်သည်မှာ ၂၀၁၀ပြည့်နှစ်၊ မေလ ၁၆ရက်နေ့က ဖြစ်ပါသည်။ စာရေးသူမှာ ထိုစဉ်က ရန်ကုန်မြို့ရှိ မြို့နယ်တစ်ခုတွင် တာဝန်ထမ်းဆောင်နေပါသည်။ ထိုနေ့ညနေက စာရေးသူမှာ ဗိုက်အနည်းငယ်နာသဖြင့် ဆန်ပြုတ်တစ်ပွဲကိုသာ ညနေစာအဖြစ် ဝယ်ယူ စားသောက်ပါသည်။ ညစာထမင်းကို မစားပါ။ အစာအိမ်ရောဂါလည်း မရှိပါဘဲနှင့် ဆန်ပြုတ်သောက်ပြီးသည်နှင့် ဗိုက်မှာ မခံမရပ်နိုင်အောင် နာပါတော့သည်။

ညပိုင်းတွင် စာရေးသူမှာ မခံမရပ်နိုင်အောင် နာကျင်လာသဖြင့် မိသားစုမှ စမ်းချောင်း၊ ဗဟိုလမ်းရှိ ဆေးရုံကြီးသို့ ချက်ချင်းတင်ပို့ကြပါသည်။ စာရေးသူမှာ အပြင်းအထန် ဗိုက်နာသော်လည်း သတိမလွတ်ဘဲ "ဂုဏ်တော်ကိုးပါး" ကိုသာ အာရုံပြုထားခဲ့ပါသည်။

ဆေးရုံမှ ဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ခြင်း၊ အီးစီဂျီဆွဲခြင်း၊ ဆေးပုလင်းချိတ်ဆွဲခြင်း၊ ဆေးထိုးခြင်းများ ပြုလုပ်ကြပါသည်။ ဗိုက်နာမှာ မသက်သာဘဲ တစ်ညလုံး နာကျင်မှု ဝေဒနာခံစားခဲ့ရပါသည်။

နောက်တစ်နေ့နံနက်ရောက်မှ ရောဂါမှာ အစာအိမ်ရောဂါမဟုတ်ဘဲ "သည်းခြေထဲတွင် ကျောက်များ တည်နေကြောင်း"တီဗွီဓာတ်မှန်မှ အဖြေထွက်ပါသည်။

သည်းခြေထဲ၌ တည်နေသော ကျောက်များအား အောင်မြင်စွာ ထုတ်နိုင်ခဲ့ပါသည်။ ဆရာဝန်နှင့် သူနာပြုများ၏ စောင့်ရှောက် ကုသပေးမှုကြောင့် ဆေးရုံ၌ ဆယ်ရက်ကြာ တက်ရောက်ကုသခဲ့ပြီး သေဘေးမှ လွတ်မြောက်ခဲ့ပြန်ပါသည်။

ဗုဒ္ဓ၏ အစွမ်းထက်မြက်သော ဂုဏ်တော်ကိုးပါးအား ရွတ်ဖတ်ပူဇော်ခြင်းကြောင့် အသက်ဘေးမှ သုံးကြိမ်သုံးခါ လွတ်မြောက်ခဲ့ကြောင်း ကိုယ်တွေ့ဖြစ်ရပ်အား ရေးသားတင်ပြ ပါသည်။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ • • •


* * *

မြတ်လင်းသူ(ဝစ္စ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

ဆရာတော်ဦးဇောတိကရဲ့ တရားများစွာထဲက အလွန်ကြိုက်နှစ်သက်လို့ အကြိမ်ကြိမ်နားထောင်ဖြစ်ခဲ့တဲ့ Level of Being ဘဝ၏ အဆင့်အတန်းတရားဆိုတဲ့ တရားတိုကလေးတစ်ခုကို ဝေငှရင်း ကျွန်တော့်အတွေးတချို့ကို တင်ပြပါရစေ။ အဲဒီ တရားကလေးနဲ့ လူ့လောကတစ်ခွင်တစ်ပြင်လုံးကို ကြည့်မြင် နားလည်နိုင်ကာ၊ လူ့ဘဝရဲ့ နိစ္စဓူဝ ပြဿနာတွေကိုလည်း မြင်တတ်ပြီး အကျိုးများနိုင်မယ်လို့ ယုံကြည်မိလို့ပါ။

ဆရာတော်က Your level of being attracts your life. - သင့်ဘဝအဆင့်အတန်းအခြေအနေက သင့်ဘဝကို ဆွဲဆောင်လိမ့်မယ်။ level of being ဘဝ၏ အဆင့်အတန်း မတူရင် သူတို့ဘဝဟာလည်း တူမှာမဟုတ်ဘူး။ မွေးကတည်းက မျက်စိမမြင်ခဲ့တဲ့သူနဲ့ မျက်စိမြင်တဲ့ သူတို့ရဲ့ ဘဝအခြေအနေတူနိုင်ပါ့မလား။ သူ့မှာ ချို့တဲ့မှု တစ်ခုရှိနေတယ်။ ချို့တဲ့မှု တစ်ခုရှိတာနဲ့ကိုပဲ လူ့လောကကို ပြည့်ပြည့်စုံစုံ မသိနိုင်တော့ဘူး။ Level of Being ဘဝ၏ အဆင့်အတန်း တစ်ခုမှာ တစ်ခုခုချို့တဲ့မှု ရှိလာရင် သူ့ရဲ့ World၊ သူ့ရဲ့ လောက,ကလည်း ချို့တဲ့သွားတယ်။ မွေးကတည်းက မျက်စိလည်း မမြင်ဘူး၊ နားလည်း မကြားဘူးဆိုရင် အဲဒီကလေး တစ်ယောက်ရဲ့ အသိဉာဏ်အဆင့်အတန်းက ဘယ်လောက် ရှိမလဲ။ သိပ်မရှိနိုင်တော့ဘူးနော်။ သူ့ကိုတောင် စာသင်ပေးဖို့ သိပ်မလွယ်တော့ဘူး”လို့ ဆရာတော်က ပြောပါတယ်။

ဆက်လက်ပြီး ဆရာတော်က တိရစ္ဆာန်လောက,က လိပ်ပြာကလေးတစ်ကောင်ရဲ့ဘဝ၊ တီကောင်လေးတစ်ကောင်တို့ရဲ့ ဘဝနဲ့ ငှက်ကလေးတစ်ကောင်ရဲ့ ဘဝအဆင့်အတန်း အတွေ့အကြုံ ကွဲပြားခြားနားပုံတွေကို ယှဉ်ပြီး ပြောပြပါတယ်။

လိပ်ပြာလေးတစ်ကောင်ရဲ့ ဘဝမှာ သူ့အမျိုးမျိုးအရောင် မြင်ရတယ်၊ လွတ်လပ်မှုရှိတယ်၊ သူပျံသွားနိုင်တယ်၊ ဟိုဟိုဒီဒီ အမြင့်ကြီးထိအောင် ပျံသွားနိုင်တယ်။ သူစားတဲ့အစားအစာကြည့်မယ်ဆိုရင်လည်း အင်မတန် အနံ့အရသာနဲ့ ပြည့်စုံတဲ့ ပန်းဝတ်ရည်တွေကို စုပ်ယူရတယ်။

တီကောင်ကျတော့ မြေကြီးစားတယ်။ စားတဲ့ အစားအစာကအစ ဘယ်လောက် ကွာခြားသွားပြီဆိုတာ တွေ့နိုင်တယ်။ မြေကြီးရဲ့ အနံ့အရသာနဲ့ ပန်းဝတ်ရည်ရဲ့ အနံ့အရသာ (အဆင့်မြင့်တဲ့ စားစရာလို့ ပြောလို့ရတယ်။) ဘယ်လောက်ကွာခြားသွားသလဲ။ လိပ်ပြာတစ်ကောင်ရဲ့ မြင်ကွင်းကရောအရောင်အမျိုးမျိုး၊ ပန်းအမျိုးမျိုး၊ သစ်ပင်အမျိုးမျိုး သူ မြင်ရတယ်။ တီကောင်ရဲ့ လောကမှာ မြင်ကွင်းက ဘာမှမရှိဘူး။ အလင်းအမှောင်ဆိုတာလည်း ရေးတေးတေးလေးပဲ ရှိတယ်။ သူ ဘာမှ အသေအချာ မမြင်ရဘူး။ အင်မတန်ကျယ်တဲ့ အသံကိုမှ နည်းနည်းလေး သိရုံကလွဲလို့ အသံကိုလည်း ပီပီပြင်ပြင် မကြားနိုင်ဘူး။ အနံ့နည်းနည်းလေး သိတယ်။ တီကောင်က မြေကြီးပေါ် ကပ်ပြီး ဖြည်းဖြည်းချင်းပဲ ရွေ့နိုင်တယ်။ အမြင့်ဆိုတာကို သူ မြေကြီးထဲ ဝင်နိုင်သလောက်ပဲ သူသိတယ်။ အကယ်၍ လိပ်ပြာလေးတစ်ကောင်က တီကောင်တစ်ကောင်ကို စကားပြောတတ်လို့ သူ ပြောမယ်ဆိုပါတော့…

“တီကောင်ရေ… ပန်းလေးတွေ ပွင့်နေလိုက်တာ၊ လှလိုက်တာ၊ မွှေးလိုက်တာ”

ဆိုရင် တီကောင်က ဘယ်လိုပြန်ပြောမလဲ။

“ဟယ်…ပန်းဆိုတာ ဘာလဲ၊ ငါမသိဘူး။ မရှိတာကို မင်းပြောနေတာပါ”

“မွှေးလိုက်တာ”

ဆိုရင်…

“မွှေးတယ်ဆိုတာ ဘာလဲ”

သူ(တီကောင်) မသိဘူး။

“ပန်းဝတ်ရည်လေးတွေက ချိုလိုက်တာ”

ဆိုရင်ရော ချိုတယ်ဆိုတာ တီကောင် မသိဘူး။

“အမြင့်ကြီးကနေ တက်ကြည့်လိုက်ရင် လောကကြီးက တော်တော်ကြည့်လို့ ကောင်းတယ်”

ဆိုရင်ရော အမြင့်ကြီးဆိုတာ ဘာလဲ၊ သူ မသိဘူးနော်။ သူမသိရှာဘူး။ ဘာဖြစ်လို့လဲဆိုတော့ level of being သိပ်ကွာနေတယ်။ အဆင့်သိပ်ကွာနေတယ်။

ဆရာတော်က အဲဒီကနေတစ်ဆင့် ငှက်ကလေးတွေရဲ့ ဘဝကို လိပ်ပြာလေးတွေနဲ့ နှိုင်းယှဉ်ပြီးတော့ ပြောပါတယ်။ ငှက်ကလေးတွေရဲ့ ဘဝက လိပ်ပြာထက် ပိုမြင့်ကြောင်း ပြောပြပါတယ်။ ငှက်ကလေးတွေက ခန္ဓာလည်း ပိုကြီးတယ်။ သက်တမ်းလည်း ပိုရှည်တဲ့အခါကျတော့ သူ့ဘဝ အတွေ့အကြုံက ပိုများမယ်။ လိပ်ပြာကျတော့ သိပ်သက်တမ်းမရှည်ဘူး၊ ရက်ပိုင်းလောက်ပဲ ရှည်တယ်။ သက်တမ်းမရှည်တဲ့အတွက် ဘဝအတွေ့အကြုံ အတော်နည်းတယ်။ ငှက်က လူနဲ့လည်း Relationship ရှိကြောင်း သိမြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com

ကြကြောင်း ပြောပြပါတယ်။ အခုလို ပြောပြီးတဲ့ ဆရာတော်က အခုလို ဆုံးမပါတယ်။

"At a low level of being only a very poor world exists and only a very impoverished life can be lived. Universe is what it is but he who limits himself to its lower sides to its biological needs, his creature comfort, or his accidental encounter, will inevitably attracts miserable life."

သူ့ဘဝအခြေအနေ နိမ့်ကျရင် လောကဟာလည်း တန် ဂုဏ်နည်းတဲ့ Quality အင်မတန် နိမ့်တဲ့လောက မှာပါ။ Level of Being နိမ့်လေလေ သူ့လောက,က နိမ့်လေလေပဲ ဖြစ်မှာပါ။ Level of Being နိမ့်လို့ အင်မတန်ချို့တဲ့,တဲ့ ဘဝကိုပဲ နေလို့၊ ထိုင်လို့ ရမယ်။ ဘဝကို မချို့တဲ့စေချင်ရင် ကိုယ့်ဘဝအဆင့်အတန်း အဆင့်အတန်းကို ဆိုလိုတာ မဟုတ်) စိတ်ဓာတ် ဉာဏ်ကို ကိုယ့်ဘာသာကိုယ် မြှင့်မှ ရမယ်။ စကြ ကြီးကတော့ သူ့နဂိုအတိုင်းပဲ ရှိနေတာပါ။ သို့သော် ကြီးရဲ့ အနိမ့်ဆုံးအပိုင်းကိုပဲ ကိုယ့်ဘာသာကိုယ် သတ်ပြီးတော့ နေမယ်ဆိုရင် သူ့ရဲ့ ခန္ဓာကိုယ် လိုအပ် လောက်ကိုပဲ အဓိကထားပြီး နေမယ်ဆိုရင် ဒီခန္ဓာကိုယ် ဘို့ (သို့မဟုတ်) ခေတ်အခြေအနေ၊ ပတ်ဝန်းကျင် အနေအရ တွေ့နေ၊ မြင်နေရတဲ့အထဲမှာပဲ အကန့် တ်ဖြစ်နေမယ်။ ကန့်သတ်ပြီး နေ,နေမယ်ဆိုရင် အဲဒီ အင်မတန်ချို့တဲ့ပြီးတော့ ကျေနပ်စရာမရှိတဲ့ ဘဝမျိုး ဆွဲဆောင်မိမှာပဲလို့ ပြောပြ ဆုံးမပါတယ်။

ဆရာတော်ရဲ့ တိရစ္ဆာန်လောကက လိပ်ပြာကလေး ကောင်ကလေးနဲ့ ငှက်ကလေးဘဝ ခြားနားတဲ့ ဘဝ၏ ဆင့်အတန်းတရားကနေတစ်ဆင့် ကျွန်တော်တို့ နိစ္စဓူဝ တွေ၊ လူလူချင်း ဆက်ဆံရေးကိစ္စတွေ၊ နိုင်ငံရေးရာ တွေကို သိမြင် နားလည်နိုင်ပါတယ်။ ကျွန်တော်တို့ လောကမှာလည်း အကြောင်းကြောင်းသော အကြောင်း င်းတွေကြောင့် လူလူချင်းဖြစ်ပေမယ့်လည်း ဘဝ ဆင့်အတန်းချင်း၊ အသိဉာဏ်ဗဟုသုတချင်း၊ တွေးခေါ် တဲ့ အရည်အသွေးချင်း စတာတွေ ကွာခြားနေတာကို မှာဖြစ်ပါတယ်။ အဲဒီလို လူချင်းတူပေမယ့် စဉ်းစား တွေ မတူ၊ ကွဲပြားဖြစ်နေရတာကလည်း (ကျွန်တော် ငံကို ကြည့်မယ်ဆိုရင်) တိုင်းပြည်က ဖြတ်သန်းခဲ့ရတဲ့ အနေအောက်က ရရှိလာခဲ့တဲ့ သူတို့ရဲ့ ပညာရေး၊ ဖြတ်သန်းခဲ့ရတဲ့ဘဝပေါ် အခြေပြုပြီး ရခဲ့တဲ့ အရည်အသွေး၊ အရည်အချင်း စတဲ့ ဘဝအဆင့်အတန်းတွေ ကွာခြားနေကြ လို့ပါပဲ။

လူ့အဖွဲ့အစည်းပေါ် ထားရှိတဲ့ တာဝန်ယူစိတ်နဲ့ စဉ်းစား မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ အဲဒီ ကွာခြားမှုတွေကို နည်းနိုင်သမျှ နည်းအောင်လုပ်ဖို့ လိုနေတယ်ဆိုတာတွေကိုပါ သဘောပေါက် နားလည်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီလို နားလည်လာနိုင်တဲ့အခါ ကိုယ့်ဆိုလိုချက်၊ ကိုယ့်တင် ပြချက် ကိုယ့်သဘောထားကို အခြားတစ်ဖက်မှ လူက မသိရကောင်းလား၊ နားမလည်ရကောင်းလား၊ တုံးလှချည် လားရယ်လို့ ဆိုတာမျိုးတွေလည်း ဒေါသနဲ့ တစ်ဖက်သတ် ခံယူပြီး မတွေးဖြစ်တော့ဘဲ နားလည်နိုင်စွမ်းမရှိတဲ့ ဘဝနိမ့်တဲ့ တစ်ဖက်သားကို နားလည်မှုတွေ ပေးလာနိုင်စွမ်းရှိမှာ ဖြစ်ပါ တယ်။

"Some can't see a forest for the trees."

တချို့ အမြင်တိုရှိတဲ့ လူတွေက နီးစပ်ရာ သစ်ပင်ကိုပဲ မြင်နိုင်စွမ်းရှိကြပြီး သစ်တောတစ်တောလုံး(တစ်ခွင်တစ်ပြင် လုံး)ကို မြင်နိုင်စွမ်း မရှိကြပါဘူး။ အဲဒီလို လူမျိုးတွေဟာ သူတို့တွေရဲ့ ရေတိုအကျိုးစီးပွားလောက်ကိုပဲ နားလည်ရှေးရှု နိုင်စွမ်းရှိကြပြီး၊ အမျှော်အမြင် ပညာရှိတဲ့သူတွေ တစ်ခွင်တစ်ပြင်လုံး ကို မြင်နိုင်စွမ်းရှိတဲ့ သူတွေကျပြန်တော့လည်း ရေတိုအကျိုး စီးပွားတွေကို စွန့်လွှတ်ပြီး အများလူထု ကောင်းစားရေး၊ နောင်လာ နောက်သားတွေ ကောင်းစားရေးကိုသာ ရှေးရှု လုပ်ကြပါတယ်။

ဒီနေရာမှာ မှတ်သားစရာတစ်ခုက တစ်ခါတစ်ခါကျ ပြန်တော့ စဉ်းစားနိုင်စွမ်းရှိတဲ့သူတွေ၊ တစ်ခွင်တစ်ပြင်လုံးကို မြင်နိုင်စွမ်းရှိတဲ့သူတွေဟာ ရေတိုမှာ တစ်ခဏတာ (သို့) အချိန်ကာလတစ်ခု အရှုံးပေါ်ကောင်း ပေါ်တတ်ပါတယ်။ ငှက်ကလေးနဲ့ တီကောင်ကလေးရဲ့ ဘဝ၏ အဆင့်အတန်း တရားပုံပြင်လေးနဲ့ ဆင်တူတဲ့ တကယ့်ဖြစ်ရပ်မှန်တစ်ခုကို ပြောပြချင်ပါတယ်။ ကျွန်တော်တို့ ငယ်စဉ်က သင်ကြား မှတ်သားခဲ့ဖူးတဲ့ ကမ္ဘာကြီးလုံးတာကို ရှာဖွေတွေ့ရှိခဲ့တဲ့ အီတာ လီယန်လူမျိုး ရူပဗေဒပညာရှင်၊ သင်္ချာပညာရှင်၊ နက္ခတ် ပညာရှင်လည်းဖြစ်ပြီး အတွေးအခေါ်ပညာရှင်လည်းဖြစ်တဲ့ ဂလီလီယို(Galileo) ဆိုတဲ့ ပညာရှင်ဟာ "ကမ္ဘာကြီးဟာ လုံးတယ်"လို့ မိမိရှာဖွေတွေ့ရှိချက်ကို အများနဲ့ ဆန့်ကျင်ပြီး ရဲရဲပြောခဲ့တဲ့အတွက် အဲဒီအချိန်က ခရစ်ယာန်တွေက ဘုရားရဲ့ တရားတွေကို ဆန့်ကျင်တယ်လို့ ဂလီလီယိုကို



www.burmeseclassic.com

www.burmeseclassic.com

စွပ်စွဲပြီး ထောင်သွင်း အကျဉ်းချထားခဲ့လို့ ဂလီလီယိုဟာ အကျယ်ချုပ်ဘဝနဲ့ နေထိုင်ပြီး အသက်ဆုံးပါးခဲ့ရှာပါတယ်။

အခုတော့ ကျွန်တော်တို့က သူ့ကို "ခေတ်သစ် ရူပဗေဒရဲ့ ဖခင်" "Father of Modern Physics" လို့ ခေါ်ဝေါ်နေရပါပြီ။ အဲဒီလို အလားတူ ဖြစ်ရပ်မျိုးဖြစ်လာရင် (အဖက်ဖက်က ဆုတ်ယုတ်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ နေရာအနှံ့ နယ်ပယ်အများအပြားမှာ ဘဝအဆင့်အသိဉာဏ်ချင်းကွာလို့ မလိုလားအပ်တဲ့ ပြဿနာဖြစ်နေတာတွေ၊ ထိုပြဿနာတွေကို ဖြေရှင်းဖို့ နည်းလမ်းရှာမရဖြစ်နေတာကို တွေ့နေရပါတယ်။) ကျွန်တော်တို့လုပ်ရမယ့် တာဝန်က မိမိအကျိုးစီးပွားပျက်မှာစိုးလို့ အများမှန်းမှာ ကြောက်လို့ အခြေအနေတစ်ခုအောက်မှာ၊ အဲဒီအခြေအနေက ဖန်တီးတဲ့ အများစုဘက် ရပ်တာထက်၊ တကယ့်အမှန်တရားဘက် ပြည်သူအများစုကြီး ရေရှည် အကျိုးစီးပွားအကျိုးရှိမယ့်ဘက်ကနေ ရဲရဲကြီးလုပ်ကိုင်ကြဖို့ လိုပါတယ်။ တိုင်းပြည်ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုး တိုးတက်ရေး တိုင်းသူပြည်သားအားလုံးနဲ့ တိုင်းပြည်တွင်းမှာ မှီတင်းနေထိုင်ကြတဲ့သူများရဲ့ အခွင့်အရေးကို ဖော်ဆောင်ေ စတာတွေကို အကောင်အထည်ဖော်တဲ့ လမ်းကြောင်းမှ မလျှောက်နိုင်တဲ့သူ၊ မစဉ်းစားနိုင်တဲ့သူတွေကိုလည်း ဖေ ကူညီ သင်ကြားလမ်းပြပြီး စိတ်ရှည်ရှည်နဲ့ လက်တွဲခေါ် ရပါမယ်။ ကမ္ဘာကြီးဟာ ယခင်ကလည်း လုံးတယ်၊ အခု လည်း လုံးတယ်၊ နောင်လည်း လုံးနေဦးမှာပါပဲ။

ဆရာတော် ဦးဇောတိကရဲ့ တရားကို နာကြားပြီး ကျွန်တော်လက်ဆင့်ကမ်း ဝေမျှပေးလိုက်တာပဲ ဖြစ်ပါတယ်။

လောကသားအားလုံး ငြိမ်းချမ်းချစ်ကြည်စွာ
အမြဲနေနိုင်ကြပါစေ

* * *

ထွန်းသန်းထွန်း

" အာစရိယဂုဏ် အပဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန် ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာ နဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းခွာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေညည်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဘငွေးမှာ အတော်ကာသိုလ် ငွေးကြွယ်သူတစ်ဦးဖြစ်လေသည်။ မိဘအမွေများကို အုပ်ချုပ်၍ အတိုးစီးပွားဖြစ်အောင် ဆောင်ရွက်နေရသည်။ ဦးလေးတော်တစ်ယောက်ရှိခြင်းကြောင့် အလုပ်အကိုင်နှင့် စီးပွားရေးတွင် ကိုယ်တိုင်ကိုယ်ကျ ပူပန်စရာမလို။

"ဘငွေး ပိုးကုမ္ပဏီ"ဟု အမည်တပ်ထားသော်လည်း မန္တလေးမြို့ ပင်ရင်းတိုက်ကြီးတွင် ဘငွေး ဖင်မြဲမြဲထိုင်သည်မဟုတ်။ ရန်ကုန်တိုက်ခွဲ၊ ရေနံချောင်း၊ ပြည် စသော မြစ်ရိုးမြို့ တိုက်ခွဲများနှင့်တကွ မြစ်ဝကျွန်းပေါ်အရပ်များသို့ လှည့်လည် ကြည့်ရှုနေခြင်းဖြင့် အချိန်ကုန်လွန်စေခဲ့သည်။

အသက် ၂၈နှစ်တိုင်အောင် မယားသားမယူခြင်းသည်လည်း ဤကဲ့သို့ လွတ်လွတ်လပ်လပ် မလည်မပတ်ရမည်စိုးခြင်းကြောင့် ဖြစ်တော့သည်။ သို့သော် တကယ်ချစ်လောက်၊ စွဲလောက်စရာ မတွေ့သေး၍ဟု ဆိုက ပို၍မှန်ကန်ပေမည်။ သတ္တဝါဟူသည်ကား ကိုယ်က တကယ်ခုံခုံမင်မင် ချစ်ခင်စွဲလမ်းနေသော ပုဂ္ဂိုလ်ရှိပါမူ ထိုသူအနားက တစ်ဖဝါးမှ မခွာနိုင်။ ခွာလိုစိတ်လည်း မရှိတတ်သည်မှာ ဓမ္မတာပင်ဖြစ်တော့၏။ ထို့ကြောင့် ဘငွေး ဤကဲ့သို့ ချေးကျရာ ပျော်တတ်သည့် ကြက်လို နမော်နမဲ့ ပျော်ပျော်ပါးပါး မြို့တကာလည်နေနိုင်ခြင်းသည် သူကိုယ်တိုင်က မမြင်ရ မနေနိုင်အောင် စွဲမက်စရာကလေး တစ်ယောက်ယောက်မျှ မရှိသေး၍ ဖြစ်သည်။ မတွေ့သေး၍ ဖြစ်သည်။

ယခုတစ်လော ရန်ကုန်သို့ ရောက်လာခြင်းမှာလည်း ထွေထွေထူးထူး ရေးကြီးခွင်ကျယ် မည်မည်ရရ ကိစ္စမရှိ။ အိုလံပစ်သို့ သွားကြမည့် တရုတ်စင်တောင် ဘောလုံးနှင့် ဘီအေအေ ညွန့်ပေါင်းတို့ ကစားကြမည့်ပွဲကို ကြည့်ရန်မျှသာ ဆင်း၍လာခဲ့ခြင်းဖြစ်တော့သည်။ ဘငွေးသည် ကစားခုန်စားအားနှင့် ကျန်းမာရေးကို အတော်ဝါသနာပါခဲ့သည်။ ကိုယ်တိုင်လည်း လေ့ကျင့်ကြိုးစား၍ သူတစ်ပါးကိုလည်း အားပေးတိုက်တွန်းကာ ရက်ရက်ရောရော ချီးမြှင့်တတ်လေသည်။

ခါတိုင်း ဘောပွဲက ပြီးလျှင် တည်းခိုရာ ဘုံဘေဟိုတယ်သို့သာ တိုက်ရိုက်ပြန်လေ့ရှိသော်လည်း ယနေ့မှာ ဘောပွဲအပြီးတွင် လူကြိုက်များ၍ နာမည်ကြီးနေသော "ဂလုပ်က" ဇာတ်ကားတစ်ကားကို ဝင်ကြည့်နေမိခြင်းကြောင့် ကိုးနာရီလောက်မှ ဘုံဘေဟိုတယ်သို့ ပြန်ရောက်ခဲ့သည်။ မီးရောင်

တွေ ထိန်ထိန်လင်းလျက် ပန်းကာများ တဝီဝီလည်နေသော
ခန်းမကြီးအတွင်းရှိ ညေ့ပရိသတ်များကို ဖြတ်၍ မိမိအခန်
ရာ အပေါ်ထပ်သို့ တက်ခဲ့လေသည်။ အပေါ်ထပ်မှာမူကာ
ဓာတ်မီးများ လင်းထိန်ခြင်း မရှိ။ အခန်းကလေးများ
ကူးသန်းသွားလာရာ လမ်းကလေးကို မြင်နိုင်လောက်အော
သာ ဓာတ်မီးတစ်ပွင့်မျှ ဖွင့်ထားခြင်း ရှိလေသည်။

ဘငွေးသည် သူ့အခန်းကို သော့ဖွင့်၍ ဝင်ရန် သော့
အိတ်ထဲ၌ စမ်းကြည့်မိသည်။ သို့သော် သော့ကို မတွေ
အိတ်တွင်း၌ သော့မရှိ။ တစ်ခဏကလေး အံ့ဩ ထိတ်လ
သွားပြီးမှ ယနေ့ နေ့လယ်လောက်ကတည်းက သော့
ခေါင်းအုံးအောက်တွင် မေ့၍ ထားခဲ့ပြီးလျှင် အခန်းတံခါး
သော့မခတ်ခဲ့မိဘဲ ပိတ်၍ အမှတ်တမဲ့ ထွက်လာခဲ့မိကြော
သတိရတော့သည်။

ဘငွေးသည် မှောင်နေသော အခန်းတွင်းသို့ တံခါး
ဖွင့်၍ ဝင်ခဲ့မိသည်။ သို့သော် ကိုယ့်အခန်းတွင်းတွင် သူစိ
တစ်ယောက်ယောက်ဝင်နေကြောင်း အလိုလိုရိပ်မိသည
လိပ်ပြာမသန့် ရန့်မကင်းဖြစ်မိသည်။ ထို့ကြောင့် မီးခလုတ်
ရာသို့ လက်လှမ်းလိုက်သည်နှင့် တစ်ပြိုင်နက် မိမိ၏ ခေ
အောက်ဆီက လူတစ်ယောက် အခန်းတံခါးဝသို့ ပြေးထွ
ရန်အလာတွင် ဘငွေးနှင့် ဘေးချင်းတိုက်မိလေရာ ဓါ
၍ မျက်စိလျှင် လက်မြန်သည်နှင့်အညီ လက်တစ်ဖက်
အခန်းတံခါးကို ပိတ်မိအောင် ဆောင့်ပိတ်လိုက်မိပြီးဖြစ်လ
ညာလက်က ထိုလူ၏ မျက်ခွက်ရှိရာသို့ ခွပ်ခနဲ ထိုးလိုက်
လေသည်။

အခန်းတွင်းသို့ ဝင်နေသူကား ကြောက်အားလန့်
နှင့် ဘငွေးကို ဖက်၍ လုံးတော့သည်။ သူသည် ဓာတ်
မဖွင့်နိုင်မီ အခန်းတွင်းမှ ထွက်ရအောင်သာ ကြိုးစားနေ
သည်။

အခန်းကလေးက ကျဉ်းသော်လည်း သူတို့နှစ်ယော
သတ်ပုံမှာ ဝုန်းဝုန်းဒိုင်းဒိုင်း မရှိလှ။ တစ်ယောက်က လွ
အောင် ရုန်း၍၊ တစ်ဦးက နိုင်အောင် ဖိထားခြင်းမျှသာ
လေသည်။ ဘငွေးလောက် ကျွမ်းကျင် ကျန်းမာသန်စွမ်း
မတူသော အလုစ်သမားသည် မကြာမီ ပျောဟဲလိုက်
တော့သည်။ ခြေများလည်း တစ်ကိုယ်လုံး စိုရွှဲနေတော့သ
အင်အားများ လျော့သွားသည်နှင့် တစ်ပြိုင်နက် ဘငွေး
ရင်ဘတ်ပေါ်တွင် ခွစီးမိလျက်သားဖြစ်သွားတော့ရာ အ
ရင်ဘတ်ကို လျင်မြန် ဖျတ်လတ်စွာ စုဆွဲ၍ မတ်တ
လိုက်လေသည်။ ထို့နောက် နံရံတွင် ရှိသော မီးခလုတ်



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လိုက်သောအခါ အဝတ်အစား ခပ်ညစ်ညစ်၊ ခေါင်းနှင့် ...စပ်မှ သွေးများ ထွက်နေသော အသက်သုံးဆယ်ခန့် ...မာလူစိမ်းတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိတော့လေသည်။ ထိုသူမှာကား ဘငွေး၏ မျက်နှာကို မကြည့်ဝံ့သကဲ့သို့ ခေါင်းငိုက်စိုက်ချထားရာက မေ့ပန်းခြင်းကြောင့် အသက် ...ပြင်းပြင်းရှူနေလေ၏။

"ဘယ့်နှယ့်ဗျာ၊ မိတ်ဆွေနယ် . . . နပန်းကလေး အသတ်အပုတ်ကလေး ဝါသနာပါလို့ရှိရင်လည်း နေ့ခင်း ...နေ့လယ် မြင်မြင်ထင်ထင် လာခဲ့ရောပေါ့"

ဘငွေးက ခပ်အေးအေးကလေး ခနဲ့လိုက်လေ၏။ ထိုလူသည် ခေါင်းငုံ့နေရာက ကြောက်ကြောက်ရွံ့ရွံ့နှင့် ...တစ်ခန် နိုးကြည့်လိုက်ပြီးလျှင် ချက်ချင်းပင် ပြန်၍ ငုံ့မြဲ ...ငုံ့လိုက်လေ၏။ သူခိုးတစ်ယောက်အား ရှုးရှုးရှားရှား ဒေါသ ...ဖြစ်ဟု မကြီးဘဲ ဤကဲ့သို့ ပြောင်တီပြောင်ချော် ပြောတတ် ...သောသူများသည် လက်တွေ့အားဖြင့် အတော်ရက်ရက် ...စက်စက် ဆုံးမတတ်ကြောင်း သိနိုင်၍ ဖြစ်လေ၏။

ဘငွေးသည် ထိုလူအား မှတ်မိလောက်အောင် စိမ်းစိမ်း ကြည့်နေသေးသည်။ ထိုလူ့၌ မိမိပစ္စည်းတစ်စုံတစ်ခုမှ လက် ...ထဲတွင် မတွေ့ရ၊ အခန်းတွင်းရှိ မိမိ၏ ပစ္စည်းထားသိုရာ ...လည်း ပြောပလောက်အောင် ဖြေရာလက်ရာ မပျက်သေး။

"ကျွန်တော် . . . ကျွန်တော် . . . ကျွန်တော့်ကို ပုလိပ် ...ထဲ မအပ်ပါနဲ့ ခင်ဗျာ။ ခင်ဗျားပစ္စည်းတွေလည်း တစ်ခုမှ ...ယူရသေးပါဘူး။ ကျွန်တော့်မှာ လက်နက်ဆိုလို့လည်း တစ်ခု ...မပါခဲ့ပါဘူး။ ကျွန်တော့်ကို လွှတ်ပါခင်ဗျာ"

ဟု သတ္တိမဲ့စွာ တောင်းပန်နေတော့သည်။

"ကျုပ်က ပုလိပ်လက်ကို အပ်တတ်တဲ့ လူစားမဟုတ် ...ဘူး ခင်ဗျား စိတ်ချ"

ဤစကားသည် အချောင်သမားအား ပို၍လန့်သွားစေ ...သည်။ ဘငွေး၏ စိတ်တွင်လည်း ပုလိပ်ကို အပ်၊ ဂါတ်ကို ...ဆောင်၊ ရုံးကို တက်နှင့် ဆွမ်းခံရင်း ငုက်သင့်နေခြင်းကို ...ရှည်ရှည်ဝေးဝေးကြီးမျိုးကို လုပ်နေမည့်အစား မှတ် ...လောက်အောင် ကိုယ်ထိလက်ရောက် ဆုံးမလိုက်ခြင်းသာ ...တောင့်တမိသည်။

"ကျွန်တော် ဆင်းရဲလွန်းလို့ ကြံမိတာပါခင်ဗျာ။ အခန်း ...ကို လာဖွင့်ကြည့်မိတော့ သော့မခတ်ဘဲ လွယ်လွယ် ...ပွင့်သွားလို့ အထဲရောက်ရောက်ချင်း ခင်ဗျားဝင်လာတဲ့ ...သံကြားရတာပါပဲ။ ဒါကြောင့် ကျွန်တော် ဘာတစ်ခုမှ ...ယူရသေးပါဘူး။ ကျွန်တော်ပြောတာ မယုံရင် ကျွန်တော့်ကိုယ်မှာ ရှာကြည့်ပါ။ ကျွန်တော်သွားပါရစေတော့ခင်ဗျာ။ ကျွန်တော် ကြောက်လှပါပြီ"

ထိုသူ၏ ပြောပုံမှာ ဟန်ဆောင်နေပုံမျိုး မဟုတ်။ တကယ်လန့်နေ၍ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေရာသောကြောင့် ဘငွေး စိတ်ပြောင်းသွားမိသည်။

ဟိုတယ်တွင် တည်းခိုရန် လာသော ဧည့်သည်တစ်ဦးဦး၏ ပစ္စည်းကို သယ်ယူခဲ့ရသည့် ကူလီတစ်ယောက်ဖြစ်သောကြောင့် ဤအပေါ်ထပ်ရောက်အောင် လာခဲ့နိုင်ခြင်းဖြစ်ပြီးလျှင် အမှတ်တမဲ့ သော့မခတ်ခဲ့သော မိမိ၏ အခန်းကို တွေ့ရ၍ ဝင်လာသည်နှင့် မရှေးမနှောင်းပင် မိမိပြန်ရောက်၍ လက်ပူးလက်ကျပ်မိရကြောင်း ဘငွေး စဉ်းစားမိသည်။ ထို့ကြောင့် မိမိ၏ ပစ္စည်းတစ်စုံတစ်ရာပျောက်ဆုံးခြင်း မရှိသည့်အတူတူ ထိုလူကို လွှတ်လိုက်ရန်သာ ကောင်းတော့သည်။ သူ၏ နှာခေါင်းမှ မိမိ၏ လက်သီးဒဏ်ကြောင့် သွေးထွက်နေပြီဖြစ်သဖြင့် ဤမျှလောက်နှင့်ပင် ကျေနပ်စရာရှိတော့၏။

"အင်း . . . ခင်ဗျား ကံကောင်းတယ်။ အလျှော်ကောင်းလို့ အထောင်းသက်သာတယ် မှတ်လိုက်၊ သိရဲ့လား။ ကဲ . . . ကြွ . . . ကြွ"

ဘငွေးက ပြောပြောဆိုဆို တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ဇောင်းတွင်းမှ မြင်းတစ်ကောင်ကို လွှတ်လိုက်သကဲ့သို့ ထွက်သွားတော့သည်။

* * *

ဘငွေးသည် သက်မတစ်ချက် ချလိုက်မိသည်။ ပြီးမှ သူ၏ အပေါ်အင်္ကျီကို ချွတ်လိုက်ပြီးလျှင် အင်္ကျီချိတ်တွင် ချိတ်ထားလိုက်သည်။ တစ်ခဏလေးအတွင်း အတော်ကလေး မောအောင် သတ်ပုတ်လိုက်ရသောကြောင့် ခုတင်ပေါ်သို့ ဖင်ချထိုင်လိုက်မိရင်း ရယ်လိုက်မိသည်။ ရယ်နေရာက တံခါးဝ ကြမ်းပြင်ပေါ်တွင် မိမိအတွက် စာတိုက်မှ စာများကို တွေ့မြင်ရလေ၏။ ဟိုတယ်သို့ မိမိအတွက်လာသော စာများ၊ သတင်းစာများမှာ အခန်းတွင်းတွင် လူကို မတွေ့က ဟိုတယ်အစေခံကလေးများမှ ဤကဲ့သို့ပင် သက်ဆိုင်ရာအခန်းတွင်းသို့ တံခါးအောက်က ထည့်သွင်းခဲ့မြဲဖြစ်လေသည်။

ဘငွေးသည် ဦးစွာပထမ မန္တလေး လူထုသတင်းစာကို ကောက်ယူလိုက်လေသည်။ နောက် စာအိတ်နှစ်အိတ်ကို တွေ့ရလေရာ တစ်ခုမှာ မိမိ၏ ကုမ္ပဏီမှ ဦးလေး၏ လက်ရေးနှင့် မိမိထံပေးသော စာဖြစ်ကြောင်း သိနိုင်လျက်၊ စာတစ်အိတ်မှာမူကား မိန်းမလက်ရေးနှင့် မိမိထံသို့ လိပ်တပ်ထားကြောင်း တွေ့ရလေသည်။ လက်ရေးမှာ မိန်းမလက်ရေးဟု ဆိုရစေကာ



www.burmeseclassic.com

www.burmeseclassic.com

မှ အတော်လုပသေသပ်သော လက်ရေးကလေးဖြစ်လေရာ ဘဌေးသည် စာတစ်တန် ပေတစ်တန်ပေးနိုင်လောက်အောင် ဘယ်မိန်းကလေးတစ်ဦးနှင့်မှ အဆက်အသွယ်မရှိခဲ့ပုံကို စဉ်းစားမိလေ၏။ ထို့ကြောင့် စာအိတ်ကို သေသေချာချာ အကဲခတ်မိသည်။

*ကိုဘဌေး*

*ဘုံဘေဟိုတယ်*

*ရန်ကုန်မြို့*

လိပ်စာသည် လုပပိုင်းစက်သော လက်ရေးကလေးများကြောင့် ယုံမှားစရာမလို။ တံဆိပ်ခေါင်းပေါ်က စာတိုက်နာမည်ကို စာတ်မီးရောင်နားသို့ ကပ်ကာ ကြည့်လိုက်မိပြန်သည်။ သေသေချာချာကြည့်လိုက်မှ "ရင်းညိမ်"ဟူသော စာတိုက်အမည်ကို တွေ့ရပြန်လေရာ ဘဌေးတွင် ပို၍အံ့ဩမိတော့သည်။ ရင်းညိမ်ဟူသော မြို့နာမည်ကို အတော်ကလေး စဉ်းစားယူမှ မော်လမြိုင်သွား မီးရထားလမ်းရှိ မြို့ကလေးတစ်မြို့ဖြစ်ကြောင်း သတိရတော့သည်။

ဘဌေးသည် မော်လမြိုင်မြို့သို့ တစ်ခေါက် နှစ်ခေါက်ရောက်ဖူးသည်မှန်သော်လည်း ၎င်း ရင်းညိမ်ရွာကလေးသို့ မဆင်းခဲ့ဘူး။ အနီးစပ်ဆုံးအားဖြင့် ၎င်းနှင့် နီးစပ်ရာ သထုံ၊ မုတ္တမ၊ မော်လမြိုင်မြို့များတွင်ပင် ရင်းရင်းနှီးနှီး မိတ်ဆွေသင်္ဂဟ တစ်ဦးတစ်ယောက်မှ မရှိရိုးမှန်ခဲ့၏။

ဘဌေးသည် ကြာရှည် လေးမြင့်စွာ ဦးနှောက်ကို အလုပ်မပေးလိုတော့သဖြင့် ခပ်သွက်သွက်ပင် စာအိတ်ကို ဖောက်လိုက်တော့သည်။ ရိုးရိုးကော်ပီစာအုပ်ထဲမှ စာရွက်မှဖြစ်ကြောင်း တွေ့ရလေသည်။ ထိုစာရွက်ကို ဖြန့်လိုက်လျှင် ဖြန့်လိုက်ချင်း "အစ်ကိုကြီး"ဟူသော ခေါင်းစဉ်ကို ပထမစတင်၍ တွေ့လိုက်ရတော့သည်။ စာအဆုံးက လက်မှတ်ကို ကြည့်လိုက်သောအခါ "မဝင်းနု"ဟု တွေ့ရပြန်သောကြောင့် "အင်း...ဘယ်သူကများ နောက်လိုက်တဲ့ စာများလဲ။ ကဲ-ဒါလောက်တောင် ရှိလုတာ အပျင်းပြေ ဖတ်လိုက်စမ်းရဦးတော့မယ်"ဟု နှုတ်မှ မြည်တမ်းရင်း ခုတင်ပေါ်သို့ ပြန်ထိုင်၍ စိမ်ပြေနပြေဖတ်သဖြင့် စာနှစ်ကြောင်း၊ သုံးကြောင်း အရောက်တွင် ဘဌေးမှာ ပေါ့တီးပေါ့ဆ မနေနိုင်တော့ပေ။ စာပါ အဓိပ္ပာယ်မှာ ရယ်ရွှင်ဖွယ်အကြောင်းအရာမဟုတ်။ သေရေးရှင်ရေး ဝမ်းနည်းစရာ၊ စိတ်ပူစရာ စာမျိုးဖြစ်တော့သည်။

**အစ်ကိုကြီး...**

မေမေ့ကို မသနားတော့ဘူးလား။ မနေ့က အစ်ကိုကြီးထံက စာရောက်တယ်ဆိုတော့လေ သူ့ခမျာ ဝမ်းသာ... လွန်းလို့ မျက်ရည်တွေတောင် ကျလာတာပဲ။

"အမလေး... ငါ့သားကြီးဆီက လာတာလား။ ဖတ်... စမ်းပါ သမီးရယ်၊ မြန်မြန်ဖတ်စမ်းပါ။ မေမေ သူ့လက်ရေး... ကလေးတွေ မမြင်နိုင်ပေမယ့် သူရေးလိုက်တဲ့ စာကလေး... တွေ ကြားစမ်းပါရစေ"တဲ့။ သူ ဒီလို ပြောလိုက်တာ... ဝင်းနုတောင် ဟစ်ငိုလိုက်ချင်တဲ့ စိတ်ပေါက်လာတာပဲ။ ... အစ်ကိုကြီးစာကို ဖတ်ပြလို့ အလုပ်ရနေပြီဆိုတဲ့ စကားကြား... ပြန်တော့လည်းလေ "အင်း... ငါ့သားကြီး လိမ္မာပါပြီ... လိမ္မာပါပြီ။ မမိုက်တော့ပါဘူး။ အမယ်လေး... ငါတွေ့လိုက်... ချင်စမ်းပါဘိကွယ်"လို့ ညည်းရှာတယ် အစ်ကိုကြီးရယ်။

အစ်ကိုကလည်း နေနိုင်လိုက်တာနော်။

ဘဌေးသည် စာကို ဆုံးအောင် မဖတ်နိုင်သေး... တစ်ပိုင်းတစ်စနဲ့ စာကိုင်ရင်း ...နေမိလေသည်။ သူ... ဘဝတွင် နှမလည်း မရှိ၊ မိခင်လည်း ကွယ်လွန်သွားခဲ့ပြီ... သောကြောင့် ဤစာမှာ မိမိအတွက် မဟုတ်ကြောင်း၊ ... သိနိုင်လင့်ကစား ကိုယ်ချင်းစာ၍ ရင်ထုမနာဖြစ်ရလေသည်... စာရေးသူ ကလေးမကလေးမှာ မမာနေသော မိခင်ကြီးနှင့်... အရပ်တစ်ပါးရှိ အစ်ကိုကြီးကြားက ဗျာများနေပုံကို စဉ်းစား... ၍ ကြည့်နိုင်လေသည်။ ထို့နောက် စာရွက်ကို ဖတ်နေရာ... စိတ်မကျေ၍ စာအိတ်က လိပ်စာကို ပြန်ကြည့်မိပြန်တော့... ၏။ "ကိုဘဌေး၊ ဘုံဘေဟိုတယ်"ဟူသော လက်ရေး... တွေ့ရပြန်သည်။ ဘဌေးသည် သူ့အခန်းတွင်းတွင် တစ်... ယောက်ထီးတည်း မျက်မှောင်ကုတ်၍ စဉ်းစားနေရာ... ဆက်ဖတ်ပြန်သည်။

*အစ်ကိုကြီး အိမ်က ထွက်သွားတာ အခု ဝါကျွတ်ရင်... ၁၅နှစ်တင်းတင်းပြည့်တော့မယ်နော်။ ဒီကြားထဲမှာ တစ်ခါ... ကိုယ့်ရပ်ကိုယ့်ရွာ ပြန်မလာတာများ အံ့ပါရဲ့။ ဝင်းနု ခုနှစ်... သမီးအရွယ်လောက်က ဆိုတော့ အခုနေမှ ပြန်လာရင်... ညီမလေးကို အစ်ကိုကြီး မှတ်မိတော့မှာ မဟုတ်ဘူးနော်... အင်း...ဝင်းနုကလည်း အစ်ကိုကြီးကို ကောင်းကောင်းမှတ်... မှာ မဟုတ်ပါဘူးလေ။ မေမေကတော့ အစ်ကိုကြီး... တစ်နေ့မှ မေ့တယ်မရှိဘူး။ အမြဲပြောရဲ့ တရဲ့ပဲ။ တစ်ခါတလေ... တော့လည်း မေမေက ဝမ်းနည်းပန်းနန်း ညည်းရှာတယ်... ငါ မသေခင် ငါ့သားကြီးမှ တွေ့သွားရပါဦးမလားတဲ့။ ဒီ... ပြောမယ့်သာ ပြောတယ်၊ မေမေ့မျက်စိနှစ်ဖက်လုံး... လုံးလုံးကွယ်သွားပြီး အစ်ကိုကြီးရဲ့ နားတွေလည်း လေး... လို့ သူ့နား နားမှာ ကပ်ပြီး မနည်းအော်ပြောမှ ကြား...*



www.burmeseclassic.com

www.burmeseclassic.com



ဘယ်။ တရှောင်ရှောင်နေရာက အိပ်ရာထဲ ဗုန်းဗုန်းလဲတာ တစ်နှစ်ပြည့်တော့မယ်။ ဆရာကြီး ဦးမှိုကဖြင့် နေ့နေ့ညည စိုက်ရဲ့ပါပဲ။ သူတစ်ယောက်ရှိလို့သာ မေမေ ကြာကြာ အသက်ရှင်နေရတာပဲ။

အစ်ကိုကြီးကို မေမေက သိပ်ချစ်တာပဲလေ။ ဝင်းနု ဆက် အဆတစ်ရာလောက် ချစ်လွန်းလို့ ဒီလိုဝေဒနာမျိုး ခံစားနေရတာပေါ့။ အဲသလောက်ချစ်တဲ့ ကိုယ့်မွေးသမိခင် အပေါ်မှာ ကြင်နာရကောင်းမှန်း မသိတဲ့ အစ်ကိုကြီးကို အေသဖြစ်မိတယ်။ ဒါကြောင့် စာကိုတောင် မေမေကသာ အတင်းအခမ့ မနိုင်းရင် ဒီလိုရေးဖြစ်မှာ မဟုတ်ဘူး။ ဒီတော့ ဝင်းနု နောက်ဆုံး တောင်းပန်ချင်တာက မေမေကလည်း နေ့လား၊ ညလားဆိုသလို စိတ်မချရဘူး။ ဒီအပေါ်မှာ အခု ဆုံးလေးရက် မိုးတွေ ဆက်ရွာနေလို့ သူ့ရောဂါအတော်တိုး နေတယ်။ ဒါကြောင့် အစ်ကိုကြီးအလုပ်ကို ခဏခွင့်ယူပြီး အမြန်လိုက်ခဲ့ပါ။ တော်တော်ကြာ မအေတစ်ယောက်လုံး အိုလေ···တော်ပြီ၊ ဝင်းနု ဆက်မရေးချင်တော့ဘူး။

ဘဋ္ဌေးသည် စာကို ဆုံးအောင် ဖတ်ပြီးသောအခါ ပို၍စိတ်မချမ်းသာဖြစ်ရတော့သည်။ ထိုစာမှာ ဤဟိုတယ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ခြင်းကို တွေး၍မရ။ မိမိ၏ နာမည်နှင့်တူသော အခြားဧည့်သည်များ ရှိလိုရှိငြား ဟိုတယ် မန်နေဂျာသို့ သွား၍မေးရန် စာရွက်ကို လက်က ကိုင်ကာ အောက်သို့ ဆင်းလာခဲ့လေသည်။ ထိုစာမှာ မိဘအတွက်၊ သားအတွက်သော် လည်းကောင်း၊ အစ်ကိုကြီးအတွက်နှင့် နှမလေးအတွက်သော် လည်းကောင်း အရေးတကြီးဖြစ်နေ သည်ကို ဘဋ္ဌေး စဉ်းစားနေစရာ မရှိ။ ဒိဋ္ဌသိခြင်းကြောင့် ဖြစ်တော့သည်။ ထိုအတွက် သက်ဆိုင်ရာ လူကို ရှာဖွေကာ အချိန်မီပေးဖို့ပါ အရေးကြီးနေတော့သည်။

"မြန်မာဧည့်သည်ထဲမှာ ဘနဲ့ စတဲ့ နာမည်ဆိုလို့ ခင်ဗျားအခန်းနဲ့ မျက်နှာချင်းဆိုင်အခန်းက ဦးဘရှင်ဆိုတာပဲ ရှိတယ်။ သည့်ပြင်ဆိုရင် ဦးတင်ထွတ်၊ ဦးမြဘူ၊ ဦးခင်မောင် ကြီး၊ အဲဒါတွေပဲ ခင်ဗျာ၊ ဒီစာဟာ ခင်ဗျား‌ရဲ့ မေ့နေတဲ့ မိတ်ဆွေထဲက ပေးလိုက်တာ ဖြစ်ပါလိမ့်မယ်"

ဟု မန်နေဂျာက ပြောလိုက်သောကြောင့် စာရွက်ကို ကိုင်ကာ ပြန်၍ တက်ခဲ့ရတော့သည်။

ဘဋ္ဌေးသည် ကြားထဲက ကရုဏာသာမက၊ စေတနာ ပါ ထက်သန်နေခြင်းကြောင့် မိမိအခန်းနှင့် မျက်နှာချင်းဆိုင် ဦးဘရှင်ဆိုသူ တည်းခိုနေသည့်အခန်းကို စပ်စုကြည့်ရန် တံခါးခေါက်လိုက်မိသည်။

"ကမ်းမင်း"ဟု အတွင်းမှ အင်္ဂလိပ်ဆန်ဆန် ဝင်ခဲ့ရန် ပြောသည့်အတွက် ဘဋ္ဌေးမှာ စာရွက်ကလေးကိုင်ရင်း ဝင် သွားမိသည်။

ဦးဘရှင်ဆိုသူမှာ ဗိုလ်များ ဝတ်ရိုးဖြစ်သော အိပ်ရာဝင် အင်္ကျီ-ဘောင်ဘီးပွကြီးကို ဝတ်ကာ ကုလားထိုင်တစ်လုံး တွင် ခပ်ခန့်ခန့်ထိုင်၍ ဝီစကီကို ငုံမြံနေဆဲ တွေ့ရလေသည်။

သူသည် ဟိုတယ်အစေခံတစ်ယောက် ထင်မှတ်ကာ ခပ်မာမာပြောမိသည်ကို ဘဋ္ဌေးအား ကြည့်ရင်း အားနာနေ ဟန်ရှိလေ၏။ သို့သော် မလာစဘူး၊ မကူးစဘူး ညကြီးမင်းကြီး ကူးလာသည့်အတွက် အထူးအဆန်းတွေးကာ ငေးကြည့်နေ လေသည်။ သူတို့အချင်းချင်း နာမည်ကို မသိကြ၊ မခေါ် မပြောမိကြသော်လည်း တစ်ဟိုတယ်တည်းတွင် တည်းနေ ကြသည့် ဂုဏ်သရေရှိ ဧည့်သည်ဖြစ်ကြောင်းကိုကား တစ်ဦး ကို တစ်ဦး မြင်ဖူး၊ သိဖူးနေကြလေသည်။

"ဩော်···ဩော်···ဟို···ဟို···"

ဟု ဘဋ္ဌေး နေထိုင်ရာ အခန်းဆီသို့ လက်နှင့် ပြရင်း ဦးဘရှင်က မေးတော့မလို၊ ပြောတော့မလိုဖြစ်နေစဉ်···

"ဟုတ်ကဲ့၊ ကျွန်တော် အခန်းနံပါတ် (၁၅)ကပါ"

"ထိုင်ဗျာ···ထိုင်ဗျာ၊ ဝီစကီကလေးများ ကြိုက်တတ် ရင်···"



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် ခင်ဗျာ။ မသောက်တော့ပါဘူး။ ကျွန်တော်လာတဲ့ အကြောင်းက ဟောသည့် စာကလေး အတွက်ပါ"

ဟု ဘဒွေးက ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်ရင်း စာအိတ်ကို ပေးကာ အကျိုးအကြောင်းကို ပြောပြရတော့သည်။

ဦးဘရှင်သည် ဘဒွေးပြောသမျှ စကားကို အရေးတယူ နားစိုက်ထောင်၍ ဘဒွေး ပေးလိုက်သော စာအိတ်နှင့် စာရွက်ကိုပါ သေသေချာချာကြည့်လိုက်သည်။ ပြီးမှ ပြုံး၍…

"ဟုတ်ကဲ့၊ အတော်တော့ အရေးကြီးတဲ့ စာပေပဲ ခင်ဗျာ။ ဒါပေမယ့် ကျွန်တော့်နာမည်က ဦးဘရှင်ပဲ။ နောက်ပြီးတော့ ကျွန်တော့်မှာ နမလည်း မရှိပါဘူး။ ဦးဘဒွေးစာ မဟုတ်ဘဲနဲ့ ဦးဘဒွေးဆီ လာရတာကလည်း အတော်တော့ အဆန်းသား။ အင်း…စုံထောက် မောင်စံရှားကို ခေါ်ဦး။ အစုံထောက်နိုင်းရအောင်။ ခင်ဗျား မန္တလေးပြန်တော့ လူထု သတင်းစာတိုက်သွားပေးပါလားဗျာ။ ဒါမှ ကျွန်တော်တို့လည်း ဝတ္ထုကောင်းတစ်ပုဒ်ဖတ်ရတော့မှာပဲ"

ဟု နောက်ဆုံးတွင် ခပ်နောက်နောက် စကားကလေးတွေနှင့် ရွှန်းလိုက်သေးသည်။

ဘဒွေးသည် စိတ်ပျက်လက်ပျက်နှင့် ဦးဘရှင်၏ အခန်းတွင်းမှ ထွက်ခဲ့ရသည်။ ထိုနေ့ည အိပ်ရာသို့ ဝင်ရသည်မှာ ခါတိုင်းညများကဲ့သို့ လွတ်လွတ်လပ်လပ် မရှိလှ။ ကိုယ်နှင့် လုံးလုံးမဆိုင်သော စိတ်ပူစရာ ကိစ္စကြီးကို မေ့ဖျောက်ပစ်၍မရအောင် စွဲကပ်နေတော့၏။

"ဟယ်…ရှုပ်တယ်…ရှုပ်တယ်။ ဒါတွေ တွေးနေလို့ အပိုပေါ့"

ဘဒွေးသည် နောက်ဆုံး၌ သူကိုယ်သူ ဒေါသဖြစ်မိလေသည်။ ထို့ကြောင့် အဝတ်အစားများ လဲ၊ မီးပိတ်၍ အိပ်ရာဝင်လိုက်တော့သည်။ သို့သော် တော်တော်နှင့် အိပ်၍ မပျော်တော့ချေ။

နောက်တစ်နေ့နံနက် အအိပ်ပျက်မှုကြောင့် အတော်နေမြင့်မှ နိုးလေ၏။ ထိုသို့ နိုးသည်ဟု ဆိုရခြင်းပင်လျှင် သူ့အလိုအလျောက် နိုးရခြင်းမဟုတ်။ ဟိုတယ်အစေခံကလေးက လာ၍ တံခါးခေါက်ခြင်းကြောင့်သာ နိုးရခြင်းဖြစ်လေသည်။

အစေခံကလေးသည် စာအိတ်တစ်ခုကို လာ၍ပေးပြန်သည်။ ဘဒွေးသည် စာအိတ်ကို ခပ်လန့်လန့်နှင့် ကြည့်မိ၏။ မိန်းကလေး၏ လက်ရေးမျိုးမဟုတ်သည်ကို တွေ့ရမှ စားပွဲပေါ်သို့ ပစ်တင်ကာ ကိုယ်လက်သုတ်သင်ဖြစ်တော့သည်။

ဟိုတယ်အောက်ထပ်သို့ လက်ဖက်ရည်သောက်ဆင်းသောအခါ ထိုစာအိတ်ကို ယူခဲ့သည်။ လက်ဖက်ရည်စား… တွင် ထိုင်၍ စာအိတ်ကို ကြည့်လိုက်သောအခါတွင်ကား… အတော်လန့်သွားပြန်တော့သည်။ လက်ရေးမှာ ယောကျ်ား… တစ်ယောက်၏ လက်ရေးဖြစ်သော်လည်း စာတိုက်တံဆိပ်… မှာ ရင်းညိမ်က ဖြစ်နေပြန်လေပြီ။

***ရန်ကုန်မြို့.***
***ဘုံဘေဟိုတယ်မှ တစ်ဆင့်***
***မောင်ဘဒွေးသို့ ပေးရန်…***

ဘဒွေးသည် စာအိတ်ကို ဖင်ပြန်ခေါင်းပြန် ပြန်၍ ကြည့်ရသည်။

"ဟယ်…ဒါလောက်တောင်ဖြစ်လှတာ ဖွင့်ဖတ်ဦးမယ်… ကွာ၊ ကဲ…"

ဘဒွေးကား ဒေါသစိတ်ကလေးနှင့် လက်ဖက်ရည်… မသောက်ရသေးမီ ရင်းညိမ်က စာကို ဖတ်ရပြန်တော့သည်။

***မောင်ဘဒွေး***

*မင်းနေတဲ့ နေရာကို မင့်နမက ပြောလို့ မနေ့က… မှ သိရတယ်။ မင်းကတော့ မအေကြီးလည်း ဂရုမစိုက်… နမကလေးလည်း အရေးမလုပ်၊ မင်းနေချင်ရာ နေ၊ မင်းလုပ်… ချင်တာတွေ လုပ်နေ၊ မင်းမအေကြီးဖြင့် အိပ်ရာထဲ လဲနေ… ပကော။ နေ့လည်း သားကို တ၊ ညလည်း သားကို တ… တ,တတနဲ့ ရှိရှာတယ်။ မီးယပ်လည်း ဖြစ်ပြန်၊ လူကြီးလည်း… ဖြစ်ရတဲ့အပေါ် မင်းကို စွဲလမ်းနေတဲ့ စိတ်ကြောင့် မကြာခင်… လုံးပါးပါးမှာပဲ။ အားလုံး သနားစရာဖြစ်နေကြပြီ။ ကောင်… လေးမှာ မအေ မမာတာကိုလည်း ပြုစုရ၊ စားဖို့သောက်ဖို့… လည်း ရှာရနဲ့၊ ဒါတောင် သူ့ကျောင်းဆရာမ လုပ်တာကလေး… နဲ့ မစားလောက်ရှာဘူး။ စားဖို့ထက် သူ့အမေအတွက် ဆေး… ဓာတ်စာမှ ပြည့်ပြည့်စုံစုံဝယ်မပေးနိုင်ရှာဘူး။ ငါကတော့… ရပ်ဆွေရပ်မျိုးမို့ ငါတတ်နိုင်သလောက် ဆေးဝါးဖြင့် အလကား… ပေးပြီး ကုပါတယ်ကွာ။ အေး ဓာတ်စာတော့ဖြင့် ဝယ်မပေး… နိုင်ဘူးပေါ့။ ငါ့အခြေအနေကလည်း မင်းအသိသား မဟုတ်… လား။ အခု မင်းမယ်တော်ကြီးဟာ မျက်စိလုံးလုံးကွယ်သွား… ပြီ။ နောက်ကို အလွန်ဆုံးနေရလှမှ ငါ့စိတ်ထင်တော့ တစ်… ပဲ။ မင်းတို့အိမ်ကြီးလည်း ပေါင်ထားရပြီ။ ဒါတွေထက် … တာက အမယ်ကြီးက မင်းကို နောက်ဆုံး မမြင်ရ… အသေဖြောင့်မှာ မဟုတ်ဘူး။ အဲသလို မင်းစိတ်… သေသွား…*

www.burmeseclassic.com

မင်းတော့ မာတာပီတုကံပါတဲ့လေ။ အမိကို သတ် သားတစ်ယောက်ဖြစ်တော့မှာပဲ။ ဒါကြောင့် လာနိုင် အမြန်လာပြီး မင့်အမေ အသေဖြောင့်အောင် ဆောင် ပေတော့။

အင်း… မင်းလိုသားမျိုး ငါ မမွေးတာဘဲ ကောင်းတယ်ပါ။

ဆေးဆရာကြီး ဦးမို

ဘငွေးသည် စာရွက်ကို စားပွဲပေါ် ချလိုက်ရင်း ပြင်းချမိသည်။ အိပ်ရာက ထ,စတွင် ညက အကြောင်း မေ့ပျောက်သေးမီ နောက်တစ်ကြောင်းပေါ်လာပြန်ခဲ့သော ကြောင့် မိမိအား ဘငွေးဟု အမည်တွင်စေသည်ကိုပင် စိတ် မိတော့၏။

“ခက်တော့တာပဲ ငါ့နှယ်”ဟု ညည်းမိလေသည်။ ထို့ နောက် စာရွက်နှင့် စာအိတ်ကို ပေါင်မုန့် ထောပတ်သုတ်ကို ရင်း ပြန်ကြည့်မိပြန်သည်။ မိမိမှာ သူ့ငွေးကလေး မန္တလေးမြို့၏ မျက်နှာဖုံး နေရာတကာတွင် ပူစရာ ရာဟူ၍ တစ်ရွေးသားမှ မရှိ။ ဤကဲ့သို့ မိမိကိုယ်ရေး တာနှင့်တကွ ဆွေမျိုးမိတ်ဆွေသင်္ဂဟတို့အတွက် ပိုကြစရာလုံးလုံးမရှိခဲ့သည်နှင့်အညီ တစ်သက်လုံးလိုလို ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းနေလာခဲ့သော သူ့ကိုမှ ကဲ့သို့ မတွေးတတ်၊ မစဉ်းစားတတ်အောင် ရင်းညီမ်က ကိစ္စကြီး လာတွေ့နေရသည်ကို အတော်စိတ်နာမိပေ ည်။

သူတို့၏ စာပါအတိုင်း မဝင်းနု၏ အစ်ကိုကြီး ဘငွေး အား စဉ်းစားလိုက်ရပါမူ အတော်ဒေါသဖြစ်စရာကောင်း သည်။ သေလုနီးဖြစ်နေသော ဘငွေး၏ မိခင်ကြီးအား ကောင်း၊ ဝမ်းသာက တစ်ဖက်၊ လူမမာ မအေအိုက ဖက်၊ ရတက်ပွားနေရသော မဝင်းနုဆိုသူအား လည်း ာင်း ယုတ်စွအဆုံး ရပ်ဆွေရပ်မျိုးဖြစ်သည့် ဆေးဆရာကြီး ဆိုသူကိုပါ ကရုဏာသက်စရာဖြစ်နေသောကြောင့် …သူတို့၏ တွင်နက်လှသော ဒုက္ခကို ကိုယ်တိုင်သာ ၍ မားမားရပ်ကာ ကူချင်ကယ်ချင်လှတော့သည်။

ဘငွေးသည် စဉ်းစားရာက တစ်စုံတစ်ခုကို သတိရ၍ ထ,ကာ ရေးတော့သည်။

ရင်းညီမ်မြို့,

မဝင်းနုထံသို့ …

ကျုပ်တည်းခိုနေသော ဘုံဘေဟိုတယ်သို့ ကျုပ် နာမည်နှင့် စာပို့လိုက်သည်ကို ဖတ်ရပါသည်။ နောက် တစ်မနက်တွင်လည်း ဆေးဆရာကြီး ဦးမိုဆိုသူကပါ စာထပ် ၍ ရေးလိုက်ပြန်ပါသည်။ ကျုပ်မှာ မဝင်းနု၏ အစ်ကို မောင်ဘငွေးမဟုတ်။ မန္တလေးမြို့မှ မောင်ဘငွေးဖြစ်ပါသည် မဝင်းနု၏ စာကို သက်ဆိုင်သူအစစ်ထံရောက်အောင် အမျိုး မျိုးကြိုးစား ထောက်လှမ်းပါသော်လည်း မတွေ့နိုင်ပါသဖြင့် မဝင်းနု၏ မိခင်ကြီးကို ပြုစုကုသရန် ငွေငါးရာ စာတိုက်မှ ယနေ့ တင်ပို့လိုက်ပါသည်။ ကျုပ်ကပင် ဇီဝိတဒါန ကုသိုလ် လုပ်လိုက်ခြင်းကြောင့် ထိုငွေများကို လက်ခံ၍ ကျန်းမာ အောင် ကြိုးစားပြုစုပါမည့်အကြောင်း…။

မောင်ဘငွေးသည် စာရေး၍ ပြီးသဖြင့် လက်မှတ်ထိုးခါ နီးမှ စဉ်းစားနေမိပြန်သည်။ သူတို့အတွက် ငွေကြေးနှင့် ပတ်သက်သည့်အရေးထက် မောင်ဘငွေးကိုယ်တိုင်လာဖို့ အရေးက ပို၍ကြီးကြောင်း စဉ်းစားမိခြင်းဖြစ်တော့သည်။ ဤသို့ စာရေး၍ ငွေပို့လိုက်ခြင်းကြောင့် သေခါနီး လူမမာအဖို့ ကျေနပ်နိုင်ဖွယ်မဟုတ်သည့်အပြင် တွေ့လိုစိတ်နှင့် အပြင်း အထန် တောင့်တနေသော သားအစစ်၏ ခြေရာပါ ပျောက် ကွယ်သွားကြောင်း သိသည်နှင့် တစ်ပြိုင်နက်၊ နှလုံးတွင် ဗိုက်ကော ရင်ကွဲနာကျသွားမည်ကိုပင် စိုးရိမ်ရလေသည်။ ထို့ကြောင့် မိမိ၏ စေတနာမှာ သူတစ်ထူးအတွက် ဝေဒနာ မဖြစ်စေလိုသည့်စိတ်နှင့် ရေးပြီး စာရွက်ကို ဆုတ်လိုက်ရပြန် တော့သည်။

◆◆◆

*ကိုဘငွေး အမြန်လာပါ။*

*…ကြီး မျှော်လင့်ချက်မရှိ။*

*…လည်လာတိုင်း တောင့်တနေသည်။*

ဤတစ်ကြိမ်ကား မဟုတ်တော့။ အမြန်ရိုက်လိုက် သော သံကြိုးဖြစ်လေသည်။ ထိုသံကြိုးမှာ စာများနှင့် လေးရက်တိတိသာ ကွာခြား၍ ရောက်လာခြင်းဖြစ်သည်။ မောင်ဘငွေးသည် ဘောလုံးပွဲပြီးသွားသည့်တိုင်အောင် ရင်းညီမ်ကကိစ္စ ထူးထူးထွေထွေပေါ်ပေါက်လို ပေါ်ပေါက်ငြား။ သိရလို သိရငြား မန္တလေးသို့ မပြန်သေးဘဲ တမင်နေနေခြင်း ဖြစ်လေရာ ထိုနေ့ နေ့လယ် သံကြိုးရသောအခါ ကိုယ့်မိခင် ၏ အရေးကဲ့သို့ ရင်တွင်းတွင် ဒိတ်ခနဲဖြစ်သွားရရုံမျှမက ခေါင်းကြီး၍သွားတော့သည်။

ဘငွေးသည် ဒုက္ခိတများ၏ အရေးတွင် ကူညီလိုလှ သည်။ ထို့ကြောင့် မည်သို့ပင်ဖြစ်စေ၊ သေခါနီး လူမမာ တစ်ယောက်၏ ဆန္ဒကို ဖြည့်စွမ်းနိုင်အောင် စွန့်စားရန် စိတ်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းဖြတ်လိုက်သည်။

မိမိမှာ မိခင်အရင်းငယ်စဉ်ကပင် ကွယ်လွန်ခဲ့လေသည်။ ထို့ကြောင့် မိခင်နှင့် ပတ်သက်၍ ကုသိုလ်ကောင်းကိုလည်း မှတ်မှတ်ရရ မလုပ်ခဲ့ရ။ ငွေတစ်သိန်းတစ်သန်းချီ၍ လှူဒါန်းခြင်းသည် သားကို တောင့်တလွန်းသော ထို မောင်ဘငွေး ဆိုသူ၏ မိခင်အား သားအဖြစ်ဖြင့် ဝင်၍ နှစ်သိမ့်ခြင်းလောက်၊ သူတထူး၌ စိတ်ကျေနပ်ခြင်းကြီး ကျေနပ်နိုင်မည်မဟုတ်။ ကိုယ့်၌လည်း အကျိုးပေး တူချင်မှ တူပေမည်။

သေရအုံ့ဆဲဆဲ လူမမာကလွဲလျှင် အခြားပုဂ္ဂိုလ်များအပေါ်၌ မိမိမှာ မန္တလေး ဘငွေးဖြစ်ကြောင်း လွတ်လပ်စွာရှင်းပြောနိုင်ခွင့်ရလိမ့်မည်ဟု စိတ်ချသည်။ မိခင်ကြီးဆိုသူမှာကား မျက်စိလည်း ကွယ်ခဲ့ပြီ။ နားလည်း လေးနေသည်ဟု သိရပြီ။ သူ့အတွက်မှာကား သားဆိုလျှင် သားဟုပင်တစ်ထစ်ချ ယုံမှတ်အားရကာ ကူးသွားအံ့သော ဘဝခရီးအဖို့ကျေနပ်ပျော်ရွှင်လွတ်လပ်စွာ ယာယီရွှေ့နိုင်စရာရှိတော့သည်။ ထို့ကြောင့် ဘငွေးသည် ရင်းညိမ်ကို မနက်ဖြန် လိုက်သွားရန် ပြင်ဆင်တော့လေသည်။

ရှေးဦးစွာ သံကြိုးရုံးသို့သွား၍ မန္တလေးတိုက်သို့ သံကြိုးတစ်စောင်ရိုက်လိုက်သည်။ အကြောင်းမှာ···

***ရင်းညိမ်သို့ ကိစ္စတစ်ခုအတွက် လိုက်သွားသည်။***

***စာတိုက်ဗိုလ်မှတစ်ဆင့် ဆက်သွယ်ပါ။***

ဟူ၍ ဖြစ်လျက် ရင်းညိမ်သို့ သံကြိုးတစ်စောင် မဝင်းနုနာမည်နှင့် ရိုက်လိုက်သေးသည်။

***နံနက် ရထားနှင့် လိုက်ခဲ့မည်။***

ဟူ၍ ဖြစ်သတည်း။ ဘငွေးအတွက် ထိုကိစ္စနှင့် မပြီးသေး။ လိုရမယ်ရ အပိုငွေတစ်ထောင်လောက် ပါသွားနိုင်ရန် ဘဏ်တိုက်သို့ ပြေးရသေးသည်။ ထိုနေ့က တစ်နေ့လုံး ဘငွေးသည် သူ့မိခင်နှင့် တွေ့ရမလောက် စိတ်ကူး၍ ပျော်မိသည်။ မဝင်းနု ဆိုသော မိန်းကလေးအပေါ်၌လည်း ကရုဏာသက်သက်မျှဖြစ်သော စေတနာများက ရှေ့ရှုမိသည်။ ဘငွေးသည် မိဘကို ကိုယ်တိုင် မပြုစုလိုက်ရသဖြင့် လူလားမမြောက်တမြောက်အရွယ်က တစ်ယောက်နှင့် တစ်ယောက်ရှေ့ဆင့်နောက်ဆင့် မျက်နှာလွှဲသွားခြင်း ခံရသောကြောင့် သူ၏ မျက်မှောက်တွင် မိဘကို ရိုသေလုပ်ကျွေးသော ပုဂ္ဂိုလ်အား အလိုလိုချစ်ခင်ချီးမွမ်းတတ်ရုံမျှမက ထောက်ပံ့တတ်သေးသည်။ ရန်ကုန် လူအိုရုံနှင့် မင်းကွန်း ဒေါ်ဦးဌွန်း၏ လူအိုရုံများသို့ပင် နှစ်စဉ် ငွေတစ်ထောင်စီ လှူဒါန်းမြဲဖြစ်လေ

၏။ မကြာမကြာလည်း ငါလိုအကောင်က မပြောနဲ့ သော[...]
ပန်ဖြစ်နေတဲ့ သိကြားမင်းကြီးကတောင် လူ့ပြည်ကို [...]
ပြုစုတဲ့ လူတွေကြောင့် တစ်နေ့ သုံးခါ ရှိခိုးရသေးတာ[...]
အောက်မေ့ဆင်ခြင် ကုသိုလ်စိတ်တွေ ဝင်မိသည်။ [...]
ကြောင့် မဝင်းနုဆိုသူအား မမြင်သာခင်က ကြင်နာမိ[...]
သည်။

ထိုနေ့ညတစ်ညလုံး ဘငွေး အိပ်မပျော်နိုင်တော့[...]

မရောက်ဘူးသေးသော ရပ်ရွာကလေးကို [...]
ကောင်း။ မမြင်ဘူးသေးသည့် မဝင်းနုဆိုသူ မိန်းကလေ[...]
လည်းကောင်း။ ထိုမှတစ်ပါး အိပ်ရာထဲတွင် တမ်းတမ်း[...]
မျှော်မှန်းဆနေရှာမည်ဖြစ်သော အမယ်အိုကြီး၏ ရုပ်[...]
သဏ္ဌာန်၊ အနေအထိုင်၊ ပတ်ဝန်းကျင် စသည်တို့ကို စိတ်[...]
နှင့် တွေးကြည့်မိခြင်းပင် ဖြစ်တော့၏။ ထိုကြားထဲ[...]
"မင်းလိုသားမျိုး ငါ မမွေးတာပဲ ကျေးဇူးတင်ပါသေး[...]
ကွာ"ဟု ရေးထုံးသည့် ဆေးဆရာကြီး ဦးမှို ဆိုသူကိုပါ ရော[...]
၍ အင်္ဂါရုပ်ကို ကြည့်မိသေးသည်။

ထိုအဘိုးကြီးမှာ မိုးဖလာ ဆေးဆရာကြီးပီပီ အသ[...]
အရွယ်ထောက်၍ သိက္ခာ သမာဓိ ကြီးမားကာ လူတစ်[...]
သားအား အားမနာတမ်း ဝေဖန်လေ့ရှိလိမ့်မည်ဟု [...]
သည်။ ထို့ကြောင့် ရောက်လျှင်ရောက်ချင်း ရှင်းလင်း[...]
မည် စသည်ဖြင့် ကြိမ်းဝါးမိသေးသည်။ ထိုမှ တ[...]
လည်း···

"ဒီကနေ့ညအဖို့ဖြင့် သားအမိနှစ်ယောက်စလုံး [...]
ကြိုးရလို့ အတော်ပျော်နေရှာကြတယ်။ နက်ဖြန်ခါ ရ[...]
ဆိုက်သံကို နားစွင့်နေကြရရှာမှာပဲ။ အတော်သည်း[...]
လူမမာတောင် ခေါင်းထောင်ပြီး ထနိုင်လောက်တဲ့ သံယော[...]
များဟာ တကယ်ကြီးပါကလား"

ဟု ညည်းတွားမိသေးသည်။

(ရှေ့လ ဆက်လက်ဖော်ပြပါဦး[...]

* * *



www.burmeseclassic.com

www.burmeseclassic.com



မနာလို ဝန်တိုမှု တရားတွေကို ခြေရုံပြီး
ဇာတ်ကို ပြုစုပျိုးထောင်လာခဲ့တဲ့ ဥမ္မာဒန္တီ

# မင်းငပြောင်း
(မုဒုံ)

ဥမ္မာဒန္တီ အမျိုးသမီးလောင်းကလေးဟာ သူ့ရဲ့ ဘဝ တစ်ခုမှာ အလွန်ဆင်းရဲလာတဲ့သူတစ်ဦး ဖြစ်လာခဲ့ရပါတယ်။ တောင်ထိပ်တစ်ခုပေါ်ရှိ ဘုရားပွဲတော်၌ သူက လုံချည်၊ အင်္ကျီများကို အခြားသောသူများလို ဝတ်စားဆင်ယင်လို သဖြင့် မိဘများကို ပူဆာရာတွင် မိဘများက ဆင်းရဲကြလေ တော့ ဝယ်ပေးနိုင်စွမ်းမရှိတဲ့အတွက် အဲဒီ ပုဆိုး၊ အင်္ကျီများကို ဝယ်ရအောင်ဆိုပြီး သူဌေးအိမ်တစ်အိမ်မှာ သုံးနှစ်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ခံလုပ်ရတယ်။ ရလာတဲ့ ပုဆိုး၊ အင်္ကျီတွေကို ဝတ်မယ်ဆိုပြီးတော့ ရေချိုးဆိပ်တစ်ခုကို ယူသွားပြီး ရေချိုးတယ်။ ပြန်အလာမှာ ကဿပဘုရားရှင်ရဲ့ တပည့်သာဝက ရဟန်းတော်တစ်ပါးက တောထဲမှာ သီတင်းသုံးနေရင်းနဲ့ သူခိုးဓားပြတွေက သူ့ရဲ့ သင်္ကန်းကို လုယူသွားတဲ့အတွက် နီးစပ်ရာ သစ်ရွက်ကလေးတွေကို ခူးယူပြီး ကိုယ်မှာ ပတ်ကာ ထိုရေချိုးဆိပ်ကမ်းနားသို့ ကြွသွားတော်မူခဲ့ပါတယ်။

ထိုအမျိုးသမီးကလည်း ဒီရဟန်းတော်မှာ အဝတ်မပါဘဲ ဗလာကိုယ်ဖြင့် ကြွလာတာကို မြင်ရလေတော့ သဒ္ဓါတရားစိတ်ဖြစ်ပွားသွားတယ်။ သဒ္ဓါတရားဖြစ်တာနဲ့ သူ့ရဲ့ ဝတ်ပန်းပုဆိုးလေးကို ထက်ပိုင်းပိုင်းပြီး တစ်ပိုင်းကို အဲဒီ ရဟန်းတော်ကို ပေးလှူလိုက်တယ်။ ရဟန်းတော်ကလည်း အဲဒီ ပန်းပုဆိုးကို ဝတ်လိုက်တယ်။ တစ်စကို ဝတ်ပြီး ကျန်တစ်စကို အပေါ်က ရုံလိုက်တယ်။ ရဟန်းတော်မှာ အလွန်တင့်တယ်သပ္ပာယ်သွားတာကို အဲဒီအမျိုးသမီးက ဖူးတွေ့လိုက်ရသည်နှင့် စိတ်ထဲက အလွန်ကြည်နူးသွားတယ်။ နောက်ထပ်သူ့မှာ ကျန်ရှိနေတဲ့ ပုဆိုးတစ်ပိုင်းကိုပါ ဆက်ပြီး ပေးလှူလိုက်ပြန်တယ်။ ဤကဲ့သို့ ပေးလှူပြီးတဲ့နောက် သူက ဘာတွေကို ဆုတောင်းလိုက်သလဲဆိုတော့ . . .

ပထမ ဆုတောင်းလိုက်ပုံက -

"တပည့်တော်မသည် ဘဝကျင်လည်ခဲ့ရသည်ရှိသော် အသာဆုံး၊ အမြတ်ဆုံးသော ရုပ်အဆင်းကို ဆောင်နိုင်တဲ့ အမျိုးကောင်းသမီးဖြစ်ရပါလို၏"

တဲ့။ သူမဟာ ရုပ်ရည်ချောမောလှပတဲ့ အမျိုးသမီးဘဝကို တွယ်တာ တပ်မက်တဲ့ လောဘခြံရံနေတယ်။ ပရမတ္ထသစ္စာနယ်ပယ်မှာ အဲဒီလို ချောမောလှပတဲ့ အမျိုးသမီးဆိုတာ မရှိဘူး။ မရှိတဲ့အတွက် အသိမှားနေတဲ့ သဘောကလေးကတော့ အဝိဇ္ဇာကို အဝိဇ္ဇာခြံရံထားတယ်။ အဲဒီအမျိုးသမီးဘဝကို တွယ်တာတပ်မက်တဲ့ တဏှာစိတ်ကပ်ပြီး စွဲနေတဲ့ သဘောက "ဥပါဒါန်"ဖြစ်တယ်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် သုံးခုခြံရံပြီး ရဟန်းတော်တစ်ပါးအား ဝတ်ပုဆိုးကို လှူဒါန်းခြင်းဆိုတဲ့ ကုသိုလ်စေတနာ သင်္ခါရတရားတွေကို ပြုစုပျိုးထောင်လိုက်တယ်။

ဒုတိယ ဆုတောင်းလိုက်ပုံကတော့ . . .

"တပည့်တော်မအား မြင်တွေ့ခဲ့ရတဲ့ ယောက်ျားမှန်သမျှတို့ဟာ မိမိတို့ရဲ့ စိတ်သဘောအလိုဆန္ဒအားဖြင့် ရပ်တည်ပြီး နေနိုင်ခြင်းဟာ မစွမ်းနိုင်ဖြစ်ပါစေသတည်း"

ဤဆုတောင်းခြင်းဟာ သူ့ကို မြင်တဲ့ ယောက်ျားတိုင်း အကုန်လုံး ရူးပါစေဆိုတဲ့ ဆန္ဒသဘောပဲ ဖြစ်နေပါတယ်။

တတိယဆုတောင်းလိုက်ပုံကတော့ . . .

"တပည့်တော်မထက် မည်သည့်အမျိုးသမီးကမှ ရုပ်
အဆင်းလှပတဲ့ အမျိုးသမီး မဖြစ်လာရပါစေသတည်း"

ဤဆုတောင်းခြင်းဟာ လောဘတွေ သိပ်အားကောင်း
နေတယ်။ သူတစ်ပါးတွေအပေါ်၌ အသာယူလိုတဲ့ မာန်မာန
တရားတွေကလည်း အားကောင်းနေတယ်။ ယောက်ျားတွေ
အပေါ်၌ ထားရှိတဲ့ မေတ္တာစိတ်တရားကတော့ သူ့ကို တွေ့
မြင်က အကုန်လုံး ရူးပါစေ ဆိုတဲ့ စိတ်ထားမျိုးကလည်း
ရှိနေပြန်တယ်။

အဲဒီလို လောဘ၊ တဏှာ၊ မာန်မာနတွေ ခြံရံပြီးတော့
ကံကို ပြုစုပျိုးထောင်လိုက်တဲ့အခါ ဘဝတစ်ခုမှာ သူက
ဥမ္မာဒန္တီဖြစ်လာရတယ်။ ဆုတောင်းတဲ့အတိုင်း အလှဆုံး
အမျိုးသမီးတစ်ဦးတော့ ဖြစ်လာပါရဲ့။ ဒါပေမဲ့ သူ့ကို မြင်တဲ့
ယောက်ျားတိုင်းက ရူးသွားကြတယ်။ ဤဆုတောင်းခြင်းမျိုး
ကို သူ မတောင်းသင့်ပါဘူး။ သူ ဘယ်လောက်ချောတယ်
လှတယ်ဆိုတာကို ထမင်းစားနေတာတောင် သူ့ကို မြင်လိုက်
တာနဲ့ စားနေတဲ့ ထမင်းလုတ်က ပါးစပ်ထဲကို မသွင်းနိုင်
ဖြစ်ခဲ့ရတယ်။ သူ့ထက် သာလွန်လှပတဲ့ အမျိုးသမီးတွေ
မရှိပါစေနဲ့ဆိုတော့ ကိုယ့်ထက်သာ မနာလိုတဲ့ ဝန်တိုစိတ်တွေ
ခြံရံပြီးတော့ ကံကို ထူထောင်ခဲ့တဲ့အတွက် ဒီကံက အချ
အရုံနည်းပါးခြင်းဆိုတဲ့ အကျိုးတရားတွေကို ရအောင် ရှာ
ဆောင်ပေးပါတယ်။ နောက်ပြီး ဘုဉ်းကံနည်းပါးသွားသူဖြ
အောင် ရှာဆောင်ပေးပြန်ပါတယ်။

အဲဒီလို စိတ်ထားမျိုးကို ပြုစုပျိုးထောင်လာခဲ့ခြင်းအ
ဖြင့် သူ့တွင် အကျိုးတရားတွေ သက်ရောက်မှု မရှိဘဲ ဖြ
ခဲ့ရတယ်။ သိဝိဘုရင်ကြီးရဲ့ မိဖုရားကြီး မဖြစ်အောင် လွဲချေ
ခြင်း ဖြစ်ခဲ့ရပါတယ်။ နောက်ဆုံးမှာတော့ စစ်သူကြီး
ကတော်ဖြစ်ခဲ့ရပါတော့တယ်။

ဒါကြောင့် ကံ၊ ကံရဲ့ အကျိုးတရားများကို ပြုစု
ထောင်ကြရာမှာ မပြုလုပ်မီကပင် သေချာစွာ စဉ်းစား စိ
သုံးသပ်ပြီးမှ ကံကို ပြုစုပျိုးထောင်သွားကြရန်သင့်ကြော
တင်ပြလိုက်ရပါတော့တယ်။

* * *

မင်းဓမ္မမြင့်(


ရည်ညွှန်းကျမ်း။

- ဖားအောက်တောရ ဆရာတော်၏ စိတ်ဓာတ်
ပြောင်းလဲရေး တရားဒေသနာတော်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကျွန်တော် တာဝန်ဖြင့် ရခိုင်ပြည်နယ် အနှံ့နီးပါး ခရီးထွက်ခဲ့ပါတယ်။ ထိုစဉ်က ကျွန်တော်တို့အဖွဲ့နှစ်ဖွဲ့ ခွဲလိုက်ပြီး ကျွန်တော်တို့အဖွဲ့က စစ်တွေ၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ အမ်း၊ ကျောက်ဖြူ၊ ရမ်းဗြဲနှင့် မာန်အောင်ကျွန်းမြို့နယ်များကို တာဝန်ယူကြရပြီးနောက် တစ်ဖွဲ့က ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော၊ ကျောက်တော်၊ တောင်ကုတ်၊ ဂွနှင့် သံတွဲမြို့နယ်များကို တာဝန်ယူကြရပါသည်။

ကျွန်တော်တို့အဖွဲ့မှာ ခရီးစဉ်အဆင့်ဆင့်ဖြင့် မာန်အောင်ကျွန်းသို့ ရောက်ရှိခဲ့ရာတွင် ကျွန်တော်တို့အား တာဝန်ရှိသူများက မာန်အောင်ဘိုတဲ (အစိုးရဧည့်ရိပ်သာ)တွင် နေရာချပေးရမည့်အစား အငယ်တန်း အင်ဂျင်နီယာ တစ်ဦး၏ အိမ်အပေါ်ထပ်ရှိ ဘုရားခန်းတွင် နေရာချပေးပါသည်။ ကျွန်တော်တို့ ဖြတ်သန်းလာသည့် မြို့တိုင်း ဘိုတဲတွင် တည်းခိုကြရပြီး လွတ်လွတ်လပ်လပ် နေခဲ့ကြရသည်။ ယခုကဲ့သို့ မိသားစုရှိသည့် အိမ်တွင် မတည်းခိုဘူး၍ နေရထိုင်ရကျဉ်းကျပ်သလို ခံစားကြရပါသည်။ တာဝန်ရှိသူများက လွတ်လွတ်လပ်လပ်နေကြပါ၊ လိုတာရှိလျှင် ပြောပါ ဆိုသော်ငြား ရေချိုး သန့်စင်ရန် အောက်ထပ်ကို ဖြတ်သွားရသည်ဖြစ်၍ စိတ်အနေခက်အယုက်ဖြစ်ရပါသည်။ သို့ရာတွင် မလွှဲမရှောင်သာ တစ်အိမ်တည်းတွင် နေလာရ၍ တစ်ရက် နှစ်ရက်အတွင်း အိမ်ရှင် မိသားစုနှင့် ရင်းနှီးဖြစ်လာပါသည်။ တစ်ရက်တွင် အိမ်ရှင် မိသားစုနှင့်အတူ လက်ဖက်ရည်သောက်ကြရင်း တွေ့ရာလေးပါး စကားများ ပြောဆိုဖြစ်ကြပါသည်။

"ဦးဦးတို့ကို ဘာဖြစ်လို့ ဘိုတဲမှာ မနေခိုင်းတာလဲ သိလား၊ ဒီဘိုတဲက သရဲအရမ်းခြောက်. . ."

ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းမှ အိမ်ရှင်၏ သမီး၊ ဖြတန်းကျောင်းသူကလေးက အမှတ်မထင်ပြောလိုက်ခြင်းကို အမေဖြစ်သူက ပါးစပ်ကို လှမ်းပိတ်လိုက်ပြီး. . .

"ဒီကောင်မလေး လူကြီးတွေကို ဘာတွေ ပြောနေတာလဲ။ ကလေးကလေးလိုနေ"

ဟု ဆူငေါက်လိုက်ပါသည်။ ပြီးမှ ကျွန်တော်တို့ဘက်ကို လှည့်၍ စကားဆက်ပြောပါသည်။

"ဒါက ကျွန်မတို့ မာန်အောင်ကို ပြောင်းပြီးစကတည်းက ကြားရတဲ့ စကားပါ။ တကယ်ဟုတ်,မဟုတ်တော့ ကျွန်မတို့လည်း သေချာမသိပါဘူး။ ဒါပေမယ့် ဘိုတဲဆိုတာ ဌာနဆိုင်ရာက တာဝန်အရ ရောက်လာတဲ့အခါ အသုံးပြုတာက လွဲပြီး ကျန်တဲ့ အချိန်တွေမှာ တံခါးပိတ်၊ မီးမိတ်ထားတာကြောင့် တိတ်ဆိတ်လွန်းပြီး ဖြတ်သွားဖြတ်လာလုပ်သူတွေ စိတ်ချောက်ချားပြီး ထင်ရာမြင်ရာ ပြောကြတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီဘိုတဲနဲ့ ပတ်သက်တဲ့ ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို၊ တကယ့်အဖြစ်အပျက်လိုလို ပြောကြဆိုကြတာကိုတော့ ကြားဖူးထားတာ ရှိပါတယ်။

မြို့ကြီးတစ်မြို့က ချမ်းသာကြွယ်ဝတဲ့ သူဌေးသမီးနဲ့ မေတ္တာမျှခဲ့ရတဲ့ ရဲအရာရှိငယ်တစ်ဦးတို့ရဲ့ ကြေကွဲဖွယ် ဇာတ်လမ်းကလေးပါပဲ။ တိုတို ပြောရလျှင် ချစ်သူနှစ်ဦးကို မိဘတွေက လုံးဝ သဘောမတူတာကြောင့် ရဲအရာရှိ ကလေးက ဝေးလံလွန်းတဲ့ ဒီမာန်အောင် ကို ပြောင်းရွှေ့ခဲ့တယ်။ သူဌေးသမီး သ သွားတဲ့အခါ မိဘတွေ မသိအောင် တိတ်တဆိတ်ရောက်လာပြီး ပေါင်းသင် နေလာကြတယ်။ ရဲစခန်းက လိုင်းခန်း မရသေးလို့ ဒီဘိုတဲမှာ ခဏတဖြတ် နေကြရင်းက တစ်ရက်မှာ ရဲအရာရှိ ကလေးဟာ ကင်းလှည့်ရင်း မော်တော် နစ်မြုပ်ရာမှ ရေနစ်ပြီး သေသွားခဲ့တာ ကြောင့် သူဌေးသမီးဟာ မိဘဆီလည် မဆက်သွယ်ရဲလို့ သူ့ကိုယ်သူ သေ ကြောင်းကြိုးချည်ပြီး ဒီဘိုတဲမှာ သေဆုံး ခဲ့ရတယ်"

"ဒါနဲ့ပဲ ဒီဘိုတဲမှာ သရဲခြောက် တယ် ဆိုပါတော့"

ကျွန်တော်က ရုတ်တရက် မေး ကြည့်လိုက်ရာ အိမ်ရှင် မိန်းမက ဆက် ပြောပြပါသည်။

"ဒီကိစ္စတွေဖြစ်ပြီးနောက်ပိုင်းမှာ တော့ မှောင်ရိပ်ဖျိုးဖျ နေဝင်ရီတရော အချိန်တွေမှာ မိန်းမချော မိန်းမလှလေ တစ်ယောက် ဘိုတဲရဲ့ ဝရံတာမှာ ရ ပြီး တစ်နေရာကို ငေးမောကြည့်နေတာ ကို မြင်တဲ့သူ ရှိသလိုလို ကြားဖူး တယ်။ နောက်တစ်ချက်ကတော့ ဒီဘိုတဲမှာ လာတည်းတဲ့သူတွေ တစ်ရက်လောက် တည်းပြီးတာ နောက်ရက်တွေမှာ ဘိုတဲကို ပြန်မ ရဲတော့ဘဲ နီးစပ်ရာ မိတ်ဆွေတွေဆီ တောင်းပန်ပြီး တည်းခိုကြတယ် ကြားနေရပါတယ်"

"ဒါဆို လာတည်းတဲ့သူတွေ ဘယ်လိုများ ခြောက်လှန့်လိုက် မသိဘူးနော်"

ကျွန်တော်က ကြားဖြ လိုက်ခြင်းကို အိမ်ရှင် မိန်းမက လက် ပြောပြပါသည်

www.burmeseclassic.com

www.burmeseclassic.com

"ကြားရတာတွေကတော့ ကြက်လောက်အောင် ဆိုးဆိုးရွားရွား ယ်တာ မဟုတ်ဘူးလို့ ပြောကြတယ်။ ည်းခိုတဲ့ ညည့်သည် အိပ်ပျော်ချိန် ာက်မှာ ညည့်သည်ရဲ့ လက်ရုံးကို င်းအုံးပြီး ယှုယှုယယ လာအိပ်ရုံ ာက်ပဲလို့ သိရပါတယ်။ ကျွန်မ ထင်တော့ သူ့ယောကျ်ားလို့ ထင် ပြီး အစွဲအလမ်းနဲ့ လုပ်တာ ဖြစ်မှာ ည်"

"ဟာ‥ဒါဆို စောစောကတည်း ပြောပါလားဗျာ။ ဒီလို ချောချော လှ သရဲမလေးရဲ့ နွေးထွေးတဲ့ ယကြင်နာမှုကို အခြောက်ခံချင် က်တာဗျာ"

ကျွန်တော်တို့အဖွဲ့မှ တစ် ာက်က ကြားဖြတ်၍ အရွှန်းဖောက် မင်သေသေဖြင့် ဝင်ပြောလိုက်သည် ၍ တစ်ချိန်လုံး နှုတ်ဆိတ် နား ာင်နေသော အိမ်ရှင် အင်ဂျင်နီယာ ...

"မပူပါနဲ့ဗျာ။ ဒီလို သတ္တိရှိမှန်း ရင် ရောက်တဲ့နေ့ကတည်းက ပို့ပေး က်ပါတယ်။ ဒါပေမယ့် မနက်ဖြန်မှာ ားတို့ကို တောင်နီကို လေ့လာရေး စဉ်လုပ်ထားပြီးဖြစ်လို့ ခရီးက ပြန် ာမှပဲ သရဲမ အချောအလှကလေးရဲ့ နွေးထွေးတဲ့ အထိအတွေ့ကို ကိုယ်တွေ့ ားကြပေါ့ဗျာ၊ ဟဲဟဲဟဲ . . ."

• • •

နောက်တစ်နေ့နံနက်စောစောတွင် အင်ဂျင်နီယာ၏ အစီအစဉ်ဖြင့် န်တော်တို့ တောင်နီခရီးကို စတင် ကြသည်။ တောထဲတောင်ထဲသွားရမည့် စဉ်ဖြစ်၍ မိန်းမနှင့် ကလေးများကို ားခဲ့ပြီး ယောကျ်ားများသာ သွား ကြသည်။ အင်ဂျင်နီယာက အလုပ် သမားဆိုဒ်အဖွဲ့တစ်ခုကို ခေါ်ယူထားပြီး အိပ်ရာလိပ်၊ ကော်ဇောအခင်းနှင့် အိုးခွက် ပန်းကန်များ၊ ဆန်၊ ပဲ၊ အာလူး၊ ခရမ်းသီးများနှင့် ကြက်လေးငါးကောင်ခန့်ကို ထမ်းပိုးသယ်ယူနိုင်းပါသည်။ ကျွန်တော်တို့အဖွဲ့က တောခုတ် ဓားရှည် တစ်ယောက် တစ်ချောင်းဖြင့် တောပိတ်သည့် နေရာများတွင် ခုတ်ထွင် ရှင်းလင်းပေးကြရပါသည်။

ကျွန်တော်တို့သည် တောလမ်းခရီးကြမ်းကို ခြေကျင်သွားကြရပြီး တောရှင်းလိုက်၊ ဆက်လျှောက်လိုက်ဖြင့် သွားကြရာ တောအနည်းငယ်ရှင်းလင်းသည့် နေရာတစ်ခုတွင် နားကြပါသည်။ နားသည်ဆိုသည်မှာ အင်ဂျင်နီယာနှင့် ကျွန်တော်တို့အဖွဲ့သာ ဖြစ်ပါသည်။ အလုပ်သမားများမှာ အနားမရသည့်အပြင် ပို၍အလုပ်ရှုပ်ကြပါသည်။ အားလုံးအတွက် မီးမွှေးရ၊ ဆန်ဆေးရ၊ ဟင်းချက်ရန် စီစဉ်ရနှင့် အားလပ်သူ မရှိသလောက်ဖြစ်နေပါသည်။ မအားသည့်ကြားမှ တောကျွမ်းသည့် အလုပ်သမားများက တောကြက်ရိုင်းများနှင့် ငှက်ပျောခိုင်များ ခုတ်လာပြီး ကျွန်တော်တို့ကို ကျွေးကြပါသည်။ အတွေ့အကြုံမရှိ၍ ကျွန်တော်တို့မှာ လမ်းလျှောက်လိုက်ရုံမျှဖြင့် မောပန်းလာ၍ သစ်ပင်၏ ပင်စည်တစ်ခုတွင် မှီ၍ မှိန်းနေလိုက်ကြပါသည်။

မေးခန့် အိပ်ပျော်သွားကြပြီး အလုပ်သမားများက ထမင်းစားရန် နှိုးမှ ထပြီး ထမင်းစားကြပါသည်။ ငှက်ပျောရွက်များကို မြေပြင်တွင် ခင်း၍ ထမင်းပုံပြီး လက်ရေတစ်ပြင်တည်း စားကြရသည်မှာ ပျော်စရာလည်း ကောင်းပြီး ထမင်းလည်း မြိန်လှသည်။ ထမင်းစားပြီး တအောင့်တနား နားကြပြီး စကားဝိုင်းဖွဲ့၍ စပ်မိစပ်ရာ ပြောကြဆိုကြပါသည်။

"တကယ်တော့ ဒီခရီးလမ်းဟာ နဂိုကတည်းက ရှိပြီးဖြစ်ပေမယ့် နှုတ်တစ်ရာ စာတစ်လုံးဆိုသလို စာနဲ့ ပေနဲ့ မှတ်တမ်းတင်ခဲ့တဲ့ "မောရစ်ကောလစ်" ကြောင့် လူသိများလာရတယ်ဆိုရင် မမှားလောက်ဘူး။ သူက နယ်ချဲ့အစိုးရရဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိဖြစ်လို့ ဒီခရီးစဉ်ကို သက်သောင့်သက်သာ ရောက်ခဲ့တယ်။ ခရီးစဉ်တစ်လျှောက်မှာ ရှိတဲ့ ကျေးရွာသူကြီးတွေကို ဆင့်ခေါ်ပြီး တစ်ရွာဝင် တစ်ရွာထွက် ရောက်ရှိရာရွာက ကာလသားတွေက ထမ်းပိုးသယ်မ,ပေးရတဲ့ ဝေါယာဉ်ကို စီးပြီး ရောက်ခဲ့တာဖြစ်တယ်။ တစ်ရွာရောက်တိုင်း အတီးအမှုတ် အကအခုန်တွေနဲ့ ကြိုဆိုကြရပြီး နားမယ့်ရွာက အထူးစီစဉ်ချက်ပြုတ်ထားတဲ့ ဟင်းကောင်းကျွေးကောင်းတွေနဲ့ ညည့်ခံကြရတယ်။ တစ်ခုတော့ ရှိတာပေါ့။ သူက ရွာစဉ်လှည့်ပြီး အိပ်လိုက်၊ စားလိုက်၊ သွားလိုက်ဆိုတော့ ခရီးစဉ်ကြာသွားခဲ့ရတယ်။ ကျွန်တော်တို့ကတော့ တောထဲတောင်ထဲကို ဖြတ်ပြီးသွားရတော့ ပင်ပန်းပေမယ့် အချိန်တိုတိုနဲ့ ရောက်နိုင်တာပေါ့ဗျာ"

အင်ဂျင်နီယာ၏ ပြောစကားမှာ ဗဟုသုတဖြစ်ပြီး မှတ်သားစရာကောင်းသည်ဖြစ်၍ ကျွန်တော်တို့အားလုံး ငြိမ်၍ နားထောင်နေကြပါသည်။ ခေတ္တခဏ အနားယူပြီးကြပြီဖြစ်၍ အားလုံးကျန်ခရီးစဉ်ကို ဆက်လက်သွားကြပါသည်။ သွားရင်း၊ နားရင်းဖြင့် ညနေ ပြနာရီကျော်ကျော်လောက်တွင် ကျွန်တော်တို့အားလုံး တောင်နီ၏ တောင်ခြေသို့ ရောက်ရှိကြပါသည်။

တောင်ခြေတွင် ဇရပ်ဟောင်းတစ်ခုရှိ၍ ထိုဇရပ်ပေါ် ရောက်သည်နှင့် ကျွန်တော်တို့အားလုံး မောပန်းလာကြ



www.burmeseclassic.com

www.burmeseclassic.com

သည့်ဖြစ်၍ ခြေပစ်လက်ပစ် အနားယူလိုက်ကြပါသည်။ ညဉ့်လည်း မှောင်သည့်ထက် မှောင်လာသောကြောင့် ဇရပ်တွင်ပင် ညအိပ် ရပ်နားကြပါသည်။ တစ်ခဏအတွင်း မောမောနှင့် အားလုံး အိပ်မောကျသွားကြသော်လည်း ကျွန်တော်က မျက်စိကြောင်၍ အိပ်မပျော်ဖြစ်နေပါသည်။ ဟိုလိမ့် သည်လိမ့်ဖြင့် အိပ်မရသဖြင့် ထ,ထိုင်ပြီး ဟိုဟိုသည်သည် ကြည့်လိုက်ရာ ဇရပ်၏ အစွန်တစ်နေရာတွင် မီးရောင်မြင်သည်နှင့် ထိုနေရာသို့ လျှောက်သွားကြည့်ရာ အညိုရောင် ယောဂီဝတ်စုံဖြင့် ပုတီးစိပ်နေသူတစ်ဦးကို တွေ့လိုက်ရပါသည်။ ကျွန်တော်သည် ထိုပုဂ္ဂိုလ်၏ နောက်နားတွင် ထိုင်ချလိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပါသည်။ ခဏအကြာတွင် ထိုပုဂ္ဂိုလ်သည် ပုတီးစိပ်ခြင်းကို အဆုံးသတ်လိုက်ပြီး ကျွန်တော့်ကို နှုတ်ဆက်စကားပြောပါသည်။

"မောင်က စောစောက ရောက်လာတဲ့ အဖွဲ့ထဲက ထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့တော့ အစိမ်းသက်သက်ဖြစ်လို့ ဒီဒေသရဲ့ ထူးခြားမှုတွေ ရှိလျှင် သိချင်ပါတယ်ခင်ဗျ"

"အေး၊ ထူးခြားတာကို ပြောရမယ်ဆိုလျှင် ဒီတောင်က မြေကြီးတွေက အနီရောင်ရှိတယ်။ နူးညံ့တယ်။ မွှေးကြိုင်တဲ့ ရနံ့ရှိတယ်။ ဒါကြောင့် ဒီမြေမှာ ပေါက်တဲ့ အပင်တွေဟာ မြက်ပင်၊ ပေါင်းပင်ကအစ မွှေးကြိုင်တဲ့ ရနံ့တွေ ရှိကြတယ်။ ဒါက မျက်စိနဲ့ မြင်နေရတဲ့ ရုပ်ပိုင်းဆိုင်ရာ ထူးခြားမှုတွေပဲ။ ဒီအပေါ်ယံ ထူးခြားမှုတွေကို ကိုယ်တွေ့ မျက်မြင် တွေ့ဖူး၊ ရောက်ဖူး၊ မြင်ဖူးခဲ့တဲ့ မျက်နှာဖြူ အရှေ့ပိုင်းဆိုလား ဘာတဲ့



"မောရစ်ကောလစ်"ဆိုတဲ့ ပုဂ္ဂိုလ်က ဒီနေရာဟာ သူတို့ရဲ့ သမ္မာကျမ်းစာမှာ ဖော်ပြထားတဲ့ အချက်အလက်တွေနဲ့ နီးစပ်လွန်းတဲ့ ကောင်းကင်ဘုံများ ဖြစ်လေမလားလို့ မှတ်တမ်းပြုသွားတယ်လို့ သိရပါတယ်။

"ဟာ…ဟုတ်ပါသလားခင်ဗျာ။ အဲဒီ မောရစ်ကောလစ်ရဲ့ မှတ်တမ်းကို ဆရာကြီး ဘယ်လိုသိခဲ့တာလဲခင်ဗျ"

ကျွန်တော်က တအံ့တသြ မေးလိုက်ခြင်းကို ဆရာကြီးက တည်ငြိမ်အေးဆေးစွာ ပြန်ဖြေပါသည်။

"ကျုပ်မှာလည်း မောင်တို့လို ခေတ်ပညာတတ်တွေ၊ အရာရှိ အရာခံတွေ၊ တပည့်တပန်းတွေ ရှိတာမို့ သူတို့ ဖတ်ခဲ့ဖူး၊ သိခဲ့ဖူးတာတွေကို တစ်ဆင့်ကြားတော့ သိရတာပေါ့။ မောင်လည်း မြို့ကြီးပြကြီးက လာတာဆိုတော့ အခွင့်ကြုံရင် ရှာဖွေဖတ်ရှုနိုင်တာပဲ။ နောက်တစ်ချက်က ဒီဒေသကို

ဂန္ဓာရီလှည့်တဲ့ ပုဂ္ဂိုလ်တွေ မကြာခဏ လာရောက်ကြပြီး ဂမ္ဘီရပိုင်းဆိုင်ရာတွေ လုပ်ကိုင်ကြ၊ အစီအရင်တွေ ဆောင် ရွက်ကြတာတွေ ရှိတယ်။ သာမန်လူ အဖို့ အထူးအဆန်း အံ့သြစရာလို့ မှတ်ကြပေမယ့် ဂမ္ဘီရလိုင်းက လူတွေ အဖို့တော့ သုံးလို့ မကုန်နိုင်တဲ့ ရွှေ… သိုက်ကြီးပါပဲ။ ကဲ - ညဉ့်တောင် အတော်နက်ပြီ မောင်တို့လည်း ခရီးစဉ် ရှိနေသေးတော့ အနားယူလိုက်ပါဦး"

ဟု ပြောသဖြင့် ကျွန်တော်လည်း ဇရပ်ဆောင်သို့ ပြန်၍ အိပ်စက်လိုက်ပါ သည်။

♦♦♦

မနက်မိုးလင်းသည်နှင့် ကျွန်တော် တို့အားလုံး တောင်ပေါ်တက်ကြသည်။ တောင်ပေါ်တွင် ရှိသည့် မြေကြီးများမှာ အနီရောင်ဖြစ်ပြီး နူးညံ့မှု ရှိပါသည်။ မြေ ကြီးကို လက်ဖြင့် ခြစ်လိုက်ရာ မွှေး ကြိုင်သော ရနံ့ကို ခံစားရပါသည်။ အနီး ရှိ မြက်ပင်၊ ပေါင်းပင်များကို နုတ်ယူ လိုက်သည်နှင့် မွှေးကြိုင်သည့် ရနံ့များ ထွက်လာသည်ကို တွေ့လိုက်ရပါသည်။

"ကောင်းကင်ဘုံကို ရောက်ပြီ ဟေ့။ မော…လစ်ရေ…ခင်ဗျား လိုပဲ ကျုပ်တို့လည်း ရောက်ပြီ ရောက် ပြီ။ ဝေး…ဟေးဟေး…"

ကျွန်တော်တို့ ပျော်လွန်း၍ အော်ဟစ်ကြသည်။ ခုန်ပေါက်ကြသည်။ တစ်ယောက်နှင့် တစ်ယောက် မြေ… များဖြင့် ကြဲပက်ကြသည်။ မြက်များ နုတ်၍ တစ်ယောက်ကို တစ်ယောက် လှမ်းရိုက်ကြသည်။ မောလောက်… မြေကြီးအချို့နှင့် မြက်ပင်အချို့ကို … ဆောင်ခဲ့ကြသည်။

ကျွန်တော်တို့သည် အနီးအ… ကို လှည့်လည်၍ လည်ပတ်… ကြရာ တစ်နေရာနှင့် တစ်… ခ…



www.burmeseclassic.com

www.burmeseclassic.com

တည်ထားသည့် စေတီငယ်နှစ်ဆူ ရှုခဲ့ရပါသည်။ စေတီနှစ်ဆူစလုံး သက်န်းများ ကပ်ထားပြီး တစ်ဆူ ကြီးခဲ၍ အနည်းငယ် ပျက်စီးနေ သည်။ တောင်၏ တစ်နေရာတွင် တောင်နီရှင်မ ရုပ်တုရှိပါသည်။ တောင် သည့် တောင်နီကို လာကြသူများ နှစ်သက်မှုရှိလျှင် တောင်နီ ကိမီ တစ်မိုင်ခန့်မှပင် အမွှေးရနံ့ ကြဲဆိုသည်ဟု သိရပါသည်။

ကျွန်တော်တို့သည် တောင်နီရှင်မ အမွှေးတိုင်များ ထွန်းညှိ ပ,သ၍ အရာရာ အန္တရာယ်ကင်းစေဖို့ ရောက်ပေးပါရန် ဆုတောင်းကြ သည်။

နံနက် ၁၀နာရီခန့်တွင် တောင် ဆင်းကြပြီး အပြန်ခရီးကို စတင် တွင် အနည်းငယ် မှောင်စပျိုး ချိန်မှ မာန်အောင်ကို ပြန် ကြပါသည်။

နောက် တစ် နေ့ မနက် တွင် တော်တို့သည် တာဝန်ရှိသူများထံ တောင်း၍ ဘိုတဲကို သန့်ရှင်းရေး ကြပါသည်။ ဘိုကဲရှိ တံခါးများ၊ ပေါက်များကို ဖွင့်လှစ်လိုက်ကြ သည်။ ဘိုတဲ၏ အရှေ့ဘက်တွင် စားပွဲ ခုပေါ်၌ သက်ရှိထင်ရှား ဗုဒ္ဓဘုရား ညီမှန်း၍ သစ်သီးဆွမ်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များ ထွန်း ပူဇော်လိုက်ကြသည်။ တောင်နီမြေ ဆန်အနည်းငယ်ရော၍ ပန်းကန် တစ်ချပ်ဖြင့် ကပ်ထားပြီး တောင်နီ အချို့ကို ပန်းအိုးတွင် ရော၍ စိုက် လိုက်ပါသည်။ ကျွန်တော်တို့အား ဘုရားကန်တော့ကြသည်။ ငါးပါး ခံယူကြသည်။ မေတ္တာသုတ် ပရိတ် ရွတ်ဖတ်ကြသည်။ ဝေနေယျများ မေတ္တာပို့ အမျှဝေကြသည်။

မကျွတ်မလွတ်သေးသူများကိုလည်း နိမ့်ရာဘုံမှ မြင့်မြတ်သောဘုံသို့ ရောက် ရှိကြစေရန် အမျှအတန်းပေးဝေကြ သည်။ ထိုတစ်ညတွင် ဘိုတဲကို လွတ် လပ်စွာ ဖွင့်ပေးထားလိုက်သည်။

နောက်တစ်နေ့နံနက်၊ နေ့လယ် နှင့် ညဦးပိုင်းတွင် ပုပ္ပဗ္ဗာသုတ်ကို ရွတ် ဖတ်ကြသည်။ ပြီးလျှင် မင်္ဂလသုတ်ကို ရွတ်ဖတ်ကြသည်။ ထိုညမှစ၍ ကျွန် တော်တို့အဖွဲ့ ဘိုတဲတွင် ပြောင်းအိပ် ကြသည်။ လူအချို့က ဘိုတဲအနီး ဖြတ် သွား ဖြတ်လာလုပ်၍ အရိပ်အကဲကြည့် လေ့လာနေကြသည်။ တာဝန်ရှိသူ လူ ကြီးများလည်း သတင်းအစအနကို စောင့်ကြည့်နေကြသည်။ ကျွန်တော်တို့ အဖွဲ့ ဘိုတဲတွင် တည်းခိုသည်မှာ ၁၀ ရက်ပင် ကျော်သွားပြီ။ ဘာအနှောင့် အယှက်မှ မရှိကြောင်း အားလုံးသိသွား ကြပြီဖြစ်သည်။

ကျွန်တော်တို့ မပြန်မီ ရေလုပ် သားကြီးများက ခဲရာခဲဆစ် ဖမ်းမိလာ သည့် ရာမပုစွန်ခေါ် ရေမပုစွန်ထုပ်ကြီး နှင့် ကျောက်ခက်ပန်း ခရုကြီးများကို ချက်ပြုတ်၍ ဂုဏ်ပြု ကျွေးမွေးကြ သည်။ စားသောက်ပြီးသောအခါ ရာမ ပုစွန်ခေါင်းကြီးနှင့် ကျောက်ခက် ခရုကြီး ၏ အခွံများကို အခြောက်ခံ၍ ကျွန် တော်တို့ကို အမှတ်တရလက်ဆောင် ပေးကြသည်။ ကျွန်တော်တို့ အပြန်ခရီး ကို တာဝန်ရှိသူများက မာန်အောင် လေဆိပ် အထူးထွက်ပေါက်မှ လေ ယာဉ်အတက်အဆင်း လှေကားအထိ လိုက်ပါ ပို့ဆောင်ပြီး နှုတ်ဆက်ကြ သည်။ ကျွန်တော်တို့ လေယာဉ်ပေါ်တွင် အတည်တကျရှိမှ အခြားခရီးသည်များ လေယာဉ်ပေါ် တက်ကြရသည်။ အခြား ခရီးသည်များက ကျွန်တော်တို့ကို မည် ကဲ့သို့ သဘောထားမည်ကို မသိပါ။

ကျွန်တော်တို့သည် ခရီးကို စတင်စဉ် က ရန်ကုန်မှ စစ်တွေမြို့သို့ လာကြ ရာ၌ မင်္ဂလာဒုံလေဆိပ်တွင် VIP ဆိုသူ များကို တာဝန်ရှိသူ လူကြီးများမှ လိုက်လံ ပို့ဆောင်နှုတ်ဆက်ရာတွင် VIP များကို အထူးထွက်ပေါက်မှ ခေါ် ဆောင်သွားပြီး လေယာဉ်လှေကား အထိ လိုက်ပို့ကြသည်ကို မြင်ရပြီး ကျွန်တော်တို့နှင့် ခရီးသည်များမှာ VIP များ နေရာတကျဖြစ်မှ တက်ရသည် ဖြစ်၍ ကျွန်တော်တို့ စိတ်ကွက်ခဲ့ဖူး သည်။

ယခု ကျွန်တော်တို့ကို VIP ကဲ့ သို့ ဆက်ဆံခံရသည်ဖြစ်၍ မနေတတ် မထိုင်တတ်ဖြစ်ကြရပါသည်။ သည်နေရာ၊ သည်ဒေသတွင် ကျွန်တော်တို့ကိုယ် တိုင် VIP ဖြစ်နိုင်မည်ထင်ပါသည်။ တကယ်တော့ VIP ဆိုသည်ကို ပုံသေ ကားချ သတ်မှတ်၍ မရ။ တစ်ဦး တစ်ယောက်သည် အချိန်အခါ၊ နေရာ ဒေသနှင့် အခြေအနေကို လိုက်၍ VIP ဖြစ်နိုင်ပါလိမ့်မည်။

မည်သို့ဆိုစေ၊ ကျွန်တော်တို့ သည် တောင်နီခရီး ကောင်းကင်ဘုံမှ အပြန်တွင် အခြေအနေပြောင်းသွား သည်ကတော့ သေချာပါသည်။ ရုတ် တရက် ကံဇာတာ ထလာသကဲ့သို့ ဖြစ် ပါသည်။ ယခုကဲ့သို့ ဖြစ်ရသည်မှာ တောင်နီမြေကို ရောက်ခဲ့ခြင်းအတွက် လျှို့ဝှက်အပ်သည့် ဂမ္ဘီရအကျိုးသက် ရောက်မှု အစွမ်းသတ္တိကြောင့်ပေပဲလား ဆိုသည်ကို ကျွန်တော် ဝေခွဲ၍မရနိုင် ဖြစ်ရပါတော့သည်■

* * *

မြယာခြေ



www.burmeseclassic.com

www.burmeseclassic.com

# ဗိုးကြီးနဂါးမြေ ဘူတန်ကောင်းခြေသို့

■ ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု) ■

ဖွံ့ဖြိုးတိုးတက်ပြီး စည်ပင်ကြွယ်ဝလှတဲ့ နိုင်ငံတွေလိုပဲ သဘာဝ ပတ်ဝန်းကျင်အခြေအနေတွေ မပျက်ယွင်းလှ သေးတဲ့ နိုင်ငံလေးတွေကလည်း ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်နေရဲ့။ လာအို၊ နီပေါနဲ့ လူသိပ်မသိကြတဲ့ ဘူတန် (Bhutan)နိုင်ငံလေးတွေလိုပေါ့။

## ဘူတန်ဆိုတဲ့ ဘုရင့်နိုင်ငံလေး

ဘူတန်ဟာ အာရှအလယ်ပိုင်းရဲ့ တောင်ဘက်၊ ဟိမဝန္တာတောင်တန်းရဲ့ အရှေ့ဖျား တောင်ကုန်းတန်းနိုင်ငံ လေးပါ။ မဟာဟိမဝန္တာ တောင်စဉ်တောင်တန်းတွေနဲ့လည်း တစ်ဆက်တည်းပေါ့။ တောင်ဘက်မှာ အိန္ဒိယရဲ့ အာသံ-




ဘင်္ဂေါလွင်ပြင်နဲ့ မြောက်ဘက်နဲ့ အနောက်ဘက် နယ်ခြား တွေဟာ တရုတ်ပြည်အနောက်တောင်ပိုင်းရဲ့ တိဗက်ကုန်းပြင် မြင့်တို့ ရှိနေကြတာမို့လည်း စဉ်းစားစရာ ပထဝီဝင်နိုင်ငံရေး ထူးခြားမှုတွေ ရှိနေရဲ့။ ဟိမဝန္တာတောင်တန်းရဲ့ တောင်ဘက် (The Duars)လွင်ပြင်ဟာ ဘူတန်နဲ့ အိန္ဒိယရဲ့ ပြည်နယ် တွေဖြစ်တဲ့ အနောက် ဘင်္ဂေါနဲ့ အာသံတွေရဲ့ နယ်နိမိတ်ပါ။ ဘူတန်ဟာ အရှေ့ဘက်မှာ အိန္ဒိယရဲ့ (Arunachal Pradesh)နဲ့ အနောက်တောင်မှာ 'Sikkim' ပြည်နယ်နဲ့လည်း နယ်ချင်း ထိစပ်နေရဲ့။ ဘူတန်ရဲ့ နယ်မြေ သီးခြားဆန်မှု ပင်လယ်ကမ်းရိုးတန်း မရှိမှုဟာ အဝန်းအဝိုင်းကို ကန့်သတ် နေရဲ့။

၁၉၆၀ခုနှစ်တွေထိတော့ ဘူတန်ဟာ အပြင်လောက အဆက်ဖြတ်ခံထားရဆဲပါ။ ပြင်ပနိုင်ငံ ဆက်ဆံမှုဆို ၁၉၁၀-၄၉ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံနဲ့၊ ၁၉၄၉-၆၀ခုနှ အတွင်း အိန္ဒိယနဲ့ ဆက်ဆံခဲ့တာပဲ ရှိခဲ့ရဲ့။

## ဘူတန်အမျိုးသားအလံတော်

အမျိုးသားအလံလည်း မရှိခဲ့တဲ့၊ ဝေးလံခေါင်ဖျား ဘုရင့်နိုင်ငံလေးမှာ ဒီအလံ ဘယ်တုန်းက စ,ပေါ်ခဲ့မှ မသိပေမယ့် ကုလသမဂ္ဂအဖွဲ့ထဲ မိတ်ဆက် ဝင်ရောက်ခဲ့တဲ့



၁၉၇၁ ခုနှစ်မှာတော့ အလံရှိနေခဲ့ပါပြီ။ ၂၀ရာစုရဲ့ ဒုတိယနှ ဝက်တွေထိ အဘိုးကျန်နီးပါး နေခဲ့ပြီးမှ ကမ္ဘာ့သမိုင်း ခြေလှမ်းကျဲကျဲနဲ့ စတင်လှမ်းဝင်ပြီး ပြောင်းလဲလာခဲ့တာ

ဘူတန်အမျိုးသားအလံရဲ့ အနံနဲ့ အလျားကတော့ (၂ : ၃)ရှိရဲ့။ ထောင့်မှန်စတုဂံပုံအလံကို အလယ်က ထောင့်နှစ်ထောင့်ကို ကန့်လန့်ဖြတ်မျဉ်းနဲ့ နှစ်ပိုင်းဖြတ်ပိုင်း ထားတယ်။ အပေါ်တစ်ပိုင်းက အဝါရောင်သမ်းတဲ့ လိမ္မော် အောက်တစ်ပိုင်းက လိမ္မော်နီ၊ အဲဒီ ဖြတ်မျဉ်းအလ လောက်မှာတော့ အဖြူရောင် နဂါးတစ်ကောင်။



www.burmeseclassic.com


www.burmeseclassic.com

ရာအဆိုအရ ဘူတန်ရဲ့ များစွာသော တောင်နဲ့ ကြားတွေမှာ ပဲ့တင်ထပ်နေတဲ့ မိုးခြိမ်းသံတွေဟာ သံတွေပါတဲ့။ ဒါကြောင့်လည်း သူတို့ပြည်ကို မူရင်း စကားနဲ့ "မိုးကြိုးနဂါးရဲ့ မြေ"လို့ ဆိုကြတယ်။ ဒါပေ သူတို့နဂါးရုပ်က အိမ်နီးချင်း တရုတ်ပြည်ကြီးရဲ့ လွှမ်းမိုး သမ်းပြီး တရုတ်နဂါးပုံဖြစ်နေရဲ့။ ဒါပေမယ့် နဂါးလက် ဘက်က လက်သည်းစွယ်တွေမှာတော့ ရတနာခဲတွေ ဆုပ်ကိုင်ထားတယ်။ အမျိုးသား ချမ်းသာကြွယ်ဝရေးနဲ့ စေရေးအတွက်ပါတဲ့။ နဂါးဟာ အရင်တုန်းက အစိမ်း ပေါ့။ ခုတော့ ကွဲပြားခြားနားတဲ့ လူမျိုးစုတွေရဲ့ ရိုးသား မှုနဲ့ ဂုဏ်သိက္ခာရှိမှုကို သင်္ကေတပြုဖို့ အဖြူရောင် လိုက်ပါပြီ။ အဝါရောင်သမ်းတဲ့ လိမ္မော်ရောင်က အစိုးရ ဦးသျှောင်-ဘုရင့်ဩဇာအာဏာအတွက်၊ လိမ္မော်နီ ကတော့ နိုင်ငံတော် ဗုဒ္ဓဘာသာဂိုဏ်းများကို ကိုယ်စားပြု လို့ အစိုးရက တရားဝင် ဖော်ပြထားတယ်။

ဘူတန်ကို မြေရဲ့သွင်ပြင်အရ မြောက်ကနေ တောင် ထိ (ဟိမဝန္တာကြီး၊ ဟိမဝန္တာငယ်နဲ့ ဒူရာလွင်ပြင်)လို့ ပိုင်း ပိုင်းတယ်။

## ဝန္တာကြီးပိုင်း

ဘူတန်မြောက်ပိုင်းဒေသပါ။ အဲဒီက နှင်းဖုံးတောင် တွေဟာ ပေ ၂၄၀၀၀ လောက် မြင့်မားကြတယ်။ ပေ ၂၀၀၀ နဲ့ ၁၈၀၀၀ တောင်မြင့်တွေကြားက တောင်ကြား ဟာ မြောက်ဘက် ရေခဲပြင်ကြီးတွေကနေ သွယ်ဆင်း ။ တောင်တန်းကြီးတွေပေါ်က တောင်ထိပ် စားကျက် တွေမှာ တိဗက်နွားတွေကို နွေရာသီလမှာ လွှတ်ကျောင်း တယ်။ ဒီဒေသရဲ့ မြောက်ဘက်မှာ တိဗက်ကုန်းပြင်မြင့်က





သပ်တောင်တွေ ရှိရဲ့။ အဲဒါတွေကြားမှာ ပင်မရေဝေ တန်းတွေဖြစ်ပေါ်ပြီး မြောက်ဘက်နဲ့ တောင်ဘက်ကို ည်နေကြတဲ့ မြစ်တွေလည်း စတင်စီးဆင်းနေရဲ့။ ခြောက် တဲ့ ရာသီဥတုဟာ အဲဒီရဲ့ ထူးခြားတဲ့ လက္ခဏာပါ။

၁၉၆၀ခုထိ ဒီအပိုင်းရဲ့ ဘဝဟာ အရင်ရာစုနှစ်များစွာ လိုပါပဲ။ နေထိုင်မှု နည်းလမ်းဟာ အနေခက်အယုက်ကင်းစွာ ဆက်လက်တည်မြဲနေခဲ့တယ်။ ဘူတန်ကုန်သည်တွေက အဝတ်အထည်၊ ဟင်းခတ်အမွှေးအကြိုင်နဲ့ ဆန်စပါးတွေကို တောင်တန်းတွေ ဖြတ်ကျော်ပြီး တိဗက်ကို သယ်မယ်၊ တိဗက်ကနေ ဆား၊ သိုးမွှေးနဲ့ တိဗက် နွားအုပ်တွေ ပြန်သယ် သွားကြမပေါ့။ တိဗက်ကို တရုတ်ပြည်ထဲ သွတ်သွင်းလိုက်ပြီး တဲ့နောက်တော့ ဘူတန်လည်း အထီးကျန်သွားခဲ့တယ်။ အဲဒါ က မြင့်မားတဲ့ ဒေသမှာ နေထိုင်သူတွေကို အဓိက ပြောင်းလဲ သွားစေခဲ့ပြီး၊ တိဗက်ကတစ်ဆင့် တရုတ်တွေ ဝင်ရောက် လာမှာ ကြောက်ပြီး စစ်ရေး သတိထားမှုနဲ့ အစောင့်တွေ လည်း ပိုချလာကြတယ်။

## ဟိမဝန္တာငယ်ပိုင်း

ဟိမဝန္တာကြီးပိုင်းကနေ တောင်ဘက်ကို ဦးတည် ဖြာထွက်လာတဲ့ တောင်စွယ်တွေကြောင့် ဟိမဝန္တာငယ် ပိုင်း(ဟိမဝန္တာအတွင်းပိုင်း)ဖြစ်ပေါ်တယ်။ မြောက်-တောင် တန်းနေတဲ့ ဒီအပိုင်းရဲ့ တောင်စွယ်တွေကြားက ရေဝေ ကုန်းတန်းတွေကနေ ဘူတန်ရဲ့ ပင်မမြစ်တွေ စီးဆင်းနေရဲ




တောင်တွေရဲ့မြင့်မားမှု၊ အနောက်တောင် မုတ်သုန် လေရဲ့ စိုထိုင်းခြင်းနဲ့ ထိတွေ့မှုအနည်းအများအလိုက် ဒေသရဲ့ စိုက်ပျိုး ပေါက်ရောက်မှုလည်း မတူကြဘူး။ မိုးသက်လေ နှင်ရာ တောင်စောင်း သစ်တောထူထူတွေကနေ တောင်မြင့် တွေပေါ်မှာ ပေါက်ရောက်တဲ့ အပင်တွေထိပေါ့။ ဘူတန် အလယ်ပိုင်းက များစွာသော ရှင်သန်နေမြဲ တောင်ကြား တွေဟာ အမြင့်ပေ ၅၀၀၀နဲ့ ၉၀၀၀ကြားမှာ ရှိနေတယ်။ တောင်ကြားတွေထဲမှာ ပရို (Punakha)၊ သင်ဖုနဲ့ (Ha)တို့ ဟာ ထင်ရှားတယ်။ အတော်ကျယ်ပြီး မြေလည်း ပြန့်တယ်။ တစ်နှစ် မိုးရေချိန် (၄၀-၅၀)လက်မရလို့ အတော်လေး လူဦးရေယှဉ်ထပ်ပြီး စိုက်ပျိုး အခြေချ နေထိုင်ကြတယ်။




www.burmeseclassic.com

www.burmeseclassic.com

## ဒူရာလွင်ပြင် (The Duars Plain)

ဟိမဝန္တာငယ်ရဲ့ တောင်ဘက်၊ တောင်တွေရဲ့ ခြေရင်းမှာ ကျဉ်းမြောင်းတဲ့ ဒီလွင်ပြင်ရှိနေတယ်။ ၈မိုင်ကနေ ၁၀မိုင်သာရှိပြီး ခပ်မြောင်မြောင်သာ ကျယ်တဲ့ ဘူတန်တောင်ဘက်နယ်နိမိတ်ပေါ့။ ဟိမဝန္တာတောင်တန်းဟာ ဒီလွင်ပြင်မှာ ရုတ်ခြည်းဆိုသလို တိတိပပ ထွက်ပေါ်နေပြီး မဟာဗျူဟာမြောက် အနေအထားကျတဲ့(dwars)နဲ့ (dooars) တောင်



ကြား ထွက်ပေါက်လမ်းတွေ ဖြစ်နေရဲ့။ ဒီကနေ ဟိမဝန္တာငယ်ရဲ့ ရှင်သန်နေတဲ့ တောင်ကြားတွေထိ ပေါက်တယ်။ မိုးရေချိန်လက်မ (၂၀၀-၃၀၀)ထိ ရွာသွန်းတဲ့ နေရာတွေလည်း ပေါ်တယ်။ ပူနွေးစွတ်စိုလို့ ထူထပ်တဲ့ အပူပိုင်းဒေသနီးပါး သစ်တောတွေ ဖုံးလွှမ်းနေရဲ့။ လွင်ပြင်ရဲ့ မြောက်ဘက်ပိုင်းမှာ တောင်တွေနဲ့ ခြားထားလို့ မညီမညာ ပုံပန်းမကျတဲ့ ကုန်းလျှောမျက်နှာပြင်တွေလည်း ရှိရဲ့။ တောင်ခြေ တောရှင်းတဲ့ နေရာမှာတော့ ရွာငယ်လေးတွေ တွေ့နိုင်တယ်။ ဒီဒေသမှာ တောရိုင်းတိရစ္ဆာန်တွေ ကျက်စားပြီး သစ်ပင် ပန်းပင်တွေ ထူထဲစွာ ဖုံးလွှမ်းနေတယ်။ တောင်ဘက် အိန္ဒိယနယ်စပ်မှာတော့ ဆဗားနားအပူပိုင်း မြက်ခင်းလွင်ပြင်တွေ၊ ဝါးတောကြီးတွေနဲ့ပေါ့။ မြက်ခင်းပြင်တွေကို ရှင်းလင်းပြီး စပါးစိုက်ပျိုးခဲ့ကြပါပြီ။ ဘူတန်အလယ်ပိုင်းနဲ့ အိန္ဒိယရဲ့ အဓိက ကုန်သွယ်ရေးလမ်းကြောင်းကတော့ ပင်မမြစ်တွေရဲ့ မြစ်ဝှမ်းတွေမှာပါ။ တောင်ထူတဲ့ ဒီမြေပြင်မှာ များစွာသော မြစ်တွေ ဖြတ်သန်းစီးဆင်းနေရဲ့။ အနောက်ကနေ အရှေ့သို့ စီးဆင်းတဲ့ (Torsa-Amo) (Wong-Raidak) (Sankosh-Mo) နဲ့ (Manas)တို့ဟာ အဓိက မြစ်ကြီးတွေပါ။ မြစ်တွေဟာ တောင်ဘက်ကို ဆင်းပြီး အိန္ဒိယ-ဗြဟ္မပုတ္တမြစ်ထဲ ပေါင်းစုစီးဝင်သွားတယ်။

## ဘူတန်ရဲ့ ရာသီဥတု၊ ပေါက်ပင်နဲ့ တိရစ္ဆာန်များရဲ့ ဘဝ

ဒီနိုင်ငံမှာ ရာသီဥတုခြားနားမှုတွေ များတယ်။ နေ… မြင့်မားလို့ ရာသီဥတုပြောင်းလဲမှုနဲ့ ပြင်းထန်တဲ့ မိုးလေဝ… ခြားနားမှုတွေ ဖြစ်ပေါ်နေရဲ့။ နေရောင်ခြည်နဲ့ ထိတွေ့နိုင်… စိုထိုင်းမှုတွေ သယ်လာတဲ့ လေတွေရဲ့ ခြားနားချက်… ကွဲပြားတဲ့ ဒေသတွေ ဖြစ်ပေါ်စေတယ်။ အဓိက ရာသီဥတု… နယ်မြေကြီးသုံးခုအဖြစ် ပူပြီး စွတ်စိုတဲ့ ဒူရာလွင်ပြင်ရဲ့ အ… လျော့ပိုင်းလမ်းကြောနဲ့ သူ့နားက တောင်ခြေတွေ၊ အေးမြ… ဟိမဝန္တာငယ်ပိုင်းနဲ့၊ အယ်လပိုင်းပင် ပေါက်ရောက်… အောက်မြေလွှာ အမြဲအေးနေတဲ့ ဟိမဝန္တာကြီးပိုင်းလို့ ခွဲခြား… နိုင်တယ်။

သမပိုင်းရာသီဥတုကတော့ အလယ်ပိုင်းချိုင့်ဝှမ်းတွေ… ကြားမှာသာ ရှိတယ်။ အနောက်အလယ်ပိုင်း သင်ဖုမှာ ဇန်န… ရီဆိုရင် အမြင့်ဆုံး အပူချိန် ၅၀ ဒီဂရီ ဖာရင်ဟိုက်အောက်… အနိမ့်ဆုံး ၃၀ ဒီဂရီ ရှိတယ်။ ဇူလိုင်မှာတော့ တစ်ချိန်လုံး… နွေးထွေးပြီး ပုံမှန် တက်လှရင် ၆၀ ဒီဂရီနဲ့ ကျရင် ၅… ဒီဂရီလောက်ပေါ့။ ဒူရာမှာ အလွန်ပူပြီး မြောက်ပိုင်းမှာတော့ အရမ်းအေးတယ်။


ပထဝီဝင်ခြားနားမှု အလွန်များလို့ အပင်နဲ့ သတ္တဝါတွေ… လည်း ကွဲပြားကြရဲ့။ အပူပိုင်းဒေသကနေ သမပိုင်းဒေသ… အထိ တစ်ဆက်တည်း ပြောင်းသွားပြီး အထူးခြားနားတဲ့ အယ်လပိုင်းပင်ပေါက်ရာမြေအထိ ရှိတယ်။ တောင်ပိုင်း… ဒူရာလွင်ပြင်နဲ့ နီးစပ်ရာ တောင်ကုန်းတွေမှာတော့ စိုစွတ်တဲ့ အပူပိုင်းဇုန် ရွက်ပြတ်တောတွေရှိရဲ့။ ဝက္ကူနဲ့ ပျော့ဖတ်ထုတ်… လုပ်တဲ့ ရှည်မျှောထူထပ်တဲ့ မြက်တွေဟာ တောင်ကုန်း… နိမ့်ပိုင်းတွေမှာ ပေါက်တဲ့၊ အရေးပါတဲ့ အရင်းအမြစ်တွေပါ… တင်းရှူးနဲ့ ဝက်သစ်ချပင် သစ်တောတွေဟာ ပေ (၃၀၀၀-၆၀၀၀)မြင့်တဲ့ တောင်ကုန်းလျှောတွေကို စိုးမိုးနေရဲ့။ မြင့်မား… သီခေါင်တဲ့ သစ်တောတွေမှာတော့ များစွာသော မျိုးစိတ်… တွေနဲ့ ထင်းရှူး၊ ဝက်သစ်ချ၊ သစ်ကြား၊ တောင်ဇလပ်… မွဲပြာရောင် သစ်ခေါက်နဲ့(ash)၊ အသားပွပင်စောက်(poplar)… မိုးမခ၊ လေလာရွက်လှုပ် ပေါ့ပလာပင်မျိုး(aspen)နဲ့ တတိုင်း… မွှေးတွေ ရောနှောနေတယ်။ အဖိုးတန်ဆုံး သစ်တောတွေ… တော့ ပေ ၆၀၀၀နဲ့ ၉၀၀၀ကြားမှာ ရှိတယ်။

အဲဒီ အုံ့ဆိုင်းလောက်ဖွယ် သစ်တောကြီးတွေမှာ အ… စိမ်း-ပင်စောက် စိုက်ပရပ်ပင်(cypress)၊ ထင်းရှူးတ… (fir)၊ (spruce) တင်းရှူးနဲ့ ထင်းရှူးဆန်တဲ့ ခုံ…ပင်



www.burmeseclassic.com

www.burmeseclassic.com



per)တွေ ပေါက်နေရဲ့၊ ဘုဝပတ်သင်တွေကို ပေ ၁၄၀၀၀ ...တဲ့ သစ်တောတန်းတွေမှာ တွေ့ရတယ်။ ဟိမဝန္တာကြီး ... မြင့်မားတဲ့ ကုန်းလျှော တောင်စောင်းတွေမှာ တောင်မြင့် ...ပေါက် အယ်လပိုင်းရုံနဲ့ မြက်တွေ ရှိကြတယ်။

အလယ်ပိုင်းက မြစ်တစ်လျှောက်၊ အရှေ့ဒေသတွေနဲ့ ...တောဖုံးတဲ့ တောင်ကုန်းတွေမှာ သမင်(Sambar)၊ နွား...(gaurs)၊ ကြံ့၊ ဆင်၊ ကျားနဲ့ အခြား တိရစ္ဆာန်တွေ ရှိ...။ အဲဒီ သဘာဝ ပတ်ဝန်းကျင်အခြေအနေရှိင်းကို ...သိမ်းစောင့်ရှောက်ဖို့ အစိုးရက ကာကွယ်ရေးဧရိယာ ...ာ ထူထောင်ထားတယ်။ မာနာမြစ်တစ်ရိုးမှာ အိန္ဒိယနဲ့ ...စပ်နေတဲ့ တော်ဝင်မာနာ အမျိုးသားဥယျာဉ် (၁၉၆၆) ... ရှားပါးတဲ့ ရွှေရောင်အမြီးရှည်သွယ် (langur)မျောက် ...ရဲ့ မှီခိုနေရာပါ။ အနောက်မြောက်ပိုင်းက ကြီးမား ...ပြန့်တဲ့ (The Jigme Dorji) အမျိုးသားဥယျာဉ်(၁၉၇၄) ... တိုင်းပြည်ရဲ့ ရာသီဥတုသုံးမျိုးလုံး ရှိနေလို့ ထူးခြားလှ...။

## ...တန်ရဲ့ လူမျိုးစု၊ ပြည်သူများနဲ့ ဘာသာစကား

ဘူတန်မှာ အဓိက မျိုးနွယ်စုကြီး (၃)ခုရှိတယ်။

(...) ဘူတီးယား(Ngalop-the Bhutia)ဟာ အများ...ဖြစ်ပြီး တိုင်းပြည် လူဦးရေရဲ့ တစ်ဝက်လောက်မို့ ဘူတန် ...ရေးဘဝကို အတော်လွှမ်းမိုးပါတယ်။ သူတို့ဟာ ၉ရာစု ...လောက်မှာ တိဗက်ကနေ တောင်ဘက်ကို ရွှေ့ပြောင်း...ရောက်ခဲ့ကြသူတွေပါ။ ဘူတန်မြောက်ပိုင်း၊ အလယ်ပိုင်းနဲ့ ...နောက်ပိုင်းတွေမှာ လွှမ်းမိုးနေထိုင်ကြတယ်။ သူတို့ဟာ ...ဗက်-မြန်မာဘာသာစကား (Tibeto-Burman lan...ges) မျိုးကွဲတွေ ပြောဆိုကြတယ်။ ဒီထဲက ...zongkha) ကတော့ ဘူတန်ရဲ့ ရုံးသုံး ဘာသာပါ။ အရေး...သားကတော့ တိဗက်တွေနဲ့ ဆင်တူတယ်။

(...) ဘူတန်တောင်ဘက်နဲ့ အနောက်တောင်ဘက်မှာ ...တော့ မျိုးနွယ်စုတွေ ရောထွေးနေကြတယ်။ (The Gurun) ...နွယ်စုတွေ ပါဝင်တဲ့ နီပေါသား(The Neaplese)တွေဟာ ...ပေါင်း နိုင်ငံသားဦးရေရဲ့ သုံးပုံ တစ်ပုံလောက် ပျမ်းမျှရှိနေ... ဒေသတစ်ခုလုံးကို လွှမ်းမိုးနေရဲ့။ သူတို့ဟာ ဘူတန်ကို ...နောက်ဆုံးလောက်မှ ရောက်လာကြသူတွေဖြစ်ပြီး နီပေါ...သား(Nepali)ပဲ ပြောကြတယ်။ တိုးပွား များပြားလာတဲ့ ...ပေါသားတွေကြောင့် အစိုးရဟာ ၁၉၅၉ ခုနှစ်မှာတော့ ...ပေါက ဝင်ရောက်လာသူတွေကို စစ်ဆေးတားမြစ်ရပါတော့တယ်။ နီပေါသားတွေ ဘူတန်အလယ်ပိုင်းမှာ အခြေချနေထိုင်မှုကိုလည်း ပိတ်ခဲ့ရတယ်။ တိဗက်သားတွေနဲ့ နီပေါသားတွေကြားမှာ သဟဇာတဖြစ်ဖို့ အနည်းငယ်သာ ဆောက်ရွက်နိုင်ခဲ့ပြီး လူမျိုးနှစ်ခုကြားမှာ တင်းမာမှုတွေ ဆက်လက်ရှိနေရဲ့ အဓိက နိုင်ငံတွင်း ပြဿနာတစ်ရပ်ပေါ့။ ဘူတန်အရှေ့ပိုင်းမှာနေသူ အများစုဟာ နယ်မြေထိစပ်နေတဲ့ အာသံနဲ့ (Arunachal Pradesh)တွေက တောင်တန်းသားနဲ့ မျိုးဆက်နွယ်နေသူတွေပါ။

(၃) ဘူတန်မှာ အစောဆုံးလာရောက် အခြေချ နေထိုင်သူတွေကတော့ 'The Sharchop' လူမျိုးစုတွေပဲ ဖြစ်တယ်။

## ဘူတန်နိုင်ငံရဲ့ ဘာသာရေး

...ရေ လေးပုံ သုံးပုံနီးပါးဟာ မူရင်းအခြေခံက တိဗက်...တဲ့ ဗုဒ္ဓဘာသာဝင်တွေပါ။ ဗုဒ္ဓဘာသာဟာ ဟိုးရှေးထဲက တရားဝင် နိုင်ငံတော်ဘာသာပေါ့။ ခုတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံမှာကို တိုင်းပြည်ရဲ့ ဝိညာဉ်ပိုင်းဆိုင်ရာ အမွေအနှစ်လို့ ဖော်ပြထားရဲ့။ တိဗက်ဗုဒ္ဓဘာသာရဲ့ အဓိက ဂိုဏ်းခွဲကြီး လေးခုဖြစ်တဲ့ 'Nyingma-Rnyingmapa' နဲ့ (Kagyu-Bkabrgyudpa)တွေကို ဘူတန်မှာ လက်ခံ ကျင့်သုံးတယ်။ ဒီဂိုဏ်းတွေမှာ 'Nyingma' က ရှေးအကျဆုံးဖြစ်ပြီး၊ ဘူတန်နဲ့ တိဗက် နှစ်နိုင်ငံလုံးမှာ ဂရာစုကနေ ယခုတိုင် ဆက်လက်ခိုင်မြဲနေတယ်။ 'The Kagyu' ဓလေ့ကတော့ ၁၁ရာစုမှာမှ အခြေချလာတာပါ။ အဲဒီဂိုဏ်းမှာ ဂိုဏ်းခွဲတွေ အများကြီးရှိပြီး 'Drukpa Kagyu' ကတော့ အင်အားအကြီးဆုံးပေါ့။ ၁၇ရာစုအစောပိုင်းကမှ စတင်ထူထောင်ခဲ့တဲ့ ဒီဂိုဏ်းခွဲဟာ ဘူတန်နိုင်ငံရေးနဲ့ ဘာသာရေးဘဝတွေမှာ



www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားမှုများစွာရခဲ့လို့ ခုတော့ အများစုဟာ အဲဒီဂိုဏ်းဝင်တွေပါ။ ဒီအုပ်စုကြီးနှစ်ခုလုံးဟာ သူတို့ရဲ့ မတူညီကြတဲ့ သီးခြားဂိုဏ်းလက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ရင်း နေကြပေမယ့် ဂိုဏ်းတွေရဲ့ ဆက်နွယ်မှု သမိုင်းကြောင်းက နီးကပ်လှတယ်။ ပင်စည်တစ်ခုတည်းက လာလို့ တရားဓမ္မ အများစုလည်း တူကြရဲ့။ ခေါင်းဆောင်တွေရဲ့ မျိုးနွယ်တွေကလည်း အတူတူပါပဲ။

ဘူတန်ဗုဒ္ဓဘာသာကို မိသားစုကြီးမားပြီး ထူခြားတဲ့ ဝိသေသ လက္ခဏာရှိတဲ့ တိဗက် ဗုဒ္ဓဘာသာရိုးရာဓလေ့က ပိုင်ဆိုင်တယ်။ ဘုန်းကြီးကျောင်းတွေ နေရာအနှံ့ရှိပေမယ့် ဘယ်ဘုန်းကြီးကျောင်းအဖွဲ့၊ ဘယ်ဘုန်းကြီးကျောင်းပညာရေးကမှ ဘူတန်လူ့အဖွဲ့အစည်းကို လွှမ်းမိုးမသွားပါဘူး။ ဘူတန် ဗုဒ္ဓဘာသာဝင်တွေရဲ့ စိတ်ကို စံပြလာမာ (လောကုတ္တရာခေါင်းဆောင်)တွေကသာ အတော်လေး လွှမ်းမိုးဖမ်းယူနိုင်တယ်။ လာမာတွေက ကမ္မဋ္ဌာန်းထိုင် နည်းစည်းကမ်းတွေပြုပြီး(siddha)ရရှိ ပြည့်စုံစေဖို့၊ မယုံနိုင်လောက်တဲ့ စွမ်းအားတွေ ရရှိစေဖို့တွေကိုမှ မလုပ်ရင် နေ့စဉ် ဘဝဟာ ဘာမှ အရာမထင်ဘဲ အချည်းနှီးပဲလို့ သွန်သင်တယ်။

ဗုဒ္ဓဘာသာအပြင် ဘူတန်မှာ ထင်ထင်ရှားရှားရှိနေတာက ဟိန္ဒူတွေပါ။ အထူးသဖြင့် နီပေါသား လူ့အဖွဲ့အစည်းမှာပေါ့။ ဟိန္ဒူတွေက လူဦးရေအားလုံးရဲ့ လေးပုံတစ်ပုံလောက်ရှိနေတယ်။ ခရစ်ယာန်တွေလည်း အနည်းအပါးရှိနေကြရဲ့။

## အခြေချနေထိုင်မှု ပုံသဏ္ဌာန်


ဘူတန်ဟာ ၂၁ရာစုအစပိုင်းမှာ လူဦးရေ တိုးပွားမှုနှုန်း တိုးလာနေပေမယ့် ကမ္ဘာနဲ့ ယှဉ်ကြည့်ရင်တော့ ပျမ်းမျှ လူဦးရေ ကျဲပါးတဲ့ နိုင်ငံပါ။ လူဦးရေအနည်းဆုံးကတော့ အေးလွန်းပြီး၊ တောင်ကုန်း တောင်တန်းတွေနဲ့ မျက်နှာပြင် ကြမ်းတမ်းတဲ့ ဟိမဝန္တာကြီးပိုင်းနဲ့ ဒူရာလွင်ပြင်ရဲ့ ငှက်ဖျားထူတဲ့ နယ်နိမိတ်လမ်းကြောင်းပါ။ သဘာဝ မြေမျက်နှာပြင် ဆိုးဝါးလှတဲ့ အဲဒီဒေသတွေမှာ လူဦးရေကို ကန့်သတ်လိုက်သလို၊ စိုက်လို့ ပျိုးလို့ ဖြစ်ထွန်းပြီး၊ မွေးမြူလို့ ကောင်းတဲ့ နိုင်ငံအလယ်ပိုင်းက ဟိမဝန္တာငယ်ပိုင်းနဲ့ အိန္ဒိယနယ်စပ်နဲ့ နီးတဲ့ အနောက်ပိုင်းနဲ့ အနောက်တောင်ပိုင်းတွေနဲ့တော့ တခြားစီပေါ့။

ဘူတန်သားအများစုဟာ အလွန်သေးငယ်တဲ့ ရွာသိမ်လေးတွေမှာ ပြန့်ကျဲပြီး နေထိုင်ကြတယ်။ ၁၉၆၀ခုနှစ် နောက်ပိုင်းထိ မြို့ပြမှာ အခြေချနေထိုင်တာမျိုး မရှိခဲ့ကြဘူး။ ဘာပဲ ဖြစ်ဖြစ် လမ်းတွေ ကောင်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာ တဲ့အခါ ရွာကြီးအချို့ဟာ မြို့အဖြစ် ကြီးထွားလာကြတယ် အဲဒီထဲက ဒါဇင်အနည်းငယ်ကို အစိုးရက မြို့ပြဒေသ အဖြစ် သတ်မှတ်ခဲ့တယ်။ ၂၁ရာစုအစောပိုင်းမှာတော့ မြို့ တွေမှာ တိုင်းပြည် လူဦးရေ သုံးပုံတစ်ပုံလောက် ရှိလာပါ

## ဘူတန်ပြည်တွင်း တည်ဆောက်မှု ဗိသုကာ - ဘုန်းကြီးကျောင်းခံတပ် (The Dzong)များ

ဘူတန်တောင်ပိုင်းရဲ့ ပြည်တွင်းတည်ဆောက်မှု ဗိသု ဟာ အိမ်နီးချင်း အိန္ဒိယနဲ့ ဆင်တူပါတယ်။

ဒါပေမယ့် ဟိမဝန္တာကြီးပိုင်းနဲ့ ဟိမဝန္တာငယ် တော ကြားချိုင့်ဝှမ်းတွေရဲ့ ဗိသုကာလက်ရာ(The Dzong)တွေ တော့ တကယ့်ကို တိဗက်ဟန် ပီပီပြင်ပြင်ပါ။ သူ့ရဲ့ ထူ ဖြူဖွေးတဲ့ နံရံတွေဟာ တိဗက်ဟန်အတိုင်း အတွင်းဘက် လျှောဝင်နေကြတယ်။ အထူးသဖြင့် ဟိမဝန္တာနယ်မြေများ ဘူတန်ရဲ့ ထူးခြားထင်ရှားတဲ့ နေထိုင်မှု အမှတ်လက္ခဏာ ဘုန်းကြီးကျောင်း ခံတပ်တွေဖြစ်တဲ့ အဲဒီ(The Dzong တွေပေါ့။ အတိတ်ကာလတုန်းကတော့ ဒီအဆောက်အ တွေဟာ ရန်သူတွေကို ခိုင်မာစွာ ကာကွယ်ပေးနိုင်ခဲ့တယ် ခုခါမှာလည်း အုပ်ချုပ်ရေးဌာနနဲ့ ဘုန်းတော်ကြီးကျောင်း အဖြစ် အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေပြန်ပါရဲ့။ လူဦး





www.burmeseclassic.com

www.burmeseclassic.com

တဲ့ တောင်ကြားချိုင့်ဝှမ်းအားလုံးမှာ ခံတပ်တစ်ခုစီတော့ တ်ကြတယ်။ အများအားဖြင့် ချောင်းတွေ၊ မြစ်တွေကို ခြင်ရတဲ့ ထင်ရှားတဲ့ နေရာတွေမှာ တည်ရှိနေကြတာပါ။ တန်နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ လူမှုဘဝတွေ တွက်လည်း ပင်မ ချက်ချာကျတဲ့ နေရာတွေပေါ့။ ဗုဒ္ဓ သာဝင် လာမာတွေ၊ အစိုးရအရာရှိတွေနဲ့ အနုပညာရှင် အတွက် အဆောက်အအုံဖြစ်နေပါရဲ့။ ရှည်သွယ်လှပတဲ့ တိုင်းတွေ၊ ကျယ်ပြောတဲ့ အဝန်းအဝိုင်း၊ ရှည်လျားတဲ့ ဆောင်ဆောင် အခန်းခန်းတွေနဲ့ ရဲတိုက်တွေနဲ့ တူတဲ့ ngs)တွေဟာ ဘူတန်ဗိသုကာရဲ့ အကောင်းဆုံး ပြယုဂ် ထဲက တစ်ခုပေါ့။

မြို့ပြဌာနနဲ့ မြို့တွေမှာ ဒူရာလွင်ပြင်က ntsholing)ဟာ အရေးအပါဆုံးပါ။ သင်ဖုက လာတဲ့ အဝေးပြေးလမ်းမကြီးရဲ့ တောင်ဘက် ခရီးလမ်းဆုံးနဲ့ ရေထူထပ်လှတဲ့ ဟိမဝန္တာငယ်ချိုင့်ဝှမ်းကို သွားတဲ့ ဂိတ် လည်းဖြစ်ရဲ့။ မြို့လယ်မှာတော့ စီးပွားရေးအခန်းကဏ္ဍ ဟာ အရှိန်အဟုန်နဲ့ ဖြစ်ထွန်း အောင်မြင်လို့။ ဘူတန် တော် သင်ဖုဟာ ၁၉၆၀ ခုနှစ်များဆီကတော့ အိမ်ဘုတ် သာပါပဲ။ ဒါပေမယ့် အဲဒီချိန်ကတည်းက သူဟာ ယ်ကြီးတဲ့ မြို့ကြီးဖြစ်ဖို့ အစပျိုး တိုးတက်နေပါပြီ။ သူ့ ကြည်ညို အလေးထားစရာ (dzong)ကို ပြန်လည်တည် ကဲပြုပြင်ခဲ့ပြီး အစိုးရအဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူး လုပ်ပေးခဲ့တယ်။ သင်ဖုနောက်မှာတော့ ပရိုဟာလည်း တန်ရဲ့ အလျင်အမြန်တိုးတက်နေတဲ့ မြို့ပါ။ ၁၉၇၀ ခု၊ လယ်လောက်ကတည်းက သူနဲ့ အိန္ဒိယမြို့ကြီး ကိုးလ် ္တားနဲ့ နယူးဒေလီ၊ ဘင်္ဂလားဒေ့ရှ်က ဒက္ကာ၊ ထိုင်းနိုင်ငံ ကောက်နဲ့ နီပေါက ခတ္တမန္ဒုတို့ကြားမှာ လေကြောင်း ဆောင်မှုတွေကို အစီအစဉ်တကျ စတင်ထူထောင်ခဲ့ ယ်။

## တန်ရဲ့ စီးပွားရေး၊ အရင်းအမြစ်နဲ့ စွမ်းအား

ဘူတန်စီးပွားရေးဟာ လယ်ယာဥယျာဉ်ပေါ်မှာ အများ မှုတည်နေတယ်။ မြေအနိမ့်အမြင့်တွေ၊ တိုင်းပြည် စ်ဝှမ်းက ရာသီဥတုတွေရဲ့ ခွင့်ပြုမှုအတိုင်းအတာက တန်စိုက်ပျိုးမွေးမြူမှုအပေါ်မှာ ခြားနားစွာ သက်ရောက်နေ ဘာလို့ပဲဖြစ်ဖြစ် စိုက်ပျိုးလို့ရတဲ့ မြေဟာ နိုင်ငံ့အကျယ် န်းနဲ့ စာရင်တော့ ရေးယာအတော်လေး နည်းတယ်။ သီဥတုကလည်း ထိခိုက်လောက်အောင် ဆိုးလှတယ်၊ မြေဆီဓာတ်လည်း နည်းပြီး၊ မတ်စောက်တဲ့ တောင်ကြော တွေလည်း များလှလို့ မြေတွေအများကြီးကို စွန့်ခွာထားခဲ့ ကြရတာနဲ့ တောတွေပဲ ထလို့။ မြစ်နီး ချောင်းဖျား မြက်တော တွေနဲ့ မြက်ခင်းပြင်ကျယ်ကြီးတွေသာ လွှမ်းနေပါတော့တယ်။ ဘူတန်အလယ်ပိုင်းက အခြားနေရာတွေထက်စာရင် နိမ့်ပြီး ရေလည်း လုံလောက်အောင် ရတဲ့ စိုက်နိုင်ပျိုးနိုင်တဲ့ တောင် ကြားချိုင့်ဝှမ်းတွေသာ စိုက်ပျိုးနိုင်တဲ့မြေရဲ့ အကြီးဆုံး ရာနှုန်းဖြစ်တယ်။

အဓိက ဦးစားပေးရမယ့် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ကတော့ သူ့ရဲ့ ပထဝီအနေအထားအရ အထီးကျန်နေမှု ကနေ ဆွဲထုတ်ဖို့ပါ။ ဒါတွေ အဆုံးသတ်ဖို့ ဘူတန်ဟာ ပြင်ပ ထောက်ပံ့မှုကို အိန္ဒိယ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂနဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တွေက ရယူတယ်။ ငါးနှစ်စီမံကိန်းရဲ့ စဉ်ဆက်မပြတ် အောင်မြင်မှုတွေထဲက ပထမဆုံးဟာ ၁၉၆၁ ခုနှစ်ကတည်းကပါ။ အိန္ဒိယကနေ ဘူတန်ကို ပံ့မှန်ထောက်ပံ့ မှု စီးဆင်းရရှိနေတဲ့အပေါ်မှာနဲ့ အိန္ဒိယက နည်းပညာရှင်တွေ ရရှိနိုင်ခဲ့မှုမှာ အများကြီး တည်နေရဲ့။ နိုင်ငံတိုးတက်မှု ဘတ်ဂျက်ရဲ အများစုဟာ ပင်မ အခြေခံ အဆောက်အအုံ တွေ တိုးတက်ဖြစ်ထွန်းလာရေးမှာ လုံးလုံးလျားလျား ပေးအပ် မြှုပ်နှံခဲ့တယ်။ ဒါပေမယ့် ၂၀ရာစုနောက်ပိုင်းလောက်ကစလို့ ငါးနှစ်စီမံကိန်းမှာ အထွေထွေ ထောင်တက်လာဖို့အတွက် စိုက်ပျိုးရေး၊ စွမ်းအင်အရင်းအမြစ်နဲ့ နိုင်ငံ့စီးပွားရေးတွေမှာ လည်း အပြည့်အဝအသုံးချနိုင်ဖို့ အားစိုက်ထည့်ရပြန်တယ်။

တိုးတက်ဖွံ့ဖြိုးမှုတွေကို အင်နဲ့ အားနဲ့ တွန်းပို့လိုက် တာကတော့ ၁၉၈၀ ခု နှောင်းပိုင်း၊ ၈၇-၈၈ခုမှာ အဆုံးသတ် ပြီးမြောက်ခဲ့တဲ့၊ ရိဒက်မြစ်ရေကို သုံးပြီး စွမ်းအင်ထုတ်တဲ့ (The Chhukha Hydel)ရေအားလျှပ်စစ်စွမ်းအား စီမံကိန်းပဲ ဖြစ်ရဲ့။ ဒီစီမံကိန်းဟာ သမိုင်းတစ်လျှောက်မှာတော့ အကြီး မားဆုံးနဲ့ တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှုပါ။ နိုင်ငံရဲ့ ရောမှ ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲမှုရဲ့ အဓိက ခြေလှမ်းလည်း ဖြစ်လို့ ဒီနောက်မှာ အခြား ရေအားလျှပ်စစ် ဆည်တွေ၊ လည်ပတ် စက်ရုံတွေ အများအပြားလုပ်ခဲ့ကြတယ်။ အဲဒီက နေ တိုင်းပြည်ကို အကျိုးပြုလိုက်တာကတော့ ကိုယ့်ပြည် အတွက် လိုအပ်တဲ့ စွမ်းအင်ကို ဖြည့်ပေးနိုင်ရုံသာမက၊ ပို တဲ့ စွမ်းအင်လျှပ်စစ်ဓာတ်အားကို အိန္ဒိယတင်ပို့နိုင်တဲ့ အထိ ပါ။ ထိုသို့ ပို့ပြီးရောင်းချရတာကလည်း၊ အဆုံးစွန်သော စွန့်စားမှုပါ။ ၂၁ ရာစုအစောပိုင်းမှာတော့ လျှပ်စစ်ဓာတ်ဟာ တိုင်းပြည်ရဲ့ အများဆုံး ပို့ကုန်ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘူမိဗေဒတိုင်းတွာလေ့လာရေးတွေ လုပ်တော့ ဘူတန်မှာ အဖိုးတန် သတ္တုတွေ စုပုံနေတာ တွေ့လာရတယ်။ ဒါပေမယ့် မိုင်းတွင်းလုပ်ငန်းတွေဟာ စီးပွားရေးအရတော့ အတော်နေးကွေးနေရဲ့။ ကယ်လစီယမ်ကာဗိုက် (Ca carbide) ကတော့ တိုင်းပြည်ရဲ့ အဓိက ပို့ကုန်ပေါ့။ ထုံးကျောက်၊ ဒိုလိုမိုက်(dolomite)၊ ဂျစ်ပဆင်၊ ကျောက်မီးသွေး၊ စကျင်၊ (Quartzite)နဲ့ ကိုယ်လိမ်းပေါင်ဒါတို့ဟာ တိုင်းပြည်ရဲ့ မိုင်းတွင်းတွေက ထွက်တဲ့ မူရင်းအခြေခံ ထုတ်ကုန်တွေပါ။ အရေအတွက်နည်းနည်းသာ ထုတ်နိုင်တဲ့ သင်ပုန်းကျောက်၊ (beryl)၊ ဗဟန်းကျောက်နဲ့ ကျောက်မျက်ရတနာအမျိုးမျိုး၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ သံနဲ့ ငွေ စတဲ့ အခြားဓာတ်သတ္တုတွေလည်း ထွက်ပါတယ်။

ဘူတန်မှာ ကုန်ထုတ်လုပ်မှုတွေကို ၁၉၇၀ ခုနှစ်လောက်မှ စတင်လုပ်ခဲ့တယ်။ ၂၀ရာစုအစောပိုင်းမှာ ဘိလပ်မြေ ဓာတုပစ္စည်း၊ သစ်ထုတ်ကုန်များနဲ့ အစားအစာ စက်ရုံကြီး ၄ရုံရဲ့ ကုန်ထုတ်လုပ်ငန်းတွေ အပြိုင်းအရိုင်း မယုံနိုင်အောင် တိုးထွက်ဖွံ့ ဖြိုးလာခဲ့တယ်။ ဒီလို လျင်မြန်စွာကျယ်ပြန့် ဖြစ်ထွန်းလာမှုကြောင့် အခြားစက်ရုံတွေလည်း ပုဂ္ဂလိကပိုင်နဲ့ နိုင်ငံပိုင် ကဏ္ဍတွေမှာ များပြားကြီးမားစွာ ထူထောင်လာကြတယ်။ ဒါဟာ နိုင်ငံရေးအားလျှပ်စစ် စီမံချက်ကနေ လုံလောက်တဲ့ ဓာတ်အားပေးနိုင်ခဲ့လို့ပါ။ ဘူတန်ကုန်ထုတ်လုပ်မှု ဌာနအားလုံးနီးပါးဟာ အိန္ဒိယနယ်နိမိတ်နဲ့ နီးကပ်နေတဲ့ တောင်ပိုင်းဒေသမှာ တည်ရှိကြတယ်။ (Phuntsholing)ဟာ ဘူတန်ကုန်ထုတ်လုပ်မှုရဲ့ တစ်ဝက်နီးပါး အကြီးမားဆုံး စက်မှုဌာနပါ။

**စိုက်ပျိုးရေးနဲ့ သစ်တောဌာန**

၂၀ရာစုနှစ် နောက်ပိုင်းကာလတွေက စလို့ လယ်ယာစိုက်ပျိုးရေးနဲ့ သစ်တောလုပ်ငန်းတွေမှာ ပြောင်းလဲတိုးတက်ဖြစ်ထွန်းလာဖို့ ဘူတန်မှာ မိတ်ဆက်လာခဲ့လို့ စိုက်ပျိုးရေးထုတ်လုပ်မှုတွေလည်း တိုးတက်လာခဲ့တယ်။ သစ်သီးခြံအများအပြား ထူထောင်နိုင်ခဲ့တယ်။ သစ်သီးစိုက်ပျိုးမှုတစ်ခေတ်ထလာစေဖို့ ခြံသမားတွေကို သီးပင်ထောင်ပေါင်းများစွာ ဖြန့်ဝေပေးခဲ့တယ်။ အငယ်စား ရေသွယ်မြောင်းစီမံချက်လေးတွေလည်း အာရုံစိုက်ပြီး လုပ်ခဲ့တယ်။ ၂၀ရာစုအစောပိုင်းမှာတော့ နိုင်ငံရဲ့ နှစ်စဉ် ပြည်တွင်းထုတ်ကုန်နဲ့ဝန်ဆောင်မှု(Gross Domestic Product-GDP)နဲ့ အလုပ်သမားအဖွဲ့ရဲ့ ထိပ်ပိုင်း အလုပ်ရှင်များကို ဦးဆောင်ထောက်ပံ့ကူညီဖို့ အခန်းကဏ္ဍသာ ကျန်ပါတော့တယ်။

ယာသမားအများစုဟာ သေးငယ်တဲ့ တောင်စောင်းကုန်းဆင့်မြေလေးတွေမှာ သီးနှံပင်တွေ စိုက်စားကြတာ များတယ်။ ပြောင်း၊ အာလူး၊ ဆန်၊ ရှောက်-သံပရာ၊ ပန်းသီးနဲ့ အမျိုးအစားစုံလှတဲ့ ဟင်းခတ်အမွှေးအကြိုင်၊ ဇတိပ္ဖိုလ် ဇတိပ္ဖိုလ်ပွင့်နဲ့ ဖာလာတွေကို အဓိက စိုက်ကြတယ် ပြန့်ကျဲနေတဲ့ စားကျက်မြေတွေမှာ အားထားရတဲ့ နွား ဝက်နဲ့ မြင်းတွေကိုလည်း တိုးပွား မွေးမြူလာပါပြီ။

နိုင်ငံ့သုံးပုံ နှစ်ပုံဟာ တောတွေနဲ့ ဖုံးလွှမ်းနေတာမို့ ကျွန်းသစ်စိုက်ပျိုးထုတ်လုပ်ရေးကိုလည်း တိုင်းပြည် စီးပွားရေးမှာ အရေးပါတယ်ဆိုပြီး မကြာခင်က တိုးချဲ့ လုပ်ကိုင်လာကြတယ်။ လွှခွဲစက်တွေလည်း တိုင်းပြည်တစ်ဝှမ်း အများကြီး ထူထောင်လာတယ်။ သစ်တောထွက် စက်ရုံတွေ တိုးပွားလာတာနဲ့အမျှ တိုင်းပြည်ရဲ့ အဖိုးတန် သစ်တော ဖုံးလွှမ်းမှုကိုလည်း ဥပဒေရေးဆွဲပြီး ရည်ရွယ်ချက်ရှိရှိ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့တယ်။

**စီးပွားရေးနဲ့ ကုန်သွယ်ရေး**

၁၉၆၀ ခုနှစ်ထိ ဘူတန်မှာ ငွေကြေး မရှိသေးပါဘူး။ လူထုဟာ ကိုယ် မထုတ်လုပ်နိုင်တဲ့ ပစ္စည်းတွေကို ကုန်ချင်း ဖလှယ်ယူတဲ့ ဘာတာ(barter)စံနစ်နဲ့ လဲလှယ်ယူရတယ်။ ခုတော့ တိုင်းပြည်မှာ ငွေသား စီးပွားရေးဖြစ်တဲ့ တော်ဝင်ငွေကြေးလုပ်ပိုင်ခွင့်နဲ့ နိုင်ငံ့ငွေကြေး(The Ngultrum)ကို ထုတ်ဝေထားပါပြီ။ ပြည်တွင်းမှာ စီးပွားရေးဘဏ်အချို့ ရှိနေပြီး ဘဏ်အများစုဟာ အစိုးရ၊ အိန္ဒိယနဲ့ အခြား ကိုယ်ပိုင် စိတ်ဝင်စားသူတွေ အမျိုးမျိုးသော ပေါင်းစပ်မှုများနဲ့ ဖက်စပ် လုပ်ကြတာပါ။ စက်မှုနဲ့ စိုက်ပျိုးရေး ချေးငွေတွေကို သီးခြား အထူးကိုင်တဲ့ ဖွံ့ဖြိုးရေးဘဏ်ကို ၁၉၈၈ ခုမှာ စတင်ထူထောင်တယ်။ စတော့ငွေ လဲလှယ်ရေးကိုတော့ နိုင်ငံသားတွေကိုသာပဲ ဖွင့်လှစ်ပေးဖို့ သင်ဖုမှာ ၁၉၉၃ ခုက တည်ထောင်ပေးခဲ့တယ်။

ကုန်းပတ်လည်ဝိုင်းနေတဲ့ နိုင်ငံမို့ ကုန်သွယ်ရေးဘက် ကုန်သွယ်ဖို့နဲ့ ဖြတ်သန်းသွားလာဖို့မှာ အိန္ဒိယဟာ အထူး အရေးပါနေရဲ့။ အိန္ဒိယနဲ့ လွတ်လပ်စွာ ကုန်သွယ် လုပ်ရတယ်။ အိန္ဒိယဟာ ဘူတန်အတွက် စက်ပစ္စည်း သယ်ယူပို့ဆောင်ရေးပစ္စည်း၊ သတ္တုနဲ့ ရေနံထွက်ကုန် ဟင်းသီးဟင်းရွက်သီးနှံနဲ့ အခြား အစားအစာ၊ အဝတ်အထည် တွေကို အကြီးမားဆုံး တင်သွင်းရာ ပင်ရင်းဌာနကြီး သလို ဘူတန်ထုတ်ကုန်များကိုလည်း လက်သင့်ခံတယ်



www.burmeseclassic.com

www.burmeseclassic.com


စ်မာတ်ဟာ တိုင်းပြည်ရဲ့ အဓိက ပို့ကုန်ပါ။ သူ့နောက် ကတော့ ကြေးနန်းကြိုး၊ ကြေးနီကြိုးတွေ၊ ကယ်လစီယမ် ကိုက်၊ သတ္တုအလွှိုင်း၊ ဘိလပ်မြေနဲ့ ပေါ်လီအက်စတာ မျှင်တွေ ရှိတယ်။ ဒါ့ပြင် 'Cardamom'နဲ့ ဟင်းခတ် အကြိုင်တွေ၊ ဂျစ်ပဆင်၊ သစ်နဲ့ လက်မှုထည်တွေလည်း ည်းအကျဉ်း တင်ပို့ကြတယ်။

အာရှမှာ အခြား ဒုတိယဆင့် ကုန်သွယ်ဘက်တွေက ယန်၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်နဲ့ စင်္ကာပူတို့ပါ။ ခုမှာ ဘူတန်ဟာ အာရှတောင်ပိုင်း၊ ဒေသတွင်း ရေးအဖွဲ့ဝင်ဖြစ်လာပြီး တောင်အာရှ လွတ်လပ်သော သွယ်မှု သဘောတူညီချက်နဲ့လည်း ဆက်သွယ်မှု ရှိ တယ်။

## ဆောင်မှုနဲ့ လုပ်အား

၁၉၇၀ခုနှစ်လယ်လောက်က စလို့ ခရီးသွားလုပ်ငန်း ကို အစိုးရ အနီးကပ်ကြီးကြပ် ထိန်းကွပ်ပြီး အကန့် တ်နဲ့ ခွင့်ပြုခဲ့လို့ စတင်ဖွံ့ဖြိုးလာတယ်။ ၁၉၉၀ ခု ပိုင်းကတည်းက ခရီးသွားလုပ်ငန်းစက်ရုံတွေဟာ ကဖြစ်ပေမယ့်လည်း ခရီးသည်ဦးရေ၊ ခရီးသွားပုံ့ပိုးမှုနဲ့ ည် ဝင်ငွေတွေဟာ အလွန်မြင့်တက်လာတယ်။ ၂၁ အစောပိုင်းအထိ အစိုးရကြီးကြပ်မှု ရှိနေဆဲဖြစ်ပြီး၊ နေ့စဉ်ခရီးသည် အခွန်အခနဲ့ အဖိုးအခတွေဟာ တိုင်းပြည် စီးပွားထဲကို အသေအချာဝင်နေတာပါ။ ပညာရေးနဲ့ လူမှုရေး လုပ်ငန်းတွေမှာ အစိုးရရဲ့ အကုန်ကျခံ သုံးစွဲမှုနဲ့ မြို့ပြ ပြည်သူ့ဝန်ထမ်းနဲ့ ဘဏ္ဍာရေးတွေကိုလည်း ၂၀ရာစု နောက်ပိုင်းမှာ တိုးချဲ့နိုင်ခဲ့တယ်။ အခြေခံ ပြည်သူ့အုပ်ချုပ် ရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးနဲ့ စား သောက်ဆိုင်များမှာ ဝန်ဆောင်မှုကဏ္ဍ၊ လူထုသုံးစွဲမှုတွေမှာ ဘူတန်ရဲ့(GDP)ထက် သုံးပုံ တစ်ပုံ ပိုပြီးသုံးစွဲခဲ့တယ်။ ဒါပေ မယ့် ဒါဟာ နိုင်ငံ့လုပ်အားရဲ့ အနည်းငယ်မျှသော အစိတ် အပိုင်းကိုသာ ဖြစ်ပါတယ်။

၂၀ရာစုကုန်လောက်က စလို့ ကျောင်းအပ်တာတွေ များလာပြီး ပညာရေးတိုးတက်လာလို့ တိုင်းပြည်ရဲ့ စီးပွားရေး တိုးတက်မှုမှာ အကျိုးဖြစ်ထွန်းလာတယ်။ ဒါပေမယ့် သူတို့ ဟာ လုပ်အားမှာတော့ ကြီးမားတဲ့ မညီမမျှ တစ်ဖက်စောင်း နင်းဖြစ်ခဲ့ပြန်တယ်။ တစ်မျိုးတွေးကြည့်ရင် ကျောင်းသားတွေ ကို စိုက်ပျိုးအသက်မွေးမှုလုပ်ငန်းတွေကနေ ဆွဲထုတ်လိုက် သလိုဖြစ်နေရဲ့။ တစ်ဆက်တည်းပဲ ၂၁ရာစုအစပိုင်းမှာ တော နယ်ဘက်မှာ အတွေ့အကြုံရှိတဲ့ လုပ်သားတွေ ရှားပါးစ ပြုနေချိန်မှာ ဘူတန်ပညာတတ် လူငယ်တွေဟာ မြို့ပြတွေ မှာ အလုပ်ရှာဖို့ ခက်ခဲစွာ ရှန်းကန်ရတယ်။ ဒီချိန်မှာပဲ ဘူတန် လူငယ်များစွာကို ဆေးပညာ၊ အင်ဂျင်နီယာ၊ ပညာ





www.burmeseclassic.com

www.burmeseclassic.com

ရေးနဲ့ အခြား စီးပွားရေးကဏ္ဍနယ်မြေတွေမှာ တိုင်းပြည်ရဲ့ လိုအပ်ချက်တွေကို အချိန်တိုအတွင်း ဖြည့်နိုင်ဖို့ လုံလောက်တဲ့ လေ့ကျင့်မှုတွေ လုပ်ပေးခဲ့တယ်။

**လမ်းပန်းဆက်သွယ်ရေးနဲ့ ကြေးနန်းဆက်သွယ်ရေး**

အစိုးရဟာ စီမံကိန်းချပြီး၊ လမ်းပန်းနဲ့ ကြေးနန်း ဆက်သွယ်ရေးတိုးတက်မှုတွေလည်း လုပ်ခဲ့တယ်။ ၂၁ရာစု အစမှာတော့ ကဏ္ဍပေါင်းစုံကနေ နိုင်ငံရဲ့ (GDP)ကို ပံ့ပိုး ထောက်ပံ့လာတယ်။ သယ်ယူ ပို့ဆောင်ရေးတွေ တိုးတက် လာပြီး အကြမ်းဖျဉ်း မိုင် ၁၂၀ (ကီလိုမီတာ ၂၀၀) ရှည်တဲ့ အဝေးပြေးလမ်းမတွေကိုလည်း အိန္ဒိယနယ်စပ်မြို့ (Phuntsholing)ကနေ ဘူတန်ရဲ့ မြို့တော် သင်ဖုထိ ပြည် တွင်းလမ်း ကွန်ရက်တွေ တိုးချဲ့ဖောက်လုပ် ဖွင့်လှစ်ပေးခဲ့ တယ်။ အိန္ဒိယကနေ ဘူတန်နောက်ပိုင်း သင်ဖု၊ အဲဒီကမှ ပရိုထိ၊ ဘူတန်အလယ်ပိုင်းမှာ 'Tongsa' ထိ၊ အရှေ့ပိုင်းမှာ 'Tashigang' ထိ၊ တောင်ကုန်းတွေကို ဖြတ်ပြီး အဝေးပြေး လမ်းမကြီးတွေ ခက်ခဲစွာ ဖောက်လုပ်ပေးခဲ့တယ်။ အရှေ့ နဲ့ အနောက် အဓိက လမ်းမကြီးကိုလည်း အပြီးခင်းပေး တယ်။ ခရီးပေါက်လာလို့ အရင်က လားတွေနဲ့ ဖြေက် လောက် လာရတဲ့ လေထန်တဲ့ တောင်ပေါ် လမ်းတွေဟာ ခုတော့ ကားနဲ့ နာရီအနည်းငယ်သာ သွားရပါတော့တယ်။

ဘူတန်နိုင်ငံတကာ လေဆိပ်လည်း ပါရိုမှာ ရှိပြီး အဲဒီကနေ နိုင်ငံတကာ (Druk Air)က အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ထိုင်းနိုင်ငံတို့ကို ပြေးဆွဲတယ်။ အိန္ဒိယနဲ့ အဆက်အသွယ်တွေရပြီး အိန္ဒိယ အင်ဂျင်နီယာတွေက ဘူတန်ကို တယ်လီဖုန်းလိုင်း ဆက်သွယ်မှု၊ ငွေကြေးလဲလှယ် မှုနဲ့ အဓိက အုပ်ချုပ်ရေးဌာနတွေ ဖွင့်ဖို့ ကူညီကြတယ်။ ၁၉၉၉ခုမှာတော့ အစိုးရက ရုပ်မြင်သံကြားထုတ်လွှင့်မှု အကန့်အသတ်တွေကို လွှတ်ပေးခဲ့ပြီး ပြည်သူတွေကို အင်တာနက်ချိတ်ဆက်မှု တရားဝင် ခွင့်ပြုခဲ့တယ်။ သင်ဖုနား မှာ ဂြိုဟ်တုဆက်သွယ်ရေးစနစ်တွေပါ ထူထောင်ပေးနိုင်ခဲ့ တယ်။ ၁၉၇၀ ခုနှစ်တွေမှာ ကမ္ဘာလှည့် ခရီးသည်များကို တိုင်းပြည်အတွင်း ကန့်သတ်ဦးရေနဲ့ ဝင်ခွင့်ပြုခဲ့တယ်။

**ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ညီတဲ့ အောက်ခြေ အဆောက်အအုံ**

**( Constitutional framework )**

၁၉၅၀ခုနှစ်ထိ ဘူတန်ဟာ အပြည့်အဝ ဧကရာဇ်စနစ် နဲ့ပါ။ ဘုရင်က နိုင်ငံရဲ့ အာဏာပိုင်ဖြစ်ပြီး၊ သူဟာနက နဂိ အသွင်ဖြစ်ပါတယ်။ ၂၀ ရာစုခေတ်၊ ဒုတိယ နှစ်ဝက် တော့ ဘုရင်တွေကိုယ်တိုင် သူတို့ရဲ့ ဘုရင်စနစ်အုပ်ချုပ် အာဏာအခွင့်အရေးတွေကို တစ်စတစ်စ ရုပ်သိမ်းလာ တယ်။ တိုင်းပြည်ရဲ့ ပြန်လည်ဖွဲ့စည်းမှုတွေကို ၁၉၅၀ လောက်က စလို့ ဘုရင် (Jigme Dorji Wangchu (၁၉၅၂-၇၂ ခု)က အစပျိုးပေးခဲ့တယ်။ ၁၉၆၀ ခုနှစ် စပြီး လုံးဝ ဘုရင်စနစ်ကျင့်သုံးရာကနေ ပြောင်းလဲလာခဲ့ (၁၉၉၀ - ၂၀၀၈)ခုနှစ်များအတွင်းမှာတော့ ပါတီစုံ ပါလီ ဒီမိုကရေစီအုပ်ချုပ်ပုံစနစ်ကို ဦးတည်ခဲ့တယ်။ ၂၀၀၈ခု တော့ ၁၉၀၇ခုနှစ်က စတင် ထူထောင်ခဲ့တဲ့ နန်းဆက် ပဉ္စမမြောက်ဘုရင်(Jigme Khesar Namgyal Wangchu ဟာ အုပ်ချုပ်မှုအာဏာကို လူအများကြိုက်လို့ ရွေးချယ်ခဲ ပါတီစုံနဲ့ လွှတ်တော်နစ်ရပ် အုပ်ချုပ်မှုအောက် အပြည့်အ လွှဲအပ်ခဲ့တယ်။ အဲဒီချိန်မှာ ဘုရင်ဟာ နိုင်ငံရဲ့ မည်ကာမ ခေါင်းဆောင်သာ ဖြစ်သွားတယ်။ ဥပဒေအရ မဲအများစုရ ပါတီရဲ့ ခေါင်းဆောင် ဝန်ကြီးချုပ်သာ တကယ့်အစိုးရအ ခေါင်းဆောင်ပါ။

သမိုင်းတစ်လျှောက် သက်ဦးဆံပိုင် ဘုရင်စန အုပ်ချုပ်ခဲ့လို့ ကိုဓ(Codes) စည်းမျဉ်းဥပဒေ၊ တရား ပြည်သူ့စီမံ အုပ်ချုပ်ရေးတွေ မရှိခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် တတိ နန်းဆက်ဘုရင် (Dorji)လက်ထက်မှာ အဓိက အပြော အလဲဖြစ်လာခဲ့ပြီး၊ နိုင်ငံတော်အစိုးရအဖွဲ့ကို ပြန်လည် ဖွဲ့ တယ်။ ဟိုးတုန်းက သူတစ်ပါးတည်းရဲ့ အုပ်ချုပ်ရေးတာဝ ခွဲဝေထမ်းဆောင်စေခဲ့တယ်။ ၁၉၅၃ ခုမှာတော့ ဘုရ အစပြု ဦးဆောင်မှုနဲ့ အမျိုးသားစုစည်းမှု(The Tshogdu ထူထောင်ခဲ့တယ်။ အဲဒီမှာ ကျေးရွာသူကြီး (သို့) ဘု (သို့) နိုင်ငံ့တရားဝင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများအဖွဲ့ ရွေးချယ်ပေးတဲ့ အဖွဲ့ဝင် ၁၅၁ ယောက် ပါဝင်တယ်။ ( Tshogdu)ဟာ တစ်နှစ်မှာ နှစ်ကြိမ်တွေ့ဆုံကြပြီး ဥပဒေ ပြု၊ ဥပဒေတွေကို ဘုရင့်သဘောတူညီချက်နဲ့ ထုတ်ပြန် တယ်။

တော်ဝင် အကြံပေး ကောင်စီကို ၁၉၆၅ခုမှာ ထူ ထော ဘုရင့်နဲ့ ဝန်ကြီးတွေကို အကြံဉာဏ်ပေးစေ တ မေးခွန်းတွေ ဆင့်ပြီး အစိုးရစီမံကိန်းနဲ့ ပေါ်လစီ ပြီးစီးအောင်မြင်အောင် အကြံတွေ ပေးကြတယ်။ အစိုးရ အမျိုးမျိုးက ဌာနမှူးတွေ ပေါင်းစုပါဝင်တဲ့ ဝန်ကြီးမ ကို ၁၉၆၈ ခုမှာ ဖွဲ့စည်းတယ်။ ဝန်ကြီးတွေကို ဘုရင်



www.burmeseclassic.com


www.burmeseclassic.com



လွယ်မယ်ဆုတောင်းပြည့်ဘုရားကြီး
အောင်ပန်းမြို့ ရှမ်းပြည်နယ်တောင်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com



# ကောင်းသော နိမိတ်ခေတောင် လွယ်မယ်တောင်

## ဂူဂျာသယ ဓဟိဒ္ဓိဝေ

■ ပေဒသုတေသီ ဆရာမျိုး ■


### လွယ်မယ်တောင် ပထမနေ့

ကျွန်ုပ်သည် တစ်နေ့သ၌ ရှမ်းပြည်တောင်ပိုင်း အောင်ပန်းမြို့တွင် ရှိသော မိတ်ဆွေတစ်ဦးဖြစ်သူ မြန်မာ့ရိုးရာဗိသုကာပညာရှင် ကိုစိုးမိုးထံသို့ အလည်အပတ်ရောက်ရှိခဲ့လေ၏။ ကိုစိုးမိုးမှ ကျွန်ုပ်အား အောင်ပန်းဘူတာဘက်၏ အထက်ဘက် တောင်တန်းပေါ်တွင် ရှိသော အောင်ပန်းမြို့၏ ကျက်သရေဆောင် တန်ခိုးကြီး ဘုရားကြီးတစ်ဆူဖြစ်ပေသော လွယ်မယ် ဆုတောင်းပြည့်ဘုရားကြီးသို့ ဓမ္မဒါန ပို့ဆောင်ပေးခဲ့လေ၏။

“ဒီဘုရားရုပ်ပွားတော်ပုံစံကို ကျွန်တော်တို့ ပညာရှင်အသုံးအနှုန်းအနေနဲ့ကတော့ မျက်မှောင်ချိုးလို့ ခေါ်တယ် ဆရာ။ မင်းကိုးကွယ်တဲ့ ဘုရားဟန်ပန်ပေါ့။ အင်္ဂတေမပါဘဲ ထုတဲ့ ထောင်းသရိုးနည်းပညာဖြစ်ပြီးတော့ တောင်ပေါ်သား လက်ရာဖြစ်ပါတယ်။ နောက်ခံ တံကဲကတော့ ဘီလင်မြ

www.burmeseclassic.com

တဲ့ မှုရင်းလက်ရာပါပဲ။ သက်နုံးတော်၊ လက်တော်၊ နဖူး
နားတော်တွေကလည်း မူရင်း ရှေးရိုးလက်ရာပါပဲ
မျက်နှာတော်ကိုတော့ အနည်းငယ် ပြုပြင်ထားပါ
မကိုဋ်တော်က မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါး
ရည်ညွှန်းဖော်ကြူးထားတာပါ။ ဦးခေါင်းတော်အထွင့်က
ကန်တော့ ကိလေသာနွံမှ ရုန်းလွတ် ထမြောက်သော
ပုံသဏ္ဌာန်ကို ဖော်ဆောင်ပြီးတော့ "မကုဋ" လို့ ခေါ်ပါတယ်။
နှာတော် အနည်းငယ်ပြုပြင်ထားတာမို့လို့ မူရင်းနှုတ်ခမ်း
ပုံစံ ပျက်စီးသွားပေမယ်လို့ ယောက်ျားကောင်းတို့ရဲ့



သော နှုတ်ခမ်းတော် ပါရှိပါတယ်။ ခေတ်ကို ခန့်မှန်း
ယ်ဆိုရင်တော့ ဝေသာလီခေတ်က ဟန်ပန်တော်ပဲ ဖြစ်
တယ်"

စာရေးသူတို့သည် ဘုရားဖူးပြီးနောက် လွယ်မယ်ဆရာ
တော်ကြီးအား သွားရောက်ဖူးမြော်ကြပါလေ၏။ လွယ်မယ်
ဆရာတော်ကြီးမှာ သာသနဓဇ တက္ကသီလ(B.A), မဟာ
စရိယ(M.A) ဘဒ္ဒန္တကုသရိယ သက်တော် ၄၉နှစ်၊
တော် ၂၉ဝါ ဖြစ်ပါသည်။ လွယ်မယ်ကျောင်း ပရိယတ္တိ
သင်တိုက် ဝတ္တကမြေရိယာမှာ ၄၄ဧကကျော် ဖြစ်ပါ
သည်။ ၁၉၀၁ ခုနှစ်၊ အင်္ဂလိပ်မင်းလက်ထက် မှတ်တမ်းအရ
ဖြစ်ပြီး မြစေတီဘုရားဒါယိကာမကြီး ဒေါ်နန်းစောမြတ်

မာ(ရွှေနိုင်ငံ)က နောက်ထပ် (၂·၃၃)ဧကရှိ သစ်တော်၊
မက်မွန်၊ မက်မန်းခြံတို့ကို ထပ်မံလှူဒါန်းခဲ့သောကြောင့်
(၄၄·၃၃)ဧကဖြစ်သွားကြောင်းဖြင့် ဆရာတော်မှ ရှင်းလင်း
မိန့်ကြားပါသည်။ လွယ်မယ်တောင်ဟူသည် "ကားလုပ်ငန်း
ကြန့်ကြာမှု၊ စီးပွားရေးအခက်အခဲများကို လွယ်သွားစေရမယ်"
ဟူ၍ ကောင်းသော နိမိတ်အဓိပ္ပာယ်ကို ဖော်ဆောင်နေ
ကြောင်း ဆရာတော်ကြီးမှ ထပ်ဆင့် ရှင်းလင်းမိန့်ကြားပါ
သည်။ ဆက်လက်၍ ဆရာတော်ကြီး၏ စံကျောင်းတော်
ဘုရားခန်းတွင် အပူဇော်ခံထားရှိသော ဓမ္မဝိဟာရ ဆင်းတု
တော်ကို ထပ်ဆင့်လေ့လာ ဖူးမြော်ကြ၍ ကိုစိုးမိုးမှ ပညာရှင်
ရှုထောင့်မှ ရှင်းလင်းပြောပြပါသည်။

"ဒီကျောင်းဟာ တရားဓမ္မနဲ့ ပြည့်စုံကြွယ်ဝတဲ့ ပန်း
တောင်းဆရာတော်ကြီးအတွက် ရည်ရွယ်ပြီး ဆောက်တာမို့
လို့ ဓမ္မဝိဟာရလို့ မှည့်ခေါ်ခြင်းဖြစ်ပါတယ်။ ဒီ ဓမ္မဝိဟာရ
ရုပ်ပွားတော်ဟန်ပန်ကို ကျွန်တော်တို့ ပညာရှင်အသုံးအနှုန်း
ကတော့ နှာသီးချိုလို့ ခေါ်ပါတယ်။ သူဌေးသူကြွယ်
ကိုးကွယ်တဲ့ ဟန်ပန်ဖြစ်ပါတယ်။ ဆရာတို့ ရန်ကုန်က
မဟာသွန်သာရ ရုပ်ပွားတော်နဲ့ ပုံစံတူပါတယ်။ ဒီဘုရားကို
ချမ်းသာကြွယ်ဝကြစေရန် ရည်ရွယ်ချက်နဲ့ တည်ဆောက်ခဲ့
တာပါ။ သစ်သားဆင်းတုတော်ဖြစ်ပြီးတော့ ပလ္လင်ကြာဆူး



www.burmeseclassic.com

www.burmeseclassic.com



များ အချိုးတူပုံစံဖြစ်သော ဗိသုကာလက်ရာပါ။ ရှေးပန်းပေါင်း ယွန်းသရိုးလက်ရာလည်း ဖြစ်ပါတယ်။ လက်လေးသစ်ရှိသော ဆံတော်အကျယ်အဝန်းဟာ ဘုရားတစ်ဆူရဲ့ ရှိသင့်ရှိအပ်တဲ့ အချိုးကျပုံစံပါ။ ဆံတော်က ဆံပင်အစုပုံစံတော်ဖြစ်ပါတယ်။ ထူးခြားချက်က ဒီဘုရားတစ်ဆူတည်းကို ဗိသုကာရယ်၊ ယွန်းသရိုးပညာရယ်၊ သစ်သား ပန်းပုပညာရယ်လို့ ပညာသုံးမျိုးပေါင်းစပ် သွန်းထုထားတာပါ။

အလှူရှင်ကမ္ပည်းတွင် "ကိုကြည်လင်း (ခ) ကိုလုံး+မဆင့်ဆင့်မော် မိသားစုကောင်းမှု"ဟူ၍ ပါရှိပါသည်။ ဘုရားခန်းကို အင်မတန် လှပတင့်တယ်သော နဂါးရုပ်များနှင့်အတူ ပန်းကနုတ်လက်ရာများကို အသေးစိတ် ဖော်ကြူးထားပေသည်။ ဆရာတော်ကြီးမှ ဆက်လက်အမိန့်ရှိသည်မှာ . . .

"ကျွန်ုပ်ရဲ့ အထက်မူလ ရှေးဆရာတော်ကြီးတွေက ဒီတောင်မှာ နဂါးစောင့်ရှောက်တယ်လို့ မိန့်ဖူးပါတယ်။ အရင်မူလ ဒီဘုရားကုန်းနေရာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ခန့်က ဖြစ်ပြီးတော့ ဒီကျောင်းရဲ့ သက်တမ်းကတော့ နှစ် ၂၀၀ဖြစ်ပါတယ်။ ဒီကျောင်းမြေဂရမ်ကို အင်္ဂလိပ်အစိုးရက ချပေးခဲ့တာပါ။ ဘုရားခေါင်းလောင်း ကမ္ပည်းစာမှာ ၁၂၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၅ရက်လို့ ပါရှိတဲ့အတွက် ဒီခေါင်းလောင်း သက်တမ်းကပဲ နှစ် ၁၀၀ ပြည့်ပါပြီ။ ဒီတောင်နဲ့ ပတ်သက်လို့ နောက်ထပ် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်မျိုးကတော့ လွယ် ဆိုတာက တောင်၊ မယ်ဆိုတာက အမေ၊ အဲဒီတော့ လွယ်မယ်တောင်ဆိုတာဟာ "အမေရဲ့ တောင်"လို့ အဓိပ္ပ ရပါတယ်"

ထို့နောက် ညနေစောင်းပြီဖြစ်သဖြင့် စာရေးသူတို့ နှုတ်ဆက် ကန်တော့ရင်း ဘုရားသမိုင်းရေးသားပြုစုနိုင် နောက်တစ်ခေါက် ထပ်မံလာရောက်ပါမည့်အကြော လျှောက်ထားတောင်ပန်ရင်း ပြန်လာခဲ့ကြပါသည်။

*** အတိတ်သမိုင်းကြောင်း**

အလောင်းစည်သူမင်းကြီးသည် သားတော် န စည်သူ၊ သမီးတော် စန္ဒာဒေဝီမင်းသမီးတို့နှင့်အတူ မ မတ်ရာ သေနာပတိတို့ဖြင့် တိုင်းခန်းလှည့်လည်ခဲ့စဉ်အ ရှမ်းပြည်တောင်ပိုင်း၊ ကျောက်စကောတောင်ပေါ်သို့ ရော ပြီး ခေတ္တ စံနေတော်မူစဉ် မြကိုးလုံးနှင့် ကျောက်သံ ပ တို့ဖြင့် ဓာတ်တော်မွေတော်တို့ကို ဌာပနာ၍ "ဇကျောက် စေတီ"ဟူ၍ ကမ္ပည်းကျောက်စာရေးထိုး တည်ထားကိုး ခဲ့ပါသည်။ ယင်းစေတီကြီး တည်ထားကိုးကွယ်ခဲ့သည် အောင်ပန်းဆင်နိုင်ခဲ့သဖြင့် "အောင်ပန်းမြို့"ဟု မှတ် အမည်တော်ပေးခဲ့ပါသည်။

ထိုကဲ့သို့ ကျောက်စကောတောင်ပေါ်၌ ခေတ္တ သ သုံး စံမြန်းစဉ် သားတော်၊ သမီးတော်တို့နှင့်အတူ ပွ တည်ကြခိုက် သမီးတော်ကလေးမှာ ငါးအရိုးစူး



www.burmeseclassic.com

www.burmeseclassic.com

သည် နတ်မရဘဲ သမီးတော်ကလေးမှာလည်း ၇နှစ် အရွယ် ငယ်ရွယ်သည့်အတွက် ဒဏ်မခံနိုင်ရှာဘဲ ကံ ကုန်ခဲ့ရပေသည်။ ဤသို့ဖြင့် အလောင်းစည်သူမင်းကြီး သမီးတော်ကလေးကို ကျောက်စကောတောင်၌ ထားရစ်၍ ပြန်လည်ထွက်ခွာရန် ပြင်ဆင်လေရာ တုန်းက သမီးတော်ကလေး ပါရှိခဲ့ပြီး အပြန်ခရီးတွင် တော်ကလေး ကျန်ရှိခဲ့ပေရာ သမီးတော်ကလေးအား ဓွတ် သတိရသော ဝေဒနာတစ်ရပ် ခံစားရပေ၏။ ပါ ဝေဒနာအား သက်သာပျောက်ကင်းစိမ့်သောငှာ က် တောင်တန်းပေါ်တွင် စေတီတစ်ဆူတည်ထားကိုး ပြီးလျှင် အဆိုပါ တောင်တန်းအား "လွမ်းတယ်တောင်" ၍ ကမ္ပည်းထိုး မှည့်ခေါ်ခဲ့ရာမှ ကာလရွေ့လျား၍ "လွမ်း တောင်"ဟူ၍ အမည်တွင်ရစ်ကြောင်း အဆိုရှိပေသည်။

နောက်ထပ် အဆိုတစ်ရပ်မှာ အလောင်းစည်သူမင်း သည် ကျောက်စကောတောင်တွင် ကံတော်ကုန်ခဲ့သော တော်ကလေးအား "လွယ်တယ်တောင်"သိုက်နန်းဖြင့် အပိုင်စားပေးသနားခဲ့ရာမှ သိုက်ချုပ်မယ်တော်အဖြစ် ရစ်ပြီးလျှင် သိုက်ချုပ်မယ်တော်ကို အစွဲပြု၍ တိုင်းရင်း ဘာသာစကားဖြင့် တောင်ကို လွယ်၊ မိခင်အမေကို ဟူ၍ ခေါ်ဝေါ်သည်ဖြစ်ရာ "လွယ်မယ်တောင်"(အမေရဲ့ င်)ဟူ၍ ဖြစ်ပေါ်လာရပေသည်။

ထိုမှတစ်ဖန် လွယ်မယ်တောင်စေတီတော်ကို နောက် မင်းအဆက်ဆက်မှ ထိန်းသိမ်းပြုပြင်လာခဲ့ကြရာမှ ပဒေသရာဇ် ခေတ် ကွယ်ပျောက်၍ နယ်ချဲ့ အရင်းရှင်ခေတ်သို့ ရောက်ရှိ ခဲ့လေ၏။ တိုင်းရေးပြည်ရေးများမှာ မတည်မငြိမ်ခဲ့ပါလေသော ကြောင့် လွယ်မယ်တောင်တန်းပေါ်တွင် သာသနာထိန်းသိမ်း စောင့်ရှောက်မည့် ကျောင်းထိုင်ဘုန်းကြီးများ မတည်မြဲခဲ့ပါ ပေ။ ဂျပန်ခေတ်နောက်ပိုင်းမှ စ၍ ကျောင်းထိုင် တည်မြဲခဲ့ ရပေသည်။ လက်လှမ်းမီသရွေ့ လွယ်မယ်တောင်ပေါ်တွင် သီတင်းသုံးခဲ့ကြသော ဆရာတော်အစဉ်အဆက်ကို ဖော်ပြ ပေးရသည်ရှိသော်...

(၁) ၁၃၀၀ခုနှစ်တွင် ပျံလွန်တော်မူသော ဆရာတော် ဦးပုည။

(၂) ငုံးသုံကျောင်းမှ ပြောင်းလာသော ဘုန်းကြီးဘို။

(၃) ကုန်းနီကျောင်းမှ ကြွလာသော ဘုန်းကြီးစံ။


(၄) သာမိုင်းခမ်းမှ ကြွလာသော ဘုန်းကြီးလှ။

(၅) မြို့ဟောင်းမှ ကြွလာသော ဘုန်းကြီးကျော်။

(၆) ပဲနွယ်ကုန်းမှ ကြွလာသော ဘုန်းကြီးပြည့်။

(၇) ၁၃၃၃ခုနှစ်၊ ဝါခေါင်လဆန်း ၃ရက်နေ့တွင် ပျံလွန်တော်မူသော ဆရာတော် ဦးပညာ။

(၈) ၁၃၇၀ ခုနှစ်၊ ကဆုန်လဆုတ် ၁၃ရက်နေ့တွင် ပျံလွန်တော်မူသော ဦးသာသန (ပန်းတောင်း





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ ဟူ)။

(၉) ၁၃၇၀ခုနှစ်မှ ယနေ့ထိ ဆရာတော် ဘဒ္ဒန္တ ဣဿရိယ


ဆရာတော် ဦးသာသနလက်ထက်တွင် ဦးလေးဖြစ်သူ ပန်းတောင်းဆရာတော် ကြွရောက်လာပြီးလျှင် လွှယ်မယ်တောင်ပေါ်တွင် စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန် ဝေဝေဆာဆာနှင့် စည်ပင်တိုးပွားလာခဲ့ပါသည်။

**လွှယ်မယ်တောင်ကို လေ့လာခြင်း ဒုတိယနေ့**

ကျွန်ုပ်သည် နောက်တစ်နေ့နံနက်တွင် ရွှေနိုင်ငံ ဒေါ်နန်းစောမြတ်မာနှင့် သွားရောက်တွေ့ဆုံ၍ ဆွေးနွေးတိုင်ပင်ဖြစ်ကြပါလေ၏။ ထို့နောက်တွင်မှ ဒေါ်နန်းစောမြတ်မာ ညွှန်ပြသော သူမ၏ ဆိုင်အရှေ့ တစ်ဖက်လမ်းမှတစ်ဆင့် ရပ်ကွက်အတွင်းကို ဖြတ်၍ သံလမ်းကို ကျော်လျှင် လွှမ်းမယ်ဘုရားတောင်မြောက်ဘက် စောင်းတန်းသို့ တစ်ခဏအတွင်း ရောက်ရှိခဲ့ပါလေ၏။ စောင်းတန်းအဝတွင် ရပ်တော်မူ ရုပ်ပွားတော်တစ်ဆူကို ဘေးတိုက် ဖူးမြော်နိုင်ပြီး အထက်တွင်း ဘုံခုနစ်ဆင့် ပြာသာဒ်နှင့် စေတီတော် စံမြန်းပုံမှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးလျှင် ဘုရားဖူးလာရောက်သည့် ပရိသတ်၏ ရင်ကို ရွှင်လန်းချမ်းမြေ့စေပါလေ၏။ ရုပ်ပွားတော်ကြီး၏ ဘွဲ့တော်မှာ "ချမ်းသာကြီးဘုရား" ဟူ၍ ကမ္ပည်းတွင်ရစ်ပြီးလျှင် မိဘများအား ရည်စူး ဦးထင်ဟာင်း + ဒေါ်ညွှန့်မြိုင်(ပဒုမ္မာ စားမြိန်ရိပ်သာ)မိသား ကောင်းမှုဖြစ်ပါပေ၏။ မျက်နှာကြက်အလှူရှင် ဒါယကာ စေတနာ ကြံတိုင်းအောင် ပို့ဆောင်ရေးဂိတ်မှ ဦးဘိုသန် ဒေါ်လှရင်နှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်နောက်လိုက်များ ဖြစ်ပါ ၏။ ဘုရားကြီးမှာ ကြာပလ္လင်ပေါ်တွင် ရပ်တော်မူလျက် တ ဆွေးနွေးဟန်ဖြစ်ပြီးလျှင် ညာဏ်တော်မြင့်မားလှသဖြင့် ဆောင်းနေရာကျဉ်းကျဉ်း၌ တစ်ဆူလုံးအပြည့် ပူဇော်နိုင် ရန် မနည်းဖွန်တီး မှတ်တမ်းရယူရပါလေ၏။ ချမ်းသာ ဘုရားမှ အထက်သို့ လှေကားထစ်ပေါင်း (၁၈၆)ထစ် ဖြတ်သန်းပြီးသကာလ တောင်ထိပ်သို့ ရောက်ရှိပါလေ လမ်းတစ်လျှောက်လုံးတွင် လှေကားထစ်တိုင်း၌ နား နေနေတက်ရောက်နိုင်ရန် ခုံတန်းများအပြည့်စီစဉ်ထား စိတ်ကူးစိတ်သန်းမှာ အံ့ဖွယ် သဒ္ဓါတရားပင် ဖြစ်ပါလေ အသက်အရွယ်ကြီးရင့်သော ပုဂ္ဂိုလ်များအတွက် တဖြ ဖြည်းချင်း တက်နိုင်ပါသည်။

တောင်ထိပ်ရှိ ခုံတန်းရှည်ပေါ်တွင် ဆရာတော်ကြီး ထိုင်လျက် အလုပ်သမားများကို ကြီးကြပ် ညွှန်ကြားရင်း စာရေးသူအား စောင့်ကြိုနေပါလေ၏။

"လာ··· စာရေးဆရာ ဒကာကြီး၊ ကျုပ်ဆောင် ပြီးပြီလား"






www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက် မမြန်ပါဘူး ဘုန်းဘုန်း။ ဖြည်းဖြည်းနဲ့ [illegible]န်လေ့လာပြီးမှ စနစ်တကျ ပြုစုရပါလိမ့်မယ်။ ပထမအဆင့်က မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူရပါမယ်။ ဒုတိယအဆင့်က ကမ္ပည်းမှတ်တမ်းတွေ ရေးထိုးရပါမယ်။ တတိယအဆင့်က အလှူရှင်စာရင်းတွေ ကူးယူရပါမယ်။ စတုတ္ထအဆင့်က ဘုရားသမိုင်းနဲ့ ပတ်သက်ပြီး တတ်ကျွမ်းနားလည်တဲ့ တာဝန်ရှိသူတွေနဲ့ တိုင်ပင်ဆွေးနွေးရပါမယ်။ ပဉ္စမအဆင့်က စာမူကြမ်းကို စတင်ပြုစုရပါမယ်။ ဆဋ္ဌမအဆင့်က ပြုစုပြီးတဲ့ စာမူကြမ်းကို တာဝန်ရှိသူတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး အတည်ပြုချက် ရယူကာ ပြင်ဆင် တည်းဖြတ်ရပါမယ်။ သတ္တမအဆင့်ကျမှ တည်းဖြတ်ပြီးသား စာမူကြမ်းကို ကွန်ပျူတာနဲ့ စာချောအသွင် ကူးပြောင်းရပါမယ်။ အဲဒီကမှ စီဒီသွင်းပြီး မဂ္ဂဇင်းစာမျက်နှာပေါ် တင်သွင်းနိုင်ဖို့ရာ အယ်ဒီတာအဖွဲ့ကို အပ်ရပါမယ်။ အယ်ဒီတာအဖွဲ့က လက်ခံ သဘောတူရွေးချယ်လိုက်ပြီဆိုတော့မှ နောက်ထပ် လိုအပ်သလို အချောသတ် ပြင်ဆင် တည်းဖြတ်ပြီး ဓာတ်ပုံနဲ့ စာသားများကို ဖလင်အသွင်ခွဲလို့ စာဖောင်ဖွဲ့ကာ စာအုပ်အသွင်ကူးပြောင်းရပါမယ်။ အားလုံး အဆင့်ကိုးဆင့်ပါဝင်ပါတယ် ဘုရား"



"ြော်... ဒကာကြီးတို့လုပ်ငန်းက မလွယ်ပေဘူးဘဲ။ တော်တော်တာဝန်ကြီးသနော်"


"မှန်ပါတယ် ဘုရား။ စာဖတ်သူတွေကို ဗဟုသုတပေးတဲ့ နေရာမှာ အမှားအယွင်းမရှိရလေအောင် အသေးစိတ်လေ့လာစိစစ်ပြီးမှ အဆင့်ဆင့်ဆုံးဖြတ် သုံးသပ်ပြီး ရေးသားရပါတယ်။ ဘုရားတပည့်တော်တို့ စာနယ်ဇင်း ပညာရှင်တွေဆိုတာ ဘုရားသမိုင်းတစ်ပုဒ်ကို ဖော်ပြတဲ့ နေရာမှာ အများ




www.burmeseclassic.com

www.burmeseclassic.com







ဗဟုသုတရရှိအောင် ကြည်ညိုသဒ္ဓါပွားများအောင် လှူဒါန်းချင်တဲ့ စိတ်ဆန္ဒဖြစ်ပေါ်လာအောင် သမိုင်းအမှားအယွင်း မရှိရလေအောင် အထူးသတိထားပြီး ရေးသားဖော်ထုတ်ရတဲ့အတွက် အင်မတန်မှ တာဝန်ကြီးပါတယ် ဘုရား။ ကိုယ်ရေးသားပူဇော် ကုသိုလ်ယူချင်တဲ့ ဘုရားသမိုင်းကို တိကျမှန်ကန်စွာ ရရှိဖို့အတွက် အခုလို ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာပြီး သက်ဆိုင်ရာ ဘုရားစေတီတွေကို အသေးစိတ် မှတ်တမ်းတင်ရပါတယ် ဘုရား။ အမှားအယွင်းတစ်စုံတစ်ရာရှိခဲ့ရင် ဘာသာရေးဆောင်းပါးဖြစ်တဲ့အတွက် ကုသိုလ်မရ၊ ငရဲရတဲ့အဖြစ်မျိုး ကြုံနိုင်တဲ့အတွက် အထူးသတိထားရပါတယ် ဘုရား"

"အေးအေး၊ သာဓု…သာဓု…သာဓု…၊ ဒကာကြီးရဲ့ စေတနာ၊ ဝါသနာနဲ့ အနစ်နာ၊ ငွေလုံ့လ ဝီရိယကို
ဘုန်းဘုန်း ချီးကျူးပါတယ် ဒကာကြီးရယ်"

"တင်ပါ့၊ ဝမ်းမြောက်လှပါတယ် ဆရာတော်ဘုရ
တပည့်တော်ကို လွှယ်မယ်တောင် ပရဝုဏ်တစ်ခုလုံး
အသေးစိတ်လေ့လာ မှတ်တမ်းတင်ခွင့် ပြုတော်မူပါ ဘုရား"

"ကောင်းပါပြီ ဒကာကြီး စိတ်တိုင်းကျသာ ဆောင်ရွ
ပါ။ အဖော်အဖြစ် ကပ္ပိယ ကိုမြတ်ကျော်ကို ထည့်လိုက်
မယ်။ ကိုမြတ်ကျော်ရေ…ဒီက စာရေးဆရာကြီးကို ထ
တောင်လုံး အသေးစိတ် လိုက်ပြပေးလိုက်ပါကွယ်"


"မှန်ပါ့ ဘုရား"

"အေးအေး၊ ညှေ့သည်ကို ထမင်းချိန်ကျရင်
ကျွေးနော်။ လစ်ဟာမှု မရှိစေနဲ့ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ ဘုရား"

- **ဘုရားပရိဝုဏ်**

"ဆရာ…ဒီတောင်ကနေ ရိုက်ရင် စေတီလေးဆူလုံး သိမ့်မယ်"

နောက်ဘက်အစွန်းတွင် "ပြည်လုံးချမ်းသာ ဆုတောင်း စေတီကို ဖခမည်းတော် ဦးပေစူး + မယ်တော်(ဒေါ်တီ) တို့အား အမှူးထား၍ ပဓာန နာယက ဘဒ္ဒန္တ သာသနဆရာ တော်ကြီးမှ သာသနာသက္ကရာဇ် ၂၅၄၃ခု၊ ကောဇာသက္ကရာဇ် ၁ခုနှစ်တွင် လှူဒါန်းပါသည်။ အလယ်မှာ ပင်မ "လွှယ် မယ်တောင် ဆုတောင်းပြည့်စေတီတော်"ဖြစ်ပါသည်။ လက်ဝဲ ဘက် စေတီလုံးမှာ ဘွဲ့တော် မသိရပေ။ အတွင်းဘက် ရုံခံတွင် နဂါးသုံးကောင်ရံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ စံပယ် သည်။ အလှူရှင်မှာ သာသနာသက္ကရာဇ် ၂၅၄၃ ခု ကောဇာ သက္ကရာဇ် ၁၃၆၁၊ ခရစ် ၁၉၉၉ ခုနှစ်တွင် ဘုရားကိုယ်စား တော်နှင့် မုခ်ဦး ဒါယကာအဖြစ် မိုးကောင်းရပ်ကွက်မှ ဦးစိုင်းသန်းထွန်း + ဒေါ်နန်းချစ်စိန် မိသားစုကောင်းမှုဖြစ်ပါ သည်။ ရှေ့ဆုံးမှ စေတီတော်မှာ "ကိုးနဝင်း အောင်ချမ်းသာ ငြိမ်းပြေ ရန်ပြေ စေတီတော်မြတ်ကြီး"ဖြစ်၍ ၁၃၆၂ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်၊ တနင်္လာနေ့တွင် ပြုပြင် ပြီးစီးပါသည်။ ကမ္ပည်းကျောက်စာ၌…


"သာသနာနှစ် ၅၀၀၀ ကို တည်တံ့ရန် ရည်သန်၍ ကျေးဇူးတော်ရှင် ပန်းတောင်းတောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တစာရိတ္တနှင့် လွှယ်မယ်ကျောင်းဆရာတော်ဘုရားကြီး ဦးသာသနတို့၏ ဩဝါဒကို ခံယူ၍ အောင်ပန်းမြို့နေ အဖ ဦးမြင့်သန်း + အမိ ဒေါ်ကျင်စွမ်း၊ မြိတ်မြို့နေ ဦးခစ်ဘင်+ အမိ ဒေါ်ကျိဟုန်တို့အား အမှူးထား၍ ရန်ကုန်မြို့ ကျောက် မြောင်း၊ ဗညားဒလလမ်း (၃၁၂)နေ ဘုရားဒါယကာ၊ ရဟန်း ဒါယကာ ဦးကြည်လင်း (ခ) ကိုလုံး + ဘုရားဒါယိကာမ, ရဟန်းဒါယိကာမ ဒေါ်ဆင့်ဆင့်မော်၊ သား မောင်အောင်ကျော် ဆင့်၊ သမီး မသက်မော်ထွန်းတို့ မိသားစုကောင်းမှုဟူ၍ ပါရှိပါသည်။

လက်ယာဘက်အစွန်းတွင် လွှယ်မယ် ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋီ စံကျောင်းဖြစ်ပါပေ၏။ ဂန္ဓ ကုဋီ စံကျောင်းတော်နှင့် သာသနာလက်လာရ သိမ်တော်ကြီး တို့မှာ လှပခန့်ညားပါပေ၏။ ပင်မ ရုပ်ပွားတော်ကြီး၏ ပလ္လင် နောက်ခံ တောင်ဘက်တွင် ရှင်ဥပဂုတ္တရုပ်ပွားတော်၊ မြောက် ဘက်တွင် ရှင်သီဝလိရုပ်ပွားတော်၊ အနောက်ဘက်တွင် ဘူမိ ဖဿမုဒြာရုပ်ပွားတော်နှင့် အထက်တွင် မုဒြာဟန်အမျိုးမျိုး ရှိသော ရုပ်ပွားတော်ငယ်များ သီတင်းသုံးလျက် ရှိပါသည်။ လွှယ်မယ် ဆုတောင်းပြည့် အလှူခံပုံးကို ကိုကြည်လင်း (ခ) ကိုလုံး၊ မဆင့်ဆင့်မော် မိသားစုမှ လှူဒါန်းသည်။ ထို့ နောက်တစ်ဖန် နှစ်တစ်ရာပြည့် ခေါင်းလောင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များကို ဆက်လက်လေ့လာဖြစ်ပါလေ၏။

ခေါင်းလောင်းကမ္ပည်းစာ၌ သက္ကရာဇ် ၁၂၇၅ခုနှစ်၊ တန်ခူးလဆန်း ၁၅ရက်၊ ကြာသပတေးနေ့ ပြီးစီးအောင်မြင်တော်မူသော လွယ်မယ်ဘုရားကုန်းကျောင်း၌ သီတင်းသုံးနေတော်မူသော ဘုန်းကြီး ဦးပုညပါ အမျှားဒါယကာ၊ ဒါယိကာမ ကြီး/ငယ်တစ်စုတို့က တည်ထောင် ပြုစုတော်မူသော ခေါင်းလောင်းကြီး ကြေးချိန် (၁၃၅၅၀)ကို ထိုးလိုက်သောအခါ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့က သာဓု-သာဓုခေါ်စေလိုသောဟု၊ နိဗ္ဗာန်ဆုကို နတ်လူ သာဓုခေါ်စေသောဝ်ဟူ၍ ပါရှိပါသည်။ အရှေ့မျက်နှာစာမှ ခေါင်းလောင်းစင်အလှူရှင်မှာ သာသနာသက္ကရာဇ် ၂၅၄၉ခု၊ ကောဇာသက္ကရာဇ် (၅-၂-၂၀၀၆)၊ အောင်ပန်းမြို့ (၂)ရပ်ကွက် (ဦးကျော်လွင်) + ဒေါ်ရီ မိသားစုဖြစ်ပြီးလျှင် အနောက်မျက်နှာစာမှ ခေါင်းလောင်းစင်အလှူရှင်မှာ ညောင်ပင်ထောင်ရပ်ကွက်မှ ဦးခင်မောင်ရွှေ + ဒေါ်မြတ်မေ်ဦး မိသားစုကောင်းမှုဖြစ်ပါလေ၏။

ကိုမြတ်ကျော်မှ . . .

"ကဲ . . . ဆရာ၊ ကားလမ်းအဝင်ဝကို သွားလေ့လာရအောင်"

လွယ်မယ်တောင် ကားလမ်းအဝင်မုခ်ဦးတွင် အ... ဆောင် ကပ္ပိယ ကိုမြတ်ကျော်နှင့်အတူ မှတ်တမ်းတင်... ပါလေ၏။ ထို့နောက် ကျောင်းအဝင် ဝဲ-ယာ တစ်... တစ်ချက်တွင် မြတ်စွာဘုရားအလောင်းတော် ဒုက္ခစရိယ... ကျင့်ကြံတော်မူခန်းနှင့် ဗောဓိညောင်နှင့် နဂါးရုံ ရုပ်ပွား... တို့ကို ဖူးမြော်ရပါလေ၏။ ဒုက္ခစရိယဘုရား ဒါယကာ... "အောင်ကျော်"လက်ဖက်ရည်ဆိုင်မှ ဦးလုံ + ဒေါ်ငွေရင်... ၍ ပလ္လင်မှာ အမျှားကောင်းမှုဖြစ်ပေသည်။

"ကဲ - ဆရာ၊ ကျွန်တော်တို့ အရှေ့ဘက်တောင်... ကို ဆင်းကြရအောင်"

"ဟုတ်ကဲ့"

ကျောင်းအရှေ့ဘက်မှတစ်ဆင့် တောင်ခြေသို့ တစ်... ခွဲအကွာအဝေးကို ပြန်လည်ဆင်းသက်လာကြပေ၏။

"နည်းနည်းမတ်တယ်နော် ဆရာ၊ ချော်ကျမယ်။ သ... နဲ့ ဆင်းပါ"

ထို့နောက် သံလမ်းကို ဖြတ်ကျော်၍ အရှေ့မြော... ဘက် တောအုပ်အတွင်းသို့ ဝင်ခဲ့ကြလေ၏။

"ဒီနေရာကတော့ ဒေါ်နန်းစောမြတ်မာက လွယ်မ... မြသီရိတောရ ဓမ္မရိပ်ငြိမ် တရားစခန်းဆောက်လုပ်ဖို့ လှူ... ထားတဲ့ မြေနေရာပါ"





www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူသည်မှာ ဘဝများစွာ သံသရာတွင် ကျင်လည်ရ ... ဒါန စသော ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ ... ဖြည့်ကျင့်ခဲ့သဖြင့် ဗောဓိမဏ္ဍိုင်တွင် သစ္စာလေးပါး ... သုံ့ အလုံးစုံကို ဆရာမရှိ ကိုယ်တော်တိုင် ထိုးထွင်း ... တော်မူသော သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင်ဟု ... ယ်ရပါသည်။

ထိုဘုရားရှင်သည် ၄၅ဝါကာလပတ်လုံး လူ၊ နတ်၊ ... သတ္တဝါအားလုံးတို့ အကျိုးစီးပွားတိုးပွားစေရန် နိဗ္ဗာန် ... ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များ ... အဓိပ္ပာယ်ရပါသည်။ ဘုရားသခင် ဟောကြားတော် ... တရားတို့ကို ယုံကြည်သက်ဝင် ကြည်ညိုကိုးကွယ် ... ကျိုးကုတ် အားထုတ်နေကြသည့် ဗုဒ္ဓဘာသာဝင် များအတွက် နလုံးသွင်းကာ အကျိုးရှိစေဖို့ ရည်ရွယ်ပြီး ဗုဒ္ဓ၏ တရားတော်များထဲမှ ဥပမေ၊ ဥပမေယျများကို ပေးဝေမျှလိုက်ရခြင်းဖြစ်ပါသည်။

♦♦♦

"အရှင်ဘုရား・・・တပည့်တော်တို့ဆီကို မာတုဂါမတို့ ဆည်းကပ်လာရင် အဘယ်သို့ ကျင့်ရပါ့မလဲ"

ဘုရားရှင်က ရှင်အာနန္ဒာရဲ့ စကားကို ရုတ်တရက် ကြားလိုက်ရတော်မူပြီး・・・

"ချစ်သား အာနန္ဒာ・・・ကိလေသာကို ပယ်ခွာလိုတဲ့ ရဟန်းဟာ စည်းစောင့်ပြီး လုံခြုံရာမှာ နေတဲ့ နွားတို့လို၊ တိုက်တံခါးလုံခြုံတဲ့ ကျောင်းမှာသာ ကိန်းအောင်းနေရတယ်။ မာတုဂါမတို့ ရောက်လာရင်လည်း ဘယ်အချိန်၊ ဘယ်ကာလ

# ဗုဒ္ဓ၏ ဥပမေ ဥပမေယျ စကားတော်

ပဥ္စသီ





www.burmeseclassic.com

www.burmeseclassic.com

မှ သူတို့ရဲ့ အဆင်းကို မမြင်စေရဘူး။ သူတို့ရဲ့ အဆင်းကို မမြင်၊ မတပ်မက်က ရာဂဆိုတာ မဖြစ်နိုင်ရာ။ မြင်ရမှသာ ပြင်းပြတဲ့ ရာဂကို ဖြစ်လွယ်တယ်။ ဒါကြောင့်မို့ သူတို့ရဲ့ အဆင်းကို မမြင်ရာမှာ နေခြင်းက မြတ်တဲ့ ပဋိပတ်ပဲ ဖြစ်တယ်"

လို့ မိန့်တော်မူလိုက်တယ်။ တစ်ဆက်တည်းမှာပဲ ရှင်အာနန္ဒာ ထပ်မံလျှောက်ကြားလိုက်ပြန်ပါတယ်။

"အရှင်ဘုရား··· တကယ်လို့ ဆွမ်းခံကြွတဲ့အခါ၊ ဆွမ်းလှူလာတဲ့အခါ အဘယ်သို့လျှင် နေရပါ့မလဲ"

"ချစ်သား အာနန္ဒာ··· မာတုဂါမတို့ကို တကယ်လို့ မြင်ရအံ့၊ စကားမပြောခြင်းက ပဋိပတ်တည်း။ ချစ်သား အာနန္ဒာ··· ထက်မြက်တဲ့ သန်လျက်ကို ကိုင်ပြီး ငါနဲ့ စကားဆိုက သင့်ရဲ့ ဦးခေါင်းကို ဖြတ်အံ့ဟု ရပ်လာတဲ့ ယောကျ်ားနဲ့ စကားပြောရခြင်းက မြတ်သေးတယ်။ မာတုဂါမ တို့နဲ့ စကားပြောဆိုရခြင်းက မမြတ်"

ဆိုပြီး ဘုရားရှင်က ဟောကြား လမ်းညွှန်ခဲ့လေတော့တယ်။

♦♦♦

ဘုရားရှင်ဟာ နေ့စဉ်မပြတ် ပြုမြဲဖြစ်တဲ့ ဗုဒ္ဓကိစ္စ ငါးတန်နဲ့ မဇ္ဈိမယံကိစ္စမှာ ချီးမြှောက်ထိုက်တဲ့ ရှုကြည့်တော်မူလိုက်တဲ့အခါ "ကသိဘာရဒွါဇ"ပုဏ္ဏားရဲ့ ဥပနိဿယကို မြင်တော်မူလေတယ်။

"ဒီကနေ့ကတော့ ပုဏ္ဏားရဲ့ လယ်ထွန်ရာကို ငါကြွတော်မူအံ့။ ထူးမြတ်တဲ့ ဓမ္မကထာကို ဖြစ်အံ့။ ပုဏ္ဏားဟာလည်း ငါ့တရားကို နာယူရာက ကုဋေရှစ်ဆယ်ရှိတဲ့ ဥစ္စာကို သာသနာတော်မှာ မြှုပ်နှံပြီး ရဟန္တာစစ်ဖြစ်ပေအံ့"

လို့ ဘုရားရှင်က သိမြင်တော်မူပြီး သပိတ်၊ သင်္ကန်းကို ပြင်ကာ လယ်ထွန်မင်္ဂလာပြုတဲ့ နေရာအနီးကို ဆွမ်းခံကြွတော်မူလေတယ်။

လယ်ထွန်လုခပ်သိမ်းတို့ ထမင်းစားနေကြဆဲအချိန်မှာ နေဝန်းလဝန်းအရောင်တို့ ပြိုးပြက်တောက်ပ ကွန့်မြူးတဲ့ ရောင်ခြည်တော် ခြောက်ဆိုင်က အပြိုင်လွှတ်တော်မူနေတဲ့ ဘုရားရှင်ကို မြင်တွေ့ကြရတော့ ကသိဘာရဒွါဇက နှလုံးမကြည်မသာနဲ့···

"ဒီရဟန်း ဂေါတမဟာ ငါ့အလုပ်ကို ဆုတ်ယုတ်လစ်လပ်စေဖို့ လာတာပဲ။ နတ်သိကြားတို့လို ထူးမြတ် ထွန်းပတဲ့ အရောင်အဆင်း ကျက်သရေနဲ့ ပြည့်စုံတဲ့ ဒီသူမြတ်ဟာ လူ့ရပ်လူ့ရွာမှာနေပြီး လယ်လုပ် ကုန်သွယ်ရောင်းဝယ်ခြင်း

❝

ပျိုထားနုရွယ် ရှုချင်ဖွယ်ဖြစ်တဲ့
ရှင်ရဟန်း . . .ကျွန်ုပ်တို့ဟာ
အရှင့်လို နှစ်မြို့လောက်အောင် လှပတင့်တယ်၊
ခြောက်သွယ်ရောင်ဝါ၊ လက္ခဏာကြီးငယ်၊
အံ့ချီးဖွယ်တို့နဲ့ မပြည့်စုံပါဘူး။ ဒါပေမယ့် လူတို့ရဲ့ ကာ
စာရိတ္တ၊ လုံလပြုပြီး စည်းစိမ်ရှင်ဖြစ်ကြပေတယ်

လုပ်ပါက ဒီဇမ္ဗူမှာ ဘယ်သူမှ မယှဉ်နိုင်တဲ့ လူအပေါင်း ရဲ့ ပတ္တမြားဥသျှောင်ဖြစ်နိုင်တယ်။ ဒါပေမယ့် လူပျက်လူ လူမစွမ်းတို့လို ထုံးတမ်းဓလေ့နဲ့ ရသေ့ ရဟန်းပြုပြီး ကျက်သရေ အခြေရှဲစည်းစိမ်ကင်းပြီး စားဖို့ ထမင်းကို တောင်းနေပါကလား"

လို့ စိတ်ထဲက ကြံစည်တွေးရင်း ဘုရားရှင်ကို ဆိုလေတော့တယ်။

"ပျိုထားနုရွယ် ရှုချင်ဖွယ်ဖြစ်တဲ့ ရှင်ရဟန်း···ကျ တို့ဟာ အရှင့်လို နှစ်မြို့လောက်အောင် လှပတင့်တ ခြောက်သွယ်ရောင်ဝါ၊ လက္ခဏာကြီးငယ်၊ အံ့ချီးဖွယ် မပြည့်စုံပါဘူး။ ဒါပေမယ့် လူတို့ရဲ့ ကမ္မ၊ စာရိတ္တ၊ လုံလ စည်းစိမ်ရှင်ဖြစ်ကြပေတယ်။ အရှင့်လိုလူဟာ ငါတို့လို ပြုပါက အဘယ်လောက် အကျိုးဖြစ်ထွန်းနိုင်မလဲ။ အ မပေါ့မပျင်း လူချင်းတူအောင် ကြံဆောင်ကြိုးကုတ် ဆောင်ကောင်းပါလျက်နဲ့ ဘာဖြစ်လို့ သူတောင်းစား အလေ့ကို မွေ့လျော်နေရပါသလဲ"

ပုဏ္ဏားရဲ့ စကားကို သိကြားရတော့ ဘုရားရှင်က အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ အသံတော်ကို ရင့်ကျူးလိုက် တယ်။

"ပုဏ္ဏား ဘာရဒွါဇ··· လယ်ထွန်ခြင်းကိစ္စကို တစ်ယောက်တည်း ပြုလုပ်နေတာ မဟုတ်။ ငါဟာ ဝိမုတ္တိဖလကာ ကိလေသာ မြင်ရခြင်းအကြောင်း လယ်ကောင်းမြေယာကို ငါလည်း ပြုလုပ်နေသူပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ရဲ့ စကားဆုံးတော့ အင်္ဂဝိဇ္ဇာ အတတ်အလိမ္မာ
ညာရှိသူပေပဲ။ ဒါကြောင့်မို့ ဒီရဟန်းဟာ ဖြစ်ဆန်းသမျှ
ထဲအကိုလည်း ဆိုမယ့်သူ မဟုတ်ပေ။ ဒါပေမယ့် လယ်
ခြင်းအလုပ်ကို မလုပ်ဘဲနဲ့ လယ်လုပ်တယ်လို့ ပြော
ခြင်းဟာ ဘာကို ဆိုလိုပါသလဲလို့ ပုဏ္ဏားက စိတ်ထဲ
တွေးပြီး ဘုရားသခင်ကို ထပ်မံ မေးလေတယ်။

"ရှင်ဂေါတမ…သင်ဟာ လယ်လုပ်တယ်လို့ ဆိုပြီး
ရဲ့ လယ်ယာမြေကိုလည်း မမြင်၊ ထွန်တံနဲ့ ထွန်သွား၊
လာသူ ကျွဲသမှ ပြုကြသူတို့ကိုလည်း ငါ မမြင်။
တော့ မုသာဝါဒစကားဖြစ်အောင် ဘာကြောင့် အခုလို
ရပါသလဲ"

ပုဏ္ဏားရဲ့ လျှောက်ထားတဲ့ စကားကို ကြားတော့
ရှင်က ရွှေမျက်နှာတော် တစ်ချက်ပြုံးတော်မူလိုက်ရင်း
…

"ဘာရဒွါဇ ပုဏ္ဏား…ငါဟာ ပါတိမောက္ခ သံဝရသီလ၊
သီလ ပရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလဆိုတဲ့ လယ်မြေ
တီထွင် ထွန်ယက်ပြီး ထက်သန်တဲ့ သဒ္ဓါမျိုးစေ့ကို
မျိုးခဲ့လို့ သမထ ဝိပဿနာကို နှေ့ညှပ်ပြီး အရိယာ
ဆိုတဲ့ အသီးကို ပြီးစီးရင့်မှာစေခဲ့တယ်။ သမ္မာသတိ၊
သမ္မာသမာဓိ ဆိုတဲ့ ထွန်တုံး ထွန်သွားမှာ သမ္မာသင်္ကပ္ပ၊
သမ္မာဝါယာမ ဆိုတဲ့ နွားကို ဆင်ပြီး သမ္မာဒိဋ္ဌိ စတဲ့ နှင်တံနဲ့
အဖန်ဖန် ထွန်ယက်ရတာကြောင့် ငါဘုရားဟာလည်း တရား
လယ်မှူးပင် ဖြစ်လေတယ်"

လို့ ဘုရားရှင်က ပြန်မိန့်တော်မူလိုက်တယ်။

အဲဒီလို ဘုရားရှင်ရဲ့ တရားဒေသနာကို နာကြားသိရ
တော့မှ ပုဏ္ဏားဟာလည်း သစ္စာလေးပါးကို ဦးစွာ မြင်တဲ့
ပါရမီဉာဏ်ကြောင့် သောတာပန်ဖြစ်ပြီး ဘုရားရှင်ကို ပင့်
ဆောင်ကာ သင့်မြတ်တဲ့ နေရာမှာ ဆွမ်းဘောဇဉ်ကို ကပ်လှူ
လေတော့တယ်။ ပြီးမှ…

"ရှင်တော်ဘုရား…ဒီနေ့မှစပြီး ကျွန်ုပ်ကို ဥပါသကာ
အဖြစ် မှတ်တော်မူပါ။ ကျွန်ုပ်ရဲ့ သားမယားနဲ့အတူ ကိုးကွယ်
ဆည်းကပ်ပါရစေ"

လို့ ပုဏ္ဏားသည် ဘုရားရှင်ကို လျှောက်ကြားရင်း
သရဏဂုံယူလေတော့တယ်။ ဘုရားရှင်က မျက်လွှာတော်
ကို ချကာ ဦးခေါင်းတော်ကို ဖြည်းညင်းစွာ ညိတ်တော်မူ
နေတော့တယ်။

* * *

မဥ္စသိ


## အချစ်ရေးအတွက် ငွေကုန်သက်သာယတြာ

## နည်းလမ်းကောင်းများစာအုပ် (ထွက်ပြီ-ရောင်းပြီ)

စာအုပ်မှာ ဒါတွေပါဝင်တယ်…

▶ ချစ်သူရည်းစားအမြန်ဆုံးရရှိဖို့ ▶ မိမိချစ်သူက မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလန်းသစ္စာရှိနေဖို့ ▶ အချစ်ရေး အဆင်ပြေဖို့ ▶ ပြန်အဆင်ပြေဖို့ ▶ မိမိချစ်သူနဲ့ အဆက်အသွယ်အမြန်ဆုံးပြန်ရဖို့ ▶ မိမိချစ်သူကမိမိထံကို အဆက်အသွယ်ပြန်လုပ်စေဖို့ ▶ မိမိချစ်သူနဲ့ အမြန်ဆုံးစေ့စပ်ရဖို့ ▶ မိမိချစ်သူ(သို့)စေ့စပ်ထားသူနဲ့ အမြန်ဆုံးလက်ထပ်ရဖို့ ▶ မိမိချစ်သူရဲ့ မိဘမောင်နှမများက အမြန်ဆုံးအမြင်ကြည်လင် ချစ်ခင်သဘောတူ ကြည်ဖြူလက်ခံလာစေဖို့ ▶ စန်းပွင့်သူရဲ့ ချစ်သူအဖြစ် ရွေးချယ်ခံရဖို့ ▶ အသစ်ရှာပြီး ပစ်ခွာသွားသော မိမိချစ်သူက ထိုအချစ်သစ်ကို အဆက်အသွယ်ဖြတ်ပြီး မိမိအနီးကို အမြန်ဆုံးပြန်ကပ်လာစေဖို့ ▶ ချစ်သူက မိမိအပေါ်ချစ်ခင်ကြင်နာ ယုယအလိုလိုက်ပြီး မိပြောစကားကို နားထောင်စေဖို့ ▶ စေ့စပ်ကြောင်းလမ်း အမြန်ဆုံးဖြတ်သိမ်းရဖို့ ▶ ချစ်သူဘဝ သာယာပျော်ရွှင် ခိုင်မြဲနေစေဖို့…… (လူမျိုး/ဘာသာမရွေး ဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်)

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

ရေးသားပြီး "အောင်ဇ"စာအုပ်တိုက်မှထုတ်ဝေသည်။ စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၉၁၂၀




www.burmeseclassic.com

www.burmeseclassic.com



# ဒေဝပီယဂါထာ

ကျော်သန်းစံ

"ဟိရိဩတပ္ပ သမ္ပန္နာ၊ သုခဓမ္မ သမ္ပန္နာ၊
သုခဓမ္မ သမာဟိတာ၊ သန္တောသပ္ပုရိသော၊
လောကေ၊ ဒေဝဓမ္မောတိ ဝုစ္စတိ"

ထိုဂါထာတော်မြတ်ကို ညအိပ်ရာဝင်ခါနီးလျှင် ငါးပါးသီလခံယူဆောက်တည်ပြီး အထက်ပါ ဂါထာကို (၃၇)ခေါက် ရွတ်ဖတ် သရဇ္ဈာယ်ရမည်။ နံနက် အိပ်ရာစောစောထပြီး ဘုရားရှိခိုး၊ ငါးပါးသီလခံယူ ဆောက်တည်၍ ထိုဂါထာကို (၃၇)ခေါက် ရွတ်ဖတ် သရဇ္ဈာယ်ရမည်။

ထိုသို့ တစ်လတိတိ ဝတ်မပျက် ဆောင်ရွက်ရမည်။ တစ်လပြည့်မြောက်ပြီး နောက်တစ်နေ့လျှင် အိပ်ရာဝင်-အိပ်ရာထ ဂါထာကို (၇)ခေါက်စီ နေ့စဉ်ရွတ်ဖတ်ရမည်။

ဤကဲ့သို့ ရွတ်ဖတ်ပေးပါက မိမိတို့ကိုယ်၌ စောင့်ရှောက်နေသော ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနှင့်တကွ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည် ချစ်ခင်မြတ်နိုးကြ၏။

ထိုအခါ သွားလေရာ မျက်နှာပွင့်လန်း၏။ ကော[illegible] သော အိပ်မက်ကို မြင်မက်ရ၏။ ကျော်စောသော သတ[illegible] ကောင်း ကြားရ၏။ စီးပွားဥစ္စာရတနာ ရွှေငွေ၊ ဆန်ရေ[illegible] ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ကျွန်သင်းပင်း၊ လုပ်ခင်းဆောင်[illegible] အရာရာတို့မှ စ၍ တိုးတက်ပြန့်ပွားစည်ပင်၏။

ထို့ကြောင့် အသစ်အထူး မရဘူးသေးသော လာ[illegible] သပ္ပကာတို့ကို ရလာခြင်း၊ ရပြီးသော စည်းစိမ်ဥစ္စာ ရတ[illegible] တို့ကို ရန်သူမျိုးငါးပါးတို့ဘေးမှ မလုမယက်၊ မဖျက်ဆီး[illegible] ခြင်း စသည်ဖြင့် အကျိုးထူးတို့ကို ရစေတတ်သည်။ [illegible] ဒေဝပီယဂါထာကို နေ့စဉ်ရွတ်ဖတ်ခြင်းဖြင့် ကြီးပွားတိုးတ[illegible] နိုင်ကြစေရာကုန်သတည်း။

* * *

ကျော်သ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# နေ့စေး စာပေမှ

## သတင်းကောင်းပါး ဖိတ်ခေါ်လိုက်ပါသည်

ရှားကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် သူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား း စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် ည်။

စဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

ရုံး – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ဆိုင်(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com

ကျွန်းချောင်းရွာသည် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်အတွင်းတွင် ရှိပြီး အိမ်ခြေ (၇၀၀)ကျော်ရှိသော ရွာကြီးတစ်ရွာဖြစ်သည်။ ရွာရှိ လူများမှာ လယ်ယာလုပ်ကိုင်ကြသူများနှင့် မြို့သို့ ကားလမ်းရှိသောကြောင့် အရောင်းအဝယ်လုပ်ကိုင်ကြသူများ၊ ကားပိုင်ရှင်များ ရှိကြသောကြောင့် ရွာ၏ စီးပွားရေးမှာ အဆင်ပြေကြသည်။ အိမ်ကြီး အိမ်ကောင်းများ၊ တိုက်ခံ အိမ်ကြီးများဖြင့် အလွန်စည်ကားလှသော ရွာကြီးတစ်ရွာဖြစ်လေသည်။

ရွာလယ်တွင် ရှိသော သာသနာ့ဝေပုလ္လစာသင်တိုက်၊ ဘုန်းတော်ကြီးကျောင်းအတွင်းတွင် ရှိသော ဓမ္မာရုံကြီးအတွင်း၌ ရွာထဲရှိ လူကြီး၊ လူ





www.burmeseclassic.com

www.burmeseclassic.com

# မရဏာမုံသံ

## မင်းမြင့်နိုင် (ဘူးသီးတောင်)

လတ်၊ အယောက် ၄၀ခန့် စုဝေးရောက်ရှိနေကြလေသည်။ ထိုအချိန်တွင် အသက် ၅၀ကျော်အရွယ်ရှိ လူကြီးတစ်ဦးမှ…

“ကိုင်း…လူစုံပြီဆိုရင် အစည်းအဝေး စ,လိုက်ကြရအောင်”

လူကြီး၏ စကားသံအဆုံး ရွာသား လူငယ်တစ်ယောက်က…

“လူစုံပါပြီ၊ အစည်းအဝေး စလို့ရပါပြီ”





www.burmeseclassic.com

www.burmeseclassic.com

"အစည်းအဝေးတက်ရောက်လာကြတဲ့ လူတွေအားလုံး နားထောင်ကြပါ။ အခု ကျုပ်တို့ ကျွန်းချောင်းရွာမှာ ဖွဲ့စည်းထားတဲ့ ရပ်ရွာ သာရေးနာရေး အသင်းပိုင် ဆိုင်းဝိုင်းမှာ ရှိတဲ့ စခွန့်(ပတ်မအငယ်)ပုံဟာ ပုံအခွံ သစ်သားကလည်း ပိုးကိုက်လို့ မကောင်းတော့ဘူး။ ပုံကျက်ထားတဲ့ သားရေကိုလည်း ကြွက်ကိုက်လို့ သရေတွေလည်း သုံးလို့ မရဖြစ်နေပြီ။ အခု သီတင်းကျွတ်တော့မယ်။ သီတင်းကျွတ်ရင် အလှူအတန်းပွဲတွေ လုပ်ကြတော့မယ်။ အလှူအတန်းပွဲတွေမှာ လိုအပ်တဲ့ ဆိုင်းဝိုင်းအတွက် ကျုပ်တို့အသင်းရဲ့ ဆိုင်းဝိုင်းပဲ ရှိတာ မဟုတ်လား။ ဒါကြောင့် စခွန့်(ပတ်မအငယ်)ပုံတစ်လုံး ဝယ်မှ ဖြစ်မယ်။ အသင်းမှာ တာဝန်ရှိကြတဲ့သူတွေရဲ့ သဘောဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ ပြောကြပါ"

(မှတ်ချက်။ စခွန့်(ပတ်မအငယ်) ဆိုသည်မှာ မြန်မာ့ဆိုင်းဝိုင်းကြီးတွင် ပါဝင်သော ပတ်မကြီးထက် ငယ်ပါသည်။ ချမ်းပဲ့ဝိုင်းဟု ခေါ်သော မောင်းဝိုင်း၊ နှဲ၊ ယကွင်း၊ စည်းနှင့် ဝါး၊ ခြောက်လုံးပတ်တို့နှင့် တွဲဖက် တီးရသော ပတ်မအငယ်ဖြစ်ပါသည်။ စာရေးသူ)

စကားပြောသော လူကြီးက လိုအပ်ချက်ကို ပြောပြီး ထိုင်လိုက်ချိန်တွင် အနားမှ လူကြီးတစ်ယောက်က ထိုင်ရာမှ ထလိုက်ပြီး ပြောလိုက်လေ၏။

"ကိုကျော်ခင်ပြောတဲ့ စကားအရဆိုရင် ကျွန်တော်တို့ရဲ့ သာရေးနာရေး အသင်းပိုင် ဆိုင်းဝိုင်းမှာ စခွန့်ပုံတစ်လုံး လိုအပ်နေပြီပဲ။ မရှိရင် မဖြစ်တဲ့အတွက် ဝယ်ရမှာပဲပေါ့။ အသင်းပိုင်ငွေ ရှိတယ် မဟုတ်လား။ အဲဒီငွေနဲ့ ဝယ်ခိုင်းလိုက်ပေါ့ဗျာ"

"ဟုတ်တယ်၊ ကိုမောင်လှ ပြောသလို လိုအပ်နေတဲ့ စခွန့်ပုံတစ်လုံး အသင်းပိုင်ငွေနဲ့ ဝယ်လိုက်ရင် ပြီးတာပဲ မဟုတ်လား။ သီတင်းကျွတ်တာနဲ့ အလှူအတန်းတွေ လုပ်ကြတော့မှာ၊ ဆိုင်းဝိုင်းမရှိရင် မဖြစ်ဘူးမဟုတ်လား"

ဦးကျော်ခင် ပြောသော စကားကို ထောက်ခံ ပြောဆိုသော ကိုမောင်လှ၏ စကားအား ကိုမြဝင်းဆိုသူမှ ထပ်ဆင့် ထောက်ခံလိုက်ခြင်းကြောင့် ဦးကျော်ခင်မှ. . .

"ကိုမောင်လှနဲ့ ကိုမြဝင်းတို့ကလည်း ဝယ်ဖို့ သဘောတူတယ်ဆိုတော့ မနက်ဖြန် မန္တလေးကို သွားမယ့် လူကြုံရှိတယ်။ အဲဒီလူနဲ့ မှာလိုက်မယ်။ အသွားအပြန် ငါးရက်လောက်ပဲကြာမယ်။ ကဲ - ရွာသားတွေကိုလည်း တစ်ဆင့်ပြန်ပြောလိုက်ကြပါ။ အားလုံး ပြန်နိုင်ကြပါပြီ"

တောရွာများ၏ ဓလေ့ထုံးစံအတိုင်း ရွာတွင် အလှူအတန်းတစ်ခု လုပ်ပြီဆိုလျှင် နာမည်ကြီး ဆိုင်းဝိုင်းကြီးများ မငှားနိုင်ကြသည့်သူများမှာ ရွာတွင် ရှိသော ချမ်းပဲ့ ဆိုင်းဝိုင်းငယ်အား ငှား၍ထည့်ကြလေ၏။ ရှင်ပြုအလှူတွင် ရှင်လောင်းလှည့်ရာတွင်လည်းကောင်း၊ ကထိန်ပွဲတွင် ကထိန်လှည့်ရာတွင် လည်းကောင်း၊ ချမ်းပဲ့ ဆိုင်းဝိုင်းမပါလျှင် မပြီးပေ။ သည်ကျွန်းချောင်းရွာတွင် နာရေးကိစ္စဖြစ်သော အသုဘချသည့် အခါတွင်သော်မှ အသုဘနောက်မှ ဆိုင်းဝိုင်းအား ထမ်း၍ ဆိုင်းတီးပြီး အသုဘချသည့် ဓလေ့ ရှိလေသည်။

ငါးရက်ကျော်၍ ခြောက်ရက်မြောက်နေ့တွင် မန္တလေးသို့ လူကြုံဖြင့် မှာလိုက်သော စခွန့်ပုံရောက်လာပြီဖြစ်၍ ရွာရှိ သာရေးနာရေးအသင်း

တာဝန်ရှိသူ လူကြီးများ ဘုန်း[...]
ကျောင်းသို့ ရောက်ရှိလာကြပြီး ဝယ်[...]
လာသော စခွန့်ပုံအား ကြည့်ရှု[...]
ဦးကျော်ခင်က ပြောလိုက်လေသ[...]

"ပုံကတော့ ရောက်လာပြီ။ [...]
ဝိုင်းတီးကြတဲ့ ဆိုင်းသမားတွေ ဒီ[...]
စခွန့်ပုံ အသံစမ်းရအောင်။ လူစုံ [...]
ကို ည ၇နာရီ အရောက်လာ[...]
ပြောလိုက်ကြပါ"

"ပြောလိုက်ပါ့မယ်ဗျာ။ ကျ[...]
လည်း ဆိုင်းသံ မကြားရတာ [...]
ဖြစ်လို့ နားထောင်ချင်နေတာနဲ့ အ[...]
ပဲ ဖြစ်သွားတယ်ဗျို့"

"ဟုတ်တယ် ဦးကျော်ရေ [...]
တော်တို့ ဝိုင်းသမားတွေလည်း [...]
စမ်းချင်နေကြတာ။ စခွန့်ပုံ မကော[...]
လို့ မစမ်းရဘူး။ ဒီနေ့ညမှာတော့ [...]
စွမ်းပြရတော့မှာပေါ့ဗျာ။ အသင်းလူ[...]
တွေအားလုံးလည်း လာကြပါလို့ [...]
ချင်ပါတယ်"

ဦးကျော်ခင်နှင့် ဦးမောင်လှ[...]
အား ဆိုင်းဝိုင်းတွင် ခြောက်လုံးပတ်[...]
သူ မောင်မောင်က အားရပါးရ[...]
လိုက်ခြင်းဖြစ်လေသည်။

◆◆◆

ည ၇နာရီခွဲအချိန်ခန့်တွင် [...]
လယ် ဘုန်းတော်ကြီးကျောင်းအ[...]
ရှိ မွှာရံအတွင်း၌ သာရေးနာရေးအ[...]
၏ တာဝန်ရှိသော လူကြီးများနှင့် [...]
သားများ စုဝေးရောက်ရှိနေကြ[...]
သည်။ ဆိုင်းဝိုင်းတွင်လည်း မောင်း[...]
တီးသူ ထိန်လင်း၊ နှဲဆရာ ဦးတင်[...]
စည်းနှင့် ဝါးတီးသူ ဖိုးပိန်၊ ခြောက်[...]
ပတ်တီးသူ မောင်မောင်တို့က မိမိ[...]
တူရိယာများအား အသံစမ်းနေကြ[...]
သည်။

မောင်မောင်က အသစ်[...]
လာသော စခွန့်ပုံအား ပတ်[...]





www.burmeseclassic.com

www.burmeseclassic.com

နေလေသည်။ ခြောက်လုံးပတ်
ခြောက်လုံးအား ပတ်စာကပ်
အသံမှန့် မမှန်အား မောင်းဝိုင်းတီး
ထိန်လင်းနှင့် အသံညှိကြပြီး အသံ
၍ "ထူးမခြားနား ဘွဲ့ကြီး"
ကို စတင်တီးခတ်၍ အသံစမ်း
လေသည်။ သီချင်းကြီး သုံးပုဒ်တီး
ကာလပေါ် သီချင်းငါးပုဒ်ကို
တိုက်တီးပြီးချိန်တွင် ခဏနားကြ
သည်။ ထိုအချိန်တွင် နဲ့ဆရာ
မြင့်က…

"ကိုကျော်ခင်…စခွန့်ဖုံက အသံ
ထိ…ထိ…ထိ…ဆိုတဲ့
အသံက ပတ်မကြီးအသံအတိုင်းပဲဗျ။
ကောင်းလိုက်တဲ့ အသံဗျာ"

"ကိုတင်မြင့်တို့ ဝိုင်းသမားတွေ
ကျရင် ပြီးတာပါပဲဗျာ။ ကဲ -
ဝိုင်းပစ္စည်းလည်း စုံပြီဆိုတော့
တော် တစ်ခုတော့ ပြောချင်ပါ
။ အခု စခွန့်ဖုံက အသစ်ဖြစ်လို့
ဖွေခေါ်ဦးပွဲကို မင်္ဂလာရှိတဲ့
ပွဲမှာ စပြီးတီးရင် ကောင်းမယ်လို့
တယ်။ ဒါကြောင့် အလှူပွဲနဲ့ စပြီး
ကြမယ်"

"သိပ်ပြီး ကောင်းတဲ့ အစီအစဉ်
ကိုကျော်ခင်ရယ်။ သီတင်းကျွတ်မှာ
ရှိနေတာနဲ့ အတော်ပဲ ဖြစ်သွား
ပေါ့။ ကဲ - အဖွဲ့သားတွေ စလိုက်
စို့ဟေ့"

နဲ့ဆရာ ဦးတင်မြင့်က သူ၏ နဲ့
အတောပိုဒ် စလိုက်ပြီး ကာလပေါ်
အား တီးလိုက်ကြလေသည်။ ည
ဆရီအချိန်ခန့်ရောက်မှ ဆိုင်းဝိုင်းအား
လိုက်ကြလေသည်။

* * *

သီတင်းကျွတ်လဆန်း ဖြရက်နေ့
စနာရီအချိန်တွင် ကျွန်းချောင်းရွာ
ဦးကျောင်း ဆရာတော်ကြီး၏ မိခင်
ကြီးဖြစ်သော အဘွား ဒေါ်မယ်သုံ
ကွယ်လွန်အနိစ္စရောက်ကြောင်း ကြား
သိရ၍ ကျွန်းချောင်းရွာသားများ ရွာဦး
ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း
စုဝေးရောက်ရှိလာကြလေ၏။ ရွာဦး
ဆရာတော်ကြီးမှာ ကျွန်းချောင်းရွာ၌ ရှိ
သော ဘုန်းတော်ကြီးကျောင်း သုံး
ကျောင်းတွင် သက်တော်၊ ဝါတော်
အကြီးဆုံးလည်း ဖြစ်၊ ကျန် နှစ်ကျောင်း
ရှိ ကျောင်းထိုင် ဘုန်းကြီးများ၏
ဥပဇ္ဈာယ်ဆရာလည်း ဖြစ်လေ၏။
မယ်တော်ပျံပွဲ ဖြစ်လေသောကြောင့်
ရွာဦး ဘုန်းကြီးကျောင်းဝင်းအတွင်း
ရွာသားများနှင့် သံဃာများ စုဝေးရောက်
ရှိနေကြလေသည်။ ရွာလူကြီးများနှင့်
သံဃာများ စုံသည်နှင့် ရွာဦးကျောင်း
ဆရာတော်ကြီးက…

"ကိုင်း…ရွာလူကြီးတွေနဲ့ သံဃာ
တွေကို ဘုန်းကြီးပြောချင်တာကတော့
မယ်တော်ကြီးရဲ့ ရုပ်အလောင်းကို သုံးရက်ပဲ
ထားပြီး မီးသဂြိုဟ်မယ်။ လိုအပ်တာ
တွေကို ရွာလူကြီးတွေနဲ့ သံဃာတွေ
တိုင်ပင်ပြီး လုပ်ကြပါ။ မနက်ဖြန်ညမှာ
တော့ ရွာထဲက ဆိုင်းဝိုင်းနဲ့ ဧည့်ခံပေး
ပြီး နောက်နေ့ အသုဘချတဲ့အခါ ဆိုင်း
ဝိုင်းနဲ့ ချမယ်။ ကဲ - လိုအပ်တာတွေ
ဝိုင်းလုပ်ကြပေတော့"

တစ်ရွာလုံးက ကြည်ညိုလေးစား
ရသော ဆရာတော်ကြီးဖြစ်သော
ကြောင့် ဆရာတော်ကြီး၏ မိခင်
မယ်တော်ကြီးမှာ အသက် (၉၈)နှစ်ရှိ
ပြီဖြစ်၍ တစ်ရွာလုံးမှ ဝိုင်းဝန်းပြီး
မယ်တော်ပျံပွဲအား စည်ကားသိုက်မြိုက်
စွာ ကျင်းပ ပြုလုပ်ကြလေသည်။ ည
ပိုင်းတွင် ရွာရှိ ဆိုင်းဝိုင်းဖြင့် တီးမှုတ်
ဖျော်ဖြေလေသည်။ အသုဘချသည့်နေ့
တွင် အနီးအနားရှိ ရွာများမှ သံဃာတော်
များနှင့် လူပရိသတ်များပါ လာရောက်
ကြသောကြောင့် အလွန်စည်ကားလှ
သော မယ်တော်ပျံပွဲဖြစ်လေသည်။

အသုဘချသည့်အခါ ဆိုင်းဝိုင်းမှ
ဗျိုင်းတောင်တီးလုံးဖြင့် တီး၍ သင်္ချိုင်း
သို့ ပို့ဆောင် မီးသဂြိုဟ်ကြလေသည်။

* * *

သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။
ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူး
နေ့မြတ်များစွာထဲမှ တစ်နေ့ဖြစ်သော
သီတင်းကျွတ်လပြည့်နေ့။ နှစ်စဉ်
နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင်
နှစ်ကျိပ်ရှစ်ဆူဘုရား ရွာတွင်းသို့ လှည့်
လည် အပူဇော်ခံပွဲ ကျင်းပမြဲဖြစ်လေ
သည်။ ဘုရားဆင်းတုတော်များအား
စံကျောင်းတော်များအတွင်း စံပယ်စေ
ပြီး လူများက ပခုံးဖြင့် ထမ်း၍ ရွာ
အတွင်း လှည့်လည် အပူဇော်ခံခြင်းဖြစ်
သည်။ ရွာတွင်းရှိ အိမ်များမှလည်း မုန့်
များလုပ်၍ ဘုရားပွဲလှည့်လာသူများ
အား ကျွေးမွေးလေသည်။

ဘုရားလှည့်ရာတွင် လိုက်ပါ
တီးမှုတ်ကြမည့် ဆိုင်းဝိုင်းမှာလည်း
မောင်းဆိုင်းအား ဝါးနှစ်လုံးပေါ် တင်၍
ကြိုးဖြင့် ချည်နှောင်လေ၏။ ခြောက်
လုံးပတ်ကို ဝါးခြမ်းပြားနှစ်ခုအား ဖုံ၏
သားရေကြိုးတွင် တစ်ဖက်တစ်ချက်
ထိုးထည့်ပြီး ဝါးလုံးနှစ်လုံးဖြင့် ညှပ်ချည်
ပြီး လူနှစ်ယောက် ရှေ့နောက် မ,ယူရ
သည်။ စခွန့်ဖုံကိုလည်း ဝါးလုံးလျှို၍
လူနှစ်ယောက် ရှေ့နောက်ထမ်းပြီး တီး
ခတ်မည့်သူနှင့် အံကိုက်ဖြစ်အောင် ခြေ
လှမ်းညီညီလှမ်းပြီး လျှောက်ရလေ၏။

နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့်အတူ
ဘုရားပွဲလှည့်ရာတွင် လိုက်ပါကြမည့်
လူပျို၊ အပျိုများနှင့် ကလေးများ စုံပြီ
ဖြစ်၍ ဘုရား စတင်လှည့်လေပြီဖြစ်
သည်။ ဆိုင်းဝိုင်းအဖွဲ့သားများကလည်း
"ဘုန်းတော်ဘွဲ့"သီချင်းအား စတင်



www.burmeseclassic.com

www.burmeseclassic.com

တီးမှုတ်ကြလေသည်။ သီချင်းသွားအရ စခွန့်ဖုံအချတွင် စခွန့်အား တီးလိုက်ရာ "ထီ…ထီ…ထီ"ဆိုသည့် ပတ်မသံ အစား "ဘတ်…ဘတ်…ဘတ်…" ဟူသည့် အသံထွက်လာသောကြောင့် ခြောက်လုံးပတ်တီးသော မောင်မောင် တစ်ယောက် အံ့သြသွားရလေသည်။ ဘုရားပွဲလှည့်ရန် မထွက်လာမီ ဖုံတွင် ပတ်စာကပ်၍ အသံစမ်းစဉ်က "ထီ…ထီ…ထီ…ဆိုသည့် ပတ်မသံ ထွက်လာပြီး၊ ယခု ဘုရားပွဲလှည့်၍ ဘုန်းတော်ဘွဲ့သီချင်းတီးမှ ပတ်မသံ မထွက်ဘဲ "ဘတ်…ဘတ်…"ဟူသော အသံထွက်လာသောကြောင့် ဖုံတွင် ကပ်ထားသော ပတ်စာအား ကြည့်လိုက်ရာ သူ ကပ်ထားသည့် အတိုင်းသာ မြင်တွေ့ရသောကြောင့် သူ၏ လက်ခလယ် လက်ချောင်းဖြင့် အသာအယာ ဆက်၍တီးကြည့်လိုက်ရာ ဘတ်…ဘတ်…ဟူ၍သာ အသံ ထွက်ပေါ်လာလေသည်။ စခွန့်ဖုံသံ အသံမမှန်၊ မပြည်သောကြောင့် နဲဆရာ ဦးတင်မြင့်က မောင်မောင်အား လှမ်းပြောလိုက်လေသည်။

"ဟေ့…မောင်မောင်၊ မင်း စခွန့်က ဘယ်လိုအသံထွက်နေတာလဲကွ။ မင်း ပတ်စာကပ်တာ များလို့ ထင်တယ်။ ပြန်ကြည့်စမ်းပါဦးကွ"

"ကျွန်တော် ကြည့်ပြီးပြီ ဦးတင်ရဲ့။ ကျောင်းထဲမှာ အသံစမ်းတုန်းက အသံမှန်၊ အသံကောင်းပါတယ်။ အခု သီချင်းတီးမှ အသံမထွက်တော့တာ။ ဘာဖြစ်တာလဲ မသိဘူးဗျ။ ပတ်စာတွေ အားလုံးပြန်ခွာပြီး အသစ်ပြန်ကပ်ကြည့်မယ်"

မောင်မောင်သည် စခွန့်ဖုံအား ကပ်ထားသော ပတ်စာများ ပြန်ခွာပြီး ပတ်စာအသစ်အား ပြန်ကပ်လေသည်။ ပတ်စာကပ်ပြီး တီးကြည့်သော်လည်း ပတ်မအသံမထွက်ဘဲ ပတ်စာ မကပ်မီ ဖုံသားရေလျော့နေစဉ် တီး၍ မြည်သံကဲ့သို့ ဘတ်…ဘတ်…ဟူသာ အသံ ထွက်လေသည်။ ထို့အတွက်ကြောင့် နဲဆရာ ဦးတင်မြင့်က မောင်မောင်အား…

"မောင်မောင်… မင်းစခွန့်က အသံမမှန်ဘူးကွ။ ဒါကြောင့် ခြောက်လုံးပတ်ရဲ့ လက်ရင်းအလုံးနဲ့ ထိန်းပြီး တီးပေတော့"

နဲဆရာ ဦးတင်မြင့် ပြောစကားအတိုင်း ခြောက်လုံးပတ်ဖုံ လက်ရင်းအလုံးဖြင့် ထိန်း၍ တီးရင်း လိုက်ခဲ့လေတော့သည်။ ဘုရားပွဲလှည့်ပြီး၍ ကျောင်းသို့ ပြန်ရောက်ကြပြီး ပစ္စည်းများ သိမ်း၍ လူနည်းသွားချိန်တွင် မောင်မောင်သည် စခွန့်ဖုံအား တီးကြည့်လိုက်ရာ ထီ…ထီ…ထီ…ဟူသော ပတ်မအသံ ဟိန်း၍ထွက်လာလေတော့ရာ မောင်မောင်မှ နဲဆရာ ဦးတင်မြင့်အား…

"ဦးတင်ရေ…ခုတော့လည်း စခွန့်က အသံမှန်ပြီး ဟိန်းနေတာပဲ။ ဘယ်လိုများ ဖြစ်ရတာလဲ မသိတော့ဘူးဗျာ"

"ငါလည်း စဉ်းစားလို့ မရတော့ဘူးကွာ။ တစ်ခုခုတော့ တစ်ခုခုပဲကွ။ ဘာတစ်ခုခုလဲဆိုတာသာ မသိတာ"

မောင်မောင်သည် ခြောက်လုံးပတ်ဖုံများနှင့် စခွန့်ဖုံအား ပတ်စာများခွာ၍ ဖုံမျက်နှာပြင်အား ရေဆေးပြီး အဝတ်ဖြင့် သုတ်၍ ကျွန်းသေတ္တာကြီးအတွင်းထည့်ထားခဲ့သည်။ ပြီးလျှင် နဲဆရာ ဦးတင်မြင့်နှင့်အတူ ဘုန်းကြီးကျောင်းအတွင်းမှ ထွက်လာခဲ့ကြလေ၏။

◆◆◆

နတ်တော်လဆန်း ၂ရက်နေ့တွင် ကျွန်းချောင်းရွာ၏ တောင်ဘက်တွင် ရှိသော ထန်းပင်ကုန်းရွာတွင် အသုဘတစ်ခုဖြစ်၍ ကျွန်းချောင်းရွာရှိ ဆိုင်းအဖွဲ့အား လာပြီးငှားလေသည်။ အသုဘချမည့် နတ်တော်လဆန်း ၃ရက်နေ့တွင် အသုဘချစဉ် ဆိုင်းတီး၍ ပို့ဖို့အတွက် ငှားခြင်းဖြစ်လေသည်။

နဲဆရာ ဦးတင်မြင့်နှင့် ဆိုင်းအဖွဲ့သားများသည် ထန်းပင်ကုန်းရွာသို့ နွားလှည်းဖြင့် သွားကြပြီး အသုဘ မချမီ အသုဘအိမ်၌ ဆိုင်းတီးကြလေသည်။ မောင်မောင်တီးနေသော ခြောက်လုံးပတ်ဖုံများနှင့် စခွန့်ဖုံမှာ အသံမှန်ပြီး ပတ်မအသံဟိန်း၍ ထွက်နေလေသည်။ အသုဘချပြီး၍ မိမိတို့ ကျွန်းချောင်းရွာသို့ ပြန်လာကြစဉ် မောင်မောင်က…

"ခုတော့လည်း ကောင်းလိုက်တဲ့ စခွန့်သံဗျာ။ ပတ်မကြီးအသံလား မှတ်ရတယ်။ ဟိန်းထွက်နေတာပဲ"

"အေးကွ၊ အသံကောင်းလိုက်တာကွာ။ ငါတောင် အံ့သြနေမိတယ်။ ဟို ဘုရားပွဲလှည့်တဲ့ ညက ဘာဖြစ်တာလဲ မသိဘူး"

"ကျွန်တော်လည်း ဘာဖြစ်မှန်း စဉ်းစားလို့ မရဘူး ဦးတင်ရေ…"

"ကဲ - ဒါတွေ ထားကွာ။ အခု လာမယ့် နတ်တော်လပြည့်နေ့မှာ ရွာရဲ့ ရွာလယ်ပိုင်းက ဦးအောင်မြ သားနဲ့ မြေးတွေ ရဟန်းခံ ရှင်ပြုပွဲ ညဘက် ဧည့်ခံဆိုင်းနဲ့ ရှင်လောင်းလှည့်မှာ တီးဖို့ လာငှားထားတယ်ကွ။ မင်း အဖွဲ့သားတွေ အဆင်သင့်လုပ်ထားပေတော့"

ဦးတင်မြင့်၏ ပြောစကား ကြားလိုက်ကြရသော အဖွဲ့သားများ ပျော်ရွှင်သွားကြလေတော့သည်။

ကျွန်းချောင်းရွာ၏ ကြေး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော ဦးအောင်မိုး၏ အလှူပွဲမှာ ပျော်ကားလှပေသည်။ ရွာတွင်းရှိ လူများ အားလုံးကျွတ် လာကြပြီး ရွာနီးချုပ်စပ် ရွာများမှလည်း လာရောက်ကြသော ကြောင့် အလွန်စည်ကားလှသော အလှူဖြစ်လေသည်။

ရဟန်းလောင်းသုံးပါးနှင့် ရှင် လောင်းငါးပါးတို့ မြင်းကိုယ်စီဖြင့် ရှင်လောင်းလှည့်မည် ဖြစ်သည်။ မောင်မောင်တို့ ဆိုင်းအဖွဲ့ကလည်း ရှင်လောင်းလှည့် မထွက်ခွာမီ ဆိုင်းအား အသံစမ်း တီးမှုတ်နေကြလေသည်။ မောင်မောင်တီးသည့် ခြောက်လုံးပတ် ဗုံအငယ်လေးများမှာ အသံမှန် မြည် သော်လည်း စခွန့်ပုံမှာ ဘတ်···ဘတ် ဟုသော အသံသာ ထွက်လေသည်။ မောင်မောင်သည် ထင်းချောင်းတစ်ချောင်း ဖြင့် ဗုံ၏ ပန်းကုံး သားရေများအား ထု၍ တင်းလေသည်။ ပြီးလျှင် ပတ်စာ အသစ်ကပ်ပြီး တီးသော်လည်း ဘတ် –ဘတ်ဟူသော အသံသာ ထွက်လာ သောကြောင့် နဲ့ဆရာ ဦးတင်မြင့်အား-

"ဖြစ်ပြန်ပြီ ဦးတင်ရေ။ ပန်းကုံး တွေလည်း တင်းပြီးပြီ၊ ရေလည်း ကိုင် ပြီးပြီ၊ ထုံးစံအတိုင်း ဘတ်···ဘတ် အသံပဲ ထွက်လာတယ်။ ကျွန်တော် တော့ ဘာလုပ်ရမှန်း မသိတော့ဘူးဗျာ"

"ဘာမှ လုပ်မနေနဲ့တော့ မောင်မောင်ရေ၊ လက်ရင်းအလုံးနဲ့ပဲ ထိန်းပြီး တီးပေတော့။ ထိန်လင်းက လည်း ခေတ်ပေါ် သီချင်းတွေပဲ တီးပေ တော့။ ပတ်မလွတ် တီးလုံးသီချင်းကို ပြောတာ"

"ဟုတ်ကဲ့၊ စိတ်ချပါ ဦးတင်။ ကျွန်တော် သဘောပေါက်ပါတယ်"

နဲ့ဆရာ ဦးတင်မြင့်မှ သူတို့၏ ဆိုင်းဝိုင်းအား ဟန်မပျက်စေရန် ထိန်း ၍ တီးမှုတ်ခိုင်းလေသည်။

ရှင်လောင်းလှည့်ပြီး၍ ညဘက် ဧည့်ခံဆိုင်း တီးရာတွင် စခွန့်ပုံ အသံ မထွက်၊ အသံမမှန်၍ ခြောက်လုံးပတ် ဗုံလက်ရင်းအလုံးဖြင့် ထိန်း၍ တီးမှုတ် ကြရလေသည်။

♦♦♦

သာရေးနာရေးအသင်း တာဝန်ရှိ လူကြီးများအား ရွာလယ်ကျောင်းဆရာ တော်မှ ခေါ်သဖြင့် လူကြီးများအားလုံး ရွာလယ်ကျောင်းသို့ စုဝေးရောက်ရှိလာ ကြလေသည်။ ဘုန်းကြီးကျောင်းပေါ် တွင် လူစုမိကြသည်နှင့် အသင်းဥက္ကဋ္ဌ ဖြစ်သော ဦးကျော်ခင်မှ···

"ဆရာတော်ခေါ်တာက တပေါင်း လပြည့်နေ့ကျရင် တပေါင်းပွဲတော် ကျင်းပဖို့ကိစ္စအတွက် ခေါ်တာဖြစ်မယ် ထင်တယ်ဗျ"

ဦးကျော်ခင် ပြောလိုက်သည်နှင့် အသင်းအမှုဆောင်တစ်ဦးဖြစ်သော ဦးစိန်ထွန်းက···

"နှစ်စဉ် လုပ်နေကျအတိုင်း စု ပေါင်း ဝိုင်းဝန်းလုပ်ကြရင် စည်စည်ကား ကားဖြစ်မှာပါဗျာ။ ဘာမှပူစရာ မလိုပါ ဘူးလေ"

လူကြီးများ စကားပြောနေကြ စဉ် ကျက်သရေတိုက်ခန်းအတွင်းမှ ကျောင်းထိုင်ဆရာတော် ထွက်ကြွလာ ပြီး လူကြီးများရှေ့ရှိ ကုလားထိုင်ပေါ် တွင် ဝင်ထိုင်လိုက်ချိန် လူကြီးများမှ ရှိခိုးလိုက်ကြသည်။ ပြီးလျှင် ဆရာ တော်က မိန့်ကြားလေသည်။

"ဒကာကြီးတို့ လူကြီးတွေကို ခေါ်ရတဲ့ အကြောင်းကတော့ နည်းနည်း ထူးဆန်းတယ်။ ဘုန်းကြီးတစ်ပါးအနေ နဲ့ ပြောရမှာလည်း ခပ်ခက်ခက်ပဲ။ ဒါပေ မယ့် မပြောရင်လည်း မဖြစ်ဘူးလေ။ ဒါကြောင့် ဘုန်းကြီးပြောရမှာပဲကွဲ့"

"ပြောပါ ဆရာတော်၊ ဆရာတော် ပြောပြမှ တပည့်တော်တို့ သိရမှာပါ ဘုရား"

ဥက္ကဋ္ဌ ဦးကျော်ခင်မှ ဆရာတော် အား လျှောက်ကြားလိုက်လေသည်။ ဆရာတော်က···

"ဒီလိုကွဲ့ ဒကာကြီး ဦးကျော်ခင်၊ ဒကာကြီးတို့အသင်းပိုင် ဆိုင်းပစ္စည်း တွေကို ဓမ္မာရုံထဲက အခန်းမှာ ထားကြ တယ်မဟုတ်လား။ အဲဒီ ပစ္စည်းတွေထဲ က ဗုံတစ်လုံးဟာ ညဘက်မှာ တီးသံ မြည်တယ်။ အဲဒီ ဗုံသံကြားရပြီး သုံးရက် အတွင်းမှာ ရွာထဲက လူတစ်ယောက် သေတယ်။ ပထမအကြိမ်ကြားရပြီး သုံးရက်မှာ ရွာဖျားက ဒကာမကြီး ဒေါ်ညွန့်သေတယ်။ ဒုတိယဗုံသံကြား ရပြီး ဘုန်းကြီးရဲ့ ကျောင်းမြောက်ဘက် က ဒကာကြီး ဦးသံချောင်း သေတယ်။ နှစ်ရက်အတွင်းမှာပဲ သေတာ။ ဒကာ ကြီး သံချောင်းသေပြီး ၁ဝရက်လောက် မှာ ညဘက် ဗုံတီးသံကြားရပြန်တယ်။ နှစ်ရက်နေပြီး ဒကာ ကျော်ညွန့်ရဲ့ သား လေး မြစ်ထဲမှာ ရေနစ်ပြီး သေတယ် လေ။ အစကတော့ ဘုန်းကြီးလည်း သတိမထားမိပါဘူး။ တစ်ကြိမ်က နှစ် ကြိမ်ဖြစ်လာတော့လည်း သတိပြုမိလာ ခဲ့တယ်ကွဲ့။ ဗုံတွေကို ကျွန်းသေတ္တာကြီး ထဲမှာ ထည့်ထားပေမယ့် ဗုံတီးတဲ့ အသံဟာ ပတ်စာကပ်ပြီး တီးတဲ့ အသံ အတိုင်း မြည်တာကြောင့် ဘုန်းကြီး လည်း ဓမ္မာရုံက အခန်းကို သွားကြည့် တဲ့အခါ ဗုံထည့်ထားတဲ့ သေတ္တာထဲက တီးသံမြည်နေတာကွဲ့"

ကျောင်းထိုင် ဆရာတော်က ပြောလက်စ စကားအား ရပ်၍ ရေနွေး ကြမ်းတစ်ခွက်ကို ဓာတ်ဘူးထဲမှ ငှဲ့ သောက်နေစဉ် နဲ့ဆရာ ဦးတင်မြင့်မှ-

"ဆရာတော် ကြားရတဲ့ ဗုံသံဟာ ဗုံအသေးသံလား၊ ဗုံအကြီးသံလား



www.burmeseclassic.com

www.burmeseclassic.com

ဘုရား"

"အိမ်း…ဘုန်းကြီး ကြားရတဲ့ အသံဟာ ပတ်မကြီး တီးတဲ့ ထီ… ထီ…ထီ ဆိုတဲ့ အသံပဲကွဲ့။ ဒါကြောင့် ဒီကိစ္စကို ဘယ်လိုလုပ်ကြရင် ကောင်းမလဲလို့ လူကြီးတွေနဲ့ တိုင်ပင်ရအောင် ခေါ်ခိုင်းလိုက်ရတာပဲ"

ဆရာတော်၏ မိန့်ကြားသည့် စကားအဆုံး အသင်းဥက္ကဋ္ဌ ဦးကျော်ခင်မှ…

"တပည့်တော်တို့ကတော့ ဘာမှ မပြောလိုပါဘူး ဘုရား။ အခု ဖြစ်တယ်ဆိုတဲ့ ကိစ္စကိုလည်း ရွာသားတွေကို မသိစေချင်ပါဘူး ဘုရား။ ဒါကြောင့် ဒီအကြောင်းမှန်, မမှန်သိရအောင် စုံစမ်းရင် ကောင်းမယ် ထင်ပါတယ် ဘုရား"

"ကိုင်း…ဒီလိုဆိုရင် ဒကာကြီးတို့ လူကြီးတွေ ဘုန်းကြီးရဲ့ ကျောင်းမှာ အလှည့်ကျ လာအိပ်ပြီး ဟုတ်, မဟုတ်၊ မှန်,မမှန် လာပြီးစုံစမ်းကြရင် ကောင်းမယ်လို့ ဘုန်းကြီးထင်တယ်။ တစ်ညကို သုံးယောက်လောက် လာအိပ်ကြပေါ့"

"ဆရာတော့်ကျောင်းမှာ တစ်ညကို တပည့်တော်တို့ လေးယောက်စီ အလှည့်ကျ လာအိပ်ပါ့မယ် ဘုရား။ ဒီနေ့ညက စလို့ တပည့်တော်နဲ့ လေးယောက် လာအိပ်ပါ့မယ် ဘုရား"

ဥက္ကဋ္ဌ ဦးကျော်ခင်က ဆရာတော်အား လျှောက်ထားပြီး အလှည့်ကျ အိပ်ကြမည့် လူစာရင်းအား သတ်မှတ်ကြပြီး ဆရာတော်အား ဝတ်ဖြည့်ရှိခိုး၍ မိမိတို့အိမ်များသို့ ပြန်လာခဲ့ကြလေသည်။ အသင်းတွင် တာဝန်ရှိသော လူကြီးများမှာ ၁၂ယောက်ရှိသဖြင့် လေးယောက်ကျဖြင့် သုံးဖွဲ့ခွဲပြီး တစ်ညအိပ်စောင့်ပြီးလျှင် နှစ်ည နားရမည်ဖြစ်လေသည်။

•••

အသင်းဥက္ကဋ္ဌ ဦးကျော်ခင်တို့အဖွဲ့ ယနေ့ညဆိုလျှင် ၅ကြိမ်မြောက်လာ၍အိပ်ကြရခြင်းဖြစ်သည်။ ဦးကျော်ခင်တို့သည် ဘုန်းကြီးကျောင်းပေါ်တွင် ဓမ္မာရုံနှင့် အနီးဆုံးနေရာ၌ အိပ်ကြခြင်းဖြစ်လေသည်။ ည တစ်နာရီအချိန်တွင် ဓမ္မာရုံဘက်မှ ဗုံတီးသံကို ပီပီသသကြီး ကြားလိုက်ကြရသောကြောင့် အိပ်ပျော်နေကြသူများအား နှိုးလိုက်ပြီး ကျောင်းပေါ်မှ ဆင်းကာ ဓမ္မာရုံဘက်သို့ လျှောက်သွားကြလေသည်။

ညဦးကတည်းက ဓမ္မာရုံအား သော့ဖွင့်ထားသောကြောင့် တံခါးပိတ်အား အသာအယာတွန်းဖွင့်၍ ဝင်လာခဲ့ကြလေသည်။ ဓမ္မာရုံအတွင်းရောက်လျှင် ဆိုင်းဝိုင်းပစ္စည်းများ ထားသောအခန်းထဲမှ ဗုံတီးသံ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိကြရလေသည်။ ဗုံတီးသံထွက်ပေါ်ရာ အခန်းအနီးရောက်သည့်အချိန်ထိ ဗုံသံထွက်ပေါ်နေဆဲ ဖြစ်သည်။ ဗုံတီးသံမှာ စခွန့်ဗုံတီးသံဖြစ်သော ဗေထိ…ဗေထိ…ထီ…ထီ…ထီ ဟူသော အသံဖြစ်လေသည်။ ပစ္စည်းထားသော အခန်းတံခါးချပ်အား ဆွဲဖွင့်လိုက်ပြီး လက်ထဲမှ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ ဗုံသံကြောင့် ကျွန်းသေတ္တာကြီးမှာ လှုပ်ခါနေသည်ကို မြင်တွေ့လိုက်ကြရပြီး ဗုံသံမှာ တိတ်သွားလေသည်။ ကျွန်းသေတ္တာအား သော့ဖွင့်၍ ကြည့်လိုက်ကြရာ ထူးဆန်းသော မြင်ကွင်းကို မြင်လိုက်ကြရလေသည်။

ဗုံများအား သေတ္တာအတွင်း ထည့်ထားစဉ်က ဗုံအကြီးဖြစ်သော စခွန့်ဗုံအား အောက်ဆုံးတွင် ထားပြီး ခြောက်လုံးပတ် ဗုံအငယ်များနှင့် မောင်းများကို အပေါ်တွင် ထပ်၍ တင်ထားခဲ့ခြင်းဖြစ်သည်။ ယခုမူ ဗုံအသေးများ၊ မောင်းများမှာ သေတ္တာအောက်ဆုံးတွင် ရောက်နေကြပြီး စခွန့်ဗုံမှာ သေတ္တာအပေါ်ဆုံးတွင် ရောက်ရှိနေသည်ကို ထူးဆန်းစွာ မြင်လိုက်ရခြင်းဖြစ်လေသည်။ ဦးကျော်ခင်နှင့် အဖွဲ့သည် သေတ္တာအား ပြန်ပိတ်ပြီး ကျောင်းပေါ်သို့ ပြန်တက်လာကာ အိပ်ရာတွင် ဝင်ရောက် အိပ်လိုက်ကြလေသည်။

နံနက်မိုးလင်းလျှင် ဆရာတော်အား လျှောက်ထားကြလျှင် ဆရာတော်က သူလည်း ဗုံသံကြားရကြောင်း မြေ…ပြီး သည်နေ့မှ နောက်နှစ်ရက်အတွင်း ရွာထဲ၌ ဘာဖြစ်မည်ကို နားစွင့်ထားကြ…ရန် မှာကြားလသည်။ ဦးကျော်ခင်တို့လည်း မိမိတို့အိမ်များသို့ ပြန်လာကြ…လေတော့သည်။

တစ်ရက်လုံး မည်သည့်သတင်း… မကြားကြရ၍ စိတ်ချမ်းသာမိကြသော်…လည်း ညနေ ၅နာရီအချိန်ခန့်တွင် အမင်္ဂလာသတင်းတစ်ခုအား ကြား…လေသည်။

ရွာထိပ်တွင် နေသော မောင်ရဲ…တစ်ယောက် စားကျက်တွင် လွှတ်ထား…သော နွားများအား သွားလိုက်ရာ… လယ်ကွက်အတွင်းမှ နာတို(မြွေဟွေ…) ကိုက်၍ သေဆုံးကြောင်း ကြားရခြင်း…ဖြစ်လေသည်။

ဦးကျော်ခင်သည် သာရေးနာရေး… အသင်းလူကြီးများအား ဘုန်းတော်ကြီး… ကျောင်းသို့ ယခုချက်ချင်း လာရော…ကြရန် လူလွှတ်၍ ခေါ်ခိုင်းလိုက်… သူလည်း ရွာလယ် ဘုန်းကြီးကျော…သို့ ထွက်လာခဲ့လေသည်။ ဦးကျော်…ဘုန်းကြီးကျောင်းသို့ ရောက်ပြီး ကွ…တစ်ယာညက်ခန့်အကြာတွင် အသ…တွင် တာဝန်ရှိကြသူ လူကြီးများ… အတူ ဆိုင်းတီးကြသူများပါ ရော…



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိလာကြလေသည်။ လူစုံလျှင် အသင်းဥက္ကဋ္ဌ ဦးကျော်ခင်က…

"ဆရာတော်ဘုရား… ဆရာတော် မိန့်ကြားတာ မှန်ပါတယ် ဘုရား။ ဥတုန်းက ဖုံသံကြားရတယ်။ အခု ဒီနေ့ ၅နာရီလောက်မှာ မောင်ရဲသူ ထိုလို့ သေသွားပြီ။ ဒါကြောင့် တပည့်တော်တို့အသင်းမှာ ရှိတဲ့ ဖုံဟာ ကောင်းဆိုးရှားတွေ ကပ်နေကြတဲ့ ဖုံ အမှန်ဖြစ်ပါတယ် ဘုရား။ တော့ကာ ဒီ မရဏဖုံကို ဘယ်လို ကြရရင် ကောင်းမယ်ဆိုတာ ဝိုင်း အကြံဉာဏ်များ ပေးကြပါလို့ ပြော ပါတယ်"

အသင်းဥက္ကဋ္ဌ ဦးကျော်ခင်၏ စကားခုံးသည်နှင့် နဲ့ဆရာ ဦးတင် …

"ဥက္ကဋ္ဌကြီးတို့ လူကြီးတွေကို တော် မပြောဘဲ ထားခဲ့တဲ့ ကြောင်းတွေကို ပြောပြပါ့မယ်။ ခုန ဋ္ဌကြီးပြောတဲ့ မရဏဖုံဆိုတာ င်းကျွတ်လထဲမှာ ဝယ်လိုက်တဲ့ ဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ စခွန့်ဖုံဟာ နှာရေးဖြစ်တဲ့ အမင်္ဂလာ ကိစ္စတွေမှာ တီးရင် အသံကောင်း။ ပြည်သလောက်၊ မင်္ဂလာရှိတဲ့ အတန်းနဲ့ ဘုရားပွဲတွေမှာ တီးရင် ကောင်း မပြည်တဲ့ ဘတ်‥ဘတ် အသံပဲ ပြည်တယ်။ ဒါကို တော်တို့ ဆိုင်းတီးတဲ့ ဆိုင်းဝိုင်း တွေပဲ သိတယ်။ ဒါကြောင့် ဋ္ဌကြီးပြောသလို၊ မရဏဖုံဆိုတာ မှန်ပါတယ်။ အဲဒီဖုံကို မီးရှို့ပစ် ရင် ကောင်းမယ်လို့ ထင်ပါတယ်"

နဲ့ဆရာ ဦးတင်မြင့်က ရှည်လျား င်းပြလိုက်ရာ အသင်းတာဝန်ရှိ များ အံ့သြသွားကြလေတော့ သည်။ ဆရာတော်က မိန့်ကြားသည် မှာ…

"အိမ်း…ဒကာကြီးတို့ကိုယ်တိုင် ကိုယ်ကျ ကြုံတွေ့ကြရပြီဖြစ်လို့ ဘုန်းကြီး ဘာမှမပြောလိုပါဘူး။ ဒါပေမယ့် အခုဖြစ်နေတဲ့ ဖုံကိစ္စနဲ့ ပတ်သက်ပြီး တော့ ပြောရရင် ဖုံတီးသံကြောင့် လူ သေတာလား၊ လူသေမှာ သိလို့ ကြို တင် နိမိတ်အနေနဲ့ ဖုံတီးသံ ထွက်တာ လားဆိုတာကို ဘယ်သူမှ မပြောနိုင် ကြဘူး။ လူဆိုတာ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်ကြတယ်ကွဲ့။ ဒီတော့ ဒကာကြီးတို့ လူကြီးတွေ ကောင်းသလို စီစဉ်ကြပါ"

"တင်ပါ့ ဘုရား။ တပည့်တော် ဟာ ဒီ သာရေးနာရေးအသင်းမှာ ဥက္ကဋ္ဌ ဖြစ်တဲ့အတွက် တာဝန်အရှိဆုံးသူဆိုရင် လည်း မမှားပါဘူး ဘုရား။ တပည့်တော် ရဲ့ ဆန္ဒအရတော့ ဒီ မရဏဖုံကို မီးရှို့ ဖျက်ဆီးပစ်လိုက်တာ အကောင်းဆုံး ဖြစ်မယ်လို့ ထင်ပါတယ် ဘုရား။ ကျန် တဲ့ လူကြီးတွေရဲ့ သဘောဆန္ဒကို သိ ချင်ပါတယ်။ ပြောကြပါခင်ဗျာ"

အသင်းဥက္ကဋ္ဌ ဦးကျော်ခင်မှ လူကြီးများ၏ သဘောဆန္ဒအား မေး လိုက်ရာ အားလုံးက မီးရှို့ဖျက်ဆီးပစ် ကြရန် သဘောတူညီကြသောကြောင့် ဓမ္မာရုံအခန်းအတွင်းရှိ စခွန့်ဖုံအား ထုတ်ယူကြပြီး ကျောင်းနောက်ဘက်ရှိ မြေကွက်လပ်တွင် မီးရှို့ကြလေသည်။ ဖုံအား ကျက်ထားသော နွားသားရေများ အား မီးလောင်ပြီး ဖုံသစ်သားခွံအား မီးစွဲလောင်ချိန်တွင် လူများ ဝေဒနာ ခံစားရချိန်၌ ညည်းတွားသည့် ညည်း တွားသံများလို ဖုံသစ်သားခွံ မီးတောက် အတွင်းမှ ထွက်ပေါ်လာသည်ကို အနီးရှိ လူကြီးများအားလုံး ကြားကြရလေ သည်။ အသင်းဥက္ကဋ္ဌ ဦးကျော်ခင်က -

"ခုမှပဲ မရဏဖုံရဲ့ ဇာတ်သိမ်း တော့တယ်။ လူကြီးတွေလည်း သံ သယရှင်းသွားကြပြီဆိုတော့ ပြန်ကြပါစို့ ဗျာ။ မရဏဖုံသံ လုံးဝ ပျောက်သွားပါ ပြီဗျာ"

ကျွန်းချောင်းရွာ သာရေးနာရေး အသင်း တာဝန်ရှိ လူကြီးများသည် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ထွက်ခွာ လာကြလေတော့သည်။ သူတို့အားလုံး ၏ စိတ်အတွင်း၌မူကား မရဏဖုံ အကြောင်းအား မေ့ပျောက်၍ ရနိုင်ကြ မည်မဟုတ်သည်မှာ သေချာလှပေ တော့သည်။

◆◆◆

(စာကြွင်း။ အသင်းဥက္ကဋ္ဌ ဦးကျော်ခင်သည် စခွန့်ဖုံ ဝယ်ယူလာသူ မောင်စံခင်အား ခေါ်၍ မန္တလေးမြို့မှ ဖုံဝယ်ယူခဲ့ရာဆိုင်သို့ သွားပြီး ဖုံလုပ်၍ ရောင်းခဲ့သူအား မေးမြန်းစုံစမ်းခဲ့ရာ ဖုံခွံထွင်းသူ ပြောပြသည်မှာ ဖုံခွံထွင်း သည့်သစ်မှာ သင်္ချိုင်းမြေအတွင်းမှ ကုက္ကိုပင်၏ အသားဖြင့် ထွင်းထားသည့် ဖုံခွံဖြစ်ကြောင်း ပြောပြလေသည်။

သင်္ချိုင်းစောင့်များ လာရောင်း၍ ဝယ်ယူလိုက်သော ကုက္ကိုသားဖြစ် ကြောင်း သိရှိရလေသည်။ သင်္ချိုင်းမြေ အတွင်းမှ ကုက္ကိုပင်၏ အသားတွင် မကောင်းဆိုးရှား မိစ္ဆာများ ကပ်ပါလာ ခြင်းဖြစ်ပြီး လူများ၏ မကောင်းကျိုးကို ဖြစ်စေသော မရဏဖုံသံအား တီးခတ် ကြခြင်းဖြစ်မည်ဟု ဦးကျော်ခင်၏ စိတ် ဝယ် ထင်မြင်ယူဆလိုက်လေတော့ သည်။ စာရေးသူ)■

* * *

မင်းမြင့်နိုင်(ဘူးသီးတောင်)





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ စာရေးသူထံသို့ တပ်က
အငြိမ်းစားယူလာသော ညီဖြစ်သူ
သာအောင်(ဗိုလ်မှူး/ငြိမ်း)ရောက်ရှိ
လာသည်။ သာအောင်နှင့် စာရေးသူ
မှာ ဖအေညီအစ်ကိုအရင်းက မွေး
ထားကြသည့် ညီအစ်ကိုတစ်ဝမ်းကွဲ
ဖြစ်ပြီး တစ်မြို့တည်း၊ တစ်ရပ်တည်း
၌ နေခဲ့ကြသူများဖြစ်သည်။
ညီအစ်ကိုဆိုပေမယ့်
အတူနေ၊ အတူစား၊ အတူ




# လူတွင် ထင်ရှား စည်းစိမ်များ၍
# ဘေးရန်ကင်းကွာ ဝ’ဂါထာ

အေးရွှေ (ဇီးကျွန်း)

www.burmeseclassic.com

www.burmeseclassic.com

ချောင်းနေခဲ့သူများလည်း ဖြစ်၍ သူငယ်ချင်းလိုလည်း ရှိခဲ့ကြသည်၊ ခင်မင်ခဲ့ကြသည်။ ညီအစ်ကိုထက် သူငယ်ချင်းဆန်သည်။ နောက်ကြပြောင်ကြနှင့် ပွင့်လင်းခင်မင်မှု ရှိခဲ့ကြသည်။ သို့သော် ဆယ်တန်းအောင်သောနှစ်တွင်ပင် သူကသည် တပ်ထဲ လိုက်သွား၊ စာရေးသူကလည်း ဝါသနာပါရာ အပေလုပ်ငန်းများ လုပ်ရင်းနှင့် ကွဲကွာသွားကြသည်။

တစ်ခါတစ်ရံမှသာ ခဏတာဖြုတ် ဆုံဖြစ်ကြ၏။ တစ်ယောက်သတင်း တစ်ယောက်မေးနေ၊ စုံစမ်းနေရုံမှလွဲပြီး ဆုံဖြစ်ကြပေ။

ယခု သူ တပ်က အငြိမ်းစားယူခဲ့ပြီဖြစ်သောကြောင့် စာရေးသူထံ အေးအေးဆေးဆေး လည်ပတ်ရင်း ရောက်လာခြင်းဖြစ်သည်။ ညီအစ်ကိုတွေ ပြန်လည်ဆုံတွေ့ကြသည်နှင့် ဟောင်း နှောင်းဖြစ်တွေ စားမြုံ့ပြန်ပြောမကုန်အောင် ကြသည်။

ထိုသို့ စားမြုံ့ပြန် ပြောဆိုကြရင်းမှ စာရေးသူတို့ ငယ်က အဘိုး(အဖေ၏ အဖေ)ပေးခဲ့သော လူတွင် ရှား စည်းစိမ်များ၍ ဘေးရန်ကင်းကွာ "ဝ"ဂါထာဆို သည့် ဂါထာလေးအကြောင်း ရောက်သွားသည်။

"အစ်ကို···အဲဒီ ဝ-ဂါထာလေး မှတ်မိသေးလား"

ဟုလည်း သာအောင်က မေးသည်။

"မှတ်မိတယ်။ မင်းနဲ့ ငါ့ကို အဲဒီဂါထာလေးပေးပြီး နေတည်း အရကျက်ရမယ်ဆိုလို့ အိမ်နောက်ဖေး ရှိလေး နှုးက ရေမြုပ်ပင်ကြီးအောက်မှာ ဘယ်သူ အရင်ရမလဲ သွားကျက်ကြတာလေ"

စာရေးသူက မှတ်မိကြောင်း ပြန်ပြောတော့ ညီဖြစ်သူ အောင်က···

"အစ်ကို မှတ်မိသားပဲ"

ဟု ဆိုပြီး···

"အဘိုးပေးကျက်ခိုင်းတုန်းကတော့ တန်ဖိုးရှိမှန်း မသိ အဘိုးက ကျက်ခိုင်းလို့သာ ကျက်ရတာ။ အဘိုးကို ကြောက်ပြီး ကျက်ခဲ့ရတာ။ ဒါပေမယ့် အစ်ကိုရေ···အဲဒီ ထာလေးက တကယ်တန်ဖိုးမဖြတ်နိုင်တဲ့၊ တကယ်စွမ်း ဂါထာလေးပဲ"

ဟု ဆက်လက်ပြောသဖြင့်···

"အေး။ ငါကတော့ ခု မင်းမေးမှ ပြန်အမှတ်ရတယ်။ ဝန်ခံရရင် မမေ့တာက လွဲပြီး မသုံးဖြစ်ဘူးကွာ။ အဲဒီ ဝ-ဂါထာလေးရဲ့ ကိုယ်တွေ့ကြုံခဲ့ရတဲ့ အစွမ်းသတ္တိ ပြောကွာ"

ဟု တိုက်တွန်းလိုက်ပါသည်။

"ဘာလဲ၊ အစ်ကို စာရေးတော့မလို့လား"

"အေးပေါ့ကွာ။ ငါက စာရေးနေတဲ့သူပဲ။ ရေးဖို့ ကောင်းရင် ရေးရတာပေါ့"

စာရေးသူ၏ စကားဆုံးသည်နှင့် သာအောင်က ဂါထာလေးနှင့် ပတ်သက်ပြီး ကိုယ်တွေ့ကြုံခဲ့ရသည်လေးများကို အောက်ပါအတိုင်း ဆက်လက်ပြောပြပါသည်။

♦♦♦

ကျွန်တော်လည်း အစကတော့ အစ်ကို့လိုပေါ့ အစ်ကိုရာ။ အဲဒီဂါထာလေး ဘယ်သိပ်အမှတ်ထားမလဲ။ မမေ့တာက လွဲလို့ မေ့မေ့ပျောက်ပျောက်ပဲ။ သတိတရ သိပ်မရှိလှပါဘူး။ ဒါပေမယ့် အစ်ကိုရေ··တပ်ထဲရောက်၊ စစ်ဆင်ရေးတွေ ထွက်၊ ရန်သူနဲ့ ရင်ဆိုင်ရပြီလည်း ဆိုရော၊ အဲဒီဂါထာလေးကို ပြန်အမှတ်ရမိတယ်။ အဘိုးက အဲဒီ ဂါထာလေးကို မနက်တစ်ခေါက်၊ ညတစ်ခေါက် မှန်မှန်ရွတ်ရင် ကျော်စောထင်ရှားမယ်။ စည်းစိမ်ဥစ္စာတွေလည်း တိုးပွားမယ်။ ဘေးရန်ဟူသမျှလည်း မြူမျှ မထင်၊ ကင်းစင်မယ်လို့ ပြောခဲ့တယ်မဟုတ်လား။

တပ်ဆိုတာက အစ်ကိုသိတဲ့အတိုင်းပဲ။ အစ်ကိုတို့လိုလူတွေ အေးအေးဆေးဆေး နေနိုင်၊ စားနိုင်၊ အိပ်နိုင်ပေမယ့် ကျွန်တော်တို့က အိပ်ချင်တိုင်း အိပ်မရ၊ နေချင်တိုင်း နေမရ၊ စားချင်တိုင်း စားလို့ မရဘူး။ ညမှောင်မှောင်မှာ ချွေးဒီးဒီးကျအောင် အသက်နဲ့ လဲပြီး လှုပ်ရှားနေကြရတာလေ။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းကလည်း အမှန်ကို အမှန်အတိုင်းမြင်တတ်မယ်ဆိုရင် တော်တော် ဆိုးဆိုးဝါးဝါး မကောင်းခဲ့တာ အစ်ကို စဉ်းစားကြည့်လေ။ တခြားနိုင်ငံတွေမှာ သောင်းကျန်းသူဆိုတာ ရှိခဲ့လှပါတယ်။ တစ်ခါတစ်ရံ အကြောင်းအကျိုး မတိုက်ဆိုင်လို့ ရှိလာကြရင်လည်း ဘယ်နိုင်ငံမှ ကျွန်တော်တို့နိုင်ငံလောက် များမယ်မထင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ သောင်းကျန်းသူတွေက ရောင်စုံ သောင်းကျန်းသူတွေလေ အစ်ကိုရ။ တကယ်တော့ တပ်မတော်သား စစ်သားဆိုတာ "ရှောူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်"ဆိုတဲ့ အမိန့်နဲ့ တာဝန်အတိုင်း ဆောင်ရွက်နေရတာ။ ဒီတော့ အမြောက်သံ၊ သေနတ်သံတွေကြားမှာ အချိန်မရွေး သေသွားနိုင်တယ်။ အဲဒီလို အသက်ကို စွန့်လွှတ်လိုက်ရသူတွေလည်း အများကြီး။ ဒီတော့ အဘိုးပေးခဲ့တဲ့ "ဝ"ဂါထာလေးကို အမှတ်ရလာတယ်။ အဘိုးမှာတဲ့အတိုင်း ည၊ နံနက် မဖြစ်

www.burmeseclassic.com



မနေရွတ်တယ်။ ဂါထာလေးထဲမှာ ပါတဲ့အတိုင်းလည်း ကိုယ့်ဘာကိုယ် အဆောင်လေးတွေ လုပ်တယ်။ ဆောင်တယ်။ ရန်သူနဲ့ ရင်ဆိုင်တွေ့ရင်၊ တာဝန်ကျလာရင် တိုက်ရမယ်ဆိုပေမယ့် ရန်သူအပေါ်မှာတော့ မေတ္တာထားတယ်။ ဒါကြောင့်ပဲ ကျွန်တော် အငြိမ်းစားယူလာတဲ့အထိ အသက်အန္တရာယ်စိုးရိမ်ရလောက်တဲ့ အဆင့်မျိုးအထိ တိုက်ပွဲမျိုး တစ်ခါမှ မကြုံခဲ့ရဘူး။ ရန်သူရဲ့ ချုံခို တိုက်ခိုက်မှုတွေ၊ မိုင်းတွေနဲ့ တိုးပေမယ့်လည်း ဘာအန္တရာယ်မှ မရှိခဲ့ဘူး။ အဲဒါတွေအားလုံးဟာ အဘိုးပေးခဲ့တဲ့ ဝ-ဂါထာလေးကြောင့်လို့ ကျွန်တော် တစ်ထစ်ကျ ယူဆတယ်။ ရန်သူ့သေတွင်း၊ သတ်ကွင်းကနေ ပေါ့ပေါ့ဆဆနဲ့ပဲ လွတ်လာခဲ့တဲ့ အကြိမ်တွေ မနည်းဘူး။

ဒီနေ့တော့ ဒီလောက်ပဲ ထားလိုက်ဦးမယ်။ နောက်တစ်ခေါက်လာမှ ဝ-ဂါထာလေးနဲ့ ပတ်သက်ပြီး အသက်ဘေးက လွတ်ခဲ့ရတဲ့ အတွေ့အကြုံလေးတွေ ဆက်ပြောဦးမယ်

ညီဖြစ်သူ သာအောင်က သူ့စကားကို အဆုံးသတ်ကာ ဇနီးသည် လာချပေးသည့် ကော်ဖီကို သောက်ရင်းနားနေလိုက်သဖြင့် စာရေးသူလည်း ထိုဂါထာလေးအား စာရေးရလျှင် စာဖတ်ပရိသတ်ကြီးအတွက် အကျိုးရှိနိုင်ကြောင်း တွေးမိသဖြင့် ချက်ချင်း ထိုဂါထာလေးကို ရေးချလိုက်ပါတော့၏။

### “ဝ”ဂါထာ

ဝဏ္ဏတေ ဝဏ္ဏတော၊ ဘာသာဝရော ဂုဏောနဝ။
ဝဏ္ဏတော ဝရုဏ္ဏာနေ၊ ခေနတောဝရံ သပ္ပနဝ၊
ဝံပကာနိနေန၊ ဘဟိသပ္ပနဝ၊
ဝကပ္ပိတော နလိမ္ပန္နော၊ ဝသာ တသာနဝ။

### ဂါထာအညွှန်း

ဆုံးစ ဝပိတ်၊ တံဆိပ်အက္ခရာ၊ ကမ္ပည်းစာကို၊ မကျ
နေ့ရက်၊ ည-နံနက်လျှင်၊ ရွတ်ဖတ်ဆင်ခြင်၊ လူတွင် ထင်ရှ
စည်းစိမ်များလိမ့်၊ လေးမြား သေနတ်၊ ပစ်ခတ်သော်ခါ လ
နှင့်သာလျှင်၊ လျှင်စွာရစ်ဦး၊ မီးမကူးတည့်၊ အထူးထို့ပြ
ပန်းသစ်ပင်ကို၊ လက်တွင် ကိုင်ဆုပ်၊ ခုနစ်အုပ်လျှင်၊ မယု
ရွတ်လျက်၊ သုံးချက်ဖနောင့်၊ ခြေနှင့် ခေါက်၊ ကဲ
တစ်အောင့် တစ်ခဏ၊ ညှိုး၍ကျလိမ့်၊ နောက်မှ တစ်ဖ
လန်းခဲ့ပြန်မူ၊ ပန်းပန်သောသူ၊ ရန်ဟူသမျှ၊ ရှောင်ရှားရ
ထိုမှတထူး၊ ချဉ်းဆူးလွတ်ခြား၊ ထိုသစ်သားကို၊ လက်ဖ
လက်ဆစ်၊ တိုင်းထစ်ဖြတ်ပြီး၊ မပြတ်ရွတ်ပါ။ ထိုဂါထာဝ
အန္တရာယ်ရှိခိုက်၊ အံမှာ ကိုက်မူ၊ ရန်သူဟူသမျှ၊ မတွေ
ပျောက်၊ ထို့နောက် တစ်ချက်၊ တံခါးရွက်ကို၊ ရွတ်လျ
ပုတ်ပါ၊ သော့သေတ္တာနှင့်၊ မှတ်ပါ မယွင်း၊ ခြေကျင်းကြ
ထိပ်၊ လက်ဖြင့် နိုပ်က၊ ပွင့်ကြစမြဲ၊ အိမ်ထဲထိတ်၊ မီးထွ
ညှိက၊ ကြည့်ဘိ ရွတ်လေ၊ မီးငြိမ်းသေလိမ့်၊ တစ်ဒေ
ရေပ်ကောင်း၊ ရေကြောင်းမှာ ငုပ်၊ မန်းမှုတ်၍ စား၊ သေန
မားလုံ၊ တစ်နေ့ခံသည်၊ ရှင်ပျံရသေ့ပညာတည်း။

ဤဂါထာ၌ အဘိုးက ယခုတင်ပြသည့်အတိုင်းပ
ပေးခဲ့ပါသည်။ အနက်ပြန်ဆိုမပေးခဲ့ပါ။ ယခုအတိုင်းပင် စီ
ဆောင်ရွက် ရွတ်ဆိုရန်သာ မှာကြားပါသည်။

အဘိုး၏ ပေမူ၌ ရှာဖွေကြည့်သော်လည်း ယခုတင်
သည့်အတိုင်းသာ တွေ့ရပါသဖြင့် မူရင်းအတိုင်းပ
ဆက်လက် တင်ပြခြင်းဖြစ်ပါ၏။ ယုံကြည်သဒ္ဓါထက်သန်စွ
ဖြင့် ရွတ်ဆိုပွားများ ဆောင်ရွက်သွားကြခြင်းအားဖြင့် အဘိ
၏ အဆိုအံမိန့်အတိုင်း လူတွင် ထင်ရှား၊ စည်းစိမ်များ
ဘေးရန်ကင်းကွာ၊ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းသာယာနိုင်ကြမ
ဖြစ်ပါကြောင်း။

မေတ္တာများစွာဖြင့် • •

* * *

ခအား ညွှန့်ဓိုးကု



www.burmeseclassic.com

www.burmeseclassic.com

# ဝက်ရူးဆန်ဆန် အတက်ရောဂါများပျောက်ဆေး

ဝင်းဇော်(သုံးဆယ်)

တစ်နေ့တွင် ရန်ကုန်မြို့တွင်းတစ်နေရာ၌ ငယ်သူငယ်ချင်းတစ်ဦးဖြစ်သူ သောင်းမြင့်ဆိုသူနှင့် အမှတ်မထင် ဆုံတွေ့မိကြသည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်၍ အေးအေးဆေးဆေး စကားပြောချင်သောကြောင့် နီးရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ခေါ်လာခဲ့မိသည်။ သောင်းမြင့်ကလည်း ကျွန်တော့်ကို တွေ့ချင်နေကြောင်း ပြောပြသည်။ ဘာကြောင့် ကျွန်တော့်ကို တွေ့ချင်နေတာလဲဟု မေးကြည့်တော့…

“ငါ့ညီမဝမ်းကွဲလေးတစ်ယောက်က အသက် ၂၀ ကျော်ရှိပြီ။ လွန်ခဲ့တဲ့ တစ်လလောက်က စပြီး သွားလာနေရင်း ခေါင်းထဲမှာ မူးဝေလာတယ်။ အဲသလို ခေါင်းမူးတာ နေ့မှာ ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် ညဘက်မှာ ဖြစ်တတ်တယ်။ နေ့ဘက် ရောဂါဖြစ်တဲ့အခါ လက်ထဲမှာ ပစ္စည်းတစ်ခုခု ကိုင်ထားရင်လည်း လွတ်ကျပြီး လဲကျသွားတယ်။ ခဏ သတိလက်မေ့သွားတယ်။ ခြေမ၊ လက်မကို ချိုးပေးလိုက်ရင် သတိပြန်ရလာရော။ သတိလစ်နေတဲ့အခါ ညစ်တဲ့ အသံမျိုး ပါးစပ်က ထွက်လာတယ်။ ညဘက်မှာ ဖြစ်ရင်တော့ အကြောတွေ ဆွဲနေတတ်တယ်။ ဆရာဝန်ပြကြည့်တော့ အဲဒါ အတက်ရောဂါဖြစ်တာ ဆိုပြီး ဆေးတွေ ပေးတယ်။ ဆေးကို နေ့တိုင်းသောက်နေရမှာတော့ ငါ့ညီမလေးမှာ စိတ်ညစ်နေတယ်”

“အင်း… မင်းပြောတဲ့ ရောဂါလက္ခဏာအရဆိုရင် အတက်ရောဂါ၊ ဝက်ရူးပြန်ရောဂါဖြစ်နေမလားလို့ စဉ်းစားကြည့်နေရတယ်။ အတက်ရောဂါတွေက အမျိုးမျိုးရှိတယ်။ တချို့ရောဂါတွေက သတိလစ်ပြီး ခြေလက်တွေ တောင့်တင်းသွားတတ်တယ်။ ခြေမချိုး၊ လက်မချိုးရင် ပြန်သတိရလာတတ်တယ်။ ပါးစပ်က အမြှုပ်တွေ ထွက်တယ်။ ဆီးပေါက်သွားတတ်တယ်။ ကယောင်ကတမ်းတွေပြောတယ်။

တချို့ကျတော့ အဲသလို ကြမ်းကြမ်းတမ်းတမ်းမတက်ဘူး။ တက်ချင်လာတဲ့အခါ သွားလာနေရင်း လက်ထဲက ကိုင်ထားတာတွေ လွတ်ကျပြီး ခဏမေ့သွားတယ်။ ခဏကြာတော့ ပြန်ကောင်းသွားတယ်။

တချို့ကျတော့ တက်တဲ့အခါ သူတို့နှာခေါင်းထဲမှာ အနံ့တစ်မျိုးမျိုးရတယ်လို့ ပြောတယ်။ မျက်လုံးထဲမှာ ဟိုဟာဆိုလို၊ ဒီဟာလိုလို အမျိုးမျိုးမြင်တယ်။ အကြောင်းမဲ့ ကြမ်းကြမ်းတမ်းတမ်းလုပ်တတ်တယ်။ အကြောင်းမဲ့ ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်တတ်တယ်။ တစ်ဖွတ်ထိုး ထွက်ပြေးတတ်တယ်။

တချို့ကျတော့ အရုပ်ကြိုးပြတ် လဲကျသွားတယ်။ မင်းညီမဝမ်းကွဲလေးရဲ့ ရောဂါက ဒုတိယအမျိုးအစား အတက်ရောဂါ။ တိုင်းရင်းမြန်မာဆေးပညာနဲ့ ကုသနည်းတွေ ရှိတယ်။

အနောက်တိုင်းဆေးနည်း(ဆရာဝန်)တွေကတော့ ဖြစ်တဲ့ ဝေဒနာကို ပြောပြရင် ဇာရွန်နင်(Zaronin)၊ ဒိုင်လင်တင်(Dilantin)၊ တက်ဂရီတော(Tegretol) ဆေးတွေ ပေးပြီး သောက်ခိုင်းတယ်။ ပိုပိုဆိုးလာရင်တော့ အီးအီးဂျီ (EEG)လို့ခေါ်တဲ့ ဦးနှောက်လျှပ်စစ်တိုင်းစက်နဲ့ တိုင်းတာကြည့်ဖို့ လမ်းညွှန်ကြတယ်။ အဲဒီစက်က ရန်ကုန်မြို့ ဦးနှောက်နဲ့ အာရုံကြောဌာနမှာ ရှိတယ်။ ဒါက မင်းသိထားရအောင် ပြောပြတာ။

တိုင်းရင်းမြန်မာဆေးနည်းတွေကတော့…

ကညွတ်ဥမှုန့် ၁၂ပဲသားကို နွားနို့ ၁၀ကျပ်သားထဲ ထည့်ပြီး သောက်ရမယ်”

သူငယ်ချင်း သောင်းမြင့်က စာရွက်တစ်ရွက်ထဲတွင် ရေးမှတ်နေ၏။

“ကုလားကင်ပွန်းသီး (တိုင်းရင်းမြန်မာဆေးအခေါ်ကတော့ မျောက်မင်းသွေးခဲ)အစေ့ကို ကြိတ်၍ အဝတ်နဲ့ ထုပ်ပြီး တအားရှူရတယ်။ ဝက်ရူးရောဂါ၊ ခေါင်းကိုက်ရောဂါ ပျောက်တယ်။

နောက်တစ်နည်းက ဩဇာစေ့အတွင်းဆံကို မီးခဲထဲ ထည့်ရင် မီးခိုးထွက်လာလိမ့်မယ်။ အဲဒီမီးခိုးကို ပေါက်အောင် ရှူရတယ်။

ထောပတ် (၁၂)ပဲသား၊ ရှိန်းနို (၁၂)ပဲသားကို နွားနောက်ကျင်ငယ်ရည်နဲ့ သမအောင်မွှေ၊ သုံးခွက် တစ်ခွက်တင်အောင် ကျိုပြီး တစ်နေ့ သုံးကြိမ်နဲ့ တစ်ခါသောက် (၂)ပဲသားနှုန်းဖြင့် သောက်လျှင် ဝက်ရူးဆန်ဆန် အတက်ရောဂါမှန်သမျှ ပျောက်တယ်”

သူငယ်ချင်း သောင်းမြင့်သည် ကျွန်တော့်အား နှုတ်ဆက်ပြီး သုံးဆယ်သို့ ပြန်ရန် ဥက္ကံ-ဒူးလေကားဂိတ်သို့ သွားလေသတည်း။

* * *

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



မေသူ

# ရှင်သီဝလိဂါထာအစွမ်း
# အံ့မခန်း



လူတွေသည် ဘာသာတရားကို ယုံကြည်ကိုးစား အလေးထားတတ်ကြသည်။ မိမိစီးပွားရေး၊ မိသားစုအရေး၊ အရေးပေါင်းများစွာကြောင့် သောကဗျာပါဒများနှင့် ကြုံတွေ့ရင်ဆိုင်ရလေ့ရှိသည်။ ထိုသောကများ အေးချမ်း ပ,ပျောက်စေရန် ဘာသာတရား အားထား၍ တရားဓမ္မကျင့်ကြံခြင်း၊ ရှုမှတ်ပွားများခြင်း၊ ဂါထာမန္တယားများ ရွတ်ဆို အဓိဋ္ဌာန်ပြုခြင်းများ ဆောင်ကြဉ်း ပြုလုပ် ဖြေဖျောက်တတ်ကြသည်။ သောက အေးချမ်းမှုကို ရှာဖွေတတ်ကြသည်။

အပူသောက ရင်ဆိုင်နေရသူ ဒေါ်ခင်လေးတစ်ယောက် အေးချမ်းရာ၊ အေးငြိမ်းရာနေရာသို့ လမ်းညွှန်ပေးမည့် အားကိုးအားထား မိတ်ဆွေကောင်းတစ်ယောက်ထံ အပြေးကလေးရောက်သွားပါသည်။

"ဟာ…ဒေါ်ခင်လေး၊ ရေးကြီးသုတ်ပျာနဲ့ ကျုပ်ဆီကို လာပြီဆိုတော့ အတော်အရေးကြီးနေပြီထင်တယ်"

"ဟုတ်ပါတယ် ဆရာရယ်။ ကျွန်မမှာ ရင်ပူစရာ လေးစရာတွေ ကြုံနေရတယ်။ ဆရာကယ်မှ ငြိမ်း အေးချမ်းမယ် ထင်လို့ပါ"

"ကဲ - အကြောင်းရင်းခံကို ကျုပ်မမေးခင် ခင် ဇာတာကို ကျုပ် ဟိုးအရင်ကတည်းက ဟောခဲ့ဖူးတ ခင်ဗျားမေ့နေလို့"

"ဆရာ ဘာတွေကို ဟောခဲ့တယ်ဆိုတာ အမှ ဝန်ခံရရင် လောလောလတ်လတ်ကိစ္စကို ဖြေရှင်းပြီး တာတွေ ကျွန်မ မေ့သွားပြီ ဆရာ"

"အဲဒါ ခက်တာပေါ့။ ဒေါ်ခင်လေးတို့လို လူမျိုး များများရှိလေ၊ ကျုပ်တို့တွေက ထမင်းစားရလေပဲ။ ခင်ဗျားကို ဇနကကိန်းနဲ့ တွက်ထားတယ်လေ။ ပ



www.burmeseclassic.com

www.burmeseclassic.com

...ခဲ့ပြီး ကျောက်ဖျာပေါ် ရောက်တော့မယ်လို့လေ"

"ဟုတ်ကဲ့၊ ကျွန်မက ကျောက်ဖျာပေါ် ရောက်တဲ့ ...ကာလလား ဆရာ"

"မှန်တာပေါ့။ အဲသည်တော့ ကျုပ်ဆီက ပြန်သွားရင် ...အား ထီထိုးပါ။ ထီထိုးတဲ့နေ့က စပြီး ရှင်သီဝလိ (၁၀) ...ရွတ်ဆိုဖို့ ကတိပေးပါ"

"ဆရာ…ထီထိုးရင် ဘယ်အက္ခရာ၊ ဘယ်ဂဏန်းတွေ ...ထား ထိုးရမှာလဲ"

"အဲဒါတော့ ကျုပ် မပြောလိုဘူး။ နေ့နံသင့် ဂဏန်း ...တော့ ဦးစားပေး။ ခင်ဗျားက တနင်္လာသမီးမို့ (က၊ ဈ၊ အ) ...ရာရယ်၊ (၄)ဂဏန်းနဲ့ (၈)ဂဏန်းပေါ့ဗျာ"

"ဆရာ ကျွန်မလေ မောင်ဝမ်းကွဲလေး ယူထားတဲ့ ... ဘယ်တော့ ပြန်ရမှာလဲ၊ ပြန်လိုချင်နေပြီ ဆရာရယ်။ ...လိုပဲတောင်းတောင်း မရဘူး"

"ကဲ - ကျုပ် ညွှန်ပြတဲ့အတိုင်း ရှင်သီဝလိ (၁၀)ဂါထာ ... အစိတ္တာန်ဝင်ကြည့်ဗျာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ ဆရာ။ ရှင်သီဝလိ (၁၀)ဂါထာ ... ဆရာ ညွှန်ကြားရေးသားပေးပါဦး"

## ရှင်သီဝလိ (၁၀)ဂါထာ

(၁)သီဝလိစ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန။
(၂)သီဝလိစ မဟာဝီရော
ယေယေ ပဿန္တု မံပိယံ၊
တေတေ ပဿန္တု ပရမံ၊
ဇနပဒါ ပူဇယန္တု။
(၃)သီဝလိစ မဟာထေရော၊
မမ သီသေ ဌပေတွာန၊
ဇမ္ဗုဒီပ မဏ္ဍလေန၊
ဇယော မင်္ဂလ သုခါဝဟာ။
(၄)သီဝလိစ မဟာနာမံ၊
ဣန္ဒာဒေဝါ သမြဟ္မာကာ၊
မနဿ ပုရိသ ဣတ္ထီ၊
မဟာလာဘံ ဘဝိဿတိ။
(၅)သီဝလိစ မဟာလာဘံ၊
နာနာဒေဝ ဝရံ ဝရံ၊
ဣဒမ္ပိ ပူဇိတံ ဒေဝ၊
မဟာသုခံ ဘဝိဿတိ။
(၆)ဝဏ္ဏံ ဒန္တံ သုခံ ကိတ္တိ၊
အနာမယံ ဘဝေ ဘဝေ၊
တဝရက္ခေ ဒေဝဇိတာ၊
သဗ္ဗေကောဇံ ဝိနဿတု။
(၇)သီဝလိစ မဟာလာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊
သဒါဟောန္တု ပိယာမမ။
(၈)သီဝလိစ မဟာထေရော၊
ယေယေ ပဿန္တု မံ ပိယံ၊
တေတေ ပဿန္တု မံ ပိယံ၊
ဇနပဒါ ပူဇယန္တု။
(၉)သီဝလိစ မဟာထေရော၊
မမသီသေ ဌမေတွာန၊
မန္တိတေဇ ဇယောမင်္ဂ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။
(၁၀) သီဝလိစ မဟာထေရော၊
ဒေဝမနဿ ပူဇိတော၊
သောရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတုမေ။ ။

## အနက်အဓိပ္ပာယ်

(၁) မဟာနာမံ - ကြီးမြတ်သော အမည်ရှိတော်မူထသော၊ သီဝလိစ - အရှင်သီဝလိမထေရ်သည်လည်း၊ သဗ္ဗလာဘံ - အလုံးစုံသော လာဘ်ရတနာကို၊ ဘဝိဿတိ - ဖြစ်ပေါ်စေလတ္တံ့၊ ထေရဿ - အရှင်သီဝလိမထေရ်၏၊ အာနုဘာဝေန - တန်ခိုးရှိန်စော် အာနုဘော်ကြောင့်၊ မမ - အကျွန်ုပ်အား၊ ပိယံ - ချစ်ခင်မြတ်နိုးခြင်းသည်၊ ဟောန္တု - ဖြစ်ပါစေကုန်သတည်း။

(၂) သီဝလိစ - အရှင်သီဝလိမထေရ်သည်လည်း၊ မဟာဝီရော - ကြီးမြတ်သော လုံ့လ ဝီရိယရှိတော်မူပါပေ၏။ အဿ - ထိုအရှင်သီဝလိ၏၊ တေဇေန - တန်ခိုးရှိန်စော် အာနုဘော်ကြောင့်၊ ယေယေ - အကြင်…အကြင်သူတို့သည်၊ မံ - အကျွန်ုပ်ကို၊ ပိယံ - ချစ်ခင်မြတ်နိုးစွာ၊ ပဿန္တု - ကြည့်ကြကုန်၏။ တေတေ - ထိုထိုသော ပုဂ္ဂိုလ်တို့သည်၊ ပရမံ - မွန်မြတ်လှစွာ၊ ပဿန္တု - ကြည့်ရှုကြပါစေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

(၃) မဟာထေရော - မထေရ်ကြီးဖြစ်တော်မူသော၊ သီဝလိစ - အရှင်သီဝလိသည်လည်း၊ မမ - အကျွန်ုပ်၏၊ သီသေ - ဦးခေါင်းထက်၌၊ ဌပေတွာန - အမြဲမပြတ် ရပ်တည်တော်မူ၍၊ ဇမ္ဗူဒီပ မဏ္ဍလေန - ဇမ္ဗူဒိပ်ကျွန်းအဝန်းအမျှ၊ ဇယော - အောင်ခြင်းသည်၊ ဟောတု - ဖြစ်ပါစေသတည်း။ မင်္ဂလ - ကောင်းသည်၊ သုခါဝဟံ - ချမ်းသာကို ဆောင်ရွက်နိုင်သည်၊ ဟောတု - ဖြစ်ပါစေသတည်း။

(၄) သီဝလိစ - သီဝလိမထေရ်မြတ်သည်လည်း၊ မဟာနာမံ - ကြီးကျယ်မြင့်မြတ်သော အမည်တော်ရှိပါပေ၏။ တဿထေရဿ - ထိုအရှင်သီဝလိမထေရ်၏၊ အာနုဘာဝေန - တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ သဗြဟ္မကာ - ဗြဟ္မာနှင့်တကွကုန်သော၊ ဣန္ဒာဒေဝါ - သိကြားမင်းတို့သည် လည်းကောင်း၊ မနဿပုရိသလက္ခတ္တိ - ယောကျ်ား၊ မိန်းမ များလှသောသူတို့သည် လည်းကောင်း၊ မဟာလာဘံ- ကြီးစွာသော လာဘ်ရခြင်းသည်၊ ဘဝိဿတိ - ဘဝိသာတု ဖြစ်ပါစေသတည်း။

(၅) သီဝလိစ - သီဝလိမထေရ်သည်လည်း၊ နာနာထုံ ထုံ - အထူးထူးအပြားပြား များမြတ်လှသော၊ မဟာလာဘ်- လာဘ်ကြီးကို၊ ဒေတိ - ပေးစွမ်းနိုင်၏။ ပူဇိတံ - ပူဇော်အပ်သော၊ ဣဒမ္ပိ - ဤသို့သဘောရှိသော လာဘ်ဟူသမျှကို လည်း၊ ဒေတိ - ပေးစွမ်းနိုင်၏။ တဿထေရဿ - ထိုအရှင်သီဝလိမထေရ်၏၊ အာနုဘာဝေန - အာနုဘော်တော်ကြောင့်၊ မဟာသုခံ - ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ချမ်းသာသည်၊ ဘဝဿတိ ဘဝိဿတု - ဖြစ်ပါစေသတည်း။

(၆) ပမံ - ကျွန်ုပ်အား၊ ဘဝေ ဘဝေ - ဘဝတိုင်း ဘဝတိုင်း၌၊ ဝဏ္ဏ - အဆင်းလှခြင်းသည် လည်းကောင်း၊ ဒန္တ - ယဉ်ကျေးသိမ်မွေ့ခြင်းသည် လည်းကောင်း။ သုခံ- ချမ်းသာခြင်းသည် လည်းကောင်း၊ ကိတ္တိစိ - ကျော်စောခြင်းသည် လည်းကောင်း၊ အနောမယံ - အနာကင်းခြင်းသည် လည်းကောင်း၊ ဟောတု - ဖြစ်ပါစေသတည်း။ တဝရကွေ- ဘုရားရှင်တည်းဟူသော ပန်းပင်ကြီး၌၊ ဒေဝဇိတာ - တရားတော်တည်းဟူသော နတ်သမီးသည်၊ သဗ္ဗကောဇံ - အလုံးစုံသော ရန်အမျက်ကို၊ ဝိနသန္တု - ဖျက်ဆီးနိုင်ပါစေသတည်း။

(၇) မဟာလာဘံ - ကြီးကျယ်မြင့်မြတ်သော လာဘ်တော် ရှိသော၊ သီဝလိ - အရှင်သီဝလိမထေရ်သည်ကား၊ သဗ္ဗလာဘံ - လာဘ်ဟူသမျှသည်၊ ဘဝိသတိ - ဖြစ်ပေါ်၍ လာလေ၏။ ထေရဿ - အရှင်သီဝလိမထေရ်၏၊ အာနုဘာဝေန - အာနုဘော်တော်ကြောင့်၊ မမ - အကျွန်ုပ်အား၊ သဒ္ဓါ - အခါခပ်သိမ်း၊ ပိယာ - ချစ်မြတ်နိုးခြင်းသည်... ဟောတု - ဖြစ်ပါစေသတည်း။

(၈) သီဝလိစ - အရှင်သီဝလိမထေရ်မြတ်သည်... မဟာထေရော - မထေရ်မြတ်ကြီး ဖြစ်တော်မူပါပေ... ယေယေ - အကြင်…အကြင်သူတို့သည်၊ မံ - အကျွ... ကို၊ ပိယံ - ချစ်ခင်မြတ်နိုးစွာ၊ ပဿန္တု - မြင်ကြ... သတည်း။ ဇနပ္ပဒါ - ဇနပုဒ်နေ လူအပေါင်းတို့သည်၊ ... ထိုအရှင်သီဝလိမထေရ်ကို၊ ပူဇယန္တု - ပူဇော်ကြကုန်... သတည်း။

(၉) မဟာထေရော - မထေရ်မြတ်ကြီး ဖြစ်တော်... ပါပေသော၊ သီဝလိစ - အရှင်သီဝလိသည်လည်း၊ မံမံ - အကျွန်ုပ်၏၊ သီသေ - ဦးခေါင်းထက်၌၊ ဌာတု - တည်... စေသတည်း။ ဌပေတွာန - တည်တော်မူပြီး၍၊ မန္တတော... ဇယောမန္တံ - တန်ခိုးစွမ်းမန္တန်၊ အောင်မြင်ရေး မန္တန်... ပေးတတ်သော၊ တံ - ထိုအရှင်သီဝလိမထေရ်ကို၊ အဟံ... အကျွန်ုပ်သည်၊ သဗ္ဗဒါ - အခါခပ်သိမ်း ရှိခိုးပါ၏။

(၁၀) ဒေဝမနဿပူဇိတော - နတ် လူတို့သည် ပူဇော်... အပ်သော၊ ပစ္စယာဒိနံ - ပစ္စည်းလေးပါး စသည်တို့... အရပါတော - အလှူခံတော်မူထိုက်သော၊ သီဝလိ မဟာ... ထေရော - ထိုအရှင်သီဝလိမထေရ်မြတ်ကြီးသည်လည်း... မေ - အကျွန်ုပ်အား၊ မဟာလာဘံ - ကြီးကျယ်မြင့်မြတ်သော... လာဘ်ရခြင်းကို၊ ကရောတု - ပြုတော်မူပါစေသတည်း-တဲ့...

"ကဲ - ယုံယုံကြည်ကြည်နဲ့ ရှင်သီဝလိ (၁၀)ဂါထာ... ကို ရွတ်ပွားပါက ဆုံးရှုံးနေတဲ့ ငွေသားတွေ ပြန်ရနိုင်သလို... ထီဆုကြီးများလည်း ပေါက်နိုင်တတ်လို့ ဆရာက ပြောပြ... တယ်"။

* * *



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄

# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး




လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံ ...သည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် ...တွေ့ဆုံရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ...ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီ ...တောင်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ ...နည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လို ...လက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင် ...တဲ့သူတွေ အပူအစပ် အဖန် ချိုပ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများ ...သူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ...တောင်လေးများသွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာ ...တတ်တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ် ...တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ...သွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို ...ခြံပြီး သည်းခြေ၊ လေဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး ...အိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ...ဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ ...အစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ...ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ...ကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား ကို နီးစပ်ရာ မြန်မာဆေး ...ဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . ကန္တရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံ ...ဆေးပြား ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ...မထိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ...တ်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် ... ကျွန်တော့်မိတ်ဆွေ ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေ ...ဦးစားပေးကုသ နေတာဆိုတော့ အဲဒီ ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက် ကို သွားပြီး ဆရာနဲ့တိုင်ပင် ...ဆေးစား. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . ...န္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့..ဆီးရောဂါမှန် သမျှ ...ပျောက်ကင်းချမ်းသာစေရမည်...ကိန္နရီ..တဲ့ဗျ..."

**ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ မနသီဒ္ဓိလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀-၄၀၁၇၉


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



နတ်ကုတင်

ကြာတော့ ကြာခဲ့ပြီ။ သို့သော်
နေ့တိုင်အောင် မမေ့နိုင်သေး။
ဥပဒေအရာရှိ ဦးထွန်းလွင်၏
မှာ မှတ်မှတ်ရရ ဖြစ်ရပ်ဆန်းလေး
ခုအဖြစ် စွဲထင်ကျန်ရစ်ခဲ့ရသော
လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ဦးထွန်းလွင်မှာ ဥပဒေ တာဝန်များကို ထမ်းဆောင်ရင်း နယ်ပေါင်းစုံသို့ လှည့်လည်သွားလာနေခဲ့ရသည်။ တစ်ခါတစ်ရံမှာ အုပ်စုလိုက်၊ တစ်ခါတစ်ရံမှာတော့ တစ်ကိုယ်တော်။

ယခုတစ်ကြိမ်တွင်တော့ ဦးထွန်းလွင်သည် တပည့်ဖြစ်သူ မောင်စိုးကို ခေါ်၍ အစိုးရတာဝန်ဖြင့် ကွမ်းခြံကုန်းမြို့သို့ ထွက်လာခဲ့၏။ ဌာနမှ အသင့်ထားပေးသော ပျဉ်ထောင်အိမ်လေး တစ်လုံးတွင် နေထိုင်ကြရမည်ဖြစ်၏။

အိမ်လေးမှာ ကြီးကြီးမားမား မဟုတ်သော်ငြား၊ ဆရာ-တပည့် နှစ်ယောက်အတွက်တော့ နေထိုင်ရန် သင့်လျော်သော အိမ်တစ်လုံးပင် ဖြစ်သည်။ အိပ်ခန်းနှစ်ခန်းပါဝင်၍လည်း ပို၍အဆင်ပြေသည် ဆိုရမည်။

ထိုမျှသာမက ခြံဝန်းမှာ အတော်အတန် ကျယ်ဝန်းပြီး စားပင်၊ သီးပင်များ ပြည့်နှက်နေ၍ စိုက်ပျိုးရေးဝါသနာပါသော ဦးထွန်းလွင်အတွက် သဘောတွေ့ မနောခွေ့နေမိတော့သည်။ စားရေး သောက်ရေးကိုတော့ လမ်းထိပ် ထမင်းဆိုင်မှာ ချိုင့်ဆွဲစားကြသည်။

သို့သော် အဆင်မပြေတာတစ်ခုတော့ ရှိနေပါသည်။ အခန်းနှစ်ခန်းရှိသည့်အနက် တစ်ခန်းကို အသေပိတ်ထားသည်။ တစ်ခန်းကိုသာ အသုံးပြုရမည်ဖြစ်၏။

"ဒီအခန်းက ဘာလို့ ပိတ်ထားတာလဲဗျာ"

ဦးထွန်းလွင်၏ အမေးကို အိမ်ရှင်ဖြစ်သူ အမျိုးသားက...

"ဒီအခန်းကိုတော့ အသုံးပြုလို့ မဖြစ်လို့ပါဗျာ။ ဒါ တစ်ခုတော့ သည်းခံပေးကြပါ"

ဟု ဆို၏။

"အလို... အံ့ဩစရာပဲ။ ခက်တာက ကျုပ်တို့က နှစ်ယောက်ဗျ။ တစ်ယောက်တစ်ခန်းအိပ်ရင် ပိုအဆင်ပြေတာပေါ့။ ပြီးတော့ ဘယ်လိုအကြောင်းတွေများ ရှိနေပါသလဲဗျာ။ သရဲခြောက်လို့လား"

"ဟာ...မဟုတ်ပါဘူးဗျာ။ ဒီအိမ်မှာ ဘယ်သရဲမှ မခြောက်ပါဘူး။ ရှိလည်း မရှိပါဘူး။ ဒီအခန်းကို သော့ခတ်ထားတာက တခြားအကြောင်းကြောင့်ပါဗျာ"

ဟု ပြော၍ ထပ်မံမေးရန် စကားလမ်းကြောင်းလွှဲသွားလေတော့၏။ ထို့ကြောင့်လည်း ဦးထွန်းလွင်တို့မှာ ထိုအခန်းအပေါ် ပိုမိုစိတ်ဝင်စားလာရတော့သည်။

◆◆◆

နောက်တစ်နေ့တွင် အလုပ်တာဝန်များပြီး၍ အိမ်ပြန်လာကြရာ အိမ်ရောက်သည်နှင့် မောင်စိုးက စတင်ပြောလာတော့သည်။

"ဆရာ... ကျွန်တော်တော့ ဒီအခန်းကို အရမ်းစိတ်ဝင်စားနေပြီ ဆရာ။ အထဲမှာ ဘာတွေ ရှိလဲဆိုတာလည်း သိပ်သိချင်တာပဲ"

"အေးကွာ၊ ငါလည်း မင်းလိုပဲ။ မဖွင့်နဲ့ဆိုမှ ပိုဖွင့်ချင်နေတယ်ကွာ။ ဒီလိုလုပ်ကွာ၊ ငါတို့တစ်တွေ သော့ကို မဖျက်ဘဲ ပတ္တာက ဝက်အူတွေကို ဖြုတ်ရအောင် ဘယ်လိုလဲ မောင်စိုး"

"ကောင်းတယ် ဆရာ။ အဖြူအမည်း ကွဲကွဲပြားပြား သိရတာပေါ့"

ဤသို့ဖြင့် ဆရာတပည့် နှစ်ယောက် စိတ်တူကိုယ်တူဖြင့် ဖွင့်ကြသည်။ သိပ်အခက်အခဲ မတွေ့ရ၊ အခန်းကို ဖွင့်နိုင်ခဲ့လေပြီ။

သို့သော် သူတို့မျှော်လင့်ထားသလိုတော့ မတွေ့ရ။ အခန်းထဲတွင် နှစ်ယောက်အိပ် ခုတင်တစ်လုံးထားရှိပြီး အခြား မည်သည့်ပရိဘော အသုံးဆောင်ပစ္စည်းမျှ မတွေ့။

"ဘာမှလည်း မရှိဘူး။ ရှင်း တာပဲ"

"အေးလေ၊ ခုတင်တစ်လုံးပဲ တဲ့ဟာကို။ ဘာအဖိုးတန်ပစ္စည်း လည်း မရှိဘူး"

"ဒါပေမယ့် ဆရာ၊ ဒီခုတင် သော့ခတ်ပြီး သည်လောက် လျှို ထားမှတော့ ထူးခြားမှုတစ်ခုခု တွေ့လိမ့်မယ်ထင်တယ် ဆရာ"

"မင်းသဘောက..."

"ဒီည ဒီခုတင်ပေါ်မှာ အိပ် ဆရာ။ ဘာထူးခြားမလဲလို့"

"ဖြစ်ပါ့မလား မောင်စိုး"

"အိုဗျာ၊ ဆရာကလည်း ဘာ အဆန်းတကြယ်ရှိလို့လဲဗျာ"

"အင်း၊ ဟုတ်ပြီလေ။ မကြော တတ်ရင် ကောင်းတာပေါ့ကွာ"

အမှန်တကယ်လည်း ထိုည မောင်စိုးသည် ထိုခုတင်တွင် အိပ် ပါသည်။ ညဉ့်ဦးပိုင်းအထိ မည်သ ထူးခြားမှုမျှ မဖြစ်။ သို့သော် အရ တက်ခါနီးတွင် မောင်စိုးတစ်ယော ကမူးရှူးထိုး ပြေးထွက်လာခဲ့ပါတေ သည်။

လက်ထဲတွင် ခေါင်းအုံး စောင်ကို ပွေ့ဆွဲ၍ အိပ်မှုန်စုံမွှား အမောတကော အော်ခေါ်ပါတော့သည်

"ဆရာ...ဆရာ၊ ဆရာ ထပ ဗျာ"

"ဟေ...မောင်စိုး၊ ဘာဖြစ်ထ လဲ"

ဦးထွန်းလွင်မှ အအိပ်ဆတ်သူ ချက်ချင်း နိုးထလာခဲ့သည်။ မီးများ လိုက်၍ တစ်အိမ်လုံး လင်းထိန်သွ တော့သည်။ မောင်စိုးကို ကြည့်ရ မှာ မောဟိုက်နေပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ရော့ . . . ရေသောက်လိုက်ဦး [illegible]စိုး ဘာတွေ ဖြစ်လာတာလဲကွ။ [illegible]မက်ဆိုးတွေ မက်လို့လား"

"အိပ်မက်မဟုတ်ဘူး ဆရာ၊ [illegible]မက်မဟုတ်ဘူး"

မောင်စိုးအသံက တုန်ယင်နေ၏။

"ဘာဖြစ်တာလဲကွ၊ သရဲခြောက် [illegible]လား"

"သရဲလည်း မဟုတ်ဘူး ဆရာ"

"ဟော . . . ကဲကွာ၊ ပြောစမ်းပါ။ [illegible]လင်းလင်းပြောပြစမ်းပါ မောင်စိုး [illegible]"

"ပြောမယ် ဆရာ။ ဒီလိုဗျ။ ညဦး [illegible]အထိ အကောင်း။ ဘာထူးခြားမှု [illegible]ဘူး။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် [illegible]ယ် ဆရာ။ အဲ - အရက်တက် [illegible]က်ကျမှ ကျွန်တော့်ခန္ဓာကိုယ်ကို [illegible]ကြမ်းကြမ်းဆွဲကိုင်လှုပ်တာ ခံလိုက် [illegible]ယ်။ ကျွန်တော်လည်း လန့်နိုးတော့ [illegible]ယ်"

"ဘယ်သူက နှိုးတာလဲ"

"ဒီလို နှိုးလိုက်လည်း အိပ်မက် [illegible]တ်ဘူးလို့ ပြောတာပေါ့ ဆရာ။ [illegible]တော်လည်း နိုးလာတော့ ခပ်လှမ်း [illegible]မှာ လူတစ်ယောက်ရပ်နေတယ်ဗျ။ [illegible]ကျားတစ်ယောက်ပဲ။ ကျွန်တော့် [illegible]ထင် အသက်သုံးဆယ်ကျော် [illegible]က် ရှိလိမ့်မပေါ့။ ထူးခြားတာက [illegible]လည်ပတ်အင်္ကျီ [illegible] အောက်က [illegible]ပုဆိုးအနီနဲ့။ ပြီးတော့ ခေါင်းမှာ [illegible]အနီတစ်ထည်စည်းထားသလို၊ ခါး [illegible]လည်း အနီစတစ်ထည် စည်းထား [illegible]တယ်ဗျ"

"ဟော . . . အဟုတ်ပဲလားကွ။ [illegible]မျက်လုံးနဲ့ မြင်တာလား"

"အစစ်ပဲ ဆရာ။ ဒီမျက်လုံးနဲ့ [illegible]တာ။ အိပ်မက်လုံးဝမဟုတ်ဘူး [illegible]ရာ။ အပြင်မှာ မျက်စိနဲ့ တပ်အပ်မြင် လိုက်ရတာ။ ဒီပုဂ္ဂိုလ်ကို ကြည့်ရတာ စိတ်ဆိုးနေတဲ့ပုံပဲ။ ပြီးတော့ လက်ညှိုး ငေါက်ငေါက်ထိုးပြီး "ဒါ . . . နတ်ခုတင်၊ ဒီမှာ မအိပ်နဲ့" တဲ့။ ပီပီသသကြားလိုက် ရတယ် ဆရာ"



"ဘယ်လို . . နတ်ကုတင်၊ ဟုတ် လား မောင်စိုး"

"ဟုတ်တယ် ဆရာ။ နတ်ခုတင် တဲ့"

"နေပါဦး မောင်စိုးရာ။ နတ်ခုတင် ဆိုတာ ဘာအဓိပ္ပာယ်လဲကွာ"

"ဒါတော့ ကျွန်တော်လည်း မသိ ဘူး ဆရာ။ ဒီပုဂ္ဂိုလ်က ဒီလိုပြောပြီး တာနဲ့ ဖတ်ခနဲ ပျောက်သွားတော့တာ ပဲ။ ကျွန်တော်လည်း ဒီတော့မှ သတိ ဝင်ပြီး ကြောက်လန့်တကြား ပြေးထွက် လာတာပဲ ဆရာ"

ဦးထွန်းလွင်တို့မှာ ထိုဖြစ်ရပ် အတွက် မစဉ်းစားတတ်အောင် ဖြစ်နေ ရတော့သည်။

◆◆◆

နောက်တစ်နေ့မနက်တွင် အိမ်နီး နားချင်းတို့ကို တီးခေါက်မေးမြန်းကြည့် သောအခါ . . .

"အရင်က ဒီအိမ်မှာ အိမ်ရှင်ရဲ့ ညီမ အပျိုကြီးတစ်ယောက်နေတယ် ဗျ။ အယူသည်းတဲ့ အပျိုကြီးပေါ့။ နတ်တွေ၊ သိုက်တွေ၊ ဗေဒင်ယတြာ တွေ သိပ်ယုံကြည်တဲ့သူပေါ့ဗျာ။ တစ် နေ့တော့ ဘယ်ဆရာက ဘယ်လို ဟောပြောလိုက်လဲ မသိဘူး။ နတ်နဲ့ လက်ထပ်ရမယ်တဲ့။ ဒီယတြာကို မဖြစ် ဖြစ်အောင် လုပ်ခဲ့တယ်ဗျ။ ကျုပ်တို့ တော့ အံ့ပါရဲ့။ နတ်နဲ့ လက်ဆက် ထိမ်းမြားတယ်ဆိုပြီး မင်္ဂလာပွဲတောင် လုပ်ခဲ့သေးတယ်။ အဲဒီ ခုတင်မှာ နတ်နဲ့ အိပ်ခဲ့တယ်တဲ့ဗျာ"

ဟု ပြောပြ၏။

"နေပါဦးဗျာ၊ အဲဒီနတ်ကို ခင်ဗျား တို့ရော မြင်ရလား"

"ဘယ်မြင်ရမလဲဗျာ။ နတ်နဲ့ လူ လက်ထပ်၍ ရ၊ မရဆိုတာကိုတော့ ဦးထွန်းလွင်တစ်ယောက် ပိုင်းခြား မဆုံး ဖြတ်နိုင်။

သို့သော် မနေ့ညက မောင်စိုး ဖြစ်ခဲ့ပုံကတော့ တိုက်ဆိုင်မှုလေလား၊ ဆန်းကြယ်မှုလေလား ဆိုတာတော့ မသိတော့။ တပည့်ကျော် မောင်စိုးက တော့ ချွေးသီးချွေးပေါက် တပေါက် ပေါက်ကျ၍ ကမူးရှူးထိုးထွက်ပြေးလာ သည်ကို ထောက်၍ မဖြစ်နိုင်ဟုလည်း မသတ်မှတ်နိုင်။

သေချာတာကတော့ လောက ကြီးတွင် သိပ္ပံပညာဖြင့် တိုင်းတာ၍ မရနိုင်သော ဖြစ်ရပ်ဆန်းများစွာ ရှိနေ ချေသည်တကား။

(စာကြွင်း။ မိတ်ဆွေတစ်ဦး ပြောပြသော ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ် ပါသည်။) ■

* * *

မမော်ဂနီ(သမ္မာဆေး)



www.burmeseclassic.com

www.burmeseclassic.com

# သုဝဏ္ဏဘူမိ ကာရှစ်ချက် ဣရှစ်ချက် ဂါထာလက်ဆောင်

## တောကျောင်းဘုန်းကြီး (အဖျား)

ဒီနှစ် သင်္ကြန်ရက်အတွင်း မိမိသတင်းသုံးရာ တောရကျောင်းသို့ ရန်ကုန်မြို့မှ စာရေးဆရာများဖြစ်တဲ့ ဆရာကြည်တင့်နိုင်၊ ဆရာ ကိုကိုလှ(ကမာမြေ)နှင့် လူငယ် ဇာတ်ညွှန်းရေးဆရာ ခရမ်းသစ်လှတို့သုံးဦး လာရောက်၍ ရဟန်းဝတ်ကြ၏။ ၇ရက် ဝတ်ကြမည်ဆိုပြီးကာမှ နောက်ကြောင်းရှိ စားဝတ်နေရေးအလုပ်တွေက တန်းစီပြီး စောင့်နေသည်ကို မှုန်ကြပြီး ၅ရက်ဖြင့်သာ လူဝတ်လဲကြလေ၏။ မျက်မှောက်ခေတ်ကြီးရဲ့ စားဝတ်နေရေး ရေစီးကြောင်းထဲမှာ ကုသိုလ်ကောင်းမှုအရေးကိုတောင် ဖြောင့်ဖြောင့်တန်းတန်း မလုပ်နိုင်ကြပါတကား။ မိမိကိုယ်တိုင်ပင်လျှင် လွန်ခဲ့သော ၁၀နှစ်ကျော်ကာလက သူတို့လိုသာ သံဝေဂ ရဖွယ်ရာပင်။

သို့နှင့် မိမိ၏ စာပေမိတ်ဆွေ ၃ဦး၏ ဇာတ်အပြန်လက်ဆောင်အဖြစ် ကိုယ်စွမ်းသာသည့် လက်ဆောင်ကိုသာ ပေးမိချေသည်။ မိမိပေးသည့် လက်ဆောင်ကို သူတို့သုံးဦး နှစ်သက် ဝမ်းသာစွာ လက်ခံယူနေစဉ်မှာပင် မိမိလည်း မုဒိတာပီတိကို ခံစားနေမိ၏။

ဤတွင် ညီငယ် ဇာတ်ညွှန်းရေးဆရာ ခရမ်းသစ်လှမှ…

"အရှင်ဘုရား…တပည့်တော်တို့အတွက်တင်ပဲ မလုပ်နဲ့ဦးလေ။ အရှင်ဘုရားက စာပေသမားဆိုတော့ စာဖတ်ပရိသတ်အတွက်လည်း လုပ်ပါဦး"ဟု ဆိုလာချေ၍ မိမိလက်ဆောင်ပေးသည့် "ကြာပန်းအိုင်ဆရာတော် ဘဒ္ဒန္တဉာဏဗလ"၏ "ပဋ္ဌာနနိယ ကမ္မဝါစာ"ပါ ဂါထာအချို့ကို ပြန်လည်ရေးသားဖော်ပြလိုက်ပါ၏။

◆◆◆

"သုဝဏ္ဏဘူမိ ကာရှစ်ချက် ဣရှစ်ချက်" ဂါထာလက်ဆောင်မှာ တစ်ပုဒ်တည်းမဟုတ်ပါ။ ခေါင်းစဉ်ရှည်မှာ စိုး၍ ဂါထာသုံးဂါထာအမည်ကို တစ်ဆက်တည်း ပေါင်း… ထားခြင်းသာဖြစ်ပါ၏။ သို့ဖြစ်ပါ၍ ဂါထာတစ်ပုဒ်ခြင်းသ… ကား…

### သုဝဏ္ဏဘူမိဂါထာ

*သုဝဏ္ဏဘူမိ ဂန္တာန ၊ သောဏုတ္တရာ မဟိဒ္ဓိကာ…*
*ပိသာစေ နိဒ္ဓမိတွာန ၊ ဗြဟ္မဇာလ မဒေသယုံ။…*

ဤဂါထာဖြင့် ရေ၊ သဲ စသည်တို့ကို ရွတ်၍ အိ… ခြံ လယ်မြေတို့၌ ကျဲပက်ထားလျှင် အစိမ်းသရဲတို့ မလာ… မကောင်းမှု မပြုနိုင်။ အတိုက်အခိုက် မပြုနိုင်။ ယုံကြည်… ဖြင့် လိုသလို အသုံးပြုနိုင်ပါသည်။

### ကာရှစ်ချက်ဂါထာ

*ဓေဝကာနိ နိကာဝဓေ၊ ဝါပဂိကာသု သုကာပဂိ…*
*ကာကာယေဘ ဘယေကာကာ၊ နိသုဝာယံ ယံဝာသု…*

မပြတ်ရွတ်ဖတ်သရဇ္ဈာယ်သော် သူတစ်ထူး မကော… မကြံနိုင်။ ရွာသူ၊ သရဲ၊ ပြိတ္တာ ပူးကပ်သည်ထင်လျှင် ရေ… ရွတ်၍ မျက်စဉ်းခတ်လျှင် ပျောက်၏။ ယုံကြည်စွာ… လိုအပ်သလို အသုံးပြုကြပါကုန်။

### ဣရှစ်ချက်ဂါထာ

*ဣတိပိသော ဝိသေသေဣ၊ ဣသေသေ ဗုဒ္ဓနာမိ…*
*ဣမိနာ ဗုဒ္ဓတံသောဣ၊ ဣသောတံ ဗုဒ္ဓနာမိဣ…*

ခရီးသွားလျှင် ဤဂါထာဖြင့် ပန်းတစ်ခုကို ရွတ်… ပန်ဆင်(ဆောင်)သွားလျှင် ဘေးရန်ခပ်သိမ်းကင်းငြိမ်း… ခရီးသွားရာတွင် အလွန်အစွမ်းထက်သော ဂါထာဖြစ်ပါသည်…

ကျန်းမာချမ်းသာကြပါစေ…

* * *

တောကျောင်းဘုန်းကြီး(…



www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံသည်သာ ကိုးကွယ်ရာ

■ ရေကျော် စိုးအောင် ■



ရိုးစင်းသော အကြောင်းများသည် တစ်ခါတစ်ရံ ဂမ္ဘီရဆန်နေတတ်သည်။ လျှို့ဝှက်နက်နဲသော အကြောင်းများဟူ၍ မဖြစ်ပေါ်မီ၊ ရိုးစင်းသော အကြောင်းများက စတင်အခြေခံသည်ဟု မှတ်သားရမိသည်။ မည်သည့်အကြောင်းတရားကို အခြေခံသည်ဖြစ်စေ၊ လူသည် အကြောင်းတစ်ရပ်မသိမီ ကြောက်ရွံ့တတ်၏။ အကြောင်းတစ်ရပ်သိပြီးသည့်အခါ ကြောက်ရွံ့မှုသည် အနည်းငယ် လွင့်ပျောက်သည်မှအပ ကြောက်ရွံ့မှုသည် ရှိနေစမြဲဖြစ်ပါသည်။

အမြဲလိုလိုသွားလာနေသည့် ဒီနေရာ၊ ဒီဒေသ ပုံမှန်သွားနေမြဲ သွား၏။ တစ်ဦးတစ်ယောက်မှ အများပြောနေကျ ဆိုနေကျအကြောင်းကို ချဲ့ထွင်ပြောဆိုသည့်အခါ၊ သို့မဟုတ် ထိုသူကိုယ်တိုင်တွေ့ကြုံခဲ့ရသည့် ကိုယ်တွေ့အဖြစ်အပျက်၊ ဖြစ်ပျက်သည့်နေရာကို စကားစပ်မိ၍ ပြောဆိုကြသည့်အခါ ကြားမိပြီး ထိုနေရာရောက်သည်နှင့် ကြောက်ရွံ့မှု စိတ်ဓာတ်အခံသည် ပြန်ပေါ်လာတတ်သည်။

စိတ်ဓာတ်အခံ မည်သို့ပင် ကြောက်ရွံ့မှု ပေါ်ပေါ်ကြက်သီးမွေးညှင်း မည်မျှပင် ထထ၊ အရိပ်အယောင် မည်မျှမြင်မြင် စာရေးသူသည် ခဲလုံးသုံးလုံးကောက်ပြီး ခဲတစ်လုံးကို "ဗုဒ္ဓသရဏံဂစ္ဆာမိ၊ နောက်တစ်လုံးကို ဓမ္မံသရဏံ ဂစ္ဆာမိ၊ ကျန်တစ်လုံးကို သံဃံသရဏံ ဂစ္ဆာမိ"ဟူ၍ ရတနာသုံးပါး၊ သရဏဂုံသုံးပါး ရွတ်ဆိုပြီး ကိုင်လိုက်သည်နှင့် ထိတ်လန့်စိုးရွံ့မှု ပျောက်ကွယ်ခဲ့ရသည်။

ယင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ စာရေးသူ၏ ဘဝတွင် အခက်အခဲများစွာ ကြုံဖူးခဲ့သည်။ ဂုဏ်တော်ကိုးပါး ပုတီး



www.burmeseclassic.com

www.burmeseclassic.com

အစိပ်မပျက် အချိန်မှန်မှန်စိပ်၏။ ငါးပါးသီလဆောက်တည်၏။ နေ့စဉ်လိုလို အဓိဋ္ဌာန်ဆောက်တည် ဆောင်ရွက်၏။

ထိုသို့ ဆောင်ရွက်သည်နှင့် နေ့တစ်နေ့၏ ကုန်ဆုံးမည့် ညဉ့်ဦးယံတွင် အိပ်မက်ရှည် မက်ခဲ့သည်။

ရောက်နေသည့် နေရာကား တောတောင်ဝန်းကျင်တွင် ဖြစ်ပြီး စာရေးသူ၏ နောက်ကို ကျား၊ ခြင်္သေ့ စသည့် တိရစ္ဆာန်များက နောက်မှ လိုက်နေသည်ကို မြင်တွေ့နေရသည့် အိပ်မက်ဖြစ်၏။ သေဘေးကို ကြောက်ရွံ့သည်ဖြစ်၍ ပြေးနေရပြီး ဇောချွေးများကလည်း ထွက်နေ၏။ ကယ်မည့်သူ ဝေးနေချိန်တွင် သစ်ပင်ကြီးတစ်ပင်၊ ညောင်ပင်ကြီးတစ်ပင် အနီးအရောက် စာရေးသူနှုတ်မှ "ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ"ဟူ၍ ရွတ်ဆိုလိုက်ချိန်တွင် ညောင်ပင်မှ ပုဂ္ဂိုလ်တစ်ပါးသည် စာရေးသူ၏ ရှေ့တွင် ပေါ်လာပြီး ဤသို့ နှုတ်မြွက်စကားဆိုခဲ့သည်။

"မင်းရဲ့ နောက်က လိုက်နေတဲ့ သားရဲတိရစ္ဆာန်ဖြစ်တဲ့ ကျားနဲ့ ခြင်္သေ့က မင်းအတိတ်ဘဝရဲ့ ရန်သူတွေ ဖြစ်တယ်။ ဒုက္ခရောက်၊ ကံနိမ့်နေတဲ့အခိုက်မှာ ဒုက္ခပေးဖို့ ဝင်လာတာ ဖြစ်တယ်။ အမှတ်တမဲ့ ကြည့်ရင် အိပ်မက်မက်နေတာပဲ ဆိုပြီး ရိုးရိုးစင်းစင်း မထင်နဲ့။ အတိတ်ဘဝရဲ့ ဂမ္ဘီရအကြောင်းတွေ ကြုံရတာ ဖြစ်တယ်။ ငါးပါးသီလမြဲပြီး ရတနာသုံးပါးကို အမြဲရွတ်ဆို အမျှအတန်းပေးဝေနေတာ ရတယ်။ ပြီးတော့ ပဋ္ဌာန်းဆက်အရ ညီအစ်ကိုတော်စပ်ခဲ့လို့ စောင့်ရှောက်နေတာ"

လို့ ပြောပြီး ကျားနဲ့ ခြင်္သေ့ကို လက်ရမ်းပြလိုက်တဲ့အခါ မြင်ကွင်းမှ ပျောက်ကွယ်သွားပါတယ်။ ဒီလိုနဲ့ တောလမ်းကလေးအတိုင်း လျှောက်နေခိုက်မှာ ပြေးလွှားနေခဲ့ရလို့ ဆာလောင်လာသဖြင့် လက်တွင်းရောက်နေတဲ့ ခဲလုံးသုံးလုံးအား ပထမအလုံးကို ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဒုတိယအလုံးဓမ္မံသရဏံ ဂစ္ဆာမိ၊ တတိယအလုံးကို သံဃံသရဏံ ဂစ္ဆာမိဟု ရွတ်ဆိုပြီး ဝါးစားလိုက်တော့ ရေခဲခြစ်များကို စားရသလိုမာကျောမှု မရှိဘဲ၊ အရသာရှိရှိ ခံစားမိလိုက်တယ်။ ထိုသို့စားလိုက်ရတော့ အားအင်ပြည့်ပြီး အိပ်မက်က လန့်နိုးခဲ့ရပါတယ်။

ဤအဖြစ်အပျက်က ရိုးရိုးစင်းစင်းပေမယ့် ဂမ္ဘီရဆန်ဆန် အိပ်မက်မက်ခဲ့ကြောင်းကို သစ္စာပြု ဆိုခဲ့၊ ရေးခဲ့ရပေသည်။

စာရေးသူ ငယ်စဉ်ဘဝမှ ၁၀ကျော်သက်အရွယ်များထိ ပုံသကူ ရွှေလက်စွပ်၊ ရွှေနားကပ်၊ ပိုက်ဆံများ နေ့နေ့ညည ကောက်ရဖူး၏။ ငယ်စဉ်ကပင် ကောက်ရသမျှအား

အမေ့ကို ပေးထား၏။ ယခုအချိန်၏ အတိုင်းအတာ
ရွှေချိန်တစ်ကျပ်သားမျှ ရှိမည်ဟု မှန်းဆမိပါသည်။
ယင်းအဖြစ်အပျက်များ ကုန်ဆုံးပြီး ၂၀ကျော်စွန်း
တွင် ဆယ်တန်းစာမေးပွဲဖြေအပြီး ရွှေဘုန်းပွင့်စေတီ(
ကြုတ်ပွင့်)တွင် ညနေပိုင်း နေစောင်းချိန်တွင် ဆုတောင်း
စေတီ၊ ယခင် ဘုရားကြီးတန်ဆောင်းနောက်တွင် သရဏ
သုံးပါးတည်ဆောက်ပြီး ဘာဝနာပွားချိန်၌ ရုပ်ရှင်များ
နေရသကဲ့သို့ ရုပ်ပွားတော်၏ နဖူးသင်းကျစ်တွင် စာရေး
စာမေးပွဲခုံအမှတ် (၃၂၇၆၆)သည် တစ်လုံးချင်း ဝိုဝိုသ
လာပြီး အတိတ်ကောင်း နိမိတ်ပြခဲ့ကြောင်း ကိုယ်
ကြုံခဲ့ရသည်။ ယင်းညတွင် စာမေးပွဲအောင်ကြောင်း အိပ်
အတွင်း လာပြောပြခဲ့သည်ကိုလည်း ကိုယ်တွေ့ကြုံခဲ့
သည်။

မှန်ပါသည်။ ရတနာသုံးပါး သရဏဂုံအစွမ်းသ
နှိုင်းယှဉ်မရအောင် ကြီးမားလှ၏။ အစွမ်းထက်လှ၏။
တော်တစ်ပိုဒ်တွင် ဤသို့ မှတ်သားခဲ့ရ၏။ ရတနာသုံးပါ
အစွမ်းကား အံ့မခန်းဖွယ် တွေ့မြင် မှတ်သားဖတ်ရှုခဲ့
ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူစဉ် အရက်သေ
သောက်စားတတ်သည့် ပုဂ္ဂိုလ်တစ်ဦးရှိ၏။ အရက်သေ
သောက်စားတတ်သော်လည်း ဘုရား၊ တရား၊ သံဃာ စ
ရတနာသုံးပါး အစဉ်မမေ့ သရဏဂုံ အမြဲတည်၍ "သရ
ဥပသကာ"ဟု အမည်နာမမှည့်ခေါ်ထား၏။
သရကာ - ဥပသကာသည် အခြားပုဂ္ဂိုလ်များ
ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမရှိဟု သူ့ရှေ့
ငြင်းခုန်လျှင် သူက ရှိသည်ဟူ၍ အမြဲကြည်ညို သဒ္ဓါပွား
ငြင်းခုန်တတ်၏။
အရက်ကြိုက်တတ်သည့် အစွဲအလမ်းတဏှာ
အပိုင်းအခြားတစ်ရပ်။ ရတနာသုံးပါး ကြည်ညိုမှု ကံတ
သည် အရက်သေစာသောက်စားထားသည့်ကံကို ချေ
နိုင်စွမ်းရှိခဲ့သည်မှာ ထိုသရကာ ဥပသကာ သေလွန်သည်
ရတနာသုံးပါး ကြည်ညိုမှုအစွမ်းကြောင့် နတ်ပြည် နတ်
လားခဲ့ရသည်။
အခြားလူတို့သည် ထိုဥပသကာအကြောင်းကို
သည်နှင့် အတင်းအဖျင်း တီးတိုးပြောဆိုကြ၏။
"ကြည့်စမ်းပါဦး၊ အရက်သမားသေတော့ နတ်ပြ
ရောက်သတဲ့"
ထိုစကားကို တီးတိုးပြောဆိုကြရင်းမှ စကားဝိုင်း
ပြန့်လာခဲ့ပြီး "မဟာနာမ် နတ်မင်းကြီး"ထံ ဤအကြေ



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ထားကြ၏။

နတ်မင်းကြီးမှတစ်ဆင့် ရှင်တော်ဗုဒ္ဓအား ထိုဥပသကာ ကြောင်း လျှောက်ထား မေးမြန်းရာ ဗုဒ္ဓရှင်တော်မြတ်မှ ဆို…နတ်မင်းကြီးနှင့် ဒါယကာ၊ ဒါယိကာမအပေါင်း အရက်သေစာ မည်သို့သောက်သောက် ရတနာသုံး အချိန်တိုင်း မမေ့၊ ဤကုသိုလ်ကံသည် နတ်ပြည် ရောက်ရှိထားရခြင်း၊ ရောက်ရခြင်း အကြောင်းတရားတည်း" ဟူ၍ ဟောကြားခဲ့သည်မှ ရတနာသုံးပါး ကိုးကွယ် ကြည်ညိုသူများ များပြားလာခဲ့ရကြောင်း မှတ်သားရဖူးပါသည်။ သူမဆို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည့် ခရီးလမ်း ကောင်းမှု ဆိုးမှုကံသည် မိမိပြုခဲ့သည့်အကြောင်းတရား နှင့်သာ ဆိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ လူ့လောကအတွင်း ကိုယ်ချင်းစာ တရားအပြည့်အဝထားရှိပြီး မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင် စိတ်ကိုထားဟူ၍ ဟောကြားဆုံးမခဲ့ကြ သည့် ဗုဒ္ဓရှင်တော်မြတ်ဘုရားများ၏ အဆိုအမိန့်များသည် ကွန်စွာမှ တန်ဖိုးရှိလှပေသည်။

လူ့ဘဝခရီးတွင် တွေ့ကြုံခဲ့ရသည့် အကြောင်းအရာ များသည် ရိုးရိုးစင်းစင်းပင်ဖြစ်သည်။ ထိုရိုးစင်းမှုအကြောင်း သည်ပင်လျှင် ဂမ္ဘီရဆန်ဆန်အကြောင်းများသို့ ရှေးရှုသွား တတ်၏။

စာရေးသူ ကြုံတွေ့ခဲ့ရသည့် အတိတ်ဘဝ၏ အခက် အခဲများသည် ရတနာသုံးပါးကြည်ညိုမှု၊ ငါးပါးသီလစောင့် ထိန်းမှု စသည့် အခြေခံ ကိုယ်ကျင့်တရားကောင်းများကြောင့် ကျော်လွှားနိုင်ခဲ့ရပေသည်။

ပုထုဇဉ်လောကသားများ၏ လောဘ၊ မောဟ၊ တဏှာ စသည့် အဝိဇ္ဇာတရားများ ဖုံးလွှမ်းနေကြမည်။ အတ္တတရား များ ဖုံးလွှမ်းနေကြမည်သာ ဖြစ်သည်။ ဝိဇ္ဇာတရားများ ရရှိ ကျင့်ကြံလာသည်နှင့် အလောဘ၊ အမောဟ၊ အဒေါသ တရားများကို ရရှိနိုင်ကြမည်သာ ဖြစ်သည်။

အထူးမှာလိုရေးအကြီးဆုံးသည်ကား လောကဓံ တရား နှင့် ကြုံတွေ့လာလျှင် မတုန်မလှုပ်၊ မကြောက်မရွံ့ကြဘဲ ရတနာသုံးပါးကို မမေ့မပျောက်၊ ငါးပါးသီလကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲနိုင်ကြပါလျှင် လိုအင်ဆန္ဒ တစ်လုံးတစ်ဝ ပြည့်ဝကြပြီး စိတ်ချမ်းမြေ့သော လူ့ဘောင်ဘဝကို တည် ဆောက်နိုင်ကြမည်သာ ဖြစ်ပါတော့သည်။

* * *

ရေကျော်စိုးအောင်

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

# ဓေတ္တာရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှာလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးထားသော
အထူးဟောစာတမ်းကြီး ၂၀၀၀ိ/-
ဟောစာတမ်းကြီး ၁၀၀၀ိ/-

နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၇၄၆၆၄၂၊ ၀၉-၇၃၁၀၆၃၅၄



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ရ သစ်ပင်ကြီးများဖြစ်သည့် ထနောင်းပင်၊ တမာပင်၊ ကုက္ကိုပင်၊ မ… ကျည်းပင်ကြီးများ နေအိမ်ခြံဝန်းအတွင်း… ပေါက်ရောက်နေလျှင် အဆောက်အအုံ… တည်ဆောက်မည့် နေရာကလွဲ၍ လုံး… မခုတ်မလှဲဘဲ ထားတတ်ကြပါသည်။ … ကြီးသူမတို့က သစ်ပင်ကြီး ဝါးပင်ကြီးရှိတ… လေကာ၊ မီးကာလည်းရတယ်။ အရိ… အာဝါသလည်း ကောင်းတယ်ဟုဆိုက… ခုတ်လှဲခြင်းမပြု။ နှစ်ပေါင်းရာချီ သက်တမ်… ကြာမြင့်သည့် သစ်ပင်ကြီးများအဖြစ် မြ… တွေ့ရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

“

သက်ကြီး ဝါကြီး ဆရာတော်ကြီးများ၊
လူကြီးသူမများက
ပိုင်းထဲ၊ စည်းထဲမှာရှိတဲ့
နှစ်ရှည် သစ်ပင်ကြီးတွေဟာ
နေအိမ်ရှိ လူတို့နဲ့ သက်ရှိ သတ္တဝါတွေအပေါ်
မတော်တဆ ကျိုးကျ၊ ပို့ကျခဲ့ရင်လည်း
ထိခိုက်အန္တရာယ်ကြီးကြီးမားမား
ဖြစ်ခြင်း မရှိဟု ဆိုသည်

ထိုကဲ့သို့ သစ်ပင်ကြီးများမှာ နှစ်ပေါင်းရာချီ သက်တမ်းရှိ၍ အပင်လုံးပတ်ကပင် နွားကန်ကြိုး နှစ်ပတ်သုံးပတ်စာကြီးမားသည်။ နေအိမ်ဝိုင်းတွင်း ပေါက်ရောက်လျက်ရှိသည့် သစ်ပင်ကြီးတို့၏ ထူးခြားမှုအချို့အား ကိုယ်တွေ့လည်း ကြုံတွေ့ဖူးသလို၊ နှစ်ရှည် သစ်ပင်ကြီးတို့အား အကြောင်းမဲ့ ခုတ်လှဲသူတို့ အကြောင်းမဲ့ မခုတ်မလှဲမိဖို့ သတိပြု ဆင်ခြင်နိုင်စေရန် ဤစာမူအား ရေးသားခြင်းလည်း ဖြစ်ပါသည်။

လူနေအိမ်ဝိုင်းအတွင်း မိဘဘိုးဘွားလက်ထက် ဆက်ဆက်က ရှင်သန်ကြီးထွားလာသည့် သစ်ပင်ကြီးတို့မှာ နေအိမ်ဝိုင်းအတွင်း နေထိုင်သည့်လူနှင့် အခြား သက်ရှိတို့အပေါ် မတော်တဆ ကျိုးကျ၊ လဲကျသော်လည်း ထိခိုက်မှု အနာတရဖြစ်ခြင်းများ မကြုံရ၊ မတွေ့ရဟုပင် ဆိုရပေမည်။ စာရေးသူတို့ နေအိမ်မြောက်ဘက်ရှိ တမာပင်ကြီးမှာ လုံးပတ် နွားကန်ကြိုးနှစ်ပတ်နီးပါးရှိကာ သက်တမ်းအရဆိုလျှင် နှစ်ပေါင်း ရာကျော်မည်ဖြစ်သည်။ လွန်ခဲ့သည့် ၁၀နှစ်ခန့်ကျော်က အနောက်မြောက် လေကြမ်းကျလာ၍ တမာပင်အပေါ်ကိုင်းများ ကျိုးပဲ့ကာ ပြုတ်ကျခဲ့ပါသည်။ ထိုသို့ ကိုင်းများ ကျိုးကျခဲ့သော်လည်း လူနေအိမ်နှင့် လူတိရစ္ဆာန်များအပေါ် ကိုင်းများ လုံး၀ ကျိုးကျခဲ့ခြင်း မရှိပါ။ အချို့မှာ အပင်ပေါ် တင်၍၊ အချို့ကိုင်းများမှာ မြေပြင်လွတ်ရာ ကွင်းသာခေါင်တွင် ကျခဲ့ပါသည်။

နောက်တစ်နှစ်ကြာ ကာလတွင်လည်း အနောက်မြောက် လေနီကြမ်းတစ်ကြိမ်တိုက်ခတ်တာ ကြုံရပါသည်။ ထိုလေကျပြီး အချို့ဘုရားစေတီများတွင် လည်သီး ပြုတ်ကျခြင်း၊ ထီးတော်စောင်းခြင်း၊ မြေခြင်းတို့နှင့်အတူ သစ်ပင်ကြီးငယ်အချို့လည်း ကျိုးပဲ့ခြင်း၊ အမြစ်က ကျွတ်ထွက်ခြင်းတို့ဖြစ်သည်။ ထိုနေ့ညနေက လေကြမ်းမလာမီတွင် အိမ်မှ နွားတို့အား နေ့တိုင်းကဲ့သို့ တမာပင်ရိပ်မှာ ချည်ထားရာ ရုတ်တရက် လေ့ကြမ်းကျလာသဖြင့် ရွှေ့ပြောင်းချိန်မရလိုက်ပါ။

လေပြင်းဒဏ်ကြောင့် တမာပင်မှ ကိုင်းတစ်ကိုင်း ရုတ်တရက် ကျိုးကျသွားသည်။ ကိုင်းဆိုသော်လည်း လုံးပတ် လူနှစ်ဖက်စာနီးပါးရှိသည့် ကိုင်းဖြစ်ကာ နွားချည်ထားသည့် နေရာတည့်တည့်သို့ ပြုတ်ကျလာခဲ့ခြင်းဖြစ်သည်။ သို့သော် လေက ဝေါခနဲ အသံပေးကျလာချိန်တွင် နွားကလည်း လန့်ပြီး ကြိုးပြတ်ကာ လွတ်ထွက်သွားချိန် စက္ကန့်ပိုင်းအတွင်း သစ်ကိုင်းက ကျိုးကျလာခြင်းဖြစ်၍ နွားမှာ ကံကောင်းထောက်မစွာနှင့်ပင် သစ်ကိုင်းပိမည့်အန္တရာယ်က ကင်းလွတ်ခဲ့ရသည်။

BURMESE CLASSIC .com

တခြား သစ်တစ်ပင်မှာ ပေပင်ဖြစ်သည်။ အသီးသီးပြီး အပင်သေခြောက်နေတာပင် ၂နှစ်၊ ၃နှစ်ကြာပြီဖြစ်သည်။ ပေပင်သည် လူနေအိမ်နှ ၁၅တောင်ထက်ပင် မဝေးပေ။ ပေပင်၏ အပေါ်ဖျားက အသီးသီးထား၍ အဖူးတံ၊ ကိုင်းအခက်အလက်တို့က ဝေဝေဆာဆာနှင့် အရွက်မရှိသော်လည်း အပင်အား လေတိုးနှုန်းက ရှိနေသည်။ အပင်သေတာ ၂နှစ်၊ ၃နှစ်ကြာပြီဖြစ်သော်လည်း မိဘဘိုးဘွားလက်ထက်က အပင်ဖြစ်၍ မခုတ်မလှဲဘဲ ထားကြသည်။ အပင်မှာ နေအိမ်အမြင့်ထက် နှစ်ပြန်စာမြင့်သည်။ အရှေ့တောင်လေတိုက်၍ ကျိုးကျ၊ ပြုတ်ကျလျှင် အိမ်ခေါင်ပေါ် လွတ်ဖို့မရှိ။ အိမ်ပေါ် ပြုတ်ကျနိုင်သည်။

တစ်နေ့ အရှေ့တောင်က လေကြမ်းကျလာချိန်တွင် ထိုပေပင်အခြောက်ကိုင်း ပြုတ်ကျလာသည်။ အပင်၏ အပေါ်ပိုင်း သုံးချိုးတစ်ချိုးပြုတ်ကျပြီး အိမ်တောင်ဘက်ရှိ ကပ်လျက် စောင်ချမ်းပင်ပေါ် ပြုတ်ကျကာ တင်နေသည်။

သက်ကြီး ဝါကြီး ဆရာတော်ကြီးများ၊ လူကြီးသူမများက ပိုင်းထဲ၊ စည်းထဲမှာ ရှိတဲ့ နှစ်ရှည် သစ်ပင်ကြီးတွေဟာ နေအိမ်ရှိ လူတို့နဲ့ သက်ရှိ သတ္တဝါတွေအပေါ် မတော်တဆ ကျိုးကျ၊ ပဲ့ကျခဲ့ရင်လည်း ထိခိုက်အန္တရာယ်ကြီးကြီးမားမား ဖြစ်ခြင်း မရှိဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ကားဂိတ်တွင် ကားစောင့်ရင်း ကိုတင်မြင့် တွေ့နှင့် စကားပြောဖြစ်ရင်းက···

"သစ်ပင်ကြီးတွေကို အကြောင်းမဲ့ ခုတ်လှဲတတ်သူတွေ ထိခိုက်တတ်တယ်။ သစ်ပင်စိုထက် သစ်ခြောက်ပင်၊ နတ်သတ်ပင်က လူကို ပိုပြီးထိခိုက်တတ်တယ်"

ဟု ပြောပြကာ သူ၏ ကိုယ်တွေ့အား ဤသို့ပြောပြပါသည်။

"ကျွန်တော်တို့ရွာက ကိုဝင်းသူပေါ့။ သူ့အိမ်ဝိုင်းထဲက သစ်ပင်က ခြောက်ပြီး သေနေတာ သူ့ယောက္ခမ၊ မိဘတွေလက်ထက်ကတည်းကပဲ။ သူ့အဒေါ်တွေလက်ထက်ကလည်း မခုတ်မလှဲဘဲ ထားခဲ့တယ်။ သူ အိမ်ထောင်ဦးစီးဖြစ်မှ ဒီသစ်ပင်ခြောက်ကို လှဲလိုက်ရင် ဝိုင်းတလင်းလည်း ကျယ်မယ်ဆိုပြီး သစ်ပင်ခြောက်ကို တူးပြီး လှဲပစ်လိုက်တယ်။ သိပ်မကြာဘူး။ သူ ဆိုင်ကယ်ပေါ်က ပြုတ်ကျပြီး လက်ကျိုးသွားတယ်။

တချို့ကလည်း ပြောကြတယ်။ ဒီသစ်ပင်ခြောက်ကို ခုတ်လို့ ဖြစ်တာတဲ့။ တချို့ကလည်း ဒါတွေက တိုက်ဆိုင်မှု ဖြစ်တာပါ။ အယူသီးပြီး ပြောတာပါလို့ ပြောတဲ့သူတွေလည်း ရှိတာပေါ့။ ကျွန်တော်ကတော့ ဒီသစ်ပင်ခုတ်လှဲလို့ ဖြစ်တာလို့ပဲ ယူဆတယ်"

ဟု သူ၏ ထင်မြင်ချက်အား ပြောပြပါသည်။ ထို့နောက် ဆက်၍ပြောပြသည်မှာ···

"ကျွန်တော့်မျက်မြင် ကိုကျော်မြင့်လည်း ဒီလိုပဲ။ သစ်ပင်ခြောက်ကို သွားလှဲတာ၊ သစ်ပင်က တမာပင်ခြောက်။ သူ့ဝိုင်းထဲမှာတော့ မဟုတ်ဘူး။ သူ့အိမ်ဝိုင်းထောင့်လမ်းထဲမှာ။ လမ်းလည်း ကျယ်ကျယ်ဝန်းဝန်းသွားလို့ရအောင်ဆိုပြီး အမြစ်ကနေ တူးပစ်လိုက်တာ"

"အဲဒီ ကိုကျော်မြင့်ရော ဘာဖြစ်သွားသေးလဲ"

ဟု ကျွန်တော်က မေးလိုက်သည်။

"အဲဒီ သစ်ပင်ခုတ်ပြီး ကိုကျော်မြင့်လည်း ၃လ လောက်အကြာမှာ သေသွားတာပဲ။ အဲဒါ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ပဲ။ သူ့အလိုအလျောက်သေနေတဲ့ သစ်ခြောက်ပင်များ တွေ့လို့ကတော့ သွားမလှဲလေနဲ့။ နေရင်းထိုင်ရင်း နတ်ကိုင်ခံနေရမယ်"

ဟု သူ၏ အယူအဆအား ပြောပြခဲ့ပါသည်။

သစ်ပင်အစိုထက် သစ်ပင်အခြောက်တို့မှာ လူတို့အား ပို၍ထိခိုက်တတ်ကြောင်း သိရှိရသည်။ ခိုက်တာလည်း မပြောနှင့်။ သစ်ခြောက်ပင်အား လူတို့က နတ်သတ်ပင်ဟု ခေါ် လေ့ရှိကြပါသည်။ နတ်သတ်ပင်အား လူအများက ထင်... အဖြစ်မှလွဲလျှင် နေအိမ်အဆောက်အအုံ၊ သစ်ပျဉ်အ... အထွာမှစ၍ လုံးဝ အသုံးမပြုဘဲ ရှောင်လေ့ရှိသောကြေ... ပင်ဖြစ်သည်။

ထိုကဲ့သို့ သစ်ပင်ခြောက်တစ်ပင် စာရေးသူတို့ရွာ... ရေခပ်လမ်းမြောက်ဘက်တွင် ရှိကာ၊ တစ်ပင်လုံး ခြော... နေခြင်းမဟုတ်ဘဲ တောင်ဘက် ထွက်သည့် ကိုင်းကြ... တစ်ကိုင်းတည်းသာ ခြောက်နေခြင်းဖြစ်သည်။ အပင်ကြီး... နွားကန်ကြိုး နှစ်ပတ်သုံးပတ်ခန့် ကြီးမားသည့် ရေ... ထနောင်းပင်ကြီးဖြစ်သည်။ ခြောက်နေသည့် ကိုင်းလ... တက်ကလည်း လူနှစ်ဖက်စာ ရှိပါသည်။ ထနောင်းကိုင်... ခြောက်မှာ ရေခပ်လမ်းပေါ်တွင် အပေါ်က မိုးလျက်ရှိ... သဖြင့် တစ်နေ့တစ်နေ့ မနက်/ည မြစ်ဆိပ် ရေခပ်ဆင်း... သူတွေက ကိုင်းကျိုးကျမှာ ကြောက်နေကြရသည်။

လူကြီးတွေက သစ်ပင်ကြီး ကိုင်းကျိုးကျရင်လည်း... လူသူတိရစ္ဆာန်တွေနဲ့ ဖြတ်သွားဖြတ်လာကင်းတဲ့အချိန် ကျ... ကြပါစေလို့သာ စိတ်ထဲက ကြိတ်၍ ဆုတောင်းရုံက လွဲ... ဘာမျှ မတတ်နိုင်ကြပါ။ သစ်ပင်ပိုင်ရှင်တို့ကလည်း မခုတ်... မဖြတ်ရဲ၊ သက်တမ်း ရာချီရှိတဲ့ သစ်ပင်ကြီးဖြစ်လို့ ရှောင်လွ... ကြသည်။ ထနောင်းကိုင်းခြောက်ကြီးမှာ လေဒဏ် မိုးဒဏ်ခံ... ရင်း ၂နှစ်၊ ၃နှစ်ကြာပြီးမှ တစ်ညတွင် လူသူလေးပါးလည်း... အတက်အဆင်းမရှိတဲ့ ရေခပ်လမ်းမကြီးပေါ် ဝုန်းခနဲ အသံ... ကြီးနဲ့အတူ ကျိုးကျသွားပါတော့သည်။ လူသွားလမ်း ရေခပ်... လမ်းပေါ် ပြုတ်ကျခဲ့သော်လည်း ညအချိန်ဖြစ်၍ မည်သည့်... သက်ရှိသတ္တဝါမှ ထိခိုက်ခြင်း မရှိခဲ့ပါ။ ထနောင်းပင်ကြီးမှာ... ယနေ့တိုင်ရှိကာ ရောဝတီမြစ်အရှေ့ဘက်ကမ်းနံဘေးရှိ... စာရေးသူတို့ရွာနှင့် အနီးဆုံးရွာများတွင် အကြီးဆုံး၊ အမြင့်... ဆုံး သစ်ပင်ကြီးအဖြစ် မြင်တွေ့နိုင်ပါသည်။

နေအိမ်ဝိုင်းတွင်ရှိ သစ်ပင်ကြီးများ၊ သစ်ခြောက်ပင်... ကြီးများမှာ လဲကျ၊ ကျိုးကျသော်လည်း လူတို့အား ထိခိုက်... ခြင်းမရှိသလောက် နည်းပါးပြီး၊ သစ်ခြောက်ပင်ကြီးများ (သို့... မဟုတ်) နတ်သတ်ပင်ကြီးများအား အကြောင်းမဲ့ ခုတ်လှဲ... သူတို့သာ ထိခိုက်ခြင်းများ ကြုံတွေ့ရတတ်ကြောင်း နတ်... သတ်ပင်၊ သစ်ခြောက်ပင်တို့အား ခုတ်လှဲသူများအတွက် သတိပြုဖွယ် တင်ပြလိုက်ရပါသည်။

* * *

နေအောင်မြေး(စလေ)

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com


# ထူးဆန်းတွေလာ ဤကမ္ဘာ မောင်လင်းအောင်

**စနေဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကို ကမ္ဘာမြေပေါ်မှ ရှုမြင်ခံစားခြင်း**

စနေဂြိုဟ်ကြီးနှင့် ကြာသပတေးဂြိုဟ်ကြီး နှစ်လုံး ကမ္ဘာမြေကြီးနှင့် အရမ်းနီးကပ်လာပြီဟုတော့ မထင်လိုက်ပါနှင့်ဦး။ အကာယ်၍များ ဒီဂြိုဟ်ကြီးနှစ်လုံးနှင့် ကမ္ဘာကြားက



အကွာအဝေးသည် ကမ္ဘာနှင့် လလောက်သာ ကွာဝေးတော့မည်ဆိုလျှင် ပုံတွင် မြင်တွေ့ရသည့်အတိုင်း ဂြိုဟ်ကြီးများကို ကမ္ဘာ့မြေပြင်မှ အနီးက မြင့်တွေ့ခွင့်ရမည်ဖြစ်သည်။




**စာရွက် ၃၀၀၀ = သစ်တစ်ပင်**

သိပ္ပံပညာရှင်များ၏ ဆန်းစစ်တွေ့ရှိချက်များအရ စာရွက်အရေအတွက် ၃၀၀၀ ရရှိရေးအတွက် သစ်ပင်တစ်ပင်ခုတ်လှဲရပါသည်။ ထို့ကြောင့် သစ်ပင်များ ပြုန်းတီးမှုကို ကာကွယ်နိုင်ရေးအတွက် စာရွက်ဖြုန်းတီးပစ်မှုကို လျှော့ချကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### အသားအရေစိုပြေခြင်း၏ လျှို့ဝှက်ချက်

သင် ကျန်းမာရေးကောင်း၍ အသားအရေ စိုပြေနေလို ပါသလား။




မနက် အိပ်ရာနိုးနိုးချင်း ရေတစ်ဖန်ခွက် အဝသောက်၍ တစ်နေ့ကို အနည်းဆုံး ရေ (၈)ခွက်ခန့် နေ့စဉ်သောက်ပေးပါ။ အကောင်းဆုံးသော သဘာဝ သစ်သီးဖျော်ရည်အဖြစ် သခွားသီးဖျော်ရည်ကို သုံးချည်းသော် လည်းကောင်း၊ တရုတ်နံ့ (သို့မဟုတ်) ပန်းသီးဖျော်ရည်နှင့်လည်း ရောစပ် သောက်သုံးနိုင်ပါသည်။ သင့်ကျန်းမာရေးအတွက် စမ်းသပ် လုပ်ဆောင်ကြည့်ပါဦး။

### အကြင်နာတရား လက်ကိုင်ထားသော ရှဉ့်ငယ်လေးများ


ရှဉ့်သတ္တဝါလေးများသည် သူတို့အချင်းချင်း တစ်ဦးအပေါ် တစ်ဦး အလွန်ပင် အကြင်နာတရားရှိကြသည်။ ရှဉ့်ငယ်လေးများ၏ အဆုံးအစွန်ထိသော အကြင်နာတရား စိတ်ဓာတ်မှာ မိဘများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကွဲ



ကွာခဲ့ရသော မွေးကင်းစ ရှဉ့်ပေါက်စလေးများကိုပင် သူတို့၏ သားသမီးအရင်းအချာကဲ့သို့ မွေးစားကာ ကျွေးမွေးစောင့်ရှောက်ပေးထားလေ့ ရှိကြသည်။ ရှဉ့်သတ္တဝါလေးများ၏ တစ်ဦးပေါ် တစ်ဦး ထားရှိသော အကြင်နာမေတ္တာတရားမှာ အေးမြလွန်းလှသည်။

### ကျားခြင်္သေ့

ကျားခြင်္သေ့(Liger)ဟု အမည်ရသော သတ္တဝါကြီးသည် အဖေ ခြင်္သေ့ထီးနှင့် အမေ ကျားမတို့မှ ပေါက်ဖွားသော သတ္တဝါဆန်းဖြစ်သည်။ ခြင်္သေ့ဗီဇနှင့် ကျားဗီဇ နှစ်မျိုး



ရောစပ်ရရှိထားသော ထိုကျားခြင်္သေ့သည် ကြောင်ကြီးမျိုးနွယ်စုဝင် စာရင်းတွင် အကြီးဆုံးသော သတ္တဝါကြီးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

### မိုဘိုင်းဖုန်း ခေါင်းအုံးအောက် ထားအိပ်သူများ သတိထား

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းများကို တွင်ကျယ်စွာ အသုံးပြုလာကြသည်နှင့်အမျှ မိုဘိုင်းဖုန်းများမှ ပေးနိုင်သော






www.burmeseclassic.com


www.burmeseclassic.com

အန္တရာယ်များအကြောင်းကိုတော့ သိရှိမှု နည်းပါးသေးသည်။ အဆိုးဝါးဆုံးကတော့ မိုဘိုင်းဖုန်းကို ခေါင်းအုံးအောက်တွင် ထားကာ အိပ်စက်လေ့ရှိခြင်းပင် ဖြစ်သည်။ မိုဘိုင်းဖုန်းများမှ ထုတ်လွှတ်သော မမြင်နိုင်သော ဓာတ်ရောင်ခြည်များနှင့် ၈၀၀၊ ၉၀၀ မီဂါဟပ်(800, 900 MHz) အစရှိသော ဆက်သွယ်ရေးလှိုင်းများသည် လူ၏ နှလုံးခုန်မှုနှင့် ဦးနှောက်ပိုင်းဆိုင်ရာကို အဓိက အန္တရာယ်ပေးနိုင်သည်။ အဆိုပါ လှိုင်းများသည် ဦးနှောက်ကို အန္တရာယ်ပေးကာ မူးဝေခြင်းနှင့် ကြွက်သားများ နာကျင်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် နှလုံးနှိုးစက် တပ်ဆင်ထားသူများတွင် သွေးလည်ပတ်မှုနှင့် နှလုံး၏ အာရုံကြော လုပ်ဆောင်ချက်များကိုလည်း ထိခိုက်စေနိုင်သည်။

ထို့ကြောင့် နှလုံးနှိုးစက် တပ်ဆင်ထားသူများသည် မိုဘိုင်းဖုန်း အသုံးပြုခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး သာမန်လူများကလည်း ဖုန်းကို ခေါင်းအုံးအောက် ထားအိပ်ခြင်း၊ ကိုယ်နှင့် အမြဲတစေ အနီးကပ် ထားရှိခြင်းမျိုးနှင့် ဖုန်းကြာရှည်စွာ ပြောဆိုမှုမျိုးကို ကျန်းမာရေးအတွက် ရှောင်ကြဉ်ရမည်ဖြစ်သည်။

## ဘိုးသက်ရှည် ဘွန်ဆိုင်းပင်

The Yamaki Pine ဟု အမည်ရသော ဂျပန်နိုင်ငံရှိ ဘွန်ဆိုင်းပင်သည် ဘွန်ဆိုင်းပင်တို့ သဘာဝအမြင်ပန်းအရ အပင်ငယ်လေးသာသာ ဖြစ်နေသော်လည်း သက်တမ်းမှာ ၃၇၅နှစ်တိတိ ရှိနေပြီဖြစ်သည်။ ထိုဘွန်ဆိုင်းပင်လေး စတင်ရှင်သန်နေချိန်တွင် ကမ္ဘာပေါ်၌ ကား၊ ရထား၊ လေယာဉ်ပျံကြီးများပင် မဆိုထားနှင့်၊ စက်ဘီးပင် မပေါ်ပေါက်သေးပေ။



အမေရိကန်တွင် ပြည်တွင်းစစ်ပင် မဖြစ်သေးပေ။ အမျိုးမျိုးသော ခေတ်များ၊ စနစ်များ၊ စစ်ပွဲကြီးများကို ကြုံတွေ့ဖြတ်သန်းလာခဲ့ရသော ဘွန်ဆိုင်းပင်လေးသည် သူ ရှင်သန်ရန်အတွက် လောကဓံတရားများကို ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ရသည်။ လူအသေအပျောက် အများဆုံးဟု သတ်မှတ်ခံထားရသော ဒုတိယကမ္ဘာစစ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခံစားခဲ့ရဖူးပြီး စစ်ဒဏ်လည်း ခံခဲ့ရရှာသည်။ ဂျပန်နိုင်ငံအပေါ် အမေရိကန်တို့ ကြဲချခဲ့သော အဏုမြူဗုံးဒဏ်ကြားမှ ခက်ခက်ခဲခဲ ရှင်သန်ခဲ့ရသော သက်ရှိ မျိုးနွယ်များစာရင်းတွင်လည်း ဘွန်ဆိုင်းပင်လေး ပါဝင်ခဲ့သည်။

၁၉၄၅ ခု၊ ဩဂုတ်လ ၆ရက်နေ့တွင် ဟီရိုရှီးမားမြို့ပေါ် အဏုမြူဗုံး ကြဲချခဲ့ချိန်တွင် ဘွန်ဆိုင်းပင်လေးမှာ အဏုမြူဗုံး တိုက်ရိုက်ထိမှန်သည့် မြေပြင်နှင့် နှစ်မိုင်ခန့်သာ ကွာဝေးသောအရပ်တွင် ရှိနေခဲ့သည်။ အုတ်တံတိုင်းနံရံတစ်ချပ်၏ အကာအကွယ်မှုဖြင့် အဏုမြူဗုံးဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ကာ ဘွန်ဆိုင်းပင်လေး ဆက်လက်ရှင်သန်ခဲ့သည်။ ယခုအခါတွင် ဘွန်ဆိုင်းပင်လေးကို နှစ်ပေါင်း ၃၇၅နှစ် သက်တမ်းရှိသော အပင်အဖြစ်သာမကဘဲ အဏုမြူဗုံးဒဏ်ခံရသော ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီမြို့တို့၌ သူရဲကောင်းအဖြစ်လည်း ဂျပန်လူမျိုးတို့က သတ်မှတ်ထားကြသည်။

## ဆယ်နှစ်အောက် ကလေးများအတွက် စာမေးပွဲမရှိ

မြန်မာနိုင်ငံမှာတော့ မဟုတ်ပါဘူး။ ဂျပန်နိုင်ငံတွင် ဆယ်နှစ်အောက် ကလေးငယ်များ (သို့မဟုတ်) သူတို့နိုင်ငံ၏ အတန်းသုံးတန်း မရောက်သေးသော ကလေးငယ်လေးများအတွက် စာမေးပွဲစစ်ဆေးခြင်း မရှိပေ။ ကလေးများအား



In Japanese schools, students don't get ANY exams until they reach grade four (the age of 10).

သင်ကြားထားသမျှ သင်ခန်းစာများကို ပြန်လည်ဖြေဆိုစေခြင်းထက် ဦးနှောက်ပိုင်းဆိုင်ရာ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ခန်းစာများနှင့် တစ်သက်စာအတွက် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးလိမ္မာသော သင်ခန်းစာများကို ထိရောက်စွာ လေ့ကျင့်သင်ကြားပေးသည်။ ဂျပန်လူမျိုးတို့



www.burmeseclassic.com

www.burmeseclassic.com

သည့် ကျောင်းသင်ခန်းစာများ မသင်ကြားမီ တစ်သက်တာ အတွက် ကိုယ်နှုတ်အမူအရာ အလေ့အကျင့်ကောင်းများက ပိုမိုအရေးကြီးသည်ဟု ယူဆထားကြသည်။

## မျောက်မကြီးနှင့် ကြောင်ငယ်လေးတို့ကြား သံယောဇဉ်

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းပေါ်ရှိ မျောက်ရွာတစ်ခုတွင် အမြီးရှည်မျိုးနွယ် မျောက်မကြီးတစ်ကောင်သည် ကြောင်ငယ်လေးတစ်ကောင်ကို ရင်သွေးအမှတ် မွေးစားထားပြီး သူမ သွားလေရာ ခေါ်ဆောင်သွားကာ စောင့်ရှောက်ထားသည်။



သူတို့နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦးအပြန်အလှန်မေတ္တာရှိကြကာ သူတို့နှစ်ဦးပုံအား ဓာတ်ပုံသမားများ ရိုက်ကူးနေခြင်းကိုပင် မျောက်မကြီးက နှစ်သက်ခြင်းမရှိတဲ့ ကြောင်ငယ်လေးကို ကင်မရာများထံမှ ကာကွယ်ပေးထားသည်။

## စာသင်ကျောင်းတွင်းမှ လျှောကြီးများ

ဂျာမနီနိုင်ငံ၊ မြူးနစ်တက္ကသိုလ်ရှိ လေးထပ် စာသင်ဆောင်တစ်ခု၌ ပုံတွင် မြင်တွေ့ရသည့်အတိုင်း ရောမ လျှော



ကြီးများကို တပ်ဆင်ပေးထားသည်။ အပေါ်ဆုံးထပ်မှ ကျောင်းသားများအနေဖြင့် အချိန်ကုန်ခံ၍ လှေကားအတိုင်း ဆင်းလာရန် မလိုဘဲ၊ လျှောကြီးအတိုင်း မိမိတို့၏ စာအုပ်စာတမ်းများဖြင့် လျှောဆင်းလာရုံပင် ဖြစ်သည်။ အချိန်ကုန်လူပန်း သက်သာသော နည်းလမ်းကောင်းတစ်ခုပင် ဖြစ်သည်။ သင်တို့ကျောင်းမှာရော ဒီလို လျှောကြီးမျိုး ရှိချင်ကြပါသလား။

## ကမ္ဘာ့အကြီးဆုံး လူလုပ်တွင်းကြီး

ရုတ်တရက် ကြည့်လိုက်လျှင် သိပ္ပံရုပ်ရှင်ဇာတ်လမ်းများထဲမှ ကင်မရာအထူးပြုလုပ်ချက်တစ်ခုဟု ထင်မှတ်စရာပင်။ တကယ်တော့ ဆိုက်ဘေးရီးယားဒေသကြီး လူတို့ကိုယ်တိုင် ဖန်တီးထားသော ကမ္ဘာ့အကြီးဆုံး စိန်တွင်းကြီး



ဖြစ်ပါသည်။ ထိုစိန်တွင်းကြီးသည် ၅၂၅ မီတာအနက်ရှိပြီး အကျယ်ကတော့ (၁ · ၂၅)ကီလိုမီတာ အချင်းရှိပါသည်။ ကမ္ဘာ့အကြီးဆုံး လူလုပ်တွင်းကြီးလည်း ဖြစ်ပြီး၊ တွင်းကြီး၏ စုပ်အားသည် အလွန်အန္တရာယ်ရှိပြီး ရဟတ်ယာဉ်များ တွင်းကြီးပေါ်တည့်တည့် ဖြတ်ပျံပါက ပျက်ကျစေနိုင်သည်။

* * *

မောင်လင်းအောင်

Ref ; General Knowledge



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဟ . . . ဟိုခြံထဲက မီးတွေ လင်းနေတာ ဘာလဲဟ၊ ဘာအတွက် ဒဲ့ တစ်ခြံလုံးပါလား"

"အေးကွနော်၊ သစ်ပင်တစ်ပင် တစ်တိုင်နှုန်းနဲ့ ဖယောင်းတိုင်တွေ ထွန်းထားတာဟ။ ကြည့်စမ်း၊ နည်းတာ မှတ်ဘူးကွာ"

ဦးသာဟန်ခြံကား လေးကေ (သယ် ၂၀၀ ခွင်ခန့်)ရှိရာ သရက်၊ ပိန္နဲ၊ မာလကာ၊ တမာ၊ မန်ကျည်း၊ ဇီးသီး၊ သရက် စုံလှသည်။ အားလုံးသီး သော စားပင်ချည်းသာ ဖြစ်၏။ ဝါဆိုလ ပြည့်၊ တပေါင်းလပြည့်၊ တန်ခူးလပြည့်၊ ကဆုန်လပြည့်၊ ဤလပြည့်နေ့ညများ သား ရောက်လျှင် ဦးသာဟန်ခြံတွင် ထိန်ထိန်လင်းသောနေ့၏ ညများပင် ဖြစ်တော့သည်။

ထိုလပြည့်နေ့များတွင် မြွေရေခွံ အိတ်နှင့် အလုပ်သမားတစ်ဦးက သယ် ဆောင်ပြီး ညနေ မိုးချုပ်ခိုန်မှစ၍ ဥယျာဉ် ကြီးအတွင်းအား သစ်ပင်တစ်ပင်လျှင် ဖယောင်းတိုင်တစ်တိုင်ထွန်း၍ ဦးသာ ဟန်၏ နှုတ်မှလည်း အောက်ပါ စကား များအား အသံထွက်၍ ပြောလျက်…

"ဤသစ်ပင်၌ ရှိသော ရက္ခဒေဝ နတ်…သင့်အား ကျွန်ုပ် မီးတိုင်ပေးပါ ၏ သင် လှူဒါန်းလိုသော မြတ်စွာ ဘုရားအား လှူပါလေ။ သင့်စိတ်၊ ရုပ် နှစ်ပါး ချမ်းသာသကဲ့သို့ ကျွန်ုပ်လည်း ချမ်းသာလိုပါတယ်။ ကူညီပါ"

အထက်ပါ စကားကို သစ်ပင် တိုင်း၌ ပြော၍ ထွန်း၏။ ဥယျာဉ်ကြီး ကဲ့သို့သော ထိုခြံကြီးထဲတွင် ထိုမျှ များပြားသော ဖယောင်းတိုင်ထွန်း၍ ရက္ခစိုးနတ်တို့အား ပေးလှူခြင်းသည်

ဦးသာဟန် အကြောင်းတစ်ခုကြောင့် လုပ်နေခြင်းဖြစ်လေသည်။

ခြံကလည်း ကျယ်လွန်း၊ သစ်ပင် ကား များလွန်းလှသဖြင့် မိုးချုပ်စမှ တစ်ပင် တစ်တိုင်ကျစီဖြင့် ည ၈နာရီ၊ ၉နာရီထိုးလုနီးမှ ပြီးတော့သည်။ နာရီ တိုင်များဖြစ်သော်လည်း ပထမ ထွန်း သောအတိုင်များ ငြိမ်းကုန်ကြလေပြီ။ ခြံအပြင်တွင် ရွာတွင်းမှ လူများ ညဦး ပိုင်းအချိန်၌ လာရောက်ကြည့်ရှုကြလေ သည်။ နောက် တဖြည်းဖြည်း မီးရောင် ကား ခြံ၏ အတွင်းပိုင်းသို့ အလင်း ရောင်များ ရွေ့လျားလျက် ည ၁၀နာရီ ကျော်ခန့်တွင် လုံးဝငြိမ်း၍ ပကတိ တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

ထိုမီးထွန်းချိန်၌ ဥယျာဉ်တွင်းရှိ ငှက်များ ဆူညံစွာ မြူးတူးပျော်ပါးသကဲ့ သို့ အော်ကြ ပျံကြသည်မှာလည်း ထူး ခြားလှပေ၏။ ထိုခြံအတွင်း၌ ငှက်မျိုးက လည်း စုံလှပေသည်။ ဗျိုင်းများကား ကုက္ကိုပင်ကြီးတစ်ပင်တွင်သော် လည်း ကောင်း၊ ခရစ်ငှက်များကား ကျီးအာ ပင်ကြီးတွင် လည်းကောင်း၊ ကြီးမား အုပ်ဆိုင်းသော ခရေပင်ကြီးတွင်ကား များပြားလှသော စာကလေးများသာ ဆူညံစွာ အိပ်တန်းတက်နေကြသည်။ လက်ပံပင်တစ်ပင်တွင် ဇီးကွက်များ နေကြ၏။ ရှဉ့်များလည်း တွေ့ရ၏။

ဦးသာဟန်ခြံမှ တစ်နှစ် တစ်နှစ် လျှင် သရက်သီး၊ ပိန္နဲသီး၊ မာလကာသီး၊ နာနတ်သီး၊ လဲမှို၊ ကွမ်းသီးများ၊ တညင်းသီး၊ ဖန်ခါးသီးများ ရောင်းရငွေ နှင့် ဦးသာဟန် လုံလောက်စွာ စားသုံး နိုင်ပေသည်။ ဦးသာဟန်သည် ဤခြံ တွင်း၌ ပျဉ်ထောင် သွပ်မိုးအိမ်ကလေး တစ်လုံး ဆောက်လုပ်လျက်နေသည်။ ၎င်း၏ မိသားစုများကား လေးမျက်နှာ မြို့နယ်၊ မြစ်နားရွာတစ်ရွာတွင် နေသည်။

ဦးသာဟန်သည် တစ်လတစ်ခါ မြို့ ကုန်းပန်းတောကြီးရွာသို့ ဆင်း၍ ရိက္ခာ ဝယ်သည်။ ထူးခြားသည်ကား ရခိုင်ရိုးမ တောင်ခြေတွင် ရှိသော အဆိုပါ ခြံထဲ သို့ မည်သည့်ကျောင်းရွာကမှန်း မသိ သော၊ စကားမပြောသော ဘုန်းကြီး တစ်ပါး နေ့စဉ် ဆွမ်းခံကြွသည်။ ဦးသာ ဟန်သည်လည်း မမေး၊ ဘုန်းကြီးက လည်း မပြောပေ။ နံနက် ၁၀နာရီထိုး လျှင် ရောက်လာတတ်သည်။ ဦးသာ ဟန်ကား ဆွမ်းချက်ပြုတ် ပြင်ဆင်ပြီး သားပင်။ အဆင်သင့် လောင်းလှူ၏။

◆◆◆

တစ်နေ့သောညတွင် ဦးသာဟန် ဘုရားဝတ်ပြု တရားထိုင်ပြီး အိပ်ပျော် သွားစဉ် အိပ်မက်တစ်ခုမြင်မက်လေ သည်။ ဦးသာဟန်ကား ထုံးစံအတိုင်း သောက်တော်ရေအိုးကို ရေဖြည့်၊ ရေလဲပြုလုပ်နေစဉ်…

"ဟော့…မောင်သာဟန်"

ဦးသာဟန် တစ်ချက်တွေဝေသွား သည်။ မလှမ်းမကမ်းရွာများမှာ မိမိအား မောင်သာဟန်ဟု ခေါ်မည့်သူကား လွန် စွာ ရှားပါးလှချေ၏။ ဦးလေး၊ ဘကြီး၊ အစ်ကို စသည်ဖြင့် ခေါ်သည်က များပေ သည်။ မိမိအသက်ကား ၅၀ကျော်ပေပြီ။ နာမည်ခေါ်သူအား အိမ်ပြင်ထွက်ကြည့် လိုက်၏။ အသက် ၈၀ ခန့် ရှိမည်ဟု ထင်ရသော မုတ်ဆိတ်မွေးများ ဖွေးဖွေး ဖြူလျက် ခေါင်းပေါင်းအဖြူ၊ အင်္ကျီ လက်ရှည် လည်ကတုံးအဖြူ၊ ပုဆိုး အဖြူရောင်၊ လွယ်အိတ် အဝါရောင် ကြီးကြီးလွယ်လျက် အဖုအထစ်များစွာ ပါသော ဝါးတောင်ဝှေးအား ထောက် လျက် ၎င်းအား ကြည့်နေရင်း…

"မောင်သာဟန်…ခဏကွဲ့"

"ဩော်…ဟုတ်ကဲ့ အဘ၊ ဘာ ကိစ္စများရှိလို့ပါလိမ့်"


www.burmeseclassic.com

www.burmeseclassic.com

"အေး၊ အဘ မောင်သာဟန်ကို အကူအညီလေးတစ်ခုလောက် တောင်းပါရစေကွယ်။ မောင်သာဟန် ဘေးအန္တရာယ်တွေ မလာရောက်အောင် အဘတာဝန်ထားပါ"

"ဟုတ်ကဲ့၊ အဘကိစ္စကိုသာ ပြောပါ အဘရယ်၊ ကျွန်တော် ကူညီနိုင်တာဆို ကူညီဖို့ အသင့်ပါ"

"အေးကွယ်၊ သာဓုပါပဲ။ အဘတို့မှာ ကုသိုလ်ဆက်၊ ပဋ္ဌာန်းဆက် လိုနေသကွဲ့။ အဘတို့အုပ်စု အများဆုံးကလည်း မောင်သာဟန်ပိုင်တဲ့ ဟောဒီခြံကြီးထဲမှာ နေကြသကွဲ့။ တော်တော်များများတော့ မရှိကြတော့ဘူး။ ဘဝပြောင်းသွားကြပြီ။ အရေးကြီးတာက ကုသိုလ်ပြုချင်ပါတယ်။ တန်ခူး၊ ကဆုန်၊ ဝါဆို၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပေါင်းလပြည့်တွေမှာ ဖယောင်းတိုင်မီးကို သစ်ပင်တိုင်းမှာ ထွန်းပေးပါ။ အဲဒီလို ထွန်းတဲ့အခါ ပြောရမယ့်စကားကတော့ "ဒီသစ်ပင်ရှိ ရုက္ခစိုးနတ်အား မီးတိုင်ပေးပါတယ်။ ဘုရားလှူကြပါ။ သင်တို့ ချမ်းသာသလို၊ ကျွန်ုပ်ကိုလည်း ကူညီကြပါ"ဆိုပြီး ထွန်းပါ။ မောင်သာဟန် ဖယောင်းတိုင်ဖိုး အဘတို့ ပေးပါ့မယ်။ ကူညီပါ။ ကဲ - ဖြစ်ပါ့မလား"

ဦးသာဟန် စဉ်းစားတွေးတောကြည့်ရာ ဤပုဂ္ဂိုလ်ကား ရုက္ခစိုးနတ်ဖြစ်တန်ရာ၏။ အကျိုးတစ်ခုခုပေးလို၍လား၊ အကျိုးရလို၍လား။ မည်သို့ဖြစ်စေ၊ သူ ဖယောင်းတိုင်ဖိုး အမြဲပေးမည်ဟု ပြောသည်။ မလုပ်နိုင်စရာ မရှိဟု ဆုံးဖြတ်လျက်…

"ဟုတ်ကဲ့ အဘ။ အဘပြောတဲ့ လပြည့်နေ့တွေမှာ ဖယောင်းတိုင်ထွန်းပေးပါ့မယ်၊ စိတ်ချပါ။ မပျက်အောင် ထွန်းပါ့မယ်ခင်ဗျာ"

"အေးကွယ်၊ သာဓု…သာဓု…သာဓု။ မောင်သာဟန်လည်း အကျိုးမယုတ်စေရပါဘူးကွယ်၊ အဘကူညီပါ့မယ်"

အိပ်မက်ကား ဤမျှသာ ဖြစ်သည်။ ဦးသာဟန်ကား ဤသို့ အိပ်မက်မက်ပြီးနောက် အနီးစပ်ဆုံး တပေါင်းလပြည့်မှစ၍ ဖယောင်းတိုင်ထွန်းခြင်းကိစ္စအား စတင်ဆောင်ရွက်တော့သည်။ ဇာတ်လမ်းအစတွင် အနီးအနားရွာများမှပင် လာရောက်ကြည့်ရှုရသည်အထိ လင်းလျက်၊ ထိန်လျက်။ မမြင်ဘူး၊ မတွေ့ဘူးသော ထိုအချင်းအရာအား အမျိုးမျိုးဝေဖန်ပြောဆိုကြလျက်ပင် ရှိကြ၏။

"ဦးသာဟန်ကြီး သူ့ခြံထဲ သူခိုးမလာအောင် လုပ်တာလားမှ မသိတာနော်။ တစ်ခြံလုံး ထွန်းတာဆိုတော့"

"ဘယ်ကလာ ဟုတ်မှာလဲကွာ။ သူခိုး လမ်းပျောက်မှာစိုးလို့ ဘယ်အပင်ဘယ်နားရှိလဲ သိအောင် ထွန်းတာနေမှာကွ"

"ဟားဟားဟား… ဒါလည်း ဟုတ်သေးပါဘူးကွာ။ ဒီလောက် မတုံးပါဘူးကွာ။ ဒါ အကြောင်းတစ်ခုတော့ ရှိမှာပဲ။ နောက် ကြုံမှ ဦးကြီး သာဟန်ကို မေးကြည့်ရမယ်"

ထူးဆန်းသည်မှာ ဦးသာဟန်ခြံသည် သူခိုး,ခိုးလို့ဟု တစ်ခါမျှ မကြားရပေ။ သူခိုးကပဲ မခိုးတာလား၊ ခိုးသော်လည်း သူခိုးကပဲ-များလွန်းလို့ မသိတာလား။ ဦးသာဟန်ကလည်း သစ်ပင်ငယ်များကို အမြဲ ထပ်မံစိုက်ပျိုးသေး၏။ ထိုသစ်ပင်ငယ်များ စိုက်ပျိုး တူးဆွရာမှ ငွေဒင်္ဂါးတစ်ပြား၊ နှစ်ပြားရနှင့် ကဆုန်လပြည့်နေ့အထိ ငွေဒင်္ဂါးအပြား ၆၀ပင် ရရှိပြီးဖြစ်လေတော့၏။

ထိုငွေဒင်္ဂါးပြားများကား ဖယောင်း
တိုင်ဖိုးပေးခြင်းဖြစ်မည်ဟု ဦးသာဟန်
တွက်ဆမိလေသည်။ ထို့ကြောင့် မည်
သူ့ကိုမျှ အသိမပေးတော့ပေ။

◆◆◆

တပေါင်းလပြည့်သို့ ရောက်လာ
ပြီဖြစ်သော နှစ်ပတ်လည်တစ်နေ့ မီးများ
ထွန်းညှိလှူဒါန်းပြီး လပြည့်ကျော်
တစ်ရက်နေ့တွင် ဦးသာဟန်၏ သား
ကြီး ရောက်လာသည်။

"အဖေ…သား ကိစ္စရှိလို့ လာ
တာ"

"အေး၊ မင်းကိစ္စပြောလေ သား
ရဲ့"

"သား…နားက ဆက်နေတဲ့
ကိုင်း ၅ဧကကို ဝယ်ချင်တယ် အဖေ
အဖေ့လည်း အသိပေးရင်း၊ တိုင်ပင်ရင်း
သား ငွေနည်းနည်းလိုနေတယ်။ သိ
နောက်ကျရင် လုဝယ်မယ့် လူတွေ
ရှိတယ်။ လောလောဆယ် တစ်ပတ်
စောင့်မယ်။ ဘယ်သူ့မှ မပြောသေးဘူး
တဲ့။ အဲဒီရက်ကျော်ရင် တာဝန်မယူတော့
တဲ့။ တည့်တဲ့သူ၊ ဝယ်နိုင်တဲ့သူကို
ရှောင်းမှာတဲ့ အဖေ။ အဲဒါ ခွကျနေ
လို့"

ဦးသာဟန် အနည်းငယ် ငေး
သွားတော့သည်။ ဤသားကား မိသား
များအား လုပ်ကျွေးနေသော၊ လိမ္မာ
သော သားဖြစ်သောကြောင့် ကူညီ
သော်လည်း မိမိလက်ထဲတွင် ငွေဒင်္ဂါး
(၆၀)မှလွဲ၍ စရိတ် ၂၅၀ခန့်သာရှိ
သည်။ ပေးရမည့်ငွေကား သုံးဆ
ရှိပေမည်။ မလောက်ငှ။ တွေးရင်း
ညဉ့်နက်လာသောကြောင့် သားအ
နှစ်ယောက် ဘုရားဝတ်ပြုပြီး အိပ်လိုက်
ကြတော့သည်။

◆◆◆

မည်မျှကြာသွားသည် မသိ
အား လက်ကုတ်၍ ပနံးအား တပုတ်



www.burmeseclassic.com

www.burmeseclassic.com

အကြောင့် ဦးသာဟန် ထထိုင်လိုက်ရာ လွယ်အိတ်ကြီးနှင့် တောင်ဝှေးကြီးကို ကိုင်ထားသော၊ တစ်ခါက အိပ်မက်ပေးသော အဘိုးကြီးပင်ဖြစ်သည်။ ဦးသာဟန်အား "လာ၊ ငါ့နောက် လိုက်ခဲ့"ဟု ခေါ်သကဲ့သို့ လက်ဟန်ပြ၍ အိမ်ပြင်ထွက်သွားလေသည်။

ဦးသာဟန်သည်လည်း ပေါ့ပေါ့ပါးပါးပင် လိုက်သွားမိလေ၏။ ထူးဆန်းလှချည့်ဟု ထင်မိ၏။ ခြေထောက်များ သုံးစရာမလိုဘဲ ထိုအဘိုးကြီးနောက်မှ ၅ပေခန့်အကွာမှ လိုက်ပါသွားရလေသည်။ မိမိခြံအလယ် ပိန္နဲပင်ကြီးအောက်အရောက်တွင်ကား တောင်ဝှေးနှင့် အဘိုးအိုသည် ရပ်လိုက်ပြီး သစ်ပင်ခြေရင်း ကွက်လပ်တစ်နေရာသို့ တောင်ဝှေးဖြင့် မြေကြီးကို ခြစ်၍ ဝိုင်းပြ၏။

"မောင်သာဟန်··· မနက်ကျမင်းသားကို တူးခိုင်းပြီး ပေးလိုက်"

ဟု ပြောပြီး အဘိုးကြီးသည် ရုတ်ခနဲ ပျောက်သွားတော့၏။ ဦးသာဟန်လည်း လန့်နိုးသွား၏။ ဩော်··· အိပ်မက်လာပေးတာပဲကိုးဟု တွေးမိ၏။ ဟုတ်ရော ဟုတ်ပါ့မလား မသိ။ ဘယ်နားက ပိန္နဲပင်ဆိုသည်ကတော့ ရှင်းရှင်းကြီး သိ၏။ နံနက်ကျမှ သားအား တူးကြည့်ခိုင်းမည်ဟု စဉ်းစားရင်း ဒွိဟဖြစ်နေသောစိတ်အား တည်ငြိမ်အောင် ဘုရားမီး ပူဇော်လျက် ပုတီးစိပ်နေလိုက်တော့၏။

အချိန်ကား မကြာမီ ၅နာရီထိုးတော့ပေမည်။ နံနက် မလင်းတလင်း အချိန်တွင် ဦးသာဟန် ရေနွေးအိုးတည်ပြီး ထမင်းကြမ်းနှင့် ငါးခြောက်ဖုတ်ဆီဆမ်းလျက် သားအဖနှစ်ဦး စားရင်းက···

"အဖေ··ဒီမနက် သားပြန်တော့မယ်။ နွားတွေနဲ့ အိမ်က လူတွေ ဖြစ်မှာမဟုတ်ဘူး"

"အေး၊ မင်း ထမင်းကြမ်းစားလို့ ပြီးပြီလား"

"ဟုတ်ကဲ့ အဖေ၊ သား ဝပြီ"

"ကဲ···ဒါဖြင့် ဟိုတောင့်က သံတူရွင်းယူပြီး ငါ့နောက်က လိုက်ခဲ့"

ဦးသာဟန်ကား မျက်စိထဲ မြင်နေသော ပိန္နဲပင်ဆီသို့။

ပိန္နဲပင်အောက် ရောက်သော် ဦးသာဟန် ရှိန်းခနဲ ခေါင်းကြီးသွားတော့သည်။ မြေကွက်လပ် အနည်းငယ်ရှိနေသော ပိန္နဲပင်ခြေရင်း၌ မြေကြီးတွင် ခြစ်ကြောင်းအရာအဝိုင်းကလေးကား အထင်းသား။ ဦးသာဟန် စိတ်ဒုန်းဒုန်းချ ဝမ်းသာသွားလျက် မတ်တတ်ကပင် အဘအား စိတ်ဖြင့် ရည်မှန်း၍ လက်အုပ်ချီလျက် ကန်တော့လိုက်၏။

"သား··· ဒီမှာ မြေကြီးဝိုင်းထားတာ တွေ့လား"

"ဟုတ်ကဲ့ အဖေ၊ တွေ့ပါတယ်"

"ကဲ··အဲဒီအဝိုင်းအတိုင်း ဖြည်းဖြည်းတူးစမ်း"

အချိန်ကား မိုးလင်းခါစပင် ရှိသေး၏။ ဦးသာဟန်၏ သားကြီး မောင်စိုးမောင်ကား ဖခင်ပြောသည့်အတိုင်း ဖြည်းဖြည်းချင်းတူးရာ တစ်ထွာကျော်ကျော်တူးမိလျှင် အဝတ်နက်ထုပ်တစ်ထုပ်တွေ့ရသဖြင့်···

"အဖေ··· အဝတ်ထုပ်တစ်ထုပ်တွေ့ပြီ"

"အေး၊ အဲဒါပေး။ မြေပြန်ဖို့ကွာ၊ ပြီးရင် ပြန်လာခဲ့"

ဦးသာဟန်မှ ထိုသို့ပြောပြီး အိမ်ငယ်ဆီသို့ ပြန်လာပြီးလျှင် ကွပ်ပျစ်ပေါ်သို့ အထုပ်အား ချလျက် ဖြေလေတော့၏။ ကြာကြာမဖြေလိုက်ရပါ။ ငွေစက္ကူအထပ်လိုက်။ လက်သုံးလုံးခန့် စောင်းကောက်တံဆိပ်ပါသော တစ်ရာတန်များဖြစ်လေသည်။ မောင်စိုးမောင် ပြန်လာသောအခါ···

"သား···ဘယ်လောက်လိုတာလဲ"

"ရှစ်ရာ အဖေ"

"လိုသလောက် ယူသွား"

"ဟုတ်ကဲ့ အဖေ"

ဖခင်ကြီးပေးလိုက်သော ငွေတစ်ရာတန် ရှစ်ရွက်နှင့် မိသားစုများအတွက် တစ်ရာတန် နှစ်ရွက်၊ ပေါင်းတစ်ထောင်ကျပ်အား အိတ်ထဲ သေချာထည့်လျက် ဖခင်အား ထိုင်ကန်တော့ပြီး ပြန်သွားသော သားအား ဦးသာဟန်သည် ခြံဝထိ လိုက်ပို့လိုက်လေသည်။

မောင်စိုးမောင်ကား ညဦးပိုင်းတွင် ဖခင်ကြီး စိတ်မချမ်းသာသောမျက်နှာဖြင့် ရှိသယောင် မြင်တွေ့ရသော်လည်း ယခုနံနက်တွင် ကြည်လင်သော မျက်နှာ၊ တည်ငြိမ်သော ဥပဓိရုပ်အား အကဲခတ်မိ၏။ "အဖေက ပိုက်ဆံတွေ မြေကြီးထဲ မြှုပ်ထားတာကိုး"ဟု ထင်မိသွားလေသည်။

အကယ်၍ ဒီနံနက်မှ သူတော်စင် အဘိုးအိုက အိပ်မက်ဖြင့် ဦးသာဟန်အား လာပေးသည်ဟု မောင်စိုးမောင် သိရလျှင်ကား···■

* * *

ဆန်းဝင်း(အောင်ခမြ)



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရွှေနိုင်ငံမှ ဒေါ်နန်းစောမြတ်မာ လှူဒါန်းထားသော နဂါးရုပ်ပွားတော်မြတ်ကြီးကို အောင်ပန်းမြို့နောက်ခံ ရှုခင်းနှင့်အတူ သပ္ပာယ်တင့်တယ် ကြည်ညိုဖွယ်ရာ ဖူးမြော်ရပါလေ၏။ ထူးခြားဆန်းကြယ်စွာ နဂါးခေါင်းကိုးလုံးပါရှိပေသည်။ ထို့နောက် မြစေတီ အာရုံခံ တန်ဆောင်းတွင် နှစ်ဖက်မိဘအမှူးထား၍ "ဦးအောင်မင်း + ဒေါ်မောကေသီ (မိတ်ကောင်းပွဲရုံ)မိသားစုကောင်းမှု"ဟူ၍ ပါရှိပါသည်။


"ဒါကတော့ ကမ္ဘာ့နာစရိယ ဆရာတော် သီတင်းသုံးတဲ့ ယာယီကျောင်းတော်ပါ ဆရာ။ ဒေါ်စောမြတ်မာက သီးသန့်ကျောင်းတစ်ဆောင်ထပ်ဆောက်ဖို့ စီစဉ်နေပါတယ်"

ထို့နောက်တစ်ဖန် မြစေတီတံခွန်တိုင်ကိုလည်း ထူးခြားဆန်းကြယ်စွာ အောက်ခြေ ပလ္လင်ခုံပေါ်တွင် နဂါးလေးကောင်ခြံရံလျက် အထက်မှ နတ်မင်းကြီးလေးပါး ဝိုင်းရံ စောင့်ရှောက်လျက်ရှိပြီး အထွဋ်တံခွန်တော်တွင် ရွှေဟင်္သာခံဆောင်ထားသော တံခွန်တိုင်စေတီတော် တည်ရှိပေသည်။ ဆက်လက်၍ ဒေါ်နန်းစောမြတ်မာ လှူဒါန်းထားသော မြစေတီနှင့် အာရုံခံ တန်ဆောင်းကို မှတ်တမ်းတင်ဖြစ်ပါလေ၏။

"ကဲ..ဆရာ၊ ကျွန်တော်တို့ ကျောင်းပြန်ကြရအောင်၊ ထမင်းစားချိန်နီးနေပြီ"

အပြန်တွင် အရှေ့ဘက် ဆိုင်ကယ်လမ်းမှ ပြန်တက်







လာကြပေ၏။ များလိုက်တဲ့ လမ်းတွေ။ ဤလမ်းပေါ်၌ ဆရာ
တော်ကြီးမှ ထူးခြားဆန်းကြယ်သော စိတ်ကူးဖြင့် ကျောင်း
သို့ ဘုရားဖူးလာကြသူများနှင့် ဥပုသ်သီလဆောက်တည်ရ
လာကြသော အသက်ကြီးရွယ်အိုများ အပန်းဖြေ နားနေရ
အတွက် အေးမြသော အပင်ရိပ်အောက်တွင် စားပွဲနှင့်
ကုလားထိုင်များ စီမံ ထားရှိပုံမှာ တောရဓမ္မရိပ်သာကျောင်း
နှင့် လိုက်လျောညီထွေရှိပါပေ၏တကား။

*** ကျောင်းရေိယာ**

ဆရာတော် စံကျောင်းတော်၏ နံဘေးတွင် အသစ်
ဆောက်လုပ်ပြီးကာစ ရွှေမန်းရတနာကျောင်းတော်ကြီးကို
လှပခန့်ညားစွာဖြင့် တွေ့မြင်ရပါလေ၏။ ကျောင်းအတွင်း
ဘုရားခန်းမှာလည်း ကနုတ်ပန်း အနုစိတ် လက်ရာများဖြင့်
တင့်တယ်သပ္ပာယ်လှပေစွ။ ဘုရားဝင်း၏ အရှေ့တောင်ဘက်
တွင် သာသနာ့ပုညသဟာယ ဓမ္မာရုံတော်ကြီးကိုလည်း
ကြီးမားခန့်ညားစွာ တွေ့မြင်ရပါလေ၏။ ဓမ္မာရုံခြေရင်းဘက်
၌လည်း သောက်သုံးရေကန်တော်ကြီးကို စနစ်တကျ ရှေး
လက်ရာအတိုင်း အမိုးအကာများဖြင့် စီမံ ဖန်တီးထားရှိသေး
၏။

*ရေပိုက်သွယ်တန်းခြင်းနှင့် ရေလှောင်ကန်*
*မော်ကွန်းကမ္ပည်းစာ*

အောင်ပန်းမြို့ ၀ လွယ်မယ်ကျောင်းတိုက်မှ သံဃာ

၀



www.burmeseclassic.com


www.burmeseclassic.com

ဘော်များ ရေအတွက် မပင်မပန်း ချမ်းသာလှူယ်ကူစွာ
နိုင်ရန် ရည်ရွယ်၍ ဓမ္မစေတီတော် ဘဒ္ဒန္တကောသလ
*MA, Buddhism*)ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ ဒဂုံ
သစ် တောင်ပိုင်း၊ ရန်ကုန်မြို့က ကျောက်ပုံတောင် ရေထွက်
လွယ်မယ်ကျောင်းတိုက်အထိ ရေပိုက်သွယ်တန်းခြင်းနှင့်
လောင်ကန်အတွက် အလှူငွေ နှစ်ဆယ့်ငါးသိန်းကျော်
ဒါန်းပါသည်။ ဆရာတော် ဘဒ္ဒန္တသောပါက(နိုင်ငံတော်
ဝန်ဆောင်) မှဥ္စလိန္ဒာ စာသင်တိုက် စံပြသိမ်ကုန်း၊
ည်းသင်းက အုတ်ငါးထောင်ကို လှူဒါန်းပါသည်။

လွယ်မယ်ဆရာတော် ဘဒ္ဒန္တဣဿရိယ၊ ဦးသုမိတ္တ၊
နှင့် သံဃာတော်များက အလှူငွေ ခုနစ်သိန်းကို လှူ
ပါသည်။ လွယ်မယ်ကျေးရွာ၊ တံတားဦးကျေးရွာ၊ ပြည်
ရပ်ကွက်တို့မှ ဒါယကာ၊ ဒါယိကာမများက ရေပိုက်
နှင့် ရေကန်တူးဖော်ခြင်း လုပ်အားဒါနအလှူကို စေတနာ
တရားထက်သန်စွာဖြင့် ဆောင်ရွက်လုပ်ကိုင်ပေးကြ
ကြောင်း မော်ကွန်းတင် ကမ္ပည်းရေးထိုး မှတ်တမ်းတင်အပ်
သည်။

ဆရာတော် ဘဒ္ဒန္တ ဣဿရိယ
လွယ်မယ်ကျောင်းတိုက်၊ အောင်ပန်းမြို့။
၂၄-၁၂-၂၀၀၉

ဘုရားဝင်း၏ အနောက်ဘက်တွင် သာသနဟိတကာရီ
ကျောင်း တည်ရှိပါသည်။ နှစ်ထပ်အဆောက်အအုံဖြစ်ပြီးလျှင်
ကျောင်းတိုက်ရှိ သံဃာတော်များ သီတင်းသုံးရာ ကျောင်း
ဆောင်ဖြစ်ပါသည်။ ဥပုသ်သီတင်းနေ့များ၌ ဒကာ ပရိသတ်
အပေါင်းအား တရားဓမ္မချီးမြှင့်တော်မူရာ အဆောင်လည်း
ဖြစ်ပေသည်။ ဘုရားခန်း၌ ဉာဏ်တော်အရွယ်အစားအမျိုးမျိုး
ရှိသော ဗုဒ္ဓရုပ်ပွားတော်များ သီတင်းသုံး စံပယ်ကြပါလေ
ကုန်၏။ ကျောင်းခေါင်းရင်းနံရံ၌ ၃၀-၅-၂၀၀၈ ရက်နေ့က



ပျံလွန်တော်မူသွားသော မူလဆရာတော် ဘဒ္ဒန္တသာသန
သက်တော် ၆၅နှစ်၊ ဝါတော် ၄၅ဝါ၏ ပုံတော်ကို ဖူးမြော်ရ
ပါလေ၏။ နောက်ဆုံး ဘုရားဝင်း၏ တောင်ဘက်တွင် ရှိသော
ဆွမ်းစားဆောင်တွင် စာရေးသူတို့ နံနက်စာ သုံးဆောင်ကြပါ
လေ၏။

ထို့နောက် စာရေးသူမှာ ဆရာတော်ကြီးနှင့် ထပ်မံ
တွေ့ဆုံ၍ လိုအပ်သည့် မိန့်ကြားချက်များကို ဆက်လက်
မှတ်တမ်းတင်ရပါလေ၏။


"ကျုပ်က ၁၃၆၀ က တိုက်အုပ်ဆရာတော်အဖြစ်
ရောက်ပြီးတော့ ၁၃၇၀မှာ ကျောင်းထိုင်ဖြစ်ပါတယ်။ ဆရာ
တော် ဦးသာသနလက်ထက်က နေပြီးတော့ လက်ရှိ ဘုရား
ပုံစံတော်နဲ့ လက်ရှိ သာသနာ့အဆောက်အအုံတွေ ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

လာတာပါ။ မူလက တောရ **မေ့ရိပ်သာအဆင့်ဖြစ်ပြီး**တော့ ကျူပ်လက်ထက်မှာ ၁၃၆၈ ခုနှစ်က **စတင်ပြီး လွယ်မယ်** ပရိယတ္တိစာသင်တိုက်ရယ်လို့ ဖြစ်ပေါ်လာခဲ့ပါတယ်။ **ဒီမှာ** သာသနာ့အဆောက်အအုံ ၉လုံးရှိပါတယ်။ ရဟန်း **၁၂ပါး၊** သာမဏေ ၃၆ပါး၊ အားလုံး သံဃာ ၄၈ပါး ဖြစ်ပါတယ်။ စာချဘုန်းကြီးက ၇ပါးရှိပြီးတော့ စာသင် သံဃာကတော့ ၃၈ပါးပါ။ နွေရာသီ အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်တာ သုံးနှစ်ရှိပါပြီ။ ကျောင်းသားဦးရေ ၅၀၀ ကျော်ပါ



တယ်။ သင်တန်းမှူးနဲ့ သင်တန်းနည်းပြကိုလည်း စာချဘုန်းကြီး ၇ပါးက တာဝန်ယူပါတယ်။ ဘုရားတန်ဆောင်း၊ ကျောင်းတန်ဆိုတာ ဗဟိဒ္ဓသာသနာဖြစ်ပါတယ်။ ဘုန်းကြီးကတော့ အဇ္ဈတ္တသာသနာကို အဓိက ပြန့်ပွားစေချင်ပါတယ်။ ဆိုလိုတာက ရင်ထဲမှာ ရတနာသုံးပါးတည်တာပေါ့။ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ထိန်းနိုင်ဖို့ရာ တစ်တိုင်းပြည်လုံးမှာ ရှိတဲ့ ဘုန်းတော်ကြီးကျောင်းတိုက်မှာ ဒီလို အဇ္ဈတ္တသာသနာကို ပြန့်ပွားအောင် ဆောင်ရွက်စေချင်ပါတယ်။ ဒေါ်စောမြတ်မာမှ ဆရာတော်ရဲ့ ခွင့်ပြုချက်နဲ့ မေ့ရိပ်သာဖွင့်လှစ်ဖို့ စီစဉ်ကြိုးပမ်းတာကလည်း အဇ္ဈတ္တသာသနာပါပဲ။ ဒါပြီးရင် ဒကာကြီး အောက်ဘက်မှာ ရှိတဲ့ ကိုးမြို့ရှင်နတ်နန်းကိုလည်း ဆက်လက်လေ့လာပါ။ ဒီနန်းကလည်း လွယ်

မယ်တောင်သာသနာ ဧရိယာအတွင်းမှာ ပါဝင်ပါတယ်။

ထို့နောက် စာရေးသူဟာ ဗုဒ္ဓဘာသာယဉ်ကျေ… သင်တန်းကို ဆက်လက်လေ့လာပါတယ်။

* **ဘုန်းတော်ကြီးကျောင်းဝယ် လိုက်နာဖွယ်**

(၁) ကျောင်းပေါ်ရောက်လျှင် ဘုရားရှင် ဦးတင်ရှိ…

(၂) ထို့နောက် မှန်စွာ ထေရ်သံဃာ ကြည်သာ… ကြ။

(၃) ကျောင်းက ပြန်လျှင် ထိုနည်းပင် ဦးတင်ရှိ…

(၄) ကျောင်းပေါ်နေရာ အမြင့်မှာ တက်ကာ မ…

(၅) ဒူးထောက် ပေါင်ကား ခြေကားယား လ… မထိုင်ရ။

(၆) ပေါင်တို အောက်ကွဲ လည်ဟိုက်လည်း … ထဲ မဝင်ရ။

(၇) အပြောယဉ်ယဉ် အနေယဉ် လူမြင်တင့်တ…

* **စာသင်သားဆောင်ပုဒ်**

(၁) ငါကား သည်စာ၊ သည်ဂါထာကို ဆရာအ… တတ်လှစေချင်၊ ငါ့ကို သင်ဟု တွင်တွင်… ကြိုးစားကျက်။

(၂) အတတ်ပညာ တတ်မှသာလျှင် … နေကျိုးနပ်မည်ပ။



www.burmeseclassic.com

www.burmeseclassic.com


(၃) မနေရလို့ ကျောင်းမှ ခွာသော်၊ နောင်ခါ နောင်တ ရှိမည်။
(၄) ခုံးမစကားဆိုသည်များကို မှတ်သားဝမ်းထဲ စိတ် မစွဲလျှင် သဲဒဏ်၊ ရေဒဏ်၊ ပေးရမည်မှန်သည်၊ ခံမည်ကြံလော မင်းတို့ကျော။

■ **ညည်းကမ်းအနှစ်ချုပ်**

(၁) ကောင်းအောင်နေ၊
(၂) ကောင်းအောင် ကြိုးစား၊
(၃) စကားနားထောင်။

ခဲ တောအုပ်ရှုခင်းလေးဖြင့် အင်မတန်မှ လွမ်းမောသာယာ ဖွယ်ကောင်းသော အနေအထားဟန်ပန်ကလေးတစ်ကွက်အား လျှပ်တစ်ပြက် ဓာတ်ပုံမှတ်တမ်းတင်လိုက်မိပါသည်။

ထို့နောက် ကိုးမြို့ရှင်နှင့် ပုလဲယဉ်ဟောနန်းသို့ ရောက်ရှိချိန်တွင် ကျားညီနောင်မုခ်ဦးနှင့် လုပခန့်ညားလွန်းသော နန်းဆောင်ကြီးကို မှတ်တမ်းတင်ဖြစ်ပါလေ၏။ ထိုစဉ် လွယ်မယ်ဆရာတော်၏ ကြိုတင် ဖုန်းဆက်အကြောင်းကြားထားမှုကြောင့် နန်းထိန်း ကိုညွန့်ဝင်းမှ ဝမ်းသာလှိုက်လှဲစွာ ဆီးကြို နှုတ်ဆက်ပြီးသကာလ . . .



ဇာသင်သားဖြစ်သူ ကိုရင် ရေဝတမှ စာရေးသူအား ထိအပ်ချက်တစ်ချက်ကို ဖြည့်ဆည်း ညွှန်ပြပေးပါသည်။

"ဒကာကြီး · ဒီဗုဒ္ဓမြတ်စွယ်တော် ပုံစံတော်ကို ဘုရားပွဲတော်တုန်းက ဒီကျောင်းက မဲပြန်ပေါက်ထားတာ တ်တမ်းတင်သွားပါဦး"

■ **လွယ်မယ်တောင်တန်း ကိုးမြို့နန်း**

စာရေးသူသည် အနောက်ဘက် ကားလမ်းမှနေ၍ အာက်သို့ ပြန်ဆင်းလာသောအခါ ကိုးမြို့ရှင်နန်းသို့ မရောက် မီ နန်းဦးရတနာ အောင်စည်တော်ကို ဘုံသုံးဆင့်ထက် တွင် တွေ့မြင်ရပြီးလျှင် အဝင်ဝ၌ ခရီးသည်များ နားနေ ဆောင်ကို လုပတင့်တယ်စွာ ဆောက်လုပ်ထားပုံမှာ နောက်

"ကြွပါ ဆရာကြီး၊ ဘယ်လိုပုံစံနဲ့ စတင်လေ့လာချင်တယ်ဆိုတာကို အမိန့်ရှိပါ။ ကျွန်တော် စီမံပေးပါ့မယ်"

"ဟုတ်ကဲ့၊ ကျွန်တော်ကတော့ ဝါတော်အလိုက် ကြီးစဉ်ငယ်လိုက် မှတ်တမ်းတင်ချင်ပါတယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင် ကျွန်တော် သဘောပေါက်ပါပြီ။ ဆရာ ဒီဘက်ကို အရင်ကြွပါ"

ပထမဦးဆုံး စတင်ဖူးမြော်ဖြစ်သည်မှာ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ အလိုတော်ပြည့် စံကျောင်းတော် ဖြစ်ပါ၏။ ဒုတိယ ဖူးတွေ့ဖြစ်သည်မှာ ထွက်ရပ်ပေါက် ဝိဇ္ဇာဓာတ်ခန်းဖြစ်၍ ၁၃၆၃ ခု၊ တပို့တွဲလဆုတ် ၃ရက်၊ အင်္ဂါနေ့တွင် ဦးထင်ကွမ်း + ဒေါ်ကျင်ရီ (ခေတ်ဆန်းချယ်ရီ)



www.burmeseclassic.com


www.burmeseclassic.com

မိသားစုမှ လှူဒါန်းထားခြင်းဖြစ်ပါသည်။ ထွက်ရပ်ပေါက် ဝိဇ္ဇာဓာတ်ခန်းတွင်းမှ ပုဂ္ဂိုလ်တစ်ပါးချင်းစီကို အသေးစိတ် ဖူးမြော်ဖြစ်ပါလေ၏။

(၁) ရက်ကန်းစင်တောင် ဆရာတော်အလှူရှင် ဦးပိုက်+ဒေါ်ငွေးငွေး၊ အမှတ်(၁)ရပ်ကွက်။

(၂) ဘုန်းဘုရားကြီး ဘိုးပေါက်စိန်အလှူရှင် ဦးကိုကိုကြီး + ဒေါ်မိမိစိုး။

(၃) ရာထော်ဆရာတော်ကြီးအလှူရှင် ဦးမင်းဒင် + ဒေါ်ငယ်၊ မင်္ဂလာရပ်။



(၄) ဘိုးဘိုးအောင် အလှူရှင် ကိုငယ် + မချိုချိုမာ၊ ကျော်ချမ်းသာပွဲရုံ။

(၅) ဘိုးမင်းခေါင်အလှူရှင် ကိုငယ် + မချိုချိုမာ၊ ကျော်ချမ်းသာပွဲရုံ။

(၆) သူရဿတီမယ်တော်အလှူရှင် ဦးပိုက်+ဒေါ်ကျင်ရီ (ခေတ်ဆန်းချယ်ရီ)မိသားစု။

(၇) စကြာမင်းအလှူရှင် ဦးထင်ကွမ် + ဒေါ်စံမိုလှိုင်၊ ရန်ကုန်။

(၈) ဘိုးတော်ပြူးအလှူရှင် ဦးကျော်မြင့် + ဒေါ်စံမိုလှိုင်၊ ရန်ကုန်။

(၉) ဘိုးတော်အေးအလှူရှင် ဦးရဲမြင့်+ဒေါ်ကြည်ကြည်ညွန့်၊ ပြည်သာယာဈေးသစ်။

(၁၀) ဘိုးတော်ပွင့်အလှူရှင် ဦးစံလှိုင် + ဒေါ်မြတ်မြ[illegible] ထွေးနှင့် ဒေါ်ခင်အုန်းမြင့်၊ တောင်ကြီး။

(၁၁) ဘိုးတော်ဟန်အလှူရှင် မပါရှိပါ။

ထို့နောက် ကိုးမြို့ရှင်နှင့် ပုလဲယဉ်နန်းကို ရန်ကုန်[illegible] ကျုံးကြီးလမ်း၊ အမှတ် (၉၉)နေ ဦးသိန်းဝင်း + ဒေါ်[illegible] သားသမီးမြေးတစ်စုမှ လှူဒါန်းပါသည်။ ဆက်လက်[illegible] လေ့လာဖြစ်သည်မှာ တောင်ပိုင်း ဘိုးဘိုးကြီးနန်းဖြစ်ပါလေ၏။ အတွင်း ၃၇မင်းနတ်နန်းအလှူရှင်မှာ ဦးသိန်းဝင်း [illegible] ဒေါ်နီ၊ အမှတ် (၉၉)၊ ကျုံးကြီးလမ်း၊ ရန်ကုန်မြို့ဖြစ်ပေ[illegible] ရက္ခစိုး နန်းဆောင်ကို ဦးဝင်းကြည် + ဒေါ်အေးအေး[illegible] မိသားစုသစ်ဆိုင်၊ အောင်ပန်းရှာငံစုမှ လှူဒါန်းပါသည်။ တ[illegible] မြစိမ်းရောင် သိုက်နန်းကို အောင်လံမြို့မှ ဒေါ်လှကြ[illegible] ဒေါ်မြရင်တို့အား ရည်စူး၍ ဒေါ်အေးအေးခိုင်၊ အောင်[illegible] မင်္ဂလာရပ်မှ ၁၃၆၅ခု၊ တော်သလင်းလဆန်း ၈ရက်နေ့[illegible] လှူဒါန်းပါသည်။ အလယ်မှ ပုံတော်သည် သိုက်ချုပ်မယ်တော်[illegible] စန္ဒာဒေဝီဖြစ်ပေသည်။


ထို့နောက် နန်းထိန်းကိုညွန့်ဝင်းနှင့် အင်တာဗျူး[illegible] ပါလေ၏။

"ကျွန်တော်ကတော့ သာစည်မြို့နယ်၊ ချောင်းရိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ညည်းခွကျေးရွာမှ ဦးကျော်ဒင် + ဒေါ်ရွှေမြတို့မှ မွေးဖွား ပါတယ်။ အသက် ၄၃နှစ်ပါ။ လွန်ခဲ့တဲ့ နှစ် ၂၀ က စပြီး ဆောက်အအုံတွေကို ကျွန်တော် ဆောက်လုပ် လှူဒါန်း ပါ။ နန်းထိမ်းခန့်အပ်ပေးခဲ့တာကတော့ ကျွန်တော့် ကွာမ နဂို နန်းဟောင်းနန်းထိမ်းဖြစ်တဲ့ ဒေါ်အေးညိုက တွယ်လွန်မီ ၁၃၅၃ခုနှစ်မှာ လွှဲအပ်ခဲ့တာပါ။ နဂိုနန်းကို တော့ ညောင်ရွှေ စော်ဘွားကိုယ်တိုင် အမေ ဒေါ်ညိုကို အပ်ခဲ့တာပါ။ လာလှူတဲ့သူတွေကို ဆုတောင်းပေးရာက အောင်မြင်လာတဲ့အတွက် ကျွန်တော် နန်းထိမ်းဖြစ်လာ တယ်။

နှစ်စဉ် ဝါဆိုလဆန်းမှာ နတ်ကနားပွဲရှိပါတယ်။ ကိုးမြို့ နိုင်ဆိုင်တဲ့ ဧရိယာအားလုံးအတွက် ရည်ရွယ်ပြီး ဘေးဆိုး ရာယ် ဒီနယ်မြေတွေကို မကျရောက်စေရန် နတ်ကနား တာပါ။ ရှင်ပြုပွဲရှိရင်လည်း နတ်လာပြုကြပါတယ်။ ကား လာရင်လည်း ကားလာအပ်ကြတယ်။ လုပ်ငန်းတွေကို ည်း ယုံကြည်စွာ အပ်နှံကြပါတယ်။ ဆယ်တန်းဖြေမယ့် ကျောင်းသားတွေလည်း လာအပ်ကြပါတယ်။

ဒီအဆောက်အအုံတွေဟာ အပြင်မှာ အလှူခံထားတာ မဟုတ်ဘဲ အဓိဋ္ဌာန်အောင်မြင်တဲ့သူတွေက လာလှူကြ င်နဲ့ ဒီလို ကြီးကျယ်ခမ်းနားလာတာပါ။ ဒီပွဲပေါင်း ၁၀၀ ကျော်ကလည်း လုပ်ငန်းသမားတွေ လာလှူကြတာပါ။ အများ အားဖြင့် ငှက်ပျော ကိုးဖီးပွဲတွေနဲ့ ကိုးနဝင်းဆင်ထားတာပါ။ တ်ဝတ်နတ်စားတွေကလည်း စာမေးပွဲအောင်တဲ့ ကျောင်း သားတွေ လာလှူထားတာပါ။

ကိုးမြို့ရှင်နဲ့ အမေပုလဲယဉ်က မောင်နှမဖြစ်တဲ့အတွက် ဆောင်လှူရင် နှမကိုပါ လှူပေးရပါတယ်။ ဖန်ချောင်းလှူ တာဟာ အလင်းဓာတ်၊ အကြည်ဓာတ်ဖွင့်တာပါ။ ဒီမှာ အပွဲအစည်းမထားဘဲ ကျွန်တော်တို့မိသားစုပဲ တာဝန်ယူပါ တယ်။ ကျွန်တော့်မှာ သားနှစ်ယောက်ရှိပါတယ်။ ကျွန်တော် မလုပ်နိုင်တဲ့အချိန် ကျွန်တော့်သားတွေကို လွှဲခဲ့မှာပါ။

စည်တော်စင်က ကျွန်တော် အဓိဋ္ဌာန်နဲ့ ဆောက်တာ ပါ။ သုံးထပ်အပေါ်ဆုံးမှာ ထားပါတယ်။ ကိုးမြို့ရှင်နဲ့ အမေ ပုလဲယဉ်တို့ရဲ့ နန်းဦးရာနာ အောင်စည်တော်ပေါ့။ အိပ်မက် နဲ့ အမိန့်ချလို့ပါ။ ရှေးခေတ် ဘုရင်တွေဟာ အောင်ပွဲခံပြီး ပြန်လာရင် စည်တော်ယွန်းတဲ့ အဓိပ္ပာယ်ပေါ့။ အောင်ပန်းမြို့ ဆိုတာ ဒီနေရာမှာ အောင်မြေရှိခဲ့ပါတယ်။ အောင်ပန်းမြို့ လွယ်မယ်တောင်မှာ အောင်မြေလာနင်းကြပါ။ ဒီမှာ နန်းအား လုံး ၇နန်းရှိပါတယ်။ ညောင်ရိပ်သာအဆောက်အအုံရှိပါတယ်။ နတ်ကနားပွဲတစ်ပွဲအတွက်ပဲ နှစ်စဉ် အလှူခံပါတယ်။ အခြား ကိစ္စများ လုံးဝ အလှူမခံပါ။ နန်းတက်ပွဲကို တိုးတက်အောင်၊ မဆုတ်ယုတ်အောင် လဆန်းပိုင်းမှာပဲ လုပ်ပါတယ်။ ဆုတ် ယုတ်အောင် လဆုတ်မှာ မလုပ်ကောင်းပါဘူး"

စကားပြောနေရင်းကပဲ လာရောက် လှူဒါန်းသူများ တဖွဲဖွဲရောက်ရှိလာတဲ့အတွက် ကိုညွှန့်ဝင်းမှ လှူဖွယ်ပစ္စည်း ဝတ္ထုများကို အလှူရှင်များကိုယ်စား ကပ်လှူပေးရင်းနဲ့ ဆု တောင်းမေတ္တာပို့သပေးရပါတယ်။

သို့ဖြစ်ပါ၍ အခွေတော် စာရှုသူများအနေဖြင့် မိမိတို့ ၏ လုပ်ငန်းကိစ္စအဝဝကို လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် ဖြစ်ထွန်းလိုကြသည်ဆိုပါက ကောင်းသော နိမိတ်ကို ဖော် ဆောင်လျက်ရှိပေထသော လွယ်မယ်တောင် တန်ခိုးကြီး ဆုတောင်းပြည့်ဘုရားများနှင့်အတူ ကိုးမြို့ရှင်နတ်နန်းသို့ ကြွ ရောက်၍ အဓိဋ္ဌာန်တင် လှူဒါန်းကာ တောင်းဆုပြည့်နိုင်ပါ ပေကြောင်းဖြင့် မှတ်တမ်းတင် ဖော်ပြပြီးလျှင် ဘုရားဖူး ဖိတ်ခေါ်လိုက်ရပါကြောင်း• • •▫

* * *

ဗေဒသုတေသီဆရာမျိုး

ကိုးကား

- မြန်မာနိုင်ငံတောင်တန်းဒေသ၏ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် သော သမိုင်းဝင် မြို့လေးတစ်မြို့၊ ဓမ္မဗျူဟာစာစောင်၊ ရွှေတည်စံ(ပေါင်းတည်)။



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်နေ့ ဘယ်အရောင် ဆောင်သင့်၊ ရှောင်သင့်

## မောင်တာပကြွယ် ( ပြည်

တစ်နေ့ . . . နံနက်ပိုင်းအချိန်တွင် မောင်စိုးမြင့် ကျွန်တော့်အိမ်သို့ ရောက်လာ၏။ ကြည်ပြာနုရောင် အင်္ကျီ လက်တိုနှင့် မီးခိုးရောင်ရင့်ရင့်အောက်ခံတွင် အဖြူမျဉ်း၊ အနက်မျဉ်း စတုရန်းကွက် ခပ်နုပ်နုပ်ကွက်သည့် ပုဆိုးကို ဝတ်ထားသည်။ သူက အသားဖြူသူမို့ လိုက်ဖက်မှု ရှိသည်ဟု ယဥ်သည်ဟု ပြောရင် ရသည်။

သူ့လက်တွင်း၌ အစိမ်းရင့်ရောင် သားရေဖုံး မှတ်စု တစ်အုပ်လည်း ကိုင်ထားသေးသည်။ တစ်နေရာရာသို့ သွား အပြီး ကျွန်တော့်ထံ လှည့်ဝင်လာပုံရသည်။ သူ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

တော့ ရွှင်ရွှင်ပျပျမဟုတ်။ စိတ်ပျက်အားလျော့နေ ဖြစ်သည်။

"ထာ၊ ထိုင်··· မောင်စိုးမြင့်။ စောစောစီးစီး ဘယ် မြန်လာတာလဲကွ"

"ကျွန်တော့်သူငယ်ချင်းဆီက ပြန်လာတာပါ ဆရာ။ ယ့် မတွေ့ခဲ့ပါဘူး"

ဟု ဖြေသည်။

"မင်းက ကြိုပြီး ချိန်းမထားဖြစ်ဘူးနဲ့ တူတယ်"

"ဟုတ်ပါတယ် ဆရာ။ သူက ဈေးထဲမှာ အမြဲရှိတတ် ကြိုပြီး မချိန်းထားမိဘူး။ ဈေးရောက်တော့ သူ့ဆိုင် ထားတယ်။ ဒါနဲ့ အိမ်လိုက်သွားတော့လည်း ခရီးသွား ယ်လို့ သိရတယ်။ မတွေ့လို့ ကားစီးပြန်လာတော့ လမ်းမှာ ပျက်ပြန်ရော။ နောက်ကားစောင့်တော့ ကားကျဲပြီး မလာပြန်ဘူး။ တောက်လျှောက် အဆင် တာနဲ့ ဆရာ့အိမ် လှည့်ဝင်လာတာပါ"

ဟု ဆိုသည်။

သည်တော့လည်း မောင်စိုးမြင့်ကို ကျွန်တော်ပြောစရာ ရသွားသည်။

"စိတ်မပျက်ပါနဲ့ မောင်စိုးမြင့်ရယ်။ တစ်ခါတလေ ။ အဆင်မပြေမှုတွေ၊ လွဲချော်မှုတွေဆိုတာ ကြုံတတ် တယ်။ ဒါကလည်း သတိမမူ ဂရုမပြုမိသလို အမှုမဲ့ မဲ့ လုပ်မှားကိုင်မှားတွေကြောင့်ပါ"

ကျွန်တော့်အပြောကို မောင်စိုးမြင့် ချက်ချင်းနားလည် ရ။ ကျွန်တော့်ကို ကြောင်ငေးငေးနေသည်။

"ဒီနေ့က တနင်္ဂနွေနေ့မဟုတ်လား မောင်စိုးမြင့်"

"ဟုတ်ပါတယ် ဆရာ။ ဒီနေ့က တနင်္ဂနွေနေ့ပါ"

"အေး၊ အဲဒီလိုဆိုရင် တနင်္ဂနွေနေ့ကို အင်္ဂဝိဇ္ဇာနည်း ရ နေ့တိုင်းထုကြည့်ပါဦး"

သူက ခေတ္တမျှ ငုံ၍ စိတ်တွက်,တွက်ကာ တနင်္ဂနွေ နေ့တိုင်ကို ပြောပြသည်။

"တနင်္ဂနွေ အလယ်အခြာ၊ ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါတို့က အောက်တန်း၊ ကြာသပတေး၊ သောကြာ၊ တနင်္လာတို့က အပေါ်တန်းမှာ ရှိပါတယ်"

"အဲဒီလိုဆိုရင် အပေါ်တန်း အထက်ပိုင်းကို ဣဋ္ဌ၊ အောက်တန်း အောက်ပိုင်းကို အနိဋ္ဌယူရတယ် ဆိုတာကို ရော မောင်စိုးမြင့် သိထားပြီးသားပါ"

"ဟုတ်ကဲ့၊ သိထားပါတယ် ဆရာ"

"ဒီလိုဆိုရင် မောင်စိုးမြင့် ဒီကနေ့ ဝတ်စားဆင်ယင် လာခဲ့တဲ့ အဝတ်အစားတွေက ပုဆိုးရော အင်္ကျီပါ အနိဋ္ဌ ပိုင်းမှာချည်းပဲ အကျုံးဝင်မနေဘူးလား။ လက်ထဲ ကိုင်လာ တဲ့ စာအုပ်ကလည်း အနိဋ္ဌပိုင်းမှာ အကျုံးဝင်တဲ့ အရောင် လေ"

ကျွန်တော်ပြောလိုက်မှ သူ့အဝတ်အစား သူပြန်ငုံ့ကြည့် သည်။

"မောင်စိုးမြင့် အမှုမဲ့ အမှတ်မဲ့နဲ့ ဝတ်လာခဲ့တဲ့ အင်္ကျီ က ကြည့်ပြာဆိုတော့ စနေရောင်။ ပုဆိုးက အောက်ခံ မီးခိုးရောင်များတဲ့အတွက် အင်္ဂါရောင်။ ကိုင်လာတဲ့ စာအုပ် က အစိမ်း၊ ဗုဒ္ဓဟူးရောင်ဖြစ်နေတယ်။ အားလုံး အရောင် တွေက အနိဋ္ဌပိုင်းမှာချည်းပဲ ဖြစ်နေတော့ ဒီကနေ့ မောင်စိုး မြင့် အလုပ်အကြံအစည် တလွဲတချော် အထစ်အငေါ့ အဆင် မပြေတာတွေ တွေ့ကြုံရတော့တာပေါ့။ အနိဋ္ဌအခိုက်တွေ ဖြစ်တာလို့ ဆိုချင်တာပါ"

"လိုရင်းအချုပ်ကတော့ အဝတ်အစား ဝတ်ဆင်မယ် ဆိုရင် ဘယ်နေ့သားသမီးပဲဖြစ်ဖြစ် ဝတ်ဆင်မယ့်နေ့ကို တိုင် ထုကြည့်ပြီး အနိဋ္ဌပိုင်းမှာ အကျုံးဝင်တဲ့ အရောင်တွေကို မဝတ်နဲ့။ ဣဋ္ဌပိုင်းမှာ ကျတဲ့ အရောင်တွေကို ဝတ်ဖို့ လိုပါ တယ်။ ဒါဟာလည်း သာမာန်နေ့တွေထက် အလုပ်အကြံ အစည် အပြိုင်အဆိုင်ကိစ္စရပ်တွေ ရှိတဲ့အခါ ပိုသတိထား သင့်တယ်"

"ဒီနေရာမှာပဲ ဣဋ္ဌပိုင်းနဲ့ ပတ်သက်ပြီး ပြောစရာလေး တွေ ရှိသေးတယ်။ နေ့တစ်နေ့အရ ဣဋ္ဌပိုင်းမှာ စိုးမိုးနေ့အရ အရောင်တွေ ရောပြီး တွဲဝတ်လို့ ရတာ၊ မရတာလည်း သတိထားသင့်သေးတယ်။ ဣဋ္ဌတော့ ဣဋ္ဌပဲ။ အရောင်ကို စိုးမိုးတဲ့ နေ့ချင်း အတွင်းရန်၊ အပြင်ရန် ဓာတ်ရန်ကျတဲ့နေ့ စိုးမိုးရောင်တွေကိုလည်း တွဲဖက် မဝတ်ဆင်သင့်ဘူး။ ဒီကနေ့ တနင်္ဂနွေနေ့ကို ဥပမာထားပြီး ပြောပြပေးပါ့မယ်"

"တနင်္ဂနွေနေ့ကို နေ့တိုင်ထုလိုက်တော့ ၁-တနင်္ဂနွေ က အလယ်အခြာ၊ ၄၊ ၀၊ ၃ က အောက်တန်း၊ ၆၊ ၂၊ ၅ က အပေါ်တန်းဖြစ်ပါတယ်။ အောက်တန်းကို အနိဋ္ဌအပိုင်း၊ အထက်တန်းကို ဣဋ္ဌအပိုင်းလို့ သတ်မှတ်ထားရှိပါတယ်။ အနိဋ္ဌဆိုတာ မကောင်းဘူး။ ဣဋ္ဌဆိုတာ ကောင်းတယ်။ အဲဒါကြောင့် အနိဋ္ဌပိုင်းမှာ ရှိနေတဲ့ နေ့ဂြိုဟ်တွေ စိုးမိုးခံရ တဲ့ အရောင်တွေကလည်း မကောင်းဘူး။ ဣဋ္ဌပိုင်းမှာ ရှိနေ တဲ့ နေ့ဂြိုဟ်တွေ စိုးမိုးခံရတဲ့ အရောင်တွေက ကောင်းတယ် လို့ မြင်ရပါ့မယ်။ သိသာမြင်သာအောင် တနင်္ဂနွေနေ့တိုင် လေးခု ဥပမာနဲ့ ပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၅ | ကြာသပတေး | ကျွငွ |
| ၂ | တနင်္လာ | |
| ၆ | သောကြာ | |
| ၁ | တနင်္ဂနွေ | |
| ၄ | ဗုဒ္ဓဟူး | အနိဋ္ဌ |
| ၀ | စနေ | |
| ၃ | အင်္ဂါ | |

တနင်္ဂနွေ (နံသင့်ဂဏန်းဖြင့် တိုင်)　　　တနင်္ဂနွေ (နေ့သင့်ဂြိုဟ်ဖြင့် တိုင်)

"ဒီဥပမာပြတိုက်ကို နားရှင်းရင် ဘယ်နေ့သားသမီး မဆို တနင်္ဂနွေနေ့မှာ အောက်ပိုင်း အနိဋ္ဌပိုင်းက ဂြိုဟ်တွေ နှိုက်ပြီး အထက်ပိုင်း ကျွငွပိုင်းက ဂြိုဟ်တွေ ကောင်းကျိုးပြု ပါလိမ့်မယ်။ ဒါဆိုရင် ဘယ်နေ့ ဘယ်ဂြိုဟ်တွေက ဘယ် အရောင်တွေကို စိုးမိုးတယ်ဆိုတာ သိဖို့ လိုပါတယ်။ နေ့အရ နေ့ဂြိုဟ်စိုးမိုးတဲ့ အရောင်တွေက…

(၁) တနင်္ဂနွေ - အနီ၊ ရွှေရောင်
(၂) တနင်္လာ - အဖြူ၊ ငွေရောင်
(၃) အင်္ဂါ - အစိမ်း၊ မီးခိုးရောင်
(၄) ဗုဒ္ဓဟူး - အဝါ၊ အစိမ်း၊ လိမ္မော်
(၅) ကြာသပတေး - ဖြူမှိုင်း၊ အဝါ၊ အကြောင်
(၆) သောကြာ - အပြောက်၊ ရောနှောယှက် ပြေး ငွေရောင်၊
(၇) စနေ - အနက်၊ အပြာနု
(၈) ရာဟု - မည်းမှောင်၊ ရွှံ့မှုပ်ရောင်

တို့ဖြစ်ပါတယ်။

တနင်္ဂနွေနေ့ ဥပမာတိုင်နဲ့ပဲ ထပ်ရှင်းပြပါဦးမယ်။ ဒီနေ့ ဒီတိုင်မှာ၊ ကျွငွပိုင်းမှာ ရှိနေတာက ၅၊ ၂၊ ၆၊ တစ်နည်း ကြာသပတေး၊ တနင်္လာ၊ သောကြာတို့ဖြစ်လို့ သူ့ဂြိုဟ်စိုးမိုး တဲ့ အရောင်တွေ ဝတ်ဆင်ဖို့ပါပဲ။ ဒီနေရာမှာ တစ်ခု သတိ ပြုစေချင်တာက တနင်္လာနဲ့ ကြာသပတေး၊ ကြာသပတေးနှင့် သောကြာ စိုးမိုးတဲ့ အရောင်တွေက တွဲဝတ်လို့ သင့်ပေမယ့် တနင်္လာစိုးမိုးတဲ့ အရောင်နဲ့ သောကြာစိုးမိုးတဲ့ အရောင်ကို တော့ တွဲဖက်မဝတ်သင့်ဘူး။ ကြိုက်နှစ်ကိုတဲ့ တစ်နေ့ စိုးမိုး အရောင်ကိုပဲ ရွေးဝတ်သင့်ပါတယ်။ ဒါကတော့ တနင်္လာနဲ့ သောကြာ အတွင်းရန်ဖြစ်လို့ သူတို့ စိုးမိုးတဲ့ အရောင်တွေ ချင်းလည်း ရန်ဓာတ်ကျလို့ ဖြစ်ပါတယ်။

တနင်္ဂနွေနေ့မှာ အနိဋ္ဌဖြစ်နေကြတဲ့ ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ စိုးမိုးတဲ့ အရောင်တွေကိုတော့ ရှောင်ဖြစ်အောင် ရှောင်လိုက်ပါ။ တိုင်ထူပြီး ရွေးချယ်ဖို့ ခက်ခဲရင်တော့ အော… မှာ ပါတဲ့ ဇယားလေးကို ကြည့်ပြီး ဝတ်ဆင်ပါလို့ ပြော… ပါတယ်။

နေ့များအလိုက် အရောင်ကျွငွ၊ အနိဋ္ဌ ရန်ဖြစ်တည်မှုဇယား…

| (က) | (ခ) | | | (ဂ) | (ဃ) | | | (င) |
|---|---|---|---|---|---|---|---|---|
| ဝတ်ဆင်မည့်နေ့ | ကျွငွရောင် | | | အခြား | အနိဋ္ဌရောင် | | | ရန်အတွဲ(ရှော… |
| တနင်္ဂနွေ | ၅ | ၂ | ၆ | ၁ | ၄ | ၀ | ၃ | (၂+၆) |
| တနင်္လာ | ၆ | ၃ | ၀ | ၂ | ၅ | ၁ | ၄ | (၆+၀) |
| အင်္ဂါ | ၀ | ၄ | ၁ | ၃ | ၆ | ၂ | ၅ | (၁+၄) |
| ဗုဒ္ဓဟူး | ၁ | ၅ | ၂ | ၄ | ၀ | ၃ | ၆ | (ရန်တွဲမရှိ… |
| ကြာသပတေး | ၂ | ၆ | ၃ | ၅ | ၁ | ၄ | ၀ | (၂+၃)(၂+… |
| သောကြာ | ၃ | ၀ | ၄ | ၆ | ၂ | ၅ | ၁ | (၀+၈) |
| စနေ | ၄ | ၁ | ၅ | ၀ | ၃ | ၆ | ၂ | (၁+၄) |

ဇယားကြည့် လွယ်အောင်လို့ အပေါ်ဩွန်းအကွ… ၅လုံးနဲ့ ပြထားပါတယ်။ ဝတ်ဆင်မယ့်နေ့ကို (က)အကွ… မှာ ကြည့်ပြီး၊ အဲဒီနေ့နဲ့ တစ်တန်းတည်းကျတဲ့ (ခ)အကွ… မှာ ကျွငွအကောင်းတွေ တွေ့ပါလိမ့်မယ်။ (ဂ)က… အကောင်းအဆိုး နှစ်ခုတွဲနေလို့ ပယ်တာ ကောင်းပါတ… (ဃ)ကတော့ တစ်ရောင်ချင်းဆီမှာ ကျွငွဖြစ်ပေမယ့် တွဲ… ဝတ်ဆင်တဲ့အခါ ရန်သဘော သက်ဝင်နေလို့ ဆင်ခြ… အောင် ပြထားတာပါ။

ဗေဒင်ပညာနဲ့ စိမ်းသေးတဲ့ သာမန်လူအဖို့တော့ … ဝတ်ဆင်မည့်နေ့ကို အပိုင်း(က)မှာ ကြည့်သူနဲ့ တစ်တ… တည်းကျတဲ့ အပိုင်း(ခ)မှာ ပါတဲ့ အရောင်တစ်မျိုးမျိုး… ဝတ်၊ တကယ်လို့ တွဲဖက်ဝတ်ချင်ရင် သူနဲ့ တစ်တန်းတ… ကျတဲ့ အပိုင်း(င)မှာ ထပ်ကြည့်။ ရန်အတွဲအဖြစ် မပြ… ရင် တွဲဖက်ဝတ်။ အကယ်၍ ရန်အတွဲအဖြစ် ပြခဲ့ရင် တ… စီပဲ ဝတ်ဆင်ပါလို့ ပြောချင်ပါတယ်။

အကယ်၍ ဦးထုပ်၊ ထီး၊ စာအုပ်၊ ပိုက်ဆံအိ… လွယ်အိတ်လိုဟာမျိုး ဆောင်တတ် ကိုင်တတ်သူများ… လည်း ကျွငွဖြစ်တဲ့ အရောင်များ ရွေးချယ် ဆောင်… ကိုင်ကြမယ်ဆိုရင် ပိုလို့ သင့်လျော်ပါတယ်ဟု အကြံပြု… ပါတယ်"။

(စေတနာမှန်လျှင် ကံကောင်း…

* * *

ဓမောင်ဓာကြွယ်(…



www.burmeseclassic.com


www.burmeseclassic.com




ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

**ဆရာဒေဝ** A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊

E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com


# နာကာဆိုနေကို မှန်အောင် ဟောလိုက်ပြီ

ဆရာဒေဝသည် (၁၉၈၆)ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နာကာဆိုနေ၏ ဘဝနှင့်လက္ခဏာဆောင်းပါးဖြင့် ဝန်ကြီးချုပ်မှာ တိုင်းပြည်တာဝန်ကို ထပ်မံ၍ထမ်းဆောင်ရလိမ့်မည်ဟု ကြိုတင်၍ အတိအလင်းဟောကြားခဲ့သည်။


ဂျပန်ဝန်ကြီးချုပ်နာကာဆိုနေမှာ နှစ်ကြိမ်တိတိ ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး၍ ဥပဒေအရ သုံးကြိမ် လုပ်ရဖို့မရှိပါ။ သို့သော် တစ်နှစ်သက်တမ်းတိုးမြှင့်ရွေးချယ်ခံရ၍ ဝန်ကြီးချုပ်အဖြစ် ထမ်းမံထမ်းဆောင်ခဲ့ရပါသည်။

ဤသို့ မဖြစ်နိုင်သောကြီးကျယ်သည့်ကိစ္စများကို သက်ရှိထင်ရှားသောပုဂ္ဂိုလ်များကို ဆောင်းပါးဖြင့်ကြိုတင်ပြီး တိုင်းသိပြည်သိ ဟောကြားရေးသားနိုင်ခဲ့သောကြောင့် ဆရာဒေဝကို ခေတ်သစ်ဆရာကိုင်ရှိဟူ၍ အမည်ပေးကုန်ကြပြီ။

ဤကြော်ငြာကို (၂၄-၁၀-၂၀၀၀)နေ့တွင် ထုတ်ဝေသော သိဒ္ဓိအချပ်ပို ကြော်ငြာတွင် ကော်လံပြည့်မူရင်းဆောင်းပါးတစ်ခုလုံးကို ကြော်ငြာထည့်ပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ဂါဒိုးနွှန်းကို

## သေမင်းထံမှ စာတစ်စောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■

အချိန်က ၂၀၁၃ ခုနှစ်။

မြန်မာနိုင်ငံတွင် အင်တာနက် အီးမေး ဟန်းဖုန်းများ အလွန်ခေတ်စား လာချိန်ဖြစ်သည်ကြောင့် တော်တန်ရုံ ကိစ္စဆိုလျှင် ဖုန်းဆက်ကာ ပြောဆို တတ်ကြသလို အင်တာနက်မှတစ်ဆင့် ဆက်သွယ်နေကြ၍ စာပို့ခြင်းအလုပ် ကို ကရိကထများသည့် အလုပ်မတွင် ကျယ်ဟု သတ်မှတ်ကာ တကူးတက မလုပ်ဆောင်ကြတော့သဖြင့် ကျွန်တော် တို့လို စာပို့ လုလင်တွေ အလုပ်ပါးရှား နေရချိန်ဖြစ်၏။ ဟုတ်လည်း ဟုတ် သည်။ စာတစ်စောင်ပို့ရန် ပထမဆုံး စာရွက်တစ်ရွက်ပေါ်၌ အကြောင်းအရာ ကို စီကာပတ်ကုံး ရေးသားရသည်။ စာ တစ်စောင် ပေတစ်ဖွဲ့ရေးသားပြီးရုံနှင့် အလုပ်မပြီးသေး၊ စာအိတ်ဝယ်ရသေး၊ တံဆိပ်ခေါင်းဝယ်ရသေးသည်။ စာအိတ် နှင့် တံဆိပ်ခေါင်းရတော့မှ ရေးထားတဲ့ စာကို စာအိတ်ထဲ ထည့်၊ တံဆိပ်ခေါင်း ကပ်ပြီး စာတိုက်ပုံးရောက်အောင် ပို့ရ သေး၏။ ဤမျှလောက် ကရိကထများ မြောင်လှတာကြောင့် ယခုလို ဖုန်းတွေ၊ အင်တာနက်တွေ ပေါ်ကြွယ်ဝလာသည့် ခေတ်၌ စာပို့ခြင်းအလုပ်ကို အချိန်ကုန် လူပန်းတဲ့အလုပ်ဟု သတ်မှတ်လိုက်ကြ သည်မှာ မဆန်း။

စာပို့လုပ်ငန်းတွင် ပေးပို့သောသူ ၏ အချိန်ကုန် လူပန်းမှုက စာပို့လုလင် နှင့် နှိုင်းစာလျှင် အသေးအဖွဲမျှသာ။ စာတိုက်မှူးက ညနေ စာတိုက်ပုံးဖွင့် ကာ စာတွေကို အိတ်တစ်လုံးနှင့် သိမ်း ယူလာပြီး နယ်သို့ ပို့ရမည့်စာများကို သက်ဆိုင်ရာဒေသများမှ နယ်သို့ ပို့ဆောင် ရန်၊ မြို့တွင်းသို့ ပို့ဆောင်ရမည့်စာများ ကိုလည်း အချိန်မီ ပို့ဆောင်နိုင်ရန် စာပို့ လုလင်များကို တာဝန်ခွဲဝေပေးသည်။ ဤတွင် စာပို့လုလင်၏ တာဝန်က စတင်ပြီ။ နံနက်မိုးမသောက်ခင်ပင် မြို့နယ်တွင်း ပို့ဆောင်ရမည့်စာများကို လိပ်စာအလိုက် ပို့ဆောင်ကြရတော့ သည်။

ကျွန်တော် စာပို့လုလင်အဖြစ် လုပ်ဆောင်နေသည်မှာ တစ်နှစ်ကျော်ရှိ ပြီဖြစ်သော်လည်း စာပို့လုလင်ပါး မဝ သေး။ ပါဆယ်ထုပ် သွားပို့သည့်အခါ လက်ဖက်ရည်ဖိုး တောင်းရမည်မှန်း မသိသေး။ စာပို့သက်တမ်း တစ်နှစ် ကျော်အတွင်း ရရှိသည့် လစာထက် ကျွန်တော်ပေးပို့လိုက်တဲ့ စာလေးတွေရဲ့ နောက်က အကြောင်းအရာတွေ၊ ခံစား မှုတွေ၊ ကြည်နူးပျော်ရွှင်မှုတွေကိုသာ ကျွန်တော် ပို၍တပ်မက်သည်။ ကျွန် တော် စာသွားပို့လိုက်ခြင်းကြောင့် အဝေးရောက်နေတဲ့ ချစ်သူ၏ ရင်ဖွင့် စကားသံတွေ ကြားရတော့ မျက်ရည်ဝဲ လောက်သည်အထိ ကြည်နူးရင်ခုန်သွား ရတဲ့ ကလေးမလေးတွေကို တွေ့ရတိုင်း ကျွန်တော်လည်း သူတို့နှင့် ထပ်တူ လိုက်ပျော်မိသည်။

ကျွန်တော် စာသွားပို့လိုက်ခြင်း ကြောင့် နယ်မှာ အလုပ်သွားလုပ်နေရ တဲ့ သားကြီး ဩရသ၏ လွမ်းဆွတ် တမ်းတ သတိရနေတဲ့ စာကို ဖတ်ပြီး မိခင်ကြီး မျက်ရည်စီးရသည်အထိ ပီတိ ဖြစ် သတိရသွားသည်ကို မြင်တိုင်း ကျွန်တော်လည်း ထိုသို့ဖြစ်ရသည်။ ကျွန်တော်ပို့လိုက်တဲ့ စာလေးတွေ ကြောင့် လူတွေ ပျော်ရွှင်ဝမ်းသာသွားရ တိုင်း ကျွန်တော်လည်း သည်အလုပ် အပေါ်မှာ ဝမ်းမြောက်ဂုဏ်ယူခဲ့ရသည်။ လူတွေကို ကူညီနေရတဲ့ အလုပ်ဟု ကျွန်တော် တွေးဆမိသည့်အတွက် ကျွန်တော့်အလုပ်အပေါ်မှာ ရိုးဖြော
တည်ကြည်စွာ နေခြင်းအားဖြ
ကျွန်တော့်အလုပ်ကို ပို၍ ဂုဏ်တ
အောင် ကြိုးကုတ်သည်။ ကျွန်တော်
သည်က တစ်ကိုယ်ရေ တစ်ကာ
သမားလေး စာပို့လုလင် မောင်သော

•••

"ဟင်"

စာအိတ်ကို ကြည့်လိုက်
မောင်သောင်း၏ နှုတ်က ထိုအာမေဋိ
သံ ထွက်သွားသည်။ လာပြန်ပြီ ဒီ
မျိုးဟု၍လည်း စိတ်ထဲက တွေးလိုက်
၏။ စာအိတ်မျက်နှာစာတွင် "မှ"
"သို့" နှစ်နေရာရှိရာ "သို့"နေရာတွင်
လိပ်စာပါပြီး "မှ"နေရာ၌ ဗလာဖြစ်
သည်။ လာပြန်ပြီ ဒီစာမျိုးဟု တွေး
ခြင်းမှာ မနေ့ကလည်း ဤပုံစံအတို
စာတစ်စောင်ကို သူဌေးရပ်ကွက်တွ
နေ သူဌေးကြီး ဦးလူခန့်ထံသို့ ပို့
ရ၍ဖြစ်၏။ စာအိတ်ပုံစံက ဆို
ဝယ်ယူထားသော ပုံစံမျိုးမဟုတ်
ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ထားသော
ပုံစံမျိုး။ ညိုညစ်ညစ်ရောင် စာရွ
ခပ်ထူထူတစ်ရွက်ဖြင့် စာအိတ်
ကိုယ်တိုင်ခေါက်ယူ ပြုလုပ်ထားပုံ
သည်။ စာအိတ်မျက်နှာစာတွင် ဖိုး
လုပသော လက်ရေးနှင့် ဦးသန်
အမှတ် (၁၇)၊ မြရိပ်ညိုရိပ်သာ၊
တိုက်ကြားဟု ရေးသားထားသ
မနေ့က သူဌေးရပ်ကွက်ကို ပေးပို့
စာပဲဟု မောင်သောင်း တွက်ဆလို
သည်။ မောင်သောင်း ရောက်ရှိနေသ
နေရာက ရွှေတိုက်ကြားရပ်ကွက်
အနည်းငယ် ဝေးသေးတာကြော
ဤအနီးအနားတစ်ဝိုက်မှ စာများ
အလျင်ပို့ပေးနေရသဖြင့် ရွှေတိုက်ကြ
သို့ နေ့လယ်တစ်ချက်ထိုးမှသာ
ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကလင်...ကလင်..."

ခြံတံခါးမှ ဘဲလ်ကို နှိပ်လိုက်စဉ် ...ကလင်...ကလင်...ဟူသော အသံ ...အတူ အိမ်တံခါးပွင့်လာ၏။ အိမ် ...တွင်းမှ မိန်းမငယ်တစ်ယောက် ခပ် သွက်သွက်ပြေးထွက်လာပြီး...

"ဘာကိစ္စရှိလို့လဲရှင်"

"ဒါ ဦးသန့်ဌေးရဲ့ အိမ် ဟုတ်ပါ သလားခင်ဗျာ"

"ဟုတ်ပါတယ်၊ ဒါ သူဌေးကြီး ဦးသန့်ဌေးရဲ့ အိမ်ဂေဟာပါ"

"ကျွန်တော်က စာပို့သမားပါ။ စာ ပို့တာပါ"

မောင်သောင်းက ထိုစကားကို ...ရင်း အိတ်ထဲက စာကို ထုတ်ယူ လိုက်သည်။

"စာ...၊ ဩော်...ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ရော့ပါခင်ဗျာ၊ ဒီမှာ လက်မှတ် ထိုးရပါမယ်"

စာကို ခြံတံခါး သံတိုင်များကြား ...ထိုးထည့်ပေးရင်း Register စာအုပ် ...ပါ လက်မှတ်ထိုးရန် ပေးလိုက်သည်။ မိန်းမငယ်လေးက "ခင်"ဟု လက်မှတ် ထိုးနေစဉ် ကားကြီး သုံးစီးခန့် အိမ်ရှေ့မှ ဖြတ်ကျော်သွား၏။ ဤကဲ့သို့ သူဌေး ရပ်ကွက်မျိုးတွင် ဘီအမ်ကားကြီး သုံး စီးခန့် ပြေးမောင်းသွားသည်ကို တွေ့ မြင်ရသဖြင့် မောင်သောင်း အံ့ဩစိတ် နှင့် လှည့်ကြည့်မိသည့်အခါ...

"ဦးလှခန့် အသက် ၅၁နှစ်"

"ဟင်...ဦးလှခန့် ဆုံးသွားပြီ လား"

ကားမှန်တွင် ကပ်ထားသည့် စာ ရွက်ကို တွေ့မြင်လိုက်၍ မောင်သောင်း တအံ့တဩ ရေရွတ်လိုက်မိသည်။

"ဟုတ်တယ်၊ ဦးလှခန့် မနေ့ည ကပဲ ဆုံးသွားတာ။ နှလုံးဖောက်တာလို့



ပြောတာပဲ။ သူတို့တွေကလည်း သူဌေး တွေဖြစ်ရဲ့သားနဲ့ရှင်၊ အလောင်းကို တစ်ရက်တောင် အိမ်မှာ မထားဘူး။ ကဲ - ရော့"

မိန်းမငယ်လေးက လက်မှတ်ထိုး ပြီးသွား၍ စာအုပ်ကို မောင်သောင်းအား ပြန်ပေးပြီး အိမ်ထဲသို့ ခပ်သွက်သွက် ပြန်ဝင်သွားသည်။ နွမ်းပါးသော အဝတ် အစားကို ဝတ်ဆင်ထားပေမယ့် ...စ သူမ၏ အလှမှာ ထင်းထင်းကြီး ပေါ် လွင်နေသဖြင့် မောင်သောင်း သူမကို ငေးကြည့်နေမိသေးသည်။ အနီးကပ် စကားပြောလိုက်ရတော့မှ သူမသည် ယဉ်ကျေးသိမ်မွေ့သော မိန်းကလေး တစ်ဦးဖြစ်ကြောင်းကိုပါ ရိပ်စားလိုက်မိ ၏။ ခဏလေးသာ တွေ့လိုက်ရပေမယ့် မောင်သောင်း၏ ရင်ထဲတွင် သူမနှင့် ပတ်သက်သော ခံစားချက်တချို့ ခို အောင်းသွားမိသည်။ ဖြစ်နိုင်လျှင် သူမ နှင့် ထပ်ဆုံတွေ့ချင်သည်။ နို့ပေမယ့် စာပို့ရန် တာဝန်ကလည်း ကျန်ရှိသေး သည်ဖြစ်၍ ထိုအိမ်ရှေ့မှ ထွက်ခွာလာ ခဲ့၏။

•••

ဦးလှခန့် ဆုံးပါးသွားပြီ။

ထိုကိစ္စသည် မောင်သောင်းနှင့် တော့ ဘာမျှမသက်ဆိုင်ပါ။ သို့သော် လည်း မိမိပေးပို့လိုက်သော စာနှင့်များ သက်ဆိုင်နေလေမလား ဟူသော အတွေးကြီးက ခေါင်းထဲတွင် တစ်ချိန် လုံး ဝင်နေသည်။ မောင်သောင်း စာပို့ လာသော သက်တမ်းတစ်လျှောက် ပေး ပို့သူ လိပ်စာမပါသော စာများစွာကို ပို့ ခဲ့ဖူးသော်လည်း ယမန်နေ့က ဦးလှခန့် ကို ပေးပို့ခဲ့သည့်စာမှာ တစ်မူထူးခြားနေ သလို စိတ်ထဲ၌ ခံစားမိသည်။ စာအိတ် ကို ကိုင်တွယ်လိုက်မိကတည်းက စိတ် ထဲတွင် တစ်စုံတစ်ခုသော ဘေး အန္တရာယ်ကို တွေ့ကြုံရတော့မည့် အလား အသည်းတယားယားဖြစ်မိသည် မှာ အမှန်။

"အာ...ငါ့စိတ်တွေ တောင်တွေး မြောက်တွေးဖြစ်နေတာပါလေ"

လူ့စိတ်ဆိုတာကလည်း အဆန်း သားမဟုတ်လား။ မရှိတာကိုလည်း အရှိထင်တတ်သည်။ မခံစားရတာကို လည်း ခံစားရသည်ဟု ထင်တတ်ကြ ၏။ ယခု ကျွန်တော်ကိုယ်တိုင်လည်း မနေ့က တကယ်ခံစားမိသည်လား၊ မခံ စားမိသည်လား မရေရာ။ သို့ပေမယ့် ဦးလှခန့် သေဆုံးရခြင်းအကြောင်းရင်း မှာ ထိုစာကြောင့်များလားဟု တွေး လျက် တစ်နေကုန် စိတ်အနှောင့် အယှက်ဖြစ်နေရ၏။

•••

နောက်တစ်နေ့ စာပို့ရာ၌ ရွှေ တိုက်ကြားရပ်ကွက်သို့ သွားရန် စာမပါ။ သို့သော်လည်း အကြောင်းမရှိပါဘဲ ကျွန်တော် ထိုရပ်ကွက်သို့ ရောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ကျွန်တော့်စိတ်ကို မနေ့က တွေ့ဆုံခဲ့သည့် အလှပန်းလေးက လွှမ်းမိုးနေသဖြင့် ကျွန်တော် ဦးသန့်ငွေး၏ အိမ်ရှေ့သို့ ယောင်လည်လည်နှင့် ရောက်ရှိခဲ့ရသည်။ ခင်ဟူသော မိန်းမငယ်လေးကို တွေ့မြင်ရလိုရငြား အိမ်ရှေ့တွင် ဟိုကြည့် သည်ကြည့်လုပ်နေမိ၏။ လူပျိုသိုးကြီး မောင်သောင်းခမျာလည်း သူလေးနှင့် တွေ့မှပဲ အသည်းတွေ ကြွေ၊ အပြုံးတွေ ဝေကာ တစ်ကိုယ်တည်း အမျိုးမျိုးစိတ်ကူးယဉ် ကြည့်ရင်း သူ့ကို တွေ့မြင်ရန် မျှော်လင့်နေမိသည်။ တွေ့ပါပြီ သူမက ခြံထောင့်တွင် သစ်ရွက်ကြွေတွေကို တံမြက်စည်းဖြင့် လှည်းကျင်းနေသည်။ မောင်သောင်းလည်း အချစ်အတွက် အရဲစွန့်ကာ ခြံနားသို့ ကပ်ပြီး လှမ်းခေါ်လိုက်မိသည်။ မောင်သောင်းလည်း အချစ်အတွက် အရဲစွန့်ကာ ခြံနားသို့ ကပ်ပြီး လှမ်းခေါ်လိုက်မိသည်။

"ညီမ…ဟိုညီမရေ…၊ ခြံထောင့်က ညီမ…"

သုံးခါလောက် ခေါ်လိုက်တော့မှ မိန်းမငယ်လေးက လှည့်ကြည့်၏။ လူပိုသိုးလေးပီပီ သူမနှင့် အကြည့်ချင်း မဆုံဝံ့၍ အိတ်ကို အကြောင်းမဲ့ ငုံ့ကြည့်ရင်း…

"ဟို… လိပ်စာမေးချင်လို့ပါ။ ဟင်…မျက်လုံးတွေကလည်း နီရဲလို့ပါလား။ ငိုထားတာလား"

အကြည့်ချင်း မဆုံဝံ့ပေမယ့် သူမကို ကြည့်ချင်စိတ်ဖြစ်လာ၍ မော့ကြည့်လိုက်မိရာ မို့အစ် နီမြန်းနေသော မျက်ဝန်းအစုံကို တွေ့မြင်လိုက်ရသဖြင့် စိတ်နှလုံး တုန်ခါသွားရသည်။ သူမ ဘာဖြစ်လိုပါလိမ့်။

"အင်း…ငိုထားတာ။ ဘဘ ညကပဲ ဆုံးသွားလို့။ ခု အိမ်သားတွေအားလုံး ဘဘကို အသုဘသွားပို့ကြတယ်"

"ဘယ်လို…၊ ဘဘဆိုတာ ဘယ်သူလဲ၊ သူဌေးကြီး ဦးသန့်ငွေးကို ပြောတာလား"

ကျွန်တော့်စကားက မေးခွန်းသံမပီ။ အကြောင်းအရာတစ်ခုကို မယုံကြည်နိုင်လွန်း၍ ရေရွတ် ညည်းတွားလိုက်သလိုမျိုး။

"ဟုတ်တယ်၊ မနေ့ နေ့လယ်ကတည်းက ဘဘကို ကြည့်ရတာ ထိတ်လန့်နေသလိုပဲ။ ဘာဖြစ်နေမှန်းလည်း မသိဘူး။ ခင့်ကို ဘဘတို့က ငယ်ငယ်လေးကတည်းက ခေါ်ထားတာဆိုတော့ ကိုယ့်ဘကြီးလို ဖြစ်နေလို့ ဘဘ ဘာဖြစ်လို့လဲလို့ မေးကြည့်မိတော့ "ဟယ်…နင်သွားစမ်းပါ" ဆိုပြီး ခင့်ကို မောင်းထုတ်တယ်။ မနက်အိပ်ရာ မထလို့ သွားကြည့်တော့မှ ဘဘဆုံးနေတာကို တွေ့ရတယ်။ သေတာမှ လျှာကြီးကို ထွက်လို့…ဟင့်ဟင့်…"

ကျွန်တော်ထင်ထားသည့်အတိုင်း ခင်ဆိုတဲ့ မိန်းကလေးက ကျေးတောသူလေးပီပီ စကားကို ဘွင်းဘွင်းကြီးပြောချငြီ ိ ကြွးနေသဖြင့် ကျွန်တော့်မှာ သူမကို ကြောင်တက်တက်ကြီး ငေးကြည့်နေမိ၏။

"ဟို…ဦးလေးမေးမယ့် လိပ်စာပေးလေ၊ ခင်သိရင် ပြောပြပါ့မယ်"

ခဏကြာမှ မိန်းမငယ်လေးက ကျွန်တော့်ကိစ္စကို သတိရသွားပုံရသည်။ ကောင်မလေးက တစ်ဆယ့်ငါး/ တစ်ဆယ့်ခြောက်နှစ်အရွယ်သာသာမို့ သူမကို လာရောက်ပိုးပန်းခြင်း ဖြစ်သည်ကိုလည်း ရိပ်မိပုံမရ။ ကျွန်တော်ကသာ နေပါစေတော့ဟု ပြော၍ သူမကို ကရုဏာသက်စွာ ကြည့်ပြီး လှည့်ထွက်လာခဲ့လိုက်တော့သည်။

အခြေအနေတွေကတော့ ကျွန်တော် ယူဆထားသည့်အတိုင်း ဖြစ် လာခဲ့ပြီ။ ဦးလူခန့်ရော၊ ဦးသန့်ငွေးရော မသေဆုံးမီက စာတစ်စောင်စီ ရရှိခဲ့ကြ သည်။ ထိုစာပါ အကြောင်းအရာကြောင့် သာ သူတို့နှစ်ဦး သေဆုံးခဲ့ကြခြင်းဖြ မည်။ ထိုသေဆုံးမှုသည် သမားရိုးကျ ဟုတ်ရဲ့လား။ တစ်စုံတစ်ဦးက တမင် သက်သက်လုပ်ကြံလေခြင်းလား။ သူတို့ နှစ်ဦးလုံး သူဌေးကြီးများဖြစ်၍ ချမ်းသာ လာခြင်း၏ နောက်ကွယ်တွင် မတရား များ ပါရှိခဲ့နိုင်သည်။ သို့ကြောင့်များ ကလဲ့စားချေတာလား။ အတွေးပေါင်း က ကျွန်တော့်ခေါင်းထဲတွင် ဝဲဂယက် လို တဝဲလည်လည်ဖြစ်နေသည်။ အဖြေ ရှာမရဘဲ ထိုအတွေးတွေကိုသာ ထ တလဲလဲတွေးတောရင်း မှုးဝေ နောက် ကျိလာသည်။

"မဖြစ်ဘူး၊ ငါ ဒီကိစ္စကို စုံစမ်း ဖြစ်မယ်"

ကျွန်တော် ဆုံးဖြတ်ချက်တစ် ကို ပိုင်နိုင်စွာ ချလိုက်တော့သည်။

◆◆◆

နောက်တစ်နေ့မှ စ၍ ကျွန်တော် နေမကောင်းဟု အကြောင်းပြပြီး တိုက်ရုံးတွင် ယာယီ စာရေးလုပ် မှတ်ပုံတင်ပြီး ပို့တဲ့ စာများကို မှတ် လက်ခံရင်း စာတိုက်ပုံးကို မျက်ခြေ မပြတ် စောင့်ကြည့်နေရသည်။ တစ် မဟုတ် တစ်နေ့တော့ အညိုရောင် စာအိတ်တစ်စောင် ရောက်ရှိလာနိုင် စာလာပို့သူကို မည်သူမည်ဝါဖြစ်ကြောင်း သိရှိရန် လိုအပ်သည်မဟုတ်လား။ အိတ်တွင်းပါ အကြောင်းအရာများ လက်သည်ကို ကျွန်တော် အမိအ ဖော်ထုတ်လိုသည်။ သို့ကြောင့်လည်း စာတိုက်ဖွင့်ပြီး စာသိမ်းရသောအလုပ် ပါ ကျွန်တော် တာဝန်ယူ လုပ်ဆော



www.burmeseclassic.com

www.burmeseclassic.com

တော်သေးသည်က စာတိုက်မှူး ကျွန်တော့်အစ်ကိုဖြစ်နေတာကြောင့် အရာရာ အဆင်ပြေနေရခြင်းဖြစ်

သုံးရက်မြောက်ခဲ့ပြီ။

စာတိုက်ပုံးကို မျက်ခြေမပြတ် ကြည့်ရခြင်း၊ စာများကို ညအခါ စစ်ဆေးရခြင်းတို့ကြောင့် ကျွန်တော့် အစားပျက်၊ အအိပ်ပျက်နှင့် လူမမာ လုံးလုံးဖြစ်နေပြီ။ နို့ပေမယ့် ကျွန် စုံစမ်းနေသည့်ကိစ္စမှာ အောင်မြင် နေသာသာ အရိပ်အယောင်ပင် မမြင်ရ။ စာ နောက်ထပ် လာပါတော့ အကယ်၍ စာသာ ထပ်မလာ လျှင် ဦးလူခန့်နှင့် ဦးသန့်ဌေးတို့ ဆုံးမှုမှာ သာမန်ရောဂါသက်သက် အဆုံးသတ်သွားပေလိမ့်မည်။ စုံတစ်ဦး၏ ပယောဂကြောင့်ဟူ သော အဖြစ်မှန်ကို မည်သူတစ်ဦး ယောက်မျှ သိရှိကြတော့မည် ၊ ရဲအရာရှိ စုံထောက် အစရှိသူ ကို တိုင်တောဖို့ကလည်း သက်သေ အထောက်အထားမရှိ။

“ဟာ…ငါကလည်း နံ့လိုက်တာ။ ခင့်ကို ဟိုတစ်နေ့ကတည်းက စာရှိ သေးလားလို့ မေးလိုက်ရမှာ။ သေ လိုက်ပါတော့ကွာ”

ရုတ်တရက် ထိုသို့ သတိရသွား ၍ ကိုယ့်နဖူးကိုယ်ချရင်း ခင့်ကို သွား ပြန်မေးရ ကောင်းမလားဟု စဉ်းစားမိ သည်။ သုံးရက်ကြာခဲ့ပြီဖြစ်၍ ရွှေတိုက် ကြားရပ်ကွက်တွင် အခြေအနေ တစ်စုံ တစ်ရာ ထူးခြားမှု ရှိ,မရှိလည်း သိချင် သို့ကြောင့် သူငယ်ချင်း ဖိုးအောင် ကို စာတိုက်ရုံးတွင် အစောင့်ခထားထား ခဲ့ကာ ရွှေတိုက်ကြားသို့ ထွက်လာခဲ့ သည်။ ဖိုးအောင်ကို အသေအချာမှာခဲ့ သည်က…

“စာတိုက်ပုံးကို သေချာကြည့် ထားနော်။ အညိုရောင် စာအိတ်ရှည် လေးကို ဘယ်သူထည့်သွားလဲဆိုတာ မသိလိုက် မရှိစေနဲ့။ အရေးကြီးလို့ပါ ကွာ။ အညိုရောင် စာအိတ်လေးကို စာတိုက်ပုံးထဲ လာထည့်တာနဲ့ အဲဒီလူ ကို အသေအချာသာ မှတ်ထားလိုက် တော့”

ကျွန်တော့်စကားကြောင့် ဖိုးအောင်တစ်ယောက် အူတက်မတတ် ရယ်ရင်း…

“မင်းဆီကို ရည်းစားစာ လာ,လာ ပို့နေလို့လား”

ဟုပင် ပြန်နောက်နေတာကြောင့် သေချာစောင့်ကြည့်ပေးရန် ဘီယာ တစ်လုံး မက်လုံးပေးကာ ချန်ရစ်ထားခဲ့ ရသည်။

♦♦♦

ရွှေတိုက်ကြားသို့ ရောက်တော့ ဦးသန့်ဌေးတို့အိမ်သို့ပင် တည့်တည့် မတ်မတ်သွားသည်။ ခြံရှေ့ရောက်တော့



ခင့်ကို တံမြက်စည်းလှည်းလျက်သား နှင့် တွေ့လေမလားဟု မျှော်လင့်မိပေ မယ့် အရိပ်အယောင်ပင် မမြင်ရ။ အချိန်အတော်ကြာ ဟိုကြည့် သည် ကြည့်လုပ်နေမိတော့ ခြံထဲမှ လူတစ်ဦး က မောင်သောင်းကို မသင်္ကာသလို ရှုးရှုးစိုက်စိုက် လှမ်းကြည့်နေသဖြင့် မဖြစ်ချေတော့ဟု သဘောပေါက်ကာ ဖြစ်ချင်ရာ ဖြစ်ဟူ၍ တွေးလျက် ခြံရှေ့ သို့ လျှောက်သွားလိုက်ပြီး…

“ဟို… ခင်နဲ့ တွေ့ချင်လို့ပါ ခင်ဗျာ”

“ဩော်…ငါတို့က ခင်သီတာရဲ့ အသိလား။ သိပါဘူးကွယ်၊ ဦးလေးက ဘယ်က လူစိမ်းလဲလို့။ ခင်သီတာ မရှိ တော့ဘူး။ ရွာပြန်သွားပြီကွဲ့။ သူ့ဌေး ကတော်က ပြန်ပို့လိုက်တာ”

“ဩော်…ဟုတ်လား။ ဘာဖြစ် လို့များပါလိမ့်ဗျာ”

“မသိပါဘူး ငါတို့ရယ်၊ မလိုတော့ လို့ နေမှာပေါ့”

“ခင်သီတာ”ဟူသော နာမည် လေးပင် အပြည့်အစုံမသိရသေးခင် အပြီးတိုင် ခွဲခွာလိုက်ရပြီဟူသော အသိ က မောင်သောင်း၏ နှလုံးသားကို လှုပ်ခါ နာကျင်သွားစေသည်။ ငိုင်တိုင် တိုင်ဖြစ်သွားတဲ့ မောင်သောင်းကို ထိုဦးလေးကြီးက ကြာရှည်စွာ မကြည့် အား၍ မိမိလုပ်စရာရှိသည်များကိုသာ သွားရောက် လုပ်ကိုင်နေတာကြောင့် မောင်သောင်းလည်း ထိုအိမ်ရှေ့က လှည့်ထွက်လာခဲ့သည်။

ဩော် . . . ပြဿနာတစ်ခုပင် ဖြေရှင်း၍ မရသေးခင် ဝေဒနာတစ်ရပ် က နှလုံးသားတွင် လာရောက် စွဲကပ် နေရပြီ။ ဘယ်အရာကိုမှ လုပ်ကိုင် ဆောင်ရွက်ရန် စိတ်လက် မကြည့်သာ တော့။ အချစ်ဆိုတဲ့ အရာကို



www.burmeseclassic.com

www.burmeseclassic.com

မောင်သောင်း တစ်ကြိမ်တစ်ခါမျှ မခံစားဖူးခဲ့သဖြင့် ယခုမှပင် ဆိုးရွားလှကြောင်း သိရတော့သည်။

"ဟိတ်ကောင် မောင်သောင်း၊ ဒီမှာ . . ."

စာတိုက်ရုံးထဲသို့ မှိုင်တိုင်တိုင်ဝင်လာတဲ့ မောင်သောင်းဆီကို ဖိုးအောင် ပြေးဝင်လာပြီး လက်ထဲက စာအိတ်ကို ကမ်းပေးလိုက်၏။ အညိုရောင် စာအိတ်လေး။

"ဒါ ဘယ်သူ လာထည့်သွားတာလဲ"

"မင်း မတွေ့လိုက်ဘူးလား။ စောစောကတင်ပဲ လူကြီးတစ်ယောက် လာထည့်သွားတာ။ ပုံစံက ဘယ်လိုကြီးလဲ မသိဘူးကွာ၊ ကြောက်စရာကြီး။ မင်းယောက္ခမလောင်းကြီးလား"

"အား . . . ဘာတွေ ပြောနေတာလဲ။ မင်းကြီးတော် ငါ့ယောက္ခမဖြစ်မလားကွ။ နေစမ်းပါ။ ပေး . . . ပေး"

မောင်သောင်း စာကို ဆွဲလုယူလိုက်၏။ စာအိတ်ကို ကိုင်လိုက်ရသည်နှင့် တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထကာ တစ်မျိုးကြီး ခံစားလိုက်ရသည်။ သို့ပေမယ့် ထိုကိစ္စ အောင်မြင်ရေး၊ မအောင်မြင်ရေး၊ အမှုမှန်ပေါ်ရေး စတဲ့ အကြောင်းအရာတွေကို မောင်သောင်း မတွေးချင်တော့။ မောင်သောင်းရဲ့ နှလုံးသားတွေ ကွဲအက်ကြေနေရပြီလေ။ စာအိတ်ကို ဘောင်းဘီအိတ်ထဲ ထိုးကြိတ်ထည့်လိုက်ရင်း ငိုင်နေမိပြန်သည်။ ဖိုးအောင်ကတော့ အခြေအနေကို ဘာမျှ မသိဘဲ ဘီယာတစ်လုံးတိုက်ရန်သာ မောင်သောင်းကို အပူကပ်နေ၏။

•••

မောင်သောင်း အရက်မသောက်တာ ကြာပြီ။ ငယ်စဉ်က ဆိုးဆိုးမိုက်မိုက်ဖြင့် အရက်ကို အလွန်အကျွံ သောက်ခဲ့ဖူးသော်လည်း ယခုလို အခြေတကျ အလုပ်လုပ်ကတည်းက အရက်ကို အဆက်ဖြတ်ခဲ့ပြီဖြစ်၏။ ယခုတော့ နှလုံးသား၏ ဒဏ်ရာကို ကုစားလိုသည့်အတွက် မောင်သောင်း အခန်းထဲတွင် တစ်ကိုယ်တည်း အရက်ထိုင်သောက်လျက်ရှိသည်။ အရက်တစ်ခွက်သောက်လိုက်၊ ခင်သီတာ၏ မျက်နှာလေးကို မြင်ယောင်ကြည့်လိုက်နှင့် အတော်ကြာလာတော့ မူးမှန်းမသိ မူးလာမိသည်။ ခေါင်းထဲတွင် ရီဝေဝေနှင့် . . .။

"အာ . . . အဟတ်ဟတ် . . . စာဖတ်ဖို့တောင် မေ့နေ . . . ပါ . . . လား၊ အေ့ . . ."

အာလေးလျှာလေးနှင့် စာအိတ်ကလေးကို ဖောက်ဖွင့်လိုက်တော့ အတွင်း၌ ညှိုညစ်ညစ် စာရွက်ခေါက်တစ်ရွက်။ မောင်သောင်း ရည်ရှည်ဝေးဝေး မစဉ်းစားဘဲ စာကို ကောက်ဖတ်လိုက်သည်။

"လူသားတို့သည် မကောင်းမှု၌



သာ မွေ့လျော်ကြကုန်၏။ သို့သော် ထိုမကောင်းမှု၏ အကျိုးပေး အကုသိုလ် ကံသည် ထိုသူ၏ နောက်သို့ လှည့် ပမာ ထက်ကြပ်မကွာ လိုက်လျက် ရှိသည်။ တစ်နေ့တွင် ထိုအကုသိုလ် ဝဋ်ကြွေးကို ခံကြရမည်သာ။ လူ သည် မိမိသေဆုံးမည့်အချိန်ကို ကြို မသိနိုင်ကြ။ ကြိုသိလျှင် ချောက်ချား တုန်လှုပ်ကာ အော်ဟစ် ငိုကြွေးကြမည် မှာ မုချတည်း။

သို့ကြောင့်လည်း သေမင်းသည် သူခေါ်မည့်လူကို ဘယ်သောအခါ ကြိုသတိမပေးခဲ့။ ကြိုတင်အကြော မကြားခဲ့ဘူးချေ။ သို့သော် အကုသို ကံကြီးသူအဖို့အတွက်တော့ ထိတ် တုန်လှုပ်ခြင်းတည်းဟူသော အပြစ် ကို ခံစားရန် လိုအပ်သည်မဟုတ်လေ

သင်သည် ယခင်က သူ့အသ များစွာကို သတ်ခဲ့ဖူးမည်၊ သူတစ်ပါး ဥစ္စာများစွာကို ခိုးခဲ့ဖူးမည်၊ အရက်သေ စာကို များစွာသောက်သုံးခဲ့ဖူးမည်၊ များ၏ သားသမီးပျိုကို များစွာ ဖျက် ခဲ့ဖူးမည်၊ မုသားများစွာကို ဆိုခဲ့ဖူးမည် ဆိုလျှင်တော့ ထိုအပြစ်ဒဏ်ကို သ ခံရတော့မည်သာ ဖြစ်၏။ သင်သ ဤနေ့၌ သေနေ့စေ့လေပြီ။ သင့်ထံ ကျွန်ုပ် မကြာမီ အချိန်ကာလအတွ ရောက်ရှိလာကာ သင့်ဝိညာဉ်ကို ခေါ် ယူနုတ်သွားရတော့မည်"

(မရဏမင်

"ဟားဟားဟား . . ."

စာဆုံးသည်နှင့် မောင်သော အတော်မသတ် ထ,ရယ်မိသည်။ ဘယ် နယ်၊ ဘယ်အရူးများ လက်သရမ်းထ သလဲ မသိ။ ယမမင်းကပဲ စာပို့ရသည် ရှိသေး။ မောင်သောင်း စာကို လုံး ကာ အဝေးသို့ လွှင့်ပစ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သော ဆင့်ကာဆင့်ကာ သောက်ရင်း
သီတာလေးကို လွမ်းဆွတ်နေမိ၏။
ယ်၍ ခင်သီတာလေးသာ သူ
ပါ မောင်သောင်း ချစ်ကြိုက်နေ
ကြောင်းသာ သိရှိသွားခဲ့လျှင် တစ်ခုခု
သာ တုံ့ပြန်လိမ့်မည်သာ။ အမှန်ဆို
မောင်သောင်း ဒုတိယအကြိမ် ဆုံတွေ့
ဟာ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောခဲ့သင့်
ည်။ သို့ပေမယ့် မောင်သောင်း အခွင့်
ရေးကို အမိအရ မဖမ်းဆုပ်ခဲ့။
မောင်သောင်း နောင်တကို အဖန်ဖန်
တွေးရင်း စိတ်အနှံ့ာကြီး နာမိသည်။
နာနာဖြင့် အရက်ကို ဆင့်ကာ
ဆင့်ကာသောက်ရင်း မောင်သောင်း
ဒိုက်စိုက်ကျသွားတော့သည်။

♦♦♦

"ဘယ်လိုဖြစ်ရတာလဲ သားရယ်။
မှာ ဒီသားလေးတစ်ယောက် မြို့
ပြီး အလုပ်လုပ်နေလို့ ဂုဏ်ယူရ
ရှိသေး၊ ခုတော့ အမလေး···
မေတို့ကို ထားခဲ့ပြီလား"

"ဒေါ်ဒေါ်ရယ်···တရားနဲ့ ဖြေမှ
သွားတဲ့လူလည်း သွားပြီပဲ"

"ဒေါ်ဒေါ် မဖြေနိုင်ပါဘူးကွယ်
အောင်ရယ်၊ သားလေး မောင်သောင်း
လူပျိုပေါက်ကတည်းက ဆိုးလိုက်
လိုက်တဲ့ ကလေး။ အခု လိမ္မာတာ
ကြာသေးဘူး။ အခုလိုဖြစ်သွားတယ်
တော့ ဒေါ်ဒေါ် ဘယ်စိတ်လုပ် ဖြေနိုင်
တော့မလဲ၊ ဒါနဲ့ကွယ်၊ ဘာဖြစ်လို့များ
ရက်တွေ ပြန်သောက်ရတာလဲ။
လေးက အရက်ဖြတ်လိုက်ပါပြီ"

"မပြောတတ်ပါဘူး ဒေါ်ဒေါ်ရယ်၊
မှာ ဘာတွေ စိတ်ဆင်းရဲနေလဲမှ
သိတာ"

"အမလေး··သားလေးရဲ့ သား
အဲဒီအရက် မတည့်တာ အသိသား
သားပဲ အပြီးဖြတ်လိုက်ပြီဆို၊ အမေ
တို့ကို လုပ်ကျွေးတော့မယ်ဆို၊ သား
လေး လိမ္မာနေကာမှ သေမင်းရယ် ဘာ
ဖြစ်လို့ ခေါ်ရတာလဲ၊ အီးဟီးဟီး···"

ဒေါ်အေးစိန် လူးလိမ့်ငိုသည်။
ဦးသောင်းထိန် တွေတွေကြီး ငေးနေ
သည်။ ဖိုးအောင်က မျက်နှာမကောင်း။

မိုးလင်းချိန် မောင်သောင်းရဲ့
အခန်းထဲက အသံမကြားသဖြင့် တံခါး
ခေါက်ကြည့်တော့ ဘာမျှ မတုံ့ပြန်။
ဖိုးအောင်လည်း စိတ်ပူ၍ တံခါးကို တွန်း
တိုက်ပြီး ဝင်ကြည့်လိုက်တော့ အခန်း
ထဲတွင် မျက်ဖြူဆိုက်လျက် အသက်
ကုန်နေသော မောင်သောင်းကို တွေ့
လိုက်ရသည်။

ငယ်စဉ်က အရက်အလွန်အကျွံ
သောက်၊ မိန်းမ လိုက်စားခဲ့သော
မောင်သောင်းတွင် အသည်းရောဂါ
အဆုပ်ရောဂါတို့ ရှိ၍ အရက်နှင့် လုံးဝ
မတည့်ချေ။ ယခုကဲ့သို့ အရက်ကို
အလွန်အကျွံသောက်ပြီး အကျီချွတ်
ကြီးနှင့် အိပ်နေလေတော့ အဆုပ်
အအေးပတ်ပြီး လေဖြတ်ကာ အသက်
ကုန်ပြီပေါ့။

မောင်သောင်းသည် သေခါနီး
အချိန်တွင် ဝေဒနာကြီးစွာ ခံစားခဲ့ရပုံ
ပေါ်သည်။ လက်သီးတွေကို တင်းစွာ
ဆုပ်ကာ အံကြိတ်ထားသဖြင့် လည်ပင်း
ကြောတွေ ထောင်နေသေး၏။ သို့
မဟုတ် လေဖြတ်သွား၍ အကြောတွေ
ထောင်ကျန်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။
ဖိုးအောင်က ဆရာဝန်မဟုတ်၍ လုံးစေ့
ပတ်စေ့ မသိ။ တွေးမိတွေးရာသာ တွေး
နေမိ၏။ မောင်သောင်းသည် ငယ်ရွယ်
စဉ်က ရွာ၏ လူမိုက်ခေါင်းပုံစံမျိုး ရှိခဲ့
သော်လည်း မကြာသေးမီ တစ်နှစ်ကျော်
ကမှ အသိဝင်ကာ လိမ္မာပြီး မြို့သို့
ဖိုးအောင်နှင့်အတူ အလုပ်လာလုပ်သူ
ဖြစ်သည်။ လူကောင်းသူကောင်းအဖြစ်
ဘဝတွင် ရပ်တည်နေစဉ် ယခုလို
ရုတ်တရက် သေဆုံးသွားရသည်ကို
ဖိုးအောင်ကိုယ်တိုင်လည်း ဘယ်လိုမျှ
ဖြေမရနိုင်သေး။

မောင်သောင်းတစ်ယောက်
သေဆုံးခါနီး ကြောက်လန့် ချောက်ချား
ခြင်းဟူသော စိတ်ဝေဒနာကို ကြီးစွာ
ကြုံတွေ့ ခံစားလိုက်ရကြောင်းကိုတော့
ခြင်ထောင့်တစ်နေရာတွင် လွင့်ပျံနေသော
စာရွက်ညိုညစ်ညစ်လေးမှလွဲ၍ မည်သူ
မျှ မသိပါချေ။

နောက်ပြီး စိတ်တွေ ရှုပ်နေ၊
အရက်တွေ မူးနေသဖြင့် စာအိတ်၏
မျက်နှာစာကို မကြည့်မိ၍ မောင်သောင်း
ကိုယ်တိုင် မသိလိုက်ရသည့် အညို
ရောင်စာအိတ်၏ မျက်နှာစာတွင် ရေး
သားထားသော လိပ်စာမှာ "စာပို့
လုလင် မောင်သောင်း၊ အမှတ်(၁၂)၊
ကန်တော်သာလမ်း၊ အင်းမမြို့နယ်"ဟူ
၍ ဖြစ်သည်■

* * *

ဂါဦးနွန်းကို့

www.burmeseclassic.com



ခန့်ပေးတယ်။ ရာထူးခန့်စာကို (The Tshogdu)က အတည်ပြုပေးတယ်။ တော်ဝင် အကြံပေး ကောင်စီ၊ ဝန်ကြီးများအဖွဲ့နဲ့အတူ သံဃာ့ကိုယ်စားလှယ်တွေက ဘူတန်ရဲ့ အစိုးရဝန်ကြီးအဖွဲ့ ကက်ဘိနက်ကို ဖွဲ့စည်းတယ်။ ဗုဒ္ဓဘာသာဆရာတော်ကြီးများရဲ့ အမိန့်ဟာ အစိုးရရဲ့ အဆင့်များစွာမှာပါဝင်ပတ်သက်နေလို့ သံဃာလွှမ်းမိုးမှု အတော်လေးရှိတယ်လို့ ယူဆနိုင်ရဲ့။

၁၉၇၂ ခုနှစ် ဘုရင်(Dorji)ပျံလွန်တော်မူခါနီးမှာ သူ့သားတော်(Jigme Singye Wangchuk)(၁၉၇၂-၂၀၀၆)ကို ထီးနန်းလွှဲအပ်ပေးခဲ့ပြီး အစိုးရ ပြုပြင်ပြောင်းလဲရေးတွေကို ဆက်လုပ်စေတယ်။ ၁၉၉၈ ခုမှာတော့ ဘုရင်ဟာ အဓိကပြောင်းလဲမှုကို စတင်တယ်။ ဝန်ကြီးအဖွဲ့ကို ဖျက်သိမ်းပြီး (The Tshogdu)က တစ်ဆင့် ရွေးကောက်စေပြီး ပြန်လည်ဖွဲ့စည်းခဲ့တယ်။ အပြောင်းအလဲရဲ့ နောက်ထပ် တစ်စိတ်တစ်ပိုင်းကတော့ ဘုရင်ဟာ သူ့ရဲ့ အုပ်ချုပ်မှုတာဝန်အတော်များများကို (The Tshogdu)ရဲ့ ခွင့်ပြုချက်နဲ့ ဝန်ကြီးအဖွဲ့ဆီ လွှဲပြောင်းပေးခြင်းပါ။ သူ့ကို ဖယ်ရှားခွင့်ကိုလည်း အယုံအကြည်မရှိအဆိုနဲ့ လုပ်ခဲ့တယ်။ တစ်နည်းဆိုရင်တော့ ဘုရင်ဟာ နိုင်ငံ့အကြီးအကဲဆိုတဲ့ သူ့အခန်းကဏ္ဍကိုပဲ ထိန်းသိမ်းပြီး အစိုးရအဖွဲ့ခေါင်းဆောင်ဆိုတဲ့ သူ့အာဏာကို လက်လွှတ်ပြီး (The Tshogdu)ထံ ပေးလိုက်တာပါ။

(၁၄၊ ၁၂၊ ၂၀၀၆)မှာတော့ ဘုရင်(Singye)ဟာ နန်းစွန့်လိုက်ပြန်ပြီး အောက်စဖို့ဒ်တွဲရ သူ့သားတော် (Jigme Khesar Namgyal Wangchuk)ကို သရဖူလွှဲပေးလိုက်တော့တယ်။ ဒါဟာ တိုင်းပြည်ရဲ့ ဒီမိုကရက်တစ် အစိုးရဖြစ်ဖို့ အပြည့်အဝ ကူးပြောင်းရေးကို ဓာတ်ပြောင်းအကူဖြစ်စေခဲ့တယ်။ နောက်နှစ်လွန်တော့ ပြည်သူလူထုဟာ ဒီမိုကရေစီအပြောင်းအလဲမှာ အလေ့အကျင့်ယူတဲ့ အနေနဲ့ ဆန္ဒမဲပေးခဲ့ကြတယ်။ နိုင်ငံရဲ့ ပထမဆုံး တရားဝင် ရွေးကောက်ပွဲကို (၃၁၊ ၁၂၊ ၂၀၀၇)မှာ ကျင်းပခဲ့တာပါ။ လွှတ်တော်နှစ်ရပ်ပါတဲ့ ပါလီမန်သစ်ရဲ့ အမျိုးသားကောင်စီနေရာတွေအတွက်ပေါ့။ အောက်လွှတ်တော် အမျိုးသားအဖွဲ့အစည်းအတွက်လည်း ၂၀၀၈ ခု၊ မတ်လမှာ ရွေးကောက်ပွဲလုပ်ခဲ့တယ်။ ဘူတန်အစိုးရကို ပါလီမန် ဒီမိုကရေစီအဖြစ် လုံးဝအပြည့်အစုံပြောင်းလိုက်ကြပြီပေါ့။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ်ကိုလည်း (၁၈၊ ၇၊ ၂၀၀၈)မှာ ထုတ်ပြန်ကြေညာပြီး ပြဋ္ဌာန်းပေးခဲ့နိုင်တယ်။

**ဒေသအစိုးရအဖွဲ့ (Local goverment)**

ဘူတန်ကို စီမံအုပ်ချုပ်ရေး ဦးတည်ချက်နဲ့ စီရင်
(Dzongkhags) ၂၀ ပိုင်းခြားလိုက်တယ်။ တစ်ခုစီမှာ ခရိုင်
အရာရှိတစ်ဦးစီ ရှိပြီ။ သူတို့ဟာ ပြည်ထဲရေးဝန်ကြီးရဲ့ တာဝ
ရှိသူတွေပါ။ စီရင်စုတွေကို ခရိုင်ခွဲ(Dungkhags)လို့ ထပ်
ခွဲပြန်တယ်။ အဲဒီ ခရိုင်ခွဲတွေမှာလည်း ကျေးရွာအုပ်စု
(The Gewogs)များနဲ့ ဝန်းရံထားပြန်ရဲ့။ ရွာသူကြီးတွေ
ရွာသားတွေက သုံးနှစ်သက်တမ်းနဲ့ ရွေးချယ်ရတယ်။
ဧရိယာတွေကို ဒေသန္တရ အုပ်ချုပ်မှုစနစ်(မြူနီစီပယ်)အ
သတ်မှတ်ပေးမယ့် ကျေးရွာအုပ်စုအဖွဲ့ အုပ်ချုပ်မှုအဆင့်
အုပ်ချုပ်စေခဲ့တယ်။

ဘူတန်ကို ဥပဒေတွေဟာ ရိုးရာ ဗုဒ္ဓဘာသာ
အဆမှာ အခြေခံတယ်။ ၁၉၆၈ ခုအတွင်းမှာတော့ တ
စီရင်ရေးစနစ်ဟာ အစိုးရရဲ့ စီမံ[illegible] စီရင် ဆုံးဖြတ်
တရားရေးဌာနခွဲတို့နဲ့ သီးခြားဖြစ်လာတယ်။ အထက်လွှ
တော်က ထူထောင်တာပေမယ့် မူရင်း အခြေခံအ
ခရိုင်အဆင့်တရားရုံးရဲ့ အယူခံကို ကြားနာရတယ်။ နို
သားတိုင်းမှာ အထက်လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို အ
ဝင်ဖို့ အခွင့်အရေးရှိတယ်။

**ဘူတန်နိုင်ငံရေးဖြစ်စဉ်**

၂၀၀၇ ခု၊ နှစ်လယ်ထိ နိုင်ငံရေးပါတီတွေဟာ ဘူ
မှာ တရားမဝင်ပါဘူး။ အဲဒီနှစ် ဧပြီလမှာတော့ နန်း
ရုံးက ထုတ်ပြန်တဲ့ အထွေထွေ ရွေးကောက်ပွဲ တား
ပျောက်ပြယ်သွားခဲ့ပြီး ပါလီမန် ဒီမိုကရေစီစနစ် ထူ
စေခဲ့တယ်။ ပထမဆုံး တရားဝင်ပါတီအဖြစ် မှတ်ပုံတင်
ကတော့ ပြည်သူ့ ဒီမိုကရက်တစ်ပါတီဖြစ်ပြီး၊ မကြာခ
သူ့နောက် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးပါတီက
လာတယ်။ နောက်ပိုင်း ၂၀၀၇-၀၈ခု ရွေးကောက်ပွဲမှာ၊
ပါတီနှစ်ခုပဲ လုံးလုံးလျားလျား ယှဉ်ပြိုင်ကြတယ်။ ကျ
တွေကတော့ နီပေါမျိုးနွယ်စုတွေနဲ့ ဖွဲ့စည်းပြီး ပြည်ပက
လှုပ်ရှားတဲ့ တရားဝင်မှတ်ပုံ မတင်ထားတဲ့ နိုင်ငံရေး
တွေပါ။ ဘူတန်မှာ တစ်ကမ္ဘာလုံးလိုပဲ အနည်းဆုံး ၁
ပြည့်ပြီးသူတိုင်း မဲပေးပိုင်ခွင့်ရှိနေရဲ့။ အမျိုးသမီးတွေ
ရုံးလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်ခွင့်ရှိပေမယ့် ၂
အစောပိုင်းထိတော့ အစိုးရနဲ့ အစိုးရလုပ်ငန်းတွေရဲ့ အထ
ပိုင်းမှာ ကိုယ်စားပြုဖို့ မဖြစ်နိုင်သေးပါဘူး။ သူတို့ကို အမျိုး
အဖွဲ့အစည်းရဲ့ သေးငယ်လွန်းတဲ့ အစိတ်အပိုင်းမှာသာ



www.burmeseclassic.com

www.burmeseclassic.com



သေးခဲ့ရတာပါ။ သို့ပေမယ့်လည်း အမျိုးသမီးတွေဟာ လူ့အဖွဲ့အစည်းရဲ့ ဆုံးဖြတ်ပိုင်ခွင့် ဖြစ်စဉ်မှာ တက်ကြွစွာ ပါဝင်ခွင့်တော့ ဆက်လက်ရှိနေဆဲပါ။

## ကျန်းမာရေးနဲ့ လူမှုရေး

၁၉၆၀-၇၀ ခုနှစ်များက ဘူတန် ကျန်းမာရေးစံတမ်းတွေဟာ နိမ့်ကျလှတယ်။ မွေးကင်းစ ကလေးငယ်သေပျောက်နှုန်းဟာ အာရှတိုက်တောင်ပိုင်းမှာတောင် မြင့်တက်နေပြီး တိုင်းပြည်ရဲ့ သမားတော်နဲ့ လူဦးရေအချိုးအစားဟာ အိမ်နီးချင်းနိုင်ငံတွေထက်တောင် နိမ့်ကျနေရဲ့။ ပြည်သူအများစုဟာ သောက်ရေအလုံအလောက်မရတဲ့ အကျိုးဆက်အဖြစ် အစာအိမ်နဲ့ အူလမ်းကြောင်းရောဂါတွေ ပျံ့နှံ့နေတယ်။ အသက်ရှူလမ်းကြောင်းရောဂါ၊ အထူးသဖြင့် တုပ်ကွေးနဲ့ အဆုတ်ရောင်တွေလည်း အများအပြားကူးစက်နေပေါ့။ ကပ်ပါးပိုးဝင်ရောက်မှုတွေ၊ အရေပြားရောဂါ၊ အဆုတ်ရောဂါ၊ ငှက်ဖျားနဲ့ လည်ပင်းကြီးရောဂါတွေဟာ နိုင်ငံ့အနှံ့အတော်များများမှာ မြင့်တက်နေတယ်။ အဲဒီ ရလဒ်အဖြစ် ဘူတန်ပျမ်းမျှ လူ့သက်တမ်းဟာ သိသိသာသာ နိမ့်ကျနေရဲ့။

ဒီလိုနဲ့ ၁၉၈၀ ခုနှစ်မှာတော့ ဘူတန် ကျန်းမာရေးအခြေအနေဟာ စတင် တိုးတက်လာတယ်။ ၂၁ ရာစုအစောပိုင်းမှာတော့ ကလေးသူငယ် အသေအပျောက်နှုန်းဟာ အံ့သြဖို့ကောင်းအောင် ကျသွားတယ်။ လူ့ပျမ်းမျှသက်တမ်းလည်း အသက် ၆၀ အလယ်ပိုင်းလောက်ထိ၊ နှစ် ၂၀ လောက်နီးပါးကို မြင့်တက်လာတယ်။ ဒါတင်မက၊ အစိုးရက ၁၉၉၀ ခုအစမှာ မိလ္လာနဲ့ ရေဆိုးစွန့်စနစ်တွေ တည်ဆောက်ရာမှာ ရင်းနှီးမြှုပ်နှံခဲ့လို့ ကူးစက်ရောဂါပျံ့နှံ့မှု ထိန်းချုပ်ရေးမှာ ထိထိရောက်ရောက် ကူညီနိုင်ခဲ့တယ်။ ပြည်သူ့ဆေးရုံ နှစ်ဒါဇင်ကျော်၊ အခြေခံ ကျန်းမာရေး ယူနစ်ဆေးခန်း၊ ဆေးပေးဌာန ၂၀၀ကျော်ဟာ နိုင်ငံတစ်ဝှမ်းမှာ ရှင်သန်လှုပ်ရှားနေကြပါပြီ။

အစိုးရက တိုင်းရင်းရိုးရာဆေး ကုသရေး သိပ္ပံတွေကိုလည်း ထောက်ပံ့ပေးခဲ့တယ်။ တိုင်းရင်းဆေးပညာအတွက် အထူးထောက်ပံ့မှုတွေကိုလည်း သီးခြား ကွန်ရက်တွေနဲ့ လုပ်ပေးတယ်။ တိုင်းရင်းဆေးရုံတွေ၊ လေ့ကျင့်ရေးဌာနတွေ၊ ဆေးဝါးဌာနနဲ့ သုတေသနအဖွဲ့တွေ၊ ဆေးခန်းဆေးပေးခန်းအများအပြားကို ဖွင့်လှစ်ပေးခဲ့တယ်။ ဘူတန် လူမှုအဖွဲ့အစည်းမှာ ကျားနဲ့ မကို တူမျှတဲ့ တရားဥပဒေနဲ့ အခြေအနေတွေ ခံစားစေခဲ့တယ်။ အမွေဆက်ခံမှု ဥပဒေမှာ အမျိုးသမီးများကို ဦးစားပေးခဲ့ပြီး အိမ်ထောင်ထိန်းသိမ်းမှုမှာ အမျိုးသမီးတွေ စီမံခန့်ခွဲခွင့် ရှိခဲ့တယ်။ ဘူတန်အမျိုးသမီးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

လူမှုရေးနဲ့ စီးပွားရေးတိုးတက်မှုမှာ အကြီးမားဆုံး အဟန့်အတားကတော့ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေပဲကို။ ၁၉၈၁ခုမှာ ထူထောင်တဲ့ နိုင်ငံတော်အမျိုးသမီးများအဖွဲ့က ကြီးကြပ်ကွပ်ကဲပြီး အစီအစဉ်အမျိုးမျိုးချမှတ်ကာ အားနည်းချို့တဲ့ အမျိုးသမီးတွေ အခက်အခဲ၊ အဟန့်အတားများ ကျော်လွှားနိုင်ဖို့ ကူညီခဲ့တယ်။

## ဘူတန်ရဲ့ ပညာရေး

၁၉၆၀ခု အစောပိုင်းထိတော့ ဘာသာရေး ညွှန်ကြားစီမံမှုတွေက လွဲလို့ ဘူတန်မှာ ဘာ ပုံမှန်ကျောင်းမှ မရှိခဲ့ဘူး။ နောက်တော့ ပညာရေးမှာ တိုးတက်မှုတွေ တော်တော်ရှိလာတယ်။ မူလတန်း၊ အလယ်တန်းကျောင်းတွေ နိုင်ငံအနှံ့ ထူထောင်လာတယ်။ ၂၀ ရာစုကုန်တော့ အစိုးရ နှစ်စဉ် အသုံးစရိတ်ရဲ့ အဓိက သုံးစွဲမှုဟာ ပညာရေးအတွက် ဖြစ်ရမယ်ဆိုကဲ့ ပေါ်လစီ ချမှတ်ခဲ့တယ်။

မသင်မနေရ ပညာရေးမဟုတ်လို့ အသက် ၆နှစ်ကနေ ၁၁နှစ်တွင်း ကလေးများစွာဟာ မူလတန်းကျောင်းတွေမှာ လာရောက် စာရင်းသွင်း မအပ်နှံကြပါဘူး။ အဲဒီလိုပဲ၊ ကလေးကြီး အနည်းငယ်မျှသာ အလယ်တန်းကျောင်းတွေမှာ လာအပ်ကြတာပါ။ သို့[illegible]လည်း ကျောင်းအပ်နှုန်းနဲ့ အရွယ်ရောက်သူ စာတတ်နှုန်းတွေဟာ ၂၀ရာစုနောက်ပိုင်းကစလို့ အတော်လေး မြင့်တက်လာတယ်။ ဒီလိုနဲ့ ၂၁ရာစု အစောပိုင်းမှာတော့ ၆၀ရာခိုင်နှုန်းထိအောင်ကို မယုံနိုင်လောက်အောင် ဖြစ်လာရဲ့။ နိုင်ငံပိုင် ကောလိပ်ကျောင်းအမျိုးမျိုးမှာ တက်ရောက်သင်ကြားတဲ့ ကျောင်းသားဦးရေလည်း တက်လာတယ်။ ၁၉၈၃ ခုက ဘူတန်အရှေ့ပိုင်းမှာ ထူထောင်ခဲ့တဲ့ (Sherubtse) ဒီဂရီကောလိပ်ကျောင်းမျိုးမှာ ချိတ်ဆက်ပြီး တက်တာ၊ ဒေလီတက္ကသိုလ်မှာ တက်တာတွေလည်း ရှိလာရဲ့။ ဆရာအတတ်သင် ကောလိပ်တွေ၊ နည်းပညာကျွမ်းကျင်မှု သိပ္ပံတွေမှာ တက်ရောက်ကြသူတွေလည်း အများအပြားပါ။

## ဘူတန်ယဉ်ကျေးမှုဘဝ - ယဉ်ကျေးမှုနဲ့ လူမှုပတ်ဝန်းကျင်

**(Cultural milieu)**

ဘူတန်မှာ ဘူတီးယား၊ နီပေါနဲ့ (The Sharchop)လို့ အဓိက လူမျိုးစု သုံးမျိုးရှိလေတော့ ယဉ်ကျေးမှုနဲ့ လူမှုဘဝ နေထိုင်မှုတွေလည်း ကွဲကွဲပြားပြား ထင်ဟပ် ပြသနေကြမယ်ဆိုတာ စဉ်းစားကြည့်နိုင်ပါရဲ့။ ဘူတီးယားတွေရဲ့ ပုံမှန်အိမ်ပုံစံဟာ သစ်သားနဲ့ ဆောက်လုပ်ပြီး အအေးဒဏ်ခံနိုင်အောင် ကျောက်တုံးတွေကို ရွှံ့နဲ့ ထောင်းထုပြီး မံထားတဲ့ နံရံတွေပါတဲ့ နှစ်ထပ်အိမ်တွေပါ။ လူတွေက အပေါ်ထပ်မှာ နေပြီး မြေညီထပ်မှာတော့ တိရစ္ဆာန်တွေ မွေးထားသေးရဲ့။ မိသားစုတိုင်းရဲ့ အိမ်ထဲ အခန်းထောင့်မှာ ဗုဒ္ဓဘာသာဘုရားစင်လေးလည်း ထားတတ်ကြတယ်။ ဘူတီးယား အိမ်ထောင်စုတိုင်း အသားလည်း စား၊ နို့လည်း ပေးတဲ့ တိဗက်နွားတွေ မွေးထားကြတယ်။ အဲဒီနို့ကို ထောပတ်ချက်ပြီး အစားအစာ ချက်ပြုတ်ဖို့၊ မီးထွန်းဖို့နဲ့ ဘုရားစင်မှာ မီးပူဇော်ဖို့ပါ သုံးကြလေရဲ့။ နေ့တိုင်းလိုတော့ အိမ်သားတိုင်း အသားမစားသုံးနိုင်ကြဘူး။ နေ့စဉ်ပဲ ငရုတ်သီးနဲ့ ဒိန်ခဲရောချက်ချက်ထားတဲ့ (Ema Datshi)နဲ့ အာလူးရောထားတဲ့ (Kewa Datshi)တို့သာ အားထား စားသောက်ကြတယ်။ ဒီနှစ်မျိုးလုံးကို အမျိုးသားဟင်းလျာအဖြစ် ယူဆနိုင်ပါရဲ့။ အဲဒါတွေကို ဘာ့စ်မာတီ (basmati) ဒါမှမဟုတ်၊ ဘူတန် ဆန်နီထမင်းနဲ့အတူ ပြင်ဆင်စားသုံးကြတာပါ။

ဘူတီးယားတွေမှာ တစ်ချိန်တည်း လင်တစ်ယောက်မက ယူနိုင်တဲ့ ရှားရှာ လင်ပြိုင်ယူဓလေ့(Polyandry) လည်း ရှိရဲ့။

သူတို့ရဲ့ မိသားစုစနစ်ဟာ အခြေခံအားဖြင့်တော့ မိသားစုကို ယောကျ်ား ဦးဆောင်တဲ့ စနစ်(Patriarchal)ပါ။ [illegible]သားနဲ့ သမီးတွေကလည်း အိမ်ရာမြေအမွေဥစ္စာကို ညီမျှတဲ့ ခွဲဝေပိုင်ဆိုင်ခွင့် ရှိကြတယ်။ ယောကျ်ားနဲ့ မိန်းမ နှစ်ဦးလုံးမှာ သူတို့လက်ထပ်မယ့်သူကို ရွေးချယ်နိုင်ခွင့်နဲ့ စတင် ကွာရှင်းခွင့်တွေလည်း ရှိကြရဲ့။

(The Sharchop)တွေဟာ ဘူတီးယားတွေနဲ့ အတော်ပဲ နီးစပ် ဆက်နွယ်နေကြပြီး တိဗက် ဗုဒ္ဓဘာသာဒီအယူကို မျှဝေ ကိုးကွယ်ကြတယ်။ ဒါပေမယ့် သူတို့မှာ ဗုဒ္ဓဘာသာမတိုင်ခင်က ရှေးရိုးပိုကျပြီး ပိုပြင်းထန် တင်းကျပ်တဲ့ ဘာသာရေးမျိုးလည်း ရှိနေတယ်။ သူတို့ရဲ့ အိမ်တွေကို ကျောက်တုံးတွေ၊ သစ်သားတွေနဲ့ တည်ဆောက်ကြသလို၊ တစ်ခါတစ်ရံ တောင်ကုန်းလျှောတွေမှာ ခြေတံရှည်အိမ်တွေနဲ့ နေတတ်ကြရဲ့။ အများအားဖြင့် ရွှေ့ပြောင်း စိုက်ပျိုးရေးလုပ်ကြပြီး မြေရှင်းဖို့ အပင်တွေကို မီးရှို့တတ်ကြတယ်။ နှစ်အတော်ကြာ စိုက်ပျိုးပြီးလို့ မြေဆီအားလျော့လာရင် နေရာဟောင်းကို စွန့်ခွာပြီး စိုက်ပျိုးဖြစ်ထွန်းမှု ပိုကောင်းမယ့် အခြားနေရာသစ်



www.burmeseclassic.com

www.burmeseclassic.com

ကြရော။

ဘူတန်သား နီပေါတွေကတော့ နီပေါနဲ့ အိန္ဒိယ ကာက်အနွယ်ဟိန္ဒူတွေ များတယ်။ သူတို့မှာ ဇာတ်ခလေ့ ယ်။ သူတို့ဟာ ဘူတန်တောင်ပိုင်းက နွေးထွေးတဲ့ တာမှာ နေကြလို့ အိမ်တွေကို ဝါးနဲ့ သက်ကယ်သုံးပြီး ဆောက်ကြတယ်။ အမဲသား မစားကြဘူး။ အချို့ဟာ အသား ခြင်းကိုတောင် ရှောင်ကြတယ်။ အသားအစား အိန္ဒိယနဲ့ ပါက ဟိန္ဒူတွေလို ထမင်းနဲ့ ဟင်းပဲ စားကြတယ်။ သူ ဇာတ်ခွဲခြားတဲ့ စနစ်လွှမ်းမိုးမှုကြောင့် လူမှုရေးအဆင့် တာ၊ အိမ်ထောင်ဖက် ရွေးချယ်တာနဲ့ အခြား လူမှုရေး နွယ်မှုတွေမှာလည်း သီးခြားဖြစ်လာတော့တယ်။

## တန်ရဲ့ အနုပညာ

ဘူတန်အနုပညာလောကကို ဗုဒ္ဓဘာသာက စေ့ဆော်မှု ဆော်မှုတွေ ပေးပါတယ်။ လျှို့ဝှက် နက်နဲတဲ့ စက်ဝိုင်း ထွာန် မဏ္ဍာလ(The Mandala)ဟာ အလွန်တွင်ကျယ် ယ်။ ဗုဒ္ဓဘာသာဘုရားကျောင်းတွေရဲ့ နံရံနဲ့ မျက်နှာကြက် မှာ မဏ္ဍာလပုံနဲ့ တန်ဆာဆင်ကြတယ်။ ဆေးနဲ့ ရေး မယ်။ အပ်ချည်နဲ့ ထိုးချုပ်မယ်၊ (Thangkas)လို့ ခေါ်တဲ့ ပြားအခွေအလိပ်တွေပေါ်မှာ ကပ်ပန်းအဖြစ် စပ်ဟပ်ပုံ မယ်။ ပုံဖော်ရာမှာ အခြားထင်ရှားကျော်ကြားလှတဲ့ ပုံ တော့ (Padmasambhava)ပါ။ သူဟာ ဘူတန်ကို ဗုဒ္ဓ သာနဲ့ မိတ်ဆက်ပေးခဲ့သူလည်း ဖြစ်ပါတယ်။

အခြားသော မြင်သာထင်သာ အနုပညာရပ်တွေမှာ သုံးများတာတွေကတော့ တိဗက်ဗုဒ္ဓဘာသာရဲ့ မင်္ဂလာရှိ အမှတ်သင်္ကေတ ရှစ်ခုအုပ်စုဝင်ဖြစ်တဲ့ လက်ျာရစ်ခွေတဲ့ သင်း၊ ကြာပန်း၊ ထောက်တိုင် ရှစ်ခုပါတဲ့ တရားစက်ဝန်း၊ တော်၊ အဆုံးမရှိတဲ့ အထုံး (The Endless Knot)၊ တစ်စုံ၊ ရွှေငါးတစ်စုံ၊ အောင်လံတံခွန်နဲ့ ရတနာပန်းအိုးတို့ပါ။ အများ ဖြင့် ဘူတန်ဘာသာရေးပွဲတော်တွေရဲ့ အလယ်မှာ အက န်တွေလည်း ပါကြရဲ့။ အဲဒီအကတွေဟာ ပုံပြင်တွေ၊ ဘာသာသမိုင်းကြောင်း-ဗုဒ္ဓဝင်နဲ့ ဒဏ္ဍာရီတွေကို သရုပ် ကပြကြတာပါ။

'Chortens' လို့ ခေါ်တဲ့ စေတီ-ထူပါရုံတွေ၊ ကြည်ညို မြတ်ဖွယ် ဓာတ်တော်မွေတော်တွေ ကိန်းဝပ်ဌာပနာဖို့ ဆောက်လုပ်ထားတဲ့ ဘုရားဆောင်ငယ်လေးတွေဟာလည်း တန်မှာ အများအပြားမြင်တွေ့ ဖူးမြော်နိုင်တဲ့ ဗိသုကာ က်ရာတွေပါပဲ။ အဆောက်အအုံတွေရဲ့ အသွင်သဏ္ဌာန် ကတော့ လေးထောင့်ပုံ ရိုးရိုးကနေ ကြီးမားပြီး အထပ်ထပ်အလွှာလွှာဆင့်ထားတဲ့ ပိရမစ်ပုံတွေအထိပေါ့။ ဗုဒ္ဓ ဘာသာဘုရားကျောင်းတိုင်းမှာတော့ ကြီးမားပြီး၊ ဆေးရောင်စုံ တောက်တောက်တွေ သုတ်လိမ်းရေးဆွဲထားတဲ့၊ ရွှေချထား တဲ့ ဗုဒ္ဓဆင်းတုနဲ့ ရုပ်ပွားပုံတွေ ရှိနေကြတာ မြင်ရမှာပါ။

ဘူတန်သတ္တုပညာရှင်တွေဟာ ကြေး၊ ငွေနဲ့ အခြား အကောင်းစား သတ္တုတွေကို ကိုင်တွယ်ပြီး ပန်းတိမ်၊ ပန်းဘဲ ပညာရပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ကြရဲ့။ သူတို့ ရဲ့ လက်မှုပညာကို နတ်ရုပ်တွေ၊ တံခါးနဲ့ ဘုရားကျောင်းတွေ ရဲ့ တိုင်လုံးတွေ၊ ခေါင်းလောင်း၊ နဲ၊ ဟွန်း၊ ဓား၊ စားပွဲ၊ ဖယောင်းတိုင်-မီးတိုင်စင်၊ ရတနာထည်နဲ့ ဆန်အိုးတွေမှာ မြင်နိုင်ပါတယ်။

နယ်လှည့် ဂီတသမားတွေရဲ့ သီချင်းတွေ၊ ဗုဒ္ဓဘာသာ ဘုန်းကြီးတွေရဲ့ လည်ချောင်းထဲက ထွက်လာတဲ့ သံရှိန်မြင့် တရားဓမ္မရွတ်ဖတ်သံတွေ၊ ရှည်လျားတဲ့ ချိုမှုတ်သံတွေဟာ တောင်ကြားတွေမှာ ပဲ့တင်ရိုက်ပြီး ဖြတ်သန်းနေပေါ့။ အားလုံး ဟာ ဘူတန်သားတွေနဲ့ ခွဲထုတ်လို့ မရအောင် တစ်သားတည်း ဖြစ်ကာ ပြီးပြည့်စုံနေတဲ့ ဂီတသံတွေပါ။ ရှေးခေတ် တိဗက် ရိုးရာ ဓလေ့တေးအများစုမှာ ထင်ရှားတဲ့ ပင်ကိုယ်လက္ခဏာ ရှိပြီး ပုံတွေ၊ လင်းကွင်းတွေ၊ အရွယ်မျိုးစုံတဲ့ ခရာတွေနဲ့ ဖွဲ့စည်းထားတယ်။ ဘူတန်ကတော့ အဲဒီ တူရိယာတွေကို ပြုပြင်ယူထားတာပေါ့။ ပမာအားဖြင့် တစ်ချိန်တုန်းက လူ့ပေါင် ရိုးနဲ့ လုပ်ခဲ့တဲ့ ခရာကို ခုတော့ သတ္တုနဲ့ ဖန်တီးယူလိုက်ပါပြီ။ ဘူတန်တေးဂီတအချို့ အထူးသဖြင့် နိုင်ငံ့တောင်ပိုင်း နီပေါ တွေကြားက ဂီတဟာ တိဗက်သားတွေနဲ့ ခြားနားစွာ အိန္ဒိယ ရိုးရာဘက် နွယ်တယ်။ သူတို့က ပလွေ၊ ဗုံနဲ့ ဟာမိုးနီး ယမ်း-အော်ဂင်တစ်မျိုးသုံးပြီး အဆိုနဲ့ တွဲဖက်လေ့ရှိတယ်။ ဘူတန်သားတွေ အသုံးများတဲ့ အခြား တူရိယာတွေမှာ လက်ချည်းသက်သက် တီးခတ်ရတဲ့ ဗျပ်စောင်းကြိုးတပ် တူရိယာ၊ ဒုံမင်းနဲ့ ဝါးပလွေတွေ ပါတယ်။

၂၀ရာစုနောက်ပိုင်း တိုင်းပြည်မှာ အထီးကျန်မှုတွေ လျော့ပါးလာတဲ့နောက် တေးဂီတပုံစံသစ်တွေလည်း ပေါ် ထွက်လာရဲ့။ အနုပညာအမျိုးအစားသစ်တစ်ခုကတော့ ဘူ တန်၊ အိန္ဒိယနဲ့ အနောက်တိုင်း ဂီတတွေ ရောမွှေပြီး ဒေသ ဟန် လုပ်ယူထားတဲ့၊ နိုင်ငံတကာဆန်ပြီး လူကြိုက်များလာ တဲ့ 'Rigsar' ဂီတပါ။

## ဘူတန်ရုပ်ရှင်လုပ်ငန်း

၂၀ရာစုနောက်ဆုံး ဆယ်စုနှစ်ထဲက စတင် ပေါ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

လာတဲ့ ရုပ်ရှင်လုပ်ငန်းဟာ အားကောင်းစွာ ရှင်သန်ကြီးထွားလာတယ်။ ၂၀၀၅ ခု ရောက်တဲ့ခါ ပြည်တွင်းမှာ ရုပ်ရှင်ကားဒါဇင်ပေါင်းများစွာ ထုတ်လုပ်နိုင်ခဲ့ပါပြီ။ အစပိုင်းက ကားအတော်များများဟာ ဘောလီးဝုဒ်နဲ့ ဟောလီးဝုဒ်ထုတ်လုပ်မှုတွေရဲ့ လွှမ်းမိုးမှုကို အပြင်းအထန်ခံရတယ် ဆိုပေမယ့် မကြာခင်မှာပဲ ထုတ်လုပ်သူတွေရဲ့ ဒေသထုတ်ကုန်ဖြစ်ဖို့ အားစိုက်လာမှု၊ တွေးခေါ်လာမှုနဲ့ အနုပညာဆန်တဲ့ ဒေသသုံးတွေကြောင့် ရိုးရာဟန်လုပ်ငန်းအဖြစ် စတင်လာနိုင်ခဲ့တယ်။ ထင်ရှားကျော်ကြားတဲ့ ဗုဒ္ဓဘာသာဘုန်းကြီးလည်းဖြစ်၊ ဘူတန်ရုပ်ရှင်ရဲ့ ခြားနားတဲ့ တိုးတက်ပြောင်းလဲမှုရဲ့ လမ်းဖောက်သူလည်းဖြစ်တဲ့ (Khyentse Norbu)ကိုယ်တိုင် ရေးသားရိုက်ကူးတဲ့၊ နာမည်ကျော်(The Cup)ကားဟာ ဗုဒ္ဓဘာသာ ရဟန်းငယ်လေးတွေ သူတို့ သီတင်းသုံး နေထိုင်ရာကျောင်းမှာ ရုပ်မြင်သံကြားအစီအစဉ်ကနေ ကမ္ဘာ့ဘောလုံးချန်ပီယံလုပွဲ စောင့်ကြည့်နေပုံကို ဟာသမြောက်စွာ ဖန်တီးတင်ဆက်ထားတာပါ။ ဒါ့ပြင် ၂၀၀၃ ခုမှာ၊ စွဲလမ်းမက်မောဖွယ်ရာ ဘဝတစ်ခုမှာ နေထိုင်ဖို့၊ တိုင်းပြည်ကို စွန့်ခွာပြီး ခရီးနှင်ခဲ့တဲ့ ဘူတန် လူငယ်တစ်ဦးရဲ့ ရှန်းကန်လှုပ်ရှားမှုတွေကို ဘူတန်မြောက်ပိုင်းမှာ လုံးဝ ဇာတ်အိမ်တည် ရိုက်ကူးဖော်ကျူးထားတဲ့ (Travellers) နဲ့ (Magicians) ဆိုတဲ့ ကားတွေလည်း ထုတ်လုပ်ခဲ့တယ်။ ဒီနှစ်ကားလုံးဟာ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေမှာ ဆုတွေ အများကြီး ချိတ်သွားပါတော့တယ်။

**ဘူတန်သမိုင်းကြောင်းနဲ့ ဘူတန်ရဲ့ ထွန်းသစ်လာမှု**

ဘူတန်သမိုင်းအစဟာ မှေးမှိန် ဝေဝါးခဲ့တယ်။ ကျောက်ဆောင်၊ ကျောက်ကမ္ဘား ပေါများပြီး မြေမျက်နှာပြင် ကြမ်းတမ်းတဲ့ တောင်တန်းတွေ၊ ထူထပ်တဲ့ သစ်တောတွေက ဘူတန်ကို အပြင်ကမ္ဘာနဲ့ အဆက်အသွယ်ပြတ်စေခဲ့တယ်။ နိုင်ငံ့အပေါ် တိုင်းတစ်ပါးရဲ့ အောင်လံစိုက်မှုတွေကလည်း ၂၀ရာစုနှစ်တိုင်အောင်ပဲ ဒီလို အထီးကျန်မှုကို ကောင်းစွာ အားဖြည့်ပေးခဲ့ပြန်ရဲ့။

အစီရင်ခံစာတွေအရ ၄-၅ ရာစုလောက်အလွန်တုန်းက လွှမ်းမိုးနိုင်စွမ်းရှိတဲ့ တိဗက်က (Sheptoon La-Pha)တို့လို လာမာ(Lama)တွေဟာ ဓမ္မရာဇာဆိုတဲ့ ဘွဲ့တွေနဲ့ ဘူတန်ဘုရင်တွေ ဖြစ်လာတယ်။ ဒါကြောင့် အဲဒီခေတ်တွေမှာ ဘူတန်ဟာ ထူးခြားတဲ့ နိုင်ငံရေးရပ်တည်မှုတွေနဲ့ နေခဲ့ရတာဖြစ်မယ်။ လာဖာကို 'Doopgein Sheptoon' က ဆက်ခံတယ်၊ သူက ဘူတန်အုပ်ချုပ်မှုအဖွဲ့အစည်းကို ဒေသအလိုက်

မြေအုပ်ချုပ်သူ(Penlops)နဲ့ ခံတပ်အုပ်ချုပ်သူ (jungpens
တွေ ခန့်အပ်ပြီး *တောင့်တင်း ခိုင်မာစေခဲ့တယ်။ သူဟာ*
လောကီ၊ လောကုတ္တရာ ကိစ္စနှစ်ရပ်လုံးမှာ လုပ်ပိုင်စွမ်းရှိပြီ
လုပ်လည်း လုပ်ခဲ့တယ်။ ဒါပေမယ့် သူ့ကို ဆက်ခံသူကတော့
သူ့ကိုယ်သူ လောကုတ္တရာရေးရာအတွက်သာပဲလို့ ခံယူပြီ
လောကီကိစ္စ လုပ်ဆောင်ဖို့ကိုတော့ ဝန်ကြီးတစ်ဦးခန့်
တယ်။ ဝန်ကြီးဖြစ်လာတဲ့သူက အုပ်ချုပ်စီမံတာတွေ လုပ်
"ပွဲတက်ခံ ရာဇာ"အဖြစ်ပါ ဆက်လက်ခံယူလာပါရော။

အဲဒီလိုနဲ့ ၂၀ရာစုအစောပိုင်းမှာ နောက်ဆုံး ဓမ္မရာဇ
ပျံလွန်တဲ့ထိ လောကီနဲ့ လောကုတ္တရာကိစ္စတွေ ဆော
ရွက်ရတဲ့ အထက်အုပ်ချုပ်သူနှစ်ဦးရှိတဲ့ အခြေအနေဖြ
လာတယ်။ လောကီရေးရာ ဓမ္မရာဇာကို ဆက်ခံနိုင်ဖို့
ပျံလွန်သွားတဲ့ ဓမ္မရာဇာဝင်စားသူ ရှိတယ်လို့ အတည်ပြု
စစ်ဆေးတွေရှိရမှုအပေါ်မှာ မူတည်နေရဲ့။ အဲဒီ လူဝင်စား
လည်း အုပ်ချုပ်သူ မိသားစုဝင် ကလေးငယ်တွေမှာ
ရှာဖွေလေ့ရှိကြတယ်။ ၁၉၃၀ ခုထိ နောက်ဆုံး ဓမ္မရာဇ
လူဝင်စားကို မတွေ့ရလို့ ရုံးတော်နဲ့ အုပ်ချုပ်မှုတွေ
ဆက်လက်ရပ်တည်ဖို့ မဖြစ်နိုင်တော့ဘူး။

၁၉ရာစုရဲ့ နှစ်များမှာ ဘူတန်ဟာ စဉ်ဆက်မပြ
ပြည်တွင်းစစ်များစွာနဲ့ ဒုက္ခတွေ့ခဲ့တယ်။ နယ်မြေများ
အုပ်ချုပ်သူတွေဟာ အာဏာရေး၊ လွှမ်းမိုးချုပ်ကိုင်နိုင်မှု
ပါ လျော့ပါးလာတယ်။ လုပ်ထုံးလုပ်နည်းအရတော့ အင်
ရှိတဲ့ ပရိုနဲ့ တွန်ဆာက ဒေသအုပ်ချုပ်ရေးမှူးနဲ့ အခြား
အုပ်ချုပ်သူ၊ ခံတပ်အုပ်ချုပ်သူတွေ ပါတဲ့ ကောင်စီက
ချယ်တဲ့သူနဲ့ လောကီအုပ်ချုပ်ရေးကို ဆက်လုပ်ရပါမ
အဲဒီလိုပဲ ဒေသအုပ်ချုပ်သူတွေကိုလည်း လောကီရေ
အုပ်ချုပ်သူက ရွေးချယ်ရတာပါ။ အများအားဖြင့် ဘူ
သမိုင်းမှာ အုပ်စုချင်း တိုက်ခိုက် ပုတ်ခတ်မှုတွေ၊ နေ
ကြိတ်ကြံတာတွေလည်း အစဉ်ရှိခဲ့တာပါ။ တိုင်းပြည်တစ်
က အစားထိုးခံရတဲ့ အုပ်ချုပ်ရေးမှူးတွေဟာ အာဏာ
ရမယ့် အခွင့်ကောင်းကို စောင့်နေကြရဲ့။

၁၉၀၇ခုနှစ် ဓမ္မရာဇာ ပျံတော်မူပြီးနောက်မှာ "ပွဲတ
ရာဇာ"ဟာ အလေးထား စောင့်ကြည့်ခံဘဝကို ရောက်
တယ်။ ပြီးနောက် ဒေသမြေယာအုပ်ချုပ်သူတွေထဲ
အင်အားအကောင်းဆုံးဖြစ်တဲ့ တောင်ဆာဒေသအုပ်ချုပ်
မှူး(Ugyen Wangchuk) ကို လာမာကောင်စီ၊ ဘုန်း
ကြီးတွေ၊ ကောင်စီဝင်တွေနဲ့ ပြည်သူတွေအပြင် ဗြိတိ
ရဲ့ ထောက်ခံမှုနဲ့ပါ ဘူတန်မျိုးရိုးအမွေဆက်ခံသူ ဘုရင်



www.burmeseclassic.com

www.burmeseclassic.com

…ဘက်လိုက်ကြတယ်။ လာမာတွေလည်း ခိုင်မာတဲ့ …ရေးရာ လွှမ်းမိုးမှုတွေကို ဆက်လက်ရရှိသွားပါတော့ …။

…ခြား ပတ်သက်ဆက်နွယ်မှု

ကမ္ဘာ့အခြားနိုင်ငံတွေနဲ့ ဆက်သွယ်မှုဖြတ်ပြီး "သူ့ဟာ … အကြာကြီး သီးခြားနေနိုင်တဲ့အား" ဘူတန်မှာ ရှိပေမယ့် …တူထောင်ပြီး ရာစုနှစ်တွေမှာ ပြည်ပထိုးဖောက် ဝင် …ကိမ်မှုများစွာ ခံခဲ့ရတဲ့ နိုင်ငံဖြစ်လာပါတယ်။ ၁၇၂၀ ခုနှစ် … တရုတ်ဘုရင့်တပ်မတော်ဟာ တိဗက်ကို ထိုးဖောက် …ရောက်လာပြီး တိဗက်နဲ့ ဘူတန် နှစ်နိုင်ငံလုံးကို ဩဇာခံ …ခဲ့တယ်။ ဘူတန်ကို ထိန်းချုပ်ပြီး အကြိမ်ပေါင်းများစွာ …ပြောင်းလဲစေပြီးတဲ့ခါမှာ နယ်မြေပိုင်ဆိုင်မှုတွေကလည်း …ဖြတ်သားတော့ပါဘူး။ (၁၇၇၂-၃)မှာတော့ ဗြိတိသျှတွေ …ဘူတန်ကို ဝင်ရောက်ခဲ့တယ်။ (၁၈၆၄-၅)မှာလည်း ထပ်မံ …ရောက်ပြန်တယ်။ အဲဒီချိန်မှာတော့ ရှုံးနိမ့်ခဲ့တဲ့ ဘူတန် … သူ့ထိန်းချုပ်ခွင့်ကို စွန့်လွှတ်ကာ တောင်ဘက်နယ်စပ် …ကျော်ခွင့်ကို ဗြိတိသျှတွေထံ သဘောတူ လက်မှတ်ရေး …ပေးခဲ့ရတယ်။ ဒါ့ပြင် ဘူတန်နဲ့ အိမ်နီးချင်းနိုင်ငံတွေ …ကြား အငြင်းပွားစရာဖြစ်လာရင် "ဗြိတိသျှတွေက ကြားဝင် …ဖြေပေးဖို့ သဘောတူရမယ်"ဆိုတဲ့ အချက်ကို လက်ခံမှ …ည်း ဗြိတိသျှတို့ တစ်နှစ်တစ်ခါ ထောက်ပံ့မယ့် …တော်ကြေးကို ရရှိမှာ ဖြစ်ပါတယ်တဲ့။

၁၉၁၀ ခုမှာတော့ ဘူတန်အစိုးရဟာ ဗြိတိသျှတွေရဲ့ …ပတ်လည် အမတော်ငွေတွေ တိုးမြှင့်ရရှိဖို့ "ပြည်ပရေး …တွေမှာ ဂရိတ်ဗြိတိန်နိုင်ငံကြီးရဲ့ လမ်းညွှန်မှုကို ဆက်လက် …ယူရမယ်။ ဘူတန်ရဲ့ ပြည်တွင်းရေးတွေမှာတော့ ဝင် …ရောက် မစွက်ဖက်ရဘူး"လို့ တရားဝင်သဘောတူ ကတိပေး …ချုပ်ရေးထိုးရပြန်တယ်။ နောက် ဆယ်စုနှစ်တွေမှာတော့ ဘူတန်ဟာ ဗြိတိသျှအုပ်ချုပ်ခံ အိန္ဒိယပြည်အောက် တဖြည်း ဖြည်းရောက်သွားတယ်။

၁၉၄၉ ခု၊ ဩဂုတ်လမှာတော့ ဘူတန်ဟာ လွတ်လပ် ရေးရကာစ အိန္ဒိယနဲ့ ယခင် သဘောတူချုပ်ဆိုထားတာ တွေကို အဆုံးသတ်ရတယ်။ အရင် ဗြိတိသျှနဲ့ ဘူတန်တို့ သဘောတူထားတာတွေကိုလည်း အိန္ဒိယက တာဝန်ဆက်ယူ ပေးတယ်။ ဒီလိုနဲ့ အိန္ဒိယက ဘူတန်ကို နှစ်စဉ် ထောက်ပံ့တဲ့ အမတော်ကြေးပေးရတယ်။ အာသံပြည်နယ်က (The Dewangiri) ဆိုတဲ့ မြေပြောင်မြောင်လေးကိုလည်း ဘူတန် ကို ပြန်လွှဲပြောင်းပေးရတယ်။ ပြီးတော့ အိန္ဒိယဟာ ဘူတန် ပြည်တွင်းအုပ်ချုပ်မှုမှာလည်း ဝင်ရောက်မနှောင့်ယှက်ပါဘူး လို့လည်း ကတိပေးပြီး ရှောင်ခဲ့ရတယ်။ ဒီနောက်တော့ အိမ်နီးချင်း တိုင်းပြည်များရဲ့ စစ်ရေး မဟာဗျူဟာအရ စိတ် ဝင်စားစွာ ဖိအားပေးမှုကြောင့် ဘူတန်ဟာ နှေးကွေးတဲ့ ပြောင်းလဲမှုကို စတင်ခဲ့တယ်။ လူမှုရေးနဲ့ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုအပြင် စီးပွားရေးတိုးတက်ပြောင်းလဲမှုပေါ် မှာပါ အခြေတည်တဲ့ ပေါ်လစီအရ ကော်မီတီတွေဖွဲ့ပြီး နိုင်ငံတကာ ဆက်သွယ်မှုတွေကို စတင်ပျိုးထောင်ခဲ့တယ်။

၁၉၅၀ ခုတွင် တရုတ်က တိဗက်ကို ထိန်းချုပ်တဲ့အခါ ဘူတန်ဟာ အိန္ဒိယနဲ့ ချည်နှောင်ထားသမျှကို ပိုမိုအားရှိဖို့ ချက်ချင်းပဲ ထလုပ်တယ်။ ဘူတန်နယ်မြေအချို့လည်း မပြတ် မသားရှိရာကနေ တရုတ်အောက်ကို အမြန်ဆုံး ထင်ထင် ရှားရှား ရောက်ရှိသွားပါတယ်။ ၁၉၅၀ ခုမှာတော့ အိန္ဒိယဟာ တိဗက်တွေနဲ့အတူ ဘူတန်မြောက်ပိုင်းနယ်စပ်က ကာကွယ် ရေးအစောင့်တပ်တွေကို အားဖြည့်တယ်။ အိန္ဒိယဆီ ဦးတည် နေတဲ့ ဘူတန်ထဲက လမ်းကွန်ယက်တွေကို စလုပ်တယ်။

## လုံးဝဥဿုံ သက်ဦးဆံပိုင် ဘုရင်စနစ်မှ ပါလီမန် ဒီမိုကရေစီခေတ်သို့

၁၉၆၀၊ အစောပိုင်းနှစ်များက စလို့ ဘုရင် (Dorji) ဟာ တိုင်းပြည်ရဲ့ စီးပွားရေးနဲ့ သူ့ရဲ့ တစ်ဝက်တစ်ပျက် ဘုရင်ကောရာင်ကဲ့ကျွေးချစနစ် လူမှုအဖွဲ့အစည်းကို ပြန်လည် ဖွဲ့စည်းဖို့ အစီအစဉ်တစ်ခု စတင်လုပ်ဆောင်ပါတယ်။

လမ်းသစ်တွေ ဖောက်၊ ဆေးရုံတွေ ဆောက်တယ်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွေမှာ ပညာသင်နေကြ ရာက လောကီပညာသက်သက်သာသင်တဲ့ စနစ်နဲ့ ကျောင်း တွေအဖြစ် စတင်ပြောင်းလဲ တည်ထောင်တယ်။ လူမှုအဖွဲ့ အစည်းကို ပုံစံပြောင်းဖို့ စတင်တဲ့အနေနဲ့ ကျွန်စနစ်ကို ဖျက်သိမ်းတယ်။ ဘူတီးယားတွေရဲ့ လင်အများကြီး ယူနိုင်တဲ့ ဓလေ့( Polyandry)နဲ့ နီပေါတွေရဲ့ မယားအများကြီး မယား ပြိုင်ယူတဲ့ ဓလေ့(Polygamy)တွေကို -တားမြစ်တယ်။ တော်ဝင်နန်းသုံး ဥပဒေတွေကို အနည်းငယ် လျှော့ပေါ့ပစ် တယ်။ ထို့အတူပဲ အစိုးရဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လည်း ပြန်လည်ပြုပြင်တယ်။ သို့ပေမယ့် တိုင်းပြည်ရဲ့ နိုင်ငံ ရေးဘဝအပေါ်တော့ တင်းကျပ်စွာပဲ ချုပ်ကိုင်ထားလို့ နိုင်ငံရေး မတည်ငြိမ်မှုတွေလည်း မကြာခဏ ပေါ်ပေါက်လာတယ်။ မှတ်မှတ်ရရ ၁၉၆၄ ခုမှာ ဝန်ကြီးချုပ်လည်း ပြိုင်ဘက်



www.burmeseclassic.com

www.burmeseclassic.com

အုပ်စုကွဲတွေကြားမှာ သဘောထားကွဲလွဲမှုနဲ့ အသတ်ခံရတယ်။ ၁၉၆၅ ခုမှာတော့ ဘုရင်ကိုယ်တိုင် မအောင်မြင်တဲ့ အာဏာသိမ်းရန် ကြိုးပမ်းမှုနဲ့ ကြုံခဲ့တယ်။ ၁၉၇၁ ခုမှာတော့ ကုလသမဂ္ဂကို ဝင်လိုက်ခြင်းဖြင့် နိုင်ငံရေးအထီးကျန်မှုကို တရားဝင် အဆုံးသတ်ပြီး အစိုးရအဖွဲ့အစည်းတွေကိုလည်း အရင်းကနေ ပြောင်းလဲလိုက်တယ်။

၁၉၇၂ ခုမှာတော့ ၁၆နှစ်သား 'Singye' ဟာ သူ့ခမည်းတော်ကို ဆက်ခံရင်း ဘူတန်ဘုရင်ဖြစ်လာတယ်။ ဘုရင်သစ်ဟာ သည်းခံလိုက်နာခြင်းဖြင့် အိန္ဒိယနဲ့ နိုင်ငံချင်း သဘောတူညီမှု ရခဲ့တယ်။ ထို့အတူ တရုတ်နဲ့ ချစ်ကြည်ရေး တိုးတက်ဖို့ ကြိုးပမ်းခဲ့ပြန်တယ်။ ဖခင်ရဲ့ ပြန်လည်ပုံစံချရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ပေါ်လစီကို ဆက်လုပ်တယ်။ တိုင်းပြည် အခြေခံအဆောက်အအုံ ပညာရေးနဲ့ ကျန်းမာရေးတွေမှာ ငွေကြေးတွေ သုံးစွဲဖို့ လမ်းကြောင်းဖော်ပေးတယ်။ တစ်ဖက်ကလည်း ဘူတန်ရဲ့ ကြွယ်ဝတဲ့ ယဉ်ကျေးမှုအမွေအနှစ်နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ကြိုးစားတယ်။

၁၉၈၈ခုမှာတော့ ဘူတန်မှာ လူတိုင်းဟာ ဗုဒ္ဓဘာသာ မိရိုးဖလာဓလေ့အတိုင်း အပြည့်အဝ ကပ်ညိကြဖို့ လိုအပ်သလို အားထုတ်ကြရန် အမျိုးသားမူဝါဒ ချမှတ်ပြီး စတင်ဆောင်ရွက်လာတယ်။ ဘူတန်သားတွေမှာ မူလက နီပေါသားတွေဟာ သုံးပုံတစ်ပုံပါဝင်နေရဲ့။ နိုင်ငံပြည်သူများရဲ့ တစ်ဝက်လောက်ထိ ရှိနေတဲ့ နီပေါတွေကို ဘူတန်ရဲ့ နီပေါတွေအဖြစ် အစိုးရက လက်ခံလာရတယ်။ သူတို့ဟာ ဟိန္ဒူတွေမို့ ဒီပေါ်လစီကို နီပေါသားတွေရဲ့ ယဉ်ကျေးမှုကို နှိပ်ကွပ်ဖို့ ကြိုးပမ်းချက်လို့ မြင်လာတယ်။ အကြမ်းဖက် ဆန္ဒပြပွဲတွေ၊ မျိုးနွယ်စု ပဋိပက္ခ ရန်ငြိုးတွေ ပေါ်ပေါက်လာတယ်။ ထောင်ပေါင်းများစွာသော ဘူတန်နီပေါတွေ နီပေါကို ပြန်ကြတယ်။

၁၉၉၀ခုနှစ်များ အစပိုင်းမှာတော့ နီပေါနိုင်ငံ ဒုက္ခသည်စခန်းတွေမှာ ဘူတန်နီပေါ တစ်သိန်းလောက် ဒုက္ခသည်အဖြစ် ရောက်သွားတယ်။ နီပေါနဲ့ ဘူတန်အစိုးရတွေ ပုံမှန် စည်းဝေးမှုတွေလုပ်ပြီး ဒီအရေးဖြေရှင်းဖို့ တွေ့ဆုံကြပေမယ့် ၂၁ရာစု အစောပိုင်းထိတော့ နောက်ဆုံး သဘောတူညီချက် မရသေးပါ။ နီပေါတွေ အခြေချ နေထိုင်လာမှု ပိုမိုလာတဲ့ပေါ်မှာ ညီနှိုင်းနေထိုင်ဖို့ စွမ်းရည်နဲ့ တိုင်းပြည်တွင်းမှာ လူမျိုးစု အုံကြွမှုတွေ အချိန်မှန် ဖြစ်ပေါ်နေတာကို ချေဖျက်နိုင်တဲ့ အဆင့်တော့ မရောက်လာသေးပေ။

တစ်ချိန်တည်းမှာပဲ ဘုရင်(Singye)ဟာ ဘူတန်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ရွှေ့ပေးတယ်။ ၁၉၉၀ ခု နှောင်း ပိုင်းမှာ သူ့လုပ်ပိုင်ခွင့်တွေကို လုံးဝ လက်လျှော့လိုက်တယ် ဘုရင်ဟာ ဆက်လက်ပြီး လုံခြုံရေးကိစ္စတွေမှာ သီးခြား အာဏာကို ကိုင်စွဲထားရပေမယ့် ဝန်ကြီးများအဖွဲ့နဲ့ အခွင့် အာဏာကို ခွဲဝေသုံးစွဲရတယ်။ သူဟာ ဝန်ကြီးချုပ်လိုတော့ ဖြစ်နေပါရဲ့။ ဘုရင်ဟာ အမျိုးသားပေါင်းစည်းမှု အဖွဲ့ဝင်တွေ ကိုလည်း စည်းကမ်းချက်တွေ လက်ခံပြီး ဘုရင်စနစ်အတွက် ယုံကြည်မှု ရအောင် ဆွဲဆောင် စည်းရုံးရတယ်။ အခုံး ဆုံး လိုအပ်လာရင် နန်းစွန့်ဖို့ထိ လုပ်နိုင်ရတယ် ဒါကြောင့်လည်း ဘုရင့်မေတ္တာရပ်ခံချက်နဲ့ ကြီးမားတဲ့ ကြိုးပမ်း မှုကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတစ်ရပ်ရေး နိုင်ခဲ့တယ်။

၂၁ရာစုကို ရောက်လာတဲ့အခါ ဘူတန်ဟာ ဒီမိုကရေ လမ်းကြောင်းပေါ် ရောက်ရှိလာပြီး သမိုင်းတစ်လျှောက် အထီးကျန်ခဲ့မှုကို အကြွင်းအကျန်တောင် မရှိစေဘဲ ပထ အနေအထား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ နည်းပညာ ပိုင်းဆိုင်ရာကအစ ဘက်ပေါင်းစုံက ရပ်သိမ်းပေးနိုင်ခဲ့တယ် အဲဒီ အစပျိုးမှုကို လျင်မြန်စေဖို့ ၂၀၀၆ခုမှာ ဘုရင်ဟာ နန်းကို စွန့်ပြီး သူ့ပလ္လင်ကို နိုင်ငံရေးတိုးတက်မှု ရှိတဲ့ သားတော် (Jigme Khesar Namgyal)ထံ လွှဲပြောင်းပေး တယ်။ ၂၀၀၇ ခုကုန်တော့ တိုင်းပြည်သမိုင်းကြောင်းမှာ ပထမဆုံးအဖြစ် ပါလီမန်မှာ လွှတ်တော်နှစ်ရပ်အနက် အထက်လွှတ်တော်အမျိုးသားကောင်စီကို တိုက်ရိုက် ရွေး ကောက်ပေးနိုင်လာတယ်။ ၂၀၀၈ ခု၊ မတ်လမှာ ကျင်းပတဲ့ ပါလီမန်သစ်ရဲ့ အောက်လွှတ်တော်အတွက် အမျိုးသားအ အစည်း ရွေးကောက်ပွဲဟာ ဒီမိုကရေစီစံနစ်သို့ အပြောင်း အလဲကို ပြည့်စုံသွားစေခဲ့တယ်။ ဒီအတွင်း နိုင်ငံတကာ နားလည်မှုနဲ့ နိုင်ငံခြားဆက်သွယ်မှုတွေရဖို့ ကြာရှည်စွာ နေခဲ့တဲ့ ခလုတ်ကန်သင်း အဟန့်အတားတွေကို ဖြေရှင်းတဲ့ သူ့ရဲ့ ကြိုးပမ်းမှုတွေကို ဆက်လက် လုပ်ဆောင်သွားနိုင်ခဲ့ ဘူတန်ရဲ့ စီးပွားရေးအတွေ့အကြုံတွေ ထင်ရှားစွာ ကြီးထွား လာတာ အထင်အရှားမို့ အစိုးရပေါ်လစီမှာ အောင်မြင်မှုတွေ ပြလာတာကတော့ နိုင်ငံရဲ့ အပေါင်းလက္ခဏာတွေပါ။

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-

ကျမ်းကိုး ၊

- "Bhutan." Encyclopædia Britannica 2012.



www.burmeseclassic.com

www.burmeseclassic.com

အောင်စည်တိုး (ဇေယျဝတီ)

# ဒူလာ၊ မီးယပ်၊ ဆီးချုပ် ပျောက်ဆေး

ကျွန်ုပ်အသက် ၅၀ ကျော်ပါပြီ။ ငယ်စဉ်က ဇာတိရွာ [illegible] အ.မ.က တွင် ကျောင်းနေစဉ်က ဖြစ်ပါသည်။ ကျောင်းမှာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ရှိပါသည်။ ကျွန်ုပ်တို့မှာ နေ့ရာသီ ကျောင်းပိတ်လျှင် ဘုန်းတော်ကြီးကျောင်း၌ပင် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာများ သင်ကြားရသည်။ နေ့လယ်ခင်းတွင် ကျောင်းသားကြီးများအား အဘိုးတော်စပ်သူ ဆရာတော် ဦးလက္ခဏာမှ ဆေးထောင်း၊ ဆေးလုပ်ငန်းကို လုပ်ကိုင်ကြရပါသည်။ ထိုအထဲတွင် ကျွန်ုပ်ပါအဝင်ဖြစ်ပါသည်။ ဒူလာ၊ မီးယပ်၊ ဆီးချုပ်ရောဂါပျောက်ဆေးတစ်ဖုံကို ဖော်စပ်ရပါသည်။ ထိုဆေးမှာ မော်ဘီ ဆရာဘုန်းကြီး၏ ဆီးဆေးပင် ဖြစ်ပါသည်။

(၁) ကြွေပုပ်တစ်လုံး

(၂) ဂုံညင်းဆံတစ်လုံး

(၃) လိပ်ကျောက်ခွံ ရှစ်ပဲသား

(၄) အလိုကျူ ရှစ်ပဲသား

(၅) စမုန်မျိုးငါးပါး တစ်ကျပ်သား

(၆) မန်ကျည်းသီးမှည့် ငါးဆယ်ကျပ်သား

(၇) ထန်းဖို ထန်းလျက် ငါးဆယ်ကျပ်သား

(၈) ပွေးကိုင်း တစ်ဆယ်ကျပ်သား

(၉) ပဲခူးဆား ငါးကျပ်သား

ထိုဆေးနည်းကို ကိုယ်တိုင်ဖော်စပ်၍ လည်းကောင်း၊ ဆေးနည်းကို လည်းကောင်း မျှဝေဒါနပြုခဲ့ဖူးပါသည်။ နက္ခတ္တ ရောင်ခြည် စာဖတ်ပရိသတ်များအကျိုးငှာ ဖော်ပြလိုက်ရပါသည်။

ကြွေပုပ်၊ ဂုံညင်းဆံ၊ လိပ်ကျောက်ခွံ၊ အလိုကျူ၊ စမုံမျိုးငါးပါး၊ ပွေးကိုင်းတို့ကို အမှုန့်ပြုရပါသည်။ မန်ကျည်းသီးမှည့်ကောင်းကောင်း(အနှစ်ချထားပြီး) ၅၀ကျပ်သား၊ ထန်းဖိုဦး ထန်းလျက် ၅၀ကျပ်သားနှင့်ရော၍ ဆေးကျောက်ပျဉ်မှာ အညက်ကြိတ်ရပါသည်။ ၎င်းနောက် ပဲခူးဆား ၅ကျပ်သား ထည့်၍ နာနာတေရပါသည်။

ဆေးအကျိုးကား ညစဉ် ကြွေငွန်းနှင့် တစ်ငွန်းစားပြီး ရေအဝသောက်ပါ။ အညောင်းအညာမရှိ၊ တောင့်တင်း ကိုက်ခဲခြင်းကင်းကာ ဆီးပူ ဆီးချုပ် မှချပျောက်တဲ့ ဆေးနည်းပါ။ ဒူလာ၊ မီးယပ်ရောဂါဟူသမျှ ပျောက်ကင်းပါသည်။

* * *

အောင်စည်တိုး(ဇေယျဝတီ)

(ဆေးနည်းညွှန်ပြခဲ့သော အဘိုး ဆရာတော် ဦးလက္ခဏာ ဇီးခုံ ဆရာတော်(ပျံလွန်)အား ဤစာစုဖြင့် ကန်တော့ပါ၏။)



www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုနှင့်ကြောင်နက်



www.burmeseclassic.com

www.burmeseclassic.com



မောင်ညိုသည် တာမွေ တရုတ်သင်္ချိုင်းအနီးရှိ သူ၏ အိမ်သို့ ပြန်လာသည်။

အိမ်တံခါးသော့ကို ဖွင့်လိုက်စဉ် "ညောင်"ဟု အသံကြား၍ အောက်သို့ ငုံ့ကြည့်လိုက်ရာ ကြောင်နက်တစ်ကောင်ကို တွေ့လိုက်ရသည်။

အလင်းရောင် ရှိနေသေး၍ ကြောင်ကို သူမြင်ရသည်။ ဝဖြိုးသော ကြောင်တစ်ကောင်မဟုတ်သော်လည်း ကြောင်၏ မျက်လုံးနှစ်လုံးမှာ အနက်ရောင် တောက်နေသည်။

"ညောင်"

"ဘယ်က ကြောင်လဲ။ ငါ့အိမ်ထဲမှာ ဘာမှစားစရာမရှိဘူး"

မောင်ညိုသည် အိမ်သော့ကို ဖွင့်ပြီး အိမ်ထဲ ဝင်လိုက်စဉ် ကြောင်နက်က သူ့ထက်ဦးစွာ အိမ်ထဲရောက်သွားပြီး "ညောင်"ဟု အသံပြုလိုက်သည်။

"မင်း・・・ဘယ်ကလဲ၊ မင်းကို ငါ အရင်က မတွေ့ဘူးပါဘူး"

မောင်ညိုသည် ထိုသို့ပြောပြီးနောက် အိမ်ရှေ့ခန်းရှိ စားပွဲပေါ်မှ သစ်သားမီးခြစ်ကို ယူ၍ ခြစ်လိုက်ပြီး စားပွဲပေါ်ရှိ တစ်တိုင်တည်းသော ဖယောင်းတိုင်ကို မီးထွန်းလိုက်သည်။

သူ့အိမ်မှာ ၁၀ပေ၊ ပေ၂၀ အိမ်ငယ်လေးသာ ဖြစ်သည်။ သူ့အိမ်နံဘေး တွင် အခြားအိမ်များမှာလည်း ကပ်နေသောကြောင့် အိမ်ထဲတွင် မှောင်နေခြင်းဖြစ်သည်။

တစ်လလျှင် နှစ်ဆယ်ကျပ်ပေးရသော ထိုအိမ်တွင် သူငှားနေလာသည်မှာ [illegible]နှစ်ခန့်ရှိလေပြီ။ ရန်ကုန် မြို့နီးစီးယံ မော်တော်ယာဉ်ဌာနတွင် အောက်တန်း

www.burmeseclassic.com



စာရေးတစ်ယောက်ဖြစ်သော မောင်ညို သည် အိမ်လခကို လစဉ်မှန်မှန်ပေး နိုင်ရန် အတော်ကြိုးစားနေရ၏။ လူပျို လူလွတ်တစ်ယောက်ဖြစ်သော မောင် ညိုသည် လောင်းကစား ဝါသနာပါ သောကြောင့်ဖြစ်၏။

မောင်ညိုသည် ဖယောင်းတိုင် အကူအညီဖြင့် သူ၏ အိပ်ခန်းငယ်ထဲ ဝင်သွားစဉ် သူ့အိပ်ရာခြေရင်းတွင် ခွေခွေကလေးအိပ်နေသော ကြောင် နက်ကို တွေ့လိုက်ရသည်။

ထိုအခိုက် လမ်းထိပ် ထမင်း ဆိုင်မှ ထမင်းချိုင့်လာပို့သည်။ မောင်ညို သည် ညနေစာအတွက် တစ်လ ကျပ် သုံးဆယ်ဖြင့် ထမင်းလခပေးစားနေသူ ဖြစ်သည်။ နံနက်စာကိုမူ ဖြစ်သလို စား၏။

မောင်ညိုသည် အဝတ်အစားလဲ ပြီးနောက် အိမ်နောက်ဖေး ထမင်းစားပွဲ ဝိုင်းတွင် ညစာစားနေစဉ် ကြောင်နက် သူ့အနားရောက်လာသည်။

"ညောင်"

"မင်း ဆာနေပြီလား"

မောင်ညိုသည် ထိုသို့ပြောပြီး ကြမ်းပေါ်တွင် သူ့ပန်းကန်ထဲမှ နယ်ပြီး သား ထမင်းနှင့် ငါးဟင်းကို လက် တစ်ဆုပ်ချကျွေးလိုက်သည်။ ကြောင် သည် ထိုထမင်းဟင်းကို ခပ်မှန်မှန်စား ပြီးနောက် မောင်ညိုအနီးမှ ထွက်ခွာ သွားသည်။

◆◆◆

နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးလာသော မောင်ညိုသည် အိပ်ရာခြေ ရင်းကို ကြည့်လိုက်ရာ ကြောင်နက်ကို တွေ့ရသည်။ ခွေခွေကလေးအိပ်နေ သော ကြောင်။

သူသည် ကြောင်ကို သေသေ ချာချာကြည့်ရာ ကြောင်ထီးဖြစ်ကြောင်း တွေ့ရ၏။

ခဏအကြာတွင် မောင်ညိုသည် အဝတ်လဲပြီး လမ်းထိပ်သွား၍ ကြောင် အတွက် "ကာကာ"ဆိုင်မှ နွားနို့ နှစ်ပြား ဖိုး ဝယ်လာသည်။ နွားနို့ကို နို့ဆီခွက်နှင့် ထည့်ယူလာသည်။ အိမ်ရောက်သော အခါ သံပန်းကန်ပြားအဟောင်းတစ်ချပ် ကို စင်ကြယ်စွာ ဆေး၍ နွားနို့ကို လောင်းထည့်ပြီး ကြောင်ကို တိုက် လိုက်သည်။

ထိုနေ့မှာ စနေနေ့။ နေ့ဝက် ရုံး တက်ရသောကြောင့် မောင်ညိုသည် အိမ်ကို သော့ခတ်၍ ရုံးသို့ သွားသည်။ ကြောင်သည် အိမ်ထဲ၌ ကျန်ရစ်သည်။

မွန်းတည့် ၁၂နာရီ ရုံးဆင်းသော အခါ မောင်ညိုသည် သိမ်ဖြူဈေးရှိ ဘတ်(စ်)ကားမှတ်တိုင်သို့ လာစဉ်…

"မောင်ညို…၊ မင်း မောင်ညို မဟုတ်လား"

ဟူသော အသံကြား၍ သူသည် ရပ်ပြီး နောက်သို့ လှည့်ကြည့်လိုက် သည်။ သူ့ကို ခေါ်သူအား သူ လှည့် ကြည့်သော်လည်း မမှတ်မိပေ။

"မောင်ညို…ငါ တင်ထွန်းလေ။ မင်း ငါ့ကို မမှတ်မိဘူးထင်တယ်"

ထိုသူက ပြောသည်။

"အေးကွာ၊ မတွေ့တာ ကြာ တော့၊ နောက်ပြီး မင်းက သိပ်ဝနေ တယ်"

မောင်ညိုက ပြောသည်။

"လာကွာ၊ ငါတို့ တစ်ခုခုစားကြ ရအောင်။ ငါကျွေးမယ်။ တစ်ချိန်က ဖဲဝိုင်းတစ်ဝိုင်းမှာ ငါရှုံးနေတုန်းက မင်း ငါ့ကို ငွေကျပ်တစ်ရာပေးဖူးတယ်ကွ"

ထိုအခါမှ မောင်ညိုသည် လွန်ခဲ့ သော ၅နှစ်ကျော်က သူနှင့် ဖဲရိုက်ဖော် ဖဲရိုက်ဖက် တင်ထွန်းကို မှတ်မိတော့ သည်။

"မင်း စားချင်တာ စားကွာ။ ငါ့ ပိုက်ဆံတွေ ရှိတယ်။ ငါ တောင် သွားပြီး အလုပ်လုပ်ရင်း အဆင်ပြေ တယ်ကွ"

တင်ထွန်းက ပြောသည်။

တင်ထွန်းနှင့် မောင်ညိုတို့သည် တရုတ်ထမင်းနှင့် ဟင်းများကို စာ သည်။

စားသောက်အပြီးတွင် တင်ထ သည် ကျသင့်ငွေကို ရှင်းပြီးနော မောင်ညို၏ အင်္ကျီအိတ်ထဲသို့ ငွေ တစ်ရာထည့်ရင်း…

"မင်း…သုံးချင်တာ သုံးကွ

ဟု ပြောသည်။

"ကျေးဇူးတင်တယ် သူငယ်ချ

မောင်ညိုက ပြောသည်။

ထို့နောက် သူတို့နှစ်ယော လူချင်းခွဲလိုက်ကြသည်။

သူ့အိမ်သို့ ပြန်ရောက်လာ အခါ မောင်ညိုသည် လ ဝယ်လာသော ထမင်းနှင့် ကြက်ချေ ကို ကြောင်နက်ကို ကျွေးသည်။

◆◆◆

နောက်တစ်နေ့သည် တန နေ့။

ကျိုက္ကစံ မြင်းပွဲရှိသည်။

တနင်္ဂနွေနေ့ နေ့လယ် ၁၂ ငွေ မောင်ညို မြင်းပွဲသို့ သွားသ

နှစ်ကျပ်တန်းမှ ဝင်ပြီး လောင်းသည်။

မောင်ညို ကံကောင်းလာသ

ထိုနေ့က သူသည် ငွေကျပ် နိုင်သည်။

ဖဲရိုက်ဝါသနာပါသော မောင် သည် မြင်းပွဲသို့ အပတ်စဉ် သွား ယခု သူသည် ငါးကျပ်တန်းမှ မြင်းလောင်းသည်။ ရေး တော့။ များများမနိုင်သ တ



www.burmeseclassic.com

www.burmeseclassic.com

ပွင့် ငါးရာကျပ်၊ တစ်ထောင်ကျပ်နိုင်
သည်။

ကြောင်နက် သူ့ထံ ရောက်လာ
ကတည်းက သူ လောင်းကစားတွင်
နိုင်သည်ကို သတိထားမိသည်။ တစ်ခါ
ကလေး ဖဲသွားရိုက်လျှင် သူ မရှုံးတော့
ကြောင်း သူ သတိပြုမိသည်။

ငွေရှင်လာသောကြောင့်
မောင်ညိုသည် အသားအရေစိုပြည်လာ
သည်။ အဝတ်အစားမှာလည်း တောက်
ပြောင်လာသည်။ သူ့ကို နှုတ်ဆက်သူ
များလာသည်။

လောင်းကစားသမား မောင်ညို
သည် အနိုင်ရငွေများကို ဖုံးပေါ်လအော
သုံး။

ကြောင်နက်ကြောင့် သူ့ကံ
တတာကောင်းလာသည်ဟု သူ ယုံ
ကြည်သည်။ ကြောင်အကြောင်းကို သူ
ည်သူ့ကိုမျှ မပြော။

သူ ကြာင်ကို အစား
ကောင်းကောင်းကျွေး၏။

အချိန်များ ကုန်လာသည်။

ကြောင်နက် သူ့ထံ ရောက်လာ
ပြီး သုံးနှစ်ကျော်ကျော်၊ လေးနှစ်ခန့်
အကြာတွင် မောင်ညိုသည် သူနေသော
ခန်းထဲမှ ပျဉ်ထောင်အိမ်ကောင်း
ကောင်းတစ်လုံးကို ဝယ်ယူလိုက်သည်။

ငွေရှင်နေသော မောင်ညိုအနား
တွင် အမျိုးသမီးကြီး/ငယ်များ ဝိုင်းဝိုင်း
လည်နေသည်။ သို့သော် မောင်ညို
သည် မိန်းမများနှင့် ခပ်တန်းတန်းနေ၏။

သို့သော်လည်း မြင်းပွဲတွင် သူနှင့်
သိသနာတူပြီး သူ့ထက် ၁၀နှစ်ခန့်ငယ်
သော အင်္ဂလိပ်-မြန်မာ ကပြားမလေး
ဆူဇီနှင့် တွေ့သောအခါ မောင်ညို၏
အသည်း အရည်ပျော်သွားသည်။

မြင်းပွဲတွင် အနိုင်ရသည်က များ
သော မောင်ညိုကို အရှုံးများသော
ဆူဇီက···

"ရှင့်ဆီမှာ အဆောင်ကောင်းရှိ
တယ် ထင်တယ်"

ဟု ပြောရာ မောင်ညိုက···

"ရှိတယ်"

ဟု ပြောသည်။

မောင်ညိုသည် ဆူဇီနှင့် တွေ့မှ
အရက်သောက်တတ်လာသည်။

ရက်များ ကြာလာသောအခါ
သူတို့နှစ်ယောက် ချစ်သူဖြစ်သွားကြ
သည်။

မြင်းပွဲသွားလိုက်ကြ၊ ဟိုတယ်
တက်လိုက်ကြနှင့် မောင်ညိုတွင်
အိမ်ရှင်မ မရှိကြောင်း ဆူဇီ သိသွား
သည်။ ထို့ကြောင့် တစ်နေ့ညနေတွင်
မောင်ညိုအိမ်သို့ ဆူဇီရောက်သွားသည်။

"အိုး···အချစ်ရယ်၊ ကိုယ်တို့
လက်ထပ်ပြီးရင် ဒီအိမ်ကို ဒီ့ထက်လှ
အောင် ပြုပြင်မယ်"

ဟု ဆူဇီက ပြောပြီး အိမ်ထဲ
လျှောက်ကြည့်ရာ အိပ်ခန်းထဲ၌ ခွေခွေ
ကလေးအိပ်နေသော ကြောင်နက်ကို
ဆူဇီ တွေ့လိုက်သည်နှင့်···

"အိုး···ဂေါ့"

ဟု ဘုရားတပြီး အိမ်ရှေ့သို့
အပြေးထွက်သွားသည်။

"မင်း···ကြောင်ကို ကြောက်
တယ်ထင်တယ်။ အဲဒီကြောင်ဟာ
ကိုယ့်ရဲ့ အဆောင်ပဲ"

ဟု မောင်ညိုက ပြောလိုက်
သည်။

"ညောင်···"

ကြောင်နက်သည် အသံပေးရင်း
အိမ်ရှေ့သို့ ထွက်လာသည်။

"မောင်းထုတ်···မောင်းထုတ်၊
ကျွန်မ ကြောက်တယ်"

ဆူဇီသည် သွေးဆုတ်နေသော
မျက်နှာဖြင့် မောင်ညိုကို ဖက်တွယ်ပြီး
ပြောလိုက်သည်။

မောင်ညိုသည် ကြောင်နက်
အနားသွား၍ ကြောင်၏ လည်ကုပ်ကို
ကိုင်လိုက်သည်။ သို့သော် ကြောင်
သည် လျင်မြန်စွာ တိမ်းရှောင်ရင်း
"ညောင်"ဟု ကျယ်လောင်စွာ အသံပြု
၍ အိမ်ပေါ်မှ ဆင်းသွားလေတော့
သည်။

ကြောင်နက် မရှိတော့သည့်
နောက် လောင်းကစားအလုပ်တွင်
မောင်ညိုတစ်ယောက် အရှုံးနှင့် ရင်ဆိုင်
ရလေတော့သည်။

ဆူဇီသည် မောင်ညိုနှင့် လက်
ထပ်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ရ
လေတော့သည်။

မောင်ညို၏ ငွေများ တတိတိနှင့်
ကုန်လာသည်။

"ကြောင်နက်ဟာ ဆူဇီကို
သူ့ထက် ပိုချစ်တာ သိလို့ ငါ့ကို စွန့်သွား
တာပဲ"

မောင်ညို နောင်တရသည်။

မောင်ညိုတွင် ငွေများ မရှိတော့
မှန်း သိသောအခါ ဆူဇီသည် မောင်ညို
ကို အပြီးပိုင် ကျောခိုင်းသွား၏။

နောက်ဆုံး၌ မောင်ညိုသည်
လူ့မွဲတဝသို့ ပြန်ရောက်သွားပြီး အရက်
၏ ကျေးကျွန်ဖြစ်ရင်း တရုတ်သင်္ချိုင်း
ထဲ၌ လူ့ဘဝကို ကျောခိုင်းသွားလေ
တော့၏။■


* * *

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

အခု ကျွန်တော်ပြောပြမယ့် အဖြစ်အပျက်တွေရဲ့ မူလ ဟောကိန်းရှင်ကတော့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက် မြို့နယ်ဦးစီးမှူးလည်းဖြစ်ပြီး ကျွန်တော့်ဘဝမှာ ကြုံတွေ့ဖူးသမျှ ချစ်ခင်လေးစားရတဲ့ မိတ်ဆွေတစ်ဦးလည်း ဖြစ်တယ်။ ကျွန်တော်က တောင်းဆိုရခြင်းမရှိဘဲနဲ့ ခြံဝင်းချင်းကပ်နေတဲ့ မြို့နယ်တရားရုံးထဲအရောက် ကျွန်တော့်ကို ဖိတ်ခေါ်သွားတယ်။ ကျွန်တော်တို့နှစ်ယောက် မြို့နယ်တရားရေး ဉက္ကဋ္ဌနဲ့ တွေ့ကြတော့ အကျိုးအကြောင်း ဘာမှမပြောဘဲ တရားရုံးကျမ်းစာထုပ်ကိုင်ပြီး ဒီလို ရွတ်ပြလိုက်ပါတယ်။

လုပ်ငန်းစစ် ဉက္ကဋ္ဌအား ကျွန်ုပ်ပြောပြသော ဟောကိန်းသည် သိကြားမင်းကိုယ်တိုင်ဝင်ပူး၍ ပြောပြသော အကြောင်းခြင်းရာ ၅ရပ်အနက်မှ ၃ရပ်ဖြစ်သည်မှာ မှန်ကန်ပါ၏။ မမှန်မကန်ထွက်ဆိုခြင်းဖြစ်ပါက ထွက်ဆိုသော ကျွန်ုပ်အား ဤကျမ်းစာအတိုင်း စူးပါစေ။ မှန်ကန်စွာ ထွက်ဆိုခြင်းဖြစ်ပါက ကျွန်ုပ်၌ ရာထူးတိုးမြှင့် ခံစားရပါစေ"

"အလို . . . စာရင်းရုံး ဦးစီးမှူး ဘယ်မှာ ဘယ်လိုဖြစ်လာလို့ ကျမ်းကိုင်နေတာတုန်းဗျ"

"အေးဗျာ၊ ကျွန်တော်လည်း ဦးစီး ကျမ်းကိုင်မယ်လို့ မထင်ထားဘူးလေ။ အဖြစ်က ဒီလို . . . ဒီလို . . ."

တရားရေး ဉက္ကဋ္ဌက မေးတာကို ဦးစီးမှူးအစား ကျွန်တော်ကပဲ အဖြေပေးလိုက်ပါတယ်။

"ဒီကနေ့ ဆည်မြောင်းဦးစီးရုံးရဲ့ အစီရင်ခံစာ မူကြမ်းညှိနှိုင်းပွဲလုပ်ကြတယ်ဗျ။ ညှိနှိုင်းပွဲအပြီးမှာ တခြားအဖွဲ့ဝင်တွေ၊ ဆည်မြောင်းတာဝန်ခံတွေ၊ စာရင်းရုံး ဝန်ထမ်းတွေ ပြန်သွားကြတော့ ကျွန်တော်နဲ့ ဦးစီးမှူးတို့က အိမ်မပြန်သေးဘဲ စကားပြောဖြစ်ခဲ့ကြတယ်။ မြို့နယ်ရဲ့ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး အစုံပါပဲဗျာ။ စကားဝိုင်းမသိမ်းခင် ဦးစီးမှူးက ထူးထူးဆန်းဆန်း စကားတစ်ခွန်းပြောခဲ့တယ်။ တစ်နေ့မနက်က သူ့ကိုယ်ခန္ဓာမှာ သိကြားမင်း ဝင်ပူးလာသတဲ့ဗျာ။ တစ်ဆက်တည်းဆိုသလို သိကြားမင်း ပြောပြသွားတဲ့ ဟောကိန်းသုံးရပ်ကိုလည်း ဟောဒီလို စာနဲ့ ရေးပြသေးတယ်လေ"

မြို့နယ်တရားရေး ဉက္ကဋ္ဌက နားထောင်ရင်း ပါးစပ်ကြီးဟောင်းလောင်းအပွင့်သားနဲ့ ကျွန်တော်လှမ်းပေးတဲ့ စာကို ယူဖတ်လိုက်တယ်။ တရားသူကြီးပီပီ မေးခွန်းထုတ်နေပြန်တယ်။

(၁) ၁၉၈၄ ခုနှစ်၊ နွေဝင်ကာလတွင် မဲနယ်တောင်ပေါ်၌ အစိုးရ လေကြောင်းပိုင် ခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျ ဆုံးရှုံးမည်။

(၂) ၁၉၈၆ ခုနှစ်၊ ဧပြီလတွင် အဓိဋ္ဌာန် သာမဏေ၏ အာနုဘော်ဖြင့် သဘာဝ ထမ့်ပန်းလိုဏ်ဂူထွက်ပေါ် ထင်ရှားမည်။

(၃) ၁၉၈၇ ခုနှစ်၊ မေလတွင် မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး လှုပ်ရှားမှု အောင်မြင်မည်။

"ဒါပဲလား၊ ကျန်တဲ့ ဟောကိန်းနှစ်ခုရော မပါဘူးလား"

"ဟုတ်ပါတယ်။ ကျွန်တော် တမင်ချန်ထားတာပါ။ ဒီဟောကိန်းသုံးရပ် အမှန်ဖြစ်လာပြီလို့ ဆုံးဖြတ်နိုင်တဲ့အခါ အဲဒီ နှစ်ရပ်ကို ကျွန်တော်ပြောပေးပါ့မယ်။ အဲဒီ နှစ်ရပ်က တစ်နိုင်ငံလုံးရဲ့ နိုင်ငံရေးဘဝကြီးနဲ့ သက်ဆိုင်နေတာမို့ ကျွန်တော်ကိုယ်တိုင် မယုံကြည်နိုင်သေးတော့ ပြောထွက်ဖို့ ခက်ခဲနေတာပေါ့ဗျာ"

ဦးစီးမှူး ရေးပြတဲ့ ဟောကိန်းတွေ ဖြစ်ပျက်လာမယ့် ရှေ့ သုံးလေးနှစ်မှာ သူလည်း ကျွန်တော်နဲ့ အတူတကွ အလုပ်လုပ်နေရဦးမယ်ဆိုတာ ကျွန်တော် သတိပြုမိတယ်။ သူ့ဟောကိန်းမှန်လို့ သူတောင်းဆုပြည့်ပြီး သူ ရာထူးတိုးသွားမှာကို ကျွန်တော်လိုလားပါတယ်။ ဒါပေမယ့် ဟောကိန်း မမှန်ခဲ့ရင် သူ ကျမ်းစူးနေမှာကိုတော့ ကျွန်တော် မမြင်ချင်ပါဘူး။

(၂)

ကျွန်တော်က ရှမ်းစော်ဘွားအနွယ်ရဲ့ ဟိန်မျိုးဆက် နောက်ဆုံးအုပ်စု လက်ကျန်တစ်ဦးဖြစ်တယ်။

မြို့နယ်အတွင်းနေ ရှမ်းလူထုအပေါ် အတော်အတန် ဩဇာရှိနေတာမို့ မြို့နယ်ပါတီယူနစ်က ဒီတစ်ပတ် မြို့နယ်ကောင်စီသက်တမ်းမှာ ကျွန်တော့်ကို မြို့နယ်လုပ်ငန်းစစ် ဉက္ကဋ္ဌအဖြစ် တင်မြှောက်ပေးထားတယ်။ ဉက္ကဋ္ဌသက်တမ်း ၂နှစ်မပြည့်သေးခင် မြို့နယ်ဦးစီးမှူး သက်ပြည့် အငြိမ်းစားယူသွားတော့ လက်ရှိ ဦးစီးမှူးရောက်လာတာပေါ့ဗျာ။ သူက မွန်ပြည်နယ်မှာ ဦးစီးမှူးဖြစ်ခဲ့ပြီး ရှမ်းတောင်(သံလွင်မြစ်အနောက်ခြမ်း)က မြို့နယ်တစ်ခုမှာ ၂နှစ် အမှုထမ်းရာက ကျွန်တော့်ဆီ ပြောင်းရောက်လာတာပါ။

ကျွန်တော်တို့မြို့က တောင်ကြီးမြို့နဲ့ နီးကပ်နေပေမယ့် တည်းခိုခန်းရှိတဲ့ မြို့မဟုတ်ဘူးဗျ။ ဒီတော့ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com

နေစရာအိမ်ကို မငှားရသေးတော့ မှဆိုးမဖြစ်နေတဲ့ ကျွန်တော့် ခယ်မ ပိုင်တဲ့ အိမ်မှာပဲ ပေးနေဖို့ စီစဉ်လိုက်ရတယ်။ ခယ်မ ကိုတော့ ခုတင်၊ စားပွဲ၊ ကုလားထိုင် စတဲ့ ပရိဘောဂတွေ ချန်ထားစေပြီး အဝတ်အစား အသုံးအဆောင်နဲ့ လက်ဝတ် ရတနာတွေလောက်ပဲ ယူစေကာ ကျွန်တော့်အိမ်မှာ လာနေ ဖို့ ခေါ်လိုက်ရတာပါ။ ဦးစီးမှူးကိုယ်ပိုင်ပစ္စည်းတွေက ရှမ်း ဂျစ်နဲ့ အပြည့်ဆိုပေမယ့် ကျွန်းခုတင်က လွဲရင် လက်ဆောင် ပစ္စည်းထုပ် များတာမို့ အိမ်သေးသေးနဲ့ အဆင်ပြေသွားပါ တယ်။

ရောက်စ တစ်ရက် နှစ်ရက်မှာ တစ်ဦးတည်းပြောင်း လာတဲ့ ဦးစီးမှူးကို ကျွန်တော့်အိမ်မှာ မနက်၊ ညစာ ထမင်း ဖိတ်ကျွေးရင်း အကဲခတ်မိတယ်။ ဦးစီးမှူးရဲ့ စိတ်အနေ အထား၊ ပြောဆိုပြုမူဆက်ဆံပုံ၊ လုပ်ငန်းအယူအဆနဲ့ မိသားစု အိမ်ထောင်ရေးအခြေအနေအစ လက်လှမ်းတမီပေါ့လေ။ နောက်တော့မှ တောင်ကြီးကားဂိတ်အနီးက ဒေါ်ဖြူ ထမင်း ခေါက်ဆွဲဆိုင်အထိ ခေါ်သွားပြီး လပေးစနစ်နဲ့ လက်ခံ ကျွေး ပေးဖို့ ညှိနှိုင်းအပ်နှံပေးလိုက်တယ်။

အခု ဦးစီးမှူးက လူရိုးလူဖြောင့်၊ သတ္တိရှိပုံရပြီး ရတနာ သုံးပါးကိုင်းရှိုင်းတယ်။ စာရင်းစစ်အရာရှိပီပီ စည်းမျဉ်း စည်းကမ်းလိုက်နာမှုမှာ အမှားမခံတတ်ဘဲ လွန်ကျူးတာ တွေ့နေရင် ဥပဒေနဲ့အညီ ပြောဆိုလေ့ရှိပါတယ်။ ပြည်နယ် ရုံးမှာ သူ့ပြောင်းရွှေ့အမိန့်ထွက်လာတာနဲ့ သူ့အကြောင်းကို ကျွန်တော်က စုံစမ်းသိရှိနေပြီးသားပါ။ သူ ယူထားခဲ့တဲ့ ဘွဲ့ က စာရင်းစစ်ရုံးနဲ့ ဘာမှမဆိုင်တဲ့ ဝိဇ္ဇာ(ဘီအေ)ဘွဲ့၊ ဒါပေမယ့် ဌာနတွင်း သင်တန်းတွေမှာ ထူးချွန်ပြီး ရုံးအုပ်တန်းနဲ့ အရာရှိ စာမေးပွဲတွေမှာ အောင်မြင်ခဲ့လို့ မြို့နယ်ဦးစီးမှူးဖြစ်လာသူ ပါ။ ရှမ်းပြည်နယ် မရွှေ့ရသေးခင် အထက်တန်းရှေ့နေ စာ မေးပွဲအောင်ပြီး ရှေ့နေလိုင်စင်တောင် ရထားခဲ့ပြီလို့ သိရပါ တယ်။

အတွင်းသိ လက်ထောက် ပြည်နယ်စာရင်းစစ်အရာရှိ တစ်ယောက်ပြောတာက "ဘိုးဟိန်ရဲ့ ဦးစီးမှူးက ဘာသာရေး ဆောင်းပါးတွေ ရေးလေ့ရှိတဲ့ စာရေးဆရာပဲ"တဲ့။ ဒေသပါတီ ကော်မတီရုံးရောက်တော့လည်း ရုံးစာရေးကြီးက ကျွန်တော့် ကို ဒီလိုပြောပြလိုက်သေးရဲ့ဗျာ။

"ဥက္ကဋ္ဌကြီးဆီ ရောက်လာမယ့် ဦးစီးမှူးက တင်းပြည့် တစ်ယောက်ပါပဲခင်ဗျာ"

၁၉၇၄ ခုနှစ် သင်္ကြန်အလွန်မှာ ဦးစီးမှူးရဲ့ မိသားစုနဲ့ ဇနီးရောက်လာတယ်။ ဇနီးက အလယ်တန်းပြ ဆရာမဖြစ် လေတော့ အထက်တန်းကျောင်းမှာ ပြောင်းရွှေ့အမိန့်နဲ့တက
အလုပ်ဝင်ရတယ်။ ကျွန်တော်သိထားတဲ့ ဦးစီးမှူးရဲ့ သားသမီး
ခြောက်ယောက်စလုံး လိုက်မလာကြဘူး။ ၁၀ တန်း သမီးကြီးနဲ့
၉တန်း သားကြီးတို့က အဒေါ်များနဲ့ နေရစ်ကြတယ်
မိသားစုရောက်လာတဲ့အတွက် ကျွန်တော့်ခယ်မ နေအိမ်က
ဦးစီးမှူးကို လစ်လပ်သွားတဲ့ ကောင်စီရုံးပိုင် ဝန်ထမ်းနေအိမ်
တစ်လုံးမှာ နေရာချပေးလိုက်ပါတယ်။ ခြိုးခြံချွေတာတဲ့
မိသားစုနေထိုင်နည်းကို ကျွန်တော်လေ့လာခွင့် ရရှိခဲ့တယ်

(၃)

မိသားစု ရောက်လာပြီးနောက် သီတင်းကျွတ်ထ
ကျောင်းပိတ်ရက်တွင်မှ ဦးစီးမှူးထံ သိကြားမင်း ဝင်ပူးခြင်း
ဖြစ်တယ်လို့ ပြောခဲ့တာပါ။ ဒီအဖြစ်မျိုးက ဆန်းတော့ ဆ
သား။ ရိုးဖြောင့်တယ်၊ မလိမ်ညာတန်ဘူးလို့ ဦးစီးမှူး
ကျွန်တော်က အကဲဖြတ်ထားတော့ သံသယကင်းအော
မြို့ဦးကျောင်း ဆရာတော်ကြီးထံ ချဉ်းကပ် လျှောက်တင
မိတာပေါ့လေ။ သေချာအောင်လို့ပါ။ ယုံကြည်ချင်ပေမယ့်
ဘဝင်မကျဘူး ဆိုတာမျိုး။

သိကြားမင်းက လူ့ကိုယ်ခန္ဓာမှာ ဝင်ပူး၊ မပူးကိစ္စ
ဆရာတော်ကြီးက ဒီလို ရှင်းပြပေးတယ်။

"ဒကာ ဘိုးဟိန်··· ကျုပ်ကြည့်ဖူးတဲ့ ဝိနည်းမဟာ
အဋ္ဌကထာမှာ တွေ့ခဲ့တာကို ပြောရရင် သိကြားမင်း
တက္ကသီလာမြို့နေ ဒိသာပါမောက္ခကြီး ကိုယ်ခန္ဓာမှာ မကြာ
မကြာ ပူးဝင် ကပ်ရောက်လေ့ရှိသတဲ့။ အဲဒီလို ပူးဝင်နေခိုက်
တသင်သားကြီး ပညာကျော်ဇီဝကကို လျှို့ဝှက်ပြီး အခေါ်
လွှတ်ပါသတဲ့။ ဇီဝက ရောက်လာတဲ့အခါ လျှို့ဝှက်တဲ့ အခန်း
မှာ လျှို့ဝှက်တဲ့ ဆေးပညာနဲ့ ကုနည်းကုထုံး အတတ်ပညာ
တွေကို နှစ်ကိုယ်တည်း ကြားမြင်သိရုံ သင်ပြ ပို့ချပေးသတဲ့
အဲဒီ ဇီဝကဟာ နောင်အခါ မြတ်ဗုဒ္ဓရဲ့ ဆေးသမားအလုပ်
အကျွေး ဒါယကာဖြစ်လာမှာမို့ သိကြားမင်းက အဲဒီနည်းနဲ့
ပို့ချစေတာဖြစ်တယ်။

မြို့ဦးကျောင်းဆရာတော်ကြီးရဲ့ အဖြေစကားအရ လူ့
ကိုယ်ခန္ဓာမှာ သိကြားမင်း ဝင်ပူးနိုင်တာ၊ ဝင်ပူးလေ့ရှိတာ
တော့ မှန်ပါပြီ၊ ဦးစီးမှူးခန္ဓာကိုယ်မှာ တကယ်ဝင်ပူးပြီး ပြော
ပြတာက အစစ်ဟုတ်ပါရဲ့လား။ ဒီလိုမှမဟုတ်ရင်လည်း
ဦးစီးမှူး သမထအကျင့်မှန်ကို အမြင်အကြားပေါက်နေသ
သလား။ သမထ မဟုတ်ရင်လည်း ဦးစီးမှူးကို စိတ်ဓာ
ဆန်းကြယ်တဲ့ စာရေးဆရာတစ်ဦးလို့ မှတ်ထားရမလေ
မလား။



www.burmeseclassic.com

www.burmeseclassic.com



စာရင်းစစ်အရာရှိ၏ အလုပ်ကား ကိန်းဂဏန်းသင်္ချာ အထောက်အထားပြုရသဖြင့် စိတ်ကူးယဉ်အလုပ် တ်ပါ။ ဒါပေမယ့် စာရေးဆရာ၏ အလုပ်မှာ သင်္ချာ က်တကို ပကတိအတိုင်း ရှုမြင်နေပါလျက် သင်္ချာနဲ့ က်တအမှတ်အသားတို့အကြား စိတ်ကူးအလွန့်အလူး ကြားညှပ် ကွန့်မြူးနေလိမ့်မယ်။ နောက်ဆုံးတွင် သင်္ချာ စိန့်ခြူးပန်း၊ စိန့်ခြူးနွယ် ကနုတ်ပန်းသဖွယ် ထင်မြင်ရ င် ရေးခြယ် ဖန်တီးပြုရတဲ့ အလုပ်ဖြစ်တန်ရာတယ်လို့ ချက်ပြုရမှာလား။

စာရေးဆရာအဖို့ အကျည်းတန် အရုပ်ဆိုးလှတဲ့ ပဒ္မပါဝီ လည်း လှမျိုးစုံ ကညာသီဂီရုပ်ပမာ ရှိကောင်း ရှိပါလိမ့် ။ ဥမ္မာဒန္တီ၊ ခေမာမိဖုရားတို့ရဲ့ ဆင်းဟန်သွင်ပြင် ကြန် င်လက္ခဏာပြည့်စုံပြီး မြင်ရသူတိုင်း မူးရူးစေတဲ့ မဟာဆီ လှသွေးကိုတော့ ၃၂ပါး အစုအဝေးအဖြစ် တွေးကောင်း ူးဖွယ်၊ ရေးကောင်း ရေးခြယ်နိုင်ပါလိမ့်မယ်။

ဦးစီးမှူးကိုယ်တိုင်ကလည်း သူပြောပြတဲ့ ဟောကိန်း ကျွန်တော် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေမှန်း ကောင်း ရိပ်မိနေပုံရပါတယ်။ ယုံပါတယ်ဗျာလို့ ပြောလိုက်တဲ့ ကျွန်တော့်စကားကို ဦးစီးမှူးက မယုံခဲ့ပါ။

"ဥက္ကဋ္ဌကြီးကို ယုံကြည်အောင် ကျွန်တော်တိုက်တွန်းတာတော့ မဟုတ်ဘူးနော်။ ကျွန်တော့်ဇနီးကို မေးပြီး တောင်းကြည့်လိုက်ပါ။ သိကြားမင်း ဝင်ပူးတုန်းက ပြောခဲ့တဲ့ အချက်တွေကို သူ့လက်ရေးနဲ့ လိုက်မှတ်ထားတဲ့ စာရွက်သက်သေ ရှိပါတယ်"

ဦးစီးမှူး၏ စကားကြောင့် "ငါ့မယုံရင် ငါ့မယား မေးကြည့်"ဆိုတဲ့ စကားပုံဖြစ်စဉ်ကို ပြေးမြင် သတိရတယ်။ ဆရာမတစ်ဦးဖြစ်တဲ့ သူ့ဇနီးကလည်း ရိုးသားတည်ကြည်စိတ်နဲ့ သူ့လက်ရေးစာရှိကြောင်း ပြောဆိုဝန်ခံပါတယ်။ သည်စကားအထိ ရောက်လာပြီးမှ ကျွန်တော်က သံသယမျက်လုံးအစုံနဲ့ မယုံသင်္ကာမျက်နှာထားပြနေရင် လူကြီး မပီသသူ၊ မယဉ်ကျေးသူ ဖြစ်တော့မယ်မဟုတ်လား။ ကျွန်တော် ရာခိုင်နှုန်းပြည့် ယုံကြည်လိုက်ပါပြီ။

ဒီကိစ္စမှာ ဦးစီးမှူးက မထင်မှတ်တဲ့ ကျမ်းကိုင်မှုကို တရားရေးဥက္ကဋ္ဌရှေ့မှာပဲ ပြုလုပ်ခဲ့လို့ သက်သေတစ်ဦးရှိနေပါသေးတယ်။ အခုဆိုရင် ဒီဟောကိန်း သုံးရပ်ကို မှတ်သားသိရှိပြီး စောင့်ကြပ် နားထောင်ကြမယ့် လူပုဂ္ဂိုလ်စာရင်းက ဦးစီးမှူးတို့ ဇနီးမောင်နှံ နှစ်ယောက်နဲ့ ကျွန်တော်တို့ ဥက္ကဋ္ဌ နှစ်ပါးပဲ ရှိပါတယ်။ တစ်လမကြာပါဘူး၊ သိရတော့မှာပါ။

(၄)

နေပြည်တော် မပေါ်သေးမီခေတ်က မြန်မာ့လေကြောင်းလိုင်းမှာ မန္တလေး၊ စစ်တွေ၊ ကျိုင်းတုံ၊ တာချီလိတ်၊ ထားဝယ်၊ ကော့သောင်းမြို့တွေအထိ ရန်ကုန်လေဆိပ်က တိုက်ရိုက် ပျံသန်းတဲ့ ခရီးစဉ်များ ရှိထားပါတယ်။ နောက်တစ်မျိုးကိုတော့ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက် ခရီးသည်အတက်အဆင်းရှိတဲ့ လေယာဉ်ကွင်းတိုင်းမှာ ဆင်းသက်တာမို့ ကျွန်းပတ်ခရီးစဉ်လို့ ခေါ်တယ်။ ရန်ကုန်၊ ဟဲဟိုး၊ လားရှိုး၊ မန္တလေး၊ ကျိုင်းတုံဆိုတဲ့ ခေါက်တို ခရီးစဉ်များ ရောပြွမ်းပါဝင်နေတာကို ဘယ်လို အမည်တပ်သလဲ ကျွန်တော် မသိဘူး။ တောင်ကြီးသား မိတ်ဆွေ တစ်ဦးရဲ့ အမည်ပေးပုံက ဒီခရီးစဉ်ဟာ ရှင်ပြုမင်္ဂလာပွဲလှည့်လည်တဲ့အခါ ဘုရားရှေ့မှောက် ဦးတိုက်လိုက်၊ ဘိုးဘိုးကြီးနတ်ကွန်းမှာ ပ,သလိုက်၊ ရိုးရာနတ်စင်မှာ ရှင်လောင်းပြသလိုက်နဲ့ အချိန်ကြာတတ်တာချင်း တူနေလို့ "ရှင်ပြုခရီးစဉ်" တဲ့ဗျာ။

ပြောချင်တာက အဲဒီ ရှင်ပြုခရီးစဉ်အတိုင်း လေယာဉ်ပျံသန်းပါမှ ဟဲဟိုးနဲ့ ကျိုင်းတုံအကြား ရှိနေတဲ့ အဲဒီ မဲနယ်



www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းကြီးကို ဖြတ်ကျော်ရမှာ ဖြစ်ပါတယ်။ တိုက်ရိုက်နဲ့ ကျွန်းပတ်ခရီးစဉ်အတိုင်း စီးနင်းလိုက်ပါသူတွေအဖို့ မဲနယ်တောင်တန်းကြီးကို မြင်တွေ့နိုင်မှာ မဟုတ်ပါဘူး။

*နိုဝင်ဘာလဆန်းပါပြီ။ တောင်ကြီး တန်ဆောင်တိုင်* ကာလ မီးပုံးပျံပွဲကြီး စတင်တဲ့အခါ ပါဝင်ဆင်နွှဲနိုင်ကြဖို့ နေရာရပ်ကွက်အလိုက်၊ အဖွဲ့အသင်းအလိုက်၊ ဌာနဆိုင်ရာအလိုက် လှုပ်ရှားပြင်ဆင်နေကြတာ မနေမနားပါပဲ။ ကျွန်တော်တို့ မြို့သူမြို့သားတွေဟာလည်း တောင်ကြီး တက်နွှဲဖို့ ကြိုးပမ်း ပြင်ဆင်နေကြတယ်လေ။ အားလုံးရဲ့ ပွဲတော်ကြီးကိုး။

တစ်နေ့ မွန်းလွဲ တစ်နာရီသာသာလောက်မှာ မြို့နယ်ကောင်စီရုံးက တယ်လီဖုန်း သတင်းရပါတယ်။

"တောင်ကြီး ပြည်နယ်ကောင်စီရုံးက တရားဝင် ဆက်တာပါ။ အရှေ့ဘက် တောင်တန်းကြီးပေါ်မှာ လေယာဉ်တစ်စင်း ဖြတ်ကျော် ဖြတ်သန်းနေခိုက် ရေဒီယိုအဆက်အသွယ် ပြတ်တောက်သွားတယ်။ တစ်ခုခုနဲ့ တိုက်မိပြီး ပျက်ကျသွားဟန်တူတယ်လို့ ခန့်မှန်းရတာကြောင့် မြို့နယ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး တောင်ပေါ်မှာ တောနင်းရှာဖွေဖို့ စီစဉ်ပါ"

ဒီသတင်းက မြို့ပေါ် အသိုက်အဝန်းနဲ့ နီးစပ်သူများအကြား ချက်ချင်းပျံ့နှံ့သွားတယ်။

မြို့နယ်ကောင်စီဥက္ကဋ္ဌနဲ့အတူ ကျွန်တော်က လိုက်ပါသွားပြီး မဲနယ်တောင်ကြောပေါ်က ရွာသစ်ရွာအစ၊ ပန်လျှန်းရွာအဆုံးထိ ကားတန်းကြီး ချီတက်ကြတယ်။ တချို့ လူမှုရေး ဝါသနာကြီးတဲ့ သူဌေးနဲ့ လိုင်းပြေး ကားပိုင်ရှင်တွေလည်း သူတို့အစီအစဉ်နဲ့ သူတို့ လိုက်လာကြတယ်လေ။ ကားပေါ် တက်ခါနီး ကျွန်တော့်ကို ရုံးထိုင် စီမံအဖွဲ့မှာ ကျန်ရစ်နေခဲ့မယ့် တရားရေးဥက္ကဋ္ဌက ဒီလို တီးတိုးစကားပြောကြားဖို့ အခွင့်အရေးရသွားခဲ့ပါတယ်။

"မြို့နယ်ဦးစီးမှူး ဟောကိန်းအတိုင်း ပထမအကြောင်းအရာက နှစ်ရယ်၊ လရယ်၊ နေရာရယ် တိုက်ဆိုင်နေပုံပဲဗျူ။ လေယာဉ်ပျက်စီး ဆုံးရှုံးမှုကို ဥက္ကဋ္ဌကြီးကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ လေ့လာနိုင်ဖို့ ဖြစ်နေပြီပေါ့ဗျာ"

သည်လေယာဉ်ပျက်ကျမှု သတင်းဟာ ကျွန်တော်တို့မြို့ရဲ့ အဆိုးရွားဆုံး သတင်းဖြစ်သလို၊ ကွယ်လွန်သွားကြသူများရဲ့ ဥတုဇရုပ်ကလာပ်အစုအပုံမြင်ကွင်းကြီးဟာလည်း မြင်ရသူတိုင်းရဲ့ ကြေကွဲစရာ အနိဋ္ဌာရုံ မြင်ကွင်းပါပဲ။ အခုလို ပလတ်စတစ်အိတ်ကြီးမျိုးနဲ့ ထုပ်ပိုးထားတဲ့ အစုအပုံဖြစ်လာအောင် ကျွန်တော်တို့ လူစုလူဝေးနဲ့ မနည်းမနော ထ[...]ပိုး စုဆောင်းခဲ့ကြရတယ်။ လျှိုမြောင်တောင်ကြားထဲ[...] လေယာဉ်ပျက်အပိုင်းအစများနဲ့ ကျိုးပဲ့ ပြတ်ထွက်နေ[...] လူ့အလောင်းတွေက တစ်စစီ ပြန့်ကြဲနေတာလေ။ မီးလော[...] ထားတာလည်း ရှိတာပေါ့ဗျာ။

ဦးခေါင်း၊ လက်၊ ခြေ အင်္ဂါအပြည့်အစုံရှိကြတဲ့ [...] အလောင်းတို့က နည်းပါးလှတယ်။ သည်အထဲမှ မျ[...] မည်ဝါလို့ အမည်တပ်ကာ ဆုံးဖြတ်ပေးနိုင်လောက[...] အထောက်အထားပြသနိုင်သူ၊ မိသားစု၊ ဆွေမျိုးရှိနေရင် [...] ရုပ်အလောင်းကို သူတို့ဘာသာ သူတို့ကိုးကွယ်မှု[...] အတိုင်း ပြုလုပ်ခွင့်၊ သင်္ဂြိုဟ်ခွင့်ပြုလိုက်ကြတယ်။

ကျန်တဲ့ အထုပ်တွေကတော့ လည်ပင်းပြတ်၊ ထ[...] မောင်းပြတ်၊ ခါးပြတ်၊ ဒူးပြတ် စတဲ့ အင်္ဂါစုံမရှိကြတဲ့ [...] အလောင်းတွေ။ ပြီးတော့ ဖူးရောင်ပုပ်ပွပြီး အနံ့ဆိုး[...] ထွက်နေကြတာ။ မိသားစုနဲ့ ဆွေမျိုးတွေက စိတ်ရှည်[...] နဲ့ စိစစ်ခွဲခြားကြပေမယ့် ကိုယ့်လူဟုတ်ရဲ့လား မကွဲပြား[...] ကိုယ့်လူအမှန်ပါပဲလို့ ပိုင်းဖြတ်ရမှာ ခက်ခဲနေကြ[...] နောက်ဆုံး လူစစ်တဲ့အလုပ် ရပ်စဲပစ်လိုက်ပြီး ဗုဒ္ဓဘာ[...] ထုံးစံနဲ့အညီ ရုပ်အလောင်းတွေကို သရဏဂုံတင်ကြရ[...] ကျန်သေးတဲ့ ဘာသာဝင်တွေလည်း စိတ်ကျေနပ်[...] သူတို့ဘုန်းကြီး၊ သူတို့ဘာသာစကားနဲ့ ရွတ်ဖတ်ခွင့် ပြ[...] ပါတယ်။

မဲနယ်တောင်တန်းနဲ့ ရေးရေစက်ရှိကြသူများအ[...] ကောင်းရာဂတိသို့ ဆိုက်ရောက်ကြပါစေ။

(၅)


၁၉၇၅ ခုနှစ်ထဲ ရောက်လာတော့ မြို့နယ် ပါတီ[...] မှာ လူအပြောင်းအလဲရှိလာတယ်။ ဥက္ကဋ္ဌနဲ့ အတွင်း[...] နေမြဲရာထူးရကြပေမယ့် ကော်မတီဝင်များနဲ့ အရန်[...] နေရာရွှေ့ ခြင်း ခံရတယ်။ တချို့ ပြုတ်ကျန်ရစ်တ[...] မြို့နယ် အလုပ်သမားနဲ့ တောင်သူလယ်သမား အစည်း[...] တွေလည်း ပြန်လည်ရွေးချယ်ပွဲတွေကြောင့် အလုပ်မှာ[...] တယ်။ ထုံးစံအတိုင်း ပြုတ်သူ ပြုတ်၊ တက်သူ တက်[...] လေ။ ကျွန်တော့်ဦးစီးမှူးလည်း အလုပ်သမားအစည်း[...] မြို့နယ်အဆင့်အထိ တက်လာတယ်။ အလုပ်အမှုဆော[...] အဖွဲ့မှာ ဒုတိယ ဥက္ကဋ္ဌရာထူးပိုင်ရှင်ပေါ့ဗျာ။

ရုံးပိတ်ရက်တစ်ရက် နေ့လယ်ခင်းမှာ အပြင်ကိစ္စ[...] နဲ့ သွားလာရင်း ဦးစီးမှူးနေအိမ်ကို လမ်းကြုံတာနဲ့ ကျွန်[...] ဝင်လည်လိုက်ပါတယ်။ သစ်ပြားခင်း ညှော့ခန်းကြ[...]



www.burmeseclassic.com

www.burmeseclassic.com



တားပွဲဝိုင်းမှာ မိသားစုဝိုင်းဖွဲ့ စားသောက်နေကြတာကို ရှုတာပေါ့။ ဇလုံလတ်လတ်တစ်လုံးထဲက အငွေ့နွေးပြီးသား လူးပြုတ်တွေကို တစ်ယောက် တစ်လုံးယူပြီး ချဉ်ငန်စပ် ည်နဲ့ တို့ပြီး စားနေကြတာဗျ။ ပျော်ပျော်ပါးပါးနဲ့ မြိန်မြိန် တ်ယှက်ရှိနေကြပုံပါပဲ။

ဦးစီးမှူးက ဖိတ်ခေါ်ကျွေးပေမယ့် ကျွန်တော်အမုန် းရည်ယိုပေမယ့် မစားဖြစ်ခဲ့ပါဘူး။ ဦးစီးမှူးရဲ့ ဇနီး၏ တ်ဖက်ပွဲနဲ့ ရေနွေးကြမ်းကိုပဲ သောက်သုံးခဲ့ပါတယ်။ ဦးစီး က ဆိုင်းမဆင့် ဗုံမပါ စကားပြောလာပါတယ်။

"ဥက္ကဋ္ဌကြီး··· ဒီတစ်ကြိမ် မြို့နယ်ကောင်စီအလုပ် အမှုဆောင် လျာထားစာရင်းမှာ အမည်ပါလာခဲ့ရင် ဥက္ကဋ္ဌ ကြီး ဘယ်လိုတုံ့ပြန်မှာလဲ။ ဆက်လုပ်မှာလား၊ အနားယူ တော့မှာလား"

"သာမန် သိချင်ရုံလောက်နဲ့ မေးတာ မဟုတ်ဘူး ထင်တယ်။ ကျွန်တော့်မိသားစုက အနားယူဖို့ တိုက်တွန်း နေကြတယ်။ အသက်ကြီးလာပြီဆိုတော့ အမျိုးမျိုးစဉ်းစားနေ ရတာပေါ့။ ဦးစီးမှူးမှာ ပြောစရာရှိနေလို့လား"

"ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး။ စဉ်းစားနေဆဲဆိုတော့ ကျွန်တော် အကြံပြုချင်ပါတယ်။ တတိယ ဟောကိန်းမှာ ဥက္ကဋ္ဌကြီးအနေနဲ့ သမိုင်းမှတ်တိုင် မစိုက်ထူချင်ဘူးလား။ ပြီးတော့ ထမ့်ပန်းလိုဏ်ဂူအပါအဝင် သာသနာရေး၊ ဘာသာ ရေးကိစ္စတွေကို ဦးဆောင်ပြီး ပြုလုပ်ရမယ့် ကုသိုလ်အခွင့် အရေးတွေကို အရယူသင့်ပါတယ် ဥက္ကဋ္ဌကြီး"

ဦးစီးမှူးအိမ်က ပြန်လာပြီးတဲ့ နောက်ရက်တွေမှာ မိသားစု တိုက်တွန်းချက်နဲ့ ဦးစီးမှူး အကြံပြုချက်တွေက ပဋိပက္ခအသွင်ကွဲလွဲနေတာမို့ ကျွန်တော့်စိတ်ထဲ လွန်ဆွဲနေ မိတယ်။ ကျွန်တော့်ကျန်းမာ ကောင်းမွန်နေကြောင်း ဆရာဝန်ရဲ့ ထောက်ခံချက် ရလာတော့ ဦးစီးမှူး အကြံပြု ချက်ကို လက်ခံလိုက်ပါတယ်။ အချိန်ရောက်တော့ လျာထား စာရင်းမှာ ကျွန်တော့်အမည်ပါလာပြီး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌဖြစ်လာတာပဲပေါ့။

မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌအနေနဲ့ ပါတီယူနစ် ဥက္ကဋ္ဌထံ တင်ပြ ဆွေးနွေးပြီး စာရင်းဦးစီးမှူးကို စမ်းသပ် ကေဒါအဖြစ် တိုင်းတပ်တွင်း ပညာပေးသင်တန်းစေလွှတ်ဖို့ ကျွန်တော် စီစဉ်ပေးနိုင်ခဲ့တယ်။ ကျွန်တော်တို့ မျှော်မှန်းတဲ့ အတိုင်း အကောင်အထည်ပေါ်လာခဲ့တယ်။ အဲဒီ အရာရှိ သင်တန်း(တပ်ဖွဲ့ဝင်များ၊ အရပ်သားများ)အောင်စာရင်းမှာ ဦးစီးမှူးက ဒုတိယစွဲပြီး အရပ်သားအုပ်စုထဲမှာတော့ ပထမ ရတာပေါ့ဗျာ။

အဲဒီနှစ် သင်္ကြန်မကျမီ တစ်လလောက်အလိုမှာ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရား ဟာ တောင်ကြီးမြို့ကနေပြီး မဟာကရုဏာ၊ စေတနာတော် နဲ့ ကျွန်တော်တို့မြို့အထိ ကြွရောက်လာတော်မူပါတယ်။ မြို့တစ်ပတ်ရအောင် မော်တော်ယာဉ်နဲ့ ဒေသစာရီကြွချီပြီး နောက် မွေတော်ဘုရားစေတီတော်မှာ ဒေသနာတရားနဲ့ ဟောကြားချီးမြှောက်တော်မူပါတယ်။ ဆရာတော်ဘုရားရဲ့ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်များ ဆောက်လုပ်ရေး အလှူ ငွေ ခံယူပွဲမှာလည်း ကျွန်တော်တို့ ဦးဆောင်ပြီး မြို့လုံးကျွတ် ထည့်ဝင် လှူဒါန်းနိုင်ခဲ့ကြတာ အားရကျေနပ်စရာပါပဲဗျာ။

ဦးစီးမှူးပြောခဲ့ဖူးတဲ့ သာသနာရေးကုသိုလ်ဆိုင်ရာ အခွင့်အရေးကြီးပေါ့ဗျာ။ သင်္ကြန်ကာလလွန်သွားတော့ ဒုတိယဟောကိန်းဖြစ်တဲ့ ထမ့်ပန်းလိုဏ်ဂူသတင်းလည်း ထွက်ပေါ်လာပြီဗျ။ ရွာသစ်ရွာတောင်ဘက်ရှုးရှုး မဲနယ်တောင် ခြေအနောက်ဘက်ရှိ တောရကျောင်းငယ်မှာ လက်ညှိုးဖြတ် အဓိဋ္ဌာန်ပြုပြီး သမထ ဘာဝနာ အားထုတ်နေတဲ့ ကိုရင် သာမဏေတစ်ပါးရှိခဲ့ဖူးတယ်။ အဓိဋ္ဌာန်ပြုပွဲတုန်းက သတင်း



www.burmeseclassic.com

www.burmeseclassic.com

ကြားပြီး သွားကြတဲ့ မြို့က လူပရိသတ်ဟာ အုန်းအုန်း ကျွက်ကျွက်ပဲလေ။ အဲဒီ အစိုးရအောင်မြင်ချိန်မှာ လိုဏ်ဂူ အာရုံခွဲထင်လာလို့ ဒကာတွေနဲ့ လိုက်ရှာကြတော့ ထမ့်ပန်း လိုဏ်ဂူကို တွေ့ကြရသတဲ့။ အခု သင်္ကြန်ကာလတွင်းမှာ အဲဒီလိုဏ်ဂူအထိ ရောက်အောင် သွားလည်ကြသူတွေ အများကြီးပဲလို့ သိရပါတယ်။

(၆)

တစ်နေ့က မြို့နယ်လုံခြုံရေးနဲ့ ငြိမ်ဝပ်ပိပြားရေးအစည်း အဝေးမှာ ကျွန်တော်နဲ့ တရားရေးဥက္ကဋ္ဌ တွေ့ဆုံဖြစ်ပါတယ်။ သူက ရာထူးမပြောင်းဘဲ ကုလားထိုင်မြဲသူပါ။ ဒီတစ်ခါ သူ့ထက်ဦးအောင် ကျွန်တော်က ပြောလိုက်ပါတယ်။

"တရားရေးဥက္ကဋ္ဌရေ… ဟောချက်က သွေးထွက် အောင် မှန်ဆိုတာလို နှစ်ရော၊ လရော၊ ဂူအမည်ပါ မှန်နေ ပြန်ပြီဗျ။ အခုဟာက ကောင်းသတင်း၊ သာသနာ့ကိစ္စဆို တော့ ဂုဏ်ပြု လက်ဖက်ရည်ပွဲကို တည်ခင်းသင့်ပြီထင်ပါ ရဲ့"

"လက်ဖက်ရည်ပွဲနဲ့ ဂုဏ်ပြုတာက လွယ်ပါတယ်။ ဟောကိန်းသုံးခုမှာ နှစ်ခုမှန်နေပြီမို့ ဂုဏ်ပြုထိုက်ပါရဲ့။ ဒါပေ မယ့် ဥက္ကဋ္ဌကြီး… ကျွန်တော်စဉ်းစားနေတာက ဒီနှစ်ခုမှာ တစ်ခုက အပျက်၊ တစ်ခုက အဖြစ်၊ သဘာဝကိစ္စတွေဗျ။ ကျန်နေသေးတဲ့ ဟောကိန်းကျတော့ သဘာဝကိစ္စမဟုတ် တော့ဘူး။ အစိုးရထိန်းချုပ်မှု ရှိနေတဲ့ နိုင်ငံတော် မူဝါဒကိစ္စ ဖြစ်နေတယ်။ ကျွန်တော်တို့ မြို့နယ် စီမံကိန်း ၁၉၈၇-၈၈ ခုနှစ်မှာ မပါသေးဘဲ၊ ၁၉၈၈-၈၉ ခုနှစ်ထဲ ထည့်ထားကြတဲ့ စာတတ်မြောက်ရေးလှုပ်ရှားမှုက ဘယ်နှယ့် ရှေ့တိုးလာပြီး ၁၉၈၇ခု၊ မေလမှာ အောင်မြင်မယ်တဲ့လား"

"ဟုတ်လိုက်လေဗျာ။ ကျွန်တော် ပြန်ကြည့်ထားပါ တယ်။ အဲဒါက အချိန်ကာလ ပြဿနာရှိနေတာပေါ့လေ"

"မှန်ပါတယ် ဥက္ကဋ္ဌကြီး။ တကယ်တော့ နောက်ဆုံး ဟောကိန်းကမူဝါဒ စိန်ခေါ်မှုကြီးလို့ ခေါ်နိုင်မယ် ထင်တယ်"

သည်စိန်ခေါ်မှုကြီးကို ဦးစီးမှူးလည်း မသိတာ မဟုတ် ပါ။ သို့ပေမယ့် သူ့ပုံစံက အေးအေးမှန်မှန်ပဲ။ စိတ်ချနေပုံရ တယ်။ အချိန်တန်တော့လည်း တတိယ ဟောကိန်းမှန်စေဖို့ အကြောင်းက ထင်ရှားပေါ်လာတာကိုး။ လုံခြုံရေးအကြောင်း ပြချက်နဲ့ စီမံကိန်းဖျက်လိုက်ရတဲ့ မိုင်းပန်မြို့နယ်အစား ကျွန်တော်တို့ မြို့နယ်ကို စီမံကိန်းကာလ ရှေ့တိုးစေပြီး အစားထိုးမြို့နယ်အဖြစ် သတ်မှတ်လိုက်တဲ့အကြောင်း ပြည် နယ် ကောင်စီရဲ့ တရားဝင် စာတစ်စောင်ရောက်လာခဲ့ပြီလေ။

လာမယ့် နွေရာသီ ကျောင်းပိတ်ရက်မှာ တစ်မြို့နယ် လုံး စာသင်ဝိုင်းတွေ ဖွင့်လှစ်နိုင်ဖို့ အစည်းအဝေးတွေတိုင်း မြို့နယ်နဲ့ ရပ်ကျေး စာတတ်မြောက်ရေး ကော်မတီတွေ ဖွဲ့၊ နည်းပြသင်တန်းတွေ ဖွင့်ပြီး နည်းစနစ်အသစ်တွေ ပို့ အလုပ်များကြပါတယ်။ ဦးစီးမှူးကလည်း မွန်ပြည်နယ်မှာ လှုံ့ဆော်ရေး တေးသီချင်းအဖြစ် အသုံးပြုခဲ့ဖူးတဲ့ တိပ်ခွေ တစ်ခုကို နမူနာယူဖို့ လှူဒါန်းပေးတယ်။ နိုင်ငံကျော် အဆို တော် တင်တင်မြ ပါဝင်သီဆိုထားတဲ့ တေးသီချင်းများ ဖြစ် နေတာ တစ်ကြောင်း၊ ကျွန်တော်တို့မှာ သီးခြားခွေလုပ် အချိန်မရှိတာ တစ်ကြောင်းမို့ ကော်ပီပဲ ပွားပြီး ကော်မတီတွေ သုံးဖို့ ဖြန့်ဝေခဲ့ရပါတယ်။

လှုပ်ရှားမှုအရှိန်ကောင်းနေတုန်း ဦးစီးမှူးက ဗ-န-တ မှာ သင်တန်းသွားတက်ရတယ်။ ဒေသပါတီကော်မတီက စေလွှတ်လိုက်တဲ့ အလုပ်သမားအမှုဆောင်များ ဉာဏ်ရည် မြှင့်သင်တန်း သုံးလ သင်တန်းဆင်းတော့ ရှမ်းပြည်နယ် ထူးချွန်သင်တန်းသားအဖြစ် ချီးမြှင့်တဲ့ ဗ-န-တ ကျောင်းအုပ် ကြီးရဲ့ ပထမဆု အောင်လက်မှတ်ကို ဦးစီးမှူးက လက်ခံ ရယူပြီး ပြန်လာခဲ့တာပါ။ နောက် နှစ်လလောက်ကြာတဲ့အခါ စာတတ်မြောက်ရေးလှုပ်ရှားမှု အောင်မြင်လို့ အောင်ပွဲခံ အခမ်းအနားမှာ ကျွန်တော် ဝမ်းသာပီတိ ဂွမ်းဆီထိ မိန့်ခွန်း စကားပြောကြားရင်း သမိုင်းမော်ကွန်းတင်ထားနိုင်လိုက်ပါ တယ်။ ဟောကိန်းမှန်ပြန်ပြီဗျာ။

ဦးစီးမှူးက သူ့ကတိအတိုင်း ကျန်နေတဲ့ သိကြားမင်း ဟောကိန်းနှစ်ခုကို နှုတ်စကားနဲ့ပဲ ပြောကြားခဲ့တာပါ။

(၁) ၁၉၈၈ ခု၊ စက်တင်ဘာလမှာ အုပ်ချုပ်မှုပုံစံအသစ် နဲ့ နိုင်ငံရေးအပြောင်းအလဲဖြစ်မယ်။

(၂) ငြိမ်းချမ်းရေးယူတဲ့ ပအို့ဝ်အဖွဲ့ပေါ်ထွက်လာပြီး ဒီမြို့ပေါ်မှာ အခြေစိုက်လာနေမယ်။

ဩော်… ၁၉၈၈ ခုနှစ်၊ သင်္ကြန်အလွန်မှာပဲ ရာထူး တစ်ဆင့်တိုးမြှင့်ခံရတဲ့ ဦးစီးမှူးဟာ စာရင်းစစ်ချုပ်ရုံးကို ရွှေ့ ပြောင်းတာဝန်ထမ်းဆောင်ကြောင်း ပြောပြရင်း နိဂုံးချုပ်လိုက် ပါရစေ။

* * *

မှဒုံစောနောင်ဓေ




www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာပေါ်က မှဲ့အကြောင်း

## သျှင်ဇေယျ

(သန်လျင်)




စာဖတ်ပရိသတ်ကြီးရေ…

လူတစ်ယောက်ရဲ့ မျက်နှာပေါ်မှာ မှဲ့ (သို့မဟုတ်) အစက်အပြောက်တွေ ရှိနေကြမှာပါ။ မှဲ့နဲ့ ပတ်သက်ပြီး ဗဟုသုတရဖွယ်အဖြစ် ပြောပြချင်ပါတယ်။

အဲဒီနေရာမှာ ပြောစရာတစ်ချက်တော့ ရှိပါတယ်။ သင်တို့ရဲ့ မျက်နှာမှာ မှဲ့တွေဟာ တစ်ခုထက် ပိုပြီး ရှိချင်ရှိနေမှာပါ။ ဝက်ခြံ အစက်အပြောက်၊ မှဲ့သေးသေးလေးတွေကို ထည့်မတွက်ပါနဲ့။ မျက်နှာပေါ်က အထင်ရှားဆုံး တစ်ခုတည်းသော မှဲ့ကိုသာ အဓိပ္ပာယ်ကောက်ယူရမှာ ဖြစ်ပါတယ်။ ပုံမှာ ဖော်ပြထားတဲ့အတိုင်း သူ့နေရာနဲ့ သူ နံပါတ်စဉ်ထိုးထားပေးပါတယ်။ အဲဒီ နံပါတ်တွေအတိုင်းသာ မိမိ (သို့မဟုတ်) အခြားတစ်ယောက်ယောက်ရဲ့ မျက်နှာပြင်ကိုကြည့်ပြီး ဗေဒင်နိမိတ်ကောက် ဟောလို့ ရပြီပေါ့။

အကျိုးရှိစေတဲ့ မှဲ့ကြည့်နည်းတစ်ခုပါပဲ။

**နံပါတ်(၁)မှ နံပါတ်(၃)အထိ မှဲ့ပိုင်ရှင်များ**

အဲဒီနေရာတွေမှာ မှဲ့ရှိနေရင်တော့ ထိုသူရဲ့ စိတ်ဟာ ကလေးတစ်ယောက်လိုပဲ မချုပ်ထိန်းနိုင်၊ ပေါက်ကွဲလွယ်တတ်ပါတယ်။

တီထွင်ကြံဆတတ်တဲ့ ဉာဏ်ဟာ မွေးရာပါဖြစ်တယ်။ လွတ်လွတ်လပ်လပ် အခြေအနေကို ရောက်ရှိပါက အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်နိုင်စွမ်း အရည်အချင်းရှိသူဖြစ်တယ်။ ဆန်းသစ်တဲ့ အတွေးအခေါ် လုပ်ဆောင်မှုတွေကို နှစ်သက် သဘောကျတယ်။

မှဲ့ပိုင်ရှင်များဟာ သူများလက်အောက်ဝန်ထမ်းဘဝများကို ဘယ်တော့မှ မရောက်ဘူး။ ကိုယ်ပိုင်စီးပွားရေးနဲ့ အောင်မြင်မယ့်သူတွေ ဖြစ်တယ်။

**နံပါတ်(၄) မှဲ့ပိုင်ရှင်များ**

စိတ်ကူးထဲမှာ ပေါ်လာတဲ့အတိုင်း လုပ်တတ်ကိုင်တတ်တဲ့သူ ဖြစ်တယ်။ သူတစ်ပါးတွေကို လွှမ်းမိုးသွားနိုင်အောင် ဆွဲဆောင်နိုင်သူဖြစ်တယ်။

ဝေဖန်နိုင်လွန်းသူတစ်ယောက်ဖြစ်ပြီး မကျေနပ်သည့်အခါတိုင်း၊ စိတ်အလိုမကျတိုင်း ဘယ်တော့မှ မချုပ်တည်းနိုင်ဘဲ ပြောတတ်သူဖြစ်လို့ လူတကာနဲ့ ဆက်ဆံရေးမှာ အခက်အခဲ အမြဲတွေ့ရမှာပါ။ မှဲ့ပိုင်ရှင်တွေဟာ ဒီအကျင့်စရိုက်လေးကိုသာ ချုပ်တည်း ပြုပြင်နိုင်မယ်ဆိုရင် လူလောကကို တည်ငြိမ်အေးချမ်းစွာနဲ့ အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ပါလိမ့်မယ်။

**နံပါတ်(၅) မှဲ့ပိုင်ရှင်များ**

မျက်ခုံးအပေါ်ထက်မှာ ရှိနေတဲ့ မှဲ့ပိုင်ရှင်များဟာ အမြဲတစေ ချမ်းချမ်းသာသာနေရမယ့် ကံဇာတာရှိသူများ ဖြစ်တယ်။ သူများတွေထက်တော့ အလုပ်ပိုရှာပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ရတတ်တယ်။

ဝင်သမျှငွေကို ပြန်မထွက်အောင် တတ်နိုင်သမျှ ထိန်းသိမ်းပါ။ သင့်ကို ဝန်းရံနေသောသူများက သင့်ရဲ့ ဥစ္စာဓန



www.burmeseclassic.com

www.burmeseclassic.com

ကို ခွဲဝေယူဖို့ အမြဲကြံစည်နေလိမ့်မယ်။

ကြီးပွားချမ်းသာစေတဲ့ သင့်ရဲ့ စိတ်ကူး၊ စီမံကိန်းတွေကို အခွင့်ကောင်းယူပြီး ရင်းနှီးမြှုပ်နှံဖို့ ကြိုးစားနေသူများရှိတာကို အမြဲသတိထားပါ။

ဘာကိုမှ အယုံမလွယ်ပါနဲ့။ ဉာဏ်နဲ့ ယှဉ်ပြီး သတိဝီရိယရှိပါစေ။

## နံပါတ်(၆) မှဲ့ပိုင်ရှင်များ

နံပါတ်(၆) မှဲ့ပိုင်ရှင်တွေကတော့ ဉာဏ်ကောင်းသလို၊ တီထွင်ဖန်တီးနိုင်စွမ်းရှိတယ်။ အနုပညာစိတ်လည်း ရှိတယ်။ ဒီအချက်တွေကြောင့်ပဲ အောင်မြင် ကျော်ကြား ချမ်းသာစေမှာပါ။

သမာနိုးကျ စီးပွားရှာတာကိုပဲ နှလုံးအမြဲသွင်းပြီး လုပ်ကိုင်ပါ။

## နံပါတ်(၇) မှဲ့ပိုင်ရှင်များ

သင့်ရဲ့ ဆွေမျိုး၊ မိသားစုအသိုင်းအဝိုင်းကြားမှာ ပူဆွေးသောကတွေ ဝိုင်းရံနေတတ်ပြီး အမြဲလိုလို စကားများ၊ ရန်ဖြစ်ရတတ်တယ်။ ကိုယ်စိတ်နှလုံး မငြိမ်းချမ်းမှုတော့ သင့်အလုပ်အကိုင်ကိုလည်း ထိခိုက်စေပါတယ်။

တည်ငြိမ်လုပ အေးချမ်းတဲ့ ဘဝကို ရယူပိုင်ဆိုင်ချင်ရင်တော့ ပတ်ဝန်းကျင်၊ ဆွေမျိုးအသိုင်းအဝိုင်းတွေနဲ့ အဆင်ပြေအောင် ညှိနှိုင်းတိုင်ပင် လုပ်ကိုင်ရပါ့မယ်။

## နံပါတ်(၈) မှဲ့ပိုင်ရှင်များ

ဒီနေရာမှာ ရှိနေတဲ့ မှဲ့ကတော့ မကောင်းပါဘူး။ အသုံးအဖြုန်းများပြီး အမြဲတမ်း ငွေလိုနေမယ်။ လောင်းကစားကို ခုံမင်တတ်မယ်။

ဒီမှဲ့ရဲ့ အစွမ်းက ဆန့်ကျင်ဘက်လိင်ကိုသာမက၊ လိင်တူကိုပါ ဆွဲဆောင်နိုင်အား ရှိပါတယ်။ ဒါကြောင့် မျှော်မြင်ဆင်ခြင်နိုင်စိတ်ရှိထားမှ တော်ရုံကျပါမယ်။ ဒီလိုမှမဟုတ်ရင် အမြဲတမ်း ဒုက္ခတွေ ပင်လယ်ဝေလိမ့်မယ်။

## နံပါတ်(၉) မှဲ့ပိုင်ရှင်များ

လိင်ပိုင်းဆိုင်ရာနှင့် အခြားပြဿနာများကို တွေ့ရတတ်တယ်။ ကံမကောင်းလွန်းတဲ့ မှဲ့ဖြစ်နေလို့ ဖြတ်ထုတ်ပစ်ရင် အကောင်းဆုံးပါပဲ။

## နံပါတ်(၁၀) မှဲ့ပိုင်ရှင်များ

နှာခေါင်းအောက်တည့်တည့်မှာ မှဲ့ပါသူတွေအတွက် သားစဉ်မြေးဆက် ကံကောင်းတတ်တယ်။ မိသားစုဝင်၊ ဆွေမျိုးတွေနဲ့ အမြဲတမ်း သိုက်သိုက်ဝန်းဝန်း နေရတတ်တယ်။ ပြီးတော့ သင့်ရဲ့ အနီးဆုံးမှာ ရှိတဲ့သူရဲ့ အထောက်အပံ့ကို အမြဲရပြီး ငွေကြေးရော စိတ်ချမ်းသာမှုကိုပါ အပြည့်အဝ ဖြည့်ဆည်းပေးပါလိမ့်မယ်။

## နံပါတ်(၁၁) မှဲ့ပိုင်ရှင်များ

ဒီမှဲ့ကို ပိုင်ဆိုင်သူကတော့ ကျန်းမာရေးအတွက် နိမိတ် မကောင်းပါ။ ဒီမှဲ့ကြီးလာပြီး ပိုမည်းလာရင် ဖျက်ပစ်လိုက် တာ အကောင်းဆုံးပါ။ ဒါမှမဟုတ်ရင် သူ့ကို ဖုံးအုပ် မိတ်ကပ်တွေ များများအသုံးပြုပေးလိုက်ပါ။

## နံပါတ်(၁၂) မှဲ့ပိုင်ရှင်များ

အောင်မြင်မှုကို ရရှိရုံသာမကဘဲ တည်ငြိမ်တဲ့ ဘဝ ပါ ပူးတွဲပြီး ရရှိစေမှာ ဖြစ်တယ်။

အရမ်းမချမ်းသာရင်တောင်မှ ကျော်ကြားမှုကို ရ လိမ့်မယ်။ မြင့်မားတဲ့ ဘဝကို ပိုင်ဆိုင်ဖို့ အခွင့်အရေးပေး လည်း သင်ကတော့ သင့်ပတ်ဝန်းကျင်နဲ့ သင့်မိသားစုတ ပဲ ရောင့်ရဲနေတတ်လိမ့်မယ်။

အမျိုးသမီးများအဖို့ ဒီလိုနေရာမျိုးမှာ မှဲ့ရှိနေရင် အ ကံကောင်းပြီး မြင်ရတဲ့သူတိုင်း မက်မောစွဲမက်နေလိမ့်မ

## နံပါတ်(၁၃) မှဲ့ပိုင်ရှင်များ

သားသမီးအရေးနဲ့ ပတ်သက်ပြီး ဘဝမှာ အမြဲ စိုးရိမ်နေရလိမ့်မယ်။

သားတွေ၊ သမီးတွေနဲ့ ဆက်ဆံရေး အဆင်ပြေ မဟုတ်ဘူး။ ခန္တီ ဆိုတဲ့ တရားကို နှလုံးသွင်းပြီး နေထိုင် ပါ။

## နံပါတ်(၁၅) မှဲ့ပိုင်ရှင်များ

သွက်လက် တက်ကြွသူဖြစ်တယ်။ ကိုယ်နေထိုင် အိမ်ကို အမြဲလိုလို ပြုပြင်မွမ်းမံ အလှဆင်နေတတ်သူ တယ်။

ပစ္စည်းအသစ်ကို ခုံမင်သလို၊ နေရာသစ်များကိုလည်း အမြဲသဘောကျတယ်။

နေရာတစ်နေရာတည်းမှာ ကြာကြာမနေတတ်။ သွားပြီး စွန့်စားတာကို နှစ်သက်သူဖြစ်တယ်။

## နံပါတ်(၁၆) မှဲ့ပိုင်ရှင်များ

သင့်ဘဝမှာ အစားအသောက်နှင့် လိင်ပိုင်းဆိုင် အဲဒီနှစ်ခုကို အမြဲသတိထားပါ။ သတိမထားဘူးဆိုရင် ပူပင်သောကတွေ အမြဲဖြစ်စေတတ်တယ်။

သင်ဟာ အချစ်ကို ကစားတတ်သူ၊ ချစ်သူကိုလည်း တစ်ယောက်မက ထားရမှ ကျေနပ်သူဖြစ်တယ်။ ဒါပေမဲ့ တစ်ဖက်မှာ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းချင်တဲ့ ကြောင့် အမြဲလိုလို စိတ်ဖိစီးမှုတွေ ဖြစ်နေရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

## နံပါတ်(၁၇) မွေးပိုင်ရှင်များ

လူမှုရေးနယ်ပယ်မှာ ထင်ပေါ်ကျော်ကြားမယ်။ ပေါင်းသင်းဆက်ဆံရာမှာ နာမည်ရသလို၊ စကားပြောကောင်းသူလည်း ဖြစ်တယ်။

ဒါပေမယ့် သင့်ရဲ့အောင်မြင်မှုနဲ့ ပတ်သက်ပြီး စိတ်ကြီးဝင်တတ်တာကို လျှော့ပါ။ ဒီလိုမှမဟုတ်ရင် သင့်ရဲ့အောင်မြင်မှု ဂုဏ်သတင်းကျော်စောမှုတွေကို ထိခိုက်စေနိုင်ပါတယ်။

ပြောချင်တာကတော့ ကိုယ့်ကိုယ်ကို ယုံကြည်မှု အလွန်အမင်း မလွန်ကဲမိအောင် အမြဲဂရုပြုပါ။

## နံပါတ်(၁၈) မွေးပိုင်ရှင်များ

ခရီးသွားသောမွေးလို့ ပြောရမလို၊ အမြဲခရီးထွက်နေရတဲ့သူတစ်ယောက်ဖြစ်လိမ့်မယ်။ ဘဝမှာ နိုင်ငံရပ်ခြားအထိ ခရီးဝေးကြီးတွေ အများကြီးသွားရလိမ့်မယ်။

ခရီးသွားတဲ့အခါတိုင်း ရေလမ်းခရီးကိုတော့ အမြဲသတိရှိပါ။

ဒီလို မွေးပိုင်ရှင်မျိုးဟာ အိမ်မှာ နေတာက ပိုပြီး စိတ်ချယုံခြုံပါလိမ့်မယ်။

## နံပါတ်(၁၉) မွေးပိုင်ရှင်များ

ငွေရမယ့်ကံ ရှိသလို၊ မိတ်ဆွေကောင်းတွေလည်း ပေါများလိမ့်မယ်။ ဒီမွေးမျိုးကတော့ အလွန်အလွန်ကောင်းတယ်လို့ ပြောရလိမ့်မယ်။

တစ်ခုပဲ ပြောစရာရှိတယ်။ သင့်ရဲ့အားနည်းချက်ကတော့ ဆန့်ကျင်ဘက် လိင်ရဲ့ ဆွဲဆောင်မှုနောက်ကို အလွယ်တကူပါသွားတတ်တဲ့ စိတ်ကြောင့်ပါပဲ။ ဒါက သင့်ဘဝကို နှောင့်ယှက်စေမှာပါ။

## နံပါတ်(၂၀) မွေးပိုင်ရှင်များ

ဒီမွေးပိုင်ရှင်ဟာ ကံဆိုး၊ ကံကောင်း အမြဲဒွန်တွဲနေတယ်။ ကံတရားက အလွန်အမင်းကျော်ကြားမှုကို ဖြစ်စေပေမယ့် မကောင်းသတင်းနဲ့ ကျော်ကြားတာမျိုး အမြဲဖြစ်နေတတ်တယ်။

တီထွင် ဖန်တီးတတ်တဲ့ ပါရမီနဲ့အတူ ဉာဏ်ရည်ထက်မြက်သူလည်း ဖြစ်တယ်။

ခက်တာက အဲဒါတွေကို ကောင်းတဲ့ နေရာမှာရော၊ ဆိုးတဲ့ နေရာမှာပါ အသုံးချလို့ ရနေတတ်တယ်။ သင်ဟာ သဘောထား ပျော့ပျောင်းသူမဟုတ်တဲ့အတွက် ကိစ္စတစ်ခုကို အလွယ်တကူ ခွင့်မလွှတ်နိုင်သလို၊ မေ့လည်း မမေ့တတ်ပါ။

ဒီမွေးဟာ ထူးချွန်ပြောင်မြောက် အောင်မြင်သူလို့ ဆိုနိုင်သလို၊ နိုင်လွန်မင်းထက် ပြုမူသူအဖြစ်လည်း ရောက်ရှိစေတတ်ပါတယ်။

## နံပါတ်(၂၂) မွေးပိုင်ရှင်များ

ဘဝမှာ အမြဲပျော်ရွှင်စေပြီး အရာရာအတွက်လည်း အဆင်ပြေနေလိမ့်မယ်။

အားကစားကို ဝါသနာကြီးပြီး အလွန်ထင်ရှားတဲ့ အားကစားသမားကောင်းတစ်ယောက် ဖြစ်လိမ့်မယ်။

မျက်ခုံးမွေးအဆုံးမှာ ရှိတဲ့ မွေးပိုင်ရှင်တွေဟာ ဩဇာကြီးမားတဲ့ ပုဂ္ဂိုလ်မျိုးလည်း ဖြစ်တယ်။ အလုပ်အကိုင်ဌာနမှာ အကြီးအကဲတာဝန်တွေကို ထမ်းဆောင်ရလိမ့်မယ်။

## နံပါတ်(၂၃) မွေးပိုင်ရှင်များ

ဉာဏ်ရည် အရမ်းမြင့်မားသလို၊ လိမ္မာပါးနပ်ပြီး လူအမျိုးမျိုးနဲ့ ကျွမ်းကျင်စွာ ဆက်ဆံတတ်တဲ့ အရည်အချင်းရှိတယ်။

လူ့ဘဝကို ဘယ်လို ရပ်တည်ရှင်သန်ရမလဲဆိုတဲ့ အမှုအကျင့်က ပင်ကိုယ်ပါလာပြီးသားဖြစ်တယ်။

အသက်ရှည်ရှည်နေရတတ်တယ်။ အိုမင်းသွားပေမယ့် တက်ကြွ ဖျတ်လတ်မှုကို ပိုင်ဆိုင်နေလိမ့်မယ်။

ဘဝရဲ့ နောက်ဆုံးထွက်သက်အထိ ဆွေမျိုး မိသားစုများနဲ့ သိုက်သိုက်ဝန်းဝန်း နေထိုင်သွားနိုင်လိမ့်မည်။

## နံပါတ်(၂၄) မွေးပိုင်ရှင်များ

ဒီမွေးရှင်ပိုင်ရှင်တွေဟာ ငယ်စဉ်အခါမှာ ကျော်ကြားမှု အခွင့်အလမ်းတွေကို ရရှိနိုင်တယ်။ ဒါကြောင့် အသက်အရွယ်ရလာတဲ့အခါ အထောက်အပံ့ပြုနိုင်ဖို့ အဲဒီအခွင့်အရေးတွေကို အသုံးချတတ်ဖို့ပဲ လိုတယ်။

ဒီလိုမှမဟုတ်ရင်တော့ အသက်ကြီးလာတဲ့အခါ ဘဝမှာ ခက်ခဲကြမ်းတမ်းမှုတွေနဲ့ ရင်ဆိုင်နေရလိမ့်မယ်။

## နံပါတ်(၂၅) မွေးပိုင်ရှင်များ

ဒီမွေးပိုင်ရှင်ရဲ့ ကြိုးစားအားထုတ်မှုတိုင်းက ကြီးပွားချမ်းသာခြင်းကို ဖြစ်စေသလို၊ လူတကာရဲ့ အသိအမှတ်ပြုခြင်းကိုလည်း ခံစားရရှိနိုင်လိမ့်မယ်။

တစ်ခုတော့ သတိထားပါ။ ဘာမဆို လွန်ကဲတာ မကောင်းပါ။ သမားရိုးကျအတိုင်းသာ ပြုမူနေထိုင်ပါ။ အသက်ရှည်ပြီး အမြဲစီးပွားဖြစ်ထွန်းမယ့် ဇာတာရှင်မျိုးပါပဲ။

* * *

သျှင်ခေဆွေ(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



# သွေးတိတ်မန်းဂါထာ
## မျိုးမောင်မောင်
## (ကပစ)

၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ရက်နေ့တွင် ကျွန်တော်တို့ စခန်းရှိ ကလေးများအတွက် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲရှိခဲ့ပါသည်။ ထိုသင်တန်းတွင် စခန်းမှူး၏ ညွှန်ကြားချက်အရ အုပ်ချုပ်ရေးမှူး မိုလ်ကျော်သိန်း၊ သင်တန်းတာဝန်ခံ ကျွန်တော်(စာရေးသူ) အရာခံဗိုလ် မျိုးမောင်မောင်နှင့် တွဲဖက်တာဝန်ခံ ခွဲတပ်ကြပ်ကြီး မျိုးအောင် ခေါင်းဆောင်၍ ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းနည်းပြ ဆရာမကြီး ဒေါ်တင်တင်ခိုင် ခေါင်းဆောင်၍ ကလေးများကို သင်ကြားပြသပေးခဲ့ပါသည်။ ထိုသင်တန်းဖွင့်ပွဲသို့ ဆင်ကျန်ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဦးသောမန တက်ရောက် ဖွင့်လှစ်ပေးခဲ့ပါသည်။

ထိုဆရာတော် သီတင်းသုံးတော်မူသော ကျောင်းမှာ မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ဆင်ကျန်ရွာလေးဖြစ်ပါသည်။ ထိုရွာလေးသည် ကျွန်တော်တို့စခန်းနှင့် ၃မိုင်ဝေးပါသည်။ ကျွန်တော်နှင့် ဆရာတော် ရင်းနှီးမှုရခဲ့ပြီး ဆရာတော် သီတင်းသုံးတော်မူရာ ကျောင်းသို့ သွားရောက်ခဲ့ပါသည်။ ဆရာတော်နှင့် စကားစမြည်ပြောဆိုရင်းမှ ဆေးနည်းတစ်ခုရခဲ့ပါသည်။ ဆရာတော်မှာလည်း လူသားတို့၏ အခက်အခဲများကို အခကြေးငွေမယူဘဲ ကူညီဆောင်ရွက်ပေးနေသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။ ကျွန်တော့်အား ပေးသော ဆေးနည်းမှာ သွေးတိတ်မန်းဂါထာဖြစ်ပြီး လက်တွေ့ ကုသပေးနေသော လက်တွေ့ ကုထုံးဖြစ်ပါသည်။

"ဆရာကြီးကတော့ လူသတ္တဝါတွေအတွက် ကူညီပေးနေသူဖြစ်လို့ ရောက်တဲ့အရပ်မှာ အရေးပေါ် ကုသပေးနိုင်ရန် ဘုန်းကြီးပေးလိုက်ပါမည်"

ဟု မိန့်ကြားရင်း အောက်ပါဆေးနည်းကို ပေးလိုက်ပါသည်။

ဝါရွက်(ချည်မျှင်ဝါ)သုံးရွက်ကို ခူးယူပြီး အောက်ပါ ဂါထာဖြင့် (၇)ခေါက်မန်းပါ။

"ဥ အဝထုသာတိ သရီရေ မံ သလောဟိတံ"

ဂါထာ (၇)ခေါက်မန်းထားသော ဝါရွက်သုံးရွက်အား ချေ၍ နှာခေါင်းတွင် ရှူပေးပါ။ ထိနိုက်ဒဏ်ရာရ၍ သွေးမတိတ်လျှင်သော် လည်းကောင်း၊ နှာခေါင်းသွေးလျှံလျှင်သော်လည်းကောင်း ရှူပေးပါက သွေးတိတ်သွားပါလိမ့်မည်။

* * *

မျိုးမောင်မောင်(ကပစ)



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX-စာပေပဒိမာန်


## အဆက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင် သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း ၅၅-၆၀ ချိန်က ဖြစ်ပါသည်။ ကျွန်တော်တို့ ထိုင်ခဲ့သည့် ပြည်မြို့ နဂါးလိမ်တန်း ကွက် အရှေ့ဘက်အစွန်ရှိ ရုံး ဆောက်အအုံကြီးနေရာနှင့် အနီး စ်ဝိုက်တွင် သရဲအလွန်ခြောက်သည် နာမည်ကြီးခဲ့သည်။ အများဆုံး ခြောက်ခံရသည့်နေရာမှာ ရုံးဝန်း ယ်ကြီး၏ အရှေ့တောင်ဘက်အရပ် ဆာင့်ရှိ ကုက္ကိုပင်အိုကြီးနှင့် လမ်းတစ် က်ခြမ်း မျက်နှာချင်းဆိုင် ညောင်ပင် ကြီးတည်ရှိနေသည့်နေရာသာဖြစ်သည်။

ကုက္ကိုပင်အိုနှင့် ညောင်ပင်ကြီး လမ်းတစ်ဖက်တစ်ချက်စီတွင် ပေ ဆယ်ခန့်အကွာ၌ ပေါက်ရောက် ရှိသော်လည်း နှစ်ချီပင်ကြီးများ ဖြစ်၍ အပေါ်ပိုင်းရှိ အကိုင်းအောက် ရွက်တို့မှာ တစ်ပင်နှင့် တစ်ပင် က်ယှက်ထိုးဖြစ်နေသည်။ ထိုအပင် ကြီး နှစ်ပင်အောက်တွင် လှည်း၊ ကား ားနိုင်သည့် ရိုးရိုးမြေသားလမ်းရှိသည်။ ထိုလမ်းကိုပင် လူ၊ မြင်းလှည်း၊ ဆိုက် ားတို့လည်း သွားလာမှု ပြုခဲ့ရသည်။

ထိုအပင်ကြီးနှစ်ပင်တည်ရှိသည့် နေရာမှာ နဂါးလိမ်တန်းရပ်ကွက်နှင့် က်တန်းရပ်ကွက် နှစ်ရပ်ကွက်အခဲ့၊ အစွန်နှစ်ခုဆုံသည့်နေရာဖြစ်၍ လူနေ အိမ်ခြေများနှင့် အနည်းငယ် လှမ်းသည်။ ဤလမ်းကို အဓိကထား သွားလာသူ များမှာ ဖက်တန်းရပ်သားများသာ ဖြစ် သည်။ သူတို့သည်ပင် ည ၇နာရီနှင့် နောက်ပိုင်း အသွားအလာကျဲသည်။ သွားခဲလာခဲသည်။ သွားလာသည့်အခါ ၌ တစ်ဦးတစ်ယောက်ချင်း သွားသူ ရှားသည်။ အဖော်နှစ်ဦး၊ သုံးဦးဖြင့်သာ သွားလာကြသည်။ ထို နှစ်ဦး၊ သုံးဦး စုပြီးသွားသည့်တိုင် တစ်ခါတစ်ရံ သရဲ ခြောက်ခံကြရသေးသည်။

အခြောက်ခံရသူများ၏ ပြော စကားအရ ဤနေရာတွင် ယောက်ျား သရဲလည်း ရှိသည်။ မိန်းမ သရဲလည်း ရှိသည်။ လူမျက်နှာနှင့် ခွေးလောက်နီး ပါးမြင့်ပြီး ခါးလျားရှည်သည့် မည်းမည်း အကောင်လည်း ရှိသည်ဟု ဆိုသည်။ တချို့သူများကတော့ အကောင်အထည် နှင့် မမြင်ရ။ ခြေသံတရှပ်ရှပ်၊ နောက် က ပြေးလိုက်လာသည့် တဖုတ်ဖုတ် အသံကြားရတာမျိုးလည်း ရှိသည်။ တချို့သူများက ညည်းညူသံကို ကြားရ သည်၊ ပုပ်အဲ့အဲ့ မသတီစရာအနံ့ကို ရသည်ဟုလည်း ပြောကြသည်။

ဤမျှ နာမည်ကြီးသည့် သရဲ ခြောက်သည့်နေရာနှင့် ကျွန်တော်တို့ နေသည့်ခြံမှာ သိပ်တော့ မဝေးလှပါ။ အများဆုံးရှိလှ ကိုက်တစ်ရာထက် မပို နိုင်ပါ။ ထိုနေရာသို့ မနက်၊ နေ့လယ်၊ နေ့ခင်းတော့ ဖြတ်သွားဖူးသည်။ ညနေ စောင်း နေဝင်ရီတရောအချိန်တော့ မသွားမလာဖြစ်။ သွားလည်း မသွားရဲ ပါ။ သို့သော်လည်း သရဲကိုတော့ ကျွန်တော် မမြင်ဘူးခဲ့ပါ။ အများပြော ၍သာ မမြင်ဘူးဘဲ အကြောက်ပိုနေခဲ့ ခြင်းသာ ဖြစ်ပါသည်။

♦♦♦

တစ်ခါတော့ ထိုနာမည်ကြီး သည့်နေရာနားကပင် ကျွန်တော့်အစ်ကို အား သရဲခြောက်ခဲ့သည်။ အစ်ကိုက ကျွန်တော့်ထက် သတ္တိကောင်းသည်။ တော်ရုံတန်ရုံ မြင်ရုံကြားရုံမျှနှင့် ကြောက်တတ် လန့်တတ်သူမဟုတ်။ ထို့ကြောင့်လည်း လူပြောများသည့် နေရာ၊ လူသွားလူလာပြတ်သည့်အချိန် ည ၈နာရီကျော်ကျော်မှာ ဖြတ်ပြီး ပြန် လာခဲ့ခြင်းဖြစ်သည်။

အဖော်မပါ၊ တစ်ယောက်တည်း ဖြစ်၍ လိုရမယ်ရ ခဲတစ်ဖက်တစ်လုံး ကိုင်ခဲ့သည်။ ကုက္ကိုပင်ကြီးအနီးရောက် သည်အထိ ပုံမှန်ပင် လျှောက်လာ သည်။ ကုက္ကိုပင်ကြီးကျော်လာတော့ သူ့နောက်က တဖုတ်ဖုတ်နှင့် လူ တစ်ယောက်ပြေးလိုက်လာသံမျိုး ကြား ရ၍ ရပ်စောင့်ပြီး လှည့်ကြည့်သည်။ ဘာမျှမမြင်။ ဘာသံမှလည်း မကြားရ ၍ ဆက်လျှောက်သည်။ ခပ်သွက်သွက် လှမ်းလာသည့် ခြေသံတရှပ်ရှပ်ကြားရ ပြန်သည်။ ဒုတိယအကြိမ် ရပ်စောင့်၊ ပြန်လှည့်ကြည့်ပြန်သည်။

သည်တစ်ခါတော့ အမျိုးသမီး တစ်ဦးလာနေသည်ကို သူ မြင်ရသည်။ အမျိုးသမီးက ဆံပင်ဖားလားချထား သည်။ သရဲခြောက်နေမှန်း သူက မသိ။ အမျိုးသမီးတစ်ဦးလို့ဟုပင် ထင်ထား သည်။ ဝါးတစ်ရိုက်ခန့်အကွာရောက် လာမှ သူက သရဲမှန်း သိသည်။ အမျိုး သမီး၏ မျက်နှာပေါ်တွင် မျက်စိ၊ နှာခေါင်း၊ ပါးစပ်ပေါက်တို့ မမြင်ရ။ ပြောင်မည်းမည်း၊ ပြားချပ်ချပ်ကိုသာ မြင်ရသည်။

အစ်ကိုက ရပ်ရင်းပင် လက်ထဲ မှ ခဲဖြင့် ပစ်ပေါက်လိုက်သည်။ ထိမှန် သံက ဖုတ်ဟုသာ မြည်ပြီး ဘာသံမျှ မထွက်ဘဲ ပုံမှန် ရှေ့ဆက်ပြီး လျှောက် လာ၍ နောက်သုံးလေးလှမ်းဆုတ်ကာ ဒုတိယခဲကို အားနှင့် ထပ်ပစ်သည်။ ဝမ်းဗိုက်နေရာကို ဖုန်းခနဲ ထိမှန်သံ ကြားရပြီး သရဲမက ရပ်တန့်နေသည်။ အစ်ကိုက အိမ်ထဲသို့ ခပ်သွက်သွက် ပြေးဝင်လာသည်။

အိမ်ထဲမှ သူကိုင်နေကျ လောက် လေးနှင့် လောက်စလုံးလွယ်အိတ်ကို ပြီးစလွယ် ဆွဲယူကာ လမ်းဘက် ပြန် ထွက်သည်။ သရဲမကလည်း အလယ် မှာပင် ရပ်နေဆဲ။ အစ်ကိုကလည်း မလှမ်းမကမ်းမှ လောက်လေးနှင့် ပစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အချက်တိုင်း ထိသည်ဟုတော့ ပြောသည်။ ၁၀ချက်ခန့် ပစ်အပြီးတွင် ဖြည်းဖြည်းချင်း မီးခိုးငွေ့သဏ္ဍာန်ဖြစ်ကာ ပျောက်သွားမှ အစ်ကိုအိမ်ပြန်လာသည်။

ထိုညက အဖြစ်အပျက်များကို မနက်မိုးလင်းရောက်မှ အစ်ကိုက ပြန်ပြောပြသဖြင့် ကျွန်တော်တို့မိသားစု သိခဲ့ရသည်။ သည့်နောက်ရက်များတွင် အစ်ကိုလည်း ညပိုင်း အလည်အပတ် လျှော့သွားသည်။ သရဲကြောက်၍တော့ မဖြစ်နိုင်။ အမေ့ ထားဝယ်ကြိမ်အစွမ်း တစ္ဆေမ်းရှမ်းနှင့် စပ်ဖျဉ်းဖျဉ်း အရသာကို ကြောက်၍ဆိုက ဖြစ်နိုင်သည်။

◆◆◆

ကျွန်တော့်အစ်ကို အခြောက်ခံရပြီး သုံးရက်ခန့်အကြာတွင် သည်နေရာ၌ပင် မိန်းကလေးတစ်ယောက် အခြောက်ခံရပြန်သည်။ သူကတော့ အစ်ကို့နယ်မဟုတ်၊ တစ်မျိုးဖြစ်သည်။ ခြောက်သည့်အချိန်က နေဝင်ဖျိုးဖျ မှောင်ရီသန်းစအချိန်၊ မြို့တွင်း ဆေးလိပ်ခုံမှ အလုပ်သိမ်းအပြန်၊ တစ်ယောက်တည်းတော့ မဟုတ်။ အသက်အရွယ် မတိမ်းမယိမ်း အဖော်မိန်းကလေးနှစ်ဦး ပါသည်။

သည်အချိန်က နွားရိုင်းသွင်းချိန်၊ လူလုံးမကွဲတကွဲ အချိန်ဖြစ်သော်လည်း မြို့အရပ်မို့ ကျပန်းလုပ်သား၊ ပန်းရံ၊ လက်သမား၊ ကုန်ထမ်းလုပ်သား၊ ဆေးလိပ်သမတို့ အလုပ်ပြန်ချိန်မို့ အသွားအလာတော့ မပြတ်သေး။ ဆေးလိပ်သမလေး သုံးယောက်က ရယ်ကာမောကာဖြင့် စကားတွတ်ထိုးပြန်လာနိုက်ဖြစ်သည်။

"အစ်မ . . . အစ်မ . . . ရှေ့မှာ အစ်မကြီးတစ်ယောက် တို့ကို ရပ်စောင့်နေတယ်။ တို့တော့ အဖော်ရပြီ"

အသက်ငယ်သည့် မိန်းကလေးက ကျန်အဖော် အကြီးနှစ်ဦးကို လက်ညှိုးထိုးပြသည်။ သူပြသည့် အမျိုးသမီးကို အကြီးမနှစ်ဦးက မမြင်။

"ဟဲ့ - ဘယ်မှာလဲ၊ ဒီကောင်မလေး၊ တောက်တီးတောက်တဲ့နဲ့"

"အငယ်မနော်၊ ညည်း ရွှတ်နောက်နောက်မပြောနဲ့"

အကြီးနှစ်ယောက်က အငယ်မလေးကို တစ်ယောက်တစ်ခွန်း ငေါက်ငမ်းသည်။

"အစ်မတို့ကလည်းဟာ၊ လမ်းလယ်မှာ ရပ်နေတာတောင် မမြင်ကြဘူးလား"

အငယ်မလေးက သူ့အား မာန်မဲသည်ကို မကျေနပ်။ ခပ်ဆတ်ဆတ် ပြောရင်း လက်ညှိုးထိုးပြသည်။ အကြီးနှစ်ယောက်က လမ်းအလယ်ကို သေချာကြည့်သည်။ သူတို့နှစ်ယောက် စလုံးကတော့ လူမပြောနှင့်၊ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှပင် မမြင် မတွေ့။ နှစ်ဦးစလုံး ကြက်သီးတွေ ထ၊ ခေါင်းနားပန်းတွေ ကြီးသွားကြ၍ ဆက်မလျှောက်ရဲတော့။ နောက်သို့ ပြန်ကြည့်မိတော့ လူတစ်စုလာနေသည်ကို တွေ့ရသည်။ ယောက်ျားသားနှစ်ဦး၊ မိန်းမသားသုံးဦးပါသော ပန်းရံအလုပ်သမားများမှန်း သိရ၍ သူတို့အဖွဲ့ အားရှိသွားသည်။

"ဟဲ့ - ကလေးမလေးတွေ ဘာရပ်လုပ်နေကြတာလဲ"

"ဦးကြီးတို့အဖွဲ့ နောက်က ပါလာမှန်းသိလို့ ရပ်စောင့်နေတာပါ"

ခပ်သွက်သွက် အကြီးမတစ်ယောက်က ပြန်ဖြေပြီး ပန်းရံအဖွဲ့နှင့် ရောပြီး ဆက်လျှောက်ကြသည်။ ပန်းရံအဖွဲ့က အလုပ်ထဲမှ အကြောင်းတွေ ပြန်ပြောနောက်ပြောင် ရယ်မောရင်း လျှောက်သည်။ ဆေးလိပ်သမ သုံးဦးကတော့ ဆိတ်ဆိတ်ငြိမ်လျက် လမ်းလျှောက်နေရင်း ဆေးလိပ်သမ

အငယ်ဆုံးမလေးက အသားတွေ တ
ဆတ်ဆတ်တုန်လာသည်။ လျှာလေးအ
လေးဖြင့် မပီမသစကားတွေပြောသည်
ဆေးလိပ်သမအကြီးနှစ်ယော
က တစ်ဖက်တစ်ချက် ညှပ်တွဲပြီ
မာန်မဲအော်ငေါက်မေးသည်။ ပန်းရံအ
က အသက်ကြီးကြီး မိန်းမကြီး
လည်း ဘာဖြစ်ကြတာလဲဟု မေး
အနားရောက်လာသည်။ အကြီး
နှစ်ယောက်က ဘာမှပြန်မဖြေ။ သူ
လည်း ဘာဖြစ်လို့ ဖြစ်မှန်းမသိ။ သူ
ရောက်နေသည့်နေရာက ယခင် ဘိ
ခလုပ်ကျောင်း(ယခု ဧယျာသိဒ္ဓိ ဘု
ကြီးကျောင်းအလွန်)စေတီပျက်
တစ်ဆူနှင့် ကုက္ကိုပင်ကြီးများ၊ ချုံ
ပိတ်ပေါင်း တောကြက်ဆူပင်ရိုင်း
များ ရှိသည့်နေရာ(ယခု အုတ်ဝန်း
ခန့်ညား ဝင့်ထည်သည့် မှခ်ဦးကြီး
မဟာဝိဇ္ဇာဘုန်းကြီးကျောင်းနေရာ)
သည်။

အကောင်းသား အမွန်သား
လျှောက်နေရာမှ ရုတ်တရက်
ပြောင်းလဲသွားသော မိန်းကလေး
အားလုံး ထိတ်ထိတ်ပျာပျာဖြစ်သွာ
သည်။ တစ်ယောက်တစ်ပေါက်
မေးသံ၊ ဖြေသံ၊ ထင်ရာပြောသည့်
တို့ကြောင့် ကျွက်ကျွက်ညံဖြစ်
သည်။ လူနေအိမ်အချို့ကလည်း
များ ဖြစ်ကြပါလိမ့်မှာ သိချင်၍
ပေါ်ထွက် စပ်စုကြ၊ မေးကြနှင့်
ဆူညံဖြစ်နေသည်။

ကလေးမလေးကလည်း
တာတော့ ပြောသည်။ အ
ကွဲအက်အက် ရှုတတနှင့်မို့ မည်
နားမလည်။ သူတို့၏ အဖြစ်အပျ
မရိုးသားဟု သိသူ ဒေါ်လှတင်က
ခြံထဲ ဝင်ကြဖို့ ခေါ်သည်။ သူ
ကလေးတစ်ယောက်ကို စေလွှ
ကလေးမလေး၏ မိဘများကို


www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကြား၊ ရပ်ကွက်ထဲမှ ဘဘ ဆရာကြီး ဦးအုန်းကိုလည်း ခေါ်ခိုင်းလိုက်သည်။

ဘယ်က ဘယ်လိုကြားပြီး ရောက်လာမှန်းမသိသော လူအုပ်စုကြီး က ဒေါ်လှတင်၏ ခြံရှေ့တွင် မျက်လှည့် ကပွဲ(?)ပိုင်းစာလောက်ဖြစ်သွားသည်။

ကလေးမလေး၏ မိခင်နှင့်အတူ မိရိုးဖ လူကြီးနှစ်ဦး၊ ပယောဂ ဆရာ ကြီး ဦးလေးအုန်းတို့ ရောက်လာသည်။ ဦးလေးအုန်းက ခဏတာမျှ ကလေးမ လေးအား အကဲခတ်ကြည့်ပြီး လက် တွင်းမှ ပုတီးဖြင့် ခေါင်းကို စွပ်ပေးလိုက် သည်။ ကလေးမလေးက ရှိုက်ကြီး တငင်ငိုသံထွက်ပေါ်လာပြီး ဆရာအုန်း ကို လက်အုပ်ချီ၍ တောင်းပန်သံ ထွက်ပေါ်လာသည်။

“ကဲ - ကလေးမ၊ ညည်း ငါမေး တာ မှန်မှန်ဖြေစမ်း။ ညည်း ဘယ်က လိုက်လာတာလဲ။ ဘာဖြစ်လို့ ဒီကလေး မလေးကို ပူးကပ်နေရတာလဲ”

ကလေးမလေးထံမှ အဖြေ ထွက်ပေါ်မလာ။ သူ့ကို ခွင့်လွှတ်ဖို့ ပြန်ခွင့်ပေးဖို့ကိုသာ ငိုပြီးပြောနေသည်။

“ဟဲ့ - ငါ ညည်းကို တောင်းပန် ခိုင်းနေတာ မဟုတ်ဘူး။ ညည်း ဘယ် ကလဲ၊ ဘာပြုလို့ ဒီကလေးမလေးကို ဝင်ကပ်နေရတာလဲ။ ဒါပဲ အရင်ဖြေ”

ဆရာအုန်းက လက်ဝါးဖြင့် ရွယ် လျက် ခပ်ဆတ်ဆတ်ထပ်မေးမှ နှစ်ရပ် ကွက်ကြား ကုက္ကိုပင်မှာ နေရသူဖြစ် ကြောင်း၊ ကလေးမလေးချိုင့်အတွင်းမှ ထမင်းကျန် ဟင်းကျန်တို့ကို စားရင်း မဝသေး၍ လိုက်လာရကြောင်း ပြော သည်။ ဆရာအုန်းက အခု ဝပြီလား၊ ထပ်စားဦးမလားဟု မေးတော့ ထပ်စား ချင်သေးကြောင်း ဖြေသည်။

“အေး ကောင်းပြီ။ ဒီတစ်ခါတော့ တို့ရှိတာနဲ့ ညည်းကို ကျွေးလိုက်မယ်။ နောက်ကို ဘယ်သူ့မှ ခြောက်တာ၊ လှန့် တာ၊ ပူးတာ၊ ကပ်တာ မလုပ်ရဘူး။ မ လုပ်ပါဘူးလို့ကတိပေးရဲ့လား။ ဖြေစမ်း”

ဆရာအုန်း၏ အမေးကို ခေါင်း ညိတ်ဖြေသည်။ ဆရာအုန်းက အိမ်ရှင် ဒေါ်လှတင်ကို ခေါ်၍ အကူအညီ တောင်းသည်။ ဒေါ်လှတင်က ပျာပျာ သလဲဖြင့် အိမ်ရှိ ထမင်းနှင့် ဟင်းကို ဇလုံတစ်ချပ်ဖြင့် ထည့်ကာ လာပေး သည်။ သရဲမ ပူးကပ်နေသည့် ကလေးမ လေးက မျက်လုံးပင် မဖွင့်ဘဲ ဇလုံကို ဆွဲယူပြီး ကိုင်လျက် ငြိမ်နေသည်။

“ကဲ - ကလေးမ၊ ညည်းစားချင် တဲ့ ထမင်းနဲ့ ဟင်းစားစမ်း။ ဒါက ညည်းကို စေတနာနဲ့ တို့က ဒါနပြု တာ၊ စား”

ဆရာအုန်း၏ အမိန့်ရတော့ ကလေးမလေးက ပလုတ်ပလောင်း မြိန်ရေယှက်ရေနှင့် စားသည်။ ဇလုံ ဟွင်းက ထမင်းနှင့် ဟင်းမှာ မနည်းလှ။ သာမန် ယောကျ်ားကြီးတစ်ယောက် စားလျှင်ပင် ဝနိုင်သည်။ ဘေးမှ ကြည့် နေသူများကတော့ မျက်တောင်ပင် မခတ်မိ။ အံ့သြမှင်သက်မိသလိုဖြစ်နေ သည်။ သိပ်မကြာလိုက်၊ ဇလုံတွင်းမှာ ပြောင်တလင်းခါသွားသည်။

ကဲ - စားလို့ ဝရင်တော့ ညည်း ကို ပြန်လွှတ်မယ်။ ဒါပေမယ့် ညည်းရဲ့ နဂိုနေရာကိုတော့ မပြန်ရဘူး။ တခြား သင့်လျော်ရာ နေရာသွားရှာပြီး နေ။ အဲဒီနေရာမှာ ညည်း ထပ်နေရင်တော့ ညည်း ငါ့အကြောင်းသိလိမ့်မယ်၊ ကြား လား”

ဆရာအုန်းက ခပ်ပြတ်ပြတ်ပြော တော့ ကလေးမလေးက ခေါင်းညိတ် ပြသည်။ ထိုအခါကျမှ လက်အုပ်ချီခိုင်း ၍ ဘုရားစင်ရှိရာသို့ လက်ညှိုးထိုးပြ ကာ ဦးသုံးကြိမ်ချခိုင်းသည်။ သူ့ကို လည်း ဆက်ပြီး ဦးသုံးကြိမ်ချ ရှိခိုးစေ သည်။ နောက်ဆုံးအကြိမ် ဦးချအပြီး တွင် ကလေးမလေးထံမှ ပုတီးကို ပြန် ချွတ်ယူလိုက်သည့်ခဏ ကလေးမလေး ထံက သက်ပြင်းမှုတ်ထုတ်သံနှင့်အတူ တစ်ဖက်သို့ လဲကျသွားသည်။

“ကဲ- -ကဲ၊ ကလေးအမေ- - - ညည်းသမီးကို ပွေ့ထူပေးလိုက်စမ်း။ ပြီးတော့ ဒီရေမန်းလေးလည်း တိုက် လိုက်”

ဆရာအုန်းက လွယ်အိတ်တွင်းမှ အသင့်ပါလာသည့် ရေမန်းပုလင်းကို ထုတ်ကာ ဖန်ခွက်တစ်ခုဖြင့် ထည့်ပေး သည်။ ကလေးမလေးက သူ့မိခင်ရင်ခွင် အတွင်းမှီလျက် မျက်စိမှိတ်ထားရာမှ ရေမန်းကို တဂွတ်ဂွတ်မြည်အောင် သောက်ချလိုက်သည်။ ခဏနေတော့ မျက်လုံးများ ပွင့်လာသည်။ သူ့အား လူများ ဝိုင်းကြည့်နေသည်ကို သတိ ထားမိသွားပြီး ရှက်၍ ခေါင်းပြန်ငုံ့သွား သည်။

“သမီး နေကောင်းသွားပြီ။ ဘဘ ဆရာကုပေးလို့ သမီး နေကောင်းသွား တာ။ ဘဘဆရာကို ကန်တော့လိုက် သမီး”

ကလေးမလေး၏ အမေက သူ့ သမီးကို ကန်တော့ခိုင်းရင်း သူကိုယ်တိုင် လည်း ကန်တော့သည်၊ ဆရာအုန်းအား ကျေးဇူးတင်စကားတို့ဖြင့်လည်း ပြော သည်။ ဆရာအုန်းက သာဓုသုံးကြိမ် ခေါ်ပြီး ကလေးမလေးကို ဆုတောင်း ပေးနေစဉ်မှာ ကြည့်နေသော ပရိသတ် များလည်း အလျိုလျိုပြန်သွားကြသည်။

ထိုအချိန်မှစ၍ ကျွန်တော်တို့ နှစ်ရပ်ကွက်ကြားက ကုက္ကိုပင်ကြီးနှင့် ညောင်ပင်ကြီးအနားတွင် အမျိုးသမီး သရဲမ ခြောက်သည်ဆိုသော အသံ မကြားရတော့ပေ ■

* * *

မောင်ထွန်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

# အစာရှောင်ခြင်း ရွှေဒေါင်း

အစာရှောင်ခြင်းသည် ကိုယ်ခန္ဓာကိုလည်းကောင်း
နာမ်ဝိညာဉ်ကိုလည်းကောင်း၊ *သန့်ရှင်းစင်ကြယ်စေတယ်
သည်ဟု သိရှိ နားလည်လာခဲ့ကြသည်ဖြစ်၍ မည်သည့်
ဘာသာ၌ဖြစ်စေ၊ သူ့နည်းနှင့်သူ အနည်းအများ
အစာရှောင်ခြင်းကို လေ့ကျင့်ကြသည်သာဖြစ်
ခေတ်ကာလလူများမှကား အာရုံငါးပါးတည်
ဟူသော ကာမဂုဏ်စည်းစိမ်ကို တတ်နိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခဏမပြတ် ခံစားစံစားလိုကြသော အာသာဆန္ဒ ရှိနေကြသည့်အလျောက် တစ်နပ်တလေမျှ အစာရှောင် ထိုက်ရလျှင်ပင် အားအင်ကုန်ခန်းသွားတော့မည့်အလား မှတ်ထင်နေကြ၍ အပိုအလုပ် အချည်းနှီးအလုပ်များသဖွယ် မြင်ကြ၍ ပြောဆိုတတ်ကြ၏။

အစားအစာသည် အာဟာရဓာတ်ကိုသာ ဖြစ်စေတတ် သည်မဟုတ်၊ လိုသည်ထက် ပို၍စားခဲ့လျှင် အညစ်အကြေး ကို ဖြစ်စေတတ်ခြင်းကို လည်းကောင်း၊ ထမင်းတစ်နပ် အတွက် အညစ်အကြေးမသွင်းဘဲ ရှောင်ကြဉ်လိုက်ခြင်းအား ဖြင့် ကိုယ်ခန္ဓာသန့်ရှင်းစင်ကြယ်ခြင်းဖြစ်၍ ကိုယ်သန့်ရှင်းမှု သည် စိတ်သန့်ရှင်းမှုဖြစ်စေနိုင်ခြင်းကို လည်းကောင်း သိနား လည်သူ အလွန်နည်းပါး၏။

ကိုယ်သန့်ရှင်းမှု ဆိုသည်မှာ ရေချိုးခြင်း၊ အဝတ်လဲ လှယ်ခြင်းမျှလောက်သာ နားလည်နေကြ၍ ကိုယ်တွင်း၌ ရှိသော အညစ်အကြေးတို့ကို ဝမ်းနုတ်ခြင်းအပြင်၊ အစား ရှောင်သော နည်းအားဖြင့်လည်း ထုတ်ပစ်နိုင်ခြင်းကိုမူကား နားလည်သူ အလွန်နည်းပါးလှ၏။ အချို့သူတို့ကမူ ရသာရုံ ခံစားမှုကို တစ်နပ်တလေမျှ မစွန့်လွှတ်လိုသည့်အတွက် ကျန်းကျန်းမာမာနဲ့ကြီးမှ မစင်ပါ (?)

လောကကြီးတစ်ခုလုံးမှာ သဘာဝဓမ္မ၏ စည်းကမ်း ဥပဒေများဖြင့် ပြည့်ပြင်စီမံလျက်ရှိရာ ထိုဥပဒေ စည်းကမ်းများ ကို လိုက်နာသောသူတို့သည် ကျန်းမာချမ်းသာ၍ အသက် ရှည်စွာ နေထိုင်ကြရ၏။ ထိုစည်းကမ်းဥပဒေများကို လွန်ဆန် နိုင်သူကား တစ်ဦးတစ်ယောက်မျှ မရှိချေ။ မည်သည့် ဘုရား သည် တန်ခိုးကြီးလှပါသည်ဆိုစေ၊ အချိန်တန်လျှင် တစ်နည်း နည်းနှင့် သက်တမ်းကုန်ရမည်သာ ဖြစ်၏။

သဘာဝဓမ္မ၏ စည်းကမ်းဥပဒေများနှင့် ပတ်သက်၍ ရေသားရသော တိရစ္ဆာန်များသည် ဉာဏ်ကွန့်၍မနေဘဲ သဘာဝဓမ္မကို မျက်စိမှိတ်ကာ လိုက်နာကြ၏။ စည်းကမ်း နည်းလမ်းဟူ၍ကား နားမလည်ကြချေ။ အိပ်ချင်လျှင် အိပ် ကြ၏။ စားချင်လျှင် စားကြ၏။ ကာမစပ်ယှက်လိုလျှင် စပ် ယှက်ကြ၏။

လူတို့မှာမူ စဉ်းစားတတ်သော ဉာဏ်ရှိသည့် သတ္တဝါ မျိုးဖြစ်သည့်အလျောက် သဘာဝဓမ္မ၏ စည်းကမ်းဥပဒေ များကို စုံစမ်းရှာဖွေကာ လိုက်နာသင့်ပါလျက် မျက်စိမှိတ်ကာ လိုက်နာသော တိရစ္ဆာန်တို့ကဲ့သို့မျှ နေရာမကျသည်များကို တွေ့ကြရ၏။ ဥပမာ - တိရစ္ဆာန်တို့သည် မကျန်းမာသည့် အခါ အစာမစားဘဲ နေတတ်ကြ၏။ အညစ်အကြေးများ ပြည့်စွက်၍ မသွင်းသည့်အတွက်ကြောင့် ရက်အနည်းငယ် အတွင်း အလိုအလျောက် ပျောက်ကြ၏။ လူတို့မူကား မစားချင် စားချင်အောင် ကြံဖန်ကျွေးမွေးသဖြင့် စားမိကြ သည့်အတွက်ကြောင့် ရက်တိုရမည့် ရောဂါကို ရက်ရှည်စေ ၏။ ရက်ရှည်ရမည့် ရောဂါကို သေစေရ၏။

ကာမစပ်ယှက်မှုတွင်လည်း တိရစ္ဆာန်တို့သည် လိုသော အခါ၌သာ သွားလာကြ၏။ လူတို့မူကား ၎င်းဘက်တွင် အားပေးသော အစားအစာမျိုးတို့ကို ရွေးချယ်စားသုံး၍ ညစ် ညမ်းသော စိတ်ကူးတို့ဖြင့် မိမိတို့၏ ရာဂစိတ်ကို နှိုးဆွပေး တတ်ကြ၏။ အချို့မှာ ဆေးစွမ်းကောင်း စသည်များကိုပင် ဝယ်ယူ မှီဝဲကြ၏။ အကောင်းဆုံးသော ဆေးပင်ဖြစ်လင့်ကစား မိမိ၌ ရှိသော အဆီအပြားကို ညှစ်ထုတ်ပေးခြင်းမျှသာ ဖြစ် သောကြောင့် အားမကိုးထိုက်ချေ။ သို့ဖြစ်ရကား လူတို့၌ အနာရောဂါထူပြော၍ သက်တမ်းမစေ့မီ သေဆုံးကုန်ကြခြင်း မှာ အံ့ဩဖွယ်ရာမဟုတ်ချေ။ တိရစ္ဆာန်များမူကား စိတ်တိုင်း ကျအောင် နေခွင့်ရရှာကြပါမူ သက်တမ်းစေ့ကုန်အောင် နေ ကြရသည်က များပေလိမ့်မည်။

သို့ဖြစ်လျှင် တိရစ္ဆာန်တို့၌ ပါရှိသော ပကတိ ဉာဏ် မျိုးသည် လူတို့၌ မရှိသောကြောင့် ဖြစ်လေသလော၊ ထိုသို့ ကား မဟုတ်ချေ။ လူတို့၌မူ မကောင်းသော အလေ့အကျင့် မျိုးကို "အတုမြင် အတတ်သင်"တတ်ကြသောကြောင့် ပျက်စီးကုန်ကြခြင်းဖြစ်လေသည်။

လူတို့မှာလည်း ရောဂါတစ်မျိုးစွဲကပ်သည့်အခါ မစား ချင်၊ မသောက်ချင်ဖြစ်တတ်၍ အချို့မှာ အစာကို မြင်လျှင်ပင် ပျို့အန်သည်အထိ ဖြစ်တတ်ကြ၏။ များစွာသော အနောက် တိုင်း၊ အရှေ့တိုင်း ဆရာများက အစာမဝင်လျှင် လူနာသည် အားပြတ်၍ သေရှာရချေတော့မည်ဟု မှတ်ယူကြ၍ အာဟာရ အမျိုးမျိုးတို့ဖြင့် ကြိုးစား၍ ကျွေးတတ်ကြ၏။ စင်စစ်သော် ကား သဘာဝဓမ္မသည် ကိုယ်ခန္ဓာ၌ အညစ်အကြေးများ ထပ်မံဖြည့်စွက်ပေးရန် အလိုမရှိသည်ဖြစ်၍ လူနာ၌ အစာ မစားလိုသောစိတ် ဖြစ်ပေါ်နေခြင်းဖြစ်၏။ သဘာဝဓမ္မ၏ စကားကို နားမထောင်လျှင် သေကြဖို့သာ ပြင်ဆင်ထားကြ ပေလော့။

လူသတ္တဝါတစ်ဦးသည် ရေမှတစ်ပါး အစာအာဟာရ အလျဉ်းမစားဘဲ ရက်ပေါင်း ၄၀ကျော်မျှ အသက်ရှင်နေနိုင် သည်ဆိုခြင်းမှာ ယုံတမ်းစကားကဲ့သို့ ဖြစ်နေလိမ့်မည်။ လွန်ခဲ့ သော နှစ်အနည်းငယ်ခန့်က ဒေါက်တာ တင်းနားဆိုသူသည်



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ပြည်တွင် အများပရိသတ်ရှေ့၌ ရက်ပေါင်း ၄၀တိတိ အစာမစားဘဲ နေသော်လည်း မသေမပျောက်ရှိနေသည်ကို တွေ့ကြရ၏။ သို့သော် ထိုသူအနီး၌ စောင့်ကြပ်ကြည့်ရှုနေသော ဆရာဝန်များကိုယ်တိုင်ကပင် ထိုသူသည် မိမိတို့ မသိအောင် တစ်နည်းနည်းနှင့် အစာသွတ်သွင်းခြင်းဖြစ်ရမည်ဟု ပြောကြ၍ မျက်လှည့်ကဲ့သို့ သဘောထားပြီးလျှင် ကောင်းစွာ မယုံကြည်နိုင်ဘဲ ရှိခဲ့ကြ၏။

အမေရိကန်ပြည်တွင် လူနာများကို အစာဖြတ်၍ ကုသောနည်းဖြင့် ကုသနေကြသော ဆရာဝန်ကြီးများနှင့် ဆေးရုံကြီးများ ရှိနေကြလေပြီ။ ထိုဆေးရုံများတွင် ကုသသော လူနာများအနက်၊ အချို့မှာ ရက်ပေါင်း ၉၀အထိ အစာအလျှင်းမစားဘဲ နေနိုင်ကြပေရာ အဆိပ်ရည်တစ်မျိုးကို မှားမိ၍ အစာအိမ်ဝ ပိတ်ဆို့သွားသည့် ၁၅နှစ်အရွယ် မိန်းကလေးတစ်ယောက်မှာမူ ရက်ပေါင်း ၁၈၀ တိုင်တိုင် အလျှင်းမစားဘဲ နေခဲ့ရဖူးလေသည်။ အစာအလျှင်းမစားဘဲ အသက်ရှင်လျက် နေနိုင်သူတို့အနက်တွင် ထိုမိန်းကလေးသည်ကား အချိန်ကြာရှည်ဆုံးဖြစ်ပေ၏။

အသက် ၄၂နှစ်ရှိ၍ အလွန်ဆူလွန်းသော အမေရိကန်သူတစ်ယောက်သည် မိမိကိုယ်မှ ဝိုလျှံနေသော အဆီတို့ကို ထုတ်ပစ်ရန်အတွက် အစာရှောင်သောနည်းဖြင့် ကုသလေရာ မူလပေါင်ချိန် ၂၃၅ပေါင်(၆၃ပိဿာ)ရှိခဲ့ရာ ၂၈ရက် အစာရှောင်လိုက်ရာတွင် ပေါင်ချိန် ၃၀လျော့ကျသွား၏။ သို့သော် တစ်ဖန်ပြန်၍ အစာစားလိုက်ရာတွင် ရှေးယခင်က အလေးချိန်အတိုင်းဖြစ်လာပြန်သဖြင့် ဒုတိယအကြိမ်တွင် ၃၅ရက်မျှ အစာရှောင်ခြင်းအားဖြင့် ၃၅ပေါင် လျော့ကျ၍ ပေါင်ချိန် ၂၀၀မျှသာ ရှိတော့၏။

ငင်းနောက် ဆရာဝန်များက ညွှန်ကြားသော စားသောက်နည်းကို မလိုက်နာမိသည်ဖြစ်၍ ထိုမိန်းမသည် ရက်သတ္တပတ် နှစ်ပတ်အတွင်းတွင် ပေါင်ချိန် ၂၀ တိုးလာခဲ့ပြန်ရာ တတိယအကြိမ်တွင်မူကား ၅၅ရက်တိုင်တိုင် အစာဖြတ်၍ ပေါင်ချိန် ၆၀မျှ လျော့ကျသွားလေ၏။ ထို ၅၅ရက်မျှသော အချိန်အတောအတွင်း ထိုမိန်းမသည် လင်သားအိမ်ရှိ ချက်ပြုတ်ခြင်းမှစ၍ အိမ်တွင်းမှုကိစ္စဟူသမျှတို့ကို ဆောင်ရွက်မြဲတိုင်း ဆောင်ရွက်ပေးခဲ့ရာ ပထမ သုံးရက်ခန့်မှတစ်ပါး ကြွင်းကျန်သောရက်များတွင် မိမိချက်ပြုတ်နေသော အစားအစာတို့ကို သွားရည်ကျလောက်အောင် စားလိုသောစိတ်မျိုးလည်း မရှိ၊ ဆာလည်း မဆာကြောင်းနှင့် ပြောပြလေသည်။

ထို့နောက်မှစ၍ ငင်းမိန်းမသည် အစားအစာနှင့် ပတ်သက်၍ ဆရာဝန်၏ အညွှန်းအတိုင်း တိတိကျကျလိုက်နာခဲ့ရာ ငင်း၏ အလေးချိန်မှာ ပေါင် ၁၆၀တွင် တည်နေ၍ ဖျတ်လတ်သွက်လက်သော ကိုယ်အမူအရာရှိသည့်အပြင် ယခင်က စွဲကပ်ခဲ့ဖူးသည့် ရောဂါအသေးအဖွဲကလေးတို့မှာလည်း တစ်ခါတည်း ရှင်းရှင်းပျောက်ကင်းသွားလေတော့၏။ ထိုမိန်းမမှာ ဆူလွန်းခြင်းကို ပျောက်ကင်းအောင် အစာရှောင်၍ ကုသခြင်းဖြစ်လေသည်။

အခြားရောဂါအတွက် အစာရှောင်၍ ကုရသော စာရေးတစ်ယောက်မှာလည်း ၄၃ရက်တိုင်တိုင် အစာမစားဘဲ နေသည်အတွင်း လုပ်မြဲတိုင်း အလုပ်ကို ဆောင်ရွက်လုပ်ကိုင်နိုင်လေရာ တစ်ဖန်ပြန်၍ အစာစားသောအခါတွင် တစ်နေ့လျှင် အစာနှစ်ပေါင်မျှ ပြည့်အောင် မစားပါဘဲလျက် ကိုယ်၏ အလေးချိန်မှာ နေ့စဉ် နှစ်ပေါင်တိုးလျက်ရှိသည်ကို တွေ့ရလေသည်။

အစာရှောင်ခြင်းဆိုသည်မှာ အစာချေချက်သော စက်ကို အနားပေးခြင်းဖြစ်လေရာ အစာကို ရက်တိုမျှ ရှောင်သည် ဖြစ်စေ၊ ရက်ရှည်ရှောင်သည် ဖြစ်စေ၊ ရှောင်ကြဉ်သလောက် အနားရ၍ အညစ်အကြေးများ စင်ကြယ်သလောက် စင်ကြယ်ခြင်းအားဖြင့် အကျိုးကျေးဇူးခံစားကြရမည်သာ ဖြစ်ချေ၏။ သို့သော် အစာရှောင်ပြီးသည့်နောက် တစ်ဖန်ပြန်၍ ကောက်သောအခါ အလျင်စလို စားသောက်မိလျှင် ဘေးအန္တရာယ်ဖြစ်တတ်ပြန်ပေရာ ဤအကြောင်းကို နောက်အခန်းတွင် စုံလင်စွာ ဖော်ပြရပေဦးမည်။

အစားအစာကို ရက်ရှည်မဟုတ်ဘဲ ရက်သတ္တတစ်ပတ်မျှ ရှောင်ကြဉ်ပါမူ ယခင်က အစားကြူးလိုသော အလေ့အကျင့်တို့ ပျောက်ကင်းစေနိုင်သည့်အပြင် မှားယွင်းစားသောက်နည်း၏ နေရာတွင် မှန်ကန်သော စားသောက်နည်းကို သွတ်သွင်းပေးဖို့ လွယ်ကူလေသည်။

အစာရှောင်ခြင်းသည် ကိုယ်ခန္ဓာသန့်ရှင်း စင်ကြယ်မှုအတွက်နှင့် စိတ်သန့်ရှင်းမှုအတွက် ပထမတန်း ကောင်းသောနည်းလမ်းဖြစ်ပေရာ ကိုယ်ခန္ဓာသည် ရက်အတန်ကြာ အစာရှောင်ပြီးသည့်နောက်တွင် မွေးဖွားစ ကလေးသူငယ်၏ ကိုယ်ကဲ့သို့ ဖြစ်လာရုံမျှမက၊ မသန့်ရှင်း မစင်ကြယ်သော စိတ်ထားညစ်ညမ်းယုတ်မာသော အကြံအစည်တို့လည်း ကင်းရှင်းပပျောက်သွားနိုင်လေသည်။ လောကုတ္တရာကျိုး ရှာသူတို့အဖို့မှာ ထိုအချိန်တွင် သမထ၊ ဝိပဿနာ စသော လုပ်ငန်းတို့ကို ထက်သန် စွဲမြဲစွာ လုပ်ကိုင်နိုင်ကြပေလိမ့်မည်။ ဖျင်းခြင်း၊ ထိုင်းမှိုင်းခြင်းတို့ အလျှင်းမရှိတော့ဘဲ လုပ်ရန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်၌ စွဲမြဲစူးစိုက်စွာ လုပ်နိုင်သော သတ္တိလည်း ရှိကြပေလိမ့်မည်။

အစာရှောင်ခြင်း၏ ကျေးဇူးများကို ထုတ်ဖော်ရေးသားရသော်လည်း လုံးလုံးကြီး အစာရှောင်ခြင်းသည်သာလျှင် နေရာတကာတိုင်း၌ အကောင်းဆုံးသော နည်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ချေ။ ရောဂါကို ဖြတ်လမ်းမှ လိုက်၍ မြန်မြန်ကြီး ပျောက်လိုသောသူ၊ ရောဂါကျွမ်းနေသဖြင့် တဖြည်းဖြည်းချင်း ကုဖို့ အချိန်မရသောသူတို့အဖို့မှကား အစာရှောင်ခြင်းသည် အမြန်ဆုံး၊ အကောင်းဆုံးသော နည်းဖြစ်ခြင်းမှာ ယုံမှားဖွယ်ရာ မရှိချေ။ ရောဂါအခြေအမြစ်ကြီးလှသည်ဖြစ်၍ အခြားသော နည်းလမ်းဖြင့် ကုသ၍ မရနိုင်သော နာတာရှည်တို့ကို ဤနည်းဖြင့် ကုသ၍ ပျောက်ကင်းကြသည်မှာ များလှလေပြီ။

သား၊ ငါးတို့ကို စားနေကျဖြစ်သောသူတို့အဖို့မှာ ရတ်တရက် တစ်ခါတည်း အစာရှောင်လိုက်ခြင်းထက် တစ်နေ့လျှင် ထမင်းတစ်နပ်ဖြတ်၍(ဉပုသ်စောင့်သည် ဖြစ်စေ) ရက်သတ္တတစ်ပတ်ခန့် လေ့ကျင့်ပြီးသည့်နောက်မှ လုံးလုံး အစာရှောင်ရလျှင် သာ၍ကောင်းပေလိမ့်မည်။ ထိုကဲ့သို့ လေ့ကျင့်သောအခါတွင်လည်း သား၊ ငါးတို့ကို ရှောင်၍ သက်သတ်လွတ်အကျင့် ပြုထိုက်ပေသည်။ သစ်သီးကို ခပ်များများစားထိုက်၏။

ရက်သတ္တတစ်ပတ်ဖြစ်စေ၊ နှစ်ပတ်ဖြစ်စေ၊ သက်သတ်လွတ်ရှောင်ပြီးမှ အစာကို လုံးလုံးလွှတ်လိုက်ပါမူ ပထမ နှစ်ရက်လောက်အတွင်းသာလျှင် အနည်းငယ် ဆာလောင်၍ ထိုနောက်တွင် ဆာမွတ်ခြင်းဟူသော ဒုက္ခမျိုး မရှိတော့ချေ။ ထိုအချိန်အခါတွင် မိမိနေနိုင်သောအဖြစ်ကို ထောင့်ချင်ခြင်းအားဖြင့် တစ်နေ့အတွင်း အစာသုံးလေးထပ် စားနေကြသောသူတို့ကို စိတ်ထဲတွင် အံ့ဩမိပေလိမ့်မည်။

ထိုအချိန်မှစ၍ ရသာရုံ၏ ကျွန်တည်းဟူသော အနှောင်အဖွဲ့မှ လွတ်ရသည့်အတွက် စိတ်ထဲတွင် တစ်နေ့တခြား ကြည်ရွှင်တက်ကြွ၍ မည်သည့်အလုပ်မျိုးကိုမဆို မိမိဆောင်ရွက်လိုက်ရလျှင် ဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်လျက်ရှိ၏။ ယခင်က အလွန်ခဲယဉ်းသည်ဟု မှတ်ထင်လာခဲ့သော ကမ္မဋ္ဌာန်း စသည့် အလုပ်မျိုးကိုပင်လျှင် တွန့်ဆုတ်လောက်အောင် ခဲယဉ်းခြင်း မရှိတော့ချေ။

ရက်ရှည် အစာရှောင်သောသူတို့အဖို့မှာမူ ကိုယ်ခန္ဓာ၌ ရှိသော အညစ်အကြေးအကတ်အသတ်တို့ကို တစ်ဖန်ပြန်၍ စုတ်ယူထုတ်ပစ်နေရပြန်သည့်အတွက် တစ်လည့်တစ်ပတ်တွင် စိတ်အားနွမ်းနယ်သော အဖြစ်မျိုး ကြုံတွေ့ရတတ်၏။ သို့သော် ထိုသို့သော အချိန်ကာလမျိုးသည် များစွာ ကြန့်ကြာသည်မဟုတ်ဘဲ ဘိုး၍ ကြည်လင်သောအဖြစ်သို့ တစ်ဖန် ပြန်ရောက်ရမြဲဖြစ်လေသည်။

အစာရှောင်နေသော ရက်အတောအတွင်းတွင် ရေကို တတ်နိုင်သမျှ များများသောက်၍ လမ်းလျှောက်ခြင်း စသည့် ဖြည်းညှင်းသော ကာယပုတ် မျှတမှုတို့ကို ဆောင်ရွက်သင့်ပေသည်။ ထိုအတောအတွင်း နေ့စဉ် တစ်ကြိမ်မှန်မှန် ဝမ်းချုပေးသင့်၏။ အစာကို လေးငါးဆယ်ရက် မစားသုံးဘဲ နေပြီးသည်ကနောက် ဝမ်းချုသော်လည်း အညစ်အကြေးများ ပါနိုင်ဖွယ်ရာ မရှိဟု မှတ်ထင်လောက်ပေရာ ထိုအခါ၌ ပါလာသော ကျင်ချေးတို့ကို တွေ့မြင်ရခြင်းအားဖြင့် ကိုယ်ခန္ဓာ၌ အညစ်အကြေးများ အဘယ်မျှလောက် စွဲမြဲစွာ ကပ်တွယ်လျက်ရှိသည်ကို တွေ့မြင်ရပေလိမ့်မည်။

အစာရှောင်လျက်ရှိသည့်အတွင်း ကိုယ်ခန္ဓာ၏ ပြောင်းလဲခြင်းများကို တွေ့မြင်ရသည်မှာ အားရှိဖွယ် ကောင်းလှပေ၏။ ယခင်က ခြောက်သွေ့မွဲဟောင်းလျက်ရှိသော အသားအရေသည် စိုစွတ်ပျော့ပျောင်းလျက် လက်သည်းနှင့် နှုတ်ခမ်းတို့၏ နီမြန်းခြင်း၊ မျက်လုံးတို့၏ တောက်ပ ကြည်လင်ခြင်း၊ ဆံပင်တို့၏ ပြောင်လက်ခြင်း စသည့် အထိမ်းအမှတ်တို့ကို တွေ့မြင်ရပေရာ ကိုယ်တွင်း၌ ပြောင်းလဲသော အခြင်းအရာ



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ဒိဋ္ဌ မတွေ့မြင်ရသော်လည်း၊ ဤနည်းအတူ နနယ် လတ်ဆတ်ခြင်း ရှိနေလိမ့်မည်ဟု တွေးထင်နိုင်ဖွယ်ရာ ရှိပေ၏။ ဆီးသည် ပထမရက်များတွင် ပျစ်တစ်တစ်၊ မည်းတဲတဲ ရှိလာတတ်သော်လည်း စိုးရိမ်ဖွယ်မရှိ။ **အညစ်အကြေးများ** ထုတ်ပစ်ခြင်းမျှသာ ဖြစ်၍ ရက်အတန်ကြာလျှင် ကြည်လင်ခြင်းသို့ ရောက်ပေလိမ့်မည်။

ထမင်းအသက် ၇ရက်ဆိုသော စကားမှာ ဘုရားစကား မဟုတ်ပါဘဲလျက်၊ ဘုရားစကားကဲ့သို့ စွဲမြဲယုံကြည်နေကြသောသူတို့အဖို့မှာမူ ဤနည်းသည် အသုံးဝင်လှမည်မဟုတ်ချေ။ အတင်းအကျပ်လုပ်ရပ်ပါလျှင်လည်း သေရမည်ဟု ကြောက်သည်နှင့်ပင် သေကောင်းသေဖွယ်ရာ ရှိပေမည်။

သို့သော် အထက်ဖော်ပြပါ ဥပမာများအပြင် နီးကပ်သော ဥပမာများ ဆောင်ရသော်၊ ဦးဝိစာရကိုယ်တော်သည် ရက်ပေါင်း ၆၀ကျော် အစာမစားဘဲ နေပြီးသည့်နောက်မှ ပျံလွန်တော်မူရာ၏။ မစ္စတာဂန္ဒီသည် ရက်သတ္တနှစ်ပတ် သုံးပတ်မျှ အစာမစားဘဲ မကြာခဏနေခဲ့သော်လည်း မသေခဲ့ချေ။ ခရစ်တော်သည် ရက်ပေါင်း ၄၀တိတိ အစာမစားဘဲ ကိုယ်နှင့် စိတ်ကို စင်ကြယ်အောင် ပြုလုပ်သည် ဆို၏။

ကျွန်ုပ်တို့ မြတ်စွာဘုရားသည်လည်း သတ္တဌာနတွင် ရ[...] ပေါင်း ၄၉ရက်တိုင်တိုင် ဆွမ်းဘောဇဉ် ဘုဉ်းမပေးဘဲ [...] သိပြီးသော တရားဓမ္မတို့ကို ပြန်လှန် ဆင်ခြင်တော်မူ[...] အချို့ကား "ဘုရားမို့ နေတော်မူနိုင်သည်"ဟု မှတ်ယူကြ[...] ဖြစ်ရာ ကျွန်ုပ်တို့အဖို့မှာမူ မည်သည့်ဘုရားပင်ဖြစ်[...] သဘာဝဓမ္မကို လွှန်ဆန်နိုင်သည် မဟုတ်သောကြော[...] သဘာဝဓမ္မ၏ စည်းကမ်းအရပင် ထိုမျှလောက် နေနိုင်သော[...] ကြောင့် နေတော်မူနိုင်သည်ဟု ယုံကြည်၏။ တန်ခိုးတော်[...] အနန္တဆိုသော်လည်း နေရာတကာတိုင်းတွင် တန်ခိုးတော်[...] အသုံးပြုနေခဲ့သည်ဟု ကျွန်ုပ်တို့ မယူသင့်ချေ။

လိုရင်းအချုပ်၌ အချို့သော လူနာတို့အဖို့တွင် အာ[...] ရကို ပြုပြင်ပေးခြင်းအားဖြင့်ပင်လျှင် ရောဂါပျောက်ကင်းတ[...] ပေရာ၊ ထိုမျှနှင့် မလုံလောက်အောင် အခြေအမြစ်ကြီးသော[...] ရောဂါသည်တို့အဖို့မူကား အစားအစာကို အလျဉ်းရှောင်[...] ကုသသော နည်းသည်သာလျှင် အကောင်းဆုံးဖြစ်ပေလိ[...] သတည်း။

* * *

ဓရှူဥ[...]


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ၊
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၃၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ[...]





www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ် စာအုပ်စင်

သုတအုံ

## ဂျူး




## အောက်ခြေ သန်းတစ်ထောင်

ဆရာမ ဂျူး ရေးသားသော "အောက်ခြေ သန်းတစ်ထောင်"ဆိုသည့် စာအုပ်ထွက်ရှိလာသည်။ ဂျူးစာပေမှ စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

Paul Collier ရေးသားသော The Bottom Billion စာအုပ်နှင့်အတူ ပေါလ်ကိုလီယာ မြန်မာနိုင်ငံတွင် ပြောခဲ့သော မိန့်ခွန်းများကို အတိုချုပ် ကောက်နုတ်ပြီး ဆရာမ ဂျူး၏ အမြင်တချို့နှင့် ပေါင်းစပ်ဖန်တီးထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ဆင်းရဲလွန်းလှသော နိုင်ငံငယ်လေးများအတွက် ဖွံ့ဖြိုးတိုးတက်မှုကို တားဆီးထားသည့် ပြည်တွင်းစစ် ပဋိပက္ခထောင်ချောက်၊ သဘာဝ သယံဇာတ ထောင်ချောက်၊ ဆိုးဝါးသော အိမ်နီးချင်းနိုင်ငံများကြားတွင် ပိတ်မိနေသော ထောင်ချောက်၊ နိုင်ငံငယ်လေးတွင် စီမံအုပ်ချုပ်မှု ညံ့ဖျင်းနေခြင်းတည်းဟူသော ထောင်ချောက်လေးမျိုးရှိသည်ဟု ပေါလ်ကိုလီယာက ဆိုထား၏။

ဆရာမ ဂျူး အာရုံစိုက်ပြီး ရေးသားတင်ပြထားသည့် "အောက်ခြေ သန်းတစ်ထောင်" စာအုပ်ကို ကျွန်တော်တို့လို အောက်ခြေ လူတန်းစားများမှအစ အာဏာသုံးရပ်ကို ကိုင်တွယ်နေကြသူများနှင့်အတူ ၎င်းတို့ကို မှီတွယ်ပြီး စီးပွားရှာနေကြသူများအဆုံး ဖတ်ရှုသင့်ပါသည်။

တိုက် - ဂျူးစာပေ
နှာဖုံးဒီဇိုင်း - ဇော်မောင်
ခြင်း - ၂၀၁၃၊ မတ်လ၊ ပထမအကြိမ်။
ရေ - ၇၀၀
း - ၈၀၀ ကျပ်။

## သတိုးနွယ်




## ပရဟိတနိုင်ငံရေး

သတိုးနွယ် ရေးသားသည့် စာအုပ်ကောင်းတစ်အုပ်ကို "စိတ်ကြိုက် စာပေ"က ထုတ်ဝေဖြန့်ချိထားသည်။

စာအုပ်ခေါင်းစီးမှာ "ပရဟိတ နိုင်ငံရေး"ပင် ဖြစ်သည်။

အသွင်ကူးပြောင်းနေသော အချိန်၊ နိုင်ငံရေးရေချိန်မြင့်မားပြီး သူသူငါငါ နှလုံးအိမ်တွင် ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ ပွင့်လင်းမြင်သာမှုနှင့်အတူ သာတူညီမျှဖြစ်ရေးကို လိုလားနေသောအချိန်ဖြစ်သည်။

သတိုးနွယ် ရေးသားတင်ပြထားသော ပရဟိတနိုင်ငံရေးမှာ တရားဓမ္မကို အခြေခံပြီး နိုင်ငံအတွက်၊ လူသားတွေအတွက်၊ လူ့ပတ်ဝန်းကျင်အတွက် အကျိုးရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။


စာပေတိုက် - စိတ်ကြိုက် စာပေ
မျက်နှာဖုံးဒီဇိုင်း - အေးဖြူအောင်
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဇွန်လ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်။



www.burmeseclassic.com

www.burmeseclassic.com

| စံဝင်းမောင်၊ မင်းမျိုးနိုင် | ဒေါမာန်ဟုန် |
|---|---|




ဘာတီးလ်လင့်တနာ ရေးသားသော စာအုပ်ကို စံဝင်းမောင်နှင့် မင်းမျိုးနိုင်တ မြန်မာဘာသာသို့ ပြန်ဆိုပြီး ဆရာ မောင်ကြည်သစ်မှ စီစဉ်တည်းဖြတ်ထားသော စာ ဖြစ်သည်။

ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကို စာဖတ်သူတိုင်း သိကြမည်ထင်သည်။ ကြ ဖြတ်သန်းဖူးသူတိုင်း VOA နှင့် BBC အသံလွှင့်ဌာနတို့မှ ထိုကာလအတွင်း ထုတ် ချက်တွေကို နားထောင်ဖြစ်ကြမည်ထင်သည်။ ဒါဆိုရင် သတင်းထောက် ဘာတီးလ် တနာနှင့် ခရစ္စတိုဖာဂဲန်းနက်စ်ကို သိကြမည် ထင်သည်။

ယခု "ဒေါမာန်ဟုန်၊ ဗမာပြည် ဒီမိုကရေစီတိုက်ပွဲ"ဟု အမည်ပေးထား စာအုပ်၏ အကြောင်းကိုလည်း ကြားဖူးကြလိမ့်မည် ထင်၏။ ပွင့်လင်းလွတ်လပ်လာ အခါသမယတွင် ရှစ်လေးလုံးအရေးတော်ပုံ မှတ်တမ်းစာအုပ်များ ဟောတစ်အုပ် ဟောတစ်အုပ် ထွက်ရှိလာ၏။

ဘာတီးလ်လင့်တနာ၏ စာအုပ်ကို ကျွန်တော်တို့တွေ ဖတ်ကြည့်သင့်သည်။ ရှစ်လေ ပြည်သူ့အရေးတော်ပုံကြီးသည်ပင် ငွေရတုခရီးတိုင်ခဲ့ပြီမဟုတ်ပါလား။

| | | |
|---|---|---|
| စာပေတိုက် | - | လွင်ဦး စာပေ |
| မျက်နှာဖုံးဒီဇိုင်း | - | ဇော်မောင် |
| ပုံနှိပ်ခြင်း | - | ၂၀၁၃၊ ဇွန်လ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၅၀၀၀ ကျပ်။ |

| ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း) | ကမ္ဘာတစ်ခြမ်းကို ပြောင်းလဲစေခဲ့သော သာမဏေနှင့် |
|---|---|



ကျွန်တော်တို့ နေ့စဉ် အလေးမြတ်ထား ပူဇော်ဦးခိုက်ရသည်မှာ ဘုရားနှင့် တ လျှင် သံဃာတော်များပင် ဖြစ်သည်။

ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း) ရေးသားပူဇော်သည့် စာအုပ်သည် သံဃာ များ၏ ကျေးဇူးကို အစဉ် ဦးခိုက်ခြင်းမည်သည်။ ရေးသူ ဆရာတော်အနေနှ ဖတ်ရသူများပါ ကြည်ညိုသဒ္ဓါပီတိအဟုန် ဖြစ်စေပါသည်။

မဟာစည်ဆရာတော် အရှင်သောဘန၊ မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တ ဘိဝံသ၊ ဘဒ္ဒန္တတိလောကသာရ(ရဝေထွန်း)၊ ဓမ္မဒူတဆရာတော် အရှင်ပညာ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ယောဆရာတော်၊ ဘဒ္ဒန္တကောဏ္ဍည၊ ဘဒ္ဒန္တကေတုမဟာ ဘဒ္ဒန္တဉာဏိန္ဒ၊ ဘဒ္ဒန္တဓမ္မလောက၊ ဒေါက်တာ ဘဒ္ဒန္တပဝရာဘိဝံသ၊ ဖြူးဆရ ဘဒ္ဒန္တရပတိ စသော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိအကျဉ်းနှင့်အတူ ဆရာတေ များ၏ ကြည်ညိုပူဇော်စရာအကြောင်းများကို ရေးသားပြုစုထားသော စာအုပ်ဖြ

| | | |
|---|---|---|
| စာပေတိုက် | - | စာနဒီ |
| မျက်နှာဖုံးပန်းချီ | - | ဗဂျီလင်းဝဏ္ဏ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃၊ မေလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ်။ |

*****



www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်တိုး

# အာကာသ သျှတ္တရပျို့ထဲမှ နဂါး



ရှေးမြန်မာတို့သည် နဂါးကို အခြားလူမျိုးများနည်းတူ ...တ်ဝင်စားကြ၏။ မြန်မာ့နဂါးက မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ...မာဆန်သည်။ အထူးသဖြင့် မြန်မာ့ရှေးပန်းချီဆရာတို့၏ ...တ်ကြိုက် ခြယ်မှုန်းထားသော ပုံသဏ္ဌာန်မျိုး ဖြစ်နေပေ ...သည်။

ရှေးဘုရားသမိုင်းများတွင် နဂါးပါတတ်သည်။ ရွှေစက် ...တော်သမိုင်း၊ ကျိုက်ထီးရိုးသမိုင်း၊ သရေခေတ္တရာ ရာဇဝင်တို့ ...တွင် နဂါးကို တွေ့ရှိရသည်။ သို့သော် နဂါးက ပုံစံအမျိုးမျိုး ...ပြောင်းသွားသည်။ နဂါးကို အလွန်အမင်း စွဲလမ်းယုံကြည်ကြ ...သည့် ရှေးမြန်မာတို့သည် ပျူစောထီးကိုပင် နဂါးနွယ်အဖြစ် ...န်တီးခဲ့ကြသည်။

ကာလနဂါး၏ သား၊ နဂါးကြောင်း၏ သမီး နဂါးမ ငံသီးသည် သီတင်းသီလဆောက်တည်ရန် လူပြည်သို့ လာရောက်ကာ "မလည်တောင်ယံ" နေထိုင်စဉ် နေနတ်သားနှင့် ပေါင်းသင်းရာမှ ဥတစ်လုံး အခဲ့ရာ ယင်းဥပေါက်လာလျှင် ပျူစောထီးဖြစ်လာခဲ့သည်။

သို့ကြောင့်လည်း ပျူစောထီးက...

"ကျွန်ုပ်အမျိုးအနွယ်သည် အဖကား နေနတ်သား၊ အမိကား ကာလနဂါး၏ သား၊ နဂါးကြောင်း၏ သမီးတည်း။ ထိုသူနှစ်ပါး သံဝါသဖြစ်၍ ကျွန်ုပ်ကို ဖွားမြင်သတည်း"

ဟု သူ၏ မျိုးရိုးဇစ်မြစ်ကို ဖော်ပြခဲ့သည်။

ပျူစောထီး နန်းတက်လာသောအခါ သမုဒ္ဒရာဇ်မင်း၏

www.burmeseclassic.com

သမီးတော်ကို မိဖုရားမြှောက်ခဲ့သည့်နည်းတူ နဂါးမင်း၏ သမီးတော် ဣရန္ဒဒေဝီကိုလည်း မိဖုရားမြှောက်ခဲ့သည်။

နဂါးသည် ကျွန်စစ်သားလက်ထက်အထိ ရာဇဝင်ကျမ်းများ၌ တွေ့မြင်နေရဆဲဖြစ်သည်။ ကျွန်စစ်သား မင်းမဖြစ်က စောလူးမင်းက အမျက်တော်ရှသဖြင့် မြင်းကပါရပ်တွင် တစ်ကိုယ်တည်း သွားရောက်နေထိုင်ခဲ့ရသည်။ ထိုစဉ်က အပယ်ရတနာသည် ကျွန်စစ်သားထံသို့ မကြာခဏ သွားရောက်တွေ့ဆုံလေ့ရှိခဲ့သည်။ တစ်ကြိမ်တွင် အပယ်ရတနာ ကျွန်စစ်သားထံ သွားရောက်စဉ် နဂါးတစ်ကောင်က ပါးပြင်းဖြင့် မိုးပေးထားသည်ကို တအံ့တသြတွေ့ရသည် ဆိုပါသည်။ ကျွန်စစ်သား ဘုရင်ဖြစ်လာသောအခါ ထိုအရပ်၌ နဂါးရုံဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။

နဂါးအစွဲအလမ်းသည် နက္ခတ္တဗေဒနယ်ပယ်၌လည်း ပျံ့နှံ့ဝင်ရောက်လျက်ရှိပါသည်။ ကုန်းဘောင်ခေတ်လယ်ပိုင်းတွင် မုံရွေး ဇေတဝန်ဆရာတော် အရှင်အာရိယာဝံသ အာဒိစ္စရံသီက အာကာသ သျှုတ္တရပျို့ကို ရေးဖွဲ့သီကုံးခဲ့သည်။ ယင်းပျို့တွင် စာပိုဒ်ရေ (၃၁)ပိုဒ် ပါရှိရာ နောက်ဆုံး သုံးပိုဒ်က နိဂုံးပိုင်းဖြစ်ပါသည်။ နိဂုံးပိုင်းတွင်…

"ဤရွေ့ စာကို၊ ထောင်ရာ ဖြိုးမောက်၊ ရှစ်ဆယ့်ခြောက်၌၊ ထွန်းတောက်ဇွေ၊ ဆန်းကေတွင်၊ သောကြာဝေါဟာ"

စသည်ဖြင့် ရေးဖွဲ့ထားသည်။

နိဂုံးလင်္ကာအရ အာကာသ သျှုတ္တရပျို့ကို သက္ကရာဇ် ၁၁၈၆ ခု၊ နယုန်လဆန်း ၁ရက်၊ သောကြာနေ့(၂၈၊ မေ၊ ၁၈၂၄)တွင် ရေးဖွဲ့ပြီးစီးခဲ့သည်။ ဆရာတော်က ယင်းပျို့တွင် ကောင်းကင်တစ်ပြင်လုံးရှိ နက္ခတ်တာရာများအကြောင်းကို အနစိတ် မှတ်တမ်းတင်ထားပါသည်။ ဆရာတော်၏ အာကာသ သျှုတ္တရပျို့လာ "အဿဝဏီ၊ ဘရဏီမည်သာ၊ ကြတ္တိကာနှင့်၊ နောင်လာ ရောဟဏီ၊ မိဂသီက" အစချီ နက္ခတ် ၂၇လုံးလင်္ကာမှာ ယနေ့ခေတ်တိုင် မှတ်ကြရသည့် လင်္ကာဖြစ်ပါသည်။

ဆရာတော်ရေးဖွဲ့ခဲ့သည့် အာကာသ သျှုတ္တရတွင် နက္ခတ်တာရာအချို့မှာ နဂါးပုံသဏ္ဌာန်ဖြစ်နေကြောင်း ထည့်သွင်း စပ်ဆိုထားပါသည်။ ဆရာတော်၏ အလိုအရ နဂါးကို (၇)ပိုင်း ပိုင်းခြားထားသည်။ ယင်းတို့က အမောက်များ၊ ဦးခေါင်း၊ လည်ဆစ်၊ စလုတ်၊ အလယ်၊ ချက်၊ အမြီးများတို့ဖြစ်သည်။ နက္ခတ်အချို့သည် ယင်းနဂါး၏ အစိတ်အပိုင်းများဖြစ်နေကြသည်။

ဤတွင် နက္ခတ် ၂၇လုံးအနက် အနုရာဓ နက္ခတ် ၅လုံးက နဂါးလည်ဆစ်ဖြစ်ပါသည်။ ဤသည်ကို ဇေတဝ ဆရာတော်က "အနုရာဓ၊ လုံးရေချသော်၊ ပဥ္စဒသာ၊ နာ လည်ဂုတ်"ဟု ရေးဖွဲ့သီကုံးခဲ့သည်။ ဇေဋ္ဌနက္ခတ် ၅လုံးကို နဂါးချက်ဟု သတ်မှတ်ပါသည်။ ထို့ပြင် မူလနက္ခတ် ၄လုံး က နဂါးအမြီးဖြစ်ကြောင်း ပြဆိုပါသည်။ ယင်း နဂါးရုပ်ပြ က ကောင်းကင်ပြင် နဂါးငွေ့တန်းနှင့်လည်း ပတ်သက် ဟန် ရှိပါသည်။

မုံရွေး ဇေတဝန်ဆရာတော်က တာရာအချို့ကို နဂါး ကိုယ်ခန္ဓာအဖြစ် မှတ်ယူဟန် တူပါသည်။ အတိ တာရာသုံးလုံးမှာ နဂါးအမောက်ဖြစ်သည် ဆို၏။ ကောင်း နက္ခတ် သရုပ်ဖော်ပုံ ပုရပိုက်များတွင်လည်း နဂါးပုံကို ထ သွင်းရေးဆွဲလေ့ရှိပါသည်။ အနောက်တိုင်း နက္ခတ်တာ အယူအဆတွင်လည်း Draco, Serpent စသည့် နဂါးကြ စုများ ပါဝင်နေသည်ကို တွေ့ရပါသည်။

ဤတွင် နဂါးနှင့် ပတ်သက်၍ ခေတ်သစ် အယူအ အချို့ကလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ ကို ခေတ်ဦးကာလက မြန်မာပညာရှိ ဦးဘောက နဂါးအယူအ ကို "ရာဇစ်သဂလ္လ္ဟိ ပဒတ္တဝိဘာပနီကျမ်း" ထည့်သွင်း သားခဲ့ပါသည်။ ဦးဘောက နဂါးတွင် "ကာမရူပီ"နဂါးနှ "အကာမ ရူပီ"နဂါးဟူ၍။ ရေနဂါး၊ ကုန်းနဂါး နှစ်မျိုးရှိကြော ဆိုပါသည်။ သမ္မန္တစကု ဒီပနီကျမ်းအရ ကာမရူပသည် အ ပြည်ကို ဆိုလိုရာ မြန်မာရာဇဝင်ကျမ်းများပါ နဂါးများသ အာသံပြည်နယ်သားများဖြစ်ဟန် ရှိကြောင်းပင် ဖြစ်ပါသ အာသံသားတို့သည် နဂါးခေါင်းပုံစံ ဖောင်းထုပ်ကို ဆင်မြ လေ့ရှိသည်ကလည်း စိတ်ဝင်စားဖွယ်ဖြစ်နေပါသည်။

မည်သို့ဆိုစေကာမူ ရှေးမြန်မာတို့သည် နဂါးကို စိတ် တစားရှိကြသည့်အလျောက် နက္ခတ်တာရာများ၏ ပုံသဏ္ဌာ ၌ပင် နဂါးပုံစံထည့်သွင်းရေးမှတ်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်

* * *

တင်နိုင်


ကျမ်းကိုး-

- မုံရွေးရာဇဝင် စာပေယဉ်ကျေးမှု (ချောင်းဦး မောင်စန္ဒာ)။
- အာကာသစာရီခေါ် အာကာသ သျှုတ္တရပျို့ (မုံရွေး ဇေတဝန်ဆ တော်၊ နက္ခတ်ဗေဒင်မဂ္ဂဇင်း။ ၂၀၀၃၊ ဇွန်)။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ထောင်ပိုင်ကြီး ဦးစိုးဝေသည် မိမိ တာဝန်ကျနေသော နယ်အကျဉ်းထောင်လေးတွင် လွတ်လူ များကို လွှတ်ရန် စိစစ်နေစဉ်ဖြစ်သည်။ နေ့စဉ် လွှတ်ပေးနေကျ လွတ်လူ အကျဉ်းသားများ၏ ထောင်ကျ ဝရမ်း များနှင့် လျှော့ရက် ကဒ်ပြားကို စစ် ဆေးကြည့်ရှုနေစဉ်ဖြစ်ပါသည်။

ဘဝသံသရာ.....

ထောင်ကျ ရုံးတာဝန်ခံ ထောင် မှူးလေးမှ လွတ်လူ အကျဉ်းသားမျ နှင့်အတူ ၎င်းတို့နှင့် ပတ်သက်သော ထောင်ကျ ဝရမ်းများကို ထောင်ပုံ (၂၁)ခေါ် ထောင်ကျ မှတ်ပုံတင် စာအုပ်ကြီးနှင့် စားပွဲပေါ်သို့ တင်ပြ သည်။





www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ လွတ်လူ အကျဉ်းသားများ လွတ်စဉ် မှားယွင်းမှုမရှိစေရန် တစ်ဦးချင်းစီအား ထောင်ကျ ဝရမ်းပေါ်ပါ မြို့နယ် တရားရုံးမှ ချမှတ်ခဲ့သော အကျဉ်းသားအမည်၊ အဖအမည်၊ ပြစ်မှုအမျိုးအစား၊ ပြစ်ဒဏ်ကျ ကာလ၊ အမိန့်ချသည့်နေ့စွဲ စသည်တို့ကို ထောင်ကျ မှတ်ပုံတင်ပေါ်မှာ မှတ်တမ်းတင်ထားခဲ့သည့် အချက်အလက်များနှင့် သေသေချာချာ တိုက်ဆိုင် စစ်ဆေးကြည့်ရှုနေသည်။ သို့မဟုတ်ပါက လူတစ်ယောက်ကို မှားယွင်းလွှတ်ခဲ့မိပါက မိမိအား ဒီအီး အစစ်ဆေးခံရပေမည်။

ဒါကြောင့် စာရွက်ပေါ်ပါ အချက်အလက်များနှင့် စစ်ဆေးပြီးစီးသွားသော အခါမှ လွတ်လူ အကျဉ်းသား၏ ခန္ဓာကိုယ်ပေါ်ရှိ ထင်ရှားသော အမှတ်အသားကို မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးကြည့်ရှုရသည်။

ဤကဲ့သို့ အကျဉ်းသားများကို တစ်ယောက်ချင်း တိုက်ဆိုင်လျက် စစ်ဆေးကြည့်ရှုနေစဉ် နဂိုမူလ ထောင်ကျခဲ့စဉ်က ထောင်ကျရုံးမှ လူသစ် မှတ်ပုံတင်ထားသည့် အချက်အလက်အတိုင်း မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးရသည်။

အကျဉ်းထောင်သို့ စတင် ဝင်ရောက်စဉ်ကတည်းက လူတစ်ယောက်၏ ကိုယ်ရေးအချက်အလက်များကို ပျောက်မပျက်စေရန် ထောင်ကျ မှတ်ပုံတင်စာအုပ်ပေါ်မှာ မှတ်တမ်းတင်ထားခဲ့ရသည်။ အကျဉ်းထောင်ကြီးထဲမှာ နှစ်မည်မျှပင် ကြာရှည်နေသော်လည်း လူတစ်ဦးတစ်ယောက်၏ ကိုယ်ရေးရာဇဝင်အချက်အလက်များသည် ပျောက်ပျက်သွားသည် မရှိဘဲ နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားနိုင်သည်။

ရှေး ကနဦးက တာဝန်ကျခဲ့သူ အဆက်ဆက်မှ မှတ်ပုံတင်သွားခဲ့သော အမှတ်အသားများသည် နောက်ဆုံး လွှတ်ရမည့် ထောင်တာဝန်ခံ အရာရှိ လက်ထက်ထိအောင် မပျောက်မပျက် တည်ရှိနေသော ကိုယ်ရေးရာဇဝင်မှတ်တမ်းဖြစ်လေသည်။

ရှေးယခင်ကတည်းက မှတ်တမ်းတင်လာခဲ့သော အချက်အလက်များသည် လွှတ်ခါနီး စစ်ဆေးသည့်အခါ လုံးဝလွဲမှား၍ မရပေ။ တစ်ချက်ကလေးမျှ လွဲမှားနေခဲ့လျှင် လွတ်လူအကျဉ်းသားအား လွှတ်ပေး၍ မရနိုင်ပေ။

ဒီလို တိကျသေချာအောင် အကျဉ်းသားတစ်ယောက် ထောင်ဒဏ်ကျလာကတည်းက ထောင်ကျ မှတ်ပုံတင်(ထောင်ပုံစံ ၂၁)ပေါ် အချက်အလက်များကို မင်ပြာဖြင့် ထင်ထင်ရှားရှား မှတ်တမ်းတင်ထားပေးရသည်။ ယင်းအကျဉ်းသား၏ လွတ်မြောက်သွားသည့်အချိန်ထိ ကိုယ်ရေးရာဇဝင်အချက်အလက်များကို မှားယွင်းမှုမရှိအောင် တိတိကျကျ မှတ်တမ်းတင်ထားရသည်။

ဒါကြောင့်လည်း ထောင်ကျရုံးမှာ တာဝန်ကျနေခဲ့ကြသော တာဝန်ခံ ထောင်မှူးများသည် ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် အမှတ်အသားအားလုံးကို စေ့စေ့စပ်စပ် သေသေချာချာ မေးမြန်းပြီး ထောင်ကျ မှတ်ပုံတင် စာအုပ်ကြီးပေါ်မှာ မှတ်တမ်းတင်ထားရသည်။ ယင်းသို့ မှတ်တမ်းတင်ထားမှုကို တာဝန်ခံ အရာရှိကိုယ်တိုင် စစ်ဆေးကြည့်ရှုပြီး အတည်ပြု မှတ်တမ်းတင်ထားရသည်။

ယခု ထောင်ပိုင်ကြီး ဦးစိုးဝေ တာဝန်ယူ အုပ်ချုပ်နေခဲ့သော ထောင်တာဝန်ခံ အရာရှိဖြစ်လာချိန်တွင် ထောင်ဘူးဝ ရုံခန်းလေးထဲမှာ လွတ်လူများကို တစ်ဦးချင်းစီအား စစ်ဆေးကြည့်ရှုနေခဲ့သည်။

ယခင် ထောင်ကျလာခဲ့စဉ်အချိန်က မှတ်တမ်းတင်ထားခဲ့သော အချက်အလက်များကို လွှတ်ရမည့်အချိန်ရောက်လာသောအခါ မှန်ကန်မှုရှိ၊ မရှိ သေသေချာချာ စစ်ဆေးကြည့်ရှုနေခဲ့သည်။ အကျဉ်းသား ဗရာဖြစ်သူမှ လွတ်လူအကျဉ်းသားများကို တစ်ဦးချင်းစီ ကိုယ်ရေးရာဇဝင်အချက်အလက်များကို တစ်ချက်ချင်း အောက်ပါအတိုင်း မေးမြန်းနေခဲ့သည်။

•••

"အမည်"

"မင်းနောင်"

"အဖအမည်"

"ဦးမိုးမောင်"

"အမိအမည်"

"ဒေါ်နှင်းလှ"

အကျဉ်းသား ဗရာ၏ မေးမြန်းနေသော အချက်အလက်များကို တစ်ချက်ချင်းစီ ဖြေကြားနေခဲ့သည်။ မှတ်ပုံတင်စာအုပ်ပေါ်တွင် မှတ်တမ်းတင်သော အချက်အလက်များဖြစ်သည့် အကျဉ်းသားအမည်၊ အဖအမည်၊ အမိအမည်၊ ဇနီး၊ ခင်ပွန်းအမည်၊ နေရပ်လိပ်စာနှင့် ပြစ်မှုအမျိုးအစား၊ ပြစ်ဒဏ်ကာလ၊ အပြစ်ပေး တရားရုံး၊ သာမန်လွတ်ရက် စသည်တို့ကို တစ်ချက်ချင်းစီ မေးမြန်းနေခဲ့သည်။

ဤကဲ့သို့ အကျဉ်းသား ဗရာ မေးမြန်းနေသော အချက်အလက်များကို ထောင်ပိုင်ကြီး ဦးစိုးဝေမှ မှတ်ပုံတင်စာအုပ်ပေါ်တွင် မင်နီဖြင့် တစ်ချက်ချင်း လိုက်လံခြစ်နေသည်။ ထို့နောက် အကျဉ်းသား၏ ထောင်ကျလာခဲ့သည့် အမှုဖြစ်စဉ်၊ ထောင်ကျ နေ့စွဲ၊ ထောင်ဒဏ်လွတ်မည့် ရက်စွဲ၊ တရားရုံးများကို မေးမြန်းစစ်ဆေးပြီး မှန်ကန်ကြောင်း မင်နီဖြင့် ခြစ်၍ အတည်ပြုပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမှ အကျဉ်းသားလွတ်လူ၏ ကိုယ်ပေါ်မှာ ရှိနေသော ထင်ရှားသည့် အမှတ်အသားများကို စစ်ဆေးရသည်။ လွတ်လူတစ်ယောက်အား လွှတ်နိုင်ရန် အဓိကအချက်ဖြစ်သောကြောင့် မှားယွင်းကွဲလွဲမှု မရှိရပေ။

ရှေးတုန်းကတည်းက မှတ်တမ်းတင်ထားခဲ့သည့် အမှတ်အသားများသည် ယခုလို လွတ်မြောက်ချိန် စစ်ဆေးသည့်အခါ တစ်ထပ်တည်း ကျနေရသည်။ တစ်ချက်လွဲမှား၍ မရပေ။ ယင်းသို့ မှားယွင်းသွားသည်နှင့် ထောင်ထဲမှ လွတ်ရန် မရနိုင်သောကြောင့် မှတ်ပုံတင်စဉ်အခါကပင် သေချာစွာ ဂရုစိုက် မှတ်တမ်းတင်ထားရသည်။

"ယာနဖူးပေါ် အမာရွတ်စင်းတစ်"

ထောင်ပိုင်ကြီး ဦးစိုးဝေက ထောင်ကျ မှတ်ပုံတင် စာအုပ်ပေါ်တွင် ပါရှိသော အမှတ်အသားတစ်ခုကို နှုတ်မှ ခေါ်ပြောလိုက်စဉ် အကျဉ်းသား ဗာရာဖြစ်သူက ယင်းအမှတ်အသားကို လွတ်လူ အကျဉ်းသား၏ မျက်နှာပေါ်ရှိ အမှတ်အသားကို လက်ညှိုးနှင့် ထောက်ပြကာ အမှန်တကယ်ရှိကြောင်း ထင်ရှားစွာ ပြသပေးရသည်။

"လည်ကုပ်ပေါ် အမာရွတ်စင်းကြီး တစ်"

ထောင်ပိုင်ကြီး ဦးစိုးဝေက နှုတ်မှ ခေါ်ပြောလိုက်စဉ် အကျဉ်းသား ဗာရာက ထိုနေရာကို လက်ညှိုးဖြင့် ထောက်ပြလေသည်။ ယင်းသို့ အမှတ်အသားကို ပီပီပြင်ပြင်တွေ့ရှိလျှင် ထောင်ပိုင်ကြီး ဦးစိုးဝေက မင်နီဖြင့် ခြစ်ပြီး အတည်ပြုပေးရလေသည်။

"ကျောပြင်ပေါ် စာနီအမှတ်ကြီး တစ်"

ထောင်ပိုင်ကြီး ဦးစိုးဝေက



မှတ်ပုံတင်စာအုပ်ပေါ်မှ အချက်တစ်ချက်ကို ထပ်မံ ခေါ်လိုက်စဉ် အကျဉ်းသား ဗာရာက ယင်းအမှတ်အသားကို ရှာဖွေပြီး လက်ညှိုးဖြင့် ထောက်ပြရသည်။

ထိုစဉ် အကျဉ်းသား လွတ်လူ၏ ကျောပြင်ကို ကြည့်လိုက်သောအခါ လက်ပြင်နေရာမှ စာနီအမှတ်အသားကြီးကို ထင်ရှားစွာ တွေ့မြင်နေခဲ့ရသည်။

ယင်းအမှတ်အသားကြီးကို မြင်တွေ့လိုက်သောအခါ ဟိုးယခင် ထောင်ပိုင်ကြီး စိုးဝေ ရာထူးအဆင့်မရောက်မီ ထောင်မှူးလေး ရာထူးတာ မ်း ဆောင်စဉ်က ယင်းကဲ့သို့ အမှတ်အသားမျိုး ပါသော အကျဉ်းသားကြီးတစ်ဦးကို မှတ်တမ်းတင်ခဲ့ရဖူးလေသည်။

ထိုစဉ်က ထောင်ကျရုံးမှာ ထောင်မှူးဘဝဖြင့် တာဝန်ကျနေစဉ် ယင်းအမှတ်အသားနှင့် ဆင်ဆင်တူသော အမှတ်အသားမျိုးကို ထိုစဉ်က ထောင်ဒဏ် ၁၀နှစ် ကျခံလာခဲ့ရသော ဓားပြဗိုလ်ကြီးအား မှတ်တမ်းတင်ခဲ့စဉ် မြင်တွေ့ခဲ့ပုံကို ပြန်လည်သတိရ မှတ်မိလာနေသည်။

ယင်းကဲ့သို့ စာနီအမှတ်အသားကြီး ပါရှိလာခဲ့သော အကျဉ်းသားကြီးတစ်ဦးအား မှတ်ပုံတင်ခဲ့စဉ်ကလို ယခုအခါ ထပ်တူညီသော အမှတ်အသားပုံစံကို မြင်တွေ့နေရသဖြင့် ထောင်ပိုင်ကြီး ဦးစိုးဝေတစ်ယောက် အံ့ဩသွားခဲ့လေသည်။

"ဒါနဲ့ နေစမ်းပါဦး၊ မင်းအဖေ နာမည်က ဘယ်သူ…"

"ဦးမိုးမောင်ပါခင်ဗျာ"

"သူက ဘာအလုပ်လုပ်တာလဲ"

"ဓားပြတိုက်တဲ့ ဓားပြ တစ်ယောက်ပါ"

"သူက ထောင် ဘယ်လောက် ကျသွားလဲ"

"ဓားပြတိုက်မှုနဲ့ ထောင် ၁၀နှစ် ကျသွားပါတယ်"

မမျှော်လင့်ဘဲ ဓားပြ ဗိုလ်ကြီး မိုးမောင်၏ သားနှင့်မှ ထပ်မံ ကြုံဆုံခဲ့ရပြန်သည်။ ထောင်မှူးလေးရာထူး တာဝန်ထမ်းဆောင်ခဲ့စဉ် ဓားပြဗိုလ်ကြီး မိုးမောင်ကို ထောင်ကျရုံးထဲမှာ မှတ် တင်နေစဉ် မြင်တွေ့ခဲ့ရသည်ကို မှတ် လာသည်။

"ဒါနဲ့ နေစမ်းပါဦး၊ စောစော မင်းလည်ကုပ်ပေါ်က ကန့်လန့်ဖြ ဒဏ်ရာအမှတ်အသားကြီးက ဘာဖြ လို့ ရလာခဲ့တာလဲ"

"ဟို… ကျွန်တော် မမွေး ကာလအချိန်မှာ အဖေက ထောင်ကျ နေတယ်။ ထောင်ထဲက တောင်ယာ စိုက်ခင်းကြီးထဲမှာ အကျဉ်းသားအချ ချင်း ခိုက်ရန်ဖြစ်ပွားခဲ့ကြလို့ ကျွန်တော့် အဖေကို အကျဉ်းသားတစ်ယောက်က ပေါက်တူးနဲ့ ခုတ်သတ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

သေဆုံးသွားပြီး၊ နောက်မှ ကျွန်တော့်ကို မွေးဖွားလာခဲ့တာကြောင့်ပါ"

"နေစမ်းပါဦး၊ အဲဒီအချိန်တုန်းက တောင်ယာထဲမှာ ခိုက်ရန်ဖြစ်ပွားပြီး ပေါက်တူးနဲ့ ခုတ်သတ်ခံခဲ့ရတာ အနှစ် လောက် ကြာခဲ့ပြီပဲကွ။ မင်းက အဲဒီ အချိန်တုန်းက ဘယ်အရွယ်ရှိနေလို့လဲ"

"အမေ့ဝမ်းဗိုက်ထဲမှာ မွေးဖွားခါနီး ကိုယ်ဝန်လွယ်ရထားတုန်းပဲ ရှိပါသေး တယ်။ ကျွန်တော့်အမေ မီးဖွားလာခဲ့ တဲ့အချိန်မှာ ကျွန်တော့်ရဲ့ ကိုယ်ပေါ်မှာ ထူးခြားတဲ့ အမှတ်အသားနှစ်ခု ထင်ထင် ရှားရှားပါလာခဲ့ပါတယ်"

"ဘယ်နေရာမှာလဲကွ"

"ဟောဒီ လည်ကုပ်ပေါ်က ဓနှ်လန့်ဖြတ် ဒဏ်ရာကြီးနဲ့ ဟောဒီ လက်ပြင်ပေါ်က စာနီအမှတ်အသားကြီး ပါခင်ဗျာ"

"အေးကွာ။ ငါ အခုမှ သေသေ ချာချာ သတိထား ကြည့်မိတော့တယ်။ လက်ပြင်ပေါ်က စာနီအမှတ်အသား ကြီးကတော့ ဓားပြကြီး မိုးမှောင်ကိုယ် ပေါ်က အမှတ်အသားအတိုင်း ထပ်တူ ညီနေတယ်။ အဲ··· နောက်ပြီး ငါ တာဝန်ကျနေတဲ့ ထောင်ကျ အိမ်ဆောင် တောင်ယာထဲမှာ ဓားပြကြီး မိုးမှောင် ကို သူ့တပည့်လက်သားက မကျေနပ် လို့ ခိုက်ရန်ဖြစ်ပွားခဲ့ကြရာက ပေါက် တူးနဲ့ ခုတ်သတ်ပစ်လိုက်လို့ ရရှိသွားခဲ့ တဲ့ ဒဏ်ရာနေရာအတိုင်း ခု မြင်တွေ့ နေရတာပါပဲလား"

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော့်အဖေဟာ ဓားပြမှုတွေ ဖြစ် ပွားပြီး ထောင်အကြိမ်ကြိမ်ကျခဲ့ဖူးပါ တယ်။ မြန်မာပြည်အနှံ့က ထောင်တွေ ထဲမှာ ထောင်ကျနေခဲ့ရာက ကျွန်တော့် အမေဟာလည်း အဖေ့ရဲ့ ဘယ် လောက်မြောက် မယားလဲဆိုတာ မသိ ပါဘူး။ ကျွန်တော့်အမေနဲ့ အဖေ အတူတူနေပြီး နှစ်ကာလ မကြာမီမှာ အဖေ့ကို ဓားပြမှုတစ်ခုနဲ့ လာဖမ်းသွား ခဲ့ရာက ထောင် (၁၀)နှစ်ကျသွားခဲ့ပါ တယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကို အမေက ကိုယ်ဝန်လွယ်ထားနေရပြီ"

"ဒါနဲ့ မင်းက လူသတ်မှုနဲ့ ထောင်ကျလာခဲ့တာလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ မိသားစု အဖေရှာဖွေထားခဲ့တဲ့ ပစ္စည်း တွေနဲ့ အပြင်မှာ ကောင်းရောင်းကောင်း ဝယ် လုပ်ကိုင်စားသောက်နေခဲ့ကြပါ တယ်။ ဒါပေမယ့် ထောင်ထဲက ထွက် လာတဲ့ အဖေ့တပည့်တစ်ယောက်က သူတို့ ဓားပြတိုက်ခဲ့စဉ်က ရရှိလာတဲ့ ပစ္စည်းတွေ ရှိတယ်။ သူတို့ ဝေစုခွဲပေး ရမယ်လို့ မတရား အနိုင်ကျင့် တောင်း ဆိုလာခဲ့ကြတယ်။ ကျွန်တော့်အမေဟာ သူ့ဘာသာ စီးပွားရှာဖွေလို့ ရလာတဲ့ အရင်းအနှီးကို မပေးနိုင်ဘူးဆိုပြီး ငြင်း ဆန်ရာက အဖေ့တပည့် ဓားပြတစ်ဦး နဲ့ စကားများခဲ့ကြရာက ကျွန်တော်က လက်ဦးမှု ယူပြီး ဓားနဲ့ ဝင်ခုတ်ခဲ့လို့ လူသတ်မှုဖြစ်သွားခဲ့တာပါ"

"ဟုတ်တယ်ကွ။ မင်းရဲ့ အဖေ ဓားပြကြီး မိုးမှောင်ဟာ ဓားပြမှုနဲ့ ထောင်ဒဏ် ၁၀နှစ်ကျခံနေစဉ်မှာ ငါ တာဝန်ကျနေတဲ့ ထောင်ကျ အိမ်ဆောင် ကို ရောက်လာခဲ့တယ်။ သူ့ကို ထောင် ကျ မှတ်ပုံတင်တဲ့အခါမှာ ကျောပြင် ပေါ်က စာနီအမှတ်ကြီး မြင်လို့ ငါက တောင် လူ့ဝင်စားလားဆိုပြီး နောက်မိ သေးတယ်။ နောက်ပိုင်း ဓားပြကြီး မိုးမှောင်ဆိုသူဟာ တောင်ယာထဲမှာ တောင်ယာစိုက်ပြီး ထောင်ကျနေတဲ့ ကာလတွေကို ဖြတ်သန်းနေခဲ့ရတယ်"

"ဒါနဲ့ ဆရာကြီး ··· ကျွန်တော့် အဖေက ဘယ်လိုဖြစ်ပြီး အသတ်ခံခဲ့ ရတာလဲ"

"ဒါက ဒီလိုကွ။ တစ်နေ့မှာ သူ တောင်ယာခင်းလေးထဲက ဟင်းသီး ဟင်းရွက်တွေ မကြာခဏ လာရောက် ခိုးယူ အနိုင်ကျင့်နေတဲ့ တပည့်သား နှစ်ယောက်ကို အမျိုးမျိုးပြောဆို တား မြစ်နေပေမယ့် မရဘဲ ငွတ်ချူးနေခဲ့ကြ တယ်။ ဒီတော့ ထောင်မှူးရုံးကို ဒီကိစ္စ တင်ပြလာတယ်။ အဲဒါ ထောင်မှူးက လည်း တောင်ယာထဲက အသီးအနှံ တွေကို ခွင့်ပြုချက်မရဘဲ ခိုးယူတယ် ဆိုပြီးတော့ မိန်းဂျေးလ်ရုံးတင်ပြီး ခြေ ကျင်းခတ် ပြစ်ဒဏ်ချမှတ်ပေးခဲ့တယ်"

"နောက်တော့ရော ဆရာကြီး"

"နောက်တော့ အဲဒီကိစ္စအပေါ် အငြိုးအတေးထားပြီး တောင်ယာထဲ မှာ ပြစ်ဒဏ်သမားတွေကို ဘောက် ဆင်းခိုင်းနေတုန်းမှာ ဓားပြကြီး မိုးမှောင် ကို သူ့တပည့်တစ်ယောက်က အလုပ် လုပ်နေတုန်းမှာ အသုံးပြုနေတဲ့ ပေါက် တူးနဲ့ နောက်ကနေ ခုတ်ပိုင်းပစ်ခဲ့တယ်။ အဲဒီအချိန်က မိုးမှောင်ဟာ တောင်ယာ ထဲမှာ ပျိုးပင်လေးတွေ စိုက်ပျိုးနေချိန် ခေါင်းငုံ့ပြီး ထိုင်အလုပ်လုပ်နေတုန်း နောက်ကနေ ခုတ်ချခဲ့လို့ လည်ကုပ် ပေါ်မှာ သေရာပါ ဒဏ်ရာကန့်လန့်ဖြတ် ကြီးနဲ့ သေဆုံးသွားတယ်"

"ဟုတ်တယ် ဆရာကြီး။ ကျွန်တော့်အဖေ ပေါက်တူးနဲ့ ခုတ်သတ် ခံရပြီး ညဘက်မှာ ကျွန်တော့်ကို မီးဖွား လာခဲ့တယ်လို့ အမေက ပြောပြခဲ့ဖူး တယ်။ အမှန်တော့ ကျွန်တော်ဟာ အဖေသေဆုံးသွားခဲ့ပြီးမှ ပြန်လည်မွေး ဖွားလာခဲ့တဲ့ လူ့ဝင်စားတစ်ယောက်ဖြစ် ပါတယ်။ ယခင် ဘဝဟောင်းတုန်းက ဖြစ်ပျက်ခဲ့တဲ့ အမှတ်အသားတွေဟာ ဘဝသစ် ပြန်ရောက်ခဲ့ချိန်မှာ တစ်ထေရာ တည်း ပါလာတယ်။ ဘာဖြစ်လို့လဲဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ ကျွန်တော် လူဝင်စားတစ်ယောက် ဖြစ်လာခဲ့လို့လည်း ဟိုးတစ်ချိန်တုန်းက ကျွန်တော့်အဖေ ဓားပြတိုက်စဉ် သိမ်းဆည်းရက်ထားခဲ့တဲ့ လက်ဝတ်ရတနာ အိုးကြီးကို တောထဲက သစ်ပင်ကြီး အောက်မှာ တွင်းတူးပြီး မြှုပ်ထားခဲ့တာကို ပြန်လည်အမှတ်ရလာလို့ သွားဖော်ယူတာ ရရှိခဲ့ပါတယ်။ အဲဒီ ပစ္စည်းတွေကို ထုခွဲပြီး ကျွန်တော်တို့သားအမိ လုပ်ကိုင်စားသောက်လို့ ကြီးပွားလာနေတာကို တောင်ထဲက လွတ်မြောက်လာတဲ့ ထောင်ထွက် တပည့်က မတရားအနိုင်ကျင့် တောင်းယူလာတာကို စကားများ ခိုက်ရန်ဖြစ်ပွားခဲ့ရာက ကျွန်တော်က လက်ဦးမှုယူပြီး ဓားနဲ့ ခုတ်သတ်လို့ အဲဒီလူသေဆုံးသွားတယ်။ ထူးခြားတာက ကျွန်တော် ဓားနဲ့ ခုတ်သတ်ခဲ့တဲ့လူဟာ ထောင်ကြီးထဲမှာ ကျွန်တော့်အဖေကို ပေါက်တူးနဲ့ ခုတ်သတ်ခဲ့တဲ့ လူဖြစ်နေတယ်"

"အေးပေါ့ကွာ။ လောကမှာ အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်တွေဟာ ပေါ်လာတတ်စမြဲပါကွာ။ မင်းက အဖေသေပြီးမှ လောကကြီးထဲကို ဘဝအသစ်နဲ့ ပြန်ရောက်လာခဲ့တဲ့ လူဝင်စားတစ်ယောက်ဖြစ်နေတော့ ဘဝသံသရာလည်တယ်လို့ ပြောရမလို ဖြစ်နေပြီ။ ကိုယ်မွေးဖွားလာခဲ့ချိန်မှာ ဘဝဟောင်းက အဖြစ်အပျက်တွေကို ပြန်လည်အမှတ်ရလာတတ်တာဟာလည်း လူဝင်စားတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အပြုအမူအတိုင်းပါပဲကွာ"

ထောင်ပိုင်ကြီး ဦးစိုးဝေ တစ်ယောက် မိမိ တာဝန်ထမ်းဆောင်ခဲ့ရသည့် သက်တမ်းကာလတစ်လျှောက် အကျဉ်းထောင်ထဲမှာ သားအဖနှစ်ဦးကို ပြန်လည်ဆုံဆည်းခဲ့ရသည်မှာ လောကကြီး၏ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းများ ရှိနေသည့် လူဝင်စားများ၏ အဖြစ်အပျက်ကို နားလည်ရ ခက်ခဲနေတော့သည်။

* * *

စိုးဧ

ဆရာမကြီး ဒေါ်လှလှကြွယ်၏
ဘုန်းကြွယ် (အမှတ်တံဆိပ်)
ဝမ်းမှန်ဆေး
ပင်ရင်း - ဘုန်းကြွယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၉၆) ဘီ၊ ခရေပင်လမ်းမ၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၆၃၅၅၀၃၊ ၀၉-၇၃၁၇၈၄၅၂



www.burmeseclassic.com

www.burmeseclassic.com

# နာလန်ထူဖို့ ကံကူစို့

## ဂန္ဓာရီဆြာအံ့



လွတ်နေသော ခြေရင်းအခန်းကလေးသို့ မမျှော်လင့်သည့်တစ်ရက်၌ အိမ်ငှားတွေ ပြောင်းရွှေ့ ရောက်ရှိလာလေ၏။ အိမ်ငှားတွေဆိုရာ၌ များများစားစားမဟုတ်၊ အရွယ်အိုယောက်ျားတစ်ဦးနှင့် မူလတန်းကျောင်းသားအရွယ်ယောက်ျားကလေးတစ်ဦး၊ ၎င်းတို့နှစ်ဦးကား မြေးအဘိုးတော်စပ်ကြသူတွေတည်း။ အဘိုး၏ အမည်မှာ ဦးသက်ကျော်ဖြစ်၍ မြေး၏ အမည်မှာ "မောင်အာနိုး" ဖြစ်လေသည်။ မြေးမောင်အာနိုးသည် ကျောင်းသားအရွယ်မို့ ကျွန်ုပ်တို့မြို့နယ်ရှိမူလတန်းကျောင်းကလေး၌ ကျောင်းတက်ရလေသည်။ ဘိုးအဖြစ်သူ ဦးသက်ကျော်မှာ ရန်ကုန်မြို့လယ်ရှိ စာပေတိုက်တစ်ခု၌ အကြံပေး အယ်ဒီတာတစ်ဦးဟု သိရလေ၏။

အိမ်နီးချင်းတို့၏ ဝတ္တရားနှင့်အညီ ၎င်းတို့ ပြောင်းရွှေ့လာသည့်နေ့မှာပင် မိတ်ဆွေသင်္ဂဟ ဝတ္တရားနှင့် လျော်ညီစွာ သွားရောက်မိတ်ဖွဲ့ ကူညီ စကားဆိုခဲ့ရင်းမှ ခင်မင်သွားကြလေတော့သည်။ ဦးသက်ကျော်သည် စာဖတ်ဝါသနာပါသော ကျွန်ုပ်အား ၎င်းအလုပ်လုပ်ရာ စာပေတိုက်ထုတ် မဂ္ဂဇင်းတစ်ပတ်နွမ်းများကို လက်ဆောင်ပေးရာ၏။ ၎င်းကို ကြည့်ရသည်မှာ သိပ်ပြီး ကျန်းမာရေးကောင်းပုံ မရ။ ပြီးတော့ ၎င်းထံမှ ချဉ်စူးစူးအနံ့ရခဲ့လေရာ ၎င်းသည် အစားထက် အသောက်ဘက်၌ အာရုံများနေသူဖြစ်မှန်း အကဲခတ်လိုက်မိလေတော့၏။

"ကျွန်တော့်လက်ရှိ အနေအထားက မသောက်ရင် မဖြစ်တော့တဲ့ အနေအထားမျိုး ဆရာရဲ့။ တုံးတိကြီးဖြတ်လိုက်လို့ကတော့ ကိုယ်ကျိုးနည်းမှာ အမှန်ပဲ။ ဒါကြောင့် မပြတ်တမ်း မှီဝဲနေတာပါ ဆရာ။ အလုပ်ရှင်တွေကလည်း လက်တွဲခဲ့တဲ့ ကာလကြာလေတော့ ကျွန်တော့်အပေါ် အစစ



www.burmeseclassic.com

www.burmeseclassic.com

အရာရာ ထောက်ထား ကူညီကြပါတယ်။ တစ်ချိန်တုန်းကဆို ကျွန်တော့်အနေအထားက ဒီလို ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်။ အယ်ဒီတာ သက်ကျော်ဆိုတာ စာနယ်ဇင်းလောကမှာ နာမည်ကြီးပေါ့"

သူပြောသည်မှာ ဟုတ်လောက်ပေ၏။ ယခုလည်း အတိတ်သည် အတိတ်၊ ပစ္စုပ္ပန်သည် ပစ္စုပ္ပန်ပါတည်း။

"ခင်ဗျားမှာ လူလားမမြောက်သေးတဲ့ မြေးကလေး ရှိတယ် မဟုတ်လား။ ဒီတော့သူ့ရဲ့ အနာဂတ်အတွက် ခင်ဗျား အသက်ရှည်ဖို့ လိုမယ်။ ကျန်းမာရေးတော့ ဂရုစိုက်ပါဗျာ"

ပြောမည့်သာ ပြောရသည်။ ၎င်း၏ ကျန်းမာရေးသည် သိပ်အကဲ မပါလှချေ။

ထင်သည့်အတိုင်းပင် တစ်နေ့မှာတော့ အိမ်နီးချင်း မိတ်ဆွေကြီး ဦးသက်ကျော်ခမျာ အိပ်ရာထဲ ဗုန်းဗုန်းလဲတော့သည်။ ထိုရောအခါဝယ် ၎င်းအား စောင့်ရှောက်ရန် အလုပ်တိုက်မှ မောင်ဝင်းလှိုင်ဆိုသည့် တောက်တိုမယ်ရ ဝန်ထမ်းကလေးကို လွှတ်ပေးရာ၏။ မောင်ဝင်းလှိုင်လည်း ခေသူတော့ မဟုတ်။ သူ့ဆရာအကြီးဖေး အယ်ဒီတာ ဦးသက်ကျော်၏ လမ်းစဉ်အတိုင်း ညညဆို မူးပြနေအောင် သောက်လေ၏။ မနက်မိုးလင်းလေတိုင်း အသံတွေလည်း ကြားရ၏။

"ဝင်းလှိုင်ရေ... ငါ့ကို ကူညီပြုစုဖို့ လာတာတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လို့ အိပ်ရာထဲ သေးပေါက် ပေါက်ချတာတော့ မကောင်းပါဘူးကွာ။ နောက်လည်း မလာပါနဲ့တော့။ ငါ့မြေးကပဲ ငါ့ကို ပြုစုပါလိမ့်မယ်"

ဦးသက်ကျော်၏ စကားသံကြားရပြီးသည့်ကာလ နောက်ရက်၌ မောင်ဝင်းလှိုင် လာသည်ကို မတွေ့တော့ချေ။ သို့ပါသော်ငြား၊ ဦးသက်ကျော်၏ ကျန်းမာရေးက သိပ်အားရစရာမရှိ။ သည့်အတွက် ကျွန်ုပ်လည်း ၎င်း၏အခန်းသို့ ကူးသွားရလေတော့၏။ အာလာပသလ္လာပ စကားများကို ပြောဆိုရင်းမှ ၎င်း၏အသက်ကို မေးကြည့်၏။ ၆၄နှစ်ဟု သိရ၏။ ၎င်းကို စနှင့် စားသော် အကြွင်း (၀) ရလေတော့သည်။

"ကိုသက်ကျော်ရေ... သောကြာသားဖြစ်တဲ့ ခင်ဗျားအဖို့ ယတြာလုပ်ရလိမ့်မယ်။ ခင်ဗျားရဲ့ ကျန်းမာရေးကောင်းဖို့ပါ။ လုံချည်အဟောင်းတစ်ထည်ကို လေတိုက်ခံပြီး စွန့်လိုက်ပါ"

"ကောင်းမယ်ထင်သလို လုပ်ပေးပါ ဆရာရယ်"

ကျွန်ုပ်လည်း အဆိုပါ ယတြာအတိုင်း လုပ်ပေးလိုက်ပါ၏။ ထူးခြားလေစွ။ နောက်ရက်တွေ၌ ရောဂါဝေဒနာ လျော့သွားကာ တစ်စတစ်စ ထူထောင်လာပြီး အလုပ်ပင် ဆင်းလာနိုင်တော့၏။ ကျေးဇူးတင်လွန်း၍ထင့်၊ အလုပ်တိုက်မှ ပြန်လာလေတိုင်း ပါဆယ်ထုပ်ကလေးများ ဆွဲလာကာ ကျွန်ုပ်ကို လာလာပေးပါတော့၏။ လက်မခံခဲ့ပါ။ အသော[…] အစားလျှော့လျက် အလုပ်ပုံမှန်လုပ်လာနိုင်သည်ကိုပဲ ကျွ[…] အဖို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတော့၏။

ဤစာရှုသူတို့အနေဖြင့် ကျန်းမာရေးချူချာမှုနှင့် [...] ပါက ကိုယ်တိုင်တွက်ချက်၍ ယတြာချေနိုင်ကြပါသည်[…] လက်ရှိ ရောက်နေသော အသက်ကို တည်၊ စဖြင့် စား[…] အကြွင်းများ ရလာပါလိမ့်မည်။

*** တနင်္ဂနွေသားသမီးများ**

(၁)ကြွင်းလျှင် လုံချည်ကို ရေမျှောစွန့်ပါ။ (၂)ကြွ[…] လျှင် အင်္ကျီကို ရေမျှောစွန့်ပါ။

*** တနင်္လာသားသမီးများ**

(၂)ကြွင်းလျှင် လုံချည်ကို ရေမျှောစွန့်ပါ။ (၃)ကြွ[…] လျှင် ထိုနည်းလည်းကောင်း။ (၅)ကြွင်းလျှင်မှ အင်္ကျီ[…] လေတိုက်ခံ၍ စွန့်ပါ။

*** အင်္ဂါသားသမီးများ**

(၃)ကြွင်းလျှင် လုံချည်ကို လေတိုက်ခံ၍ စွန့်[…] (၅)ကြွင်းလျှင် အင်္ကျီကို မြေမြှုပ်၍ စွန့်ပါ။

*** ဗုဒ္ဓဟူးသားသမီးများ**

(၇)ကြွင်းလျှင် လုံချည်ကို မြေမြှုပ်၍ စွန့်ပါ။ (၀)ကြွ[…] လျှင် အင်္ကျီကို မီးရှို့၍ စွန့်ပါ။

*** ကြာသပတေးသားသမီးများ**

(၄)ကြွင်းလျှင် အင်္ကျီကို လေတိုက်ခံ၍ စွန့်ပါ။ ([…] ကြွင်းလျှင် လုံချည်ကို မီးရှို့ စွန့်ပါ။

*** သောကြာသားသမီးများ**

(၄)ကြွင်းလျှင် အင်္ကျီကို မီးရှို့စွန့်ပါ။ (၀)ကြွင်းလျှ[…] လုံချည်ကို လေတိုက်ခံ၍ စွန့်ပါ။

*** စနေသားသမီးများ**

(၁)ကြွင်းလျှင် အင်္ကျီကို ရေမျှော၍ စွန့်ပါ။ (၄)ကြွ[…] လျှင် လုံချည်ကို မီးရှို့၍ စွန့်ပါ။

**မှတ်ချက်။** အင်္ကျီ၊ လုံချည်များ အသစ်မဟုတ်[…] အဟောင်း (သို့) တစ်ပတ်နွမ်းဖြစ်ပါသည်။

* * *

ဂန္ထာရီခြ[…]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နာမည်ကတော့ ကိုစံတင်လို့ ခေါ်ပါတယ်။ ဇာတိကတော့ ကချင်ပြည်နယ်၊ နမ္မားကျေးရွာပါ။ မန္တလေး-မြစ်ကြီးနား ရထားလမ်းဘေးမှာ ရှိတယ်။ ကျုပ်တို့ရွာသူရွာသားတွေဟာ လယ်ယာလုပ်ငန်းနဲ့ အဓိက အသက်မွေးကြတယ်။ ရိုးသားတဲ့ စိတ်ဓာတ်အပြည့်ရှိတယ်။ မဟုတ်လျှင် မခံ၊ ပြန်လှန်ရဲတဲ့ သတ္တိလည်း ရှိတယ်။ ရိုးသားဖော်ရွေစွာနဲ့ လူတစ်ယောက်ကို ခင်မင်တတ်တယ်။ ဒီကြားထဲ အဲဒီလူက မကောင်းခဲ့ရင်တော့ ပွဲကြမ်းသွားမယ်။ အဲဒီ စရိုက်ကတော့ ရေးကလည်း ရှိတယ်။ အခုလည်း ရှိတယ်။ နောင်လည်း တစ်ပြားသားမှ မလျော့နိုင်ပါဘူး။

ကျုပ်မိဘတွေကို မိတ်ဆက်ပေးရမယ်ဆိုရင် အဖေက ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မာန်လည်ရွာဇာတိသား မြန်မာလူမျိုးစစ်စစ်ဗျ။ သတ္တိရှိတယ်။ ရေးခေတ် ကာလသားတွေဟာ အရွယ်ရောက်လာရင် ကိုယ်ခံပညာ သင်ကြတော့ အဖေလည်း သိုင်းတတ်တယ်။

အမေကတော့ နမ္မားဇာတိ၊ ရှမ်းအမျိုးသမီးခင်ဗျ။ သတ္တိအလွန်ရှိသလို ရှမ်းသိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တယ်။ အပျိုတုန်းက တစ်ရွာနဲ့ တစ်ရွာသွားရင် ရှမ်းဘောင်းဘီဝတ်၊ ဓားလွယ်ပြီး မြင်းစီးသွားတယ်။ မိန်းကလေးဆိုပြီး အထင်သေးရင်တော့ ခံသွားရမယ်။

ဒီလို မိဘတွေက မွေးတဲ့ ကျုပ်တို့လည်း မျိုးရိုးလိုက်တယ်ဗျာ။ ဒီလို အခြေအနေမှာ ကျုပ်ရဲ့ ဇာတိရွာကလည်း သတ္တိရှိတဲ့ နေရာမှာ နာမည်ကြီးပဲ။ ဒီအကြောင်းတွေ ပြောပြရတာ အကြောင်းရှိလို့ပါဗျာ။ ကျုပ်ဟာ အရေးအကြောင်းရှိရင် လုံးဝ နောက်မတွန့်ဘဲ ရှေ့တိုးရဲတယ်ဆိုတာ သိစေချင်လို့ပါ။

ကျုပ်ကိုယ်တိုင် ကြုံခဲ့ရတဲ့ ဇာတ်လမ်းလေးဟာ နှစ်ပေါင်း ကြာပြီဆိုပေမယ့် မှတ်မှတ်ရရရှိလှပါတယ်။ ဒိုင်ယာရီထဲမှာ ရေးမှတ်ထားတာက ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၂၀ရက်နေ့တဲ့။ ကျုပ်က ခရစ်သက္ကရာဇ် ၁၉၁၉ ခုနှစ်မှာ မွေးခဲ့တယ်။ အစိုးရကျောင်းမှာ နေတော့ ၁၉၃၃မှာ ခုနစ်တန်းအောင်ပြီး ကျောင်းထွက်လိုက်တယ်။ အဖေဆုံးသွားတော့ သားအကြီးဆုံးဖြစ်တဲ့ ကျုပ်က ပညာဆက်သင်ချင်ပေမယ့် လယ်ယာလုပ်ငန်းထဲ ဝင်လိုက်ရတယ်။ အဖေသာ ရှိခဲ့ရင် ယူနီဗာစီတီတက်ပြီး ဘွဲ့ရအောင် ယူခဲ့မှာ။

ကျုပ် အရွယ်ရောက်တော့ အမေက ညီအစ်ကိုသုံးယောက်စလုံးကို သိုင်းသင်စေတယ်။ ရှမ်းဆရာကြီးတစ်ယောက်ကို အိမ်မှာ ခေါ်ပြီးမှ သင်တာ ကိုးလကြာတယ်။ ဆရာကြီးကို အိမ်ဦးခန်းမှာ ရိုသေစွာ ပြုစုပြီးမှ သင်ရတာ။ သူ သင်ပေးလို့ စိတ်တိုင်းကျပြီ ဘယ်သူ့ကိုမဆို ရင်ဆိုင်နိုင်ပြီလို့ ယူဆမှ သင်တန်းကို ရပ်တာ။ သူ သင်ပေးခဲ့တဲ့ တပည့်တွေဆိုတာ ဘယ်တော့မှ အရှုံးမရှိစေရဘူးတဲ့။ အဲဒါ ဆရာကြီးရဲ့ လက်သုံးစကားပေါ့ဗျ။ ဆရာကြီးက ငွေမလိုချင်ဘူးဆိုတော့ စပါးနဲ့ ကန်တော့ရတယ်။ ကျုပ်တို့လယ်က တစ်နှစ်ကို စပါးတင်း ၇၀၀၊ ၈၀၀ လောက်ထွက်တော့ အိမ်မှာ ဆန်စပါးဆိုတာ ပေါမှပေါပဲ။

သိုင်းသင်ပြီးတော့လည်း ဆက်ပြီး လေ့ကျင့်ရတယ်။ ကျုပ်နဲ့ ညီအငယ်ဆုံးက အဓိက လေ့ကျင့်တာပေါ့ဗျာ။ ညီအလတ်ကတော့ သင်ပြီး ကတည်းက ဆက်မကျင့်တော့ဘူး အဲဒီတုန်းက ကျုပ်က ၁၈ နှစ်သား ညီအလတ်က ၁၆နှစ်သား၊ အငယ်ဆုံးက ၁၂နှစ်သားပဲ ရှိကြသေးတယ်။ ညီအငယ်လေးက အင်မတန် သတ္တိရှိ အကြောက်အလန့် လုံးဝ မရှိဘူး။ ပေမယ့် သူ့ထက်ကြီးတဲ့ ကောင်ကို က နိုင်စားရင် ပြန်ချရဲတယ်။

တစ်ရက်တော့ သူနေတဲ့ ကြီးကျောင်းမှာ ဗိုလ်လုပ်နေ ကျောင်းသားကြီးကို နောက်က ရိုက်ပြီး အိမ်ပြန်ပြေးခဲ့တာ။ အရိုက် တဲ့ကောင်က ဒဏ်ရာနဲ့ လိုက်လာ ချမယ်၊ နက်မယ်လုပ်လာလို့…

"ဟေ့ကောင် မှတ်ကြီး…ငါ့ က ၁၂နှစ်ပဲ ရှိသေးတယ်။ မင်းနဲ့ ပဲ အရွယ်ညီတာ။ မင်း ဗိုလ်ကျလွန်း ပြန်လုပ်တာ။ သတ္တိရှိရင် မင်းနဲ့ ချရအောင်"

"မှတ်ထားဦးပေါ့ကွာ။ ထင် မကြုံ၊ ရေခပ်ကြုံဦးမှာပေါ့"

"မှတ်ကြီး… မင်းသိထား ငါ့ညီ တစ်ခုခုဖြစ်ခဲ့ရင် မင်းတို့ဆွေ တွေအကုန်လုံး မျိုးပြုတ်ပစ်မယ်။ မြဲမြဲမှတ်ထား"

ကျုပ်ညီကို စိတ်မချတာနဲ့ ကြီးကျောင်းမှာ စာမသင်စေတော့ အိမ်မှာပဲ ကျုပ်က စာသင်ပေးတ အိမ်မှာက ကျုပ်တစ်ယောက်တ ပညာရေးကို စိတ်ပါလို့ ခုနစ် အောင်ခဲ့တာ။ ကျန်သူတွေက စ ရတာ စိတ်မပါဘူး။ အဲဒီတုန်းက တန်းအောင်ပြီးရင် ကျောင်းဆရာ မလား၊ စာရေးဝင်လုပ်မလား၊ ရဲထဲ ရင် ရဲအုပ်ဖြစ်မယ်။ ယောကျ်ားလေ မှာ အကြီးဆုံးဆိုတော့ အဖေဆုံး လယ်တွေ ဦးစီးပြီး လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com

ွေ့ အရွယ်ရောက်မှ လယ်တွေကို ာတို့လက်ထဲအပ်ပြီး အစိုးရဝန်ထမ်း ပ်ခဲ့တာ။

ညီအငယ်ဆုံးက လယ်ထဲ သွား င် လိုက်တယ်။ ငှက်ပစ်၊ ငါးမျှား၊ ှန်လုံးနှိုက်၊ ဖားရိုက်၊ ဟင်းရွက်ခူးနဲ့ ောက်တိုမယ်ရ အကုန်လုပ်တယ်။ ယ်ထဲမှာ ညအိပ်ရရင် ကျုပ်နဲ့ အတူ ိုက်အိပ်တယ်။ အတော်ချစ်ရတဲ့ ညီ ေးပါ။ ညီအလတ်ကတော့ စကား ိမ်းမပြောတဲ့ သူ့ဘာသာနေတယ်။ နိုင်း င် လုပ်တယ်။ ပုံမှန်ပဲ။

တစ်ရက်တော့ဗျာ၊ ကျုပ်တို့ခြံ ဲ စိုက်ထားတဲ့ သီးနှံတွေကို နွားတွေ င်စားလိုက်တာ ပြောင်ပါရော့လား။ ွားတွေ ဖမ်းပြီး သူကြီးဆီ အပ်လိုက် င် လျော်ကြေးရမယ့်ဟာ ကျုပ်ညီ လတ်က စိတ်တိုတိုနဲ့ နွားတွေရဲ့ ိပ်ကို တုတ်နဲ့ ရိုက်လိုက်တာ နွား စ်ကောင် ဆန့်ဆန့်ကြီးဖြစ်သွား ယ်။ နွားပိုင်ရှင်တွေက အင်္ဂလိပ်နဲ့ တူပါခဲ့တဲ့ အသားမည်းလူမျိုးတွေ ေ။ အဲဒီခေတ်က အဲဒီကောင်တွေ ာ အားကြီးစွာတယ်။ ရန်ကုန်မှာဆို င် အမိကရဏ်းကြီးတွေတောင် ဖြစ် ဲ့တဲ့အထိ အင်အားများခဲ့တာ။ ကျုပ် ို့ရွာမှာတော့ ဗမာတွေ များလို့ မစွာ ာ။

နွားပိုင်ရှင်က သူတို့ သိုင်းဆရာ ြီးနဲ့ လူမိုက် ၂၀လောက် ခေါ်ပြီး ာခဲ့တယ်။ နွားဖိုးလျော်ပေး၊ ကျုပ်ညီ ိုလည်း ဆုံးမဖို့ ထုတ်ပေးပေါ့ဗျာ။ ျုပ်ညီက…

"အစ်ကိုကြီး … လုပ်ပါဦး၊ ျွန်တော်လုပ်လိုက်တာ နွားသေသွား ိင်တယ်"

"ဘာမှမကြောက်နဲ့၊ ငါ သိုင်း ာစားတဲ့ တုတ်ယူလာခဲ့"

ရှမ်းဘောင်းဘီကို ဝတ်၊ ခါးစည်း ကြိုးကို တင်းတင်းချည်လိုက်တယ်။ ညီအငယ်လေးကလည်း ရှမ်းဘောင်းဘီ နဲ့ သိုင်းကစားတဲ့ တုတ်ကိုင်ပြီး…

"အစ်ကိုကြီး…ညီလေးလည်း ဝင်ချမယ်"

"မလုပ်နဲ့။ မင်းက ငယ်တော့ ခွန်အားမရှိသေးဘူး။ ဟိုကောင်တွေက ခွန်အားအပြည့်နဲ့ လူမိုက်တွေ။ အစ်ကို ကြီး ဒီကောင်တွေ မှတ်သွားအောင် ချလိုက်မယ်။ အိမ်ပေါ်ကသာ ကြည့်နေ"

တုတ်တိုနှစ်ချောင်းစီ ကိုင်ထား တဲ့ လူမိုက်အဖွဲ့ကို ရင်ဆိုင်ဖို့ သိုင်းတုတ် ကိုင်ပြီး ဆင်းလိုက်တယ်။ သူတို့က တုတ်တိုကို စကြာလို မွှေယမ်းပြီး တိုက်ခိုက်တာ။ တော်ရုံ ဓားချက်၊ တုတ် ချက်ကတော့ သူတို့ရဲ့ တုတ်က ရိုက် ထုတ်ပစ်ပြီး ကိုယ့်ကို ချသွားမှာ။ ရှမ်း သိုင်း၊ မြန်မာသိုင်းတတ်ထားတဲ့ ကျုပ် က လုံးဝ မကြောက်ပါဘူး။ ကျုပ်အရပ် နဲ့ တိုင်းထားတဲ့ သိုင်းတုတ်ဟာ သူတို့ ကို ချမယ့် လက်နက်ကောင်းပဲလေ။

လူအုပ်ကြီးကလည်း ပွဲကြီးပွဲ ကောင်းကြည့်ဖို့ အသင့်စောင့်နေတယ်။ ရွာက ကျုပ်အမျိုးတွေကလည်း တုတ်၊ ဓားတွေနဲ့ အဆင်သင့်ပဲ။ ကျုပ် ဘယ် လောက်စွမ်းမလဲ စောင့်ကြည့်နေတာ။ ကျုပ်ရှုံးလို့ကတော့ သူတို့က ဘယ်နေ မလဲ၊ အကုန်ဝင်ချကြမှာ။

အသားမည်း သိုင်းအဖွဲ့ကို ကျုပ် ကပဲ အရင်ဝင်တိုက်တယ်။ သူတို့ရဲ့ အားသာချက်က အပေါ်ကနေ မဝင်နဲ့၊ ကိုယ်ခံရမယ်။ အပေါ်က ဝင်လာတဲ့ တုတ်၊ ဓားဆိုရင် စကြာလို ဝှေ့ယမ်းပြီး ရိုက်ထုတ်ပစ်နိုင်တယ်။ တုတ်တို နှစ် ချောင်းကို ဝှေ့ယမ်းပြီး ဟန်ရေးပြနေတဲ့ သူတို့ကို ကျုပ်က တစ်ဟုန်ထိုးဝင်ပြီး အပေါ်က ရိုက်မလိုလိုနဲ့ ဟန်ပြတယ်။

ပြီးတော့ တုတ်ကို လိမ်ပြီး အောက်ခြေ ဖြတ်ရိုက်တာ တစ်ချက် တစ်ကောင်နှုန်း ပဲ။ ပြီးတော့ လိမ်ရိုက်၊ ပတ်ရိုက်၊ ဖြတ်ရိုက်လိုက်တာ အားလုံး အလဲလဲ အပြိုပြိုဖြစ်ကုန်တယ်။

အိမ်ပေါ်က ကျုပ်ညီက လေးခွ နဲ့ ပစ်ပေးတယ်။ ငှက်ပစ်နေကျဆို တော့ ခေါင်း၊ နားထင်၊ မျက်နှာတွေကို ခဲတစ်လုံး တစ်ကောင်နှုန်း မှန်တယ် ဗျာ။ ကျုပ်ရဲ့ ရိုက်ချက်နဲ့ လေးခွဒဏ် မခံနိုင်လို့ ပြေးသွားကြတယ်။ ဒီကောင် တွေ ဘယ်လောက်ကြောက်သွားသလဲ ဆိုရင် လမ်းတွေ့ရင်တောင် ရှောင်ပြေး တော့တာ။ ကျုပ်ရဲ့ ဆရာကြီးက သူ တစ်ပါးကို မစော်ကားပါဘူး။ မိမိကို ထိခိုက်လာမှ အသုံးပြုပါမယ် ဆိုပြီး သစ္စာဆို သင်ပေးခဲ့တဲ့ သိုင်းပညာဟာ အတော်ထိရောက်တယ်ဗျာ။ ညမှာ ဆရာကြီးကို ရည်မှန်းပြီး ကန်တော့ လိုက်သေးတယ်။

အသက်ရလာတော့ သိုင်းပညာ ကို မေ့လိုက်တယ်။ ကျုပ်ညီအငယ်ဆုံး ကတော့ အမြဲတမ်း လေ့ကျင့်လို့ အသက် ၇၀ကျော်တဲ့အထိ တိုက်ခိုက် နိုင်တုန်းပဲ။

♦♦♦

ကျုပ်တို့ တောရွာမှာ နေလယ် ဆိုရင် တောထဲသွား အလုပ်လုပ်ကြ တာ။ ရွာမှာ ကလေးနဲ့ သက်ကြီးရွယ်အို တွေပဲ ကျန်တယ်။ ညကျမှ လူစုံတာ ဆိုတော့ ရေမိုးချိုး ညစာစားပြီးရင် ရွာ လည်ကြတာ ထုံးစံပဲ။ တောခေလေ့အရ အပျိုရှိရာ လူပျိုလှည့်ကြတာပေါ့ဗျာ။ လူပျို၊ အပျို ဆုံတွေ့ခွင့်ရကြတာပေါ့။ မိန်းကလေးကလည်း အကဲခတ်၊ လူ ကြီးတွေကလည်း အကဲခတ်ကြတာ ပေါ့။ ချစ်စရာ တောခေလေ့ပါ။

ကျုပ်တို့ရွာကလည်း လူနေကျဲ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ခြံဝန်းကျယ်ကြီးတွေနဲ့ နေကြတယ်။ ဒါကြောင့် ညဆိုရင် ၁၀နာရီလောက်မှာ ရွာလည်ပြီး အိမ်ပြန်တော့ မရှိမဖြစ် ပစ္စည်းက လက်နှိပ်ဓာတ်မီးပေါ့ဗျာ။ နောက်ပြီး ဓားဆောင်တာလည်း ရပ်လေ့ပေါ့ဗျာ။ အချင်းချင်း ခုတ်ထစ်ဖို့ မဟုတ်ပါဘူး။ ကာကွယ်ရအောင် ဆောင်ကြတာပါ။

ကျုပ်က ရွာလည်ပြန်ပြီးရင် ဗိုက်ဆာလို့ ညလယ်စာစားတယ်။ အမေက ကျုပ် အိမ်မပြန်မချင်း ဆေးလိပ်သောက်ပြီး ထိုင်စောင့်နေတာ။ ကျုပ်ပြန်လာမှ အိပ်ရာထဲ ဝင်တာ။ ထမင်းစားမယ်ဆိုရင် အမြဲတမ်းပဲ အိမ်ရှေ့မှာ ထွက်စားခိုင်းတာ။ သားအမိနှစ်ယောက် စကားပြောရင်း ထမင်းစားတာ နေ့စဉ်လိုပါပဲ။ ကျုပ်ကလည်း အမေစောင့်နေမှန်းသိလို့ ညဥ့်နက်အောင် မနေပါဘူး။ မနက်ကိုလည်း စောစောထရတာ ဆိုတော့ အိပ်ရေးပျက်လို့ မရဘူးလေ။

တစ်ညမှာတော့ဗျာ၊ အိမ်ပြန်ရောက်တော့ အမေက နေမကောင်းလို့ အိပ်ရာထဲ ဝင်နေပြီ။ ဒါကြောင့် အိမ်ရှေ့ထွက်မစားတော့ဘဲ မီးဖိုချောင်ထဲမှာ ထမင်းနူးခပ်ပြီး စားလိုက်တယ်။ ထမင်းတစ်လုတ်ပဲ စားရသေးတယ်၊ ကြမ်းပြင်အောက်က "ဟီး…ဟီး…ဟီး…" ဆိုတဲ့ အသံနက်ကြီး ထွက်လာတာ သွေးပျက်ချင့်စရာ ကောင်းလှတယ်။ ကျုပ်က ဓာတ်မီးနဲ့ ဓား အမြဲဆောင်နေကျဆိုတော့ ဓားကို ဆွဲပြီး အိမ်အောက်ကို ခုန်ချလိုက်တယ်။ မီးထိုးပြီးရှာတော့ ဘာမှမတွေ့တာနဲ့ အိမ်ပေါ် ပြန်တက်ခဲ့တယ်။ ထမင်းလည်း မစားဖြစ်တော့ဘူး။ အမေက အခန်းထဲက ထွက်လာပြီး…

"ည ပြန်လာလို့ ထမင်းစားရင် အိမ်ရှေ့မှာ စားပါလို့ လူကြီးတွေ ပြောတာ အဓိပ္ပာယ်နဲ့ ပြောတာဟဲ့၊ မှတ်ပြီလား"

ဆိုပြီး ကျုပ်ခေါင်းကို ခေါက်တယ်။

"အမေရော အသံကြားသလား။ ဘာမှန်းလည်း မသိဘူးနော်။ အသံကြီးက ကြောက်ချင်စရာပဲ"

"အမေတို့နေတာက တောရွာလေ။ ညပြန်ရင် စားချင် သောက်ချင်တဲ့ အကောင်တွေက ကပ်တတ်တယ်။ မီးဖိုထဲမှာ ဟင်းနံ့ရတော့ တောင်းတာပေါ့ကွယ်"

ကျုပ်လေ တစ်သက်စာ မှတ်သွားတော့တယ်။ ကျုပ်တို့ လူပျိုဖြစ်တဲ့ ခေတ်က ကိုလိုနီခေတ်။ လူဦးရေကနည်းတယ်။ တောတောင် သစ်ပင်ကလည်း ထူထပ်တော့ ရွာတွေမှာ ဒီလို မှိုဖြစ်တတ်ကြတာ မဆန်းဘူးလေ။ ညဆိုရင် လူကြီးတွေရဲ့ လက်ဖက်ရည်ကြမ်းဝိုင်းမှာ ထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရ အဖြစ်အပျက်တွေပြောပြရင် နားထောင်လို့ အရမ်းကောင်းတာ။ "ပြောမယ့်ကြုံမှ သိ"ဆိုသလို တွေ့ရတတ်တာပေါ့ဗျာ။ ကျုပ်တို့ရွာတွေမှာ အရွယ်ရောက် ယောက်ျားတွေဟာ တောတောင်တွေထဲ ဓားတစ်ချောင်းနဲ့ သွားလာနေကျဆိုတော့ ကြောက်တတ်သူ အလွန်နည်းပါတယ်။ ကြောက်ရင်လည်း အလုပ်မဖြစ်ဘူးလေ။

တစ်ညမှာတော့ မှတ်မှတ်ရရ အဖြစ်တစ်ခုကြုံရတယ်။ ကျုပ်တို့ရွာနဲ့ ခပ်လှမ်းလှမ်းမှာ ရှိတဲ့ရွာကို အပျိုလှည့် သွားတယ်။ အဖော်မပါဘူး။ တစ်ယောက်တည်းပဲ၊ တစ်မိုးလောက်ပဲ ဝေးလို့ နေ့ဆိုရင် လှမ်းမြင်ရတယ်။ ညကျတော့ မှောင်နဲ့မည်းမည်း ဘာမှမမြင်ရလို့ ကြောက်စရာထင်ရပေမယ့် ကျုပ်တို့ကတော့ လုံးဝ မကြောက်ပါဘူး။

ရွာလည်ပြီး ပြန်တော့ ကာလသားတွေ[...] က ရွာထိပ်အထိ လိုက်ပို့တယ်။

သူတို့ ပြန်သွားပြီးမကြာခင် ကျုပ်[...] နောက်ကို မီးလုံးတစ်လုံးလိုက်လာတာ[...] တွေ့ရတယ်။ ကျုပ်လည်း ဓားကို ထုတ်[...] ပြီး စောင့်နေလိုက်တယ်။ ကျုပ်မျက်[...] နားဆီ တစ်ဟုန်ထိုးလာတာနဲ့ ကိုယ်[...] ရှိပြီး ဓားနဲ့ ခုတ်ချလိုက်တယ်။ မီးလုံး[...] နောက်ဆုတ်သွားတော့ ကျုပ်က [...] ဆက်လျှောက်တယ်။ မီးလုံးက နောက်[...] က လိုက်လာပြီး အနားကပ်ဖို့ ကြိုး[...] တာနဲ့ ကျုပ်က တစ်ခါခုတ်လိုက်တော့[...] မီးလုံး နောက်ကို ပြန်ဆုတ်သွားတယ်[...] ဓာတ်မီးနဲ့ ထိုးကြည့်တော့ ဓာတ်ခဲ[...] အားကုန်နေတော့ မှိန်မှိန်ပဲ လင်းတယ်[...]

မီးလုံးဟာ ကျုပ်အရပ်အမြင့်[...] အတိုင်း ပျံပြီးလာတာ။ တစ်ခါတစ်[...] မြေကြီးနားကပ်သွားလိုက်၊ ခေါင်းအမြင့်[...] လောက် ပျံလိုက်နဲ့ ကစားနေတာ။ [...] ကိုတော့ ပျံမသွားဘူး။ နောက်က[...] အတင်းဝင်လာလို့ ဓားနဲ့ ခုတ်နေရ[...] မကြောက်ပေမယ့် အံ့ဩရတယ်။ [...] လုံးဟာ ဘာမီးလဲ။ မခွဲခြားတတ်[...] သေချာတာကတော့ နီးလာရင် ဝင်[...] မယ့် အနေအထားပဲ။

လက်တစ်ဖက်က ဓားကို[...] တစ်ဖက်က ဓာတ်မီးကိုင်ပြီး မီး[...] လာတိုင်း ခုတ်ရ၊ ရိုက်ရတာ။ [...] နောက်ကို စိတ်တိုတိုနဲ့ လေးငါး[...] ဆက်လှမ်းလိုက်ပြီး လုပ်လိုက်တ[...] ကိုယ်က ရှေ့ကို တစ်လှမ်းပဲ တိုးရ[...] တယ်၊ ပြန်လိုက်လာလို့ သူနောက်[...] လိုက်ရပြန်တယ်။ ဒါကြောင့် [...] မရောက်တော့ဘဲ နောက်ကိုပဲ [...] ရောက်လာရတယ်။ ပြီးတော့ မီး[...] ဆုတ်တဲ့ လမ်းက ရွာဘက်မဟုတ်[...] တောထဲဘက်ကို ဦးတည်နေ[...] သတိထားမိတယ်။ ဒါကြောင့် မီး[...]



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်လာလို့ ဓားနဲ့ လိုက်ခုတ်မယ့်ဟန် ပြင်တော့ မီးလုံးက နောက်အဆုတ် ကျွပ်က ရွာဘက်ကို အားကုန်ပြေး တော့တယ်။ မကြောက်ပေမယ့် သရာရှည်နေမှာစိုးလို့ပါ။ ရွာထိပ်နား ရောက်တော့ အနားကပ်လာတဲ့ မီးလုံး ကို ဓားနဲ့ ခုတ်၊ ဓာတ်မီးနဲ့ ရိုက်ပြီး ခြစောင်းနဲ့ ခုန်ကန်ပစ်လိုက်တယ်။ ဘော်တော်ဝေးဝေးကို နောက်ဆုတ် သွားခဲ့တယ်။ မီးလုံးကို ထိမိတယ်ပေါ့ ဗျာ။ အဲဒါနဲ့ ရွာထဲကို ခပ်သုတ်သုတ် ပြေးခဲ့ရတယ်။ ကြောက်လို့ ပြေးတာ ဆုတ်ဘူးနော်။ နို့မို့ရင် တစ်ညလုံး မီးလုံးနဲ့ နပ်ပါးသွားနေရမှာ။

ဒါပေမယ့် ဒီမီးလုံးက ရွာထဲ အထိလည်း လိုက်ခဲ့တာပဲဗျ။ ငွေ စင်မတန်ကြီးတဲ့ မီးလုံးပဲဗျာ။ တောက် လျှောက်လိုက်ခဲ့တာ။ ကျုပ်အိမ်နား ရောက်တော့ ပွဲကြမ်းချင်လာတယ်။ ကျုပ်ဆီကို တစ်ဟုန်ထိုးပျံပြီး ဝင်လာ တယ်။ အသာလေးရှောင်ပြီး ဓားနဲ့ ခုတ် လိုက်တယ်။ ထိထိမိမိခုတ်မိတော့ မီး လုံး နောက်ဆုတ်အသွား၊ ကျုပ်က ခြံ ထဲကို ခုန်ဝင်လိုက်တယ်။ ခြံထဲအထိ တော့ မလိုက်တော့ဘူး။ အပြင်မှာ တရစ်ဝဲဝဲလုပ်နေတာ။ ဒါလောက်ရှိ လုတဲ့ အကောင်၊ တွေ့ကြသေးတာပေါ့ ဆိုပြီး သိုင်းတုတ်ကို ယူပြီး ခြံတံခါးဖွင့် လိုက်တယ်။ အဲဒီနောက် စိတ်တိုတိုနဲ့ လိုက်ရိုက်ပစ်တာ ပြေးတော့တာပဲ။ ကျုပ်လည်း ရွာပြင်အထိ လိုက်ရိုက်ပစ် ပြီးမှ အိမ်ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ ခြေ၊ လက် ဆေးတယ်။ ဘုရားရှိခိုးပြီး အမျှဝေ တယ်။ စားနေကျ ညလယ်စာလည်း မစားဖြစ်တော့ဘူး။ အဲဒီညအဖြစ်ကို အမေတို့ကို ပြောပြတယ်။ ဘဝမှာ အမှတ်တရအဖြစ်ရဆုံး အဖြစ်တစ်ခု ပေါ့ဗျာ။

အိမ်ထောင်ကျလို့ သားသမီး တွေ ရတော့လည်း ကျုပ်က ပြောပြရ သေးတယ်။ ဒါ့ထက် စကားမစပ် ပြော ရဦးမယ်။ ကျုပ်သားသမီးတွေထဲမှာ သားနှစ်ယောက်က စာရေးဆရာတွေဗျ။ သူတို့ရဲ့ စာတွေ မဂ္ဂဇင်းတွေမှာ ပါတာ တွေကို ကျုပ်မသေခင် ဖတ်ရသေး တယ်။ အခု ဒီအဖြစ်အပျက်ကိုလည်း သားတစ်ယောက်ယောက်ကတော့ ရေးမှာ အသေအချာပဲဗျ။ ဒါကြောင့် မို့လည်း သေသေချာချာပြောပြခဲ့တာ ပါ။

* * *

ဓအေးလွှင်(ကသာ)

မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်

# ဓမ္မာစရိယ ဆရာဦးအောင်ကျော်မိုး

(နက္ခတ်ဗေဒင်၊ ယတြာ အခါပေးပညာရှင်)

လူသားတို့အတွက်

- အတွဲညီသောအိမ်ထောင်ဖက်
- အကျိုးပြုသောအလုပ်အကိုင်နှင့် နေရပ်
- ရှေးဘဝကတည်းက အထုံပါခဲ့သော ပညာရပ်
- ကျန်းမာရေး၊ ဘာသာရေး စည်တို့ကို နေ့စဉ် ဟောပြောပေးနေသည်။
- အိမ်၊ ခြံ၊ မြေ ပန္နက်ရိုက် အခါပေးနှင့် ရောင်းအဝယ်အစီအမံယတြာများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဟောခန်းလိပ်စာ

စီ- ၅၊ အမှတ် (၁၆၇/၁၇၃) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၂၆၃



www.burmeseclassic.com

www.burmeseclassic.com

# အန္တရာယ်ကင်း အရဟံ ဓာဘယံ အဆောင်

■ ကိုသက်ရှည် ■

တစ်နေရာနှင့် တစ်နေရာ ခရီးသွားလာရသည့်အခါ ကုန်းလမ်းခရီးတွင် လှည်း၊ ကား၊ ရထား စသည့် ယာဉ်တို့နှင့် သွားလာရသလို ရေလမ်းခရီးသွားလာရသည့်အခါ လှေ၊ မော်တော်တို့အား အဓိကထားကာ သွားလာကြရသည်။

ဧရာဝတီမြစ်နှင့် အခြားသော မြစ်ချောင်းရေတို့နှင့် နီးကပ်သည့် မြို့ရွာတို့တွင် နေထိုင်သူတို့အဖို့ ရေလမ်းခရီးအတွက် လှေသင်္ဘောတို့နှင့် ခရီးသွားလာလေ့ရှိသည်။ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သည့် ငါးဖမ်းခြင်းလုပ်ငန်းတို့အား လှေ၊ စက်လှေတို့နှင့်ပင် ရှာခါလုပ်ကိုင်တတ်ကြသည်။

ရေလုပ်သားကြီးများ ရေလုပ်ငန်းခွင်သို့ စတင်ထွက်ခွာတော့မည့်အချိန်၊ ရေလမ်းခရီးသွားလာကြမည့် အချိန်တို့တွင် လှေသင်္ဘောများအား လှေဦးစီးအောင်၊ သင်္ဘောဦးစီးအောင်၊ လုပ်ငန်းကိုင်ငန်း အဆင်ပြေချောမွေ့အောင်၊ ဘေးအန္တရာယ်ကင်းရှင်းအောင် ရည်ရွယ်ကာ ခရီးထွက်တော့မည်နှင့် တစ်ပြိုင်နက် လှေဦး၊ သင်္ဘောဦးတို့အား ရေလောင်းကာ ထွက်လေ့ရှိကြသည်မှာ အစဉ်အလာပင် ဖြစ်ပါသည်။

မည်သည့်အရပ်ဒေသခရီးမဆို၊ ဘေးအန္တရာယ်ကင်းရှင်းကာ အသွားလမ်း၊ အပြန်လမ်း ချောမွေ့ဖြောင့်တန်းစွာ သွားလာနိုင်ရန်အတွက် အဆောင်ကောင်းတစ်ခုကို ဖော်ပြလိုက်ပါသည်။




ထိုအဆောင်မှာ "အရဟံ - ဓာဘယံ" ဖြစ်သည် ...
၄င်း "အရဟံ - ဓာဘယံ" စာတန်းအား အထက်ဖော်ပြ ...
အတိုင်း မိမိတို့၏ လှေဦး၊ သင်္ဘောဦးတွင် ရေးသားထားရမည် ...
ရေးဆွဲရမည်မှာ စမုံအစဉ်အတိုင်း အ-အက္ခရာအား အ ...
ရေးကာ၊ ပြီးလျှင် ရ-အက္ခရာ၊ နောက်ဆုံး ဟ-အက္ခရာအ ...
"အ" နှင့် "ရ" တို့ကို ဝိုင်းပတ်ကာထားပြီး သေးသေးတင်အ ...
နောက်ဆုံးမှ ရေးတင်ရပါမည်။ ရေးသားနေချိန်တွင် အ ...
ဂုဏ်တော်အား တတ်အားသမျှ ရွတ်ပွားနေရမည်။

ပြီးလျှင် "ဓာဘယံ" အက္ခရာစာလုံးအားလည်း အ ...
အတိုင်း ဓာ-အက္ခရာစာလုံးအား အစဦး ရေးသားပြီး ဓ ...
ဓာ၏ ဝဲဘက်အကွက်တွင် ဘ-အက္ခရာရေးသွင်း၍ ... ဘက်အကွက်တွင် ယ-အက္ခရာရေးပြီး သေးသေးတင် ...
ရေးသားစဉ် "ဓာ-ဘ-ယံ - ဘေးမရှိ . . . ဘေးမရှိ" ဟု ...
နှုတ်က မပြတ်ရွတ်ပွားပြီး ရေးသားပါ။ ဟ-အက္ခရာ၊ ... အက္ခရာတို့အား ရေးသားစဉ် တစ်ဆက်တစ်ကြောင်းတည် ...
ရေးဆွဲရမည်။

သင်္ဘောဦး၊ လှေဦးတွင် ဘုရားပန်းအိုးတစ်လုံးထိုး ... ထားပါ။ သင်္ဘောလှေတို့ ဆိပ်ကမ်းမှ ထွက်သည့်အခါတိုင်း ... အရဟံဂုဏ်တော် (၉)ခေါက်၊ ဓာဘယံ (၉)ခေါက် ရွတ် ... ပြီး လှေဦး၊ သင်္ဘောဦးတို့အား ရေလောင်းပြီးမှ ထွက်ခွာ ... ဘုရားညောင်ရေအိုးပါလျှင် ထိုပန်းအိုးအား ရေလောင်း ... ပန်းအိုးထိုးစိုက်မထားလျှင်လည်း လှေဦး၊ သင်္ဘောဦးအ ... လောင်းပါ။

လှေသင်္ဘောများသာမဟုတ်၊ ကုန်းလမ်းခရီးသွ ... ယာဉ်များအားလည်း ရေးသားကာ အဆောင်သဖွယ် ... လုပ်နိုင်ပါသည်။ ကုန်းလမ်း၊ ရေလမ်းခရီးအားလုံး အဆင် ... ချောမွေ့ပါလိမ့်မည်။ အရဟံဂုဏ်တော်ကြောင့် ဓာဘယံ ... ဘေးမရှိ အန္တရာယ်အပေါင်း ကင်းဝေးပါလိမ့်မည်။ ထို ... စာတန်းအား ရေးက လှေကြီးများ၊ သင်္ဘောများ၏ ... ကုန်တွဲ၊ CB ကုန်တွဲကြီးများ၏ ရှေ့ဦးတွင် ရေးသားချိတ် ... ထားသည်ကို အမြဲပင် တွေ့ရှိရပါသည်။

* * *

ကိုသ...



www.burmeseclassic.com

www.burmeseclassic.com

# နာနတ်ပင် တိုင်းရင်းဆေးဖက်ဝင်

ကျော်တင့်ဆွေ

ကျေးလက်ဒေသတွေမှာ နာနာတ်သီးအစိမ်းများကို ငွန်း ငါးများနဲ့ ချဉ်ရည်ဟင်း၊ လက်သုပ်အဖြစ် စားသုံးကြပါတယ်။ အချို့က ဆားနဲ့ သံပရာရည်ညှစ်ပြီး စားလေ့ရှိကြပါတယ်။ ထမင်းစားပျက်ခြင်း၊ ခံတွင်းမကောင်းခြင်းအတွက် ခံတွင်းကို ကောင်းစေကာ ထမင်းစားရာမှာ မြိန်စေပါတယ်။ နာနတ်သီးအမှည့်ဟာ ဆေးဖက်ဝင်ကာ လူကို အကျိုးပြုနိုင်ပါတယ်။

## နာနတ်သီးမှည့်နှင့် ကုသနည်း

နာနတ်သီးမှည့်ကို အိမ်သုံးဆားအနည်းငယ်မျှ ပွတ်တိုက်စားသုံးခြင်းဖြင့် အောက်ပါ ရောဂါငယ်တို့ကို ဖယ်ရှားပေးနိုင်ပါတယ်။

လည်ချောင်းပူတဲ့ လက္ခဏာ၊ ခံတွင်းပျက်ခြင်း၊ လေထိုးကာ ပျို့အန်ခြင်း၊ ရတ်တရက် အသက်ရှူမဝခြင်း၊ ဆီးပူခြင်း၊ ဆီးခန်းခြင်း၊ အနာအဆာများမှာ ပိုးပေါက်ပွားခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ရင်တုန်ခြင်းတို့အတွက် နာနတ်သီးမှည့်ကို သကြားနဲ့ စားခြင်းဖြင့် လေကို သက်စေနိုင်ပါတယ်။

အချို့မှာ ဒုတိယအရွယ်၊ တတိယအရွယ်တွေမှာ သွားလာလှုပ်ရှားရင်း၊ ထိုင်ရာမှ ရုတ်တရက်ထရင်း မျက်လုံးချာချာလည်အောင် မူးကာ ခရီးမဆက်နိုင်ဖြစ်လျှင် ခေတ္တခဏတာမျှ ထိုင်လျက် အသက်ကို ဖြေးဖြေးရှူပေးပါ။ ဒါမှမဟုတ်ရင် နာနတ်သီးမှည့်ကို သိန္ဓောဆားမှုန့်အနည်းငယ်မျှကို ဖြူးစားပေးနိုင်ပါတယ်။ ဒီလို စားသုံးပေးခြင်းအားဖြင့် လေပူဆန်တာတွေ၊ လေချဉ်တက်တာတွေကိုလည်း ဖယ်ရှားပေးနိုင်ပါသေးတယ်။ အစာမကြေခြင်းအတွက်လည်း အကျိုးပြုပေးပါတယ်။

## နာနတ်ယို၏ ဆေးဖက်ဝင်မှု

နာနတ်ယိုကို ဆေးဖက်ဝင်စေရန် စားသုံးနည်းများကို ဆက်လက်ဖော်ပြပါမယ်။ နာနတ်ယိုကို သိန္ဓောဆားအနည်းငယ်၊ ငရုတ်ကောင်းမှုန့်အနည်းငယ်မျှနဲ့ ရောနှောစားသုံးပါက ဆီးလွန်ကဲစွာ သက်ဆင်းခြင်းကို လျော့ချပေးနိုင်ပါတယ်။

သကြားနဲ့ ထိုးထားတဲ့ နာနတ်ယိုကို အောက်ပါ ရောဂါတွေအတွက်လည်း စားသုံးပေးနိုင်ပါတယ်။ ရုတ်တရက် နလုံးရောဂါပြင်းထန်ခြင်း၊ နလုံးတုန် ရင်ခုန်ခြင်း၊ ဝမ်းဗိုက်အပေါ်နဲ့ ဝမ်းဗိုက်အတွင်း ပူခြင်း၊ လေပူထခြင်းကြောင့် ပျို့အန်ခြင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ခြင်း၊ အမျိုးသမီးများရဲ့ သွေးသားများ ညီညွတ်စေခြင်းဖြင့် သွေးဆုံးရောဂါကို ကာကွယ်တားဆီးစေနိုင်ပါတယ်။ ဒါ့အပြင် မြင်းသရိုက်ရောဂါ၊ ချည့်နဲ့ရောဂါ၊ ညောင်းညာကိုက်ခဲခြင်းရောဂါတို့အတွက်လည်း စားသုံးသင့်ပါတယ်။

နာနတ်ယိုကို စားသုံးခြင်းဖြင့် လည်ချောင်းနာခြင်း၊ အဆစ်အဆက်များ နာကျင်ခြင်း၊ အမျိုးသမီးများ သွေးမမှန်ခြင်း၊ အနာအဆာများ ရင်းလာခြင်း၊ ထိပ်ကပ်နာ၊ စအိုဝတွင် တုတ်ကောင်ထခြင်း၊ ဝမ်းပုပ်ခြင်း၊ ဝမ်းပျက်ခြင်းတို့ကို သက်သာစေပါတယ်။

## နာနတ်ရွက်ဖြင့် ကုသနည်း

နာနတ်ပင်တစ်ပင်ရဲ့ အရွက်ကို ဆေးဝါးအဖြစ် ကုသမယ်ဆိုပါက အောက်ဖော်ပြပါ ရောဂါငယ်များ ပျောက်ကင်းနိုင်ပါတယ်။

နာနတ်ရွက်မှ ကြိတ်၍ ရသော သတ္တုရည်ကို အိမ်သုံးဟင်းခတ်ဇွန်းတစ်ဇွန်းတွင် သကြားထည့်၍ သောက်ပေးပါက ကြို့ထိုးခြင်းကို ပျောက်ကင်းစေနိုင်ပါတယ်။ အမျိုးသမီးများ မီးယပ်သွေးချုပ်ခြင်း၊ မီးယပ်ငုပ်ခြင်းတို့ကို ဖယ်ရှားပေးကာ မီးယပ်သွေးကို မှန်ကန်လာစေနိုင်ပါတယ်။ ကလေးသူငယ်များအတွက် လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့် တိုက်ကျွေးပေးပါက သန်ကောင်များကို သေစေနိုင်ပါတယ်။

## သဘာဝ ခေါင်းလျှော်ရည်

အလှအပနဲ့ ကျန်းမာရေးအတွက် အထူး ဆံပင်ကောင်းဖို့အတွက် ခေါင်းလျှော်ရည်ထဲကို နာနတ်ရွက်ကို ထုခြေပြီး ရောစပ်၍ လျှော်ပေးပါက ဦးရေပြားထဲမှာ ဖြစ်တတ်တဲ့ သန်းများ၊ ဗောက်များ၊ အနာအဆာများကို ကင်းဝေးစေနိုင်ပါတယ်။ ဆံပင်ကိုလည်း ပျော့ပျောင်းစေပါတယ်။

## အရေပြားရောဂါလိမ်းဆေး

နာနတ်ရွက်ခြောက်ကို ပြာချပြီး နမ်းဆီနဲ့ ဖျော်ပါ။ လိမ်းဆေးအဖြစ် လိမ်းပေးနိုင်တဲ့ ရောဂါတွေကတော့ ဝဲခြောက်-ဝဲစိုရောဂါ၊ ခူနာရောဂါ၊ ရေယုန်ရောဂါ၊ ဝေဒနာရှင်အတွက် အသုံးဝင်စေပါတယ်□

* * *

ကျော်တင့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဟော... သူတို့ ကျွန်တော့်ကို
ကြပြီ။
သူတို့ဟာ ကျွန်တော့်သူငယ်ချင်း
ပါ။
ကျွန်တော့်သူငယ်ချင်းတွေဟာ
ခါမယ့် သရဲတစ္ဆေက ကျွန်တော်

ဖြစ်နေမှန်းမသိကြဘဲနဲ့ ခေါ်ကြတော့မယ်။

သူတို့ ပြင်ဆင်နေပုံကို ကြည့်ပြီး သူတို့ တစ္ဆေခေါ်ပွဲလုပ်တော့မယ်ဆိုတာကို ကျွန်တော်သိနေပါတယ်။

လူတဝတ္တန်းက ကျွန်တော်ကိုယ်တိုင် သူတို့လုပ်တဲ့ တစ္ဆေခေါ်ပွဲမှာ ပါနေကျမို့ သူတို့ပြင်ဆင်နေတာ တစ္ဆေခေါ်ပွဲအတွက်ဆိုတာကို ကျွန်တော် သိနေပါတယ်လေ။

သည်တစ်ခါတော့ သူတို့ခေါ်လို့ ရောက်လာမယ့် တစ္ဆေဟာ သူတို့ သူငယ်ချင်း ကျွန်တော်ဆိုတာကို သူတို့ သိပုံမရဘူး။ ကျွန်တော်ဟာ ကျွန်တော် နေထိုင်တဲ့ သစ်ပင်ပေါ်က နေပြီး သူတို့



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေကိုင်နေပုံတွေကို အစအဆုံး မြင်တွေ့နေရပါတယ်။ ကျွန်တော်နေတဲ့ သစ်ပင်ဟာ သူတို့နေတဲ့ အဆောင်ရှေ့ တည့်တည့်မှာမို့ အကုန်လုံးကို မြင်နေရတာပါ။ ဒီအဆောင်ဟာ ကျွန်တော် လူ့ဘဝက ကျွန်တော့်သူငယ်ချင်း လေးယောက်နဲ့ အတူတူနေခဲ့တဲ့ အဆောင်ပဲလေ။ ကျွန်တော်သေပြီးကတည်းက ပြိတ္တာဘဝရောက်ပြီး အဆောင်ရှေ့ သစ်ပင်ပေါ်မှာ နေ့နေရတာကို ကျွန်တော့်သူငယ်ချင်းတွေ မသိကြသေးဘူး။

♦♦♦

မင်းမင်းထိုက်က သူ့အခန်းထဲက မှန်ချပ်ကို ယူလာတယ်။ မင်းမင်းထိုက် မှန်ချပ်က တစ်ပေ၊ တစ်ပေခွဲအရွယ်ဆိုတော့ ဝိညာဉ်ခေါ်ပွဲလုပ်တဲ့ နေရာမှာ သုံးလို့ကောင်းတယ်။ ဝိညာဉ်ခေါ်ပွဲလုပ်တဲ့အခါတိုင်းလည်း သူ့မှန်ချပ်ကိုပဲ သုံးနေကျပါ။ ဝိညာဉ်ခေါ်ပွဲလုပ်တယ် ဆိုတာ ဒီလိုပါ။

ဝိညာဉ်ခေါ်ပွဲကို လူတစ်ယောက်တည်း လုပ်လို့ မရပါဘူး။ အနည်းဆုံး လူနှစ်ယောက်နဲ့ လုပ်မှ ရပါတယ်။ ဝိညာဉ်ခေါ်ပွဲလုပ်ဖို့အတွက် အနေတော် မှန်တစ်ချပ်ရယ်၊ မှန်ပေါ်မှာ စာရေးရင် ထင်နိုင်တဲ့ ဆေးပင်တစ်ချောင်းရယ်ပဲ လိုပါတယ်။

ဝိညာဉ်ခေါ်တော့မယ်ဆိုရင် မှန်ကို စားပွဲအလယ်တည့်တည့်မှာ တင်၊ ဝိညာဉ်ခေါ်မယ့်လူတွေက စားပွဲကို ဝိုင်းပြီး မတ်တတ်ရပ်နေရပါတယ်။ ပြီးတော့ လူအားလုံးက ဆေးပင်ကို မှန်ပေါ်မှာ ထောင်ရက် တင်ပြီး ကိုင်ထားရပါတယ်။ ဆေးပင်ကို လူအားလုံး လက်နဲ့ ထိအောင် ကိုင်ထားရတာပေါ့။ ပြီးတော့ တစ်ယောက်က ဝိညာဉ်ကို ဒီလို အသံထွက်ပြီး ခေါ်ရတယ်။

"ဤအနီးတစ်ဝိုက်တွင် အနီးဆုံးနေရာ၌ ရှိနေသည့် ဝိညာဉ်ခင်ဗျား၊ သင့်အား ကျွန်ုပ်တို့ အလိုရှိပါသဖြင့် လာရောက်ပါရန် ဖိတ်ခေါ်ပါသည်။ ယခုချက်ချင်း လာရောက်ပါခင်ဗျား"

အဲဒီစကားကို သုံးကြိမ် သုံးခါ တိတိ လူတစ်ယောက်တည်းက အသံထွက်ပြီး ပြောရပါတယ်။ မကြာခင်မှာပဲ ဝိညာဉ်ဟာ ရောက်လာပါတော့တယ်။ ဝိညာဉ်ရောက်၊ မရောက်ကိုလည်း သေချာအောင် မေးကြည့်နိုင်ပါတယ်။ ဝိညာဉ်ဟာ သူဖြေတဲ့ အဖြေစကားအားလုံးကို ဆေးပင်ကို မှန်ပေါ်မှာ ရွေ့စေပြီး စာနဲ့ ရေးပြပါတယ်။ ဥပမာ - ဝိညာဉ်··· သင်ရောက်နေပြီဆိုရင် မှန်ပေါ်မှာ ဝလုံးတစ်လုံးဝိုင်းပြပါလို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် ဆေးပင်ကို ခပ်ဖွဖွကိုင်ထားကြတဲ့ လူတွေရဲ့ လက်တွေဟာ သူ့အလိုလို ရွေ့လျားသွားပြီး မှန်ပေါ်မှာ ဝလုံးပုံတစ်ခုပေါ်လာပါတယ်။ ဝိညာဉ်ရောက်ပြီပေါ့။ ဝလုံးပုံမဟုတ်ဘဲ ကြက်ခြေခတ်ရေးခိုင်းလည်း ရတယ်။ အင်္ဂလိပ်လို ရက်စ်၊ နိုး ရေးခိုင်းလို့လည်း ရတယ်။

ဝိညာဉ်ကတော့ သူရောက်၊ မရောက်ကို လက်တွေပေါ်မှာ စီးပြီး ရေးပြမှာပဲ။ အဲဒီလိုနည်းနဲ့ ကျွန်တော်တို့ဟာ ဝိညာဉ်ကို ခေါ်ခဲ့ကြပါတယ်။ ဝိညာဉ်ရောက်လာတဲ့အခါ ကျွန်တော်တို့ မေးချင်တဲ့ မေးခွန်းတွေ မေးကြတယ်။ ဒီအုပ်စုထဲက ငါးယောက်စလုံး ဒီနှစ်စာမေးပွဲအောင်မလား။ အဲဒီလိုမေးလိုက်ရင် ဆေးပင်ကို ကိုင်ထားတဲ့ ကျွန်တော်တို့လက်တွေဟာ အလိုလိုရွေ့လျားသွားပြီး မှန်ပေါ်မှာ စာတစ်လုံးစ၊ နှစ်လုံးစ ရေးပြီးရက်သား ဖြစ်နေတတ်တယ်။ အောင်မယ်···ကျွန်တော်တို့ ခေါ်ထားတဲ့ ဝိညာဉ်ကောင်ရဲ့ အဖြေစကားပါပဲ။

"ကျွန်တော် မျိုးသူချစ်နေတဲ့ ကောင်မ
လေးက ကျွန်တော့်ကို ပြန်ချစ်မလား"
လို့ ကျွန်တော်သိပ်သိချင်တဲ့ မေးခွန်းကို
ဝိညာဉ်အား မေးကြည့်ခဲ့တာပါ။ အဲဒီ
တုန်းက ကျွန်တော်ဟာ ကေသရီဆိုတဲ့
ကောင်မလေးကို စွဲစွဲလမ်းလမ်းချစ်ပြီး
သဲသဲမဲမဲလိုက်နေတဲ့ အချိန်လေ
ကျွန်တော့်မေးခွန်းကို ဝိညာဉ်က ပြ
ဖြေတယ်။

"သွားရော၊ အင်္ဂလိပ်လို ရေး
လို့ပါလား၊ တော်တော်ထူးဆန်းတဲ့
သရဲပဲ"

အဲဒီကစပြီး ကျွန်တော်တို့ ခေ
နေကျ ဝိညာဉ်ဟာ အင်္ဂလိပ်စာတ
တယ်ဆိုတာ ကျွန်တော်တို့ သိခဲ့ရ
တယ်။

"မယုံဘူးကွာ၊ မယုံဘူး။ ဒါ ငယ်
လေး ပယောဂကွ။ ငယ်လေးလက်
ဆေးပင်ကို အထင်းဆုပ်ပြီး နိုးစာလုံး
ပေါ်အောင် ရေးလိုက်တာ"

ကျွန်တော်က ကျွန်တော့်ချစ်
ကျွန်တော့်ကို ပြန်မချစ်ဘူးဆိုတဲ့ အဖြေ
ထွက်လာတာနဲ့ပဲ မကျေမနပ်အော်
ငယ်လေးကို စွပ်စွဲလိုက်တယ်။

ကျွန်တော်စွပ်စွဲတာလည်း
အကြောင်းမဲ့တော့ မဟုတ်ဘူး။ ဝိညာ
ခေါ်တဲ့အခါတိုင်း ငယ်လေးအသား
ဟာ တဆတ်ဆတ်တုန်လာတ
တယ်။ ဝိညာဉ်ပြောတဲ့ အဖြေကို မှ
ပေါ်မှာ ရေးတဲ့အခါတိုင်းလည်း ငယ်
လက်က ဆေးပင်ကို သေချာဆုပ်
ပြီး သူတစ်ယောက်တည်းက ရေးသ
မျိုး ဦးဆောင်ပြီး ရေးလိုက်တာ သိ
တယ်။ ကျွန်တော်တို့ လေးယော
လက်တွေကတော့ ဆေးပင်ကို ခ
ပဲ ကိုင်ထားလို့ ငယ်လေးရေးတဲ့အ
လက်တွေက အလိုက်သင့် ပါ
လောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအဖြစ်ကို အားလုံးက သတိထားမိကြတယ်။

ငယ်လေးကို မေးကြည့်တော့ သူ့သဘောနဲ့သူ ရေးတာ မဟုတ်ပါဘူးတဲ့။ အလိုလိုဖြစ်သွားတာပါတဲ့။ သူ့အသားတွေ တုန်နေတာလည်း သူ သတိမထားမိဘူးတဲ့။

ဒါဖြင့်ရင် သရဲက ဒီကောင့်ကို ဝင်ပူးပြီး ရေးတာ ဖြစ်မယ်ကွ။

ဂျင်မီက သူ့အထင်ကို ပြောဆိုက်တယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ အဲဒီအပေါ်မှာ အမှုမထားခဲ့ကြပါဘူး။ ဝိညာဉ်ဟာ တကယ်ပဲ ကျွန်တော်တို့ဆီ လာလာ,မလာလာ အကြောင်းမဟုတ်ဘူး။ ကျွန်တော်တို့ကလည်း ညနေပိုင်း ပျင်းနေတဲ့အချိန်မှာ လုပ်စရာရှိလို့ အပျော်ကစားကြတာပါ။

ကျွန်တော်တို့က အဆောင်မှာ နေကြတဲ့ တက္ကသိုလ်ကျောင်းသားတွေပေါ့။ ကျွန်တော်တို့ သူငယ်ချင်း ငါးယောက်လုံး အဆောင်တစ်ဆောင်ထဲမှာ အတူနေကြတယ်။

ကျွန်တော် မျိုးသူရယ်၊ မင်းမင်းဆိုက်ရယ်က မိတ္ထီလာက။ ငယ်လေးက မုံရွာက။ သက်ပိုင်နဲ့ ဂျင်မီက ရွှေဘိုသားတွေ။ အားလုံး ဗုဒ္ဓဘာသာတွေကြားထဲမှာ ဂျင်မီတစ်ယောက်ပဲ ဘာသာခြားပါတယ်။ ဒါပေမယ့် အဲဒါဟာ ကျွန်တော်တို့အတွက် ဘာပြဿနာမှ မရှိခဲ့ပါဘူး။

ကျွန်တော်တို့ တက်ရတဲ့ တက္ကသိုလ်က ရတနာပုံတက္ကသိုလ်ပါ။ နေတော့ ကျွဲဆည်ကန်ထဲက အပြင်အဆောင်မှာ နေတယ်။ ကျောင်းရောအဆောင်ရော မြို့အပြင်မှာဆိုတော့ ညပိုင်းရောက်ရင် အတော်ပျင်းစရာကောင်းပါတယ်။ တစ်ခါတလေတော့ ကျွန်တော်တို့ ငါးယောက်စလုံးမှာ ဆိုင်ကယ်တစ်စီးစီရှိကြလို့ မြို့ထဲအထိ ဆိုင်ကယ်ထွက်စီးကြတယ်။ ကျုံးတစ်ပတ်ပတ်ပြီး ဆိုင်ကယ်စီးကြတယ်။ ကျွန်တော်တို့ဟာ ကျုံးဘေးမှာ ညဉ့်နက်တဲ့အထိ နေပြီး ဆိုင်ကယ်ရှေ့ဘီးတွေကို မိုးပေါ်ထောင်ပြီး စီးကြပါတယ်။

လမ်း ၃၀က ရွှေခိုင်မှာ ဘီယာလေး ဘာလေးလည်း သွားသောက်ကြသေးတယ်။ အပြန်လမ်းတစ်လျှောက်မှာ ညဉ့်နက်တိုင်း အသွားအလာရှင်းနေတော့ ဆိုင်ကယ်ရှေ့ဘီးတွေကို မိုးပေါ်ထောင်စီးပြီး ပြန်လာကြတာပေါ့။ ဒါပေမယ့် အဲဒါဟာ အမြဲမဟုတ်ပါဘူး။ တစ်ခါတစ်ရံမှပါ။ အမြဲကတော့ ညနေပိုင်းရောက်ရင် ပျင်းစရာကောင်းနေတတ်တာ များတယ်။ ဒါဆိုရင် ကျွန်တော်တို့ဟာ အဆောင်ရှေ့ ခုံတန်းလျားလေးပေါ်မှာ ထိုင်ပြီး ဂစ်တာတီးရင် တီးကြတယ်။ အဲ…တစ်ခါတလေ စိတ်ရှုပေါက်ရင် လုပ်မိတဲ့ အလုပ်ကတော့ ဝိညာဉ်ခေါ်ပွဲ ကျင်းပတာပါပဲ။ ဝိညာဉ်ကို ခေါ်ပြီး ကျွန်တော်တို့ ပေါက်ကရ မေးခွန်းတွေ မေးကြတယ်။ ထူးဆန်းတာက မှန်တာ များတယ်ဗျ။ ခဲ့ဂဏာန်း၊ နှလုံးဂဏာန်းတွေ မေးကြည့်တော့လည်း အနည်းဆုံး တစ်လုံးတော့ တိုက်ဆိုင်တာ များတယ်။

ဝိညာဉ်ခေါ်ပွဲလုပ်တဲ့အခါတိုင်း ငယ်လေးရဲ့ ထူးခြားမှုကို ကျွန်တော်တို့ အားလုံး သတိပြုမိခဲ့ပါတယ်။ ဆော့ပင်ကိုင်ထားတဲ့ လူငါးယောက်ရဲ့ လက်ငါးဘက်ထဲမှာ ငယ်လေးရဲ့ လက်က ထိထိမိမိ ဆုပ်ကိုင်ထားတတ်တယ်။ ကျန်တဲ့ လူတွေကတော့ ခပ်ဖွဖွပဲ ကိုင်ထားကြတယ်။ စာရေးတော့လည်း ငယ်လေးက ဦးဆောင်ပြီး ရေးသလိုဖြစ်နေတယ်။

အဲဒါကို ရွှေဘိုသား သက်ပိုင်ကတော့ ငယ်လေးကိုယ်ထဲမှာ ဝိညာဉ်ဝင်စီးပြီး ရေးတာလို့ ထင်ကြေးပေးတယ်။ ကျွန်တော်တို့ဟာ လူငယ်တွေဖြစ်လို့ ဝိညာဉ်တို့၊ နာနာဘာဝတို့၊ သရဲတစ္ဆေတို့ဆိုတာ တကယ်ရှိတယ်လို့ ယုံတယ်လည်း မဟုတ်၊ မယုံဘူးလည်း မဟုတ်ပါဘူး။ နက်နက်နဲနဲလည်း မတွေးမိကြဘူး။ ဝိညာဉ်ခေါ်ပွဲလုပ်တာကလည်း ယုံလို့ လုပ်နေတာ မဟုတ်ပါဘူး။ ပျင်းလို့ အချိန်ဖြုန်းနေတာပါ။ အဲဒီတော့ ငယ်လေးကိုယ်ထဲမှာ ဝိညာဉ် တကယ်ဝင်ပူးပူး, မပူးပူး ပြဿနာမဟုတ်ပါဘူး။ ငယ်လေးကိုယ်တိုင်က ဝင်ပူးသယောင်ယောင် ဟန်ဆောင်ပြီး သူ့ထင်ရာ ဦးဆောင်ပြီး လျှောက်ရေးလည်း ကိစ္စမရှိဘူး။

ဒီနေ့တော့ ကျွန်တော့်ချစ်သူက ကျွန်တော့်ကို ပြန်မချစ်ဘူးဆိုတဲ့ အဖြေအတွက် ကျွန်တော် မကျေမနပ်ဖြစ်သွားတယ်။ ဝိညာဉ်ကောင်ဆိုတာ တကယ်မြင်ရတာမဟုတ်လို့ သူ့ကို ပြဿနာသွားရှာလို့က မရဘူးမဟုတ်လား။ ဒါနဲ့ပဲ နဂိုကတည်းက သံသယဝင်နေတဲ့ ငယ်လေးကို မဲပြီး ကျွန်တော်က စွပ်စွဲလိုက်တာပါ။

"ကြဲကြဲဖန်ဖန် မျိုးသူရာ၊ ငါက ဘာလို့ ဒီလိုရေးရမှာလဲ။ ငါက ကောသီရွှိနဲ့ မင်းနဲ့ကို အဆင်ပြေစေချင်နေတာပါကွ"

ငယ်လေးက မျက်နှာပျက်ပျက်နဲ့ ရှင်းပြရှာတယ်။

ဟုတ်ပါတယ်။ တကယ်တော့ ဝိညာဉ်က ဖြေတာပဲ ဖြစ်ဖြစ်၊ ငယ်လေးဖြေတာပဲ ဖြစ်ဖြစ် ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်က ဝိညာဉ်ကို ရာနှုန်းပြည့် အယုံအကြည်ရှိခဲ့တာမှ မဟုတ်တာ။ ဒါပေမယ့် တစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်။ ဝိညာဉ်ဖြေခဲ့တဲ့ အဖြေအတိုင်းပဲ၊ ကေသရီဟာ ကျွန်တော့်အချစ်ကို ခါးခါးသီးသီး ငြင်းဆန်ပစ်ခဲ့တယ်။

"ဆောရီးပဲ မျိုးသူ။ ဒီကိစ္စအတွက်တော့ ရှင့်ကို-----ပဲ"

သူ့နှုတ်က ဝိညာဉ်ဖြေတဲ့အတိုင်း အင်္ဂလိပ်လို ဖြေလိုက်သေးသဗျ။

ထားပါတော့၊ ဒါဟာ တိုက်ဆိုင်မှုလို့ပဲ။

အဲ••ဝိညာဉ်ဆိုတာ တကယ်ရှိ မရှိ ကျွန်တော်တို့လုပ်တဲ့ ဝိညာဉ်ခေါ်ပွဲကို ဝိညာဉ်တကယ်ရောက်လာ, မလာဆိုတာကို သိရဖို့အဖြစ်က သိပ်မကြာခင်မှာ ကြုံလာရပါတယ်။

ကျွန်တော်ကတော့ ဝိညာဉ်ဆိုတာ တကယ်ရှိကြောင်း အခုအချိန်မှာ လက်ခံလိုက်ပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် သရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ နာနာဘာဝ ဘဝကို ရောက်နေပြီဖြစ်လို့ပါ။

◆◆◆

အဲဒီနေ့ကတော့ စနေနေ့လည်းဖြစ်လို့ ညနေပိုင်းမှာ ကျွန်တော်တို့ဟာ မြို့ထဲကို ထွက်လာကြတယ်။ ကျုံးဘေးကို သွားကြတယ်။

၂၆-ဘီလမ်းတစ်လျှောက် ကျုံးဘေးအတိုင်း ကျွန်တော်တို့ဟာ ဆိုင်ကယ်တွေကို မိုးပေါ် ထောင်ပြီး စီးကြတယ်။ ဆိုင်ကယ်ရှေ့ဘီးကို မြေကြီးနဲ့လွတ်အောင် ဆိုင်ကယ်ကို နောက်ဘက် ဖိထိုင်ထားပြီး စီးရတာဟာ တကယ်တော့ ပညာသားပါပါတယ်။

ပျော်စရာလည်း သိပ်ကောင်းတယ်ဗျ။ စွန့်စားခန်းတစ်မျိုးပါပဲ။ ဘေးက မြင်ရတဲ့ လူတွေအဖို့ကတော့ အသည်းထိတ်စရာပေါ့လေ။

ဆိုင်ကယ်စီးလို့ နည်းနည်းဝတော့ ကျွန်တော်တို့ လမ်း ၃၀က



ရွှေခိုင်မှာ ဘီယာသွားသောက်ကြတယ်။ အကောင်းကြတယ်။ ပြီးတော့ ၂၆လမ်း ကျုံးဘေးပြန်သွားပြီး ဆိုင်ကယ်စီးကြပြန်ရော။ ဆိုင်ကယ်စီးတယ် ဆိုတာလည်း ရိုးရိုးစီးတာကို ပြောတာမဟုတ်ဘူးနော်။ ရှေ့ဘီးကို မိုးပေါ် ထောင်ပြီး စွန့်စားစီးကြတာ။

ကျွန်တော်တို့ ငါးယောက်ဟာ ကျုံးဘေး လမ်းပေါ်မှာ ငါးယောက်တန်းစီပြီးတော့လည်း ပြိုင်စီးကြတယ်။ တစ်ယောက်ချင်းလည်း စီးကြတယ်။ ဆိုင်ကယ်ရှေ့ဘီးကို မိုးပေါ် ထောင်ပြီး မောင်းနေရင်းကနေ နောက်ကို ရုတ်တရက်ကွေ့ပြီး လည်ထွက်သွားအောင်လည်း လုပ်ကြတယ်။ -သိပ်ပျော်ဖို့ကောင်းတာပဲဗျာ။ အဲဒီတုန်းကပေါ့လေ။

ဆိုင်ကယ်စီးရင်း ငြီးငွေ့ေ… ရွှေခိုင်ကို တစ်ခါထပ်သွားပြီး သော… ကြပြန်ရော။ အဲဒီနေ့က စနေနေ့… လို့ နောက်တစ်နေ့ ကျောင်းအားတ… ဆိုပြီး ညဉ့်နက်တဲ့အထိ ကျွန်တော်… ကဲချင်တိုင်း ကဲနေကြတာ။ ည ၁၂န… ကျော်မှပဲ အဆောင်ကို ပြန်ဖြစ်… တယ်။

အပြန်လမ်းမှာလည်း ဆိုင်က… ရှေ့ဘီးတွေကို မိုးပေါ် ထောင်ပြီး ပြိ… ခဲ့ကြပါသေးတယ်။ အဲဒီအချိန်… ကျွန်တော်တို့ အပြန်လမ်းဖြစ်… ရန်ကုန်-မန္တလေး အဝေးပြေး လ… ကြီးဟာလည်း အသွားအလာရှင်း… တိတ်ဆိတ်နေပြီ။

လေယာဉ်ကွင်းဟောင်းရှေ့… မှာဆိုရင် သိပ်စီးလို့ ကောင်းတာ။ … တွေကလည်း တော်တော်ကို မှုန်နေ… ပါပြီ။ ဒီလိုနဲ့ ကျွန်တော်တို့နေ… အဆောင်လမ်းထိပ်ကို ရောက်… တယ်။ ကျွန်တော့်ဆိုင်ကယ်က အ… လုံးရဲ့ ရှေ့ဆုံးကပေါ့။ ကျွန်တော်ဟ… ညာဘက်ကို ချိုးဝင်ရမယ့်လမ်းကို … ဘီး မိုးပေါ်ထောင်ထားရက်က အ… မလျှော့၊ ဂီယာမချိန်းဘဲ ချိုးကွေ့လို… တယ်။ ခပ်ကြီးကြီးခဲတစ်လုံးဟာ … လယ်ကောင်မှာ ဘယ်အချိန်ကတည်… က ရှိနေခဲ့တယ် မသိဘူး။ ဆိုင်က… ကို ဂရုစိုက်နေရလို့ လမ်းပေါ်က ခဲ… ကြီးကိုလည်း ကျွန်တော်မမြင်ဘူး။

ကျွန်တော့်ရဲ့ ဆိုင်ကယ်နော… ဘီးဟာ ခဲလုံးကြီးကို တည့်တည့်နင်း… သွားပုံရပါတယ်။ ဆိုင်ကယ်ဆိုတာ … နစ်ဘီးတည်းရှိတာမို့ လဲဖို့ မှော… လွယ်ရတဲ့အထဲ ကျွန်တော်က ရှေ့… ကို မြေနဲ့ ကွာအောင် မြှောက်ထား… ဆိုတော့ ဟန်ချက်ဟာ နော… တစ်ခုတည်းပေါ်မှာပဲ ရှိနေ…





www.burmeseclassic.com

www.burmeseclassic.com

ခဲလုံးကို နင်းမိလိုက်လို့ ကျွန်တော့်ဆိုင်ကယ်ဟာ ချာခနဲလည် ထွက်သွားတယ်။ ကျွန်တော်လည်း ဆန်ချက်ပျက်သွားတယ်။ ဆိုင်ကယ်လဲ သွားတာနဲ့အတူ ကျွန်တော့်ခန္ဓာကိုယ်ဟာလည်း မြေကြီးပေါ်ကို ကိုင်ရိုက်ထိုက်သလို ကျသွားတယ်။ နောက်က သူငယ်ချင်းရဲ့ ရှူးရှူးဝါးဝါးအော်လိုက်သံကို ကြားလိုက်ရတယ် ထင်တာပဲ။ မသေချာဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူ အနေနဲ့ အသိစိတ်ဓာတ်ရှိခဲ့တာဟာ အဲဒီအချိန် နောက်ဆုံးဖြစ်လို့ပါပဲ။

◆◆◆

ကျွန်တော် သတိပြန်ဝင်လာတယ်။

သတိဝင်လာတယ်ဆိုတာထက် အသိဝင်လာတယ်ဆိုပါတော့။

အချိန်ဟာ သိပ်ကြာလိုက်ပုံ မရပါဘူး။ ကျွန်တော် အသိဝင်လာလာချင်း မြင်လိုက်ရတဲ့ မြင်ကွင်းက ကျွန်တော့်သူငယ်ချင်းတွေဟာ လဲနေတဲ့ ဆိုင်ကယ်နဲ့ ကျွန်တော့်ရဲ့ ဘေးမှာ ဝိုင်းနေကြတယ်။ ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း သွေးတွေ ရွှဲလို့။ ဦးခေါင်းတစ်ခုလုံးဟာ ကြည့်ရက်စရာမရှိအောင် သွေးထဲမှာ နစ်နေတယ်။

ဟင်··· ကျွန်တော့်ဖြစ်ပုံကို ကျွန်တော်ကိုယ်တိုင် ဘာဖြစ်လို့ ပြန်မြင်နေရတာလဲ။

သတိထား ကြည့်လိုက်တော့ ကျွန်တော်ဟာ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းတွေရဲ့ ဘေးနားမှာ သီးခြားရှိနေတာကို တွေ့ရတယ်။ သူတို့က ကျွန်တော့်ကို မမြင်ကြဘူး။ သူတို့ဟာ ဒဏ်ရာတွေနဲ့ လဲကျနေတဲ့ ကျွန်တော့်ကိုယ်ကို လှုပ်ပြီး ကျွန်တော့်နာမည်ကို အော်ခေါ်နေကြတယ်။

ဂျင်မီက ကျွန်တော့်ကို ပွေ့ထားတယ်။ သူ့တစ်ကိုယ်လုံးမှာလည်း ကျွန်တော့်သွေးတွေ ပေလူးနေတာ တွေ့ရတယ်။

စိတ်အားငယ်တတ်တဲ့ ငယ်လေးကတော့ ငိုတောင် ငိုနေပါပြီ။ ကျွန်တော်လည်း အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်ပါပြီ။

ကျွန်တော်သေသွားပြီ။

ကျွန်တော်သေသွားပါပကော။

ကျွန်တော်ဟာ ကျွန်တော်ရထားတဲ့ လူ့ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ ပျော်စရာကောင်းတဲ့ သောကကင်းတဲ့ လူငယ်ဘဝကို နှမြောပြီး ရင်ထဲမှာ ဟာသွားတယ်။

အလိုလိုရရှိစဉ်က တန်ဖိုးထားရကောင်းမှန်းမသိတဲ့ လူ့ဘဝကို နှမြောတသပြီး ဝမ်းပမ်းတနည်းဖြစ်သွားခဲ့ရပါတယ်။

ကျွန်တော်ဟာ ကျွန်တော့်သူငယ်ချင်းတွေရဲ့ လှုပ်ရပ်ကို ဘေးက နေပြီး ကြောင်ကြည့်နေမိပါတယ်။

မင်းမင်းထိုက်က လမ်းမပေါ် ထွက်ပြီး တက္ကစီရှာနေတယ်။ သက်ပိုင်က အဆောင်ကို ပြေးပြီး အဆောင်ပိုင်ရှင် အဘိုးကြီးကို နှိုးတယ်။ လမ်းထဲက အိမ်တချို့ကို နှိုးပြီးတော့လည်း အကျိုးအကြောင်းပြောပြ အကူအညီတောင်းနေတယ်။

ဂျင်မီက အသက်မရှိတော့တဲ့ ကျွန်တော့်ကို ပွေ့ထားလို့။

ငယ်လေးကတော့ ရှိုက်ကြီးတငင်ငိုနေပါတယ်။

ကျွန်တော့်သူငယ်ချင်းတွေဟာ ကျွန်တော့်ကို ချစ်ကြသားပဲ။

"သူငယ်ချင်းတို့ရေ··· မင်းတို့ ဘယ်လောက်ပဲ လှုပ်လှုပ်၊ ငါကတော့ သေသွားပါပြီကွာ။ ထားလိုက်ပါတော့"

ကျွန်တော်ပြောတာကို ဘယ်သူမှ မကြားကြပါဘူး။ ကျွန်တော်ဟာ မြင်ကွင်းတွေကို ကြည့်ရင်း ရှိုက်ကြီးတငင်ငိုချလိုက်မိပါတော့တယ်။

အဲဒီတုန်းမှာပဲ ကျွန်တော့်ပခုံးကို အေးစက်တဲ့ လက်ကြီးတစ်ဖက်က လာကိုင်တာကို ခံလိုက်ရပါတယ်။

◆◆◆

ကျွန်တော့်ပခုံးကို အေးစက်စက် မာခဲခဲအရာကြီးတစ်ခု လာထိတာ ခံလိုက်ရလို့ ကျွန်တော် နောက်ကို လှည့်ကြည့်လိုက်တော့···

"အောင်မယ်လေးဗျ"

ကျွန်တော်ဟာ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် လန့်ပြီး အော်လိုက်မိပါတယ်။

ကျွန်တော့်ပခုံးကို လာကိုင်သူဟာ လူအကြီးကြီးတစ်ယောက်ပါ။ သူ့အရပ်ဟာ ၇ပေကျော် ၈ပေနီးပါးရှိတယ်။ ရုပ်ဆိုးလိုက်တာမှ တစ်နေရာမှ ကြည့်ရဲစရာမရှိအောင် ဆိုးလွန်းလှပါတယ်။ မျက်နှာမှာ အသီးအသီးကြီးတွေ၊ အဖုအဖုကြီးတွေ ထလို့။ လက်တစ်ဝါးစာလောက်ရှိတဲ့ မျက်လုံးကြီးတွေကလည်း ဝိုင်းပြီး ရဲရဲတောက်နေတယ်။ ပါးစပ်ကလည်း သွားရှည်တွေ စီးကျလို့။ ပါးစောင်းနှစ်ဖက်မှာလည်း အစွယ်တွေ ပေါက်နေပါတယ်။ အသားအရေကလည်း ဖားပြုတ်အရေခွံလို၊ တောက်တဲ့အရေခွံလို ပြုတ်တွေ ထပြီး မည်းနက်လို့ မသတီစရာကောင်းလွန်းလှပါတယ်။

"မကြောက်ပါနဲ့၊ မင်းနဲ့ ငါနဲ့က ဘဝတူတွေပါ။ မင်းဟာ ခုအချိန်က စပြီး ငါ့လိုပဲ ပြိတ္တာဖြစ်သွားပြီ"

လို့ သူက အေးအေးဆေးဆေးပဲ ကျွန်တော့်ကို ပြောပြတယ်။

"ငါလည်း အရင်က မင်းလို သာမန်လူတစ်ယောက်ပါပဲကွာ။ ပြိတ္တာ



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်နဲ့ နှစ်ပေါင်းများစွာ နေလာရလို့ ပုံပန်းသဏ္ဍာန်က ခုလိုဖြစ်သွားတာပါ။ မကြောက်ပါနဲ့ကွာ။ လာ၊ မင်း ငါနဲ့ လိုက်ခဲ့၊ မင်းနေရမယ့်နေရာကို ငါလိုက်ပြမယ်"

သူက ကျွန်တော့်ပခုံးကို လွှတ်မပေးဘဲ ကျွန်တော့်ကို ဆွဲခေါ်သွားပါတယ်။

"ငါ ဒီနေရာမှာ နေလာတာ နှစ်ပေါင်း ၃၀ရှိပြီကွ။ မင်းကို ငါစောင့်နေခဲ့တာ"

"ဘာ…၊ ခင်ဗျားက ကျွန်တော့်ကို စောင့်နေတယ်…"

"အေး၊ ဟောဒီ လမ်းထိပ်မှာ အစိမ်းသေသေမယ့်သူ တစ်ယောက်ယောက်ကို စောင့်နေတာပေါ့ကွာ။ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အသေဆိုးနဲ့ အစိမ်းသေသေမယ့် လူတစ်ယောက်ယောက်ပေါ့၊ ငါစောင့်နေခဲ့တာ။ ဒီနေ့ မင်းရောက်လာပြီဆိုတော့ မင်းကို စောင့်တယ်ပဲ ထားပါတော့"

"အို…ကျွန်တော်သေအောင် ခင်ဗျားလုပ်လိုက်တာလား"

"ကြံကြံဖန်ဖန် ကလေးရယ်။ ငါ့မှာ ဒီလိုလုပ်နိုင်တဲ့ စွမ်းအား မရှိပါဘူး။ မရှိလို့သာ သရဲတစ္ဆေဘဝနဲ့ အနှစ် ၃၀ လုံးလုံး ဒီနေရာမှာ နေလာရတာပေါ့ကွာ။ ငါ့ရှေ့က မိန်းမကြီးကတော့ ငါ့ထက် ကံကောင်းရှာတယ်။ သူက ငါရောက်လာဖို့ ၁၀နှစ်ပဲ စောင့်လိုက်ရတယ်တဲ့လေ။ တစ္ဆေဘဝမှာ ၁၀နှစ်ပဲ နေလိုက်ရပြီး ကျွတ်လွတ်သွားရှာတယ်"

"ခင်ဗျား ဘာတွေ ပြောနေတာလဲဟင်။ ခင်ဗျားပြောတာတွေ ကျွန်တော် နားမလည်ဘူး။ ခင်ဗျား ကျွန်တော့်ကို ဘယ်ခေါ်သွားနေတာလဲ"

"မင်းတို့နေတဲ့ အဆောင်ရှေ့က သစ်ပင်ကိုလေ။ အဲဒီ ထနောင်းပင်ကြီးပေါ်မှာ ငါနေတာ။ အခု ငါ့အစား မင်းနေခဲ့ရတော့မယ်"

"ဘာ…"

"ဘဝဆိုတာ ဒီလိုပါပဲကွာ။ ကုသိုလ်ကံနည်းခဲ့လို့ သေပြီးတဲ့နောက် ပြိတ္တာဖြစ်ရတာပဲ။ ကံစီမံတဲ့ အတိုင်းပေါ့။ နောက်တော့ မင်းလည်း နေသားကျသွားမှာပါ။ မင်းနေရာကို ဆက်ခံမယ့် နောက်ထပ် လူတစ်ယောက် ဟောဒီ လမ်းထိပ်မှာ အစိမ်းသေ မသေမချင်း ထနောင်းပင်ပေါ်ကနေ မင်းစောင့်နေပေတော့ ကိုယ့်လူရေ…အဲ…ကိုယ့်တစ္ဆေရေ"

"ကျွန်တော် နားရှင်းအောင် ပြောပြပါဦးဗျာ။ ကျွန်တော် ဘာမှ နားမလည်နိုင်ဘူး"

ကျွန်တော်တို့ဟာ လျှောက်လာရင်းက ကျွန်တော်တို့အဆောင်ရှေ့ကို ရောက်လာပါတယ်။ အဆောင်ရှေ့က ထနောင်းပင်ကြီးအောက်မှာ ပြိတ္တာကြီးက ရပ်လိုက်တယ်။

အဆောင်ထဲမှာတော့ ကျွန်တော့်ကိစ္စအတွက် လူတွေအားလုံး နိုးနေကြပြီ။ လှုပ်လှုပ်ရှားရှားဖြစ်နေကြပါပြီ။ လမ်းထိပ်က အလောင်းကိုတော့ ခုလောက်ရှိ ဆေးရုံကြီး ပို့နေရောပေါ့။ ဒါတွေကို ကျွန်တော် စိတ်မဝင်စားတော့ဘူး။ ကျွန်တော်ဟာ ဘယ်နည်းနဲ့မှ အသက်ပြန်မရှင်တော့ဘူး ဆိုတာ သိလို့ အဲဒီအဖြစ်ကို ကျွန်တော် ဥပေက္ခာပြုလိုက်တယ်။

လောလောဆယ် ကျွန်တော်သိချင်တာက ကျွန်တော့်ရှေ့က ပြိတ္တာကြီး ပြောပြမယ့် အကြောင်းကိုပဲ။ ကျွန်တော် ရှေ့ဆက်ရမယ့်ခရီး ဘယ်လိုဆိုတာကို ပြိတ္တာကြီးကပဲ လမ်းညွှန်နိုင်မှာ မဟုတ်လား။

"တကယ်တော့ ငါဟာ မင်းတို့
အတွက် သူစိမ်းမဟုတ်ပါဘူးကွာ။ မင်း
တို့နဲ့ ရင်းနှီးပြီးသား မိတ်ဆွေပါပဲ
ကလေးရယ်"

"ခင်ဗျားက ကျွန်တော်တို့
မိတ်ဆွေ…"

"မှန်ပါပေ့ ကောင်လေးရယ်။ မင်း
တို့ ဝိညာဉ်ခေါ်ပွဲလုပ်တဲ့အခါတိုင်း ငါ…
လာပြီးတော့ မင်းတို့မေးသမျှ မေးခွန်း
တွေ ဖြေပေးနေရတာလေ။ အကြိမ်
ပေါင်း များလှပြီရော"

"ဘာ…အဲဒါ ခင်ဗျားလား။ ခ…
ဖြင့် ဝိညာဉ်ခေါ်ပွဲမှာ ဝိညာဉ်ဟာ…
တကယ်လာတယ်ပေါ့"

"မင်းတို့ခေါ်တော့ လာရတာပေါ့
ကွယ်။ မင်းတို့က ဤပတ်ဝန်းကျင်…
အနီးဆုံးရှိ ဝိညာဉ်ဆိုပြီး ခေါ်လိုက်တာ…
မဟုတ်လား။ ဟောဒီလမ်းထဲမှာ သ…
ဆိုလို့ ငါတစ်ကောင်ပဲ ရှိတယ်။ ငါလာ…
ရတာပေါ့ကွ"

"အို…ကျွန်တော်တို့က အပျော်…
သဘောနဲ့ လုပ်နေတာ။ ဝိညာဉ်တကယ်…
လာတယ်၊ မလာတယ် မစဉ်းစားမိဘူး…
ဟင်…ဒါဖြင့် ကျွန်တော်တို့ မေးတဲ့…
မေးခွန်းတွေကို ဖြေနိုင်နေတာကရော…
ခင်ဗျားဟာ အရာရာကို သိနိုင်လို့ပေါ့…
နော်"

"အဲဒီလိုတော့ မဟုတ်ပါဘူးကွာ…
ငါက မင်းတို့လက်တွေပေါ်မှာ စီးပြီး…
စိတ်ထဲ ပေါ်လာရာ စာလုံးကို ရွေး…
လိုက်တာပါ။ အဲဒါတွေဟာ သူ့အလိုလို…
မှန်နေတာပဲ။ ငါသိလို့၊ တတ်လို့…
မဟုတ်ဘူး။ အလိုအလျောက်ဖြစ်လာ…
တာတွေကွ"

"ဪ…ဝိညာဉ်ဆိုတာ ခေါ်ရင်…
တကယ်လာသားပဲ"

"အေး၊ ဟုတ်တယ်။ နောက်…
တစ်ခါ မင်းသူငယ်ချင်းတွေ ဝိညာဉ်ခေါ်…



www.burmeseclassic.com

www.burmeseclassic.com

ခဲ့လုပ်တဲ့အခါ မင်းကိုယ်တိုင်သွားပေ တော့"

"ဗျာ…ကျွန်တော်သွားရမယ်"

"ဟုတ်တယ်လေ။ မကြာခင် ငါ က ဒီနေရာက ထွက်သွားရတော့မှာ။ သွားစရာ ဝိညာဉ်ကောင်ဆိုလို့ ဒီနေရာ မှာ မင်းတစ်ယောက်ပဲ ရှိတော့တာကိုး။ မင်းသူငယ်ချင်းတွေ ခေါ်တဲ့အခါကျ မင်းသွားပြီး သူတို့မေးတာ ဖြေပေါ့ကွာ"

"ဟာဗျာ…ကျွန်တော်က ဝိညာဉ် အကယ်ဝင်တာ မဟုတ်ဘဲ ငယ်လေး လုပ်နေတာလို့ ထင်ခဲ့တာဗျ။ ငယ်လေး သက်သက်နောက်တာ၊ ဒါမှမဟုတ် သိစိတ်နဲ့ လုပ်နေတာလို့ ထင်မိတာ"

"ငယ်လေးဆိုတာ ပျော့နွဲ့ နွဲ့ ကောင်လေးမဟုတ်လား။ မင်းတို့ မေးခွန်းတွေဖြေတဲ့ နေရာမှာ မင်ချောင်း ရှို့အတွက် ငါဟာ မင်းတို့လက်တွေ ပေါ် စီးပြီး အတော်အားစိုက်ရတယ် ကောင်လေးရဲ့။ ငါ့အတွက် တော်တော် ပင်ပန်းပါတယ်။ မင်းကိုယ်တိုင်ကြုံတဲ့ အခါကျရင် သိပါလိမ့်မယ်။ အဲဒီအခါ မှာ ငါဟာ စိတ်ဓာတ်အင်အားနည်းတဲ့ တစ်ယောက်ယောက်ကိုယ်ထဲကို ဝင် ပူးပြီး စာကို အဲဒီသူရဲ့ အင်အားနဲ့ ရေး နိုင်အောင် လုပ်လေ့ရှိတယ်။ ငါ့အတွက် သက်သာတာပေါ့။ ငယ်လေး ဆိုတဲ့ ကောင်လေးဟာ ငါ အလွယ်တကူ ဝင်ပူးလို့ရတဲ့အတွက် ငါက သူ့ကိုယ်ထဲ ဝင်ပူးပြီး မင်းတို့မေးတဲ့ မေးခွန်းတွေရဲ့ အဖြေကို ရေးပြနေတာပါ။ တကယ် တော့ ငယ်လေး ဘာမှမသိပါဘူး။ ငယ် လေးက ငါ့ကိုယ်စားလှယ်လုပ်ပေးနေရ တာပါကွာ"

"ဩော်… ဒီလိုကိုး။ ဒါဖြင့် အင်္ဂလိပ်လိုရေးပြတာလည်း ခင်ဗျား ဟာ အင်္ဂလိပ်စာတတ်လို့ပေါ့"

"ငါဟာ တစ်ချိန်က ကျောင်း ဆရာတစ်ယောက်ကွ။ မသေခင်က ဆို ပါတော့။ ငါဟာ မြေလတ်ပိုင်းမြို့တစ်မြို့ ကနေ မန္တလေးကို ကိစ္စတစ်ခုနဲ့ လာ ရင်း ဟောဒီလမ်းထိပ်မှာ ကားတိုက်ခံရ လို့ မင်းသေသလို အစိမ်းသေသေခဲ့ရ တယ်။ အဲဒါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကပဲ"

ပြိတ္တာအိုကြီးက သူ့အကြောင်း ကို ပြောပြခဲ့ပါတယ်။

သူဟာ ကားတိုက်ခံရလို့ သေပြီး ပြီးချင်းပဲ တစ္ဆေဘဝရောက်သွားတဲ့ အကြောင်း။ တစ္ဆေမကြီးက သူ့မဟာ အစိမ်းသေသေပြီး တစ္ဆေဘဝနဲ့ ထနောင်းပင်ပေါ်မှာ ၁၀နှစ် နေခဲ့ ကြောင်း၊ တစ္ဆေအသစ်ထပ်ရောက်လာ လို့ ဒီနေရာကနေ ကျွတ်လွတ်တော့ မယ့်အကြောင်းနဲ့ သူ့ကိုယ်စား တစ္ဆေ အသစ်က ထနောင်းပင်မှာ နေခဲ့ရမယ့် အကြောင်း။ နောက်ထပ် ဒီအနီးအနား တစ်ဝိုက်မှာ အစိမ်းသေသေတဲ့ လူရှိမှ လူလဲခွင့်ရှိမယ့်အကြောင်းတွေ ရှင်းပြ ခဲ့တယ်။

"ငါဟာ ငါနဲ့ လဲမယ့်လူကို စောင့် နေခဲ့တာ အနှစ် ၃၀တောင် ကြာခဲ့ပါ ပြီကွာ။ ဒီနေ့တော့ မင်းရောက်လာလို့ ငါ ဒီနေရာက ထွက်ခွင့်ရတော့မယ်။ ကဲ - ဟောဒါဟာ မင်းနေရမယ့် ထနောင်းပင်ပဲ။ တောင်ဘက်က သစ် ကိုင်းကြီးဟာ မာမာတောင့်တောင့်နဲ့ အရွက်တွေ အုပ်အုပ်ဆိုင်းဆိုင်းရှိလို့ နေလို့ ကောင်းတယ်ကွ။ တောင်ဘက် ကိုင်းမှာပဲ မင်းနေပေါ့။ မင်းတို့အဆောင် ကိုလည်း ကောင်းကောင်းမြင်ရတယ်။ မင်းသူငယ်ချင်းတွေကို အလွမ်းပြေ ကြည့်လို့ရတာပေါ့ကွာ။ ကဲ - နေခဲ့ပေ တော့ဟေ့။ ငါတော့ သွားပြီ"

"နေပါဦး၊ နေပါဦးဗျာ။ ကျွန်တော့် ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့။ ခင်ဗျားက ဘယ်ကို သွားမှာလဲ"

"ငါနေချင်တိုင်းလည်း နေလို့ မရ ပါဘူး ကောင်လေးရယ်။ ငါ့ကို စွမ်းအား တစ်ခုခုက ဆွဲခေါ်နေပြီ။ ငါ့နေရာမှာ မင်းရောက်နေပြီပဲ။ ငါ ဒီနေရာမှာ နေခွင့် မရှိတော့ဘူးလေ။ ဟော…ပြောရင်း ဆိုရင်း ငါ့ကို ဆွဲခေါ်နေပြီ။ ငါသွားရ တော့မယ်။ မသွားမဖြစ် သွားရတော့ မယ်။ သွားပြီဟေ့…သွားပြီ၊ နေရစ်ခဲ့ ပေတော့ ကောင်လေးရေ"

ပြိတ္တာကြီးဟာ စကားပြောရင်း က နောက်ကို တဖြည်းဖြည်းဆုတ်သွား တယ်။ သူဟာသူ နောက်ပြန် လမ်း လျှောက်တာ မဟုတ်ဘဲ၊ တစ်စုံတစ်ခု က ဆွဲယူလိုက်သလို ရွေ့ပါသွားတာပါ။

တဖြည်းဖြည်းနဲ့ သူဟာ ကျွန်တော့် ရှေ့ကနေ အရှိန်မြန်မြန်နဲ့ ရွေ့မျောပါ သွားတော့တယ်။ သူဟာ ကျွန်တော်နဲ့ တဖြည်းဖြည်းဝေးသွားတာနဲ့အမျှ သူ့ သဏ္ဌာန်ဟာလည်း တစ်စတစ်စ သေး ငယ်မှုန်ဝါးပြီး နောက်ဆုံးတော့ ပျောက် ကွယ်သွားပါတော့တယ်။

အဲဒီအချိန်က စလို့ ကျွန်တော် ဟာ အဆောင်ရှေ့က ထနောင်းပင်ပေါ် မှာ ဝိညာဉ်နာနာဘာဝတဝနဲ့ အထီးကျန် နေထိုင်ခဲ့ရပါတော့တယ်။

◆◆◆

ကျွန်တော့်သူငယ်ချင်းတွေကို မြင်နေရပေမယ့် ခေါ်ပြောလို့ မရ၊ နှုတ် ဆက်လို့ မရပါဘူး။ သူတို့ကလည်း ကျွန်တော့်ကို မမြင်ကြပါဘူး။ ကျွန်တော့် ရဲ့ သူငယ်ချင်းတွေဟာ ကျွန်တော့် အဖြစ်ဆိုးကြောင့် တော်တော်ပဲ နောင်တရသွားကြဟန် တူပါတယ်။ ဆိုင်ကယ်ကို စတန့်ထွင်စီးကြတာမျိုး မလုပ်ကြတော့ဘူး။ သူတို့ဟာ အချိန် တော်တော်ကြာတဲ့အထိ ငြိမ်ငြိမ်သက် သက်နဲ့ ရှိနေကြတယ်။ ညနေပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

အဆောင်ရှေ့က ခုံတန်းလေးပေါ်မှာ ဂစ်တာတီးတာလောက်ပဲ လုပ်ကြတော့တယ်။

ကျွန်တော်ဟာ သူတို့ အဆောင်ရှေ့မှာ ထွက်ထိုင်ပြီး ဂစ်တာတီးတာ မြင်တဲ့အခါတိုင်း သူတို့အနားကို သွားကြည့်ခဲ့ပါတယ်။ ဒါပေမယ့် ဘုန်းကံချင်း မတူတော့တဲ့အတွက် ကျွန်တော့် သူငယ်ချင်းတွေနားကို ကျွန်တော်ကပ်လို့ မရဘူး။ ခပ်လှမ်းလှမ်းကနေ ငေးမောရင်းနဲ့ပဲ ကျေနပ်ရပါတယ်။ ကျွန်တော့်ရဲ့ နိမ့်ကျလှတဲ့ ပြိတ္တာဘဝအတွက်လည်း ဝမ်းနည်းခဲ့ရပါတယ်။

သူတို့ဟာ ဝိညာဉ်ခေါ်ပွဲကိုလည်း မလုပ်ကြတော့ဘူး။ ဝိညာဉ်ခေါ်ပွဲသာ လုပ်ခဲ့ရင်တော့ ကျွန်တော် သူတို့အနားကို သွားခွင့်ရမှာပဲ။ သူတို့အနီးကိုလည်း ကပ်ခွင့်ရမှာပဲ။ သူတို့ကိုယ်တိုင်က လိုလိုလားလားခေါ်တာကိုး။ ပြိတ္တာအိုကြီးကလည်း ဒီအတိုင်းပြောပြသွားခဲ့တာ မဟုတ်လား။

ဒါပေမယ့် ဝမ်းနည်းနေတဲ့ ကျွန်တော့်သူငယ်ချင်းတွေဟာ ဝိညာဉ်ခေါ်ပွဲလုပ်ဖို့လည်း မေ့နေပုံရပါတယ်။ ပြီးတော့ သူတို့ ဒီတစ်ခါ ဝိညာဉ်ခေါ်ပွဲ လုပ်ရင် ရောက်လာမယ့် ဝိညာဉ်ကောင်ဟာ သူတို့သူငယ်ချင်း ကျွန်တော်ဆိုတာကို သိကြမှာမှ မဟုတ်တာ။

ဒီလိုနဲ့ အချိန်တွေဟာ တရွေ့ရွေ့ ကုန်ဆုံးလာလိုက်တာ တစ်နှစ်ပတ်လည်ခဲ့ပါပြီ။ ကျွန်တော်သေခဲ့တာ တစ်နှစ်ပြည့်ခဲ့ပြီ။ သရဲဘဝရောက်တာလည်း တစ်နှစ်ရှိပြီပေါ့။

◆◆◆

ဒီနေ့ညနေတော့ ကျွန်တော်နေထိုင်ရာ ထနောင်းပင်ရဲ့ တောင်ဘက်ကိုင်းပေါ်ကနေ အဆောင်ကို လှမ်းကြည့်နေရင်းက ကျွန်တော့်သူငယ်ချင်းတွေရဲ့ လုပ်ရပ်ကို မြင်လိုက်ရပါတယ်။

မင်းမင်းထိုက် သူ့အခန်းထဲက မှန်ကို ယူလာပြီး သက်ပိုင်အခန်းမှာ လူစုကြတာ၊ ဆော့ပင်ကို ပက်လက်လှန်ထားတဲ့ မှန်ပေါ်မှာ အဖုံးဖွင့်ပြီး တင်ထားတာတွေကို ပြတင်းပေါက်ကို ကျော်ပြီး ကျွန်တော်မြင်နေရပါတယ်။ သူတို့ ဝိညာဉ်ခေါ်ပွဲလုပ်ဖို့ ပြင်ဆင်နေကြတာပဲ။

ကျွန်တော် ပျော်သွားတယ်။ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ကျွန်တော် နီးနီးကပ်ကပ် ပြန်ဆုံရတော့မယ်။ ကျွန်တော်ဟာ သူတို့နဲ့ မဝေးလှတဲ့ အဆောင်ရှေ့က ထနောင်းပင်ပေါ်မှာ တစ္ဆေဖြစ်နေတယ်ဆိုတာကို သူတို့သိအောင် တစ်နည်းနည်းနဲ့ အသိပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

မကြာပါဘူး။ ကျွန်တော့်သူငယ်ချင်းတွေ စားပွဲဘေးမှာ ဝိုင်းပတ်ပြီး ရပ်လိုက်ကြတာ၊ ဆော့ပင်ကို လေးယောက်သား လှမ်းကိုင်လိုက်ကြတာတွေကို မြင်လိုက်ရပြီးတာနဲ့ တစ်ပြိုင်တည်း...

"ဤအနီးတစ်ဝိုက်တွင် အနီးဆုံးနေရာ၌ ရှိနေသည့် ဝိညာဉ်ခင်ဗျား... သင့်အား ကျွန်ုပ်တို့ အလိုရှိပါသဖြင့် လာရောက်ပါရန် ဖိတ်ခေါ်ပါသည်။ ယခုချက်ချင်း လာရောက်ပါခင်ဗျား"

ဆိုတဲ့ မင်းမင်းထိုက်ရဲ့ အသံဟာ ကျွန်တော့်နားထဲကို ပီပီသသ ပြတ်ပြတ်သားသားကြီးဝင်လာတယ်။

သူငယ်ချင်းတွေက ကျွန်တော့်ကို ဖိတ်ခေါ်နေပြီ။ သူတို့ ဖိတ်ခေါ်တဲ့ ဝိညာဉ်ဟာ သူတို့သူငယ်ချင်း မျိုးသူဆိုတဲ့ ကျွန်တော်ဖြစ်မှန်းမသိတဲ့နဲ့ ဖိတ်ခေါ်နေကြပြီ။

ကျွန်တော့်ရဲ့ ဝိညာဉ်ခန္ဓာဟာ ပေါ့ပါးစွာပဲ လွင့်ပျံပြီး ပြတင်းပေါက်ကကျော်လွန်ကာ သူငယ်ချင်းတွေ စုစည်းနေတဲ့ နေရာကို လျှင်မြန်စွာ ရောက်ရှိသွားပါတော့တယ်။

သူတို့ကိုယ်တိုင် လိုလားစွာ ဖိတ်ခေါ်လိုက်တာဖြစ်တဲ့အတွက် အလွယ်တကူပဲ လူ့အုပ်စုနားကို ကပ်သွားနိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ ဆော့ပင်ကို စုကိုင်ထားတဲ့ သူတို့လက်လေးဘက် ဆုံရာ နေရာကို ဝင်စီးလိုက်တယ်။

"ဝိညာဉ်... သင် ရောက်နေပြီ ဆိုရင် မှန်ပေါ်မှာ ကြက်ခြေခတ်တစ်ခု ခတ်ပြပါ"

ကျွန်တော်က လက်လေးဘက် စလုံးထဲကို အားစိုက်ဝင်ပူးပြီး ကြက်ခြေ ခတ်တစ်ခုဖြစ်အောင် ရေးပြလိုက်တယ်။ တော်တော်ပင်ပန်းတာပါကလား။

"ဝိညာဉ်... ကျွန်တော် မောင်သက်ပိုင်ရဲ့ မိခင်ဟာ လက် ခံစားနေရတဲ့ ဝေဒနာက သက် မလား။ ဒီတောင်က ကျော်နိုင်မလား ဖြေပေးပါဗျာ"

သက်ပိုင်က မေးလိုက်တယ်။

"ဪ... ရှေ့ဘိုက သက် မိခင်ကြီးဟာ နာမကျန်းဖြစ်နေပါလား" ဆိုတာ ကျွန်တော်သိလိုက်ရတယ်။

သူ့အမေးကို ဖြေဖို့အတွက် ကျွန်တော် အာရုံပြုကြည့်လိုက် သက်ပိုင်အမေကို အလောင်းစင်ပေါ် ဆန့်ဆန့်ကြီး ပြင်ဆင်ထားပုံကို မြ လိုက်ရတယ်။

ကျွန်တော်လည်း စိတ်မကော စွာနဲ့ပဲ သူတို့လက်တွေကို စီးပြီး တ တချို့ဖြစ်အောင် ရေးပြလိုက်ပါတ

သူတို့ရဲ့ လက်တွေဟာ တ ဖြည်းရွေ့သွားပြီး မှန်ပေါ်မှာ တ တစ်ခုပေါ်လာပါတယ်။

"သင့်မိခင် ကွယ်လွန်မည်"

ကျွန်တော်ဟာ အဲဒီစာ



www.burmeseclassic.com

www.burmeseclassic.com

ာအောင် ကြိုးစားလိုက်ရလို့ ပင်ပန်းသောဟိုက်သွားပါတော့တယ်။

"ဟာ…"

စာတန်းကို ကြည့်ပြီး သက်ပိုင်ဘာ ငိုပါလေရော။

"ခွင့်လွှတ်ပါ သူငယ်ချင်းရာ။ ငါ ည်း စိတ်မကောင်းပါဘူး။ ငါ့အာရုံထဲ ာ ပေါ်လာတဲ့အတိုင်း ဖြေလိုက်တာပါ။

"ဟေ့ကောင် သက်ပိုင်…ဒါတွေ ာ မှန်ချင်မှ မှန်မှာပါကွာ။ ငါတို့က အပျော်သဘောမေးတာပဲကွ"

ဂျင်မီက သက်ပိုင်ကို နှစ်သိမ့် ိုက်တယ်။

"ဟုတ်သားပဲကွ။ တော်ပြီကွာ၊ ီလို စိတ်မကောင်းစရာ မေးခွန်းမျိုး မေးကြစို့နဲ့"

မင်းမင်းထိုက်ကလည်း သက်ပိုင် အာရုံကို လွှဲလိုက်တယ်။ တစ်ဆက် ည်းပဲ မေးခွန်းကို မေးလိုက်တယ်။

"သန်ဘက်ခါထွက်မယ့် ချဲဂဏန်း ံပါတ်ကို အတိကျဆုံး ဖြေပေးပါ ည့်ာဥ်ခင်ဗျား"

ကျွန်တော်ဟာ မင်းမင်းထိုက်မေး တဲ့ ဂဏန်းနံပါတ်ကို အာရုံပြုကြည့်ရ ်တယ်။ ကျွန်တော့်အာရုံထဲမှာ ထင် ြင်လာတဲ့ ဂဏန်းတွဲတစ်ခုကို မှန်ပေါ် ာ ပေါ်လွင်အောင် ခက်ခဲပင်ပန်းစွာပဲ ရေးပြရပြန်တယ်။

"ဟာ…ငါတွက်ထားတဲ့ နံပါတ် ဲ့ ကိုက်တယ်ကွ"

ဂျင်မီက အော်လိုက်တယ်။ သူ ာ်တော်လည်း ပျော်သွားတယ်။

ဒီပွဲမှာ ဘာစကားမှ ဝင်မပြောဘဲ ငြိမ်သက်နေသူကတော့ ငယ်လေးပဲ။ ငယ်လေးရဲ့ စိတ်အာရုံတွေဟာ လွင့်ပါး နေသလိုမျိုး ငေးမောတွေဝေနေတာကို တွေ့ရတယ်။

ကျွန်တော်လည်း ကျွန်တော် လူ ဘဝတုန်းက ဆေးပင်ကို ငယ်လေး ပိုင်ပိုင်နိုင်နိုင်ကိုင်ပြီး ဦးဆောင်ရေးခဲ့တာ ကို တွေးလိုက်မိတယ်။ ပြိတ္တာကြီးက ငယ်လေးကိုယ်ထဲကို ဝင်ပူးပြီး စာရေး တဲ့အကြောင်း ပြောပြခဲ့တာကိုလည်း သတိရလိုက်တယ်။

သူတို့မေးခွန်းတွေကို ဖြေရတာ အတော်အငအားစိုက်ထုတ်ရလို့ သိပ်ပြီး ပင်ပန်းနွမ်းနယ်လှပါတယ်။ အဖြေကို အာရုံစိုက်ရတာက မပင်ပန်းဘူး။ မှန် ပေါ်မှာ စာလုံးပေါ်အောင် ရေးရတာက သိပ်ပင်ပန်းလှတယ်။

သူတို့ နောက်ထပ် မေးခွန်းတစ်ခု မမေးခင်မှာ ကျွန်တော်ဟာ ငယ်လေး ကိုယ်ထဲကို ရလိုရငြား ဝင်ပူးကြည့် လိုက်ပါတယ်။ ငယ်လေးဟာ တစ်ချက် သမ်းဝေလိုက်ရင်းက ယိုင်သလိုလိုဖြစ် သွားတယ်။ အဲဒီအခိုက်မှာ သူ့ကိုယ်ထဲ ကို ကျွန်တော် ရအောင် ဝင်ပူးလိုက် နိုင်ပါတယ်။

ငယ်လေး ရုတ်တရက် အမူ အရာပျက်သွားတာကို ဘယ်သူမှ သတိ မထားမိလိုက်ဘူး။ ကျွန်တော်ဝင်ပူးတာ ကို သိဖို့တော့ ဝေးပြီပေါ့။ ပြိတ္တာကြီး ပြောတဲ့အတိုင်း ငယ်လေးဟာ ဝင်ပူးရ သိပ်လွယ်တာပဲ။

"ကျွန်တော့်ချစ်သူ သဇင်နဲ့ ကျွန်တော်နဲ့ ပေါင်းကြရမလား။ ဖြေပေး ပါ"

ဂျင်မီက မေးလိုက်တာပါ။ သြော်…ဂျင်မီ့မှာ ချစ်သူတွေ ဘာတွေ တောင် ရနေပြီပဲ။ ကျွန်တော် အာရုံယူ ကြည့်လိုက်တော့ ဂျင်မီနဲ့ သိပ်လှတဲ့ ကောင်မလေးတစ်ယောက် ဘုရား ကျောင်းထဲမှာ မင်္ဂလာဆောင်နေတဲ့ မြင်ကွင်းကို မြင်လိုက်ရတယ်။

"ပေါင်းရမယ်"

အဖြေစာလုံးဟာ လျင်မြန်စွာပဲ မှန်ပေါ်မှာ ထင်သွားတယ်။

ကျွန်တော်က ငယ်လေးကိုယ်ထဲ ဝင်ပူးပြီး ငယ်လေးရဲ့ လူသားလက်ကို ငှားပြီး ရေးလိုက်တာဖြစ်လို့ စာလုံးဟာ အလွယ်တကူရေးပြီးသားဖြစ်သွားတာ လေ။ ကျွန်တော်လည်း သိပ်အင်အား မစိုက်ထုတ်ရတော့ဘဲ ပင်ပန်းသက်သာ သွားတာ တွေ့ရတယ်။ ကျွန်တော်ပေး မယ့်အဖြေကို ငယ်လေးက ကူရေးပေး လိုက်တဲ့ သဘောပေါ့။ အားလုံးရဲ့ အကြည့်ဟာ ငယ်လေးအပေါ်မှာ ပြုံ ကျလာတယ်။

"ဟေ့ကောင် ငယ်လေး၊ မင်း ရေးလိုက်တာ မဟုတ်ပါဘူးနော်"

ဂျင်မီက သံသယနဲ့ မေးလိုက် တယ်။ ကျွန်တော်ဝင်ခဲ့ဖူးတဲ့ သံသယမျိုး ပါပဲ။

ကျွန်တော်က ငယ်လေးကိုယ်ထဲ ဝင်ပူးပြီး အဖြေရေးပြတဲ့အခါမှာ ဆေး ပင်ကို သေသေချာချာဆုပ်ကိုင်ပြီး ပိုင်ပိုင် နိုင်နိုင်ရေးပြလိုက်မိတယ်လေ။ ဒီတော့ ငယ်လေးအပေါ်မှာ သံသယဖြစ်စရာ ဖြစ်သွားတာပေါ့။

"ဟေ့ကောင် ငယ်လေး၊ မေးနေ တာ ဖြေလေကွာ။ မင်းလက်က ဆေး ပင်ကို သေချာဆုပ်ပြီး ရေးချလိုက်တာ အသိသာကြီးကွ၊ ဟုတ်တယ်မဟုတ် လား"

အသိစိတ်ဓာတ် ကင်းလွတ်နေ တဲ့ ငယ်လေးဟာ ဘာဆိုဘာမှ ပြန် မဖြေနိုင်ပါဘူး။ သူတို့အမြင်မှာတော့ သူတို့ကို ကြောင်တောင်ပြန်ငေးကြည့် နေတဲ့ ငယ်လေးကိုသာ မြင်နေရမှာပဲ။

တကယ်တော့ ငယ်လေးကိုယ် ထဲ ဝင်ပူးနေတဲ့ ကျွန်တော်က ကျွန် တော့်သူငယ်ချင်းတွေကို တွေ့ရတုန်း လေး အားပါးတရကြည့်နေမိတာပါ။

"သူငယ်ချင်းတို့ရယ်… မင်းတို့



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ထားတဲ့ ဝိညာဉ်ဟာ ဘယ်သူလဲ၊ ဘယ်အရပ်ကလဲ ဆိုတာလေးများ မေးလိုက်ပါတော့လားကွာ။ မင်းတို့ရှေ့ ရောက်နေတဲ့ ဝိညာဉ်ဟာ မင်းတို့ သူငယ်ချင်း မျိုးသူဖြစ်ကြောင်း ဖြေချင်လွန်းလို့ပါကွာ။ မင်းတို့ ခေါ်ထားတဲ့ ဝိညာဉ်ကောင်အကြောင်းကိုရော မင်းတို့ စိတ်မဝင်စားကြဘူးလားဟင်။ မသိချင်ကြဘူးလား"

တကယ်တော့ ဝိညာဉ်ခေါ်ပွဲလုပ်ကြတဲ့သူတိုင်းဟာ ရောက်လာတဲ့ ဝိညာဉ်ကို ကိုယ်သိချင်တဲ့ မေးခွန်းပဲ မေးကြတာ များပါတယ်။ သူတို့မေးတဲ့ ဝိညာဉ်ကောင်ဟာ ဘယ်က လာတာလဲ၊ လူ့ဘဝတုန်းက ဘယ်သူလဲဆိုတာကို မေးဖို့ သတိမရကြဘူး။ မေးတဲ့ ထုံးစံမရှိဘူး။

ကျွန်တော်ကတော့ သူတို့ရှေ့ ရောက်နေတဲ့ ဝိညာဉ်ဟာ သူတို့သူငယ်ချင်း ကျွန်တော်ဖြစ်ကြောင်း သိစေချင်နေမိတယ်။ အခုရောက်နေတဲ့ ဝိညာဉ်ဟာ ဘယ်သူလဲလို့ မေးလိုက်ကြပါတော့၊ မေးလိုက်ကြပါတော့ သူငယ်ချင်းတို့ရယ်။

ကျွန်တော်ဟာ သူတို့ရှေ့မှာ ကျွန်တော်ရောက်နေတဲ့ အကြောင်းကို သူတို့သိအောင် ပြောပြချင်စိတ်ပေါက်လာတယ်။ မဖြစ်မနေကို ပြောပြချင်လာမိတယ်။

ဒါနဲ့ပဲ နောက်ထပ် မေးခွန်းတစ်ခု မလာခင်မှာ စာတန်းတစ်ခုကို လျှင်မြန်စွာ ရေးပြလိုက်မိပါတော့တယ်။

"ငါဟာ မျိုးသူ"

မှန်ပေါ်မှာ ပေါ်လာတဲ့ စာလုံးဟာ ငယ်လေးလက်ကို အသုံးပြုပြီး ကျွန်တော်ရေးလိုက်တာပါ။

"ဟင်"

"ဟာ"



မင်းမင်းထိုက်၊ ဂျင်မီနဲ့ သက်ပိုင်တို့က စာတန်းကို ကြည့်ပြီး တအံ့တဩနဲ့ အော်ဟစ်လိုက်ကြတယ်။ သူတို့လက်တွေဟာလည်း ဆော့ပင်ကို ကိုင်ထားရာက လွှတ်ချလိုက်ကြတယ်။ ဝိညာဉ်ခေါ်ပွဲစည်းကမ်းအရဆိုရင် တစ်ယောက်ယောက်က လက်ကို လွှတ်လိုက်တာနဲ့ ပွဲပျက်သွားပါပြီ။ ကျွန်တော်ကတော့ ငယ်လေးကိုယ်ထဲ ဝင်ပူးပြီး ရောက်ရှိနေတာမို့ ကျွန်တော့်ဝိညာဉ်ဟာ သူတို့နားက မခွာဘဲ ရပ်တည်နေမိပါသေးတယ်။

"ငယ်လေးရာ...မင်း ဒီလိုမျိုး မနောက်ပါနဲ့ကွာ"

"အေးလေကွာ၊ သေတဲ့ လူနာမည်ကိုတော့ ယူသုံးပြီး မနောက်သင့်ဘူး ဟေ့ကောင်"

ဩော်...သူတို့ မယုံကြသေးပါလား။ သူတို့သူငယ်ချင်း ကျွန်တော် သူတို့အနားရောက်နေတာကို သူတို့ မယုံကြဘူး။

"တကယ်ပါ၊ ငါဟာ မျိုးသူပါကွ"

ကျွန်တော့်နှုတ်က လွှတ်ခနဲ ထွက်ပြီး ပြောလိုက်တယ်။

ထွက်လာတဲ့ အသံကြောင့် ကျွန်တော်ကိုယ်တိုင် အံ့အားသင့်သွားရ ပါတော့တယ်။

ဘာဖြစ်လို့လဲဆိုတော့ အသံဟာ ကျွန်တော့်အသံဖြစ်နေလို့ပဲလေ။ ကျွန်တော် လူ့ဘဝတုန်းက ရှိခဲ့တဲ့ အသံအတိုင်း တစ်သွေမတိမ်းထွက်လာတယ်။ ကျွန်တော်ကိုယ်တိုင် မကြားရတာ တစ်နှစ်ကျော်ကြာပြီဖြစ်တဲ့ ကျွန်တော့်အသံကို ပြန်ကြားလိုက်ရခြင်းပါပဲ။

သူတို့သုံးယောက်ဟာ တွန့်ခနဲ နောက်ကို ဆုတ်သွားကြတယ်။

"အသံ...အသံက မျိုးသူအသံ အတိုင်းပဲ"

မင်းမင်းထိုက်က ရေရွတ်လိုက်တယ်။

"ငယ်လေး...၊ မင်း မနောက်နဲ့ကွာ"

ဂျင်မီအသံက တုန်နေတယ်။

ကျွန်တော် မခံမရပ်နိုင်ဖြစ်လာတယ်။ တကယ်တော့ သူတို့သူငယ်ချင်း မျိုးသူ သူတို့အနားရောက်လာတာကို သူတို့ ဝမ်းသာသင့်တယ်မဟုတ်လား။

ကျွန်တော်ဟာ မျိုးသူအစစ်အမှန် ဖြစ်ကြောင်း သူတို့ယုံအောင် ပြဖို့ [illegible] တယ်။

ကျွန်တော်က ရှေ့ကို တစ်လှမ်း တိုးလိုက်တယ်။ သူတို့သုံးယောက် ကြောက်လန့်တကြားနဲ့ နောက် တစ်လှမ်းဆုတ်လိုက်ကြတယ်။

ငါ မျိုးသူဆိုတာ မင်းတို့ မယုံကြ ဘူးပေါ့လေ။ အေးလေ၊ မင်းတို့ [illegible] အောင် ပြရတာပေါ့။

ဒီတစ်ခါ ထွက်လာတဲ့အသံ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ည်း ကျွန်တော်မျိုးသူရဲ့ မှုရင်းအသံပါ ။ ကျွန်တော်က သူတို့ကို ကွေ့ပတ် ပြီး အခန်းတံခါးပေါက်ကို လျှောက်သွား လိုက်တယ်။ တံခါးပေါင်မှာ သံနဲ့ ချိတ် ထားတဲ့ သက်ပိုင်ရဲ့ ဆိုင်ကယ်သော့ကို ဖြုတ်ယူလိုက်တယ်။

"ဟာ…"

"မလုပ်နဲ့…မလုပ်နဲ့"

"ဟော့ကောင် ငယ်လေး၊ သတိ ထားပါကွာ"

ကျွန်တော်က ဘယ်သူ့ကိုမှ ဂရု စိုက်တော့ဘဲ ဆိုင်ကယ်သော့ကို ကိုင် ပြီး အဆောင်ရှေ့ကို ထွက်ခဲ့ပါတော့ တယ်။

အဲဒီတုန်းမှာ သက်ပိုင်ဟာ တံခါးပေါက်က ခုန်ဆင်းပြီး ထွက် လိုက်တယ်။ အိမ်ပေါ်ထပ်ကို လှမ်း အော်ပြောလိုက်တဲ့ သက်ပိုင်အသံကို ကျွန်တော်ကြားလိုက်ရတယ်။

"အန်ကယ်ကြီး…အန်ကယ်ကြီး ပရိတ်ရေပုလင်းယူခဲ့ပါ။ ပရိတ်ရေပုလင်း အမြန်ယူခဲ့ပါ"

ပရိတ်ရေဆိုတဲ့ အသံဟာ ကျွန်တော့်ကို ခြံဝင်းထဲကနေ အပြင် ကို အမြန်ရောက်အောင် တွန်းပို့လိုက် တဲ့ တွန်းအားတစ်ခုဖြစ်သွားခဲ့ပါတယ်။ ကျွန်တော်ဟာ ပရိတ်ရေကို ကြောက် တဲ့စိတ်၊ ကျွန်တော့်ကို မျိုးသူဆိုတာ ဖက်မခံတဲ့အတွက် ဖခံချင်စိတ်များနဲ့ အဆောင်ရှေ့မှာ ရပ်ထားတဲ့ သက်ပိုင် ရဲ့ ဆိုင်ကယ်ကို တက်ခွလိုက်တယ်။ ကျွန်တော်ဟာ မျိုးသူဖြစ်ကြောင်း သက်သေပြရမယ်။ သူတို့အထဲမှာ ဆိုင်ကယ်အစီး အကျွမ်းကျင်ဆုံး မျိုးသူ ဆိုတာ သိသွားအောင် လက်တွေ့ သက်သေပြရမယ်။

ကျွန်တော်က သက်ပိုင်ရဲ့ မဟာဒီတီ ဆိုင်ကယ်ကြီးကို စက် နှိုးလိုက်တယ်။ ချက်ချင်းပဲ မောင်းထွက် လိုက်တယ်။

ကဲ - ယုံကြပြီမဟုတ်လား။ ငါ ဟာ မျိုးသူဆိုတာ မင်းတို့ ယုံကြပြီ မဟုတ်လား။ မင်းတို့ယုံအောင် ထပ်ပြီး သက်သေပြရသေးတာပေါ့ကွာ။

ကျွန်တော်က ဆိုင်ကယ်နောက် ဘက်ကို အားစိုက်ဖိလိုက်ပြီး ရှေ့ဘီးကို မိုးပေါ်ထောင်သွားအောင် လုပ်လိုက် တယ်။ ဒါဟာ ကျွန်တော် မျိုးသူ ကျွမ်း ကျွမ်းကျင်ကျင်လုပ်နိုင်တဲ့ မောင်းနည်း ပါ။ ငယ်လေးဟာ ကျွန်တော့်လောက် ဆိုင်ကယ်ကို စတန့်ထွင် မစီးနိုင်ဘူး။ ရဲလည်း မရဲဘူး။ ခုလောက်ဆို ကျွန်တော်ဟာ မျိုးသူဆိုတာ သူတို့ ယုံလောက်ရောပေါ့။

ဒီအချိန်မှာ ကျွန်တော် အငှား ခန္ဓာပြောင်းထားရတဲ့ ငယ်လေးရဲ့ စိတ် အခြေအနေကို ကျွန်တော် မသိဘူး။ သတိလည်း မထားမိဘူး။ အဆောင်ရှေ့ မှာတော့ အသံတွေ မျိုးစုံအောင် အော်မြည်ဆူညံရင်း ကျန်ခဲ့တယ်။

ကျွန်တော်ဟာ ငယ်လေးခန္ဓာ ကိုယ်ထဲမှာ ဝင်ပူးရင်းက ဒီတီဆိုင်ကယ် ကြီးကို ရှေ့ဘီး မိုးပေါ်ထောင်ကာ အရှိန် ပြင်းပြင်းနဲ့ မောင်းထွက်ခဲ့ပါတယ်။

အဆောင်ရှိတဲ့ လမ်းသွယ် အတိုင်း အရှေ့ဘက်ကို ဦးတည်လို့ ရန်ကုန်-မန္တလေး လမ်းမကြီးဘက်ကို ရှေ့ရှုလို့ပေါ့။ ဒီနောက်တော့ ဘာတွေ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ကျွန်တော့် အသိဉာဏ်နဲ့ အသေးစိတ် မမှတ်မိ တော့ဘူး။

ကျွန်တော်စီးလာတဲ့ ဆိုင်ကယ် လည်ထွက်သွားတာ၊ ဆိုင်ကယ်ဟာ အရှိန်ပြင်းစွာနဲ့ မြေပေါ်ကို ကိုင်ရိုက် လိုက်သလို လဲကျသွားတာတွေဟာ ကျွန်တော်အသက်ရှင်ခဲ့ရစဉ်က အတိုင်း ပါပဲ။

အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ ဝိညာဉ်ကတော့ ငယ်လေးရဲ့ ခန္ဓာကိုယ် ထဲက ပေါ့ပါးစွာ ထွက်ခွာခဲ့ပြီးပါပြီ။ မြင် ကွင်းအားလုံးကိုလည်း အပေါ်စီးကနေ အလုံးစုံ မြင်တွေ့နေရပါတယ်။ အဆောင်ဘက်ကနေ ပြေးထွက်လာ ကြတဲ့ ကျွန်တော့်သူငယ်ချင်း သုံး ယောက်။

အရှိန်နဲ့ လဲကျသွားတဲ့ ဆိုင်ကယ် နဲ့အတူ ပါသွားတဲ့ ငယ်လေး။ ငယ်လေး ဘာဖြစ်သွားသလဲ။

ကြည့်လိုက်တော့ ငယ်လေးဟာ လမ်းမပေါ်မှာ ပက်လက်လန် လဲပြီး ခေါင်းက သွေးတွေဟာ မြင်မကောင်း အောင် ထွက်နေတယ်။ မျက်လုံးဟာ ကြောင်တောင်ပွင့်နေတယ်။

အို…ငယ်လေးဟာ သူ့စိတ်ဆန္ဒ မပါဘဲ ကျွန်တော့်ပယောဂကြောင့် ဒုက္ခ ရောက်ရပါပြီရော။

ကျွန်တော်ကြည့်နေတုန်းမှာပဲ ငယ်လေးရဲ့ ခန္ဓာကိုယ်ထဲက ငယ်လေး ရဲ့ ပုံရိပ် နောက်တစ်ခုဟာ ရုန်းကြွပြီး ထွက်လာတယ်။ ဒါဟာ ငယ်လေးရဲ့ ဝိညာဉ်ပါ။

အလို…ကျွန်တော့်ပယောဂ ကြောင့် ငယ်လေး သေသွားပါပြီရော။ ငယ်လေးရဲ့ ဝိညာဉ်ဟာ ကျွန်တော့် ဝိညာဉ်ကို မြင်လိုက်ရပြီး အားရဝမ်းသာ လှမ်းနှုတ်ဆက်လိုက်တယ်။

"ဟာ…မျိုးသူ…သူငယ်ချင်း၊ မင်းကို တွေ့ရတာ ဝမ်းသာလိုက်တာ ကွာ"

ငယ်လေးဟာ အဖြစ်အပျက် အမှန်ကို သိသေးပုံ မရဘူး။

"ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်း။ ငါ တမင်လုပ်တာ မဟုတ်ပါဘူး။ ဒီလို ဖြစ်အောင် ရည်ရွယ်တာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကို ခွင့်လွှတ်ပါကွာ"

"ဘာလဲ မျိုးသူ၊ ငါက ဘာကို ခွင့်လွှတ်ရမှာလဲ"

"ဩော်…မင်း နားမလည်သေးဘဲ ကိုး။ ဟိုမှာ ကြည့်လိုက်ပါဦး ငယ်လေး၊ တကယ့်အဖြစ်ကို မင်းကြည့်လိုက်ပါဦး"

ကျွန်တော် လက်ညှိုးထိုးပြမှ သူ ဟာ သူ့ရဲ့ မူရင်း သက်မဲ့ခန္ဓာကိုယ်ကြီး ရှိရာကို လှည့်ကြည့်လိုက်တော့တယ်။

ကျွန်တော့်တုန်းကလိုပဲ သက်ပိုင် ဟာ ငယ်လေးအလောင်းကို ပွေ့ဖက် ထားပါတယ်။ သူတစ်ကိုယ်လုံး သွေး တွေ ပေလူးလို့ပေါ့။ မင်းမင်းထိုက်က ငယ်လေးကိုယ်ကို စမ်းသပ်ကြည့်ရင်း အသက်မရှိတော့မှန်း သိလိုက်တော့ အော်ငိုလိုက်တယ်။ ဂျင်မီက ဘာလုပ် ရမှန်းမသိဘဲ ကြောင်ကြည့်နေတယ်။

"အဲဒါ ငါ့အမှားပါ။ ငါ မင်းကိုယ် ထဲ ဝင်ပြီး ဆိုင်ကယ်စီးခဲ့လို့ ဒီလိုဖြစ်ရ တာ"

ငယ်လေးဟာ ခုမှ သဘော ပေါက်သွားတော့တယ်။

"ဟင်…ဒါဖြင့် ငါသေပြီပေါ့။ အို…ဟုတ်သားပဲ။ မင်းဟာ မနှစ် ကတည်းက သေပြီးသားပဲ မျိုးသူ၊ မင်း ကို ငါမြင်နေရတယ်။ ငါ…ငါလည်း သေပြီပေါ့နော်၊ ဟာကွာ…"

"ခွင့်လွှတ်ပါကွာ၊ ဒါတွေဟာ ငါ့ ကြောင့်ဖြစ်ရတာပါ။ ဒါပေမယ့် ငါ တမင်လုပ်တာ မဟုတ်ပါဘူး"

"ထားလိုက်ပါတော့ သူငယ်ချင်း ရယ်။ ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မှာ လဲ။ တစ်ခုတော့ တော်ပါသေးတယ်။ ငါသေပေမယ့် မင်းက အစဉ်သင့် စောင့်နေလို့၊ မင်းနဲ့ အဖော်လုပ်လို့ ရ နေလို့ တော်သေးတာပေါ့ကွာ"

"အဲဒီလို မဟုတ်ဘူးကွ။ အဲဒီလို မဟုတ်ဘူး။ မင်းရောက်လာပြီဆိုတော့ ငါသွားရတော့မှာ သူငယ်ချင်း"

"ဘာ"

"လာ…ငယ်လေး၊ မင်းနေရမယ့် နေရာကို ငါလိုက်ပြမယ်"

"ကျွန်တော်က ငယ်လေးလက် ကို ဆွဲပြီး ထနောင်းပင်ကြီးရှိရာကို ခေါ်လာလိုက်တယ်။ ရှင်းပြစရာရှိတာ ကိုလည်း မြန်မြန်ဆန်ဆန် ရှင်းပြလိုက် တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက နေ ထွက်ခွာရတော့မယ်ဆိုတာကို ကျွန်တော်သိနေလို့ပါ။ မမြင်ရတဲ့ အင်အားတစ်ခုဟာ ကျွန်တော့်နောက် ကျောကနေ ကျွန်တော့်ကို ဆွဲခေါ်နေ ပြီ။

ထနောင်းပင်ကြီးအောက်ရောက် တော့…

"ဒါ ငါနေတဲ့ ထနောင်းပင်ကြီးပဲ ငယ်လေး၊ မင်းရောက်လာလို့ ငါသွား ရတော့မယ်"

ကျွန်တော်က ဒီနားတစ်ဝိုက်မှာ ဝိညာဉ်တစ်ကောင်သာ နေခွင့်ရကြောင်း နဲ့ ဝိညာဉ်အသစ်ရောက်လာရင် အဟောင်းက နေရာဖယ်ပေးရကြောင်း ကို ကျွန်တော့်ကို ပြိတ္တာကြီး ရှင်းပြခဲ့ သလိုမျိုး ရှင်းပြလိုက်တယ်။

"ဒါပေမယ့် ငါ ဒီနေရာက ကျွတ်ချင်လို့ မင်းကို သေအောင် လုပ် လိုက်တာ မဟုတ်ဘူးဆိုတာတော့ ယုံ ပါ သူငယ်ချင်းရယ်။ အဖြစ်က မမျှော် လင့်ဘဲ ဖြစ်သွားရတာပါ"

"အဲဒါ ငါယုံတယ်။ မင်းကို အပြစ်မတင်ပါဘူး။ ဒါပေမယ့် မင်း မသွားပါနဲ့ မျိုးသူရာ။ ငါနဲ့ အတူတူနေ ပါကွာ"

"မဖြစ်ဘူးကွ။ ငါ မသွားချင်ပေ မယ့် သွားကို သွားရတော့မယ်။ ငါ့ကို တစ်စုံတစ်ခုက ဆွဲခေါ်နေပြီ။ နေချင်ပေ မယ့် နေလို့ မရတော့ဘူး။ ဟော… ပြောရင်းဆိုရင်း ငါ့ကို ဆွဲခေါ်နေပြီ"

ကျွန်တော့်ဝိညာဉ်ဟာ ငယ်လေ နဲ့ စကားပြောနေတုန်းမှာပဲ နောက် တစ်စုံတစ်ခုက ဆွဲခေါ်တာ ခံလိုက် သလို ရွေ့သွားပါတယ်။

"မင်း ဘယ်ကို သွားမှာလဲဟင်"

"အဲဒါ ငါ မသိဘူး။ ဒီနေရာ ခွာရတော့မယ်ဆိုတာသာ သိတယ် ဘယ်ကိုဆိုတာ ငါ မသိဘူး။ ငါ့ရှေ့ ပြိတ္တာကြီးလည်း ဒီလိုပဲ။ ဘာမှ မေ ရပါဘူး။ နေခဲ့ပေတော့ သူငယ်ချင် နှုတ်ဆက်ခဲ့ပါတယ် ငယ်လေးရ မင်းကိုရော ကျန်တဲ့ သူငယ်ချင်းတေ ကိုပါ ငါ့လုပ်ရပ်အတွက် ငါ တောင်း ပါတယ်။ ငါ့ကို ခွင့်လွှတ်ပါတော့ကွ သွားပြီ…သွားပြီ…ငါသွားပြီ သူငယ် ချင်းရေ"

ငယ်လေးကို နှုတ်ဆက်နေတု မှာပဲ ကျွန်တော်ဟာ နောက်ဘက် ဆွဲခေါ်မှုကြောင့် တဖြည်းဖြည်း ငယ် လေးနဲ့ ဝေးသွားရပါတယ်။

ငယ်လေးရဲ့ ဝိညာဉ်ပုံရိ အဆောင်ပတ်ဝန်းကျင်က တ လက်ရှိ သဘာဝပုံရိပ်တွေဟာ ကျွ တော့်နောက်မှာ တဖြည်းဖြည်းဝေး ခဲ့တယ်။

နောက်ဆုံးတော့ မြင်ကွင်းအ လုံးဟာ ကျွန်တော့်အမြင်ထဲ တဖြည်းဖြည်း သေးငယ်သွာ ကျွန်တော်ဟာ သူတို့အားလုံးနဲ့ ဝေ ကို လိုက်ပါလွင့်မျောသွားပါတော့တယ်

နှုတ်ဆက်ခဲ့ပါတယ် သူငယ်ချ တို့ရေ၊ နှုတ်ဆက်ခဲ့ပါတယ်၊ ငါ့ကို ခွ လွှတ်…■

* * *


ဆောင်း

www.burmeseclassic.com

www.burmeseclassic.com

# ဆေးတောက်ရွှယ်အကြောင်း သိကောင်းစရာ

သစ္စာဝါဒီမြတ်စောလင်း



"ဟဲလို···ပြောပါ။ ဘယ်က ဆက်တာပါလဲ၊ ဆရာဦးဝင်းလေးသား ဇီဝိတဒါန ကုသိုလ်ဖြစ် ဆေးကုခန်းကပါ"

"တောင်ဥက္ကလာ၊ ၁၀ရပ်ကွက်၊ ဂုလမ်းထိပ်က ဆေးခန်းမဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဘာများ ပြောစရာရှိလို့ပါလဲ၊ ပြောပါ"

"ကျွန်တော် သစ္စာဝါဒီ ဆရာမြတ်စောလင်းပါ။ ကျိုက္ကစံ ဘုရားအရှေ့မှခ်က ဆက်တာပါ"

"သြော်··· ဆရာမြတ်လား၊ ကျွန်တော်က ဘယ်သူ



www.burmeseclassic.com

လဲလို့၊ ဘာပြောချင်လို့လဲ"

"ဩော်··· ဒီနေ့ အိမ်က ဆရာမ နန်းကေသီက ခွေးတောက်ရွက်ဟင်းချိုချက်ဖို့ ဝယ်လာတယ်။ အဲဒါ ဆရာ သီဟကို အမှတ်ရလို့၊ ခွေးတောက်ရွက်နဲ့ ပတ်သက်ပြီး ဆေးဖက်ဝင်ပုံလေးကို ပြောပြပါဦး"

"ပြောပြမယ်လေ။ ဆရာ ဖုန်းချလိုက်လေ။ ဆရာ့ငွေ ဖြည့်ကတ်ဒ် ကုန်နေလိမ့်မယ်။ ကျွန်တော် ဒီဖုန်းနံပါတ်ကို ပြန်ဆက်လိုက်မယ်လေ။ ဆရာ့ဖုန်းက ၀၉ ၄၂၁၀၉၂၈၃၉ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်။ ဒါဆို ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

♦♦♦

**ခွေးတောက်နွယ်**

မျိုးရင်းဗီဇအားဖြင့် အင်္ဂလိပ်လို ခေါ်ဆိုလျှင် ဟု Asclepiadaceae ဟု ခေါ်ဆိုသည်။

ရုက္ခဗေဒအခေါ်အားဖြင့် Dregea Volubilis Benth ဟု ခေါ်ဆိုကြလေသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်သည်။ တောအရပ်ချုံရှိသောနေရာ၊ ခြံစည်းရိုး စသည်များတွင် မစိုက်ပျိုးဘဲ အလေ့ကျ ပေါက်တတ်သော ဆေးဖက်ဝင် မြန်မာ့ရိုးရာ ဟင်းလျာပင် ဖြစ်၏။

မြန်မာဆေးကျမ်းများအလိုအရ ခွေးတောက်သည် ခါးသက်သက်အရသာရှိ၏။ ပူ၏။ ခါး၏။ ဝမ်းမီးတောက်စေ၏။ ဓာတ်၊ လေများကို နိုင်မာစေ၏။ သွေးကို ပွားစေ၏။ ကာမကို အားပေး၏။ နှုတ်ကို မြိန်စေ၏။ လေကို သက်စေ၍ သလိပ်ကို ကြေစေ၏။ လည်ချောင်းနာ၊ လေရောဂါ၊ ညောင်းကျနာ၊ ပန်းနာရင်ကျပ်၊ ဒူလာ၊ ကြွက်သားအဆိပ်သင့်နာများကို နိုင်၏။ ချွေးထွက်စေ၏။ ရေငတ်ပြေစေ၏။

အရွက်ကို အနာစိမ်း၊ သွေးစုနာများကို မီးကင်၍ ကပ်လျှင် နလျှင် ပိန်စေ၍၊ ရင့်လျှင် ပြည်ပေါက်၍ ပျောက်ကင်းစေသည်။

ထန်းရည်၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ကြာရှည်စွာ သုံးစွဲသူများသည် ခွေးတောက်ရွက်ကို ကြက်သားနှင့် ချက်စားခြင်း၊ ပြုတ်၍ တို့စရာအဖြစ် မှီဝဲသုံးစွဲလျှင် ကိုယ်ခန္ဓာအတွင်းရှိ အဆိပ်အတောက်များ ပြေစေ၍ အသားအရေလှပပြီး ရုပ်ခန္ဓာကို နုပျိုစေပါသည်။

အရွက်ကို ဟင်းခါးချက်သောက်လျှင် လေအောင့်၊ လေထိုး၊ လေနာနှင့် လေကို သက်စေသည်။ အရွက်

ရောက်ရည်ဖြင့် ကြိတ်၍ သောက်သော် လေငန်းရောဂါ

အကြောအားကို ကောင်းစေ၏။ အရွက်ကို ကြိတ်၍ ဆ

ဆေးရည်ဖြင့် သောက်လျှင် ဆီးအောင့်ခြင်း၊ ဆီးချုပ်ရော

ဆီးကို ရှင်စေသည်။

ခွေးတောက်ရွက်ကို ကြိတ်၍ ရသောအရည်ဖြင့်

ယုန်နှာကို ဆွတ်လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေသည်

အရွက်ကို ကြိတ်၍ ဆုံစည်းပေးခြင်းဖြင့် အဖုအကြိတ်

လည်း ပျောက်၏။

ခွေးတောက်ရွက်ကို သကြားနှင့် ထောင်းပြီး

ပေးလျှင် အကြောအဆစ်လွဲခြင်း၊ ကျိုးပေါင်းဖြစ်ခြင်းတို့

ပျောက်ကင်းစေပါသည်။ ခွေးတောက်ရွက်ကို ဘဲဥ၊ ကြက်

တို့ဖြင့် ကြော်စားပါက ခွန်အားကို ပွားစေ၏။ ကာမ

အားပေး၏။ အမြစ်ကို အန်ဆေးနှင့် သလိပ်ရှင်ဆေးများ

ထည့်သွင်း အသုံးပြုနိုင်သည်။ သို့ကြောင့် နေ့စဉ် မီးဖိုချော

ချက်ပြုတ်စားသောက်သောဟင်းများတွင် ခွေးတောက်ရွ

အကြောင်း သိကောင်းစရာများကို ကျွန်ုပ်၏ စာဖတ်ပရိသ

များအား သိရှိနားလည်၍ အသုံးချနိုင်ရန် စုဆောင်းတ

ရေးသားလိုက်ရပေသတည်း။

(ကျေးဇူးရှင်အား ရှိနိုး

* * *

သစ္စာဝါဒီ ဆရာမြတ်စော

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com

စ်လော ညညဆို ထွန်းစိန်
တ် အိပ်နေရင်း ထ,ထယောင်
ပ်မှလည်း တောက်တဲ့···
တဲ့···ဆိုပြီး ဟိုဟာစမ်း၊
တစ်ခါတလေ သူ့မိန်းမ
တောင် ဖယ်···ဖယ်···ဟု




www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး အတင်းတွန်းဖယ်ပစ်၏။ ခြင်ထောင်တွေ၊ စောင်တွေ၊ ခေါင်းအုံးတွေကိုလည်း လွှတ်ပစ်လေ၏။

"ဟဲ့…ကိုထွန်းစိန်၊ ရှင် သတိထား၊ သတိထားပါတော်"

"ဖယ်…ဖယ်၊ ငါ တောက်တဲ့ ကြီး၊ နည်းတဲ့ အကောင်ကြီးမဟုတ်ဘူး။ အမလေး…ကပ်…ကပ်ပြီဟဲ့"

"ရှင်…ရှင်…ဟောဒီမှာ ရေ…ရေသောက်ပါ"

"ဝွတ်…ဝွတ်…ဟော…အော်ပြန်ပြီ"

"အဖေရေ…အမေတို့၊ ဟောဒီမှာ ကိုထွန်းစိန် ဘာဖြစ်မှန်း မသိဘူး။ လာကြပါဦး၊ ဟီး…ဟီး…ဟီး"

ညဦးသန်းခေါင်ကျော်မှ အော်သံ၊ ငိုသံ၊ ဆူညံသံတွေကြားထဲ ဟို သရက်ပင်ပေါ်က တောက်တဲ့က ရင်ကွဲသံပါပါနှင့် တောက်တဲ့…တောက်တဲ့…တောက်…တောက်…နှင့် အခါ ၂၀ လောက် အော်သံကြား၏။ သူ့အဖေကိုပြားအိမ်ရှေ့က ခွေးက ဝူ…ဝူနှင့် ဆွဲဆွဲငင်ငင် အော်ပြန်၊ ဆူပြန်၏။ အိမ်ရှေ့ ဝါးပိုးဝါးရုံက ပုဇဉ်းရင်ကွဲကလည်း ဂျီ…ဂျီနှင့် အော်သံတွေ ဆူညံနေပြန်သည်။ ဒီအချိန်မှာပဲ အိမ်ပေါ်မှ ဖြတ်ပြီး အော်တဲ့ လင်ကောင်ပိုးကလည်း တဂွီးဂွီးနှင့် ပွက်လောညံတဲ့ ပတ်ဝန်းကျင်အသံတွေ ကြားရ၏။ ကိုပြားနှင့် ဒေါ်တင်နုတို့လင်မယား သားဖြစ်သူ ထွန်းစိန် ဘာဖြစ်တယ်မသိလို့ မီးခွက်တောင် မထွန်းဘဲ အိမ်ပေါ်မှ ဆင်းလာကြ၏။ ဒေါ်တင်နုက မျက်စိမွဲနေလို့ မမြင်မကန်းနဲ့ ဟိုတိုး…ဒီတိုး။

"ဟော့…ဘာဖြစ်တာလဲ ကျင်ပု"

"အဖေ…ထ,ထအော်တယ်။ ကယောင်ကတမ်းနဲ့ ဖယ်…ဖယ်ဆို အတင်းတွန်းပစ်တယ်"

"သား ထွန်းစိန်၊ မင်း ဘယ်လို နေလဲကွ"

"ဟာ…ရက္ခစိုး…ရက္ခစိုးကြီး၊ ဖယ်…ဖယ်…"

"ငါပါကွာ…မင်းကလဲ။ ဘယ်မှာလဲ ရက္ခစိုး။ မရှိပါဘူး"

"လူလေး…လူလေး သတိထား။ အမေတို့ လာပြီဟဲ့"

"တစ္ဆေမှင်စာပါတာနဲ့ တူတယ်။ ကဲ - ထမင်းနဲ့ ငါးပိ သွားယူချေ ရေတ်သီးပါ ယူခဲ့"

"ဟုတ်ကဲ့ အဖေ၊ ဟုတ်ကဲ့"

"အေး ဟို မီးသွေးခဲ သွားယူဦး။ ဆန်ကောပါ ယူခဲ့"

"မောင်ပြား…ရှင် တစ္ဆေမှင်စာ ပစ်မှာလား။ ဒါဆို ပန်းငါးမျိုးပါ ခူးပစ်လိုက်ပါဟယ်"

"အေး ငါသိပါတယ်။ တော်ကြာ ပျောက်သွားမှာပါ"

"ကဲ - ဆန်ကောမှာ မီးသွေးနဲ့ ဝိုင်း၊ အဲဒီအဝိုင်းထဲမှာ ထမင်းကို အဖြူ တစ်ဝက်၊ အမည်းတစ်ဝက်ထည့်၊ နောက် ငါးပိစိမ်းထည့်၊ ပန်းငါးမျိုးထည့်၊ မောင်ထွန်းစိန်ရဲ့ တံတွေးထွေးထည့်ပြီး ဆိုင်ရာပိုင်ရာတွေကို ကျွေး၍ တောင်းပန်ရမယ်။ လူလေး…မင်း သတိရလား။ တံတွေးထွေးထည့်၊ ထွေးထည့်"

"တွိန်…ထွီ…ဝေါ့…အား…ငါ ရက္ခစိုးကွ"

"ကဲ - သတိထားပါကွာ၊ ခု ပျောက်မှာပါ။ နင်တို့ ငါပြန်လာလို့ လွတ်ပြီလား၊ ပျောက်ပြီလား မေးရင် လွတ်ပြီ ပျောက်ပြီလို့ ပြော၊ ကဲ - ငါ သွားမယ်"

ကိုပြားက ဓားတစ်လက်နှင့် ဆန်ကောတစ်ချပ်ကိုင်ကာ တာပြင်ဘက်သို့ ထွက်သွားလေ၏။ ၁၅မိနစ်ခန့်အကြာတွင် ကိုပြား ပြန်လာပြီး…

"လွတ်ပြီလား၊ ပျောက်ပြီလား"

ဟု မေးရာ ဒေါ်တင်နုက…

"လွတ်ပြီ၊ ပျောက်ပြီ"

ဟု သုံးကြိမ်ဖြေလိုက်၏။ မောင်ထွန်းစိန်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

•••

နံနက်မိုးလင်းတော့ ညက အဖြစ်အပျက်ကို မောင်ထွန်းစိန်က ဘာမှ သတိမရ။ သူ့ဇနီး ကျင်ပုက အနားမှာ တတွတ်တွတ်မေးနေရ၏။ သူ့အဖြစ်အပျက်ကိုတော့ ဇဝေဇဝါဖြ[စ်] နေပုံရသည်။ မျက်လုံးက ပြူးတူး ကြောင်တောင်နှင့် လူကောင်းပကတိတော့ ဟုတ်ပုံမရ။ ဒါပေမယ့် မိသား[စု] စားဝတ်နေနေရးက တစ်နေ့လုပ်မှ တစ်နေ့စားရသူ။ ကျင်ပုနဲ့ သားလေး တစ်ယောက်ရ၏။ ခုမှ အသက်[…] ၇နှစ်လောက်ပဲ ရှိသေးသည်။ သူ[…] ကောက်ရိတ်၊ ပျိုးရိတ်လုပ်ရ၏။

သူ့မိန်းမ ကျင်ပုက ဟင်းသီး ဟင်းရွက်များကို ရှာရိုးလျှောက်[…] ရောင်းရ၏။ အခုလို မောင်ထွန်းစိန် [...] မကောင်းဖြစ်နေရင် စားဝတ်နေရေး[…] မီးဖိုချောင် မီးခိုးတိတ်သွားနိုင်၏။ [...] အိမ်ရှေ့သို့ ဘကြီး သာဟန်နှင့် [...] အဖေ ကိုပြား ရောက်လာ၏။

"ကဲ - မင်း ဘယ်လိုနေသေးလဲ"

"ကောင်းပါတယ် အဖေ[…] ကောင်းပါတယ်"

"မောင်ထွန်းစိန်…မင်း နေ[…] သစ်ပင်တွေ မခုတ်ပါနဲ့ကွာ။ တ[…] လည်း မတက်ပါနဲ့။ မင်း အခုလိုဖြ[စ်] တာ မင်းကို ရက္ခစိုးဖမ်းတာကွ။ ဒီတော့ ဖယောင်းတိုင်၊ အမွှေးတိုင်နဲ့ [...] တစ်ခွက်ယူပြီး ငါသွားတောင်းပန်[…] မယ်"

"ဟုတ်ကဲ့ ဘကြီး၊ ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ရှေးလူကြီးသူမများက ပြောကြတယ်။ သစ်ပင်တိုင်းမှာ အစောင့်အရှောက်ဆိုတာ ရှိတယ်ကွ။ အဲဒါ ဘိုးဘိုးကြီးတွေရဲ့ ဗိမာန်ဆိုရင် သူတို့ ခိုင်းအစေတွေဖြစ်တဲ့ သရဲ၊ တစ္ဆေ သူရဲ နာနာဘာဝကောင်တွေက သစ်ပင်တွေမှာ တွဲလောင်းခိုနေကြသတဲ့။ ဒို့က မမြင်ဘူးပေမယ့် မြင်ဖူးတဲ့သူတွေက ပြောတာ။ မင်းတို့ အဲဒါ ကျပ်ကျပ် သတိထားလုပ်ကြ။ လွန်သွားရင် ဆေးကုလို့ မရဘူး။ သစ်ပင်ကြီးလာသော၊ အစောင့်အရှောက်ကြီးလေပဲ"

"ဟုတ်ကဲ့ ဘကြီး၊ ပြောပါဦး"

"ဒီလိုကွ၊ မြွေအလမ္မာယ်ပြတဲ့ ဆရာဟာ မြွေကိုက်လို့ သေရတတ်တယ်။ သစ်ပင်ခုတ်တဲ့သူကလည်း သစ်ပင်ပေါ်က ကျလို့ သေရတယ်။ ဆိုးဆိုတာလည်း သတ္တဝါအကိုက်ခံရလို့ သေရတတ်တယ်တဲ့"

"ဟုတ်တယ် အစ်ကို၊ ဟုတ်တယ်၊ ကြားဖူးပါတယ်"

"ကဲ…မင်းတို့ နောင် မဖြစ်ကြစေနဲ့။ ခုတစ်ခါတော့ အမိုက်အမဲမို့ ဆိုပြီး တောင်းပန်ရမှာပါ။ ကဲ - ငါသွားပြီဟေ့"

"ဟုတ်ကဲ့ပါ ဘကြီး"

♦♦♦

မောင်ထွန်းစိန်တစ်ယောက် အလုပ်ပြန်လုပ်နိုင်ပြီဖြစ်၏။ ဒါပေမယ့် သူကျွမ်းကျင်တာက အုန်းပင်တက်၊ သစ်ပင်ချိုင်၊ ထင်းပေါက်တဲ့ အလုပ်။ သူက အလုပ်ဖြတ်ထားပေမယ့် ဟိုလူက ဗုား၊ ဒီလူက ခေါ်တော့၊ တစ်ရွာလုံးကလည်း ဆွေမျိုးမကင်းကြသူတွေဆိုတော့ အားနာပါးနာနှင့် လိုက်,လိုက်သွားရ၏။

ဒီနောက် သူယောက္ခမက မောင်ထွန်းစိန်ကို ဆိုက်ကားနင်းခိုင်း

> “
>
> တွေးလိုက်တိုင်း
>
> စိတ်ထဲ မကောင်းဘူး၊၊
>
> ဖြတ်လမ်းက လိုက်ချင်တဲ့၊
>
> ချမ်းသာချင်တဲ့ စိတ်နဲ့
>
> သတ္တဝါတွေကို နှိပ်စက်ခဲ့တယ်၊၊
>
> ငါ ချမ်းသာရင် ပြီးရော၊
>
> ငတေမာဖို့ အဓိကဆိုပြီး
>
> ငွေရဖို့တစ်ခုတည်းပဲ ကြည့်ခဲ့တယ်၊၊
>
> မေတ္တာ၊ ကရုဏာဆိုတာ
>
> ဘာတစ်ခုမှ မကျန်တော့ဘူး
>
> ”

သည်။ မောင်ထွန်းစိန်ကလည်း အုံနာဆီမှ ဆိုက်ကားယူပြီး နင်း၏။ မနက်ဆိုလျှင် ရွာက ဈေးဝယ်သူတွေနဲ့ နေ့တိုင်း အော်ဒါရသည်။ တစ်နေ့ လေးခေါက်လောက်ဆိုတော့ ဝင်ငွေက မဆိုးဘူးဟု ဆိုရမည်။ ဒီလိုနဲ့ တစ်နှစ်လောက်ကြာတော့ ဆိုက်ကားနင်းတဲ့ အလုပ်ကနေ သစ်ပင်တက်၊ တောက်တဲ့ ဖမ်းရောင်းတဲ့ ကုန်သည်ပေါက်စအလုပ်ကို လုပ်လာ၏။ ခုတော့ ရွာထဲက လူတွေက မောင်ထွန်းစိန်ကို "တောက်တဲ့ ထွန်းစိန်"ဟု ခေါ်ကြသည်။

အဲဒီနှစ်မှာ ထွန်းစိန် စာရေးသူရဲ့ အမေအိမ်မှာ သူရင်းငှားအဖြစ် လုပ်သည်။ အမေက တူဝရီး တစ်ဝမ်းကွဲရဲ့ သားဆိုတော့ မြေးတော်သူမို့ အားကိုး အားထားနှင့် ငှားခဲ့ခြင်းဖြစ်၏။

တစ်နေ့မှာ အိမ်ခေါင်တိုင်ပေါ်မှ တောက်တဲ့က "တောက်တဲ့"လို့ အခွန်းလေးငါးခွန်းအော်သံကို ကြားကြရ၏။ အဲဒီအခါ မောင်ထွန်းစိန် နှီးထိုးနေရင်းက မျက်စိမျက်နှာပျက်ကာ ပြောလိုက်သော စကားကြောင့် ငေးကြည့်လိုက်တော့ သူ့နားနှစ်ဖက်ကို လက်နှင့် ပိတ်လိုက်၏။

"တော်ပါတော့ တောက်တဲ့ရယ်။ နင့်အသံ ငါ မကြားချင်တော့ဘူး"

"မင်းက တောက်တဲ့ကို ဘာကြောင့် စိတ်နာနေရတာလဲကွ"

"ဟာ…အစ်ကိုကြီး၊ မပြောချင်တော့ဘူး"

"လုပ်ပါကွာ၊ ငါ သိချင်ဇောနဲ့ နေ မင်းအကြောင်း မင်းပြောမှ သိရမှာတဲ့ကွ"

"စိတ်နာလို့ပါဗျာ"

"ကဲ… မင်း ဘယ်လိုဖြစ်လို့ စိတ်နာတာလဲကွ"

"အစ်ကိုကြီး ဒီလောက်သိချင်ရင် ကျွန်တော်ပြောပြပါ့မယ်။ ကျွန်တော် ဟိုတုန်းက သစ်ပင်တက်၊ အုန်းသီးခူး၊ ဆိုက်ကားနင်းရင်း စားဝတ်နေရေး ပြေလည်နေတယ်။ ကိုယ့်အလုပ် ကိုယ်ကြိုးစားလုပ်နေရင် ဒီလိုဘဝတောင် မရောက်ဘူး။ ဒါပေမယ့် ခြေလှမ်းကျဲ၊ လောဘကြီးလို့ ခုလိုကြုံရတာ။ တွေးလိုက်တိုင်း စိတ်ထဲ မကောင်းဘူး။ ဖြတ်လမ်းက လိုက်ချင်တဲ့၊ ချမ်းသာချင်တဲ့ စိတ်နဲ့ သတ္တဝါတွေကို နှိပ်စက်ခဲ့တယ်။ ငါ ချမ်းသာရင် ပြီးရော၊ ငတေမာဖို့ အဓိကဆိုပြီး ငွေရဖို့တစ်ခုတည်းပဲ ကြည့်ခဲ့တယ်။ မေတ္တာ၊ ကရုဏာဆိုတာ ဘာတစ်ခုမှ မကျန်တော့ဘူး"

"ဒါကတော့ ဖြစ်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

သဘာဝပဲကွာ၊ မင်းတစ်ယောက်တည်း ဖြစ်တာမှမဟုတ်တာ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါကြောင့်လည်း တစ်နေ့မှာ အသုတ်ဈေးထဲကို နေ့တိုင်း ခရီးသည်ပို့ရင်း ဆိုက်ကားဂိတ်မှာ ထိုင်နေတုန်း ခရီးသည်တစ်ယောက်က ဘူတာကို လိုက်ပို့ပါဆိုလို့ လိုက်ပို့ရင်း၊ အဲဒီလူက ကုန်သည်တစ်ယောက်ဖြစ်နေတယ်။ သူ့လိပ်စာလည်း ကျွန်တော့်ကို ပေးထားတယ်။ ဖုန်းနံပါတ်က စလို့ အပြည့်အစုံပေါ့။ ခက်တယ် အစ်ကိုကြီးရဲ့ ကျွန်တော်တို့ မရှိဆင်းရဲသား ဆိုတာက အရင်းအနှီးနည်းတဲ့ အလုပ်မှ ဖြစ်မှာ"

"အဲဒါက မင်း ဘာကို ပြောတာလဲ"

ငှား "ငွေမရှိတော့ အလကားရတဲ့ ပင်ဆေကို ပြောတာပါ။ သစ်ပင်ခုတ်တယ်၊ နှင့်နှန်းသီးခူးတယ်၊ ဟင်းရွက်ခူးတယ်၊ နောက် ပလီမပိုးထောင်တယ်။ ခုဆိုတောက်တဲ့ ဖမ်း၊ ပြီးတော့ ငါးရှာ၊ ငှက်ရိုက်၊ ကြွက်ထောင်ပေါ့"

"အေး၊ ဟုတ်တယ်ကွ"

"ခု ကုန်သည်နဲ့ တွေ့တော့ တောက်တဲ့ ဖမ်းပေးလို့ရရင် တစ်ကောင် ၇၀၀ဆိုတော့ တစ်ခါမှ မရစဘူးရတော့ ကျွန်တော်လုပ်မယ်ဆိုပြီး ဝမ်းသာအားရလုပ်တယ်။ ဖမ်းပုံ ဖမ်းနည်းလည်း မေးရတာပေါ့"

"လုပ်ပါဦး၊ ဘယ်လိုဖမ်းရလဲကွ"

"ကျွန်တော်တို့မှာ တုတ်တံ တစ်ချောင်း။ ယူရီးယားမြေသြဇာအိတ်တစ်အိတ်၊ လက်ကို ပလတ်စတစ်ပတ်ပြီး သစ်ပင်ပေါ် တက်ရတယ်။ လွယ်လွယ်လေးရယ်။ အရင်းအနှီးလည်း ဘာမှ မကုန်ဘူးမဟုတ်လား"

"အေး၊ ဟုတ်တယ်"

"ပထမတုန်းက တောက်တဲ့ နေတဲ့ ညောင်ပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေ၊ သရက်ပင်တွေ၊ သစ်ခေါင်းတွေမှာ တက်ဖမ်းရတာ။ အခေါင်းထဲ ဝင်သွားရင် ကြက်သွန်နီ ဖင်ပြတ်ပြီး တုတ်နဲ့ တို့လိုက်ရင် "ကွတ်…ကွတ်…" ဆို ထွက်လာတယ်။ အဲဒါ မကြောက်မှ ပလတ်စတစ် လက်အိတ်နဲ့ ကိုင်ပြီးတော့ ပြောင်းပြန်ဆွဲလိုက်ရင် ပါလာရော။ ရတဲ့ ကောင်ကို ယူရီးယားအိတ်ထဲ ထည့်ပြီး ကြိုးစည်းထားရင် ရပြီ"

"မင်း ဘယ်နှကောင်တောင် ရသလဲ"

"ကျွန်တော် ဒီခြံထဲက ကုက္ကိုပင်ခေါင်းတွေမှာ ဖမ်းတာ တစ်နေ့ ၁၀ ကောင်လောက် ရတယ်။ သုံးခွမှာ ဖုန်းဆက်ပြီး ကုန်သည်ကို သွားပို့ရတာ။ ပထမတစ်ကောင် ၇၀၀ ကနေ ၁၅၀၀ ထိ ပေးတော့ ၁၀ကောင်ဆို ၁၅၀၀၀ ရတာ။ ဒီလိုဝင်ငွေမျိုး ဘယ်မှာ ရလိမ့်မတုန်း"

"ဟုတ်တယ်ကွ၊ ငွေဆိုတာ မကြိုက်တဲ့သူ ဘယ်ရှိမှာတုန်း"

"နောက်တော့ တောက်တဲ့သံကိုပဲ နားထောင်နေတယ်။ ကြားပြီဆိုရင် ကျွန်တော့်ရင်ထဲ ဖော်မပြတတ်အောင် ပျော်လာတယ်။ ဒီနားတစ်ဝိုက်က ညောင်ပင်ကြီးတွေ၊ အပင်ကြီးတွေမှန်သမျှ ကျွန်တော် မတက်ဖူးတာ မရှိသလောက်ပါပဲ"

"မင်းဝင်ငွေ တော်တော်ကောင်းတာပေါ့"

"ကျွန်တော် စားဝတ်နေရေး တော်တော်ပြေလည်လာတယ်။ နောက်တော့ သစ်ပင်ခုတ်ရင်း တောက်တဲ့ဖမ်း၊ အုန်းသီးတက် လုပ်တယ်။ ဆိုက်ကား လုံးဝ မနင်းတော့ဘူး။ ဒီလိုနဲ့ တောက်တဲ့ဖမ်းတဲ့ အလုပ်ကို လူတော်တော်များများ လိုက်လုပ်ကြတယ်။ မြွေချင်း ခြေမြင်လာကြတယ်။ လေး
ကြိမ် အလုပ်ဖြစ်တယ်။ အင်း…ပြ
ချင်တော့ လေးတင်းကုတ်ရွာထဲ
ညောင်ပင်ပေါ်က တောက်တဲ့ပါ။ ဆေ
လိုက်တဲ့ အသံကလည်း ပြည့်မှ ပြ
သစ်ပင်က ကွဲနေလို့လား မသိ
သစ်ခေါင်းသံပါ ပါလာတယ်။ ထေ
တော်ကြီးတဲ့ အကောင်။ သူ့အော်လို
ရင် ရွာထဲမှာ ပဲ့တင်သံ ဟိန်း,ဟိန်း
တယ်"

"မင်း ဖမ်းဖြစ်သေးလား"

"ဘယ်နေပါ့မလဲ။ ကျွန်တေ
ညောင်ပင်ပေါ်ကို တက်ပြီး အခေါင်း
ကို ကြည့်လိုက်တော့ မျက်လုံး
တဝင်းဝင်းနဲ့ အကောင်တွေ၊ ဥ
မနည်းပါဘူး။ ညောင်ခေါင်းက န
တော့ အလယ်လောက်မှာ အပေါ
ဖြတ်ဖောက်လိုက်ပြီး နှိုက်မယ်
တော့ မြွေဟောက်ကြီး ထွက်
တယ်။ ဒေါသကြီးနေတယ်။ ပါး
ခွက်ပြီး ဟီးဟီး…ဟီးဟီးနဲ့ တွ
ပေးလာတယ်။ ကျွန်တော်လည်
တောက်တဲ့ကို မဖမ်းမိဘဲ မြွေကိုက်
ပြုတ်ကျသေမှာစိုးပြီး အတင်းဆင်
တယ်။ မြွေကလည်း ဒေါသကြီးတ
နောက်က လိုက်လာတယ်။ ပြေး
ရတာ မောကြီးပန်းကြီးကျနေတ
အဲဒါ အစ်ကို ခင်ရွှေကြီးကုန်းနားအ
ပါပဲ"

"နောက်တော့ရော မင်း ဘ
သေးလဲ"

"ကျွန်တော် ညဘက်တွေ
အိပ်ရာဝင်ပြီး အိပ်ပျော်သွား
တောက်တဲ့ကြီးတစ်ကောင်က
တော့်ကို ကိုက်မယ့်ဟန်၊ ကုတ်
ဟန်နဲ့ လက်သည်းကြီးတွေ ထွက်
တယ်။ ပါးစပ်ကလည်း အစွယ်ကြီး
ချွန်မြနေတယ်။ အကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြည်းဖြည်းကြီးလာတယ်။ ခုန်အုပ်ဆိုတဲ့တန် အမြဲလုပ်တယ်။ အဲဒါနဲ့ ကျွန်တော်လည်း အရမ်းကြောက်ပြီး အရောက်မှာကို စိုးရိမ်နေရတယ်။

"အေး၊ အဲဒါဆို မင်း နာနာဘာဝ အကြောက်ခံရတာပဲ"

"ဗျာ…"

"ဟုတ်တယ်၊ ငါကြားဖူးတာ ပြောပြမယ်။ တို့ မြတ်ဗုဒ္ဓဟောတဲ့ တရားတော်ထဲမှာ ၃၁ဘုံဆိုတာ ရှိတယ်။ အဲဒါ ငရဲ၊ တို့ လူ့ဘုံ၊ နတ်ဘုံ ဘုံ၊ ဗြဟ္မာ ၂၀ဘုံနဲ့ တိရစ္ဆာန် ၃ဘုံ ပြီး ရှိတယ်။ တို့နဲ့ အနီးဆုံးမှာ နေတဲ့ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်ဆိုတာ သိခြားတော့ မရှိဘူး။ ရောနေတယ် နော်။ ထိုအထက်ဘုံက နတ်ဘုံ။ အဲဒီမှာ လောကပါလ နတ်မင်းကြီး၊ သာသနာစောင့် နတ်မင်းကြီး လေးပါး ရှိတယ်။ တို့လူသားတွေကို စောင့်ရှောက် ကာကွယ်ကြတယ်။ နတ်စစ်သူကြီးတွေလည်း ရှိတယ်။ နောက် ဘုမ္မစိုး၊ အာကာသစိုး၊ မြေစောင့်နတ်၊ ရေစောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ ယက္ခဝနတ်တို့ ဖြစ်တယ်။ ရုက္ခစိုးဆိုတာ သစ်ပင်ကြီးတွေမှာ သူတို့ဘုံဗိမာန်နဲ့ နေကြတာ။ တစ်ခါ သူ့ကို ဝိုင်းရံ စောင့်ရှောက်တဲ့ တစ္ဆေ၊ သရဲ၊ သင်းကွဲ၊ ပြိတ္တာ၊ ဖုတ်၊ ကျတ်၊ မှင်စာဆိုတာလည်း ရှိတယ်နော်။ ငါတို့ လူ့အသိုင်းအဝန်းလို ခေါင်းဆောင်နဲ့ နောက်လိုက်ငယ်သားတွေနဲ့ ပေါ့ကွာ"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ကြားဖူးတယ်"

"ဥပမာ - ညောင်ပင်တို့လို သစ်ပင်ကြီးတွေဆိုတာ ဘယ်သူကမှ ဘယ်နှခုနှစ်က ပေါက်တယ်လို့ မသိကြဘူး။ အဲဒီတော့ အပင်ကြီးလာရင် အစောင့်အရှောက်တွေ နေကြတယ်။ ဗိမာန်ဆောက် ဟန်ခိုးဣဒ္ဓိပါတ်နဲ့ နေကြတယ်။ ဒီတော့ကွာ၊ သူတို့အနားမှာ ကပ်စားပြီး အခိုင်းအစေ၊ အခြွေအရံတွေက ရှိလာတယ်။ မင်းကြားဖူးမှာပေါ့။ တစ္ဆေနဲ့ နပန်းသတ်ရင်း ဓားနဲ့ ထိုးသတ်လို့ သေသွားတယ်။ မနက်လည်းကျရော ပုတ်သင်တို့ ကင်းလိပ်ချောတို့ဟာ ဓားတန်းလန်းနဲ့ သေနေတယ်ဆိုတာလေ"

"ဟုတ်ကဲ့၊ ကြားဖူးတယ်။ သိပ် စိတ်ဝင်စားစရာကောင်းတာပဲ"

"အေး၊ တောက်တဲ့တို့၊ အိမ်မြှောင်တို့၊ ကင်းလိပ်ချောနဲ့ ပုတ်သင်တို့ အပြင် မြွေတွေဟာလည်း သူတို့အခိုင်းအစေခံတွေပါပဲ"

"ဟုတ်လား အစ်ကိုကြီး၊ အံ့ဩစရာပါလား"

"ဒီလိုကွ၊ မင်းတို့ ခု တောက်တဲ့ ဖမ်းတယ်။ နောက်ဆို တောက်တဲ့ မြင်ရမှာတောင် မဟုတ်ဘူး။ သူတို့က ကာမ္မဝိဒ္ဓိစွမ်းအားရှိတယ်။ သူတို့ကို ဖမ်းမယ်ဆိုရင် ကြိုသိတယ်။ နောက်ပြီး အရောင်အမျိုးမျိုးပြောင်းနိုင်တယ်။ အကောင်ကြီးလို့ထင်ပြီး ဖမ်းလိုက်ပေမယ့် လက်နဲ့ ထိတာနဲ့ တဖြည်းဖြည်း သေသွားတယ်။ သူတို့က အားကောင်းတယ်၊ အသက်ပိုရှည်တယ်၊ ရောဂါတွေ ပျောက်တယ်ဆိုပြီး ဟိုး ယိုးဒယား စားသောက်ဆိုင်တစ်ခုမှာ အရှင်မွှေးတဲ့ တောက်တဲ့ကို မှန်အိမ်ထဲက ထုတ်ပြီး ဗိုက်ထဲက ကလီစာတွေ ထုတ်၊ အိုးထဲ ထည့်ပြီး ပြုတ်သောက်တာကို တီဗွီထဲမှာ မြင်ဖူးလိုက်တယ်။ သူ့ရဲ့ ချေးက လူစားတဲ့ အစားအသောက်ထဲမှာ ပါသွားရင် အဆိပ်ဖြစ်ပြီး သေတယ်။ အဲဒီလို ကြောက်စရာကောင်းတာကွ။ လူ့ကို ကပ်ရင်လည်း မိုးကြိုးပစ်မှ ကွာတယ်လို့ ရှေးလူကြီးတွေက ပြောခဲ့တယ်"

"ဟာ… ဒီလိုဆို ကြောက်ဖို့ကောင်းတယ်နော်"

"အေး၊ ငါ့ညီမတစ်ယောက် တောက်တဲ့ အကိုက်ခံရဖူးတယ်။ အာနီတဲ့ တောက်တဲ့ပဲ။ အဆိပ်တက်ပြီး ဖျားတယ်။ နောက် အဲဒီအဆိပ်က လူ့ခန္ဓာကိုယ်မှာပျံ့ရင် သမင်ဖြူတို့၊ ခရုသင်းတို့လို အသားတွေ ကွက်လာလိမ့်မယ်။ မင်းသတိထား၊ အကိုက်ခံရရင် မြန်မြန် ဆေးကုပစ်လိုက်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ တစ်ခါမှတော့ အကိုက်မခံရပါဘူး"

"နောက်ဆို တောက်တဲ့ကို ရုက္ခစိုးတွေက အသံရော အကောင်ပါ လူတွေ မမြင်အောင် လုပ်လိမ့်မယ်။ မင်း ခုဆို ယုံချင်မှ ယုံမှာ။ ကြာရင် သိပါလိမ့်မယ်။ တချို့လူကြီးတွေက တောက်တဲ့ လာရင်၊ အိမ်မှာ နေရင် လာဘ်ကောင်တဲ့၊ အိမ်တိုင်းလည်း မနေဘူး။ အေး ငါထင်တာက တောက်တဲ့ဟာ အဲဒီမိသားစုနဲ့ မကင်းတဲ့သူဖြစ်လို့ အဲဒီအိမ်နဲ့ အိမ်မှာ ရှိတဲ့ ပစ္စည်းဥစ္စာတွေကို စွဲနေလို့ကွ"

"ဟာ…ဟုတ်ပါ့မလား အစ်ကိုကြီး"

"မင်းကို အထောက်အထားနဲ့ ပြောမယ်။ ဟိုး ကိုလိုနီခေတ်က တို့နိုင်ငံမှာ ငါးနှစ်သား အဘိဓမ္မာစာဟောဆရာ မောင်ထွန်းကြိုင်ဆိုတာ ပေါ်ခဲ့ဖူးတယ်။ သူက ဇာတိသရဉာဏ် ရထားတဲ့ ပုဂ္ဂိုလ်။ သူပြောတဲ့ အကြောင်းထဲမှာ သူက ပန်းတနော်မြို့က ကျောင်းတိုက်ကြီးတစ်ခုရဲ့ ဆရာတော်ကြီး။ ဝိနည်းလည်း သိပ်ထိုတယ်။ အကျင့်သီလလည်း ပြည့်စုံတယ်။ ပျံတော်မူခါနီး ငွေဒင်္ဂါး ၉ပြား တိုင်ခေါင်းထဲမှာ ထည့်ထားတာကို စွဲပြီး တောက်တဲ့ဘဝနဲ့ ၂နှစ်နေရတယ်။ နောက်တော့ သာခုခေါ်ပြီး ကျွတ်သွားတယ်။ သူ့ အခု


www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်းကြိုင်ဘဝရောက်ဖို့ အဲဒီကျောင်းရှေ့ ညောင်ပင်မှာ ရက္ခစိုးဖြစ်ပြီးမှ လူဝင်စားဖြစ်ပြီး ကိုယ်တိုင် နိုက်ယူပြမှ ယုံကြတယ်တဲ့။ ဒီတော့ကွာ၊ ရက္ခစိုးနဲ့ အဲဒီ တောက်တဲ့ ဆိုတဲ့ သတ္တဝါတွေဟာ ဆက်စပ်နေတယ်နော်"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

"ဒါနဲ့ မင်း ဘာလို့ တောက်တဲ့ ဆက်မဖမ်းတော့တာလဲ"

"အစကတော့ ဖမ်းပါတယ်။ ဒါပေမယ့် ဖမ်းထားသမျှ အကောင် ၂၀/ ၂၅ ကို လှောင်ချိုင့်ထဲမှာ ထားတယ်။ တောက်တဲ့တွေ တစ်ကောင်ပြီး တစ်ကောင် သေကုန်တယ်၊ သေပြီးရင် အပုပ်နံ့က လှိုင်နေတယ်။ ဒီနေ့သေ၊ နောက်နေ့ အရိုးကျကုန်ရော။ နောက်တော့ ဝယ်သူလည်း မလာတော့ဘူး။ ကျွန်တော်လည်း ရှိစုမဲ့စုလေးနဲ့ ဆေးကုရတာ ကုန်ပါရော"

"အေး၊ သတိတော့ထား။ မြင်အပ်၊ မမြင်အပ်လို့ ဘုရားဟောတယ်။ မင်းတို့၊ ငါတို့ မမြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေကွ။ သူတို့ကို မေတ္တာလက်နက်နဲ့ ပစ်မှ မေတ္တာရောင်ပြန်ဟပ်မှာ။ မင်းတို့က သူတို့ ဗိမာန်၊ သူတို့ အဆောက်အအုံတွေကို ဖျက်၊ သူတို့မိသားစုတွေ တကွဲတပြားဖြစ်အောင်လုပ်တော့ သူတို့ ပူဆွေးသောကရောက်ရတာပေါ့။ အဲဒီတော့ သူတို့ ဘယ်ကျေနပ်ပါ့မလဲ။ ဒါကြောင့် သစ်ပင်ခုတ်တဲ့သူကို သစ်ပင်ပေါ်က တွန်းချပြီး သေအောင် လုပ်တယ်။ မြွေဆရာကိုတော့ မြွေကိုက်ပြီး သေအောင် လုပ်တယ်ဆိုတာ မှန်တယ်။ ကိုယ်က ကံငယ်တဲ့အခါမျိုးမှာ သူတို့က မီးရထားလာတာ၊ ကားလာတာကိုတောင် ကွယ်ထားနိုင်လို့ တိုက်သေကြတာ လူတွေလည်း မနည်းတော့ဘူး"

"ဟုတ်ပါတယ်"

"ကဲ… သမာအာဇီဝအလုပ်နဲ့ ထမင်းတစ်လုတ်စားပါကွာ။ အကုသိုလ်အလုပ်နဲ့ ဟင်းကောင်းမစားချင်နဲ့။ အဆိပ်သင့်တတ်တယ်။ ဒီတော့ ပြုခဲ့သမျှတွေကို သင်ပုန်းချေ၊ မေတ္တာပို့၊ အမျှဝေ။ အလှူအတန်းလုပ်တဲ့အခါတိုင်း အမျှဝေပေါ့ကွာ။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကို ပုံတော်ထင်အောင် ညစဉ်ဦးခိုက် ဝတ်ပြုပါကွာ။ တဖြည်းဖြည်း မင်း လူကောင်းပကတိဖြစ်သွားမှာပါ။ သတိတော့ လက်မလွှတ်စေနဲ့"

◆◆◆

ယခုအကြောင်းအရာသည် ၁၉၉၇ ခုနှစ်လောက်က ဖြစ်သည်။ အချိန် ၁၅နှစ်ခန့်ပင် ရှိချေပြီ။ ယခုဆိုလျှင် မောင်ထွန်းစိန်တစ်ယောက် တောက်တဲ့ ထွန်းစိန် မဟုတ်တော့ဘဲ ဆိုက်ကားဆရာ ထွန်းစိန်ဖြစ်နေပေပြီ။ ယခုလို တောက်တဲ့တစ်ကောင်ကို သိန်းထောင်ချီပေးနေတဲ့ အချိန်မျိုးမှာ ဖမ်းလိုက်လို့ကတော့ တစ်နေ့တည်းနှင့် သူဌေးဖြစ်နိုင်၏။ သို့သော် ထွန်းစိန် ဘာလို့ မဖမ်းတော့တာလဲ။ သူကိုယ်တိုင် ခံစားနေရတဲ့ ညောင်ပင်ပေါ်က အရိပ်တစ္ဆေ တောက်တဲ့ကြီးကြောင့်ပဲလား။ ယနေ့တော့ ဘယ်နေရာမှာမှ တောက်တဲ့ အော်သံ မကြားရတော့ပေ။

လာဘ်ကောင်တွေရေ… ဘာလို့ မအော်ကြတော့တာလဲ။ ဘယ်သူတွေကို ကြောက်လို့လဲ။ အော်ကြပါဦး၊ အော်ဦးလေကွာ ■

* * *

မင်းတိုင်ပင်(မြဲရောင်မြေ)

"သေမင်းနှင့် စစ်ခင်းချိန်"

ရန်သူနှင့်ရင်ဆိုင် တိုက်ပွဲ၌ မိမိတွင်ရှိသည့် ခဲယမ်းမီးကျောက်ကို ကောင်းစွာ အသုံးချတတ်မှ လိုပေသည်။ စိတ်ထင်ရာ ရော်ရမ်းမှန်းဆ၍ ပစ်ခတ်လို့မရ ရန်သူ့ပစ်မှတ်ကို သေချာပိုင်နိုင်စွာ ပစ်တတ်မှသာ မိမိ၏လက်နက်ကို ထိရောက်စွာ အသုံးချရာ ရောက်ပေသည်။

ဗုဒ္ဓ၏တရားတော်



www.burmeseclassic.com

www.burmeseclassic.com

■ တ က္က သို လ် စိုး မိုး နိုင် ■

# ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ရွှေသဇင်
ဘစည်မြို့ မန္တလေးတိုင်း။
မေး ။ ဘဝအောင်မြင်မှုတစ်ရပ်ကို သိချင်ပါသည်။
ဖြေ ။ ရွှေသဇင်သည် တရုတ်ရိုးရာဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ နွားနစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၆)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ပြိဿရာသီဖွားဖြစ်ခြင်းကြောင့် ဖွဲ့ လှဲ့လှ၊ ဝီရိယပြင်းပြသူ၊ ပင်ကိုယ်စိတ်ရင်းကောင်းသူ ကိုယ့်ဖူးကိုယ်ချွန် ကြိုးစားတတ်သူ၊ ခင်မင်ဖော်ရွေတတ်သူဖြစ်သည်။

ဘဝအောင်မြင်မှု တည်ဆောက်ရာတွင် စိတ်ဖိစီးမှု နည်းပါးအောင် နေထိုင်ခြင်းသည် အရေးကြီးလှပါသည်။ ထို့ကြောင့် စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်နိုင်မည့် နည်းလမ်းကောင်းကို ဖော်ပြပေးလိုက်ရပါသည်။

**စိတ်ဖိစီးမှု နည်းပါးအောင် နေထိုင်ခြင်း**

စိတ်ဖိစီးမှု မရှိအောင် နေထိုင်သင့်ပါသည်။

* လေးလံထိုင်းမှိုင်း စိတ်ဖိစီးခဲ့လျှင်. . .
* တစ်ခါတစ်ရံမှာ မလှုပ်ချင် မကိုင်ချင်နဲ့ အင်မတန်အင်အားကုန်ခန်းဖြစ်ခဲ့လျှင်. . .

(၁) ဦးစားပေးများ ရွေးချယ်ပါ။
(၂) လုပ်ရိုးလုပ်စဉ်ဖြစ်အောင် ဖန်တီးပါ။
(၃) ပုံမှန် နေထိုင်ပါ။
(၄) ကောင်းကောင်းစားပါ။
(၅) ကော်ဖီ၊ လက်ဖက်ရည် မစွဲပါစေနှင့်။
(၆) အသီးအနှံ အစိမ်းရောင် လတ်ဆတ်သော အသီးအရွက်၊ အချဉ်ဓာတ်ပါသော အစားအစာများကို စားပါ။
(၇) နားနားနေနေ နေပါ။ လွတ်လွတ်လပ်လပ် ဝတ်စား နေထိုင်ပါ။
(၈) အောင်မြင်နေသူများကို အတုယူပါ။
(၉) အသက်ပြင်းပြင်းရှူပါ။ အသက်ရှူ လေ့ကျင့်ခန်းများကို လုပ်ပါ။ တရားထိုင်ပါ။ ယောဂကျင့်စဉ် ကျင့်ပါ။
(၁၀) စိတ်ဖိစီးမှုဖြစ်သော အကြောင်းများကို သိအောင် ကြိုးစားပါ။
(၁၁) ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားပါ။
(၁၂) ငါးစားပါ။ ငါးထဲမှာ ပါဝင်သော အိုမီဂါ (၃) ဖက်တီးအက်စစ်ဓာတ် စိတ်ဖိစီးမှုကို လျော့ကျစေသည်။
(၁၃) ကာဗိုဟိုက်ဒြိတ်ဓာတ်မျိုးစုံပါဝင်သော အစိမ်းရောင် ဟင်းသီးဟင်းရွက်များကို နေ့စဉ်စားပေးပါ။ ထို့အပြင် ဗီတာမင်ဘီ(၆)ဓာတ်ပါဝင်သော ငှက်ပျောသီး၊ ပြောင်းဖူးစေ့၊ စတော်ဘယ်ရီသီး၊ အခွံမာသီး၊ ကြက်သား၊ ကညွတ်ညွန့်၊ ပြောင်းဖူးစေ့၊ နာနတ်သီး၊ ပဲအမျိုးမျိုး၊ ဆလတ်ရွက်၊ သခွားသီး၊ မြေပဲ၊ ခရမ်းချဉ်သီးတို့ကို မှန်မှန်စားသုံးပေးပါ။ (နေ့စဉ် ရေရှစ်ခွက် အနည်းဆုံး သောက်သုံးပေးပါ။)

ကံမြင့်
ပဲခူး။
မေး ။ ဘဝအောင်မြင်မှုအတွက် ကျင့်စဉ်တစ်ရပ်ကို သိချင်ပါသည်။
ဖြေ ။ ကံမြင့်သည် တရုတ်ရိုးရာဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ ကြွက်နှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၁)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မြိတ္ထုရာသီဖွားဖြစ်ခြင်းကြောင့် မည်သည့်ကိစ္စတွင်မဆို ဦးစီး ဦးဆောင်လုပ်တတ်သူ၊ အကောင်းကြိုက်သူ၊ အစားအသောက်ကောင်းကို မက်မောသူဖြစ်သည်။

ဘဝအောင်မြင်မှုကို ရရှိလိုသူကို ကံမြင့်အနေဖြင့်. . .

(၁) မိမိဘဝ တိုးတက်ကြီးပွား အောင်မြင်အောင် ဆောင်ရွက်ရမည့်အလုပ်နှင့် တာဝန်မှာ မိမိ၏ အလုပ်၊ မိမိ၏ တာဝန်သာဖြစ်သည်။
(၂) ဘဝအောင်မြင်မှုအတွက် အကောင်အထည်


www.burmeseclassic.com

www.burmeseclassic.com

ဖော်ရာတွင် မိသားစုဝင်အချင်းချင်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် စည်းလုံးညီညွတ်စွာ ကြိုးစားပါ။

(၃) အတ္တာဟိ၊ အတ္တနော နာထော - မိမိကိုယ်သာ ကိုးကွယ်ရာအစစ်ဖြစ်သည်ဟု ဂေါတမဗုဒ္ဓ မြတ်စွာဘုရား ဟောကြားခဲ့သည်။ ထို့ကြောင့် ကိုယ့်ဒူး ကိုယ်ချွန်လျက် ကြိုးစားအားထုတ်ပါ။

(၄) သူတစ်ပါး၏ အတွေ့အကြုံ နည်းပညာသစ်များကို ပညာယူ အသုံးချပါ။ တစ်ဖန် မိမိကိုယ်တိုင် ဆန်းသစ်တီထွင် ကြိုးစားပါ။ အသစ်တီထွင် ဖန်တီးနိုင်မှုကသာလျှင် မိမိဘဝ အမှန်တကယ် မြင့်မားတိုးတက် အောင်မြင်နိုင်ပေ လိမ့်မည်။

(၅) မိမိဘဝတိုးတက်အောင်၊ ချမ်းသာအောင် ကြိုးပမ်းရာတွင် ကလျာဏမိတ္တသမ္ပဒါ - မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းဖော်ခြင်းဟူသော အချက်သည် အရေးကြီး၏။

(၆) လိမ့်နေသော ကျောက်တုံးသည် ရေညှိမကပ်နိုင်ဘိသကဲ့သို့ အလုပ်တစ်ခုမှ တစ်ခုသို့ အပြောင်းအလဲများလွန်းခြင်းသည်လည်း ဘဝမြင့်မားမှုကို အဟန့်အတားဖြစ်စေလိမ့်မည်။ ဘဝတိုးတက်စေရန် မည်သည့်ကိစ္စကိုပဲလုပ်လုပ် ဇောက်ချလုပ်ကိုင်ပါ။

(၇) အကြောင်းကောင်းမှ အကျိုးပေးကောင်းမည်ဖြစ်သောကြောင့် အကြောင်းကောင်းအောင် လုပ်ပါ။

အထက်ပါ နည်းလမ်းများကို လိုက်နာပြီး မိမိဘဝကို မိမိဘာသာ အဆင့်မြှင့်တင်လိုက်ပါ။

**နှင်းနှင်း**
**မေမြို့**

**မေး။** ကျန်းမာရေးအတွက် နည်းလမ်းကောင်းကို သိလိုပါသည်။ (အိပ်ရေးဝဝ အိပ်စက်ရန် နည်းလမ်းကောင်းလေး လို ချင်ပါသည် ဆရာ။)

**ဖြေ။** ။ နှင်းနှင်းသည် တရုတ်ရိုးရာဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ ကျားနှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီးကိုင်ရီရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၉)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ တူရာသီဖွားဖြစ်ခြင်းကြောင့် ဘာသာတရားမြဲမြံသူ၊ မိမိဖြစ်ချင်သည့် အိပ်မက်ကို ရဲရဲရင့် အကောင်အထည်ဖော်တတ်သူဖြစ်သည်။

ကျန်းမာရေးအတွက် အိပ်ရေးဝဝအိပ်ခြင်းသ[illegible] အရေးကြီးပါသည်။ အိပ်ရေးဝဝအိပ်နိုင်ရန် နည်းလမ်းကော[illegible] ကို ဖော်ပြပေးလိုက်ပါသည်။

**အိပ်ရေးဝဝ အိပ်တတ်ပါစေ**

(၁) နံနက်အိပ်ရာထချိန်သတ်မှတ်ပြီး ပုံမှန် အိပ်ရာ[illegible] ပါ။

(၂) နေ့စဉ် မိမိနဲ့ သင့်လျော်မယ့် ကိုယ်လက်လှုပ်[illegible] လေ့ကျင့်ခန်းလေးများ မှန်မှန်လုပ်ပါ။

(၃) လေဝင် လေထွက်ကောင်းသော အိပ်ခန်း။ သ[illegible] ရှင်းမှုရှိသော အိပ်ရာဖြစ်ပါစေ။

(၄) အိပ်ခန်း၏ အလင်းရောင်သည် မနည်းလွ[illegible] မများလွန်းရှိပါစေ။

(၅) မွေ့ရာ၊ ခေါင်းအုံး မမာလွန်း မပျော့လွန်း။ မ[illegible] လွန်း၊ မနိမ့်လွန်းပါစေနှင့်။

(၆) အပူအစပ်လျှော့စားပါ။ တတ်နိုင်လျှင် အပူအ[illegible] လုံးဝမစားသင့်ပေ။ အာဟာရပြည့်ဝသော အ[illegible] အစာကို ရွေးချယ်စားသောက်တတ်ပါစေ။

(၇) အိပ်မပျော်လျှင် ဇွတ်မအိပ်နှင့်။ အိပ်ရာမှ ထ[illegible] စာဖတ်လိုက်ပါ။ စာရေးပါ။ စာဖတ်လျှင် န[illegible] ခက်ခဲပြီး ဖတ်၍ နားမလည်သော စာကြီးပေ[illegible] ကျမ်းဂန်များကို ရွေးဖတ်ပါ။ မကြာမီ မျ[illegible] ညောင်းညာလာပြီး အိပ်ချင်လာပေလိမ့်မ[illegible] ထိုအခါကျမှ အိပ်ရာပြန်ဝင်အိပ်ပါ။ တ[illegible] ဖြည်း အိပ်ပျော်သွားပေလိမ့်မယ်။ သို့မဟု[illegible] အလုပ်တစ်ခု ကို ရှာကြံလုပ်ပါ။

(၈) အိပ်ပျော်စေရန် တရုတ်နံ့နံ့ပင်ဖျော်ရည်သော[illegible] ပါ။ တရုတ်နံ့နံ့က ဆီးရွှင်စေပါတယ်။ မောပန်း[illegible] နယ်ခြင်း ကင်းစင်လန်းဆန်းလျက် ကြော[illegible] လန့်စိတ်ကင်းစေတတ်၏။

(တရုတ်နံ့နံ့ပင်သည် ကျောက်ကပ်ရောဂါဝေဒနာ[illegible] များနှင့် မသင့်ပါ။)

အထက်ပါ နည်းလမ်းများကို ကျင့်သုံးပြီး နှင်း[illegible] တစ်ယောက် ကောင်းစွာ အိပ်စက်အနားယူပြီး ကျန်း[illegible] ရွှင်လန်းသောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

* * *

စာဏ္ဍာသိုလ်စိုးမိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ နေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းအမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ ဉီးရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** • ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** • ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** • ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** • ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** • အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** • ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** • အပ်စပ်သော အမိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ____________________

မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

မိမိမေးလိုသည့် ။ ။ ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ဖော်ပြပါ။

**A** ( ) **B** ( ) **C** ( ) **D** ( ) **E** ( ) **F** ( ) **G** ( )

✂ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် - ၁၇၉(မြေညီထပ်)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com



## ဦးဇေယျာကို (နက္ခတ်သိပ္ပံ)

# နယ်သာလန်ထီးနန်းလွှဲပြောင်းမှု ရာဇဘိသိက်ခံမင်္ဂလာအခမ်းအနား

နယ်သာလန်နိုင်ငံသည် မြန်မာနိုင်ငံ၏ တနင်္သာရီတိုင်းတစ်ခုစာမျှသာ အရွယ်အစားပမာဏရှိသော နိုင်ငံငယ်တစ် သော်လည်း ၁၇ရာစု ကမ္ဘာပေါ်တွင် အင်အားခိုင်မာတောင့်တင်းသော ရေကြောင်းကျွမ်းကျင်သည့် ကိုလိုနီပိုင် နိုင်ငံတစ် အဖြစ် ရပ်တည်နိုင်ခဲ့ပေသည်။ ၁၉၈၈၊ ကမ္ဘာ့ဖလား ချန်ပီယံဖြစ်ခဲ့သော ဟော်လန်အသင်း၏ မွေးရပ်မြေ နယ်သာလ လိမ္မော်ရောင်အား အဓိပတိအရောင်အဖြစ် အထွတ်အမြတ်ထားသည့် ဒတ်ချ်လူမျိုးများ နေထိုင်ကြပေသည်။စည်းမျ ဘုရင်စနစ်ဖြင့် အုပ်ချုပ်၍ အုပ်ချုပ်ရေးအာဏာအား ကက်ဘိနက်အစိုးရအဖွဲ့၏ လက်ဝယ်တွင် ထားရှိ၍ ဥပဒေ အာဏာအား အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ပေါင်းစည်းထားသော ပါလီမန်၌ ထားရှိပေသည်။ နိုင်ငံအရွ အစား သေးငယ်သော်လည်း နေထိုင်သည့် ဒတ်ချ်လူမျိုးတို့၏ စိတ်ဓာတ်စွမ်းပကားမှာ မြင့်မားလွန်းလှသည်၊ မြောက်ပင်လယ် ဆက်စပ်နေသော ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၂၀ခန့် နိမ့်ကျနေသော နယ်သာလန်၏ သဘာဝ ရေမြေ ကြောင့် နယ်သာလန် ဒတ်ချ်တို့အား ကမ္ဘာ၌ စိတ်ဓာတ်ကြံ့ခိုင်သူများအဖြစ် မှတ်တမ်းပြုခဲ့ရပေသည်။ မြေနိမ့်ပိုင်းဒေသ သို့ စီးဝင်လာသော မြောက်ပင်လယ်မှ ပင်လယ်ရေများကို ခုခံကာကွယ်တားဆီးနိုင်ရေးအတွက် နည်းလမ်းအမျိုး အသုံးပြု ကြံဆကြရသည်။

နယ်သာလန် ဒတ်ချ်တို့သည် ပေ ၂၀၀၊ ၃၀၀မြင့်သော ရေကာတာကြီးများအား အားကျိုးမာန်တက် တည်ဆော ကြရသည်။ မြေနိမ့်ပိုင်းမှ ရေများအား လေရဟတ်များ အကူအညီဖြင့် မြောက်ပင်လယ်ဆီသို့ ပြန်လည် ပို့ဆောင်ကြ သည်။ သို့ဖြစ်၍ နယ်သာလန်အား အမြဲအမှတ်ရစေမည့် ပြယုဂ်တစ်ခုကား ကျေးလက်၊ မြို့ပြမကျန် တည်ဆောက်ထ သော လေရဟတ်များပင် ဖြစ်ပေလိမ့်မည်။ မြောက်ပင်လယ်၏ ပင်လယ်လှိုင်းတံပိုးများဖြင့် အမြဲတစေ စစ်ခင်းနေရသေ နယ်သာလန်ဒတ်ချ်လူမျိုးများသည် ငွေ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်ခွန်အားများအား ကောင်းနေသည့်အတွက် နိုင်ငံတစ်နိုင်ငံ အမျိုးသားရေးဇာတိမာန်ကို ဖော်ညွှန်းသော ဘောလုံးအားကစားတွင် ထိပ်တန်းအဆင့်၌ ရပ်တည်နေပေသည်။ မကြာသေ အချိန်ကာလအတွင်း နယ်သာလန်နိုင်ငံတွင် မင်းပြောင်းမင်းလွှဲ ထီးနန်းလွှဲပြောင်းမှု အခမ်းအနားကြီးတစ်ရပ်အား စည် ထည်ဝါစွာ ကျင်းပခဲ့ပေသည်။ ယင်းအခမ်းအနားသို့ လက်ရှိ ကမ္ဘာပေါ်ရှိ မင်းဆွေမင်းမျိုးအသိုင်းအဝိုင်းမှ တော်ဝင် မိသားစု တက်ရောက် ချီးမြှင့်ခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com




၁၉၈၀၊ ဧပြီ ၃၀ရက်နေ့တွင် နယ်သာလန် ဝီလျှန်မင်းဆက်၏ ၆ဆက်မြောက် ဘုရင်မကြီး ဘီထရက်(Beatrix)သည် ထီးနန်းစံသက် ၃၃နှစ်ပြည့်မြောက်ပြီဖြစ်သည့်အတွက် သားတော်ဖြစ်သူ မင်းသား ဝီလျှန်အဲလက်ဇန်းဒါး(Willem-Alexander)အား နယ်သာလန် ထီးနန်းအား မင်းခမ်းမင်းနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဘုရင်မကြီးသည် သက်တော် ၇၅နှစ်ရှိပြီဖြစ်သည့်အတွက် ထီးနန်းကို ဆက်လက် မဆုပ်ကိုင်တော့ဘဲ သားတော် အိမ်ရှေ့မင်းသားထံသို့ ကြိုတင်၍ လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။ သူမ၏ အဘွားဖြစ်သူနှင့် မိခင်ဖြစ်သူ နယ်သာလန် ဘုရင်မကြီးတို့မှာလည်း ထိုကဲ့သို့ ထီးနန်းကို ကြိုတင်၍ လွှဲပြောင်းပေးခဲ့ကြကြောင်း တွေ့နိုင်ပါလိမ့်မည်။



သားတော်ထံသို့ ထီးနန်းလွှဲပြောင်းပေးသူ
နယ်သာလန်ဘုရင်မကြီး **Beatrix**



ထီးနန်းဆက်ခံခွင့်ရရှိခဲ့သူ သားတော်
**Willem-Alexander**


နယ်သာလန်ဘုရင်မကြီး ဘီထရက်(Beatrix)သည် ၁၉၃၈၊ ဇန်နဝါရီ ၃၁ရက်၊ နယ်သာလန်နိုင်ငံ၊ ဘာအန်မြို့၏ စံတော်ချိန် နံနက် ၉နာရီ ၄၇မိနစ်တွင် မွေးဖွားလာသူတစ်ဦးဖြစ်ပါသည်။ ညီအစ်မလေးဦးအနက် အကြီးဆုံးဖြစ်သည့်အတွက် မိခင်ဂျူလီယာနာ(Juliana) ဘုရင်မကြီးထံမှ ထီးမွေနန်းမွေအား ထီးနန်းလွှဲပြောင်းမှု မင်းခမ်းမင်းနားဖြင့်




www.burmeseclassic.com

www.burmeseclassic.com

လက်ခံရရှိခဲ့သူဖြစ်ပေသည်။ ဥပဒေအွဲ့ရ ဘုရင်မကြီးသည် လွှတ်လပ်မှုကို မြတ်နိုးသူတစ်ဦးဖြစ်ပြီး ကမ္ဘာနိုင်ငံရေးကိစ္စများကို လည်း စိတ်ပါဝင်စားလှကြောင်း တွေ့ရပါသည်။ ၂၀၀၉၊ ဧပြီ ၃၀ရက်နေ့ ဒေသစံတော်ချိန် နေ့လယ် ၁၁နာရီ ၅၀မိနစ်တွင် ကားဖြင့် အကြမ်းဖက်တိုက်ခိုက်မှု ခံခဲ့ရသော်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့ပေသည်။ ဘုရင်မ၏ ဇာတာခွင်သည် ကုမ်ရာသီလဂ် နောက်ဆုံးဒီဂရီဖြင့် မွေးဖွားပြီး အင်္ဂါနှင့် စနေဂြိုဟ်များ လဂ်နှင့် နီးကပ်စွာ လာရောက်ပူးယှဉ်မှုကြောင့် အုပ်ချုပ်သူ မင်းအစိုးရအကြီးအကဲဖြစ်စေသော ရာဇယုဂ်ကို ရရှိထားပေသည်။ တနင်္ဂနွေ ကြာသပတေးနှင့် သောကြာဂြိုဟ်များ ပူးယှဉ်မှုကြောင့် ထပ်ဆင့် ရာဇယုဂ်နှင့် ကြွယ်ဝချမ်းသာစေသည့် သူကြွယ်ယုဂ်များ ရရှိထားသည်။ ၂၀၀၉ ခုနှစ်၊ ဖိုဘ် မဂ္ဂဇင်း၏ ဖော်ပြချက်အရ ဒေါ်လာ သန်း ၃၀၀ကျော် ကြွယ်ဝချမ်းသာသည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ ရာဇဘုန်းကံနေရာ တည်ရှိနေသည့်အတွက် နာမည်ကောင်းဖြင့် သမိုင်းတွင်ရစ် လုပစေသူတစ်ဦးအဖြစ် ရောက်ရှိစေပါမည်။ ကောဇာ အင်္ဂါနှင့် ကြာသပတေးဂြိုဟ်များ သိဟ်ရာသီ၌ စစ်ထိုးခါနီးအချိန်ကာလတွင် မိခင် ဘုရင်မကြီးထံမှ ထီးနန်းအား ဆက်ခံအုပ်ချုပ်ခွင့် ရရှိခဲ့ပါသည်။




(နယ်သာလန်ဘုရင်မကြီး **Beatrix** ၏ ဇာတာခွင်)




(ထီးနန်းဆက်ခံခွင့် ရရှိခဲ့သူ သားတော် **Willem-Alexander** ၏ ဇာတာခွင်)

မိခင်ဘုရင်မကြီးထံမှ နယ်သာလန် ထီးနန်းအား စိုးစံခွင့်ရရှိခဲ့သူ နယ်သာလန်ဘုရင် ဝီလျှန်အဲလက်ဇန်းဒါး (Willem - Alexander)သည် နန်းညွှန့် နန်းလျာ ညီအစ်ကိုသုံးဦးအနက်မှ အကြီးဆုံး သားရတနာဖြစ်သည်။ တော်ဝင် လေတပ်တွင် ဗိုလ်မှူးချုပ်အဆင့်နှင့် Air Com modore ရာထူး ရယူထားသူတစ်ဦးဖြစ်ပေသည်။ ဝီလျှန်အား ၁၉၆၇၊ ဧပြီ ၂၇ရက် နယ်သာလန်နိုင်ငံ၊ ယူထရက်မြို့၏ ဒေသစံတော်ချိန် ည ၇နာရီ ၅၇မိနစ်၌ မွေးဖွားခဲ့ပါသည်။ လဂ်သခင် သောကြာ မရဏဘာဝ ရပ်တည်မှုအရ တိကျပြတ်သားစွာ ဆောင်ရွက်တတ်သူဖြစ်ပြီး ငွေကြေးဂြိုဟ် တနင်္ဂနွေနှင့် ရာထူးဘုန်း ဂြိုဟ်ရာဟုတို့ အားကောင်းထားသည်။ ကြာသပတေးဂြိုဟ် ဥစ်ဝဂ္ဂုတ္တမနဝင်းနှင့် ရာဇဘုန်းကံနေရာ၌ တည်ရှိမှုကြောင့် နယ်သာလန်နိုင်ငံ၏ မင်းကေရာဇ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အင်္ဂါနှင့် ဗုဒ္ဓဟူးများ ဝဂ္ဂုတ္တမ နဝင်းစီးနင်း၍ အပြန်အလှန် ၁၈၀ ဒီဂရီ ဆက်သွယ်မှု အားကောင်းစွာ ရရှိထားသည်။ အလုပ်အကိုင် တနင်္လာဂြိုဟ် နိစ္စဘင်္ဂရာဇယုဂ် ရရှိထား ဗုဒ္ဓဟူးဖြင့် ၁၂၀ ဒီဂရီ ဆက်သွယ်မှု ရှိထားခြင်းမှာလည်း လုပ်ငန်းတာဝန်များအတွက် ကောင်းသော အခွင့်အရေး ရရှိစေခဲ့ပါသည်။ စနေနှင့် သောကြာအား ပျက်ပြယ်ထားသည့်အတွက် ခရီးဝေးသွားလာမှု လေကြောင်း မောင်းနှင်မှုများ ကြီးမားသော ဘေးဥပဒ်အန္တရာယ်များ တွေ့ကြုံတတ်သည်။ တနင်္ဂနွေနှင့် ရာဟု ဒီဂရီအတိအကျ ပူးထားသည့်အတွက် လေကြောင်းအန္တရာယ်များ ရင်ဆိုင်ရတတ်သည်။ မိဿရာသီနှင့် တူရာသီ နေကြွတ်ချိန်ကာလများ၌ ဘေးအန္တရာယ် တွေ့ကြုံတတ်သည်။ ကောဇာတာတွင် မိဿရာသီ၌ တနင်္ဂနွေ အင်္ဂါဂြိုဟ်များ ရောက်ရှိချိန်၊ ဖွားဇာတာ ထူလဂ်




www.burmeseclassic.com

www.burmeseclassic.com

အားကောင်းသော စနေထပ်မိချိန်၌ မိခင် ဘုရင်မကြီးထံမှ နယ်သာလန်ထီးနန်းကို လွှဲပြောင်းရယူနိုင်ခဲ့ပေသည်။



ဘုရင်မကြီးမှ နယ်သာလန် ထီးနန်းလွှဲပြောင်းပေးမှု စာချုပ်ပေါ်တွင် သက်သေပြု လက်မှတ်ရေးထိုးနေပုံ





တာဝန်ရှိသူများ အသီးအမှတ် သက်သေပြုလက်မှတ် ရေးထိုးထားသော ထီးနန်းလွှဲပြောင်းမှု မှုရင်းစာချုပ်

ရာဇမင်းလောင်း အိမ်ရှေ့စံနှင့် အကြောင်းပါ၍ နယ်သာလန်နိုင်ငံ မိဖုရားအဖြစ် ရောက်ရှိခဲ့သော မက်ဆီမ(Queen Máxima)၏ ဇာတာခွင်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ သူမအား ၁၉၇၁၊ မေ ၁၇ရက်၊ အာဂျင်တီးနားနိုင်ငံ၊ ဘူနိုးစ်အားရိစ်မြို့ ဒေသစံတော်ချိန် ည ၈နာရီ ၅မိနစ်တွင် မွေးဖွားခဲ့ပါသည်။ ဓနုရာသီလဂ်ဖြင့် မွေးဖွား၍ ထင်ပေါ်ကျော်ကြားသော နေရာဌာနတွင် ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်များ ပူးယှဉ်မှုကြောင့် ငွေကြေးနှင့် ပတ်သက်သော ဘဏ်လုပ်ငန်းများ၌ မိမိအတွက် အကျိုးရှိ အောင်မြင်စေခဲ့ပါသည်။ ရာဇဘုန်းကံဂြိုဟ် တနင်္ဂနွေနှင့် စနေဂြိုဟ်များ ပူးယှဉ်၍ အတိုက်အခံ နေရာဌာနတွင် တည်ရှိထားသည်။ မိဖုရားတစ်ဦးအဖြစ် ဖြတ်သန်းသော ဘဝခရီးလမ်းတွင် ပူဆွေးသောက ရောက်ရသော ဖြစ်ရပ်များနှင့် တွေ့ကြုံတတ်သည်။ အင်္ဂါနှင့် ရာဟုဂြိုဟ်များ အားကောင်းသော်လည်း တနင်္လာနှင့် ကြာသပတေးဂြိုဟ်များ ရပ်တည်မှု ညံ့သည်။ နယ်သာလန် အိမ်ရှေ့စံဖြင့် ၂၀၀၂၊ ဖေဖော်ဝါရီ ၂ရက်၊ နံနက် ၁၀နာရီ ၂၆မိနစ်တွင် ဘဝတစ်ခုတည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၃၊ ဧပြီ ၃၀တွင် နယ်သာလန်မိဖုရားအဖြစ် ရောက်ရှိခဲ့ပေသည်။ ယင်းအချိန် ကောင်းကင်၌ ဂုဏ်သိက္ခာမြင့်မားတိုးတက်နိုင်သော မိဿရာသီတွင် ဂြိုဟ်အများအပြား ရပ်တည်နေသည်ကို တွေ့နိုင်ပါလိမ့်မည်။



နယ်သာလန်မိဖုရား **Queen Máxima**




(နယ်သာလန်မိဖုရား **Queen Máxima** ၏ ဇာတာခွင်)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃၊ ဧပြီလ ၃၀ရက်၊ နယ်သာလန်နိုင်ငံမြို့တော် ယူတီကတ်၏ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၅မိနစ်တွင် နယ်သာလန်ဘုရင်မကြီး ဘီထရက်(Beatrix)မှ သားတော် အိမ်ရှေ့စံ ဝီလျှန်အဲလက်ဇန်းဒါး (Willem - Alexander)အား စာချုပ်စာတမ်းများဖြင့် ထီးနန်းလွှဲပြောင်းပေးမှု မင်းအခမ်းအနားအား စီရင်ကျင်းပခဲ့ပါသည်။

ယင်းအခမ်းအနားပြီးသည့်နောက် ရာဇဘိသိက်ခံ မင်္ဂလာအခမ်းအနားအား ဖိတ်ကြားထားသည့် ဂုဏ်သရေ ကမ္ဘာ့တော်ဝင် မိသားစုဝင်များ ရှေ့မှောက်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြပါသည်။ အခမ်းအနားကျင်းပမှု၌ မိဿရာသီ တနင်္ဂနွေနှင့် အင်္ဂါဂြိုဟ်၏ အားကောင်းမှု၊ ဂြိုဟ်အများအပြားရပ်တည်နေမှုအားကို ယူ၍ ကရကင့်လက်မှာလည်း ဝဏ္ဏ နဝင်းရရှိထားပေသည်။ အားကောင်းသော စနေနှင့် တနင်္ဂနွေ အင်္ဂါဂြိုဟ်များ အပြန်အလှန် ၁၈၀ ဒီဂရီအမြင့်ရှိထားချိန်တွင် နန်းတွင်းနက္ခတ်ပညာရှိမှ အခါပေးထားခြင်းကြောင့် ရာဇဘုန်းကံ တည်တံ့ခိုင်မြဲရေးအတွက် ကောင်းမြတ်သော မင်္ဂလာအ ဇာတာခွင်ဖြစ်ပေသည်။ ဘာဝစက်တွင် ကြာသပတေးနှင့် တနင်္လာရပ်တည်မှု အားနည်းနေသည်မှအပ ကျန်သည့် ဂြိုဟ် ရပ်တည်မှုများ အားကောင်းလှပေသည်။ အနောက်တိုင်း အင်္ဂလိပ်ဗေဒင်ပညာရှင်များ၏အကြိုက် မွန်းတည့်ကောင်းကင် ဂြိုဟ်အများအပြားရှိနေပေသည်။ သို့ဖြစ်၍ ရာဇဘိသိက်ခံပြီး ထီးနန်းသက် ထာဝရအစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဖော်ညွှန်းထားသော နက္ခတ်အချိန်အခါ မင်္ဂလာဇာတာခွင်ဖြစ်ပေသည်။

| | | |
|---|---|---|
| ၅ | ၆၉ ၁၃၄ | |
| လ | ရာသီ | |
| | ဝ၈ | ၂ |

| | | |
|---|---|---|
| ၁၃၄ ၅ ၆၉ | | |
| ၁ | ဘာဝ | ၂ |
| | | ဝ၈ |

| | | |
|---|---|---|
| ၄ | ၈ | ၀ |
| ၅လ | နဝင်း | |
| ၁၃ ၂ | ၉ | ၆ |

(နယ်သာလန် ထီးနန်းလွှဲပြောင်းပေးမှု နက္ခတ်မင်္ဂလာအချိန်အခါဇာတာခွင်)



ရာဇဘိသိက်ခံ မင်္ဂလာအခမ်းအနား၌ တော်ဝင်မိသားစုများဖြင့်
အမှတ်တရ ရိုက်ကူးထားသည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ်သိပ္ပံပညာရပ်သည် မင်းကောရာင်၊ မင်းအစိုးရအုပ်ချုပ်သူများအတွက် အနာဂတ်တွင် ကြိုတင် မသိရှိနိုင်သည့် အကြောင်းကဏ္ဍများအား သိပ္ပံနည်းကျ စိတ်ကူးပုံဖော်ကြည့်သော အဆင့်မြင့်ပညာရပ်တစ်ခုဖြစ်ပေသည်။ ဂြိုဟ်နက္ခတ်များသည် အချိန်နှင့်အမျှ ရွေ့လျားပြောင်းလဲနေသည်နှင့်အညီ လူသားများ၊ တိုင်းနိုင်ငံများ၏ ကံကြမ္မာတို့မှာလည်း ထာဝစဉ် မတည်မြဲ ပြောင်းလဲမှုများ ရှိနေဦးမည်သာဖြစ်ပေသည်။ အချို့အချို့သော ပုဂ္ဂိုလ်များသည် ဘုရားပေဟာဖြင့် ယှဉ်တွဲပြီး ဂြိုဟ်နက္ခတ်ဗေဒင်ပညာများအား အထင်အမြင်သေးကြသည်။ ဝေဖန် ပြက်ရယ်ပြုကြသည်။ အရှေ့အာရှဒေသ အင်အားချိန့် နိုင်ငံငယ်များကိုလည်း ဗေဒင်ယတြာတွေကို နိုင်ငံရေးကဏ္ဍတွေမှာ အရမ်းအားကိုးလွန်းတယ်။ ဗေဒင်ယတြာတွေ ညွှန်ကြားမှုအတိုင်း တိုင်းပြည်ခေါင်းဆောင်တွေက လုပ်ဆောင်နေကြသည်ဟု သာသာထိုးထိုးပြောဆိုနေကြောင်း မကြာခဏတွေ့ကြုံနေရပေသည်။ တကယ်တော့ တစ်ကမ္ဘာလုံးရှိ မည်သည့်နိုင်ငံမဆို နက္ခတ်သိပ္ပံပညာ၊ ရိုးရာဗေဒင်ပညာများဖြင့် လွတ်ကင်းသည်မရှိဘဲ အနာဂတ် လူသားများ မသိရှိနိုင်သော ကံကြမ္မာဆိုးများကို ကြိုတင်တားဆီး ကာကွယ်လေ့ရှိကြပါသည်။ အမေရိကန်ကဲ့သို့ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ဆင်နွှဲအနိုင်ယူခဲ့သော စစ်ပွဲကြီးများ စတင်တိုက်ခိုက်သော အချိန်နာရီမိနစ်များ၊ တရုတ်နိုင်ငံမှ ဟောင်ကောင်ကျွန်းအား ပြန်လည်ရရှိရန် စီမံဆောင်ရွက်ခဲ့သော ယတြာအစီအမံများသည် နက္ခတ်သိပ္ပံပညာနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးကဏ္ဍများသည် ဆက်စပ် ဖွဲ့နွဲ့တွဲနေကြောင်း ထင်ရှားလှပေသည်။ သို့ဖြစ်၍ နက္ခတ်သိပ္ပံပညာလေ့လာလိုက်စားသော ပညာရှင်၊ ဝါသနာရှင်များ လေ့လာခွင့်ရရှိရန်အတွက် နယ်သာလန်နိုင်ငံ၏ ထီးနန်းလွှဲပြောင်းမှု အခမ်းအနားအား သက်ဆိုင်ရာ မင်းကောရာင်များ၏ ဇာတာခွင်များနှင့် ရေးသားဖော်ပြအပ်ပေသည်။

နက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတ ပညာပေးဆောင်းပါးများနှင့်
ပတ်သက်၍ ဝေဖန် ဆွေးနွေးအကြံပြုလိုပါက…

* * *

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့. ၀၉၅၃ ၉၃၃၄၃





www.burmeseclassic.com

www.burmeseclassic.com



# ရိုရိုဒေး

## ပြိတ္တာပြည်ကို အလည်တစ်ခေါက် ရောက်ခဲ့တယ်

အပါယ်လေးဘုံမှာ ပြိတ္တာဘုံ ပါဝင်တယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း အသိပါ။ ပြိတ္တာဘုံမှာ ဖုတ်၊ သရဲ၊ မြေဖုတ်၊ တစ္ဆေ မှင်စာများ ပါဝင်ပါတယ်။ သူတို့ရဲ့ ရုပ်ရည်ဟာ ရုပ်ကြမ်းဖြစ်လို့ ကြောက်ရွံ့ တုန်လှုပ်ဖွယ်တွေ ဖြစ်တယ်။ ဒါကြောင့် သရဲ၊ တစ္ဆေ ဖုတ်

တွေနဲ့ တွေ့မှာကို လူတော်တော် ကြောက်ရွံ့ကြပါတယ်။ လူတွေ တို့နဲ့ တွေ့မှာ ကြောက်ပေမယ့် အကြောင်းကိုတော့ သိဖူး၊ ကြ ကြပါတယ်။

အဲဒီလူတွေအနက် " တစ်ယောက်လည်း အပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျော်စွာတို့ရွာကတော့ မြေလတ်ပိုင်းမှာ ရှိတဲ့ "ပန်းတောရွာ" ကလေးပါ။ အဲဒီရွာမှာရှိတဲ့ ရွာသူရွာသားတွေဟာ ကိုင်းအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းကြပါတယ်။ ရွှေရာသီရောက်ပြီဆိုရင် ခြင်းတောင်း လက်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ တောင်းအမျိုးမျိုးရက်ကြပြန်တယ်။ အဲဒီရွာမှာ ဘကြီး တင်ငွေတစ်ယောက်ကတော့ တောင်းရက်ရာမှာ အလွန်ကျွမ်းကျင်တယ်။ တောင်းရက်တာ ကျွမ်းကျင်သလို၊ ရှေ့မီနောက်မီဖြစ်လို့ တစ္ဆေ သရဲအကြောင်းလည်း အလွန်ပြောတတ်တယ်။ သူပြောတာတွေဟာ ဟုတ်သလား၊ မဟုတ်သလား မသိပေမယ့် ရယ်စရာမောစရာတွေနဲ့ မှတ်သားစရာတွေပါလို့ ကာလသားတွေက ဝိုင်းဖွဲ့ပြီး နားထောင်ကြတယ်။ ဘကြီး တင်ငွေရဲ့ တစ္ဆေပုံပြင် နားထောင်ချင်သူတွေဟာ ဒီအတိုင်း နားထောင်လို့ မရပါ။ သူ့အတွက် တောင်းရက်ဖို့ ဝါးဖြာ၊ နှီးဖြာပေးရပါတယ်။

အခုလည်း ကျော်စွာတို့အုပ်စုမှာ တစ္ဆေပုံပြင် နားထောင်ဖို့ ရောက်နေကြပြီး ဝါးဖြာရင်း နားထောင်ရန် အဆင်သင့်ဖြစ်နေခဲ့ကြတယ်။ ဘကြီးတင်ငွေက အခြေခံ အောက်ပိုင်းကို စတင်ရက်လုပ်ပြီး…

"ဒီနေ့ ပြောရမှာကတော့ ဖုတ်အကြောင်းပဲ"

"ဟုတ်ကဲ့၊ ပြောပါ ဘကြီး တင်ငွေ"

"ဖုတ်ဆိုတာက ပြိတ္တာတစ်မျိုးပေါ့ကွာ။ ပြိတ္တာဆိုတာကလည်း အမျိုးမျိုးရှိတယ်။ ဟိုး…ရှေးအခါက မြန်မာတွေဟာ ဖုတ်ကို ခေါ်သွင်းနိုင်တဲ့ မန္တန်တွေ တတ်သလို၊ ဖုတ်ထုတ်နိုင်တဲ့ မန္တန်တွေလည်း တတ်မြောက်ကြတယ်ကွဲ့"

"ပြောပါ၊ ဘကြီး တင်ငွေ"

ဤသို့ အစချီကာ ဖုတ်အကြောင်းကို စီကာပတ်ကုံးပြောကြားခဲ့တယ်။

◆◆◆

အမှန်တော့ ဟိုး…ရှေးမြန်မာဘုရင်များခေတ်ကာလကတည်းက ဖုတ်သွင်းခြင်းအတတ်ကို တတ်မြောက်ခဲ့ကြတယ်။ နန်းတော်မှာ ဘုရင်တစ်ပါးနတ်ရွာစံပြီး ထီးနန်းကို ဆက်ခံမယ့်သူမရှိတဲ့အခါမှာ မင်းလောင်းကို ရှာကြရတယ်။ မင်းလောင်းရှာဖို့ရာ မှူးကြီးမတ်ကြီးတွေဟာ သူတို့ကြိုက်တဲ့သူကို ရွေးချယ်တင်မြှောက်ခွင့် မရှိဘူး။ ဖုတ်သွင်းပညာရှင်က ဖုတ်ကို ခေါ်ပြီး ရထားမှာ သွင်းလိုက်တယ်။ အဲဒါကို "ဖုတ်သွင်း ရထား" လို့ ခေါ်တယ်။ အဲဒီဖုတ်သွင်းရထားပေါ်မှာ လူတစ်ယောက်မှ မလိုက်ရဘူး။ မြင်းတစ်ကောင်ကပဲ အဲဒီဖုတ်သွင်းရထားကို ဆွဲသွားတာ။ သဘောကတော့ မင်းလောင်းရှိတဲ့နေရာကို အဲဒီဖုတ်က ဦးဆောင်ပြီး မြင်းကို မောင်းနှင်သွားတာ။ ဖုတ်တွေမှာ အရာဝတ္ထု (ဒါမှမဟုတ်) အဖြစ်အပျက်ကို ကြိုပြီး သိမြင်တဲ့ ကမ္မဇတ္တိတန်ခိုးရှိတယ်။ ဒါကြောင့် သူဟာ မင်းလောင်းဘယ်သူဖြစ်မယ်ဆိုတာ သိတဲ့အတွက် ဖုတ်ကို ရှာခိုင်းခြင်းဖြစ်တယ်။

ဖုတ်ကို သွင်းတဲ့ ပညာတတ်တဲ့သူဟာ မင်းလောင်းကို တွေ့ပြီးရင် အဲဒီဖုတ်ကို ထုတ်ပစ်တဲ့ ဖုတ်ထုတ်ပညာကိုလည်း တတ်မြောက်ရတယ်။ မင်းလောင်းကို တွေ့ပြီးတာနဲ့ အဲဒီဖုတ်ကို ထုတ်ပစ်ပြီး အစာကျွေးရတယ်။ ဖုတ်ဆိုတာလည်း လိုအပ်တဲ့အချိန်မှာ ခေါ်လို့ရအောင် ဂါထာစုတ်ပြီး မွေးထားရတာ။ သူတို့ကို တစ်ပတ်တစ်ခါ၊ ဒါမှမဟုတ် တစ်လတစ်ခါ အစာကျွေးရတယ်။ သူတို့ အများဆုံး ကြိုက်နှစ်သက်တဲ့ အစားအစာကတော့ အမဲသားပေါ့။ အမဲသားမရရင် ဆိတ်သား၊ ကြက်သား၊ အဲဒါတွေကို အစိမ်းစားတာ။ အသားစိမ်း-ငါးစိမ်းတွေကို ညဘက်မှာ

ငှက်ပျောဖက်နဲ့ ချကျွေးရတယ်။
သောက်ဖို့ ရေခွက်နဲ့ ရေအပြည့်
ပေးရတယ်။ အဲဒါတွေကို အိမ်
အနောက်ဘက် မှောင်ရိပ်ကျတဲ့ နေ
မှာ ခင်းကျင်းပြီး ည ၉နာရီ-၁၀နာ
ဒါမှမဟုတ်၊ သန်းခေါင်ယံအချိန်
ကျွေးရတယ်။ သူတို့ကို စောင့်ကြ
တာ မကြိုက်ဘူး။ ချောင်းကြည့်
တော့ ရတယ်။ တချို့က သူတို့ ဘ
လိုပုံစံနဲ့ လာစားတယ်ဆိုတာ သိချင်
ချောင်းကြည့်ကြတယ်။ သူတို့
သူတို့ရဲ့ ရုပ်က ကြမ်းလွန်းတော့
ကြမ်းကြီးနဲ့ လာမစားကြဘူး။ အ
သဖြင့် ခွေးနက်ကြီးမှာ သူတို့ရဲ့ ဝိ
စီးပြီး စားသောက်ကြတယ်။ တချို့
ပြောတော့လည်း ခွေးနက်ကြီး
ဆောင်ပြီး လာစားကြတယ်။ အဲဒ
လည်း ဟိုးတုန်းက ရှိခဲ့တဲ့ ရှေးပညာ
တစ်ခုပါပဲ။ ဒါကြောင့် မင်းလောင်
ရင် ဖုတ်သွင်းရထားလွှတ်ပြီး ရှာ
ဆိုတဲ့ အကြောင်းတွေ စာထဲမှာ ဖ
တယ်။

ဒါပေမယ့် ဖုတ်သွင်း၊ ဖုတ်ထု
တဲ့ ဆရာတွေဟာ ဖုတ်ကို နိုင်နင်
ဂါထာလည်း တတ်မြောက်ရတ
ဖုတ်ကို အကြောင်းအမျိုးမျိုးကြေ
အစားအစာ မကျွေးတာတို့၊ သူ
မလုပ်ချင်တဲ့ အလုပ်ကို လုပ်ခိုင်
တို့ဆိုရင် ဖုတ်က သူ့ဆရာကို ပြ
တဲ့အထိ အန္တရာယ်ပေးတတ်တ
ဒါကြောင့် ဖုတ်ပညာဟာ တဖြည်း
တိမ်ကောသွားခဲ့တယ်။

◆◆◆

ဘကြီး တင်ငွေရဲ့ တစ္ဆေပုံပြ
ကာလသားတစ်သိုက် စီးမြော
တယ်။ ဘကြီး တင်ငွေက ရှေး
က ဖုတ်သွင်း အသုဘချပုံကို ဆ
ပြောပြခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

◆◆◆

လူသေတွေကို ဖုတ်သွင်းပြီး သုဘချတဲ့ နည်းဟာ သီဟိုဠ်(သီရိ ...ကာ)က ကူးစက်လာတာ ဖြစ်တယ်။ ...ပုံကတော့ ရှေးအခါက သူပုန်ရန် ...ကြောင့် လူတွေ သေကြတယ်။ အစာ ...စာငတ်ပြီး သေကြတယ်။ ဝမ်းရောဂါ ...ဖြစ်ပြီး အစုလိုက်အပုံလိုက်သေကြ ...တယ်။ အဲဒီလို လူအများကြီးသေတဲ့ ...အတွက် မြှုပ်ဖို့ အခက်အခဲဖြစ်လာခဲ့ ...တယ်။ အဲဒီတုန်းက ဖုတ်သွင်းဆရာနဲ့ ...ဖုတ်သွင်းပညာဟာ ရှိနေတဲ့အတွက် ...ဖုတ်သွင်းဆရာကို ခေါ်ပြီး ဖုတ်သွင်းတဲ့ ...နည်းနဲ့ အသုဘချခဲ့ကြတယ်။ လူသေ ...ကို ဖုတ်မသွင်းမီ ငွေတစ်မတ်ကို ...သူသေပါးစပ်ထဲကို အရင်ထည့်ရတယ်။ ...လူသေတွေကို ကမ်းနားက မြစ်လယ် ...ခေ မျှောလိုက်ရင် မြေတူးတာတို့ မလုပ် ...ရတဲ့အတွက် အချိန်ကုန်လည်း သက် ...သာတယ်။ လူပင်ပန်းတာလည်း သက် ...သာတယ်။ ဒါကြောင့် ဖုတ်သွင်းပြီး ...မြစ်ထဲမျှောတဲ့ ဓလေ့ပြုလုပ်ခဲ့ကြတယ်။

လူသေကို ဖုတ်သွင်းလိုက်တဲ့ အခါမှာ လူသေဟာ ထထိုင်လာပါ ...တယ်။ အဲဒီအခါမှာ လူသေနဲ့ လူရှင် ...ကွဲပြားအောင် အင်္ကျီကို ပြောင်းပြန်ဝတ် ...ပေးရတယ်။ လုံချည်၊ ထဘီကိုလည်း ...ပြောင်းပြန်ဝတ်ပေးရတယ်။ မိန်းမဆိုရင် ...ဆံထုံးထုံးပြီး ရှာပန်းနှီးမှော်ပေးရတယ်။ ...ခေါင်းမှာလည်း ခေါင်ရန်းပန်းနီနီကလေး ...ကို ပန်ပေးလိုက်တယ်။ ဖုတ်သွင်းခံ ...ထားရတဲ့ လူသေဟာ ဒိုက်စိုက် ဒိုက် ...စိုက်နဲ့ မြစ်ကမ်းဆီကို သွားခဲ့တယ်။ ...ကမ်းစပ်အရောက်မှာတော့ အသင့် ...စောင့်နေတဲ့ "စဏ္ဍာလ"က လှေ ...ကလေးကို အသင့်ပြင်ထားလိုက်တယ်။

အဲဒီအခါမှာ ဖုတ်သွင်းထားတဲ့ လူသေဟာ သူ့ပါးစပ်ထဲက ပိုက်ဆံ တစ်မတ်ကို ပေးပြီး လှေပေါ်ကို တက် လိုက်တယ်။ အဲဒါကတော့ စဏ္ဍာလ အတွက် ကူးတို့ခပေါ့။ ပိုက်ဆံပေးပြီး လှေပေါ်ကို ရောက်တာနဲ့ တစ်ပြိုင်နက် ဖုတ်ထွက်သွားလို့ လှေပေါ်မှာ ဆန့်ဆန့် ကြီးသေသွားရော။ အဲဒီအခါမှာ ရေမျှော ဖို့ စဏ္ဍာလ,က ပြုလုပ်ရတယ်။ လှေ ပေါ်မှာ ကိုးရိုးကားယားဖြစ်မှာစိုးလို့ ခြေတွေ လက်တွေကို ကြိုးတုပ်ရ တယ်။ အဲဒီအလေ့အထဟာ သထုံကို ရောက်ရှိလာပြီး၊ ထိုမှတစ်ဆင့် ပုဂံ ဘက်မှတစ်ဆင့် အနယ်နယ်အရပ်ရပ် ကို ပြန့်ပွားသွားခဲ့တယ်။ အခုခေတ် အထိတောင် ခြေမ၊ လက်မကို ပူးပြီး ချည်တုန်းပဲ။

အရင်တုန်းကတော့ ဖုတ်နဲ့ လူ နဲ့ ဆက်ဆံရေးဆိုတဲ့ ပညာရပ်တစ်ခုရှိ ခဲ့ဖူးတယ်။ နောက်ပိုင်းမှာတော့ အကြောင်းအမျိုးမျိုးကြောင့် အဲဒီဖုတ် ပညာဟာ ပျောက်ကွယ်သလောက်ဖြစ် နေပြီ။ ဒါပေမယ့် တချို့ အောက်လမ်း ဆရာတွေကတော့ တစ္ဆေ သရဲမွေးပြီး နိုင်းစားတယ်။ ပီယဆေးဖော်ပြီး ရောင်း တယ်။ ဒါကြောင့် ဖုတ်ပညာဟာ အနည်းအကျဉ်းတော့ ကျန်သေးတယ်။

◆◆◆

နောက်ထပ် ဘကြီး တင်ငွေ ဆက်ပြောတာကတော့ ထိန်ပင်စောင့် ဖုတ်ပြိတ္တာကြီးအကြောင်းပါပဲ။

◆◆◆

ဟိုးအရင်တုန်းက ဒီရွာမှာ ရှိတဲ့ ထိန်ပင်မှာ ဖုတ်ကြီးတစ်ကောင် နေ တယ်။ အဲဒီဖုတ်ကြီးဟာ ညနေ မှောင်ရီ ပျိုးတာနဲ့ ခြောက်တော့တာပဲ။ ဒါကြောင့် ညနေ မိုးချုပ်ရင် ရွာထိပ်က ထိန်ပင် ကြီးနားကို ဘယ်သူမှ ဖြတ်မသွားရဲကြ ဘူး။ အဲဒီ ဖုတ်ပြိတ္တာကြီးက အကြောင်း တစ်ခုခုကြောင့် ဖြတ်သွားဖြတ်လာတဲ့ လူတွေကို အမွေးစုတ်ဖွားနဲ့ ခန္ဓာကိုယ် အကြီးကြီးလုပ်ပြပြီး ခြောက်လှန့်ခဲ့ တယ်။ လူတွေက အမွေးစုတ်ဖွားနဲ့ ထိန်ပင်ကြီးလောက် ကြီးတဲ့ သတ္တဝါ ကြီးကို မြင်တော့ ကြောက်လန့်ပြီး ထွက်ပြေးကြတာ အမောကို ဆို့နေတာ ပဲ။ အဲဒီလိုလူတွေက ကြောက်လန့် လေလေ ဖုတ်ပြိတ္တာကြီးက ပျော်မြူး လေလေပဲ။ လူတွေမှာ ပါတဲ့ အမဲသား ဝက်သား၊ ဆိတ်သားတွေကို ဆွဲပြီး လုတတ်တယ်။ ဒါကြောင့် ရွာသားတွေ က ထိန်ပင်က ဖုတ်ပြိတ္တာကြီးကို အရမ်းကြောက်လန့်တတ်တယ်။ ဖုတ် ပြိတ္တာကြီးဟာ ဒီလို ခြောက်လှန့်ရင်း နေခဲ့ရာ တစ်နေ့သောအခါမှာ လမ်းပြင် သူတစ်ဦးဟာ လမ်းကြိတ်စက်ကြီးကို ညဘက် မောင်းလာရာ ဆီကလည်း မပိတ်တပိတ်ဖြစ်နေတော့ "ဖုန်း··· ဒိုင်း···ဖုန်း···ဒိုင်း" ဆိုတဲ့ အသံအကျယ် ကြီးနဲ့ မီးလုံးနှစ်လုံးဖွင့်ပြီး ရွာဆီသို့ မောင်းလာခဲ့တယ်။ အဲဒီအခါမှာ ထိန်ပင် မှာ နေတဲ့ ဖုတ်ပြိတ္တာကြီးဟာ တဖုန်း ဖုန်း · · · တဒိုင်းဒိုင်းအသံကျယ်ကြီး ကြောင့် ကြောက်လန့်ပြီး လှမ်းကြည့် လိုက်ရာ···

"ဟာ···မျက်လုံးကြီးနှစ်လုံးက မီးဝင်းဝင်းတောက်နေတာပဲ။ ငါ့ထက် ဆိုးတဲ့ ဖုတ်ပြိတ္တာကြီး မှာ"

ထိန်ပင်မှာ ရှိတဲ့ ဖုတ်ပြိတ္တာကြီး က ထိုသို့ စဉ်းစားပြီး ကြည့်နေစဉ် လမ်းကြိတ်စက်ကြီးဟာ ထိန်ပင်ကြီး ရဲ့ အနီးသို့ ရောက်လာပြီး···

"ဖုန်း···ဒိုင်း···"

"ဖုန်း···ဒိုင်း···" ဆိုတဲ့ ကျယ် လောင်တဲ့ အသံကြီးနဲ့ ထိန်ပင်ကြီးကို ဝင်တိုက်လိုက်တာ ထိန်ပင်ကြီးတစ်ခု လုံး တုန်ခါသွားပြီး သစ်ကိုင်းတွေပါ ကျိုးကျကုန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ကိုပါ တိုက်သွားရင် ငါသေသွားလိမ့်မယ်။ တိုက်လိုက်တဲ့ အရှိန်က မနည်းဘူး"

ကြောက်လန့်တကြားဖြစ်ပြီး ဖုတ်ကြီးဟာ ရွာထဲကို ထွက်ပြေးသွားခဲ့တယ်။ အဲဒီ ညအချိန်မှာ ခေါင်းလျှော်ထားလို့ ဆံပင်ဖားလျားချထားတဲ့ အပျိုကြီးကို ထိန်ပင်စောင့် ဖုတ်ကြီးက ဝင်ပူးပြီး...

"အောင်မလေး...အောင်မလေး။ လုပ်ကြပါဦး။ ကျုပ်ထက် ကြီးတဲ့ ဖုတ်ပြိတ္တာကြီးက ကျုပ်နေတဲ့ ထိန်ပင်ကို ဝင်တိုက်လို့ ကျုပ်ထွက်ပြေးလာတာ မောလွန်းလို့ ရေပေးပါဦး၊ ရေပေးပါဦး"

အပျိုကြီး မရွှေမိရဲ့ မိဘဆွေမျိုးတွေက အစက မသိလို့ ရေတိုက်လိုက်တယ်။ နောက်တော့ မျက်လုံးကြီး ပြူးပြီး သတိလက်လွတ်ပြီး အော်နေတာနဲ့...

"ဟဲ့ - နင် ဘယ်သူလဲ"

လို့ မေးလိုက်တော့မှ...

"ကျုပ်က ထိန်ပင်မှာ နေတဲ့ ဖုတ်ကြီးပါ။ အခု ကျုပ်နေတဲ့ ထိန်ပင်ကို ကျုပ်ထက်ကြီးတဲ့ ဖုတ်ပြိတ္တာကြီးက ဝင်တိုက်လို့ ကြောက်အားလန့်အားနဲ့ ပြေးလာခဲ့တာ"

"မင်းက ဖုတ်ပြိတ္တာဆိုတော့ ငါတို့အိမ်က လက်မခံဘူး။ မင်းထွက်သွား"

လို့ ပြောပြီး သိမ်ဝင် စိပ်ပုတီးကို လည်ပင်းမှာ ဆွဲပေးလိုက်တော့မှ...

"အောင်မလေး...ကြောက်ပါပြီဗျ။ ကျုပ်ထွက်သွားပါ့မယ်"

လို့ ပြောပြီး ဖုတ်ကြီးထွက်သွားတော့မှ မရွှေမိလည်း သတိပြန်ရတယ်။

"အဖေ...သမီး ဘာဖြစ်တာလဲ"

လို့ ဆိုပြီး ကြောက်ကြောက်လန့်လန့်နဲ့ မေးလိုက်တယ်။

"သမီး ဘာမှမဖြစ်ဘူး၊ ရေသောက်လိုက်"

လို့ ဆိုပြီး သူ့အဖေက ရေမန်းတိုက်လိုက်တော့မှ မရွှေမိလည်း ကောင်းကောင်းသတိရလာခဲ့တယ်။

ထိန်ပင်မှာ နေတဲ့ ဖုတ်က လမ်းကြိတ်စက်ကြီးကို သူ့ထက်ကြီးတဲ့ ဖုတ်ပြိတ္တာထင်ပြီး ကြောက်လန့် ထွက်ပြေးတဲ့အတွက် ကျော်စွာအပါအဝင် ကာလသားအားလုံး ရယ်လိုက်ရတာ မောသွားတာပဲ။

အဲဒီအချိန်က စပြီး ထိန်ပင်မှာ နေတဲ့ ဖုတ်ကြီးလည်း ပျောက်ချင်းမလှ ပျောက်သွားပြီး ဘယ်သူ့ကိုမှ မခြောက်တော့ဘူးတဲ့။

◆◆◆

ဘကြီး တင်ငွေ ပြောပြတဲ့ တစ္ဆေပုံပြင်များဟာ အလွန်နားထောင်ကောင်းပေမယ့် ညနေစောင်းလာပြီဖြစ်လို့ ကာလသားများလည်း ကိုယ့်အိမ်ကိုယ် အသီးသီးပြန်လာခဲ့ကြတယ်။

ကျော်စွာ အိမ်ပြန်ရောက်လာတော့ သူ့အမေက...

"သားရေ...ဟိုဘက်ရွာက မင်းသူငယ်ချင်းရဲ့ အဖေ ဦးသာဆိုင်ကြီး ဆုံးသွားပြီတဲ့။ အဲဒါ ဟိုဘက်ရွာကို မင်းသွားလိုက်ဦး"

"မိုးတောင် တော်တော်ချုပ်နေပြီ အမေရာ"

"ဟဲ့...မိုးချုပ်ပေမယ့် မသွားလို့မှ မကောင်းတာ"

"ဒါဆိုလည်း သွားလိုက်ပါမယ် အမေရာ"

ကျော်စွာလည်း ရေချိုး၊ ထမင်းစားပြီး အဝတ်အစားလဲကာ ထွက်လာခဲ့တယ်။ ဒါပေမယ့် ဘကြီး တင်ငွေ ပြောတဲ့ တစ္ဆေပုံပြင်၊ ဖုတ်ပုံပြင်တွေ နားထောင်ပြီးနောက် ဒီရွာရဲ့ သင်္ချိုင်းကုန်းကို ဖြတ်သွားရမှာဖြစ်လို့ ကြော[...] စိတ်ဝင်နေတယ်။ ဒါကြောင့် ရွာထိပ်[...] စိန်ကြီးအရက်ဆိုင်မှာ ဝင်ပြီး အရ[...] တစ်လုံးသောက်ခဲ့တယ်။ ကျော်[...] လည်း ရဲဆေးတင်ပြီး ခပ်မူးမူးနဲ့ [...] ဘက်ရွာကို ခရီးဆက်ခဲ့တယ်။

တဖြည်းဖြည်းသွားရင်းနဲ့ [...] မကြာခင်မှာ ရွာရဲ့ သင်္ချိုင်းကုန်းနား[...] ရောက်လာခဲ့တယ်။ အရက်ဆိုင်[...] ခပ်ကြာကြာထိုင်မိတဲ့အတွက် [...] အချိန်မှာ ည ၉နာရီခန့် ရှိနေခဲ့တ[...] တောရွာက လူတွေဟာ ည [...] လောက်ဆို အိပ်တာမို့ တစ်ရွာ[...] တိတ်ဆိတ်နေတယ်။ ကျော်စွာ[...] အဖော်ကလည်း မပါ၊ တစ်ယော[...] တည်း သင်္ချိုင်းနားကို ဖြတ်ရတဲ့အ[...] ရင်တထိတ်ထိတ်နဲ့ ကြောက်ရွံ့[...] မိနေတယ်။ ဒါပေမယ့် သင်္ချိုင်းနား[...] ရောက်တဲ့အခါမှာတော့ လှမ်းမ[...] ဘဲလည်း မနေနိုင်အောင် ဖြစ်မိတ[...] ဒါနဲ့ သင်္ချိုင်းကုန်းနားရောက်[...] ခပ်ကြောက်ကြောက်နဲ့ လှမ်း[...] လိုက်တဲ့အခါမှာ...

"ဟာ...သင်္ချိုင်းထဲမှာ မီး[...] တွေ မြင်နေရပါလား။ ဒါ ဘာ[...] ဘာကြောင့် မီးတွေ မြင်နေရတာ[...] တစ်ခုခုတော့ တစ်ခုခုပဲ။ ငါသွားကြ[...] မှပဲ"

ကျော်စွာရဲ့ ပင်ကိုယ်စိတ်[...] ကြောက်ပေမယ့် စူးစမ်းချင်တဲ့ စိတ်[...] ချုပ်နိမ်မရလို့ သူ့ရဲ့ ခြေလှမ်းတွေ[...] တစ်လှမ်းချင်း မီးရောင်ဆီသို့ [...] လျှောက်လာခဲ့မိတယ်။

မီးရောင်နားရောက်မှပဲ ထင်[...] ရှားရှားတွေ့လိုက်ရတယ်။ မီးရောင်[...] တော့ ဝါးဆိုဖယောင်းတိုင်ကြီးသုံး[...] ကို အုတ်ဂူပေါ်မှာ ထွန်းထားလို့ [...] ပေါ်လာတဲ့ အလင်းရောင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ မီးရောင်အောက်မှာတော့ လန်တော့ပွဲတစ်ပွဲနဲ့ လူသုံးယောက်။ တစ်ယောက်ကတော့ ခေါင်းမှာ ခေါင်းဆေါင်း ပေါင်းထားတော့ ဆရာကြီးဖြစ်ထိမ့်မယ်နဲ့ တူပါတယ်။ ကျန်နှစ်ယောက်ကတော့ အဲဒီ ဆရာကြီးရဲ့ တပည့်တွေပဲ ဖြစ်မှာပါ။

အဲဒီ ဆရာကြီးက ကြိမ်လုံးကြီး ကိုင်ပြီး...

"ဟဲ့ - သရဲမ၊ ဟောဒီ ကျောက်ဖျဉ်မှာ သနပ်ခါးသွေးစမ်း"

အဲဒီလို ပြောသံကြားလို့ လှမ်းကြည့်လိုက်တော့ သူတို့ရှေ့မှာ ဆံပင်အလျားနဲ့ အသားမည်းမည်း ဝဝတုတ်တုတ် မိန်းမကြီး ထိုင်နေတယ်။ သူမရဲ့ ရှေ့မှာတော့ ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးကြီး။

အဲဒီ ဆရာကြီးက သနပ်ခါးသွေးလို့ ပြောနေပေမယ့် အဲဒီ မိန်းမကြီးက သနပ်ခါးမသွေးဘဲ မျက်စောင်းကြီးထိုးကြည့်လိုက်တာ ကျော်စွာတောင် အသည်းတွေ ဘာတွေ တုန်သွားတာပဲ။ နောက်မှ သေသေချာချာကြည့်လိုက်တော့ လွန်ခဲ့တဲ့ သုံးရက်က ကလေးမီးမဖွားနိုင်လို့ သေသွားတဲ့ ရွာထဲက ဒေါ်ရွှေလုံးကြီးဖြစ်နေတာ တွေ့လိုက်ရတယ်။ ဒေါ်ရွှေလုံးတို့အိမ်က ကျော်စွာတို့ သူငယ်ချင်းတစ်သိုက်ရဲ့ စားအိမ်သောက်အိမ်။ ဒေါ်ရွှေလုံးဆိုတာကလည်း အဒေါ်နဲ့ တူလို ချစ်ခင်နေခဲ့ကြတာ။ အခုတော့ သေတာတောင် ဖုတ်သွင်းပြီး ဝိယဆေးဖော်နေတဲ့ ဆရာတပည့်တစ်သိုက်ကို ကျော်စွာက အရမ်းမုန်းတီးပြီး အဲဒီ ဆရာကြီးဆီ အပြေးသွားကာ သူ့ရဲ့ ကြိမ်လုံးကို လုပြီး...

"ရွှမ်း..."

"ရွှမ်း..."

"ရွှမ်း..."

ဆရာကြီးရော တပည့်တွေကိုပါ ရိုက်ပစ်လိုက်တယ်။ အဲဒီအခါမှာ ဆရာတပည့် သုံးယောက်လုံးက ကျော်စွာကို မကောင်းဆိုးရွားထင်ပြီး...

"ပြိတ္တာတွေက လူယောင်ဆောင်ပြီး ငါတို့ကို ရိုက်နေပြီ၊ ပြေးကြ... ပြေးကြ"

လို့ ဆရာကြီးကလည်း ပြောပြောပြေးပြေး၊ တပည့်နှစ်ယောက်ကလည်း ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ကြတယ်။

အဲဒီလို ပြေးရင်းလွှားရင်းနဲ့ သူတို့ စည်းဝိုင်းထားတဲ့ စည်းဝိုင်းကို ကျော်သွားခဲ့တယ်။ ဒီတော့ ဆရာကြီးက သူ့ရဲ့ တပည့်တွေကို...

"စည်းပေါက်သွားပြီ၊ ဆက်ပြေးကြဟေ့။ ပြေးကြ...ပြေးကြ"

ဆိုတဲ့ အသံဟာ သချိုင်းကုန်း တစ်ခုလုံး ပဲ့တင်ထပ်သွားခဲ့တယ်။

ကျော်စွာလည်း ရိုက်တုန်းက စိတ်လိုက်မာန်ပါနဲ့ ရိုက်လိုက်တာ။ သူတို့ ထွက်ပြေးသွားတော့ သူတစ်ယောက်တည်း သချိုင်းကုန်းမှာ မနေရဲလို့ ကြောက်လန့်တကြားနဲ့ အပြေးလိုက်ခဲ့တာပေါ့။ ဟိုလူသုံးယောက်ကလည်း သရဲက သူတို့နောက် လိုက်လာတယ် ထင်ပြီး အသားကုန်ပြေးတော့တာပဲ။

"ဟေ့လူတွေ နေကြပါဦး၊ ဟေ့လူတွေ ရပ်ကြပါဦး"

လို့ ပြောပြီး သူလည်း သူတို့နောက်က အပြေးလိုက်ခဲ့တာ။ အုတ်ခဲကျိုးတစ်ခုကို ခလုတ်တိုက်ပြီး...

"အောင်မလေး...ဒိုင်း..."

ဆိုတဲ့ အသံနဲ့အတူ အုတ်ဂူတစ်ခုနဲ့ သူ့ခေါင်း ဆောင့်မိပြီး သတိလစ်သွားခဲ့တယ်။

သူ သတိလစ်စဉ်မှာ သူ့ရဲ့ ကိုယ်ထဲက ဝိညာဉ်လေးဟာ လိပ်ပြာလေး တစ်ကောင်လို ပျံဝဲပြီး ထွက်သွားတယ်။ သတိလစ်နေတဲ့ သူ့ရဲ့ ခန္ဓာကိုယ်ကြီးကို အတိုင်းသား မြင်နေရလို့...

"ဟာ...ငါ ဘာဖြစ်သွားပါလိမ့်"

ဆိုပြီး အံ့ဩဘနန်းဖြစ်သွားခဲ့တယ်။

အဲဒီအချိန်မှာ သူဟာ မြင်ကွင်းတစ်ခုကို ရှင်းရှင်းလင်းလင်းမြင်လိုက်ရတယ်။ သချိုင်းကုန်းတစ်ခုလုံးမှာ ပုပုကွကွ သရဲတွေရော၊ အရပ်ရှည်ရှည် သွားခေါပြီး အစွယ်ထွက်နေတဲ့ သရဲကြီးတွေရော၊ အမွေးစုတ်ဖွားနဲ့ နွားပေါက်လောက်ရှိတဲ့ တစ္ဆေ သရဲတွေဟာ ပြည့်နှက်နေပြီး...

"ဟီး...ဟီး...ဟီး...လိုက်ကြဟေ့၊ လိုက်ကြ"

ဆိုတဲ့ ကြောက်မက်ဖွယ် အသံဆိုး၊ အသံကြောင်တွေနဲ့ ဟစ်အော်ပြီး လိုက်နေတာ တွေ့လိုက်ရတယ်။ ဆရာကြီးနဲ့ တပည့်နှစ်ယောက်က ရှေ့ကပြေး၊ သူတို့က နောက်က လိုက်ရင်းလိုက်ရင်းနဲ့ မီလာတဲ့အခါမှာ ဆရာကြီးနဲ့ တပည့်နှစ်ယောက်ကို ဝိုင်းဖမ်းပြီး ခေါင်းကို အုတ်ဂူနဲ့ ရိုက်ကြတာ။

"ဖုန်း..."

"ဒိုင်း..."

"ဒုန်း..."

စတဲ့ အသံတွေ မိုးမွှန်သွားတာပဲ။

ဆရာကြီးနဲ့ တပည့်နှစ်ယောက်ဟာ ပြေးရင်းနဲ့ ဘယ်လိုကနေ ဘယ်လို အုတ်ဂူနဲ့ တိုက်မိပါလိမ့်ဆိုပြီး အံ့ဩနေကြတယ်။ သူတို့သုံးယောက်ဟာ အုတ်ဂူနဲ့ ရိုက်မိတဲ့ အရှိန်ကြောင့် ဦးခေါင်းက သွေးတွေ စီးကျနေတာ မြင်လိုက်တောင် မကောင်းဘူး။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ ဒေါ်ရွှေလုံးကြီးက အခေါင်းကြီးကို ခါးစောင်းတင်၍ နောက်က ပြေးလိုက်လာပြီး…

"နင်တို့အားလုံး စည်းပေါက်သွားပြီ။ ဒီတော့ မြေပြင်ကို ရေပြင်အဖြစ်နဲ့ ကူးကြစမ်း၊ ကူးကြစမ်း"

လို့ မျက်လုံးကြီး ပြူးပြီး ကြောက်စရာအသံကြီးနဲ့ ပြောလိုက်တာ အဲဒီသုံးယောက်ဟာ မြေပြင်ကို ရေပြင်လို့ ထင်သွားတယ် ထင်ပါရဲ့ ကူးလိုက်ကြတာ ရင်ဘတ်မှာ သွေးချင်းချင်းနီနေတာပဲ။ ကျော်စွာ မြင်ရတာတော့ ရေပြင်မဟုတ်ဘူး၊ မြေပြင်ပဲ။ အဲဒီလို ကြည့်နေရင်း ချက်ချင်းမှောင်ကျသွားပြီး ဖြန်းဆို ကျော်စွာရဲ့ ဝိညာဉ်ဟာ သူ့ရဲ့ ခန္ဓာကိုယ်ထဲကို တိုးဝင်သွားခဲ့တယ်။

"ကျွတ်…ကျွတ်…ကျွတ်… ငါ ဘယ်ရောက်နေပါလိမ့်"

ကျော်စွာဟာ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ သူနဲ့ မလှမ်းမကမ်းမှာ ဆရာကြီးနဲ့ တပည့်နှစ်ယောက်ဟာ မြေပြင်မှာ ရေကူးနေတာကို ဝါဆိုဖယောင်းတိုင်သုံးတိုင်ရဲ့ အလင်းရောင်အောက်မှာ ထင်ထင်ရှားရှားတွေ့လိုက်ရတယ်။

ဒီတော့မှ ကျော်စွာလည်း အုတ်ဂူနဲ့ ခေါင်းနဲ့ ဆောင့်မိတဲ့ ဒဏ်ကြောင့် သတိလစ်သွားရင်း သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတွေရဲ့ တိုင်းပြည်ကို ခေတ္တအလည်တစ်ခေါက်ရောက်သွားခဲ့မှန်း သိလိုက်ရတယ်။

အပြစ်သား သုံးယောက်ဟာ သူတို့ရဲ့ မိုက်ကြေးမိုက်ပြစ်ကို ရင်ဘတ်မှာ သွေးချင်းချင်းနီအောင် ပေးဆပ်နေရပါပြီ။ နောက်ဆုံးတော့ ကျော်စွာလည်း သူတို့ရဲ့ ဖြစ်အင်ကို မကြည့်ရက်တဲ့အတွက် ခေါင်းမူးနေတဲ့ ဝေဒနာကို ဂရုမစိုက်နိုင်တော့ဘဲ သူတို့အနားကို တဖြည်းဖြည်းသွားပြီး…

"ဟေ့လူတို့…ဟေ့လူတို့… ဘာဖြစ်လို့ မြေပြင်မှာ ရေထင်ပြီး ကူးနေရတာလဲ၊ ထတော့လေဗျာ"

အဲဒီလို ပြောလိုက်တော့မှ သူတို့ရဲ့ မျက်စိအမြင်မှာ ရေထင်နေတာ ပျောက်ပြီး…

"ငါတို့ ကူးနေတာ ရေပြင်မှ မဟုတ်ဘဲ၊ မြေပြင်ပဲ"

"ဟုတ်တယ်လေဗျာ။ နဂိုကတည်းက မြေပြင်ပဲဟာကို"

"ဦးလေးတို့က စည်းပေါက်သွားလို့ အထင်မှား အမြင်မှားဖြစ်သွားတာပါကွာ။ တော်သေးတာပေါ့။ ငါ့တူက လာပြီး သတိပေးလိုက်လို့ ဦးလေးတို့လည်း အမှန်တရားဖြစ်တဲ့ မြေပြင်မှန်း သိရတော့တယ်"

"ဒါနဲ့ ဦးလေးတို့က ဒီသင်္ချိုင်းမှာ ဘာလာလုပ်တာလဲ"

"အမှန်ပြောရရင်တော့ ပီယဆေးလာဖော်တာပါကွာ"

"ပီယဆေးက ဘယ်လိုဖော်တာလဲ"

"ဒီရွာမှာ မီးမဖွားနိုင်လို့ သေတဲ့အစိမ်းသေရှိတယ်လို့ ကြားလို့ အောက်လမ်းပညာရပ်နဲ့ ဖုတ်သွင်းပြီး သနပ်ခါးသွေးခိုင်းတာ။ အဲဒီသနပ်ခါးကို အစိမ်းသေမကို လိမ်းခိုင်းပြီး သူလိမ်းထားတဲ့ သနပ်ခါးကို နီးနဲ့ ခြစ်ချပြီး ယူရတယ်။ အဲဒီ သနပ်ခါးမှုန့်ဟာ ပီယဆေးအတွက် အလွန်ကောင်းပေါ့ ငါ့တူရယ်။ ဒါပေမယ့် စည်းပေါက်သွားလို့ အားလုံး ဆုံးရှုံးသွားခဲ့ပြီပေါ့"

"ဦးလေးရယ်…မကောင်းတဲ့ လောဘစိတ်နဲ့ ဒီလိုလုပ်တာဟာ သင်္ချိုင်းမြေကို ဖျက်ဆီးတာ ဖြစ်သလို ကုသိုလ်ကံအကြောင်းမလှလို့ ပြိတ္တာဘဝကို ရောက်နေတဲ့သူတွေကို အနိုင်အထက် ပြုကျင့်ရာရောက်ပါတယ်"

အဲဒီလို ပြောနေချိန်မှာ အော်သံ ဟစ်သံတွေကြားလို့ ရွာသားများ… မီးတုတ်ကိုယ်စီ ကိုင်ဆောင်ပြီး သင်္ချိုင်း… ကုန်းကို ရောက်လာကြတယ်။

"ဟေ့…ကျော်စွာ၊ ဒီလူစိမ်း… သုံးယောက်က ဘယ်သူတွေလဲ"

"သူတို့ကတော့ ပီယဆေးဖော်… ရောက်လာတဲ့ ဆရာတပည့်တွေပဲ"

"ဟိုမှာ အခေါင်းတခြား… အလောင်းတခြားဖြစ်အောင် လုပ်တာ… သူတို့မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် သင်္ချိုင်းမြေ ဖျက်ဆီး… နဲ့ ဒီလူတွေကို ဖမ်းခေါ်ပြီး သူကြီးလက်… အပ်ရမယ်"

ပြောပြောဆိုဆို သူတို့သုံး… ယောက်ကို သူကြီးဆီ ဖမ်းချုပ်ပြီး… ခေါ်ဆောင်သွားကြတယ်။ လောကကြီး… ရဲ့ သစ္စာတရားက မကောင်းမှု လုပ်တဲ့… သူတွေကို ချက်ချင်း မကောင်းကျိုးပေး… တော့တာပဲ။ အဲဒီထဲမှာ အမြတ်ရလိုက်… တာကတော့ ကျော်စွာတစ်ယောက်… ပြိတ္တာပြည်ကို အလည်တစ်ခေါက်… ရောက်သွားခြင်းပဲ ဖြစ်ပါတယ်။■

* * *

ရိရိ…



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ဩဂုတ်လအတွက်

ဒေဝ္ဂရာ ဆရာကျော်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မှန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ ဘဝကံပွင့်လန်းဖို့အတွက် အထောက်အကူပေးမှာ ဖြစ်ပါတယ်။

ကိုယ် နှုတ် နှစ်ဖြာ၊ ပြုကျင့်ရာဌ်၊
စေတနာပါမှ၊ အပုညနှင့်၊
ပုညစင်စစ်၊ ကံဟု ဖြစ်၏။ ။

(မဃဒေဝ - ၂၇၉)

## ၂၀၁၃၊ ဩဂုတ်လ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၈၊ ၁၉၊ ၂၀၊ ၂၇၊ ၂၈၊ ၂၉ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၁၂၊ ၁၃၊ ၂၁၊ ၂၂၊ ၃၀၊ ၃၁ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၅၊ ၆၊ ၁၄၊ ၁၅၊ ၂၃၊ ၂၄ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၇၊ ၈၊ ၉၊ ၁၆၊ ၁၇၊ ၂၅၊ ၂၆ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဉာဏ်ရှိသလို အသုံးပြုနိုင်ပါတယ်။ အရေးကြီးသော ကိစ္စရပ်များအတွက် နေ့အလိုက် ဆိုင်ရာ ထောင့်အရပ်ဘက်သို့ မျက်နှာမူ၍ ဆုတောင်းခြင်း၊ မေတ္တာသုတ်ရွတ်ခြင်း၊ မေတ္တာပို့သခြင်း၊ ဂါထာမန္တန်ရွတ်ခြင်းများ ပြုလုပ်နိုင်သလို၊ ဖြေရှင်းစကားပြောရမှုများအတွက်လည်း စန်းပွင့်ရက်အရ အရပ်ကို မျက်နှာမူ စကားပြောဆိုရပါမည်။

ဥပမာ - ၂၀၁၃၊ ဩဂုတ်လ ၃ရက်နေ့တွင် အရေးတကြီးကိစ္စ စကားပြောရန် ရှိပါက နေအိမ်မှ ထွက်ခွာရာတွင် အနောက်အရပ်ဘက်ကို မျက်နှာမူပြီး ဦးစွာ အထွက်ပြုပါ။ ခြေလှမ်းလေးငါးလှမ်းမျှ လှမ်းပြီး ကိုယ်ပြောရမည့်သူအား စိတ်အာရုံတွင် ပုံဖော်ပြီး မေတ္တာလှမ်းပို့ပေးပါ။ ဖြစ်ချင်တာကို ဆုတောင်းပါ။ ပြီးမှ ကိုယ်သွားချင်သည့် အရပ်ဘက်သို့ ဆက်ထွက်ပါ။ အောင်မြင်မှုကို အထောက်အပံ့ဖြစ်ပါလိမ့်မည်။

"စန်း"သည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ မကာရ၊ ပြိဿ၊ ကန်ရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကင်၊ ဗြိစ္ဆာ၊ မိန်ရာသီများတွင် ရှိပါက မြောက်အရပ် စန်းပွင့်ပါသည်။ စန်းပွင့်အရပ်များကို မျက်နှာမူ၍ ဉာဏ်စေစားကာ ကြံဆောင်ရပါမည်။




www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားမည့်သူများသည် အကြံအစည်သစ်များ၊ အရေးကြီးကိစ္စများ ပါနေပါက စန်းပွင့်ထောင့်အရပ်ဘက်သို့ ဦးစွာ အထွက်ပြုပြီးမှ သွားလိုရာသို့ သွားပါ။

မိမိ၏ ချစ်သူခင်သူသည် မိမိအလိုကို မလိုက်ပါက မိမိမျက်နှာက စန်းပွင့်အရပ်မျက်နှာဘက် လှည့်ထားပြီးမှ ပြော ဆိုရပါမည်။




## ထီကံ

ဤဗာတာသည် သူဌေးလောင်းရွေးသည့် ကောဇာ ဇာတာဖြစ်ပါသည်။ (၀၊ ၅၊ ၈)ဂဏာန်းများ အားကောင်းလိမ့်မည် ဖြစ်သည်။ အဓိဌာန် အာရုံဂဏာန်းမှာ (၅၊ ၉)ဖြစ်သည်။

## ရတနာအဆောင်

ဤလထဲမှာ ပယင်းကိုသော် လည်းကောင်း၊ ပြောင်ခေါင်းစိမ်းကိုသော် လည်းကောင်း အဆောင်ရတနာအဖြစ် ဆောင်နိုင်ပါသည်။ စိတ်နှလုံးချမ်းမြေ့ခြင်း၊ ငွေကြေးကံကောင်းနိုင်ခြင်းနှင့် ဘေးရန်ကင်းခြင်းဟူသော ကောင်းကျိုးရမည် ဖြစ်ပါသည်။ ပယင်းကို မှုးဝေပါက ရှူရှိုက်နိုင်ပါသည်။ မှုးဝေရောဂါနှင့် အိပ်မပျော်သော ဝေဒနာကိုပါ ပျောက်ကင်းနိုင်ပါ လေသည်။

## ငွေကြေးကံအပွင့်အလန်း

ဤတစ်လလုံး အဓိဌာန်ဖြင့် ငွေတစ်ရာကျပ်ဖြစ်စေ၊ သို့မဟုတ် တတ်နိုင်သရွေ့ဖြစ်စေ၊ တစ်ရက်မှ မပျက်စေဘဲ အလှူခံသို့ လှူဒါန်းပါ။ အလှူခံ မတွေ့ပါက နီးစပ်ရာ ဘုရားစေတီတွင် ထားရှိသော "အထွေထွေ ဝေယျာဝစ္စအလှူခံပုံး" ထဲသို့ ထည့်လှူရမည်။ ရက်မပျက်စေရပါ။ မွေးနေ့ညပိုင်းတွင် စာအိတ်တစ်ခုထဲသို့ ငွေစက္ကူ တတ်နိုင်သရွေ့ ထည့်၍ ပုံ့သကူစွန့်ပါ။ "ဒိဝါတပတိ ဂါထာ" ပုတီးတစ်ပတ်ဖြစ်စေ၊ အရဟံသိဒ္ဓိဖြစ်စေ ပုတီးတစ်ပတ် မနက်စောစော စိပ်ရပါမည်။ ထို့နောက် ငွေကြေးအဆင်ပြေရန် ဆန္ဒပြု ဆုတောင်းရပါမည်။

## ဖြေဆေးယတြာ

ခုနစ်ရက်သားသမီးများအားလုံး မိမိနေအိမ်က ဘုရားတွင် သပြေပန်းများ ဝေဆာနေအောင် တစ်လလုံး လှူဒါန်း ပူဇော်ပါ။ "သမ္ဗုဒ္ဓေဂါထာတော်" နှင့် ပရိတ်တော်များ ရွတ်ပါ။ အထူးသဖြင့် တစ်လလုံး မနက်တိုင်း မဟာသမယသုတ် ကို တစ်နေ့တစ်ခေါက် ရွတ်ပါ။ စိတ်ညစ်နေသူများ ဘာလုပ်လုပ် အဆင်မပြေ၊ အထစ်အငေါ့ဖြစ်နေသူများ၊ မိသားစု မသာမယာဖြစ်နေသူများ၊ နေအိမ်တွင် ရောဂါဝေဒနာရှိသူများအဖို့ မိမိမွေးနေ့မနက်တွင် မွေးနံထောင့်၌ သန့်ရှင်းရေးလုပ်ပါ။ ဂြိုဟ်တိုင်ကို ရေဖြင့် ပက်ဖျန်းပြီး ပါးစပ်မှ "သနကျပါစေ"ဟု ဂုဏ်ကြီးမ် အသက်အောင့်ပြီး ပြောပါ။ ပြီးသော် ဂုရက် သားသမီးများကို မေတ္တာပို့ပါ။ သတ္တဝါအများကို မေတ္တာပို့ပါ။ ပြီးသော် သပြေ ဂုညွန့်ကို လှူဒါန်း၍ လိုရာ ဆုတောင်းရပါ မည်။ ဤတစ်လအတွင်း မွေးနေ့တိုင်း လုပ်နိုင်လျှင် အလွန်ထူးခြားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## ဤလအတွင်း အထူးရှုက်ဆောင်ရန်

မိမိသည် ခုနစ်ရက်သားသမီးများ၊ မိမိနှင့် ဆက်ဆံနေရသူများ၊ မိသားစုများအပေါ် မေတ္တာတရား၊ စာနာမှုတရားများ ထား၍ နေပါမည်ဟု စိတ်ပိုင်းဖြတ်ထားပြီး လက်တွေ့ ကျင့်ဆောင်ပါ။ တတ်နိုင်လျှင် သတ္တဝါများ မိမိအတွက် မသေကြေရ ပါစေနှင့်ဟု ယောနိသောမနသိကာရ ထား၍ သက်သတ်လွတ်စားပါ။ တစ်လလုံး မတတ်နိုင်သော်၊ မွေးနေ့တိုင်း စားပါ။ ကမ္ဘာ့သူ ကမ္ဘာ့သားများ၊ မြန်မာနိုင်ငံတော်သားများ၊ မင်းအစိုးရများကို မေတ္တာပို့ပါ။ အိမ်ရှေ့ရှိ မြေကြီးကို (မိုးမရွာပါက) ရေသွန်းပေးပါ။ မဟာပထဝီမြေကြီးကို စောင့်ရှောက်ကြကုန်သော ပုဂ္ဂိုလ်များ၊ မြေကြီးပေါ်နေ သတ္တဝါအများ "အေးမြကြည်ရွှင် မေတ္တာဝင်၍ ကြည်လင်ချမ်းမြ ဘေးရန်ပကြပါစေ"ဟု ဆုပန်ခြွေသလျက် စိုစွဲနေအောင် ပက်ဖျန်းပေးပါ။ နေအိမ်တွင် မနက်မိုးလင်းသည်မှ နေ့ ၁၂နာရီတိုင်အောင် အကြမ်းပတမ်း ဆူညံပွက်လောရိုက်ပြီး ဘာမှနားမလည်နိုင်သော အော်ကြီး တစ်ကျယ် အတိတ်မကောင်း၊ နိမိတ်မကောင်းသော သီချင်းများ လုံးဝ မဖွင့်ပါနှင့်။ မြန်မာသံစဉ် ယဉ်ကျေးသိမ်မွေ့ သာယာညှင်းပြောင်း ချိုလွင်လှပပြီး အဓိပ္ပာယ်ရှိ၍ အတိတ်ကောင်းဆောင်၊ နိမိတ်ကောင်းဆောင်သော တေးသံသာများကိုသာ ဖွင့်ပါဟု အကြံပြုပါသည်။

မည်သည့်ဈေးဆိုင်များမဆို ဤတစ်လလုံး သပြေပန်းများကို ဘုရားကိုလည်း ပူဇော်ပါ။ အဆောင်အဖြစ်လည်း သုံးစွဲပါ။ အောင်မြင်လိုလျှင် ယုံယုံကြည်ကြည်လုပ်ပါဟု အကြံပြုပါရစေ။

## အကြံပြု ယတြာ

ခုနစ်ရက်သားသမီးအားလုံးသည် ဤတစ်လလုံး ပဋ္ဌာန်း၊ သမ္ဗုဒ္ဓေ၊ မေတ္တာသုတ်နှင့် ပရိတ်တော်များအားလုံးကို နိုင်သရွေ့ ရွတ်ပွားပူဇော်သင့်ပါသည်။

တန်ခိုးကြီးဘုရားများတွင် တံမြက်စည်းလှည်းခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ မြက်နုတ်ခြင်းများ ပြုလုပ်ပေးပါ။ စိတ်ကျန်းမာရေးဆေးရုံသို့ လည်းကောင်း၊ ဘိုးဘွားများအား စောင့်ရှောက်သည့် ဂေဟာများသို့ လည်းကောင်း၊ ဆေးဝါး၊ ပိုက်ဆံ၊ ပုဆိုး၊ ထဘီ စသည်များ သွားရောက်လှူဒါန်းပေးပါ။

ထို့အပြင်...

**တနင်္ဂနွေသားသမီးတို့သည်** မိဘနှစ်ပါးအား ပိုက်ဆံ၊ ပုဆိုး၊ ထဘီ စသည်ဖြင့် လှူပါ။

**တနင်္လာသမီးတို့သည်** သံဃာတော်တို့အား သင်္ကန်း၊ သကြား၊ သစ်သီး၊ သွားတိုက်ဆေးများ လှူပါ။

**အင်္ဂါသားသမီးတို့သည်** ဒုက္ခိတတို့အား ထီး၊ ဖိနပ်၊ ဓာတ်ဘူး၊ ဓာတ်မီးလှူပေးပါ။

**ဗုဒ္ဓဟူးသားသမီးတို့သည်** အကြီးအကဲ ဆရာသမားတို့အား အိုးခွက်ပန်းကန်လှူခြင်း၊ အုန်းပါသော အစားအစာကျွေးမွေးခြင်းပြုပါ။

**ကြာသပတေးသားသမီးတို့သည်** မိခင်အား ငွေကြေးထောက်ပံ့ပါ။ ခရီးသွားများကို ငွေကြေးကူညီပါ။

**သောကြာသားသမီးတို့သည်** ဆွေမျိုးတို့အား လည်းကောင်း၊ ညီအစ်ကို မောင်နှမတို့အား လည်းကောင်း ဆီလှူပွဲ လက်ဆောင်ပေးပါ။ သောကြာ အမျိုးသမီးများသည် လင်ယောက်ျားအား စောင်သစ်တစ်ထည် ဝယ်ပေးပါ။

**စနေသားသမီးတို့သည်** သားသမီးတို့အား လက်ဆောင်ပစ္စည်းပေးပါ။ အထူးသဖြင့် လျှပ်စစ်ပစ္စည်းပေးပါ။ စာသင်ကျောင်းများတွင် လိုအပ်သည်များ လှူပါ။■

* * *

စေတ္တရာ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃၊ ဩဂုတ်လအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် မိမိဝါသနာပါရာလုပ်ငန်း ပုံမှန်ဆက်လုပ်နေသင့်သည်။ ဝန်ထမ်းဆိုပါက အလုပ်ထွက်ခြင်း၊ ပြောင်းခြင်း မကောင်းသေးပါ။ ပညာရေးကိစ္စ အောင်မြင်မည်။ သင်တန်းတစ်ခုတက်ရမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သော လုပ်ငန်း၊ ပြည်ပခရီးသွားလုပ်ငန်း အဆင်ပြေမည်။ သားသမီး၊ လက်အောက်ငယ်သားထံမှ အကူအညီရမည်။ ငွေဝင်သော်လည်း မတည်မြဲ၊ မစုမိဖြစ်နေမည်။ သူတစ်ပါးကိစ္စ အာမခံခြင်း၊ ငွေချေးငှားခြင်းကိစ္စ အထူးရှောင်ပါ။ စကားပြော ဆင်ခြင်ပါ။ စက်ပစ္စည်းပျက်/ထွက်ကိန်းရှိသည်။ အစာမှား၊ ဆေးမှား သတိပြုပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ပိတောက် (၁၂)ညွန့်လှူပြီး ဗုဒ္ဓေါဂုဏ်တော်ကို ပုတီး(၁၂)ပတ်စိပ်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် အကြံအစည်များ လွဲချော်နေမည်။ လိုတာ မရ၊ ရတာ မလို ဖြစ်နေတတ်သည်။ မည်သည့်အလုပ်မဆို မိဘ၊ ဆရာသမားထံမှ အကြံဉာဏ်ယူ၍ ပြုလုပ်ပါ။ ပြည်တွင်းပြည်ပခရီးဝေးသွားကိန်း မကောင်းသေးပါ။ လက်အောက် ငယ်သား၊ သားသမီးအတွက် စိတ်ပူပန်ရမည်။ ပြည်ပရောက် သားသမီး၊ မိတ်ဆွေထံမှ အကူအညီရမည်။ ကား၊ စက်ပစ္စည်း ဆိုင်ခန်း ပျက်ကိန်း၊ ထွက်ကိန်းရှိသည်။ ထီး၊ နာရီ၊ ဖိနပ်၊ အထည် အရောင်းအဝယ် အဆင်ပြေမည်။ လုပ်ငန်းသစ်ထက် အဟောင်းက ပိုဟောင်းသည်။ ဆီး၊ မျက်စိဝေဒနာဖြစ်တတ်သည်။ ထီဝါသနာပါက ၄၅အတွဲ၊ ၄အစ ၅အဆုံး၊ ၅အစ ၄အဆုံး ထီရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မိတ်ဆွေအား လက်ဖက်ရည် ဒါနပြုပါ။ လက်ဖက်သုပ်ဝယ်ကျွေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် လုပ်ငန်းနှစ်မျိုး တွဲဖက်လုပ်ကိုင်ရမည်။ ဘာလုပ်လုပ် စိတ်နှစ်ခွဖြစ်နေမည်။ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချ၍ ပြုလုပ်သင့်သည်။ ခရီးသွားလျှင် နှစ်ဆင့်၊ နှစ်ကြိမ်သွားရတတ်သည်။ မည်သည့်ကိစ္စမဆို တနင်္လာနှင့် သောကြာနေ့ကို ရှောင်၍ ပြုလုပ်ပါ။ ပညာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စ အဆင်ပြေပြေ ဆောင်ရွက်ရမည်။ အကျိုးကျေးဇူးခံစားရမည်။ ငွေကြေးကိစ္စ ထင်သလောက် မရ၊ အဆင်မပြေဖြစ်နေမည်။ ငွေချေးငှား၊ အကြွေးယူ ဆောင်ရွက်ခြင်း မပြုလုပ်သင့်ပါ။ အိမ်ထောင်ဖက် ကျန်းမာရေးညံ့မည်။ ချစ်သူနှင့် ခွဲခွာနေရမည်။ ထီဝါသနာပါက ၇၄၊ ၄၇အတွဲ ထိုးပါ။ ထီမထိုးခင် မွေးနံထောင့်တွင် ရွှေထီး (၁၁)လက် လှူပါ။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် မွေးနေ့တိုင်း နှင်းဆီပန်း(၇)ပွင့်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံ့အကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ...**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အကြံအစည်၊ ရည်ရွယ်ချက် အောင်မြင်မည်။ လုပ်ငန်းအပြောင်းအရွှေ့ ပြုလုပ်ရမည်။ ကား၊ စက်ပစ္စည်း၊ အိမ် ထွက်မည်။ လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။ မည်သည့်ကိစ္စမဆို စိတ်ဆုံးဖြတ်ချက် လျင်မြန်စွာ မပြုလုပ်သင့်ပါ။ အရာရာ စိတ်ထိန်း၊ သည်းခံပါ။ နိုင်ငံခြားနှင့် ဆက်နွှယ်သော အလုပ်၊ နိုင်ငံခြားခရီးများ စသည့်ကိစ္စများ အဆင်ပြေမည်။ အိမ်တွင်းရေး ရန်ပြဿနာပေါ်မည်။ အိမ်ထောင်ဖက် ကျန်းမာရေးကြောင့် ငွေကုန်ကျမည်။ အကြီးအကဲ ကျန်းမာရေး ဂရုစိုက်ရမည်။ ၄ အစ ၇အဆုံး၊ ၇အစ ၄အဆုံး၊ အလယ်တွင် ၅ ဂဏန်းပါသောထီ ရွေးထိုးပါ။

ကောင်းကျိုးပြုယတြာ - မွေးနေ့တွင် အိမ်ဘုရား၌ စံပယ်ပန်းများဝေနေအောင် ကပ်လှူပြီး ဖယောင်းတိုင်(၈)တိုင် ပူဇော်ပါ။

............................................................................................................................

## ကြာသပတေးနံ့အကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ...**

ဤလတွင် အလုပ်အကိုင်၊ စီးပွားရေးကိစ္စများ အဆင်ပြေ အောင်မြင်တိုးတက်မည်။ လုပ်ငန်းသစ် ပြုလုပ်တိုးချဲ့ ဆောင်ရွက်မည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ ပညာရေးနှင့် ပတ်သက်၍ ငွေဝင်မည်။ စပ်တူရှယ်ာလုပ်ဝန်း လုပ်ကိုင်ရမည်။ အကျိုးဆောင်လုပ်ငန်း အဆင်ပြေမည်။ အနီးကပ်ရန်သူ သတိထားပါ။ အနှောင့်အယှက်ကြုံတွေ့ရသော်လည်း ဘေးအန္တရာယ်ကင်းမည်။ မိဘရှိက ကျန်းမာရေး ဂရုစိုက်ရမည်။ ဝန်ထမ်းများ ရာထူးတိုး၊ လုပ်ငန်းပြောင်းရွှေ့ရကိန်းရှိသည်။ သွားနှာ၊ သွားကိုက်ဒေနာ ယာယီ ခံစားရမည်။ ၅၀၇ ပါသောထီ ရွေးထိုးပါ။ စနေ၊ ကြာသပတေးအကျွရာ ကောင်းသည်။

ကောင်းကျိုးပြုယတြာ - နေ့စဉ် ပဋ္ဌာန်း(၂၄)ပစ္စည်း ရွတ်ဆိုပါ။ မဟာမြတ်မုနိဘုရားအား အာရုံပြု၍ ထောပတ်ပါသော ဆွမ်း၊ မုန့် ကပ်လှူ ဆုတောင်းပါ။

............................................................................................................................

## သောကြာနံ့အကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ...**

ဤလတွင် လက်ရှိ လုပ်နေသောအလုပ် ပုံမှန်ဆက်လုပ်ပါ။ လောဘတကြီး၊ အလျင်စလို ဘာမှမလုပ်သင့်ပါ။ လူလိမ်၊ အကျင့်မကောင်းသူနှင့် ဆုံရတတ်သည်။ လူယုံ သတိထားပါ။ ဖြတ်လမ်းစီးပွား မလုပ်သင့်ပေ။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ ပြည်တွင်းပြည်ပခရီး မဖြစ်မနေသွားရပါက တနင်္လာ၊ သောကြာနေ့တို့ကို ရှောင်သွားပါ။ ပညာရေးခရီး၊ သင်တန်းတက်ရခြင်း၊ ပညာသင်ခရီးသွားရခြင်း အဆင်ပြေမည်။ သားသမီး၊ လက်အောက်ငယ်သား တပည့်တို့၏ ထောက်ပံ့မှုရမည်။ အပျော်အပါး လောင်းကစားကိစ္စ အထူးရှောင်ပါ။ အမှုပြဿနာကြုံတွေ့ရတတ်သည်။ လူငယ်များ အပေါင်းအသင်း သတိထား ပေါင်းပါ။ သွေးသား၊ အကြောနှင့် ပတ်သက်သော ဝေဒနာခံစားရမည်။ ချစ်သူနှင့် စကားများရမည်။ ထီဝါသနာပါက ၁၃၉ ပါသောထီကို ရွေးထိုးပါ။ ထီလက်မှတ်ကို ပဋ္ဌာန်းစာအုပ်ကြားတွင် ညှပ်ထားပါ။

ကောင်းကျိုးပြုယတြာ - ပိတောက်သားပုတီးကို သက်ကြီးဝါကြီးပုဂ္ဂိုလ်များအား လှူဒါန်းပါ။ ရဟန်း၊ သံဃာအား ဖိနပ်လှူပါ။

............................................................................................................................

## စနေနံ့အကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ...**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ ထီပေါက်၊ ကံစမ်းမဲပေါက်၊ လာဘ်ငွေများ ဝင်ကိန်းရှိသည်။ လုပ်ငန်းသစ် ပြုလုပ်တိုးချဲ့ ဆောင်ရွက်ရမည်။ ပြည်တွင်းပြည်ပမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ရှယ်ယာပါဝင်ခြင်း၊ ပူးတွဲပေါင်းစပ် လုပ်ကိုင်ရမည်။ ဝန်ထမ်းများ ရာထူးတိုး၊ ဝင်ငွေတိုးမည်။ စနေအစ တနင်္ဂနွေအဆုံး အမည်များ ဘာသာရေးအဓိဋ္ဌာန် မပျက်မကွက်ပြုလုပ်ပါ။ ကွဲကွာနေသော ချစ်သူနှင့် ပြန်လည်ဆုံတွေ့ရမည်။ မိသားစုဝင်တစ်ဦး ကျန်းမာရေးညံ့မည်။ အအေးစာ၊ လေစာများ ရှောင်ပါ။ ထီဝါသနာပါက ၅၇၉(မ)ဂဏန်းများများပါသည့် အောင်ဘာလေထီ ရွေးထိုးပါ။

ကောင်းကျိုးပြုယတြာ - ရှင်ဥပဂုတ္တ ရဟန္တာအရှင်သူမြတ်အား သစ်သီး၊ ရေတော်၊ ဖယောင်းတိုင် လှူဒါန်း၍ လိုရာဆုတောင်းပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင် ဓာတ်ဆင်ပြု ကြက်သွန်နီ

## အောင်ကောင်းမြ

(သာကေတ)

မြန်မာ့မီးဖိုချောင်တွင် အစားအစာချက်ပြုတ်ရာ၌ ကြက်သွန်သည် မရှိမဖြစ် ပါရှိသည်။ စာရေးသူ၏ မိခင်သည် အညာဇာတိဖြစ်၍ ကြက်သွန်နီကို ပိသာလိုက်ဝယ်၍ ခုတင်အောက်တွင် ဖြန့်ထားလေ့ရှိသည်။ အညာဒေသထုံးစံ အတိုင်း ရေရှည်ခံရန် ထားခြင်းဖြစ်သည်။ ကြက်သွန် အနီ၊ အဖြူ နှစ်မျိုးရှိရာ အနီကိုသာ အများဆုံး သုံးလေ့ရှိသည်။

အချို့လူများ ကြက်သွန် လုံးဝမကြိုက်တာ တွေ့ဖူး သည်။ အချို့ကျတော့

လည်း ထမင်းစားလျှင် ကြက်သွန်နီ အခွံခွာ၍ ငါးပိရည်... တို့စားတတ်လေ့ရှိသည်။ အထူးသဖြင့် မြန်မာ့အစားအ... တစ်ခုဖြစ်သော မုန့်ဟင်းခါးတွင် ကြက်သွန် အလုံးလို... ထည့်ချက်လေ့ရှိကြသည်။

ကြက်သွန်နီကို စီးပွားဖြစ် စိုက်ပျိုးကြသည်... အချို့ ဆေးဖက်ဝင်အဖြစ် အသုံးပြုကြ... အချို့လည်း ကြက်သွန်နီကို ... လော်ချက်ပြုတ်စားကြသည်။ ... ကီပညာရှင်အချို့ ကြက်သွန်... ယတြာအဖြစ် အသုံး... ရှေးဟောင်း အင်္ဂလိပ်... တွင်လည်း ကြက်... ကို ဓာတ်... ယတြာအ...






www.burmeseclassic.com

www.burmeseclassic.com

ချတာ လေ့လာမှတ်သားရပါသည်။

**ကြက်သွန်နီ ဆေးဖက်ဝင်ပုံ**

ကြက်သွန်နီသည် အစားအစာတစ်ခုဖြစ်ပြီး ဆေးဖက်လည်း ဝင်၊ အစွမ်းလည်း ထက်၍ အစာလည်း ဆေး ဆေးလည်း အစာဟူ၍ ဆရာ မောင်ယဉ်နွယ်က ရေးသား ပြပေးထားပါသည်။ မြန်မာ့တိုင်းရင်းဆေးကျမ်းတွင်လည်း ကြက်သွန်အစွမ်းကို ပြထားသည်။ ကြက်သွန်နီဥ ဆေးဖက်ဝင်ပုံကို လေ့လာကြည့်ကြပါစို့။

ကျေးရွာများတွင် ကလေးတွေ အားနည်းပြီး ပိန်ချုံးလျှင် ကြက်သွန်နီဥကြီး တစ်လုံးနှစ်လုံးကို မီးဖုတ်ကျွေးပါ။ ကြက်သွန်နီဥကြီးတွေကို မီးဖုတ်ပြီး ရရာ ငါးကို မီးကင်၍ ချက်ဆုံထဲ ထည့်ထောင်းပြီး ကလေးတွေကို ထမင်းနှင့် နယ်ကျွေးပါကလည်း အားရှိစေသည်။

ခရမ်းချဉ်သီးကို မီးဖုတ်၍ ကြက်သွန်ဥကြီးတွေကို ပါးပါးလှီးပြီး ဆီ၊ ဆားတွေနဲ့ သုပ်ပြီး ကျွေးရင်လည်း ကလေးတွေ အလွန်အားရှိပါသည်။-လူကြီးတွေလည်း ကြက်သွန်နီ၊ ငြုပ်ကြော်၊ ခရမ်းချဉ်သီး ရောသုပ်စားလျှင် ခွန်အားဖြစ်စေသလို၊ ကြက်သွန်နီကို ဗီနီကာ၊ သံပရာသီး၊ ရှောက်သီး၊ ဆလကာရည်ညှစ်ပြီး ထမင်းဝိုင်းမှာ ဟင်းနဲ့အတူ စားရင်လည်း ထမင်းမြိန်စေပါသည်။ အိန္ဒိယလူမျိုးတွေကတော့ ကြက်သွန်နီသုပ်ကို ပဲဟင်းနဲ့ တွဲစားလေ့ရှိပါသည်။

ခွေးကိုက်ရင် (သို့မဟုတ်) မား လုံ၊ သံချောင်းတွေ ထိလျှင် ဒဏ်ရာကို ရေအေး၊ ရေနွေး ရရာနဲ့ စင်ကြယ်စွာ ဆေးပြီး ကြက်သွန်နီကို ဒဏ်ရာမှာ အုံပေးရမ်း။ နောက် တစ်ရက်မှာ ဒဏ်ရာကို ခွာပေးပြီး ရေနွေးနှင့် ဆေးကာ နောက်ထပ်အသစ် ကြက်သွန်နီဥကြီးကို ထောင်းပြီး ဒဏ်ရာမှာ စည်းပေးထားပါ။ သုံးရက်ပြုလုပ်က အနာမရင်းဘဲ အကျက်မြန်သည်။ အထူးသတိပြုရမှာကတော့ ကြက်သွန်ထောင်းမည့် ငရုတ်ဆုံကို စင်ကြယ်အောင် ဆေးကြောပြီးမှ ထောင်းရမည်။

စာရေးသူ ငယ်စဉ်က ဝမ်းကိုက်သည့်အခါ ကြက်သွန်နီနှင့် ထန်းလျက်ကြော်ကျွေးပါသည်။ အရသာမှာ ခါး၍ များများမစားနိုင်ပါ။ များများစားလျှင် ဝမ်းကိုက်ရောဂါ ချက်ချင်း ပျောက်သည်။

ကြက်သွန်နီမှာ ကွာစီတင်လို့ ခေါ်တဲ့ ဖလေဗိုးနွိုက် ပါဝင်တာကြောင့် ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းမွန်စေပြီး ကင်ဆာအကျိတ်ဖြစ်ပေါ်မှု မရှိအောင် ကာကွယ်ပေးနိုင်ပါသည်။

ကြက်သွန်နီသည် နှလုံးရောဂါဖောက်မှုကို လျော့ကျစေသည်။ အသက်ရှူလမ်းကြောင်းရှိ အခွံမြှေးတွေကို ပျော့ဝင်စေတာကြောင့် အသက်ရှူနိုင်စေသည်။ နှာကိုက်တာနှင့် မူးဝေတာကို သက်သာစေဖို့ ရေထဲ ကြက်သွန်နီထည့်ပြီး ပျော့သွားအောင် ပြုတ်ကာ အအေးခံထားပြီး အဝတ်စတစ်စထဲသို့ ထည့်လိုက်ပါ။ ပြီးရင် အဲဒီ အဝတ်စကို နားပေါ်မှ ကပ်ပေးပါ။ နားကိုက်တာ သက်သာစေသည်။

အချို့ကတော့ ကြက်သွန်နီများများစားလျှင် ချိုင်းလက်ပပ်စော်နံ့တယ် ဆိုပြီး ရှောင်လေ့ရှိပါသည်။ အစိမ်းများများ မစားသင့်ပါ။ မည်သည့်အစားအစာမဆို တန်ဆေးလွန်ဘေးဖြစ်သည်ကို သတိပြုပါ။

**ချစ်စိတ်တိုးစေခြင်း**

ကြက်သွန်နီက ချစ်စိတ်ကို တိုးစေပြီး မျိုးဆက်ပွားအင်္ဂါကို သန်စွမ်းစေသည်။ ကြက်သွန်နီကို ပါးပါးလှီးပြီး ပျားရည် ထမင်းစားဇွန်းတစ်ဇွန်းထဲမှာ စိမ်ကာ ပုံမှန်သောက်ပေးလျှင် အိမ်ထောင်သည်တွေအတွက် ချစ်စိတ်ကို တိုးစေသည်။ (အိမ်ထောင်သည်ဆိုတာ အမျိုးသားများကို ဆိုလိုတာ ဖြစ်နိုင်သည်။ စာရေးသူ)

**သွားကိုက်ဝေဒနာသက်သာစေခြင်း**

ကြက်သွန်နီအစိမ်းကို ခံတွင်းထဲမှာ သုံးမိနစ်ခန့် ဝါးစားပေးတာကြောင့် ခံတွင်းထဲက ပိုးမွှားတွေကို သေစေနိုင်ပါသည်။ ကြက်သွန်နီ ပါးပါးလှီးပြီး ရောင်ရမ်းနေတဲ့ သွားဖုံးနှင့် ကိုက်ခဲနေသည့် သွားတွေပေါ် ကပ်ပေးခြင်းဖြင့် သွားကိုက်ဝေဒနာကို သက်သာစေသည်။

**ဆီးနှင့် ပတ်သက်သမျှ ကောင်းလှတဲ့ ကြက်သွန်နီ**

ဆရာ အောင်ကျော်စွာ ဆိုသူမှာ ဆီးအောင့် ခါးအောင့်လျှင် ကြက်သွန်နီကို လှီးပြီး မတ်ခွက်တစ်ခွက်မှာ ထည့်၊ ရေစိမ်ထားပြီး သောက်လျှင် ပျောက်တယ်ဆိုလို့ စာရေးသူကိုယ်တိုင် သောက်ကြည့်ပါသည်။ နောက်တစ်နေ့တွင် သက်သာသွားပါသည်။ ဂျာနယ်များတွင် ကြက်သွန်နီသည် ဆီးလမ်းကြောင်းဆိုင်ရာ ဝေဒနာများ ကုသရာမှာ အလွန်အသုံးဝင်သည်ဟု ဖော်ပြထားပါသည်။ ဆီးသွားစဉ် ပူစပ်ပူလောင်ဖြစ်တဲ့ ဝေဒနာ၊ ဝမ်းကိုက်တဲ့ ဝေဒနာတို့အတွက် အစိမ်းလိုက် ဝါးစားနိုင်ကြောင်း ဆိုထားပါသည်။

အစာလည်း ဆေး ဆေးလည်း အစာ စာအုပ်မှာတော့ ဆီးအောင့်၊ ဆီးမသွားနိုင်ဘဲ ဖြစ်နေမယ်ဆိုလျှင် ကြက်သွန်နီဥကြီးကို ထက်ခြမ်းခွဲပြီး ထုထောင်းကာ ဆီးစပ်မှာ အုံပြီး စည်းပေးထားရင် ပျောက်ကင်းသည်ဟု ဆိုပါသည်။ ဆီးကျောက်တည်လျှင် ကြက်သွန်နီဥထောင်းပြီး အိပ်ခါနီးအချိန်မှာ ဆီးခုံ၌ စည်းပေးထားပါ။ ထို့နောက် သံပရာရည်နဲ့ စိမ်ထားတဲ့ ကြက်သွန်နီစိပ်တွေကို ဝါးစားပြီး အိပ်လိုက်ပါ။ နှစ်ရက်သုံးရက် ဆက်လုပ်ပေးလျှင် ဆီးအိမ်က ကျောက်ပြုတ်ကျလာပါသည်။ ငွေကုန်သက်သာ လွယ်ကူ ထိရောက်တဲ့ နည်းတစ်နည်းပါပဲ။ လက်တွေ့ ဆောင်ရွက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

**အသားအရေချောမွတ်စေတဲ့ ကြက်သွန်နီ**

မျက်နှာပြင်အသားအရေသည် မချောဘဲ ရှိနေမယ်၊ ပွေး၊ ညှင်း၊ တင်းတိပ်တွေ ရှိနေမယ်ဆိုလျှင် ကြက်သွန်နီကို ထောင်း၊ အရည်ညှစ်ပြီး သံပရာရည်နဲ့ ညစဉ် လိမ်းသွားလျှင် မျက်နှာပေါင်းတင်စရာမလိုဘဲ ချောလှလာပါလိမ့်မည်။

ကြက်သွန်နီသည် ကျား-မ လူငယ်၊ လူကြီးအားလုံး အတွက် ဆေးဖက်ဝင်ပါသည်။ ကြက်သွန်ကို အပူ(တေဇော) စာဟု ထင်မှတ်ပြီး အစကတော့ ဆီးပူမှာစိုး၍ မစားပေမယ့် လက်တွေ့မှာ ဓာတ်တူ နံ့တူ ဆေးဖက်ယူဖြစ်နေတာ အံ့ဩစရာကောင်းလှပါသည်။

အသုပ်မျိုးစုံမှာ ကြက်သွန်ဆီချက်ပါမှ စားကောင်းပါသည်။ ဆီသန့်ဖို့ပဲ အရေးကြီးပါသည်။ အမျိုးသမီးတွေ အဖြူဆင်းတဲ့ ရောဂါ၊ ဆီး၊ ကျောက်ကပ် စသည့် ရောဂါတွေ အတွက် ကြက်သွန်ကို နေလှန်းပြီး သကြားနဲ့ ယိုထိုးပြီး နေ့စဉ်မှန်မှန်စားသွားနိုင်ပါသည်။

ဆီပူလောင်၊ ရေနွေးပူလောင်၊ ထမင်းရည်ပူလောင်လျှင် ချက်ချင်း ကြက်သွန်နီဥကြီးကို ထောင်းပြီး အဲဒီက ထွက်လာတဲ့ အရည်နဲ့ ဒဏ်ရာကို ညှစ်ပြီး လိမ်းပေးပါက မကြာမီ သက်သာပျောက်ကင်းပြီး နှစ်ရက် သုံးရက်အတွင်းမှာ ဒဏ်ရာတွေ ပျောက်ကင်းသွားပါလိမ့်မည်။

ကြက်သွန်နီ ဆေးဖက်ဝင်ပုံတွေက ဒီ့ထက်မက ရှိနေပါသေးသည်။ ယခု ဓာတ်ဆင်ယတြာနည်းလည်း ဖော်ပြပေးချင်ပါသည်။

**ကြက်သွန်(၂+၆) နှင့် သူခိုး(၆+၂)**

ကြက်သွန်နီဥကို ခြံထောင့်လေးထောင့်မှာ မြှုပ်ထားပါ။ သို့မဟုတ်၊ အမြစ်တွေဘက်က ကြိုးနဲ့ ဇောက်ထိုးချည်ပြီး အိမ်လေးထောင့်မှာ ဆွဲထားပါ။ ပြုလုပ်ရမည့်အချိန်ကတော့ ညသန်းခေါင် လူခြေတိတ်ချိန်မှာ ပြုလုပ်ဆောင်ရွက်ရမည်။ မြန်မာလဆန်း ၁ရက်နေ့ညဆိုလျှင် ပိုကောင်းပါသည်။ ကြက်သွန်ဓာတ်ဆင်ထားလျှင် မိမိနေအိမ်သူခိုး မဝင်နိုင်ပါ။ သမ္ဗုဒ္ဓေဂါထာ၊ ဝေဒါသာက ဂါထာတွေ ရွတ်ဆိုပြီး ဓာတ်ဆင်ထားလျှင် ပို၍ထိရောက်ပါမည်။

စိတ်သောကဖြစ်စရာတွေ၊ အကြွေးပူသောက၊ ငွေကြေး၊ ကား၊ ကျောက်၊ ကုမ္ပဏီ၊ အချစ်ရေး စသည့် သောကဖြစ်စရာတွေ တွေ့ကြုံလာပါက ဖန်ခွက်တစ်ခွက်ရဲ့ အဝပေါ်မှာ ကြက်သွန်နီဥကြီးတစ်လုံးတင်ပါ။ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ခန့် ထည့်ပါ။ ကြက်သွန်နီဥပေါ်မှာ အမွှေးတိုင်နှစ်တိုင်ထွန်းညှိ၍ ဘုရားမှာ (၈)ရက် ပူဇော် ဆုတောင်းပါ။

**ရွတ်ဆိုရမည့် ဂါထာ**

ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ။

(အနည်းဆုံး ၈-ခေါက် (သို့မဟုတ်) သက်စေ့ရွတ်[...] ဆုတောင်းပါ။)

အောင်မြင်ကျော်ကြားလိုပါက လိုရာဆန္ဒ ပြည့်ဝ[...] ကြက်သွန်ကြော် ၅ခု၊ ရေတော် ၅ခွက်၊ ဖယောင်းတိုင် ၅တိုင်၊ အမွှေးတိုင် ၅တိုင်တို့ကို အနန္တငါးပါး ရည်စူး ပူ[...] ကန်တော့၍ ဆုတောင်းမှု ပြုပေးပါ။ အောင်မြင်မှု၊ တိုးတက်[...] ရရှိလာမှာ သေချာပါသည်။

အင်္ဂါ၊ ဗုဒ္ဓဟူးဂြိုဟ်သက်ရောက်နေပါက ကြက်သွန်[...] မိမိခြေရင်းမှာ တစ်ညအိပ်ထားပြီး နောက်တစ်နေ့မှာ ခြေ[...] နင်းပြီး "ငါ့ဒဏ် နင်ခံ" ဟု ပြောကာ အမှိုက်ပုံမှာ စွန့်ပစ်လိုက်[...] ပါက အဆိုးအညံ့များ ပြေပျောက်စေပါသည်။ ကြက်သွန်[...] ဥတစ်လုံးလိုပဲ ကြက်သွန်အဖြူရောင် ဥတစ်လုံး(အနီးပုံ[...]) သည်လည်း သွေးတိုး၊ နှလုံးရောဂါများ ပျောက်ကင်းသ[...] သာစေပါသည်။

ကြက်သွန်နီလှီးတဲ့အခါ မျက်ရည်ကျတတ်ပါသည်။ မျက်ရည်မကျအောင် ရေထဲ စိမ်၍ လှီးပါ။ ကြက်သွန်နီ[...] ဆန်အိုးထဲ ထည့်ထားလျှင်လည်း ဆန်ပိုးမတက်ပါ။ ကြက်[...] သွန်နီဓာတ်သည် ပိုးကို နိုင်စေသည့်အပြင် သူခိုးကိုလည်း[...] ကာကွယ်ပေးသည်။ ထိပ်ပြောင်နေသူများ ကြက်သွန်နီ[...] ထက်ခြမ်းခွဲပြီး မှန်မှန်ပွတ်ပေးပါက ဆံပင်ပြန်ပေါက်[...] သည်ဟု ဆိုပါသည်။

ရဟန်း၊ သံဃာများလည်း ညနေဘက်တွင် ကြက်[...] သုပ်ကို ဆေးဖြစ်ဝါးဖြစ် ဘုဉ်းပေးနိုင်ပါသည်။ ယာဝဇီဝ[...] တွင် ဆား၊ ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်တို့ ပါဝင်[...] ရဟန်း၊ သံဃာတို့အား ထိုပစ္စည်းများ လှူဒါန်းနိုင်ပါသည်။ ယတြာသဘောမထားဘဲ ပစ္စည်းလေးပါး လှူဒါန်းသည်[...] စိတ်စေတနာသန့်သန့်ဖြင့် လှူဒါန်းပါက ကုသိုလ်ရပါသည်။

၂ မိတ် - ကြက်
၄ (လူ)
၆ ဓာတ် - သွန်

ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဆေးဖက်ဝင်ပုံက များ[...] ပါသည်။ သို့သော် ဓာတ်ဆင်ယတြာတွင်တော့ ကြက်သွန်[...] ကိုသာ အသုံးများသည်။ ကြက်သွန်သည် လူဟူသော ဗုဒ္ဓဟူး[...] နံ(၄)၏ မိတ်ဘက်ဖြစ်နေပါသည်။

မိမိတို့ ဉာဏ်ရှိသလို အသုံးချပြီး အကျိုးရှိအောင် ဆောင်ရွက်နိုင်ကြပါစေ။

* * *

အောင်ကောင်းမြတ်သာထော[...]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

"အဖေ…"

"အဖေ…"

ဝါးဆို ဝါးခေါင် မိုးတစိမ့်စိမ့်နှင့် ကွေးအိပ်နေသော မုဆိုးကြီး ဘမျိုးကို သူ့သားကြီး ဘမိုးက လှုပ်နှိုး၏။

"ဘာလဲ သား"

"တစ်ညလုံး ဖွတ်ကိုက်မိုးရွာနေတာ အဖေ မကြားဘူးလား။ ဒီနေ့ ဖွတ်ဥရှာသွားရင် သားတို့ကို ခေါ်မယ်ဆို၊ ထတော့လေ အဖေ"

"အေး၊ အိမ်း…အိမ်း…ဟုတ်သားပဲ"

ဦးဘမျိုးက မထချင် ထချင်နှင့် ထထိုင်လိုက်၏။

အပြင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။ မှန်၏။ မိုးတဖွဲဖွဲရွာနေသည်။ ဤလို မိုးမျိုးကို ဖွတ်ကိုက်မိုးဟု မုဆိုးများက သင်္ကေတထားကြသည်။

သူ့သားနှစ်ယောက်သည် မုဆိုးသားပီပီ ဝီရိယရှိကြ၏။ ဤသည်ကို ဦးဘမျိုးက အကျေနပ်ကြီး ကျေနပ်သွားသည်။

"သွားမယ်မဟုတ်လား အဖေ"

အင်းမလှုပ် အဲမလှုပ်၊ ငုတ်တုတ်ထိုင်နေသေးသော သူ့အဖေကို သားငယ် ဘာဟိုးကလည်း အားမလို အားမရ ထပ်မေးနေပြန်၏။

"အိမ်း…သွားကြတာပေါ့"

ဤတစ်ခါတော့ ဦးဘမျိုး ဆတ်ခနဲ ထလိုက်သည်။

ထိုအချိန်တွင် သားအဖ သုံးယောက် စားဖို့အတွက် ထမင်းနှင့်ဟင်းတို့ကိုလည်း ဦးဘမျိုး၏ မိန်းမက မုဆိုးမယားပီပီ ဝီရိယရှိစွာ ထုပ်ပိုးပြင်ဆင်နေပြီ။

မုဆိုး ဦးဘမျိုးကို သားအဖ သုံးယောက် မနက်စာကို အဆာပြေစားသောက်ပြီး ဖွတ်ဥရှာရန် တန်ဆာပလာအပြည့်အစုံနှင့် မြရာတောင်ကျောဘက် ထွက်လာကြ၏။

တောင်အလုံး
စာကုန်းလို့ ကုန်ခဲ့ပြီ။
တစ်ခုသာ ကြွင်းတော့
ခြမင်းပျော်စံတဲ့
မြေနက်သန် သည်တောင်ပို့ဆီက
မှိုင်းညို့ ညို့ရည်။
ရန်တည်တည်
မထိဘူး ဘယ်သို့။
လိုဏ်စမှတ်ကာယ်နှင့်၊
ကတုတ်မြေခံလို့ရယ်၊
ခြစံတဲ့ မြို့

(ဖိုးသူတော် ဦးမင်း)

ဖွတ်ကို ဦးဘမျိုးတို့ မုဆိုးများက လေးမျိုးလေးစား ခွဲခြားသတ်မှတ်ထားကြ၏။ ထိုလေးမျိုးမှာ ဖွတ်ကျား၊ ဖွတ်ကျည်၊ ဖွတ်နီစပ်နှင့် ရုံးဖွတ်တို့ဖြစ်သည်။ ဖွတ်ကျားသည် ဖွတ်များထဲတွင် အကြီးဆုံးဖြစ်ပြီး ပိဿာ ၂၀ခန့်ထိ ရှိ၏။ ဖွတ်ကျည်က ၁၀ ပိဿာခန့်၊ ရုံးဖွတ်က ၄ပိဿာခန့်၊ ဖွတ်နီစပ်က တစ်ပိဿာခွဲခန့် ရှိကြသည်။ (အချို့အရပ်တွင် ဖွတ်ကျားနှင့် ဖွတ်မွဲဟုလည်း နှစ်မျိုးသာ ခွဲခေါ် ကြသည်လည်း ရှိသည်။)

အသက် ၇နှစ်၊ ၈-နှစ်အရွယ် ရောက်လာသော ဖွတ်မများသည် ကဆုန်၊ နယုန်လတွင် ဖိုသံ၊ မသံပေး၍ မိတ်လိုက်ကြ၏။ မြေပေါ်၌ မိတ်လိုက်ပြီးသော ဖွတ်မများသည် ဝါဆို၊ ဝါခေါင်လများ၌ ဥအုကြ၏။

ဖွတ်မများ ဥအုကြသော နေရာမှာ ခြမင်း စံပျော်သော ခြတောင်ပို့တွင်ဖြစ်သည်။ ခြတောင်ပို့တိုင်းတွင် ခြမ…ကြ။ ဤသည်ကိုလည်း ဖွတ်လိုက်နေ…ကျ မုဆိုးများမှ သိကြသည်။ သာမန်လူများအနေနှင့် ခြတောင်ပို့ကို တွေ့…သော်လည်း ခြမင်းရှိ၊မရှိ၊ ဖွတ်ဥရှိ၊မရှိ…ကို သိရန် မလွယ်ကူပေ။ ထို့ကြောင့်လည်း "ဖွတ်ထွက်မှ တောင်ပို့မှန်း သိ"…ဟု ဆိုသည်။

ခြတောင်ပို့တိုင်းတွင် ဖွတ်များ…ဥအုကြလေ့ မရှိပေ။ ဖွတ်လေးမျိုးထဲ…တွင် ဖွတ်ကျားနှင့် ဖွတ်ကျည်တို့မှာ…မြေကြီးဖုံးအုပ်ထားသော သစ်ခွေးခေါင်း…များ၊ ကလိုဏ်များ၊ မီးလောင်ထား…သော သစ်ခေါင်းများနှင့် ခြတောင်…နဂါးများထဲ၌သာ ဥအုကြသည်။ "ခြ…တောင်ပို့ နဂါး"ဟု ခေါ်ခြင်းမှာ အ…အထစ် အချွန်အတက်တွေ ရှိနေသည်…ကို နဂါးအမောက်ထောင်နေသည်နှင့်…တူသဖြင့် "ခြတောင်ပို့ နဂါး"ဟု ခေါ်…ကြခြင်းဖြစ်၏။

ရုံးဖွတ်နှင့် ဖွတ်နီစပ်များမှာ…သစ်ခေါင်းများနှင့် ခြတောင်ပို့ နဂါး…တွင် အုလေ့အထ မရှိကြဘဲ၊ ခြမင်း…ရှိသော ခြတောင်ပို့ခေါင်းတုံး၌သာ…အုလေ့အထရှိကြ၏။ ခြတောင်ပို့ခေါင်း…တုံးမှာ အချွန်အတက်မရှိဘဲ မုန့်စိမ်း…ပေါင်းကဲ့သို့ လုံးလုံးချောချော ခြတောင်…ပို့များကို ခေါ်ခြင်းဖြစ်သည်။

ရုံးဖွတ်နှင့် ဖွတ်နီစပ်တို့ ဥအုလေ့…ရှိကြသော ခြမင်းနေရာ တောင်ပို့၏…အတွင်းအစိတ်အပိုင်းမှာ အလွန်ထူးဆေ…ဆန်းပြားလှ၏။ ခြမင်းရှိသော ခြတောင်…ပို့၏ အတွင်းက လိုဏ်ခေါင်းအလယ်…ဗဟိုတည့်တည့်တွင် ကျောက်ပျဉ်အိုး…အဝန်းကဲ့သို့ ခပ်မို့မို့ သီးခြားတစ်နေရာ…ရှိသည်။ ထိုနေရာတွင် သာမန် ခြကောင်…များထက် အဆ ၁၅/၂၀ခန့် ကြီးသော…ခြမင်းကြီး စံမြန်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လက်မခန့်ရှိသော ခြမင်းကြီး၏ တ်ပတ်လည်က လိုဏ်ခေါင်းအတွင်း ပြွင် ပျားသလက်အိမ်ကဲ့သို့သော ခြ က်များ ဝိုင်းရံနေသည်။ ထိုခြက်တွင် ခြသံများ ရှိသည်။ ခြသံကို အင်္ဂလိ သားများ ဖိုထိုးတတ်ကြ၏။ သေးငယ် သော ခြသံအမှုန်အမွှားလေးများကို ထင်းထဲ ထည့်လှုပ်လျှင် ခြမြည်သကဲ့ သို့ အသံတစ်မျိုးထွက်တတ်သည်။ ဤသည်ကို ခြသံစစ်သည်ဟု ခေါ်ကြ ၏ ခြမင်း၏ အပေါ်တည့်တည့်တွင် ပေါက်ငယ် သုံးလေးပေါက်ရှိ၏။ ထို ပေါက်မှ နူးညံ့ပျော့ပျောင်းသော မြေစေးအဆီအနှစ် အစားအစာကို ခြား ခြကောင်များက ခြမင်းကြီး အား ချပေးကြရ၏။

အကယ်၍ ခြမင်းကြီးသည် ရာယ်တစ်စုံတစ်ခုကြောင့် သေဆုံး ားလျှင် ထိုခြတောင်ပို့ခေါင်းတုံးကို ဆောင်ပို့ကန်း"ဟု ခေါ်ကြ၏။ ထိုခြ တောင်ပို့ကန်းတွင် ဖွတ်မများလည်း ဥအုလေ့ မရှိကြ။

ခြမင်းမရှိသော ခြတောင်ပို့ န်းထဲတွင် ဖွတ်မများ ဝင်မအုကြခြင်း ခြမင်း မရှိသည်နှင့် တစ်ပြိုင်နက် ပူရှိန် လျော့နည်းသွား၍ဖြစ်၏။ ခြမင်း နေလျှင် ခြမင်း၏ အပူရှိန်နှင့် ဖွတ် လေးများ ပေါက်လာကြသည်ဟု ကြည်ကြသည်။

အမှန်က ခြမင်းမရှိသော ခြ တောင်ပို့ကန်းထဲတွင် ခြမင်းမရှိသလို ခြား ခြများလည်း မရှိသောအခါ ခြ တောင်ပို့ထဲ ဝင်၍ ဥအုထားသော်လည်း တ်ကလေးများ ပေါက်လာလျှင် စာအာဟာရ ပြတ်လပ်၍ သေကြေ မည်။ ဤသည်ကို ဖွတ်မကြီးက nstinct) ဗီဇ ဇာတိစိတ်ဖြင့် ကြို ထားခြင်းဖြစ်၏။

" ထောင်သောင်းမက၊

များသော ခြကောင်ငယ်များသည်

အတွင်းထဲရှိ ဖွတ်ဥများကိုသာမဟုတ်၊

ဖွတ်မကြီး ကျင်းက ထွက်သွားပြီး

ဖြစ်ကတတ်ဆန်း ဗိတ်ထားခဲ့သော

ကျင်းပေါက်ဝကိုလည်း

နေ့ချင်းညချင်း ပြီးအောင်

အပြင်အပလေ လုံးဝ မဝင်ရအောင်

ရွှံ့စေးနှင့် တာဝန်တစ်ခုလို

စေတနာ ဝန်ထမ်း

အလုံပိတ်လိုက်ကြပြန်၏။ "

ခြမင်းကြီး၏ အပူရှိန်ကြောင့် ဖွတ်ကလေးများ ပေါက်လာကြသည် ဟု ဆိုခြင်းမှာလည်း ဟုတ်ချင်မှ ဟုတ် ပေမည်။ အဖြစ်နိုင်ဆုံးမှာ မဟာပထဝီ မြေထုကြီး၏ အပူငွေ့ကြောင့်သာ ဖွတ် ကလေးများ ပေါက်ဖွားလာကြခြင်း ဖြစ် ပေမည်။

ခြတောင်ပို့ ဥခွံမှ မြေကျင်းထဲရှိ ပေါက်ဖွားလာသော ဖွတ်ကလေးများ သည် အဆင်သင့် တွေ့ရသော ခြ ကောင်ငယ်လေးများကို စားသောက်ပြီး ရှင်သန်လာကြရ၏။ ထို့နောက်မှာ ခြ တောင်ပို့ကျင်းကို ကိုက်ဖောက်ပြီး အပြင်လောကသို့ ထွက်လာကြ၏။

ကဆုန်၊ နယုန်လတွင် မိတ်လိုက် ပြီးသော ဖွတ်မများသည် ဝါခိုလဆန်း မှသည် ဝါခေါင်လကုန်ထိ ဥအုတတ် ကြ၏။ မိတ်လိုက်ပြီးသော ဖွတ်မအား ဖွတ်ထီးကြီးသည် ဥအုရန် သူရွေးချယ် ထားသော ခြတောင်ပို့ခေါင်းတုံးသို့ ခေါ် လာ၏။ ခြတောင်ပို့ခြေရင်းဘေးတွင် သုံးလေးလက်မအနက်ခန့် မြေကို လက်သည်းနှင့် ကုတ်ခြစ်ပြီး ဥကျင်းပြ သည်။ ဤသည်ကို ဖွတ်လိုက် မုဆိုး များက "ကျင်းစမ်းသည်"ဟု ခေါ်ကြ ၏။

ထိုသို့ ဖွတ်ထီးက ဥကျင်းပြထား ပြီးနောက် ဖွတ်မသည် မကြာခဏ ထိုကျင်းစမ်းထားသော နေရာသို့ လာ၍ တွင်းနက်အောင် တူးယက်တတ်သည်။ အတွင်းလိုဏ်ခေါင်းသို့ ပေါက်လုနီးပါး ထိ ကုတ်ခြစ် တူးဖော်ပြီးသောအခါ နောက်ထပ် ဖွတ်မသည် မတူးဘဲ ထား ၏။ ဥအုရန်နေ့သို့ ရောက်တော့မှသာ လျှင် ထိုကျင်းအား လိုဏ်ခေါင်းထဲထိ ပေါက်သွားအောင် ကိုက်ဖောက်သည်။ ထို့နောက် လိုဏ်ခေါင်းထဲသို့ ဝင်၏။ လိုဏ်ခေါင်းအတွင်းရှိ ခြမင်းစံစားနေရာ တစ်ဝိုက်တွင် တစ်နေ့တည်း တစ်ကြိမ် တည်းနှင့် ၁၅လုံးမှ အလုံး ၂၀-၃၀ထိ ဥများကို အုချလိုက်သည်။

ဖွတ်မက ထိုသို့ လာပြီးအုနေ ချိန်တွင် ခြတောင်ပို့ကျင်းထဲရှိ ခြများ သည် ကျူးကျော်ဝင်ရောက်လာသူ ဖွတ်မကို ဝိုင်းကိုက်ကြသည်။ ထို့ ကြောင့် ဖွတ်မသည် ဥများကို တစ်ကြိမ်တည်း တစ်ခါတည်းနှင့် အပြီး အုချလိုက်ခြင်းဖြစ်သည်။ အုချပြီးသော ဖွတ်မသည် အပြင်သို့ ချက်ချင်းထွက် လာ၏။ သူ့ကိုယ်ပေါ်တွင် ကိုက်ခဲပါလာ ကြသော ခြကောင်ငယ်များကို ကျင်း ပေါက်ဝရှိ မြေစိုင်မြေခဲများနှင့် လူးလိမ့် တိုက်ပွတ်ပစ်သည်။ တစ်ကိုယ်လုံးကို လိမ်တွန့် ခါလှုပ်၍လည်း ခြကောင်များ


www.burmeseclassic.com

www.burmeseclassic.com

လွင့်စဉ်သွားအောင် လုပ်သည်။ ပြီးမှ သူ ကုတ်ခြစ် တူးယက်ထားသော မြေစိုင် မြေခဲများနှင့် ကျင်းဝကို သာမန် ကာလျှံကာ ပိတ်ပြီး လိုရာခရီးကို ထွက်သွားလေသည်။

ခြတောင်ပို့အတွင်းထဲရှိ ဖွတ်ဥများသည် သူ့မိခင်ကြီး အုချထားခဲ့စဉ်က တစ်လုံးနှင့် တစ်လုံး ထိစပ်ဆင့်ကပ်နေကြသော်လည်း ခြကောင်များကမူ စေတနာ့ဝန်ထမ်းအလုပ်ဖြင့် တစ်လုံးနှင့် တစ်လုံးအကြား ထိကပ်စေးကပ်မနေရအောင် မြေစေး၊ မြေပျော့တို့နှင့် ခွဲခြားကာ အကာအရံ ဖိုင်းလုပ်ပေးကြသည်။ တိုက်အိမ်ဆောက်ရာတွင် အုတ်ခဲတစ်လုံးနှင့် တစ်လုံးကြား မဆလာကပ်သကဲ့သို့ပင် ဖြစ်၏။

ထောင်သောင်းမက၊ များသော ခြကောင်ငယ်များသည် အတွင်းထဲရှိ ဖွတ်ဥများကိုသာ မဟုတ်၊ ဖွတ်မကြီးကျင်းက ထွက်သွားပြီး ဖြစ်ကတတ်ဆန်း ပိတ်ထားခဲ့သော ကျင်းပေါက်ဝကိုလည်း နေ့ချင်းညချင်း ပြီးအောင် အပြင်အပလေ လုံးဝ မဝင်ရအောင် ရွှံ့စေးနှင့် တာဝန်တစ်ခုလို စေတနာ့ဝန်ထမ်း အလုံပိတ်လိုက်ကြပြန်၏။

ထို့ကြောင့်လည်း အတွေ့အကြုံနည်းပါးသော ဖွတ်ဥရှာသူများသည် ဤခြတောင်ပို့တွင် ဖွတ်ဥရှိ မရှိကို ကေန်ကေ မသိကြခြင်းဖြစ်သည်။

◆◆◆

ဦးဘာမျိုးသည် မိုးတစိမ့်စိမ့်ရွာနေသော မိုးထဲလေထဲ၌ပင် သားနှစ်ယောက်အား မြယာတောင်ကြောဘက်သို့ ခေါ်ချလာ၏။ သားကြီး ဘာမိုးပခုံးပေါ်တွင် ဖွတ်ဥတူးရန် ပေါက်ပြားအတိုလေးတစ်လက်နှင့် သားငယ်ဘာဟိုးကိုယ်ပေါ်တွင် ဖွတ်ဥထည့်ရန် လွယ်ပလိုင်းတစ်လုံး ပါလာသည်။ ပလိုင်းထဲတွင် နေ့လယ်စာစားရန် အင်ဖက်နှင့် ထုပ်ယူလာသော ထမင်းထုပ်ပါသည်။

သူတို့သားအဖသည် ယခင် လေးငါးရက်က ဦးဘာမျိုး တွေ့ထားခဲ့သော ဖွတ်ကိုက်ထားရာ ခြတောင်ပို့တစ်ခုသို့ ရောက်လာကြသည်။ သူတို့အထင်မှာ ယခုလောက်ဆိုလျှင် ဖွတ်မတစ်ကောင်ကောင်သည် တောင်ပို့ထဲဝင်အုထားခဲ့ပြီဟု ထင်၍ ရောက်လာကြခြင်းဖြစ်၏။ သို့သော် ဖွတ်ကိုက်ရာမှာ မူလအတိုင်းပင် ရှိနေသေးသည်။

ဤမျှဆိုလျှင် ဦးဘာမျိုးတို့သားအဖ သဘောပေါက်ပြီ။ ဤခြတောင်ပို့၌ အုချမည့် ဖွတ်မသည် ဥလာမချသေး။ အချိန်မရောက်သေး။ ဥလာမအုသေး။ ထိုအခါ နောက်ထပ် သူတွေ့ထားခဲ့သော ဖွတ်ကျင်းတစ်ခုသို့ သားအဖသုံးယောက် လျှောက်လာကြပြန်



၏။ နောက်လေးငါးရက်ကြာလျှင်တော့ ဥ မအုသေးသော ဖွတ်ကျင်းကိုလည်း လာကြည့်ကြရပေဦးမည်။

ဖွတ်ဥမှာ ဖွတ်မကြီး အုချလိုက်ပြီး နှစ်ပတ်အတွင်း ယူလျှင် ယူ၊ မယူလျှင် သုံးပတ်ခန့် ကြာသွားပါက ဖွတ်အုထဲ သွေးချည်မျှင်တန်းတွေ ပေါ်လာကာ ရင့်သွားပြီး စားမရဖြစ်သွားတတ်၏။ ထို့ကြောင့်လည်း ဖွတ်ဥရှာသူ ဖွတ်မဆိုးများသည် သူတို့ တွေ့ထားသော ဖွတ်ကျင်းများကို သုံးရက် တစ်ခါ လေးရက်တစ်ခါ လာ,လာကြည့်နေကြ၏။

သည်လိုနှင့် ဦးဘာမျိုးတို့ သားအဖသည် နောက်ထပ် ဖွတ်ကျင်းရှိရာ ခြတောင်ပို့ခေါင်းတုံးတစ်ခုနား ရောက်လာကြပြန်သည်။ ဤ ခြတောင်ပို့ ဖွတ်ကျင်းကို ဦးဘာမျိုး အပိုင်ရထားခဲ့သည်မှာ သုံးနှစ်ခန့်ပင် ရှိပြီ။ ဤ ဝပ်ကျင်း ဖွတ်မကြီးသည် သူ့အား နှစ်စဉ်နှစ်တိုင်း အလုံး ၂၀၊ ၃၀ကျော် ဥများကို အု နေကျပင်။ ထို့ကြောင့် ဤကျင်း ဖွတ်မကြီး အုပြီး, မပြီးကို ဦးဘာ လေ့လာကြည့်သည်။

ဥအုပြီး ဖွတ်မများ ပိတ်ဆို ခဲ့ကြသော ကျင်းပေါက်ကို ဖွတ် များက သုံးမျိုးသုံးစား ခွဲခြားခေါ် သည်။ ဤသည်မှာ တောင်ပို့အတွင်း ခြကောင်များ၏ ပမာဏအနည်းအ ပေါ် မူတည်သည်။ ဥချပြီးသော ဖွ များသည် သူတို့ ပြန်ထွက်သွ ကျင်းပေါက်ဝကို အပြင်လေ အောင် သေသေသပ်သပ် ပိတ်သွ မရှိကြ။ သာမန်ကာလျှံကာ ယ သာ ထားပစ်ခဲ့ကြ၏။ ကျင်းထဲ မဝင်အောင် ပိတ်ရသောအလုပ် တောင်ပို့အတွင်းထဲရှိ ခြများ၏ သာ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ခြတောင်ပို့အတွင်းထဲ၌ ခြကောင်များလျှင် အင်အားများသဖြင့် ကျင်းပေါက်ကို ပိတ်ကြရာ၌ မြေစေး ရွှံ့စေးတွေမှာ မူလ ခြတောင်ပို့ဘာတိအသားထက် မို့မောက်စူထွက်နေတတ်သည်။ ဤသည်ကို "နွားလပို့" ဟု ခေါ်၏။ ခြကောင် မနည်းမများရှိသဖြင့် မူလနေရာနှင့် ညီမျှနေလျှင် "ဆီဖူးဆို့" ဟု ခေါ်၏။ ခြကောင်နည်း၍ ကျင်းပေါက်ပိတ်ရာတွင် ချိုင့်ခွက်နေလျှင် "ရေကန်သာ" ဟု ခေါ်လေသည်။

ဖွတ်မတစ်ကောင်သည် မသေမချင်း မိမိ ပထမအုသော ခြတောင်ပို့ ခေါင်းတုံးထဲတွင် နှစ်စဉ် တစ်နှစ်လျှင် တစ်လုံးတိုးနှုန်းနှင့် သေတစ်ပန် သက်တစ်ဆုံး အုသွားတတ်ကြသည်။ ထိုသို့ နှစ်စဉ်နှစ်တိုင်း လာ,လာအုချတတ်သဖြင့် ဖွတ်မုဆိုးများမှာ နှစ်စဉ်နှစ်တိုင်း ထို ဖွတ်မဥကို ရရှိနေကြခြင်းဖြစ်သည်။

ထို့ကြောင့် ဖွတ်မုဆိုးများသည် ဖွတ်ကျင်းအား မိမိတို့၏ ဆွေမျိုးသားချင်းများမှအပ အခြားလူများကို အသိမပေးကြခြင်းဖြစ်၏။ ဖွတ်ဥကျင်း၏ တည်နေပုံ အနေအထားနှင့် သင်္ကေတ အမှတ်အသားများကို လျှို့ဝှက်ထားတတ်ကြသည်။ ထို့ကြောင့်လည်း သာမန်လူများအနေဖြင့် ဖွတ်တစ်ကောင်ကိုသာ ရှာဖွေတွေ့ရှိနိုင်သော်လည်း ဖွတ်ကျင်းတစ်ကျင်းကို တွေ့ရှိရန်မှာ မလွယ်ကူလှပေ။

ယခု ဦးဘာမျိုး ဦးဆောင်ပြီး သားအဖသုံးယောက် ဖွတ်ကျင်းတစ်ခုပြီးတစ်ခု လျှောက်ရှာကြည့်နိုင်ကြခြင်းမှာ ယခင်ယခင်နှစ်များစွာက ဦးဘာမျိုး ရှာထား၊ တွေ့ထား၍သာ ဖြစ်၏။ သို့မဟုတ်လျှင် ဖွတ်ကျင်းရှိသော ခြတောင်ပို့တစ်လုံးတွေ့ဖို့အရေးမှာ ရက်ပေါင်း လပေါင်းများစွာပင် ရှာကြရပေလိမ့်မည်။

ဦးဘာမျိုးသည် သူ နှစ်စဉ်နှစ်တိုင်း ရနေကျ၊ ယူနေကျ ဖွတ်ကျင်း ခြတောင်ပို့ရင်းကို သေသေချာချာ အကဲခတ်ကြည့်သည်။ ခြတောင်ပို့ရင်းတွင် ကျစ်စာခဲများ ပြန့်ကျဲနေ၏။ မိုးရွာထား၍ မြေပျော့ချိန်တွင် ဖွတ်မကြီး ကုတ်ခြစ်သွားသော ကျစ်စာခဲများဖြစ်၏။ သို့သော် ကျစ်စာခဲတွေ၊ ကုတ်ခြစ်သွားသော မြေစာခဲတွေမှာ လတ်လတ်ဆတ်ဆတ်ပင် ဖြစ်သော်လည်း ခါတိုင်းနှစ်တွေထက် ထူးခြားနေသည်ကိုတော့ ဦးဘာမျိုး လုံးဝ သတိမထားမိ။ ဖွတ်ဥရှာအသင်သာ ရှိကြသေးသော သားနှစ်ယောက်အား ဖွတ်ကျင်းနှင့် ပတ်သက်သည့် သိထားစရာ ဗဟုသုတများကိုသာ စိတ်စောစွာ ပို့ချ ပြောပြနေ၏။

"ဖွတ်ဥတူးရာ၊ ဖော်ရာမှာ ဖွတ်ကျင်းကို တွေ့တာထက် လက်အချိန်အဆက ပိုအရေးကြီးတယ်။ လက်အချိန်အဆမမှန်ရင် ဖွတ်ဥတွေ ကွဲပျက်သွားတတ်တယ်။ ပြီးတော့ ခြမင်းကြီး စံပျော်နေတဲ့ မြေမွေ့ရာ ကမ္ဘလာခွက် ကျောက်ပျဉ်ကို ထိုးမိလို့ ခြမင်းကြီး သေသွားမှာလည်း စိုးရိမ်ရတယ်။ ခြမင်းကြီး သေသွားရင် တခြား ခြကောင်တွေလည်း မနေကြတော့ဘူး။ ခြတွေ မရှိတော့ ဖွတ်မတွေလည်း လာ,လာ မအုကြတော့ဘူး။ အဲဒါကို "ကျင်းကန်း" တယ်လို့ ခေါ်တယ်နော်၊ သားတို့ မှတ်ထားကြ"

သူ့အဖေ၏ အပြောကို နားစွင့်လိုက်၊ ခြတောင်ပို့ကို စိုက်ကြည့်လိုက် လုပ်နေကြသော ဘာမိုးနှင့် ဘာဟိုးတို့ ညီအစ်ကိုနှစ်ယောက်မှာ သူ့အဖေစကားကို ပြိုင်တူ ခေါင်းညိတ်ပြလိုက်ကြ၏။

"ဒီမှာ ကြည့်ထားကြ၊ အဖေတူးပြမယ်"

ဦးဘာမျိုးသည် သားကြီး ဘာမိုးလက်ထဲက တူရင်းပြားကို ယူပြီး ခြတောင်ပို့ရင်း ဖွတ်မကြီး ဝင်ပေါက်၊ ထွက်ပေါက်ကို ရှပ်တူးပြ၏။ လိုဏ်ပေါက်ထိပ်ရှိ မြေသား ခြခက်တွေကို လက်နှင့် အသာအယာ ဖဲ့,ဖဲ့ချသည်။ ခဏအတွင်းမှာပင် ဖြူညစ်ညစ် ဖွတ်ဥများ ပေါ်လာကြ၏။

"ကဲ - သားငယ်က မြေစေးမြေမာ မမံရသေးတဲ့အပေါ်က ဖွတ်ဥတွေကို အသာအယာယူပြီး ပလိုင်းထဲ စီထည့်။ သားကြီးက အဖေလုပ်တာတွေကို သေသေချာချာကြည့်ထား။ နောက်နှစ်၊ နောင်ခါဆိုရင် ဒီကျင်းကို အဖေ မလာတော့ဘူး။ သားတို့ချည်း ဖွတ်ဥတူး လွှတ်တော့မယ်။ ဖွတ်ကျင်းရှိရာနဲ့ ဖွတ်ဥတူးပုံတွေကို ကြည့်ထား၊ မှတ်ထားကြ။ ဒီနေရာကို မင်းတို့ နောက်နှစ်လာရင် မှတ်မိပါ့မလား"

"မှတ်မိပါတယ် အဖေ။ ဟို ဇင်ပြွန်းပင်ကြီးနဲ့ ကျွန်တော်တို့ ဖြတ်လာကြတဲ့ ဝက်တိုးချောင်းကောက်ကြီးကို မှတ်ထားပါ့မယ်"

သားနှစ်ယောက်က ဖွတ်အုံကောက် ခြခက်ဖဲ့ရင်း ပြိုင်တူ မှတ်မိနိုင်ကြောင်း သက်သေစကားဆိုကြ၏။

"ဒီမြေစေးမံထားတဲ့ ဥတွေက နည်းနည်းမာပြီး သေးပါလား အဖေ"

သားကြီး ဘာမိုးက ခြကောင်သုံးလေးကောင်ပင် ကပ်ပါလာသော မြေစေးမံ ဥတစ်လုံးကို ကောက်ယူ၍ ပြောလိုက်၏။

သူ့သားကြီးက ပြောလိုက်မှ ဦးဘာမျိုးလည်း သားငယ် ပလိုင်းထဲက ဖွတ်ဥများနှင့် သားကြီးထဲက ဖွတ်ဥတစ်လုံးကို သတိထား ကြည့်မိသွား၏။ ထိုစဉ်မှာပင် သားငယ်ဆီကလည်း



www.burmeseclassic.com

www.burmeseclassic.com

စကားသံထွက်လာပြန်၏။

"အဖေ···ဖွတ်ကျင်းတစ်ကျင်းထဲမှာ ဥနှစ်ဆယ်၊ သုံးဆယ်ပဲဆို။ ခု ဥကောက်ကတည်းက ကျွန်တော်ရထားတာ ဥလေးဆယ်ကျော်သွားပြီ။ နောက်ထပ် မြေစေးတွေနဲ့ စေးကပ်မံထားတဲ့ ကျင်းထဲမှာလည်း ဥတွေ ရှိနေပါသေးလား"

ဤတစ်ခါတော့ ဦးဘာမျိုး ပါးစပ်မှ ဟယ်ခနဲ အသံထွက်သွား၏။

ဦးဘာမျိုးတစ်သက်တာတွင် ဖွတ်ကျင်းတစ်ကျင်းထဲမှ ဤမျှ များပြားသော ဖွတ်ဥများကို တစ်ခါမှ မရဘူးပေ။ ဥတစ်ကျင်းမှ အများဆုံးရလျှင် သုံးဆယ်ခန့်သာ။ ယခုမူ သားငယ်ဘာဟိုးပြောသလို ပလိုင်းထဲမှာလည်း မနည်း။ နောက်ထပ် မြေစေးတွေနှင့် မွမ်းမံထားသော ဖွတ်ဥများကိုလည်း ကျင်းထဲတွင် တွေ့နေရသေး၏။ ဘယ်လိုပါလိမ့်။

မကြုံစဖူး ထူးလှသော အဖြစ်ကြောင့် မြွေဆိုး၊ ကင်းဆိုးများ၏ ဥများ ဖြစ်နေရော့လားဟု သားငယ်၏ ပလိုင်းထဲက ဥများနှင့် ကျင်းထဲက ဥများကို ဦးဘာမျိုး ထိတ်ထိတ်လန့်လန့်နှင့် ယူကြည့်ရ၏။

ဖွတ်ဥမှ ဖွတ်ဥအစစ်။ မြွေဆိုး၊ ကင်းဆိုးများသည် ခြတောင်ပို့ခေါင်းထဲ မြေထဲ ဖောက်ဝင်ပြီး အုလေ့မရှိကြသလို၊ အကယ်၍ မြွေဆိုး၊ ကင်းဆိုး တစ်ကောင်ကောင်သည် ဖွတ်မကပျက်ကချော် ပိတ်ထားခဲ့သော အပေါက်မှ ခြတောင်ပို့ထဲ ဝင်အုလျှင်လည်း ခြများက လက်ခံကြမည် မဟုတ်။ မြွေဥ၊ ကင်းဥများကို မြေစေးရွှံ့စေးများနှင့်လည်း မံပေးကြမည် မဟုတ်။ အကယ်၍ မံပေးထားလျှင်လည်း ခြခေါင်း မြေကျင်းထဲ ပိတ်မိနေ

> ဦးဘာမျိုး ထိတ်ထိတ်လန့်လန့်နှင့်
> အတွေးခေါင်နေစဉ်
> ဝါရင့် ဖွတ်မုဆိုးကြီးများ
> ပြောပြဖူးသော
> ကျင်းထပ်ဖွတ်အကြောင်း
> စိတ်ရောက်သွား၏။
> ထိုအခါ ဦးဘာမျိုးမှာ ထခုန်မိမတတ်
> ဝမ်းသာအားရဖြစ်သွားလေသည်

သော မြွေကင်းများသည် အပြင်ကို ထွက်မလာနိုင်ဘဲ သေသွားကြမည်သာ။ တိရစ္ဆာန်များသည် ဗီဇစိတ်အသိနှင့် သေမည့်နေရာ၌တော့ မနေတတ်ကြပေ။

ဦးဘာမျိုး ထိတ်ထိတ်လန့်လန့်နှင့် အတွေးခေါင်နေစဉ် ဝါရင့် ဖွတ်မုဆိုးကြီးများ ပြောပြဖူးသော ကျင်းထပ်ဖွတ်အကြောင်း စိတ်ရောက်သွား၏။ ထိုအခါ ဦးဘာမျိုးမှာ ထခုန်မိမတတ် ဝမ်းသာအားရဖြစ်သွားလေသည်။

"ဟာ···ဟုတ်ပြီ ဒါ ကျင်းထပ်ဖွတ်ခေါ်တယ် သားတို့ရယ်။ ကျင်းတစ်ရာမှာ တစ်ကျင်းတောင် တွေ့ရဖို့ခဲယဉ်းတယ်။ ငါ့သားတို့ ဒီနေ့ သိပ်ကံကောင်းသွားပြီ။ အတိတ်နိမိတ်လည်း ကောင်းတယ်။ ငါ့သားများ ကြီးလာရင် အဖေ့ထက် တော်တဲ့ မုဆိုးကျော်ကြီးတွေဖြစ်မယ့် အတိတ်နိမိတ်ပဲ။ အဖေ့တစ်သက် ဒီလို ကျင်းထပ်ဖွတ်ကို မတွေ့ဘူးသေးဘူး။ ဖွတ်မုဆိုးကြီးတွေ ပြောဖူးတာပဲ ကြားရဖူးတာ"

ဦးဘာမျိုးပြောသည်မှာလည်း အမှန်ပင် ဖြစ်သည်။ ဖွတ်မများ ခြတောင်ပို့မြေရင်းတွင် ကိုက်ဖောက် ကုတ်ခြစ်ထားသော ကျစ်စာခဲများ အဆမတန် များနေကတည်းက ကျင်းထပ်နေပြီဆိုတာ စောစောကပင် သိသင့်သည်။ သို့သော် ဦးဘာမျိုးမှာ ဖွတ်မုဆိုးသက်သက်မဟုတ်သဖြင့် စောစောက သတိမမူမိခဲ့ခြင်းပင် ဖြစ်သည်။

ကျင်းထပ်ဖွတ်ဖြစ်ရခြင်းမှာ ဖွတ်ထီးကြီးများသည် ဖွတ်မကြီးများနှင့် မိတ်လိုက်ပြီးနောက် ဖွတ်မတမ်း ဖွတ်မငယ်များနှင့်လည်း တစ်ခါထပ်ပြီး မိတ်လိုက်လေ့ရှိ၏။ ထိုအခါ ဖွတ်မငယ်များမှာ ပထမဦးဆုံး ဥချရန် ကျင်းကို မရှာတတ်ကြသေး။ ထို့ကြောင့် သူနှင့် မိတ်လိုက်ထားသော ဖွတ်ကြီးအနား ကိုသာ တစ်ဖဝါးမကွာ လိုက်ပြီး ဥကျင်းပြနိုင်းတတ်ကြသည်။

သူနှင့် မိတ်လိုက်ထားသော ဖွတ်မငယ်များက ဥကျင်းပြရန် ပူဆာလာသောအခါ ဖွတ်ထီးကြီးမှာ ခြတောင်ပို့အသစ်ကို လိုက်ရှာရသည်။ ခြမင်းကြီး ရှိနေသော ခြတောင်ပို့ အသစ်ကို လိုက်ရှာမရသောအခါ ဖွတ်မငယ်များအား တွေ့ရာကြုံရာ ခြတောင်ပို့ကို ဥကျင်းစမ်းပြထားခဲ့ကြ၏။

ထိုအခါ ဖွတ်ထီးကြီးများ ဥကျင်းပြထားခဲ့ကြသော၊ ခြမင်းရှိသော ခြတောင်ပို့ထဲ၌သာ တစ်ကောင်ပြီး တစ်ကောင် ဝင်အုကြရာ တစ်ခါတစ်ခါတွင် ဖွတ်ကျင်းတစ်ကျင်းထဲ၌ ဖွတ်မနှစ်ကောင်၊ သုံးကောင်ပင် ဝင်အုတတ်ကြလေသည်။ ဤသည်ကို ဖွတ်မုဆိုးတို့က "ကျင်းထပ်သည်"ဟု ခေါ်ကြသည်ဟူ၏။

* * *

မိုးကျော



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင်အမြင် နက္ခတ်ဂြိုဟ်စဉ်များအရ

## ၂၀၁၃ ခု၊ ဩဂုတ်လ၊ ခုနစ်နေ့သားသမီးများအတွက်

# မဟာတြွင်းရှုပ်အဟောစာတမ်းများ

ဇမ္ဗူစရိယ ဦးအောင်ကျော်မိုး

### တနင်္ဂနွေသားသမီးများ

ယခုလ ကရကင့်ရာသီ ဒုတိယတြွင်းရှုပ်အဟောထွက်သည်။



**စီးပွားရေး။** အလုပ်ထဲမှာ ပြဿနာပေါင်းစုံ ပေါ်လာမည်။ မိမိ၏ လုပ်အားကို အသုံးချခံရတတ်သည်။ ဉာဏ်ကို မှီ၍ ဖြေရှင်းနိုင်မည်။ မိတ်ဆွေကောင်းများကြောင့် အလုပ်ငွေပိုရမည်။ အလုပ်တွေ ရှုပ်နေမည်။ စက်ပစ္စည်းများ ရောင်းအားဝယ်အားကောင်း၍ အကျိုးအမြတ်ရမည်။ ခရီးသွားလာရေးများ ခက်ခဲ၍ ငွေပိုကုန်မည်။ တပည့်အကျိုးပေးမည်။

**အိမ်ထောင်ရေး။** သာယာသော အိမ်ထောင်ရေးဖြစ်သော်လည်း သူ့အကန့်ကိုယ့်အကန့် စည်းခြားနေမည်။ သားမယားစိတ်ကုန်ခန်းမည်။ သားသမီးအတွက် စိတ်ချမ်းသာမည်။ ယောက္ခမ၏ အကူအညီများ ရရှိမည်။ စားကောင်းသောက်ဖွယ်များ ရရှိမည်။ လင်မယား စကားများရ ရှင်းရလိမ့်မည်။

**ပညာရေး။** အခက်အခဲဖြစ်မည်။ ဆရာများရှေ့မှောက် ရောက်နေ၍ သင်ကြားလိုသော်လည်း စိတ်ဖြောင့်စွာ မသင်ကြားနိုင်။ သူတစ်ပါးကိစ္စများနှင့် ရှုပ်နေည်။ စာအုပ်များ၊ ပညာရေးအထောက်အကူပြုပစ္စည်းများ လက်ဆောင်ရမည်။

**ချစ်ရေး။** ချစ်သူနှင့် ဝေးမည်။ နီးလျှင် ပြဿနာပေါ်မည်။ ကိုယ့်ချစ်သူ သူများလက်ထဲ ပါသွားမည်။ ကိုယ်တိုင်နကြီး ဘဝင်မြင့်မှု၊ ဆရာကြီးလုပ်မှုကြောင့်ဖြစ်သည်။ ချစ်သူအပေါ် မိုလ်ကျ အနိုင်ယူလိုစိတ်များနေမည်။

**န်းမာရေး။** မျက်ရိုးကိုက်၊ ဝမ်းပျက်၊ ခြေလက်ထုံကျင် ကိုက်ခဲမည်။ ဒူး ခေါင်း နာမည်။ အစားအသောက်ပျက်မည်။

ကောင်းသောအရောင် - အနီရောင်၊ အဝါရင့်ရောင်များ

ကောင်းသောဂဏန်း - ၃၊ ၀၊ ၇ ဂဏန်းများ။

ဘြာ - ကမ်းရိုးတစ်လျှောက်ရှိ သူတော်စင်တို့အား တရားစာအုပ် အလှူပြု၍ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ



**ယခုလ ဖြိုးသရာသီ ဒုတိယကြောင်းရပ်အဟောထွက်သည်။**

**စီးပွားရေး။** အလုပ်ပါး၍ သူတစ်ပါးကို အကူအညီပေးဖြစ်မည်။ အတိုက်အခံမျာ ကို အောင်မြင်မည်။ ပတ်ဝန်းကျင် နှောင့်ယှက်မှုကြောင့် အလုပ်နှေးမည်။ အလုပ်သ ပေါ်မည်။ ငွေဝင်မည်။ အလွန်အကျွံ ရင်းနှီးမြုပ်နှံမှုများ အရှုံးပေါ်မည်။ ခေတ္တ အချိန်စော သင့်သည်။ ဆရာများ၏ အလုပ်များကို လက်စသတ်ပေးနေရမည်။

**အိမ်ထောင်ရေး။** သာယာမည်။ ကိုယ်တိုင်နေတတ်လျှင် တစ်အိမ်လုံး စိတ်ချမ်းသာမည် ကိုယ်တိုင်က အမြင်မကြည်လင်မှုများ ရှိနေမည်။ သားသမီးအတွက် ငွေကုန်မည်။ အိမ်မှာ ကျန်းမာရေးညံ့သူ ပေါ်လာမည်။ မိသားစုလက်စုံစားပိုင်နှင့် ကင်းကွာမည်။

**ပညာရေး။** ပညာကို အလုပ်တစ်ဖက်နှင့် သင်ယူဖြစ်မည်။ လက်တွေ့ဆန်သော ပညာရပ်များကို ပိုသင်ဖြစ်မည်။ ဝါသနာပါသော ပညာရပ်များကို စွန့်လွှတ်ဖြစ်မည် ဆရာ မိတ်ဆွေကောင်းများ၏ ကူညီမှု ရရှိမည်။

**အချစ်ရေး။** လွှမ်းရေးထက် ဝမ်းရေးကို ဦးစားပေးနေမိမည်။ ဂုဏ်၊ ငွေရှိသူ မျှော်မည်။ အထင်ကြီးရသူများ၏ အားနည်းချက်ကို တွေ့ရမည်။ ခဲလေသမျှ သဲရေကျရသော အချိန်ဖြစ်သည်။

**ကျန်းမာရေး။** များသောအားဖြင့် ကျန်းမာရေးကောင်းမွန်နေမည်။ မူလရောဂါအခံရှိသူများ သက်သာမည်။ စိတ်တို ဖြစ်ရမှုများကြောင့် ပိုပင်ပန်းမည်။ မိသားစုကျန်းမာရေးကို ပိုမိုဂရုစိုက်ဖြစ်မည်။

**ကံကောင်းသောအရောင်** - အဖြူရောင်၊ ပန်းနုရောင်များ။

**ကံကောင်းသောဂဏန်း** - ၂၊ ၅၊ ၀။

**ယတြာ** - သက်ကြီးရွယ်အိုများကို စိပ်ပုတီးအနက်ရောင်များနှင့် ဆေးဝါးများ လှူပြီး ဆုတောင်းပါ

## အင်္ဂါသားသမီးများ



**ယခုလ ဖြိုးသရာသီ ပထမကြောင်းရပ်အဟောထွက်သည်။**

**စီးပွားရေး။** စိုက်ပျိုးရေးလုပ်ငန်းများမှ ငွေဝင်မည်။ စိုက်ပျိုးမြေ၊ ဥယျာဉ်ခြံ များ အရောင်းအဝယ်ဖြစ်မည်။ လယ်ယာသုံး စက်မှုပစ္စည်းများ ဈေးကောင်းရမည် စပ်တူရှယ်ယာများ၊ အိမ်အကျိုးဆောင်အလုပ်များက ကောင်းနေမည်။ ပွဲခများများရမည် အချိန်ဖြစ်သည်။ လုပ်နေကျ အလုပ်များလည်း ပိုမိုဝင်ငွေရရှိလာမည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဖက်၏ ဂရုစိုက်မှု လွန်ကဲခြင်းက နေရထိုင်ရ ခက်ခဲမှု ကို ဖြစ်လိမ့်မည်။ သာယာသော အိမ်ထောင်ရေးအချိန်၊ ဘဝ စတင်ချိန်ဖြစ်လိမ့်မည် ရှံခါ အိမ်ထောင်ဖက်၏ ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်ပေးဖြစ်မည်။

**ပညာရေး။** စွယ်စုံပညာသင်ဖြစ်မည်။ ဘာသာရပ်တိုင်း ထူးချွန်မည်။ ဆွေမျိုး အား ကူညီရမှု များသောကြောင့် ပညာသင်ကြားရေး ပျက်ကွက်မည်။ ခရီးထွက်ဖြစ်မည်

**အချစ်ရေး။** ချိုသာသော စကားများဖြင့် ပြည့်လျှံနေမည်။ စကားလုံးများ ကျေနပ်နေမည်။ မှသားစကားတွေက မကြာမီ ခါးမှန်းသိ၍ လမ်းခွဲရန် နိဒါန်းဖြစ်နေလိမ့်မည်။

**ကျန်းမာရေး။** အားနည်းမည်။ ဗိုက်နာ၊ ဝမ်းပျက်၊ ရင်ဘတ်အောင့် ရောဂါစုံမည်။

**ကံကောင်းသောအရောင်** - အနီရင့်၊ အညို၊ အနက်ရောင်များ။

**ကံကောင်းသောဂဏန်း** - ၃၊ ၈၊ ၇။

**ယတြာ** - ရှေးဟောင်း စေတီတော်တစ်ဆူ၏ မွေးနံထောင့်တွင် ဆီမီးသက်စေ့လှူ၍ ဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများ



ယခုလ မေထုန်ရာသီ ပထမကြြင်းရပ်အဟောထွက်သည်။

**စီးပွားရေး။** အလုပ်များ၍ ကံကောင်းနေချိန်ဖြစ်သည်။ မိတ်ဟောင်းများ ပြန်ပေါ်လာမည်။ လုပ်ငန်းများ အပြီးသတ်ဖြစ်မည်။ အရောင်းအဝယ်နေးကွေးမည်။ ရောင်းမှား ဝယ်မှားဖြစ်မည်။ ဆက်သွယ်ရေးအလုပ်များကြောင့် ငွေပိုကုန်မည်။ စီးပွားပြိုင်ဘက်ပေါ်မည်။ အနီးကပ် တွေ့ကြုံရမည်။ စာအုပ်ထုတ်ဝေရေးများ ရောင်းရခက်မည်။ ဈေးကွက်နည်းနေမည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဖက်၏ ဩဇာလွှမ်းမိုးမှု ခံရမည်။ မာနတက်နေသော အိမ်ထောင်ဖက်ကို ဒေါကြည့်နေရမည်။ မိသားစုဝင်များ ကိုယ်စီလုပ်ငန်းများ လုပ်နေမည်။ အိမ်တွင်းရေး သာယာမည်။

**ပညာရေး။** သင်တန်းတက်ရန် အချိန်ညှိမရ၊ ငွေသွင်းပြီးမှ မတက်ဖြစ်၊ သင်တန်းတက်နေစဥ် ရပ်လိုက်ရနှင့် အခက်ကြုံမည်။ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ရမည်။ မိတ်ဆွေကောင်းများနှင့် ခွဲခွာရမည်။

**အချစ်ရေး။** ဖူးစာနတ် အိပ်ပျော်နေချိန်။ သူတစ်ပါးအချစ်ကိစ္စ ကြားဝင်ရင်းကိုယ်ပါ ငြိနေလိမ့်မည်။ ဆွေမျိုးများ။ လက်အောက်ငယ်သားများနှင့်ပါ ရှင်းရလိမ့်မည်။

**ကျန်းမာရေး။** ဝမ်းပျက်မည်။ ဒူလာ၊ အကြောတက်၊ ညောင်းညာကိုက်ခဲမည်။ ကိုယ်ခံအားနည်းမည်။

**ကံကောင်းသောအရောင်** - အနက်၊ အညို၊ စပ်ကျားများ။

**ကံကောင်းသောဂဏန်း** - ၀၊ ၈၊ ၉။

**ယတြာ** - မွှေးကြိုင်ရနံ့သင်းသော ပန်းများကို လှူ၍ မိမိလက်မောင်းကို နံ့သာရေမွှေးဖြင့် ထုံမွှမ်းထားပါ။

## ကြာသပတေးသားသမီးများ



ယခုလ မေထုန်ရာသီ ဒုတိယကြြင်းရပ်အဟောထွက်သည်။

**စီးပွားရေး။** တည်ငြိမ်သော ဝင်ငွေ၊ ပုံမှန်ဖြစ်နေသော စီးပွားရေးဖြစ်သည်။ လုပ်ငန်းများ တိုးချဲ့ရန် အရည်အချင်းရှိသူများကို စုဖြစ်မည်။ လူမွေးဖြစ်မည်။ ဘဏ်နှင့် ကျောက်မျက်ရတနာအလုပ်များမှ ငွေများ ဝင်မည်။ နိုင်ငံရပ်ခြားနှင့် တွဲ၍ အလုပ်လုပ်ဖြစ်မည်။ နိုင်ငံခြားကုမ္ပဏီများမှာ အလုပ်လျှောက်လျှင် ရလွယ်မည်။

**အိမ်ထောင်ရေး။** နားပူမည်။ အနားယူ၍ မရအောင် ပါးစပ်သေနတ်ပစ်နေမည်။ မမြင်ရာ၊ မကြားရာ ရှေ့နေရမည်။ မိသားစုဝင်များ၏ လျစ်လျူရှုမှုကို ခံရမည်။ နေစာတစ်မှ နားချမ်းသာမည်။

**ပညာရေး။** ပညာရေးကြောင့် အခွင့်အရေးများ ရမည်။ သင်ယူလိုသော ပညာကို ပျော်ရွှင်စွာ သင်ယူဖြစ်မည်။ မိဘဆရာများ၏ ချစ်မြတ်နိုးမှုကို ရရှိမည်။ အတန်းဖော် မိတ်ဆွေကောင်းများ ရမည်။

**အချစ်ရေး။** ချစ်သူဝိုင်းဝိုင်းလည်မည်။ ရွေးချယ်ရခက်မည်။ ကြိုက်သော်လည်း နှလုံးသားထဲမှာ မငြိ၊ လွတ်လပ်မှုကို မြတ်နိုးမည်။ ရွေးချယ်လိုက်လျှင် အမှားတွေ့မည်။

**ကျန်းမာရေး။** ရင်ကျပ်၊ သလိပ်ကပ်မည်။ အအေးပတ် နှာစေးမည်။ နှလုံးရောဂါအခံရှိလျှင် အမောဖောက်မည်။

**ကံကောင်းသောအရောင်** - အဝါရောင်၊ စိမ်းနုရောင်၊ အဖြူရောင်။

**ကံကောင်းသောဂဏန်း** - ၄၊ ၅၊ ၆။

**ယတြာ** - သူတစ်ပါးအား တတ်သိ နားလည်အောင် ရှင်းပြပြီး စာအုပ်များ လှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



**ယခုလ ကန်ရာသီ တတိယတြင်းရှပ်အဟောထွက်သည်။**

**စီးပွားရေး။** အလေအလွင့် ပျက်စီးမှုတွေ များနေမည်။ အကောင်းဆုံး အမြင့်ဆုံး ဖြစ်အောင် ကြိုးစားဖြစ်မည်။ ရောင်းအား ဝယ်အား နေးကွေးမည်။ ရှစ်ရက်နောက်ပိုင်း တဖြည်းဖြည်း ပိုကောင်းလာမည်။ ခရီးသွားလာရေးများ ခက်ခဲသော်လည်း အကျိုးအမြတ် ရမည်။ အဝတ်အထည်နှင့် အလှကုန်များ ဈေးအေးမည်။

**အိမ်ထောင်ရေး။** တိတ်ဆိတ်နေမည်။ မုန်တိုင်းလာရန် အားယူနေသကဲ့သို့ပင်၊ တစ်ယောက်နှင့် တစ်ယောက် အလစ်မပေး၊ သံသယနှင့် စောင့်ကြည့်နေမည်။ ပဲ့စပ်အဟုန်နှင့် ပေါက်ကွဲရန် အဆင်သင့်ဖြစ်နေချိန်။

**ပညာရေး။** ပညာရေးဝန်ဆောင်လုပ်ငန်းများတွင် ပါဝင်နေဖြစ်မည်။ ကိုယ်တိုင် သူတစ်ပါးကို ပညာရေးထောက်ပံ့ပေးရင်း ပညာသင်ကြားဖြစ်မည်။ ဆရာကောင်းများ၏ ကူညီမှုကို ရလိမ့်မည်။

**အချစ်ရေး။** အသက်ကြီးသူတို့၏ မြတ်နိုးမှုကို ရရှိမည်။ ဣန္ဒြေရရ တည်တည် ငြိမ်ငြိမ် ချစ်နေဖြစ်မည်။ ရင်ဖွင့်ရန် ခက်နေမည်။ မစားကောင်းသောအသီးများ ဖြစ်နေမည်။

**ကျန်းမာရေး။** သွေးမမှန် သွေးလွန်ခြင်း၊ ချုပ်ခြင်းများ ဖြစ်မည်။ အမျိုးသမီး ရောဂါရလွယ်မည်။ ကျား-ကိုယ်ခန္ဓာအားနည်းမည်။

**ကံကောင်းသောအရောင်** - အနက်၊ အညို၊ အစိမ်းရင့်၊ ရေညှိရောင်များ။

**ကံကောင်းသောဂဏန်း** - ၇၊ ၃၊ ၄။

**ယတြာ** - ခရီးသွားမည့်သူများကို အစာအာဟာရလှူ၍ ဆုတောင်းပါ။

## စနေသားသမီးများ



**ယခုလ တူရာသီ ဒုတိယတြင်းရှပ်အဟောထွက်သည်။**

**စီးပွားရေး။** ဆန့်ကျင်မှုတွေ၊ ပြိုင်ဆိုင်မှုတွေ များနေမည်။ ဆရာမိဘတို့၏ အထင် မြင်လွဲမှုများ၊ မိသားစုလုပ်ငန်း အခက်အခဲကြုံရမှုများ ဖြစ်ပေါ်မည်။ ဝန်ထမ်းအလုပ်များ ပုံမှန်ကောင်းနေမည်။ အလုပ်သစ်လျှောက်လျှင် ခက်ခဲမည်။ ချောင်ထိုးခံရမည်။ စားသောက် ကုန်များ၊ စားသောက်ဆိုင်များ အရောင်းပါးမည်။

**အိမ်ထောင်ရေး။** အိမ်ပြန်နောက်ကျ၍ အထင်လွဲ ရန်ဖြစ်ရမည်။ ဆွေမျိုးမိတ်ဆွေများ နှင့် ပတ်သက်၍ ငွေကြေးကိစ္စများ၊ မြေယာအိမ်ကိစ္စများ ပေါ်လာမည်။ လင်မယားကွဲနိုင် သည်အထိ ဖြစ်ပေါ်နိုင်၍ သတိထားသင့်သည်။

**ပညာရေး။** ပျော်ရွှင်စွာ ပညာသင်ကြားရမည်။ ဆရာများ၏ ချစ်မြတ်နိုးမှုကို ခံရမည်။ မိတ်ဟောင်းများနှင့် ပြန်တွေ့မည်။ အတန်းဖော်များ၏ အထင်ကြီးမှု၊ ချစ်မြတ်နိုး မှုကို ရရှိမည်။

**အချစ်ရေး။** အချစ်ဟောင်းများနှင့် ခဏတာ ခွဲခွာရမည်။ သွားလေရာ ချစ်သူတွေ့ မည်။ ချစ်သူ၏ ဂရုစိုက်မှုကို ခံရမည်။ ကံကောင်းသော အချစ်ဖြစ်သော်လည်း အိမ်ထောင်ရေးကိစ္စမှာ ဝေးနေမည်။

**ကျန်းမာရေး။** လည်ချောင်းနာ၊ ဒူးခေါင်း ဒဏ်ရာရမည်။ သွေးထွက်များမည်။ သို့သော် များသောအားဖြင့် ကျန်းမာသန်စွမ်း တက်ကြွနေမည်။

**ကံကောင်းသောအရောင်** - အဖြူ၊ အစိမ်း၊ ရောင်စုံများ။

**ကံကောင်းသောဂဏန်း** - ၄၊ ၅၊ ၉။

**ယတြာ** - လူငယ်အများ သောက်သုံးနိုင်ရန် ရေများ လှူဒါန်းပြီး ဆုတောင်းပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"အင်း…အင်း…"

"အား…အား…"

"အင်း…အင်း…"

လူတစ်ယောက် ညည်းညူနေသော အသံကြောင့် ကျွန်တော်တို့ သုံးယောက် အသံလာရာဘက်သို့ နားထောင်ရင်း တင်မြတ်သည် ခြေလုံလက်လုံ ချုံအစပ်ဘက် တိုးသွားစဉ် ကျွန်တော်နှင့် မိုးကျော်အောင်ပါ လူဖြန့်၍ တိုးလိုက်၏။

"ဟာ…မုဆိုး ဇော်ဒန်ပါလား"

"အား… ဆရာတို့ ကူညီတာပ"

"ဘာ…ဘာဖြစ်တာလဲ"

"ကျားကိုက်တာပ"

လူမုဆိုး ခါပရာရွာသား ဇော်ဒန်အား ကျားမုဆိုး ကိုက်သည်ဆိုသော စကားကြောင့် မအံ့သြသော်လည်း အတွေးရခက်သွား၏။ တကယ်တော့ ကျားမုဆိုးသည် သားကောင်ဖြစ်သော ချေ၊ ဒရယ်၊ တောဝက်၊ ဆတ်တွေသာ ရှာဖွေစားသောက်၏။ လူသားစားကျားမဟုတ်။ တစ်ခုတော့ ရှိသည်။ လူသားစားဖူးသော ကျားသည် လူသားစားရန် ဝန်မလေးသလို၊ လူသားရှာစားတတ်သည်ကိုဖြင့် ကျွန်တော်တို့ သုံးယောက်စလုံး ကောင်းစွာ သိထားပါသည်။

"ကဲ - ထား။ ဘယ်မှာ ဖြစ်ရာက…"

"အို…"

"ဒီမှာပါ"

ကျွန်တော်တို့ အံ့သြရပြန်၏။ ယာဘက် လက်မောင်းကျိုးပြီး ဝဲဘက်ပေါင်မှာ အသားတစ်ကြီးတွေ ထွက်နေပြီး လုံးဝ မထနိုင်တော့သည့်အတွက် ဖြစ်စဉ်ကို မေးမနေတော့ဘဲ သယ်ယူရေး စီစဉ်ရပါပြီ။ အတွေးအကြံရှိပြီး သားမို့ ဖါးခုတ် ကြိုတ်ခတ်ကာ ထမ်းစင် စီစဉ်နေခိုက်…

"ဆရာကြီး…ဟိုကောင် လဘန်လည်း သေပြီထင်တာပ"

"ဗျာ… ကိုလဘန် ပါသေးသလား"

"ပါတာပ။ ကျွန်တော့်ကိုက်တဲ့ ကျား သူ့မားနဲ့ ဝင်အခုတ် ကျားက နောက်ပြန်လှည့်ပြီး သူ့ကို ခုန်အုပ်တာပနော။ သူနဲ့ ကျား ဒီတောင်စောင်းထဲ ကျသွားတာပအေး"

"ဟာ…ဆရာကျော်၊ ဘယ်လိုလုပ်မလဲ"

"ကဲ…လောလောဆယ် ကိုဇော်ဒန်ကို သယ်ပြီး ရွာပို့မယ်။ သွေးထွက်များနေပြီကွ"

"ဟုတ်တယ် ဆရာကျော်"

"ကိုဇော်ဒန်ပဲ သယ်တာပေါ့ မိုးကျော်"

•••

မိုးကျော်အောင်နှင့် တင်မြတ်တို့ ကိုဇော်ဒန်အား ရှေ့နောက် ထမ်းယူပြီး ကျွန်တော်တို့ ခါပရာရွာဘက် အမြန်ဆင်းခဲ့၏။ ကိုဇော်ဒန်မှာ ဖျော့ဖျော့ဖြင့် သည့်အပြင် သွေးထွက်များ၍ ထမ်းစင်ပေါ်ဝယ် သတိမရတစ်ချက်၊ ရတစ်ချက်။ သူ၏ ရင်ဘတ်၊ နောက်ကျောတွေမှာလည်း ကျားကုတ်ထားသော လက်သည်းစိုက်ဝင် ကုတ်ခြစ်မှုကြောင့် သွေးသံရဲရဲ။ ရွာသို့ ရောက်သည်နှင့် မြို့နယ်ဆေးရုံဆက်ပို့ရန် ရွာလူကြီး ဆလန်ဝါဦးလဖိုင်လနှင့် ရွာသားတွေကို မှာပြီး နောက်ထပ် ကျားဆွဲသွားသည့် ကိုလဘန်ကို ရှာဖွေရန်အတွက် ရွာသားငါးယောက်ဖြင့် ပြန်ထွက်ခဲ့ပါသည်။

ကိုဇော်ဒန်နှင့် ကိုလဘန်တို့ ဖြစ်ရာရသည့်နေရာမှာ တစ်မိုင်သာ ကွာသည့်အတွက် အပြေးအလွှား တောင်စောင်းပေါ်သို့ တက်ခဲ့ကြစဉ်မှာ ပင် ကျားဟိန်းသံတစ်ချက်ကြားလိုက် ၏။

"ဝေါင်း…ဝူး"

ထို့နောက် ကျားဟိန်းသံ ထပ် မကြားရသော်လည်း ကိုဇော်ဒန် ပြော သည့် တောင်စောင်းအောက်ဘက် တင်မြတ်ရှေ့မှ ဆင်းလိုက်စဉ်…

"ဝူး…ဝူး…ဝေါင်း"

"ဆရာကျော်…ဒီအသံကို နား ထောင်ရတာ တောမုဆိုးကြီးလည်း ဖြစ်ရာပြင်းနေပုံပဲ"

"ဟုတ်သယ် တင်မြတ်။ ရွာသား တွေနောက်က လိုက်၊ မိုးကျော်လည်း နောက်ပိုင်း တာဝန်ယူပြီး လိုက်ခဲ့။ တင်မြတ် ရင်ပေါင်တန်းပြီး ဆင်းမယ်"

"ဟုတ်ကဲ့၊ ဟာ…ဒီမှာ… မှာ သွေးတွေနဲ့ အကျီစ"

"ဟုတ်တယ်…ဟုတ်တယ် အောက်နားဘက် ဆင်းသွားတာပဲ။ သွေးစက်တွေ"

"ကဲ…သတိထားဆင်း။ သွားတယ်၊ ဆွဲသွားတယ်ဆိုတော့ ကြီး ခြေလက်ကောင်းပုံရတယ်။ ထိပုံ မရဘူး။ ကဲ…ဆင်း"

ကျွန်တော်နှင့် တင်မြတ် သ ထားရလေပြီ။ ကျားကြီးသည် သာ မဟုတ်တော့။ ဖြစ်ရာရထား ကျား။ ကျားနာခဲသာ ခံရပါက မ တော့။ သို့အတွက် သတိလက်လွ မဖြစ်စေရန် နှစ်ယောက်သား ချ တွေ တိုးရင်း ဆင်းရလေပြီ။ သူ သွားသော လက်တောက်မုဆိုး တစ်ယောက်တော့ အသက်ရှ မထင်တော့။ အသက်ရှင်နိုင်စရာ တော့။ သွေးသံတရဲရဲ ဆွဲသွား လမ်းအား ခွ၍ ဆင်းခိုက်…



www.burmeseclassic.com

www.burmeseclassic.com

"ရှူး…"

"ဟာ…"

မြင်မကောင်း။ ရှုမကောင်းနှင့် လဘာန်အလောင်းသည် သွေးရဲရဲဖြင့် သေပွဲဝင်နေသလို၊ သူ့ကို ဆွဲသွားသော ကျားကြီးကိုဖြင့် လုံးဝ မတွေ့ရ၊ ပျောက်နေသော၊ ပုန်းကွယ်နေသော ရန်သူကို ရှာဖွေရသည်မှာ မလွယ်။ ကျွန်တော်တို့ တစ်တွေ တခန်ပြန် ပညာပြိုင်ရလေပြီ။ အသံမရသော်လည်း အလောင်းနှင့် ဝေးဝေးမသွား၊ အနီးအနားတွင် ရှိနိုင်သလို၊ ကျွန်တော်တို့ကို သူ မြင်နေပြီလားဟုလည်း ထည့်တွေးရလေသည်။

"မိုးကျော်…မင်း လူယောင်ပြလုပ်"

"ဟုတ်ကဲ့"

အတွေ့အကြုံရှိပြီးသားမို့ ရေ့ဆက်တိုးကာ ချုံငယ်လေးထဲမှ တိုးထွက်ပြီး ကြီးမားသော အင်ပင်ကြီးနား အတိုး…

"ဝေါင်း…ဝုန်း…"

"ဒိုင်း…ဒိုင်း…ဒိုင်း…"

"ဝေါင်း…ဝေါင်း…ဝေါင်း…"

"ဝူး…ဝူး…ဝူး…"

မိုးကျော်အောင်၏ ရှေ့ အင်ပင်ကြီးခြေရင်းရှိ ချုံငယ်ထဲ ဝင်ကာ ကြို တင် မြင်တွေ့ထားသော ကျားကြီးမှ သူ့သတ်ကွင်း တိုးဝင်သည့် မိုးကျော်အောင်အား ရှိုက်၍ ခွန်အားဖြင့် ခုန်အုပ်စဉ် မိုးကျော်အောင် ဘေးသို့ လှဲရင်း တစ်ချက်ပစ်လိုက်သလို၊ ကျွန်တော်နှင့် တင်မြတ်တို့ပါ တစ်ချက်စီ ပစ်ခတ်ဇာတ်သိမ်းလိုက်ရလေ၏။

"ဟူး…တင်မြတ်ရေ ကျားရေ့ မှောက်ရက်လဲတယ်ဆိုတာ ဒါမျိုးပဲဟ"

"ခွေးကောင်…အရှောင်ကောင်းလို့ပေါ့ကွာ"

"ဟဲဟဲ…အရှောင်ကောင်းဆို



ဆရာကျော်ရဲ့ အမြဲသတိဆိုတဲ့ မမေ့ မလျော့မှုကြောင့်ပဲကွ။ ချုံလှုပ်သလို ကျားနဲ့ နားခေါင်းထဲ တိုးအဝင် အရင် ရှောင်ပြီး ၊ သူ့လက်နှစ်ဖက်ကြားထဲ တစ်တောင့်ပစ်သွင်းပေးလိုက်တယ်ကွ။ ကောင်းကောင်းထိပါတယ်"

"ဟုတ်ပါတယ်။ ပစ်မလွဲ ကိုမိုးကျော်ရေ"

"ဆရာ့လုပ်ရပ် သေသေချာချာ မှတ်ထားပေတော့ ငါ့တပည့်"

"ခွေးကောင်"

ဒီလောက် အခက်အခဲ အသက်လုပွဲမှာပင် သူတို့နှစ်ယောက် စကားနိုင်လုရင်း တဟဲဟဲ…တဟားဟား ရယ်မောနေကြသည်ကို ရွာသားတွေက ကြောင်တောင်တောင်ဖြင့် ကြည့်နေကြလေသည်။

"ကဲ - ရွာသားတွေ၊ ထမ်းစင်လုပ်ဗျာ။ ရွာပြီးက သင်္ချိုင်းမှာ စားကြတာပေါ့"

ရွာသားတွေ ထမ်းစင်ခုတ်ပြီး သည်နှင့် ကိုလဘာန်အလောင်း ကြည့်မကောင်း၊ ရှုမကောင်းအား ထမ်းစင်ပေါ်တင်၊ ငှက်ပျောရွက်တွေ ဖုံးပိပြီးနောက် နှစ်ယောက်ထမ်း၏။ ကျန် နှစ်ယောက်သည် ကျားသေကြီးအား ခြေ၊လက် တုပ်ကာ ဝါးလျှိုထမ်းပြီး ပြန်ခဲ့ကြလေသည်။

◆◆◆

ကျွန်တော်တို့ သုံးယောက်သည် တောပစ်ရန် ဖြစ်သော်လည်း ယခု မပစ်ရတော့ပါ။ လူနာတစ်ယောက်၊ အလောင်းတစ်လောင်း၊ ကျားသေတစ်ကောင်ဖြင့်သာ ဇာတ်သိမ်းခဲ့ရလေ၏။

စခန်းမှာ တစ်ခါလာ ပဲဟင်း၊ ငါးပိကြော်၊ ငါးသေတ္တာဘူး၊ အမဲဘူးနဲ့ ကြာတော့ မစားချင်။ တောတွင်းရိက္ခာတွေအား ရွာသားတွေထံမှ ကြက်နှင့် လဲစားရသည်သာ။ သို့အတွက် ချေ၊ သို့မဟုတ် တောဝက်ပစ်ရန် ဖြစ်သော်လည်း၊ ဘယ်တော့မှ ကျားဆိုသည့် တောမုဆိုးအား မပစ်ပါဆိုသည့် ကျွန်တော်တို့ လူမုဆိုးတွေ အခုတော့ တောမုဆိုးကြီးအား ပစ်ခတ်ခဲ့ရလေသည်။

နောက်နေ့ နံနက်စောစော ကိုဇော်ဒန်တို့အိမ် ရောက်သွားတော့ ကိုဇော်ဒန်မှာ ဆေးရုံမတက်ဘဲ သူတို့၏ ဆေးဆရာမှ ကျပ်စည်းပြီး သစ်မြစ် သစ်ခေါက်ဆေးတွေဖြင့် ရိုးရာအတိုင်း ကုသသည်ကို တွေ့ရသည်။ တစ်ညလုံး အိပ်လိုက်ရ၍ အတော်လေး သက်သာ လန်းဆန်းနေလေသည်။

"ဆရာကြီးတို့ လာတာပ"

"ဟုတ်တယ် မကောနန်၊ ကိုဇော်ဒန်ကြီး သက်သာတယ်နော်"

"ဟုတ်…ဟုတ်၊ တက်ကြတာပ"

"ခင်ဗျား ဆေးရုံရောက်နေပြီ ထင်



www.burmeseclassic.com

www.burmeseclassic.com

တာဗျ"

"အင်း…အဂုားက(အဖေ) ဆေးဆရာပ။ အဂုားပဲ ကုတာပ"

"ဘယ်လိုဖြစ်တာလဲ ကိုဇော်ဒန်"

"အင်း…ကျွန်တော်နဲ့ လဘန် မကောင်းတာပ။ ကျားက သူ့အစာချေကို ကိုက်မှာပနော့။ ကျွန်တော်တို့က အဲဒီချေကို သူ့အရင်ရအောင် ပစ်တော့ သူ့အစာလုတာပ"

"အဲဒီတော့…"

"ဒီလိုပအေး"

"ကျွန်တော်နဲ့ လဘန် တောပစ်ထွက်တာပနော့။ မနက်ဖြန် မံစီ ငါးရက်ဈေးမှာ ချေသား မှာထားကြတာပ။ ဒါကြောင့် ချေပစ်မယ်ဆိုပြီး တောပစ်ထွက်တာပအေး"

◆◆◆

ဇော်ဒန်နှင့် လဘန်မှာ အတွဲညီသော မုဆိုးနှစ်ယောက်ဖြစ်သည်။ ဇော်ဒန်သည် တူမီးသေနတ် လိုင်စင်ရထားသူမို့ တူမီးကိုင်၏။ လဘန်မှာ ဓားတစ်လက်၊ ဒူးလေးတစ်လက်ဖြင့် တောပစ်ထွက်ခဲ့ကြသည်။ **အများအားဖြင့်** မံစီ ငါးရက်ဈေးတွင် **အသားရောင်းကြသော** မုဆိုးတွေဖြစ်သည်။

"ဇော်ဒန်…ငါ ညက အိပ်မက်မက်တာပ"

"ဘာမက်တာလဲ။ နင် ငါ့အိမ်မှာ သောက်ပြီး နင့်အိမ်မှာ ထပ်သောက်တယ်ဆို"

"ဟုတ်တာပ၊ မူးတာပ"

"ရော်…အိပ်မက်ပြောလေ"

"ပြောမှာပ။ အိပ်မက်က ကောင်းလည်း ကောင်း၊ မကောင်းလည်း မကောင်းဘူးဟ။ ဟဲဟဲ…ဘယ်လိုပြောရမလဲ မသိပ"

"ဟာ…နင်ကလည်း မက်တာပဲ ပြောပေါ့ဟ။ အိပ်မက်ပဲ မိုးလင်းရင်ပြီးတာပ"

"ရော်…မပြီး အားလုံးသိနေတာပဲ။ မျက်စိထဲမှာ မြင်နေတာပ"

"ရော်…ပြောတာပ"

"အေးပါဟ"

သူ့အိပ်မက်ထဲတွင် နှစ်ယောက်သား တောပစ်ထွက်သွားကြ၏။ တောပစ်ထွက်စဉ် တောင်စောင်း၏ အင်တောအစပ်ဝယ် ချေတစ်ကောင်တွေ့၍ ပစ်ခတ်ရန် ဇော်ဒန် တူမီးသေနတ်နှင့် ချိန်ရွယ်လိုက်စဉ် တောမုဆိုး ကျားကြီးသည် ချေအား ပြေးခုန်အုပ်သဖြင့် ဇော်ဒန်က တူမီးဖြင့် ပစ်ခတ်လိုက်ရာ-

"ဒိုင်း"

"ဝေါင်း"

"ဝုန်း…ဝူး…ဝေါင်း…"

ချေမှာ ကျားခဲ၍ သေရသလို၊ ကျားကြီးသည်လည်း ချေအား ခဲထားရင်း တူမီးမှန်ကာ သေရလေပြီ။ ချေလည်း သေ၊ ကျားလည်း သေ။ အသေနှစ်ကောင်နား ရောက်သွားစဉ် အမျိုးမသိ ဝံ(ဝက်ဝံ)လိုလို၊ လူဝံလိုလို အကောင်ကြီး ပြေးထွက်လာပြီး တူမီးယမ်းထောင်နေသော ဇော်ဒန်အား လက်နှင့် ပုတ်ပြီး အနီးရှိ လဘန်အား လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်၍ ဦးခေါင်းအား ကိုက်ခဲ ဆွဲခေါ်သွားလေသည်။

"ဇော်ဒန်…အိပ်မက်က ဒါပဲကွ"

"နင့်ဟာကလည်း ဘာကြီးလဲ။ တောထဲမှာ ဝံတော့ ရှိတာပ။ လူဝံမရှိ၊ နင်သိတာပအေး"

"အေးပါ"

"ထားလိုက်ပါကွာ"

ကျွန်တော်တို့ နှစ်ယောက် စကားပြောရင်း ဆက်ထွက်တာပနော့။

တောတိုးရင်း တောင်စောင်းဘေး အင်တောအစပ်သို့ ရောက်သွား၏။ ဤအင်တောထဲ မကြာခဏ ရောက်ကြ ပစ်ခတ်ကြ၊ သားကောင်ပစ်ကြနဲ့ သားကောင်ရပေါင်း များခဲ့ပါပြီ။

"ရော်…ရော်…"

"ဘာဖြစ်တာပ လဘန်"

"ဒီနေရာပအေး။ ဒီနေရာပ"

"ဘာလဲဟ၊ ဘာ ဒီနေရာလဲ"

"ရော်…ညက အိပ်မက်နေရာပအေး"

"နင်ကလည်း ဒီအိပ်မက်ပဲ စွဲလမ်းနေတာပ"

"ဟုတ်ပ၊ မျက်စိထဲမှာ မြင်နေတာပ"

"ရှူး…"

"ဟင်…"

"ဟိုမှာ…ဟိုမှာ…"

"ရော်…ချေပေါက်ပ"

"အေး၊ အသံမကြားစေနဲ့"

နှစ်ယောက်သား တောပစ်မုဆိုး ပီပီ တောကောင်ဟာ ခြေလှံ့စွာဖြင့် သစ်ရွက်ခြောက်နှင့် ကိုင်းခြောက်တွေကို မနင်းမိရန် ပစ်ကွင်းအတွက် နေရာအယူမှာပင် မမျှော်လင့်သော ဖြစ်ရပ်ကား လဘန်၏ အိပ်မက်အတိုင်း ချေကို တောမုဆိုး ကျားကြီးက ခုန်အုပ်လိုက်၏။

"ဝုန်း…"

"ဝူး…ဝေါင်း…ဝူး…"

"ဖြောက်…ဖြောက်…ဖြောက်"

မြည်သံတွေနှင့်အတူ တောမုဆိုးကြီးသည် သူ၏ သတ်ကွင်းထဲမှ ချေအား အပိုင်အုပ်ထားစဉ် ချေသည် အကြောဆွဲနေသဖြင့် တဖြောက်ဖြောက်မြည်သည့်အခိုက်မှာပင် မုဆိုး ဇော်ဒန်၏ အသိစိတ်ထဲသို့ တိုးဝင်လာသည်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောကြောင့် လောဘရမ္မက်ဖြင့် တူမီးသေနတ်နှင့် တောမုဆိုးကြီးအား ချိန်ရွယ်လိုက်စဉ်…



www.burmeseclassic.com

www.burmeseclassic.com

"ရော်…ဇော်ဒန်…ဇော်ဒန်၊ ကျား…မပစ်နဲ့"

"ခိုင်း…"

"ဝေါင်း…ဝုန်း…ဝုန်း…ဝူး"

တောမုဆိုး ကျားကြီးအား ကောင်းစွာ မထိသလို၊ တောမုဆိုး ကျားကြီး၏ မီးခဲရဲရဲပမာ တောက်ထောင်နေသော မျက်လုံးများဖြင့် ဇော်ဒန်အား ခုန်အုပ်သည်တွင်…

"အား…"

"ငါ့ဓားနဲ့ ခုတ်တာပ"

ကျားကြီးက ဇော်ဒန်ကို ခုန်အုပ်၏ လဘန်သည် သူ၏ ဓားကို ဆွဲထုတ်ပြီး ကျားကြီးကို ခုတ်လိုက်သည်။ ကျားကြီးသည် ဒဏ်ရာအနည်းငယ် ရထားသလို သူ့အား ဘေးစောင်း ပြေးထင် ခုတ်သော ဓားကို မရှောင်ဘဲ ဘေးသို့ လှည့်ကာ လဘန်အား ကိုက်ခဲသည်။ လဘန်၏ ဓားဒဏ်ရာသည် ကျားကြီး၏ တင်ပါးသားထဲ ဝင်သွားသော်လည်း အရိုးကို မထိ။ လဘန်အား တအားခဲကိုက်ရင်းမှ တစ်ဖန် ဇော်ဒန်အား ပြန်လှည့်အခဲတွင် ဇော်ဒန်သည် တူမီးသေနတ်ဖြင့် ရိုက်စဉ် ဇော်ဒန်၏ တင်ပါးအား ကိုက်မိသလို၊ နောက်ကျောနှင့် ရင်ဘတ်တွေ စုတ်ပြဲသွားသဖြင့် ဇော်ဒန်သည် အနီးရှိ ချုံထဲသို့ အတင်းတိုးဝင်လိုက်သည်။

ကျားကြီးသည် ဇော်ဒန် ချုံထဲ အတင်းတိုးဝင်စဉ် သွေးအိုင်ထဲ လဲနေသော လဘန်အား ခုန်အုပ် ကိုက်ခဲကာ တောင်စောင်းအောက်သို့ ဆင်းကာ ဆွဲယူသွားသည်ကို ဇော်ဒန်မြင်လိုက်ရသော်လည်း လက်မောင်းကျိုး၊ ပေါင်ရင်းမှာ ဒဏ်ရာဖြင့် ချုံထဲမှာသာ တိုးရင်း လဲနေလေသည်။

"တောက်… ငါ့အမှားပဲ၊ ငါမှားတာ၊ တောက်…၊ လဘန်ရာ ငါ့ကို ခွင့်လွှတ်တာပ၊ ခွင့်လွှတ်တာပနော့"

> ဇော်ဒန် . . .ငါ အသေခံတာပ။
> နင်သေလို့ မဖြစ်။
> ငါက နင့်မိန်းမ မကောဲ့ကို ချစ်တာပ။
> မကောဲ့က ငါ့ကို မချစ်။
> နင့်ကို ချစ်တာပ။
> နင်သေလို့ မဖြစ်။
> ငါ့ သူငယ်ချင်းနဲ့
> ငါချစ်ခဲ့သူအတွက်
> နင်ရှိမှ ဖြစ်မှာပအေး

"ဇော်ဒန်…နင်…နင် ချုံထဲမှာပဲ နေ၊ ကြားလား။ ချုံထဲမှာပဲ နေ"

"အေး၊ နေတာပ။ နင်…နင်ရော"

"ငါလား၊ ငါ အိပ်မက်ထဲက အတိုင်း နတ်ဆိုးကြီး ချီသွားပြီ။ ကျားမဟုတ်၊ နတ်ဆိုးကြီးပ"

•••

ဇော်ဒန်တစ်ယောက် ပြန်ပြောပြရင်း မျက်ရည်များ စီးကျနေ၏။ သူ့အသက်ကို ကယ်ခဲ့သော သူငယ်ချင်းကောင်းပီသသည့် ငယ်သူငယ်ချင်း လဘန်အတွက် စိတ်မကောင်းဖြစ်နေ၏။

"ကျွန်တော် မညာပအေး။ ကျွန်တော့်နားကို ကပ်ပြီးပြောနေတဲ့ လဘန်ပ။ ခုချိန်ထိ ကြားနေတာပ။ ညက အိပ်မက်ထဲမှာ လဘန်ပနော့၊ "ဇော်ဒန်…ငါ့အိပ်မက်က မှန်တာပနော့" တဲ့။ လဘန်ပြောနေသံ ကြားတာပ။ နောက် သူ ဆက်ပြောတာပ။ "ဇော်ဒန်…ငါ အသေခံတာပ။ နင်သေလို့ မဖြစ်။ ငါက နင့်မိန်းမ မကောဲ့ကို ချစ်တာပ။ မကောဲ့က ငါ့ကို မချစ်။ နင့်ကို ချစ်တာပ။ နင်သေလို့ မဖြစ်။ ငါ့ သူငယ်ချင်းနဲ့ ငါချစ်ခဲ့သူအတွက် နင်ရှိမှ ဖြစ်မှာပအေး။ ငါသွားပြီ။ နင်နေကောင်းသွားမှာပါ"လို့ ခပြောသွားပနော့"

"ကိုဇော်ဒန်…ဟုတ်ရဲ့လားဗျာ"

"ဟုတ်တာပ။ ကျွန်တော်တို့ နှစ်ယောက် မကောဲ့ကို ချစ်တာပ။ သူရှိရင် ကျွန်တော် သေဘောတူ၊ ကျွန်တော်ရှိရင် သူ ကျေနပ်တာပနော့။ ခုတော့ သူချစ်တဲ့ ကျွန်တော်၊ သူချစ်တဲ့ ကျွန်တော့်ဇနီး မကောဲ့အတွက် သူ အသေခံသွားတာပအေး"

ကိုဇော်ဒန် မောသွားသည်။ ခေတ္တနားရင်း အရက်တစ်ခွက်မော့သောက်ပြီးမှ စကားဆက်လာပြန်သည်။ သူ့အမှားအား ပြောပြသည်မှာ…

"လဘန်က ကျားမပစ်ဖို့ ပြောတာပ။ ဟုတ်တာပ။ ကျားအစာကို ကျွန်တော်လုတာပ၊ ကျွန်တော့်အတွေးက ချေလည်း သေ၊ ကျားလည်း ရဆိုပြီး ကျားပစ်တာပ။ မှားတာပ။ ဆရာကြီး ပြောဖူးတာပနော့။ ကျားဆိုတာ တောမုဆိုး။ ကျွန်တော်တို့၊ ခင်ဗျားတို့က လူမုဆိုးတွေလေ။ ဒီတော့ လူလည်း မုဆိုး၊ ကျားလည်း မုဆိုးဖြစ်လို့ မပစ်ရဘူးလို့ ပြောဖူးတာပ။ ကျွန်တော် ဆန္ဒတွေ များသွားတာပ။ ကျွန်တော့်ကြောင့် လဘန်သေရတာပအေး"

"ကိုဇော်ဒန်ရေ…တချို့အိပ်မက်တွေက တိတိကျကျ မှန်တတ်တယ်လေ။ ဒါကြောင့် နိမိတ်ပြ အိပ်မက်လို့ အဆိုရှိတာပေါ့ဗျာ။ ကဲပါ…ပြီးသွားပါပြီ ထားလိုက်ပါတော့။ တစ်ခုတော့ မှာခဲ့ဦးမယ်။ အစာလုပွဲကြောင့် အခု ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com

တို့ သွေးသံရဲရဲဖြစ်ရပြီ၊ နောက် ရောင်ပေါ့ဗျာ။ သူ့အစာမလုနဲ့။ သူက လူလောက် အသိတရားမရှိတဲ့ သတ္တဝါလေ။ အဲဒီတော့ အသိတရားရှိတဲ့ လူက ရောင်ပေါ့ဗျာ။ ကဲ - ကျွန်တော်တို့ တောပစ်ထွက်ဦးမယ် ကိုဇော်ဒန်"

"ဟုတ် - - ဟုတ်၊ ကျွန်တော် မှတ်ထားမှာပနော့။ အစာလုပွဲကြောင့် ကျွန်တော်ပါ သေပွဲဝင်ရမှာ။ ဒါပေမယ့် သူငယ်ချင်း လဘန်ကြောင့် ကျွန်တော် မသေခဲ့ရဘူး။ ကျွန်တော် နောက်ကို မှဆိုးပီပီသသ စည်းစောင့်မှာပအေး၊ စည်းစောင့်မှာပ"

"ကဲ - ကိုဇော်ဒန် - - သွားဦးမယ်ဗျာ။ လိုတာရှိရင် မှာပေါ့။ ရော့ ဒီမှာ ခင်ဗျားစားဖို့ အမဲဘူးနဲ့ အာပီရမ် တစ်လုံး"

"ရော် - - - အားနာတာပ၊ ကျွန်တော် ဆရာကြီးတို့နဲ့ မတွေ့ရင်လည်း သေမှာပနော့။ ကျေးဇူးကမ္ဘာပ၊ ကျေးဇူးကမ္ဘာပအေး"

♦♦♦

ကျွန်တော်တို့ သုံးယောက် တောပစ်ထွက်ရင်း ကျွန်တော့်အတွေးထဲဝယ် သေဆုံးသွားသော ကိုလဘန်၏ နိမိတ်ပြ အိပ်မက်တို့သည် တစ်ပုံစံတည်းဖြစ်နေမှုမှာ အံ့သြစရာပင်။ သူ့ အိပ်မက်ထဲကအတိုင်း ကိုလဘန် သေဆုံးခဲ့ရရှာပြီ။

"ဟူး - - မိုးကျော်နဲ့ တင်မြတ်ရေ မုဆိုးဆိုတာ စည်းစောင့်ရတယ်။ ပစ်သင့်, မသင့်ဆိုတာရယ်၊ သူ့အစာကို မလုရဘူးဆိုတာရယ်ကို သိထားရတယ်။ သူ့လက်ထဲ ရောက်နေမှတော့ လွှတ်လိုက်ပေါ့ကွာ"

"ဟုတ်တယ် ဆရာကျော်။ သူ့လက်ထဲက သူ့အစာလုတာရယ်၊ နောက်ပြီး လောဘရမ္မက်ကြောင့်ရယ် အားလုံးပျက်စီးရပြီ"

"ဆရာကျော် - - - မိုးကျော်ပါ ... က နတ်စကားထွက်လာတယ် ... ဟဲဟဲ - - - ဒါပေါ့ အစာလုပွဲ သွေးသံ ... ဆိုတာလေ"

"ဟုတ်တယ် တင်မြတ်၊ အ... လုပွဲ သွေးသံရဲရဲ၊ နောက်ဆုံး သေပွဲ ... ဝင်ရပြီလေ"

"ဇာတ်တူသားကြောင့် ဟ... ကိုးသောင်းပျက်ရတယ်ဆိုတာ - - - ဟူး - - -"

"အေး၊ မိုးကျော်ရေ - - ဟ... ကိုးသောင်းပျက်, မပျက်တော့ မသိ... လူမုဆိုး၊ တောမုဆိုးတို့ရဲ့ ဒေါသ၊ အ... ရမ္မက်တွေကြောင့် အစာလုပွဲမှာ ... သံရဲရဲဖြစ်ရတာ တို့အတွက် သင်... စာပဲ ငါ့ညီတို့ - - - ■

* * *

မင်းခဲ့...

## အိမ်ထောင်ရေးအတွက် ငွေကုန်သက်သာယတြာ

## နည်းလမ်းကောင်းများစာအုပ် (ထွက်ပြီ-ရောင်းပြီ)

ဒီစာအုပ်မှာ ဒါတွေဖတ်ရမယ် - - - -

▶ ကွဲကွာနေသောအိမ်ထောင်ဖက်နှင့် အမြန်ဆုံး ပြန်ပေါင်းသင်းရဖို့ ▶ အိမ်ထောင်ဖက်က မိမိကို အမြန်ဆုံးလာပြန်... စေဖို့ ▶ အိမ်မှထွက်သွားသော အိမ်ထောင်ဖက် မိမိထံ အမြန်ဆုံးပြန်လာဖို့ ▶ အိမ်ထောင်ရေးဖောက်ပြန်ရှုပ်ထွေ... နေသူနဲ့ အမြန်ဆုံး မုန်းတီးပြတ်စဲ၊ အဆက်အသွယ်အမြန်ပြတ်စေဖို့ ▶ နောက်ကွယ်မှာခြေမများတော့ဘဲ၊ ခြေ... အိမ်ကပ်စေဖို့ ▶ အပျော်အပါး၊ အသောက်အစား၊ လောင်းကစား အမြန်ဆုံးကင်းပြတ်စေဖို့ ▶ အိမ်ထောင်ဖက်... မိမိအပေါ်ချစ်ခင်ကြင်နာ စွဲလန်းယုယအလိုလိုက်အကြိုက်ဆောင်စေဖို့ ▶ မိမိက အိမ်ထောင်ဖက်အပေါ် စကားအ... အဆိုအောင်မြင်ဖို့ ▶ မိမိတို့အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲစိတ်ချမ်းသာစေဖို့ ▶ ဆက်မပေါင်းချင်တော့သူ... အမြန်ဆုံးကွာရှင်းရဖို့ ▶ လက်ရှိအိမ်ထောင်နဲ့မကွဲပဲ ခိုင်မြဲစွာဆက်လက်ပေါင်းသင်းရဖို့ - - - -

(လူမျိုး/ဘာသာမရွေး ဆောင်ရွက်နိုင်တဲ့ နည်းလမ်းများဖြစ်ပါတယ်)

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

ရေးသားပြီး "အောင်ဇ"စာအုပ်တိုက်မှထုတ်ဝေသည်။ စာမူခွင့်ပြုချက်အမှတ် - ၄၀၁၄၂၁၁...

www.burmeseclassic.com

www.burmeseclassic.com

# ဖြူချထုပ်၊ ပိစပ်ပွင့်ဝါနှင့် စပါးကြီးသည်းခြေ

ကိုဇော် (ရွှေပြည်သာ)

အုံ့ဩစရာ အတော်လေး ကောင်းပါသည်။ ဆရာဦးမောင်ဖေအေး လုပ်ပြတာကို ကြည့်ပြီး ကိုနိုင်သည် အတော့်ကို အံ့အားသင့်သွားသည်။ မျက်လှည့်ပွဲတစ်ခုကို ကြည့်လိုက်ရသည်ထင်မိသည်။

• ဦးမောင်ဖေအေးက သူ့ညာလက်နှင့် ခေါင်းပေါ်က ဆံပင်ကို ဆုပ်ကိုင်လိုက်ကာ လက်ထဲမှာ ဆံပင်တွေ အထွေးလိုက်ပါလာတာကို ကိုနိုင့်အား ပြနေပါသည်။ ကိုနိုင်က သိချင်စိတ်အားကြီးလာပြီး မေးလိုက်သည်။

"ဆရာ…ဒီလိုဆံပင်တွေ အဖုတ်လိုက် ကျွတ်တာကြာပြီလား။ ဘာကြောင့် ဒီလိုဖြစ်တာလဲ"

အရှေ့ဘက်ခြံက ပင်စင်စား လက်ဝဲဝါဒီ ကျောင်းဆရာဦးမောင်ဖေအေးသည် ကိုနိုင်တို့နေသော ခြံထဲသို့ ရောက်လာပြီး စကားဆက်ပြောနေကြသည်။

"ခြံထဲက သရက်ချဉ်ပင်ကြီး ကိုင်းဖျားတွေ ပိုးစားပြီး ကျိုး,ကျိုးကျနေလို့ လွှတုံးခေါ်ပြီး အရင်းကပါ ခုတ်လှဲလိုက်တာလေ။ နှတ်ကတော် အကြော်သည် ဒေါ်မြွေးပြောတာကတော့ အဲဒီအပင်ရဲ့ ရုက္ခစိုးက ဒဏ်ခတ်တာလို့ ပြောတာပဲ။ နတ်ကနားပေးပြီး တောင်းပန်ရမယ်တဲ့ကွာ။ ဆရာကတော့ မတောင်းပန်နိုင်ဘူး။ ဆံပင်တွေအကုန်လုံး ခေါင်းတုံးရိတ်ပြီး ဇင်းကျိုက်က ရတဲ့ ဆေးနည်းကို သုံးမလို့။ အခု ဦးဘထွန်းဆီမှာ ကျောက်ချဉ်ရှိတယ်ဆိုလို့ လာတောင်းတာလေ"

"အဲဒီဆေးနည်းကိုလည်း ပြောပြပါဦး ဆရာရယ်။ စိတ်ဝင်စားဖို့ အတော်ကောင်းတာပဲ"

"ဆေးနည်းကတော့ ငါးချက်ရှိတယ်။ ပထမ အဝါပွင့်ပွင့်တဲ့ ပိစပ်ရွက်၊ ဒုတိယ ကွမ်းရွက်၊ အဲဒီနှစ်မျိုးကို သတ္တုရည်ရအောင် လုပ်၊ တတိယအချက်ကတော့ ရိတ်ပြီးစ ဦးခေါင်းကို ကျောက်ချဉ်နဲ့ ပွတ်ပေး။ ပြီးတော့ စတုတ္ထအချက်ရှိသေးတယ်။ ပျားရည်စစ်စစ်အနည်းငယ်ကို ဦးခေါင်းကို ဆွတ်ပေးပြီးမှ ပဉ္စမအချက်ကတော့ ငှက်ပျောပင်ပျိုက ရတဲ့ လတ်လတ်ဆတ်ဆတ် ငှက်ပျောစေးကို ဦးခေါင်းမှာ သုတ်လိမ်းရမယ်။ ငှက်ပျောစေးလိမ်းပြီးမှ စောစောက ပြောတဲ့ သတ္တုရည်နှစ်မျိုးကို ရောစပ်ပြီး မကြာခဏ ဆယ်မိနစ်တစ်ကြိမ် ဆွတ်ပေးရမယ်တဲ့ကွာ။ အဲဒီဆေးနည်းပေးသွားတဲ့ အဘိုးကြီးပြောတာကတော့ အဲဒီလို တစ်ပတ် တစ်ကြိမ် လုပ်ဖြစ်ရင် နှစ်လအတွင်း ဆံပင်တွေ ပြန်ပေါက်လာမယ်။ အခုလို အဖြူမဟုတ်ဘူး။ ဆံပင်အနက်တွေ ပြန်ပေါက်လာမယ်တဲ့"

ဆရာ ဦးမောင်ဖေအေး စကားပြောနေတုန်း အိမ်ရှင်ဦးဘထွန်း အပေါ်ထပ်က ဆင်းလာပါသည်။

"စိတ်ဝင်စားစရာတော့ တော်တော်ကောင်းလာပြီ၊ ကောင်းလာပြီနဲ့ MRTV-4 က သော်မောင်မောင် ဘောလုံးပွဲကို တိုက်ရိုက်အသံလွှင့်နေတာမှတ်လို့ ဆင်းလာတာ။ လက်စသတ်တော့ ကိုနိုင်တို့ စကားပြောနေတာကိုး"

ဦးဘထွန်းက အရွှန်းဖောက် ပြောလိုက်ပါသည်။ သူက ဆက်ပြောပါသည်။

"ဦးမောင်ဖေအေးရေ…ခင်ဗျားလိုချင်တဲ့ ကျောက်ချဉ်ထုပ်ညတုန်းက ရှာတွေ့ပြီဗျို့။ ကျွန်တော်လာပို့မလို့ဆဲဆဲ ခင်ဗျားရောက်လာတာနဲ့ အတော်ပဲ။ ဝမ်းသာစရာပြောရဦးမယ်။ ကျောက်ချဉ်ထုပ်ရှာရင်းနဲ့ လွန်ခဲ့တဲ့ ၄နှစ်လောက်က ပျောက်သွားတဲ့ အဖိုးတန် ရှားပါးပစ္စည်း စပါးကြီးသည်းခြေ ပြန်တွေ့တယ်ဗျာ။ ခင်ဗျားကိုတောင် ကျေးဇူးတင်နေပါသေးတယ်"

ဦးဘထွန်းသည် ယူလာသော ပရုတ်ဆီဘူးအရွယ်ဘူးလေးကို ဖွင့်ပြပြီး အားရဝမ်းသာပြောပါသည်။

"အဘ တော်တော်ဝမ်းသာနေပုံ ရတယ်နော်။ အဲဒါ စပါးကြီးသည်းခြေအစစ်ရော ဟုတ်ရဲ့လား။ ကျွန်တော်တော့ အတုကို ညာရောင်းတာနဲ့ ကြုံခဲ့ဖူးတယ်"

"ဒီပဲယင်းမြို့နယ်မှာ အဘ အမှုထမ်းတုန်းက သစ်ရာအိုင့်ရွာရောက်တုန်းက မီးသွေးဖုတ်တဲ့သူဆီက လက်ဆောင်ရခဲ့တာ။ ကြာပါပြီကွာ။ လွန်ခဲ့တဲ့နှစ် အိမ်ရှင်မ မဆုံးခင်နှစ်လလောက်က အိမ်က ကြောင်ပေါက်လေး သုံးကောင်ကို မိခင် ကြောင်မကြီးက ကွက်ခုတ်သင်တဲ့အနေနဲ့ ပုတ်သင်တို့၊ ကင်းလိပ်ချောတို့ကို မသေမရှင် ဖမ်း,ဖမ်းလာပြီးချ,ချပေးတတ်တယ်။ တစ်နေ့တော့ နေဝင်ခါစ ညနေစောင်းအပြင်က အဘပြန်ရောက်တော့ ဇနီးခမျာ ငိုမဲ့မဲ့မျက်နှာလေးနဲ့ ပြောတယ်။ ကြောင်လေးတွေ တောက်တဲ့ အာနိကိုက်လို့ အကြောဆွဲနေပြီ၊ လုပ်ပါဦး။ သေတော့မယ်တဲ့။ အဲဒါနဲ့ အဘလည်း ပေါဒီ စပါးကြီးသည်းခြေကို ယူ၊ ကျောက်ပျဉ်မှာ ရေတစ်စက် နှစ်စက်ချပြီး ကပျာကယာသွေး၊ ကြောင်လေး နှစ်ကောင်က အကြောတွေ ကုပ်တောင်နေပြီ။ ကိုယ်ငွေ့မရှိတော့ဘူး။ အထီးကောင်လေးပဲ ဆန့်ငင် ဆန့်ငင်နဲ့ အကြောဆွဲနေတာ တွေ့ရတယ်။ သူ့ပါးစပ်ကို လက်နဲ့ ဟပြီး သွေးထားတဲ့ စပါးကြီးသည်းခြေကို လျှာပေါ် ပွတ်ပေးလိုက်တယ်။ ချက်ချင်းပဲ အကြောဆွဲတာတွေ ရပ်ပြီး မျက်လုံးပွင့်လာတယ်။ နောက်တစ်ခါ ထပ်ပြီး စပါးကြီးသည်းခြေပွတ်ပေးလိုက်တော့ ငုတ်တုတ်ကလေး ထ,ထိုင်တော့တာပါပဲ။ ဒါဆိုရင်တော့ စပါးကြီးသည်းခြေစစ်တယ်မဟုတ်လား ကိုနိုင်"



www.burmeseclassic.com

www.burmeseclassic.com

"အဘရဲ့ ကိုယ်တွေ့ဖြစ်လို့ အစစ်ဆိုတာ ယုံပါပြီဗျာ။ ကျွန်တော့်ကိုယ်တွေ့က စပါးကြီးသည်းခြေတော့ မဟုတ်ဘူး။ ဖြူဆိုတဲ့ အကောင်ရဲ့ အစာအိမ်။ ရခိုင်သံစစ်စစ်နဲ့ ခေါ်ရရင်တော့ ဖြူချထုပ်ပေါ့ဗျာ"

"ဟ - ကိုနိုင်ရ၊ ပြောပြစမ်းပါဦး။ ဖြူချထုပ်ဆိုတာ ဘာလဲ၊ ဘယ်လိုကြုံခဲ့ရတာလဲ။ တောဆေးတောဝါးတွေလည်း တော်တော်အစွမ်းထက်တယ်လို့ ပြောကြတာပဲ"

"ပြောပြပါ့မယ် ဆရာရယ်။ ကျွန်တော် အသက် ၂၀ လောက်က အဖေ့ဆွေမျိုးတွေ ရှိတဲ့ ရခိုင်ပြည်နယ် ဘူးသီးတောင်ကို အလည်ရောက်သွားတယ်။ ရောက်ပြီး နောက်တစ်နေ့ တောင်ခြေမှာ တောဝက်သွားပစ်တာ။ အစ်ကိုတွေကလည်း ခေါ်တာနဲ့ ကျွန်တော်လိုက်သွားတယ်။ မော်တော်ကြုံရှိလို့ မိုးချုပ်ခါနီးမှ ဝါးခုတ်ချောင်းရွာလေးကို ရောက်တယ်။ ညစာကို ကြုံသလို ရခိုင်ဟင်းနဲ့ပဲ စားကြတယ်။ အာပူရွက်နဲ့ ထောင်းထားတဲ့ ဖားကျည်ထောင်းဟင်းရယ်၊ သပြူသီးဟင်းရည်သောက်ရယ်၊ ငရုတ်ကြိတ်၊ ဆီးဖြူသီးတို့စရာပဲ ရှိတယ်။ ဆာနေလို့လားမသိဘူး၊ အရမ်းစားလို့ကောင်းတာပဲ။ အိပ်ရာဝင်ပြီး ညသန်းခေါင်လောက်ရောက်တော့ အရမ်းစားထားတာတွေက ပညာပြတော့တာပါပဲ"

"ဘာဖြစ်လို့လဲ၊ ဗိုက်နာတာလား၊ ငရုတ်သီးအစားများသွားလို့လား"

"ဗိုက်နာတာ မဟုတ်ဘူး။ ခရီးသွားတဲ့ရက်က ဆက်နေတော့ ဝမ်းချုပ်နေတာမှာ လေချုပ်တဲ့ သပြူသီးနဲ့ ဆီးဖြူသီးတို့ ပေါင်းမိသွားပြီး ဒုက္ခပေးတော့တာပါပဲ။ ဗိုက်ထဲက ထိုးထိုးပြီး အောင့်တာ ထိုင်လို့မရ၊ ထလို့မရ၊ အိမ်သားတွေက နှိပ်ပေး၊ နင်းပေးကြတယ်။ အဲဒီလို နှိပ်တာ ဗိုက်ကို နည်းနည်းမှ အထိမခံနိုင်တော့ဘူး။ ရွာမှာ အစာကြေဆေး၊ လေနိုင်ဆေးဆိုတာ ဘာတစ်ခုမှ မရှိကြဘူး။ ဆယ်အိမ်တောင် မပြည့်တဲ့ နေပုဒ်ရွာငယ်လေးမှာ ကုရာနတ္ထိ ဆေးမရှိဖြစ်နေတာပေါ့ဗျာ။ ကျွန်တော်လည်း လူးလိမ့်နေအောင် ခံရတယ်။ ရွာသားတချို့ ရောက်လာပြီး ပုလင်းထဲ ရေနွေးထည့်ပြီး ရေနွေးပုလင်းကပ်တော့ နည်းနည်းသက်သာသလိုရှိတယ်။ အဲဒီမှာတင် အစွန်ဆုံးအိမ်က ဗိုင်းနက် အဘွားကြီးတစ်ဦးရောက်လာတယ်။ လက်ထဲမှာလည်း အကောင်လိုလို၊ အထုပ်လိုလိုတစ်ခုကို ဆွဲယူလာတယ်။ အဲဒီကျတော့မှ အိမ်ရှင်ရော၊ ဝိုင်းပြီး ပြုစုနေတဲ့ ရွာသားတွေရော အားတက်ပြီး ဝမ်းသာတဲ့ အမူအရာတွေ ပေါ်လာတယ်။

အဲဒီအဘွားကြီးက ရေနည်းနည်းထည့်ပြီး ရေနွေးအိုးမြန်မြန်တည်ခိုင်းတယ်။ ရေနွေးဆူတော့ ဟင်းခွက်ကြီးကြီးတစ်ခုထဲကို အဲဒီအထုပ်ကလေးထည့်၊ လက်ဖက်ရည်နှစ်ခွက်စာ ရေနွေးပူပူကို အပေါ်က လောင်းချတယ်။ ပြီးတော့ ခွက်ငယ်တစ်ခုနဲ့ ဖုံးထားပြန်တယ်။ ဆယ်မိနစ်လောက် ကြာတော့ ဟင်းခွက်ထဲက အထုပ်လေးကို ဆယ်ယူတယ်။ ခွက်ကြီးထဲ ရှိတဲ့ အရည်ညိုညစ်ညစ်တွေကို အိမ်ရှင်က တဖူးဖူးမှုတ်ပေးပြီး ကျွန်တော့်ကို သောက်ခိုင်းတယ်။

ပထမတော့ ကျွန်တော်သောက်လို့ မရဘူး။ စိမ်းရွှေရွှေ ညှီစို့စို့အနံ့ကြောင့် ဆေးအရည်ကို မျိုချလို့ မရနိုင်ဘူး။ ကျွန်တော့်အစ်ကိုက စိတ်မကောင်းဖြစ်ပြီး ဆူပြောပြောပါတယ်။ ဒါမှမသောက်ရင် ဒုက္ခရောက်ဖို့ပဲ ရှိတော့တယ်တဲ့။ ဒါကြောင့် ကျွန်တော်လည်း စိတ်ကို တင်း၊ ကြိတ်မှိတ်ပြီး ဆေးရည်ကို ကုန်အောင် သောက်ချလိုက်တယ်။ ခါးလို့ခါးတာလည်း မပြောပါနဲ့တော့။ ဆေးသောက်ပြီး နာရီဝက်လောက်ကြာတော့ ဗိုက်ထဲမှာ လေတွေ တဖြုတ်ဖြုတ်နဲ့ ပြိုလာတယ်။ ပြီးတော့ ဝမ်းတစ်ခါသွားတယ်။ အဲဒီကစပြီး တဖြည်းဖြည်းသက်သာလာတယ်။ တော်တော်စွမ်းတဲ့ ဆေးဗျာ၊ အံ့ရော"

တစ်ချိန်လုံး စိတ်ဝင်တစား နားထောင်နေတဲ့ ဆရာဦးမောင်အေးက မေးခွန်းတစ်ခုမေးလိုက်ပါသည်။

"အဲဒါ ဘာဖြစ်လို့ ဒီလောက်စွမ်းတာလဲ၊ ဖြူချထုပ်မှာ ဘာတွေ ပါလာလို့လဲ။ ကိုနိုင်သိရင် ပြောပြစမ်းပါ"

"ဒီလို ဆရာရေ၊ ဖြူချထုပ်ဆိုတာ ရှင်းရှင်းပြောရရင် ဖြူအကောင်ရဲ့ အစာဟောင်းအိမ်ပေါ့ဗျာ။ ဖြူကောင်ဆိုတာ တောတောင်ကြီးထဲက မြေတွင်းထဲမှာပဲ နေကြတယ်။ သူတို့က သစ်မြစ် သစ်ဥ သစ်ဖုနဲ့ သစ်သီးကိုပဲ စားတယ်။ ဒါကြောင့် အဲဒီဖြူချထုပ်လို့ ခေါ်တဲ့ အစာအိမ်ထဲမှာ ဆေးဖက်ဝင်တဲ့ သစ်မြစ်၊ သစ်ဥတွေ စုနေတာပေါ့။ အဲဒီ ဖြူကောင်ကို ထောင်ဖမ်းလို့ရတာနဲ့ သူတို့က ဖြူချထုပ်ခေါ်တဲ့ အစာအိမ် ဖြူချေးထုပ်ကို ပထမဆုံး ဓားနဲ့ဖြတ်ပြီး ဂရုတစိုက် ထုတ်ယူကြတယ်။ မီးဖိုချောင်အထက်နားမှာ၊ ဒါမှမဟုတ် ကျပ်ခိုးစင်မှာ သေသေချာချာဆွဲပြီး အခြောက်ခံထားလေ့ရှိတယ်လို့ အိမ်ရှင်က ပြောပြပါတယ်"

အိမ်ရှင် ဦးဘထွန်းက ကြားဖြတ် ဝင်ပြောလိုက်ပါသည်။

"ဟုတ်တယ် ဦးမောင်အေး၊ ဆရာ ဇီဝက ပြောစကားအရ ဆေးဖက်မဝင်တဲ့ အပင်ဆိုတာ မရှိဘူး။ နွယ်ပြက်သော်မှ ပင် ဆေးဖက်ဝင်လို့ ဆိုရိုးရှိတယ်လေ။ ဒါကြောင့် ဇင်းကျိုက က ရတဲ့ ဆေးနည်းအတိုင်း ယုံယုံကြည်ကြည် ဆက်လိုက်ရင် ခင်ဗျားရဲ့ ခေါင်းမှာ ဆံပင်အနက်တွေ ပြန်ပေါက်လာမှာ သေချာပါတယ်ဗျာ"□

* * *

ကိုစောင်း(ရွှေမြင်းသာ)



www.burmeseclassic.com

www.burmeseclassic.com





## ၂၀၁၃၊ ဩဂုတ်လ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၃၊ ဩဂုတ်လ၏ ကောင်းကင်ထက်၌ ရာသီရောက် တနင်္ဂနွေဂြိုဟ် ဩဂုတ် ၁၇ရက်နေ့တွင် သိဟ်ရာသီသို့ ပြောင်းရွှေ့ ဝင်ရောက်မည်ဖြစ်ပြီး မေထုန်ရာသီအတွင်း အင်္ဂါဂြိုဟ် ရပ်တည်နေပါမည်။ မေထုန်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် ဩဂုတ် ၅ရက်နေ့၌ ကရကဋ်ရာသီ၊ ဩဂုတ် ၂၁ရက်နေ့၌ သိဟ်ရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ ကြာသပတေးဂြိုဟ် မေထုန်ရာသီတွင် တည်ရှိနေပြီး သိဟ်ရာသီမှ သောကြာဂြိုဟ် ဩဂုတ် ၁၂ရက်နေ့၌ ကန်ရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ စနေဂြိုဟ် တူရာသီတွင် ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် ဇူလိုင် ၁၈ရက်နေ့တွင် မိန်ရာသီ၌ ဖောက်ပြန်သွားလာမည်ဖြစ်ပြီး ကုမ်ရာသီတွင် နက်ပကျွန်းဂြိုဟ် ဖောက်ပြန်၍ ရပ်တည်နေပါလိမ့်မည်။ နေရာသီမှ ပလူတိုဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဖောက်ပြန်၍ တည်ရှိနေပါလိမ့်မည်။ ဩဂုတ်လအတွင်း ထူးခြားသော ဂြိုဟ်ပူးဖြစ်စဉ်များ မရှိဘဲ ဩဂုတ် ၁၂ရက်နေ့ မြန်မာစံတော်ချိန် နေ့လယ် ၂နာရီ ၅၄မိနစ်တွင် အလင်းအား ၂၇ရာခိုင်နှုန်းခန့်ရှိသော လမင်းကို စိတြနက္ခတ်(Star Spica )ကြယ်မှ နီးကပ်စွာ ထွင်းဖောက်၍ ယှဉ်တွဲ ရပ်တည်မှု (Occulation of Spica by The Moon ) ဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ဩဂုတ် ၁၅ရက်နေ့ မြန်မာစံတော်ချိန်နေ့လယ် ၂နာရီ ၃မိနစ်တွင် အလင်းအား ၅၉ရာခိုင်နှုန်းခန့်ရှိသော လမင်း၏ အနီး၌ ဗြိစ္ဆာရာသီခွင် ကြယ်စုရှိ (Star Graffias)ကြယ်မှ ထွင်းဖောက်သောဖြစ်စဉ် ဖြစ်ပေါ်မည်။ ဩဂုတ် ၂၄ရက်၊ နေ့လယ် ၁၂နာရီ ၃၆မိနစ်၌ ဗုဒ္ဓဟူးဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိ၍ ကမ္ဘာနှင့် တစ်တန်းတည်းကျရောက်မှု(Superior Conjunction)ဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ယင်းဖြစ်စဉ်ကြောင့် ရွှေဈေးနှုန်းများ ရုတ်တရက် ကျဆင်းတတ်သည်။




www.burmeseclassic.com

www.burmeseclassic.com




လနှင့် စီတြန်ကြွတ် ပူးယှဉ်နေပုံ




လနှင့် Star Giffias ကြယ်များ နီးကပ်စွာ ပူးယှဉ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ ဩဂုတ်လ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

## ARIES



## မိဿလဂ်

ငွေကြေးကံ၊ လုပ်ငန်းကံ ဆက်လက်ကောင်းမွန်သော်လည်း လုပ်ငန်းကိစ္စများတွင် မောင်နှမသားချင်း လုပ်ဖော်ကိုင်ဖက်များကြောင့် ပြဿနာကြုံမည်။ ထီကံစမ်းသင့်သော ကာလဖြစ်ပြီး မထင်မှတ်ဘဲ ငွေကြေးအများအပြားရရှိ သုံးစွဲရမည်။ လုပ်ငန်းကိစ္စ၊ စီးပွားရေးကိစ္စများအတွက် စကားပြော အဆင်မပြေဖြစ်ရတတ်သည်။ ခရီးသွားလာမှုများအတွက် စိတ်အနှောင့်အယှက် တွေ့ကြုံတတ်သည်။ စိတ်ပင်ပန်းဖိစီးမှု များပြားပြီး ဆုံးဖြတ်သုံးသပ်ချက်များအတွက် လွဲချော်မှုများ ယှဉ်တွဲနေတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်း၌ အောင်မြင်မှုများ ရရှိသော်လည်း ပြင်းထန်သော လုံ့လစိုက်ထုတ်မှုများဖြင့် ကြိုးစားဆောင်ရွက်ရမည်။ ပညာသင်ကြားနေသူများ ကံဇာတာ ထူးခြားစွာ မြင့်မားချိန်။ အိမ်ခြံမြေကိစ္စများကြောင့် အကျိုးအမြတ်ရရှိမည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများနှင့်ပတ်သက်၍ အထင်လွဲ၊ အမြင်လွဲမှုများ တွေ့ကြုံတတ်သည်။ ချစ်သူများ မိမိချစ်ရသူအတွက် ပေးဆပ်အနစ်နာခံရမည့် အချိန်ကာလ။

## TAURUS



## ပြိဿလဂ်

လုပ်ငန်းကိစ္စများတွင် အတိုက်အခံယှဉ်တွဲ၍ ငွေကြေးရရှိမှုကံ အထူးကောင်းမွန်မည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ရန် အခွင့်အရေးကောင်းများ ပေါ်ပေါက်တွေ့ကြုံ၍ အောင်မြင်သည့် လမ်းကြောင်းထက် ရောက်ရှိ ကြီးပွားမည်။ အဖက်အဖက်မှ တိုးတက်သော အခြေအနေအသစ်များ ရယူဖန်တီးခွင့်ရရှိ၍ ဘဝကံ အကျိုးပေးချိန်ဖြစ်သည်။ လူမှုရေးပိုင်းဆိုင်ရာ အခက်အခဲများနှင့် အနှောင့်အယှက်ပြဿနာများ ပေါ်ပေါက်ရင်ဆိုင် ဖြေရှင်းရမည်။ အကြီးအကဲ မိတ်များအတွက် စိတ်အနှောင့်အယှက် ပဋိပက္ခဖြစ်စဉ်များ ပေါ်ပေါက်တွေ့ကြုံလာနိုင်သည်။ ခရီးဝေးသွားလာမှုများ တွေ့ကြုံတတ်ပြီး နိုင်ငံရပ်ခြားဒေသများ ကောင်းကျိုးပြုမည်။ လုပ်ငန်းရှင်များ ကံကောင်းသော အခွင့်အရေးများ ပေါ်ပေါက်သော်လည်း အခက်အခဲများ ယှဉ်တွဲနေချိန်။ ပညာသင်ကြားနေသူများ စိတ်လေလွင့်မှု များပြားပြီး အိမ်ထောင်ရှင်များ အိမ်တွင်းရေး အဆင်ပြေချိန်။ ချစ်သူများ ကတောက်ကဆ ပြဿနာများ ယှဉ်တွဲနေမည်။

## GEMINI



## မေထုန်လဂ်

ကံကောင်း ကြီးပွားမည့် အခွင့်အရေးကောင်းများ လက်ဝယ်ရောက်ရှိ၍ မိမိ၏ ဘုန်းကံအရှိန်အဝါ တိုးတက်မြင့်မားသော ကာလဖြစ်သည်။ မိမိနှင့် မိသားစုအတွင်း စီးပွားဥစ္စာတိုးတက်ကြီးပွားမည့် ကာလဖြစ်သည်။ ရွှေရတနာနှင့် အသုံးအဆောင် ပစ္စည်းအသစ်အဆန်းများ စိတ်တိုင်းကျ ရရှိပိုင်ဆိုင် သုံးစွဲရမည်။ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ ငွေကြေးပိုင်း အကျိုးရှိမည်။ နိုင်ငံရပ်ခြားဒေသများနှင့် ပတ်သက်သော လုပ်ငန်းကိစ္စများအတွက် ကောင်းသော အဆက်အသွယ်ကောင်းများ ရရှိချိန်။ ထီပေါက်သကဲ့သို့ ငွေကြေးအများအပြားရရှိတတ်သည်။ လုပ်ငန်းရှင်များ ကြီးပွားအောင်မြင် တိုးတက်မှုများ အလွယ်တကူ တည်ဆောက်နိုင်မည်။ ပညာသင်ကြားသူများ ကံဇာတာ အထူးမြင့်မားသည့် ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်အပေါ် အလိုလိုက် အကြိုက်ဆောင်ရသော အချိန်ကာလ။ ချစ်သူများ မိမိချစ်သူဖြင့် ဆုံတွေ့ခွင့်များ နည်းပါး၍ အဝေး၌ နေထိုင်ရမည်။

## CANCER



## ကရကဋ်လဂ်

လူမှုရေးအရှုပ်အရှင်း ပြဿနာများကြား ဒုက္ခရောက်ရတတ်သည်။ မိမိ ဆောင်ရွက်ကြိုးပမ်းမှုများအတွက် ကံကြမ္မာမှ မျက်နှာသာမပေးသော ကာလဖြစ်သည်။ အခက်အခဲတိုက်ပွဲများကြား စိတ်ရှည် သည်းခံ၍ အခြေအနေသစ်များအတွက် လေ့လာ စောင့်ကြည့်သင့်သော ကာလဖြစ်သည်။ လုပ်ငန်းတွင် အကြီးအကဲများကို အကြောင်းပြု၍ စိတ်မင်ပန်းမှုများ တွေ့ကြုံရတတ်သည်။ ဝမ်းနှင့် ပတ်သက်သော ကျန်းမာရေး အညံ့နှင့် ဦးခေါင်းပိုင်းဆိုင်ရာ ကိုက်ခဲမှုများ တွေ့ကြုံတတ်သည်။ မိသားစု၌ အိမ်ခြံမြေတို့နှင့် ပတ်သက်၍ ငွေကြေးပိုင်း နစ်နာဆုံးရှုံးမှုများ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ အလုပ်အတွက်၊ ငွေကြေးကိစ္စများအတွက် အဆင်မပြေမှု များပြားနေမည်။ ပညာသင်ကြားသူများ ပညာရေးပိုင်း ဆုံးရှုံးမှုအညံ့များ လွှမ်းမိုးနေချိန်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သော မိသားစုဘဝ ရရှိမည်။ ချစ်သူအတွက် စိတ်ပင်ပန်းဖိစီးမှု များပြားချိန်။



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

ငွေကြေးအစုလိုက်အပုံလိုက် ရရှိမှုများ ပေါ်ပေါက်တွေ့ကြုံတတ်ပြီး ထီကံစမ်းသင့်သော ကာလဖြစ်သည်။ လူမှုရေးနယ်ပယ်တွင် ဂုဏ်သိက္ခာ ထင်ရှားမြင့်မားပြီး စီးပွားရှာဖွေမှုအတွက် မိမိကံမြင့်မားသော ကာလဖြစ်သည်။ အလုပ်တွင် စိတ်ပင်ပန်းမှုများ တွေ့ကြုံရသော်လည်း အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်။ အတိုက်အခံဖြင့် ဆောင်ရွက်ရသော လုပ်ငန်းကိစ္စရပ်များ ထူးခြားစွာ တိုးတက် အောင်မြင်မည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ လုပ်ငန်းမှ ငွေကြေးအထောက်အပံ့ အကူအညီကောင်းများ ရယူခွင့်ရှိမည့်ကာလဖြစ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် မိမိမျှော်မှန်းထားသလောက် အကျိုးရှိ ကြီးပွားမည်။ ပညာသင်ကြားနေသူများ ကျန်းမာရေးအညံ့ကြောင့် ပညာရေးပိုင်း ထိခိုက်တတ်သည်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သည့် မိသားစုဘဝနေ့ရက်များ ဖန်တီး တည်ဆောက်နိုင်မည်။ ချစ်သူများ ထူးခြား[...] စန်းထသော ကာလဖြစ်သည့်အတွက် သံသယပြဿနာအနှောင့်အယှက်များ ဖြေရှင်းရမည်။

## VIRGO



## ကန်လဂ်

ကံဇာတာ မြင့်မားတိုးတက်သော်လည်း လူမှုရေးပိုင်းဆိုင်ရာ ပြဿနာအနှောင့်အယှက်များ ရင်ဆိုင်[ရ]မည်။ ဘုန်းကံအရှိန်အဝါမြင့်မားပြီး ငွေကြေးအကျိုးအမြတ်ရရှိမှုကံ ဆက်လက်ကောင်းမွန်မည်။ အ[...] အဖျားနှင့် ပတ်သက်၍ ကျန်းမာရေးပိုင်း အညံ့ကြုံတတ်သည်။ အိမ်ခြံမြေယာဉ်ကိစ္စများအတွက် အခွင့်အရေးများ ရရှိလာမည်။ လုပ်ငန်းအတွက် အထူးအခွင့်အရေးများ ပေါ်ပေါက်တွေ့ကြုံ၍ အဆင့် အတန်းအခြေအနေ တိုးတက်မြင့်မားလာမည်။ မိသားစုအရေးကိစ္စရပ်များ၌ အတိုက်အခံ ပဋိပက္ခများ တွေ့ကြုံပေါ်ပေါက်နိုင်သည်။ ငွေကြေးအများအပြားရရှိတတ်သော်လည်း ငွေကြေးသုံးစွဲကုန်ကျမှု များပြား ခြင်း၊ ငွေကြေးဆုံးရှုံးနစ်နာမှုများ ယှဉ်တွဲနေတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ကြိုးပမ်းမှုများ ပြည့်ဝအောင်မြင်သော်လည်း ငွေကြေးပိုင်းအနှောင့်အယှက်များ တွေ့ကြုံပေါ်ပေါက်နိုင်သည်။ ပညာ သင်ကြားနေသူများ ကံဇာတာအထူးတိုးတက်မြင့်မားသော ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ တစ်ဦးနှင့် တစ်ဦး နားလည်မှုများ တည်ဆောက်နိုင်မည်။ ချစ်သူများ အချစ်ရေးကံမြင့်မား၍ မိမိတို့ လိုအင်ဆန္ဒများ ပြည့်စုံမည်။

## LIBRA



## တူလဂ်

အေးမြသော လရိပ်အောက် အေးချမ်းစွာ ခရီးဆက်နှင်ခွင့်ရှိမည်။ ခရီးသွားလာမှု များပြားမည်။ စပ်တူစပ်ဖက်၊ ကုမ္ပဏီလုပ်ငန်းသစ်များ ဆောင်ရွက်ခွင့်ရရှိချိန်။ လုပ်ငန်းကိစ္စများ အဆင်ပြေ အောင်မြင်[...] ပျော်ရွှင်မှုများ ပြည့်စုံမည်။ ငွေကြေးအကျိုးပေးကံ ကောင်းမွန်၍ ထီကံစမ်းပေးပါ။ အခြေအနေအမျိုးမျိုး[...] ကြား ရွေးချယ်ရန် ခက်ခဲမည့် အခွင့်အရေးများ ပေါ်ပေါက်လာချိန်။ အိမ်ခြံမြေယာဉ် ဝယ်ယူ[...] ကြိုးပမ်းသူများ အဆင်ပြေမည်။ ဘုန်းကံနှင့် ဂုဏ်သိက္ခာပိုင်း တိုးတက်ကြီးမြင့်လာမည်။ငွေကြေး အကျိုးအမြတ်များစွာရရှိ၍ မိသားစုဘဝအဆင့်အတန်း မြင့်မားတိုးတက်သော ကာလ။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်း တိုးတက်မြင့်မားမှုကံဇာတာ အထွဋ်အထိပ်ထက်သို့ ရောက်ရှိချိန်။ ပညာသင်ကြားနေသူများ အေးချမ်းတည်ငြိမ်စွာဖြင့် ကံကောင်းကြီးပွားမှုများ ဖန်တီး ပုံဖော်နိုင်မည်။ အိမ်ထောင်ရှင်များ စီးပွား ရေးပိုင်း အကျိုးရှိ အဆင်ပြေမှုကြောင့် အိမ်တွင်းရေးပိုင်း အေးချမ်းသာယာမည်။ ချစ်သူများ အစစအရာရာ အဆင်ပြေ အောင်မြင်သည့် နေ့ရက်များအား ဖန်တီးရယူခွင့်ရှိမည်။

## SCORPIO



## ဗြိစ္ဆာလဂ်

မိမိဆောင်ရွက်ကြိုးပမ်းမှုများ၌ စိတ်အနှောင့်အယှက်များပြားပြီး အဆင်မပြေဖြစ်ရမှုများ ယှဉ်တွဲနေမည်။ ဝီရိယ၏ အကျိုးကြောင့် ကံကြမ္မာ၏ မျက်နှာသာပေးခြင်း ခံရချိန်။ မထင်မှတ်ဘဲ ငွေကြေးအများအပြား ရရှိမည့်အခွင့်အရေးများ တွေ့ကြုံရသော်လည်း လက်ထဲ ငွေမမြဲတတ်ပါ။ ကံဇာတာအကောင်းအဆိုး ခွန့်တွဲနေပြီး ကျန်းမာရေးအညံ့ တွေ့ကြုံတတ်သည်။ အိမ်ခြံမြေယာဉ်ကိစ္စများ၌ စိတ်သောကများ[...] ရပြီး အမှုပြဿနာများ ရင်ဆိုင်ရတတ်သည်။ စိတ်ဆိုးဒေါသဖြစ်ရသည့်အကြောင်းကိစ္စရပ်များ မကြာခဏ တိုက်ဆိုင် တွေ့ကြုံရတတ်ပြီး ဒေါသကို ချုပ်ထိန်းပါ။ လွဲမှားသော ဆုံးဖြတ် ယူဆချက်များကြောင့် လုပ်ငန်းပိုင်း ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်း ပျက်စီးနစ်နာဆုံးရှုံး အမှုပြဿနာကြုံတတ်သည်။ ပညာသင်ကြားနေသူများ ပညာရေးအတိုက်အခံ များပြားသောကာလ။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ထံမှ အခက်အခဲများ ဖြေရှင်းရန် အကူအညီကောင်း[များ] ရရှိချိန်။ ချစ်သူများ မကြာခဏ ပြဿနာအသေးအဖွဲများ တွေ့ကြုံရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



## ဓနုလဂ်

ပြဿနာများကြောင့် လုပ်ငန်းပိုင်း၊ ရာထူးပိုင်း အနှောင့်အယှက်ကြုံမည်။ မိသားစုအရေးကိစ္စများအတွက် သောကများပြားရသော ကာလဖြစ်သည်။ ရှေ့ရာဇဝတ်ပစ္စည်းများနှင့် ပတ်သက်၍ မိသားစု၌ ပြဿနာကြုံမည်။ ငွေကြေးပြဿနာများ တွေ့ကြုံ၍ မိမိဆောင်ရွက်သော လုပ်ငန်းကိစ္စများအတွက် ဆုံးရှုံးနစ်နာမည်။ လုပ်ငန်းတွင် လုံ့လစိုက်ထုတ်လိုမှု အားနည်းနေတတ်ပြီး အခွင့်အရေးကောင်းများ ဆုံးရှုံးတတ်သည်။ ကံဇာတာအကောင်း-အဆိုး ဒွန်တွဲနေပြီး အပူနှင့် ပတ်သက်သော ရောဂါများ ဂရုစိုက်ပါ။ စိတ်ပင်ပန်းမှုများပြားပြီး ကျန်းမာရေးအညံ့ကိစ္စများအတွက် ငွေကုန်ကျမှု များပြားတတ်သောကာလ။ လုပ်ငန်းရှင်များ စီးပွားရေးပိုင်းဆိုင်ရာ အမှုပြဿနာများ တွေ့ကြုံရင်ဆိုင် ဖြေရှင်းရတတ်သည်။ ပညာသင်ယူနေသူများ အတိုက်အခံများပြားပြီး စိတ်ပင်ပန်းရတတ်သည်။ အိမ်ထောင်ရှင်များ မိသားစု၏ ငြိုငြင်မှုခံရတတ်သော ကာလဖြစ်သည်။ ချစ်သူများ ငွေကြေးပြဿနာ ပဋိပက္ခများ တွေ့ကြုံဖြေရှင်းရမည်။

## CAPRICORN



## မကာရလဂ်

အပူ-အဖျားနှင့် ပတ်သက်သည့် ကျန်းမာရေးပိုင်းအညံ့များ သတိပြုပါ။ ငွေကြေးအကျိုးအမြတ် နည်းပါးပြီး ငွေကြေးဆုံးရှုံးမှုများ တွေ့ကြုံရတတ်သည်။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုင်း မျှော်မှန်းသလောက် အဆင်မပြေနိုင်သော ကာလဖြစ်သည်။ ပညာသင်ယူသူများ လုံ့လစိုက်ထုတ်မှု နည်းပါးမှုကြောင့် အရာရာဆုံးရှုံးနစ်နာမည်။ နိုင်ငံရပ်ခြား အဆက်အသွယ်ကောင်းများ တွေ့ကြုံပေါ်ပေါက်လာမည်။ စပ်တူစပ်ဖက် ဆောင်ရွက်ကြိုးပမ်းမှုများတွင် အဆင်မပြေ ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံပေါ်ပေါက်လာနိုင်သည်။ ရည်မှန်းချက်များနှင့် လက်တွေ့အခြေအနေ လွဲချော်နေတတ်ပြီး စီးပွားရေးပိုင်း အနှောင့်အယှက်ကြုံမည်။ လုပ်ငန်းရှင်များ ကံအဆိုးဘက်သို့ ဦးတည်နေပြီး ငွေကြေးအနှောင့်အယှက် ပြဿနာများ သတိပြုပါ။ ပညာသင်ကြားနေသူများ မိမိရည်မှန်းချက်များ လွဲချော် တိမ်းစောင်းမှုများ ရင်ဆိုင်ရမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသာယာမှု နည်းပါးမည်။ ချစ်သူများ ကြားလူနှောင့်ယှက်မှုကြောင့် အဆုံးသတ် ငြိုးဆုံးမှု ဖြစ်စဉ်များ ရင်ဆိုင်ရတတ်သည်။

## AQUARIUS



## ကုမ်လဂ်

အကူအညီကောင်းများ ရရှိပြီး အနာဂတ် ရည်မှန်းချက်အချို့ ပြည့်ဝအောင်မြင်ချိန်။ လုပ်ငန်းတာဝန်များတွင် အမည်နှင့် ဂုဏ်သတင်း ထင်ရှားကျော်ကြားချိန် ကာလ။ ငွေကြေးကံ ကောင်းမွန်သော ကာလဖြစ်ပြီး ကြိုးပမ်းကြံစည် ဆောင်ရွက်မှုများ လွယ်ကူစွာ ပြည့်ဝအောင်မြင်မည်။ လုံ့လနှင့် သတ္တိ ဗျူဟာစွမ်းအင်များ ပေါက်ဖွားလာ၍ အောင်ပန်းကို ဆွတ်ယူခွင့်ရှိမည်။ ငွေကြေးကိစ္စများတွင် စပ်တူစပ်ဖက်၊ ကုမ္ပဏီအဖွဲ့အစည်းများကို အကြောင်းပြု၍ အကျိုးရှိ ကံကောင်းမည်။ စပ်တူစပ်ဖက် ထီကံစမ်းပေးသင့်သော ကာလ။ မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ချိန်။ ပျော်ရွှင်သော ရွှေရောင်နေ့ရက်များ ပိုင်ဆိုင်နိုင်မည်။ လုပ်ငန်းရှင်များ ထူးခြားသည့် အခွင့်အရေးသစ်များ လက်ဝယ်သို့ ရောက်ရှိလာမည်။ ပညာသင်ကြားမှုတွင် ကောင်းမွန်သည့် အကူအညီများရရှိပြီး ကောင်းကျိုးပြုချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသာယာ အဆင်ပြေသောကာလ။ ချစ်သူများ ပျော်ရွှင်ခြင်း အနာဂတ်နေ့ရက်များ ရယူပိုင်ဆိုင်နိုင်မည်။

## PISCES



## မိန်လဂ်

ကံဇာတာ ပြန်လည်မြင့်မားတိုးတက်၍ အကောင်းဆုံး အခွင့်အရေးများ တဖြည်းဖြည်းချင်း ပြန်လည်၍ တည်ဆောက်နိုင်မည်။ ကံအညံ့များ လျော့ပါးသက်သာ၍ တိုးတက်အောင်မြင်မည့် လမ်းကြောင်းပေါ်တွင် ရပ်တည် အခြေချနိုင်သော ကာလ။ ယခင် ရင်ဆိုင်တွေ့ကြုံခဲ့ရသော အခက်အခဲပြဿနာများ အောင်မြင်စွာ ဖြေရှင်းနိုင်မည်။ လုံ့လစိုက်ထုတ်မှု အားနည်းတတ်ခြင်းအား အထူးသတိပြုရန် လိုအပ်မည်။ စပ်တူစပ်ဖက်၊ ကုမ္ပဏီအဖွဲ့အစည်းလုပ်ငန်းကိစ္စများ ကောင်းကျိုးပြုချိန်။ တရားမဝင် ငွေကြေးအကျိုးအမြတ်များ ရရှိမည်။ ထီပေါက်တတ်သော ကာလဖြစ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် အခက်အခဲကြားမှ တိုးတက်အောင်မြင်မှုများ ဖန်တီးပုံဖော်ခွင့်ရှိမည်။ ပညာသင်ကြားနေသူများ ပညာရေးတွင် စိတ်ပင်ပန်းမှု ယှဉ်တွဲ၍ အောင်မြင်မှုများ ပေါ်ပေါက်လာမည်။ အိမ်ထောင်ရှင်များ ကတောက်ကဆ ပြဿနာအသေးအဖွဲ့များ မကြာခဏ ဖြေရှင်းရတတ်သည်။ ချစ်သူများ နားလည်မှု ယုံကြည်ချက်များ တစ်ဦးအပေါ် တစ်ဦး လွဲချော်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ ဩဂုတ်လ မွန်းတည့် နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လဂ် (၁၂)လဂ်ဖြင့် လူတန်းစား (၁၂)ပိုင်း ခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိ နက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက် နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ် အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက ဇာ အသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခု ဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီ ကို လဂ်တစ်လဂ်အဖြစ် သတ်မှတ်၍ လဂ်( ၁၂)လဂ်အတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် လဂ်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology)နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအား စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆို နက္ခတ်၏ ရှေ့နောက် ၄ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြ သတ်မှတ်ထားပါသည်။




မိမိတို့ မွေးဖွားချိန်လဂ် အလွယ်တကူ ရှာဖွေနိုင်ရန်အတွက် လ ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက် ပျမ်း နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လဂ်တစ်လဂ်နှုန်းဖြင့် လ (၁၂)လဂ်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် (၅:၄၅) မှ (၇:၄၅)နာရီအတွင်း မွေးဖွား သူတစ်ဦးသည် မိဿလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် (၉:၄၅)မှ (၁၁:၄၅) နာရီအတွင်း မွေးဖွားပါက မေထုန်လဂ်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လဂ်သတ်မှတ်ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အ အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လဂ်များအား လဂ်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့ မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာ အရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူး ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ)ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထား အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည် လဂ်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက် သည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ် ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသဝိ အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ဗြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ဗြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ဗြိဿ |

| ဇူလိုင်၁၆ရက်မှဩ[illegible] | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ဗြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ဗြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ဗြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ဗြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ဗြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ဗြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ဗြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ဗြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ဗြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၂၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၀ : ၂၇ | ၀၀ : ၅၈ | ၀၂ : ၀၄ | ၀၂ : ၃၄ | ၀၄ : ၂၅ | ၀၄ : ၅၅ | ၀၆ : ၁၃ | ၀၆ : ၄၅ | ၀၇ : ၀၁ | ၀၇ : ၃၄ | ၁၀ : ၄၉ | ၁၁ : ၂[illegible] |
| ၂ | ၀၀ : ၂၃ | ၀၀ : ၅၄ | ၀၂ : ၀၀ | ၀၂ : ၃၀ | ၀၄ : ၂၁ | ၀၄ : ၅၁ | ၀၆ : ၀၉ | ၀၆ : ၄၂ | ၀၆ : ၅၇ | ၀၇ : ၃၀ | ၁၀ : ၄၅ | ၁၁ : ၁[illegible] |
| ၃ | ၀၀ : ၁၉ | ၀၀ : ၅၀ | ၀၁ : ၅၆ | ၀၂ : ၂၆ | ၀၄ : ၁၇ | ၀၄ : ၄၇ | ၀၆ : ၀၅ | ၀၆ : ၃၈ | ၀၆ : ၅၃ | ၀၇ : ၂၆ | ၁၀ : ၄၁ | ၁၁ : ၁[illegible] |
| ၄ | ၀၀ : ၁၅ | ၀၀ : ၄၆ | ၀၁ : ၅၂ | ၀၂ : ၂၂ | ၀၄ : ၁၃ | ၀၄ : ၄၃ | ၀၆ : ၀၂ | ၀၆ : ၃၄ | ၀၆ : ၄၉ | ၀၇ : ၂၂ | ၁၀ : ၃၇ | ၁၁ : ၁[illegible] |
| ၅ | ၀၀ : ၁၁ | ၀၀ : ၄၃ | ၀၁ : ၄၈ | ၀၂ : ၁၈ | ၀၄ : ၀၉ | ၀၄ : ၃၉ | ၀၅ : ၅၈ | ၀၆ : ၃၀ | ၀၆ : ၄၅ | ၀၇ : ၁၈ | ၁၀ : ၃၃ | ၁၁ : ၀[illegible] |
| ၆ | ၀၀ : ၀၇ | ၀၀ : ၃၉ | ၀၁ : ၄၄ | ၀၂ : ၁၄ | ၀၄ : ၀၅ | ၀၄ : ၃၅ | ၀၅ : ၅၄ | ၀၆ : ၂၆ | ၀၆ : ၄၁ | ၀၇ : ၁၅ | ၁၀ : ၂၉ | ၁၁ : ၀[illegible] |
| ၇ | ၂၃ : ၅၉ | ၀၀ : ၃၅ | ၀၁ : ၄၁ | ၀၂ : ၁၁ | ၀၄ : ၀၂ | ၀၄ : ၃၁ | ၀၅ : ၅၀ | ၀၆ : ၂၂ | ၀၆ : ၃၇ | ၀၇ : ၁၁ | ၁၀ : ၂၅ | ၁၀ : [illegible] |
| ၈ | ၂၃ : ၅၅ | ၀၀ : ၃၁ | ၀၁ : ၃၇ | ၀၂ : ၀၆ | ၀၃ : ၅၈ | ၀၄ : ၂၇ | ၀၅ : ၄၆ | ၀၆ : ၁၈ | ၀၆ : ၃၃ | ၀၇ : ၀၇ | ၁၀ : ၂၁ | ၁၀ : [illegible] |
| ၉ | ၂၃ : ၅၁ | ၀၀ : ၂၇ | ၀၁ : ၃၃ | ၀၂ : ၀၂ | ၀၃ : ၅၄ | ၀၄ : ၂၄ | ၀၅ : ၄၂ | ၀၆ : ၁၄ | ၀၆ : ၃၀ | ၀၇ : ၀၃ | ၁၀ : ၁၇ | ၁၀ : [illegible] |
| ၁၀ | ၂၃ : ၄၇ | ၀၀ : ၂၃ | ၀၁ : ၂၉ | ၀၁ : ၅၈ | ၀၃ : ၅၀ | ၀၄ : ၂၀ | ၀၅ : ၃၈ | ၀၆ : ၁၀ | ၀၆ : ၂၆ | ၀၆ : ၅၉ | ၁၀ : ၁၄ | ၁၀ : [illegible] |
| ၁၁ | ၂၃ : ၄၃ | ၀၀ : ၁၉ | ၀၁ : ၂၅ | ၀၁ : ၅၅ | ၀၃ : ၄၆ | ၀၄ : ၁၆ | ၀၅ : ၃၄ | ၀၆ : ၀၆ | ၀၆ : ၂၂ | ၀၆ : ၅၅ | ၁၀ : ၁၀ | ၁၀ : [illegible] |
| ၁၂ | ၂၃ : ၃၉ | ၀၀ : ၁၅ | ၀၁ : ၂၁ | ၀၁ : ၅၁ | ၀၃ : ၄၂ | ၀၄ : ၁၂ | ၀၅ : ၃၀ | ၀၆ : ၀၂ | ၀၆ : ၁၈ | ၀၆ : ၅၁ | ၁၀ : ၀၆ | ၁၀ : [illegible] |
| ၁၃ | ၂၃ : ၃၅ | ၀၀ : ၁၁ | ၀၁ : ၁၇ | ၀၁ : ၄၇ | ၀၃ : ၃၈ | ၀၄ : ၀၈ | ၀၅ : ၂၆ | ၀၅ : ၅၈ | ၀၆ : ၁၄ | ၀၆ : ၄၇ | ၁၀ : ၀၂ | ၁၀ : [illegible] |
| ၁၄ | ၂၃ : ၃၂ | ၀၀ : ၀၇ | ၀၁ : ၁၃ | ၀၁ : ၄၃ | ၀၃ : ၃၄ | ၀၄ : ၀၄ | ၀၅ : ၂၂ | ၀၅ : ၅၄ | ၀၆ : ၁၀ | ၀၆ : ၄၃ | ၀၉ : ၅၈ | ၁၀ : [illegible] |
| ၁၅ | ၂၃ : ၂၈ | ၂၃ : ၅၉ | ၀၁ : ၀၉ | ၀၁ : ၃၉ | ၀၃ : ၃၀ | ၀၄ : ၀၀ | ၀၅ : ၁၈ | ၀၅ : ၅၀ | ၀၆ : ၀၆ | ၀၆ : ၃၉ | ၀၉ : ၅၄ | ၁၀ : [illegible] |
| ၁၆ | ၂၃ : ၂၄ | ၂၃ : ၅၅ | ၀၁ : ၀၅ | ၀၁ : ၃၅ | ၀၃ : ၂၆ | ၀၃ : ၅၆ | ၀၅ : ၁၄ | ၀၅ : ၄၆ | ၀၆ : ၀၂ | ၀၆ : ၃၅ | ၀၉ : ၅၀ | ၁၀ : [illegible] |
| ၁၇ | ၂၃ : ၂၀ | ၂၃ : ၅၁ | ၀၁ : ၀၁ | ၀၁ : ၃၁ | ၀၃ : ၂၂ | ၀၃ : ၅၂ | ၀၅ : ၁၀ | ၀၅ : ၄၃ | ၀၅ : ၅၈ | ၀၆ : ၃၁ | ၀၉ : ၄၆ | ၁၀ : [illegible] |
| ၁၈ | ၂၃ : ၁၆ | ၂၃ : ၄၇ | ၀၀ : ၅၇ | ၀၁ : ၂၇ | ၀၃ : ၁၈ | ၀၃ : ၄၈ | ၀၅ : ၀၆ | ၀၅ : ၃၉ | ၀၅ : ၅၄ | ၀၆ : ၂၇ | ၀၉ : ၄၂ | ၁၀ : [illegible] |
| ၁၉ | ၂၃ : ၁၂ | ၂၃ : ၄၄ | ၀၀ : ၅၃ | ၀၁ : ၂၃ | ၀၃ : ၁၄ | ၀၃ : ၄၄ | ၀၅ : ၀၃ | ၀၅ : ၃၅ | ၀၅ : ၅၀ | ၀၆ : ၂၃ | ၀၉ : ၃၈ | ၁၀ : [illegible] |
| ၂၀ | ၂၃ : ၀၈ | ၂၃ : ၄၀ | ၀၀ : ၄၉ | ၀၁ : ၁၉ | ၀၃ : ၁၀ | ၀၃ : ၄၀ | ၀၄ : ၅၉ | ၀၅ : ၃၁ | ၀၅ : ၄၆ | ၀၆ : ၂၀ | ၀၉ : ၃၄ | ၁၀ : [illegible] |
| ၂၁ | ၂၃ : ၀၄ | ၂၃ : ၃၆ | ၀၀ : ၄၅ | ၀၁ : ၁၅ | ၀၃ : ၀၇ | ၀၃ : ၃၆ | ၀၄ : ၅၅ | ၀၅ : ၂၇ | ၀၅ : ၄၂ | ၀၆ : ၁၆ | ၀၉ : ၃၀ | ၁၀ : [illegible] |
| ၂၂ | ၂၃ : ၀၀ | ၂၃ : ၃၂ | ၀၀ : ၄၂ | ၀၁ : ၁၁ | ၀၃ : ၀၃ | ၀၃ : ၃၂ | ၀၄ : ၅၀ | ၀၅ : ၂၃ | ၀၅ : ၃၈ | ၀၆ : ၁၂ | ၀၉ : ၂၆ | ၀၉ : [illegible] |
| ၂၃ | ၂၂ : ၅၆ | ၂၃ : ၂၈ | ၀၀ : ၃၈ | ၀၁ : ၀၇ | ၀၂ : ၅၉ | ၀၃ : ၂၈ | ၀၄ : ၄၇ | ၀၅ : ၁၉ | ၀၅ : ၃၄ | ၀၆ : ၀၈ | ၀၉ : ၂၂ | ၀၉ : [illegible] |
| ၂၄ | ၂၂ : ၅၂ | ၂၃ : ၂၄ | ၀၀ : ၃၄ | ၀၁ : ၀၃ | ၀၂ : ၅၅ | ၀၃ : ၂၅ | ၀၄ : ၄၃ | ၀၅ : ၁၅ | ၀၅ : ၃၀ | ၀၆ : ၀၄ | ၀၉ : ၁၈ | ၀၉ : [illegible] |
| ၂၅ | ၂၂ : ၄၈ | ၂၃ : ၂၀ | ၀၀ : ၃၀ | ၀၀ : ၅၉ | ၀၂ : ၅၁ | ၀၃ : ၂၁ | ၀၄ : ၃၉ | ၀၅ : ၁၁ | ၀၅ : ၂၇ | ၀၆ : ၀၀ | ၀၉ : ၁၅ | ၀၉ : [illegible] |
| ၂၆ | ၂၂ : ၄၄ | ၂၃ : ၁၆ | ၀၀ : ၂၆ | ၀၀ : ၅၆ | ၀၂ : ၄၇ | ၀၃ : ၁၇ | ၀၄ : ၃၅ | ၀၅ : ၀၇ | ၀၅ : ၂၃ | ၀၅ : ၅၆ | ၀၉ : ၁၁ | ၀၉ : [illegible] |
| ၂၇ | ၂၂ : ၄၀ | ၂၃ : ၁၂ | ၀၀ : ၂၂ | ၀၀ : ၅၂ | ၀၂ : ၄၃ | ၀၃ : ၁၃ | ၀၄ : ၃၁ | ၀၅ : ၀၃ | ၀၅ : ၁၉ | ၀၅ : ၅၂ | ၀၉ : ၀၇ | ၀၉ : [illegible] |
| ၂၈ | ၂၂ : ၃၇ | ၂၃ : ၀၈ | ၀၀ : ၁၈ | ၀၀ : ၄၈ | ၀၂ : ၃၉ | ၀၃ : ၀၉ | ၀၄ : ၂၇ | ၀၄ : ၅၉ | ၀၅ : ၁၅ | ၀၅ : ၄၈ | ၀၉ : ၀၃ | ၀၉ : [illegible] |
| ၂၉ | ၂၂ : ၃၃ | ၂၃ : ၀၄ | ၀၀ : ၁၄ | ၀၀ : ၄၄ | ၀၂ : ၃၅ | ၀၃ : ၀၅ | ၀၄ : ၂၃ | ၀၄ : ၅၅ | ၀၅ : ၁၁ | ၀၅ : ၄၄ | ၀၈ : ၅၉ | ၀၉ : [illegible] |
| ၃၀ | ၂၂ : ၂၉ | ၂၃ : ၀၀ | ၀၀ : ၁၀ | ၀၀ : ၄၀ | ၀၂ : ၃၁ | ၀၃ : ၀၁ | ၀၄ : ၁၉ | ၀၄ : ၅၁ | ၀၅ : ၀၇ | ၀၅ : ၄၀ | ၀၈ : ၅၅ | ၀၉ : [illegible] |
| ၃၁ | ၂၂ : ၂၅ | ၂၂ : ၅၆ | ၀၀ : ၀၆ | ၀၀ : ၃၆ | ၀၂ : ၂၇ | ၀၂ : ၅၇ | ၀၄ : ၁၅ | ၀၄ : ၄၈ | ၀၅ : ၀၃ | ၀၅ : ၃၆ | ၀၈ : ၅၁ | ၀၉ : [illegible] |



www.burmeseclassic.com


www.burmeseclassic.com

| | တုလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၂ : ၀၉ | ၁၂ : ၄၁ | ၁၃ : ၁၈ | ၁၃ : ၄၈ | ၁၆ : ၃၈ | ၁၇ : ၀၈ | ၁၆ : ၃၉ | ၁၇ : ၀၉ | ၁၉ : ၁၀ | ၁၉ : ၄၃ | ၂၂ : ၁၃ | ၂၂ : ၄၇ |
| ၂ | ၁၂ : ၀၅ | ၁၂ : ၃၇ | ၁၃ : ၁၄ | ၁၃ : ၄၄ | ၁၆ : ၃၄ | ၁၇ : ၀၄ | ၁၆ : ၃၅ | ၁၇ : ၀၆ | ၁၉ : ၀၆ | ၁၉ : ၃၉ | ၂၂ : ၀၉ | ၂၂ : ၄၃ |
| ၃ | ၁၂ : ၀၁ | ၁၂ : ၃၃ | ၁၃ : ၁၀ | ၁၃ : ၄၀ | ၁၆ : ၃၀ | ၁၇ : ၀၀ | ၁၆ : ၃၁ | ၁၇ : ၀၂ | ၁၉ : ၀၂ | ၁၉ : ၃၅ | ၂၂ : ၀၅ | ၂၂ : ၃၉ |
| ၄ | ၁၁ : ၅၇ | ၁၂ : ၂၉ | ၁၃ : ၀၆ | ၁၃ : ၃၆ | ၁၆ : ၂၆ | ၁၆ : ၅၆ | ၁၆ : ၂၈ | ၁၆ : ၅၈ | ၁၈ : ၅၈ | ၁၉ : ၃၁ | ၂၂ : ၀၁ | ၂၂ : ၃၆ |
| ၅ | ၁၁ : ၅၃ | ၁၂ : ၂၅ | ၁၃ : ၀၂ | ၁၃ : ၃၂ | ၁၆ : ၂၂ | ၁၆ : ၅၂ | ၁၆ : ၂၄ | ၁၆ : ၅၄ | ၁၈ : ၅၄ | ၁၉ : ၂၇ | ၂၁ : ၅၇ | ၂၂ : ၃၂ |
| ၆ | ၁၁ : ၄၉ | ၁၂ : ၂၁ | ၁၂ : ၅၈ | ၁၃ : ၂၈ | ၁၆ : ၁၈ | ၁၆ : ၄၈ | ၁၆ : ၂၀ | ၁၆ : ၅၀ | ၁၈ : ၅၀ | ၁၉ : ၂၃ | ၂၁ : ၅၃ | ၂၂ : ၂၈ |
| ၇ | ၁၁ : ၄၅ | ၁၂ : ၁၇ | ၁၂ : ၅၄ | ၁၃ : ၂၄ | ၁၆ : ၁၄ | ၁၆ : ၄၄ | ၁၆ : ၁၆ | ၁၆ : ၄၆ | ၁၈ : ၄၆ | ၁၉ : ၁၉ | ၂၁ : ၄၉ | ၂၂ : ၂၄ |
| ၈ | ၁၁ : ၄၁ | ၁၂ : ၁၃ | ၁၂ : ၅၀ | ၁၃ : ၂၀ | ၁၆ : ၁၀ | ၁၆ : ၄၀ | ၁၆ : ၁၂ | ၁၆ : ၄၂ | ၁၈ : ၄၂ | ၁၉ : ၁၆ | ၂၁ : ၄၆ | ၂၂ : ၂၀ |
| ၉ | ၁၁ : ၃၇ | ၁၂ : ၀၉ | ၁၂ : ၄၆ | ၁၃ : ၁၇ | ၁၆ : ၀၆ | ၁၆ : ၃၇ | ၁၆ : ၀၈ | ၁၆ : ၃၈ | ၁၈ : ၃၈ | ၁၉ : ၁၂ | ၂၁ : ၄၂ | ၂၂ : ၁၆ |
| ၁၀ | ၁၁ : ၃၃ | ၁၂ : ၀၅ | ၁၂ : ၄၂ | ၁၃ : ၁၃ | ၁၆ : ၀၃ | ၁၆ : ၃၃ | ၁၆ : ၀၄ | ၁၆ : ၃၄ | ၁၈ : ၃၄ | ၁၉ : ၀၈ | ၂၁ : ၃၈ | ၂၂ : ၁၂ |
| ၁၁ | ၁၁ : ၂၉ | ၁၂ : ၀၁ | ၁၂ : ၃၈ | ၁၃ : ၀၉ | ၁၅ : ၅၉ | ၁၆ : ၂၉ | ၁၆ : ၀၀ | ၁၆ : ၃၀ | ၁၈ : ၃၀ | ၁၉ : ၀၄ | ၂၁ : ၃၄ | ၂၂ : ၀၈ |
| ၁၂ | ၁၁ : ၂၅ | ၁၁ : ၅၇ | ၁၂ : ၃၄ | ၁၃ : ၀၅ | ၁၅ : ၅၅ | ၁၆ : ၂၅ | ၁၅ : ၅၆ | ၁၆ : ၂၆ | ၁၈ : ၂၆ | ၁၉ : ၀၀ | ၂၁ : ၃၀ | ၂၂ : ၀၄ |
| ၁၃ | ၁၁ : ၂၁ | ၁၁ : ၅၃ | ၁၂ : ၃၀ | ၁၃ : ၀၀ | ၁၅ : ၅၁ | ၁၆ : ၂၁ | ၁၅ : ၅၂ | ၁၆ : ၂၂ | ၁၈ : ၂၂ | ၁၈ : ၅၆ | ၂၁ : ၂၆ | ၂၂ : ၀၀ |
| ၁၄ | ၁၁ : ၁၇ | ၁၁ : ၄၉ | ၁၂ : ၂၆ | ၁၂ : ၅၇ | ၁၅ : ၄၇ | ၁၆ : ၁၇ | ၁၅ : ၄၈ | ၁၆ : ၁၈ | ၁၈ : ၁၈ | ၁၈ : ၅၂ | ၂၁ : ၂၂ | ၂၁ : ၅၆ |
| ၁၅ | ၁၁ : ၁၃ | ၁၁ : ၄၆ | ၁၂ : ၂၃ | ၁၂ : ၅၃ | ၁၅ : ၄၃ | ၁၆ : ၁၃ | ၁၅ : ၄၄ | ၁၆ : ၁၄ | ၁၈ : ၁၅ | ၁၈ : ၄၈ | ၂၁ : ၁၈ | ၂၁ : ၅၂ |
| ၁၆ | ၁၁ : ၁၀ | ၁၁ : ၄၂ | ၁၂ : ၁၉ | ၁၂ : ၄၉ | ၁၅ : ၃၉ | ၁၆ : ၀၉ | ၁၅ : ၄၀ | ၁၆ : ၁၀ | ၁၈ : ၁၁ | ၁၈ : ၄၄ | ၂၁ : ၁၄ | ၂၁ : ၄၈ |
| ၁၇ | ၁၁ : ၀၆ | ၁၁ : ၃၈ | ၁၂ : ၁၅ | ၁၂ : ၄၅ | ၁၅ : ၃၅ | ၁၆ : ၀၅ | ၁၅ : ၃၆ | ၁၆ : ၀၇ | ၁၈ : ၀၇ | ၁၈ : ၄၀ | ၂၁ : ၁၀ | ၂၁ : ၄၄ |
| ၁၈ | ၁၁ : ၀၂ | ၁၁ : ၃၄ | ၁၂ : ၁၁ | ၁၂ : ၄၁ | ၁၅ : ၃၁ | ၁၆ : ၀၁ | ၁၅ : ၃၃ | ၁၆ : ၀၃ | ၁၈ : ၀၃ | ၁၈ : ၃၆ | ၂၁ : ၀၆ | ၂၁ : ၄၁ |
| ၁၉ | ၁၀ : ၅၈ | ၁၁ : ၃၀ | ၁၂ : ၀၇ | ၁၂ : ၃၇ | ၁၅ : ၂၇ | ၁၅ : ၅၇ | ၁၅ : ၂၉ | ၁၅ : ၅၉ | ၁၇ : ၅၉ | ၁၈ : ၃၂ | ၂၁ : ၀၂ | ၂၁ : ၃၇ |
| ၂၀ | ၁၀ : ၅၄ | ၁၁ : ၂၆ | ၁၂ : ၀၃ | ၁၂ : ၃၃ | ၁၅ : ၂၃ | ၁၅ : ၅၃ | ၁၅ : ၂၅ | ၁၅ : ၅၅ | ၁၇ : ၅၅ | ၁၈ : ၂၈ | ၂၀ : ၅၈ | ၂၁ : ၃၃ |
| ၂၁ | ၁၀ : ၅၀ | ၁၁ : ၂၂ | ၁၁ : ၅၉ | ၁၂ : ၂၉ | ၁၅ : ၁၉ | ၁၅ : ၄၉ | ၁၅ : ၂၁ | ၁၅ : ၅၁ | ၁၇ : ၅၁ | ၁၈ : ၂၄ | ၂၀ : ၅၄ | ၂၁ : ၂၉ |
| ၂၂ | ၁၀ : ၄၆ | ၁၁ : ၁၈ | ၁၁ : ၅၅ | ၁၂ : ၂၅ | ၁၅ : ၁၅ | ၁၅ : ၄၅ | ၁၅ : ၁၇ | ၁၅ : ၄၇ | ၁၇ : ၄၇ | ၁၈ : ၂၀ | ၂၀ : ၅၀ | ၂၁ : ၂၅ |
| ၂၃ | ၁၀ : ၄၂ | ၁၁ : ၁၄ | ၁၁ : ၅၁ | ၁၂ : ၂၂ | ၁၅ : ၁၁ | ၁၅ : ၄၂ | ၁၅ : ၁၃ | ၁၅ : ၄၃ | ၁၇ : ၄၃ | ၁၈ : ၁၇ | ၂၀ : ၄၇ | ၂၁ : ၂၁ |
| ၂၄ | ၁၀ : ၃၈ | ၁၁ : ၁၀ | ၁၁ : ၄၇ | ၁၂ : ၁၈ | ၁၅ : ၀၈ | ၁၅ : ၃၈ | ၁၅ : ၀၉ | ၁၅ : ၃၉ | ၁၇ : ၃၉ | ၁၈ : ၁၃ | ၂၀ : ၄၃ | ၂၁ : ၁၇ |
| ၂၅ | ၁၀ : ၃၄ | ၁၁ : ၀၆ | ၁၁ : ၄၃ | ၁၂ : ၁၄ | ၁၅ : ၀၄ | ၁၅ : ၃၄ | ၁၅ : ၀၅ | ၁၅ : ၃၅ | ၁၇ : ၃၅ | ၁၈ : ၀၉ | ၂၀ : ၃၉ | ၂၁ : ၁၃ |
| ၂၆ | ၁၀ : ၃၀ | ၁၁ : ၀၂ | ၁၁ : ၃၉ | ၁၂ : ၁၀ | ၁၅ : ၀၀ | ၁၅ : ၃၀ | ၁၅ : ၀၁ | ၁၅ : ၃၁ | ၁၇ : ၃၁ | ၁၈ : ၀၅ | ၂၀ : ၃၅ | ၂၁ : ၀၉ |
| ၂၇ | ၁၀ : ၂၆ | ၁၀ : ၅၈ | ၁၁ : ၃၅ | ၁၂ : ၀၆ | ၁၄ : ၅၆ | ၁၅ : ၂၆ | ၁၄ : ၅၇ | ၁၅ : ၂၇ | ၁၇ : ၂၇ | ၁၈ : ၀၁ | ၂၀ : ၃၁ | ၂၁ : ၀၅ |
| ၂၈ | ၁၀ : ၂၂ | ၁၀ : ၅၄ | ၁၁ : ၃၁ | ၁၂ : ၀၂ | ၁၄ : ၅၂ | ၁၅ : ၂၂ | ၁၄ : ၅၃ | ၁၅ : ၂၃ | ၁၇ : ၂၃ | ၁၇ : ၅၇ | ၂၀ : ၂၇ | ၂၁ : ၀၁ |
| ၂၉ | ၁၀ : ၁၈ | ၁၀ : ၅၀ | ၁၁ : ၂၇ | ၁၁ : ၅၈ | ၁၄ : ၄၈ | ၁၅ : ၁၈ | ၁၄ : ၄၉ | ၁၅ : ၁၉ | ၁၇ : ၂၀ | ၁၇ : ၅၃ | ၂၀ : ၂၃ | ၂၀ : ၅၇ |
| ၃၀ | ၁၀ : ၁၅ | ၁၀ : ၄၇ | ၁၁ : ၂၄ | ၁၁ : ၅၄ | ၁၄ : ၄၄ | ၁၅ : ၁၄ | ၁၄ : ၄၅ | ၁၅ : ၁၅ | ၁၇ : ၁၆ | ၁၇ : ၄၉ | ၂၀ : ၁၉ | ၂၀ : ၅၃ |
| ၃၁ | ၁၀ : ၁၁ | ၁၀ : ၄၃ | ၁၁ : ၂၀ | ၁၁ : ၅၀ | ၁၄ : ၄၀ | ၁၅ : ၁၀ | ၁၄ : ၄၁ | ၁၅ : ၁၂ | ၁၇ : ၁၂ | ၁၇ : ၄၅ | ၂၀ : ၁၅ | ၂၀ : ၄၉ |



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မြန်မာမှုနယ်ပယ်၌ အစောင့်အရှောက်ဆိုသော အရာကို အားကိုးတတ်ကြသည်။ အစောင့်အရှောက်ဆိုသောအရာက လူတို့ မစွမ်းဆောင်နိုင်သည်များကို ဆောင်ရွက်ပေးနိုင်ကြသည်။ အစောင့်အရှောက်ဆိုသောအရာတို့တွင် အချို့က အင်းအိုင်ခလှဲ့၊ လက်ဖွဲ့အစီအမံတို့ဖြင့် စီရင်တတ်ကြသည်။ အချို့လည်း မမြင်ရသော ပုဂ္ဂိုလ်တို့၏ စောင့်ရှောက်ခြင်းကို ခံရတတ်ပေသည်။

ထိုအစောင့်အရှောက်တို့သည် လူတို့အား ကောင်းကျိုးတို့ကို ပေးတတ်ကြသကဲ့သို့ ဆိုးကျိုးတို့ကိုလည်း ပေးတတ်ကြပေသည်။ အင်းအိုင်၊ ခလှဲ့ အစရှိသည်တို့၏ အစွမ်းသည် အံ့ဩဖွယ်ကောင်းသလို၊ မမြင်ရသော တစ်စုံတစ်ရာ၏ ကူညီစောင့်ရှောက်မှုကို ရတတ်သောသူတို့၌ မမြင်ရသော ပုဂ္ဂိုလ်တို့၏ ထူးဆန်းအံ့ဩဖွယ်ကောင်းသော အစွမ်းတို့ကို တွေ့ကြရပေသည်။

ကျွန်ုပ်သည်လည်း မမြင်ရသော တစ်စုံတစ်ရာ၏ ပတ်သက်မှုကို ခံခဲ့ရဖူးသည်။ ထိုစဉ်က ကျွန်ုပ် တွေ့ကြုံရသော အဖြစ်အပျက်တို့သည် အများက ယုံနိုင်ဖွယ်မရှိလောက်အောင်ပင် ဆန်းကြယ်ခဲ့သည်။ ထိုအဖြစ်အပျက်တို့၏ အစသည် ကျွန်ုပ်ငယ်စဉ် ကလေးဘဝ၌ စတင်ခဲ့သည်ဟု ဆိုရပေမည်။

◆◆◆

ကျွန်ုပ်၏ ဇာတိ "ထော်ကန္ဒတ်ရွာ"သည် ဝါးခယ်မမြို့၏ တစ်ဖက်ကမ်းတွင် တည်ရှိသည်။ ရွာက မြို့နှင့် ကပ်လျက်ရှိသော်လည်း တောဆန်သည်။ သစ်ပင်ဝါးပင်တို့ ပေါများပြီး အေးချမ်းသာယာသော ရွာလေးတစ်ရွာဖြစ်သည်။ အိမ်တိုင်းလိုလို၌ ခြံကျယ်ကြီးများ ရှိကြသည်။

ကျွန်ုပ်၏ မိဘများ၌လည်း အလွန်ကျယ်သော ခြံဝန်းကြီးရှိသည်။ ထိုခြံကြီးအတွင်း၌ အပင်မျိုးစုံတို့ ရှိကြသည်။ အချို့အပင်ကြီးများသည် လူနှစ်ဖက်၊ သုံးဖက်ခန့်ရှိသော သက်တမ်းရင့် အပင်ကြီးများ ဖြစ်သည်။ ကျွန်ုပ်တို့ခြံ၏ အနောက်ထောင့်ယွန်းယွန်းတွင် နှစ်ပေါင်းများစွာ သက်တမ်းရှည်သော မအူပင်ကြီးတစ်ပင်ရှိခဲ့သည်။

ထိုအပင်ကြီးနှင့် ပတ်သက်၍ ကျွန်ုပ်၌ ကလေးဘဝကတည်းက အစွဲတစ်ခုလို အမှတ်ရနေခဲ့သော အကြောင်းတစ်ခုရှိသည်။ သို့သော်လည်း ထိုအကြောင်းအရာသည် တကယ်ဖြစ်ရပ်လေလား၊ စိတ်အထင်လေလား ဆိုသည်ကို ကောင်းစွာ မမှတ်မိတော့။ ကျွန်ုပ် မှတ်မိသလောက်ဆိုရလျှင် တစ်နေ့ ညနေစောင်း နေဝင်ပြီးချိန်လောက်တွင် မအူပင်ကြီးအနီးသို့ ဆော့ကစားရင်း ကျွန်ုပ်ရောက်ရှိသွားခဲ့သည်။ ထို့နောက် ကလေးသဘာဝ၊ ထိုအပင်အနီး၌ အပေါ့အပါးသွားမိလိုက်သည်။ ထိုအချိန်တွင် အပင်ကြီးအနီးသို့ ရွာထဲမှ လူကြီးတစ်ယောက်လိုလို၊ ညှိုသည့် လူကြီးတစ်ဦးလိုလို လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုလူကြီး လက်ထဲ၌လည်း တောင်ဝှေးတစ်ချောင်းကိုင်ထားသည်ကို တွေ့ရသည်။ ကျွန်ုပ်သည်လည်း အိမ်ဘက်သို့ ပြန်ပြေးလာခဲ့သည်။

နောက်နေ့မနက်၌ ကျွန်ုပ်၏ ခြေထောက်တစ်ချောင်း လမ်းမလျှောက်နိုင်အောင် ရောင်အမ်း မို့ဖောင်းနေပေသည်။ မိဘများလည်း စိတ်ပူကြရပြီး ကျွန်ုပ် ဘယ်သွား၊ ဘာလုပ်သည်ကို မေးပြီးနောက် ထိုမအူပင်ရှိရာသို့ အမွှေးတိုင်ထွန်း၍ သွားရောက် တောင်းပန်ခဲ့သည်ဟု သိရသည်။ ထို့နောက် ကျွန်ုပ်၏ မိခင် ပြောပြသည်မှာ...

"အဲဒီ မအူပင်ကြီးမှာ အဘဘိုးသူယောင်နေတယ် သားရဲ့။ အဲဒီအပင်နားမှာ အပေါ့အပါးမသွားရဘူး။ ပေါက်ကရ စကားတွေလည်း မပြောရဘူး။ အမေတို့ဆို လပြည့်၊ လကွယ်နေ့တွေတိုင်း အဲဒီအပင်ကို အမွှေးတိုင်ထွန်းပေးရတယ်"

ကျွန်ုပ်၏ မိဘများလည်း ဝတ္တရားမပျက် အမွှေးတိုင်ထွန်းခဲ့ကြသည်မှာ သူတို့တစ်သက်ပင် ဖြစ်သည်။ မိဘများ ဆုံးပါးသွားပြီးသည့်နောက်ပိုင်း၌လည်း ကျွန်ုပ်က ဘာရယ်မဟုတ်၊ မိဘများ၏ အလုပ်ကို ဆက်လုပ်ပေးခဲ့သည်။

◆◆◆

ထို မအူပင်ကြီးနှင့် ပတ်သက်သော အကြောင်းအရာတို့ကို စိတ်ထဲတွင် ဝေဝေဝါးဝါးဖြစ်နေခဲ့သော်လည်း ကျွန်ုပ်၏ စိတ်ထဲတွင် ထိုမအူပင်ကြီး၌ အဘ ဘိုးသူယောင်နေသည်ဆိုသော အစွဲတစ်ခုရှိနေပေသည်။

အစပိုင်းတွင် ကျွန်ုပ်နှင့် အဘဘိုးသူယောင်တို့ ဆက်စပ်မှု မရှိသေးပေ။ ကျွန်ုပ်၏ မိဘများ ဆုံးပါးသွားပြီးနောက် တစ်နှစ်ခန့်အကြာလောက်တွင် ဖြစ်သည်။ ထိုအချိန်၌ ကျွန်ုပ်တွင် သားတစ်ယောက် ထွန်းကားနေပေပြီ။

ကျွန်ုပ်သည် မိဘများ၏ လက်ထုပ်ဖြစ်သော လယ်အလုပ်ကို မလုပ်ကိုင်လို၍ ဖွဲနုအရောင်းအဝယ်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ဖွဲနုလုပ်ငန်းက ရေလမ်းခရီးတွင် သင်္ဘောဖြင့် အစုန်အဆန်သွားလာနေရသော လုပ်ငန်းဖြစ်သည်။ ဆန်စက်ကြီးများတွင် ဖွဲနုကို လိုက်လံ ဝယ်ယူပြီး စုဆောင်းရသည်။ သင်္ဘောတစ်စီးစာပြည့်သည်နှင့် တွံတေးမြို့ရှိ ငါးမွေးကန်များသို့ သွားရောက် ရောင်းချရသည်။

ထိုနေ့ညက လပြည့်နေ့ညဖြစ်သည်။ မနက်ဖြန် ကျွန်ုပ်၏ ဖွဲနုအပြည့်တင်ထားသော သင်္ဘောဖြင့် ခရီးထွက်ရန် အဆင်သင့်ဖြစ်နေပေပြီ။ ထိုညက


www.burmeseclassic.com

www.burmeseclassic.com

ပြုမြူတတ်ဖြစ်သော မအူပင်၌ အမွေးတိုင်ထွန်းရန် ရောက်လာခဲ့သည်။ ထိုတွင် ကျွန်ုပ် စိတ်ကူးတစ်ခုရလိုက်သည်။ ကျွန်ုပ်၏ စီးပွားရေးလုပ်ငန်းများအတွက် အဘ ဘိုးသူယောင်အား ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အကူအညီတောင်းရန်နှင့် အစောင့်အရှောက်ခံယူနိုင်ရန် ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် ဘာရယ်မဟုတ် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထိုညက ကျွန်ုပ် အိပ်ပျော်နေစဉ် အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။ အိပ်မက်ထဲ၌ လူကြီးတစ်ဦးရောက်လာပြီး…

"ကောင်လေး…မင်းနဲ့ အဘနဲ့က အတိတ်ဘဝက ပတ္တာန်းဆက်ရှိခဲ့တယ်။ မင်း အဘကို မမေ့နဲ့"

ဟု ပြောခဲ့သည်။

ကျွန်ုပ်သည်လည်း ထိုအိပ်မက်ကို မေ့မေ့ပျောက်ပျောက်သာ သဘောထားခဲ့သည်။ တစ်နေ့ တွံတေးဆိပ်ကမ်း၌ ကျွန်ုပ်၏ သင်္ဘော ဖွဲ့နအပြည့်နှင့် ဆိုက်ကပ်ထားသည်။ တွံတေးမြစ်က ရေစီးသန်သည်။ ထိုမြစ်တွင် လှေ သင်္ဘောတို့ မကြာခဏဆိုသလို တိမ်းမှောက်လေ့ရှိသည်။ ထိုနေ့ နေ့လယ်စာစားပြီး ကျွန်ုပ်နှင့် အလုပ်သမားအချို့ အနားယူနေကြသည်။ ကျွန်ုပ် မှေးခနဲ အိပ်ပျော်သွားစဉ် ကျွန်ုပ်အား တစ်စုံတစ်ယောက်က ရိုက်ပုတ်လိုက်သလို ခံစားလိုက်ရပြီး လန့်နိုးသွားသည်။

ကျွန်ုပ်လည်း နိုးလာသည်နှင့် ဟိုဟိုဒီဒီကြည့်လိုက်မိသည်တွင် ကျွန်ုပ်တို့၏ စက်လှေ တံတားတိုင်တစ်ခုပေါ်သို့ မေးတင်ကာ အနည်းငယ် တိမ်းစောင်းနေသည်ကို တွေ့လိုက်ရသည်။ ဝန်အလေးနှင့် ယခုထက်ပို၍ တိမ်းစောင်းပါက ကျွန်ုပ်တို့သင်္ဘော နစ်မြုပ်ကာ ဆုံးရှုံးရပေတော့မည်။ ထို့ကြောင့် သင်္ဘောသားများကို ခေါ်ကာ ခက်ခက်ခဲခဲနှင့် အန္တရာယ်မှ လွတ်အောင် လုပ်ခဲ့ကြရပေသည်။ ကံကောင်းထောက်မ၍သာ အန္တရာယ်မှ သီသီလေး လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် ထိုဖြစ်ရပ်ကို တွေးတောရင်း တစ်စုံတစ်ရာကို သတိရလိုက်မိသည်။ ကျွန်ုပ်တို့၏ သင်္ဘော အန္တရာယ်မှ လွတ်မြောက်အောင် ကျွန်ုပ်အား သတိပေး နှိုးခဲ့သည်မှာ ဘယ်လိုအကြောင်းတရားကြောင့်လဲ။ ကျွန်ုပ်တို့ ခြံဝင်းအတွင်းက မအူပင်ကြီးတွင် အကူအညီတောင်းခဲ့သော အကြောင်းကြောင့်လေလား။ ထိုအကြောင်းနှင့် ဆက်စပ်၍ ထိုညက မက်ခဲ့သော အိပ်မက်ထဲမှ လူကြီးကိုလည်း သတိရလိုက်သည်။ ထိုအကြောင်းအရာတို့ ဆက်စပ်မှု ရှိနေပေပြီဟုလည်း ကျွန်ုပ်၏ စိတ်တွင် ယုံကြည်လိုက်မိပေသည်။

ထိုမှ စ၍ ကျွန်ုပ်၌ အကြောင်းကိစ္စတို့သည် ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့ပေသည်။ ကျွန်ုပ် နေထိုင်မကောင်းဖြစ်စဉ်ကလည်း ဘေးဥပဒ်ဖြစ်မည့် အန္တရာယ်မှ လွတ်မြောက်ခဲ့ရဖူးသည်။

•••

ထိုစဉ်က ကျွန်ုပ်သည် ဆရာဝန်ပေးလိုက်သောဆေးများ နေရာအထားများကာ၊ အခြားဆေးဝါးများကို ယူ၍ သောက်ရန် ပြင်လိုက်စဉ် ကျွန်ုပ်၏ လက်အား တစ်စုံတစ်ယောက်က ပုတ်ချလိုက်သလိုမျိုး ခံစားလိုက်ရပြီး လက်ထဲရှိ ဆေးများ လွင့်စဉ်သွားသည်။ နောက်မှ ကျွန်ုပ် သိမ်းဆည်းခဲ့သော နေရာကို သတိရလိုက်မိသည်။

ထိုတွင် ကျွန်ုပ်၏ စိတ်၌ မအူပင်ကြီးနှင့် အဘ ဘိုးသူယောင်ဆိုသည်ကို ပို၍ယုံကြည်မိခဲ့ပေသည်။ ထို့ကြောင့်ပင် လပြည့်၊ လကွယ်နေ့တို့တွင်သာမက လဆန်း၊ လဆုတ် ဥပုသ်နေ့တို့တွင်ပါ အမွှေးတိုင်ထွန်းကာ ပူဇော်မှု ပြုခဲ့သည်။ တစ်ခါတစ်ရံ လုပ်ငန်းကိစ္စတို့တွင် အဘ ဘိုးသူယောင်ကို တိုင်တည်၍ လုပ်ကိုင်ခဲ့သည်။

တစ်ခါကလည်း ကျွန်ုပ်သည် ရန်ကုန်သို့ အလုပ်ကိစ္စတစ်ခုဖြင့် သွားရောက်ရန် ကားလက်မှတ် ကြိုတင်ဝယ်ယူထားပြီးဖြစ်သည်။ ထိုနေ့ ရန်ကုန်သို့ ကားစီးရန် အိမ်မှ စောစွာ ထွက်လာလိုက်သည်။ အိမ်မှထွက်ပြီး မကြာလိုက်၊ ကျွန်ုပ်၏ ဖိနပ်အား နောက်မှ တစ်စုံတစ်ယောက်က တက်နင်းလိုက်သလို ခံစားလိုက်ရပြီး လူက ရှေ့သို့ လဲကျလုမတတ်ဖြစ်သွားသည်။ နောက်သို့ ကြည့်လိုက်သော်လည်း လူရိပ်လူ ယောင်ပင် မတွေ့ရ။

ကျွန်ုပ်သည် ခရီးသွားရန်အတွက်သာ စိတ်စောနေသည်။ ထို့ကြောင့် ဆက်လျှောက်လာခဲ့သည်။ ခြေလှမ်း ဆယ်လှမ်းခန့်လောက်တွင် ကျွန်ုပ် လွယ်ထားသော ခရီးဆောင်အိတ်အသ စက်စက်သည် ကြိုးပြတ်ကျသွားသည်။ ကျွန်ုပ်လည်း ခရီးသွားခါနီး ထိုသို့ဖြ ရသည့်အတွက် စိတ်ထဲ၌ ထင့်သွား သည်။ သို့သော်လည်း အလုပ်ကိစ္စ အတွက် သွားရမည့်ခရီးမို့ အာသ ပြင်းနေမိသည်။ ထို့နောက် အိမ်သို့ ပြ လာပြီး ခရီးဆောင်အိတ်ကို လဲလှ လိုက်သည်။ ထိုတွင် အကြောင်းစုံ သွားသော ဇနီးသည်က ပူပန်စွာ တား ဆိုသည်။

"ဒီနေ့ မသွားပါနဲ့တော့လား ခရီးသွားခါနီး အခုလိုဖြစ်တာ အတိ နိမိတ်မကောင်းသလိုပဲ"

"ငါက အလုပ်ကိစ္စအတွ သွားမှာကွ။ ပြီးတော့ ရန်ကုန်မှာ ချိ ထားတာတွေနဲ့လည်း လွဲကုန်လိမ့်မယ်

"ကျွန်မကတော့ ဒီနေ့ ခရီး ကို ဖျက်လိုက်စေချင်တယ်။ အသ တာက မသေမချင်း လုပ်နေရမှာ"



www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖြစ်သူက တားနေသဖြင့် ခရီးစဉ်ကို ဖျက်လိုက်ရသည်။ စိတ်ထဲတွင်တော့ အလုပ်ကိစ္စအတွက် ပူပန်နေမိသည်။ သို့သော်လည်း ထိုနေ့ညနေပိုင်းလောက်တွင် သတင်းဆိုးတစ်ခုကို ကြားလိုက်ရသည်။

ကျွန်ုပ် စီးနင်းလိုက်ပါမည့် ခရီးသည် ပို့ဆောင်ရေးကားသည် လမ်းခရီး၌ တိမ်းမှောက်သွားကြောင်းနှင့် ခရီးသည်အများအပြား သေဆုံးသွားကြောင်း သတင်းဖြစ်သည်။ ထိုသတင်းကို ကြားလိုက်ရပြီးနောက် ကျွန်ုပ်ကိုယ်ကျွန်ုပ် အံ့ဩနေမိသည်။ ကျွန်ုပ်သေဘေးမှ လွတ်ခဲ့ရပါပကော။

•••

အစ၌ ကျွန်ုပ်သည် ထိုဖြစ်ရပ်တို့အပေါ် ကျေနပ်သလိုရှိခဲ့သည်။ ကိုယ့်ကိုယ်ကိုလည်း အထင်ကြီးမှုတစ်ခုရလိုက်သည်။ အရေးအကြောင်း တစ်စုံတစ်ရာပေါ်လာမည်ဖြစ်တိုင်း အတိတ်နိမိတ်ပြ ကာကွယ်ပေးခြင်းတို့အတွက် အားကိုးစရာဟု ယူဆမိသည်။

သို့သော်လည်း ကြုံလိုက်ရသည့် အဖြစ်အပျက်တို့သည် ဘေးအန္တရာယ်တို့မှ လက်မတင်လေး လွတ်မြောက်ခဲ့ရသည်တို့က များသည်။ ထို့အပြင် လွဲချော်မှု၊ ထိခိုက်မှု၊ ပူပန်ရမှု စသော အကျိုးဆက်များကိုလည်း ဆက်လက်ခံစားရပေသည်။ တစ်ကြိမ်၊ နှစ်ကြိမ် မဟုတ်။ အကြိမ်ပေါင်း များလာသည့်အခါ၌ စိတ်ထဲတွင် စိုးရိမ်ထိတ်လန့်မှုတို့ အစပျိုးလာသည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ်လည်း အကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်လာမည်ကို စိုးရိမ်လာခဲ့သည်။ အကြောင်းတစ်ခုဖြစ်လျှင် အန္တရာယ်တစ်ခုရှိနေပေပြီ၊ ကျွန်ုပ်က ရှေ့ဆက်မိလျှင် အန္တရာယ်အတွင်း သက်ဆင်းရပေမည်။

ကျွန်ုပ်သည် ထိုအကြောင်းအရာတို့ကို တွေးတော စဉ်းစားကြည့်မိရာတွင် အန္တရာယ်ဆိုသည်ကို အထူးသဖြင့် ကြောက်ရွံ့နေမိသည်။ ကျွန်ုပ်၏အတွေး၌ ထိုကဲ့သို့ဖြစ်လာရခြင်းသည် အဘ ဘိုးသူယောင်ဆိုသော ပုဂ္ဂိုလ်နှင့် ပတ်သက်မိရာမှ ဖြစ်လာရသည်ဟု ထင်သည်။ ယခင်က ကျွန်ုပ်တွင် ထိုသို့သော ဖြစ်ရပ်များ မကြုံခဲ့ဘူးပေ။ ထိုသို့ ဖြစ်လာရန်လည်း ကျွန်ုပ်က သွား၍ ပတ်သက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်နှင့် ပတ်သက်မှု မရှိနိုင်တော့စေရန် ပြုမြဲဝတ်ဖြစ်သော မအူပင်ကြီး၌ အမွှေးတိုင်ထွန်းခြင်းအမှုကို ရပ်လိုက်သည်။

ငါးလခန့်ကြာသည်အထိ ကျွန်ုပ်သည် မည်သည့်အကြောင်းကိစ္စမျှ မပေါ်ပေါက်ခဲ့ပေ။ သို့သော်လည်း တစ်နေ့ ကျွန်ုပ်နှင့် ရွာသားတစ်ဦးတို့ ရွာလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့၏ ရှေ့တူရူ ရွာလမ်းအတိုင်း ကျွန်ုပ်တို့ရှိရာဘက်သို့ လာနေကြသော နွားတစ်အုပ်ကို တွေ့နေရသည်။ ကျွန်ုပ်တို့အတွက် ထိုမြင်ကွင်းမျိုးက တောရပ်သဘာဝမို့ မဆန်းလှပေ။ နွားအုပ်နှင့် ကျွန်ုပ်တို့ မလှမ်းမကမ်းသို့ ရောက်လာသည်တွင် ရုတ်တရက် နွားအုပ်သည် ကြောက်အား လန့်အားနှင့် ပြေးလာနေကြသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်လည်း ရုတ်တရက်မို့ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ နွားကို ဟန့်တား မောင်းနှင်ရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပေပြီ။ နွားအုပ်က ကျွန်ုပ်အား အရှိန်ဖြင့် ဝင်တိုက်ချလိုက်ပေသည်။ ကျွန်ုပ်လည်း လမ်းဘေးသို့ လွင့်စဉ်ကျသွားသည်။ ထို့နောက်တော့ ကျွန်ုပ်၌ ပြင်းထန်သော ဒဏ်ရာများ ရရှိကာ ဆေးရုံသို့ တက်ရောက် ကုသခံခဲ့ရသည်။

ကျွန်ုပ်သည် စိတ်မြန်သူဖြစ်သလို၊ ဖွတ်တရွတ်လုပ်တတ်သူလည်းဖြစ်သည်။ ကျွန်ုပ် နွားဝှေ့ခံရသည့်ကိစ္စတွင် တစ်စုံတစ်ရာ၏ ပယောဂကြောင့်ဟု ထင်သည်။ နွားအုပ်ကို ရုတ်တရက် လန့်အောင် လုပ်လိုက်သည်မှာ မြင်နိုင်သော အရာများထဲက မဟုတ်။ မမြင်နိုင်သော အရာထဲက ဆိုလျှင် ကျွန်ုပ်စိတ်တွင် မြင်ယောင်လိုက်သည်မှာ အဘ ဘိုးသူယောင်ဆိုသော ပုဂ္ဂိုလ်ပင်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ကျွန်ုပ်က ပြုမြဲဝတ်ကို ရပ်လိုက်သည့် အကြောင်းကိုလည်း သတိရလိုက်သည်။ ကျွန်ုပ်၏ စိတ်၌ မကျေမနပ်ဖြစ်သွားသည်။

•••

တစ်နေ့ ရွာထဲမှ ပယောဂ ဆရာတစ်ဦးနှင့် ကျွန်ုပ် ဆုံမိလိုက်သည်။ ပယောဂ ဆရာက···

"ဒီမှာ ကိုမြထွန်း···နာနာဘာဝဆိုတာက မပတ်သက်တာ အကောင်းဆုံးပဲ။ သူတို့တွေက အပါယ်ဘုံသားတွေဆိုတော့ လူတွေကို ဘယ်မှာကောင်းကျိုးပြုနိုင်မှာလဲ။ ပေးခြင်းပေးဆိုးကျိုးတွေကိုပဲ ပေးမှာ။ ဖြစ်နိုင်ရင် ကိုယ့်အနီးအနားမှာတောင် မထားနဲ့"

ကျွန်ုပ်လည်း ပယောဂ ဆရာနှင့် တိုင်ပင်ကာ မအူပင်ကြီးအား လှဲပစ်ရန် စီစဉ်ခဲ့သည်။ ထိုနေ့ နံနက်ပိုင်း၌ ကျွန်ုပ်ထံသို့ ပယောဂ ဆရာနှင့် လွှသမားနှစ်ဦးတို့ ရောက်လာကြပြီး မအူပင်ကြီးအား ခုတ်လှဲ၍ သစ်ခွဲရန်ဖြစ်သည်။ ပယောဂ ဆရာနှင့် လွှသမားတို့ အပင်ကြီးအား ခုတ်လှဲရန် ပြင်ဆင်နေစဉ် ဇနီးဖြစ်သူရောက်လာပြီး···

"ကိုမြထွန်း···တော်တို့ ဘာလုပ်ကြမလို့လဲ။ ကျွန်မ ညက အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ အဘိုးကြီးတစ်ဦးက ကျွန်မကို ပြောတယ်။ မအူပင်ကြီးမှာ သူနေတယ်တဲ့။ အဲဒီအပင်ကို ခုတ်လှဲတာတို့ ဘာတို့ မလုပ်ပါနဲ့တဲ့။ သူ့စကားကို နားမထောင်ရင်



www.burmeseclassic.com

www.burmeseclassic.com

မိသားစုတစ်ခုလုံး ဒုက္ခရောက်မယ်တဲ့။ သူပြောသလိုလုပ်ရင် မ,စမယ်တဲ့။ သူနေတဲ့အပင်မှာ နေ့စဉ် အမွှေးတိုင်ထွန်းပေးပါတဲ့"

ကျွန်ုပ်သည် ဇနီးသည်၏ စကားကြောင့် တွန့်ဆုတ်သွားသည်။ အန္တရာယ်နှင့်တော့ မကြုံလို။ ထို့ကြောင့် ပယောဂ ဆရာထံသို့ ဘယ်လိုလဲ ဆိုသည့်သဘောဖြင့် ကြည့်လိုက်သည်။

"ဒီမှာ ကိုမြထွန်း…နာနာဘာဝက မ,စလို့ ချမ်းသာသွားတဲ့သူ တစ်ယောက်မှ မရှိဘူး။ သူတို့ ဒုက္ခပေးလို့ ဒုက္ခရောက်သွားတဲ့သူကိုပဲ တွေ့ဖူးတယ်။ အခုတောင် ခင်ဗျားကို ဒီလောက် ဒုက္ခပေးနေတာ၊ နောက်ဆို ဒီ့ထက်ပိုဆိုးလိမ့်မယ်။ တွေဝေမနေနဲ့ လုပ်စရာရှိတာသာ လုပ်စမ်းပါဗျာ။ ကျွန်တော်တစ်ယောက်လုံး ရှိတယ်။ စိတ်မပူပါနဲ့"

ထို့နောက် ပယောဂ ဆရာအားကိုးဖြင့် အပင်ကြီးအား ပိုင်းဖြတ်ခဲ့ကြသည်။ လွှသမားနှစ်ဦးက အပင်ကြီးအား အပင်ခြေရင်းမှ ပိုင်းဖြတ်ကြသည်။ အပင်က သက်တမ်းရင့်အပင်ကြီးမို့ အတော်ပင် ဖြတ်ကြရသည်။ တစ်နာရီခန့် ဖြတ်ပြီးချိန်တွင် အပင်၏ သုံးပုံ နှစ်ပုံခန့်လောက်သာ ဖြတ်နိုင်သေးသည်။

ကျွန်ုပ်၏ စိတ်ထဲ၌ တစ်ခုခုဖြစ်လေမလားဟု စိုးရိမ်နေမိသည်။ ယခုအချိန်ထိတော့ ဘာမျှထူးထူးခြားခြား မဖြစ်သေး။ အပင်ကြီး ပြတ်လုနီးနီးဖြစ်လာပြီမို့ လွှသမားနှစ်ဦးကို သတိအနေအထားရှိရန် သတိပေးလိုက်သည်။ သို့သော်လည်း အပင်ကြီးက ကျိုးကျိုးကျည်ကျည်မြည်သံပင် မကြားရ။ လွှသမားနှစ်ဦးတို့လည်း အပင်ကြီးလဲကျနီးဖြင့် ပိုင်းဖြတ်နေကြသည်။ မကြာမီပင် အပင်ကြီးအား လုံးဝ ပိုင်းဖြတ်ပြီးသွားလေပြီ။

သို့သော်လည်း အပင်ကြီးသည် လဲကျသွားခြင်းမရှိဘဲ ထောင်လျက်အတိုင်းရှိနေသည်ကို အံ့ဩထိတ်လန့်စွာ တွေ့ကြရပေသည်။ ပယောဂ ဆရာသည်လည်း သူ့တဝ၌ ထိုသို့သော အဖြစ်မျိုး မကြုံဘူးဟု ဆိုကာ လွှသမားနှစ်ယောက်ကို ခေါ်၍ ပြန်သွားကြသည်။

ထိုအဖြစ်အပျက်အတွက် ကျွန်ုပ်သည် ဘာလုပ်ရမှန်းမသိအောင် တွေဝေသွားသည်။ ထိုအပင်၌ အဘဘိုးသူယောင် ဆိုသည်မှာ တကယ်ပဲ ရှိနေလေသလား။ ကျွန်ုပ်သည်လည်း ကျွန်ုပ်၏ ဟစ်သက်တွင် ယခုလို ပိုင်းဖြတ်ပြီးသောအပင်က မလဲဘဲ ရှိနေသည်ကို ဒီတစ်ကြိမ်သာ တွေ့ဖူးသည်။ ဘာကြောင့်လဲဆိုသည်ကို မဝေခွဲတတ်ပေ။ သို့သော်လည်း တစ်ခုခုတော့ ထူးခြားနေပြီဆိုသည်ကို သိလိုက်သည်။

ကျွန်ုပ်သည် ထိုဖြစ်ရပ်၏ နောက်ဖြစ်ပေါ်လာမည့် အကျိုးတရားကို စိုးရွံ့နေမိသည်။ ကျွန်ုပ်၏ မိသားစုသည်လည်း ထိုဖြစ်ရပ်၏ နောက်ဆက်တွဲအကျိုးဆက်အတွက် ကြောက်ရွံ့ပူပန်နေကြပေသည်။ ကျွန်ုပ်သည် ရင်ဆိုင်ရမည့် ပြဿနာကို ရှောင်လွှဲ၍ မရမှန်းနားလည်ထားသည်မို့ အသင့်ပြင်ထားလိုက်သည်။ သို့သော်လည်း ကျွန်ုပ်၏ လုပ်ရပ်ကြောင့် ဖြစ်ရသော အကျိုးတရားကို ကျွန်ုပ်သာ ခံယူလိုသည်။ မဆိုင်သော ကျွန်ုပ်၏ မိသားစုကို မထိခိုက်စေလိုပေ။

♦♦♦

နောက်တစ်နေ့မနက် အိပ်ရာမှ ထလိုက်သည်တွင် ကျွန်ုပ်၏ လည်ပင်းဆီ၌ တစ်စုံတစ်ဦးမှ ညှစ်ထားသကဲ့သို့ ခံစားနေရပေသည်။ ကျွန်ုပ်မှာ အနေရဆိုးသည့်အပြင် အစာပင် မျိုချ၍ မရအောင် ခံစားနေရသည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ်လည်း မယုံဉ်သင့်သောအရာကို ယုံဉ်မိသည့်အတွက် နောင်တရလိုက်သည်။ ထိုည၌ပင် အပင်ကြီးသည်လည်း သူ့အလိုလို တစ်ဖက်သို့ လဲကျသွားပေသည်။

ကျွန်ုပ် ခံစားနေရသော ဝေဒနာသည် တစ်နေ့ထက် တစ်နေ့ ပို၍ဆိုးဝါးလာခဲ့သည်။ ကျွန်ုပ်မှာ အရည်လောက်သာ သောက်၍ရသော အခြေအနေသို့ ရောက်လာသည်။ ကျွန်ုပ်၏ ဇနီးသည်လည်း ဆရာခေါ်၍ ကျွန်ုပ်ကို ကုသခဲ့သော်လည်း ထူးခြားမှု မရှိခဲ့။

ငါးရက်မြောက်နေ့၌ ကျွန်ုပ်၏ သားမှာ ရုတ်တရက် အပြင်းဖျားကာ ကုသနေရင်းမှ ဆုံးပါးသွားခဲ့ပေသည်။ ကျွန်ုပ် အလွန်စိတ်ထိခိုက်ခဲ့ရသည်။ အပြစ်မဲ့ရှာသော ရင်သွေးလေး ကျွန်ုပ်၏ မိုက်မဲမှုတွင် ဓားစာခံဖြစ်ခဲ့ရသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ အဖြစ်အပျက်အားလုံးကို စဉ်းစားကာ သင်ခန်းစာကောင်းကောင်းရလိုက်ပေသည်။

ကျွန်ုပ်လည်း အတော်ပင် ကုသခံခဲ့ရသည်။ ကျွန်ုပ်၏ ခန္ဓာကိုယ်မှ ခံစားနေရသော ဝေဒနာများ သက်သာပျောက်ကင်းခဲ့သော်လည်း ရင်ထဲ၌ ခံစားနေရသော ဝေဒနာကား သေ[...]ပါခဲ့ပေတော့မည်။ ကျွန်ုပ်၏ အဆင်[...] အခြင်နည်းသော စိတ်မြန်လက်မြန် လုပ်ရပ်၏ ဆိုးကျိုးတရားကိုကား ခံစားခဲ့ရပြီး မတုယုဉ်အပ်သော အရာ[...] မတုယုဉ်ရန်နှင့် သူ့မေတ္တာ၊ ကိုယ့်မေတ္တာ အပြန်အလှန်သဘောဖြင့် စောင့်ရှောက်ခြင်းကို နားလည်စွာ ခံယူတတ်ရန် သင်ခန်းစာ ရခဲ့ပေတော့သည်။■

* * *

တင်မောင်မောင်(ပေါက်တူး[...]



www.burmeseclassic.com

www.burmeseclassic.com



# တက်လင်းထက်

## ကျွန်တော်နှင့် ကျွန်တော့်၏သူငယ်ချင်း

မောင်တင်လှိုင်

ရာသီဥတုကောင်းမွန်သော နေ့တစ်နေ့၏ မွန်းလွဲ ၁၂နာရီခွဲခန့်၌ ဖြစ်သည်။ ကျွန်တော်နေထိုင်ရာ အမှတ် (၂၀၇)၊ သုနန္ဒာ(၁၁)လမ်း၊ (ဆ)ရပ်ကွက် မြောက်ဥက္ကလာပ နေအိမ်သို့ သူ ရောက်လာခဲ့၏။ သူကား ကျွန်တော်နှင့် အ.ထ.က(၁) မြောက်ဥက္ကလာတွင် ကျောင်းနေဘက်ဖြစ်ခဲ့သည့် မောင်တင်လှိုင်ဖြစ်လေ၏။ အသက်အားဖြင့် ကျွန်တော်နှင့် မကွာလှ၊ ၆၀ကျော် ၇၀တွင်းအရွယ်ဖြစ်လေ၏။ ဝန်ထမ်းအငြိမ်းစားဖြစ်ကာ တစ်မြို့တည်းမှ (ဃ)ရပ်ကွက်တွင် နေထိုင်

www.burmeseclassic.com

www.burmeseclassic.com

လျက် မော်တော်ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း တည်ထောင်ထား၏။ မိသားစု၏ လုပ်ငန်းဖြစ်ရာ သူက ကြီးကြပ်ရ၏။ သားနှစ်ယောက်နှင့် အလုပ်သမားနှစ်ယောက်တို့ဖြင့် လုပ်ငန်းသွက်လက်စွာ လည်ပတ်လျက်ရှိ၏။ ထို့ကြောင့် သူ့ ငယ်စဉ်က ဝါသနာအတိုင်း စာပေဖတ်ရှုလေ့လာရာတွင် များစွာ အချိန်ရနိုင်သူဖြစ်လေ၏။ စာပေရေးသားခြင်းကိုလည်း ဝါသနာပါ၏။ သို့သော် စာရေးဆရာမူ ဖြစ်၍မလာ။

ကျွန်တော်က ဖတ်လက်စ ဆရာမ ဒေါက်တာ စောယုနွယ်၏ ခုနစ်ရက်သားသမီးများအတွက် ရာသက်ပန်ဟောစာတမ်းစာအုပ်ကြီးကို ဘေးက စာအုပ်စင်သို့ တင်လိုက်ရ၏။ ထို့နောက် သူ့အား ဧည့်ခန်းရှိ လက်တင်ကုလားထိုင်၌ ထိုင်ရန် ညွှန်ပြရ၏။ ရေနွေးဓာတ်ဘူးနှင့် မြေပဲဆန်ကြော်ပုလင်း ထန်းလျက်ဘူးတို့အားလည်း ချ၍ ဧည့်ဝတ်ပြုရလေ၏။ သူက···

"မင်းကလည်း ငါ့ကို သူစိမ်းပြင်ပြင် ဧည့်သည်လိုဆက်ဆံနေတာလား။ ဟိုဟာ ချကျွေး၊ ဒီဟာ ချကျွေးနဲ့ မလိုပါဘူးကွာ။ ငါသိချင်တာလေးတွေရှိလို့ ထုံးစံအတိုင်း လာတာပေါ့။ မင်းမှာလည်း အလုပ်တွေများလေတော့ လိုရင်းကိုပဲ မေးမယ်ကွာ။ မင်းက အချိန်တိုအတွင်းမှာ ငါ့အဆင့်နဲ့ နားလည်အောင် ရှင်းပြဦးကွာ။ ရော့··· ဒီမယ် မင်းကြိုက်တဲ့ ပုဇွန်ထုပ်ကြော်နဲ့ ပုန်းရည်ကြီးထုပ်··"

သူက ပြောပြောဆိုဆိုပင် နှစ်ဆင့် စတီးချိုင့်ကို စားပွဲထက်သို့ တင်လေတော့၏။

"ကောင်းပါပြီ၊ ငါ့အကြိုက် အလိုက်သိတတ်တဲ့ ချစ်သူငယ်ချင်း မေးတာကို သိသမျှ ပြောပြပါ့မယ်။ လက်ဆောင်တွေအတွက်ကတော့ဖြင့် ကျေးဇူးပါပဲ"

"ဒီလို သူငယ်ချင်းရဲ့၊ အထက်လမ်းပညာရပ်နဲ့ အောက်လမ်းပညာရပ်တွေရဲ့ အကြောင်းကို သိချင်တာ"

ဟု မေးလေ၏။ ကျွန်တော်ကလည်း ဖတ်ဖူး၊ မှတ်ဖူးထားသမျှမှ စဉ်းစားရသမျှကို ပြန်၍ ပြောပြရလေတော့၏။

"ဒီလိုတော့ ရှိတယ် သူငယ်ချင်းရဲ့၊ စိတ်ရင်းစေတနာမှန်မှန်နဲ့ အထက်လမ်းပညာကို လိုက်စားလိုစိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ လမ်းခရီးမှာ အဖျက်အဆီး အနှောင့်အယှက်တွေ တွေ့တတ်တယ်။ အဲဒီ ပုဂ္ဂိုလ်ဟာ ကိုးပါးသီလကို ထိန်းထားရတယ်။ သူတတ်စွမ်းတဲ့ ပညာနဲ့ အစီအရင်တွေဟာလည်း ခုနစ်ရက်သားသမီးတို့ရဲ့ ကောင်းကျိုးချမ်းသာ ရရှိရေးအတွက်ကိုသာ ရည်မှန်းရတယ်။ မိမိနှင့် ဆက်နွယ်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှကို အောက်လမ်းဆရာတို့ရဲ့ အတတ်နဲ့ လုပ်ထားလို့ အကျိုးစီးပွားပျက်ပြီး ဒုက္ခရောက်ကြရတာ ရှိနေစေကာမူ ကိုယ့်ရဲ့ စောင့်ထိန်းထားတဲ့ သီလကို အကျိုးအပျက်၊ အပြောက်အကျားခံပြီး လက်စားချေခွင့် မရှိဘူး။ လက်ရှိ လောကကြီးမှာ ဒီဘဝအတွက် ကောင်းစားရေးဆိုရင် "ဘယ်သူသေသေ၊ ငတေမာရင် ပြီးရော" ဆိုတဲ့ သဘောနဲ့ ပညာလိုက်စားသူတွေအဖို့တော့ အတားအဆီးတွေ အနှောင့်အယှက်တွေ မရှိတတ်ဘူး။

နောင် သံသရာကို မကြောက်တတ်တဲ့ အောက်လမ်းအတတ်ဆိုင်ရာ ဆရာတွေအဖို့ကတော့ ဘယ်လို သီလမျိုးကိုမှ ဆောက်တည်ဖို့ မလိုပေဘူးပေါ့။ သူနဲ့ သူ့ယုံကြည်သူများအတွက်သာ အကျိုးအမြတ်ရှိမယ်ဆိုရင် ဘာကိုမဆို လက်မနှေးတမ်း လုပ်တတ်ကြတယ်။ မသမာမှု၊ ယုတ်မာရက်စက်မှုတစ်ခုခုကို အောင်မြင်လေတိုင်း သူ့အဖို့ဆိုင်ရာ ပညာအရ သိဒ္ဓိတစ်ခုတတ်ဟန်ရှိလေရဲ့။ အထက်လမ်းပညာလိုက်စားဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များနဲ့ဆိုရင် ပြောင်းပြန်လိုသာ ဖြစ်နေရတယ်"

ကျွန်တော်က သူငုံ့ပေးသော ရေနွေးကြမ်းခွက်ကို သောက်လိုက်၏။ ပြီးလျှင် စီးကရက်ကို ထုတ်၍ မီးတို့ညှိ ရှိုက်ဖွာလိုက်၏။ သူကမူ ကွမ်းတစ်ယာကို ကွမ်းအထုပ်တွင်းမှ ထုတ်၍ ငုံလေ၏။ ကျွန်တော်၏ စကားဆက်ကို ငံ့လင့်လျက်ရှိ၏။ ထို့နောက် သူက···

"ငါ သိသာမြင်သာရအောင် ဥပမာလေးများ ဆောင်ပါဦး"

"အေး၊ ဥပမာနဲ့ဆိုတော့ မြင်သာထင်သာ ပိုပြီးရှိတာပေါ့ကွယ်။ ဥပမာကွာ၊ လူတစ်ယောက်က တခြားသူတစ်ယောက်ကို ကြည့်မရဘူး။ သူ့အနီးတစ်ပါးကနေ တခြားတစ်နေရာရာကို ပြေးချင်စိတ်ပေါက်ပြီး ပြေးထွက်သွားလေအောင် အောက်လမ်းဆရာတစ်ယောက်ယောက်ဆီ သွားပြီး ဆရာတောင်းသလောက်ပေးပြီး စီရင်ဖန်တီးခိုင်းတယ်။ ကိုယ်ကျိုးတစ်ခုသာ ကြည့်တတ်တဲ့ အဲဒီ အောက်လမ်းဆရာဟာ တစ်ဖက်သားဒုက္ခရောက်စေတတ်တဲ့ အင်းတို့၊ စမရုပ်တို့ကို ရေလုံအိုးကွဲ၊ ဒါမှမဟုတ် သိမ်ဝင်သပိတ်ကွဲ စတာတွေရဲ့ အပေါ်မှာ ရေးဆွဲစီရင်တယ်။ တစ်ဖက်သားမှာ ကံဇာတာ မှေးမှိန်ချိန်ခိုက်နဲ့ကြုံရင် အဲဒီဆရာအဖို့ သမားဂုဏ်တက်ရောတာပေါ့။ တစ်ဖက်သားမှာ ကျန်းမာရေးချို့တဲ့ ထိခိုက်တာမျိုး မိသားစုချင်းခိုက်ရန်ဖြစ်ပွားတာမျိုး ဖြစ်တတ်တယ်။ ဒုက္ခပေါင်း တစ်မျိုးပြီးတစ်မျိုး ကြုံတွေ့ရင်ဆိုင်လာရတတ်တယ်။ လက်ရှိနေအိမ် နေရပ်မှာပင် နေချင်စိတ်မရှိတော့ဘဲ တစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ဆုကိုပြေးချင်တဲ့စိတ် ပေါက်လာတတ်တယ်။ အသက်အန္တရာယ် ထိခိုက်မှုအောင်ကို ရန်ရှာလာတတ်တာလားကွယ်"

သူက နံရံတစ်နေရာဆီသို့ အင်မတန် အံ့ဩကြီးစွာသောအကြည့်ဖြင့် ကြည့်ငေးလျက်ရှိ၏။ ခဏမျှကြာလေမှ

"တစ်ဖက်သား ဒုက္ခရောက်မှ သူက စိတ်ချမ်းသာတယ်ဆင်ပါရဲ့နော်။ ဒီအတတ်ပညာနဲ့ လုပ်ထားတာကို အထက်လမ်းဆရာက ကယ်နိုင်တယ် မဟုတ်လားဟင်"

"ဟုတ်ပ・・・မှန်ပဗျာ။ စောစောက အောက်လမ်းဆရာရဲ့ ပညာကြောင့် ဒုက္ခအဖုံဖုံ ခါးစည်းခံနေရတဲ့ သူက သူ ယုံကြည်အားထားရာ အထက်လမ်းဆရာကို ချဉ်းကပ်ရတော့တာပေါ့။ တကယ်တော့ ဝိဇ္ဇာဓရစေ အာဏာတွေရှိထားတဲ့ အထက်လမ်းဆရာအဖို့ကတော့ အောက်လမ်းဆရာတွေ စီရင်ထားတဲ့ အင်းမှအစ အခြားသော အစီအရင်အာနိသင်မှန်သမျှ ပျက်ပြယ်စေလို့ အမိန့်ပြန်လိုက်တာနဲ့ပဲတွေ့ကြုံခံစားနေရတဲ့သူကို ဘေးအန္တရာယ်အသွယ်သွယ်က ကင်းစင် ပ,ပျောက်စေတယ်။ အောက်လမ်းဆရာတို့ရဲ့ ပြုစားချက်မှ အစစအရာရာတို့ကို ရပ်တန့်စေရုံသာမက၊ ပျက်ပြယ်သွားစေဖို့ အထက်လမ်းဆရာလုပ်သူက နည်းလမ်းတစ်ခုခုနဲ့ ကုစားပေးရတယ်။ အဓိက,ကတော့ ပျက်စီးရာပျက်စီးကြောင်း ကြံရွယ်ပြီး စီရင်ထားတဲ့ အင်းကို အိမ်တိုင်အောက်မှာဖြစ်စေ၊ အိမ်ရဲ့ အောက်တစ်နေရာရာမှာ ဖြစ်စေ၊ မြှုပ်ထား ပစ်ထားတတ်လေတော့ အဲဒီ ဝှက်ထားပစ်ထားတဲ့ အင်းကို ရှာဖွေဖယ်ရှားဖို့ပဲ ဖြစ်တယ်"

ကျွန်တော်က ရေနွေးတစ်ခွက်ကို ငှဲ့၍ သောက်ပြန်၏။ သောက်လက်စ စီးကရက်တိုကို ပြာခံခွက်တွင် ထိုးခြေ၍ ငြိမ်းသတ်လိုက်၏။ သူက・・・

"ဒါဆိုရင် စောစောက မြှုပ်ထားပစ်ထားတဲ့ အင်းကို ဘယ်လိုဘယ်ပုံ ရှာသလဲ၊ ဖယ်ရှားပစ်သလဲ သိချင်ပါသေးတယ်"

"မင်း မမေးရင်လည်း ငါက ပြောပြမှာပါ။ ဒီလိုကွ။ အစွဲရှိတဲ့ အိမ်သားတစ်ယောက်ယောက်ပါဝင်ခဲ့ရင် စိတ်တိုက်မျက်မြင် အာဏာပေးပြီး မြင်နိုင်စေရမည့် အမိန့်ပေးရှာဖွေတဲ့ နည်းရယ်၊ ရိုးရိုးလူကို ဒီလိုမျိုးအမြင်ကို ပြတတ်တဲ့ ဒိဗ္ဗစက္ခုအင်း၊ ဒါမှမဟုတ် ဆေးကို မျက်စိမှာ စည်းပေးတွက်ပေးပြီး အထက်လမ်းဆရာရဲ့ အမိန့်အာဏာနဲ့ အမြင်ပြပြီး ရှာဖွေတဲ့ နည်းရယ်၊ စီရင်ထားတဲ့ ဆေးကြိမ်လုံးနဲ့ ခေါက်ပြီး အင်းစောင့်ကို ဖော်ထုတ်စေတဲ့ နည်းရယ်၊ စီရင်ထားတဲ့ တောင်ဝှေးနဲ့ ထောက်ပြီး အင်းရှိတဲ့ နေရာရောက်ရင် မကြွတော့တာကို ထောက်ထားပြီး ရှာတဲ့ နည်းရယ်၊ အင်းရှိရာကို သွားပြီး စုပ်ုနေတတ်တဲ့ ဆန်ပန်းပေါက်ပေါက်ဖြင့် ရှာတဲ့ နည်းရယ်ဆိုတဲ့ နည်းအမျိုးမျိုးနဲ့။ နည်းကတော့ စုံတယ်။ တစ်နည်းနည်းနဲ့ ရှာဖွေပြီး ဖယ်ရှားရတယ်။ ဒီလိုနည်းတွေအပြင် အန္တရာယ်ကင်းစေဖို့ ကမ္မဝါရွတ်ဖတ်တာတို့ကိုပါ လုပ်လိုက်ရင်တော့ ပိုပြီးတော့ သန့်ရှင်း အန္တရာယ်ကင်းစေနိုင်တာပေါ့။ ဒါတွေကတော့ ကိုယ့်အကျိုးကိုသာ ကြည့်တတ်တဲ့ အောက်လမ်းဆရာတို့ရဲ့ အစီအရင်ဖန်တီး ပြုစားချက်တွေကို အထက်လမ်းဆရာဖြစ်သူက ဖော်ထုတ် ဖယ်ရှား ကုစားပေးခဲ့တဲ့ ဓမ္မစစ် အခြင်းအရာတွေပဲ။ ဒါလောက်သိရရင်ပဲ ကျေနပ်ပါတော့ မောင်ရာ"

ဟု ဆိုကာ ကျွန်တော်က စီးကရက်ကို မီးညှိ၍ သောက်လေ၏။ သူက ရေနွေးကြမ်းငှဲ့၍ သောက်လေ၏။ ခဏကြာလျှင် သူက・・・

"လောကီပညာတွေမှာ စွမ်းတဲ့ ပုဂ္ဂိုလ်ရှိသလို၊ တချို့ ပုဂ္ဂိုလ်များကျပြန်တော့လည်း တယ်ပြီး ဟုတ်လှတယ် မထင်ရဘူး။ တချို့သောသူတို့ လုပ်ရပ်တွေက မအောင်မမြင်တာက များတယ်နော်"

ဟု စူးစမ်းလေလျှင်・・・

"ဒီလိုတော့ ရှိတယ်။ လောကီပညာရပ်တစ်ခုခုနဲ့ စီရင်လုပ်ပေးတဲ့ ပုဂ္ဂိုလ်ရဲ့ ပညာ၊ သမာဓိ၊ သိက္ခာရှိရုံမျှနဲ့ မလုံလောက်သေးဘူး။ အကူအညီလာတောင်းခံတဲ့ သူဘက်ကလည်း တကယ့်ကို သဒ္ဓါပြတ်ပြတ်နဲ့ ယုံကြည်လေးနက်စွာ ခိုင်းမှ အောင်မြင် ဖြစ်ထွန်းတာ။ သူ့ဘက်က စေတနာနည်းပါးမယ်၊ ရှားပါးတွန့်တိုတယ်ဆိုရင် လာဘ်လာဘနဲ့ အကျိုးပေးရာတွေမှာလည်း ယုတ်လျော့တတ်တယ်။ ပိုလျှံတဲ့ စေတနာအရ ပိုပြီးအကျိုးပေးတာကို လက်တွေ့ ကျင်လည်ရတဲ့ ငါ့ရဲ့ ဘဝမှာ ကြုံဆုံခဲ့ဖူးတယ်။ သဘောပေါက်တယ် မဟုတ်လား"

ထိုအခါ သူက・・・

"သိလိုသမျှလေး သိခွင့်ရတာ ကျေးဇူးပဲကွာ။ မင်းလည်း ငါ့ကြောင့် စာဖတ်ပျက်သွားခဲ့ရပြီ" ဟု ဆိုရာ・・・

"ကိစ္စမရှိပါဘူး မောင်ရာ။ မင်း သိလိုက်ရသရွေ့ မသိသေးသူတို့ကို သိဖို့ မျှဝေလိုက်ရင် ငါရှင်းပြရကျိုးနပ်ပါပြီ"

ဤတွင် သူက အပြုံးမျက်နှာဖြင့် နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားခဲ့ပါတော့သည်။

* * *

ဆက်လင်းဆက်



www.burmeseclassic.com

www.burmeseclassic.com

# အမြစ်ပွားနာဟူသမျှ ပျောက်သည့်ဆေး

ရောမြေ ကျော်ဝေ

ကျွန်တော်သည် ရထားဌာနတွင် စက်ခေါင်းများကို ပြုပြင်ရသော ဝန်ထမ်းတစ်ယောက်ဖြစ်ပါသည်။ ဌာန၏ တာဝန်ပေးချက်အရ ဟသ်တာ၊ ပုသိမ်၊ ကြံခင်း မီးရထားလမ်းတစ်လျှောက်တွင် ဇလီဖားတုံးနှင့် ကျောက်များကို လမ်းပိုင်းများတွင် လဲလှယ်ရသော ရထားသံလမ်းပြုပြင်ရေး အင်ဂျင်နီယာအဖွဲ့မှ လမ်းဗိုလ်ခေါ် သံလမ်းအုပ် ဦးဆောင်သောအဖွဲ့နှင့် အင်ဂျင်နီယာ အထူးရထားကို တာဝန်ပေးချက်အရ စက်ခေါင်းမောင်းများနှင့်အတူ ပူးတွဲ၍ သွားရပါသည်။ ကြံခင်း၊ မြန်အောင်မှ စတင်ထွက်ခွာလာရပြီး တဲကြီးကုန်း၊ အင်ပင်၊ အုတ်ရှစ်ကုန်းလမ်းပိုင်းများတွင် ဗူးကြီးအထိ သံလမ်းများ လဲလှယ်ခြင်း၊ ကျောက်ဇလီဖားများကို အစီအရီချပြီး သံလမ်းကြားများတွင် ဂဝံကျောက်များကို အချိုးကျစွာ ခင်းပေးထားခြင်းဖြင့် လမ်းပိုင်းက အတော်လေး ကောင်းမွန်ပါသည်။ ဆောင်းကာလ၏ အေးချမ်းသော ရာသီဥတုတွင် တဲကြီးကုန်းဘူတာတွင် တစ်ညတာ နားခိုသောအချိန်ပိုင်းတွင် ဘူတာဝန်းထဲသို့ ရဟန်းတော်တစ်ပါး ကြွရောက်၍လာပါသည်။

"ဒကာကြီးတို့က ဝန်ထမ်းတွေနဲ့ တူတယ်။ တော်တော်ချမ်းတတ်တာပဲ။ ဒကာကြီးတို့က မီးလှုံတော့ ပိုပြီးချမ်းတာပေါ့"

ဟု ကျွန်တော့်ကို သေချာစွာကြည့်ပြီး ပြောသောအခါ···

"မှန်ပါ့ဘုရား။ တပည့်တော်တို့က နေ့ညမဟူ အမြဲသွားလာနေရတဲ့ ရထားဝန်ထမ်းတွေပါ ဘုရား။ အရှင်ဘုရားက ဘယ်ကို ကြွဖို့ ဒီအချိန်ကြီးမှာ ဒီဘူတာထဲမှာ စောင့်နေရတာလဲ ဘုရား။ ရထားတွေက ဒီအချိန်မှာ မရှိတော့ပါဘူး ဘုရား။ တပည့်တော်တို့ ရထားကလည်း အလုပ်သမားရထားဖြစ်လို့ ဒီဆီ ဟိုသွားရတဲ့ ရထားပါ ဘုရား"

ဟု ကျွန်တော်မှ ပြောလိုက်သောအခါ ထိုဆရာတော်သည် အေးချမ်းသော အပြုံးဖြင့်···

"ကျုပ်က ခြေဦးတည့်ရာကို သွားတဲ့သူပါ ဒကာ။ ယာဉ်ရထားကို မစီးပါဘူး။ ကျုပ်သွားရမယ့် ခရီးက အချိန်အခါလင့်နေတော့ အာရုံကျင်းမှပဲ သွားတော့မယ်ဆိုပြီး ဒီဘူတာထဲက ဒီထိုင်ခုံမှာ တစ်ညတာကို ကျောင်းအဖြစ် သတ်မှတ်ပြီး နေရတာပါ ဒကာ"

ဟု အေးဆေး ပြုံးရွှင်စွာ ပြောလေသည်။

ကျွန်တော်က ထိုဆရာတော်ကို ဝတ္ထုငွေကပ်သော်လည်း ထိုဆရာတော်က လက်ကာပြပြီး···

"ပြည့်စုံပါတယ် ဒကာ"

ဟု ပြောပြီး ဝတ္ထုငွေကို လက်မခံပါ။ ဆွမ်းအဖြစ် ကောက်ညှင်းတစ်ထုပ်ကို အရုဏ်တက်ချိန်တွင် ဘုဉ်းပေးပြီး သူ၏ ခါးတွင် ပါးပန်းကြိုးဖြင့် ချည်ထားသော ပေါင်းနှမ်း နေသော ဗလာစာအုပ်တစ်အုပ်အတွင်းမှ စာများကို သေချာစွာ ကြည့်ပြီး ကျွန်ုပ်ကို စာရွက်လွတ်တစ်ခုတွင် ကူးပေးပြီး -

"ရော့··· ဒကာ၊ အဲဒီဆေးနည်းကို ဝေဒနာဖြစ်နေသူတွေအတွက် လက်လှမ်းမီသမျှ ဇီဝိတဒါနပြုပါ ဒကာ" ဟု ပြောဆိုပြီး သပိတ်ကို လွယ်လျက် ပေရွက် ယပ်တောင်ကြီးကို ပခုံးထက်တွင် လက်ဖြင့် သေသပ်စွာ ကိုင်ပြီး သူ့အလိုရှိရာသို့ ကြွတော့မည်အပြုတွင် ကျွန်တော်ကလည်း ဆရာတော်၏ အမည်နာမကို သိလိုသဖြင့်···

"အရှင်ဘုရား···တပည့်တော်ကို အရှင်ဘုရားရဲ့ ဘွဲ့တော်လေး မိန့်ကြားပါဦး ဘုရား" ဟု ဆိုသောအခါ···

"ကဲ ကဲ··· ဒကာ၊ ကျုပ်မှာတော့ လိပ်စာကမ်းပြစရာ မရှိဘူး။ ကျုပ်အမည်ကို လွယ်လွယ်ပြောရရင် ဦးဝိဇ္ဇာလက်ာရ လို့သာ လွယ်ကူစွာ မှတ်လိုက်ပေတော့" ဟု ပြောဆိုပြီး ဆရာတော်သည် ဘူတာရုံ၏ အနောက်ဘက်သို့ ဦးတည်ပြီး သွက်လက်စွာဖြင့် ကြွသွားလေတော့သည်။

ကျွန်တော်သည် ဆရာတော် ရေးပေးသော ဆေးအမည်ပါ စာရွက်ကလေးကို သေချာစွာ ကြည့်ပြီး အခေါက်ခေါက်အခါခါဖတ်၍ မှတ်သားထားလိုက်လေတော့သည်။

**အမြစ်ပွားနာဟူသမျှ ပျောက်သည့် ဆေးမဟာ**

သံလွင်ဆီ လက်ဖက်စားဇွန်းတစ်ဇွန်း၊ ရေနွေးကြမ်း တစ်ဇွန်း၊ ကြက်သွန်ဖြူတစ်တက်၊ ဤသုံးမျိုးကို ရော နှက်ပါ။ မပျောက်ဝေဒနာ မရှိဟု ရေးသားထားလေသော အမြစ်ပွားနာရောဂါဝေဒနာအတွက် အခက်အခဲမရှိသော ဆေး တစ်လက်ကို ရလိုက်သလို၊ ဤဂျာနယ်ရှိရာဆန်းကြယ်စာဖတ် ပရိသတ်များအတွက် ဆရာတော် ဦးဝိဇ္ဇာလင်္ကာရ ပေးခဲ့သော ဆေးနည်းကို ရောဂါဝေဒနာရှင်များအား ဤဆောင်းပါး အသက်ကယ်ရင်း အဆင့်ဆင့်သိစေလိုခြင်းဖြင့် ရေး လိုက်ရပါတော့သည်။

**တကြွင်း။** ကြက်သွန်ဖြူဥတစ်တက်ကို အခွံ ပြောင်စင်အောင် နွှာပြီး ငရုတ်ဆုံတွင် ကြေညက်စွာ ထော ပြီးမှ ဆေးအမယ်များနှင့် ရော၍ သောက်သုံးပါရန်။ သော သုံးရာတွင် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်သောက်ပေး ရေနွေးကြမ်းဆိုသည်မှာ လက်ဖက်ခြောက်မပါသော ရေ အဖြူသက်သက်ကိုသာ ဆိုပါသည်။ ကင်ဆာခေါ် မြစ် နာများကို ရောဂါနုစဉ် ကုသလျှင် လုံးဝပျောက်ကင်းပါ ရောဂါရင့်သူများအတွက် အချိန်ပေး၍ ကုသမှ ပျောက် နိုင်ပါသည်ဟု တိုင်းရင်းဆေးဆရာတစ်ဦးကလည်း ပြော သည်။

(ဤဆောင်းပါးဖြင့် ဆရာတော် ဦးဝိဇ္ဇာလင်္ကာရ ဆရာ့ဆရာကြီးများကို ဦးခိုက်ပူဇော်လိုက်ပါသည်။)□

* * *

ရောမြေ ကျော်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

# (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွဋ်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

## တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း ပျဉ်းမ (၅)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်နှင့် ထီးဖြူ (၁၅)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်နှင့် ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက်(၉)ညွန့်နှင့် တံခွန်ကုက္ကား(၉)စုံကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက် ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ်ညွန့် (၂၁)ညွန့်နှင့် မိမိရောင်းချလိုသော ကုန်းပစ္စည်းများကို ရိုက်ပါ။

**ထီကံကြီးမှာ** - (၁)ထိပ်စီး (၉)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထီးဖြူ(၁၀)လက်နှင့် နှင်းဆီ(၁၀)ပွင့်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဘုရားရှင်၏ ရင်ဘတ်တော်၌ ရွှေချ၍ မိမိလိုရာဆုကို တောင်းပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အင်ကြင်းညွန့် (၃)ညွန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | အင်္ဂါနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဩဇာညွန့် (၁၄)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နာနတ်ယို (၉)ကျပ်သားခန့်ကို သွားရောက်လှူဒါန်းကာ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယို (၉)ကျပ်သားခန့်ကို လှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက် ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ်ညွန့် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (ဂ)ထိပ်စီး၊ (ဂ)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## အင်္ဂါသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထန်း(၁၀)ညွန့်၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | သောကြာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူးတစ်ဘူးကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၉)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၉)ညွန့်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။ |
| နိုင်ငံခြားခရီးအတွက် | - | သောကြာနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္လာနေ့ နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံ ပုဂ္ဂိုလ်တစ်ဦးကို ငွေ(၉၀၀)ကျပ်လှူဒါန်းပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း(၉)ပွင့်ကို လှူဒါန်းပါ။ |
| ထီကံကြမ္မာ | - | (ဉ)ထိပ်စီး၊ (ဉ)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။ |


www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း(၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | စနေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး(၁၈)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## ကြာသပတေးသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၉)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၁)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၉)ညွန့်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသက်စေ့ သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၉)ညွန့်နှင့် တံခွန်ကုက္ကား(၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဇော်စိမ်း(၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ(၉)ညွန့်နှင့် တရော်ကင်ပွန်းကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့်(၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၂)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

***




www.burmeseclassic.com

www.burmeseclassic.com

# ငွေးဒေါင်သင်း

## ထူးခြားမြင့်မြတ်သော ယတြာများ



တစ်နေ့သောအခါ၌ ကျွန်တော်သည် တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက်၊ အရှိုးကုန်းလမ်းနှင့် (၁၄၆)လမ်းထောင့်ရှိ ရပ်ကွက်လုံးဆိုင်ရာ ဆုတောင်းပြည့် ရွှေစေတီများနှင့် ရွာတော်ရှင် မြင်းဖြူရှင် ဘိုးဘိုးကြီးနတ်နန်းတွင် အလွန်အမည်ထင်ရှားသည့် ဂီတစာဆို၊ စာပေပညာရှင်နှင့် သယောဒယဗေဒအတတ်ပညာရှင် ဦးမောင်မောင်ဖေညွန့်ဆိုသူ ဆရာကြီးတစ်ဦးနှင့် မထင်မှတ်ဘဲ ဆုံတွေ့ခဲ့ရပါသည်။ ဆရာကြီးနှင့် ကျွန်တော် ယခုလို ဆုံတွေ့ရခြင်းသည် အကျိုးရှိလှပါသည်။ ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်သော မြတ်ဗုဒ္ဓ၏ တရားဒေသနာမှ လောက လူသားအားလုံးအတွက် အမျိုးမျိုးသော ဘေးဒုက္ခအပေါင်းတို့မှ လွတ်မြောက်ချမ်းသာခြင်းကို ဖြစ်စေတတ်သော ဓမ္မတရားမြတ်တို့ဖြင့် ထုံမွမ်းအပ်သော ပညာ



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ချီးမြှင့်ပြသ သင်ကြားပို့ချပေးခဲ့ပါသည်။

လူသားအားလုံးတို့အတွက် ကယ်မ စောင့်ရှောက်နိုင်စွမ်းသော ထိုမွေပညာရပ်ကို ကျွန်တော်က ဗုဒ္ဓ၏ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၏ အဆုံးအမ တရားထူးများဖြစ်၍သော် လည်းကောင်း။ လူ နတ် ဗြဟ္မာတို့ကို ဘေးဒုက္ခအပေါင်းတို့မှ ကာကွယ်စောင့်ရှောက်နိုင်ပါသောကြောင့် ဗုဒ္ဓ၏ ယတြာဟု တင်စားခေါ်ဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓ၏ တရားထူးများကို အောက်ပါအတိုင်း (၇)ရက် သားသမီးများ လေ့လာကျင့်သုံးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြလိုက်ရပါသည်။

## လိုက်နာကျင့်သုံးရန် အလွန်ကောင်းသော မြတ်ဗုဒ္ဓ၏ ယတြာထူးများ

၁။ ဗုဒ္ဓဘုရားရှင်သည် အလောင်းတော်ဘဝ၌ပင် သဗ္ဗညုတ ဉာဏ်တော်ရရန်အတွက် ဆုတောင်းခြင်း၊ ကျင့်သုံးခြင်း ပါရမီတို့ကို ဖြည့်ကျင့်ခဲ့တယ်။

၂။ ဘုရားဖြစ်ရန်အတွက် နောက်ဆုံးဘဝဖြစ်သော သိဒ္ဓတ္ထမင်းသား၏ ကျင့်သုံးသောတရား၌ တရားကျင့်မှု မှန်ကန်ခြင်း၊ လိုအပ်လျှင် အဓိဋ္ဌာန်ခြင်း၊ သစ္စာပြုခြင်းတို့ကို ကျင့်သုံးခဲ့ခြင်း၊ ဘုရားဖြစ်စဥ် ကာလ၌လည်း အဓိဋ္ဌာန်ခြင်း၊ မေတ္တာဘာဝနာပွားခြင်းတို့ကို လိုအပ်သလို ကျင့်သုံးခဲ့ခြင်း၊ အဘိညာဉ်တချို့ကိုလည်း လိုအပ်သလို အသုံးပြုခဲ့ပါသည်။

မြတ်ဗုဒ္ဓ၏ (၄၅)ဝါကာလသည် သန္တိသုခသက်သက် မဂ်ဖိုလ်တို့ပဲ အာရုံထားနေခြင်းမဟုတ်ဘဲ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ လောကီ၊ လောကုတ္တရာ တရားနှစ်ပြားသော အကျိုးစီးပွားတို့ကို အလေးထား ဆောင်ရွက် ပေးသနားတော်မူခဲ့ပါသည်။ နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်ခါနီး အချိန်လေး နီးနီးမှာပင် အပ္ပမာဒ တရားမြတ်ကို ထပ်ခါထပ်ခါ ချီးမြှင့် ဆုံးမပေးသနားခဲ့ပါသည်။ အတုမရှိ ကြည်ညိုပေစွ မြတ်ဗုဒ္ဓ။

လောကကြီး၌ လူသားတို့ ကြုံတွေ့ရမည့်ဘေးတို့ကို ကာကွယ်ရာ၌ လမ်းညွှန်ပေးသနားခဲ့သည့် အသက်ရှည်ခြင်းကို ကျေးဇူးပြုစေသော ဗုဒ္ဓဆုံးမ တရားမြတ်ဖြစ်ပါသည်။

(၁) ရေစစ်လှူပါ။

(၂) နာမကျန်းနေသော ရဟန်းတွေကို ဆေးလှူပါ။

(၃) ဟောင်းနွမ်းဆွေးမြည့်နေသော ကျောင်းဟောင်း၊ စေတီဟောင်းတွေကို ပြုပြင်ပါ။

(၄) ဥယျာဉ်ပန်းပင် စိုက်ပျိုးပါ။

(၅) ငါးပါးသီလ နေ့စဥ်စောင့်ထိန်းပါ။ ရှစ်ရက် ဥပုသ်၊ ဆယ်ပ်ငါးရက် ဥပုသ်နေ့တွေမှာ ရှစ်ပါး၊ ကိုးပါး သီလကို စောင့်ထိန်းပါ။

အတိတ်ကံကို ပစ္စုပ္ပန်ကံနဲ့ ပြုပြင်လို့ ရပါတယ်။

ဆိုးနေတဲ့ကံကို ကုသိုလ် ၅မျိုးနဲ့ နေ့စဉ် ပြုပြင်လိုက်စမ်းပါ။

ဆိုးနေတဲ့ကံ "နင်နေ ငါသွား" ဖြစ်သွားပါလိမ့်မယ်။

(၁) ဒါန၊

(၂) သီလ၊

(၃) ဘာဝနာ၊

(၄) မေတ္တာ၊

(၅) ဝိပဿနာ နေ့စဉ်ပြုလုပ်သွားဖို့ပါပဲ။

၃။ ကာယာနုပဿနာ သတိပဋ္ဌာန်တရားကို ပွားများပြီး ဖလသမာပတ်ကို ဝင်စားကာ နိဗ္ဗာန်သို့ အာရုံပြုနေခြင်းသည် ဤခန္ဓာကိုယ်ကို သေခြင်းတရားမှ ကင်းလွတ်စေသည်ဟု မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ ဟောကြားထားသည်ကို နာကြားရပါသည်။

ထို့ကြောင့် ဖလသမာပတ်ကို ဝင်စားနေခြင်းသည် နိဗ္ဗာန်၏ အငြိမ်းဓာတ်ကို အာရုံပြုနေခြင်းဖြင့် ဤခန္ဓာကိုယ်ကြီး မပျက်စီး မပြိုကွဲခြင်းကို ထောက်ဆသောအားဖြင့် အားကိုးယုံကြည်ထိုက်သော ဓမ္မဖြစ်သည်မှာ ထင်ရှားပါသည်။

သို့ဖြစ်ရာ နိဗ္ဗာန်ဟူသော တရားသည် မဒိ၊ မနာ၊ မသေတို့ဟူသော တရားဖြစ်သဖြင့် သတ္တဝါတိုင်းက လိုလားတောင့်တကြပါသည်။ ထိုကဲ့သို့ လိုလားတောင့်တအပ်သော တရားထူး၊ တရားမြတ်ကို သမထ ဝိပဿနာတည်းဟူသော ပညာဖြင့် ကျင့်သုံးရရှိနိုင်ပါသည်။ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ဘေးရန်ကင်းခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ အသက်ရှည်ရှည် နေထိုင်ရခြင်း၊ မနေရလို့ သေရသောအခါတွင်လည်း နောင်ဘဝလွန်ဘဝအတွက် အကောင်းဆုံး စိတ်အချရဆုံး ဗုဒ္ဓယတြာဖြစ်ပါကြောင်း လေ့လာမိသမျှ တင်ပြလိုက်ရပါတော့သည်။

* * *

ဒွေးအောင်သင်း

ကျမ်းကိုး

- ရဝေနွယ်(အင်းမ)။
- အတွေးများနဲ့ မိတ်ဆွေဖွဲ့ခြင်း။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

ဆောင်းဦးပေါက်အချိန်သို့ ရောက်ရှိလာခဲ့သဖြင့် မိုးပါးသွားကာ မရွာသလောက် ဖြစ်လာခဲ့သည်။ မိုးပါးခဲ့သဖြင့် ကုန်းမြေများလည်း ခြောက်သွေ့စပြုလာခဲ့ပြီး ပွင့်လင်းရာသီသို့ ရောက်ရှိလာခဲ့တော့သည်။

ဆောင်းဦးနံနက်ခင်းတွင် နှင်းမှုန်များပင် ကျလာ၍ ရာသီက အေးမြစပြုလာ၏။ ထိုအချိန်တွင် မြို့ပေါ် ရပ်ကွက် နေထိုင်ကြသူတို့မှာ နံနက်ခင်း၌ အနွေးထည်ကိုယ်စီ ဝတ်ဆင်ထားကြသည်ကို မြင်တွေ့ကြရပေမည်။ ကျေးလက်ဒေသတွင်တော့ ထိုသို့မဟုတ်။ အိမ်တွင် ရှိနေပါက နံနက်စောစော ခြံထဲက သစ်ရွက်ခြောက်များကို စုပုံ၍ မီးထည့်လှုံခဲ့ကြသည်။ ထင်းမီးများ ထည့်ထားကာ မိသားစုများက မီးဖိုဘေးတွင် ဝိုင်းဖွဲ့ထိုင်ကြပြီး မီးလှုံကြလေသည်။ မီးလှုံလျှင် အသားပတ်မည် မှန်သော်လည်း အသားပတ်ကြမည်ကို မကြောက်ကြ၊ အအေးဒဏ်ကိုသာ ခံနိုင်ရည်ရှိအောင်သာ မီးလှုံနေကြရတော့သည်။ နံနက်စာကို မီးဖိုဘေးတွင်သာ မီးလှုံရင်း ဝိုင်းဖွဲ့ စားသောက်တတ်ကြသည်။ ပြီးမှ လယ်ထဲသွားမည့်သူက လယ်ထဲ ဆင်းကြ၊ တောတက်သွားမည့်သူတို့က တောတက်သွားကြတော့သည်။

သို့သော် မကြာတော့သော ကာလတွင် သူတို့အတွက် စောင်ပတ်စရာလည်း မလို၊ မီးထည့်လှုံစရာလည်း မလိုရအောင် တောသဘာဝ အနွေးထည်က ရရှိလာကြပေရော့မည်။ စပါးများ ရင့်မှည့်ချိန်တွင် ရိတ်ပြီး ကောက်လှိုင်းပုံကာ အိမ်ခြံတလင်းထဲတွင် ကောက်ပြန့်၍ စပါးနယ်ကြသည်။ ပြီးလျှင် ကောက်ရိုးများ စုပုံကြရသည်။ ထိုအခါ ညဘက် အေးလာသည့်အချိန်တွင် ကောက်ရိုးပုံထဲ အုံးလုပ်၍ ဝင်အိပ်ကြလျှင် စောင်ခြုံစရာမလိုသည့် အပြင် အိုက်စပ်စပ်ပင် ဖြစ်လာရလေသည်။ ထိုကောက်ရိုးပုံမှ ကောက်ရိုးအုံမှာ သူတို့အတွက် သဘာဝ အနွေးထည်ပင် ဖြစ်တော့သည်။

ကျေးလက် နေထိုင်ကြသူတို့က လယ်မြေများတွင် မိုးအခါ စပါးစိုက်၊ ဆောင်းအခါ၌ ဆောင်းသီးနှံများ စိုက်ကြ၊ စိုက်ပျိုးပြီးစီးသွား၍ အားလပ်နေကြလျှင် တောတက်ကာ ဝါးခုတ်၊ ထင်းခုတ်၊ သက်ကယ်ရိတ်၊ နှမ်းရိမ်၊ မြေပဲနုတ်၊ စပါးနယ်အလုပ်များနှင့် အဆက်မပြတ်လုပ်နေကြရကာ အလုပ်နှင့် လက် ပြတ်ရသည် မရှိကြပေ။ နေပူပူ၊ မိုးရွာရွာ မည်မျှပင် အေးနေစေကာမူ စိုက်ရေးပျိုးရေးအချိန်နောက်ကျမည်စိုး၍ ချမ်းအေးသည်၊ ပူအိုက်သည်၊ စိုစွတ်သည်တို့ကို ဂရုမစိုက်အားဘဲ လယ်ထဲဆင်းကြရသည်။ ဝမ်းစာစပါး၊ ဝမ်းစာဆီ ရရှိနိုင်အောင် ပင်ပန်းတကြီး လုပ်ကိုင်ကြရသည်။ ကျေးလက်နေထိုင်ကြသူတို့အဖို့ ဝမ်းစာ စပါးနှင့် ဆီ၊ ဆန်လုံလုံလောက်လောက် ရှိနေဖို့ပဲ လိုအပ်သည်။ ဖြစ်သလိုနှင့် ရှိတတ်သရွေ့ အဝတ်အထည်လောက်သာ ဝတ်ဆင်ကြသည်။ ထသွားလာသွား ဝတ်ဆင်ရန် အဝတ်တစ်စုံလောက် ရှိထားလျှင် သူတို့အတွက် လုံလောက်သည်ဟု မှတ်ယူခဲ့ကြသည်။

◆◆◆

ကိုဦးက သူ့ဖခင်နှင့်အတူ လယ်ထဲ ချောင်းထဲ၌ တကုန်းကုန်းလုပ်ကိုင်ကူညီပေးနေရပေရာ လူငယ်ပီပီ နှစ်တွေ ကြာလာခဲ့တော့ တစ်ခါလာလည်း စိုက်ပယ် ပျိုးပယ်၊ ရိတ်ရယ်သိမ်းရယ် အလုပ်တွေနှင့် ပင်ပန်းနေခဲ့ရတော့သည်။ သူ့အတွက် လည်ပတ်ချိန်မရ သူငယ်ချင်းအပေါင်းအသင်းများနှင့် တွေ့ဆုံချိန်မရခဲ့ပေ။

"အင်း…လယ်ထဲမှာပဲ အလုပ်ဝင်လုပ်ကူရင်း ပင်ပင်ပန်းပန်းနဲ့ အချိန်တွေ ကုန်နေခဲ့တာပါလား။ စပါးတွေ ပဲတွေ ပြီးခဲ့ရင်တော့ ရန်ကုန်က အဒေါ်ထံကို သွားလည်ရင်းနဲ့ ဘုရားတွေ လိုက်ဖူးဦးမှပဲ"

နွေဘက်ရောက်၍ စပါးတွေ၊ ပဲတွေပြီးလို့ တလင်းပိတ်သိမ်းပြီးသော အခါ ကိုဦးလည်း သူ၏ မိဘများထံ ရန်ကုန်မှ သူ့အဖေ၏ အစ်မဖြစ်သော အဒေါ်ဖြစ်သူထံ အလည်အပတ်သွားလိုကြောင်း ခွင့်ပန်ခဲ့လေသည်။

"အေးလေ၊ အိမ်အလုပ်တွေလည်း ပြီးခဲ့ပြီဆိုတော့ သားသွားချင်တာ သွားလေ။ ဟိုရောက်ရင် မင်းအဒေါ်ကိုလည်း ကန်တော့၊ ရန်ကုန်က ဘုရားတွေလည်း စုံအောင် လိုက်ဖူး…ပေါ့ သားရယ်"

ကိုဦး ခွင့်ရသဖြင့် ရန်ကုန်သို့ လိုက်ပါလာခဲ့တော့သည်။ သူ့အဒေါ် အတွက် မြေပဲဆံ၊ ပဲနောက်ထုပ်များ လယ်မှ ထွက်သော ကောက်ညှင်းဆန်များ ထည့်ထားသောအိတ်ကို ရထားတွဲအမိုးနားက ပစ္စည်းတင်ရန် စင်ပေါ်၌ တင်ထားခဲ့သည်။ သူ့နေရာက ရထားပြတင်းပေါက်ဘေးတွင် ရခဲ့သဖြင့် ပြတင်းဝမှ ရထားအပြင်သို့ လှမ်းမျှော်ကြည့်နိုင်သည်။

"ဩော်…ဒီဒေသဘက်မှာက လယ်ထဲမှာ တဲဆောက်ထားပြီး စပါးတွေ၊ ပဲတွေ ရိတ်သိမ်းလို့ မပြီးမချင်း လယ်ထဲမှာပဲ ယာယီတဲနဲ့ နေကြတာ… လား။ လယ်ထဲတဲမှာ နေတာ… နွေ…



www.burmeseclassic.com

www.burmeseclassic.com

တွေလည်း စောစောလွှတ်ကျောင်းနိုင်မယ်၊ လယ်ထဲမှ လုပ်စရာ အလုပ်တွေကိုလည်း စောစောဆင်းလုပ်နိုင်တာပေါ့လေ"

ကိုဦးသည် ထိုသို့တွေးငေးမျှော်ကြည့်နေစဉ်မှာပင် ဖျိုင်းမြူတစ်အုပ်က လယ်ထဲတွင် အစာစားနေကြသော ကျွဲနွားများအနားသို့ ပျံဆင်းနေကြသည်ကို တွေ့မြင်ရသည်။

"ဟော…ရထားတောင် အရှိန်နှေးသွားပါလား။ ဘူတာတစ်ခုခုကို ဝင်တော့မယ်ထင်တယ်"

"ဩော်…ဒိုက်ဦးဘူတာထဲ ဝင်လာခဲ့တာပဲ"

"ဖရဲသီးစိပ်ချိုချိုလေးရမယ်"

"ဒီဘက်က ပြောင်းဖူးပြုတ်…အဖူးအရှည်ကြီးတွေနော်၊ စားလို့ ပျော့ပျောင်းတယ်"

"ပြောင်းဖူးပြုတ်သည် လာပါဦး"

"တစ်ဖူး ဘယ်လိုရောင်းလဲ"

"တစ်ဖူးကို တစ်ရာပါရှင်"

ကိုဦးလည်း ပြောင်းဖူးပြုတ်ခြင်းတောင်းထဲမှ စိတ်ကြိုက်တစ်ဖူးကို ဝယ်ယူခဲ့၍ အစေ့ခြွေကာ တပြည်းပြည်းစားရင်း လိုက်ပါလာခဲ့တော့သည်။

"ဟင်…ပဲခူးဘူတာကို ညနေ ၅နာရီခွဲအချိန်မှ ရောက်ခဲ့တော့ ရန်ကုန်ထဲအဝင် မိုးချုပ်မှာပဲ"

ကိုဦးက ညဘက်တွင် ဘူတာကြီးမှ သာကေတဘက်သို့ အလှည့်ကျကြို/ပို့ကားများနှင့် လိုက်ရန် စဉ်းစားထားသည်။

"အင်း…ရထားအချိန်နောက်ကျလို့ ကြို/ပို့ကားတွေ မရှိခဲ့ရင်တော့ တက္ကစီကားပဲ ငှားသွားရမှာပဲ"

ထိုညက ရထားအဝင်နောက်ကျခဲ့သဖြင့် ကိုဦးမှာ သူ့အခေါ်အိမ်သို့ ည ၁၀နာရီကျော်မှ ရောက်ခဲ့လေသည်။

ထိုညက ရေမိုးချိုး စားသောက်ပြီးသည်နှင့် ညစာစားကာ ခရီးပန်းလာခဲ့၍ စောစောအိပ်ရာဝင်ခဲ့တော့သည်။

◆◆◆

"ကိုဦးရေ… မင်း ငါနဲ့ အလုပ်ထဲ လိုက်ခဲ့မလား"

"အေး၊ လိုက်ခဲ့မယ်လေ"

အခေါ်၏ သား ဇော်ဝင်းက ကိုဦးနှင့် ညီအစ်ကိုဝမ်းကွဲဖြစ်ပြီး ရွယ်တူလောက်ဖြစ်သည်။ ဇော်ဦးက ရန်ကုန်မြို့တော် စည်ပင်တွင် ကားမောင်းနေခဲ့သည်။ ကိုဦးလည်း ဇော်ဦးအလုပ်ထဲ လိုက်လာခဲ့တော့သည်။

"မင်း ကားမောင်းနေတာကို ကြည့်ရတာက ထွန်စက်မောင်းသလိုပဲ သိပ်မခက်ခဲဘူးနော်"

BURMESE CLASSIC .com

"
ဒါဆိုရင်တော့ မင်း ကားကို
မောင်းကြည့်ရင်လည်း သိပ်ခက်ခဲမှာ
မဟုတ်ဘူးကွ။
ထွန်စက်ကတော့
လယ်ကွက်တွေထဲမှာ
မောင်းရတာဆိုတော့ တိုက်မှာခိုက်မှာ
မစိုးရိမ်ရပေမယ့်
ကားတွေက လူသွားလမ်းပေါ်၊
ကားလမ်းပေါ်
တက်မောင်းရတာဆိုတော့ ကားတို့၊
လူတို့ကို မတိုက်အောင်
သတိထား မောင်းရတယ်လေ။
ကားမောင်းတော်တော်ကျွမ်းမှ
မောင်းလို့ဖြစ်မှာကွ
"

"အေးလေကွာ၊ ထွန်စက်ကလည်း ကားလိုလည်း မောင်းရတာပဲ။ အတူတူပဲပေါ့ကွ"

"ငါ ရွာမှာပဲ ထယ်ရေးတွေ ထယ်ထိုးတော့ ထွန်စက်ငှားပြီး ထိုးတာကွ။ အဲဒါ ထွန်စက်သမားနဲ့ လိုက်စီးရင်းက ငါမောင်းကြည့်ချင်တယ် ပြောလို့ ငါ့ကို ပြပေးခဲ့တာနဲ့ စမ်းမောင်းကြည့်ဖူးခဲ့တယ်ကွ"

"ဒါဆိုရင်တော့ မင်း ကားကို မောင်းကြည့်ရင်လည်း သိပ်ခက်ခဲမှာ မဟုတ်ဘူးကွ။ ထွန်စက်ကတော့ လယ်ကွက်တွေထဲမှာ မောင်းရတာဆိုတော့ တိုက်မှာခိုက်မှာ မစိုးရိမ်ရပေမယ့် ကားတွေက လူသွားလမ်းပေါ်၊ ကားလမ်းပေါ် တက်မောင်းရတာ ဆိုတော့ ကားတို့၊ လူတို့ကို မတိုက်အောင် သတိထား မောင်းရတယ်လေ။ ကားမောင်းတော်တော်ကျွမ်းမှ မောင်းလို့ဖြစ်မှာကွ"

"အေးကွာ၊ ငါ ကားကို မောင်းကြည့်ချင်တယ်၊ မင်း သင်ပေးပါလားကွာ"

"ရပါတယ်ကွာ။ ငါ ညဘက် ဂျူတီကျတဲ့နေ့ကျရင် ပစ္စည်းချပေးပြီးလို့ ကားခွဲချည်း ပြန်မောင်းလာတဲ့အခါမှာ သင်ပေးမယ်"

ထိုသို့ဖြင့် ကိုဦးလည်း ဇော်ဝင်း ညဘက် ဂျူတီကျချိန်မှာ ကားမောင်းလိုက်သင်ခဲ့သဖြင့် အတော်အတန် အမောင်းတတ်လာခဲ့လေသည်။

ကိုဦးအနေနှင့် ရွာပြန်ရောက်ခဲ့သော်လည်း လယ်ထဲ အလုပ်များကို စိတ်မဝင်စားခဲ့တော့ပေ။ ကားကိုသာ မောင်းချင်နေလေသည်။ အလုပ်အားသည်နှင့် ရန်ကုန်သို့ လာခဲ့ကာ ဇော်ဝင်းနှင့် ကားမောင်းသင်ယူရင်းဖြင့် ကားမောင်းကျွမ်းကျင်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဇော်ဝင်းရာ…ငါ ရွာမှာ လယ်ထဲဆင်းနေရတာ ပင်ပန်းလှတယ်ကွာ။ ဒီစည်ပင်ဌာနမှာ ကားမောင်းဝင်လုပ်လို့ မရဘူးလားကွ"

"မင်း ဝင်လုပ်ချင်ရင်တော့ လျှောက်ထားလို့ ခန့်ပေးမှ ရမှာပဲကွ"

"ဟုတ်လား။ ဒါဖြင့် ငါ လျှောက်ထားကြည့်ချင်တယ်ကွာ"

ကိုဦး စည်ပင်ဌာနတွင် အလုပ်လျှောက်ထားခဲ့လေရာ မကြာမီ ခန့်ထားပေးလာသဖြင့် စည်ပင် မော်တော်ယာဉ်ဌာနတွင် အလုပ်ဝင်ရတော့မည်ဖြစ်လေသည်။ အလုပ်မဝင်မီ ရွာသို့ ပြန်၍ မိဘများအား အကျိုးအကြောင်းပြောပြ၍ သူ့ ယူငင်စရာရှိသည်တို့ကို ယူခဲ့ကာ ရန်ကုန်သို့ ပြန်လာပြီး အလုပ်ဝင်ခဲ့တော့သည်။

အလုပ်ဝင်ပြီး နေစရာ လိုင်းခန်း မရသေးမီအချိန်တွင် အဒေါ့အိမ်မှာပင် နေခဲ့ရသည်။

"ဘယ့်နှယ့်လဲ ကိုဦး … ကားမောင်းရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်ကွာ။ ရွာက အလုပ်တွေလောက်တော့ မပင်ပန်းတော့ဘူးကွ"

"အေး၊ ကားမောင်းတဲ့အခါ အမြဲသတိရှိနေဖို့တော့ လိုတယ်နော်။ မြို့ထဲမှာဆိုတော့ ကားတွေရော၊ လူတွေရော ရှုပ်နေတာပဲ မဟုတ်လား"

ဇော်ဝင်းက ကိုဦးကို ကားမောင်းရာတွင် သတိထားစရာများကို သတိပေးနေလေသည်။

♦♦♦

နှစ်လခန့်အကြာတွင် ကိုဦးလည်း နေစရာ လိုင်းခန်းရခဲ့တော့သည်။

"ဟာ…ကိုဦး ရတဲ့ လိုင်းခန်းက တရုတ်သင်္ချိုင်းနံဘေးက လိုင်းခန်းတွေ



ပဲ။ စည်ပင်မော်တော်ယာဉ်ဝင်းနဲ့ နီးနီးလေးပဲ၊ ဟန်ကျတယ်ဟေ့"

ထိုစည်ပင် မော်တော်ယာဉ်ဝင်းမှာ မြန်မာ့ဂုဏ်ရည်လမ်းထဲတွင် ရှိနေသည်။ တရုတ်သင်္ချိုင်းက ထိုစည်ပင်မော်တော်ယာဉ်ဝင်းနှင့် မျက်စောင်းထိုးယွန်းယွန်းတွင် ရှိနေ၏။ (ထိုစဉ်က တရုတ်သင်္ချိုင်း မရွှေ့ပြောင်းရသေးပါ) လိုင်းခန်းများနှင့် သင်္ချိုင်းမှာ အုတ်တံတိုင်းတစ်ခုသာ ခြားနေခြင်းဖြစ်သည်။ လိုင်းခန်းများက လုံးချင်းမဟုတ်ဘဲ တန်းလျားဖြစ်ကြကာ တာဝန်ကျ စည်ပင်ဝန်ထမ်းများ စုပေါင်းနေထိုင်ကြလေသည်။

ကိုဦးလည်း ထိုလိုင်းခန်းတွင် သူရသောအခန်း၌ နေခဲ့လေသည်။ လိုင်းခန်း၏ အနောက်ဘက်၌ အိမ်သာခန်း ငါးခန်းပါသော အိမ်သာရှိ၏။ အိမ်သာ တက်လိုလျှင် သော့ဖွင့်ကာ တက်ကြရသည်။ သော့က အိမ်သာခန်းအဝင်ဝတွင် ချိတ်ထားပေး၏။

ကိုဦးလည်း တစ်ယောက်တည်းသမား လူလွတ်ဖြစ်သဖြင့် ထမင်းလခပေးစားပြီး ညမှသာ အခန်း၌ အိပ်လေသည်။ နေ့ခင်းဘက်၌ ကားမောင်းရန် ဌာနသို့ အလုပ်ဝင်ရသည်။

"ဒီနေ့ တံတားသစ်ဆောက်လုပ်ရာမှာ လိုအပ်တဲ့ အုတ်၊ သဲ၊ ကျောက်တို့ကို ကူသယ်ပို့ပေးနေရလေသည်။ တစ်ခါတစ်ရံ သထုံဘက်မှ လိပ်သည်းကျောက်များကို ညဘက်ပါ မောင်းသယ်ပေးကြရသည်။

တချို့နေ့ရက်များတွင် ကတ္တရာပီပါများ တင်၍ သယ်ယူပေးကြရသည်။ ကိုဦးတို့ မော်တော်ယာဉ်များက မိုးတွင်းပိုင်း၌သာ အလုပ်ပါးပြီး ဆောင်းနှင့် နွေပွင့်လင်းရာသီရောက်ရှိလာသည်နှင့် အလုပ်တွေက များလာခဲ့တော့သည်။ စည်ပင်တိုက်ခန်းများ အဆောက်အအုံများ၊ လမ်းများ၊ တံတားများ တည်ဆောက်ရာတွင် လိုအပ်သည့် အုတ်၊ သဲ၊ ကျောက်၊ သံချောင်း၊ ဘိလပ်မြေ စသည့် ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးကြရတော့သည်။

"အင်း…အခုလိုအချိန်ဆို ရွာမှာ အလုပ်များနေချိန်ပဲ။ ငါ့အဖေနဲ့ ငါ့ညီတို့တော့ အလုပ်တွေ ပင်ပန်းနေကြမှာပဲ"

ကိုဦး သူ့အိမ်ကို ပြန်၍ သတိရနေမိသည်။ အိမ်ကိုလည်း သူရသည့် လခမှ ထမင်းစရိတ်နှင့် ဗာဟီရ ဝယ်ခြမ်းသုံးစွဲဖို့ တချို့တဝက်ချန်ထားကာ ပိုငွေကို အိမ်သို့ ပို့ပေးခဲ့လေသည်။

သည်နေ့ အလုပ်ရုံမှ ကားစထွက်ပါပြီဆိုကတည်းက တစ်စက်ကလေးမှ အနားမရခဲ့ပေ။ တစ်နေကုန်သာ ကား



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနေခဲ့ရ၏။ ညရှစ်နာရီကျော်မှ အားသိမ်းပြီး လိုင်းခန်းသို့ ပြန်လာခဲ့ရသည်။ တစ်နေကုန် အနားမရခဲ့သောကြောင့် ပင်ပန်းလာခဲ့သဖြင့် သူ အခန်းနှင့်ကာ ဝင်အိပ်ခဲ့တော့သည်။

"ဟင်...ဗိုက်ထဲက ရစ်ရစ်ပြီး နာလာပါလား။ ငါ သည်နေ့ ဘာများ စားခဲ့မိလို့ပါလိမ့်။ ဩော်...ငါ နေ့ခင်းက ဝက်သားဟင်းနဲ့ ပဲဟင်းစားတာ များသွားလို့နဲ့တူတယ်"

ဗိုက်ရစ်ပြီး နာနေသဖြင့် သူ အိပ်မရခဲ့ပေ။

BURMESE CLASSIC .com

"ဂွီ...ဂွီ...ဂွီ..."

"ဟာ . . .ငါ့ဗိုက်ထဲကလည်း တဂွီဂွီအသံတွေ မြည်နေပါလား။ ဒါဆိုရင်တော့ ငါ ဝမ်းသွားတော့မယ်ထင်တယ်"

ကိုဦးမှာ ဗိုက်ရစ်နာနေသဖြင့် ငုတ်တုတ်ထထိုင်နေခဲ့ရ၏။ လက်မှ နာရီကို ကြည့်မိတော့ ညတစ်ချက်တီး ကျော်နေပြီဖြစ်သည်။

မကြာမီမှာပင် သူ အိမ်သာတက်ချင်လာသဖြင့် အခက်တွေ့ရတော့၏။ အခြားအခန်းနေသူတွေအားလုံး အိပ်မောကျနေကြပြီ။ တစ်ခန်းမှ လူသူမတွေ့ရ။ အိမ်သာသို့ ညဘက်မှာ သူ တစ်ယောက်တည်း သွားတက်ရမှာဖြစ်သည်။ ကြောက်တတ်လှသည် မဟုတ်သော်လည်း ညဘက်မှာ သင်္ချိုင်းအုတ်တံတိုင်းကို ကျောပေး၍ ဆောက်ထားသော အိမ်သာသို့ သွားတက်ရမည်ဖြစ်၍ သူ ရွံ့နေမိသည်။ သွားမတက်၍တော့ မဖြစ်။ အိမ်သာခန်းသို့ သူ ထွက်လာခဲ့လေသည်။

"ဟာ...အိမ်သာခန်းမှာ သော့မခတ်ထားပါလား"

"ရှီ...ရှီ...ရှီ"

"ဟင်...အိမ်သာထဲက လေချွန်သံပါလား။ တစ်ယောက်ယောက် အိမ်သာလာတက်နေတယ် ထင်တယ်"

ကိုဦး အပြင်မှာ ရပ်စောင့်နေခဲ့သည်မှာ မိနစ် ၂၀ခန့် ကြာပြီဖြစ်သော်လည်း အိမ်သာတက်နေသူက ထွက်မလာခဲ့သေးပေ။

"ဗအာ...ဒီလူကလည်း အိမ်သာတက်နေတာ ကြာလိုက်တာ။ အထဲမှာ အိပ်များ ပျော်နေပြီလားပဲ"

ထိုစဉ် အိမ်သာခန်းထဲမှ လေချွန်သံကို ကိုဦး ထပ်၍ကြားလာပြန်လေသည်။

"ဟေ့လူ...မြန်မြန်လုပ်ပြီး ထွက်ခဲ့တော့ဗျာ။ ကျုပ် အိမ်သာတက်ချင်လို့ စောင့်နေခဲ့တာ ကြာနေပြီဗျ"

ထိုသို့ လှမ်းပြောခဲ့သည့်တိုင်အောင် အထဲမှ ထွက်မလာသေးသဖြင့် စိတ်မရှည်တော့ဘဲ တံခါးရွက်ကို ထု၍ ထွက်ရန် အချက်ပေးမည်ဟု လက်သီးဆုပ် ရွယ်လိုက်စဉ်မှာပင် တံခါးရွက်က ပွင့်လာခဲ့လေသည်။

"ဟင်... အိမ်သာခန်းထဲမှာ ဘယ်သူမှ မရှိခဲ့တာပဲ"

"ဒါဖြင့် ဒီအိမ်သာခန်းထဲက ကြားရတဲ့ လေချွန်သံက..."

ကိုဦး စဉ်းစားရင်း သဘောပေါက်လာမိကာ ကျောချမ်းလာရတော့သည်။ လေချွန်သံသာ ကြားရပြီး အထဲ၌ လူကို မတွေ့ခဲ့သောအခါ ကိုဦးလည်း သူ ခြောက်လှန့်ခံခဲ့ရပြီဆိုသည်ကို နားလည်မိခဲ့တော့သည်။ နားလည်သည့် အချိန်မှာပင် သုတ်ခြေ နောက်လှည့်ကာ သူ့အခန်းရှိရာသို့ တစ်ချိုးတည်း ပြေးထွက်လာခဲ့လေတော့သည်။ စောစောက အိမ်သာတက်ချင်သည့်စိတ်ပင် ပျောက်ကွယ်သွားခဲ့ကာ အိမ်သာတက်ချင်သည့်စိတ် လုံးဝ မရှိခဲ့တော့ပါချေ။

နောက်တစ်နေ့ လင်းလာလျှင် သူ၏အခန်းနံဘေး၌ နေသော ဝန်ထမ်းတစ်ဦးကို ညက အဖြစ်အပျက်ကို ပြောပြခဲ့၏။

"ဟာ... ဟုတ်လား။ မင်းက ညကမှ သိခဲ့တာလား"

"ဟုတ်တယ်လေဗျာ။ အထဲက လေချွန်သံသာ ကြားခဲ့ရပြီး တံခါးပွင့်သွားတော့ ဘာမှမတွေ့ရဘူးဗျ"

"အေးလေ၊ ဟုတ်ပါပြီ။ ငါတို့ လိုင်းခန်းမှာ နေကြသူတိုင်း ဒီလိုအဖြစ်မျိုးက ကြုံခဲ့ပြီးသားကွ။ ကြာတော့ ရိုးသွားပြီး မကြောက်တော့ဘူးလေ။ သင်္ချိုင်းအုတ်တံတိုင်းနဲ့ ကျောချင်းကပ်ဖြစ်နေတဲ့ အိမ်သာခန်းမှာ အခြောက်အလှန့်ရှိတတ်တာဟာ သဘာဝပဲလေ။ မင်းက အလုပ်ရတာမှ မကြာသေးဘဲ၊ ဒီအခန်းရောက်လာတာလည်း မကြာသေးတော့ လေချွန်သံပေးပြီး ခြောက်လှန့်သံကို အခုမှ ကြားခဲ့ရပြီးတော့ ထူးဆန်းနေတာကွ"

"ဟာ...ဟုတ်လားဗျာ။ ကျုပ်က မသိသေးတော့ အိမ်သာတက်နေသူက လေချွန်သံပေးပြီး အိမ်သာတက်နေတယ်လို့ ထင်မိခဲ့တာပဲ"

ထိုလူရှင်းပြတော့မှပင် ထိုလေချွန်သံကို လိုင်းခန်းနေကြသူတိုင်း ကြားဖူးနေသဖြင့် မကြောက်ကြတော့ပေ။ သူလည်း ထိုအခါမှပင် အကြောက်ပြေခဲ့ရတော့သည်■

* * *

တင့်ထွေး(ဓနုဖြူ)



www.burmeseclassic.com

# လောကီရေးရာ သုတအဖြာဖြာ

ဝင်းမောင်ကျော်

လူ့လောကတွင် လူမှုရေးရာအဖြာဖြာတို့မှာ များပြားလှချေသည်။ လူတိုင်း လူတိုင်းသည် မိမိတို့ဘဝ ရှင်သန်လှုပစေရေးအတွက် စီးပွားရေး၊ လူမှုရေးလုပ်ငန်းတို့ကို အနည်းနှင့်အများ ဆောင်ရွက်ကြရသည်ချည်း ရှိကြသည်။ ဤသို့ မိမိဘဝရှင်သန် ရပ်တည်နေနိုင်အောင် ဆောင်ရွက်လုပ်ကိုင်ကြရမည့် မိမိတို့၏ အသက်မွေးမှု ပညာရပ်များကိုလည်း လူတိုင်း သင်ယူလေ့လာကြရစမြဲပင် ဖြစ်သည်။

တစ်ဦးနှင့် တစ်ဦး အသက်မွေးမှုပညာချင်း ကွဲပြားသည်က လွဲ၍ မိမိတို့ မြတ်နိုးလုပ်ကိုင်ချင်ရာ ပညာတစ်ခုခုကိုမူ လူတိုင်း မသင်ယူ မလေ့လာဘဲ မနေနိုင်ကြချေ။ ဤသို့ ပညာသင်ယူလေ့လာကြရာတွင် ရှေးလူကြီးသူမတို့ ဆုံးမသွန်သင် ညွှန်ပြခဲ့သော လောကီကျမ်းအလာတွင် ပညာသင်ယူအပ်သောနေ့နှင့် ပညာမသင်အပ်သောနေ့တို့ကို ဖော်ပြထားလေရာ လူတိုင်း ဗဟုသုတအဖြစ် လေ့လာနိုင်ကြစေရန် ရည်သန်၍ ဤဆောင်းပါးကို ရေးသားဖော်ပြအပ်ပါသည်။

**အတတ်ပညာသင်အပ်သောနေ့**

ရာသီမြတ်ဘိ၊ ပြစ်မရှိတွင်၊
ရဝိဇီဝါ၊ သောကြာထွန်းတက်၊
ထိုသုံးရက်ဝယ်၊
သုနက္ခတ္တာ၊ ဆောင်အပ်လှသည့်၊
ဖုသျှဟာဿတ၊ အဒြသညီ၊
မိဂသီစိတြ၊ အဿလီဿနှင့်၊
မူလထင်ရှား၊ ခုနစ်ပါးမြတ်၊
အကောင်းထွတ်၌၊ အတတ်တကာ၊
သင်ကုန်ရှာပ၊ ကျမ်းလာဖော်ပြ၊
ဤပုညကြောင့်၊
ဝွငသုံးပါး၊ အောင်သူများထက်၊
ထွတ်ဖျားအကြီးမှူးစေသော်။

အဓိပ္ပာယ်မှာကား - မြတ်သောရာသီတွင် တနင်္ဂနွေ၊ သောကြာ၊ ကြာသပတေး၊ ထိုသုံးနေ့တို့တွင် တစ်ရက်ကြုံစေ၊ နက္ခတ်မှာလည်း၊ ဖုသျှဟ ဿတ၊ အဒြ မိဂသီ စိတြ၊ အဿလီဿ၊ မူလ၊ ၎င်းနက္ခတ်ခုနစ်ပါးလည်း တစ်ပါးကြုံစေ၊ ဤသို့ မင်္ဂလာအခါကောင်းတွင် အတတ်တကာတို့ကို သင်ကြားရသော် ကောင်း၏ဟူ၍ ဆိုပါသည်။

အတတ်ပညာမှန်သမျှ ကောင်းသောနေ့ကို ရွေး၍ သင်ရာ၏။ သို့မှသာလျှင် ကောင်းသော နက္ခတ်နှင့် ယှဉ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာကို ရရှိစေနိုင်ပါသည်။ ထို့ပြင် ပညာတိုးတက် ဉာဏ်ရည်တက်ကာ ဂုဏ်သတင်းလည်း ကျော်စောထင်ရှားခြင်း ကေန်ဖြစ်ရမည်ဟု လောကနီတိ တရားသီကျမ်းတွင် ဆိုထားသည်ကို မှတ်ယူရာ၏။

**အတတ်ပညာ မသင်အပ်သောရက်**

လဆန်းလဆုတ်၊ အဟုတ်မည်ချက်၊
ဆယ့်လေးရက်တွင်၊ အတတ်သင်မူ၊
ဆောလျင်မကွာ၊ တပည့်နာတဲ့၊
တစ်ခါတစ်သွယ်၊ ရှစ်ရက်ဝယ်ကား၊
အကယ်ဆရာ၊ ဘေးတီရာအံ့၊
တစ်ဖြာထူးခြား၊ လကွယ်ပြားမူ၊
နှစ်ပါးစုံဘိ၊ ဘေးဒဏ်သိအံ့၊
မှတ်သီစရာ၊ ဤပညာကြောင့်၊
နည်းနာသိပ္ပ၊ ဟူသမျှကို၊
ကြားက မှတ်ယူလွယ်စေသော်။

အဓိပ္ပာယ်မှာကား - လဆန်း ၁၄ရက်၊ လဆုတ် ၁၄ ရက်တွင် အတတ်သင်မူကား မကြာခင် ထိုတပည့် ဖျားနာတဲ့။ လဆန်း ၈-ရက်၊ လဆုတ် ၈-ရက်များတွင် အတတ်သင်ယူပါကလည်း သင်သောဆရာ၌ ဘေးထိအံ့။ လကွယ်နေ့တွင် အတတ်သင်ယူပါက ဆရာတပည့် နှစ်ဦးလုံးပင် ဥပဒ်ဘေးဒဏ် ထိရောက်အံ့ဟု ဆိုပါသည်။

ရှေးလူကြီးသူမတို့ ဆုံးမ သွန်သင်အပ်သော လောကီရေးရာအဖြာဖြာသည် ယခုခေတ်နှင့် လျော်ညီကောင်း လျော်ညီမည်ဖြစ်သော်လည်း ရှေးထုံးလည်း မပယ်နှင့်၊ ရှေးသုံးလည်း မကြွယ်နှင့်ဟူသော စကားကဲ့သို့ ရှေးအစဉ်အဆက် အသုံးပြုလာခဲ့သည်ကိုတော့ မှတ်သားလေ့လာနိုင်ပါသည်။ မည်သို့ဆိုစေကာမူ မိမိတို့အတွက် ဗဟုသုတအဖြစ် မှတ်သားနာယူ ရွက်ဆောင်ကြပါက အကျိုးရရှိကြမည်သာ ဖြစ်ပါသည်။ မိမိဉာဏ်နှင့် ဆင်ခြင်၍ ဆောင်ရွက်လုပ်ကိုင်ကြပါကုန်။

* * *

ဝင်းမောင်ကျော်

www.burmeseclassic.com

တာမွေမြို့နယ်ရှိ သမထဆရာကြီးတစ်ဦးထံမှ ဤအစီအရင်ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ခက်ခဲရှုပ်ထွေးမှုလည်း မရှိ၊ သူ့အမိဗွာယ်နှင့် သူ မင်္ဂလာနိမိတ်ယူ၍ ပြုလုပ်ထားခြင်း




# သောကကင်းကွာ ပန်းခင်းလမ်း ယဉ်တြာ စသုန်ပဂိန်းထက်

ဖြစ်၍လည်း သဘော ကျမိသည်။ ကိုယ်တိုင် သော်လည်းကောင်း၊ နီးစပ်ရာ မိတ်ဆွေအပေါင်းအသင်းများကို သော်လည်းကောင်း "ဤယတြာ လေးလုပ်ကြည့်စမ်းပါ။ တကယ် ထူး ခြားလာလိမ့်မယ်"

ဟုဆို၍ စေတနာဖြင့် တစ်ဆင့်ဝေ ပေးခဲ့ပါသည်။

သူတို့တစ်တွေဆီက . . .

"ကျေးဇူးတင်တယ်ဗျာ။ ထူးခြားလာတာတော့ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဟူ၍ လည်းကောင်း၊

"ထင်တောင် မထင်ဘူး၊ ရိုးရိုးရှင်းရှင်းလေးနဲ့ ဒီလို အစွမ်းထက်မယ်လို့ဗျာ"

ဟူ၍ လည်းကောင်း၊

"အကုန်အကျလည်း မများ၊ အပန်းလည်း မကြီးလို့ လုပ်ဖြစ်တာပါ။ အခုတော့ တစ်ပတ်တစ်ခါကို လုပ်တော့မှာ"

ဟူ၍ လည်းကောင်း ပြောကြဆိုကြသံကို ကျွန်တော် ပြန်ကြားရတော့ ကြည်နူးမိသည်။

တကယ်တော့ လူ့ဘဝဆိုတာ ရုပ်ထွေးပွေလီလွန်းလှတယ် မဟုတ်လား။ မီးသုံးပါးလောင်မြိုက်နေတော့လည်း စိတ္တသုခ ဘယ်ရပါ့မလဲ။ ဒီတစ်မျိုးအေးသွားတော့ နောက်ထပ် စိတ်ညစ်စရာတစ်ခုက အဆင်သင့် စောင့်နေပြန်ရော။ ဒီလိုနဲ့ပဲ လုံးလည်လိုက်နေတာ မဟုတ်လား။

ဒီ"ပန်းခင်းလမ်းယတြာ"ဆိုတဲ့ အစီရင်လေးက မိသားစုအတွင်း မကြာခဏ ကတောက်ကဆ ဖြစ်နေကြရသူတွေ၊ ထွက်ပေါက်တွေ ပိတ်၊ အလုပ်အကိုင်တွေ ပျက်နေကြရသူတွေ၊ စိတ်သောကတွေ ဖိစီးပြီး အထစ်အငေါ့တွေချည်း ကြုံနေရသူတွေ ဒီအစီရင်လုပ်ပြီးတဲ့အချိန်မှာ တစ်စထက်တစ်စ အဆင်ပြေ ချောမွေ့ကြရပါတယ်။ အလုပ်အကိုင်တွေမှာလည်း အတိုက်အခံတွေ ကင်းစင်လာပြီး မိမိနေရာ ရလာပါလိမ့်မယ်။ အလုပ်မရှိသူများလည်း အကူအညီပေးမည့်သူများ၊ အလုပ်အကိုင်အခွင့်အလမ်းများ တစ်နည်းနည်းနဲ့ ရရှိလာတာ ကိုယ်တွေ့ပါ။

ဆိုက်ကားသမားတစ်ဦးဆိုလျှင် ထိုအစီရင်ကို ယုံယုံကြည်ကြည်ပြုလုပ်ပြီးချိန်၌ အရင်အုံနှာကြေးပင် မပြည့်သော နေ့တွေ ကြုံနေရာမှ အဆင်ပြေလာခဲ့ရပါသည်။ ကမာရွတ် ဘူတာရုံလမ်းအတွင်းရှိ ကွမ်းယာဆိုင်တစ်ဆိုင်သည်လည်း မျှော်နေရသောဘဝမှ လက်မလည်သော ဘဝရောက်ခဲ့ရလေပြီ။ မိသားစုအတွင်းတစ်ဦးနှင့် တစ်ဦး အမြင်မကြည်လင် ဖြစ်နေသူများလည်း အခုတော့ "ကျေးဇူးတင်ရှိသော၊ ဘုတ်ကျိုးရှိသေ"ဖြစ်လာခဲ့လေပြီ။

ကဲ… ဒီတော့ စာဖတ်သူတို့လည်း အကျိုးရှိအောင် ဖော်ပြပါမယ်။ ဦးစွာ စက္ကူအဖြူတစ်ရွက်ယူပါ။ စာမပါလျှင် ပိုကောင်းသည်။ ကျွန်တော်ကတော့ A4 စက္ကူကို သုံးပါသည်။ ထိုစက္ကူပေါ်တွင် ပန်းများ တင်ရမည်။ မည်သည့်ပန်းဟု မဆိုလို။ ကိုယ်အဆင်ပြေသော၊ ကိုယ်နှစ်သက်သော ပန်းများ ထည့်နိုင်သည်။ နှင်းဆီ၊ စံပယ်၊ ခရေ စသဖြင့် ပန်းများ ထည့်နိုင်သည်။ အရေအတွက် ကန့်သတ်ချက် မရှိ။ မိမိ သဒ္ဓါရှိသလောက် ထည့်နိုင်သည်။

သို့သော် အရွက်၊ အခက်များ၊ ဆူးများမပါစေရ။ ပန်းချည်းသက်သက်ဖြစ်ရန် လိုသည်။ ထိုစက္ကူပေါ်မှ ပန်းများ ခင်းထားပြီး ဘုရားစင်ပေါ်တင်၍ ဘုရားအား ဆက်ကပ်ရပေမည်။

ထို့ပြင် ရေနွေးကြမ်းသောက်သော အကြမ်းပန်းကန်တစ်ခွက်တွင် ရေအေး(ရိုးရိုးရေ)ထည့်ကာ ဘုရားကပ်ရမည်။ ထိုမျှသာဖြစ်သည်။

ထိုအစီရင်မှာ ပြုလုပ်သူ၏ မွေးနေ့နံနက် ၉နာရီ ၄၅ မိနစ်တွင် ပြုလုပ်ရမည်ဖြစ်၏။ မွေးနေ့တိုင်း ၃ကြိမ်မျှ ပြုလုပ်က ထူးခြားမည်မှာ ကေန်စင်စစ်ဖြစ်၏။

အချို့သူများမှာ တစ်ကြိမ်ပြုလုပ်သည်နှင့် ထူးခြား၍ မွေးနေ့တိုင်း ပြုလုပ်နေကြတော့၏။ တစ်နေ့တာမျှ ပြုလုပ်ရန်သာဖြစ်ပြီး မိမိစွန့်လိုသောအချိန် စွန့်ပစ်ရမည်။

ကဲ… အစီရင်ကိုတော့ ဖော်ပြပြီးပြီ။ မင်္ဂလာနိမိတ်ယူထားတာလေးတွေ ကြည့်ကြရအောင်။ စက္ကူပေါ်မှာ ပန်းတွေ ထည့်တာက "ပန်းခင်းလမ်း"ကို ဘုရားရှင်ကို ကပ်တာပါ။ ကိုယ်တိုင်လည်း ပန်းခင်းလမ်းကို လျှောက်ချင်ကြတယ် မဟုတ်လား။ ဒါပေမဲ့ ဒီအတိုင်းလျှောက်ရင် ကြာမယ်။ ဒီတော့ စက်ရဲ့အကူအညီနဲ့ "စက္ကူ"ကိုသုံးတယ်။

"အကြမ်းပန်းကန်"ကတော့ လောကဓံရှစ်ပါးကို ခံနိုင်အောင်ပေါ့။ ရေနွေးကြမ်း မထည့်ဘဲ ရေအေးကိုသာ ထည့်တာက "အေးမြခြင်း"နိမိတ်ကို ယူထားတာပါ။ "မွေးနေ့ဆောင် အောင်တယ်"လို့ ဆိုထားတယ်မဟုတ်လား။ ဒီအတွက် မွေးနေ့က စလုပ်စေခြင်းဖြစ်ပါတယ်။ ၉နာရီ ၄၅မိနစ်ဆိုတော့ ပေါင်းရင် (၉)ရတယ်။ "ကိုးနဝင်းဓာတ်"ပါ။

ကဲ - မိတ်ဆွေတို့… အချိန်လည်း အများကြီးမပေးရဘူး။ ကရိကထ ခဲရာခဲဆစ်လည်း မလုပ်ရဘူး၊ အကုန်အကျလည်း မများပါဘူး၊ စွမ်းလည်း စွမ်းတယ်။ ထူးလည်း ထူးတယ်။ အောင်လည်း အောင်တယ်ဆိုတော့ ဒီယတြာလေးကို ကျွန်တော်က "ပန်းခင်းလမ်း ယတြာ"လို့ အမည်ပေးလိုက်တယ်လေ။

ကဲ… စာဖတ်သူ ခုနစ်ရက်သားသမီးတွေလည်း ဘဝအမောတွေပြေ အလုပန်းတွေ ဝေစေလို့ ပန်းခင်းလမ်းမှာ အေးအေးမြမြ လျှောက်လှမ်းနိုင်ဖို့ ဒီအစီရင်လေးကို စေတနာရှေ့ထား မေတ္တာပွားလို့ တင်ဆက်ပေးလိုက်ရပါတော့တယ်။

* * *

ဝေသုန်မင်းသား



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် ခိုင်ခိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ဘဝရည်မှန်းချက်နှင့် ဆန္ဒများအတွက် စိတ်ရှည်ရှည်ထားပြီး ဆောင်ရွက်ရချိန်။ အပြိုင်အဆိုင်နှင့် ရန်အတိုက်အခံများ ရှိသော်လည်း အောင်မြင်မှု ရတတ်ပါသည်၊ သစ်လွင်သော စိတ်ကူးအတွေးကောင်းကြောင့် ရုတ်တရက် အောင်မြင်မှု မြင်သည်။ သို့ရာတွင် လုပ်ငန်းတူ ပြိုင်ဘက်များကို လုံးဝ အထင်မသေးသင့်ပါ။ ကျန်းမာပြီး အသက်ရှည်စေရန် နေ့စဉ် မိမိနှင့် သင့်လျော်မည့် ကိုယ်လက်လှုပ်ရှားမှုများ မှန်မှန်လုပ်ပါ။ လေဝင်လေထွက်ကောင်းသော အိပ်ခန်း၊ သန့်ရှင်းမှုရှိသော အိပ်ရာတွင် အိပ်စက် အနားယူပါ။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (ဂ)အစ (၀)အဆုံး၊ (ဂ)အစ (၂)အဆုံး။
**ယတြာ** - တရားတော်များ၏ ဂုဏ်တော်ကို အာရုံပြုလျက် တရားဂုဏ်တော် ခြောက်ပါးကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

အားပြိုင်နေသော သင်္ကေတများနှင့် ကြုံရချိန်။ စိတ်အာရုံ ပျံ့လွင့်၍ လုပ်ချင်စိတ်နှင့် လုပ်ချင်တာများနေတတ်သည်။ မည်သည့်လုပ်ငန်း၊ အကြံအစည်ကိုမှ မယ်မယ်ရရလုပ်၍မရ ဖြစ်နေတတ်ပါသည်။ လူမှုရေးကိစ္စ၊ လူနာကြည့်ရသောကိစ္စ၊ အခက်အခဲရှိသော ဒုက္ခသည်ကို ကူညီရသော ကိစ္စများနှင့် ရှုပ်ယှက်ခတ်နေမည်။ ယခုအချိန်မှာ ထင်ပေါ်လျှင် စင်တော်ကောက်ကိန်းရှိသောကြောင့် စိတ်အာရုံ စုစည်းပါ။ လုပ်ချင်သောဆန္ဒတစ်ခုကို ဦးတည်ချက်ချပြီး သေချာစွာ ဆုံးဖြတ်၍ အောင်မြင်ရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ကြိုးစားပါ။ ကျန်းမာရေးအတွက် အိပ်ရေးဝဝအိပ်ပါ။ အာဟာရပြည့်သော အစာကို စားပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၅)အစ (၀)အဆုံး။
**ယတြာ** - သင့်ကောင်းသတင်း မွှေးပျံ့ကြိုင်လှိုင်စေရန် သီလတရားများကို စောင့်ထိန်းပြီး ရေမွှေးနှင်းဆီ (၁၀)ပွင့် ကပ်လှူ ပူဇော်ပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

ကုသိုလ်ကံ ထူးထူးခြားခြား ပွင့်လန်းကောင်းမွန်နေချိန်။ ကူညီသူ၊ အကြံပေးသူ ပေါ်များနေမည်။ အလွန်ကောင်းမွန်သော အတွေးအခေါ်၊ အကြံဉာဏ်များ ခေါင်းထဲသို့ ဝင်လာတတ်ချိန်ဖြစ်သည်။ သမားရိုးကျမှ လမ်းခွဲပြီး အကြံအစည်သစ်၊ လုပ်ငန်းပုံစံသစ်တို့နှင့် လုပ်ကိုင်ဆောင်ရွက်ခွင့် ကြုံမည်။ ခရ ခါးတောင်းကျိုက်ကာ ဖမ်းသကဲ့သို့ အသေးအမွှားကိစ္စများကို ပုံကြီးချဲ့ လုပ်ကိုင်မှုမျိုးကို ဆင်ခြင်ပါ။ ကျန်းမာရေးအတွက် အဆီအအိမ့်များလွန်းသောအစာကို ရှောင်ပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (ဂ)အစ (၀)အဆုံး။
**ယတြာ** - အိမ်သူအိမ်သားများကို ကြာဆံချက်ကျွေးမွေး ဒါနပြုပါ။


www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

စိတ်ကူးယဉ်ကမ္ဘာမှ နိုးထပြီး ရင့်သန်သောအတွေးအခေါ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရချိန်။ အများအကျိုးအတွက် တိကျပြတ်သားစွာ လုပ်ကိုင်ဆောင်ရွက်နေမည်။ စာပေ၊ ဂီတ အနုပညာကိစ္စရပ်တို့တွင် ဝါသနာထုံပြီး တစ်ခါတစ်ရံမှာ လောင်းကစားကို လုပ်ချင်နေမိမည်။ လောင်းကစားနှင့် လုံးဝ အကျိုးမပေးပါ။ စေတနာမှန်သော ကုသိုလ်ကောင်းမှုများကို သဒ္ဓါထက်သန်စွာ လုပ်ဆောင်လိုက်ပါ။ ငွေကြေးလာဘ်ရွှင်ပြီး မကြာခဏရရှိတတ်သော ကာလဖြစ်သည်။ ကျန်းမာရေးအတွက် မူးယစ်စေတတ်သော အရက်သေစာ တို့ကို ရှောင်ပါ။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၉)အဆုံး၊ (၄)အစ (၇)အဆုံး။

**ယတြာ** - ကလေးများကို ပဲပြုတ်နှင့် ကောက်ညှင်းပေါင်း ကျွေး၍ ဒါနပြုပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

စွမ်းရည်ထူးခြား တောက်ပချိန်ပါ။ အပြောင်းအလဲများစွာကြောင့် အခွင့်အရေးကောင်းများ ရုတ်တရက် ပေါ်ထွန်းတတ်ပါသည်။ သမားရိုးကျလုပ်ငန်းမှ လမ်းခွဲပြီး လုပ်ကိုင်ဆောင်ရွက်မှုကြောင့် သင့်မှာ အပြိုင်အဆိုင်နှင့် အတိုက်အခိုက်များ ကြုံမည်။ ဇွဲ၊ ဝီရိယ မလျှော့ပါနှင့်။ တွေ့ကြုံလာသော အခက်အခဲပြဿနာများကို ရဲဝံ့စွာ၊ ယုံကြည်ချက် ပြင်းထန်စွာ ရင်ဆိုင်ဖြေရှင်းသွားပါ။ ဘက်စုံဆောင်ရွက်နိုင်ရန် လို၏။ ဖိစီးလာသော တာဝန်ကို လုံးဝ မကြောက်ပါနှင့်။ မမျှော်လင့်ထားသော အောင်မြင်မှုများ ကြုံမည်။ ထီပေါက်ကိန်းရှိနေပါသည်။ ထီထိုးပါ။ ကျန်းမာရေးသင့်ပါသည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၁)အဆုံး၊ (၉)အစ (၆)အဆုံး။

**ယတြာ** - ပွင့်တော်မူခဲ့သော မြတ်စွာဘုရားရှင်များကို အာရုံပြုလျက် သီလခံယူကာ အမိဗွာန်ပုတီးစိပ်ပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

ခေါင်းမာပြီး အလျှော့မပေးလိုသော ဆန္ဒကြောင့် စိတ်လက် မကြည်စရာများ ကြုံရတတ်သည်။ သင်လိုချင်သောအရာကို သွေးအေးအေးနှင့် ဖန်တီးယူရလိမ့်မည်။ တစ်ခါတစ်ရံ ဒွိဟ သံသယများ နေတတ်သည်။ ထူးထူးခြားခြား ကလဲ့စားချေလိုသော ကိစ္စရပ်မျိုးကို အံ့ဩဖွယ် ကြုံရတတ်၏။ မိတ်ဆွေနှင့် မည်သို့မျှ ပတ်သက်မှုမရှိသော လူမှုရေးပြဿနာကိစ္စရပ်များကို ဝင်ရောက်ဖြေရှင်းခြင်း မပြုပါနှင့်။ မိတ်ဆွေ၏ ပင်ကိုယ်စိတ်ထားမှာ သွက်လက်ပြီး စိတ်မြန်လက်မြန်ရှိသော်လည်း ယခုကာလအတောအတွင်း စိတ်တည်ငြိမ်အေးဆေးလွန်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများ နှေးကွေးလေးကန်နေလိမ့်မည်။ ယခုကာလမှာ ရောဂါကြီးကြီးမားမားမရှိသော်လည်း သာမန် နာစေး ချောင်းဆိုး ဝေဒနာမျိုးလောက်တော့ ခံစားရနိုင်သည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၉)အစ (၃)အဆုံး။

**ယတြာ** - မွေးနေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားပြီး တံခွန်၊ ကုက္ကားနှင့် အောင်သပြေဖြင့်ပန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

**တူရာသီ**



LIBRA

**( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )**

ငါးရံ့နှစ်ကောင်ကို တစ်ပြိုင်တည်း ဖမ်းခွင့်ရသော ကာလဖြစ်သည်။ အခွင့်ထူး ကြီးကြီးမားမားနှစ်ခု တစ်ပြိုင်တည်းရရှိမည်။ စုတ်ရော လာဘ်ပါ ရရှိမည့် ကံကောင်းခြင်းရှိနေပေသည်။ ရပ်ဝေး ပြည်ပနိုင်ငံများသို့ ခရီးသွားလာခွင့်ရမည်။ ခရီးသွားပြီး ကြီးပွားပေလိမ့်မည်။ လုပ်ငန်းသစ်၊ လုပ်ငန်းဟောင်း နှစ်မျိုးစလုံးမှ ဝင်ငွေထူးများ ရရှိပေလိမ့်မည်။ အရာရာကို တက်တက်ကြွကြွ လုပ်ဆောင်တတ်ခြင်းကြောင့် လုပ်ငန်းခွင်မှာ ရာထူးတိုးမြှင့်ပေလိမ့်မည်။ ကျန်းမာရေးကောင်းသည်ထက် ပိုမိုကောင်းမွန်စေရန် ရာသီပေါ် သီးနှံများကို စားသုံးပေးပါ။ ကြေခဲသော အစာ၊ ကောက်ညှင်းပါသော အစာတို့ကို ရှောင်ရှားပါ။

BURMESE CLASSIC .com

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၇)အဆုံး၊ (၆)အစ (၉)အဆုံး။
ယတြာ - ဘေးအန္တရာယ်အပေါင်းကို ကျော်ဖြတ်နိုင်စေရန် အိမ်ရှိ ဘုရားမှာ ဖယောင်းကြော်သုံးခုကပ်လှူပြီး သမ္ဗုဒ္ဓေဂါထာကို ၂၇ခေါက် ရွတ်ဖတ်ပါ။

**ဗြိစ္ဆာရာသီ**



SCORPIS

**( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )**

ဘဝတက်လမ်း တိုးတက်ခွင့်များစွာနှင့် ကြုံရသောကာလဖြစ်သည်။ လုံ့လ ဝီရိယ၏ အကျိုးကျေးဇူးကို ခံစားရပေလိမ့်မည်။ စီးပွားရေးတိုးတက်ဖို့အတွက် မိမိကိုယ်တိုင် ဦးဆောင်လျက် အင်တိုက်အားတိုက် လုပ်ဆောင်နေပေလိမ့်မည်။ မိသားစုအသိုင်းအဝိုင်းထံမှလည်း အကြံဉာဏ်နှင့် အကူအညီများစွာ ရရှိပေလိမ့်မည်။ လတ်တလောကိစ္စအတွက် ဆန်းပြားသော အတွေးသစ်တစ်ခုရရှိပေလိမ့်မည်။ မိမိကျန်းမာရေးအတွက် မည်သည့်ကိစ္စကိုပဲ လုပ်လုပ်၊ ဒေါသကို ရှေ့မထားဘဲ စေတနာ၊ မေတ္တာအပြည့်ဖြင့် လုပ်ဆောင်ပါ။ သူတော်ကောင်း နတ်ကောင်းမ,ပြီး ကျန်းမာသည်ထက် ကျန်းမာလာပါလိမ့်မည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၅)အဆုံး၊ (၇)အစ (၄)အဆုံး။
ယတြာ - မေတ္တာဘာဝနာ ပွားများပါ။ ဤလတွင် မေတ္တာသုတ်ကို နေ့စဉ်ရွတ်ဆိုပါ။

**ဓနုရာသီ**



SAGITTARIUS

**( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )**

ဆင်ခြင်တုံတရား အားကောင်းနေသော ကာလဖြစ်သည်။ တောက်ပ သာနားသော ဘဝအနေအထားကို ဖော်ဆောင်နိုင်ပါလိမ့်မည်။ ပြိုင်ဘက်များစွာက သင့်အနားမှာ တစ်ယောက်ထက်မက ရှိနေသော်လည်း စစ်မှန်သော လုံ့လ၊ ဝီရိယကြောင့် ဘဝခမ်းနား ထည်ဝါသွားပါလိမ့်မည်။ လတ်တလောကိစ္စ အောင်မြင်မှုရရှိမှာ အသေအချာဖြစ်ပါသည်။ ကျန်းမာရေးကောင်းပြီး ပျော်ရွှင်သော မိသားစုဘဝကို တည်ဆောက်နိုင်ရန် အရက်သေစာသောက်စားခြင်းကို ရှောင်ရှားပါ။ ငါးပါးသီလမြဲအောင် နေထိုင်ခြင်းဖြင့် မိမိကျန်းမာရေးကို မိမိစောင့်ရှောက်ပါ။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၄)အစ (၄)အဆုံး၊ (၇)အစ (၇)အဆုံး။
ယတြာ - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလှူဒါန်းပါ။ သင့်ဆန္ဒများ အားလုံး ပြည့်ဝလာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

အရာရာကို စိတ်ရှည်သည်းခံလျက် ဆောင်ရွက်နေသော ကာလဖြစ်သည်။ ဘဝမြင့်မြင့်သို့ တက်လှမ်းလိုသော ဆန္ဒများ ပြည့်ဝ အောင်မြင်ပါလိမ့်မည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ လုပ်ကိုင်ပြောဆိုနေပေလိမ့်မည်။ စီးပွားဉစ္စာတိုးပွားစေမည့် အလားအလာကောင်းများစွာ ရှိနေသည်။ ကြိုးစားအားထုတ်မှု၏ ဆုလာဘ်ကို မလွဲမသွေ ခံစားရပေလိမ့်မည်။ ထက်မြက်သွက်လက် ရဲရင့်ခြင်းတို့ကြောင့် လုပ်ငန်းခွင်မှာ အသိအမှတ်ပြုမှု ခံရပေမည်။ ကျန်းမာရေးအနေဖြင့် ဆရာသမားကောင်းတွေ့ပြီး ဆေးကောင်းဝါးကောင်းကို မှီဝဲခွင့်ရမည်။ ကံ-ကံ၏ အကျိုးကြောင့် ခံစားနေရသော ဝေဒနာများ သက်သာပျောက်ကင်းသွားပေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း**- (၀)အစ (၈)အဆုံး၊ (၇)အစ (၂)အဆုံး။

**ယတြာ** - တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး သီလခံယူကာ အဖြူရောင်ပန်းများ ကပ်လှူပြီး ပရိတ်ကြီး ၁၁သုတ်ကို ရွတ်ဖတ်ပူဇော်ပါ။

ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

စိတ်ဝင်စား ရင်ခုန်နေရသော ကာလဖြစ်သည်။ လုပ်ငန်းခွင်မှာ ထူးထူးခြားခြား အစွမ်းပြခွင့်ရပေလိမ့်မည်။ အများထက် တစ်ပန်းသာသော အခွင့်ထူးတစ်ခုရရှိပြီး ဘဝထည်ဝါခန့်ညားသွားပေလိမ့်မည်။ ဗုဒ္ဓဟူးနံပတ္တမြားရောင်းဝယ်မှု အဆင်ပြေသွားလိမ့်မည်။ ပြောသကဲ့သို့ လုပ်ဆောင်တတ်ပြီး လုပ်သကဲ့သို့ ပြောတတ်ပါသည်။ လူအများ၏ လေးစားယုံကြည်မှုကို ရရှိပေလိမ့်မည်။ ကျန်းမာအသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်တစ်ခုမှာ စိတ်လွတ်လက်လွတ် ရယ်မောခြင်းဖြစ်ပေသည်။ ထို့ကြောင့် ကျန်းမာစေရန် သောကများကို ရင်ဝယ်ပိုက်မှုများ မထားဘဲ ပျော်ရွှင်စွာ ရယ်မောလိုက်ပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း**- (၁)အစ (၀)အဆုံး၊ (၄)အစ (၇)အဆုံး။

**ယတြာ** - အိမ်ရှိဘုရားမှာ ပန်းအဖြူသုံးပွင့်၊ ရေချမ်းသုံးခွက်၊ ထီးဖြူသုံးလက်၊ ပေါက်ပေါက်ဆွမ်းသုံးပွဲ ကပ်လှူကာ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ် ပူဇော်ပါ။

မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

"နတ်တို့ဖန်၊ ရေကန်အသင့် ကြာအသင့်" ဆိုသကဲ့သို့ ပြည့်စုံ ကြွယ်ဝသော ကာလဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေး ထက်မြက်တက်ကြွခြင်းကြောင့် အောင်မြင်ခြင်း လှေကားကြီး ဘွားခနဲပေါ်လာမည်။ ကြံသမျှ ဟန်ကျစေရန် ကူညီသူ၊ ပံ့ပိုးသူ၊ လမ်းညွှန်သူများ သင့်အနားမှာ ရှိနေပါသည်။ တချုပ်ချုပ်ဆိုရာမှာ "နှုတ်တစ်ရာ၊ စာတစ်လုံး" ဆိုသော စကားကို မမေ့မလျော့ဘဲ သတိရှိသင့်ပါသည်။ ကျန်းမာရေးအနေဖြင့် ဇိမ်ကျကျနေထိုင်ခြင်း၊ အအေးခံခြင်းတို့ကြောင့် ချူချူချာချာဖြစ်နေရတတ်သည်။ ကျန်းမာစေရန် ရာသီဥတုနှင့်အညီ ဝတ်စားနေထိုင် စားသောက်ပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၂)အဆုံး၊ (၇)အစ (၅)အဆုံး။

**ယတြာ** - ကံမြင့်၊ ကံကောင်းစေရန် တရားထိုင်ပါ။ တရားနာပါ။ တရားစာအုပ်ဖတ်ပါ။

* * *



www.burmeseclassic.com